အ • မ • ၅ဠ၅မြို

မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်

အရှင်ကာဝိန္ဒာဘိဝံသ မဟာထေရ်

ရေးသား စီရင်တော်မူအပ်သော

# ငါးရာငါးဆယ်ဇာတ်ဝတ္ထု

(တတိယတွဲ)

## ပဉ္စကနိပါတ်မှ ကောဒသကနိပါတ်အထိ

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၆ ကောဇာ ၁၃၃၄ ခရစ် ၁၉၇၂

အမ ၇၄၇၉

မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်

အရှင်ကဝိန္ဒာဘိဝံသ မဟာထေရ်

ရေးသား စီရင်တော်မူအပ်သော

# ငါးရာငါးဆယ်ဇာတ်ဝတ္ထု

(တတိယတွဲ)

## ပဥ္စကနိပါတ်မှ ဧကာဒသကနိပါတ်အထိ

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၄ ခရစ် ၁၉၉၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၈) က ပုံနှိပ်ထုတ်ဝေသည်။

# နိဒါန်း

မဟာသမ္မတ အသမ္ဘိန္နဟု ခတ္တိယဇာတ် မင်းမြတ်ရာဇာ သိဒ္ဓတ်လောင်းလျာသည် ကမ္ဘာ့ကမ္ဘာ သံသရာက သမ္ဘာရဆောက်ဦး ဖြည့်ဆည်းပူး၍ မြေဦးဗောဓိ အပရာဇိတ်တွင် ရွှေပလ္လင်ဝယ် ငါးအင်ဒြေ ယှဉ် ဒသဗလ ဆ-အသာဓာရဏ စသည့်မကြွင်း အလုံးစုံ ဖောက်ထွင်းပြီးလျှင် သုံးလူ့မင်း ဖြစ်ယည်က စ၍ သောဠသနဂိုရ် ပြည်ရာဇဂြိုဟ်မှစ၍ လေးဆယ့်ငါးဝါ ရှည်ကြာသမယ ကာလအတွင်း ခပင်းဉဿုံ ဇာတ်နိပါတ်အစုံကို ကြာမုံပွှင့်သင်း ရွှေနှုတ်တော်ခံတွင်းမှ ကြောင်းခြင်းသင့်ရာ ဟောတော်မူခဲ့သော ဒေသနာတော်သည်ကား—

ဧကကနိပါတ်အစ အသီတိနိပါတ်အဆုံး ဇာတ်တော်ပေါင်း အားလုံးကို သိမ်းရုံးပြီးလျှင် အမရပူရမြို့တည် နန်းတည် အပြည်ပြည်တို့ ဦးတင် ဆင်ဖြူမျှားအရှင် ဘုရင်မင်းတရားကြီး၏ သားတော်အကြီး လက်တီးမကွာ အိမ်ရှေ့ဥပရာဇာ၏ မယ်တော် မိဖုရားမြတ်သည် ဆောက်လုပ် လှူဒါန်းအပ်သော မင်္ဂလာဘုံကျော် ကျောင်းတော်ပျော်စံ ညောင်ကန် ဆရာတော်ဘုရားကြီးသည် မူလဘာသာ မဂဓအရာ ဗုဒ္ဓပါဝစနာမှ ကရုဏာ ရှန်းစို မြန်မာဘာသာ ပြန်ဆိုအပ်သော ငါးရာငါးဆယ် ဇာတ်ဝတ္ထုကို သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်က ရိုက်နှိပ်ဖြန့်ချီအပ်ပါသည်။

# ငါးရာငါးဆယ်ဇာတ်တော်

## (တတိယတွဲ)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **၅-ပဉ္စကနိပါတ်** | |
| | **မဏိကုဏ္ဍလဝဂ်** | |
| ၃၅၁။ | မဏိကုဏ္ဍလဇာတ် (မင်း) .... .... | ၁ |
| | ပတ္တမြားနားတောင်း .... .... | ၁ |
| | ထွက်သော နေလည်း ဝင်ရ၏၊ ပြည့်သော လလည်း ကွယ်ရ၏ | |
| | ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု .... .... | ၁ |
| | ဇာတ်ပေါင်း .... .... .... | ၃ |
| | စူးစမ်းဆင်ခြင် ဉာဏ်နှင့်ယှဉ် မြဲပင် မင်းကျင့်ရာ .... | ၄ |
| ၃၅၂။ | သုဇာတဇာတ် (သူကြွယ်) .... | ၄ |
| | သောကမီးငြိမ်းခြင်း .... .... .... | ၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄ |
| | အတိတ်ဝတ္ထု .... .... .... | ၇ |
| | ဇာတ်ပေါင်း .... .... .... | ၇ |
| | စိုးရိမ် ပူပန် မရှိရန် မြင်မှန် လိုအပ်စွာ .... .... | ၇ |
| ၃၅၃။ | ဓောနသာခဇာတ် (ဒိသာပါမောက္ခ) .... .... | ၇ |
| | သရက်မင်စိုက်က သရက်သီးစားရမည် .... .... | ၇ |
| | တမာပင်စိုက်က တမာသီးစားရမည် .... .... | ၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၇ |
| | အတိတ်ဝတ္ထု .... .... .... | ၈ |
| | ဇာတ်ပေါင်း .... .... .... | ၁၁ |
| | ရက်စက်သူ၏ နောင်တ .... .... .... | ၁၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅၄။ | ဥရဂဇာတ် (ပုဏ္ဏား) .... .... .... | ၁၁ |
| | သေသူကို တ၍ ငိုကြသူငါးဦး .... .... | ၁၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၁ |
| | အတိတ်ဝတ္ထု .... .... .... | ၁၁ |
| | ဇာတ်ပေါင်း .... .... .... | ၁၄ |
| | သေခြင်းတရား မပြတ်ပွား စိတ်ထားခိုင်တည်မှာ .... | ၁၄ |
| ၃၅၅။ | ဃဋဇာတ် (မင်းသား) .... .... .... | ၁၈ |
| | ရန်သူဝမ်းသာအောင် ငိုမပြုရ .... .... | ၁၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၈ |
| | အတိတ်ဝတ္ထု .... .... .... | ၁၈ |
| | ဇာတ်ပေါင်း .... .... .... | ၂၀ |
| | မေတ္တာတရား ပွားသူအား ကင်းညား ရန်ဘယာ .... | ၂၀ |
| ၃၅၆။ | ကောရဏ္ဍိယဇာတ် (ပုဏ္ဏား) .... .... | ၂၀ |
| | ကမ္ဘာ့မြေမျက်နှာပြင်ကို ညီအောင်မညှိနိုင် .... | ၂၀ |
| | လူအား တစ်ပြေးညီဖြစ်အောင် မလုပ်နိုင် .... | ၂၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၀ |
| | အတိတ်ဝတ္ထု .... .... .... | ၂၀ |
| | ဇာတ်ပေါင်း .... .... .... | ၂၄ |
| | မတောင်းဘဲ ပေးလျှင် တန်ဖိုးမရှိ .... .... | ၂၄ |
| ၃၅၇။ | လဋုကိကဇာတ် (ဆင်) .... .... .... | ၂၄ |
| | ကာယအားထက် ဉာဏအားက သာလွန်သည် .... | ၂၄ |
| | ပစ္စုပ္ပန်ဝတ္ထု.... .... .... .... | ၂၄ |
| | အတိတ်ဝတ္ထု.... .... .... .... | ၂၄ |
| | ဇာတ်ပေါင်း .... .... .... | ၂၇ |
| | ကျီး, ယင်, ငှက်, ဖား, လေးဦးသားတို့ စိတ်ထားညီမျှ .... ဆောင်ရွက်ကြ အောင်ရဆင်ကြီးကို .... | ၂၇ |
| ၃၅၈။ | စူဠဓမ္မပါလဇာတ်-(မင်းသား) .... .... | ၂၈ |
| | သားကိုသတ်၍ အဖမြေမျို .... .... | ၂၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၈ |
| | အတိတ်ဝတ္ထု .... .... .... | ၂၈ |
| | ဇာတ်ပေါင်း .... .... .... | ၃၂ |
| | မယား၏အချစ်ကို သဝန်တိုရာမှ ဒေါသမီးတောက်သည် | ၃၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၅၉။ | သုဝဏ္ဏမိဂဇာတ်(သမင်) .... .... | ၃၂ |
| | သေအတူ ရှင်မကွာ လင်ကိုကယ်တင်သော မယားလိမ္မာ | ၃၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၂ |
| | အတိတ်ဝတ္ထု .... .... .... | ၃၄ |
| | ဇာတ်ပေါင်း .... .... .... | ၃၇ |
| | လိမ္မာမယား ရတုံငြား လင်အား ချမ်းသာရ .... | ၃၇ |
| ၃၆၀။ | သုယောနန္ဒီဇာတ်(ဂဠုန်) .... .... | ၃၈ |
| | အမျိုးယုတ်သူ အဆင်းလှတော့ ဇာဂထန်တတ်၏ .... | ၃၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၈ |
| | အတိတ်ဝတ္ထု .... .... .... | ၃၈ |
| | ဇာတ်ပေါင်း .... .... .... | ၄၁ |
| | မိန်းမတို့အား ထိန်းသိမ်းငြား ဖောက်ပြားဓမ္မတာ .... | ၄၁ |


## ၂။ ဝဏ္ဏာရောဟဇာတ်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၆၁။ | ဝဏ္ဏာရောဟဇာတ်(ရှက္ခဆိုး) .... .... | ၄၂ |
| | မုန်းချက်နှင့် နှမ်းထွက်မကိုက် .... .... | ၄၂ |
| | ကုန်းချောသော မြေခွေးအကြောင်း.... .... | ၄၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၂ |
| | အတိတ်ဝတ္ထု .... .... .... | ၄၃ |
| | ဇာတ်ပေါင်း .... .... .... | ၄၅ |
| | ကုန်းစိုက်စကား မယုံငြား ရှည်လျားမိတ်သဟာ .... | ၄၅ |
| ၃၆၂။ | သီလဝီမံသဇာတ်(ပုဏ္ဏား) .... .... | ၄၅ |
| | သီလသည်သာ အမြတ်ဆုံး .... .... | ၄၅ |
| | ဗဟုသုတပညာထက် သီလက မြတ်ခြင်း အကြောင်း .... | ၄၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၅ |
| | အတိတ်ဝတ္ထု .... .... .... | ၄၇ |
| | ဇာတ်ပေါင်း .... .... .... | ၄၈ |
| ၃၆၃။ | ဟိရိဇာတ်(သူဌေး) .... .... .... | ၄၉ |
| | တစ်နပ်စားညဏ်ကြံ .... .... .... | ၄၉ |
| | အဆွေခင်ပွန်းယုတ်အကြောင်း .... .... | ၄၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... .... | ၄၉ |
| | ဇာတ်ပေါင်း .... .... .... | ၅၀ |
| | ကျေးဇူးတုံ့လတ် အရှက်တတ် အမြတ်မိတ်ဆွေသာ .... | ၅၀ |
| ၃၆၄။ | ခဇ္ဇောပယကဇာတ် .... .... | ၅၁ |
| ၃၆၅။ | အဟိတုဏ္ဍိကဇာတ်(ကုန်သည်) .... .... | ၅၁ |
| | တစ်ခါဆက်ဆံ ဆယ်ခါလံ .... .... | ၅၁ |
| | ခံမှုန်ဖူးသော စာသူငယ် ... .... .... | ၅၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၁ |
| | အတိတ်ဝတ္ထု .... .... .... | ၅၂ |
| | ဇာတ်ပေါင်း .... .... .... | ၅၃ |
| | မြောက်စား, ခြောက်စား ထိုသူအား ရှောင်ရှားဝေးဝေးခွာ | ၅၃ |
| ၃၆၆။ | ဂုမ္ဗိယဇာတ် (လှည်းကုန်သည်) .... .... | ၅၃ |
| | ဘယ်သူသေသေ ငတေမာလျှင် ပြီးရော .... | ၅၃ |
| | အဆိပ်ခပ်သော ဘီလူးအကြောင်း .... .... | ၅၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၃ |
| | အတိတ်ဝတ္ထု .... .... .... | ၅၄ |
| | ဇာတ်ပေါင်း .... .... .... | ၅၆ |
| | ကာမဂုဏ်လား အဆိပ်လား လျှဉ်းပျှားသေတတ်စွာ .... | ၅၆ |
| ၃၇၆။ | သာလိယဇာတ်(ပညာရှိ) .... .... | ၅၆ |
| | သူများမနာလို ကိုယ်အကျိုးယုတ် .... .... | ၅၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၆ |
| | အတိတ်ဝတ္ထု .... .... .... | ၅၆ |
| | ဇာတ်ပေါင်း .... .... .... | ၅၇ |
| | ကိုယ့်ရှူးကိုယ်ပတ် ကိုယ့်အတတ် သေလပ်ကိုယ်ပင်သာ.... | ၅၇ |
| ၃၆၈။ | တစသာရဇာတ်(ပညာရှိ) .... .... | ၅၇ |
| | သေဘေးနှင့်တွေ့သော်လည်း မစိုးရိမ်အပ်ကြောင်း .... | ၅၇ |
| | ဟန်ကိုယ့်ဘို မာန်သူ့ဘို .... .... | ၅၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၇ |
| | အတိတ်ဝတ္ထု .... .... .... | ၅၇ |
| | ဇာတ်ပေါင်း .... .... .... | ၆၀ |
| | ဘေးရန်နှင့်ကြုံ မစိုးရိမ် တည်ငြိမ်ကြည်မျက်နှာ .... | ၆၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၆၉။ | မိတ္တဝိန္ဒကဇာတ်....(နတ်သား) .... .... | ၆၀ |
| | ငရဲပန်း ရွှေပန်းထင် .... .... | ၆၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၆၀ |
| | ဇာတ်ပေါင်း .... .... .... | ၆၀ |
| | အလိုရမ္မက် ကြီးသူတွက် အပျက်နောက်ခံမိုးသာ .... | ၆၂ |
| ၃၇၀။ | ဖနုလာသဇာတ်(ရွှေဟသ်ာမင်း) .... .... | ၆၂ |
| | ညောင်ပင်ကို ငယ်စဉ်က သတ်ပါ .... .... | ၆၂ |
| | လူယုံသတ်လျှင် သေတတ်သည် .... .... | ၆၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၆၂ |
| | အတိတ်ဝတ္ထု .... .... .... | ၆၃ |
| | ဇာတ်ပေါင်း .... .... .... | ၆၅ |
| | ပေါက်ပင်အထက် ညောင်ပင်တက်အပျက်မှန်သေချာ .... | ၆၅ |


၃-ဒသကဝဂ်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၇၁။ | ဒီဃီတိကောသလဇာတ်(မင်းသား) .... .... | ၆၅ |
| | ရန်ကိုရန်ချင်း မတုန့်လှဉ်း အောင်ချင်းရမြဲသာ .... | ၆၅ |
| | ပစ္စုပ္ပန်ဝတ္ထုနှင့် အတိတ်ဝတ္ထု .... .... | ၆၅ |
| | ဇာတ်ပေါင်း .... .... .... | ၆၇ |
| ၃၇၂။ | မိဂပေါတကဇာတ်(သိကြားမင်း) .... .... | ၆၈ |
| | သေခြင်းတရားကို အောက်မေ့သင့်ကြောင်း.... .... | ၆၈ |
| | ပစ္စုပ္ပန်ဝတ္ထု.... .... .... .... | ၆၈ |
| | အတိတ်ဝတ္ထု .... .... .... | ၆၈ |
| | ဇာတ်ပေါင်း .... .... .... | ၇၀ |
| | သေပြီးသူကို တစ်ဦ်ငို ဘယ်သူကျိုးထူးမှာ .... | ၇၀ |
| ၃၇၃။ | မူသိကဇာတ်(ဒိသာပါမောက္ခ) .... .... | ၇၁ |
| | ဆရာ့စကားနားထောင်၍ ဘေးမှလွတ်ခြင်း .... | ၇၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၇၁ |
| | အတိတ်ဝတ္ထု .... .... .... | ၇၁ |
| | ဇာတ်ပေါင်း .... .... .... | ၇၄ |
| | ဆရာသင်ပြ ဂါထာမှ ဘယကင်းစင်ကွာ.... .... | ၇၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇၄။ | စူဠဓနုဂ္ဂဟဇာတ်(သိကြားမင်း) .... .... | ၇၅ |
| | သူခိုးကို စားရိုးကမ်းခြင်း .... .... | ၇၅ |
| | ငါးမိမ်းမြင် ငါးကင်ပြစ် .... .... .... | ၇၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၇၅ |
| | အတိတ်ဝတ္ထု .... .... .... | ၇၅ |
| | ဇာတ်ပေါင်း .... .... .... | ၇၉ |
| | အသက်ကိုမြင် အဟောင်းကျဉ် ကိုယ့်ပင်ဘက် မြန်လာ.... | ၈၀ |
| ၃၇၅။ | ကပေါတဇာတ် (ခို) .... .... .... | ၈၀ |
| | အစားမတော်တစ်လုပ် .... .... .... | ၈၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၈၀ |
| | အတိတ်ဝတ္ထု .... .... .... | ၈၀ |
| | ဇာတ်ပေါင်း .... .... .... | ၈၂ |
| | လျှပ်မော်လော်လီ စိတ်မတည် သေမည်ကျိုးပမာ .... | ၈၃ |


## ၆-သတ္တနိပါတ်

### ၁။ အဝါရိယဝဂ်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇၆။ | အဝါရိယဇာတ် (ရသေ့).... .... .... | ၈၄ |
| | လူမိုက်အတွက် ငွေသာပမာန .... .... | ၈၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၈၄ |
| | အတိတ်ဝတ္ထု .... .... .... | ၈၆ |
| | ဇာတ်ပေါင်း .... .... .... | ၈၉ |
| | ဆုံးမစကား သုံးတတ်ငြား ကျိုးများလှသည်သာ .... | ၈၉ |
| ၃၇၇။ | သေတကေတုဇာတ် (ဒိသာပါမောက္ခ).... .... | ၈၉ |
| | သိပြီးဒါထက် မသိသေးဒါက ပို၍များသည် .... | ၈၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၉၀ |
| | အတိတ်ဝတ္ထု .... .... .... | ၉၃ |
| | ဇာတ်ပေါင်း .... .... .... | ၉၃ |
| | သီလသမာကျင့်သိက္ခာ ရောက်ရန်နိဗ္ဗာန်သာ .... | ၉၃ |
| ၃၇၈။ | ဒရီမုခဇာတ် (မင်း) .... .... .... | ၉၄ |
| | သူတော်ကောင်းတို့၏ ဆုံးမခြင်းကို နာယူခြင်း .... | ၉၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၉၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... .... | ၉၄ |
| | ဇာတ်ပေါင်း .... .... .... | ၉၉ |
| | ကာမဂုဏ်မှ တရားရ ဝါနငြိမ်းအေးရာ .... | ၉၉ |
| ၁၇၉။ | နေရှဇာတ် (ဟံသာ) .... .... | ၉၉ |
| | ရွှေတောင်နားတော့ ရှေ့ငှက် .... .... | ၉၉ |
| | နွားထီးငါးကျပ် နွားမငါးကျပ် .... .... | ၉၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၉၉ |
| | အတိတ်ဝတ္ထု .... .... .... | ၁၀၀ |
| | ဇာတ်ပေါင်း .... .... .... | ၁၀၂ |
| | ဂုဏ်ထူးသကတ် မကြူလတ် ထိုရပ်မနေရာ .... | ၁၀၂ |
| ၁၈၀။ | အာသင်္ကဇာတ် ၊(ရဝေ) .... .... | ၁၀၂ |
| | သုံးနှစ်သုံးမိုး-ချစ်ဒုက္ခခံရ .... .... | ၁၀၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၀၂ |
| | အတိတ်ဝတ္ထု .... .... .... | ၁၀၃ |
| | ဇာတ်ပေါင်း .... .... .... | ၁၀၈ |
| | အာသာကပ်လျှင် မခွါပျင် များဖျင်သတ္တဝါ .... | ၁၀၈ |
| ၁၈၁။ | မိဂါလောပဇာတ် (လင်းတမင်း) .... .... | ၁၀၉ |
| | ပညာရှိတို့စကားကို ပနာယူ၍ ပျက်စီးရခြင်း .... | ၁၀၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၀၉ |
| | အတိတ်ဝတ္ထု .... .... .... | ၁၀၉ |
| | ဇာတ်ပေါင်း .... .... .... | ၁၁၁ |
| | ဘုရားဆုံးမ မလိုက်ပာ မှုဘျပျက်စီးရာ .... .... | ၁၁၀ |
| ၁၈၂။ | သိရိကာဋ္ဌ ကဏ္ဍိဇာတ်(သူဌေး) .... .... | ၁၁၁ |
| | ကောင်းသောအကျင့် လသည် ကျက်သရေမည်ခြင်း .... | ၁၁၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၁၁ |
| | အတိတ်ဝတ္ထု .... .... .... | ၁၁၂ |
| | ဇာတ်ပေါင်း .... .... .... | ၁၁၈ |
| | အကျင့် သိက္ခာ ရှိ လူသာ သင့်ရာမြတ်နေရာ .... | ၁၁၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈၃။ | ကုက္ကုဇာတ် (ကြက်မင်း) .... .... | ၁၁၈ |
| | မြောက်တိုင်းမမြောက်နှင့် ချော့တိုင်း မချော့နှင့် .... | ၁၁၈ |
| | မိန်းမတို့ ဖျားယောင်းခြင်းသို့ မလိုက်ပါအပ်ကြောင်း.... | ၁၁၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၁၉ |
| | အတိတ်ဝတ္ထု .... .... .... | ၁၁၁ |
| | ဇာတ်ပေါင်း .... .... .... | ၁၂၁ |
| | ဖျားယောင်းစကား လိုက်မမှား စဉ်းစားပြုသင့်ပါ .... | ၁၂၁ |
| ၃၈၄။ | ဓမ္မဓဇဇာတ်(ငှက်မင်း) .... .... | ၁၂၁ |
| | လောကီသာ စားသော ဆူမောင်ရောင်ကြီး .... | ၁၂၁ |
| | ပါးစပ်က ဘုရားဘုရား လက်က ကားရားကားရား .... | ၁၂၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၂၁ |
| | အတိတ်ဝတ္ထု .... .... .... | ၁၂၁ |
| | ဇာတ်ပေါင်း .... .... .... | ၁၂၄ |
| | နှုတ်ကတစ်မျိုး ကိုယ်မရိုး သူခိုးညာဏ်မာယာ .... | ၁၂၄ |
| ၃၈၅။ | နန္ဒိယမိဂဇာတ်(သမင်) .... .... | ၁၂၅ |
| | မိဘတို့ အသက်နှင့်လဲ၍ လုပ်ကျွေးခြင်းအကြောင်း.... | ၁၂၅ |
| | မိဘရှိသေးအသက်ရှည် .... .... | ၁၂၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၂၅ |
| | အတိတ်ဝတ္ထု .... .... .... | ၁၂၅ |
| | ဇာတ်ပေါင်း .... .... .... | ၁၂၉ |
| | တိရစ္ဆာန်လျက် မိဘတွက် အသက်စွန့်မှုးရှာ .... | ၁၃၀ |
| ၃၈၆။ | ခရပုတ္တဇာတ်(သိကြားမင်း) .... .... | ၁၃၀ |
| | မိန်းမတို့အလို မလိုက်သင့်ကြောင်း .... .... | ၁၃၀ |
| | မသက်လိုက်၍ မိုက်ဘက်မမါသင့် .... .... | ၁၃၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၃၀ |
| | အတိတ်ဝတ္ထု .... .... .... | ၁၃၁ |
| | ဇာတ်ပေါင်း .... .... .... | ၁၃၆ |
| | မိန်းမနိုင်ငံ လိုက်သူမှန် ဓာကန်ပျက်စီးရာ .... | ၁၃၆ |
| ၃၈၇။ | သူစိဇာတ်(ပန်းဘဲသမား) .... .... | ၁၃၆ |
| | ပညာ၏အစွမ်းဖြင့် အလိုဆန္ဒပြည့်စုံခြင်း .... | ၁၃၆ |
| | တရုပ်ပြည်မှာ အပ်ရောင်း .... .... | ၁၃၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၃၆ |
| | အတိတ်ဝတ္ထု .... .... .... | ၁၃၆ |
| | ဇာတ်ပေါင်း .... .... .... | ၁၄၁ |
| | ပညာပြည့်ကြွယ် လူ့အလယ် တင့်တယ်ကြီးပွါးရာ .... | ၁၄၁ |
| ၃၇၇။ | တုဏ္ဍိလဇာတ်(ဝက်) .... .... .... | ၁၄၁ |
| | အလောင်းတော်ဝက်မင်း၏ တရားအနှစ် ခြောက်သောင်းတည်၏ | ၁၄၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၄၁ |
| | အတိတ်ဝတ္ထု .... .... .... | ၁၄၂ |
| | ဇာတ်ပေါင်း .... .... .... | ၁၄၆ |
| | ည မရှိမှန် ထိုရေကန် နိမ္မာန်အမည်သာ .... | ၁၄၆ |
| ၃၇၈၊ | သုဝဏ္ဏကက္ကဋကဇာတ် (ပုဏ္ဏား) .... .... | ၁၄၆ |
| | ကျေးဇူးသိသော ရှေ့ပုဇွန်အကြောင်း .... | ၁၄၆ |
| | မြွေဆိပ်ကို မြွေပြန်စုပ်ယူခြင်း .... .... | ၁၄၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၄၆ |
| | အတိတ်ဝတ္ထု .... .... .... | ၁၄၇ |
| | ဇာတ်ပေါင်း .... .... .... | ၁၅၂ |
| | မိတ်ဆွေအကျိုး ဆောင်သယ်ပိုး သက်ဇိုးရှည်မည်သာ | ၁၅၂ |
| ၃၈၀။ | မယှံကဇာတ် (သူဌေးသား) .... .... | ၁၅၂ |
| | မစားရက် လောက်တက် .... .... | ၁၅၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၅၂ |
| | အတိတ်ဝတ္ထု .... .... | ၁၅၃၊၁၅၄ |
| | ဇာတ်ပေါင်း .... .... | ၁၅၇ |
| | ပေးချင် လှူချင် ပညာရှင် ဖော်ထင်နတ်ဘုံရွာ .... | ၁၅၇ |
| ၃၈၁။ | ဝိဇ္ဇာဓရဇာတ် (သိကြားမင်း) .... .... | ၁၅၇ |
| | ဝိဇ္ဇာဓိုရ်များ ကြွာခိုခြင်း .... .... | ၁၅၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၅၇ |
| | အတိတ်ဝတ္ထု .... .... | ၁၅၈ |
| | ဇာတ်ပေါင်း .... .... | ၁၆၂ |
| | ဝိဇ္ဇာဓိုရ်ကြောင့် သာသနာပျက်ရခြင်း .... .... | ၁၆၂ |

| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၃၉၂။ | သိင်္ဃပုပ္ဖဇာတ် (ရသေ့) | .... | .... | ၁၆၂ |
| | လက်နှီးစုတ်မှာ ထပ်၍ မပေကျံနိုင် | .... | .... | ၁၆၂ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၁၆၂ |
| | အတိတ်ဝတ္ထု | .... | .... | ၁၆၃ |
| | ဇာတ်ပေါင်း | .... | .... | ၁၆၅ |
| | ကြီးငယ်မဟူ အပြစ်မှု ပြုအောင်ဆေးကြောရာ | | .... | ၁၆၅ |
| ၃၉၃။ | ဝိဃာသဒတာဇာတ်(သိကြားမင်း) | .... | .... | ၁၆၅ |
| | လူ့ပြီးမှ စားသုံးခြင်းသည် နတ်ရွာသုဂတိလားကြောင်း | | | ၁၆၅ |
| | အကြွင်းအကျန်စားတိုင်း နတ်ပြည်မရောက် | | .... | ၁၆၅ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၁၆၅ |
| | အတိတ်ဝတ္ထု | .... | .... | ၁၆၅ |
| | ဇာတ်ပေါင်း | .... | .... | ၁၆၀ |
| | စားသောက်အိပ်လျက် မှုးတူးဖျက် နေ့ရက်မဖြုန်းရာ | | .... | ၁၆၀ |
| ၃၉၄။ | ဝဋ္ဋကဇာတ် (ငုံး) | .... | .... | ၁၆၀ |
| | ကျီးလှန့် အစာစား | .... | .... | ၁၆၀ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၁၆၀ |
| | အတိတ်ဝတ္ထု | .... | .... | ၁၆၀ |
| | ဇာတ်ပေါင်း | .... | .... | ၁၇၀ |
| | ရရသမျှ တင်းတိမ်မှ သုခပွားမည်သာ | .... | .... | ၁၇၀ |
| ၃၉၅။ | ပါရာဝတဇာတ် (ခို) | .... | .... | ၁၇၁ |
| | အစားတစ်လုတ်အတွက် ဒုက္ခရောက်ရခြင်း | | .... | ၁၇၁ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၁၇၁ |
| | အတိတ်ဝတ္ထု | .... | .... | ၁၇၁ |
| | ဇာတ်ပေါင်း | .... | .... | ၁၇၃ |
| | လော်လီလျှပ်ပေါ် သူပျက်ချော် မခလျှော်ပျက်စီးရာ | | .... | ၁၇၃ |


## ၇-သတ္တကနိပါတ်

### ၁-ကုက္ကုဝဂ်


| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၃၉၆။ | ကုက္ကုဇာတ် (ပညာရှိအမတ်) | .... | .... | ၁၇၅ |
| | ရှောက်သီး-မစားတတ်ပါက ခါးသည် | .... | .... | ၁၇၅ |
| | ပိန်းကြာဖက်တွင် ရေမတင် | .... | .... | ၁၇၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၇၅ |
| | အတိတ်ဝတ္ထု .... .... | ၁၇၅ |
| | ဇာတ်ပေါင်း .... .... | ၁၇၈ |
| | အဂတိလေးပါး မလိုက်စား မင်းအား ကျင့်အပ်စွာ .... | ၁၇၈ |
| ၃၉၇။ | မနောဇဇာတ် (ခြင်္သေ့မင်း) .... .... | ၁၇၈ |
| | ယုတ်မာသော မိတ်ဆွေကို ပေါင်းမိ၍ ပျက်စီးရခြင်း .... | ၁၇၈ |
| | အဘက်ဘက်ကကိုယ့်ထက်သာသူကိုသာ ရှာ၍ပေါင်းပါ .... | ၁၇၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၇၈ |
| | အတိတ်ဝတ္ထု .... .... | ၁၇၉ |
| | ဇာတ်ပေါင်း .... .... | ၁၈၂ |
| | သူယုတ်နှင့်ကား ပေါင်းသင်းငြား မမှားပျက်စီးရာ.... | ၁၈၂ |
| ၃၉၈။ | သုတနုဇာတ် (သူဆင်းရဲလုလင်) .... .... | ၁၈၃ |
| | မိဘကို လုပ်ကျွေးသင့်ကြောင်း .... .... | ၁၈၃ |
| | မိဘရှိသေ အသက်ရှည် .... .... | ၁၈၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၈၃ |
| | အတိတ်ဝတ္ထု .... .... .... | ၁၈၃ |
| | ဇာတ်ပေါင်း .... .... .... | ၁၈၈ |
| | ကျေးဇူးကြီးလှ မိနှင့်ဘ နိစ္စသုပ်ကျွေးရာ .... | ၁၈၈ |
| ၃၉၉။ | မာတုပေါသက ဂိဇ္ဈဇာတ် (လင်းတ).... .... | ၁၈၉ |
| | မိဘရိုသေ အသက်ရှည် .... .... | ၁၈၉ |
| | မိဘ၏ဂုဏ်ကျေးဇူးကြောင့် သေဘေးမှလွတ် .... | ၁၈၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၈၉ |
| | အတိတ်ဝတ္ထု .... .... .... | ၁၈၉ |
| | ဇာတ်ပေါင်း .... .... .... | ၁၉၁ |
| | ပျက်စီးချိန်တန် သေချိန်မှန် ကေးရန်မမြင်ရာ .... | ၁၉၁ |
| ၄၀၀။ | ဒဗ္ဗပုပ္ဖဇာတ် (ရက္ခစိုးနတ်) .... .... | ၁၉၂ |
| | ဖျံနှစ်ကောင်အချင်းများ ငါးကြင်းသား ဆုံးရှုံး .... | ၁၉၂ |
| | ငြင်းခုံခြင်းကြောင့် ဆုံးရှုံးခြင်း၏ အကြောင်း .... | ၁၉၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၉၂ |
| | အတိတ်ဝတ္ထု .... .... .... | ၁၉၃ |
| | ဇာတ်ပေါင်း .... .... .... | ၁၉၄ |
| | ခိုက်ရန်ကင်းရှင်း ညီညွတ်ခြင်း ဘေးကင်းရန်မလာ .... | ၁၉၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၀၁။ | ပဏ္ဏကဇာတ် (ပညာရှိ) .... .... | ၁၉၇ |
| | စေတနာကြောင့် ဝေဒနာဖြစ် .... .... | ၁၉၇ |
| | ကြီးကျယ်သော ရောဂါကို ပညာဖြင့် ကုစားခြင်း .... | ၁၉၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၉၇ |
| | အတိတ်ဝတ္ထု .... .... .... | ၁၉၈ |
| | ဇာတ်ပေါင်း .... .... .... | ၂၀၂ |
| | စိုးရိမ်သောက ရောဂါရ ဖြောင့်မှ လွန်ချမ်းသာ .... | ၂၀၃ |
| ၄၀၂။ | သတ္တုဘသ္တဇာတ် (ပညာရှိ) .... .... | ၂၀၃ |
| | ပညာရှိအတွေး ပြေးကြည့်တာထက်မှန် .... | ၂၀၃ |
| | သူတစ်ပါး၏ အသက်ကို ပညာဖြင့်ကယ်ဆယ်ခြင်း .... | ၂၀၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၀၃ |
| | အတိတ်ဝတ္ထု .... .... .... | ၂၀၃ |
| | ဇာတ်ပေါင်း .... .... .... | ၂၁၂ |
| | ပညာရှိထံ ဆည်းကပ်ခံ ဘေးရန်လွတ်ငြိမ်းရာ .... | ၂၁၂ |
| ၄၀၃။ | အဋ္ဌိသေနဇာတ် (ရသေ့) .... .... | ၂၁၃ |
| | ပေးတိုင်းလည်းမယူ ကျွေးတိုင်းလည်းမစား .... | ၂၁၃ |
| | သူတော်ကောင်းတို့သည် မတောင်းအပ်ကြောင်း .... | ၂၁၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၁၃ |
| | အတိတ်ဝတ္ထု .... .... .... | ၂၁၃ |
| | ဇာတ်ပေါင်း .... .... .... | ၂၁၆ |
| | တောင်းသူမုန်းမြဲ မပေးလည်း မုန်းမြဲဓမ္မတာ .... | ၂၁၆ |
| ၄၀၄။ | ကပိဇာတ် (မျောက်မင်း) .... .... | ၂၁၇ |
| | အပေါင်းကြောင့် ဂုဏ်ဘက် အပေါင်းကြောင့် ဂုဏ်ပျက် | ၂၁၇ |
| | ပညာရှိစကား နားမထောင်၍ ပျက်စီးရခြင်း .... | ၂၁၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၁၇ |
| | အတိတ်ဝတ္ထု .... .... .... | ၂၁၇ |
| | ဇာတ်ပေါင်း .... .... .... | ၂၂၀ |
| | လူမိုက်ဦးစီး ကျိုးမပြီး ကျိုးပြီးပညာပါ .... | ၂၂၀ |
| ၄၀၅။ | ဗကဇာတ် (ရသေ့) .... .... .... | ၂၂၀ |
| | သူတစ်ပါးအသက်ကို ကယ်ခြင်းကြောင့် အသက်ရှည်ခြင်း | ၂၂၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၂၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... .... | ၂၂၃ |
| | ဇာတ်ပေါင်း .... .... .... | ၂၂၆ |
| | ဗကဗြဟ္မာ ယူမိစ္ဆာ မြတ်စွာပယ်ဖျောက်တတ် .... | ၂၂၆ |

## ၂-ဂန္ဓာရဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၀၆။ | ဂန္ဓာရဇာတ် (မင်း) .... .... .... | ၂၂၇ |
| | ဆင်ပြောင်ကြီး အမြီးရောက်မှတစ် .... .... | ၂၂၇ |
| | ရသေ့ရဟန်းတို့သည် ပစ္စည်းကို မသိုမှီးအပ်ကြောင်း .... | ၂၂၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၂၇ |
| | အတိတ်ဝတ္ထု .... .... .... | ၂၂၈ |
| | ဇာတ်ပေါင်း .... .... .... | ၂၃၃ |
| | ပစ္စည်း ပစ္စယ သိပ်းဆည်းကြ သောကရောက်ကြောင်းသာ | ၂၃၃ |
| ၄၀၇။ | မဟာကပိဇာတ် (မျောက်မင်း) .... .... | ၂၃၃ |
| | အမျိုးသားတို့အတွက် အသက်ကိုမငဲ့ခြင်း .... | ၂၃၃ |
| | သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားခိုနိုင် .... | ၂၃၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၃၃ |
| | အတိတ်ဝတ္ထု .... .... .... | ၂၃၄ |
| | ဇာတ်ပေါင်း .... .... .... | ၂၃၈ |
| | မင်းမည်သည်ကား လူအများ စီးပွားဆောင်ရွက်ရာ.... | ၂၃၉ |
| ၄၀၈။ | ကုမ္ဘကာရဇာတ်(အိုးထိန်းသည်) .... .... | ၂၃၉ |
| | အိမ်ရှင်အမျိုးသမီး ရှေးဦးစွာရဟန်းပြုခြင်း .... | ၂၃၉ |
| | ကိလေသာတို့၏အလိုသို့ မလိုက်သင့်ကြောင်း .... | ၂၃၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၃၉ |
| | အတိတ်ဝတ္ထု — .... .... | ၂၄၀ |
| | ဇာတ်ပေါင်း .... .... .... | ၂၄၇ |
| | ကိလေသာပွား ဆင်းရဲများ လည်ပြွားသံသရာ .... | ၂၄၇ |
| ၄၀၉။ | ဒဠှဓမ္မဇာတ် (အမတ်) .... .... | ၂၄၈ |
| | ကျေးဇူးတရားကို မမေ့သင့် .... .... | ၂၄၈ |
| | တစ်လုတ်စားဖူး သူ့ကျေးဇူး .... .... | ၂၄၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၄၈ |
| | အတိတ်ဝတ္ထု .... .... — | ၂၄၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဇာတ်ပေါင်း .... .... .... | ၂၅၃ |
| | ကျေးဇူးရှိငြား ထိုသူအား ကျိုးကား ဖြစ်ထွန်းရာ .... | ၂၅၃ |
| ၄၁၀။ | သောမဒတ္တဇာတ် (သိကြားမင်း) .... .... | ၂၅၃ |
| | သတ္တဝါမှန်သမျှ သေခြင်းသဘောရှိ .... .... | ၂၅၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၅၃ |
| | အတိတ်ဝတ္ထု .... .... .... | ၂၅၄ |
| | ဇာတ်ပေါင်း .... .... .... | ၂၅၆ |
| | သေသူတမ်းတ ငိုကျွေးကြ သောကဖြစ်ရုံသာ .... | ၂၅၆ |
| ၄၁၁။ | သုသီမဇာတ် (သုသီမမင်း) .... .... | ၂၅၇ |
| | ဆံတစ်ပင်ဖြူ သေမင်းအလံယူ .... .... | ၂၅၇ |
| | မင်းစည်းစိမ်ကိုစွန့်ကာ တောထွက်ခြင်းအကြောင်း .... | ၂၅၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၅၇ |
| | အတိတ်ဝတ္ထု .... .... .... | ၂၅၇ |
| | ဇာတ်ပေါင်း .... .... .... | ၂၆၀ |
| | ဆံဖြူကိုမြင် သံဝေဂဝင် စိတ်တွင်ထိခိုက်လာ .... | ၂၆၂ |
| ၄၁၂။ | ကောဋသိမ္ဗလိဇာတ် (ရုက္ခစိုးနတ်) .... .... | ၂၆၂ |
| | အရာရာ၌ သည်းမခံသင့်ကြောင်း .... .... | ၂၆၂ |
| | လာမည့်အန္တရာယ် ကြိုတင်ကာကွယ် .... .... | ၂၆၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၆၂ |
| | အတိတ်ဝတ္ထု .... .... .... | ၂၆၂ |
| | ဇာတ်ပေါင်း .... .... .... | ၂၆၅ |
| | လာလတ္တံ့ဘေး ရှုမျှော်တွေး ကြောက်ရေးပြုအပ်စွာ | ၂၆၅ |
| ၄၁၃။ | ဓူမကာရိဇာတ် (ပညာရှိ) .... .... | ၂၆၅ |
| | ငါးစိမ်းမြင် ငါးကင်ပစ် .... .... .... | ၂၆၅ |
| | မိတ်ဟောင်းကိုပစ်၍ မိတ်သစ်ကို မချီးမြှောက်သင့်ခြင်း | ၂၆၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၆၅ |
| | အတိတ်ဝတ္ထု .... .... .... | ၂၆၅ |
| | ဇာတ်ပေါင်း .... .... .... | ၂၆၈ |
| | တွင်းပြင်မျှတ ချီးမြှောက်က ကိစ္စပြီးကြောင်းသာ .... | ၂၆၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁၄။ | ဝေဂရဇာတ်(ရသေ့) .... .... ... | ၂၆၉ |
| | မအိပ်မနေ အသက်ရှည် .... ... | ၂၆၉ |
| | နိုးကြားထကြွ လုံ့လကိုပြုသင့်ကြောင်း .... | ၂၆၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၆၉ |
| | အတိတ်ဝတ္ထု .... .... .... | ၂၇၀ |
| | ဇာတ်ပေါင်း .... .... .... | ၂၇၂ |
| | ထကြွနိုးကြား ရှိသူအား ဘေးငြားရန်ဘယာ .... | ၂၇၂ |
| ၄၁၅။ | ကုမ္မာသပိဏ္ဍိဇာတ် (မင်း) .... .... | ၂၇၂ |
| | ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုးရ .... .... .... | ၂၇၂ |
| | အနည်းငယ်ကို စွန့်လှူရုံဖြင့် ဘုရင့်စည်းစိမ်ကိုရခြင်း | ၂၇၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၇၂ |
| | အတိတ်ဝတ္ထု .... .... .... | ၂၇၄ |
| | ဇာတ်ပေါင်း .... .... .... | ၂၈၀ |
| | နည်းများမဟူ ပေးလှူမှု ထိုသူချမ်းသာရ .... | ၂၈၀ |
| ၄၁၆။ | ပရန္တပဇာတ် (မင်းသား) .... .... | ၂၈၀ |
| | မကောင်းမှုသည် မကောင်းမှုကို ဖေးတတ်ခြင်း .... | ၂၈၀ |
| | ကာလဝိပါက်နှောက်ပိုးတက် .... .... | ၂၈၀ |
| | မမျှော်လင့်ရာဌာနမှ ရန်သူပေါ်လာတတ်သည် .... | ၂၈၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၈၀ |
| | အတိတ်ဝတ္ထု .... .... .... | ၂၈၁ |
| | ဇာတ်ပေါင်း .... .... .... | ၂၈၇ |
| | သူ့မကောင်းကြံ ကိုယ့်ဘေးဒဏ် အမှန်ရောက်မြဲသာ.... | ၂၈၇ |

ဂ–အဋ္ဌကနိပါတ်

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁၇။ | ကစ္စာနိဇာတ် (သိကြားမင်း) .... .... | ၂၈၉ |
| | မိဘတို့အား လုပ်ကျွေးသင့်ကြောင်း .... .... | ၂၈၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၈၉ |
| | အတိတ်ဝတ္ထု .... .... .... | ၂၉၂ |
| | ဇာတ်ပေါင်း .... .... .... | ၂၉၆ |
| | ကျေးဇူးသိငြား ဆမိး သား ကြီးပွါးချမ်းသာရာ .... | ၂၉၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁၈။ | အဋ္ဌသတ္တဇာတ် (ရသေ့) .... .... | ၂၉၆ |
| | ပညာရှိ သူတော်ကောင်းသည် သတ္တဝါအပေါင်းတို့ အသက်ကို ကယ်ဆယ်နိုင်၏ .... .... .... | ၂၉၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၉၆ |
| | အတိတ်ဝတ္ထု .... .... .... | ၂၉၇ |
| | ဇာတ်ပေါင်း .... .... .... | ၃၀၄ |
| | အသက်သတ်၍ ပူဇော်မှု့ လားလေ့ အပါယ်ရွာ .... | ၃၀၄ |
| ၄၁၉။ | သုလသာဇာတ် (တောစောင့်နတ်).... .... | ၃၀၄ |
| | ယောကျ်ားသာမယုတ် မိန်းမလည်း ပညာရှိကြောင်း.... | ၃၀၄ |
| | အသက်ညာဏ်စောင့် .... .... .... | ၃၀၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၀၄ |
| | အတိတ်ဝတ္ထု .... .... .... | ၃၀၅ |
| | ဇာတ်ပေါင်း .... .... .... | ၃၀၈ |
| | ဖြစ်မည့်အရေး ညာဏ်မြင်သေး သေဘေး ကြုံမည်သာ.... | ၃၀၈ |
| ၄၂၀။ | သုမင်္ဂလဇာတ် (မင်း) .... .... | ၃၁၀ |
| | ဒေါသအမျက် ပြင်းထန်နေစဉ် အပြစ်ဒဏ် စီရင်ချမှတ်ခြင်း မပြုသင့် .... .... .... | ၃၁၀ |
| | ဒေါသအရှိန် နည်းသွားစေရန် အချိန်ဆွဲ၍ ပြုလုပ်ရမည် | ၃၁၀ |
| | အစိုးရသောမင်းသည် အမျက်ကို သိမ်းစည်းသင့်သည် | ၃၁၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၁၀ |
| | အတိတ်ဝတ္ထု .... .... .... | ၃၁၀ |
| | ဇာတ်ပေါင်း .... .... .... | ၃၁၅ |
| | အဂတိများ မလိုက်စား တရား စောင့်ကြရာ .... | ၃၁၅ |
| ၄၂၁။ | ဂင်္ဂမာလဇာတ် (မင်း) .... .... | ၃၁၅ |
| | လူ့လောဘ အတောမသတ်နိုင် .... .... | ၃၁၅ |
| | တဏှာလောဘ၏ အလိုသို့ မလိုက်သင့်ကြောင်း .... | ၃၁၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၁၅ |
| | အတိတ်ဝတ္ထု .... .... .... | ၃၁၆ |
| | ဇာတ်ပေါင်း .... .... | ၃၂၆ |
| | ဥပုသ်နေ့ဝက် စောင့်သည့်တွက် ကျိုးဆက်မင်းဖြစ်သာ | ၃၂၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၂၂။ | စေတိယဇာတ် (ပုဏ္ဏား) .... .... | ၃၂၆ |
| | ဤကမ္ဘာတွင် ပထမဦးဆုံး မုသားစကား .... | ၃၂၆ |
| | မုသားဆို၍ မြေမြိုခံရသည် .... .... | ၃၂၆ |
| | မမှန်သောစကားကိုဆို၍မြေမြိုခြင်း .... .... | ၃၂၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၃၂၆ |
| | အတိတ်ဝတ္ထု .... .... .... | ၃၂၇ |
| | ဇာတ်ပေါင်း .... .... .... | ၃၃၅ |
| | ကိုယ်နှင့်ခံတွင်း ပုတ်နံခြင်း လိမ်ခြင်းမုသား အကျိုးတည်း | ၃၃၅ |
| ၄၂၃။ | ဣန္ဒြိယဇာတ် (ရသေ့) .... .... | ၃၃၅ |
| | ဗ ဘက်လိုက်၍ မိုက်ဖက်ပါ .... .... | ၃၃၅ |
| | ကာမဂုဏ်တို့၏ အလိုသို့ မလိုက်သင့်ခြင်း .... | ၃၃၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၃၅ |
| | အတိတ်ဝတ္ထု .... .... .... | ၃၃၇ |
| | အတိတ်ဝတ္ထု .... .... .... | ၃၄၁ |
| | ဇာတ်ပေါင်း .... .... .... | ၃၄၃ |
| | ဣန္ဒြေလိုလိုက် ငရဲဆိုက် သူ၌ဆင်းရဲစွာ .... | ၃၄၃ |
| ၄၂၄။ | အာဒိတ္တဇာတ် (မင်း) .... .... | ၃၄၄ |
| | နှိုင်းနှိုင်းချိန်ချိန် သုခမိန် .... .... | ၃၄၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၄၄ |
| | အတိတ်ဝတ္ထု .... .... .... | ၃၄၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဇာတ်ပေါင်း .... .... .... | ၃၄၈ |
| | အလှူခံမြတ် ပေးလှူတတ် ရောက်အပ်နတ်တို့ရွာ .... | ၃၄၉ |
| ၄၂၅။ | အဋ္ဌာနဇာတ် (ရသေ့) .... .... | ၃၄၉ |
| | မိန်းမတို့ ကျေးဇူးမသိတတ်ပုံ .... .... | ၃၄၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၃၄၉ |
| | အတိတ်ဝတ္ထု .... .... .... | ၃၄၉ |
| | ဇာတ်ပေါင်း .... .... .... | ၃၅၈ |
| | ကြမ်းကြုတ်ပြစ်မှား သူ့ထံပါး စကားမဆိုရာ .... | ၃၅၈ |


## ၉-နဝကနိပါတ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၂၆။ | ဂိဇ္ဈဇာတ် (လင်းတ) .... .... | ၃၅၉ |
| | မိဘစကား နားမထောင်၍ ပျက်စီးရပုံ .... | ၃၅၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၅၉ |
| | အတိတ်ဝတ္ထု .... .... .... | ၃၆၀ |
| | ဇာတ်ပေါင်း .... .... .... | ၃၆၂ |
| | အကျိုးသိုလား ဆုံးမငြား မှတ်သားလိုက်နာပါ .... | ၃၆၂ |
| ၄၂၇။ | ကောသမ္ဗိယဇာတ် (မင်းသား) .... .... | ၃၆၃ |
| | အမှိုက်ကစ ပြာသာဒ်မီးလောင် .... .... | ၃၆၃ |
| | သံဃာအား ဘုရားမဆန်သာ .... .... | ၃၆၃ |
| | ငြင်းခုန်ခိုက်ရန် မပြုသင့်ခြင်းအကြောင်း .... | ၃၆၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၆၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... .... | ၃၆၅ |
| | ဇာတ်ပေါင်း .... .... .... | ၃၆၈ |
| | ရဟန်းများစွာ ကဲ့ပြားလာ ဒကာစောင့်ထိန်းရာ .... | ၃၆၈ |
| ၄၂၉။ | မဟာသုဝဇာတ် (ကျေးမင်း) .... .... | ၃၆၉ |
| | ဆင်းရဲသော်လည်း အဆွေခင်ပွန်းကို မစွန့်ထိုက်ခြင်း ... | ၃၆၉ |
| | မရှိအတူ ရှိအတူ အေးအတူ ပူအမျှ .... .... | ၃၆၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၆၉ |
| | အတိတ်ဝတ္ထု .... .... .... | ၃၇၀ |
| | ဇာတ်ပေါင်း .... .... .... | ၃၇၃ |
| | ရောင့်ရဲသည်းခံ ချမ်းသာမှန် ကေန်ရမည်သာ .... | ၃၇၃ |
| ၄၃၀။ | စူဠသုဝဇာတ် (ကျေးမင်း) .... .... | ၃၇၄ |
| | ကျေးဇူးမမေ့တတ်သော ကျေးမင်း .... .... | ၃၇၄ |
| | အိုးသြဲ့ယ်ကောင်းသော ရောင့်ရဲမှု .... .... | ၃၇၄ |
| | လောဘနိုင်ငံသို့ မလိုက်သင့်ကြောင်း .... .... | ၃၇၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၇၄ |
| | အတိတ်ဝတ္ထု .... .... .... | ၃၇၄ |
| | ဇာတ်ပေါင်း .... .... .... | ၃၇၇ |
| | ကျေးဇူးကြီးမား နေရမျှား ရှောင်ရှားမပြုရာ .... | ၃၇၇ |
| ၄၃၁။ | ဟရိတစဇာတ် (ရသေ့) .... .... | ၃၇၇ |
| | အငွေ့သာရှောင် အတွေ့မရှောင်နိုင် .... | ၃၇၇ |
| | ပညာရှိ သတိဖြစ်ခဲ .... .... | ၃၇၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကာမသည် ပညာရှိကို ဖျက်ဆီးတတ်ခြင်း .... | ၃၇၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၇၇ |
| | အတိတ်ဝတ္ထု .... .... .... | ၃၇၈ |
| | ဇာတ်ပေါင်း .... .... .... | ၃၈၂ |
| | ကာမဂုဏ်ချား မက်မောငြား လမ်းမှား လိုက်တတ်စွာ | ၃၈၃ |
| ၄၇၂။ | ပဒုကုသလ မာဏဝဇာတ် (လုလင်).... .... | ၃၈၃ |
| | ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ် .... .... | ၃၈၃ |
| | အမှန်တရားသည် ဖုံးကွယ်၍မရ .... .... | ၃၈၃ |
| | သူတစ်ပါးပညာကို လှည့်စားခြင်းကြောင့် သေရခြင်း | ၃၈၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၈၃ |
| | အတိတ်ဝတ္ထု .... .... .... | ၃၈၄ |
| | ဇာတ်ပေါင်း .... .... .... | ၃၉၀ |
| | ကိုးကွယ်ရာမှ ဘေးဖြစ်က မုချကြောက်ဖွယ်ရာ .... | ၃၉၀ |
| ၄၇၃။ | လောမသ ကဿပဇာတ် (ရသေ့) .... .... | ၃၉၀ |
| | ပညာရှိ သတိဖြစ်ခဲ .... .... .... | ၃၉၀ |
| | ဘုရားလောင်းများပင် မိန်းမကြောင့် ခံ့လျှော့ခြင်း | ၃၉၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၉၀ |
| | အတိတ်ဝတ္ထု .... .... .... | ၃၉၉ |
| | ဇာတ်ပေါင်း .... .... .... | ၄၀၄ |
| | အားတကာတွင် မိန်းမလျှင် အင်အားကြီးလှစွာ .... | ၄၀၄ |
| ၄၇၄။ | စက္ကဝါကဇာတ် (ငှက်) .... .... | ၄၀၄ |
| | အစားအစာ၌ လျှပ်ပေါ်သော ကျီးမိုက်အကြောင်း | ၄၀၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အသီးစားတိုင်း အသားမဖြစ် — — | ၄၀၄ |
| | ပန်းပွင့်တွေ — — — | ၄၀၄ |
| | အသီးသီးတွေ — — — | ၄၀၅ |
| | ဓာတ်ပေါင်း — — — | ၄၀၆ |
| | အဝတ်အစား လေ့လာကြည့်ရင် နမ်းပါးခြင်းရာ — | ၄၀၆ |
| ၄၃၅။ | ဟာလရီဗုစ္ဆာလ (ရသေ့) .... — | ၄၀၆ |
| | ချစ်လှယ်မှုန်းလှယ်သူကို ရှောင်ကြဉ်အပ်ကြောင်း — | ၄၀၉ |
| | ထရီပ်ပြ အကောင်ထင်၊ တင်ထွားပြ တင်တောင်မြင် — | ၄၀၉ |
| | ပန်းပွင့်တွေ — — — | ၄၀၉ |
| | အသီးသီးတွေ — — — | ၄၁၉ |
| | ဓာတ်ပေါင်း — — — | ၄၁၁ |
| | လှမိုက်နှင့်လွဲ ရန်သူလဲ ခင်းရဲလှထင်းရာ — | ၄၁၃ |
| ၄၃၆။ | သမုဂ္ဂဇာတ် (ရသေ့) — — | ၄၁၃ |
| | မိန်းမကို စောင့်ရှောက်နိုင်ခဲခြင်း အကြောင်း — | ၄၁၃ |
| | လျှို၍ပေါ်တွင် ရေပယ်ထင် — — | ၄၁၃ |
| | ပန်းပွင့်တွေ — — .. | ၄၁၃ |
| | အသီးသီးတွေ — — — | ၄၁၄ |
| | ဓာတ်ပေါင်း — — — | ၄၁၀ |
| | စောင့်ရှောက်လုက်ပင် ယုတ်မာခြင် ခံမင်မထားရာ | ၄၁၈ |
| ၄၃၇။ | ပူတိမံသဇာတ် (ရှင်ငှက်) — | ၄၁၉ |
| | မဂ်ညီသင့်သောအခါ၌ ကြည့်၍ ဆုံးဖြတ်ခြင်း — | ၄၁၉ |
| | မကြည့်တတ်သော ဝကျာ ကြည့်တတ်သော ဘာဝနာ | ၄၁၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၁၉ |
| | အတိတ်ဝတ္ထု .... .... .... | ၄၂၀ |
| | ဇာတ်ပေါင်း .... .... .... | ၄၂၄ |
| | ဣန္ဒြေအများ စောင့်ရှောက်ပြား တံခါးလုံကြရာ .... | ၄၂၄ |
| ၄၃၈။ | ဒဒ္ဒရဇာတ် (ခါ) .... .... .... | ၄၂၄ |
| | ကိုယ့်ကိုသူနိုင် သူ့ကိုသူများနိုင် .... .... | ၄၂၄ |
| | မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ.... .... | ၄၂၄ |
| | သနားကရုဏာကင်းသော ရသေ့စဉ်းလဲအကြောင်း.... | ၄၂၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၂၄ |
| | အတိတ်ဝတ္ထု .... .... .... | ၄၂၅ |
| | ဇာတ်ပေါင်း .... .... .... | ၄၃၀ |
| | ကျင့်စဉ်ယုတ်မာ ပြုသူမှာ ကြုံလာရန်ဘယာ .... | ၄၃၁ |

၁၀-ဒသကနိပါတ်

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၃၉။ | စတုဒွါရဇာတ် (နတ်မင်း) .... .... | ၄၃၃ |
| | မိဘကို ပုတ်ခတ်ခြင်းကြောင့် သင်တုန်းစက်၌ ခံရခြင်း | ၄၃၃ |
| | ငရဲပန်းကို ရွှေပန်းထင် .... .... | ၄၃၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၃၃ |
| | အတိတ်ဝတ္ထု .... .... .... | ၄၃၃ |
| | ဇာတ်ပေါင်း .... .... .... | ၄၃၉ |
| | မိဘစကား စဉ်သနား ထောင်နား စိုက်ကြရာ .... | ၄၃၉ |
| ၄၄၀။ | ကဏှဇာတ် (ရသေ့) .... .... | ၄၃၉ |
| | အကျင့်ကောင်းခြင်းသည် အဆင်းလှပခြင်းပင်မည်ခြင်း | ၄၃၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | လူသာအို၍ စိတ်မအို .... .... .... | ၄၃၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၃၉ |
| | အတိတ်ဝတ္ထု .... .... .... | ၄၄၀ |
| | ဇာတ်ပေါင်း .... .... .... | ၄၄၈ |
| | ရောင့်ရဲ ခြိုးခြံ အကျင့်မှန် နိဗ္ဗာန်ရောက်ကြောင်းသာ | ၄၄၈ |
| ၄၄၁။ | စတုပေါသထိယဇာတ် .... .... | ၄၄၈ |
| ၄၄၂။ | သင်္ခဇာတ် (ပုဏ္ဏား) .... .... .... | ၄၄၉ |
| | ဖိနပ်လှူရသည့်အကျိုး .... .... | ၄၄၉ |
| | သင်္ဘောပျက်မှ ကယ်တင်ခံရ .... .... | ၄၄၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၄၉ |
| | အတိတ်ဝတ္ထု .... .... .... | ၄၅၀ |
| | ဇာတ်ပေါင်း .... .... .... | ၄၅၆ |
| | ကုသိုလ်မှုတွက် ကောင်းကျိုးဆက် မပျက်ရကြောင်းသာ | ၄၅၇ |
| ၄၄၃။ | စူဠဗောဓိဇာတ် (ရသေ့) .... .... | ၄၅၇ |
| | ပညာရှိအမျက် အပြင်မထွက် .... .... | ၄၅၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၅၇ |
| | အတိတ်ဝတ္ထု .... .... .... | ၄၅၈ |
| | ဇာတ်ပေါင်း .... .... .... | ၄၆၄ |
| | အမျက်ဒေါသမှာ မီးပမာ မှီရာလောင်မြိုက်မည် .... | ၄၆၄ |
| ၄၄၄။ | ကဏှဒီပါယနဇာတ် (ရသေ့) .... .... | ၄၆၅ |
| | မှန်သော စကားသည် သစ္စာမည်ခြင်း .... | ၄၆၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၆၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... .... | ၄၆၅ |
| | ဇာတ်ပေါင်း .... .... .... | ၄၇၅ |
| | အမှန်သစ္စာ ဆိုသောခါ လိုရာပြီးသည်သာ .... | ၄၇၅ |
| ၄၄၅။ | နိဂြောဓဇာတ် (မင်း) .... .... | ၄၇၆ |
| | ပညာရှိကို မှီဝဲဆည်းကပ်မှ ဘေးအန္တရာယ်ကင်းနိုင်သည် | ၄၇၆ |
| | လူမိုက်ကိုဆည်းကပ်ပါက အပြစ်ဒဏ်ရ .... | ၄၇၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၇၆ |
| | အတိတ်ဝတ္ထု .... .... .... | ၄၇၆ |
| | ဇာတ်ပေါင်း .... .... .... | ၄၈၄ |
| | ကျေးဇူးသိလျှင် သူတော်စဉ် ခေါ်တွင်ခံရမှာ .... | ၄၈၄ |
| ၄၄၆။ | တက္ကလဇာတ် (ပညာရှိ) .... .... | ၄၈၅ |
| | ကာလဝိပါတ် နောက်ပိုးတက် .... .... | ၄၈၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၈၅ |
| | အတိတ်ဝတ္ထု .... .... .... | ၄၈၇ |
| | ဇာတ်ပေါင်း .... .... .... | ၄၉၃ |
| | မိခင်-ဖခင် ကျေးဇူးရှင် အစဉ်လုပ်ကျွေးရာ .... | ၄၉၃ |
| ၄၄၇။ | မဟာဓမ္မပါလဇာတ် (ဓမ္မပါလ သတို့သား) .... | ၄၉၃ |
| | သီလမြဲတော့ အသက်ရှည်သည် .... .... | ၄၉၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၉၃ |
| | အတိတ်ဝတ္ထု .... .... .... | ၄၉၄ |
| | ဇာတ်ပေါင်း .... .... .... | ၅၀၀ |
| | ငါးပါးသီလ စောင့်သုံးက ငယ်ကမသေရာ.... .... | ၅၀၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄၈။ | ကုက္ကုဋဇာတ် (ကြက်မင်း) .... .... | ၅၀၁ |
| | မိတ်ဆွေဟန်ဆောင်သော ရန်သူကို သတိပြု .... | ၅၀၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၀၂ |
| | အတီတဝတ္ထု .... .... .... | ၅၀၂ |
| | ဇာတ်ပေါင်း .... .... .... | ၅၀၃ |
| | မကောင်းပြုလို မုသားဆို ထိုသူ မပေါင်းရာ .... | ၅၀၃ |
| ၄၄၉။ | မဋ္ဌကုဏ္ဍလီဇာတ် (နတ်သား) .... .... | ၅၀၆ |
| | နေနှင့် လကို လှည်းဘီးလုပ် စီးချင် .... .... | ၅၀၆ |
| | မိဘ ကျေးဇူးဆပ်သောသား .... .... | ၅၀၆ |
| | ကြောင်းကျိုးသိမှ အမှန်ရ .... .... | ၅၀၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၀၆ |
| | အတီတဝတ္ထု .... .... .... | ၅၀၇ |
| | ဇာတ်ပေါင်း .... .... .... | ၅၁၀ |
| | သားကဟောပြ တရားရ အဘချမ်းသာစွာ .... | ၅၁၀ |
| ၄၅၀။ | ဗိဠာရကောသိယဇာတ် (သိကြားမင်း) .... .... | ၅၁၀ |
| | ကပ်စေးနဲ့ သူဌေးအား အလှူပေးရန် ဟောကြားခြင်း | ၅၁၀ |
| | ပစ္စည်းဥစ္စာကို လှူပြီးမှ သုံးဆောင်သင့်ကြောင်း .... | ၅၁၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၁၀ |
| | အတီတဝတ္ထု .... .... .... | ၅၁၁ |
| | ဇာတ်ပေါင်း .... .... .... | ၅၁၉ |
| | တရားဥစ္စာလှူဒါန်းရာ များစွာ အကျိုးလာ .... | ၅၁၉ |
| ၄၅၁။ | စက္ကဝါကဇာတ် (စက္ကဝါက်ငှက်) .... .... | ၅၂၀ |
| | အာဟာရ၌ လွန်စွာ မက်မောခြင်းသည် ယုတ်မာခြင်း .... | ၅၂၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အဆီစား အသားမဖြစ် .... .... .... | ၃၂၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၂၀ |
| | အတိတ်ဝတ္ထု .... .... .... | ၃၂၀ |
| | ဇာတ်ပေါင်း .... .... .... | ၃၂၃ |
| | သက်သတ်ရှောင်ရှား မေတ္တာပွါး လှုပြားဆင်းရှုပါ .... | ၃၂၃ |
| ၄၅၂။ | ဘူရိပဥ္စဇာတ် .... .... .... | ၃၂၄ |
| ၄၅၃။ | မဟာမင်္ဂလဇာတ် (ရသေ့) .... .... .... | ၃၂၄ |
| | မဟာမင်္ဂလာ (၈) ပါး .... .... .... | ၃၂၄ |
| | (၃၈) ပါးသော မင်္ဂလာ တရားအကြောင်း .... | ၃၂၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၂၄ |
| | အတိတ်ဝတ္ထု.... .... .... .... | ၃၂၆ |
| | ဇာတ်ပေါင်း .... .... .... | ၃၃၁ |
| | သတ္တဝါအား မေတ္တာထား ကြီးပွါးမင်္ဂလာ .... | ၃၃၂ |
| ၄၅၄။ | ဃဋပဏ္ဍိတဇာတ် (မင်းသား) .... .... | ၃၃၂ |
| | သောကပယ်နည်း .... .... .... | ၃၃၂ |
| | သေသောသူအတွက် စိုးရိမ်ခြင်းကို မပြုသင့်ကြောင်း .... | ၃၃၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၃၂ |
| | အတိတ်ဝတ္ထု .... .... .... | ၃၃၂ |
| | ဇာတ်ပေါင်း .... .... .... .... | ၃၄၆ |
| | သေသူရည်ပြု ကုသိုလ်စု ပေးမှုဖို့ဘာဂါ .... .... | ၃၄၆ |


## ၁၁-ကောဒသကနိပါတ်


| | | |
|---|---|---|
| ၄၅၅။ | မာတုပေါသကဇာတ် (ဆင်မင်း) .... .... | ၃၄၈ |
| | တိရစ္ဆာန်ဖြစ်သော်လည်း မိဘကို လုပ်ကျွေးခြင်း .... | ၃၄၈ |
| | ပစ္စုပ္ပန်ဝတ္ထု — .... .... .... | ၃၄၈ |
| | အတိတ်ဝတ္ထု — .... .... .... | ၃၄၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဇာတ်ပေါင်း .... .... .... .... | ၅၅၄ |
| | ကျေးဇူးကြီးလှ မိနှင့်ဘ တုပ်ကွလုပ်ကျွေးရှာ .... | ၅၅၄ |
| ၄၅၅။ | ဇုဏှဇာတ် (မင်း) .... .... | ၅၅၄ |
| | ကတိသစ္စာတည်သော ဇုဏှမင်းအကြောင်း .... | ၅၅၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၅၄ |
| | ပယ်သောဆု လေးပါး .... .... | ၅၅၇ |
| | တောင်းသောဆု လေးပါး .... .... | ၅၅၇ |
| | အတိတ်ဝတ္ထု .... .... | ၅၅၈ |
| | ဇာတ်ပေါင်း .... .... | ၅၆၂ |
| | နည်းငယ်ပေးဖူး သူ့ကျေးဇူး အထူးသိအပ်စွာ .... | ၅၆၃ |
| ၄၅၆။ | ဓမ္မဒေဝပုတ္တဇာတ် (ဓမ္မနတ်) .... .... | ၅၆၃ |
| | တရားနတ်စောင့်သည် မတရားသည့်နတ် ငဲကျ .... | ၅၆၃ |
| | မတရားကျင့်သူကို တရားကျင့်၍ အောင်နိုင်ခြင်း .... | ၅၆၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၆၃ |
| | အတိတ်ဝတ္ထု .... .... | ၅၆၄ |
| | ဇာတ်ပေါင်း .... .... | ၅၆၇ |
| | တရားမသက် အမှားဖက် အပျက်တွေ့လိမ့်မှာ .... | ၅၆၇ |
| ၄၅၇။ | ဥဒယဘဒ္ဒဇာတ် (သိကြားမင်း) .... .... | ၅၆၈ |
| | အလှတန်ဖိုး ကြာလေ လျော့လေ .... .... | ၅၆၈ |
| | နတ်သမီးနှင့်တူသော မိန်းမနှင့်သော်လည်းမပြစ်မှားခြင်း.... | ၅၆၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၆၈ |
| | အတိတ်ဝတ္ထု .... .... .... | ၅၆၈ |
| | ဇာတ်ပေါင်း .... .... .... | ၅၇၈ |
| | တစ်နေ့ကားရွှေ တစ်နေ့ငွေ လျော့သေဆင်းရုပ်ဝါ .... | ၅၇၈ |
| ၄၅၈။ | ပါနီယဇာတ် (မင်း) .... .... | ၅၇၆ |
| | မိမိအပြစ်မြင်သူ ငါးယောက် .... .... | ၅၇၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၇၆ |
| | အတိတ်ဝတ္ထု .... .... | ၅[illegible]၆ |
| | ဇာတ်ပေါင်း .... .... | ၅၈၆ |
| | ကာမဂုဏ်မှ အမိုက်ခံ ငဲကျလိမ့်မှာ .... .... | ၅၈၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၅၉။ | ယုဓဉ္စယဇာတ် (မင်းသား) .... .... | ၅၈၆ |
| | ဆီးနှင်းပေါက်တို့ လွင့်ပျောက်သည်ကို မြင်၍ရဟန်းပြုခြင်း | ၅၈၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၈၆ |
| | အတိတ်ဝတ္ထု .... .... | ၅၈၇ |
| | ဇာတ်ပေါင်း .... .... | ၅၉၂ |
| | အိုနာသေဘေး လာမည့်ရေး ကြံတွေးကြောက်သင့်စွာ .... | ၅၉၂ |
| ၄၆၀။ | ဒသရထဇာတ် (ရာမသုခမိန်) .... .... | ၅၉၂ |
| | ရာမ လက္ခဏ သီတာတို့အကြောင်း .... .... | ၅၉၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၉၂ |
| | အတိတ်ဝတ္ထု .... .... | ၅၉၂ |
| | ဇာတ်ပေါင်း .... .... | ၆၀၀ |
| | နေ့မြင် ညကွယ် သီးမှည့်နှယ် သေလွယ်ဤလောက .... | ၆၀၀ |
| ၄၆၁။ | သံဝရဇာတ် (အမတ်) .... .... | ၆၀၀ |
| | ပညာရှိစကား နားထောင်၍ မင်းဖြစ်ခြင်း .... | ၆၀၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၆၀၀ |
| | အတိတ်ဝတ္ထု .... .... | ၆၀၁ |
| | ဇာတ်ပေါင်း .... .... | ၆၀၇ |
| | ဆရာစကား နားထောင်ငြား ထွတ်ဖျားမင်းဖြစ်လာ .... | ၆၀၇ |
| ၄၆၂။ | သုပ္ပါဒကဇာတ် (သုပ္ပါဒကသုခမိန်) .... .... | ၆၀၈ |
| | မျက်မမြင် မာလိန်မှူး၏ သီလစွမ်းအင် .... | ၆၀၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၆၀၈ |
| | အတိတ်ဝတ္ထု .... .... | ၆၀၉ |
| | ဇာတ်ပေါင်း .... .... | ၆၁၇ |
| | ပညာရှိအား ဆည်းကပ်ငြား ကြီးပွားတိုးတက်လာ .... | ၆၁၇ |
| | နိဂုံး | ၆၁၇ |
| | ငါးရာငါးဆယ်ဇာတ်ဝတ္ထု တတိယတွဲ မာတိကာ ပြီး၏။ | ၆၁၇ |

# ငါးရာငါးဆယ်ဇာတ်ဝတ္ထု

## (တတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၅-ပဉ္စကနိပါတ်

### ၁-မဏိကုဏ္ဍလဝဂ်

### ၃၅၁—မဏိကုဏ္ဍလဇာတ်

ပတ္တမြားနားတောင်း

ထွက်သောနေလည်း ဝင်ရ၏၊ ပြည့်သောလလည်း ကွယ်ရ၏။

### ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု

နတ်နှင့် တကွသော လောကကို သုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဇိနော ရဋ္ဌဿ မဏိကုဏ္ဍလေ စ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဏိကုဏ္ဍလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်း၏ နန်းတွင်း၌ ပြစ်မှားသော အမတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဝတ္ထုကို ဒုကနိပါတ် ပဗ္ဗတူပတ္ထရ ဇာတ်၌ ချဲ့အပ်ပြီ။)

ဤမဏိကုဏ္ဍလဇာတ်၌လည်း ဘုရားလောင်းသည် ဗာရာဏသီမင်း ဖြစ်၏။ ပြစ်မှားသောအမတ်သည် ကောသလမင်းကို ဆောင်၍ ကာသိတိုင်းကို ယူစေ၍ ဗာရာဏသီမင်းကို နှောင်ဖွဲ့စေ၍ နှောင်အိမ်၌ ထားစေ၏၊ မင်းသည် ဈာန်ကိုဖြစ်စေ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့် နေ၏၊ ခိုးသူမင်း၏ ကိုယ်၌ ပူခြင်းသည် ဖြစ်၏၊ ခိုးသူမင်းသည် ဗာရာဏသီမင်းအထံသို့ သည်းကပ်၍ ဤဂါထာကိုဆို၏—

၁။ ဇီနော ရထဿံ မဏိကုဏ္ဍလေ စ၊
ပုတ္တေ စ ဒါရေ စ တထေဝ ဇီနော။
သဗ္ဗေသု ဘောဂေသု အသေသကေသု၊
ကသ္မာ န သန္တပ္ပသိ သောကကာလေ။

မြတ်သောမင်းကြီး သင်မင်းကြီးသည် မြင်းရထားကို လည်းကောင်း၊ ပတ္တမြားနားတောင်းကိုလည်းကောင်း စွန့်ရာအခါ၊ သား မယားတို့ကိုလည်း စွန့်ရာအခါ၊ စည်းစိမ်အားလုံးတို့ ရှုံးရာအခါတို့၌ အဘယ့်ကြောင့် သောက ဖြစ်သင့်ပါလျက် မပူပန်သနည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏–

၂။ ပုဗ္ဗေဝ မစ္စံ ဝိဇဟန္တိ ဘောဂါ၊
မစ္စော ဝါ တေ ပုဗ္ဗတရံ ဇဟာတိ။
အသဿတာ ဘောဂိနော ကာမကာမိ၊
တသ္မာ န သောစာမဟံ သောကကာလေ။

၃။ ဥဒေတိ အာပူရတိ ဝေတိ စန္ဒော၊
အတ္ထံ တပေတွာန ပလေတိ သူရိယော။
ဝိဒိတာ မယာ သတ္တုက လောကဓမ္မာ၊
တသ္မာ န သောစာမဟံ သောကကာလေ။

ကာမဂုဏ်တို့ကို အလိုရှိသောမင်း စည်းစိမ်တို့ကမူလည်း သတ္တဝါတို့ကို ရှေးဦးစွာ စွန့်တတ်ကုန်၏။ သတ္တဝါကမူလည်း စည်းစိမ်ဥစ္စာတို့ကို ရှေးဦးစွာ စွန့်တတ်၏၊ စည်းစိမ်တို့သည် မမြဲကုန်သောကြောင့် ငါသည် သောကဖြစ်သင့် ပါလျက် မစိုးရိမ်ပေ။

ရန်သူဖြစ်သော ကောသလမင်း လောကဓံတရားတို့ကို ငါသည် သိထားပြီး ပြီ၊ လသည် တက်၏၊ ပြည့်လာ၏၊ ပျောက်ကွယ်သွား၏၊ နေသည် အမိုက် မှောင်ကို ဖျက်ဆီးလျက် ထွန်းတောက်စေပြီး၍ ဝင်သွားသည်နှင့် တူစွာသာ လျှင် စည်းစိမ်တို့သည် ဖြစ်လည်းဖြစ်ကုန်၏၊ ပျက်လည်း ပျက်ကုန်သောကြောင့် ငါသည် စိုးရိမ်သင့်လျက် မစိုးရိမ်ပေ။

ဤသို့ ဘုရားလောင်းသည် ခိုးသူမင်းအား တရားဟော၍ ယခုအခါ၌ ထိုခိုးသူမင်းကိုလျှင် နာယူစေလိုရကား ဤဂါထာတို့ကို ဆို၏–

၄။ အလသော ဂိဟီ ကာမဘောဂီ န သာဓု၊
အသညတော ပဗ္ဗဇိတော န သာဓု။
ရာဇာ န သာဓု အနိသမ္မကာရီ၊
ယော ပဏ္ဍိတော ကောဓနော တံ န သာဓု။

၅။ နိသမ္မ ခတ္တိယော ကယိရာ၊ နာ'နိသမ္မ ဒိသမ္ပတိ။
နိသမ္မကာရိနော ရာဇ၊ ယသော ကိတ္တိ စ ဝဍ္ဎတိ။

ကာမဂုဏ်ကို ခံစားသူ လူဝတ်ကြောင်သည် ပျင်းရိလျှင် မကောင်း၊ မစောင့်စည်းသော ရဟန်းသည် မကောင်း၊ မစုံစမ်း မဆင်ခြင်ဘဲ ပြုလေ့ရှိသော မင်းသည် မကောင်း၊ ပညာရှိအား အမျက်ထွက်ခြင်းသည် မကောင်း။

မင်းသည် စုံစမ်းဆင်ခြင်၍ ပြုရာ၏၊ မစုံစမ်း မဆင်ခြင်ဘဲ မပြုရာ၊ မင်းကြီး စုံစမ်းဆင်ခြင်၍ ပြုလေ့ရှိသောမင်းအား စည်းစိမ်အခြံအရံသည်လည်းကောင်း, ကျော်စောခြင်းသည် လည်းကောင်း တိုးပွား၏။

ခိုးသူမင်းသည် ဘုရားလောင်းကို ကန်တော့၍ မင်းအဖြစ်ကို အပ်နှင်း၍ မိမိ ဇနပုဒ်သို့လျှင် သွား၏။

### ဇာတ်ပေါင်း

သမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ကောသလမင်း ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(စူးစမ်းဆင်ခြင်၊ ညက်နှင့်ယှဉ်၊ မြဲပင်မင်းကျင့်ရာ)

သုံးရာငါးဆယ့်တစ်ခုမြောက်သော မဏိကုဏ္ဍလဇာတ်သည် ပြီး၏။

## ၃၅၂-သုဇာတဇာတ်

### သောကမီး ငြိမ်းခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ကိံနှ သန္တရမာနေသဝ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုဇာတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အဘသေသော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသူကြွယ်သည် အဘသေလွန်လတ်သော် သောကကို ဖျောက်အံ့သောငှါ မတတ်နိုင်သဖြင့် ငိုကြွေးလျက် သွားသတတ်၊ သဗ္ဗညု မြတ်စွာဘုရားသည် ထိုသူကြွယ်၏ သောတာပတ္တိဖိုလ်၏ ဥပနိဿယကို မြင်တော်မူ၍ သာဝတ္ထိပြည်သို့ ဆွမ်းခံကြွတော်မူ၍ နောက်လိုက်ရဟန်းကို ခေါ်တော်မူ၍ ထိုသူကြွယ်၏အိမ်သို့ ကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူလျက် ရှိခိုး၍နေသော ထိုသူကြွယ်ကို ရတနာသုံးပါးသို့ ဆည်းကပ်တတ်သော ဒါယကာ သင်စိုးရိမ်သလောဟု မိန့်တော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား စိုးရိမ်၏ဟု နားတော်လျှောက်သည်ရှိသော် ဒါယကာ ရှေးပညာရှိတို့သည် ပညာရှိတို့၏ စကားကို ကြား၍ အဘသေလွန်သည်ရှိသော် မစိုးရိမ်ကုန်ဟု မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူကြွယ်အိမ်၌ ဖြစ်၏၊ ဘုရားလောင်းအား သုဇာတ သတို့သားဟူသော အမည်ကို မှည့်ကုန်၏၊ သုဇာတသည် အရွယ်ရောက်လတ်သော် အဘိုးသည် သေလွန်၏၊ ထိုအခါ သုဇာတ၏ အဘသည် အဘသေလွန်သော ကာလမှစ၍ သောကသည် နှိပ်စက်အပ်သည် ဖြစ်၍ သုသာန်မှ အရိုးတို့ကိုဆောင်၍ မိမိဥယျာဉ်၌ မြေစေတီတည်၍ ထိုမြေစေတီ၌ ထိုအရိုးတို့ကို မြှုပ်၍ ရောက်တိုင်းရောက်တိုင်းသော အခါ၌ စေတီကိုပန်းတို့ဖြင့် ပူဇော်၍ ဆင်ခြင်လျက်ငို၏၊ ရေမချိုး မလိမ်းမကျံ မစားမသောက် အမှုတို့ကို မစီရင်၊ ဘုရားလောင်းသည် ထိုအဘကို မြင်၍ ငါ့အဘသည် ငါ့အဘိုးသေသော ကာလမှစ၍ သောကနှိပ်စက်လျက် သွား၏၊ ငါ့ကိုထား၍ ငါမှတစ်ပါး ငါ့အဘ သိစိမ့်သောငှါ စွမ်းနိုင်သောသူသည် မရှိ၊ ငါသည် ငါ့အဘကို တစ်ခုသောဥပါယ်ဖြင့် သောကကင်းအောင် ပြုအံ့ဟု ရွာပ၌ နွားသေကိုမြင်၍ မြက်ကိုလည်း

ကောင်း ရေကိုလည်းကောင်း ဆောင်၍ ထိုနွားသေ၏ ရှေ့၌ထား၍"စားလော့ သောက်လော့"ဟုဆို၏၊ လာတိုင်းလာတိုင်းသောသူတို့သည် ထိုဘုရားလောင်းကို မြင်၍ အချင်း သုဇာတ သင်သည် နွားသေအား မြက် ရေကို ပေး၏၊ အဘယ့် ကြောင့် ရူးသနည်းဟု ဆိုကုန်၏၊ သုဇာတသည် တစ်စုံတစ်ခုသော စကားကိုမဆို၊ ထိုအခါ သုဇာတ၏ အဘအထံသို့ သွား၍ သင့်သားသည် ရူး၏၊ နွားသေအား မြက် ရေကို ပေး၏ဟု ဆိုကုန်၏၊ ထိုစကားကိုကြား၍ သူကြွယ်အား အဘ၌ စိုးရိမ်ခြင်းသည် ပြေ၍ သား၌ စိုးရိမ်ခြင်းသည် တည်၏၊ သူကြွယ်သည် လျင်မြန်စွာ သွား၍ သုဇာတ သင်သည် ပညာရှိမဟုတ်လော၊ အဘယ့်ကြောင့် နွားသေအား မြက် ရေကို ပေးသနည်းဟု ဆိုလို၍ ဤဂါထာတို့ကို ဆို၏–

၆။ ကိံ နု သန္တရမာနောဝ၊ လာယိတွာ ဟရိတံ တိဏံ။
"ခါဒ ခါဒ"တိ လပသိ၊ ဂတသတ္တံ ဇရဂ္ဂဝံ။

၇။ န ဟိ အန္နေန ပါနေန၊ မတော ဂေါဏော သမုဋ္ဌဟေ။
တွဉ္စ တုစ္ဆံ ဝိလပသိ၊ ယထာတံ ဒုမ္မတီ တထာ။

သုဇာတ သင်သည် သေပြီးသောနွားအိုကို အဆောတလျင်ကဲ့သို့ဖြစ်၍မြက် စိမ်းကို ရိတ်ပြီးလျှင် စားလော့စားလော့ ဟု အဘယ့်ကြောင့် ဆိုနေသနည်း။

အစာပေးသဖြင့် လည်းကောင်း ရေပေးသဖြင့် လည်းကောင်း နွားသေသည် ပြန်မထနိုင်တော့သည်သာတည်း၊ ပညာမရှိသောသူသည် အကျိုးမရှိသော စကားကို ဆိုရာသကဲ့သို့ ထိုအတူ သင်သည်လည်း အချည်းနှီးသော စကားကို ဆို၏။

ထို့နောက်မှ ဘုရားလောင်းသည် ဤဂါထာတို့ကို ဆို၏–

၈။ တထေဝ တိဋ္ဌတိ သီသံ၊ ဟတ္ထပါဒါ စ ဝါဠဓိ။
သောတာ တထေဝ တိဋ္ဌန္တိ၊ မညေ ဂေါဏော သမုဋ္ဌဟေ။

၉။ နေဝ'ယျကဿ သီသဉ္စ၊ ဟတ္ထပါဒါ စ ဒိဿရေ။
ရုဒံ မတ္တိကထူပသ္မိံ၊ နနု တွညေဝ ဒုမ္မတိ။

ဖခင် ဦးခေါင်းသည် ထိုရှေးအတူသာလျှင် ရှိသေး၏၊ လက်ခြေတို့သည် လည်း ထိုရှေးအတူသာလျှင် ရှိသေးကုန်၏၊ အမြီးသည် ထိုရှေးအတူသာလျှင် ရှိသေး၏၊ ထိုနွားသည် ထိုရှေးအတိုင်းသာလျှင် ရှိသေးသောကြောင့် ပြန်ထ လိမ့်မည်ဟု ငါအောက်မေ့မှတ်ထင်မိ၏။

အဘိုး၏ ဦးခေါင်း လက်ခြေတို့သည် မရှိတော့ကုန်သောကြောင့် မြေစေတီ၌ ဝိုသော သင်သည်သာလျှင် ပညာမရှိသည် မဟုတ်တုံလော။

ထိုစကားကို ကြားရ၍ ဘုရားလောင်း၏အဘသည် ငါ့သားကား ပညာရှိ၏၊ ပစ္စုပ္ပန်လောက တမလွန်လောက၌ ကိစ္စကို သိ၏၊ ငါ့ကိုမှတ်စိမ့်သောငှါ ထိုအမှုကို ပြု၏ဟု ကြံ၍ အမောင်သုဇာတ သင်သည် ပညာရှိ၏။ ခပ်သိမ်းသော သင်္ခါရတို့သည် အမြဲမရှိကုန် ဟူ၍ ငါသည် မှတ်မိပြီ၊ ယနေ့မှစ၍ ငါသည် မစိုးရိမ်အံ့၊ အဘ၏ သောကကို ပယ်သော သားမည်သည်ကား သင်ကဲ့သို့ ဖြစ်ရာ၏ဟု ဆို၍ သားအား ချီးမွမ်းလိုရကား ဤဂါထာတို့ကို ဆို၏—

၁၀။ အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါဝကံ။
ဝါရိနာ ဝိယ သြသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။

၁၁။ အဗ္ဗဟီ ဝတ မေ သလ္လံ၊ ယမာသိ ဟဒယဿိတံ။
ယော မေ သောကပရေတဿ၊ ပိတု သောကံ အပါနုဒိ။

၁၂။ သောဟံ အဗ္ဗူဠှသလ္လောသ္မိ၊ ဝီတသောကော အနာဝိလော။
န သောစာမိ န ရောဒါမိ၊ တဝ သုတွာန မာဏဝ။

၁၃။ ဧဝံ ကရောန္တိ သပ္ပညာ၊ ယေ ဟောန္တိ အနုကမ္ပကာ။
ဝိနိဝတ္တေန္တိ သောကမှာ၊ သုဇာတော ပိတရံ ယထာ၊

ထောပတ်ဖြင့်ညှိထွန်းထားသော မီးကို ရေဖြင့်လောင်း၍ ငြိမ်းစေသကဲ့သို့ သောကမီးဖြင့် ပြောင်ပြောင်တောက်လောင်နေသော ငါ့ကို သုဇာတသည် သောကအားလုံး ငြိမ်းအေးစေ၏။

သောကဖြင့် နှိပ်စက်ခံနေရသော ငါ၏ အဘအပေါ်၌ စိုးရိမ်ခြင်းကို သုဇာတသည် နုတ်ပယ်ပေး၏၊ ငါ့အား နှလုံးသား၌ မှီ၍ဖြစ်သော သောကငြောင့်ကို သုဇာတသည် စင်စစ် နုတ်ပယ်ပေး၏။ လုလင်ငယ် သင်၏စကားကို ကြားရသောကြောင့် ငါသည် ငြောင့်ကို နုတ်ပြီးဖြစ်၍ စိုးရိမ်ခြင်းကင်းရ၏၊ စိတ်နောက်ခြင်း မဖြစ်ရ၊ မစိုးရိမ် မငိုကြွေးရတော့ပေ။

သုဇာတသည် ဖခင်ကို စိုးရိမ်ခြင်းကင်းအောင် ပြုလုပ်ပေးသည်နှင့် တူစွာ သာလျှင် အစဉ်သနားတတ်၍ ပညာရှိသော လူပုဂ္ဂိုလ်တို့သည် သောကကင်းငြိမ်းအောင် ပြုလုပ်ပေးတတ်ကုန်၏။

**ဇာတ်ပေါင်း**

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သုဇာတ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏၊

(စိုးရိမ်ပူပန်၊ မရှိရန်၊ မြင်မှန် လိုအပ်စွာ)

သုံးရာငါးဆယ့်နှစ်ခုမြောက်သော သုဇာတဇာတ်သည် ပြီး၏။

# ၃၅၃-ဝေနသာခဇာတ်

## သရက်ပင်စိုက်က သရက်သီးစားရမည်

## တမာပင်စိုက်က တမာသီးစားရမည်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "နယိဒံ နိစ္စံ ဘဝိတဗ္ဗံ"အစရှိသော ဂါထာငါးပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝေနသာခဇာတ်ကို ဘဂ္ဂတိုင်း သံသုမာရဂိရိပြည်ကို မှီ၍ ဘေသကဠာတော၌ သီတင်းသုံးနေတော်မူစဉ် ဗောဓိမင်းသားကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဗောဓိမင်းသားသည်ကား ဥတေနမင်း၏ သားတည်း၊ ထိုကာလ၌ သံသုမာရဂိရိမြို့၌ နေသော ဗောဓိမင်းသားသည် အပြီးတိုင် အတတ်တတ်သော တစ်ယောက်သော လက်သမားကို ခေါ်စေ၍ တစ်ပါးသော မင်းတို့နှင့် မတူသည်ကိုပြု၍ ကောကနဒမည်သော ပြာသာဒ်ကို ဆောက်လုပ်စေ၏၊ ဆောက်လုပ်စေပြီး၍ကား ဤလက်သမားသည် တစ်ပါးသောမင်းအား ဤသို့ သဘောရှိသော ပြာသာဒ်ကိုလည်း ဆောက်လုပ်ရာ၏ဟု ဝန်တိုသည်ဖြစ်၍ ထိုလက်သမား၏ မျက်စိတို့ကို ထုတ်စေ၏၊ ဗောဓိမင်းသားသည် ထိုလက်သမား၏ မျက်စိတို့ကို ထုတ်သောအဖြစ်သည် ရဟန်းသံဃာ၌ ထင်ရှားဖြစ်၏၊ ထို့ကြောင့် တရားသဘင်၌ ရဟန်းတို့သည် "ငါ့ရှင်တို့ ဗောဓိမင်းသားသည် ထိုသို့ သဘောရှိသော လက်သမားတို့၏ မျက်စိကို ထုတ်စေသတတ်၊ ကြမ်းကြုတ်ရုန့်ရင်းစွာ နိုင်ထက်ကလူ မူတတ်စွဟု စကားတို့

ဖြစ်စေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခု အခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဤဗောဓိမင်းသားသည် ယခုအခါ၌သာလျှင် ကြမ်းကြုတ်ရုန့်ရင်းသည် နိုင်ထက်ကလူ မှုတတ်သည် မဟုတ်သေး၊ ရှေး၌လည်း မင်းတစ်ထောင်တို့၏ မျက်စိကို ထုတ်စေ၍ သတ်၍ ထိုမင်းတို့၏ အသားတို့ဖြင့် နတ်ပူဇော်ခြင်းကို ပြုစေဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခ ဆရာဖြစ်၏၊ ဇမ္ဗူဒိပ် အပြင်၌ မင်းသားလုလင်၊ ပုဏ္ဏားသားလုလင်တို့သည် ဘုရားလောင်း၏ အထံ၌သာလျှင် အတတ်ကို သင်ကုန်၏၊ ဗာရာဏသီမင်း၏ ဗြဟ္မဒတ်မည်သော မင်းသားသည် ဘုရားလောင်းအထံ၌ ဗေဒင်သုံးပုံကိုသင်၏ ဗြဟ္မဒတ် မင်းသားသည်ကား ပကတိအားဖြင့် ကြမ်းကြုတ်ရုန့်ရင်း၏၊ နိုင်ထက်ကလူ မှုတတ်၏၊ ဘုရားလောင်းသည် အင်္ဂဝိဇ္ဇာ၏ အစွမ်းအားဖြင့် ထိုမင်းသား၏ ရုန့်ရင်းကြမ်းကြုတ်သော နိုင်ထက်ကလူမှုတတ်သော အဖြစ်ကိုသိ၍ အမောင် သင်သည် ကြမ်းကြုတ်ရုန့်ရင်း၏၊ နိုင်ထက်ကလူမှုတတ်၏၊ ကြမ်းကြုတ်သဖြင့် ရသော စည်းစိမ်သည် အရှည်မတည်၊ အစိုးရခြင်းသည် ပျက်စီးတတ်၏၊ ထို ကြမ်းကြုတ်သော သူသည် သမုဒ္ဒရာ၌ လှေပျက်သောသူကဲ့သို့ တည်ရာကို မရသည်ဖြစ်၏၊ ထို့ကြောင့် ဤသို့ ကြမ်းကြုတ် ရုန့်ရင်းသည် မဖြစ်လင့်ဟု ထိုမင်းသားကို ဆုံးမလိုရကား—ဤဂါထာတို့ကို ဆို၏။

၁၄။ န ယိဒံ နိစ္စံ ဘဝိတဗ္ဗံ ဗြဟ္မဒတ္တ၊
ခေမံ သုဘိက္ခံ သုခတာ စ ကာယေ။
အတ္ထစ္စယေ မာ အဟု သမ္ပမူဠှော။
ဘိန္နပ္လဝေါ သာဂရသေဝ မဇ္ဈေ။

၁၅။ ယာနိ ကရောတိ ပုရိသော၊ တာနိ အတ္တနိ ပဿတိ။
ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။
ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

ဗြဟ္မဒတ်မင်းသား သေးကင်းသည်၏ အဖြစ်သည် လည်းကောင်း၊ ဝပြော ခြင်းသည်လည်းကောင်း၊ ချမ်းသာခြင်း၏ အဖြစ်သည် လည်းကောင်း၊ ကိုယ်၌ ဤအလုံးစုံသည် မြဲသည် မဖြစ်ရာ အာဏာမဲ့သည်ရှိသော် သမုဒ္ဒရာ၏ အလယ်၌ လှေပျက်သောသူကဲ့သို့ တွေဝေသည် မဖြစ်လင့်။

ယောကျ်ားသည် မိမိပြုလုပ်သော အမှု၏အကျိုးကို ရသည်ရှိသော် ထိုအမှုတို့ကို မိမိကိုယ်၌ မြင်ရ၏။ ကောင်းမှုကို ပြုလုပ်သူသည် ကောင်းကျိုးကိုရ၏၊ မကောင်းမှုကို ပြုလုပ်သူသည် မကောင်းကျိုးကို ရ၏၊ မိမိစိုက်ပျိုးသော မျိုးစေ့နှင့်တူသော အသီးကို သီး၏။

ထိုဗြဟ္မဒတ်မင်းသားသည် ဆရာကိုရှိခိုး၍ ဗာရာဏသီပြည်သို့ သွား၍ အဖအား အတတ်ကို ပြ၍ အိမ်ရှေ့မင်းသားအဖြစ်၌ တည်၍ အဘ သေလွန်လတ်သော် မင်းအဖြစ်သို့ ရောက်၏။ ထိုမင်းအား ပိင်္ဂလမည်သော ပုရောဟိတ်သည် ရှိ၏၊ ကြမ်းကြုတ်ရုန့်ရင်းသော နိုင်ထက်ကလူမှုတတ်သော ထိုပိင်္ဂလပုရောဟိတ်သည် စည်းစိမ်၌ တပ်မက်သဖြင့် ငါသည် ဤဗြဟ္မဒတ်မင်းကို အလုံးစုံသော ဇမ္ဗူဒိပ်၌ အလုံးစုံသော မင်းတို့ကို ဖမ်း၍ ယူစေရမှုကား ကောင်း၏၊ ဤသို့ ဖမ်းယူသည်ရှိသော် ဤဗြဟ္မဒတ်မင်းသည် ဧကရာဇ် ဖြစ်လတ္တံ့၊ ငါသည်လည်း မြတ်သော ပုရောဟိတ် ဖြစ်လတ္တံ့ဟု ကြံ၏၊ ကြံပြီး၍ ပုရောဟိတ်သည် ဗြဟ္မဒတ်မင်းကိုလိုက်နာစေ၍ ဗြဟ္မဒတ်မင်းသည် များစွာသောစစ်သည်တို့ဖြင့်မြို့မှထွက်၍ တစ်ယောက်သောမင်း၏ မြို့ကိုဝန်းရံ၍ ထိုမင်းကိုဖမ်း၏၊ ဤနည်းဖြင့် အလုံးစုံသော ဇမ္ဗူဒိပ်၌ ပြည်ကိုယူ၍ မင်းတစ်ထောင် ခြံရံလျက် တက္ကသိုလ်ပြည်၌ မင်းအဖြစ်ကို ယူအံ့ဟု သွား၍ ဘုရားလောင်းသည် မြို့ကိုပြုပြင်၍ သူတစ်ပါးတို့ မဖျက်ဆီးနိုင်သည်ကို ပြု၍ထား၏။

ဗာရာဏသီမင်းသည် ဂင်္ဂါမြစ်နားဝယ် ကြီးစွာသော ပညောင်ပင်၏ အရင်း၌ တင်းတိမ်ကာရံ၍ အထက်၌ ဗိတာန်ကိုကြက်စေ၍ အိပ်ရာကိုခင်းစေ၍ နေ၏၊ ထိုဗာရာဏသီမင်းသည် ဇမ္ဗူဒိပ်အပြင်၌ မင်းတစ်ထောင်တို့ကိုယူ၍ စစ်ထိုးငြားသော်လည်း တက္ကသိုလ်ပြည်ကို ယူအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ပုရောဟိတ်ကို ဆရာ ငါတို့သည် ဤမျှကုန်သော မင်းတို့နှင့်တကွလာ၍လည်း တက္ကသိုလ်ပြည်ကို ယူအံ့သောငှါ မတတ်နိုင်ကုန်၊ အဘယ်သို့ ပြုအပ်သနည်းဟု မေး၏၊ မြတ်သောမင်းကြီး မင်းတစ်ထောင်တို့၏ မျက်စိကိုထုတ်၍ သတ်၍ ဝမ်းကိုခွဲ၍ ကောင်းမြတ်သော အသားကို ယူ၍ ဤပညောင်ပင်စောင့်နတ်အား ပူဇော်ခြင်းကိုပြု၍ အူတို့ဖြင့် ပညောင်ပင်ကိုရစ်၍ သွေး လက်ငါးချောင်းရာပေးခြင်းတို့ကို ပြုကြကုန်အံ့၊ ဤသို့ ပြုသည်ရှိသော် အကျွန်ုပ်တို့အား လျင်မြန်စွာလျင် အောင်ခြင်းသည် ဖြစ်လတ္တံ့ဟု ပုရောဟိတ်သည် လျှောက်၏၊ မင်းသည် ကောင်းပြီဟုဝန်ခံ၍ တင်းတိမ်တွင်း၌ အားကြီးကုန်သော လက်ပန်းသည်တို့ကို ထား၍ တစ်ယောက် တစ်ယောက်သော မင်းကို ခေါ်စေ၍ နှိမ်စေသဖြင့်လျင် မိန်းမောအောင်ပြုစေ၍ မျက်စိတို့ကိုထုတ်၍ အသားကိုယူ၍ ကိုယ်ကိုဂင်္ဂါမြစ်၌

မျှော်၍ ဆိုအပ်ပြီးသော အပြားရှိသော နတ်ပူဇော်ခြင်းကိုပြု၍ စစ်ထိုးစည်ကို တီးစေ၍ စစ်ထိုးအံ့သောငှါ သွား၏။

ထိုအခါ ပြဒအိုးတွင်းမှ တစ်ယောက်သော ဘီလူးသည် လာလတ်၍ ဗာရာဏသီမင်း၏ လက်ယာမျက်စိကို ထုတ်၍သွား၏၊ ထိုအခါ ဗာရာဏသီမင်းအား ကြီးစွာသော ဝေဒနာသည်ဖြစ်၏၊ ထိုမင်းသည် ဝေဒနာသို့ရောက်လတ်သော် လာလတ်၍ ပညောင်ပင်ရင်းဝယ် ခင်းအပ်သောနေရာ၌ ပက်လက်အိပ်၏၊ တစ်ကောင်သော လင်းတသည် ထက်စွာသော အစွန်းရှိသော တစ်ခုသော အရိုးကို ယူ၍ထိုပညောင်ပင်ဖျားခွ၌နားလျက် အသားကိုစား၍အရိုးကိုစွန့်ပစ်၏၊ အရိုးစွန်းသည် လာလတ်၍ မင်း၏လက်ဝဲမျက်စိ၌ သံတံကျင်တို့ဖြင့် ထိုးဘိသကဲ့သို့ ကျ၍ မျက်စိပေါက်၏၊ ထိုခဏ၌ ဘုရားလောင်း၏ စကားကိုမှတ်မိ၏၊ ထိုမင်းသည် ဤသတ္တဝါတို့သည်ကား မျိုးစေ့အားလျော်စွာ အသီးဖြစ်သကဲ့သို့ ကံအားလျော်သော အကျိုးကို ခံစားရကုန်၏ဟု ဆိုသော ငါတို့ဆရာသည် ဤကိုမြင်၍ ဆိုယောင်တကားဟု ဆို၍ ဤဂါထာတို့ကို ဆို၏—

၁၆။ ဣဒံ တဒါစရိယဝစော၊ ပါရာသရိယော ယဒဗြဝိ။
မာ သု တွံ အကရိ ပါပံ၊ ယံ တွံ ပစ္ဆာ ကတံ တပေ။

၁၇။ အယမေဝ သော ပိင်္ဂိယ ဝေနသာခေါ၊
ယမှိ ဃာတယိံ ခတ္တိယာနံ သဟဿံ၊
အလင်္ကတေ စန္ဒနသာရာ နုလိတ္တေ၊
တမေဝ ဒုက္ခံ ပစ္စာဂတံ မမံ။

ဗြဟ္မဒတ် သင်သည် နောက်၌ ပူပန်စေတတ်သော မကောင်းမှုမျိုးကို မပြုလေလင့် ဟူသော ဤစကားသည် ဆရာ့စကားတည်း၊ ဤစကားကို ဆရာ စဉ်ဆက် ရှေးထုံးစဉ်လာကို မှတ်မိသော ငါတို့ဆရာသည် ငါ့ကို ဆိုဖူးပြီ။

မင်းတစ်ထောင်ကို သတ်ခဲ့ဖူးရာဖြစ်သော တန်ဆာဆင်အပ်ကုန်သော စန္ဒကူးနှစ်တို့ဖြင့် လိမ်းကျံကုန်သော မင်းတို့ကို သတ်ခဲ့ဖူးရာဖြစ်သော ဤပြန့်သော အခက်ရှိသော ပညောင်ပင်ရင်းသည်ပင်လျှင် မိမိပြုလုပ်ခဲ့သော ဆင်းရဲမျိုးနှင့်တူသော ဆင်းရဲဒုက္ခသည် ငါ့သို့ တစ်ဖန် ပြန်၍လာပြန်ပြီ။

ထိုမင်းသည် ဤသို့ ငိုကြွေးလျက် မိဖုရားကြီးကို အောက်မေ့၍ ဤဂါထာကို ဆို၏—

၁၈။ သာမာ စ ခေါ စန္ဒနလိတ္တဂတ္တာ၊
လဋ္ဌီဝ သောဘဉ္ဇနကဿ ဥဂ္ဂတာ။
အဒိသွာ ကာလံ ကရိဿာမိ ဥဗ္ဗရိံ၊
တံ မေ ဣတော ဒုက္ခတရံ ဘဝိဿတိ။

ငါ၏မိဖုရားသည် ရွှေဒေဝအဆင်းရှိသလျှင်ကတည်း။ စန္ဒကူးလိမ်းကျံသော ကိုယ်ရှိ၏။ ဒန်သလွန်ပင်၏ အထက်သို့ တက်သော ညင်းညင်းသော လေသည် ခတ်သည် ဖြစ်၍ တုန်လှုပ်သော အခက်ကဲ့သို့ တင့်တယ်၏။ ငါသည် ထိုမိဖုရားကို မမြင်မူ၍ သေအံ့။ ထိုမိဖုရားကို မမြင်ရခြင်းသည် ငါ့အား ဤသေခြင်းထက် အလွန်ဆင်းရဲသည် ဖြစ်လတ္တံ့။

ထိုမင်းသည် ဤသို့ မြည်တမ်းစဉ်လျှင် သေ၍ ငရဲ၌ ဖြစ်၏၊ အစိုးရခြင်း၌ မက်မောသော ပုရောဟိတ်သည် ထိုမင်းကို ကွယ်ကာအံ့သောငှါ မတတ်နိုင်၊ မိမိအစိုးရသော အဖြစ်သည် မိမိကို ကွယ်ကာအံ့သောငှါ မတတ်နိုင်၊ ထိုမင်းသည် သေလတ်သော်လျှင် မိုလ်ပါအပေါင်းသည် ကဲ့ပြို၍ ပြေးကြ၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ ယခုအခါ ဗောဓိမင်းသားသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ပိင်္ဂလ ပုရောဟိတ် ဖြစ်ဖူးပြီ၊ ယခုအခါငါဘုရားသည်လျှင် ထိုအခါ ဒိသာပါမောက္ခဆရာကြီး ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ရက်စက်သူ၏ နောင်တ)

သုံးရာငါးဆယ့်သုံးခုမြောက်သော ဝေနသာခဇာတ်သည် ပြီး၏။

---

## ၃၅၄-ဥရဂဇာတ်

### သေသူကိုတ၍ မငိုကြသူ ငါးဦး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဥရဂေါ တစ ဤဂါထာ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဥရဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သားသေသော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုသည်ကား မယားသေသောသူ၏ဝတ္ထု၊ အဘသေသောသူ၏ဝတ္ထုနှင့် တူသလျှင်ကတည်း)။ ဤဥရဂဇာတ်၌လည်း သဗ္ဗညုမြတ်စွာဘုရားသည် ရှေးအတူသာလျှင် ထိုသားသေသော သူကြွယ်၏အိမ်သို့ ကြွတော်မူ၍ လာ၍ ရှိခိုးလျက်နေသော ထိုသူကြွယ်ကို ဒါယကာ သင်သည် စိုးရိမ်သလောဟု မေးတော်မူ၍ ဘုန်းတော်

ကြီးသော အရှင်ဘုရား အမိန့်တော်အတိုင်း မှန်ပေ၏၊ သားသေသောကာလမှ
စ၍ အကျွန်ုပ်စိုးရိမ်၏ဟု လျှောက်သည်ရှိသော် ဒါယကာ ကွဲပြိုတတ်သော
သဘောရှိသော ဝတ္ထုမည်သည်ကား ကွဲပြိုသည်သာလျှင် ဖြစ်၏၊ ပျက်စီးတတ်
သော သဘောရှိသော ဝတ္ထုမည်သည်ကား ပျက်စီးတတ်သည် သာလျှင် ဖြစ်၏၊
ထိုသို့ ပျက်စီးခြင်းသည်လည်း တစ်အိမ်တည်း၌သာလျှင် ဖြစ်သည်မဟုတ် စင်စစ်
သဖြင့်ကား အတိုင်းအရှည် မရှိကုန်သော စကြဝဠာတို့ဝယ် ဘုံသုံးပါးတို့၌
မသေတတ်သော သဘောရှိသောသူ မည်သည် မရှိ၊ ထိုသဘောဖြင့်လျှင် တည်
ခြင်းငှါ စွမ်းနိုင်သော တစ်ခုသော သင်္ခါရသည်လည်း မရှိ၊ ခပ်သိမ်းသော
သတ္တဝါတို့သည် သေခြင်းသဘောရှိကုန်၏၊ ရှေးပညာရှိတို့သည်လည်း သား
သေသည်ရှိသော် သေတတ်သော သဘောရှိသော ဝတ္ထုသည် သေမြဲသာလျှင်
ဖြစ်၏၊ ပျက်စီးတတ်သော သဘောရှိသော ဝတ္ထုသည် ပျက်စီးမြဲသာလျှင်
ဖြစ်၏ဟု မစိုးရိမ်ကုန်ဟု မိန့်တော်မူ၍ ထို သူကြွယ်သည် တောင်းပန်အပ်သည်
ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်
ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်၏ တံခါးရွာဝယ် ပုဏ္ဏားမျိုး၌
ဖြစ်၍ ဥစ္စာကိုဖြစ်စေ၍ လယ်လုပ်သောအမှုဖြင့်အသက်မွေး၏၊ ဘုရားလောင်း
အား သားတစ်ယောက်၊ သမီးတစ်ယောက် ဤနှစ်ယောက်သော သူငယ်တို့
သည် ဖြစ်ကုန်၏။ ထိုဘုရားလောင်းသည် အရွယ်ရောက်သော သားအား
တူသော အမျိုးမှ သူငယ်မကို ဆောင်၍ပေး၏၊ ဤသို့ ဘုရားလောင်းတစ်
ယောက်၊ မယားတစ်ယောက်၊ သားတစ်ယောက်၊ သမီးတစ်ယောက်၊ ချွေးမ
တစ်ယောက်၊ ကျွန်မတစ်ယောက် အားဖြင့် ထိုသူတို့သည် ခြောက်ယောက် ဖြစ်
ကုန်၏၊ ထို ခြောက်ယောက်သော သူတို့သည် အညီအညွတ် ဝမ်းမြောက်
ဝမ်းသာ ချစ်စွာသော နေခြင်းဖြင့် နေကုန်၏။

ဘုရားလောင်းသည် ငါးယောက်ကုန်သော သူတို့အား သင်တို့သည် အကြင်
အကြင်ရအပ်သော အမှတ်ဖြင့်လျှင် အလှူကိုပေးကုန်လော့၊ သီလကိုစောင့်
ရှောက်ကုန်လော့၊ ဥပုသ်သုံးသော အမှုကို ပြုကြကုန်လော့၊ သေခြင်း၌
အောက်မေ့ခြင်းကို ပြုကြကုန်လော့၊ သင်တို့၏ သေရအံ့သော အဖြစ်ကို မှတ်
ကြကုန်လော့၊ ဤသတ္တဝါအပေါင်းတို့အား သေရခြင်းသည်မြဲ၏၊ အသက်
ရှည်ခြင်းသည်မမြဲ၊ ခပ်သိမ်းသောသင်္ခါရတို့သည် အနိစ္စ ဖြစ်ကုန်၏၊ ကုန်ခြင်း
ပျက်ခြင်းသဘော ရှိကုန်၏၊ ညဉ့်၌လည်းကောင်း နေ့၌လည်းကောင်း မမေ့
မလျော့ဖြစ်ကုန်လော့ဟု အဆုံးအမကို ပေး၏၊ ထို ငါးယောက်သော သူတို့သည်

ကောင်းပြီဟု အဆုံးအမကို ဝန်ခံ၍မမေ့မလျော့ ဖြစ်ကြကုန်လျက် မရဏာဿတိကို ပွားစေကုန်၏။

ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် သားနှင့်တကွ လယ်သို့သွား၍ ထွန်၏၊ ဘုရားလောင်း၏သားသည် အမှိုက်ကိုစု၍ မီးတိုက်၏၊ ထိုအမှိုက်စု၏ အနီး တစ်ခုသောတောင်ပို့၌ လျှင်သော အဆိပ်ရှိသော မြွေသည် နေ၏၊ မီးခိုးသည် ထိုမြွေ၏ မျက်စိကိုခတ်၍ ထိုမြွေသည် ဤသူကိုမှီ၍ ငါ့အားဘေးဖြစ်၏ဟု အမျက်ထွက်ရကား တောင်ပို့မှထွက်၍ အစွယ်လေးချောင်းတို့ကို လွှတ်၍ ထိုယောကျ်ားကို ကိုက်၏၊ ထိုယောကျ်ားသည် ပြန်၍လဲ၏၊ ဘုရားလောင်းသည် ပြန်၍လဲသော သားကို မြင်၍ နွားတို့ကို ထား၍ လာသည် ရှိသော် သား၏ သေသောအဖြစ်ကို သိ၍ ချီ၍ တစ်ခုသောသစ်ပင်ရင်း၌ အိပ်စေ၍ မျက်ရည်မယို မငို၊ ပျက်စီးတတ်သော သဘောရှိသော ဝတ္ထုသည်ကား ပျက်စီး၏၊ သေတတ်သော သဘောရှိသော ဝတ္ထုသည်ကား သေ၏၊ ခပ်သိမ်းသော သင်္ခါရတို့သည် အနိစ္စ ဖြစ်ကုန်၏၊သေခြင်းလျှင် အပြီးရှိကုန်၏ဟု အနိစ္စအဖြစ်ကို သာလျှင် မှတ်၍ လယ်ထွန်၏။

ထိုဘုရားလောင်းသည် လယ်၏ အနီးဖြင့် သွားသော တစ်ယောက်သော အိမ်နီးချင်း ယောကျ်ားကိုမြင်၍ အမောင် သင်သည် အိမ်သို့ သွားအံ့လောဟု မေး၍ သွားအံ့ဟု ဆိုသည်ရှိသော် ထိုသို့တပြီးကား ငါတို့အိမ်သို့လည်း သွား၍ ပုဏ္ဏေးမကို ယနေ့ ရှေး၌ကဲ့သို့ နှစ်ယောက်စာ ထမင်းကို မဆောင်ခဲ့မူ၍ တစ်ယောက်စာ ထမင်းကိုသာလျှင် ဆောင်ခဲ့ကုန်လော့၊ရှေးကဲ့သို့ ကျွန်မ တစ်ယောက်တည်းသာလျှင် အာဟာရကိုယူ၍ မလာမူ၍ ယနေ့ လေးယောက်သော သူတို့သည်လည်း စင်ကြယ်သော အဝတ်တို့ကို ဝတ်ကုန်၍ နံ့သာ လက်စွဲကုန်၍ လာကုန်လော့ဟု ပြောဆိုပါလေဟူ၍ ဆို၏၊ ထိုအိမ်နီးချင်း ယောကျ်ားလည်း ကောင်းပြီဟု သွား၍ ပုဏ္ဏေးမအား ဘုရားလောင်းမှာတိုင်း သာလျှင် သွား၍ ပြောဆို၏၊ အမောင် အဘယ်သူသည် သင့်အား ဤသတင်းစကားကို မှာလိုက်သနည်းဟု ပုဏ္ဏေးမသည် မေး၏၊ မယ်မင်း ပုဏ္ဏားသည် မှာလိုက်၏ဟု ဆိုသည်ရှိသော် ပုဏ္ဏေးမသည် ငါ့သား သေပြီဟု သိ၏၊ ပုဏ္ဏေးမအား တုန်လှုပ်ခြင်းမျှသည်လည်း မဖြစ်၊ ဤသို့ ကောင်းစွာ ပွားစေအပ်သော စိတ်ရှိသော စင်ကြယ်သော အဝတ်ကို ဝတ်သော နံ့သာလက်စွဲသော ပုဏ္ဏေးမသည် ကျွန်မကို အာဟာရကို ယူခဲ့စေ၍ ကြွင်းသော သူနှင့်တကွ လယ်သို့သွား၏၊ တစ်ယောက်သောသူအားလည်း မျက်ရည်ယိုခြင်းမည်သည် မဖြစ်၊ ဘုရားလောင်းသည် သားကို အိပ်စေသော အရိပ်၌လျှင် ထိုင်၍စား၏၊ စားပြီးသော် ခပ်သိမ်းသောသူတို့သည်လည်း ထင်းတို့ကို ယူဆောင်ကုန်၍ သေသောသူကို ထင်းပုံသို့

တင်၍ နို့သာပန်းတို့ဖြင့် ပူဇော်၍ မီးသင်္ဂြိုဟ်ကုန်၏၊ တစ်ယောက်သောသူအား လည်း တစ်စက်သော မျက်ရည်ပေါက်မျှလည်း မကျ၊ ငယ်သိမ်းသောသူတို့သည် ကောင်းစွာပွားစေအပ်သော မရဏဿတိသာ ရှိကုန်၏။

ထိုသူတို့၏ သီလတန်ခိုးအားဖြင့် သိကြားမင်း၏နေရာသည် ပူသောအခြင်း အရာကို ပြ၏၊ သိကြားမင်းသည် ငါ့ကို အဘယ်သူသည် လျှင် နေရာမှရွေ့စေလို သနည်းဟု ဆင်ခြင်လတ်သော် ထိုသူတို့၏ ကျေးဇူး တန်ခိုးအားဖြင့် ပူသော အခြင်းအရာကိုပြ၏ဟု သိ၍ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ငါသည်ထိုသူတို့၏ အထံသို့သွား၍ ခြင်္သေ့သံနှင့်တူသော အသံကို ဆိုစေ၍ ခြင်္သေ့သံနှင့် တူသော အသံကို ဆိုသည်၏ အဆုံး၌ ထိုသူတို့၏အိမ်ဝယ် ရတနာခုနစ်ပါးဖြင့် ပြည့်သည် ကိုပြု၍လာခြင်းငှါ သင့်၏ဟု လျင်မြန်သဖြင့် ထိုသူတို့၏အထံသို့ သွား၍ သုသာန်အနား၌ရပ်၍ အမောင်တို့သည် အဘယ်အမှုကို ပြုကုန်သနည်းဟု ဆို၏၊ တစ်ယောက်သောသူကို သင်္ဂြိုဟ်ကုန်၏ဟု ဆိုသည်ရှိသော် သင်တို့သည် လူကိုမသင်္ဂြိုဟ်ကုန်၊ တစ်ကောင်သော သမင်ကိုသတ်၍ မီးဖုတ်ကုန်ယောင် တကားဟု ဆို၏။

အရှင် သမင်ဖုတ်သော အမှုမဟုတ်၊ လူကိုလျှင် ငါတို့ သင်္ဂြိုဟ်ကုန်၏ဟု ဆိုသည်ရှိသော် ထိုသို့တပြီးကား သင်တို့၏ ရန်သူဖြစ်လတ္တံ့ဟု ဆို၏၊ ထိုအခါ ဘုရားလောင်းသည် အရှင် ရင်၌ဖြစ်သော သားတည်း၊ ရန်သူမဟုတ်ဟု ဆို၏၊ ထိုသို့တပြီးကား သင်တို့သည် မချစ်သောသား ဖြစ်လတ္တံ့ဟု သိကြားမင်းသည် ဆိုလေ၏၊ အရှင် အလွန်လျှင် ချစ်သောသားတည်းဟု ဘုရားလောင်းသည် ဆို၏၊ ထိုသို့ အလွန်ချစ်သောသားဖြစ်လျက် အဘယ့်ကြောင့် မငိုသနည်းဟု သိကြားမင်း ဆိုသည်ရှိသော် မငိုခြင်း၏ ဒေါကြောင်းကို ဆိုလိုသော ဘုရား လောင်းသည် ဤဂါထာတို့ကိုဆို၏။

၁၉။ ဥရဂေါဝ တစံ ဇိဏ္ဏံ၊ ဟိတွာ ဂစ္ဆတိ သံ တနုံ။
ဧဝံ သရီရေ နိဗ္ဘောဂေ၊ ပေတေ ကာလကတေ သတိ။

၂၀။ ဍယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

အရှင် မြွေသည် အရေဟောင်းကို စွန့်၍ သွားသကဲ့သို့ ထို့အတူ ငါ့သား သည် မိမိကိုယ်ကို စွန့်၍ သွား၏။ ဤသို့ ကိုယ်သည် ခံစားခြင်း မရှိသည် တမလွန်ဘဝသို့လားသည် သေလွန်သည် ရှိသော် မီးသင်္ဂြိုဟ်အပ်သောသားသည် အဆွေအမျိုးတို့၏ ငိုကြွေးခြင်းကို မသိ။ ထိုသား၏ လားရာဂတိအတိုင်း သွားရမည် ဖြစ်သောကြောင့် ငါသည် ထိုသားကို မစိုးရိမ်။

သိကြားမင်းသည် ဘုရားလောင်း၏စကားကိုကြား၍ ပုဏ္ဏေးမကို မိခင်သေသောသူသည် သင်နှင့် အဘယ်သို့ တော်သနည်းဟု မေး၏၊ အရှင်ဆယ်လပတ်လုံး ဝမ်းဖြင့်လွယ်၍ နို့တိုက်၍ လက်ခြေတို့ကို ကောင်းစွာပြုပြင်၍ ကြီးစေသော သားတည်းဟု ပုဏ္ဏေးမ ဆို၏၊ မိခင် အဖသည်ကား ယောကျ်ားဖြစ်သောကြောင့် မငိုသည် ဖြစ်စေ၊ အမိ နှလုံးသည်ကား နူးညံ့၏၊ သင်သည် အဘယ်ကြောင့် မငိုသနည်းဟု မေးသည်ရှိသော် မငိုခြင်း၏ အကြောင်းကို ဆိုလိုသော ပုဏ္ဏေးမသည် ဤဂါထာတို့ကို ဆို၏၊

၂၁။ အနဝှိတော တတော အာဂါ၊ အနနုညာတော ဣတော ဂတော။
ယထာ ဂတော တထာ ဂတော၊ တတ္ထ ကာ ပရိဒေဝနာ။

၂၂။ ဍယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

အရှင် ငါ၏သားသည်မခေါ်ဘဲထိုဘဝတစ်ပါးမှ ငါတို့၏ အိမ်သို့ လာ၏၊ ခွင့်မလွှတ်ဘဲ ဤလူ့ပြည်မှဘဝတစ်ပါးသို့ သွား၏၊ အလိုအလျောက်လာသကဲ့သို့ ထိုအတူ အလိုအလျောက်သွား၏။ ထိုအလိုအလျောက် ဘဝတစ်ပါးလားရာ၌ ငိုကြွေးခြင်းသည်ကား အဘယ်အကျိုးရှိအံ့နည်း။

မီးဖုတ်အပ်သော သားသည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိ။ ထို့ကြောင့် ထိုသားကို မစိုးရိမ်၊ ထိုသား၏ သွားရာဂတိအတိုင်း လားရာ၏။

သိကြားမင်းသည် ပုဏ္ဏေးမ၏ စကားကို ကြား၍ သေသောသူ၏နှမကို မိခင် သေသောသူသည် သင်နှင့်အဘယ်သို့ တော်သနည်းဟု မေး၏၊ အရှင် သေသောသူသည် အကျွန်ုပ်မောင်တည်းဟု ဆို၏၊ မိခင် နှမတို့သည်ကား မောင်တို့၌ ချစ်တတ်ကုန်၏၊ သင်သည် အဘယ်ကြောင့် မငိုသနည်းဟု သိကြားမင်းသည် မေး၏၊ သေသောသူ၏ နှမသည် မငိုခြင်း၏ အကြောင်းကို ဆိုလိုရကား ဤဂါထာတို့ကို ဆို၏—

၂၃။ သစေ ရောဒေ ကိသာ အဿံ၊ တဿာ မေ ကိံ ဖလံ သိယာ။
ဉာတိမိတ္တသုဟဇ္ဇာနံ၊ ဘိယျော နော အရတီ သိယာ။

၂၄။ ဍယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

အရှင် အကယ်၍ ငိုကြွေးအံ့ ကြုံလိုသည်သာ ဖြစ်ရာ၏၊ အကျွန်ုပ်အား အဘယ်အကျိုးရှိအံ့နည်း၊ အကျွန်ုပ်တို့၏ ဆွေမျိုးခင်ပွန်း ချစ်ကျွမ်းဝင်ကုန်သော သူတို့အား စိတ်မချမ်းသာမှုသာ ဖြစ်ရာ၏။

မီးရှို့အပ်သောမောင်သည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိနိုင်တော့သောကြောင့် ထိုသေသောမောင်အတွက် ငါသည် မစိုးရိမ်၊ ထိုမောင်သည် သွားလမ်းသို့သွားလေ၏။

သိကြားမင်းသည် နှမစကားကိုကြား၍ မယားကို မိခင် ထိုသေသောသူသည် သင်နှင့် အဘယ်သို့ တော်သနည်းဟု မေး၏၊ အရှင် အကျွန်ုပ်၏လင်တည်းဟုဆို၏၊ မိခင် မိန်းမတို့သည်ကား လင်သေလတ်သော် ကိုးကွယ်ရာမရှိကုန်၊ မုဆိုးမ ဖြစ်ကုန်၏၊ သင်သည် အဘယ်ကြောင့် မငိုသနည်းဟု သိကြားမင်းသည် မေး၏၊ ထိုမယားသည်လည်း သိကြားမင်းအား မငိုခြင်း၏ အကြောင်းကို ဆိုလိုရကား ဤဂါထာတို့ကို ဆို၏—

၂၅။ ယထာပိ ဒါရကော စန္ဒံ၊ ဂစ္ဆန္တံ မနုရောဒတိ။
ဧဝံ သမ္ပဒမေဝေတံ၊ ယော ပေတမနုသောစတိ။

၂၆။ ဍယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

အရှင် သေသောသူအတွက် စိုးရိမ်နေခြင်းသည် ကလေးသူငယ်သည် သွားနေသော လပြည့်ဝန်းကိုမြင်၍ လမင်းကိုပေးလော့ ပေးလော့ဟု ငိုသကဲ့သို့ ဤအတူသာလျှင် ဖြစ်၏။

မီးရှို့အပ်သောလင်သည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိလေတော့သောကြောင့် ထိုလင်ကို ငါသည် မစိုးရိမ်၊ ထိုလင်သည် သွားလမ်းသို့သွားလေ၏။

သိကြားမင်းသည် မယား၏စကားကို ကြား၍ ကျွန်မကို မိခင် ထိုသေသောသူသည် သင်နှင့် အဘယ်သို့ တော်သနည်းဟု မေး၏၊ သခင် ထိုသေသောသူသည် အကျွန်ုပ်၏ အရှင်တည်းဟု ဆို၏၊ ဤသေသောသူသည် သင့်ကို နှိပ်စက်ရိုက်ပုတ်၍ ညှဉ်းဆဲအပ်သည် ဖြစ်လတ္တံ့၊ ထိုသေသောသူမှ ငါသည် ကောင်းစွာလွတ်ပြီဟု သင်မငိုသည် မဟုတ်လောဟု သိကြားမင်းသည် ဆို၏၊ သခင် ဤသို့ မဆိုလင့်၊ သခင့်စကားသည် သေသောသူအား မလျောက်ပတ်၊ အကျွန်ုပ်အရှင့်သားသည် ခန္တီ မေတ္တာ ကရုဏာနှင့် ပြည့်စုံ၏၊ ရင်၌ကြီးသော သားကဲ့သို့ ဖြစ်၏ဟု ဆို၏၊ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် သင်မငိုသနည်းဟု

သိကြားမင်းသည် မေး၏၊ ထိုကျွန်မသည်လည်း မငိုခြင်း၏ အကြောင်းကို ဆိုလိုရကား ဤဂါထာတို့ကို ဆို၏—

၂၇ ယထာ ပိ ဥဒကကုမ္ဘော၊ ဘိန္နော အပ္ပဋိသန္ဓိယော။
ဧဝံ သမ္ပဒမေဝေတံ၊ ယော ပေတမနုသောစတိ။

၂၈ ဍယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

အရှင် သေသောသူအတွက် စိုးရိမ်နေခြင်းသည် ကွဲသော ရေအိုးသည် တဖန် ပြန်မဆက်သကဲ့သို့ သေသူသည် ပြန်မရှင်နိုင်ရကား စိုးရိမ်နေသဖြင့် အကျိုးမရှိချေ။

မီးရှို့အပ်သော အရှင့်သားသည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိလေတော့သောကြောင့် အရှင့်သားအတွက် ငါသည် မစိုးရိမ်ချေ၊ အရှင်သားသည် သွားလမ်းသို့ သွားလေ၏။

သိကြားမင်းသည် ထိုအလုံးစုံသော သူတို့၏ တရားစကားကို ကြား၍ ကြည်ညိုခြင်း ရှိသောကြောင့် သင်တို့သည် မမေ့မလျော့ မရဏဿတိကို ပွားစေကုန်လော၊ သင်တို့သည် ယနေ့မှစ၍ မိမိလက်ဖြင့် အမှုကို မပြုကုန်လင့်၊ သိကြား နတ်မင်းဖြစ်သော ငါသည် သင်တို့အိမ်၌ ရတနာ ခုနစ်ပါးတို့ကို အတိုင်းအရှည် မရှိသည်တို့ကို ပြုအံ့၊ သင်တို့သည် အလှူကို ပေးကုန်လော့, သီလကို စောင့်ကုန်လော့,ဥပုသ်သုံးသော အမှုကို ပြုကုန်လော့, မမေ့မလျော့ ဖြစ်ကုန်လော့ဟု ထိုသူတို့အား အဆုံးအမကို ပေး၍ အိမ်၌ အတိုင်းအရှည် မရှိသော ဥစ္စာဖြင့် ပြည့်သည်ကို ပြု၍ သွား၏။

ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏၊ အဘယ်သို့ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ခုဇ္ဇုတ္တရာသည် ထိုအခါ ကျွန်မ ဖြစ်ဖူးပြီ၊ ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ သမီး ဖြစ်ဖူးပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ သားဖြစ်ဖူးပြီ၊ ယခုအခါ ခေမာသည် ထိုအခါ အမိ ပုဏ္ဏေးမ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပုဏ္ဏားဖြစ်ဖူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(သေခြင်းတရား၊ မပြတ်ပွား၊ စိတ်ထားခိုင်တည်မှာ)

သုံးရာငါးဆယ့်လေးခုမြောက်သော ဥရဂဇာတ်သည် ပြီး၏။

---

## ၃၅၅-ဃဋဇာတ်

### ရန်သူဝမ်းသားအောင် ငိုမပြုရ

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အညေ သောစန္တိ ရောဒန္တိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဃဋဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်း၏ တစ်ယောက်သော အမတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

(ဝတ္ထုကား အောက်၌ဆိုအပ်ပြီးသော ဝတ္ထုနှင့် တူသလျှင်ကတည်း။)

ဤဃဋဇာတ်၌ကား ကောသလမင်းသည် မိမိအား ကျေးဇူးပြုသော အမတ်အား များစွာသော စည်းစိမ်ကို ပေး၍ ရန်တိုက်တတ်ကုန်သော သူတို့၏ စကားကိုယူ၍ နှောင်ဖွဲ့စေ၍ နှောင်အိမ်၌ သွင်းစေ၏၊ ထိုအမတ်သည် နှောင်အိမ်၌ နေလျက်ပင် သောတာပတ္တိဖိုလ်ကို ဖြစ်စေ၏၊ ကောသလမင်းသည် ထိုအမတ်၏ ကျေးဇူးကို မှတ်မိ၍ လွှတ်စေ၏၊ ထိုအမတ်သည် နံ့သာပန်းကို ယူ၍ မြတ်စွာဘုရားအထံတော်သို့ သွား၍ ဘုရားကိုရှိခိုး၍ နေ၏၊ ထိုအခါ ထိုအမတ်ကို မြတ်စွာဘုရားသည် ဒါယကာ သင့်အား အကျိုးမဲ့ ဖြစ်သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျိုးမဲ့ဖြစ်၏၊ အကျိုးမဲ့ဖြင့်ကား အကျွန်ုပ်အား အကျိုးသည် ရောက်၏၊ သောတာပတ္တိ မဂ်ကို အကျွန်ုပ်သည် ဖြစ်စေ၏ဟု နားတော်လျှောက်သည်ရှိသော် ဒါယကာ သင်သည်သာလျှင် အကျိုးမဲ့ဖြင့် အကျိုးကို ဆောင်သည် မဟုတ်သေး၊ ရှေးပညာရှိတို့သည်လည်း အကျိုးမဲ့ဖြင့် အကျိုးကို ဆောင်ဖူးကုန်၏ဟု မိန့်တော်မူ၍ ထိုအမတ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၏၊ ဃဋသတို့သားဟူသော အမည်ကို မှည့်ကုန်၏၊ ထိုဃဋမင်းသားသည် နောက်အခါ၌ တက္ကသိုလ်ပြည်၌ သင်အပ်ပြီးသော အတတ်ရှိသည်ဖြစ်၍ တရားသဖြင့် မင်းပြု၏၊ ထိုဃဋမင်း၏ နန်းတွင်း၌ တစ်ယောက်သောအမတ်သည် ပြစ်မှား၏၊ ဃဋမင်းသည် ထိုအပြစ်ကို မျက်မှောက်အားဖြင့်သိ၍ ထိုအမတ်ကို တိုင်းပြည်မှ

နှင်ထုတ်စေ၏၊ ထိုအခါ သာဝတ္ထိပြည်၌ ဓင်္ကမည်သောမင်းသည် မင်းပြု၏၊ ထိုတိုင်းနိုင်ငံမှ နှင်ထုတ်သောအမတ်သည် ဓင်္ကမင်း၏ အထံသို့ သွား၍ ခစား၏၊ အောက်၌ ဆိုဖူးပြီးသော နည်းဖြင့် ထိုအမတ်သည် ဓင်္ကမင်းကို မိမိစကားကို ယူစေ၍ ဗာရာဏသီပြည်ကို ယူစေ၏၊ ထိုဓင်္ကမင်းသည်လည်း ပြည်ကိုယူ၍ ဘုရားလောင်းကို သံခြေကျဉ်းတို့ဖြင့် နှောင်ဖွဲ့စေ၍ နှောင်အိမ်သို့ သွင်းစေ၏၊ ဘုရားလောင်းသည် ဈာန်ကို ဖြစ်စေ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့် နေ၏၊ ဓင်္ကမင်း၏ ကိုယ်၌ ပူခြင်းသည်ဖြစ်၏၊ ဓင်္ကမင်းသည် သွား၍ ဘုရားလောင်း၏ ရွှေကြေးမုံနှင့်တူသော ပွင့်သောပဒုမ္မာကဲ့သို့ အသရေရှိသော မျက်နှာကို မြင်၍ ဘုရားလောင်းကို မေးလိုရကား ဤဂါထာကို ဆို၏—

၂၉။ အညေ သောစန္တိ ရောဒန္တိ၊ အညေ အဿုမုခါ ဇနာ။
ပသန္နမုခဝဏ္ဏောသိ၊ ကသ္မာ ဃဋ န သောစသိ။

ဃဋမင်း တစ်ပါးသော သူတို့သည် စိုးရိမ်ကုန်၏၊ ငိုကုန်၏၊ တစ်ပါးသော လူသည် မျက်ရည်စွတ်သော မျက်နှာရှိ၏၊ သင်သည် ကြည်သောမျက်နှာ အဆင်းရှိသည် ဖြစ်၏။ အဘယ်ကြောင့် မစိုးရိမ်သနည်း။

ထိုအခါ ဓင်္ကမင်းအား ဘုရားလောင်းသည် မစိုးရိမ်သောအကြောင်းကို ဆိုလိုရကား ဤဂါထာတို့ကို ဆို၏—

၃၀။ နာဗ္ဘတီတဟရော သောကော၊ နာနာဂတသုခါဝဟော။
တသ္မာ ဓင်္က န သောစာမိ၊ နတ္ထိ သောကေ ဒုတိယတာ။

၃၁။ သောစံ ပဏ္ဍု ကိသော ဟောတိ၊ ဘတ္တဉ္စဿ န ရုစ္စတိ။
အမိတ္တာ သုမနာ ဟောန္တိ၊ သလ္လဝိဒ္ဓဿ ရုပ္ပတော။

၃၂။ ဂါမေ ဝါ ယဒိ ဝါ’ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
ဌိတံ မံ နာဂမိဿတိ၊ ဧဝံ ဒိဋ္ဌပဒေါ အဟံ။

၃၃။ ယဿ’တ္တာ နာလမေကောဝ၊ သဗ္ဗကာမရသာဟရော။
သဗ္ဗာပိ ပထဝီ တဿ၊ န သုခံ အာဝဟိဿတိ။

ဓင်္ကမင်း စိုးရိမ်ခြင်းသည် ကုန်ဆုံးပြီးသော ချမ်းသာကိုလည်း ပြန်မရ၊ နောက်ထပ်အသစ် ချမ်းသာလည်း မဖြစ်ပေါ်နိုင်သောကြောင့် ငါသည် မစိုးရိမ်၊ ဈာန်ဟူသော အာနုဘော်ကြောင့် စိုးရိမ်ခြင်း မရှိ။

စိုးရိမ်သော သူသည် ကိုယ်ရေအဆင်း ဖျော့တော့၏, ကြုံလှီ၏၊ ထိုစိုးရိမ်သောသူသည် အစာမကြေနိုင်၊ စိုးရိမ်ခြင်းတည်းဟူသော ငြောင့်သည် စူးဝင်၍ ဖေါက်ပြန်သောသူအား ရန်သူတို့ ဝမ်းမြောက်ကုန်၏။

ရွာ၌လည်းကောင်း,ထိုမှတပါး တော၌လည်းကောင်း ချိုင့်ဝှမ်းရာ အရပ်၌လည်းကောင်း, ထိုမှတပါး ကြည်းကုန်း၌လည်းကောင်း ထိုစိုးရိမ်ခြင်း အရင်းရှိသော ပျက်စီးခြင်းသည် ငါ့ဆီသို့ မလာနိုင်၊ ငါသည် ဤသို့မြင်အပ်သော ဈာန်ရှိ၏။

မင်းအား အကျိုးစီးပွားကို ဆောင်ကုန်သော အဆွေခင်ပွန်းတို့တွင် အဆွေခင်ပွန်းတစ်ယောက်သည်လည်း ဈာန်ချမ်းသာဟု ဆိုအပ်သော အလုံးစုံလိုအပ်သော အရသာကို ဆောင်ခြင်းငှါ မစွမ်းနိုင်၊ မြေအားလုံးသည်လည်း ထိုမင်းအား ဈာန်ချမ်းသာကို မဆောင်ပေးနိုင်။

ဓာက်မင်းသည် ဤလေးဂါထာတို့ကို နာရ၍ ဘုရားလောင်းကို ကန်တော့၍ မင်းအဖြစ်ကို အပ်နှင်း၍ သွား၏၊ ဘုရားလောင်းသည်လည်း အမတ်တို့အား မင်းအဖြစ်ကို အပ်နှင်းခဲ့၍ ဟိမဝန္တာသို့သွား၍ ရသေ့ ရဟန်းပြု၍ မယုတ်သော ဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ဓာက်မင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဃဋမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မေတ္တာတရား၊ ပွားသူအား၊ ကင်းငြား ရန်ဘယာ)

သုံးရာငါးဆယ့်ငါးခုမြောက်သော ဃဋဇာတ်သည် ပြီး၏။

---

## ၃၅၆-ကောရဏ္ဍိယဇာတ်

### ကမ္ဘာ့မြေမျက်နှာပြင်ကို ညီအောင် မညှိနိုင်
### လူအား တစ်ပြေးညီ ဖြစ်အောင် မလုပ်နိုင်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဧကော အရညေ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကောရဏ္ဍိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်

မူစဉ် အရှင်သာရိပုတ္တရာမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ အရှင်သာရိပုတ္တရာမထေရ်သည် လာတိုင်းလာတိုင်းကုန်သော မုဆိုးတံငါ အစရှိကုန်သော ဒုဿီလတို့အား မြင်တိုင်းမြင်တိုင်းလျှင် သီလကို ယူကုန်လော့၊ သီလကို ယူကုန်လော့ဟုဆို၍ သီလကိုပေး၏၊ ထိုသူတို့သည် မထေရ်အား ခန့်ညားသည်၏အဖြစ်ကြောင့် စကားကို ဖျက်ဆီးအံ့သောငှါ မဝံ့၍ သီလကိုယူကုန်၏၊ ယူပြီး၍ သီလကို မစောင့်ရှောက်ကုန်၊ မိမိတို့၏ အမှုကိုသာလျှင် ပြုကုန်၏၊ မထေရ်သည် အတူနေတပည့်တို့ကိုခေါ်၍ ငါ့ရှင်တို့ ဤမည်သော လူတို့သည် ငါ့ထံ၌ သီလကို ယူကုန်၏၊ ယူပြီး၍ သီလကိုမစောင့်ရှောက်ကုန်ဟု ဆို၏၊ အရှင်ဘုရားအရှင်ဘုရားတို့သည် ထိုသူတို့အား အလိုမရှိဘဲလျက် သီလကိုပေးကုန်၏၊ ထိုလူတို့သည် အရှင်ဘုရားတို့၏စကားကို ဖျက်ဆီးအံ့သောငှါ မဝံ့၍ သီလကို ယူကုန်၏၊ အရှင်ဘုရားတို့သည် ယနေ့မှစ၍ ဤသို့သဘောရှိသော သူတို့အား သီလကို မပေးပါကုန်လင့်ဟု တပည့်တို့က လျှောက်ကုန်၏၊ မထေရ်သည် မနှစ်သက်သည်ဖြစ်၏။

ထိုအကြောင်းကိုကြား၍ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ အရှင်သာရိပုတ္တရာသည် မြင်တိုင်းမြင်တိုင်းသော လူတို့အားလျှင် သီလကိုပေး၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ သာရိပုတ္တရာသည် ယခုအခါ၌သာလျှင် မြင်တိုင်းမြင်တိုင်းသော အရပ်၌ မတောင်းကုန်သောသူတို့အား သီလကို ပေးသည်မဟုတ်သေး၊ ရှေး၌လည်း မြင်တိုင်းမြင်တိုင်းသော အရပ်တို့၌ မတောင်းကုန်သော သူတို့အား သီလကို ပေးဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားအမျိုး၌ဖြစ်၍ အမည်အားဖြင့် ကောရဏ္ဍိယမည်၏၊ ထိုကောရဏ္ဍိယသည် အရှယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာ၏ တပည့်ကြီးဖြစ်၏။

ထိုအခါ ဒိသာပါမောက္ခဆရာသည် မြင်တိုင်း မြင်တိုင်းသော အရပ်၌ မတောင်းကုန်သော လူတို့အား သီလကိုယူကုန်လော့၊ သီလကိုယူကုန်လော့ဟု သီလကိုပေး၏၊ ထိုသူတို့သည် ယူပြီး၍လည်း မစောင့်ရှောက်ကုန်၊ ဆရာသည် ထိုအကြောင်းကိုတပည့်တို့အား ကြားလေ၏၊ တပည့်တို့သည် ဆရာ ဆရာတို့သည်

ထိုသူတို့အား အလိုမရှိဘဲလျက် သီလကို ပေးကုန်၏၊ ထို့ကြောင့် ထိုသူတို့သည် ဖျက်ဆီးကုန်၏၊ ယနေ့မှစ၍ တောင်းကုန်သော သူတို့အားသာလျှင် သီလကို ပေးကုန်လော့၊ မတောင်းကုန်သောသူတို့အား မပေးပါကုန်လင့်ဟု ဆိုကုန်၏။ ဒိသာပါမောက္ခ ဆရာလည်း နှလုံးမသာယာခြင်းသည် ဖြစ်၏၊ ဤသို့ဖြစ်ငြား သော်လည်း မြင်တိုင်း မြင်တိုင်းသော အရပ်တို့၌ သီလကို ပေးသည်သာလျှင် ဖြစ်၏။

ထိုအခါ တစ်နေ့သ၌ လူတို့သည် လာလတ်ကုန်၍ ပုဏ္ဏားတို့အား မင်္ဂလာ ရွတ်စိမ့်သောငှါ ဆရာကို ပင့်ဖိတ်ကုန်၏၊ ဒိသာပါမောက္ခဆရာသည် ကောရဏ္ဍိယ လုလင်ကိုခေါ်၍ အမောင် မင်္ဂလာရွတ်ရာသို့ ငါမသွား၊ သင်သည် ပုဏ္ဏားလုလင် ငါးရာတို့ကိုခေါ်၍ မင်္ဂလာရွတ်ရာသို့ သွားလော့၊ မင်္ဂလာရွတ်ခြင်း၏ ပူဇော် သက္ကာရ အလှူဝတ်ကိုခံ၍ ငါတို့၏ အစုကို ဆောင်ခဲ့လော့ဟု ဆို၏၊ ကောရဏ္ဍိယ လုလင်သည် ကောင်းပြီဟုသွား၍ ပြန်လတ်သော် လမ်းအကြား၌ တစ်ခုသော ချောက်ကိုမြင်၍ ငါတို့ဆရာသည် မြင်တိုင်းမြင်တိုင်းသောအရပ်တို့၌ မတောင်း ကုန်သောသူတို့အား သီလကို ပေး၏၊ ယနေ့မှစ၍ တောင်းသောသူတို့အားသာ လျှင် သီလကို ပေးအောင် ငါပြုအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုကောရဏ္ဍိယ လုလင် သည် တစ်ပါးသောလုလင်တို့ ချမ်းသာစွာ နေကုန်စဉ် ထ၍ ကြီးစွာသော ကျောက်ကိုချီ၍ ချောက်ထဲသို့ အဖန်တလဲလဲလျှင် ချ၏။

ထိုအခါ ကောရဏ္ဍိယလုလင်ကို တစ်ပါးသော လုလင်တို့သည် ဆရာအဘယ့် ကြောင့် ဤသို့ပြုသနည်းဟု ဆို၏၊ ကောရဏ္ဍိယလုလင်သည် တစ်စုံတစ်ခုသော စကားတို့ကို မဆို၊ ထိုလုလင်တို့သည် လျင်မြန်စွာသွား၍ ဆရာအား ကြား ကုန်၏၊ ဆရာသည် လာလတ်၍ ကောရဏ္ဍိယလုလင်နှင့်တကွ စကားပြောလို ရကား ဤဂါထာကိုဆို၏—

၃၄။ ကော အရဉ္ဉေ ဂိရိ ဂဗ္ဘရာယံ၊ ပဂ္ဂယှ ပဂ္ဂယှ သိလံ ပဝေစ္ဆသိ။
ပုနပ္ပုနံ သန္တရ မာနရူပေါ၊ ကောရဏ္ဍိယ ကော နု တဝ ယိမတ္ထော။

ကောရဏ္ဍိယ သင်သည် တော၌ တစ်ယောက်တည်းထီး အဖန်တလဲလဲ လျင်မြန်သောသဘောရှိသည်ဖြစ်၍ ကျောက်ကိုယူ၍ ယူ၍ တောင်ချောက် ကြား၌ ချ၏၊ ဤချောက်ကို ဖို့ရာ၌ သင့်အား အဘယ်အကျိုးရှိနည်း။

ကောရဏ္ဍိယလုလင်သည် ထိုစကားကို ကြား၍ ဆရာကို သိစေလိုရကား ဤဂါထာကိုဆို၏—

၃၅။ အဟဥ္စ မံ သာဂရ သေဝိလန္တံ၊ သမံ ကရိဿာမိ ယထာပိ ပါဏိ။
ဝိကိရိယ သာနူနိ စ ပဗ္ဗတာနိ စ၊ တသ္မာ သိလံ ဒရိယာ ပက္ခိပါမိ။

ဆရာ မြစ်သမုဒ္ဒရာတို့၏ကည်ရာ ဖြစ်သော ဤမြေကို မြေတောင်ကျောက်တောင်တို့ကို ဖြိုညို၍ လက်ဝါးပြင်ကဲ့သို့ ညီညွတ်အောင် ပြုလိုသောကြောင့် ငါသည် ကျောက်တုံးကို ချောက်၌ ချ၏။

ထိုစကားကို ကြား၍ ဆရာပုဏ္ဏားသည် ဤဂါထာကို ဆို၏ —

၃၆။ နယိမံ မဟိံ အရဟတိ ပါဏိကပ္ပံ၊ သမံ မနုဿော ကရဏာယ မေကော။
မညာမိ မမေဝ ဒရိံ ဇိဂီသံ၊ ကေသဝ ဟာယသိ ဇီဝလောကံ။

ကေသဝ လုလင်ယောက်သည် ဤမြေကြီးကို လက်ဝါးပြင် ကဲ့သို့ ဖြစ်အောင် ညီညွတ်စွာ မပြုလုပ်နိုင်၊ ဤကျောက်ကို ပြည့်စေခြင်းငှါ ကျောက်တုံးတို့ကို ရှာနေစဉ်လျှင် သင်သည် ဤလူ့ပြည်ကို စွန့်ရအံ့။

ထိုစကားကို ကြား၍ ကေသဝ လုလင်သည် ဤဂါထာကို ဆို၏—

၃၇။ သစေ အယံ ဘူတဓရံ န သက္ကာ၊ သမံ မနုဿော ကရဏာယ မေကော။
ဧဝမေဝ တွံ ဗြဟ္မေ ဣမေ မနုဿေ၊ နာနာဒိဋ္ဌိကေ နာနယိဿသိ တေ။

ဆရာပုဏ္ဏား လူတစ်ယောက်ဖြစ်သော အကျွန်ုပ်သည် မြေကြီးကို ညီညွတ်အောင် ပြုခြင်းငှါ အကယ်၍ မတတ်နိုင်ငြားအံ့၊ ဤအတူသာလျှင် သင်ဆရာသည် အထူးထူးသော အယူရှိကုန်သော ဤလူတို့ကို မိမိ၏ အလိုသို့ ဆောင်ခြင်းငှါ မတတ်နိုင်လတ္တံ့။

ထိုစကားကို ကြား၍ ဆရာသည် ကေသဝ သင်သည် အား သင့်သော စကားကို ဆို၏၊ ငါသည် ဤသို့သဘောရှိသော အမှုကို မပြုအံ့ဟု မိမိချတ်ယွင်းသော အဖြစ်ကို သိ၍ ဤဂါထာကို ဆို၏—

၃၈။ သံခိတ္တရူပေန ဘဝံ မမတ္ထံ၊ အက္ခာသိ ကေသဝ ဝေမေတံ။
ယထာ န သက္ကာ ပထဝီ သမာယံ၊ ကတ္တုံ မနုဿေ န တထာ မနုဿာ။

ကေသဝ လုလင် သင်သည် ငါ့အား အကျဉ်းချုံးသော ဥပမာဖြင့် အကျိုးကိုဆို၏။ ထိုသင့်စကားသည် သင်ဆိုတိုင်းမှန်၏။ ဤမြေကို ညီညွတ်စွာ ပြုခြင်းငှါ မတတ်ကောင်းသကဲ့သို့ ထို့အတူ လူသည် လူတို့ကို ညီညွတ်သည်ကို ပြုခြင်းငှါ မတတ်ကောင်း။

ဤသို့ဆရာသည် လုလင်အား ချီးမွမ်းခြင်းကိုပြု၏၊ ပြုပြီး၍ တပည့်ဆိုသော အနက်ကို သိ၍ အိမ်သို့ဆောင်၏။

## ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဟောတော်မူ၍ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဆရာပုဏ္ဏားဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ကောရဏ္ဍိယလုလင် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မတောင်းဘဲ ပေးလျှင် တန်ဖိုးမရှိ)

သုံးရာငါးဆယ့်ခြောက်ခုမြောက်သော ကောရဏ္ဍိယဇာတ်သည် ပြီး၏။

---

## ၃၅၇-လဋုကိကဇာတ်

### ကာယအားထက် ဉာဏအားက သာလွန်သည်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ''ဝန္ဒာမိ တံ ကုဉ္ဇရ သဋ္ဌိဟာယနံ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤလဋုကိကဇာတ်ကို ဝေဠုဝန် ကျောင်းဝေ၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ပေ ာတော်မူ၏။ တစ်နေ့ သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဒေဝဒတ်သည် ကြမ်းကြုတ် ရှန့်ရင်း၏၊ နိုင်ထက်ကလူမူတတ်၏၊ ဒေဝဒတ်အား သတ္တဝါတို့၌ သနားခြင်းမျှ သည်လည်း မရှိဟု စကားကိုဖြစ်စေကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် လာတော် မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ကရုဏာ မရှိသည်မဟုတ်သေး၊ ရှေး၌လည်း ကရုဏာမရှိသည်သာလျှင်တည်းဟု မိန့်တော် မူ၍ အတိတ်ကိုဆောင်တော်မူ၏။

### ဒ-တိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဆင်မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကြည်ညိုဖွယ် ရှိ၏၊ ကြီးသောကိုယ်ရှိ၏၊ ဆင်ရှစ်သောင်းခြံရံလျက် ဆင်ငင်းဖြစ်၍ ဟိမဝန္တာ၌

နေ၏၊ ထိုအခါ တစ်ကောင်သော နှံစုတ်ငှက်မသည် ဆင်တို့၏ သွားလာရာအရပ်၌ အဥတို့ကိုထား၏၊ အဥတို့သည် ရင့်ကုန်လတ်သော် ငှက်ငယ်တို့သည် ပေါက်ကုန်၏၊ ထိုငှက်ငယ်တို့သည် အတောင်မရောက်ကုန်သေးသည်ဖြစ်၍ ပျံခြင်းငှါ မစွမ်းနိုင်မီလျှင် ဘုရားလောင်းသည် ဆင်ရှစ်သောင်း ခြံရံလျက် အစာရှာအံ့သောငှါ ထိုအရပ်သို့ ရောက်၏၊ ထိုဘုရားလောင်းကို နှံစုတ်ငှက်မသည် မြင်၍ ဤဆင်မင်းသည် ငါ့သားငယ်တို့ကို နင်း၍ သတ်လတ္တံ့၊ ယခု သားငယ်တို့၏ အရံအတား အကျိုးငှါ ဆင်မင်းကို တရားနှင့်ညီလျော်သော အစောင့်အရှောက်ကို တောင်းအံ့ဟု ကြံ၏၊ ကြံပြီး၍ ထို နှံစုတ်ငှက်မသည် အတောင် နှစ်ဖက်တို့ကို ယှက်၍ ဆင်မင်း၏ရှေ့၌ ရပ်၍ ဤဂါထာကိုဆို၏—

၃၉။ ဝန္ဒာမိ တံ ကုဉ္ဇရ သဋ္ဌိဟာယနံ၊ အာရညကံ ယူထပတိံ ယသဿိံ။
ပက္ခေဟိ တံ ပဥ္စလိကံ ကရောမိ၊ မာ မေ ဝဓိ ပုတ္တကေ ဒုဗ္ဗလာယ။

ဆင်မင်း အနှစ်ခြောက်ဆယ်ရှိသော ကာလ၌ အားယုတ်သော တော၌ ကျက်စားသော ဆင်အပေါင်း၏ မင်းဖြစ်သော များသော အခြံအရံရှိသော သင့်ကို ငါသည် ရှိခိုးပါ၏။ အတောင်တို့ဖြင့် လက်အုပ်ချီခြင်းကို ပြု၏။ အားနည်းသော ငါ၏သားငယ်တို့ကို မသတ်ပါလင့်။

ဘုရားအလောင်းသည် နှံစုတ်ငှက်မငယ် သင်မစိုးရိမ်လင့်၊ ငါသည် သင့်သားတို့ကို စောင့်ရှောက်အံ့ဟုဆို၍ ငှက်ငယ်တို့၏ အထက်၌ရင်၍ ရပ်သောင်းသော ဆင်တို့သည် သွားကုန်ပြီးသော် နှံစုတ်ငှက်မကိုခေါ်၍ နှံစုတ်ငှက်မငယ် ငါတို့နောက်၌ တစ်စီးတည်းသော ဆင်သည် လာလတ္တံ့၊ ထိုဆင်သည် ငါတို့စကားကို နားမထောင်လတ္တံ့၊ ထိုဆင်လာလတ်သော် ထိုဆင်ကိုလည်း တောင်းပန်၍ သားငယ်တို့၏ ချမ်းသာခြင်းကို ပြုရစ်လောဟုဆို၍ သွား၏၊ နှံစုတ်ငှက်မငယ်သည်လည်း ထိုဆင်မင်းအား ခရီးဦးကြိုဆို၍ အတောင်နှစ်ဖက်တို့ဖြင့် လက်အုပ်ချီ၍ ဤဂါထာကို ဆို၏—

၄၀။ ဝန္ဒာမိ တံ ကုဉ္ဇရ ဧကစာရိံ၊ အာရညကံ ပဗ္ဗတသာနုဂေါစရံ။
ပက္ခေဟိ တံ ပဥ္စလိကံ ကရောမိ၊ မာ မေ ဝဓိ ပုတ္တကေ ဒုဗ္ဗလာယ။

ဆင်မင်း တစ်စီးတည်းသာ ကျက်စားလေ့ရှိသော တော၌နေသော ကျောက်တောင် မြေတောင်တို့၌ အစာကိုရှာသော သင့်ကို အတောင်တို့ဖြင့် ငါသည် လက်အုပ်ချီခြင်းကို ပြု၏။ အားနည်းသော ငါ၏သားငယ်တို့ကို မသတ်ပါလင့်။

ထိုဆင်သည် နှံစုတ်ငှက်မငယ်၏စကားကို ကြား၍ ဤဂါထာကိုဆို၏—

၄၁။ ဝဒိဿာမိ တေ လုဒ္ဒ ကိဂေ ပုတ္တကာနိ၊ ကိံ မေ တွံ ကာဟသိ ဒုဗ္ဗလာသိ။
သတံသဟဿာနိပိ တာဒိသီနံ၊ ဝါမေန ပါဒေန ပပေါထယေယျံ။

နံ့စုတ်ငှက်မယယ် သင်၏သားငယ်တို့ကို ငါသတ်အံ့။ သင်သည် အားနည်းစွာ သည်ဖြစ်၏။ သင်သည် ငါ့အား အသို့ပြုနိုင်လတ္တံ့နည်း။ သင်ကဲ့သို့ သဘော ရှိကုန်သော တစ်သိန်းသောငှက်မတို့ကိုလည်း လက်ဝဲခြေဖြင့်သာ ငါသတ်အံ့။

ဤသို့ဆို၍ ထိုဆင်သည် နံ့စုတ်ငှက်မငယ်၏ သားငယ်တို့ကို ခြေဖြင့်နင်းချေ၍ ကျင်ငယ်ဖြင့် မျောစေ၍ မြည်ဟည်းလျက် ဖဲသွား၏၊ နံ့စုတ်ငှက်မငယ်သည် သစ် ခက်၌နေ၍ ယခု သင်သည် မြည်ဟည်းလျက်သွား၏။ နှစ်ရက် သုံးရက်ဖြင့် ငါ့ အမှုကို မြင်ရလတ္တံ့၊ ကိုယ်အားထက် ဉာဏ်အားကြီးသော အဖြစ်ကို သင်မသိ နိုင်သည်ဖြစ်စေဦး၊ သင့်ကို သိစေအံ့ဟု ခြိမ်းခြောက်၍လျှင် ဤဂါထာကိုဆို၏-

၄၂၊ န ဟေဝ သဗ္ဗတ္ထ ဗလေန ကိစ္စံ၊ ဗလံ ဟိ ဗာလဿ ဝဓာယ ဟောတိ။
ကရိဿာမိ တေ နာဂရာဇ အနတ္ထံ၊ ယော မေ ဝဓိ ပုတ္တကေ ဒုဗ္ဗလာယ။

ဆင်မင်း အလုံးစုံသောအရာ၌ အားဖြင့် ပြုအပ်သည် မဟုတ်သလျှင်တည်း။ မှန်၏။ ကိုယ်အားသည် လူမိုက်အား သတ်ခြင်းငှါ ဖြစ်၏။ အကြင် သင်သည် အားနည်းသောငါ၏ သားငယ်တို့ကိုသတ်၏၊ သင်၏ အကျိုးမဲ့ကို ငါပြုအံ့။

နံ့စုတ်ငှက်မငယ်သည် ဤသို့ဆို၍ နှစ်ရက်သုံးရက် တစ်ကောင်သောကျီးကို ခစား၍ ထိုကျီးသည် နှစ်သက်သဖြင့် သင်၏ အဘယ်အမှုကို ငါပြုရအံ့နည်းဟု မေးလတ်သော် အရှင် အကျွန်ုပ်အား တစ်ပါးသော ပြုဖွယ်ကိစ္စမရှိ၊ တစ်ခုသော ကေစာရ ဆင်၏ မျက်စိတို့ကို အရှင်တို့သည် နှုတ်သီးဖြင့်ထိုး၍ ဖောက်ခြင်းတို့ကို ကျွန်ုပ်တောင့်တ၏ဟု ဆို၏၊ ကျီးသည် ကောင်းပြီဟု ဝန်ခံ၏။

တစ်ကောင်သော ယင်မမရိုင်းကို ခစား၏၊ ထိုယင်မ မရိုင်းသည်လည်း ငါသည် အဘယ်မည်သော သင့်ကိစ္စကို ပြုရအံ့နည်းဟု မေးလတ်သော် ဤအကြောင်း ကြောင့် ကေစာရဆင်၏ မျက်စိတို့သည် ပေါက်ကုန်လတ်သော် ထိုမျက်စိတို့၌ အရှင်တို့သည် ပိုးလောက်ကို ချစိမ့်သောငှါ ကျွန်ုပ်အလိုရှိ၏ဟု ဆို၍ ထိုယင်မ မရိုင်းသည်လည်း ကောင်းပြီဟု ဆိုလတ်သော် တစ်ကောင်သောဖားကို ခစား၍ ဖားသည် သင်၏အဘယ်အမှုကို ပြုရအံ့နည်းဟု မေးလတ်သော် အကြင်အခါ၌ ထိုကေစာရဆင်သည် ကန်းသည်ဖြစ်၍ ရေကို ရှာလတ္တံ့၊ ထိုအခါ တောင်ထိပ်၌ နေ၍ အသံပြုလော၊ ထိုဆင်သည် တောင်ထိပ်သို့ တက်လတ်သော် ဆင်းသက်၍ ချောက်ကမ်းပါးပြတ်၌ အသံပြုလော့၊ ကျွန်ုပ်သည် အရှင်တို့ထံမှ ထိုအမှုကို တောင့်တ၏ဟု ဆို၏၊ ဖားသည် ကောင်းပြီဟု ဝန်ခံ၏။

ထိုအခါ တစ်နေ့သ၌ ကြီးသည် ဆင်၏ မျက်စိနှစ်ဘက်တို့ကို နှုတ်သီးဖြင့် ဖောက်၏၊ ယင်မမဲရိုင်းသည် ပိုးလောက်တို့ကို လွှတ်၏၊ ဆင်သည် ပိုးလောက် ကိုက်၍ ဝေဒနာသို့ရောက်လျက် ရေငတ်သည်ဖြစ်၍ ရေရှာသွား၏၊ ထိုအခါ ဖားသည် တောင်ထိပ်၌နေ၍ အသံပြု၏၊ ဆင်သည် ထိုအရပ်၌ ရေရှိသည် ဖြစ်လတ္တံ့ဟု တောင်ထိပ်သို့ တက်၏၊ ထိုအခါ ဖားသည် ဆင်းသက်၍ တောင် ကမ်းပါး၌ တည်၍ အသံပြု၏၊ ဆင်သည် ထိုအရပ်၌ ရေရှိသည် ဖြစ်လတ္တံ့ဟု ကမ်းပါးပြတ်သို့ ရှေးရှုလာလတ်သော် လျှောကျ၍ သေ၏၊ နှံစုတ်ငှက်မ ငယ်သည် ဆင် သေသည်၏ အဖြစ်ကို သိ၍ ရန်သူ၏ ပျက်စီးခြင်းကို မြင်ရပြီဟု နှစ်သက်ဝမ်းသာ ဆင်ကျောက်၌ လူးလာသွား၍ ကံအားလျော်စွာ လား၏။

သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ ရန်မည်သည်ကို တစ်စုံတစ်ယောက် သော သူနှင့်တကွ မပြုအပ်၊ ဤသို့လျှင် အားနှင့်ပြည့်စုံသော ဆင်ကို လေးကောင် ကုန်သော သတ္တဝါတို့သည် တစ်ပေါင်းတည်း ဖြစ်ကုန်၍ အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏ဟု ပြတော်မူအံ့သောငှါ ဤဂါထာကို ဟောတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏—

၄၃။ ကာကဉ္စ ပဿ လဋုကိကံ၊ မဏ္ဍူကံ နီလမက္ခိကံ။
ဧတေ နာဂံ အဃာတေသုံ၊ ပဿ ဝေရဿ ဝေရိနံ။
တသ္မာ ဟိ ဝေရံ န ကယိရာထ၊ အပ္ပိယေနပိ ကေနစိ။

ရဟန်းတို့ ကြီးကိုလည်းကောင်း၊ နှံစုတ်ငှက်မကို လည်းကောင်း၊ ဖားကို လည်းကောင်း၊ ယင်မ မဲရိုင်းကိုလည်းကောင်း ရှုလော့၊ ထိုလေးကောင်သော သတ္တဝါတို့သည် ဆင်ကို သတ်နိုင်ကုန်ပြီ၊ ရန်သူတို့၏ ရန်၏ ဖြစ်ခြင်းကို ရှုလော့၊ ထို့ကြောင့်လျှင် မချစ်အပ်သော တစ်စုံတစ်ယောက်သော သူနှင့်လည်း တကွ ရန်ကို မပြုရာ။

## ဇာတ်ပေါင်း

အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ဒေဝဒတ် သည် ထိုအခါ ဧကစာရဆင် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဆင်မင်းဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကြီး, ယင်, ငှက်, ဖား၊ လေးဦးသားတို့၊ စိတ်ထားညီမျှ၊
ဆောင်ရွက်ကြ၊ အောင်ရ ဆင်ကြီးကို။)

သုံးရာငါးဆယ့်ခုနစ်ခုမြောက်သော လဋုကိကဇာတ်သည် ပြီး၏။

## ၃၅၈-စူဠဓမ္မပါလဇာတ်

### သားကို သတ်၍ အဖ မြေမျို

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "အဟမေဝ ဒူသိယာ ဘူနဟတာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠဓမ္မပါလဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် သဗ္ဗညု မြတ်စွာဘုရားအား သတ်အံ့ သောငှါ လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (တစ်ပါးသော ဇာတ်တို့၌ ဒေဝဒတ်သည် ဘုရားလောင်းကို ထိန့်လန့်စေခြင်းမျှကိုလည်း ပြုအံ့ သောငှါ မတတ်နိုင်၊ ဤစူဠဓမ္မပါလဇာတ်၌ကား ဘုရားလောင်း၏ ခုနစ်လ ရှိသောကာလ၌ လက်ခြေဦးခေါင်းတို့ကို ဖြတ်စေ၍ သန်လျက်ပန်း မည်သည်ကို ပြုစေ၏၊ ဒဒ္ဒရဇာတ်၌လည်း လည်ကို ကိုင်၍ သတ်၍ ခုံလောက်၌ အသားကို ချက်၍ စား၏၊ ခန္တိဝါဒီဇာတ်၌လည်း နှစ်ခုသော ကြိမ်တို့ဖြင့် အချက်တစ်ထောင် ရိုက်ခတ်ခြင်းတို့ဖြင့် ရိုက်ခတ်စေ၍ လက်, ခြေ, နား, နှာခေါင်းတို့ကို ဖြတ်စေ၍ မောင်းဘုံ၌ ကိုင်စေ၍ ငင်ထုတ်စေ၍ ပက်လက်အိပ်စေ၍ ရင်၌ ခြေဖြင့် ကျောက်၍ သွား၏၊ ဘုရားလောင်းသည် ထိုနေ့၌ အသက်ကုန်ခြင်းသို့ ရောက်၏၊ စူဠနန္ဒိယဇာတ်၌ လည်းကောင်း၊ မဟာကပိဇာတ်၌ လည်းကောင်း ဘုရား လောင်းကို သေစေ၏၊ ဤအတူလျှင် ဘုရားဖြစ်သော ကာလ၌လည်း အခါ လေးမြင့် သတ်အံ့သောငှါ လုံ့လပြု၏၊) ထိုအခါ ရဟန်းတို့သည် တစ်နေ့သ၌ တရားသဘင်ဝယ် ငါ့ရှင်တို့ ဒေဝဒတ်သည် ဘုရားအား သတ်အံ့သောငှါ သာလျှင် လုံ့လပြု၏၊ ဘုရားကို သတ်အံ့ဟု လေးသမားတို့ကို စေ၏၊ ကျောက်ကို လှိမ့်၏၊ နာဠာဂီရိဆင်ကို လွှတ်၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါ့အား သတ်အံ့သောငှါ လုံ့လပြုသည် မဟုတ်သေး၊ ရှေး၌လည်း လုံ့လပြုသည်သာလျှင်တည်း၊ ယခုအခါ၌ကား ထိတ်လန့်ခြင်း မျှကိုလည်း ပြုအံ့သောငှါ မတတ်နိုင်၊ ရှေးစူဠဓမ္မပါလမင်းသား ဖြစ်သော ကာလ၌ မိမိသားဖြစ်သော ငါ့ကို အသက်ကုန်ခြင်းသို့ ရောက်စေ၍ သန်လျက် ပန်း ပြုဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတီတဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ မဟာပတာပမည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏ စန္ဒာဒေဝီ အမည်ရှိသော မိဖုရားကြီး ဝမ်း၌ ဖြစ်၏၊ ဓမ္မပါလ ဟူသော အမည်ကို မှည့်၏၊ ထိုဓမ္မပါလ မင်းသားကို ခုနစ်လရှိသော ကာလ၌ မယ်တော်သည် နံ့သာရေဖြင့် ရေချိုး၍ ကစားစေလျက် နေ၏၊ မင်းသည် မိဖုရားနေရာ အရပ်သို့ သွား၏၊ မိဖုရားသည် သားကို ကစားစေလျက် သား၌ ချစ်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မင်းကို မြင်၍လည်း နေရာမှ မထ၊ မင်းသည် မိဖုရားကား ယခုပင်လျှင် သားကို မှီ၍ မာနကို ပြု၏၊ ငါ့ကို တစ်ပုံတစ်ခုမျှ မမှတ်၊ သား ကြီးသည်ရှိသော်ကား ငါ၌ လူဟူသော အမှတ်ကိုမျှ မပြုလတ္တံ့၊ ယခုပင်လျှင် ထိုမင်းသားကို သတ်အံ့ဟု ကြံပြီး၍ မင်းသည် ပြန်လည်၍ မင်း၏နေရာ၌ နေ၍ မိမိအစီအရင်ဖြင့် လာစေဟု ခိုးသူသတ်ကို ခေါ်စေ၏။

ခိုးသူသတ်သည် ဖန်ရည်နှန်းသော အဝတ်ကို ဝတ်လျက် နီသောပန်းကို ပန်လျက် ပုဆိန်ကို ပခုံး၌ထား၍ စဉ်းတီတုံးကို ယူ၍ မင်းအထံသို့ လာ၍ မင်းကို ရှိခိုး၍ အရှင်မင်းကြီး အဘယ်ကို ပြုရအံ့နည်းဟု ဆို၍ ရပ်၏၊ အသရေ ရှိသော အိပ်ရာတိုက်ခန်းသို့ သွား၍ ဓမ္မပါလကို ဆောင်ချေလော့ဟု ဆို၏၊ မိဖုရားသည်လည်း မင်းသည် အမျက်ထွက်၍ ပြန်လည်သော အဖြစ်ကို သိ၍ ဘုရားလောင်းကို ရင်၌ အိပ်စေ၍ ငိုလျက်နေ၏၊ ခိုးသူသတ်သည် သွား၍ မိဖုရားကို ကျောက်၌ ပုတ်ခတ်၍ လက်မှ မင်းသားကို ယူ၍ မင်း၏ အထံသို့ သွား၍ အရှင်မင်းကြီး အဘယ်သို့ ပြုရအံ့နည်းဟု ဆို၏၊ မင်းသည် တင်ခုံသော ပျဉ်ကို ဆောင်စေ၍ ရှေ့မှချ၍ ပျဉ်၌ ဓမ္မပါလကို အိပ်စေလော့ဟု ဆို၏၊ စန္ဒာဒေဝီသည် သား၏ နောက်မှ ငိုလျက် လိုက်၏။ တစ်ဖန် ခိုးသူသတ်သည် အရှင်မင်းကြီး အဘယ်သို့ပြုရအံ့နည်းဟု ဆို၏၊ ဓမ္မပါလ၏ လက်တို့ကို ဖြတ်လော့ဟု ဆို၏၊ စန္ဒာဒေဝီသည် မြတ်သောမင်းကြီး ခုနစ်လလျှင်ရှိသော ငယ်သေးသော ကျွန်ုပ်သားသည် တစ်စုံတစ်ခုကို မသိ၊ သားအား အပြစ်သည် မရှိ၊ ထိုအပြစ် သည် ဖြစ်လတ်သော် အကျွန်ုပ်သာ ဖြစ်ရာ၏၊ ထို့ကြောင့် အကျွန်ုပ်၏ လက်တို့ကို ဖြတ်လော့ဟု ပြလိုရကား ဤဂါထာကို ဆို၏–

၄၄။ အဟမေဝ ဒူသိယာ ဘူနဟတာ၊ ရညော မဟာပတာပဿ။
ဧတံ မုဉ္စတု ဓမ္မပါလံ၊ ဟတ္ထေ မေ ဒေဝ ဆေဒေဟိ။

အကျွန်ုပ်သည်သာလျှင် မဟာပတာပမင်း၏ အပြစ်ကို ပြု၏။ အစီးအပွားကို ဖျက်ဆီး၏။ မင်းကြီး ဤဓမ္မပါလကို လွှတ်လော့၊ အကျွန်ုပ် လက်တို့ကို ဖြတ်လော့။

မင်းသည် ခိုးသူသတ်ကို ကြည့်၍၊ မြတ်သောမင်းကြီး အဘယ်သို့ ပြုရအံ့နည်းဟု ခိုးသူသတ်သည် ဆို၏၊ ကြာမြင့်ခြင်းကို မပြုမူ၍ လက်တို့ကို ဖြတ်လေဟု ဆို၏၊ ထိုအခါ၌ ခိုးသူသတ်သည် ထက်စွာသော ပုဆိန်ကို ယူ၍ မင်းသား၏ လက်နှစ်ဘက်တို့ကို နုစွာသောဝါးမှ ပေါက်သောအညွှောင့်တို့ကိုကဲ့သို့ ဖြတ်၏၊ မင်းသားသည် လက်တို့ကို ဖြတ်အပ်ကုန်သည်ရှိသော် မျက်ရည်မယို မငိုမူ၍လျှင် ခန္တီမေတ္တာကို ရှေ့ထား၍ သည်းခံ၏၊ စန္ဒာဒေဝီသည်ကား ဖြတ်အပ်သော လက်စွန်းကိုယူ၍ ခါးပိုက်၌ သွေးလိမ်းကျံသည်ဖြစ်၍ ငိုလျက်သွား၏၊ တဖန် သူသတ်သည် မြတ်သောမင်းကြီး အဘယ်သို့ ပြုရအံ့နည်းဟု မေး၏၊ ခြေနှစ်ဘက်တို့ကို ဖြတ်လေဟု ဆို၏၊ ထိုစကားကို ကြား၍ စန္ဒာဒေဝီသည် ဤဂါထာကိုဆို၏—

၄၅။ အဟမေဝ ဒူသိယာ ဘူနဟတာ၊ ရညော မဟာပတာပဿ။
ဧတံ မုဉ္စတု ဓမ္မပါလံ၊ ပါဒေ မေ ဒေဝ ဆေဒေဟိ။

မင်းကြီး အကျွန်ုပ်သည်သာလျှင် မဟာပတာပမင်း၏ အပြစ်ကို ပြု၏၊ အစီးအပွားကို ဖျက်ဆီး၏။ ဤဓမ္မပါလကို လွှတ်လော့။ ဒေဝ အကျွန်ုပ်၏ ခြေတို့ကို ဖြတ်လော့။

မင်းသည်လည်း တဖန်ခိုးသူသတ်ကို စေ၏၊ ခိုးသူသတ်သည် ခြေနှစ်ဘက်တို့ကိုလည်း ဖြတ်၏၊ စန္ဒာဒေဝီသည် ခြေတို့ကိုလည်း ခါးပိုက်၌ ထား၍ သွေးလိမ်းကျံသည် ဖြစ်၍ ငိုလျက် အရှင်မဟာပတာပမင်း လက်ခြေပြတ်ကုန်သော သားတို့ကို အမိသည် လုပ်ကျွေးအပ်ကုန်၏၊ကျွန်ုပ်သည် အခစားပြု၍ ကျွန်ုပ်သားကို လုပ်ကျွေးအံ့၊ ကျွန်ုပ်အား ဤသားကို ပေးလော့ဟုဆို၏၊ ခိုးသူသတ်သည် မင်းကြီး အကျွန်ုပ်ကိစ္စ ပြီးပြီလောဟု မေး၏၊ မပြီးသေးဟု ဆို၏၊ မြတ်သောမင်းကြီး အဘယ်သို့ပြုရအံ့နည်းဟု ဆို၏၊ ဓမ္မပါလ၏ ဦးခေါင်းကို ဖြတ်လော့ဟု ဆို၏၊ ထိုစကားကိုကြား၍ စန္ဒာဒေဝီသည် ဤဂါထာကို ဆို၏—

၄၆။ အဟမေဝ ဒူသိယာ ဘူနဟတာ၊ ရညော မဟာပတာပဿ။
ဧတံ မုဉ္စတု ဓမ္မပါလံ၊ သီသံ မေ ဒေဝ ဆေဒေဟိ။

မင်းကြီး အကျွန်ုပ်သည်သာလျှင် မဟာပတာပမင်း၏ အပြစ်ကို ပြု၏၊ အစီးအပွားကိုဖျက်ဆီး၏။ ဤဓမ္မပါလကို လွှတ်လော့၊ အကျွန်ုပ်၏ ဦးခေါင်းကို ဖြတ်လော့။

ဤသို့ဆိုပြီးရှိလည်း မိမိဦးခေါင်းကို ညွတ်၍ခံ၏၊ တစ်ဖန် ခိုးသူသတ်သည် မြတ်သောမင်းကြီး အဘယ်သို့ ပြုရအံ့နည်းဟု ဆို၏၊ သန်လျက်သွားဖြင့် ဓမ္မပါလကို ခံ၍ သန်လျက်ပန်း မည်သည်ကို ပြုလေ့ဟု ဆို၏၊ခိုးသူသတ်သည် မင်းသားကိုယ်ကို ကောင်းကင်သို့ပစ်၍ သန်လျက်သွားဖြင့် ခံ၍ သန်လျက်ပန်း မည်သည်ကို ပြု၍ မြတ်သောပြာသာဒ်အပြင်၌ ဖရိုဖရဲ ကြဲ၏၊ စန္ဒာဒေဝီ မိဖုရားသည် ဘုရားလောင်း၏ အသားကို ခါးပိုက်၌ ထား၍ မြတ်သော ပြာသာဒ်အပြင်၌ ငိုလျက် ဤဂါထာတို့ကို ဆို၏—

၄၇။ န ဟိ နူနိမဿ ရညော၊ မိတ္တာမစ္စာ စ ဝိဇ္ဇရေ သုဟဒါ။
ယေ န ဝဒန္တိ ရာဇာနံ၊ မာ ဃာတယိ ဩရသံ ပုတ္တံ။

၄၈။ န ဟိ နူနိမဿ ရညော၊ ဉာတီ မိတ္တာ စ ဝိဇ္ဇရေ သုဟဒါ။
ယေ န ဝဒန္တိ ရာဇာနံ၊ မာ ဃာတယိ အတြဇံ ပုတ္တံ။

အဆွေခင်ပွန်း မှူးမတ် နှလုံး နူးညံ့ကုန်သော သူတို့သည် မင်းကို "မင်းကြီး ရင်၌ဖြစ်သောသားကို မသတ်ပါလင့်" ဟူ၍ မဆို မမြစ်ကြကုန်၊ ဤမဟာပတာပ မင်းအား မြဲမြံသောအဆွေ ခင်ပွန်းလည်း ဖြစ်ကုန်သော, အမတ်လည်း ဖြစ်ကုန်သော, နူးညံ့သော နှလုံးလည်းရှိကုန်သောသူတို့ မရှိကြလေပြီလော။

အဆွေခင်ပွန်း ဆွေမျိုး နှလုံး နူးညံ့ကုန်သောသူတို့သည် မင်းကို "မင်းကြီး မိမိမှ ဖြစ်သောသားကို မသတ်ပါလင့်" ဟူ၍ မဆို မမြစ်ကြကုန်၊ ဤမဟာ-ပတာပမင်းအား မိတ်ဆွေဖြစ်ကုန်သော, ဆွေမျိုးတော်စပ်ကုန်သော,စိတ်နှလုံး နူးညံ့ကုန်သောလူတို့သည် မရှိကြလေပြီလော။

စန္ဒာဒေဝီသည် ဤနှစ်ဂါထာတို့ကို ဆိုပြီး၍ လက်နှစ်ဖက်တို့ဖြင့် ရင်သားကို မ,လျက် ဤဂါထာကို ဆို၏—

၄၉။ စန္ဒနသာရာနုလိတ္တာ၊ ဗာဟာ ဆိဇ္ဇန္တိ ဓမ္မပါလဿ။
ဒါယာဒဿ ပထဗျာ၊ ပါဏာ မေ ဒေဝ ရုဇ္ဈန္တိ။

ဖခင်ပိုင်သော မြေအပြင်၌ အမွေခံဖြစ်သော ဓမ္မပါလ၏ စန္ဒကူးနှစ်ဖြင့် လိမ်းကျံထားသော လက်မောင်းတို့သည် ပြတ်ကုန်၏၊ မင်းကြီး အကျွန်ုပ်၏ အသက် ထွက်တော့မည်ထင်၏။

ဤသို့ ငိုကြွေးသော စန္ဒာဒေဝီမိဖုရား၏ နှလုံးသည် မီးလောင်သော ဝါးတောဌ ဝါးကွဲသို့ ကွဲ၏၊ ထိုမိဖုရားသည် ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်၏၊ မင်းသည်လည်း ပြာသာဒ်အမြင့်မှ မြေသို့ကျ၏၊ ထို့နောက်မှ ယူဇနာ နှစ်သိန်း လေးသောင်း အထုရှိသော မြေသည် မဟာပတာပမင်း၏ ကျေးဇူးမဲ့ကို ဆောင်အံ့သောငှါ မတတ်နိုင်ရကား နှစ်ခြမ်းကွဲ၍ ပ‌င်းလင်းသော အပြင်ကိုပေး၏၊ အဝီစိမှ မီးလျှံသည် တက်၍ အမျိုးပေးသော ကမ္ဗလာဖြင့် ခြုံသကဲ့သို့ပြု၍ မဟာပတာပမင်းကို ယူ၍ အဝီစိ၌ ပစ်ချ၏၊ စန္ဒာဒေဝီမိဖုရားနှင့် ဘုရားလောင်း၏ အလောင်းကို သင်္ဂြိုဟ်ကြကုန်၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မဟာပတာပမင်း ဖြစ်ဖူးပြီ၊ ယခုအခါ မဟာပဇာပတိ ဂေါတမီသည် ထိုအခါ စန္ဒာဒေဝီမိဖုရား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဓမ္မပါလမင်းသား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မယား၏အချစ်ကို သဝန်တိုရာမှ ဒေါသမီး တောက်သည်။)

သုံးရာငါးဆယ့်ရှစ်ခုမြောက်သော စူဠဓမ္မပါလ ဇာတ်သည် ပြီး၏။

## ၃၅၉-သုဝဏ္ဏမိဂဇာတ်

## သေအတူ ရှင်မကွာ လင်ကိုကယ်တင်သော မယားလိမ္မာ

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဝိက္ကမ ရေ ဟရိပါဒ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုဝဏ္ဏမိဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော အမျိုးသမီးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအမျိုးသမီးသည် သာဝတ္ထိပြည်၌ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့၏ အလုပ်အကျွေးဖြစ်သော အမျိုးသမီးဖြစ်သတည်း၊ သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ ရတနာသုံးပါးအား ကြည်ညို၏၊ ဘုရားကို မြတ်နိုး၏၊ တရားကို မြတ်နိုး၏၊ သံဃာကို မြတ်နိုး၏၊ အကျင့်နှင့်ပြည့်စုံ၏၊ ပညာရှိ၏၊ ဒါနအစရှိသော ကောင်းမှု၌ မွေ့လျော်၏၊ ထိုအမျိုးသမီးကို သာဝတ္ထိပြည်၌လျှင် အမျိုးမတူသော မိစ္ဆာဒိဋ္ဌိအမျိုးသည် တောင်း၏၊ ထိုအခါ အမျိုးသမီး၏ မိဘတို့သည်

ငါတို့သမီးကား သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ ရတနာသုံးပါးအား ကြည်ညို၏၊ ရတနာသုံးပါးတို့ကိုလည်း မြတ်နိုး၏၊ ဒါနအစရှိသော ကောင်းမှု၌ မွေ့လျော်၏၊ သင်တို့သည် မိစ္ဆာအယူ ရှိကုန်၏၊ ဤသတို့သမီးအား အလိုရှိတိုင်း အလှူ ပေးစိမ့်သော်ငှါ လည်းကောင်း၊ တရားနာစိမ့်သော်ငှါ လည်းကောင်း၊ ကျောင်းသို့သွားစိမ့်သော်ငှါ လည်းကောင်း၊ သီလကို စောင့်ရှောက်စိမ့်သော်ငှါ လည်းကောင်း၊ ဥပုသ် သုံးသောအမှုကို ပြုစိမ့်သော်ငှါ လည်းကောင်း မပေးကုန်လတ္တံ့၊ ငါတို့သည် ငါတို့သမီးကို သင်တို့အား မပေးကုန်၊ သင်တို့သည် မိမိတို့အား တူသော မိစ္ဆာအယူရှိသော အမျိုးသမီးကို ယူကြကုန်လော့ဟု ဆိုကုန်၏။

မိစ္ဆာဒိဋ္ဌိ အမျိုးတို့သည် ပယ်အပ်ကုန်သည်ရှိသော် သင်တို့၏ သမီးသည် ငါတို့အိမ်သို့ ရောက်၍ အလိုရှိတိုင်း သင်တို့ဆိုသော အလုံးစုံသော ကုသိုလ်ကောင်းမှုကို ပြုစေသတည်း၊ ငါတို့မမြစ်ပါကုန်၊ သင်တို့သမီးကို ငါတို့အား ပေးကုန်ပါလော့ဟု ဆို၏၊ ထိုသို့တပြီးကား ယူကြကုန်လော့ဟု ဆိုအပ်ကုန်သည်ရှိသော် ကောင်းသောနက္ခတ်ဖြင့် မင်္ဂလာပြု၍ ထိုအမျိုးသမီးကို မိမိတို့၏အိမ်သို့ ဆောင်ကုန်၏၊ ထိုအမျိုးသမီးသည် ဝတ်အကျင့်နှင့်ပြည့်၏ လင်ကို နတ်ကဲ့သို့ လုပ်ကျွေး၏၊ ယောက္ခမယောကျ်ားသူ ယောက္ခမမိန်းမသူ လင်တို့၏ ဝတ်အစရှိသည်တို့ကို ပြု၏၊ထိုအမျိုးသမီးသည် တစ်နေ့သ၌ လင်ကို အရှင်သားအကျွန်ုပ်တို့၏ ဆရာမထေရ်တို့အား အလှူပေးခြင်းငှါ အကျွန်ုပ်အလိုရှိ၏ဟု ဆို၏။ ရှင်မကောင်းပြီ အလိုရှိတိုင်းပေးလော့ဟု ဆို၏။ ထိုအမျိုးသမီးသည် မထေရ်တို့ကို ပင့်ဖိတ်စေ၍ ကြီးစွာသော ပူဇော်သက္ကာရကိုပြု၍ မြတ်သောဘောဇဉ်တို့ကို ဘုဉ်းပေးစေ၍ တင့်အပ်လျောက်ပတ်စွာနေ၍ အရှင်ဘုရားတို့ မိစ္ဆာအယူရှိသော သဒ္ဓါတရားမရှိသော အမျိုးသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုမသိ၊ အကျွန်ုပ်တောင်းပန်၏၊ အရှင်ကောင်းတို့သည် ဤအမျိုးတို့သည် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကိုသိသည်ကာလတိုင်အောင် ဤအိမ်၌လျှင် ဆွမ်းကိုခံပါကုန်လော့ဟု လျှောက်၏။ မထေရ်တို့သည် သည်းခံ၍ ထိုအိမ်၌ မပြတ် ဆွမ်းဘုဉ်းပေးကုန်၏။ တစ်ဖန် လင်ကို အရှင့်သား မထေရ်တို့သည် အိမ်သို့မပြတ်ကြွလာကုန်၏။ အဘယ့်ကြောင့် သင်တို့သည် မဖူးကုန်သနည်းဟု ဆို၏။ ကောင်းပြီ ဖူးမြင်အံ့ဟု လင်သည်ဆို၏။ ထိုအမျိုးသမီးသည် နက်ဖြန် မထေရ်တို့သည် ဆွမ်းဘုဉ်းပေးပြီးသော် လင်အား အကြောင်းကြား၏။ လင်သည် ဆည်းကပ်၍ မထေရ်တို့နှင့်တကွ ပဋိသန္ထာရပြု၍ လျောက်ပတ်စွာနေ၏၊

ထိုအခါ ထိုယောကျ်ားအား အရှင်သာရိပုတ္တရာသည် တရားဟော၏။ ထိုယောကျ်ားသည် အရှင်သာရိပုတ္တရာ၏ တရားစကား၌လည်းကောင်း ဣရိယာပုထ်တို့၌လည်းကောင်း ကြည်ညို၍ ထိုအခါမှစ၍ မထေရ်တို့အား နေရာကို

ခင်း၏။ သောက်ရေကိုစစ်၏။ ဆွမ်းဘုဉ်းပေးစဉ် ကာလအကြား၌ တရားကို နာ၏။ ထိုယောကျ်ားအား နောက်အဖို့၌ မိစ္ဆာအယူသည် ပျက်၏။ ထိုအခါ တစ်နေ့သ၌ မထေရ်သည် နှစ်ယောက်ကုန်သော လင်မယားတို့အားလည်း တရားဟောလျက် သစ္စာတို့ကိုပြတော်မူ၏။ သစ္စာတို့ကိုပြတော်မူသည်၏ အဆုံး၌ နှစ်ယောက်ကုန်သော လင်မယားတို့သည်လည်း သောတာပတ္တိဖိုလ်၌ တည် ကုန်၏။ ထိုအခါမှစ၍ ထိုယောကျ်ား၏ အမိအဘတို့ကို အစပြု၍ အယုတ် သဖြင့် ခပ်သိမ်းကုန်သော ကျွန်အမှုလုပ်ဖြစ်ကုန်သော သူတို့သည်လည်း မိစ္ဆာအယူကိုဖျက်၍ ဘုရား, တရား, သံဃာကိုသာလျှင် မြတ်နိုးကုန်၏။ ထိုအခါ တစ်နေ့သ၌ အမျိုးသမီးသည် လင်ကို အရှင့်သား အကျွန်ုပ်အား အိမ်၌ နေခြင်းဖြင့်အလိုမရှိ ရဟန်းပြုခြင်းငှါ အလိုရှိ၏ဟု ဆို၏။ ထိုယောကျ်ားသည် ရှင်မ ကောင်းပြီ၊ ငါလည်းပြုအံ့ဟု များစွာသော အခြံအရံဖြင့် အမျိုးသမီးကို ရဟန်းမိန်းမတို့၏ ကျောင်းသို့ပို့၍ မိမိသည် ဘုရားအထံတော်သို့ ကပ်၍ ရဟန်းအဖြစ်ကို တောင်း၏။ ထိုယောကျ်ားကို မြတ်စွာဘုရားသည် ရဟန်းပြု စေ၏၊ ထိုနှစ်ယောက်ကုန်သော သူတို့သည်လည်း ဝိပဿနာကိုပွားစေ၍ မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဤမည်သော ရဟန်းမိန်းမငယ်သည် မိမိ၏လည်းကောင်း, လင်၏လည်းကောင်း အထောက်အပံ့ဖြစ်၏။ မိမိသည် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်၍ လင်ကို နိဗ္ဗာန်သို့ရောက်စေ၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ထိုရဟန်းမိန်းမငယ်သည် ယခုအခါ၌သာလျှင် လင်ကို ရာဂကျော့ကွင်းမှ လွတ် စေသည် မဟုတ်သေး ရှေးပညာရှိတို့ကိုလည်း သေခြင်းဟူသော ကျော့ကွင်းမှ လွတ်စေဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် သမင်မျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် အဆင်းလှ၏၊ ကြည်ညိုဖွယ်ရှိ၏၊ ချိပ်ရည်တို့ဖြင့် အပြေအပြစ်ပြုအပ်ကုန်သကဲ့သို့ သော လက်ခြေတို့နှင့်လည်းကောင်း, ငွေစိုင်နှင့်တူကုန်သော ဦးချိုတို့နှင့်လည်း ကောင်း, ပတ္တမြားလုံးနှင့်တူကုန်သော မျက်စိတို့နှင့်လည်းကောင်း, ကမ္ဗလာနီ အဆင်းနှင့် တူသော မျက်နှာနှင့် လည်းကောင်း ပြည့်စုံ၏။ ထိုဘုရားလောင်း ၏ မယားသည်လည်း ပျိုနု၏၊ အဆင်းလှ၏၊ ရှုချင်စဖွယ်ရှိ၏။ ထိုလင်မယား

တို့သည် သင့်တင့်ညီညွတ်စွာနေခြင်းဖြင့် နေကုန်၏။ ရှစ်သောင်းကုန်သော ဆန်းကြယ်ကုန်သော သမင်တို့သည် ဘုရားလောင်းကို ခစားကုန်၏။ ထိုအခါ မုဆိုးတို့သည် သမင်တို့၏ လမ်းခရီးတို့၌ ကျော့ကွင်းတို့ကို ထောင်ကုန်၏။ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် သမင်တို့၏ ရှေ့မှ သွားလတ်သော် ခြေ၌ ကျော့ကွင်းမိ၍ ကျော့ကွင်းကို ဖြတ်အံ့ဟု ငင်၏။ အရေသည် ပြတ်၏။ တစ်ဖန် ငင်လတ်သော် အသားသည် ပြတ်၏။ တစ်ဖန် ငင်လတ်သော် အကြောသည် ပြတ်၏။ ကျော့ကွင်းသည် အရိုးသို့ ဆိုက်၍တည်၏။ ဘုရားလောင်းသည် ကိုက်ဖြတ်အံ့သောငှာ မတတ်နိုင်ရကား သေဘေးကိုကြောက်၍ ကျော့ကွင်းမိသော မြည်ခြင်းကို မြည်၏။ ထိုအသံကိုကြား၍ သမင်အပေါင်းသည် ပြေး၏။ ဘုရားလောင်း၏ မယားသည်ကား ပြေးပြီး၍ သမင်တို့၏အတွင်း၌ ကြည့်လတ်သော် ဘုရားလောင်းကို မမြင်၍ ဤဘေးသည် ငါ၏ချစ်စွာသော လင်အားဖြစ်သောဘေးသည်ဖြစ်ရာ၏ဟု လျင်မြန်သဖြင့် ဘုရားလောင်း၏အထံသို့ သွား၍ မျက်ရည်စွတ်သော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေး အရှင်သည်လည်း အားကြီး၏၊ ဤကျော့ကွင်းသည် သင့်ကိုခံအံ့သောငှါ မတတ်နိုင်လတ္တံ့၊ အဟုန်ကိုဖြစ်စေ၍ ထိုကျော့ကွင်းကို ဖြတ်လော့ဟု အားထုတ်ခြင်းကို ဖြစ်စေလိုရကား ဤဂါထာကို ဆို၏။

၅၀။ ဝိက္ကမ ရေ ဟရိပါဒ၊ ဝိက္ကမ ရေ မဟာမိဂ။
ဆိန္ဒ ဝါရတ္တိကံ ပါသံ၊ နာဟံ ဧကာ ဝနေ ရမေ။

ရွှေအဆင်းနှင့်တူသော ခြေရှိသော အို-သမင်မြတ် ရုန်းထွက်လော့၊ ရွှေအဆင်းနှင့် တူသော ခြေရှိသော အို-သမင်မြတ် ရုန်းထွက်လော့၊ သားရေလွန်ကျော့ကွင်းကို ဖြတ်လော့၊ ဒေ ကျွန်ုပ်သည် တစ်ယောက်တည်း တော၌ မမွေ့လျော်နိုင်။

ထိုစကားကို ကြား၍ ဘုရားလောင်းသမင်သည် ဤဂါထာကို ဆို၏—

၅၁။ ဝိက္ကမာမိ န ပါရေမိ၊ ဘူမိံ သုမ္ဘာမိ ဝေဂသာ။
ဒဠှော ဝါရတ္တိကော ပါသော၊ ပါဒံ မေ ပရိကန္တတိ။

ရှင်မ ငါသည် ရုန်းထွက်၏၊ ကျော့ကွင်းကို မဖြတ်နိုင်၊ အဟုန်အားဖြင့် မြေကို ကျောက်ကန်၏၊ သားရေလွန်ကျော့ကွင်းသည် မြဲမြံလှ၏၊ ငါ၏ခြေကို ထက်ဝန်းကျင် ဖြတ်၏။

ထိုအခါ ဘုရားလောင်းကို သမင်မသည် အရှင် မကြောက်လင့် အကျွန်ုပ်သည် ကိုယ့်အစွမ်းဖြင့် မုဆိုးကို တောင်းပန်၍ အရှင့်အသက်ကို ဆောင်ယူအံ့၊ တောင်းပန်အံ့သောငှါ အကယ်၍ မတတ်နိုင်လတ္တံ့၊ အကျွန်ုပ်အသက်ကိုလည်း

ပေး၍ အရှင်အသက်ကို ဆောင်ယူအံ့ဟု ဘုရားလောင်းကို နှစ်သိမ့်စေ၍ သေးလိမ်းကျံသော ဘုရားလောင်းကို မိမိကိုယ်၌ မှီစေ၍ ရပ်၏။ မုဆိုးသည်လည်း သန်လျက် လှံကိုယူ၍ ကမ္ဘာကိုလောင်သော မီးထသကဲ့သို့ လာ၏။ သမင်မသည် မုဆိုးကိုမြင်၍ အရှင်မုဆိုးသည်လာ၏။ ကျွန်ုပ်သည် ကိုယ့်အစွမ်းကိုပြုအံ့၊ အရှင်သည် မကြောက်လင့်ဟု သမင်မင်းကို နှစ်သိမ့်စေ၍ မုဆိုးအား ခရီးဦး ကြို၍ လျောက်ပတ်စွာ ရပ်နေ၍ မုဆိုးကို ရှိခိုး၍ အရှင် အကျွန်ုပ်လင် ရွှေအဆင်းနှင့် တူသော သမင်မင်းသည် အကျင့်သီလနှင့် ပြည့်စုံ၏၊ ရှစ်သောင်းသော သမင်တို့၏ မင်းဖြစ်၏ဟု ဘုရားလောင်း၏ ဂုဏ်ကျေးဇူးကို ဆို၍ သမင်မသည် စင်းလျက် မိမိအား သတ်ခြင်းငှါ တောင်းပန်လို၍ ဤဂါထာကိုဆို၏—

၅၂။ အတ္ထရဿု ပလာသာနိ၊ အသိံ နိဗ္ဗာဟ လုဒ္ဒက။
ပဌမံ မံ ဝဓိတွာန၊ ဟန ပစ္ဆာ မဟာမိဂံ။

မုဆိုး သင်သည် ပေါက်ဖက်တို့ကို ခင်းလော့။ သန်လျက်ကို အိမ်မှ ထုတ်လော့။ ရှေးဦးစွာ ငါ့ကိုသတ်၍ နောက်မှ သမင်ကြီးကို သတ်လော့။

ထိုစကားကိုကြား၍ မုဆိုးသည် လူဖြစ်သော မိန်းမသည်လည်း လင်၏ အကျိုးငှါ ကိုယ့်အသက်ကို မစွန့်၊ ဤသမင်မသည်ကား တိရစ္ဆာန်ဖြစ်လျက် အသက်ကို စွန့်၏။ လူ၏ ဘာသာဖြစ်သော သာယာသော အသံဖြင့်လည်း ပြောဆို၏။ ယနေ့ ငါသည် ဤသမင်မအားလည်းကောင်း, သမင်မ၏လင်အား လည်းကောင်း အသက်ကို ပေးအံ့ဟု ဤဂါထာကိုဆို၏။

၅၃။ န မေ သုတံ ဝါ ဒိဋ္ဌံ ဝါ၊ ဘာသန္တိံ မာနုသိံ မိဂိံ။
တွဉ္စ ဘဒ္ဒေ သုခီ ဟောတိ၊ ဧသော စာပိ မဟာမိဂေါ။

ကောင်းမြတ်လိမ္မာသော သမင်မ ငါသည် ဤကာလမှ ရှေး၌ လူ့စကားကို ဆိုသော သမင်မကို ကြားဖူးခြင်းသည် လည်းကောင်း, မြင်ဖူးခြင်းသည် လည်းကောင်း မရှိ၊ သင်သည်လည်း ချမ်းသာသည် ဖြစ်လော့၊ ဤသမင်ကြီး သည်လည်း ချမ်းသာသည် ဖြစ်စေသတည်း။

ထိုသမင်မကို နှစ်သိမ့်စေ၍ မုဆိုးသည် ဘုရားလောင်း၏ အထံသို့သွား၍ သားရေလှနကို ပဲခွပ်ဖြင့် ဖြတ်၍ ခြေ၌ငြိသော သားရေလှနကို ဖြည်းညင်း သာယာစွာထုတ်၍ အကြောကိုအကြောချင်း, အသားကိုအသားချင်း, အရေကို အရေချင်းစပ်၍ ခြေကို လက်ဖြင့်ဆုပ်၏၊ ထိုခဏ၌ ဘုရားလောင်း၏ ဖြည့်အပ်

သော ပါရမီ အာနုဘော်အားဖြင့် လည်းကောင်း, မုဆိုး၏ မေတ္တာ အာနုဘော် အားဖြင့် လည်းကောင်း, သမင်မ၏ အဆွေခင်ပွန်း၌ စောင့်ရှောက်သော တရား၏ အာနုဘော်အားဖြင့် လည်းကောင်း အကြော, အသား, အရေ တို့သည် အချင်းချင်း စပ်ကုန်၏၊ ဘုရားလောင်းသည် ချမ်းသာလျက် ဆင်းရဲ ကင်းလျက် ရပ်၏၊ သမင်မသည် ချမ်းသာသော ဘုရားလောင်းကိုမြင်၍ ဝမ်းမြောက်ခြင်း ဖြစ်၍ မုဆိုးအား အနုမောဒနာပြုလို၍ ဤဂါထာကိုဆို၏—

၃၄။ ဧဝံ လုဒ္ဒက နန္ဒဿု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
ယထာဟံ မဇ္ဇ နန္ဒာမိ၊ မုတ္တံ ဒိသွာ မဟာမိဂံ။

မုဆိုး ယနေ့ ငါသည် လွတ်သော သမင်မင်းကို မြင်၍ နှစ်သက်သကဲ့သို့ ထို့အတူ သင်သည် အလုံးစုံကုန်သော အဆွေအမျိုးတို့နှင့် တကွ နှစ်သက်စေ သတည်း။

ဘုရားလောင်းသည် ဤမုဆိုးကား ငါ၏ကိုးကွယ်ရာ ဖြစ်ပြီ၊ ငါသည်လည်း မုဆိုး၏ ကိုးကွယ်ရာဖြစ်သင့်၏ဟု ကျက်စားရာမြေ၌ မြင်အပ်သော တစ်ခုသော ပတ္တမြားတုံးကို မုဆိုးအားပေး၍ အဆွေ ယနေ့မှစ၍ ပါဏာတိပါတ အစရှိသည် ကို မပြုလင့်၊ ဤပတ္တမြားဖြင့် ဥစ္စာကို ဖြစ်စေ၍ သားမယားတို့ကို မွေးလျက် သီလအစရှိကုန်သော ကောင်းမှုတို့ကို ပြုလော့ဟု မုဆိုးအား အဆုံးအမကို ပေး၍ တောသို့ဝင်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဆန္နသည် ထိုအခါ မုဆိုးဖြစ်ဖူးပြီ၊ ယခုအခါ ရဟန်းမိန်းမငယ်သည် ထိုအခါ သမင်မ ဖြစ်ဖူးပြီ၊ ယခုအခါငါဘုရားသည်သာလျှင် ထိုအခါ သမင်မင်း ဖြစ်ဖူးပြီ ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(လိမ္မာမယား၊ ရတုံငြား၊ လင်အား ချမ်းသာရာ။)

သုံးရာ့ငါးဆယ့်ကိုးခုမြောက်သော သုဝဏ္ဏမိဂဇာတ်သည် ပြီး၏။

## ၃၆၀-သုယောနန္ဒီဇာတ်

## အမျိုးယုတ်သူ အဆင်းလှတော့ စာဂထန်တတ်၏

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဝါတိ ဂန္ဓော တိမိရာနံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုယောနန္ဒီဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ သဗ္ဗညူ မြတ်စွာဘုရားသည် ထိုရဟန်း ချဲ့ဘန်း သင်သည် ငြီးငွေ့သောဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပေ၏ဟု နားတော် လျှောက်သည်ရှိသော် အဘယ်ကိုမြင်၍ ငြီးငွေ့သနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား တန်ဆာဆင်အပ်သော မိန်းမကိုမြင်၍ ငြီးငွေ့၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်း မိန်းမတို့ကို စောင့်ရှောက်ခြင်းငှါ မတတ်ကောင်း၊ ရှေးပညာရှိတို့သည် ဂဠုန်ပြည်၌ မိန်းမကိုထား၍ စောင့်ရှောက်ကုန်သော်လည်း စောင့်ရှောက်ခြင်းငှါ မတတ်နိုင်ကုန်၏ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တမ္ဗမည်သော မင်းသည် မင်းပြု၏၊ ထိုမင်းအား သုယောနန္ဒီ မည်သော မိဖုရားကြီးသည် ရှိ၏၊ ထိုမိဖုရားသည် မြတ်သော အဆင်းကို ဆောင်၏၊ ထိုအခါ ဘုရားလောင်းသည် ဂဠုန်မျိုး၌ ဖြစ်၏၊ ထိုကာလ၌ နာဂဒီပ ကျွန်းသည် သေဒုမကျွန်း မည်၏၊ ဘုရားလောင်းသည် သေဒုမကျွန်း ဂဠုန်ပြည်၌ နေ၏။ ထိုဘုရားလောင်းသည် ဗာရာဏသီသို့ သွား၍ တမ္ဗမင်းနှင့်တကွ လုလင်၏အသွင်ဖြင့် ကြွေအန်ကစား၏၊ ဘုရားလောင်း၏ ရုပ်သဏ္ဌာန်ကို မြင်၍ အလုပ်အကျွေးတို့သည် အကျွန်ုပ်တို့၏ မင်းနှင့်တကွ ဤသို့ သဘောရှိသော လုလင်ငယ်သည် ကြွေအန် ကစား၏ဟု သုယောနန္ဒီမိဖုရားအား လျှောက်ကုန်၏၊ ထိုမိဖုရားသည် ထိုလုလင်ကို မြင်လို၍ တစ်နေ့သ၌ တန်ဆာဆင်၍ ကစားရာ ပွဲအပြင်သို့ သွား၍ အလုပ်အကျွေးတို့၏ အတွင်း၌ ရပ်လျက် ထိုဘုရားလောင်းကို ကြည့်၏။ ဘုရားလောင်းသည်သည်း မိဖုရားကို ကြည့်၏။ နှစ်ယောက်သော သူတို့သည်လည်း အချင်းချင်း တပ်စွန်းသော စိတ်ရှိကုန်၏။ ဂဠုန်မင်းသည် မိမိ၏ အာနုဘော်အားဖြင့် ဗာရာဏသီမြို့၌ လေလာခြင်းကို ဖြစ်စေ၏။ နန်းပြိုအံ့သည်မှ ကြောက်သောကြောင့် မင်းအိမ်မှ

လူတို့သည် ထွက်ကုန်၏၊ ဂဠုန်မင်းသည် မိမိအာနုဘော်အားဖြင့် အမိုက်မှောင်ကို ပြု၍ မိဖုရားကို ယူ၍ ကောင်းကင်ဖြင့် သေဒုမကျွန်းဝယ် မိမိ ဗိမာန်သို့ ဝင်၏၊ သုယောနန္ဒီမိဖုရား ရောက်ရာ အရပ်ကို သိသောသူတို့သည် မရှိကုန်၊ ထိုဂဠုန်မင်းသည် သုယောနန္ဒီ မိဖုရားနှင့်တကွ မွေ့လျော်လျက် ဗာရာဏသီသို့ သွား၍ မင်းနှင့်တကွ ကြွေအန်ကစား၏၊ တမ္ဗမင်းအား သဂ္ဂမည်သော စောင်းသမား သည် ရှိ၏၊ တမ္ဗမင်းသည် မိဖုရား၏ ရောက်ရာအရပ်ကို မသိရကား ထိုစောင်း သမားကို ခေါ်၍ အမောင် သွားချေ၊ အလုံးစုံသော ကြည်းကြောင်းခရီး, ရေကြောင်းခရီးသို့ သွား၍ မိဖုရား၏ရောက်ရာအရပ်ကို ကြည့်ချေဟု စေလွှတ်၏။

ထိုစောင်းသမားသည် ရိက္ခာတို့ကိုယူ၍ ရွာတံခါးမှစ၍ စုံစမ်းလျက် ကုရုကစ္ဆ သဘောဆိပ်သို့ ရောက်၏၊ ထိုအခါ ကုန်သည်တို့သည် ကုရုကစ္ဆသဘောဆိပ်မှ လှေဖြင့် သုဝဏ္ဏဘူမိသို့ သွားကုန်၏၊ ထိုစောင်းသမားသည် ထိုကုန်သည်တို့သို့ ကပ်၍ အရှင်တို့ အကျွန်ုပ်သည် စောင်းသမားတည်း၊ လှေခ ပိုင်းခြား၍ အရှင်တို့အား စောင်းတီးခြင်းကို ပြုပါအံ့၊ အကျွန်ုပ်ကိုလည်း ဆောင်ပါကုန်ဟု ဆို၏၊ ကုန်သည်တို့လည်း ကောင်းပြီဟု လှေသို့ တင်၍ လှေကို လွှတ်ကုန်၏၊ ထိုကုန်သည်တို့သည် လှေ၌ နားထောင်လိုသည်၏ အဖြစ်ကြောင့် ထိုစောင်း သမားကို ခေါ်၍ ငါတို့ နားထောင်ကုန်အံ့ စောင်းတီးလော့ဟု ဆိုကုန်၏၊ အကျွန်ုပ်သည် အကယ်၍ စောင်းကို တီးငြားအံ့၊ ငါးတို့သည် လှုပ်ကုန်လတ္တံ့၊ ထိုအခါ သင်တို့၏ လှေသည် ပျက်စီးလတ္တံ့ဟု ဆို၏၊ လူတို့၏ အထံ၌ စောင်းတီး သည်ရှိသော် ငါးတို့၏ လှုပ်ခြင်းမည်သည် မရှိ၊ စောင်းတီးခြင်းကို ပြုလော့ဟု ကုန်သည်တို့သည် ဆိုကုန်၏၊ ထိုသို့ တပြီးကား ကျွန်ုပ်အား သင်တို့သည် အမျက် မထွက်ကြလင့်ဟု ဆို၍ စောင်းကိုလွှတ်၍ စောင်းသံနှင့် သီချင်းသံ, သီချင်းသံနှင့် စောင်းသံကို မလွန်စေမူ၍ စောင်းကို တီး၏၊ ထိုအသံဖြင့် လွန်စွာ ယစ်ကုန်၍ ငါးတို့သည် လှုပ်ကုန်၏၊ ထိုအခါ တစ်ကောင်သောမကန်းသည် ခုန်၍ လှေတွင်းသို့ ကျရကား လှေသည် ကွဲပျက်၏၊ သဂ္ဂမည်သော စောင်းသမားသည် ပျဉ်ချပ်၌ အိပ်၍ လေအားလျော်စွာ သွားသည်ရှိသော် သေဒုမကျွန်း၌ ဂဠုန်မင်း၏ ဗိမာန်ဖြစ်သော ပညောင်ပင်၏ အနီးသို့ ရောက်၏။

သုယောနန္ဒီ မိဖုရားသည် ဂဠုန်မင်း ကြွေအန်ကစားအံ့သောငှါ သွားသော ကာလ ဗိမာန်မှ ဆင်းသက်၍ ကမ်းနား၌ လှည့်လည်လတ်သော် သဂ္ဂမည်သော စောင်းသမားကို မြင်၍ ထိုစောင်းသမားကို သိ၍ သင်အဘယ်သို့ လာသနည်းဟု မေး၏၊ စောင်းသမားသည် အလုံးစုံသော အကြောင်းကို ပြော၏၊ ထိုသို့ တပြီးကား သင်မကြောက်လင့်ဟု စောင်းသမားကို နှစ်သိမ့်စေ၍ လက်မောင်း နှစ်ဖက်တို့ဖြင့် ပိုက်ချီ၍ ဗိမာန်သို့ တင်၍ အိပ်ရာအပြင်၌ အိပ်စေ၍ အပင်အပန်း

ပြေသော ကာလ၌ နတ်တို့၏ ဘောဇဉ်ကို ပေး၍ နတ်နံ့သာရေဖြင့် ရေချိုးစေ၍ နတ်၌ ဖြစ်သော အဝတ်ကို ဝတ်စေ၍ နံ့သာပန်းတို့ဖြင့် တန်ဆာဆင်၍ တစ်ဖန် နတ်အိပ်ရာ၌ အိပ်စေ၏၊ ဤသို့ နေ၍ ချီးမြှောက်ရ၍ ဂဠုန်မင်း လာသော ကာလ ဖုံးလွှမ်း၍ သွားသော ကာလ၌ စောင်းသမားနှင့်တကွ ကိလေသာ၏ အစွမ်း အားဖြင့် မွေ့လျော်၏၊ ထိုနောင်မှ လခွဲ တစ်လ လွန်လတ်သော် ဗာရာဏသီ ပြည်၌ နေကုန်သော ကုန်သည်တို့သည် ထင်းရေ ယူအံ့သောငှါ ထိုသေဒုမကျွန်း ပဒေါင်ပင်ရင်းသို့ ရောက်ကုန်၏၊ ထိုစောင်းသမားသည် ကုန်သည်တို့နှင့်တကွ လှေစီး၍ ဗာရာဏသီပြည်သို့ သွား၍ မင်းကို မြင်၍ ကြွေအန်ကစားသော ကာလ၌ စောင်းကို ယူ၍ မင်း၏ အထံ၌ စောင်းတီးလျက် ဤဂါထာကို ဆို၏-

၅၅။ ဝါတိ ဂန္ဓော တိမိရာနံ၊ ကုသမုဒ္ဒေါ စ ဃောသဝါ။
ဒူရေ ဣတော သုယောနန္ဒီ၊ တမ္ဗ ကာမာ တုဒန္တိ မံ။

တမ္ဗမင်းကြီး ဤဗာရာဏသီပြည်မှ ဝေးသော ဂဠုန်ပြည်၌ သုယောနန္ဒီ မိဖုရားသည် နေ၏။ ထိုမိဖုရားနေရာ အရပ်၌ ပဒေါင်ပင်ကို ခြံရံ၍ ပေါက် ကုန်သော ကြည်းပန်းတို့၏ အနံ့သည် လှိုင်၏။ သမုဒ္ဒရာငယ်သည်လည်း သည်းစွာ မြည်၏။ အကျွန်ုပ်ကို ကာမတို့သည် ထိုးကျင့်ကုန်၏။

ထိုစကားကို ကြား၍ ဂဠုန်မင်းသည် ဤဂါထာကို ဆို၏-

၅၆။ ကထံ သမုဒ္ဒံ မတရိ၊ ကထံ အဒ္ဒက္ခိ သေဒုမံ၊
ကထံ တဿာ စ တုယှဉ္စ၊ အဟု သဂ္ဂ သမာဂမော။

သဂ္ဂ သင်သည် အဘယ်သို့ သမုဒ္ဒရာကို ကူးသနည်း။ အဘယ်သို့ သေဒုမ ကျွန်းကို မြင်သနည်း၊ အဘယ်သို့ ထိုသုယောနန္ဒီ၏ လည်းကောင်း သင်၏ လည်းကောင်း ပေါင်းဖော်ရခြင်းသည် ဖြစ်သနည်း။

ထိုနောင်မှ သဂ္ဂမည်သော စောင်းသမားသည် ဤဂါထာတို့ကို ဆို၏-

၅၇။ ကုရုကစ္ဆာ ပယာတာနံ၊ ဝါဏိဇာနံ ဓနေသိနံ။
မကရေဟိ အဘိဒါ နာဝါ၊ ဖလကေနာဟံ မပ္လဝိံ။

၅၈။ သာ မံ သဏှေန မုဒုနာ၊ နိစ္စံ စန္ဒနဂန္ဓိနီ။
အင်္ဂေန ဥဒ္ဓရီ ဘဒ္ဒါ၊ မာတာ ပုတ္တံဝ သြရသံ။

၅၉။ သာ မံ အန္နေန ပါနေန၊ ဝတ္ထေန သယနေန စ။
အတ္တနာပိ စ မန္ဒက္ခီ၊ ဧဝံ တမ္ဗ ဝိဇာနာဟိ။

တမ္ဗမင်းကြီး ကုရုကစ္ဆသင်္ဘောဆိပ်မှ သွားကုန်သော ဥစ္စာကို ရှာကုန်သော ကုန်သည်တို့၏ လှေသည် မကန်းတို့ကြောင့် ကွဲ၏။ အကျွန်ုပ်သည် ပျဉ်ချပ်ဖြင့် ကူး၏။

တမ္ဗမင်းကြီး အမြဲ စန္ဒကူးနံ့သာလိမ်းသော ရှုဖွယ် ကြည်ညိုဖွယ်သော ထိုသုယောနန္ဒီ မိဖုရားသည် အကျွန်ုပ်ကို သိမ်မွေ့သော နူးညံ့သော စကားဖြင့် နှစ်သိမ့်စေ၍ အမိသည် ရင်၌ဖြစ်သော သားကို ချီသကဲ့သို့ လက်မောင်း နှစ်ဖက်ဖြင့် ချီ၏။

တမ္ဗမင်းကြီး နူးညံ့သော အခြင်းအရာဖြင့် ကြည့်လေ့ရှိသော ထိုသုယောနန္ဒီ မိဖုရားသည် အကျွန်ုပ်ကိုထမင်းဖြင့်လည်းကောင်း, အဖျော်ဖြင့်လည်းကောင်း, အဝတ်ဖြင့်လည်းကောင်း, အိပ်ရာဖြင့်လည်းကောင်း, ကိုယ်ဖြင့်လည်းကောင်း, ရောင့်ရဲစေ၏။ သင်မင်းကြီးသည် ဤသို့ သိလော့။

ဂဠုန်မင်းသည် စောင်းသမား ဆိုစဉ်လျှင် နှလုံး မသာယာသည် ဖြစ်၍ ငါသည် ဂဠုန်ပြည်၌ နေလျက်လည်း ထိုမိန်းမကို စောင့်ခြင်းငှါ မတတ်နိုင်။ သီလမရှိသော ထိုမိန်းမဖြင့် အဘယ်ပြုအံ့နည်းဟု ထိုမိန်းမကို ဆောင်၍ မင်းအား ပေး၍ ဖဲသွား၏။ ထိုအခါမှ စ၍ တစ်ဖန် မလာ။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဂဠုန်မင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မိန်းမတို့အား ထိန်းသိမ်းငြား ဖောက်ပြား ဓမ္မတာ။)

သုံးရာခြောက်ဆယ်ခုမြောက်သော သုယောနန္ဒီဇာတ်သည် ပြီး၏။

၁-မဏိကုဏ္ဍလဝဂ် ပြီး၏။

## ၂-ဝဏ္ဏာရောဟဝဂ်

### ၃၆၁-ဝဏ္ဏာရောဟဇာတ်

### မှန်းချက်နှင့် နှမ်းထွက် မကိုက်

### ကုန်းချောသော မြေခွေးအကြောင်း၊

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဝဏ္ဏာရောဟေန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝဏ္ဏာရောဟဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် နှစ်ပါးကုန်သော အဂ္ဂသာဝကတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။ အခါတစ်ပါး၌ နှစ်ပါးကုန်သော မဟာမထေရ်တို့သည် ဤဝါတွင်းကာလပတ်လုံး ဆိတ်ငြိမ်ရာအရပ်၌ စီးဖြန်းအပ်သော ဘာဝနာကို ပွားစေကုန်အံ့ဟု သဗ္ဗညု မြတ်စွာဘုရားကို ပန်၍ အခြံအရံကို ပယ်၍ ကိုယ်ဘိုင်လျှင် သပိတ် သင်္ကန်းတို့ကို ယူ၍ ဇေတဝန်ကျောင်းတော်မှ ထွက်၍ တစ်ခုသော ပစ္စန္တရွာကို မှီ၍ တစ်ခုသော တော၌ နေကုန်၏။ တစ်ယောက်သော စားကြွင်းစားသည် မထေရ်တို့ထံ ခစားလျက် ထိုတောဝယ် သင့်အပ်ရာ အရပ်၌ နေ၏။ ထိုစားကြွင်းစားသည် မထေရ်တို့၏ ညီညွတ်သော နေခြင်းကို မြင်၍ ဤမထေရ်တို့သည် အလွန်လျှင် ညီညွတ်ကုန်လျက် နေကုန်၏၊ ဤမထေရ်တို့ကို အချင်းချင်း ကွဲပြားစိမ့်သောငှါ တတ်ကောင်းအံ့ဟု ကြံ၍ အရှင်သာရိပုတ္တရာ မထေရ်၏ အထံသို့ ဆည်းကပ်၍ အရှင်ဘုရား အရှင်ဘုရားတို့အား အရှင်မဟာမောဂ္ဂလာန် မထေရ်နှင့် တစ်စုံတစ်ခု ရန်ဖြစ်ဖူးခြင်းသည် ရှိသလောဟု မေး၏။ ဒါယကာ အသို့နည်းဟု အရှင်သာရိပုတ္တရာ ဆို၏။ အရှင်ဘုရား အရှင်မဟာမောဂ္ဂလာန် မထေရ်သည် အကျွန်ုပ် လာသောကာလ၌ သာရိပုတ္တရာသည် ဇာတ်အနွယ် အမျိုးအဆက်ဆက်တို့ဖြင့်သည်းကောင်း၊ အကြားအမြင် ကျမ်းဂန် အသင် အကြား တရားကို သိခြင်း တန်ခိုး စျာန်တို့ဖြင့်လည်းကောင်း အဘယ်မှာ ထူးအံ့နည်းဟု အရှင်ဘုရားတို့၏ ကျေးဇူးမဲ့ကိုလျှင် ဆို၏ဟု ဆို၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ပြုံး၍ ဒါယကာ သင် သွားလော့ဟု မိန့်တော်မူ၏။

နောက်အခါ တစ်နေ့သ၌ အရှင်မဟာမောဂ္ဂလာန် မထေရ်၏ အထံသို့ ဆည်းကပ်၍ ထိုအတူလျှင် ဆို၏၊ အရှင်မဟာမောဂ္ဂလာန် မထေရ်သည်လည်း ပြုံး၍ ဒါယကာ သင်သွားလော့ဟု ဆို၍ အရှင်သာရိပုတ္တရာ မထေရ်အထံသို့ ဆည်းကပ်၍ ငါ့ရှင် ဤစားကြွင်းစားသည် အရှင်ဘုရားတို့၏ အထံ၌ တစ်စုံ

တစ်ခုသော စကားကို ဆိုသလောဟု မေး၏၊ ငါ့ရှင် ဆို၏ဟု မိန့်တော်မူ၏၊ အကျွန်ုပ် အထံ၌လည်း ဆို၏၊ ဤစားကြွင်းစားကို နှင်ထုတ်ခြင်းငှါ သင့်၏ဟု အရှင်မဟာ မောဂ္ဂလာန် မထေရ်သည် မိန့်တော်မူ၍ ငါ့ရှင် ကောင်းပြီ နှင်ထုတ်လော့ဟု ဆိုသည်ရှိသော် အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ဒါယကာ သင်သည် ဤ၌ မနေလင့်ဟု လက်ဖျစ်တီး၍ စားကြွင်းစားကို နှင်ထုတ်၏။

နှစ်ပါးကုန်သော မထေရ်တို့သည်လည်း ညီညွတ်စွာ နေ၍ မြတ်စွာဘုရား အထံတော်သို့ သွား၍ ဘုရားကို ရှိခိုး၍ နေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ပဋိသန္ထာရ ပြုတော်မူ၍ ချမ်းသာသဖြင့် နေရကုန်၏လောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား တစ်ယောက်သော စားကြွင်းစားသည် အကျွန်ုပ်တို့ကို ကွဲပြားစေလိုသည် ဖြစ်၍ ကွဲပြားစိမ့်သောငှါ မတတ်နိုင်၍ ပြေး၏ဟု နားတော် လျှောက်သည်ရှိသော် သာရိပုတ္တရာ ထိုစားကြွင်းစားသည် ယခု အခါ၌သာလျှင် သင်တို့ကို ကွဲပြားစေအံ့ဟု ကွဲပြားစိမ့်သောငှါ မတတ်နိုင်သည် ဖြစ်၍ ပြေးသည် မဟုတ်သေး၊ ရှေး၌လည်း ပြေးဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အရှင်သာရိပုတ္တရာ မထေရ်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တော၌ ရုက္ခစိုးနတ် ဖြစ်၏၊ ထိုအခါ ခြင်္သေ့ ကျားတို့သည် ထိုတောဝယ် တောင်လိုဏ်၌ နေကုန်၏၊ တစ်ခုသော မြေခွေးသည် ထိုခြင်္သေ့ ကျားတို့ကို ခစားလျက် ခြင်္သေ့ ကျားတို့၏ စားကြွင်းကို စား၍ ကြီးသော ကိုယ်ရှိသည်ဖြစ်၍ တစ်နေ့သ၌ ငါသည် ခြင်္သေ့ ကျားတို့၏ အသားကို မစားရစဖူး၊ ငါသည် ဤခြင်္သေ့ ကျားတို့ကို အချစ် ပျက်စိမ့်သောငှါ သင့်၏၊ အချစ်ပျက်ခြင်းကြောင့် ခိုက်ရန်ပြု၍ သေကုန်သော ခြင်္သေ့ ကျားတို့၏ အသားကို စားအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုမြေခွေးသည် ခြင်္သေ့ အထံသို့ ကပ်၍ အရှင် အရှင်တို့အား ကျားနှင့်တစ်စုံတစ်ခုခိုက်ရန်ဖြစ်ဖူးခြင်းသည် ရှိသလောဟု မေး၏၊ အချင်းမြေခွေး ခိုက်ရန်မဖြစ်စဖူးဟု ခြင်္သေ့သည်ဆို၏၊ အရှင် ဤကျားသည် အကျွန်ုပ်လာသောကာလ၌ ခြင်္သေ့သည် ကိုယ်အဆင်းအားဖြင့်လည်းကောင်း အလုံးအရပ်အားဖြင့်လည်းကောင်း၊ အမျိုးအား လုံ့လ ဝီရိယ အားဖြင့်လည်းကောင်း၊ ငါ၏ တစ်ဆယ့်ခြောက်စိတ်တွင် တစ်စိတ်သောအဖိုကိုမျှ လည်း မမီဟု အရှင်တို့၏ ကျေးဇူးမဲ့ကိုလျှင် ဆို၏ဟုဆို၏၊ ထိုအခါ မြေခွေးကို ခြင်္သေ့သည် သင်သွားလော့ ထိုကျားသည် ဤသို့မဆိုထိုက်တန်ဟု ဆို၏၊

ကျားအထံသို့ ဆည်းကပ်၍ ဤနည်းဖြင့်လျှင် ဆို၏၊ ထိုစကားကို ကြား၍ ကျားသည်လည်း ခြင်္သေ့အထံသို့ ဆည်းကပ်၍ အဆွေခင်ပွန်း သင်သည် ဤသို့ ဆိုသလောဟု မေးလိုရကား ဤဂါထာကို ဆို၏။

၆၀။ ဝဏ္ဏာရောဟေန ဇာတိယာ၊ ဗလနိက္ကမနေန စ။
သုဗာဟု န မယာ သေယျော၊ သုဒါဌ ဣတိ ဘာသသိ။

ခြင်္သေ့မင်း ကျားသည် အဆင်း အလုံးအရပ်ဖြင့် လည်းကောင်း, အမျိုးဖြင့်လည်းကောင်း, အား လုံ့လဖြင့်လည်းကောင်း, ငါ့ထက်မလွန် မမြတ်ဤသို့ သင်သည် ဆိုသလော။

ထိုစကားကို ကြား၍ ခြင်္သေ့သည် ဤဂါထာတို့ကို ဆို၏။

၆၁။ ဝဏ္ဏာရောဟေန ဇာတိယာ၊ ဗလနိက္ကမနေန စ။
သုဒါဌော န မယာ သေယျော၊ သုဗာဟု ဣတိ ဘာသသိ။

၆၂။ ဧဝံ စေ မံ ဝိဟရန္တံ၊ သုဗာဟု သမ္မ ဒုဗ္ဘသိ။
န ဒါနာဟံ တယာ သဒ္ဓိံ၊ သံဝါသမဘိရောစယေ။

၆၃။ ယော ပရေသံ ဝစနာနိ၊ သဒ္ဒဟေယျ ယထာတထံ။
ခိပ္ပံ ဘိဇ္ဇေထ မိတ္တသ္မိံ၊ ဝေရဉ္စ ပသဝေ ဗဟုံ။

၆၄။ န သော မိတ္တော ယော သဒါ အပ္ပမတ္တော၊
ဘေဒါသင်္ကီ ရန္ဓမေဝါနုပဿီ။
ယသ္မိံ စ သေတီ ဥရသီဝ ပုတ္တော၊
သ ဝေ မိတ္တော ယော အဘေဇ္ဇော ပရေဟိ။

ခြင်္သေ့မင်းသည် အဆင်း အလုံးအရပ်အားဖြင့်လည်းကောင်း, အမျိုးအားဖြင့်လည်းကောင်း, အား လုံ့လအားဖြင့် လည်းကောင်း, ငါ့ထက် မသာလွန် မမြတ်ဟု သင်ကျားမင်းသည် ပြောဆိုလေသလော။

အရှယ်တူဖြစ်သော အဆွေကျား ဤကဲ့သို့ သင်နှင့်ငါ ညီညွတ်စွာနေသော ငါ့ကို မြေခွေး၏စကားကို ယုံကြည်၍ သင်သည် အကယ်၍ အထင်လွဲ ပြစ်မှားငြားအံ့၊ ငါသည် ယခုအခါ၌ သင်နှင့် အတူတကွ မနေလိုတော့။

သူတစ်ပါးတို့၏ စကားကို အဟုတ်အမှန်ဟု ယုံကြည်ထင်မှတ်သော သူမိုက်၌ မိတ်ဆွေသည် လျင်စွာ ပျက်စီးတတ်၏၊ ရန်သည်လည်း များစွာပွားတတ်၏။

အခါခပ်သိမ်း မမေ့မလျော့သည် ဖြစ်၍ မိတ်ဆွေ၏ ပျက်စီးမှုကို မပြုသော မိတ်ဆွေ၏ ပျက်စီးခြင်းကို ရှိရှာသော ကောင်းကျိုး ကောင်းခွင့်ကိုသာ အစဉ်ကြည့်ရှုတတ်သော သူသည် မိတ်ဆွေစစ် မည်၏၊ သားသည် အမိရင်ခွင်၌ ယုံကြည်စိတ်ချစွာ အိပ်သကဲ့သို့ အချင်းချင်းအပေါ်၌ ယုံကြည်စိတ်ချမှုရှိလျက် အိပ်သောသူသည်လည်းကောင်း သူတစ်ပါးတို့ကြောင့် စိတ်ဝမ်းမကွဲပြားသော သူသည်လည်းကောင်း ထိုသူမျိုးသည် စင်စစ် မိတ်ဆွေမည်၏။

ဤသို့ လေးဂါထာတို့ဖြင့် ခြသေ့်သည်မိတ်ဆွေ၏ကျေးဇူးကို ဆိုသည်ရှိသော် ကျားသည် ငါ့အား အပြစ်ရှိ၏ဟု ခြသေ့်ကို ကန်တော့၏၊ ထိုကျား ခြသေ့်တို့သည် ရှေးအတူသာလျှင် ညီညွတ်သော နေခြင်းဖြင့် နေကုန်၏၊ မြေခွေးသည် ကား ပြေး၍ တစ်ပါးသို့ သွား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤမြေဒေသနာကို ဆောင်တော်မူ၍ ယခုအခါ စားကြွင်းသည် ထိုအခါ မြေခွေးဖြစ်ဖူးပြီ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ခြသေ့်ဖြစ်ဖူးပြီ၊ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ ကျားဖူးဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ထိုအကြောင်းကို မျက်မှောက်အားဖြင့် မြင်သော ထိုတော၌ ရုက္ခစိုးနတ်ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကုန်းတိုက်စကား၊ မယုံငြား၊ ရှည်လျားမိတ်သဟာ။)

သုံးရာခြောက်ဆယ့်ဝ.စ်ခုမြောက်သော ဝဏ္ဏာရောဟဇာတ်သည် ပြီး၏။

---

၃၆၂-သီလဝီမံသဇာတ်

သီလသည်သာ အမြတ်ဆုံး

ဗဟုသုတပညာထက် သီလက မြတ်ခြင်း အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သီလံ သေယျော"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသီလဝီမံသဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သီလကို စုံစမ်းသော တစ်ယောက်သော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏၊

မင်းသည် ဤပုဏ္ဏားကား သီလနှင့် ပြည့်စုံ၏ဟု၊ ထိုပုဏ္ဏားကို တစ်ပါးကုန်သော ပုဏ္ဏားတို့ထက် မြတ်သည်ကို ပြု၍ ကြည့်၏၊ ထိုပုဏ္ဏားသည် မင်းကား သီလနှင့်ပြည့်စုံ၏ဟု ငါ့ကို တစ်ပါးသော ပုဏ္ဏားတို့ထက် မြတ်သည်ကို ပြု၍ ကြည့်သလော၊ ထိုသို့မဟုတ်မူ အကြားအမြင်ကို ဆောင်ခြင်းနှင့် ယှဉ်၏ဟူ၍ ငါ့ကို တစ်ပါးသော ပုဏ္ဏားတို့ထက်မြတ်သည်ကိုပြု၍ ကြည့်သလော၊ သီလ၏လည်းကောင်း၊ အကြားအမြင်၏လည်းကောင်း မြတ်သောအဖြစ်ကို စုံစမ်းဦးအံ့ဟု ကြံ၏၊ ကြံပြီး၍ တစ်နေ့သ၌ ရွှေပန်းထိမ်သည်၏ အထံမှ အသပြာကို ယူ၏၊ ရွှေပန်းထိမ်သည်သည်း အလေးအမြတ် ပြုအပ်သည်၏ အဖြစ်ကြောင့် တစ်စုံတစ်ခုသော စကားကိုမဆို၊ နှစ်ကြိမ်ယူသော်လည်း တစ်စုံတစ်ခုသော စကားကိုမဆို၊ သုံးကြိမ်မြောက်၌ကား လုယက်၍ စားသောသူတည်းဟု ဖမ်းယူစေ၍ မင်းအားပြ၏။

ပုဏ္ဏားသည် အဘယ်ကိုပြုသနည်းဟု မေးသည်ရှိသော် ဥစ္စာကိုလုယက်၏ဟု ဆို၏၊ ပုဏ္ဏားမှန်သလောဟု မေးသည်ရှိသော် မြတ်သောမင်းကြီး အကျွန်ုပ်သည် ဥစ္စာကိုမလုယက်၊ အကျွန်ုပ်အားကား သီလသည်တည်း မြတ်သလော၊ အကြားအမြင်သည်တည်း မြတ်သလောဟု ကုက္ကုစ္စသည် ဖြစ်၏၊ ထို အကျွန်ုပ်သည် သီလ, အကြားအမြင် ဤနှစ်ပါးတို့တွင် အဘယ်သည်လျှင်မြတ်သနည်းဟု စုံစမ်းလို၍ သုံးကြိမ် အသပြာကို ယူ၏၊ ထိုအကျွန်ုပ်ကို ရွှေပန်းထိမ်သည်သည် နှောင်ဖွဲ့၍ အရှင်မင်းကြီးတို့အား ပြ၏၊ ယခု အကျွန်ုပ်သည် အကြားအမြင်ထက် သီလ၏ မြတ်သည်၏ အဖြစ်ကို သိအပ်ပြီ၊ အကျွန်ုပ်အား အိမ်၌နေခြင်းဖြင့် အလိုမရှိ၊ အကျွန်ုပ်သည် ရဟန်းပြုအံ့ဟု ရဟန်းအဖြစ်ကိုခွင့်ပြုစေ၍ အိမ်တံခါးကို မကြည့်မူ၍လျှင် ဇေတဝန်ကျောင်းတော်သို့သွားပြီး၍ မြတ်စွာဘုရားအား ရဟန်းအဖြစ်ကိုတောင်း၏၊ မြတ်စွာဘုရားသည် ထိုပုဏ္ဏားအား သာမဏေအဖြစ် ပဉ္စင်းအဖြစ်ကို ပေးတော်မူ၏၊ ထိုပုဏ္ဏားသည် ပဉ္စင်းဖြစ်၍ မကြာမြင့်မီ ဝိပဿနာကို ပွားစေ၍ အရဟတ္တဖိုလ်၌ တည်၏၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဤမည်သောပုဏ္ဏားသည် မိမိ၏သီလကို စုံစမ်း၍ ရဟန်းပြု၍ ဝိပဿနာကို စီးဖြန်း၍ အရဟတ္တဖိုလ်၌ တည်၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ ဤပုဏ္ဏားသည်သာလျှင် သီလကိုစုံစမ်း၍ ရဟန်းပြု၍ မိမိတည်ရာကို ပြုသည်မဟုတ်သေး၊ ရှေး၌ ပညာရှိသည်လည်း သီလကိုစုံစမ်း၍ ရဟန်းပြု၍ မိမိ၏တည်ရာကို ပြုဖူးကုန်သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတီတဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ် ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်သင်၍ ဗာရာဏသီပြည်သို့ လာ၍ မင်းကို ဖူးမြင်၏။ မင်းသည် ဘုရားအလောင်းအား ပုရောဟိတ်အရာကို ပေး၏၊ ဘုရားလောင်းသည် ပဉ္စသီတို့ကို စောင့်ရှောက်၏၊ မင်းသည်လည်း ဘုရားလောင်းကို သီလ ရှိသောသူတည်းဟု အလေးအမြတ်ပြု၍ ကြည့်၏၊ ဘုရားလောင်း သည်ကား သီလနှင့်ပြည့်စုံ၏ဟု ငါ့ကိုကြည့်သလော၊ ထိုသို့မဟုတ်မူ အကြားအမြင်ကို ဆောင်ခြင်းနှင့်ယှဉ်သော သူတည်းဟု အလေးအမြတ်ပြု၍ ငါ့ကို ကြည့် သလောဟုကြံ၏၊ အလုံးစုံသော စကားသည် ပစ္စုပ္ပန်ဝတ္ထုနှင့် တူသည်သာလျှင် တည်း၊ဤသီလဝီမံသဇာတ်၌ကား ပုဏ္ဏားသည် ယခု အကျွန်ုပ်သည် အကြား အမြင်ထက် သီလ၏ မြတ်သောအဖြစ်ကို သိအပ်ပြီဟုဆို၍ ဤဂါထာတို့ကိုဆို၏-

၆၅။ သီလံ သေယျော သုတံ သေယျော၊ ဣတိ မေ သံသယော အဟု။
သီလမေဝ သုတာ သေယျော၊ ဣတိ မေ နတ္ထိ သံသယော။

၆၆။ မောဃာ ဇာတိ စ ဝဏ္ဏော စ၊ သီလမေဝ ကိရုတ္တမံ။
သီလေန အနုပေတဿ၊ သုတေနတ္ထော န ဝိဇ္ဇတိ။

၆၇။ ခတ္တိယော စ အဓမ္မဋ္ဌော၊ ဝေဿော စာဓမ္မနိဿိတော။
တေ ပရိစ္စဇ္ဇုဘော လောကေ၊ ဥပပဇ္ဇန္တိ ဒုဂ္ဂတိံ။

၆၈။ ခတ္တိယာ ဗြာဟ္မဏာ ဝေဿာ၊ သုဒ္ဒါ စဏ္ဍာလပုက္ကုသာ။
ဣဓ ဓမ္မံ စရိတွာန၊ ဘဝန္တိ တိဒိဝေ သမာ။

၆၉။ န ဝေဒါ သမ္ပရာယာယ၊ န ဇာတိ နာပိ ဗန္ဓဝါ။
သကဉ္စ သီလံ သံသုဒ္ဓံ၊ သမ္ပရာယာယ သုခါယ စ။

မြတ်သောမင်းကြီး အကျွန်ုပ်အား သီလသည်ပင် မြတ်လေသလော၊အကြား သည်ပင် မြတ်လေသလော ဟု ယုံမှားခြင်း ဖြစ်သောအခါ၌ သီလသည် သာလျှင် အကြားအမြင်ထက်မြတ်၏ဟု အကျွန်ုပ်သည် သိခဲ့ပါပြီ၊အကျွန်ုပ်အား ယုံမှားသံသယ မရှိတော့ပါ။

မြတ်သောမင်းကြီး အမျိုးသည်လည်းကောင်း, အဆင်းသည် လည်းကောင်း အကျိုးမရှိ သီလသည်သာလျှင် မြတ်သတတ်၊ သီလနှင့် မပြည့်စုံသောသူအား အကြားအမြင်ဖြင့် အကျိုးမရှိချေ။

တရားနှင့်မပြည့်စုံသောမင်း, မတရားမှုပြုလုပ်သောကုန်သည် ဟူသော ဤသူနှစ်ယောက်တို့သည် လူ့ပြည် နတ်ပြည်တို့သို့ မရောက်ကြရကုန်ဘဲ ဒုဂ္ဂတိ ဘဝသို့သာ ရောက်ရတတ်ကုန်၏။

မင်းဖြစ်စေ, ပုဏ္ဏားဖြစ်စေ, ကုန်သည်ဖြစ်စေ, သူဆင်းရဲဖြစ်စေ, သူသေကောင်ကိုစွန့်သော စဏ္ဍာလ ပန်းမှိုက်သွန်မျိုးဖြစ်စေ ဤယခုဘဝ၌ တရားကိုကျင့်၍ နတ်ပြည်၌ အတူဖြစ်ကြရကုန်၏။

ဗေဒင်တို့သည် နောက်ဘဝ၌ စည်းစိမ်ချမ်းသာကိုမပေးနိုင်၊ အမျိုးတို့သည် လည်းနောက်ဘဝ၌ စည်းစိမ်ချမ်းသာကိုမပေးနိုင်၊ အဆွေအမျိုးတို့သည်လည်း နောက်ဘဝ၌ စည်းစိမ်ချမ်းသာကို မပေးနိုင်၊ စင်ကြယ်သော မိမိသီလသည်သာလျှင် နောက်ဘဝ၌ စည်းစိမ်ချမ်းသာကို ပေးနိုင်၏။

ဤသို့ ဘုရားလောင်းသည် သီလကျေးဇူးဘိုကို ချီးမွမ်း၍ မင်းကိုပြော၍ ရဟန်းအဖြစ်ကို ခွင့်ပြုစေ၍ ထိုနေ့၌လျှင် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ အဘိညာဉ်သမာပတ်ဘိုကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သီလကိုစုံစမ်းသော ရသေ့ ရဟန်းပြုသော ပုဏ္ဏား ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

သုံးရာခြောက်ဆယ့်နှစ်ခုမြောက်သော သီလဝီမံသဇာတ်သည် ပြီး၏။

## ၃၆၁-ဟိရိဇာတ်

### တနပ်စားညာဏ်ကြီး

### အဆွေခင်ပွန်းယုတ် အကြောင်း

### ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဟိရိံ တရန္တံ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဟိရိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ် သူဌေး၏ အဆွေခင်ပွန်းဖြစ်သော ပစ္စန္တရစ်နေ သူဌေးကိုအကြောင်းပြု၍ ဟောတော်မူ၏၊ (နှစ်ပါးကုန်သော ဝတ္ထုတို့ကိုလည်း ဧကကနိပါတ် နဝမဝဂ်၏အဆုံး ဇာတ်၌ ချဲ့အပ်ကုန်ပြီးသလျှင် ကတည်း။) ဤဟိရိဇာတ်၌ကား ပစ္စန္တအရပ်နေ သူဌေး၏ လူတို့သည် လုယက်အပ်သော အလုံးစုံသော ဥစ္စာရှိကုန်သည်ဖြစ်၍ မိမိဥစ္စာ၏ အရှင်မဟုတ်သည်ဖြစ်၍ ပြေးကုန်၏ဟု ဗာရာဏသီသူဌေးအား ကြားလျှောက်သည်ရှိသော် ဗာရာဏသီသူဌေးသည် မိမိအထံသို့ လာကုန်သောသူတို့အား ပြုအပ်သောအမှုကို မပြုကုန်သော သူတို့မည်သည်ကား ကျေးဇူး တုံ့ပြန်တတ်သော သူတို့ကို မရကုန်ဟုဆို၍ ဤဂါထာတို့ကို ဆို၏—

၇၀။ ဟိရိံ တရန္တံ ဝိဇိဂုစ္ဆမာနံ၊ တဝါဟမသ္မိ ဣတိ ဘာသမာနံ၊
သေယျာနိ ကမ္မာနိ အနာဒိယန္တံ၊ နေသော မမန္တိ ဣတိ နံ ဝိဇညာ။

၇၁။ ယဉှိ ကယိရာ တဉှိ ဝဒေ၊ ယံ န ကယိရာ န တံ ဝဒေ။
အကရောန္တံ ဘာသမာနံ၊ ပရိဇာနန္တိ ပဏ္ဍိတာ။

၇၂။ န သော မိတ္တော ယော သဒါ အပ္ပမတ္တော၊ ဘေဒါသင်္ကီ ရန္ဓမေဝါနုပဿီ။
ယသ္မိံ စ သေတိ ဥရသီဝ ပုတ္တော၊ သ ဝေ မိတ္တော ယော အဘေဇ္ဇော ပရေဟိ။

၇၃။ ပါမောဇ္ဇကရဏံ ဌာနံ၊ ပသံသာဝဟနံ သုခံ။
ဖလာနိသံသော ဘာဝေတိ၊ ဝဟန္တော ပေါရိသံ ဓုရံ။

၇၄။ ပဝိဝေကရသံ ပိတွာ၊ ရသံ ဥပသမဿ စ။
နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မပ္ပီတိရသံ ပိဝံ။

အရှက်မရှိသော မိတ်ဆွေခင်ပွန်း၏အဖြစ်ကို စက်ဆုပ်အပ်သော ငါကား သင်၏အဆွေခင်ပွန်းဖြစ်၏”ဟု စကားမျှကိုသာ ပြောဆိုသော မြတ်သော ဆအမှုတို့ကို မပြုရသောသူကို ဤသူသည် ငါ၏အဆွေခင်ပွန်း မဟုတ်ဟု သိရမည်။

မိမိပြုလုပ်ပေးနိုင်သမျှကိုသာလျှင် ဝန်ခံကတိပြောဆိုရာ၏၊ မိမိမပြုလုပ်နိုင်သော အမှုကို ဝန်ခံမပြောဆိုရာ၊ ကတိပေးပြောဆိုပြီး မပြုလုပ်ပေးသူကို ပညာရှိတို့သည် သိကုန်၏။

အမြဲတမ်း မမေ့မလျော့သည် ဖြစ်၍ မိတ်ပျက်အောင် မပြုလုပ်၊ မိတ်ပျက်မည်ကို ကြောက်ရွံ့၏၊ မိတ်ဆွေ၏ အကျိုးအခွင့်ကိုသာ အစဉ်ကြည့်ရှုသောသူသည် မိတ်ဆွေစစ်မည်၏၊ သားသည် အမိ၏ရင်ခွင်၌ ယုံကြည်စိတ်ချစွာ အိပ်သကဲ့သို့ မိတ်ဆွေအပေါ်၌ ယုံကြည်စိတ်ချစွာ ပေါင်းသင်းသော သူတစ်ပါးတို့ကြောင့် စိတ်ဝမ်းမကွဲပြားသောသူသည် စင်စစ် အဆွေခင်ပွန်းမည်၏။

အကျိုးအာနိသင်ကို မြင်သော ယောကျ်ားတို့သည် ဆောင်အပ်သော ဒါနသီလ ဘာဝနာ မိတ်ဖွဲ့သည်၏အဖြစ်ဟု ဆိုအပ်သော လေးပါးအပြားရှိသော ဝန်ကို ရွက်ဆောင်သောသူသည် မိတ်ဖွဲ့သည်၏အဖြစ်ဟုဆိုအပ်သော ဝမ်းမြောက်ခြင်းကိုပြုတတ်သော အကြောင်းကို လည်းကောင်း, ချီးမွမ်းခြင်းကို ရွက်ဆောင်တတ်သော ချမ်းသာကိုလည်းကောင်း ပွားစေ၏။

ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေကတို့ကို မှီ၍ဖြစ်သော ဝမ်းမြောက်ဝမ်းသာခြင်းဟူသော အရသာကို သောက်၍ ကိလေသာငြိမ်းခြင်း၏ အစွမ်းဖြင့်ရအပ်သော ဝမ်းမြောက် ဝမ်းသာခြင်းဟူသော အရသာကိုလည်း သောက်၍ ဓမ္မပီတိဟုဆိုအပ်သော ဝိမုတ္တိအရသာကို သောက်သောသူသည် ကိလေသာဟူသော ပူပန်ခြင်းမရှိ၊ အကုသိုလ်မဖြစ်တော့၊

ဤသို့ ဘုရားလောင်းသည် ယုတ်မာသော အဆွေခင်ပွန်းနှင့် ပေါင်းမိခြင်းကြောင့် ထိတ်လန့်ခြင်းဖြစ်၍ ပဝိဝေက၏ အစွမ်းအားဖြင့် အမြိုက် နိဗ္ဗာန်သို့ရောက်စေ၍ **ဒေသနာ**၏ အထွတ်ကို ယူ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီသူဌေး ဖြစ်ပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(ကျေးဇူးတုံ့ လတ်၊ ဒုရှက်ကပ်၊ အမြတ်မိတ်ဆွေသာ။)

သုံးရာခြောက်ဆယ့်သုံးခုမြောက်သော ဟိရိဇာတ်သည် ပြီး၏။

## ၃၆၄-ခဇ္ဇောပနကဇာတ်

ကောနုသန္တမှိ ပဇ္ဇောတေ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ခဇ္ဇောပနက ပဥှာသည် မဟာဥမင်္ဂဇာတ်၌ အကျယ်အားဖြင့် ဖြစ်လတ္တံ့။

သုံးရာခြောက်ဆယ့်လေးခုမြောက်သော ခဇ္ဇောပနကဇာတ်သည် ပြီး၏။

## ၃၆၅-အဟိတုဏ္ဍိကဇာတ်

### တစ်ခါဆက်ဆံ ဆဲယ်ခါလန်

### ခဲမှန်ဖူးသော စာသူငယ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဓုတ္တောမှိ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအဟိတုဏ္ဍိကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ ဆီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ရဟန်းကြီးကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ဝတ္ထုကို အောက် သာလူကဇာတ်၌ ချဲ့အပ်ပြီ) ဤအဟိတုဏ္ဍိက ဇာတ်၌လည်း ထိုရဟန်းကြီးသည် ဤမည်သော ရွာသူသားငယ်ကို ရဟန်းပြု၍ ဆဲရေးရိုက်ပုတ်၏။ သာမဏေငယ်သည် ပြေး၍ လူထွက်၏၊ နှစ်ကြိမ်မြောက်လည်း ထိုသူငယ်ကို ရှင်ပြုစေ၍ ရှေးအတူလျှင် ပြု၏၊ သုံးကြိမ်မြောက်လည်း လူထွက်၍ တစ်ဖန် တောင်းပန်အပ်သည်ရှိသော် ကြည့်ခြင်းငှါလည်း အလိုမရှိ၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဤအမည်ရှိသော ရဟန်းကြီးသည် မိမိသာမဏေနှင့် အတူတကွ နေခြင်းငှါမတတ်နိုင်၊ ကင်း၍ နေခြင်းငှါလည်း မတတ်နိုင်၊ သာမဏေသည် ထိုရဟန်းကြီး၏ အပြစ်ကိုမြင်၍ ပြန်၍ ကြည့်ခြင်းငှါလည်း အလိုမရှိ၊ သာမဏေသည် စိတ်လိမ္မာ၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေး ကုန်သနည်းဟု မေးတော်မူလတ်၍ ဤ မည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်လတ်သော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ဤသာမဏေငယ်သည် စိတ်လိမ္မာသည်ဖြစ်၍ တစ်ကြိမ် တစ်ခါအပြစ်ကိုမြင်၍ တစ်ဖန်ပြန်၍ ကြည့်အံ့သောငှါ အလိုမရှိသည်မဟုတ်သေး၊ ရှေး၌လည်း အလို မရှိသည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## ဒသာတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် စပါးရောင်းသော ကုန်သည်မျိုး၌ဖြစ်၍ စပါးရောင်းသဖြင့် အသက်မွေး၏၊ ထိုအခါ တစ်ယောက်သော အလမ္ဗာယ်သည် မျောက်ကို ယူ၍ အတတ်သင်၍ မြွေကို ကစားစေ၍ ဗာရာဏသီပြည်၌ ပွဲသဘင်ကြွေးကြော်လတ်သော် ထိုမျောက်ကို စပါးရောင်းသော ကုန်သည်၏ အထံ၌ထား၍ မြွေကို ကစားလျက် ခုနစ်ရက်တို့ပတ်လုံး လှည့်လည်၏၊ ထိုကုန်သည်လည်း မျောက်အား ခဲဖွယ်ဘောဇဉ်ကို ပေး၏၊ အလမ္ဗာယ်သည် ခုနရက်မြောက်သောနေ့၌ ပွဲသဘင်ကစားရာမှ လာ၍ ထိုမျောက်ကို ဝါးခြမ်းစိတ်ဖြင့် သုံးကြိမ်ရိုက်၍ မျောက်ကိုယူ၍ ဥယျာဉ်သို့သွား၍ နှောင်ဖွဲ့၍ အိပ်ပျော်ခြင်းသို့ ရောက်၏၊ မျောက်သည် အနှောင်အဖွဲ့ကိုဖြေ၍ သရက်ပင်သို့တက်၍ သရက်သီးတို့ကို စား၍နေ၏၊ အလမ္ဗာယ်လည်း နိုး၍ သရက်ပင်၌ မျောက်ကိုမြင်၍ ထိုမျောက်ကို ငါသည် ဖြားယောင်း၍ ယူခြင်းငှာသင့်၏ဟု ထိုမျောက်နှင့်တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၈၀။ ခုတ္တော္ဘမှိ သမ္မ သုမုခ၊ ဇူတေ အက္ခပရာဇိတော။
ဟရေဟိ အမ္ဗပက္ကာနိ၊ ဝီရိယံ တေ ဘက္ခယာမသေ။

ကောင်းသော မျက်နှာရှိသော အချင်းမျောက် ငါသည် ကြွေအန်ကစားခြင်း၌ အလွန်အကြူးပြုမိ၏။ ကြွေအန်တို့လည်း ရှုံးခဲ့၏။ သရက်သီးမှည့်တို့ကို ချလော၊ သင်၏ဝီရိယကြောင့် ဖြစ်သော သရက်သီးမှည့်ကို စားကုန်အံ့။

ထိုစကားကိုကြား၍ မျောက်သည် ဤဂါထာတို့ကို ဆို၏—

၈၁။ အလိကံ ဝတ မံ သမ္မ၊ အဘူတေန ပသံသသိ။
ကော တေ သုတော ဝါ ဒိဋ္ဌော ဝါ၊ သုမုခေါ နာမ မက္ကဋော။

၈၂။ အဇ္ဇာပိ မေ တံ မနသိ၊ ယံ မံ တွံ အဟိတုဏ္ဍိက။
ဓညာပဏံ ပဝိသိတွာ၊ မတ္တော ဆာတံ ဟနာသိ မံ။

၈၃။ တာဟံ သရံ ဒုက္ခသေယျံ၊ အပိ ရဇ္ဇံပိ ကာရယေ။
နေဝါဟံ ယာစိတော ဒဇ္ဇံ၊ တထာ ဟိ ဘယတဇ္ဇိတော။

၈၄။ ယဉ္စ ဇညာ ကုလေ ဇာတံ၊ ဂဗ္ဘေ တိတ္တံ အမစ္ဆရိံ။
တေန သခိဉ္စ မိတ္တဉ္စ ဓီရော၊ သန္ဓာတုမရဟတိ။

အချင်းအလမ္ဗါယ် သင်သည် ငါ့ကို မဟုတ်မမှန်သော စကားဖြင့် ချီးမွမ်း၏၊ သင်၏စကားသည် အဓိပ္ပါယ်မရှိ၊ သင်သည် ဘယ်အခါ၌ မျက်နှာလှသော မျောက်ကို ကြားဖူးမြင်ဖူး ပါသနည်း။

အလမ္ဗါယ် သင်သည် စပါးဈေးသို့ဝင်၍ ငါ့ကိုလွှတ်ပြီး ဝတ်မွတ်ဆာလောင်သော ငါ့ကို ရိုက်ခဲ့ဖူးသည်ကို သင်သည် ယခုသတိရလေလော၊

ငါသည် ထိုသို့ဆင်းရဲစွာ အိပ်ခဲ့ရခြင်းကို မမေ့နိုင်။ သင်သည် ငါ့ကို ဘေးဖြင့် ခြိမ်းခြောက်သောကြောင့် သင်သည် ငါ့ကို မင်းအဖြစ်ကဲ့သို့လည်း ပြုငြားအံ့၊ သင်တောင်းအပ်သော ငါသည် သင့်အား မပေးသည်သာတည်း။

အမျိုး၌ဖြစ်သော ကိုယ်ဝန်၌ ရောင့်ရဲသော, ဝန်မတိုသော သူကို သိရှိ၍ ပညာရှိသည်သိုသူနှင့် အဆွေခင်ပွန်းအဖြစ်,မိတ်ဆွေအဖြစ် ပေါင်းသင်းထိုက်၏။

ဇာတ်ပေါင်း

ဤသို့လျှင်ဆို၍ မျောက်သည် တောသို လျင်မြန်စွာ ဝင်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရဟန်းကြီးသည် ထိုအခါ အလမ္ဗာယ်ဖြစ်ပြီ၊ ယခုအခါ သာမဏေသည် ထိုအခါ မျောက်ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ စပါးကုန် ရောင်းသော သူ ဖြစ်ပြီဟု– ဇာတ်ကို ပေါင်းတော်မူ၏။

(မြောက်စား ခြောက်စား၊ထိုသူအား၊ ရှောင်ရှားဝေးဝေးခွါ။)

သုံးရာခြောက်ဆယ့်ငါးခု မြောက်သော အဟိတုဏ္ဍိက ဇာတ်သည် ပြီး၏။

## ၃၆၆–ဂုမ္ဗိယဇာတ်

ဘယ်သူသေသေ တေမာသျှင်ပြီးရော့

အဆိပ်ခတ်သော ဘီလူးအကြောင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် မဓုဝဏ္ဏ မဓုရသာအစရှိသော ဂါထာပုဒ်ဖြင့်, တန်ဆာဆင်အပ်သော ဤ ဂုမ္ဗိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရဟန်းကို သဗ္ဗညုမြတ်စွာဘုရား

သည် ရဟန်း သင်သည် ငြီးငွေ့သော ဟူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် အဘယ်ကိုမြင်၍ သင်ငြီးငွေ့သနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား တန်ဆာဆင်သော မိန်းမကိုမြင်၍ ငြီးငွေ့၏ဟု နားတော်လျှောက် သည်ရှိသော ရဟန်း ဤငါးပါးသော ကာမဂုဏ်တို့မည်သည်ကား ဂုမ္ဘိယ မည်သော တစ်ယောက်သော ဘီလူးသည် လတ်တလော သေတတ်သော အဆိပ် ကို ထည့်၍ခရီး၌ ထားအပ်သော ပျားအရသာနှင့် တူကုန်၏ဟုမိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် လှည်းကုန်သည် အမျိုး၌ဖြစ်၍ အရှယ်ရောက် လတ်သော် ဗာရာဏသီပြည်မှ လှည်းငါးရာတို့ဖြင့် ဘဏ္ဍာကိုယူ၍ ကုန်ရောင်း အံ့သောငှါ သွား၍တောအုပ်ကြီးအဝသို့ရောက်၍ လှည်းကုန်သည်တို့ကို စည်း ဝေးစေ၍အချင်းတို့ ဤခရီး၌ အဆိပ်ရှိကုန်သောအရွက်အပွင့် အသီးအစရှိသည် တို့ရှိကုန်၏၊ ဘီလူးတို့သည်လည်း အဆိပ်ကိုထည့်၍ ထမင်းထုပ် ပျား သစ်သီး တို့ကို ခရီး၌ ထားအပ်ကုန်၏၊ ထိုအရွက် အပွင့်အသီး အစရှိသည်တို့ကို မစား ဖူးဘဲ စားလိုသည်ရှိသော် ငါ့ကိုမပန်မူ၍ မစားကြကုန်လင့်ဟု ဆုံးမ၍ ခရီးသို့ သွား၏၊ ထိုအခါ ဂုမ္ဘိယမည်သော တစ်ယောက်သောဘီလူးသည် တောအုပ်၏ အလယ်ခရီး၌ သစ်ရွက်တို့ကို ခင်း၍လတ်တလော သေစေတတ်သောအဆိပ်နှင့် ယှဉ်ကုန်သော ပျားလပို့ခဲတို့ကို ထား၍မိမိသည် ခရီး၏ အနီး၌ ပျားကိုယူ သကဲ့သို့လည်းကောင်း သစ်ပင်တို့ကို ပေါက်သကဲ့သို့ လည်းကောင်း လှည့်လည် ၏၊ မသိကုန်သောသူတို့သည် ကောင်းမှုအကျိုးငှါ ထားအပ်ကုန်သည် ဖြစ်လတ္တံ့ ဟု စား၍ အသက်ကုန်ခြင်းသို့ ရောက်ကုန်၏၊ ဘီလူးတို့သည် လာလတ် ကုန်၍ ထိုသူသေတို့ကိုစားကုန်၏၊ဘုရားလောင်း၏လှည်းကုန်သည်တို့သည် ထား အပ်သော ပျားတို့ကိုမြင်၍ လျှပ်ပေါ်သော သဘောရှိကုန်သော အချို့သော သူတို့သည် သည်းခံအံ့သောငှါ မတတ်နိုင်ကုန်၍ စားကုန်၏၊ ပညာရှိကုန်သော သူတို့သည် ဘုရားလောင်းကို မေး၍ စားကုန်အံ့ဟုယူ၍ ရပ်ကုန်၏၊ ဘုရား လောင်းသည် ထိုသူတို့ကိုမြင်၍ လက်၌ ရှိကုန်သော ပျားတို့ကို စွန့်စေ၏၊ အကြင်သူတို့သည် ရှေးဦးစွာ စားကုန်၏၊ ထိုသူတို့သည် သေကုန်၏၊ အကြင် သူတို့သည်လည်း ထက်ဝက် စားကုန်၏၊ ထိုသူတို့အား အော့အန်စေတတ်သော ဆေးတို့ကို ပေး၍ အော့အန်သောကာလ၌ စတုမဓုကိုပေး၏၊ ဤသို့ ထိုသူ တို့သည် ဘုရားလောင်း၏ အာနုဘော်အားဖြင့်ႇ အသက်ကို ရကုန်၏၊ ဘုရား

လောင်းသည် ချမ်းသာသဖြင့် လိုရာအရပ်သို့သွား၍ ဘဏ္ဍာကိုရောင်း၍ မိမိ အိမ်သို့လျှင် သွား၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူ၍ ဘုရားဖြစ်တော်မူပြီး ဤဂါထာတို့ကိုဟောတော်မူလျက် သစ္စာတို့ကိုပြတော်မူကာ ဇာတ်ကိုပေါင်းတော်မူ၏–

၇၅။ မဓုဝဏ္ဏံ မဓုရသံ၊ မဓုဂန္ဓံ ဝိသံ အဟု။
ဂုမ္ဗိယော ဃာသမေသာနော၊ အရညေ ဩဒဟီ ဝိသံ။

၇၆။ မဓု ဣတိ မညမာနာ၊ ယေ တံ ဝိသမခါဒိသုံ။
တေသံ တံ ကဋုကံ အာသိ၊ မရဏံ တေနုပါဂမုံ။

၇၇။ ယေ စ ခေါ ပဋိသင်္ခါယ၊ ဝိသံ တံ ပရိဝဇ္ဇယုံ။
တေ အာတုရေသု သုခိတာ၊ ဍယှမာနေသု နိဗ္ဗုတာ။

၇၈။ ဧဝမေဝ မနုဿေသု၊ ဝိသံ ကာမာ သမောဟိတာ။
အာမိသံ ဗန္ဓနဉ္စေတံ၊ မစ္စုဝေသော ဂုဟာသယော။

၇၉။ ဧဝမေဝ ဣမေ ကာမေ၊ အာတုရာ ပရိစာရိကေ။
ယေ သဒါ ပရိဝဇ္ဇေန္တိ၊ သင်္ဂံ လောကေ ဥပစ္စဂုံ။

အစာကိုရှာလိုသော ဂုမ္ဗိယဘီလူးသည် ပျားအဆင်းရှိသော ပျားအရသာရှိသော, ပျားအနံ့ရှိသော အဆိပ်ကို တော၌ ထား၏။

ထိုအဆိပ်ကို ပျားဟု ထင်မှတ်သဖြင့် စားကုန်သော သူတို့အား ထိုအဆိပ်သည် ပြင်းစွာပူလောင်၍ သေကြကုန်၏။

ထိုအဆိပ်ကို ဆင်ခြင်၍ ရှောင်ကြဉ်ကုန်သော သူတို့သည် ချမ်းသာစွာ သေရ၏၊ အဆိပ် အလောင်မခံရကုန်။

ဤအတူလျှင် - လူတို့၌ ကာမဂုဏ်ငါးပါး အပေါင်းသည် အဆိပ်မည်၏၊ ထိုကာမဂုဏ် ငါးပါးဟူသော အဆိပ်ဟူသည် အာမိသလည်း မည်၏၊ အနှောင်အဖွဲ့လည်း မည်၏၊ ကိုယ်တည်းဟူသော လိုဏ်၌ အောင်းတတ်သော သေမင်း အသွင်နှင့်လည်း တူ၏။

ဤအတူလျှင် ကိလေသာဖြင့် လုပ်ကျွေးတတ်ကုန်သော ကာမတို့ကို ကျင်နာကြောက်ရွံ့ကြကုန်၍ အမြဲရှောင်ကြဉ်ကြကုန်သော သူတို့သည် လောက၌ ကိလေသာကို လွန်မြောက်နိုင်ကုန်၏။

သစ္စာကို ပြသည်၏အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ဇာတ်ပေါင်း

အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ လှည်းကုန်သည် ဖြစ်ပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမဂုဏ်ငါး၊ အဆိပ်လား၊ လျဉ်လျှားသေတတ်စွာ။)

သုံးရာခြောက်ဆယ့်ခြောက်ခုမြောက်သော ဂုမ္ဗိယဇာတ်သည် ပြီး၏။

## ၃၆၇-သာဠိယဇာတ်

### သူများမနာလို ကိုယ်အကျိုးယုတ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ယွာယံသာဠိယဆာပေါ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသာဠိယဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ငါ့ရှင်တို့ ဒေဝဒတ်သည် သဗ္ဗညုမြတ်စွာဘုရားအား ထိတ်လန့်ခြင်းကို ဖြစ်စိမ့်သော်ငါ မတတ်နိုင်ဟူသော ရဟန်းတို့၏ စကားကို အကြောင်းပြု၍ ဟောတော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရွာငယ်၌ သူကြွယ်မျိုး ဖြစ်၍ ငယ်သောကာလ မြေမှုန့် ကစားဘက်ဖြစ်သော သူငယ်တို့နှင့်တကွ ရွာတံခါး၏အနီး ပညောင်ပင်ရင်း၌ ကစား၏၊ ထိုအခါ တစ်ယောက်သော အားနည်းသော ဆေးသမားသည် ရွာ၌ တစ်စုံတစ်ခုသော အမှုကိုမရဘဲ ထွက်လတ်သော် ထိုအရပ်သို့ ရောက်၍ သစ်ခွကြားမှ ဦးခေါင်းကို ထုတ်၍ အိပ်သော မြွေကိုမြင်၍ ငါသည် တစ်ခုသော ရွာ၌လည်း တစ်စုံတစ်ခုကို မရ၊ ဤသူငယ်တို့ကို လှည့်စား၍ မြွေကိုက်စေ၍ ဆေးကု၍ တစ်စုံတစ်ခုကိုလျှင် ယူအံ့ဟုကြံ၍ ဘုရားလောင်းကို အမောင် ဆက်ရက်ငယ်ကို မြင်သော် ယူအံ့လောဟု ဆို၏၊ ယူအံ့ဟု ဆိုလတ်သော် ကြည့်လော့ ထိုဆက်ရက်ငယ်သည် သစ်ခွကြား၌ အိပ်၏ဟု ဆို၏၊ ဘုရား

လောင်းသည် မြွေ၏အဖြစ်ကို မသိရကား သစ်ပင်သို့ တက်၍ ထိုမြွေကို လည်၌ ဆုပ်ကိုင်၍ မြွေဟုသိ၍ ဆုတ်နစ်စိမ့်သောငှာ မပေးမူ၍ ကောင်းစွာ ကိုင်၍ လျင်မြန်သော အဟုန်ဖြင့် ပစ်၏၊ ထိုမြွေသည် ဆေးသမား၏ လည်၌ကျ၍ လည်ကိုရစ်၍ "ကရ ကရ" ဟု ခဲ၍ ထိုအရပ်၌လျှင် ထိုဆေးသမားကို လဲစေ၍ ပြေး၏၊ လူတို့သည် ခြံရံကုန်၏။

ဘုရားလောင်းသည် ရောက်လာသော ပရိသတ်အား တရားဟောလိုရကား ဤဂါထာတို့ကို ဆို၏—

၉၀။ ယွာယံ သာဠိယ ဆာပေါတိ၊ ကဏှသပ္ပံ အဂါဟယိ။
　　တေန သပ္ပေန ယံ ဒဋ္ဌော၊ ဟတော ပါပါနုသာသကော။

၉၁။ အဟန္တာရ မဟန္တာရံ၊ ယော နရော ဟန္တုမိစ္ဆတိ။
　　ဧဝံ သော နိဟတော သေတိ၊ ယထာယံ ပုရိသော ဟတော။

၉၂။ အဟန္တာရ မဃာတေန္တံ၊ ယော နရော ဟန္တုမိစ္ဆတိ။
　　ဧဝံ သော နိဟတော သေတိ၊ ယထာယံ ပုရိသော ဟတော။

၉၃။ ယထာ ပံသုမုဋ္ဌိံ ပုရိသော၊ ပဋိဝါတံ ပဋိက္ခိပေ။
　　တမေဝ သော ရဇော ဟန္တိ၊ တထာယံ ပုရိသော ဟတော။

၉၄။ ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊ သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
　　တမေဝ ဗာလံ ပစ္စေတိ ပါပံ၊ သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

မြွေဟောက်ကို ဆက်ရက်ငယ် ဟူ၍ ဖမ်းယူသော၊ မကောင်းသည်ကို ဆုံးမတတ်သော ဆေးသမားသည် ထိုမြွေခဲသဖြင့် သေလေ၏။

ညှဉ်းဆဲခြင်းငှာ လည်းကောင်း သတ်ခြင်းငှာ လည်းကောင်း မထိုက်သော သူကို ညှဉ်းဆဲ သတ်ဖြတ်လိုသော ဆေးသမားသည် သေရသကဲ့သို့ ထိုသို့ သဘောရှိသော သူသည် သေရ၏။

ညှဉ်းဆဲခြင်းငှာ လည်းကောင်း သတ်ခြင်းငှာ လည်းကောင်း မထိုက်သူကို ညှဉ်းဆဲ သတ်ဖြတ်လိုသော ဆေးသမားသည် သေရသကဲ့သို့ ထိုသို့ သဘော ရှိသူသည် သေရ၏။

ယောကျ်ားသည် မြေမှုန့်ဆုပ်ကို လေညာသို့ ပစ်လွှတ်ငြားအံ့၊ ထိုမြူသည် ထိုယောကျ်ားကိုသာလျှင် ညှဉ်းဆဲသကဲ့သို့ ဤဆေးသမားသည်လည်း မိမိကိုယ်ကို မိမိ သတ်သေရ၏။

မပြစ်မှားအပ်သော စင်ကြယ်သော သတ္တဝါဖြစ်သည့် အပြစ်မရှိသူအား ပြစ်မှားသူသည် လေညာသို့ ပစ်အပ်သော သိမ်မွေ့သော မြူကဲ့သို့ ထိုလူသို့ သာလျှင် မကောင်းမှုသည် တစ်ဖန် လာ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ဆေးသမား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိသော သူငယ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ့်ရှုး ကိုယ်ပတ်၊ ကိုယ့်အတတ်၊ သေလတ် ကိုယ်ပင်သာ။)

သုံးရာခြောက်ဆယ့်ခုနစ်ခုမြောက်သော သာဠိယဇာတ်သည် ပြီး၏။

---

၃၆၈-တစသာရဇာတ်

သေဘေးနှင့် တွေ့သော်လည်း မစိုးရိမ်အပ်ကြောင်း

ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "အမိတ္တဟတ္ထတ္ထဂတာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤတစသာရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ပညာပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုအခါ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရားသည် ပညာရှိသည်, ဥပါယ်၌ လိမ္မာသည် မဟုတ်သေး၊ ရှေး၌လည်း ပညာရှိသည် ဥပါယ်၌ လိမ္မာသည်သာလျှင် ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော် မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ရွာငယ်၌ သူကြွယ်အမျိုး၌ ဖြစ်၏၊ အလုံးစုံသော စကားကို ရှေး သာဠိယဇာတ်၌ ဆိုအပ်ပြီးသော နည်းဖြင့်လျှင် ဆိုအပ်၏။ ဤတစသာရ ဇာတ်၌ကား ဆေးသမား သေသည်ရှိသော် ရွာ၌နေကုန်သော လူတို့သည် ထိုသူငယ်တို့ကို လူသတ် သူငယ်တို့ဟူ၍ တောက်တိုဖြင့် နှောင်ဖွဲ့၍

မင်းအား ပြကုန်အံ့ဟု ဗာရာဏသီသို့ ဆောင်ကုန်၏၊ ဘုရားလောင်းသည် ခရီးအကြား၌လျှင် ကြွင်းသော သူငယ်တို့အား သင်တို့သည် မကြောက်ကုန်လင့်၊ မင်းကိုမြင်၍လည်း မကြောက်ကုန်ဘဲ နှစ်သက်ဖွယ်သော၊ ဣန္ဒြေရှိကုန်သည် ဖြစ်ကုန်လော့၊ မင်းသည် သင်တို့နှင့်တကွ ရှေးဦးစွာ စကားကို ဆိုလတ္တံ့၊ ထိုအခါမှစ၍ ငါသည် ပြောအံ့ဟု အဆုံးအမကို ပေး၏၊ ထိုသူငယ်တို့သည် ကောင်းပြီဟု ဝန်ခံ၍ ဘုရားလောင်း ဆိုတိုင်း ပြုကြကုန်၏။ မင်းသည် မကြောက်ကုန်သော နှစ်သက်ဖွယ်သော ဣန္ဒြေရှိကုန်သော ထိုသူငယ်တို့ကို မြင်၍ ဤသူငယ်တို့သည် စက်ဆုပ်ဖွယ်သော တောက်ဖြင့် ဖွဲ့ကုန်၍ ဆောင်အပ်ကုန်သည် ဖြစ်၍ ဤသို့သဘောရှိသော ဆင်းရဲသို့ ရောက်ကုန်လျက်လည်း မကြောက်ကုန်၊ နှစ်သက်ဖွယ်သော ဣန္ဒြေရှိသည်သာလျှင် ဖြစ်ကုန်၏၊ ထိုသူငယ်တို့၏ မစိုးရိမ်သောအကြောင်းသည် အသို့နည်းဟု ထိုသူငယ်တို့ကို မေးလိုရကား ဤဂါထာကို ဆို၏—

၉၅။ အမိတ္တ ဟတ္ထတ္တဂတာ၊ တစသာရသမပ္ပိတာ။
ပသန္နမုခဝဏ္ဏာတ္ထ၊ ကသ္မာ တုမှေ န သောစထ။

သူငယ်တို့ သင်တို့သည် ရန်သူတို့လက်သို့ ရောက်ကုန်လျက် ဝါးလုံးတို့ဖြင့် နှောင်ဖွဲ့အပ်ကုန်လျက် ကြည်လင်သော မျက်နှာအဆင်း ရှိသည် ဖြစ်ကုန်၏။ အဘယ့်ကြောင့် မစိုးရိမ်ကြကုန်သနည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာတို့ကို ဆို၏—

၉၆။ န သောစနာယ ပရိဒေဝနာယ၊ အတ္ထော ဝ လဗ္ဘော အပိ အပ္ပကောပိ။
သောစန္တ'မေနံ ဒုခိတံ ဝိဒိတွာ၊ ပစ္စတ္ထိကာ အတ္တမနာ ဘဝန္တိ။

၉၇။ ယတော စ ခေါ ပဏ္ဍိတော အာပဒါသု၊ န ဝေဓတိ အတ္ထဝိနိစ္ဆယညူ။
ပစ္စတ္ထိကာ'ဿ ဒုခိတာ ဘဝန္တိ၊ ဒိသွာ မုခံ အဝိကာရံ ပုရာဏံ။

၉၈။ ဇပ္ပေန မန္တေန သုဘာသိတေန၊ အနုပ္ပဒါနေန ပဝေဏိယာ ဝါ။
ယထာ ယထာ ယတ္ထ'လဘေထ အတ္ထံ၊ တထာ တထာ တတ္ထ ပရက္ကမေယျ။

၉၉။ ယတော စ ဇာနေယျ အလဗ္ဘနေယျော၊ မယာ ဝ အညေန ဝါ ဧသ အတ္ထော။
အသောစမာနော အဓိဝါသယေယျ၊ ကမ္မံ ဒဠှံ ကိန္တိ ကရောမိ ဒါနိ။

မြတ်သောမင်းကြီး စိုးရိမ်သဖြင့် လည်းကောင်း၊ ငိုကြွေးသဖြင့် လည်းကောင်း အနည်းငယ်သော အကျိုးကိုလည်း မရအပ်ပေ။ ထိုသူ၏ စိုးရိမ်ဆင်းရဲကို သိ၍ ရန်သူတို့သည် ဝမ်းမြောက်ကြကုန်၏။

ဘေးရန်ကို ဖြစ်ကုန်သည့် ရှိသော် အကျိုး၏ အဆုံးအဖြတ်ကို သိသော ပညာရှိသည် မတုန်လှုပ်၊ ဖောက်ပြန်ခြင်း မရှိသော ရှေးအတိုင်း ဖြစ်သော မျက်နှာကို မြင်၍ ထိုရန်သူတို့သည် ဆင်းရဲကုန်၏။

မန္တရား မန်းသဖြင့် လည်းကောင်း၊ ပညာရှင်တို့နှင့် တိုင်ပင်သဖြင့် လည်းကောင်း၊ ကောင်းစွာ ဆိုသော စကားဖြင့် လည်းကောင်း၊ တရားစီရင်သော အမတ်တို့အား တံဒိုးပေးသဖြင့် လည်းကောင်း၊ ဆွေမျိုးစဉ်ဆက်ကို ပြဆိုသဖြင့် လည်းကောင်း ရန်သူတို့ကို အောင်အပ်ကုန်၏၊ ဤငါးပါးသော အကြောင်းတို့တွင် အကျိုးရရာသော အကြောင်းဖြင့် ထိုအမှု၌ လုံ့လပြုရာ၏။

ဤအကျိုးကို ငါသည် လည်းကောင်း တစ်ပါးသူသည် လည်းကောင်း မရအပ် ဟူ၍ သိသောအခါ၌ မစိုးရိမ်ဘဲ ကံသည် မြဲမြံ၏၊ ယခု အဘယ်သို့ ပြုနိုင်အံ့နည်းဟု သည်းခံရာ၏။

မင်းသည် ဘုရားလောင်း၏ တရားစကားကို ကြား၍ အမှုကို သုတ်သင်၍ အပြစ်မရှိသော အဖြစ်ကို သိ၍ တောက်တို့ကို ပယ်စေ၍ ဘုရားလောင်းအား ကြီးစွာသောစည်းစိမ်ကို ပေး၍ မိမိ၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်အရာကို ပေး၏၊ ကြွင်းသော သူငယ်တို့အားလည်း စည်းစိမ်ကို ပေး၍ အရာအထူးကို ပေး၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ထေရ်ကြီး ထေရ်ငယ် တို့သည် ထိုအခါ သူငယ်များ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိသော သူငယ် ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(ဘေးရန်နှင့် ကြုံမိ၊ မစိုးရိမ်၊ တည်ငြိမ် ကြည်မျက်နှာ။)

သုံးရာခြောက်ဆယ့်ရှစ်ခုမြောက်သော တစသာရ ဇာတ်သည် ပြီး၏။

---

၃၆၉-မိတ္တဝိန္ဒကဇာတ်

ငရဲပန်း ရှေပန်းထင်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကျောင်း ဒေဝါန မကာနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ

ဆင်အပ်သော ဤမိတ္တဝိန္ဒကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆိုနိုင်ခက်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝတ္ထုသည် မဟာမိတ္တဝိန္ဒကဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့၊ ဤမိတ္တဝိန္ဒကသည်ကား သမုဒ္ဒရာ၌ ပစ်ချအပ်သည် ရှိသော် အလွန် အလိုရမ္မက် ကြီးသည်ဖြစ်၍ ငရဲသူ သတ္တဝါတို့၏ ကျက်စား ဥဿဒငရဲကို တစ်ခုသော မြို့တည်းဟူသော အမှတ်ဖြင့် ဝင်၍ သင်တုန်းစက်သို့ ရောက်၏၊ ထိုအခါ ဘုရားလောင်းသည် နတ်သားဖြစ်၍ ဥဿဒငရဲကို လှည့်လည်၏၊ မိတ္တဝိန္ဒကသည် ဘုရားလောင်းကို မြင်၍ မေးလိုရကား ဤဂါထာကို ဆို၏—

၁၀၀။ ကျာဟံ ဒေဝါနမကရံ၊ ကိံ ပါပံ ပကတံ မယာ။
ယံ မေ သိရသ္မိံ ဩဟစ္စ၊ စက္ကံ ဘမတိ မတ္ထကေ။

အရှင်နတ်သား အကျွန်ုပ်သည် နတ်တို့အား အဘယ်အမှုကို ပြုမိပါသနည်း။ မကောင်းမှုကို ပြုသဖြင့် ကျွန်ုပ်၏ ဦးထိပ်၌ သင်တုန်းစက် လည်ရ၏။ အကျွန်ုပ်သည် အဘယ်မည်သော မကောင်းမှုကို ပြုအပ်သနည်း။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၁၀၁။ အတိက္ကမ ရမဏကံ၊ သဒါမတ္တဉ္စ ဒူဘကံ။
ဗြဟ္မတ္တရဉ္စ ပါသာဒံ၊ ကေနတ္ထေန ဣဓာဂတော။

မိတ္တဝိန္ဒက သင်သည် ဖန်ဖြင့် ပြီးသောပြာသာဒ်ကို လည်းကောင်း၊ ငွေဖြင့်ပြီးသော ပြာသာဒ်ကိုလည်းကောင်း၊ ပတ္တမြားဖြင့်ပြီးသော ပြာသာဒ်ကိုလည်းကောင်း လွန်၍ အဘယ်အကြောင်းကြောင့် ဤငရဲသို့ လာသနည်း။

မိတ္တဝိန္ဒကသည် ဤဂါထာကို ဆို၏—

၁၀၂။ ဣတော ဗဟုတရာ ဘောဂါ၊ အတြ မညေ ဘဝိဿရေ။
ဣတိ ဧတာယ သညာယ၊ ပဿ မံ ဗျသနံ ဂတံ။

အရှင်နတ်သား ဤလေးခုသော ပြာသာဒ်တို့ရှိ စည်းစိမ်ချမ်းသာတို့ထက် ထိုအရပ်၌ အလွန်များကုန်သည်ရှိကုန်ယောင်တကား၊ ဤသို့သော အမှတ်ဖြင့် ပျက်စီးခြင်းသို့ ရောက်သော ငါ့ကို ရှုပါလော။

ထိုနောင်မှ ဘုရားလောင်းသည် ဤဂါထာတို့ကို ဆို၏။

၁၀၃။ စတုဗ္ဘိ အဋ္ဌဇ္ဈဂမာ၊ အဋ္ဌာဟိပိစ သောဠသ။
သောဠသာဟိ စ ဗာတ္တိံသ၊ အတြိစ္ဆံ စက္ကမာသဒေါ။
ဣစ္ဆာဟတဿ ပေါသဿ၊ စက္ကံ ဘမတိ မတ္ထကေ။

၁၀၄။ ဥပရိ ဝိသာလာ ဒုပ္ပူရာ၊ ဣစ္ဆာ ဝိသဋဂါမိနီ။
ယေ စ တံ အနုဂိဇ္ဈန္တိ၊ တေ ဟောန္တိ စက္ကဓာရိနော။

မိတ္တဝိန္ဒက သင်သည် နတ်သမီးလေးယောက်တို့မှ နတ်သမီး ရှစ်ယောက်တို့ ရ၏။ ရှစ်ယောက်သော နတ်သမီးတို့မှလည်း တစ်ကျိပ် ခြောက်ယောက်သော နတ်သမီးတို့ရ၏။ တစ်ကျိပ်ခြောက်ယောက်သော နတ်သမီးတို့မှလည်း သုံးကျိပ် နှစ်ယောက်သော နတ်သမီးတို့ကို ရ၏၊ အလွန်အလိုကြီးသောသင်သည် သင်တုန်း စက်သို့ ရောက်၏။ အလိုရမ္မက်နှိပ်စက်ခံရသော ယောကျ်ားဖြစ်သော သင်၏ ထိပ်ထက်၌ သင်တုန်းစက်လည်၏။

မိတ္တဝိန္ဒက တဏှာသည် အထက်၌ ကျယ်ခြင်းသို့ ပြည့်စုံနိုင်ခဲခြင်းသို့ ရောက်၏။ ပြန့်ခြင်းသို့ ရောက်၏။ ထိုတဏှာကို အဖန်တလဲလဲ တပ်စွန်း၍ ယူ ကုန်သော ယောကျ်ားတို့သည် သင်တုန်းစက်ဒဏ်ကို ဆောင်ရကုန်၏။

မိတ္တဝိန္ဒကကို စကားပြောစဉ်လျှင် ကြိတ်သောသင်တုန်းသည် လည်လျက် လှည့်၏။ ထို့ကြောင့် မိတ္တဝိန္ဒကသည် တစ်ဖန်ပြောဆိုအံ့သောငှါ မတတ်နိုင်၊ နတ်သားသည် မိမိနေရာသို့လျှင် သွား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဆိုနိုင်ခက်သော ရဟန်းသည် ထိုအခါ မိတ္တဝိန္ဒက ဖြစ်ဖူးပြီ၊ ယခုအခါ၊ ငါဘုရား သည်သာလျှင် ထိုအခါ နတ်သားဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(အလိုရမ္မက်၊ ကြီးသူတွက်၊ အပျက်နောက်ဆုံးသာ။)

သုံးရာခြောက်ဆယ့်ကိုးခုမြောက်သော မိတ္တဝိန္ဒကဇာတ်သည် ပြီး၏။

---

၃၇၀-ပလာသဇာတ်

ညောင်ပင်ကို ယော်စဉ်က သတ်ပါ

လူယုံသတ်လျှင် သေတတ်သည်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် ဟံသော ပလာသမဝစ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤပလာသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်

မူစဉ် ကိလေသာကို နှိပ်စက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထု သည် ပညာသဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ ဤပလာသဇာတ်၌ကား သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ ကိလေသာမည်သည် ကို အနည်းငယ် ဖြစ်ငြားသော်လည်း ရွံရှာအပ်၏၊ ကိလေသာ မည်သည်ကား ပညောင်ပင်ကဲ့သို့ ပျက်စီးခြင်းကို ရောက်စေတတ်၏၊ ရှေးပညာရှိတို့သည်လည်း ရွံရှာအပ်သည်တို့ကို ရွံရှာကုန်သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ရွှေဟင်္သာမျိုး၌ဖြစ်၍ စိတ္တကူဋ်တောင်ဝယ် ရွှေဂူ ၌နေလျက် ဟိမဝန္တာဝယ် ဇာတဿရအိုင်၌ အလိုလိုဖြစ်သော သလေးကိုစား၍ သွားလာ၏။ ထိုဘုရားလောင်း၏ သွားလာရာခရီး၌ ပေါက်ပင်ကြီးသည် ရှိ၏။ ထိုဘုရားလောင်းသည် ပေါက်ပင်ကြီး၌ နား၍ သွား၏၊ လာသော်လည်း ပေါက်ပင်ကြီး၌ နား၍လာ၏။ ထိုဘုရားလောင်းအား ထိုပေါက်ပင်၌ ရုက္ခစိုး နတ်နှင့် အကျွမ်းဝင်သည်ဖြစ်၍ နောက်အခါ တစ်ကောင်သော ငှက်မသည် တစ်ခုသောညောင်ပင်၌ ပညောင်သီးမှည့်ကို စား၍ ထိုပေါက်ပင်ကို သွား၍ နား၏။ အခွ၌ ကျင်ကြီးကိုချ၏။ ထိုပေါက်ပင်၌ ပညောင်ပင်ငယ်သည် ပေါက်၏။ ပညောင်ပင်သည်လည်း လက်လေးသစ်မျှရှိသောကာလ၌ နီသောအညွန့်အရွက် ရှိသောအားဖြင့် တင့်တယ်၏၊ ဟင်္သာမင်းသည် ထိုပညောင်ပင်ငယ်ကို မြင်၍ ရုက္ခစိုးနတ်ကို ခေါ်၍ အဆွေ ပေါက်ပင်စောင့်နတ်၊ ပညောင်ပင်မည်သည်ကား ကြီးသည်ရှိသော် ရောက်ရာသစ်ပင်ကို ဖျက်ဆီးလေ၏၊ ဤပညောင်ပင်ငယ်ကို ကြီးစိမ့်သောငှါ မပေးသင့်၊ သင့်ဗိမာန်ကို ဖျက်ဆီးလတ္တံ့၊ မဆွကလျှင်ပညောင် ပင်ကို နုတ်၍ စွန့်ပစ်လော့၊ ရွံရှာအပ်သည်နှင့် ယှဉ်သော ဝတ္ထုမည်သည်ကို ရွံရှာခြင်းငှါ သင့်၏ဟု ပေါက်ပင်စောင့် နတ်နှင့်တကွ သိစေလိုရကား ဤ ဂါထာကို ဆို၏—

၁၀၅။ ဟံသော ပလာသ'မဝစ၊ နိဂြောဓော သမ္မ ဇာယတိ။
အင်္ကသ္မိံ တေ နိသိန္နောဝ၊ သော တေ မမ္မာနိ ဆေစ္ဆတိ။

ရွှေဟင်္သာသည် ပေါက်ပင်စောင့်နတ်ကို အဆွေ ပေါက်ပင်စောင့်နတ်၊ သင်၏အခွ၌ တည်လျက်လျှင်ပေါက်သော ပညောင်ပင်သည် သင်၏အသက်တို့ကို ဖြတ်လတ္တံ့ဟု ဆို၏။

ထိုစကားကို ကြား၍ ရွှေဟင်္သာ၏ စကားကို မယူလိုသည်ဖြစ်၍ ပေါက်ပင် စောင့်နတ်သည် ဤဂါထာကို ဆို၏—

၁၀၆။ ဝစ္စတာ'မေဝ နိဂြောဓော၊ ပတိဋ္ဌ'သ္မာ ဘဝါမဟံ။
ယထာ မာတာ စ ပိတာ စ၊ ဧဝံ မေ သော ဘဝိဿတိ။

ပညောင်ပင်သည် ကြီးခြင်းသို့ ရောက်စေ၏၊ အမိသည် လည်းကောင်း၊ အဖသည်လည်းကောင်း သားတို့၏တည်ရာ ဖြစ်သကဲ့သို့ ငါသည် ထိုညောင်ပင်၏တည်ရာ ဖြစ်အံ့၊ ဤညောင်ပင်သည် ငါ၏တည်ရာ ဖြစ်လတ္တံ့။

ထို့နောင်မှ ဟံသာမင်းသည် ဤဂါထာကို ဆို၏။

၁၀၇။ ယံ တွံ အင်္ကသ္မိံ ဝဍ္ဎေသိ၊ ခီရရုက္ခံ ဘယာနကံ။
အာမန္တ ခေါ တံ ဂစ္ဆာမ၊ ဝုဍ္ဎိ မ သာ န ရုစ္စတိ။

အို နတ်- သင်သည် ကြောက်မက်ဖွယ်ရှိသော ပညောင်ပင်ငယ်ကို သစ်ခွ၌ ကြီးစေသောကြောင့် သင့်ကို သိစေ၍လျှင် ငါတို့သည် သွားကုန်အံ့၊ ထို ပညောင်ပင်၏ ကြီးထွားခြင်းကို ငါတို့သည် မနှစ်သက်ပါ။

ဤသို့ဆို၍ ဟံသာမင်းသည် အတောင်တို့ကိုဖြန့်၍ စိတ္တကူဋ်တောင်သို့သာ လျှင်သွား၏၊ ထိုမှစ၍ တစ်ဖန်မလာ၊ နောက်အဖို့၌ ပညောင်ပင်သည်ကြီး၏။ ထို ပညောင်ပင်၌ တစ်ဦးသော ရုက္ခစိုးသည် ဖြစ်၏။ ပညောင်ပင်သည် ကြီးလတ်သော် ပေါက်ပင်ကို ဖျက်ဆီး၏။ အခက်တို့နှင့်တကွလျှင် ရုက္ခစိုးနတ်၏ ဗိမာန်သည် ကျ၏။ ရုက္ခစိုးနတ်သည် ထိုကာလမှ ဟံသာမင်း၏စကားကိုမှတ်၍ ဤလာလတ္တံ့သော ဘေးကိုမြင်၍ ဟံသာမင်းသည် ဆို၏၊ ငါသည်ကား ဟံသာမင်း၏စကားကို မလိုက်နာမိဟု ငိုကြွေးလိုရကား ဤဂါထာကို ဆို၏-

၁၀၈။ ဣဒါနိ ခေါ မံ ဘာယေတိ၊ မဟာနေရုနိဒဿနံ။
ဟံသဿ အနဘိညာယ၊ မဟာ မေ ဘယမာဂတံ။

ယခုအခါ၌လျှင် ငါ့ကို ပညောင်ပင်သည် ကြောက်စေ၏။ ဟံသာမင်း၏ မြင်းမိုရ်တောင်နှင့်တူသော စကားကို မသိသဖြင့် ငါ့အား ကြီးစွာသော ဘေးသည် လာ၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ ဤဂါထာကိုဆို၏-

၁၀၉။ န တဿ ဝုဍ္ဎိ ကုသလပ္ပသတ္ထာ၊
ယော ဝဍ္ဎမာနော ဃသတေ ပတိဋ္ဌံ။
တဿူ'ပရောဓံ ပရိသင်္ကမာနော၊
ပတာရယီ မူလဝဓာယ ဓီရော။

ရဟန်းတို့၊ ပွါးအပ်သော တရားသည် မိမိတည်ရာကို ဖျက်ဆီးသည် ရှိသော် ထိုတရားပွားခြင်းကို ပညာရှိတို့သည် မချီးမွမ်းအပ်ပေ၊ ထိုတရား၏ ဖျက်ဆီးခြင်းကို ရှုံရှာသော ပညာရှိသည် အမြစ်ပြတ်သည်အထိ အားထုတ်အပ်၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြသည်၏အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ အဘယ်သို့ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရွှေဟင်္သာမင်းဖြစ်ဖူးပြီဟု ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(ပေါက်ပင်အထက်၊ ညောင်ပင်တက်၊ အပျက်မှန်သချာ။)

သုံးရာခုနစ်ဆယ်မြောက်သော ပလာသဇာတ်သည် ပြီး၏။

၂-ဝဏ္ဏာရောဟဝဂ် ပြီး၏။

---

## ၃-အစုဝဂ်

### ၃၇၁-ဒီဃီတိကောသလဇာတ်

### ရန်ကိုရန်ချင်း မတုံ့လျှဉ်း အောင်ခြင်းရမြဲသာ

### ပဉ္စပြန်နှင့် အတိတ်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဝေ ဘူတာသာ တေ ရာဇ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒီဃီတိကောသလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသမ္ဗီပြည်သားဖြစ်ကုန်သော ခိုက်ရန်ဖြစ်ကြကုန်သောရဟန်းတို့ ကိုအကြောင်း ပြု၍ ဟောတော်မူ၏၊

ထိုကောသမ္ဗီ ရဟန်းတို့သည် ဇေတဝန်ကျောင်းတော်သို့လာ၍ ကန်တော့သောကာလ၌ သဗ္ဗညု မြတ်စွာဘုရားသည် ထိုကောသမ္ဗီရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ သင်တို့သည် ငါ၏ရင်မှဖြစ်သော သားဖြစ်ကုန်၏၊ သားတို့မည်သည်ကား အဘသည် ပေးအပ်သော အဆုံးအမကို ဖျက်ဆီးခြင်းငှါ မသင့်၊ သင်တို့သည်ကား ငါ၏အဆုံးအမကို မလိုက်နာကုန်၊ ရှေးပညာရှိတို့သည် မိမိ၏

မိဘတို့ကို သတ်၍ ပြည်ကိုယူ၍ တည်ကုန်သော တော၌ မိမိလက်သို့ရောက်သော ရန်သူတို့ကိုလည်း မိဘတို့သည် ပေးအပ်သော အဆုံးအမကို ဖျက်ဆီးအံ့သောငှါ မသင့်၊ အဆုံးအမကို မဖျက်ဆီးကုန်အံ့ဟု နှလုံးသွင်း၍ မဖျက်ဆီးကုန်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

(ဤဒီဃီတိကောသလဇာတ်၌ကား နှစ်ပါးကုန်သော ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထုတို့သည်လည်း သံဃဘေဒကက္ခန္ဓက၌ အကျယ်အားဖြင့် ထင်စွာဖြစ်လတ္တံ့။)

ထိုဒီဃာဝုမင်းသားသည်ကား တော၌ မိမိပေါင်ပေါ်၌ အိပ်သော ဗာရာဏသီမင်း၏ ဦးသျှောင်ကိုကိုင်၍ ယခု မိဘကိုသတ်သော ရန်သူ၏ ဦးသျှောင်၌ ဆွဲကိုင်၍ အပိုင်းအပိုင်းပြု၍ ဖြတ်အံ့ဟု သန်လျက်ကို မိုးလတ်သော် ထိုခဏ၌ မိဘတို့သည် ပေးအပ်သော အဆုံးအမကို အောက်မေ့၍ အသက်ကို စွန့်ရသော်လည်း မိဘတို့၏ အဆုံးအမကို မဖျက်အံ့၊ စင်စစ်မူကား မင်းကို ခြိမ်းခြောက်အံ့ဟုကြံ၍ ဤဂါထာကိုဆို၏—

၁၁၀။ ဧဝံ ဘူတဿ တေ ရာဇ၊ အာဂတဿ ဝသေ မမ။
အတ္ထိ နု ကောစိ ပရိယာယော၊ ယော တံ ဒုက္ခာ ပမောစယေ။

မင်းကြီး ငါ၏ နိုင်ငံလက်တွင်းသို့ ရောက်လာသည့် ဤသို့ သဘောရှိသော သင်မင်းကြီးကို ဆင်းရဲမှ လွတ်စေရာ၏၊ အကြောင်းတစ်ခုံတစ်ရာ ရှိသလော။

ထိုနောင်မှ မင်းသည် ဤဂါထာကို ဆို၏—

၁၁၁။ ဧဝံ ဘူတဿ မေ တာတ၊ အာဂတဿ ဝသေ တဝ။
နတ္ထိ နော ကောစိ ပရိယာယော၊ ယော မံ ဒုက္ခာ ပမောစယေ။

အမောင် သင်၏ နိုင်ငံလက်တွင်းသို့ ရောက်လာသော ငါ့အား ဤသို့ ဆင်းရဲမှ လွတ်စေရာ၏။ အကြောင်းတစ်စုံတစ်ရာ မရှိပါ။

ထိုနောင်မှ ဘုရားလောင်းသည် ဤဂါထာတို့ကို ဆို၏—

၁၁၂။ နာညံ သုစရိတံ ရာဇ၊ နာညံ ရာဇ သုဘာသိတံ။
တာယတေ မရဏကာလေ၊ ဧဝမေဝိ တရံ ဓနံ။

၁၁၃။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယှန္တိ၊ ဝေရံ တေသံ န သမ္မတိ။

၁၁၄။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ နုပနယှန္တိ၊ ဝေရံ တေသူပသမ္မတိ။

၁၁၅။ န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။

မင်းကြီး သေခါနီးအခါ၌ မိဘတို့သည် ပေးအပ်သော အဆုံးအမဟူသော သုစရိုက်မှ တစ်ပါးသော အစောင့်အရှောက်ဟူသော ဥစ္စာတစ်မျိုးကို ငါမမြင်၊ မိဘတို့ ဆုံးမသော ကောင်းသောစကားမှ တစ်ပါးသော ဥစ္စာကို ငါမမြင်။

ငါ့ကို ဆဲရေးသူ, ငါ့ကို ညှဉ်းဆဲသူ, ငါ့ကို အနိုင်ယူသူ, ငါ့ဥစ္စာကို ယူသူဟု ရန်ငြိုးပြန်ဖွဲ့သူတို့အား ရန်သည် မငြိမ်းနိုင်တော့။

ငါ့ကို ဆဲရေးသူ, ငါ့ကို ညှဉ်းဆဲသူ, ငါ့ကို အနိုင်ယူသူ, ငါ့ဥစ္စာကိုယူသူ-ဟု ရန်ငြိုးပြန်မထားသော သူတို့အား ရန်သည် ငြိမ်းအေး၏။

မှန်၏ ဤလောက၌ ရန်တုံ့မူသဖြင့် ရန်ဘို့သည် ဘယ်တော့မှ မငြိမ်းနိုင်ကုန်၊ ရန်တုံ့မပြုသဖြင့်သာ ရန်ငြိမ်းအေး၏၊ ဤ ရန်တုံ့မပြုသဖြင့် ရန်ငြိမ်းခြင်း သဘောသည် ရှေး၌ဖြစ်သော သဘောတံထွာ ဓမ္မတာတည်း။

ဘုရားလောင်းသည် ဤသို့ ဆိုပြီး၍ မြတ်သောမင်းကြီး အကျွန်ုပ်သည် သင်မင်းကြီး၌ မပြစ်မှား၊ သင်မင်းကြီးသည်ကား အကျွန်ုပ်ကို သတ်မည်လောဟု မေး၍ သန်လျက်ကို ပေး၏၊ မင်းသည်လည်း အမောင် ငါသည်လည်း သင်၌ မပြစ်မှားအံ့ဟု ကျိန်စာရှက်ခြင်းကို ပြု၍ ဘုရားလောင်းနှင့် တကွ မြို့သို့ သွား၍ အမတ်တို့အား ပြ၍ ဤသူသည် သေလေသော ကောသလမင်း၏ သား ဒီဃာဝုမင်းသား မည်၏။ ဤဒီဃာဝုမင်းသားသည် ငါ့အား အသက်ကို ပေး၏၊ ဤဒီဃာဝုမင်းသားအား တစ်စုံတစ်ခု ပြုခြင်းငှါ မရအပ်ဟုဆို၍ မိမိသမီးကို ပေး၍ အဖဥစ္စာဖြစ်သော မင်းအဖြစ်၌ တည်စေ၏၊ ထိုအခါမှစ၍ နှစ်ပါးကုန်သော မင်းတို့သည်လည်း ညီညွတ်ကုန်သည်ဖြစ်၍ မင်းအဖြစ်ကို ပြုကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ မြတ်သော မင်းမျိုးတို့သည် ထိုအခါ မယ်တော် ခမည်းတော်တို့ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဒီဃာဝုမင်းသား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ရန်ကိုရန်ချင်း၊ မတုံ့သုဉ်း၊ အောင်ခြင်း ရမြဲသာ။)

သုံးရာခုနစ်ဆယ့်တစ်ခုမြောက်သော ဒီဃီတိကောသလဇာတ်သည် ပြီး၏။

## ၃၇၂-မိဂပေါတကဇာတ်

### သေခြင်းတရားကို အောက်မေ့သင့်ကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူကတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အဂါရာ ပစ္စုပေတဿ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမိဂပေါတကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ပါးသော ရဟန်းကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းကြီးသည် တစ်ယောက်သော သူငယ်ကို သာမဏေပြုသတတ်၊ သာမဏေသည် ထိုရဟန်းကြီး ရှိသေစွာ လုပ်ကျွေး၍ နောက်အဖို့၌ မချမ်းသာသဖြင့် သေ၏၊ သာမဏေသည် သေလွန်လတ်သော် ရဟန်းကြီးသည် သောက၌ တည်သည်ဖြစ်၍ သည်းနှောသော အသံဖြင့် ငိုကြွေးလျက် လှည့်လည်၏၊ ရဟန်းတို့သည် မှတ်စိမ့်သောငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ ဓမ္မသဘင်ဝယ် ငါ့ရှင်တို့ ဤမည်သော ရဟန်းကြီးသည် သာမဏေသည် သေခြင်းကြောင့် ငိုကြွေးလျက် လှည့်လည်၏၊ ဤရဟန်းကြီးသည် မရဏဿတိကို ပွားစေခြင်းမှ အပဖြစ်သော ရဟန်းဖြစ်လတ္တံ့ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤရဟန်းသည် သာမဏေ သေလွန်လတ်သော် ငိုကြွေးလျက် သွားသည်မဟုတ်သေး၊ ရှေး၌လည်း ဤရဟန်းသည် ဤသာမဏေ သေလွန်လတ်သော် ငိုကြွေးလျက် သွားဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားဖြစ်၏။ ထိုအခါ တစ်ယောက်သော ကာသိတိုင်း၌ နေသော ပုဏ္ဏားသည် ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်းပြု၍ သစ်သီးကြီးငယ်တို့ဖြင့် မျှတ၏၊ ထိုရသေ့သည် တစ်နေ့သ၌ တောဝယ် အမိသေသော တစ်ကောင်သော သမင်ငယ်ကို မြင်၍ ကျောင်းသို့ ဆောင်၍ အစာကို ပေး၍ မွေး၏၊ သမင်ငယ်သည် ကြီးလတ်သော် အဆင်းလှ၏၊ မြတ်သော တင့်တယ်ခြင်းနှင့် ပြည့်စုံ၏၊ ထိုသမင်ငယ်ကို ရသေ့သည် မိမိသားပြု၍ ဆောင်၏၊ တစ်နေ့သာ၍ သမင်ငယ်သည်များစွာသော မြက်ကို

ရသေ့သည်သားသေ၏ဟု ငိုကြွေးလျက် လှည့်လည်၏၊ ထိုအခါ သိကြားမင်းသည် လောကကို ကြည့်လတ်သော် ထိုရသေ့ကို မြင်၍ ထိုရသေ့ကို သံဝေဂ ရစေအံ့ဟု လာလတ်၍ ကောင်းကင်၌ ရပ်လျက် ဤဂါထာကို ဆို၏—

၁၁၆။ အဂါရာ ပစ္စုပေတဿ၊ အနဂါရဿ တေ သတော။
သမဏဿ န တံ သာဓု၊ ယံ ပေတ’ မနုသောစသိ။

ရှင်ရသေ့ သင်သည် သေသောသူကို အကြင်စိုးရိမ်ခြင်းကို ပြု၏။ ထိုစိုးရိမ်ခြင်းသည် အိမ်မှ ကင်း၍ အိမ်ရာထောင်သော လူတို့၏ကိစ္စ မရှိသော ရဟန်းဖြစ်သော သင့်အား မကောင်း။

ထိုစကားကို ကြား၍ ရသေ့သည် ဤဂါထာကို ဆို၏—

၁၁၇။ သံဝါသေန ဟဝေ သက္က၊ မနုဿဿ မိဂဿ ဝါ။
ဟဒယေ ဇာယတေ ပေမံ၊ န တံ သက္កာ အသောစိတုံ။

သိကြား ပေါင်းဖော်ခြင်းကြောင့် လူ၏လည်းကောင်း, သား၏လည်းကောင်း နှလုံး၌ ချစ်ခြင်းသည် စင်စစ် ဖြစ်၏။ ထိုချစ်အပ်သောသူကို မစိုးရိမ်အံ့သောငှါ မတတ်ကောင်း။

ထိုနောင်မှ သိကြားမင်းသည် ဤဂါထာတို့ကို ဆို၏—

၁၁၈။ မတံ မရိဿံ ရောဒန္တိ၊ ယေ ရုဒန္တိ လပန္တိ စ။
တသ္မာ တွံ ဣသိ မာ ရောဒိ၊ ရောဒိတံ မောဃ’ မာဟု သန္တော။

၁၁၉။ ရောဒိတေန ဟဝေ ဗြဟ္မေ၊ မတော ပေတော သမုဋ္ဌဟေ။
သဗ္ဗေ သင်္ဂမ္မ ရောဒါမ၊ အညမညဿ ဉာတကေ။

ရသေ့ အကြင်သူတို့သည် သေပြီးသောသူကိုလည်းကောင်း, သေအံ့သောသူကိုလည်းကောင်း ငိုကုန်၏၊ မျက်ရည် ယိုကုန်၏၊ ဆိုမြည်တမ်းကုန်၏၊ ထိုသူတို့အား မျက်ရည်ပြတ်သော နေ့မည်သည် မရှိသောကြောင့် သင်သည် မငိုလင့်၊ ငိုခြင်းကို အကျိုးမရှိဟူ၍ သူတော်ကောင်းတို့သည် ဆိုကုန်၏၊ ထို့ကြောင့် သင်သည် မငိုလင့်။

ရှင်ရသေ့ စင်စစ် ငိုသဖြင့် ပစ္စုပ္ပန် ဘဝမှကင်းသော သေသောသူသည် ထငြားအံ့၊ ခပ်သိမ်းကုန်သော ငါတို့သည် စည်းဝေး၍ အချင်းချင်း၏ ဆွေမျိုးတို့ကို ငိုကုန်အံ့။

ရသေ့သည် ဤသို့ သိကြားဆိုစဉ် ငိုခြင်းသည် အကျိုးမရှိဟု မှတ်၍ သိကြားအား ချီးမွမ်းလိုရကား ဤဂါထာတို့ကို ဆို၏—

၁၂၀။ အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါဝကံ။
ဝါရိနာ ဝိယ ဩသိဥ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။

၁၂၁။ အဗ္ဗဟိ ဝတ မေ သလ္လံ၊ ယမာသိ ဟဒယဿိတံ။
ယော မေ သောကပရေတဿ၊ ပုတ္တသောကံ အပါနုဒိ။

၁၂၂။ သောဟံ အဗ္ဗူဠှသလ္လောသ္မိ၊ ဝီတသောကော အနာဝိလော။
န သောစာမိ န ရောဒါမိ၊ တဝ သုတွာန ဝါသဝ။

ထောပတ်ဖြင့် သွန်းလောင်းအပ်သော မီးကို ရေဖြင့် သွန်းလောင်းဘိ သကဲ့သို့ စင်စစ် သောကမီးဖြင့် ပြောင်ပြောင်တောက်သည် ဖြစ်သော ငါ့ကို ငြိမ်းစေ၏၊ အလုံးစုံသော စိုးရိမ်ခြင်းကို ငြိမ်းစေ၏။

အကြင် သိကြားမင်းသည် သောကဖြင့် နှိပ်စက်အပ်သော ငါ၏ သား၌ စိုးရိမ်ခြင်းကို ပယ်၏။ ငါ့အား နှလုံး၌ မှီသော အကြင် သောကတည်းဟူသော ငြောင့်သည် ဖြစ်၍ ထိုသောကတည်းဟူသော ငြောင့်ကို သင်သည် နုတ်အပ်စွတကား။

သိကြားမင်း သင်၏ စကားကို နာရ၍ ထိုငါသည် နုတ်အပ်ပြီးသော သောကတည်းဟူသော ငြောင့်ရှိသည် ဖြစ်၏။ ကင်းသော စိုးရိမ်ခြင်း ရှိ၏၊ စိတ်နောက်ခြင်း မရှိပြီ၊ ယခုအခါ၌ မစိုးရိမ် မငိုကြွေး။

သိကြားမင်းသည် ရသေ့အား ဆုံးမ၍ မိမိနေရာသို့လျှင် သွား၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရဟန်းကြီးသည် ထိုအခါ ရသေ့ဖြစ်ဖူးပြီ၊ ယခုအခါ သာမဏေငယ်သည် ထိုအခါ သမင်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သိကြားဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သေပြီးသူကို၊ တမ်းငို၊ ဘယ်လိုကျိုးထူးမှာ။)

သုံးရာခုနစ်ဆယ်နှစ်ခုမြောက်သော မိဂပေါတကဇာတ်သည် ပြီး၏။

# ၃၇၃-မူသိကဇာတ်

## ဆရာ့စကား နားထောင်၍ သေဘေးမှလွတ်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကုဟိံ ဂတာ ကတ္ထ ဂတာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမူသိကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အဇာတသတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဝတ္ထုကို အောက်ကုသဇာတ်၌ ချဲ့အပ်ပြီးသလျှင်ကတည်း။) ဤမူသိကဇာတ်၌လည်း သဗ္ဗညု မြတ်စွာဘုရားသည် ရှေးအတူသာလျှင် ဗိမ္ဗိသာရမင်းကို တစ်ကြိမ်, သားနှင့်တကွ ကစားလျက် တစ်ကြိမ် တရားနာလျက်နေသည်ကို မြင်တော်မူ၍ သားကို အမှီပြု၍ ဗိမ္ဗိသာရမင်းအား ဘေးဖြစ်အံ့သည်ကို သိတော်မူ၍ မြတ်သောမင်းကြီး ရှေးမင်းကြီးတို့သည် ရှုံရှာအပ်ကုန်သည်ကို ရှုံရှာကုန်လျက် မိမိသားကို ငါသေသောကာလ မင်းပြုရစ်စေဟု တင့်အပ်လျောက်ပတ်သော အရပ်၌ ထားဖူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တက္ကသိုလ်ပြည်ဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ ဒိသာပါမောက္ခဆရာဖြစ်၏၊ ဘုရားလောင်း၏ အထံ၌ ဗာရာဏသီမင်း၏ ယဝ မည်သော မင်းသားသည် ခပ်သိမ်းသော အတတ်တို့ကို သင်၍ စိစစ်ခြင်းကို ပေး၍ သွားလိုသည်ဖြစ်၍ ဆရာကိုပန်၏၊ ဆရာသည် သားကို အမှီပြု၍ ယဝမင်းသားအား အန္တရာယ်ဖြစ်အံ့သည်ကို အင်္ဂဝိဇ္ဇာ၏ အစွမ်းအားဖြင့် သိ၍ ယဝမင်းသား၏ ထိုအန္တရာယ်ကို ပယ်အံ့ဟု တစ်ခုသော ဥပမာကို ဆောင်အံ့သောငှါ အားထုတ်၏၊ ထိုအခါ ဘုရားလောင်းအား တစ်ကောင်သော မြင်းသည် ရှိ၏၊ ထိုမြင်း၏ ခြေ၌ အမာသည် ပေါက်၏၊ ထိုအမာကို စောင့်ရှောက်အံ့သောငှါ မြင်းကို အိမ်၌ ထားကုန်၏၊ ထိုအခါ တစ်ကောင်သော ကြွက်သည် အိမ်မှထွက်၍ မြင်း၏ ခြေ၌အမာကို ခဲ၏၊ မြင်းသည် သည်းခံအံ့သောငှါ မတတ်နိုင်၊ တစ်နေ့သ၌ ဝေဒနာကို သည်းခံအံ့သောငှါ မတတ်နိုင်သော ထိုမြင်းသည် ခဲအံ့သောငှါ လာသော ထိုကြွက်ကို ခြေဖြင့် ခတ်၍ ရေတွင်း၌ ကျစေ၏၊ မြင်းထိန်းတို့သည် ကြွက်ကို မမြင်ကုန်သည်ရှိသော် တစ်ပါးသော နေ့တို့၌ ကြွက်သည် လာလတ်၍ အမာကို ခဲ၏၊ ယခုမထင်၊ အဘယ်သို့ သွားသနည်းဟု ဆိုကုန်၏၊ ဘုရားလောင်း

သည် ထိုအကြောင်းကို မျက်မှောက်ပြု၍ တစ်ပါးသောသူတို့သည် မသိရကား ကြွက်သည် အဘယ်သို့ သွားသနည်းဟု ဆိုကုန်၏၊ ကြွက်ကို သတ်၍ ရေတွင်း၌ ချသည်၏ အဖြစ်ကို ငါသာလျှင် သိ၏ဟု ကြံ၍ ထိုဘုရားလောင်းသည် ယခု ဤအကြောင်းကိုလျှင် ဥပမာပြု၍ ပထမ ဂါထာကိုဖွဲ့၍ မင်းသားအား ပေးအံ့ ဟု ဂါထာဖွဲ့၍ ပေး၏။

ထိုဘုရားလောင်းသည် တင်ပါးသော ဥပမာကိုလည်း ရှာလတ်သော် အမာ သည် အသားနုတက်၍ ထွက်၍ တစ်ခုသော မုယောခင်းသို့ သွား၍ မုယောကို စားအံ့ဟု စောင်ရန်းပေါက်ဖြင့် နှုတ်သီးကို သွင်းသော ထိုမြင်းကိုလျှင် မြင်၍ ထိုအကြောင်းကိုလျှင် ဥပမာပြု၍ ဒုတိယဂါထာကိုဖွဲ့၍ ယဝမင်းသားအား ပေး၏၊ တတိယဂါထာကား မိမိပညာအစွမ်းဖြင့်လျှင် ဖွဲ့၍ ပေး၏၊ အမောင် သင်သည် မင်းအဖြစ်၌ တည်၍ ညအခါ ရေချိုးအံ့သောငှါ ရေကန်သို့ သွားလတ်သော် စောင်းတန်းဦးတိုင်အောင် ပထမဂါထာကို ရွတ်လျက် သွားလေလော့၊ သင်၏ နေရာ ပြာသာဒ်သို့ ဝင်သည်ရှိသော် စောင်းတန်းခြေရင်းသို့တိုင်အောင် ဒုတိယ ဂါထာကို ရွတ်လျက် သွားလေလော့၊ ထိုနောက်မှ စောင်းတန်းထိပ် တိုင်အောင် တတိယဂါထာကို ရွတ်လျက် သွားလေလော့ဟု မှာ၍ လွှတ်လိုက်၏၊ မင်းသား သည် သွား၍ အိမ်ရှေ့မင်းဖြစ်၍ အဖလွန်သဖြင့် မင်းပြု၍ ထိုယဝမင်းအား တစ်ယောက်သော သားသည် ဖွား၏၊ ထိုသားသည် တစ်ဆယ့်ခြောက်နှစ်ရှိသော ကာလ၌ မင်းအဖြစ်၌ တပ်စွန်းသဖြင့် အဖကိုသတ်အံ့ဟု ကြံ၍ အလုပ်အကျွေး တို့ကို ငါ၏အဖသည် ပျို၏၊ ငါသည် အဘသေသော ကာလကို မျှော်လျက် နေသည်ရှိသော် အိုမင်းအံ့၊ အိုမင်းသောကာလ၌ ရအပ်သော မင်းအဖြစ်ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ဆို၏၊ ထို အလုပ်အကျွေးတို့သည် အရှင်မင်းသား ပစ္စန္တရစ်သို့ သွား၍ ခိုးသူတို့၏အမှုကို ပြုအံ့သောငှါ မဘတ်ကောင်း၊ အရှင် မင်းသား၏ ခမည်းတော်ကို တင်စိုတင်ခုသော ဥပါယ်ဖြင့် သတ်၍ မင်းအဖြစ်ကို ယူလော့ဟု ဆိုကုန်၏၊ ထိုမင်းသားသည် ကောင်းပြီဟု နန်းတွင်းဝယ် ညအခါ မင်း၏ရေချိုးရာ ရေကန်အနီးသို့သွား၍ ထိုအရပ်၌ မင်းကို သတ်အံ့ဟု သန်လျက် ကို ကိုင်၍ရပ်၏၊ မင်းသည် ညချမ်းအခါ မှုသိကာမည်သော ကျွန်မကို သင်သွား ၍ ရေကန်အပြင်၌ သုတ်သင်ရှဲလာလော့၊ ငါရေချိုးအံ့ဟု သန်လျက်ကို ကိုင်၍ သွားစေ၏၊ မှုသိကာသည် သွား၍ ရေကန်အပြင်၌ သုတ်သင်သည် ရှိသော် မင်းသားကို မြင်၏၊ မင်းသားသည် မိမိအမှု ထင်ရှားဖြစ်အံ့သည်မှ ကြောက်သော ကြောင့် မှုသိကာကို နှစ်ပိုင်းဖြတ်၍ ရေကန်၌ ချ၏၊ မင်းသည် ရေချိုးအံ့သောငှါ သွား၏၊ ကြွင်းသောသူအပေါင်းသည် ယနေ့ မှုသိကာမည်သော ကျွန်မသည် တစ်ဖန် မလာ၊ အဘယ်သို့ သွားသနည်းဟု ဆို၏၊ မင်းသည် ဤဂါထာကို ရွတ်လျက် ရေကန်နားသို့ သွား၏—

၁၂၃။ ကုဟိံ ဂတာ ကတ္ထ ဂတာ၊ ဣတိ လာလပ္ပတိ ဧနော။
အဟမေဝေ’ကော ဇာနာမိ၊ ဥဒပါနေ မူသိကာ ဟတာ။

မူသိကာသည် အဘယ်သို့ သွားသနည်း၊ အဘယ်၌ သွားသနည်း၊ ဤသို့ လူများသည် မြည်တမ်း၏၊ မူသိကာကို ရေကန်၌ သတ်၍ ချအပ်၏ဟု ငါတစ်ယောက်တည်းသာလျှင် သိ၏။

မင်းသားသည် ငါပြုအပ်သောအမှုကို ငါ၏အဘသည် သိအပ်ပြီဟု ပြေး၍ ထိုအကြောင်းကို အလုပ်အကျွေးတို့အား ကြား၏၊ ထိုအလုပ်အကျွေးတို့သည် ခုနစ်ရက်လွန်လတ်သော် တစ်ဖန် ထိုမင်းသားကို ရှင်မင်းသား မင်းသည်အကယ်၍ သိခြင်းအံ့၊ ဆိတ်ဆိတ်မနေရာ၊ သင့်မင်းသားအား ကြံ၍ ဆိုသည် ဖြစ်လတ္တံ့၊ ခမည်းတော်ကို သတ်လော့ဟု ဆိုကုန်၏၊ မင်းသားသည် တစ်ဖန် တစ်နေ့သ၌ သန်လျက်ကို စွဲလျက် စောင်းတန်းခြေရင်း၌ ရပ်၍ မင်းသည် လာသောကာလ၌ ထိုမှ ဤမှ သတ်ခွင့်ကို ကြည့်၏။ မင်းသည် ဤဂါထာကို ရွတ်လျက် သွား၏—

၁၂၄။ ယဉ္စေတံ ဣတိ စီတိ စ၊ ဂဒြဘောဝ နိဝတ္တသိ။
ဥဒပါနေ မူသိကံ ဟန္တွာ၊ ယဝံ ဘက္ခေတုမိစ္ဆသိ။

သင်သည် ယဝမင်း၌ ထိုမှ ဤမှ သတ်ခွင့်ကို ကြည့်လျက်လည်း မုယောင်း ထဲက မြည်းကဲ့သို့ ထိုမှ ဤမှ ကြည့်၏။ ရေကန်၌ မူသိကာကို သတ်၍ ယဝမင်းကို သတ်အံ့သောငှါ အလိုရှိ၏။

မင်းသားသည် ခမည်းတော်သည် ငါ့ကို မြင်ပြီဟု ထိတ်လန့်၍ ပြေး၏၊ မင်းသားသည် တစ်ဖန် လခွဲကို လွန်စေ၍ မင်းကို ယောက်မဖြင့် ရိုက်သတ်အံ့ဟု ရှည်သော အရိုးရှိသော တစ်ခုသော ယောက်မကို ကိုင်၍ ရပ်၏၊ မင်းသည် ဤဂါထာကို ရွတ်လျက် စောင်းတန်းထိပ်သို့ တက်၏—

၁၂၅။ ဒဟရော စာ’သိ ဒုမ္မေဓ၊ ပဌမုပ္ပတ္တိကော သုသု။
ဒီဃဉ္စေတံ သမာသဇ္ဇ၊ န တေ ဒဿာမိ ဇီဝိတံ။

ပညာမရှိသောမင်းသား သင်သည် ငယ်၍ ပထမအရွယ် ပျိုမြစ်၏။ အရိုး ရှည်သော ထိုယောက်မကိုလည်း ကိုင်၍ ယောက်၍ တည်၏၊ သင့်အား အသက်ကို ငါမပေးနိုင်။

ထိုမင်းသားသည် ထိုနေ့၌ ပြေးအံ့သောငှါ မတတ်နိုင်၍ မြတ်သော မင်းကြီး အကျွန်ုပ်အား အသက်ကို ပေးပါလော့ဟု မင်း၏ ခြေရင်း၌ ဝပ်၏၊ မင်းသည် မင်းသားကို ခြိမ်းခြောက်၍ သံခြေကျဉ်းတို့ဖြင့် နှောင်ဖွဲ့ပြီးလျှင် နှောင်အိမ်၌ သွင်းစေ၍ ထီးဖြူအောက်တွင် တန်ဆာဆင်အပ်သော မင်း၏နေရာ၌ နေ၍ ငါတို့

ဆရာ ဒိသာပါမောက္ခ ပုဏ္ဏားသည် ငါ၏ အန္တရာယ်ကို မြင်၍ ဤသုံးဂါထာတို့ကို ဆို၏ဟု ရှင်လန်းနှစ်သက်၍ ဥဒါန်းကျူးလိုရကား ဤဂါထာတို့ကို ဆို၏—

၁၂၆။ နာဿလိက္ခဘာဝနေန၊ နာဂ်ပုတ္တာပိနေန ဝါ။
ပုတ္တေန ဟိ ပတ္တယိတော၊ သိလောကေဟိ ပမောစိတော။

၁၂၇။ သဗ္ဗံ သုတ'မဓိယေထ၊ ဟီနမုက္ကဋ္ဌမဇ္ဈိမံ။
သဗ္ဗဿ အတ္ထံ ဇာနေယျ၊ န စ သဗ္ဗံ ပယောဇယေ။
ဟောတိ တာဒိသကော ကာလော၊ ယတ္ထ အတ္ထာဝဟံ သုတံ။

သားသည်ပင် သတ်အံ့သောငှါ တောင့်တအပ်သော ငါသည် ကောင်းကင် ဗိမာန်၌ နေသဖြင့် သေဘေးမှ မလွတ်၊ ကိုယ်အင်္ဂါနှင့် တူသောသား၏ နှစ်သက်ခြင်းဖြင့်သည်း မလွတ်၊ ဆရာဖွဲ့၍ ပေးအပ်သော ဂါထာတို့ဖြင့် သေဘေးမှ လွတ်၏။

အလုံးစုံ အယုတ် အလတ် အမြတ် ဖြစ်သော သုတကို သင်ရာ၏၊ သုတ အလုံးစုံ၏ အကျိုးကို သိရာ၏၊ အယုတ် အလတ် အမြတ်ဖြစ်သော သုတ အလုံးစုံကို မယှဉ်သာလျှင်ကတည်း၊ ထိုသုတသည် အကျိုးကို ဆောင်သော အခါရှိ၏။

နောက်အဖို့၌ မင်းလွန်သည်ရှိသော် မင်းသားသည် မင်းအဖြစ်၌ တည်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဆရာသင်ပြ၊ ဂါထာမှ၊ ဘယကင်းစင်ကွာ။)

သုံးရာခုနစ်ဆယ့်သုံးခုမြောက်သော မူသိကဇာတ်သည် ပြီး၏။

## ၃၇၄-စူဠဓနုဂ္ဂဟဇာတ်

## သူခိုးကို ခေါးရိုးကမ်းခြင်း

## ငါးစိမ်းမြင် ငါးကင်ပစ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သဗ္ဗံ ဘဏ္ဍံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠဓနုဂ္ဂဟဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုရဟန်းသည် ဘုန်းတော်ကြီးသော အရှင်ဘုရား မယားဟောင်းသည် အကျွန်ုပ်ကို ငြီးငွေ့စေ၏ဟု နားတော်လျှောက်သည်ရှိသော် သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်း ဤမိန်းမသည် သင်၏အကျိုးမဲ့ကို ပြုလေ့ရှိ၏၊ ရှေး၌လည်း ဤမိန်းမကို မှီ၍ သေဖူးပြီ၊ ဦးခေါင်းကို သန်လျက်ဖြင့် ဖြတ်ဖူးပြီဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားဖြစ်၏၊ ထိုအခါ ဗာရာဏသီပြည်၌ နေသော တစ်ယောက်သော ပုဏ္ဏားသည် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ လေးအမှု၌ အပြီးသို့ ရောက်၏၊ စူဠဓနုဂ္ဂဟ ပညာရှိဟူသော အမည်သည် ဖြစ်၏၊ ထိုအခါ စူဠဓနုဂ္ဂဟ ပညာရှိအား ဤသူသည် ငါနှင့်တူစွာ အတတ်ကိုသင်၏ဟုဆို၍ ဆရာသည် မိမိသမီးကို ပေး၏၊ စူဠဓနုဂ္ဂဟသည် ထိုသတို့သမီးကိုယူ၍ ဗာရာဏသီပြည်သို့ သွားအံ့ဟု ခရီးသို့သွား၏၊ လမ်းအကြား၌ တစ်ကောင်သောဆင်သည် တစ်ခုသောအရပ်ကို ဆိတ်ညံသည်ကို ပြု၏၊ ထိုအရပ်ကို တစ်စုံတစ်ယောက်သောသူသည် သွားအံ့သောငှါ မဝံ့၊ စူဠဓနုဂ္ဂဟပညာရှိသည် လူတို့သည် မြစ်ကုန်စဉ်လျှင် မယားကိုယူ၍ ထိုတောအုပ်သို့ သွား၏၊ ထိုအခါ စူဠဓနုဂ္ဂဟ ပညာရှိအား တောအုပ်အလယ်၌ ဆင်သည် လိုက်၏၊ စူဠဓနုဂ္ဂဟ ပညာရှိသည် ထိုဆင်ကို ဦးကင်း၌ မြားဖြင့် ပစ်၏၊ မြားသည် ဖောက်ထွင်း၍ နောက်အဖို့၌ ထွက်၏၊ ဆင်သည် ထိုအရပ်၌လျှင် လဲ၏၊ စူဠဓနုဂ္ဂဟပညာရှိသည် ထိုအရပ်ကို ဘေးမရှိသည်ကို ပြု၍ ရှေ့မှ တစ်ခုသော တောအုပ်သို့ ရောက်၏၊ ထိုတောအုပ်၌လည်း ငါးကျိပ်ကုန်သော ခိုးသူတို့သည် ခရီးသွားလူများကို လုယက် နှိပ်စက်ကုန်၏၊ စူဠဓနုဂ္ဂဟပညာရှိကို လူတို့သည် တားမြစ်အပ်လျက်

ထိုတောအုပ်သို့လည်း သက်ဝင်၍ သားတို့ကိုသတ်၍ ခရီးအနီး၌ အသားကို ကင်၍ စားကုန်သော ခိုးသူတို့၏ တည်ရာအရပ်သို့ ရောက်၏။

ခိုးသူတို့သည် တန်ဆာဆင်အပ်သော မယားနှင့်တကွ လာသော ထိုစူဠ-ဓနုဂ္ဂဟပဏ္ဍိတ်ကိုမြင်၍ ထိုသူကိုဖမ်းကုန်အံ့ဟု အားထုတ်ခြင်းကို ပြုကုန်၏၊ ခိုးသူကြီးသည် ပုရိသလက္ခဏာ၌ လိမ္မာ၏၊ ထိုခိုးသူကြီးသည် စူဠဓနုဂ္ဂဟပဏ္ဍိတ်ကို ကြည့်၍လျှင် ဤယောကျ်ားကား မြတ်သော ယောကျ်ားတည်းဟု သိ၍ တစ်ယောက်သောသူအားသည်း ထစိမ့်သောငှါ မပေး၊ စူဠဓနုဂ္ဂဟပဏ္ဍိတ်သည် သွားချေ၊ ငါတို့ဖို့ တစ်ခုသော အမဲတံစို့ကို ပေးကုန်လောဟုဆို၍ အမဲကို ဆောင်ချေဟု ခိုးသူတို့၏ အထံသို့ မယားကို စေ၏၊ မယားသည် သွား၍ တစ်ခုသော အမဲတံစို့ကို ပေးကုန်လော့ဟုဆို၏၊ ခိုးသူကြီးသည် အနဂ္ဃယောကျ်ားတည်းဟု အမဲတံစို့ကို ပေးစေ၏၊ ခိုးသူတို့သည် ငါတို့ကားကျက်သော အမဲကို စားကုန်အံ့ဟု မကျက်သော အမဲတံစို့ကိုပေးကုန်၏၊ စူဠဓနုဂ္ဂဟပဏ္ဍိတ်သည် မိမိကိုယ်ကို ချီးမွမ်း၍ ငါ့အား မကျက်သော အမဲတံစို့ကိုပေးကုန်၏ဟု ခိုးသူတို့အား အမျက်ထွက်၏၊ ခိုးသူတို့သည် ဤယောကျ်ားကား တစ်ယောက်တည်းသာလျှင်တည်း၊ အဘယ်သို့ ပြုနိုင်လတ္တံ့နည်း၊ ငါတို့သည် မိန်းမ မဟုတ်ကုန်ဟု ခြိမ်း၍ထကုန်၏၊ စူဠဓနုဂ္ဂဟပဏ္ဍိတ်သည် လေးဆယ့်ကိုးစင်းသော မြားတို့ဖြင့် ပစ်၍ လဲစေ၏၊ ခိုးသူကြီးကို ပစ်အံ့သော မြားမရှိသည်ဖြစ်၏၊ စူဠဓနုဂ္ဂဟပဏ္ဍိတ်၏ မြားကျည်၌ ငါးဆယ်ကုန်သော မြားတို့သည်သာလျှင် ရှိကုန်၏၊ ထိုမြားတို့တွင် တစ်စင်းသောမြားဖြင့် ဆင်ကိုပစ်၏၊ ကြွင်းသော မြားတို့ဖြင့် လေးကျိပ်ကိုးယောက်ကုန်သော ခိုးသူတို့ကို ပစ်ပြီးလျှင် ခိုးသူကြီးကို လဲစေ၍ ခိုးသူကြီး၏ရင်၌ ထက်စီးလျက် ထိုသူ၏ ဦးခေါင်းကို ဖြတ်အံ့ဟု မယား၏လက်မှ သန်လျက်ကို ပေးစေ၏၊ မယားသည် ထိုခဏလျှင် မြင်သော ခိုးသူကြီးကို တပ်နှန်း၍ ခိုးသူ၏လက်၌ အရိုးကို လင်၏လက်၌အသွားကိုထား၏၊ ခိုးသူသည် သန်လျက်ကို ကိုင်၍ သန်လျက်ကို ထုတ်၍ စူဠဓနုဂ္ဂဟပဏ္ဍိတ်၏ ဦးခေါင်းကို ဖြတ်၏။

ခိုးသူကြီးသည် စူဠဓနုဂ္ဂဟပဏ္ဍိတ်ကိုသတ်၍ မိန်းမယူ၍ သွားသည်ရှိသော် အမျိုးကိုမေး၏၊ ထိုမိန်းမသည် ကျွန်ုပ်ကား တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာ၏ သမီးတည်းဟုဆို၏၊ သင့်ကို ဤယောကျ်ားသည် အဘယ်အကြောင်းအားဖြင့် ရသနည်းဟု မေး၏၊ ကျွန်ုပ်၏အဘသည် ဤယောကျ်ားကား ငါနှင့်တူစွာ အတတ်ကို သင်၏ဟု နှစ်သက်၍ ဤယောကျ်ားအား အကျွန်ုပ်ကို ပေး၏၊ ကျွန်ုပ်သည် သင်၌ ချစ်၍ တစ်ဖန်ပေးစားသော လင်ကို သတ်စေ၏ဟု ဆို၏၊ ခိုးသူကြီးသည် ဤမိန်းမကား အဘပေးစားသော လင်ကို စင်လျက်သတ်သေး၏၊ တစ်ပါးသောလင်ကို မြင်၍ ငါ့ကိုလည်း ဤအတူလျှင်ပြုလတ္တံ့၊

ဤမိန်းမကို စွန့်ခြင်းငှါ သင့်၏ဟု ကြံ၍ သွားလတ်သော် လမ်းအကြားတွင် ထိုခဏ၌ လာ၍ ရေပြည့်သော တိမ်သော တစ်ခုသောမြစ်ကိုမြင်၍ ရှင်မ ဤမြစ်၌ မိကျောင်းရဲ၏၊ ကြမ်းကြုတ်၏၊ အသို့ ပြုရကုန်အံ့နည်းဟု ဆို၏၊ ထိုမိန်းမသည်လည်း အရှင် အလုံးစုံသော ဝန်ဆာဥစ္စာကို ကျွန်ုပ်အပေါ်ရုံဖြင့် ထုပ်၍ ကမ်းတစ်ဘက်သို့ပို့ဆောင်၍ တစ်ဖန်လာ၍ အကျွန်ုပ်ကိုယူ၍ သွားလော့ဟုဆို၏၊ ထိုခိုးသူကြီးသည် ကောင်းပြီဟု အလုံးစုံသော ဝန်ဆာဥစ္စာကို ယူ၍ မြစ်သို့ဆင်း၍ ကူးသကဲ့သို့ တစ်ဘက်ကမ်းသို့ရောက်၍ ထိုမိန်းမကို စွန့်ပစ်၍ သွား၏၊ ထိုမိန်းမသည် ထိုခိုးသူကြီးကို မြင်၍ အရှင် အဘယ့်ကြောင့် ငါ့ကို စွန့်ပစ်၍ သွားသနည်း၊ အဘယ့်ကြောင့် ဤသို့ပြုသနည်း၊ လာလော့ ငါ့ကိုလည်း ယူ၍သွားလော့ဟု ထိုခိုးသူကြီးနှင့်တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၁၂၈။ သဗ္ဗံ ဘဏ္ဍံ သမာဒါယ၊ ပါရံ တိဏ္ဏောသိ ဗြာဟ္မဏ။
　　ပစ္စာဂစ္ဆ လဟုံ ခိပ္ပံ၊ မမ္ပိ တာရေဟိ ဒါနိ တော။

ပုဏ္ဏား သင်သည် ဥစ္စာအလုံးစုံကိုယူ၍ ကမ်းတစ်ဘက်သို့ကူး၏၊ လျင်စွာ ပြန်လေလော့။ ယခု ဤဘက်ကမ်းမှ ငါ့ကိုလည်း လျင်စွာဆောင်လော့။

ခိုးသူသည် ထိုစကားကိုကြား၍ တစ်ဖန် ကမ်းနားဌ်ရပ်လျက်ပင်ဤဂါထာကို ဆို၏—

၁၂၉။ အသန္ထုတံ မံ စိရသန္ထုတေန၊ နိမီနိ ဘောတီ အဒ္ဓုဝံ ဓုဝေန။
　　မယာပိ ဘောတီ နိမိနေယျ အညံ၊ ဣတော အဟံ ဒူရတရံ ဂမိဿံ။

ပုဏ္ဏေးမ သင်သည် ကြာမြင့်စွာပေါင်းသောလင်ဖြင့် မပေါင်းဖူးသောငါ့ကို လဲလှယ်၍ ယူ၏။ အမြဲလင်ဖြင့် အမြဲမဟုတ်သော ငါ့ကို လဲလှယ်၏။ ပုဏ္ဏေးမ သင်သည် ငါဖြင့်လည်း လင်တစ်ပါးကို လဲလှယ်၍ယူပေရာ၏။ ငါသည် ဤ အရပ်မှ ပို၍ ဝေးရာသို့ ပြေးတော့ပေအံ့။

ခိုးသူကြီးသည်ကား သင်နေရစ်လော့ဟုဆို၍ ထိုမိန်းမငိုကြွေးစဉ်လျင် ထမ်းဆောင်သော ဘဏ္ဍာထုပ်ကိုယူ၍ ပြေး၏၊ မိုက်စွာသော ထိုမိန်းမသည် အလွန် အလိုကြီးသည်၏အဖြစ်ကြောင့် ဤသို့သဘောရှိသော ပျက်စီးခြင်းသို့ ရောက်လျက် ကိုးကွယ်ရာမရှိ၍ အနီး၌တစ်ခုသော သမန်းမြက်ချုံသို့ကပ်၍ ငိုကြွေးလျက်နေ၏၊ ထိုခဏ၌ သိကြားမင်းသည် လူ့ပြည်ကို ကြည့်လတ်သော် အလွန်အလိုကြီးသည်၏ အဖြစ်ကြောင့် လင်မှယုတ်၍ ငိုသော ထိုမိန်းမကိုမြင်၍ ထိုမိန်းမကို နှိပ်၍ ရှက်စေ၍ လာအံ့ဟု မာတလိနတ်သား, ပဉ္စသိခနတ်သားတို့ကို ခေါ်၍

ထိုအရပ်သို့သွား၍ မြစ်နား၌ ရပ်၍ မာတလိ သင်သည် ငါးဖြစ်မလော့, ပဉ္စသိခ သင်သည် ငှက်ဖြစ်လော့, ငါကား မြေခွေးဖြစ်၍ နှုတ်သီးဖြင့် အမဲတုံးကို ချီ၍ ထိုမိန်းမ၏ ရှေးရှုဖြစ်သောအရပ်သို့သွားအံ့၊ ငါသည် ထိုမိန်းမ၏ ရှေးရှုဖြစ်သော အရပ်သို့ ရောက်လတ်သော် သင်သည် ရေမှခုန်၍ ငါ၏ရှေ့၌ကျလော့၊ ငါသည် နှုတ်သီးဖြင့် ချီသောအမဲတုံးကိုစွန့်၍ ဖမ်းအံ့သောငှါ ပြေးလာအံ့၊ ထိုခဏ၌ ပဉ္စသိခ သင်သည် ထိုအမဲတုံးကိုချီ၍ ကောင်းကင်သို့ ပျံလော့၊ မာတလိ သင်သည် ရေသို့ကျလော့ဟုစေ၏၊ ရှင်မင်းကြီး ကောင်းပြီဟု မာတလိသည် ငါးဖန်ဆင်း၏၊ ပဉ္စသိခသည် ငှက်ဖန်ဆင်း၏၊ သိကြားမင်းသည် မြေခွေးဖန်ဆင်း၍ အမဲတုံးကို နှုတ်သီးဖြင့်ချီ၍ ထိုမိန်းမ၏ ရှေးရှုအရပ်သို့လာ၏၊ ငါးသည် ရေမှ ခုန်တက်၍ မြေခွေး၏ ရှေ့၌ကျ၏၊ မြေခွေးသည် နှုတ်သီးဖြင့် ချီသောအမဲတုံးကို စွန့်၍ ငါးကို ဖမ်းအံ့သောငှါ ပြေး၏၊ ငါးသည် ခုန်၍ ရေသို့ကျ၏၊ ငှက်သည် အမဲတုံးကိုချီ၍ ကောင်းကင်သို့ပျံ၏၊ မြေခွေးသည် ငါးအမဲတုံး နှစ်ခုတို့ကို လည်း မရ၍ သမန်းမြက်ချုံကို ကြည့်လျက် မျက်နှာမသာသည်ဖြစ်၍နေ၏၊ ထို မြေခွေးကိုမြင်၍ လွန်စွာသော အလိုရမ္မက်သည် နှိပ်စက်အပ်သော ဤမြေခွေး သည် အမဲတုံးလည်း မရ, ငါးလည်းမရဟု အိုးကိုခွဲဘိသကဲ့သို့ သည်းစွာသော ရယ်ခြင်းကို ရယ်၏၊ ထိုရယ်သံကိုကြား၍ မြေခွေးသည် ဤဂါထာကို ဆို၏—

၁၃၀။ ကာ' ယံ ဗွေဂလာဂုမ္ဗေ၊ ကရောတိ အဟုဟာသိယံ။
နယိဓ နစ္စဂီတံ ဝါ၊ တာဠံ ဝါ သုသမာဟိတံ။
အနမှိကာလေ သုဒဿောဏိ၊ ကိန္နု ဇဂ္ဃသိ သောဘနေ။

သမန်းမြက်ချုံ၌ ဤမိန်းမသည် ကြီးစွာရယ်ခြင်းကိုပြု၏၊ အဘယ်မိန်းမ နည်း၊ ဤအရပ်၌ ကခြင်း သီခြင်းသည်လည်းကောင်း၊ကောင်းစွာပြုအပ်သော တီးမှုတ်ခြင်းသည်လည်းကောင်း မရှိစဉ်း၊ ကောင်းသောခါးရှိ၍ တင့်တယ် သော ရှင်မ သင်သည် ငိုသင့်သောကာလ၌ အဘယ့်ကြောင့် ရယ်ဘိသနည်း။

ထိုစကားကို ကြား၍ ထိုမိန်းမသည် ဤဂါထာကိုဆို၏—

၁၃၁။ သိင်္ဂါလ ဗာလ ဒုမ္မေဓ၊ အပ္ပပညောသိ ဇမ္ဗုက။
ဇီနော မစ္ဆဉ္စ ပေသိဉ္စ၊ ကပဏော ဝိယ ဈာယသိ။

မိုက်သော ပညာမရှိသော အစားကြီးသော မြေခွေး သင်သည်ပညာမရှိ ငါးကိုလည်းကောင်း၊ အမဲကိုလည်းကောင်း ရှုံးသည်ဖြစ်၍ ဥစ္စာတစ်ထောင် ရှုံးသော အထီးကျန်သောသူကဲ့သို့ မှိုင်၏၊

ထို့နောက်မှ မြေခွေးသည် ဤဂါထာကိုဆို၏—

၁၃၂။ သုဒဿံ ဝဇ္ဇံ မညေသိ၊ အတ္တနော ပန ဒုဒ္ဒသံ။
ဇီနာ ပတိဉ္စ ဇာရဉ္စ၊ မညေ တွညေဝ ဈာယသိ။

ယုတ်မာသောအကျင့်ရှိသော သီလမရှိသော မိန်းမ သူတစ်ပါးတို့၏ အပြစ်ကို မြင်လွယ်၏၊ မိမိအပြစ်ကိုမူကား မြင်ခဲ၏၊ သင်သည်သာလျှင် ဖအဘ ပေးစားသောလင်ကိုလည်းကောင်း၊ သဖောက်လင်ကိုလည်းကောင်း ရှုံးသည် ဖြစ်၍ ငါ့ထက်မှိုင်ယောင်တကား။

ထိုမိန်းမသည် မြေခွေးစကားကို ကြား၍ ဤဂါထာကိုဆို၏—

၁၃၃။ ဝေမေတံ မိဂရာဇ၊ ယထာ ဘာသသိ ဇမ္ဗုက။
သာ နူနာဟံ ဣတော ဂန္တွာ၊ ဘတ္တု ဟေဿံ ဝသာနုဂါ။

သားတို့၏ မင်းဖြစ်သော မြေခွေးမင်း သင်သည် ဆိုသကဲ့သို့ ဤအတူသာလျှင် ဖြစ်ရချေ၏၊ ငါသည် ဤအရပ်မှသွား၍ နောက်လင်တစ်ယောက် ရသော အခါ စင်စစ်သဖြင့်သာလျှင် ထိုလင်၏ အလိုသို့လိုက်၍ ကျင့်ပါအံ့။

ထိုအခါ သီလမရှိသော ထိုမိန်းမ၏စကားကို ကြား၍ သိကြားမင်းသည် ဤဂါထာကို ဆို၏—

၁၃၄။ ယော ဟရေ မတ္တိကံ ထာလံ၊ ကံသထာလမ္ပိ သော ဟရေ။
ကတံ ဧဝ ထယာ ပါပံ၊ ပုနပေဝံ ကရိဿသိ။

ယုတ်မာသောအကျင့်ရှိသော မိန်းမ သင်သည် အသို့ဆိုသနည်း၊ မြေခွက်ကို ခိုးသောသူသည် ရွှေခွက်ငွေခွက်အစရှိသော ခွက်ကိုလည်း ခိုးမည်သာတည်း။ သင်သည် ဤမကောင်းမှုကို ပြုအပ်ပြီးသည်သာလျှင်တည်း၊ တစ်ဖန်လည်း သင်သည် ဤအတူ ပြုပြန်လတ္တံ့။

ဤသို့ သိကြားမင်းသည် ထိုမိန်းမကို ရှက်စေ၍ ဖောက်ပြန်သော အခြင်း အရာသို့ ရောက်စေ၍ မိမိနေရာသို့ သွား၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို

ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ငြီးငွေ့သော ရဟန်းသည် ထိုအခါ စူဠဓနုဂ္ဂဟပညာရှိ ဖြစ်ဖူးပြီ၊ ယခုအခါ ငြီးငွေ့သောရဟန်း၏ မယားဟောင်းသည် ထိုအခါ စူဠဓနုဂ္ဂဟ ပညာရှိ၏မယား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(အသစ်ကိုမြင်၊ အဟောင်းကြည်၊ ကိုယ့်ပင် ဘက် ပြန်လာ။)

သုံးရာခုနစ်ဆယ့်လေးခုမြောက်သော စူဠဓနုဂ္ဂဟဇာတ်သည် ပြီး၏။

## ၃၇၅-ကပေါတဇာတ်

### အစားမတော်တစ်လုတ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော သော လကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဣဒါနိ ခေါမိ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကပေါတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော လျှပ်ပေါ်သောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (လျှပ်ပေါ်သော ရဟန်းဝတ္ထုကို များစွာခွဲအပ်ပြီးသလျှင်ကတည်း၊) ထိုရဟန်းကိုကား သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်း သင်သည်လျှပ်ပေါ်သောဟူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း သင်သည် ယခုအခါ၌သာ လျှပ်ပေါ်သည်မဟုတ်သေး၊ ရှေး၌လည်း လျှပ်ပေါ်သည်သလျှင်ကတည်း၊ လျှပ်ပေါ်သည်၏ အဖြစ်ကြောင့် အသက်ကုန်ခြင်းသို့ ရောက်ဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခိုမျိုး၌ဖြစ်၍ ဗာရာဏသီသူဌေး၏စဖို့အိမ် အသိုက်တောင်း၌ နေ၏၊ ထိုအခါ တစ်ကောင်သောကျီးသည် ငါးအမဲ၌ တပ်စွန်း၍ ထိုခိုနှင့် မိဘ်ဖွဲ့၍ ထိုအသိုက်တောင်း၌သျှင် နေ၏၊ ထိုကျီးသည် တစ်နေ့သ၌ များစွာသော ငါးအမဲကို မြင်၍ ငါးအမဲကိုစားအံ့ဟု အလွန်ညည်းညူလျက် အသိုက်တောင်း၌သျှင် အိပ်နေ၏၊ခိုသည် အဆွေကျီး လာလော့၊ အစာရှာအံ့သောငှါ သွားကုန်အံ့ဟုဆိုသော်သည်း ငါသည် အစာမကြေခြင်းကြောင့် အိပ်၏၊ သင်သည် သွားလေလော့ဟု ဆို၍ အစာရှာမသွားမူ၍ ထိုခိုသွားသည်

ရှိသော် ငါ၏ဆူးငြောင့်ဖြစ်သော ရန်သူသည် သွားပြီ၊ ယခုအခါ ငါသည် အလိုရှိတိုင်း ငါးအမဲကို စားအံ့ဟု ကြံလျက် ဤဂါထာကိုဆို၏—

၁၃၅။ ဣဒါနိ ခေါမှိ သုခိတော အရောဂေါ၊
နိက္ကဏ္ဍကော နိပ္ပတိတော ကပေါတော။
ကာဟာမိ ဒါနိ ဟဒယဿ တုဋ္ဌိံ၊
တထာဟိ' မံ မံသသာကံ ဗလေတိ။

ငါသည် ယခုမှသာလျှင် ချမ်းသာ၏။ ရောဂါမရှိတော့၊ ဆူးငြောင့်မရှိတော့ချေ၊ ခိုထွက်သွားရာ ယခုအခါ၌ ငါလုပ်ချင်တာ ပြုလုပ်တော့အံ့၊ ထို့ကြောင့် အမဲ အမဲဟင်းမှုကြွင်းသော ဟင်းသည် ငါ၏ အားလုံ့လကိုပြု၏။

စားဖိုသည်သည် ငါးအမဲကိုချက်၍ စားဖိုအိမ်မှ ထွက်၍ ကိုယ်မှ ချွေးကို သုတ်လျက်နေ၏၊ ကျီးသည် တောင်းမှထွက်၍ အမဲကို ငမ်းပြည့်အောင်စား၍ အမဲကိုထားသောတောင်း၌ နား၍ "က်ရ် ကိရ်"ဟု အသံကိုပြု၏၊စားဖိုသည်သည် လျင်မြန်သဖြင့် လာလတ်၍ ကျီးကိုဖမ်း၍ အလုံးစုံသော အတောင်တို့ကိုနုတ်၍ စိုသောချင်း မုန်ညင်းစေ့တို့ကိုချေ၍ ပုပ်သောရက်တက်ရည်ဖြင့် နယ်၍ အလုံးစုံသော ကိုယ်ကို လိမ်း၍ တစ်ခုသော အိုးခြမ်းကို သွေး၍ ချည်ကြိုးဖြင့် ထိုကျီး၏ လည်၌ ဖွဲ့ဆွဲ၍ အသိုက်တောင်း၌လျှင်ကား၍ သွား၏၊ ခိုသည်လာလတ်၍ ထိုကျီးကိုမြင်၍ ဗျိုင်းသည် ငါ့အဆွေကျီး၏ တောင်း၌အိပ်၏၊ အဘယ်ဗျိုင်းနည်း၊ အဆွေခင်ပွန်းဖြစ်သော ကျီးသည် ကြမ်းကြုတ်၏၊ လာလတ်၍ သင့်ကို ညှဉ်းဆဲရာ၏ဟု ပြက်ရယ်ပြုလိုရကား ဤဂါထာကို ဆို၏—

၁၃၆။ ကာ' ယံ ဗလာကာ သိခိနီ၊ စောရီ လင်္ဃိပိတာမဟာ။
ဩရံ ဗလာကေ အာဂစ္ဆ၊ စဏ္ဍော မေ ဝါယသော သခါ။

ဦးစွန်းရှိသော နေရာတောင်းကို ခိုးသော မိုးဟူသော အဘိုးရှိသော ဤဗျိုင်းအောက်မသည် အဘယ်ဗျိုင်းအောက်နည်း၊ ဗျိုင်းအောက်မ ဤအတွင်းသို့လာလော့၊ ငါ၏ အဆွေခင်ပွန်းဖြစ်သော ကျီးသည်ကြမ်း၏။

ထိုစကားကိုကြား၍ ကျီးသည် ဤဂါထာကိုဆို၏—

၁၃၇။ အလံ ဟိ တေ ဇဂ္ဃိတာယေ၊ မမံ ဒိသွာန ဒေိသံ။
ဝိလူနံ သူဒပုတ္တေန၊ ပိဋ္ဌမဒ္ဒေန မက္ခိတံ။

အဆွေ စားဖိုသည်သည် အမွေးအတောင်ကို နုတ်၍ ချင်း မုန်ညင်းမှုန့် ဖျော်သော ရက်တက်ရည်ကြည်ဖြင့် လိမ်းကျံအပ်သော ဤသို့ သဘောရှိသော ဆင်းရဲခြင်းရှိသော ငါ့ကိုမြင်၍ သင့်အား ပြက်ရယ်ပြုခြင်းငှါ မသင့်သည် သာတည်း။

ငါးရာငါးဆယ် (တ) ၆—ပ-မ-သ-စ

ခိုသည် ပြက်ရယ်ပြုလို၍လျှင် တစ်ဖန် ဤဂါထာကိုဆို၏—

၁၃၈။ သုန္ဒာတော သုဝိလိတ္တောသိ၊ အန္တပါနေန တပ္ပိတော။
ကဏ္ဌေ စ တေ ဝေဠုရိယော၊ အဂမာ နု ကဇင်္ဂလံ။

အဆွေ သင်သည် ကောင်းစွာ သုတ်သင်အပ်သည် ကောင်းစွာ လိမ်းကျံ အပ်သည် ထမင်းအဖျော်ဖြင့် ရောင့်ရဲသည်ဖြစ်၏၊ သင်၏လည်၌လည်း ဝေဠုရိယာ ပတ္တမြားကို ဆင်ယင်အပ်၏၊ သင်သည် ဗာရာဏသီပြည်တွင်းသို့သွားချေသလော။ ထိုနောက်မှ ကျီးသည် ဤဂါထာကို ဆို၏—

၁၃၉။ မာ တေ မိတ္တော အမိတ္တော ဝါ၊ အဂမာသိ ကဇင်္ဂလံ။
ပိဉ္ဆာနိ တတ္ထ လာယိတွာ၊ ကဏ္ဌေ ဗန္ဓိတ္တ ဝဋ္ဋနံ။

ခို သင်၏ အဆွေခင်ပွန်းသည်လည်းကောင်း၊ အဆွေခင်ပွန်း မဟုတ်သော ငှက်သည်လည်းကောင်း၊ ဗာရာဏသီမြို့တွင်းသို့ မသွားစေလင့်၊ ထိုဗာရာဏသီ မြို့တွင်းသို့ အမွေးအတောင်တို့ကိုနုတ်၍ လည်၌ အုံးခြမ်းကို ဖွဲ့ချည်ထားတတ်ကုန်၏။

ထိုစကားကို ကြား၍ ခိုသည် ဤဂါထာကိုဆို၏—

၁၄၀။ ပုနပါ'ပဇ္ဇသိ သမ္မ၊ သီလံ ဟိ တဝ တာဒိသံ။
န ဟိ မာနုသကာ ဘောဂါ၊ သုဘုဉ္ဇာ ဟောန္တိ ပက္ခိနာ။

အဆွေ သင်သည် တစ်ဖန်လည်း ဤသို့သဘောရှိသော ဆင်းရဲသို့ ရောက်လတ္တံ့။ မှန်၏။ သင်၏ အလေ့သည် ထိုသို့သဘောရှိ၏။ လူ၌ ဖြစ်ကုန်သော အသုံးအဆောင်တို့သည် ငှက်အား သုံးဆောင်လွယ်ကုန်သည် မဖြစ်ကုန်သည် သာတည်း။

ဤသို့ ဘုရားလောင်းသည် ထိုကျီးကိုဆုံးမ၍ ထိုအိမ်၌မနေမူ၍ အတောင် တို့ကိုဖြန့်၍ တစ်ပါးသော အရပ်သို့သွား၏၊ ကျီးသည်လည်း ထိုအိမ်၌ပင် အသက်ကုန်ခြင်းသို့ ရောက်၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြသည်၏ အဆုံး၌ လျှပ်ပေါ်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို

ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ လျှပ်ပေါ်သောရဟန်းသည် ထိုအခါ ကျီးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခိုဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(လျှပ်ပေါ်လော်လီ၊ စိတ်မတည်၊ သေမည် ကျီးပမာ)

သုံးရာခုနစ်ဆယ့်ငါးခုမြောက်သော ကပေါတဇာတ်သည် ပြီး၏။

၃-အဆုံဝဂ် ပြီး၏။

ပဉ္စကနိပါတ် ဇာတ်ဝတ္ထု ဤတွင် ပြီး၏။

# ၆-သတ္တနိပါတ်

## ၁-အဝါရိယဝဂ်

### ၃၇၆-အဝါရိယဇာတ်

#### လှေထိုးအတွက် ငွေသာပေးခဲ့

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "မာသုကုဇ္ဈ ဘူမိပတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအဝါရိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကူးတို့ဆိပ်၌ တစ်ယောက်သော ကူးတို့သည်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကူးတို့သည်သည် မိုက်သည်ဖြစ်သတတ်၊ ဘုရားအစရှိကုန်သော ရတနာတို့၏ ကျေးဇူးကိုလည်း မသိ၊ တစ်ပါးကုန်သောပုဂ္ဂိုလ်တို့၏ ကျေးဇူးကိုလည်း မသိ၊ ကြမ်းတမ်းရုန့်ရင်း၏၊ နိုင်ထက်မူတတ်၏၊ ထိုအခါ ဇနပုဒ်၌နေသော ရဟန်းတစ်ပါးသည် ဘုရားကိုဖူးမြင်အံ့ဟု လာလတ်သော် ညဉ့်အခါ၌ အစိရဝတီမြစ်ဆိပ်သို့ရောက်၍ ထိုကူးတို့သည်ကို ဒါယကာ ထိုမှာဘက်သို့ သွားအံ့၊ ငါ့အား လှေကို ပေးပါလော့ဟုဆို၏၊ အရှင်ဘုရား ယခု အချိန်မဟုတ်ပြီ၊ တစ်ခုသော အရပ်၌ နေဦးလော့ဟုဆို၏၊ ဒါယကာ ဤအရပ်တွင် အဘယ်၌ နေရအံ့နည်း၊ ငါ့ကို ယူ၍ သွားလော့ဟု ဆို၏၊ ကူးတို့သည်သည် အမျက်ထွက်၍ အချင်းရဟန်း လာလော့ဟု မထေရ်ကို လှေသို့တင်၍ ဖြောင့်စွာ မသွားမူ၍ လှေကို အောက်သို့ဆောင်၍ မြစ်၌ လှေကိုလှုပ်၍ ထိုရဟန်း၏သပိတ်သင်္ကန်းကို စွတ်စိုစေ၍ ပင်ပန်းစေ၍ မှောင်မိုက်သောအခါမှ လွှတ်လိုက်၏၊ ထိုအခါ ထိုရဟန်းသည် ကျောင်းသို့သွား၍ ထိုနေ့၌ ဘုရားအား ခစားခြင်း၏ အခွင့်ကို မရ၍ နက်ဖြန်နေ့၌ မြတ်စွာဘုရားသို့ကပ်၍ ရှိခိုး၍ တင့်အပ်သော အရပ်၌ နေ၏။ မြတ်စွာဘုရားသည် ပြုအပ်သော ပဋိသန္ထာရ ရှိသည် ဖြစ်၍ အဘယ်အခါ လာသနည်းဟု မေးတော်မူသည်ရှိသော် အရှင်ဘုရား ယမန်နေ့က လာ၏ဟု နားတော်လျှောက်၏၊ ယမန်နေ့က လာသည်ဖြစ်လျက် အဘယ်ကြောင့် ယနေ့မှ ငါဘုရားအား ဖူးမြင်အံ့သနည်း၊ လာသနည်းဟု မေးတော်မူသည် ရှိသော် ထိုအကြောင်းကို လျှောက်၏၊ ထိုအကြောင်းကို ကြား၍ မြတ်စွာဘုရားသည် ရဟန်း ဤကူးတို့သည်သည် ယခုအခါ၌သာလျှင် ကြမ်းတမ်း ရုန့်ရင်းသည်၊ နိုင်ထက်မူတတ်သည် မဟုတ်သေး၊ ရှေး၌လည်း ဤကူးတို့သည်သည်

ပညာရှိတို့ကို ပင်ပန်းစေ၏ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းကုန်သော အတတ်တို့ကို သင်၍ ရသေ့ ရဟန်းပြု၍ ရှည်မြင့်စွာသော ကာလပတ်လုံး ဟိမဝန္တာ၌ သစ်သီးကြီးငယ်ဖြင့် မျှ၍ ချဉ်ဆား မှီဝဲအံ့သောငှါ ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ ဥယျာဉ်၌ နေ၍ နက်ဖြန်နေ့၌ ဆွမ်းခံအံ့သောငှါ မြို့သို့ဝင်၏။

ထိုအခါ မင်းသည် မင်းရင်ပြင်သို့ ရောက်လာသော ထိုရသေ့ကို မြင်၍ ထိုရသေ့၏ ဣရိယာပုထ်၌ ကြည်ညို၍ နန်းတွင်းသို့ပင်၍ ဆွမ်းကျွေး၍ ဝန်ခံခြင်းကိုယူ၍ မင်း၏ဥယျာဉ်၌ နေစေ၏ တစ်နေ့တစ်ကြိမ် ခစားအံ့သောငှါ လာ၏၊ ဘုရားလောင်းရသေ့သည် ထိုမင်းကို မြတ်သောမင်းကြီး မင်းမည်သည် လေးပါးသော အဂတိတို့သို့ လိုက်ခြင်းတို့ကို ကြဉ်၍ မမေ့မလျော့သာလျှင် သည်းခံခြင်း မေတ္တာ ကရုဏာနှင့် ပြည့်စုံသည်ဖြစ်၍ မင်းပြုအပ်၏ဟုဆို၍ နေ့တိုင်း ဆုံးမလိုရကား ဤဂါထာကိုဆို၏–

၁။ မာသု ကုဇ္ဈ ဘူမိပတိ၊ မာသု ကုဇ္ဈ ရထေသဘ။
ကုဒ္ဓံ အပ္ပဋိကုဇ္ဈန္တော၊ ရာဇာ ရဋ္ဌဿ ပူဇိတော။

၂။ ဂါမေ ဝါ ယဒိ ဝါ’ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
သဗ္ဗတ္ထ အနုသာသာမိ၊ မာသု ကုဇ္ဈ ရထေသဘ။

မြေကိုအစိုးရသော မင်းကြီး သင်မင်းကြီးသည် အမျက်မထွက်လင့်၊ရထားစီးချင်းမင်းတို့ထက် မြတ်သောမင်းကြီး သင်မင်းကြီးသည် အမျက်မထွက်လင့်၊ အမျက်ထွက်သောသူကို အတုံ့အမျက်မထွက်သော မင်းကို တိုင်းနိုင်ငံသူသည် ပူဇော်အပ်၏။

ရထားစီးချင်း မင်းတို့ထက် မြတ်သောမင်းကြီး ရွာ၌လည်းကောင်း၊တော၌လည်းကောင်း၊ ချိုင့်ဝှမ်းရာ အရပ်၌လည်းကောင်း၊ ကြည်း၌ လည်းကောင်း အလုံးစုံသောအရပ်၌ အမျက်မထွက်လင့်၊ ဤသို့ ငါဆုံးမ၏။

ဤသို့ ဘုရားလောင်းသည် မင်းအား လာတိုင်းလာတိုင်းသော နေ့၌ ဤဂါထာတို့ကို ဆို၏၊ မင်းသည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဘုရားလောင်းအား အနှစ်တစ်သိန်းထွက်သော ရွာမြတ်ကို ပေး၏၊ဘုရားလောင်းသည် ပယ်၏၊

ဤသို့ ဘုရားလောင်းသည် ထိုမင်း၏ဥယျာဉ်၌လျှင် တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး နေ၍ အလွန်ကြာမြင့်စွာ နေအပ်ပြီဟု ဇနပုဒ်သို့ လှည့်လည်ခြင်းကို ရှေးဦးစွာ လှည့်လည်ရ်လာအံ့ဟု မင်းအား မပြောမဆိုမူ၍ ဥယျာဉ်စောင့်ကို ခေါ်၍ ဒါယကာ ငါသည် ငြီးငွေ့သော သဘောရှိ၏၊ ဇနပုဒ်ကို လှည့်လည်၍လာအံ့၊ သင်သည် သွား၍ မင်းအား ပြောထိုချေဟု ဆို၍ ဖဲသည်ရှိသော် ဂင်္ဂါကူးတို့ ဆိပ်သို့ရောက်၏၊ ထိုကူးတို့ဆိပ်၌ ကူးတို့သည်သည် အာဝါရိယ၏ အဘမည်၏၊ ထိုကူးတို့သည်သည် မိုက်၏၊ ကျေးဇူးရှိကုန်သော သူတို့၏ ကျေးဇူးကို မသိ၊ မိမိ၏ အကြောင်းဥပါယ်ကို မသိ၊ ဂင်္ဂါသို့ ကူးလိုသော လူတို့ကို ရှေးဦးစွာ ကူးစေ၍ နောက်မှ အခကို တောင်းသေ့ရှိ၏၊ အခကို မပေးကုန်သောသူတို့နှင့် တကွ ခိုက်ရန်ပြုလျက် ဆဲရေးခြင်း သတ်ပုတ်ခြင်းသာလျှင် အလွန်များ၏၊ နည်းသော လာဘ်ရှိ၏၊ ဤသို့သဘောရှိသော အလွန်မိုက်သော ကူးတို့သည်ကို ရည်၍ မြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူပြီး၍ သုံးခုံမြောက်သော ဤဂါထာကို ဟောတော်မူ၏—

၃။ အဝါရိယပိတာ နာမ၊ အဟု ဂင်္ဂါယ နာဝိကော။
　ပုဗ္ဗေ ဇနံ တာရေတွာန၊ ပစ္ဆာ ယာစတိ ဝေတနံ။
　တေန’ဿ ဘဏ္ဍနံ ဟောတိ၊ နေဝ ဘောဂေဟိ ဝဍ္ဎတိ။

ဂင်္ဂါ၌ ကူးတို့သည်လည်းအဝါရိယ၏အဘအမည်ဖြစ်၏။ထိုကူးတို့သည်သည် ရှေးဦး၌ ကူးတို့စီးသူ လူအပေါင်းကို ကူးစေ၍ နောက်မှ အခကိုတောင်းသော ကြောင့် ထိုသူအား ခိုက်ရန်သည်ဖြစ်၍ စည်းစိမ်မပွားသည်သာတည်း။

ဘုရားလောင်းသည် ထိုကူးတို့သူကြီးသို့ကပ်၍ ဒါယကာ ငါ့ကို ထိုမှာဘက်သို့ ပို့လော့ဟု ဆို၏၊ ထိုစကားကိုကြား၍ ထိုကူးတို့သည်သည် ရဟန်း ငါ့အား အခပေးလတ္တံ့လောဟု ဆို၏၊ ဒါယကာ စည်းစိမ်၏ ပွားများခြင်းအကြောင်း မည်သောစကားကို သင့်အား ငါဆိုအံ့ဟု ဆို၏၊ထိုစကားကိုကြား၍ ကူးတို့သည် သည် ဤရဟန်းသည် ငါ့အား တစ်စုံတစ်ခုကို မချွတ်ပေးလတ္တံ့ဟု ထိုရသေ့ကို ထိုမှာဘက်သို့ဆောင်၍ ငါ့အား အခပေးလောဟုဆို၏၊ထိုရသေ့သည် ဒါယကာ ကောင်းပြီဟုဆို၍ ရှေးဦးစွာ စည်းစိမ်၏ ပွားများခြင်းအကြောင်း ဖြစ်သော စကားကို ဆိုလိုရကား ဤဂါထာကိုဆို၏—

၄။ အတိဏ္ဏံယေဝ ယာစဿု၊ အပါရံ တာတ နာဝိက။
　အညော ဟိ တိဏ္ဏဿ မနော၊ အညော ဟောတိ ပါရေသိနော။

အမောင် ကူးတို့သူကြီး ကမ်းတစ်ဘက်သို့ မကူးမီလျှင် အခကိုတောင်းလော၊ မှန်၏၊ ကူးပြီးသူ၏စိတ်သည် တစ်မျိုးဖြစ်၏၊ ကူးလိုသူ၏စိတ်သည် တစ်မျိုး ဖြစ်၏။

ထိုစကားကိုကြား၍ ကူးတို့သည်သည် ဤရသေ့ကား ငါ့အား ရှေးဦးစွာ အဆုံးအမ ပေးသည်ဖြစ်လတ္တံ့၊ ယခုအခါ၌ ဤအဆုံးအမမှတစ်ပါး တင်စိုတစ်ခု ကို ငါ့အားပေးလတ္တံ့ဟုကြံ၏၊ ထို့နောင် ဘုရားလောင်းသည် ထိုကူးတို့သည်ကို ဒါယကာ သင့်အား စည်းစိမ်၏ ပွားများခြင်းအကြောင်းဖြစ်သော ဤစကားကို ဆိုအပ်ပြီ၊ ယခုအခါ အကျိုးအကြောင်း၏ ပွားများခြင်းအကြောင်းဖြစ်သော စကားကို နာလော့ဟုဆို၍ ဆုံးမလိုရကား ဤဂါထာကိုဆို၏—

၅။ ဂါမေ ဝါ ယဒိ ဝါ’ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
သဗ္ဗတ္ထ အနုသာသာမိ၊ မာသု ကုဇ္ဈိတ္ထ နာဝိက။

ကူးတို့သူကြီး ရွာ၌လည်းကောင်း၊ တော၌လည်းကောင်း၊ ချိုင့်ဝှမ်းရာ အရပ်၌လည်းကောင်း၊ ကြည်း၌လည်းကောင်း အလုံးစုံသော အရပ်၌ အမျက် မထွက်လင့်၊ ဤသို့ ငါဆုံးမ၏။

ဤသို့ ကူးတို့သည်အား ဤဂါထာဖြင့် အကျိုးအကြောင်း၏ ပွားများခြင်း အကြောင်းဖြစ်သော စကားကို ဆို၍ သင့်အား ဆိုအပ်သော ဤစကားသည် အကြောင်းအကျိုးကို ပွားစေတတ်သော စကားပေတည်းဟုဆို၏၊ ထိုယုတ်မာ သော ယောကျ်ားသည် ထိုအဆုံးအမကို တစ်စုံတစ်ခုအရှိအသေ ပြုအပ်သည်ကို မအောက်မေ့သည်ဖြစ်၍ ရဟန်း ဤသည်ကား သင်သည် ငါ့အား ပေးအပ် သော လှေခလောဟုဆို၏၊ ဒါယကာ ဟုတ်၏ဟုဆိုသည်ရှိသော် ဤစကားဖြင့် ငါ့အားအလိုမရှိ၊ ငါ့အား တစ်ပါးသောဝတ္ထုကိုပေးလော့ဟုဆို၏၊ ဒါယကာ ဤစကားကိုထား၍ ငါ့အား တစ်ပါးသောဝတ္ထုသည် မရှိဟုဆို၏၊ ထိုသို့မရှိဘဲ လျက် အဘယ့်ကြောင့် လှေကိုစီးသနည်းဟု ရသေ့ကို ဂင်္ဂါနား၌ လှဲ၍ ရင်၌ ထိုင်၍ ထိုရသေ့၏ မျက်နှာကိုသာလျှင် ပုတ်ခတ်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတို့ ဤသို့လျှင် အကြင် ဆုံးမခြင်းကို ထိုရသေ့သည် ပေး၍ မင်း၏ အထံမှ ရွာမြတ်ကို ရ၏၊ ထိုအဆုံးအမကိုလျှင် အသွန်မိုက်သော ကူးတို့သည်အား ဆို၍ မျက်နှာ၌ ပုတ်ခတ်ခြင်းကို ရ၏၊ ထို့ကြောင့် အဆုံးအမ ပေးသောသူသည် သင့်သောသူအား သာလျှင် ပေးအပ်၏၊ မသင့်သောသူအား မပေးအပ်ဟု မိန့်တော်မူ၍ ဘုရားဖြစ်တော် မူပြီး၍ ထိုဂါထာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဤဂါထာကို ဟောတော် မူ၏။

၆။ ယာယေဝါ’ နုသာသနိယာ၊ ရာဇာ ဂါမဝရံ အဒါ။
တာယေဝါ’ နုသာသနိယာ၊ နာဝိကော ပဟာရိ မုခံ။

မင်းသည် ရွာဆုကိုပေးခြင်း အဆုံးအမ ဖြင့်လျှင် ကူးတို့သည်သည် မျက်နှာကို ပုတ်ခတ်၏။

ကူးတို့သည်သည် ရသေ့ကို ပုတ်ခတ်ဇဉ်လျှင် ကူးတို့သည်၏ မယားသည် ထမင်းယူ၍ လာလတ်သော် ထိုယုတ်မာသောယောကျ်ားကို မြင်၍ ဒေ ရှင် ဤရသေ့သည်ကား မင်း၏ ဆရာဖြစ်၏၊ မာ တ်ပုတ်လင့်ဟု ဆို၏၊ ကူးတို့သမားသည် တစ်ဖန်အမျက်ထွက်၍လျှင် သင်သည်ပင်လျှင် ဤ ရသေ့ စဉ်းလဲကို သတ်ပုတ်စိမ့်သောငှါ မပေးလင့်ဟု ထ၍ ထိုမိန်းမကို သတ်ပုတ်၍ လဲစေ၏၊ ထိုအခါ ထမင်းခွက်သည်ကျ၍ ကွဲ၏၊ ထိုမိန်းမ၏လည်း လေးသော ကိုယ်ဝန်ရှိသည်၏အဖြစ်ကြောင့် ကိုယ်ဝန်သည် မြေ၌ကျ၏၊ ထိုအခါ ထို ယောကျ်ားကို လူတို့သည် ခြံရံကုန်၍ သူသတ်ခိုးသူတည်းဟု ဖမ်း၍ နှောင်ဖွဲ့၍ မင်းအားပြကုန်၏၊ မင်းသည်ဆုံးဖြတ်၍ ထိုကူးတို့သည်အား မင်းဒဏ်ကိုပြုစေ၏။

သမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ထိုအကြောင်းကို ပြတော်မူလိုရကား ဤဂါထာကို ဟောတော်မူ၏။

၇။ ဘတ္တံ ဘိန္နံ ဟတာ ဘရိယာ၊ ဂဗ္ဘော စ ပတိတော ဆမာ။
　မိဂေါဝ ဇာတရူပေန၊ န တေ န’တ္ထံ အဗုန္ဓိ သုတိ။

ထမင်းခွက်သည် ကွဲ၏၊ မယားကို သတ်ပုတ်အပ်၏၊ ကိုယ်ဝန်သည်လည်း မြေ၌ ကျ၏၊ သမင်သည် ရွှေငွေဖြင့် မိမိ၏ အကျိုးစီးပွါးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ထို လူမိုက်သည်လည်း ထိုအဆုံးအမဖြင့် အကျိုးစီးပွါးကို မဖြစ်စေနိုင်။

ဇာတ်ပေါင်း

သမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ပေါင်းတော်မူ သနည်းဟူမူကား ယခုအခါ ကူးတို့သည်ပင်လျှင် ထိုအခါ ကူးတို့သည်ပင်ဖြစ်၏၊ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဆုံးမစကား၊ သုံးတတ်ငြား၊ ကျိုးများလှသည်သာ။)

သုံးရာခုနစ်ဆယ့်ခြောက်ခုမြောက်သော အငါရိယဇာတ်သည် ပြီး၏။

## ၃၇၇-သေတကေတုဇာတ်

### သိပြီ့ဒါထက် မသိသေးဒါက ပို၍များသည်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗုဒ္ဓ မြတ်စွာ ဘုရားသည် “မာတာတ ကုဒ္ဓိ န ဟိ သာဓု ကောဓော”အစရှိသော ဂါထာပုဒ်

## အတိတ်ဝတ္ထု

ဖြင့် တန်ဆာဆင်အပ်သော ဤသေတကေတုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုသည် ဥဒ္ဒါလဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။)

လွန်လေပြီးသောအခါ၌ကား ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်၌ ဒိသာပါမောက္ခဆရာဖြစ်၍ ငါးရာကုန်သော လုလင်တို့ကို ဗေဒင်သင်၏၊ ထိုလုလင်တို့၏ အကြီးဖြစ်သော သေတကေတုမည်သော လုလင်သည် ဥဒိစ္စပုဏ္ဏားမျိုး၌ ဖြစ်၍ အမျိုးကို မှီ၍ ထိုသေတကေတုလုလင်အား မာနကြီး၏၊ ထိုသေတကေတု လုလင်သည် တစ်နေ့သ၌ တစ်ပါးကုန်သော လုလင်တို့နှင့်အတူ မြို့မှထွက်၍ မြို့သို့ဝင်သော စဏ္ဍာလကို မြင်၍ သင်သည် အဘယ်သူနည်းဟု မေး၍ ငါစဏ္ဍာလတည်းဟု ဆိုသည်ရှိသော် ထိုစဏ္ဍာလ၏ ကိုယ်၌ ခတ်၍ လာသော လေသည် မိမိကိုယ်၌ ခတ်မိသည်မှ ကြောက်သောကြောင့် သင်သည် စဏ္ဍာလယုတ်တည်း၊ လေညာ၌ မနေလင့်ဟု ဆို၍ လျင်စွာ ထိုသူ၏ လေညာသို့ သွား၏၊ စဏ္ဍာလသည် လျင်မြန်စွာ သွား၍ သေတကေတု၏ လေညာ၌ ရပ်၏၊ ထိုအခါ ထိုစဏ္ဍာလကို သူယုတ် ပျက်စီးလေလေ့ဟု လွန်စွာ ဆဲရေး၏၊ စဏ္ဍာလသည် သင်ကား အဘယ်အမည်ရှိသနည်းဟု မေး၏၊ ငါသည် ပုဏ္ဏားလုလင် ဖြစ်၏ဟု ဆို၏၊ ပုဏ္ဏားလုလင် ဖြစ်စေ ငါမေးသော ပြဿနာကို ဖြေနိုင်လတ္တံ့လောဟု မေး၏၊ ဖြေနိုင်၏ဟု ဆို၏၊ အကယ်၍ မဖြေနိုင်အံ့၊ ခြေကြားဖြင့် သင့်ကို လျှည့်အံ့ဟု ဆို၏၊ သေတကေတုသည် မိမိကိုယ်ကို ကြံ၍ လှည့်လေဟု ဆို၏၊ စဏ္ဍာလသားသည် သေတကေတု၏ စကားကို ပရိသတ်ကို မှတ်စေ၍ ပုဏ္ဏားလုလင် အရပ်မည်သည် အဘယ်နည်းဟု မေး၏၊ အရပ်မည်သည် အရှေ့အရပ် အစရှိကုန်သော အရပ်လေးမျက်နှာတည်းဟု ဆို၏၊ စဏ္ဍာလသားသည် ငါသည် ဤအရပ်ကို မေး၊ သင်သည် ဤမျှလောက်ကိုမျှ မသိဘဲလျက် ငါ၏ ကိုယ်၌ ခတ်အပ်သောလေကို စက်ဆုပ်၏ဟု ပုဏ္ဏားလုလင်ကို လည်ကုတ်၌ ကိုင်၍ မိမိခြေကြား၌ ထားသဖြင့် လှည့်၏၊ လုလင်တို့သည် ထိုအကြောင်းကို ဆရာအား ကြားကုန်၏၊ ဆရာသည် အမောင် သေတကေတု စဏ္ဍာလသည် ခြေကြား၌ထား၍ လှည့်၏ဟူသည် မှန်သလောဟု မေး၏၊ ဆရာမှန်၏၊ ထိုစဏ္ဍာလသားသည် အကျွန်ုပ်ကို အရပ်မျက်နှာမျှကိုလည်း မသိဟု မိမိ ခြေကြား၌ ထား၍ လှည့်၏၊ ကျွန်ုပ်သည် ယခုမြင်၍ ပြုအပ်သည်ကို သိအံ့ဟုဆို၍ အမျက်ထွက်၍ စဏ္ဍာလသားကို ဆဲရေး၏၊ ထိုအခါ သေတကေတုကို ဆရာသည်

**အမောင်** သေတကေတု ထိုစဏ္ဍာလအား အမျက်မထွက်လင့်၊ စဏ္ဍာလ သားသည် ပညာရှိ၏၊ ဤသို့ သဘောရှိသော အနေ့အရပ် အစရှိသော အရပ်ကို မမေး၊ တစ်ပါးသောအရပ်ကို မေး၏၊ သင်သည် မြင်အပ် ကြားအပ် သိအပ်သော တရားထက် မမြင်အပ် မကြားအပ်သော တရားသာလျှင် အလွန်များ၏ ဟုဆို၍ ဆုံးမရလိုရကား ဂါထာတို့ကို ဆို၏။

၈။ မာ တာတ ကုဇ္ဈိ န ဟိ သာဓု ကောဓော၊ ဗဟုမ္ပိ တေ အဒိဋ္ဌမဿုတဉ္စ။
မာတာ ပိတာ ဒိသတာ သေတကေတု၊ အာစရိယမာဟု ဒိသာတံ ပသတ္ထာ။

၉။ အဂါရိနော အန္နဒ ပါနဝတ္ထဒါ၊ အဝှါယိကာ တမ္ပိ ဒိသံ ဝဒန္တိ။
သော ဒိသာ ပရမာ သေတကေတု၊ ယံ ပတွာ ဒုက္ခီ သုခိနော ဘဝန္တိ။

အမောင် သေတကေတု အမျက်မထွက်လင့်။ အမျက်သည် မကောင်း။ သင့်အား မမြင်အပ်သော တရား မကြားအပ်သော တရားတို့သည် များလှ၏။ မိဘတို့သည် အရှေ့အရပ်မျက်နှာ မည်ကုန်၏။ ဆရာကို တောင်အရပ်မျက်နှာ ဟူ၍ ဘုရား ရဟန်းတို့ ချီးမွမ်းကြကုန်၏၊

ထမင်း အဖျော်အဝတ်ကို လှူတတ်ကုန်သော အိမ်၌ နေကုန်သောလူတို့သည် တရားစောင့်သော ရဟန်းပုဏ္ဏားကို ပင့်ခေါ်ကုန်၏။ ထိုရဟန်းပုဏ္ဏားတို့ကိုလည်း အထက် အရပ် မျက်နှာဟူ၍ ဆိုကုန်၏၊ သေတကေတု ဆင်းရဲကုန်သောသူတို့၏ ချမ်းသာရာ အစစ်အမှန်ဖြစ်သော နိဗ္ဗာန်အရပ်သည်သာလျှင် လွန်မြတ်သော အရပ်မည်၏။

ဤသို့ ဘုရားလောင်းသည် သေတကေတု လုလင်အား အရပ်မျက်နှာကို ပြောဆို၍ သေတကေတုသည်လည်း စဏ္ဍာလသည် ခြေကြားဖြင့် လှည့်အပ်၏ဟု ထိုအရပ်၌ မနေမူ၍ တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါမောက္ခ ဆရာ့အထံ၌ ခပ်သိမ်းသောအတတ်တို့ကို သင်၍ ဆရာသည် ခွင့်ပြုအပ်သဖြင့် တက္ကသိုလ်ပြည်မှ ထွက်၍ ခပ်သိမ်းကုန်သော အတတ်တို့ကို သင်လျက် လှည့်လည်၏၊ ထိုသေတကေတုသည် တစ်ခုသော ပစ္စန္တရစ်သို့ရောက်၍ ထိုပစ္စန္တရစ်ကိုမှီ၍ နေကုန်သော ငါးရာကုန်သော ရသေ့တို့ကို မြင်၍ ထိုရသေ့တို့၏ အထံ၌ ရသေ့ရဟန်းပြု၍ ထိုရသေ့တို့သည် အကြင် ဗေဒင်ကိုလည်းကောင်း အကြင် မန္တရားကျမ်းကိုလည်းကောင်း မတတ်နိုင်ကုန်၊ ထိုဗေဒင်မန္တရားကျမ်းကို သင်၍ ဂိုဏ်းဆရာ ဖြစ်၍ ထိုရသေ့တို့ဖြင့် ခြံရံလျက် ဗာရာဏသီပြည်သို့ ရောက်၏၊ နက်ဖြန်နေ့၌ ဆွမ်းခံသွားသည်ရှိသော် မင်းရင်ပြင်သို့ ရောက်၏၊ မင်းသည် ရသေ့တို့၏ ဣရိယာပုထ်၌ ကြည်ညို၍ နန်းတွင်း၌ ဆွမ်းကျွေး၍ ရသေ့တို့ကို မိမိဥယျာဉ်၌ နေစေ၏၊ မင်းသည် တစ်နေ့သ၌ ရဟန်းတို့ကို ဆွမ်းလုပ်ကျွေး၍ ယနေ့ညနေ ချမ်းအခါ၌ ဥယျာဉ်သို့သွား၍ အရှင်တို့ကို ရှိခိုးအံ့ဟုဆို၏၊ သေတကေတု ရသေ့သည် ဥယျာဉ်သို့သွား၍ ရသေ့တို့ကို စည်းဝေးစေလျက် အချင်းရသေ့တို့

ယနေ့ မင်းလာလတ္တံ့၊ မင်းမည်သည်ကို တစ်ကြိမ်နှစ်သက်စေ၍ အသက်ထက်ဆုံးချမ်းသာစွာ အသက်မွေးခြင်းငှါ တတ်ကောင်း၏၊ ယနေ့ အချို့ကုန်သော ရသေ့တို့သည် လင်းနို့အကျင့်ကို ကျင့်ကြကုန်လော့၊ အချို့ကုန်သောရသေ့တို့သည် ဆူးပေါ်၌ခင်းသေသသားရေ၌ အိပ်ခြင်းကို ပြုကြကုန်လော့၊ အချို့ကုန်သောရသေ့တို့သည် ပဥ္စာတပအကျင့်ကို ကျင့်ကြကုန်လော့၊ အချို့ကုန်သောရသေ့တို့သည် ဆောင့်ကြောင့်ထိုင်ခြင်း လုံ့လကို အားထုတ်ကြကုန်လော့၊ အချို့ကုန်သော ရသေ့တို့သည် ရေ၌ဆင်းသော အမှုကို ပြုကြကုန်လော့၊ အချို့ကုန်သော ရသေ့တို့သည် ဗေဒင်ကို သရဇ္ဈာယ်ကြကုန်လော့ဟု စီရင်၍ မိမိသည် ကျောင်းတံခါးဝယ် အမှီရှိသော အင်းပျဉ်၌နေ၍ ငါးပါးသောအဆင်းရှိသော ဆိုးရည်ဖြင့် ထွန်းပသောတက်ယောင် အတိုင်းအရှည်ရှိသော တစ်ခုသော ပုရပိုက်ကို ဆန်းကြယ်သောအဆင်းရှိသော အခင်း၌ထား၍ ကောင်းစွာ သင်ပြီးသော လေးယောက်ကုန်သော လုလင်တို့သည် မေးအပ်ကုန်သော အနက်တို့ကို ပြောဆို၏၊ ထိုခဏ၌ မင်းသည် လာလတ်၍ မိစ္ဆာအကျင့်ကို ကျင့်ကုန်သော ထိုရသေ့တို့ကို နှစ်သက်သည်ဖြစ်၍ သေတကေတုရသေ့သို့ ကပ်၍ ရှိခိုး၍ ထိုင်အပ်သောအရပ်၌နေလျက် ပုရောဟိတ်နှင့်တကွ စကားပြောလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏–

၁၀။ ခရာဇိနာ ဇဋိလာ ပင်္ကဒန္တာ၊ ဒုမ္မက္ခရူပါ ယေ'မေ ဇပ္ပန္တိ မန္တေ။
ကစ္စိ နု တေ မာနုသကေ ပယောဂေ၊ ဣဒံ ဝိဒူ ပရိမုတ္တာ အပါယာ။

ပုဏ္ဏား ခွါနှင့်တကွသော သစ်နက်ရေကို ဆောင်ကုန်သော ဆံကျစ်ထုံးကုန်သော အညစ်အကြေး ကပ်ငြိသော သွမ်းရှိကုန်သော ညစ်နွမ်းသော သဘောရှိကုန်သော ရသေ့တို့သည် ဗေဒင်ကို သရဇ္ဈာယ်ကုန်၏။ လူတို့ပြုအပ်သော ပယောဂ၌ တည်ကြသည်။ ထိုရသေ့တို့သည် ဤလောကကို သိကုန်၍ အပါယ်မှ လွတ်ကုန်သလော။

ထိုစကားကို ကြား၍ ပုရောဟိတ်သည် ဤဂါထာကို ဆို၏–

၁၁။ ပါပါနိ ကမ္မာနိ ကတွာန ရာဇ၊ ဗဟုဿုတော စေ န စရေယျ ဓမ္မံ။
သဟဿဝေဒေါပိ န တံ ပဋိစ္စ၊ ဒုက္ခာ ပမုစ္စေ စရဏံ အပတွာ၊

မင်းမြတ် မကောင်းမှုတို့ကိုပြု၍ အကြားအမြင် များသူသည် တရားကို မကျင့်အံ့ ထိုဗေဒင်ကိုစွဲ၍ သီလသမာပတ်သို့ မရောက်မူ၍ ဗေဒင်တစ်ထောင်တတ်သောသူသည်လည်း ဆင်းရဲမှ မလွတ်ရာ။

ထိုစကားကို ကြား၍ မင်းသည် ရသေ့တို့၌ ကြည်ညိုခြင်းကို ပယ်၏၊ ထို့နောင်မှ သေတကေတုရသေ့သည် ဤမင်းအား ရသေ့တို့၌ ကြည်ညိုခြင်း

ကိုဖြင်စေ၍ ထိုကြည်ညိုခြင်းကို ပုရောဟိတ်သည် ပဲခွပ်ဖြင့် ခတ်ရ၍ဖြတ်သကဲ့သို့ ဖြတ်၏၊ ငါသည် တိုပုဏ္ဏားနှင့်တကွ စကားကို ဆိုခြင်းငှါ သင့်၏ဟု သေတ-ကေတုသည် ပုဏ္ဏားနှင့်တကွ ပြောဆိုလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏-

၁၂။ သဟာဃဝေဒေါပိ န တံ ပဋိစ္စ၊ ဒုက္ခာ ပမုဉ္စေ စရဏံ အပတွာ။
မညာမိ ဝေဒါ အဖလာ ဘဝန္တိ၊ သသံယမံ စရဏမေဝ သစ္စံ။

ဗေဒင်တစ်ထောင်ကို တတ်သောသူ သည်လည်း ဗေဒင်ကိုစွဲ၍ သီလ သမာပတ်သို့ မရောက်မူ၍ ဆင်းရဲမှ မလွတ်နိုင်စေငြားအံ့၊ သီလနှင့်တကွသော သမာပတ်သည်သာလျှင် မှန်ငြားအံ့၊ ဗေဒင်တို့သည် အကျိုးမရှိကုန်ဟု ငါ အောက်မေ့၏။

ထိုစကားကိုကြား၍ ပုရောဟိတ်သည် —

၁၃။ န ဟေဝ ဝေဒါ အဖလာ ဘဝန္တိ၊ သသံယမံ စရဏမေဝ သစ္စံ။
ကိတ္တိံ ဟိ ပပ္ပောတိ အဓိစ္စ ဝေဒေ၊ သန္တိံ ပုဏေတိ စရဏေန ဒန္တော။

ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

ဗေဒင်တို့သည် အကျိုးမရှိကုန်သည် မဖြစ်ကုန်သလျှင်ကတည်း။ သီလနှင့် တကွသော သမာပတ်သည်သာလျှင် မှန်၏။ ဗေဒင်တို့ကို စွဲ၍ ကျော်စောခြင်းသို့ လျှင်ရောက်၏။ သီလ သမာပတ်ဖြင့် ဆုံးမအပ်သောသူသည် နိဗ္ဗာန်သို့ရောက်၏။

ဤသို့ပုရောဟိတ်သည် သေတကေတု၏ ဝါဒကို ဖျက်၍ ခပ်သိမ်းကုန်သော ရသေ့တို့ကိုလူထွက်စေ၍ ဓါးလက်နက်တို့ကိုကိုင်စေ၍ မဟန္တတရက မည်သော မင်းစေတို့ကိုပြုစေ၍ မင်း၏ အလုပ်အကျွေးဘွဲ့ကို ပြုစေ၏။ ဤအနွယ်သည် မဟန္တတရကတို့၏ အနွယ်ဖြစ်သတတ်။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဒေသနာကို ဆောင်တော်မူ၍ ထိုအခါ အံ့ဖွယ်သရဲ ဖြစ်စေသော ဟုန်းသည် ထိုအခါ သေတကေတုရသေ့ဖြစ်ပြီ၊ ယခု အခါ သာရိပုတ္တရာသည် ထိုအခါ စဏ္ဍာလဖြစ်ပြီ၊ ယခုအခါ အာနန္ဒာသည် ထို အခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပုရောဟိတ် ဖြစ်၏ဟု ဇာတ်ကို ပေါင်းတော်မူ၏၊

(သီလသမာ၊ ကျင့် သိက္ခာ၊ ရောက်ရာ နိဗ္ဗာန်သာ)

သုံးရာခုနစ်ဆယ့်ခုနစ်ခုမြောက်သော သေတကေတုဇာတ်သည် ပြီး၏။

## ၃၇၈-ဒရီမုခဇာတ်

### သူတော်ကောင်းတို့၏ ဆုံးမခြင်းကို နာယူခြင်း

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည်"ပင်္ကောစ ကာမ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒရီမုခဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မြတ်သော တောထွက်တော်မူခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုကို ဆိုအပ်ပြီးသလျှင်ကတည်း။)

#### အတိတ်ဝတ္ထု

လွန်လေပြီးသော အခါ၌ကား ရာဇဂြိုဟ်ပြည်၌ မဂဓမင်းသည် မင်းပြု၏၊ ထိုအခါ ဘုရားလောင်းသည် ထိုမဂဓမင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၏၊ ဗြဟ္မဒတ္တကုမာရ ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုဘုရားလောင်း၏ ဖွားသောနေ့၌ ပုရောဟိတ်အားလည်း သားသည် ဖွား၏၊ ပုရောဟိတ်သား၏ မျက်နှာသည် ရွှေအဆင်းကဲ့သို့ တင့်တယ်၏၊ ထိုကြောင့် ပုရောဟိတ်သားအား ဒရီမုခဟူသော အမည်ကို မှည့်ကုန်၏၊ ထိုနှစ်ယောက်ကုန်သော မင်းသား ပုရောဟိတ်သားတို့သည်လည်း မင်းအိမ်၌သာလျှင် ကြီးကုန်၏၊ ထိုနှစ်ယောက်ကုန်သော သူတို့သည် အချင်းချင်း ချစ်သော အဆွေခင်ပွန်း ဖြစ်ကုန်၏၊ တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့ သွား၍ ခပ်သိမ်းကုန်သော အတတ်တို့ကို သင်၍ ခပ်သိမ်းကုန်သော သမယ အတတ်ပညာကိုလည်း သင်ကုန်အံ့၊ ဒေသအကျင့်ကိုလည်း သိရကုန်အံ့ဟု ရွာနိဂုံးအစရှိသည်တို့၌ လှည့်လည်ကုန်သည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်၍ နတ်ကွန်း၌နေ၍ နက်ဖြန်နေ့၌ ဗာရာဏသီပြည်သို့ ဆွမ်းခံဝင်ကုန်၏၊ ထိုဗာရာဏသီပြည်၌ တစ်ဦးသောအမျိုး၌ ပုဏ္ဏားတို့ကို ဆွမ်းကျွေး၍ မင်္ဂလာရွတ်သော အလှူကို လှူကုန်အံ့ဟု ဃနာဆွမ်းကိုချက်၍ နေရာတို့ကို ခင်းကုန်၏၊ လူတို့သည် ဆွမ်းအလို့ငှါသွားကုန်သော နှစ်ယောက်ကုန်သောသူတို့ကိုမြင်၍ ပုဏ္ဏားတို့သည် လာကုန်ဘိဟု အိမ်သို့ သွင်း၍ နေကြကုန်လော့ဟု ဆို၍ ဘုရားလောင်း၏ နေရာ၌ ဖြူစင်သော အဝတ်ကို ခင်းကုန်၏၊ ဒရီမုခနေရာ၌ ကမ္ဗလာနီကို ခင်းကုန်၏၊ ဒရီမုခသည် ထိုနိမိတ်ကို မြင်၍ ယနေ့ ငါ၏ အဆွေခင်ပွန်းသည် ဗာရာဏသီမင်းဖြစ်လတ္တံ့၊ ငါသည် စစ်သူကြီးဖြစ်လတ္တံ့ဟု သိ၏၊ ထိုနှစ်ယောက်သော သူတို့သည် ထိုအိမ်၌ ဆွမ်းစား၍ မင်္ဂလာရွတ်သော အလှူဝတ်ကို ယူ၍

မင်္ဂလာကို ရွတ်၍ ထွက်၍ မင်း၏ဥယျာဉ်သို့ သွားကုန်၏၊ ထိုဥယျာဉ်၌ ဘုရားလောင်းသည် မင်္ဂလာကျောက်ဖျာ၌ အိပ်၏၊ ဒရီမုခသည်ကား ဘုရားလောင်း၏ ခြေတို့ကို ဆုပ်နယ်လျက် နေ၏။

ထိုအခါ ဗာရာဏသီမင်းသည် သေ၍ ခုနစ်ရက်ရှိသည်ဖြစ်၍ ပုရောဟိတ်သည် မင်း၏အလောင်းကို သင်္ဂြိုဟ်ခြင်းကိုပြု၍ သားမရှိသောကြောင့် ခုနစ်ရက်မြောက်သောနေ့၌ ဖုဿရထားကို လွှတ်၏၊ (ဖုဿရထား၏ ကိစ္စသည် မဟာဇနကဇာတ်၌ ထင်စွာဖြစ်လတ္တံ့။) ဖုဿရထားသည် မြို့မှထွက်၍ အင်္ဂါလေးပါးသော စစ်သည်ဖြင့် ခြံရံကုန်လျက် များစွာသော အတီးအမှုတ်တို့ဖြင့် တီးမှုတ်ကုန်သဖြင့် ဥယျာဉ်တံခါးသို့ရောက်၏၊ ဒရီမုခသည် တူရိယာသံကိုကြား၍ အဆွေတို့ ဖုဿရထားသည် ရောက်လာ၏၊ ဤအဆွေသည် ယနေ့ မင်းဖြစ်၍ ငါ့အား စစ်သူကြီးအရာကို ပေးလတ္တံ့၊ ငါ့အား အိမ်၌နေ၍ အဘယ်အကျိုး ရှိအံ့နည်း၊ တောထွက်၍ ရဟန်းပြုအံ့ဟု ဘုရားလောင်းကို မတိုင်ပင်မူ၍ ဝင်အပ်သော အရပ်သို့သွား၍ ပုန်းကွယ်ရာ၌နေ၏၊ ပုရောဟိတ်သည် ဥယျာဉ်တံခါး၌ ရထားကို ထား၍ ဥယျာဉ်သို့ဝင်သည်ရှိသော် မင်္ဂလာကျောက်ဖျာ၌ အိပ်သော ဘုရားလောင်းကိုမြင်၍ ခြေတို့၌ လက္ခဏာတို့ကို ကြည့်ရှု၍ ဤသူသည် ဘုန်းရှိသော သူတည်း၊ ကျွန်းငယ်နှစ်ထောင် အခြံအရံရှိကုန်သော ကျွန်းကြီး လေးကျွန်းတို့၌ မင်းအဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်၏၊ တစ်ဖန် ထိုသူ၏ တည်ကြည်ခြင်းသည်ကား အသို့သဘောရှိအံ့နည်းဟု ခပ်သိမ်းသော အတီးအမှုတ်မျိုးကို တီးမှုတ်စေ၏။

ဘုရားလောင်းသည် နိုး၍မျက်နှာမှ ပုဆိုးကိုပယ်၍ လူများကိုကြည့်ရှု၍ တစ်ဖန် ပုဆိုးဖြင့် မျက်နှာကို ဖုံးလွှမ်း၍ အတန်ငယ်အိပ်၍ ငြိမ်းသောပူပန်ခြင်းရှိသည်ဖြစ်၍ ထ၍ ကျောက်ဖျာ၌ ထက်ဝယ်ဖွဲ့လျက်နေ၏၊ ပုရောဟိတ်သည် ပုဆစ်ဖြင့်ရပ်၍ ရှင်မင်းကြီး ရှင်မင်းကြီးတို့အား မင်းအဖြစ်သည် ရောက်၏ဟု ဆို၏၊ အချင်း မင်း၏ သားသည် မရှိလော့ဟု မေး၏၊ အရှင်မင်းကြီး မရှိဟု ဆို၏၊ ထိုသို့ဖြစ်ပြီးကား ကောင်းပြီဟု ဝန်ခံ၍ ဘုရားလောင်းအား ဥယျာဉ်၌လျှင် အဘိသိက် သွန်းကြကုန်၏၊ ဘုရားလောင်းသည် အခြံအရံများသည်၏ အဖြစ်ကြောင့် ဒရီမုခကို မအောက်မေ့မူ၍လျှင် ရထားကိုစီးလျက် လူအပေါင်း ခြံရံလျက် မြို့သို့ဝင်၍ လက်ယာရစ် လှည့်သည်ကိုပြု၍ မင်းအိမ်တံခါး၌ ရပ်လျက်လျှင် အမတ်တို့အား အရာအထူးတို့ကို စီရင်၍ ပြာသာဒ်သို့ တက်၏၊ ထိုခဏ၌ ဒရီမုခသည် ယခု ဥယျာဉ်သည် ဆိတ်ပြီဟု လာလတ်၍ မင်္ဂလာကျောက်ဖျာ၌ နေ၏၊ ထိုအခါ ဒရီမုခ၏ ရှေ့၌ ဖက်ရွက်လျော်သည် ကျ၏၊ ဒရီမုခသည် ထိုဖက်ရွက်လျော်၌လျှင် ကုန်ခြင်း ပျက်ခြင်းသဘောကို နှလုံးထား၍ လက္ခဏာယာဉ် သုံးပါးကို သုံးသပ်၍ မြေကို ပွဲတင်ထပ်စေလျက် ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၏၊ ထိုဒရီမုခအား ထိုခဏ၌လျှင်

လူ့အသွင်ကွယ်၍ တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းသည် ကောင်းကင်မှ ကျ၍ ကိုယ်၌ရောက်၏၊ ထိုခဏ၌လျှင် ရှစ်ပါးသော ပရိက္ခရာကို ဆောင်သော ဣရိယာပုထ်ဖြင့် ပြည့်စုံသော ၆၀ဝါခြောက်ဆယ်ရပြီးသော မထေရ်ကဲ့သို့ဖြစ်၍ တန်ခိုးဖြင့် ကောင်းကင် ပျံ၍ ဟိမဝန္တာအရပ်၌ နန္ဒမူလိုဏ်သို့ သွား၏။

ဘုရားလောင်းသည် တရားသဖြင့် မင်းပြု၍ အခြံအရံများသည်၏ အဖြစ် ကြောင့်ကား အခြံအရံဖြင့် မေ့လျော့သည် ဖြစ်၍ အနှစ်လေးဆယ်တို့ပတ်လုံး ဒရီမုခကို မအောက်မေ့မူ၍ အနှစ်လေးဆယ် လွန်သောအခါ၌ ဘုရားလောင်း သည် ဒရီမုခကို အောက်မေ့၍ ငါ၏အဆွေခင်ပွန်းဖြစ်သော ဒရီမုခသည် ရှိ၏၊ ထိုဒရီမုခသည် အဘယ်မှာနည်း၊ ထိုဒရီမုခကို မြင်လိုသည်ဖြစ်၍ ဘုရားလောင်း သည် ထိုအခါမှစ၍ နန်းတွင်း၌ လည်းကောင်း, ပရိသတ်၏ အလယ်၌လည်း ကောင်း, အဘယ်မှာလျှင် ငါ၏အဆွေခင်ပွန်းဖြစ်သော ဒရီမုခသည် ရှိသနည်း၊ ယခု ငါ့အား ဒရီမုခ၏နေရာ အရပ်ကို ဆိုသောသူအား ကြီးစွာသောစည်းစိမ် ကို ပေးအံ့ဟု ဆို၏။

ဤသို့ ထိုဒရီမုခကို အဖန်တလဲလဲအောက်မေ့စဉ်လျှင် ထိုမင်းအားတစ်ပါး ကုန်သော ဆယ်နှစ်တို့သည် လွန်ကုန်၏၊ ဒရီမုခ ပစ္စေကဗုဒ္ဓါသည်လည်း အနှစ် ငါးဆယ်လွန်သဖြင့် ဆင်ခြင်သည်ရှိသော် ငါ့ကို အဆွေသည် အောက်မေ့၏ဟု သိ၍ ယခုငါ့အဆွေသည် အိုပြီ သားသမီးအစရှိသည်တို့ဖြင့်ပွားခြင်းသို့ ရောက်ပြီ၊ သွား၍ တရားဟော၍ အဆွေကို ရဟန်းပြုစေအံ့ဟု ဒရီမုခ ပစ္စေကဗုဒ္ဓါသည် တန်ခိုးဖြင့် ကောင်းကင်မှ ဥယျာဉ်သို့သက်၍ ရွှေဆင်းတုကဲ့သို့ ကျောက်ဖျာ၌ နေ၏၊ ဥယျာဉ်စောင့်သည် ဒရီမုခကိုမြင်၍ ကပ်၍ အရှင်ဘုရားသည် အဘယ် အရပ်မှ လာသနည်းဟုမေး၏၊ နန္ဒမူလိုဏ်မှ လာသည်ဟု ဆို၏၊ အရှင်ဘုရားတို့ သည် အဘယ်အမည်ရှိသနည်းဟုမေး၏၊ ဒါယကာ ငါသည် ဒရီမုခပစ္စေကဗုဒ္ဓါ မည်၏ဟု ဆို၏၊ အရှင်ဘုရား အကျွန်ုပ်တို့၏ မင်းကို သိကုန်သလောဟု မေး၏၊ လူဖြစ်သောကာလ၌ ငါတို့၏ အဆွေခင်ပွန်းဖြစ်၍ သိ၏ဟု ဆို၏၊ အရှင်ဘုရား မင်းသည် ဖူးမြင်ခြင်းငှါအလိုရှိ၏၊ အရှင်ဘုရားလာသောအဖြစ်ကို မင်းအား ကြားအံ့ဟု ဆို၏၊ သွား၍ ပြောဆိုချေလော့ဟု ဆို၏၊ ထိုဥယျာဉ်စောင့်သည် သွား၍ ဒရီမုခပစ္စေကဗုဒ္ဓါ၏ ကျောက်ဖျာ၌ နေသောအဖြစ်ကို မင်းအား ပြောဆို၏၊ မင်းသည် ငါ၏ အဆွေခင်ပွန်းကိုဖူးမြင်ရအံ့ဟုရထားစီး၍ များသော အခြံအရံဖြင့် ဥယျာဉ်သို့ သွား၍ ပစ္စေကဗုဒ္ဓါကို ရှိခိုး၍ ပဋိသန္ထာရကို ပြု၍ လျောက်ပတ်စွာနေ၏။

ထိုအခါ မင်းကို ပစ္စေကဗုဒ္ဓါသည် ဗြဟ္မဒတ်မင်းသည် တရားသဖြင့် မင်းပြု ပါ၏လော, အဂတိသို့ သွားခြင်းသို့ မလိုက်သလော, ဥစ္စာ၏အကျိုးငှါ လူတို့ကို မနှိပ်စက်သလော, အလှူအစရှိသော ကောင်းမှုတို့ကို ပြုပါ၏လော၊ ဤသို့

အစရှိသည်တို့ကို ဆိုလျက် ပဋိသန္ထာရပြု၍ ဗြဟ္မဒတ်မင်း ယခုအခါ၌ အသက်ကြီးပြီ၊ သင်မင်းကြီးသည် ကာမတို့ကို စွန့်၍ ရဟန်းပြုချိန် တန်ပြီဟု ဆို၍ မင်းအား တရားဟောလိုရကား ဤဂါထာကို ဆို၏—

၁၄။ ပင်္ကော စ ကာမာ ပလိပေါ စ ကာမာ၊ ဘယဉ္စ မေတံ တိမူလံ ပဝုတ္တံ။
ရဇော စ ဓူမော စ မယာ ပကာသိတာ၊ ဟိတွာ တုဝံ ပဗ္ဗဇ ဗြဟ္မဒတ္တ။

ဗြဟ္မဒတ်မင်း ကာမဂုဏ်တို့သည် မြုပ်မှော် ကြွှာ အစရှိသည်နှင့်လည်း တူ၏၊ ကာမဂုဏ်တို့သည် ကြီးစွာသော ညွှန်နှင့်လည်း တူ၏၊ ဤကာမကို အမြစ်သုံးခု ရှိသကဲ့သို့သော ဘေးဟူ၍လည်း ဟောတော်မူအပ်၏၊ မြူဟူ၍လည်းကောင်း၊ အခိုးဟူ၍လည်းကောင်း ငါသည် ပြအပ်၏။ သင်သည် ကာမဂုဏ်တို့ကို စွန့်၍ ရဟန်းပြုလော့။

ထိုစကားကို ကြား၍ မင်းသည် မိမိအား ကိလေသာတို့သည် နှောင်ဖွဲ့သည်၏ အဖြစ်ကို ဆိုလို၍ ဤဂါထာကို ဆို၏—

၁၅။ ဂဓိတော စ ရတ္တော စ အဓိမုစ္ဆိတော စ၊ ကာမေသွဟံ ဗြာဟ္မဏ ဘိံသရူပံ။
တံ နုဿဟေ ဇီဝိကတ္ထော ပဟာတုံ၊ ကာဟာမိ ပုညာနိ အနပ္ပကာနိ။

မကောင်းမှုကို အပပြုသော ရှင်ရဟန်း အကျွန်ုပ်သည် ကာမဂုဏ်တို့၌ ကပ်ငြိသည်လည်း ဖြစ်၏။ တပ်စွန်းသည်သည်း ဖြစ်၏၊ အလွန်မက်မောသည်လည်း ဖြစ်၏၊ ဤသို့သဘောရှိသော အသက်မွေးခြင်းဖြင့် အလိုရှိသော အကျွန်ုပ်သည် ကြောက်မက်ဖွယ် အလွန် အားသန်သော သဘောရှိသော ထိုကာမကို ပယ်ခြင်းငှါ မစွမ်းနိုင်၊ များစွာကုန်သော ကောင်းမှုတို့ကို ပြုပါအံ့။

ဒရီမုခပစ္စေကဗုဒ္ဓါသည် ဘုရားလောင်းသည် ရဟန်းပြုအံ့သောငှါ မတတ်နိုင်ဟူ၍ ဆိုသည် ရှိသော်လည်း ဝန်ချခြင်းကို မပြုမူ၍ အလွန်လျှင်လည်း ဆုံးမလို၍ ဤဂါထာတို့ကို ဆို၏—

၁၆။ ယော အတ္ထကာမဿ ဟိတာနုကမ္ပိနော၊
ဩဝဇ္ဇမာနော န ကရောတိ သာသနံ။
ဣဒမေဝ သေယျော ဣတိ မညမာနော၊
ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော။

၁၇။ သော ဃောရရူပံ နိရယံ ဥပေတိ၊
သုဘာသုဘံ မုတ္တကာရီသပူရံ။
သတ္တာ သကာယေ န ဇဟန္တိ ဂိဒ္ဓါ၊
ယေ ဟောန္တိ ကာမေသု အဝီတရာဂါ။

အကျိုးစီးပွားကို အလိုရှိသော စောင့်ရှောက်တတ်သော သူသည် ဆုံးမ သည် ရှိသော် အဆုံးအမကို မလိုက်နာဘဲ ငါ့အယူသည်သာလျှင် မြတ်၏။ ဤသို့ အောက်မေ့သော ထိုပညာနည်းသူသည် အဖန်တလဲလဲ ပဋိသန္ဓေ နေခြင်းသို့ ရောက်၏။

ပဋိသန္ဓေ နေခြင်းသို့ ရောက်သူသည် ကြမ်းကြုတ်သော သဘောရှိသော သူတော်ကောင်းဖြစ်သော ယောဂါဝစရ ပုဂ္ဂိုလ်တို့သည် အသုဘဟူ၍ ရှုအပ်သော ကျင်ကြီး ကျင်ငယ်ဖြင့် ပြည့်သော အမိဝမ်းဟူသော ငရဲသို့ ကပ်ရ၏။ မိမိကိုယ်၌ မက်မောကုန်သည် ဖြစ်၍ မစွန့်နိုင်ကုန်သော သတ္တဝါတို့သည် ကာမဂုဏ်တို့၌ ရာဂမကင်းကုန်သည် ဖြစ်ကုန်၏။

ဤသို့လျှင် ဒရီမုခ ပစ္စေကဗုဒ္ဓါသည် အမိဝမ်းတွင်းသို့ သက်ခြင်းအရင်းရှိသော ဆင်းရဲကိုလည်းကောင်း၊ အမိသည် ဝမ်းဖြင့် ဆောင်ခြင်း အရင်းရှိသော ဆင်းရဲ ကိုလည်းကောင်း ပြပြီး၍ ယခုအခါ ကိုယ်ဝန်ဖွားခြင်း အရင်းရှိသော ဆင်းရဲကို ပြအံ့သောငှါ အခြံနှင့်တကွ ဤ နှစ်ဂါထာတို့ကို ဟောတော်မူ၏—

၁၈။ မီဠ္ဟေန လိတ္တာ ရုဟိရေန မက္ခိတာ၊ သေမှေန လိတ္တာ ဥပနိက္ခမန္တိ။
ယံ ယံ ဟိ ကာယေန ဖုသန္တိ တာဝဒေ၊ သဗ္ဗံ အသာတံ ဒုခမေဝ ကေဝလံ။

၁၉။ ဒိသွာ ဝဒါမိ န ဟိ အညတော သဝံ၊ ပုဗ္ဗေနိဝါသံ ဗဟုကံ သရာမိ။

မြတ်သော မင်းကြီး ဤသတ္တဝါတို့သည် ကျင်ကြီးဖြင့် လိမ်းကျံအပ် ကုန်သည် ဖြစ်၍ သွေးဖြင့် လိမ်းကျံ အပ်ကုန်သည် ဖြစ်၍ သလိပ်ဖြင့် လိမ်းကျံ အပ်ကုန်သည် ဖြစ်၍လျှင် ဖွားရကုန်၏။ မှန်၏၊ ထိုကြောင့်လျှင် အကြင် ကျင်ကြီးအစရှိသော ဝတ္ထုကို ကိုယ်ဖြင့် ထိကုန်၏။ အလုံးစုံသော ကျင်ကြီး အစရှိသော ဝတ္ထုသည် မသာယာအပ်သည် ဖြစ်၍ သက်သက် ဆင်းရဲသော သဘော ရှိသည်သာလျှင်ကတည်း။

မြတ်သောမင်းကြီး ငါသည် ဤမျှ အတိုင်းအရှည်ရှိသော စကားကို ကိုယ်တိုင် မြင်၍ ဟော၏။ တစ်ပါးသော သူ၏ အထံမှ ကြားရ၍ ငါမဟော။ ငါသည် များစွာသော ပုဗ္ဗေနိဝါသဉာဏ်ကို အောက်မေ့နိုင်၏—

ယခုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး၍ ဤသို့ ဒရီမုခပစ္စေက ဗုဒ္ဓါသည် မင်းကို ကောင်းစွာ ဆိုအပ်သောစကားဖြင့် ချီးမြှောက်၏ဟု မိန့်တော် မူ၍ အဆုံး၌ ဤထက်ဝက်သောဂါထာကို ဟောတော်မူ၏—

စိတြာဟိ ဂါထာဟိ သုဘာသိတာဟိ၊ ဒရီမုခေါ နိဇ္ဈာပယိ သုမေဓံ။

ဒရီမုခ ပစ္စေကဗုဒ္ဓါသည် ကောင်းစွာ ဆိုအပ်ကုန်သော ဆန်းကြယ်ကုန်သော ဂါထာတို့ဖြင့် ကောင်းသောပညာရှိသော မင်းကို သိစေ၏။

ဒရီမုခ ပစ္စေကဗုဒ္ဓါသည် ကာမတို့၌ အပြစ်ကို ပြ၍ မိမိစကားကို ယူစေ၍ မြတ်သော မင်းကြီး ယခုအခါ၌လျှင် ရဟန်းပြုသည်မူလည်းဖြစ်စေ, မပြုသည်မူလည်းဖြစ်စေ ငါသည်ကား သင့်အား ကာမတို့၌ အပြစ်ကို လည်းကောင်း၊ ရဟန်းပြုခြင်း၌ အကျိုးကိုလည်းကောင်း ဟောအပ်ပြီ၊ သင်သည် မမေ့မလျော့ ဖြစ်ရစ်လော့ဟု ဆို၍ ရွှေယာသော်မင်းကဲ့သို့ ကောင်းကင်၌ ပျံ၍ တိမ်တိုက်ကို နင်းလျက် နန္ဒမူလိုဏ်သို့သာလျှင် သွား၏၊ ဘုရားလောင်းသည် ဆယ်ခုသော လက်သည်းအပေါင်းတို့၏ အရောင်ဖြင့် ထွန်းပသော လက်အုပ်ကို ဦးခေါင်း၌ ထား၍ ရှိခိုးလျက်လျှင် ပစ္စေကဗုဒ္ဓါသည် မြင်ကောင်းသော အရပ်ကို လွန်သည် ရှိသော် သားတော်ကြီးကို ခေါ်၍ ပြည်ကို အပ်နှင်း၍ လူများ၏ ငိုကြွေးခြင်း ကာမတို့ကို စွန့်၍ ဟိမဝန္တာသို့ ဝင်၍ ကျောင်းဆောက်၍ ရသေ့ရဟန်းပြု၍ မကြာမြင့်မီလျှင် အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် သောတာပန်အစရှိသည်တို့သည် ဖြစ်ကုန်၏၊ ဇာတ်ကို အဘယ်သို့ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမဂုဏ်မှ၊ တရားရ၊ ဝါန ငြိမ်းအေးရာ)

သုံးရာခုနစ်ဆယ့်ရှစ်ခုမြောက်သော ဒရီမုခဇာတ်သည် ပြီး၏။

## ၃၇၉-နေရုဇာတ်

ရွှေတောင် နားတော့ ရွှေငှက်

နွားထီးငါးကျပ် နွားမ ငါးကျပ်

ယမ္ဗူပွန်ဝတ္ထု၊

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကာကောလာ ကာကသံဃာ စ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ

ဆင်အပ်သော ဤနေရုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် သဗ္ဗညု မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ တစ်ခုသော ပစ္စန္တရစ်အရပ်သို့ သွား၏၊ လူတို့သည် ထိုရဟန်း၏ ဣရိယာပုထ်၌ ကြည်ညိုကုန်၍ ထိုရဟန်းကို ဆွမ်းလုပ်ကျွေး၍ ဝန်ခံခြင်းကို ယူ၍ တော၌ ကျောင်းဆောက်၍ ထိုကျောင်း၌ နေစေကုန်၏။ ထိုရဟန်းအား ပူဇော်သက္ကာရကို အလွန်လျှင် ပြုကြကုန်၏။ ထိုအခါ သဿတအယူ ရှိကြကုန်သော သူတို့သည် လာကုန်၏။ ထိုလူတို့သည် ထိုသဿတအယူ ရှိကုန်သော သူတို့၏ စကားကို ကြား၍ မထေရ်ကို စွန့်ကုန်၍ သဿတအယူတို့ကို ယူကုန်၍ ထိုသဿတအယူရှိသော သူတို့အားသာလျှင် ပူဇော်သက္ကာရကို ပြုကုန်၏၊ ထိုနောင်မှ ဥစ္ဆေဒအယူရှိကုန်သော သူတို့သည် လာကုန်၏။ ထိုလူတို့သည် သဿတဝါဒကို စွန့်ကုန်၍ ဥစ္ဆေဒဝါဒကိုလျှင် ယူကုန်၏။ ထိုနောင်မှ တစ်ပါးကုန်သော အစေလကတို့သည် လာကုန်၏၊ ထိုလူတို့သည် ဥစ္ဆေဒဝါဒကို စွန့်ကုန်၍ အစေလကဝါဒကို ယူကုန်၏။

ထိုရဟန်းသည် ကျေးဇူးရှိ, မရှိကို မသိကုန်သော ထိုလူတို့၏ အထံ၌ ဆင်းရဲသဖြင့် နေ၍ ဝါကျွတ်သည်ရှိသော် ပဝါရဏာပြု၍ သဗ္ဗညုမြတ်စွာဘုရားအထံတော်သို့ သွား၍ ပြုအပ်သော ပဋိသန္ထာရရှိသည်ဖြစ်၍ ရဟန်း အဘယ်အရပ်၌ ဝါဆိုသနည်းဟု မေးတော်မူ၍ အရှင်ဘုရား ပစ္စန္တရစ်ရွာကို မှီ၍ ဝါဆိုပါ၏ဟု နားတော်လျှောက်သည် ရှိသော် ချမ်းသာစွာ နေရ၏လောဟု မေးတော်မူအပ်သည် ဖြစ်၍ အရှင်ဘုရား ကျေးဇူးရှိ, မရှိကို မသိကုန်သောသူတို့၏ အထံ၌ ဆင်းရဲစွာ နေရ၏ဟု လျှောက်၏၊ ရဟန်း ရှေးပညာရှိတို့သည် တိရစ္ဆာန်အမျိုး၌ ဖြစ်ကုန်သော်လည်း ကျေးဇူး ရှိ, မရှိ မသိကုန်သော သူတို့နှင့်ပင်ကူ တစ်နေ့မျှလည်း မနေကုန်၊ သင်သည် မိမိ၏ ကျေးဇူး ရှိ, မရှိကို မသိရာအရပ်၌ အဘယ်ကြောင့် နေသနည်းဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရွှေဟင်္သာအမျိုး၌ ဖြစ်၏၊ ဘုရားလောင်းအား ညီသည်လည်း ရှိ၏။ ထိုဟင်္သာညီနောင်တို့သည် စိတ္တကုဋ်တောင်၌ နေကုန်လျက် ဟိမဝန္တာအရပ်၌ အလိုလိုဖြစ်သော သလေးကို စားကုန်၏၊ ထိုဟင်္သာညီနောင်တို့သည် တစ်နေ့သ၌ ထိုအရပ်၌ ကျက်စား၍ စိတ္တကုဋ်တောင်သို့ လာကုန်လတ်သော် လမ်းအကြား၌ တစ်ခုသော နေရုအမည်ရှိသော ရွှေတောင်ကို

မြင်၍ ထိုတောင်ထိပ်၌ နား၍နေကုန်၏၊ ထိုတောင်ကို မှီ၍ နေကုန်သော ငှက်အပေါင်းတို့သည်လည်းကောင်း, အခြေလေးချောင်း ရှိကုန်သော သားတို့သည်လည်းကောင်း ကျက်စားရာမြေ၌ အထူးထူးသော အဆင်းရှိကုန်၏၊ တောင်သို့ ဝင်သောကာလမှစ၍ ခပ်သိမ်းကုန်သော ထိုသတ္တဝါတို့သည် တောင်၏အရောင်ကြောင့် ရွှေအဆင်းရှိကုန်၏၊ ထိုအဆင်းကို မြင်၍ ဘုရားလောင်း၏ ညီသည် အကြောင်းကို မသိ၍ ဤတောင်၌ အကြောင်း အသို့နည်းဟု အစ်ကိုနှင့်တကွ ပြောဟောလိုသည်ဖြစ်၍ ဤဂါထာတို့ကို ဆို၏—

၂၀။ ကာကောလာ ကာကသံဃာ စ၊ မယဉ္စ ပတတံ ဝရာ။
သဗ္ဗေဝ သဒိသာ ဟောမ၊ ဣမံ အာဂမ္မ ပဗ္ဗတံ။

၂၁။ ဣဓ သီဟာ စ ဗျဂ္ဃာ စ၊ သိင်္ဂါလာ စ မိဂါဓမာ။
သဗ္ဗေဝ သဒိသာ ဟောန္တိ၊ အယံ ကော နာမ ပဗ္ဗတော။

နှောင်ဝေ-၁် ဟံသာမင်း ဤတောင်သို့ ရောက်ကုန်၍ တောကျီးတို့သည်လည်းကောင်း၊ ပကတိသော ကျီးအပေါင်းတို့သည်လည်းကောင်း၊ ငှက်အပေါင်းထက် မြတ်ကုန်သောငါတို့သည်လည်းကောင်း ငှက်အားလုံးတို့သည် အဆင်းတူညီကြကုန်၏။

ဤတောင်၌ ခြင်္သေ့တို့သည်လည်းကောင်း၊ ကျားတို့သည်လည်းကောင်း၊ သား တိရစ္ဆာန်တို့အောက် အယုတ်ဆုံး ဖြစ်ကုန်သော မြေခွေးတို့သည်လည်းကောင်း၊ သားတိရစ္ဆာန်အားလုံးတို့သည် အဆင်း တူညီကြကုန်၏။ ဤတောင်သည် အဘယ်အမည်ရှိသော တောင်ဖြစ်သနည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၂၂။ ဣမံ "နေရု"တိ ဇာနန္တိ၊ မနုဿာ ပဗ္ဗတုတ္တမံ။
ဣဓ ဝဏ္ဏေန သမ္ပန္နာ၊ ဝသန္တိ သဗ္ဗပါဏိနော။

ဤတောင်၌ သတ္တဝါအားလုံးတို့သည် ရွှေအဆင်းနှင့် ပြည့်စုံကုန်သည်ဖြစ်၍ နေကုန်၏၊ မြတ်သောဤတောင်ကို နေရုတောင်ဟူ၍ လူတို့သိမှတ်ကြကုန်၏။

ထိုစကားကို ကြား၍ ညီတော်ဟံသာမင်းသည် ဤဂါထာတို့ကို ဆို၏—

၂၃။ အမာနနာ ယတ္ထ သိယာ၊ သန္တာနံ ဝါ ဝိမာနနာ။
ဟီနသမ္မာနနာ ဝါပိ၊ န တတ္ထ ဝသတိံ ဝသေ။

၂၄။ ယတ္ထာလသော စ ဒက္ခော စ၊ သူရော ဘီရု စ ပူဇိယာ။
န တတ္ထ သန္တော ဝသန္တိ၊ အဝိသေသကရေ နရေ။

၂၅။ နာယံ နေရု ဝိဘဇတိ၊ ဟီနဥက္ကဋ္ဌမဇ္ဈိမေ။
အဝိသေသကရော နေရု၊ ဟန္ဒ နေရုံ ဇဟာမသေ။

သူတော်ကောင်းတို့အား ရိုသေခြင်း, ပူဇော်မြတ်နိုးခြင်း မရှိနိုင်လောက်ရာ အရပ်, မထီမဲ့မြင် ပြုတတ်သော အရပ်, ယုတ်မာသော သူတို့အား ရိုသေခြင်း မြတ်နိုးခြင်း ပြုတတ်ရာ အရပ်တို့၌ မနေသင့်။

ပျင်းသော အတတ်ပညာမရှိသော သူသည်လည်းကောင်း, လိမ္မာသောသူသည်လည်းကောင်း, ရဲရင့်သောသူသည်လည်းကောင်း, ကြောက်တတ်သောသူသည်လည်းကောင်း တန်းတူညီမျှသော ပူဇော်မှုကိုသာ ပြုလုပ်ခံကြရကုန်၏၊ လူကို ထူးခြားမှုကို မပြုတတ်သော ထိုအရပ်၌ သူတော်ကောင်းတို့သည် မနေကြကုန်။

ဤနေရာတောင်သည် အယုတ် အမြတ် အလတ် ဖြစ်ကုန်သော သူတို့ကို အထူးမပြု၊ နေရှုအမည်ရှိသောတောင်သည် အထူးပြုခြင်းမှ ကင်းဆိတ်၏၊ နေရှုတောင်ကို လွတ်လွတ်ကင်းကင်း စွန့်သွားကြကုန်စို့။

ဤသို့ ဆို၍ ဟင်္သာညီနောင်တို့သည် ပျံ၍ စိတ္တကူဋ်တောင်သို့လျှင် သွားကုန်၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ ညီဟင်္သာ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အစ်ကိုဟင်္သာ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဂုဏ်ထူးသကတ်၊ မပြုလတ်၊ ထိုရပ် မနေရာ)

သုံးရာခုနစ်ဆယ့်ကိုးခုမြောက်သော နေရုဇာတ်သည် ပြီး၏။

## ၃၈၀-အာသင်္ကဇာတ်

## သုံးနှစ်သုံးမိုး ချစ်ဒုက္ခခံရ

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အာသာဝတီ နာမ လတာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်

အပ်သော ဤအာသင်္ကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန် ဝတ္ထုသည် ဣန္ဒြိယဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။)

ဤအာသင်္ကဇာတ်၌ကား မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်တော်မူ၍ ရဟန်း သင်သည် ငြီးငွေ၏ ဟူသည် မှန်သလောဟု မေးတော်မူလတ်၍ အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် အဘယ်သူသည် ငြီးငွေ့စေသနည်းဟု မိန့်တော်မူ၍ အရှင်ဘုရား မယားဟောင်းသည် ငြီးငွေ့စေအပ်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း ဤမိန်းမသည် သင်၏ အကျိုးမဲ့ကို ပြုလေ့ရှိ၏၊ သင်သည် ရှေး၌လည်း ဤမိန်းမကို မှီ၍ စစ်အင်္ဂါလေးပါးနှင့် ယှဉ်၍ ဟိမဝန္တာအရပ်၌ ကြီးစွာသော ဆင်းရဲကို ခံလျက် သုံးနှစ်ပတ်လုံး နေရဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိရွာဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ သင်အပ်ပြီးသော အတတ်ရှိသည်ဖြစ်၍ ရသေ့ရဟန်းဖြစ်၍ တောသစ်မြစ် သစ်သီး အာဟာရရှိသည် ဖြစ်၍ အဘိညာဉ်တို့ကိုလည်းကောင်း, သမာပတ်တို့ကို လည်းကောင်း ဖြစ်စေ၍ ဟိမဝန္တာအရပ်၌နေ၏၊ ထိုအခါ ဘုန်းနှင့် ပြည့်စုံသော တစ်ယောက်သော သတ္တဝါသည် တာဝတိံသာနတ်ပြည်မှ စုတေ၍ ထိုဟိမဝန္တာအရပ်၌ ပဒုမ္မာကန်ဝယ် တစ်ခုသော ပဒုမ္မာတိုက်၌ သူငယ်မအဖြစ်ဖြင့် ဖြစ်၏၊ ကြွင်းကုန်သော ပဒုမ္မာတို့သည် ဟောင်းသည်၏အဖြစ်သို့ ရောက်၍ ကြွေကုန်သော်သည်း ဤပဒုမ္မာသည် ကြီးသောအငုံဖြစ်၍ တည်သည်သာတည်း။ ရသေ့သည် ဤအကြောင်းကား အဘယ်နည်းဟု ကြံ၍ ရေသနုပ်ကို ဝတ်၍ ကူးသွားပြီးလျှင် ထိုပဒုမ္မာကို ဖွင့်၍ ထိုသူငယ်မကို မြင်လတ်သော် သမီးဟူသော အမှတ်ကို ဖြစ်စေ၍ ကျောင်းသို့ဆောင်၍ မွေး၏၊ ထိုသူငယ်မသည် နောက်အဖို့၌ တစ်ဆယ့်ခြောက်နှစ် အရွယ်ရှိသည် ဖြစ်၍ အလွန်အဆင်းလှ၏၊ မြတ်သော အဆင်းကို ဆောင်၏၊ လူတို့၏ အဆင်းကို လွန်၏၊ နတ်တို့၏အဆင်းကိုကား မမီတတ်၊ ထိုအခါ သိကြားမင်းသည် ဘုရားလောင်းအား ခစားအံ့သောငှါ လာ၏၊ သိကြားမင်းသည် ထိုသတို့သမီးကို မြင်၍ ဤသတို့သမီးကို အဘယ်မှ ရသနည်းဟု မေး၏၊ ငါသည် ပဒုမ္မာအိုင်မှ ရ၏ဟူသော စကားကို ကြား၏၊ ဤမိန်းမကား အဘယ်ကို ရခြင်းငှါ သင့်သနည်းဟု မေး၏၊ နေရာကို လည်းကောင်း, အဝတ်တန်ဆာ ဘောဇဉ် အစီအရင်ကို လည်းကောင်း ရခြင်းငှါ သင့်၏ဟု ဆို၏၊ သိကြားမင်းသည် အရှင်

ဘုရား ကောင်းပြီဟု ထိုရသေ့၏ ကျောင်းအနီး၌ ဖန်ပြာသာဒ်ကို ဖန်ဆင်း၍ နတ်၌ဖြစ်သော အိပ်ရာ, နတ်၌ဖြစ်သော အခင်းတန်ဆာ, နတ်၌ဖြစ်သော ထမင်း အဖျော်တို့ကို ဖန်ဆင်း၏၊ ထိုပြာသာဒ်သည် ထိုသတို့သမီး၏ ကိုယ်လက် သုတ်သင်သော ကာလ၌ သက်၍ မြေ၌ တည်၏၊ တက်သောကာလ၌ ပျံတက်၍ ကောင်းကင်၌ တည်၏။

ထိုသတို့သမီးသည် ဘုရားလောင်းအား ဝတ်ကြီး ဝတ်ငယ်ကို ပြုလျက် ပြာသာဒ်၌ နေ၏ ထိုသတို့သမီးကို တစ်ယောက်သော တောသွားမုဆိုးသည် မြင်၍ အရှင်ဘုရား ဤသတို့သမီးသည် အရှင်ဘုရားနှင့် အဘယ်သို့တော်သနည်း ဟု မေး၍ ငါ၏ သမီးတည်းဟူသော စကားကို ကြား၍ ဗာရာဏသီပြည်သို့ သွား၍ အရှင်မင်းကြီး အကျွန်ုပ်သည် ဟိမဝန္တာအရပ်၌ ဤသို့ သဘောရှိသော တစ်ယောက်သော ရသေ့သမီးကို မြင်ခဲ့၏ဟု မင်းအား ကြား၏၊ ဗာရာဏသီ မင်းသည် ကြားခြင်းဟူသော နှိုးနှောခြင်းဖြင့် ဖွဲ့အပ်သည် ဖြစ်၍ မုဆိုးကို ခရီး ညွှန်ပြု၍ စစ်အင်္ဂါလေးပါးဖြင့် ထိုအရပ်သို့ သွား၍ သစ်တပ်ဝင်း၍ မုဆိုးကို ခေါ်၍ အမတ်အပေါင်း ခြံရံလျက် ကျောင်းသို့ ဝင်၍ ရဟန်းတို့အား ဝတ်ကို ပြု၍ အရှင်ဘုရား မိန်းမတို့မည်သည်ကား မြတ်သောအကျင့်ကို ကျင့်သော ရသေ့ ရဟန်းအား မလျောက်ပတ်၊ အရှင်ဘုရားတို့၏ သမီးကို အကျွန်ုပ်လုပ်ကျွေးအံ့ဟု ဆို၏၊ ဘုရားလောင်းသည်ကား ဤပဒုမ္မာ၌ အဘယ်နည်းဟု တွေးတောခြင်း ရှိသည်ဖြစ်၍ ရေသို့သက်၍ ဆောင်အပ်သည်၏ အဖြစ်ကြောင့် သတို့သမီးအား အာသက်ာဟူသော အမည်ကို မှည့်၏။

ဘုရားလောင်းသည် မြတ်သော မင်းကြီး ဤသတို့သမီးကို ယူ၍ သွားလော့ ဟု ဖြောင့်စွာ မဆိုမူ၍ မြတ်သောမင်းကြီး ဤသတို့သမီးအား လျှို့ဝှက် အပ်သော သိမ်မွေ့သော အမည်ရှိ၏၊ အမည်ကို သိသည် ရှိသော် ယူသွား လေလော့ဟု ဆို၏၊ အရှင်ဘုရား အရှင်ဘုရားတို့သည် ပြောဆိုအပ်ကုန်သည် ရှိသော် သိရကုန်အံ့ဟု ဆို၏၊ ငါသည် သင်မင်းကြီးအား မဆို၊ သင်မင်းကြီးသည် အမည်ကို သိလျှင် ယူ၍ သွားလေလောဟု ဆို၏၊ ဗာရာဏသီ မင်းသည်လည်း ကောင်းပြီဟု ဝန်ခံ၍ ထိုနေ့မှစ၍ အမတ်တို့နှင့်တကွ ဤသတို့သမီးသည် ဘယ် အမည်ရှိသနည်းဟု အမည်ကို ဆင်ခြင်၏၊ ထိုဖြဟ္မဒတ်မင်းသည် သိနိုင်ခဲကုန်သော အကြောင်းအမည်တို့သည် ရှိကုန်၏၊ ထိုအမည်တို့ကို ကြား၍ ဤအမည်ရှိသည် ဖြစ်လတ္တံ့ဟု ဆိုသည် ရှိသော် ဘုရားလောင်းသည် ဤအမည် မဟုတ်ဟု ဆို၏၊ မင်းအားလည်း အမည်ကို ဆင်ခြင်စဉ် တစ်နှစ်လွန်၏၊ ဆင် မြင်း လူ သူတို့ကို ခြသေ့အစရှိကုန်သော သတ္တဝါတို့သည် ဖမ်းကုန်၏၊ မြွေတို့သည် နှိပ်စက်ကုန်၏၊ များစွာကုန်သော လူတို့သည် ပင်ပန်းကုန်သည် ဖြစ်၍ သေကုန်၏၊ မင်းသည် ဤမိန်းမဖြင့် အဘယ် အကျိုးရှိအံ့နည်းဟု ဘုရားလောင်းအား ဆို၍ သွား၏၊

အာသင်္ကာ သတို့သမီးသည် ဖန်လေသာ ပြတင်းကို ဖွင့်၍ ရပ်၏၊ မင်းသည် ထို အာသင်္ကာသတို့သမီးကို မြင်၍ ငါတို့သည် သင်၏အမည်ကို သိအံ့သောငှါ မစွမ်း နိုင်ကုန်၊ သင်သည် ဟိမဝန္တာအရပ်၌သာလျှင် နေရစ်လော့၊ ငါတို့သည် သွားကုန် အံ့ဟု ဆို၏၊ မြတ်သောမင်းကြီး သွားသည် ရှိသော် ငါကဲ့သို့သော မိန်းမကို အဘယ်မှာ ရလတ္တံ့နည်း၊ တာဝတိံသာနတ်ပြည်၌ စိတ္တလတာ ဥယျာဉ်၌ အာသာဝတီမည်သော နွယ်သည် ရှိ၏၊ ထိုအာသာဝတီနွယ်၏ အသီးအတွင်း၌ နတ်အဖျော်သည် ဖြစ်၏၊ ထိုနတ်အဖျော်ကို တစ်ကြိမ်သောက်သည် ရှိသော် လေးလတို့ပတ်လုံး ယစ်ကုန်၍ နတ်၏အိပ်ရာ၌ အိပ်ကုန်၏ ထိုအာသာဝတီနွယ်၏ အသီးသည်ကား အနှစ်တစ်ထောင်ရှိသဖြင့် သီး၏၊ သူရာကြူးကုန်သော နတ်သား တို့သည် ဤအာသာဝတီနွယ်မှ နတ်၏အဖျော်ဖြစ်သော အသီးတို့ ရလတ္တံ့ဟု ချစ်ခြင်းကို သည်းခံ၍ အနှစ်တစ်ထောင်ပတ်လုံး မပြတ်သွား၍ ထိုအာသာဝတီ နွယ်ကို ရောဂါကင်းပါ၏လောဟု ကြည့်ကုန်၏၊ သင်မင်းကြီးသည်ကား တစ်နှစ်ဖြင့်သာလျှင် ငြီးငွေ့၏၊ တောင့်တခြင်း၏ အကျိုးကို ရခြင်းမည်သည် ချမ်းသာ၏၊ မငြီးငွေ့လင့်ဟု ဆို၍ ဤဂါထာတို့ကို ဆို၏—

၂၆။ အာသာဝတီ နာမ လတာ၊ ဇာတာ စိတ္တလတာဝနေ။
တဿာ ဝဿသဟဿေန၊ ဧကံ နိဗ္ဗတ္တတေ ဖလံ။

၂၇။ တံ ဒေဝါ ပယိရုပါသန္တိ၊ တာဝ ဒူရဖလံ သတိံ။
အာသီသေဝ တုဝံ ရာဇ၊ အာသာ ဖလဝတီ သုခါ။

မြတ်သောမင်းကြီး စိတ္တလတာဥယျာဉ်၌ ပေါက်သော အာသာဝတီ မည်သော နွယ်အား အနှစ်တစ်ထောင်မှ အသီးတစ်လုံးသာ သီး၏။

မြတ်သောမင်းကြီး နှစ်ပေါင်းများစွာကြာမှ အသီး သီးပါလျက် ထို အာသာဝတီနွယ်ကို နတ်တို့သည် သွားထက်ငါ ရှေးဦးအောင် အကြိမ်များစွာ ခဏခဏ ဆည်းကပ်ကြကုန်၏၊ မင်းကြီး သင်မင်းကြီးသည် တောင့်တမျှော်လင့် သင့်၏၊ တောင့်တမျှော်လင့်ခြင်းကြောင့် အကျိုးရလာခဲ့သော် ချမ်းသာ၏။

မင်းသည် ထိုအာသင်္ကာ မင်းသမီး၏ စကားဖြင့် ကပ်ငြိ၍ တစ်ဖန် အမတ် တို့ကို စည်းဝေးစေ၍ ဖွဲ့ခြင်းကို ပြုစေ၍ အမည်ကို ရှာလျက် တစ်ဖန် တစ်နှစ် ပတ်သုံးလည်း နေ၏၊ ထိုသတို့သမီး၏ အမည်ကား အဘယ်သို့နည်းဟု မေး၍ ဤအမည်ရှိ၏ဟု ဆိုသည် ရှိသော် ဘုရားလောင်းသည် ပယ်သလျှင်ကတည်း။ တစ်ဖန် မင်းသည် ငါအား ဤမိန်းမဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ဆို၍ သွား၏၊ ထိုသတို့သမီးသည်လည်း လေသာပြတင်း၌ ရပ်၍ ကိုယ်ကို ပြ၏၊ ဗြဟ္မဒတ္တမင်းသည် သင်သည် နေရစ်လော့ ငါတို့သည် သွားကုန်အံ့ဟု ဆို၏၊

မြတ်သောမင်းကြီး အဘယ့်ကြောင့် သွားအံ့နည်းဟု ဆို၏၊ သင်၏ အမည်ကို သိခြင်းငှါ မတတ်နိုင်ဟု ဆို၏၊ မြတ်သောမင်းကြီး အဘယ့်ကြောင့် အမည်ကို မသိလတ္တံ့နည်း၊ တောင့်တခြင်းဟူသည်ကား မပြည့်စုံသောမည်သည် မရှိ၊ တစ်ကောင်သော ဗျိုင်းသည် တောင်ထိပ်၌ တည်လျက် မိမိ တောင့်တအပ်သည်ကို ရ၏၊ သင်မင်းကြီးသည် အဘယ့်ကြောင့် မရလတ္တံ့ ရှိအံ့နည်း၊ မြတ်သောမင်းကြီး သည်းခံလော့ဟုဆို၍ မြတ်သောမင်းကြီး တစ်ကောင်သော ဗျိုင်းသည် တစ်ခုသော ပဒုမ္မာအိုင်၌ အစာကို ယူ၍ တောင်ထိပ်၌ နား၏၊ ထိုဗျိုင်းသည် ထိုနေ့သည်၌ ထိုတောင်ထိပ်၌လျှင် နေ၍ နက်ဖြန်နေ့၌ ငါသည် ဤတောင်ထိပ်၌ ချမ်းသာစွာနေလျက် ဤတောင်ထိပ်မှ မသက်မူ၍ ဤအရပ်၌ နေလျက်လျှင် အစာကို ယူ၍ ရေကို သောက်၍ ဤနေ့ပတ်လုံး နေရမူကား ကောင်း၏ဟု ကြံ၏၊ ထိုအခါ ထိုနေ့၌လျှင် သိကြားမင်းသည် အသူရာတို့ကို နှိမ်နင်း၍ တာဝတိံသာနတ်ပြည်၌ နတ်စည်းစိမ်ကို ခံစားလျက် ငါ၏ နှလုံး အလိုသည် အပြီးသို့ ရောက်ပြီ၊ တစ်ပါးသော တစ်စုံတစ်ယောက်သော နှလုံးအလို မပြည့်သော သူသည် ရှိလေသေးသလောဟု ကြံ၏၊ ကြံပြီး၍ သိကြားမင်းသည် ဆင်ခြင်သည် ရှိသော် ထိုဗျိုင်းကို မြင်၍ ဤဗျိုင်း၏ နှလုံးအလိုကို အပြီးကို ရောက်စေအံ့ဟု ဗျိုင်း၏ နေရာမှ မနီးမဝေးသော အရပ်၌ မြစ်တစ်ခုသည် ရှိ၏၊ ထိုမြစ်ကို သိကြားသည် ရေအလျဉ်ဖြင့် ပြည့်သည်ကို ပြု၍ တောင်ထိပ်သို့ စီးစေ၏၊ ဗျိုင်းသည် ထိုတောင်ထိပ်သို့ စီးသော မြစ်၌ နေလျက်လျှင် ငါးတို့ကို စား၍ ရေကို သောက်၍ ထိုနေ့ပတ်လုံး ထိုတောင်ထိပ်သို့ စီးသော မြစ်၌လျှင် နေ၏၊ ရေသည်လည်း လျော့ကျ၍ သွား၏၊ မြတ်သောမင်းကြီး ဤသို့ ဗျိုင်းသည် လျက်လည်း ရှေးဦးစွာ တောင့်တခြင်းအကျိုးကို ရ၏၊ သင်မင်းကြီးသည် အဘယ့်ကြောင့် မရလတ္တံ့နည်းဟု ဆို၍ ဤဂါထာကို ဆို၏—

၂၀။ အာသီသေထေဝ သော ပဏ္ဍိ၊ အာသီသေထေဝ သော ဒိဇော။
တဿ စာသာ သမိဇ္ဈတိ၊ တာဝ ဒူရဂတာ သတီ။
အာသီသေဝ တုဝံ ဟုဇ၊ အာသာ ဖလဝတီ သုခါ။

ထိုဗျိုင်းငှက်သည် ဝေးလံသောမြစ်ကို တောင်ပေါ်သို့ စီးတက်လာအောင် တောင့်တမှုပြုသည်သာလျှင်တည်း၊ ထိုတောင့်တမှုကြောင့် ဗျိုင်းငှက်၏ အလိုဆန္ဒသည် ပြည့်စုံခဲ့လေသည်၊ သင်မင်းကြီးသည်လည်း တောင့်တမှုကို ပြုပါလော့။ တောင့်တခြင်းသည် အကျိုးဖြစ်ပေါ်လာသောအခါ ချမ်းသာ၏။

မင်းသည် သတို့သမီး၏ စကားကို ကြား၍ အဆင်း၌ တပ်စွန်း၍ စကားပြင့် ကပ်ငြိ၍ သွားအံ့သောငှါ မတတ်နိုင်၍ အမတ်တို့ကို စည်းဝေးစေ၍ အမည် တစ်ဆုလို ပြုစေ၏၊ အမည်တစ်ဆု၏ အစွမ်းအားဖြင့် ရှာလျက်လည်း မင်းအား

တစ်ဖန် တစ်နှစ်သည် လွန်ပြန်၏၊ မင်းသည် သုံးနှစ် လွန်သဖြင့် ဘုရားလောင်းသို့ ကပ်၍ အမည်တစ်ရာ၏ အစွမ်းအားဖြင့် ဤအမည်ရှိသည် ဖြစ်လတ္တံ့လောဟု မေး၏၊ မြတ်သောမင်းကြီး သင်သည် မသိဟု ဆို၏၊ မင်းသည် ယခု ငါတို့သည် သွားကုန်အံ့ဟု ဘုရားလောင်းကို ရှိခိုး၍ သွား၏၊ အာသင်္ကာ သတို့သမီးသည်လည်း ဖန်လေသာပြတင်းကို မှီ၍ ရပ်၏၊ မင်းသည် ထိုသတို့သမီးကို မြင်၍ သင်သည် နေရစ်လော့၊ ငါတို့သည် သွားကုန်အံ့ဟု ဆို၏၊ မြတ်သောမင်းကြီး အဘယ့်ကြောင့် သွားအံ့နည်းဟု ဆို၏၊ သင်သည် ငါ့ကို စကားဖြင့်သာလျှင် ချော့ရဲစေ၏၊ ကာမနှင့် ယှဉ်သော မွေ့လျော်ခြင်းဖြင့် မရော့ရဲစေ၊ သင်၏ သာယာသော စကားဖြင့် ကပ်ငြိ၍ နေသော ငါ့အား သုံးနှစ်တို့သည် လွန်ကုန်ပြီ၊ ယခုအခါ သွားအံ့ဟု ဆို၍ ဤဂါထာတို့ကို ဆို၏—

၂၉။ သမ္မေသိ ခေါ မံ ဝါစာယ၊ န စ သမ္မေသိ ကမ္မုနာ။
မာလာ သေရေယျကဿေဝ၊ ဝဏ္ဏဝန္တာ အဂန္ဓိကာ။

၃၀။ အဖလံ မဓုရံ ဝါစံ၊ ယော မိတ္တေသု ပကုဗ္ဗတိ။
အဒဒံ အဝိဿဇံ ဘောဂံ၊ သန္ဓိ တေနဿ ဇီရတိ။

၃၁။ ယဉ္ဟိ ကယိရာ တဉ္ဟိ ဝဒေ၊ ယံ န ကယိရာ န တံ ဝဒေ။
အကရောန္တံ ဘာသမာနံ၊ ပရိဇာနန္တိ ပဏ္ဍိတာ။

၃၂။ ဗလဉ္စ ဝတ မေ ခီဏံ၊ ပါထေယျဉ္စ န ဝိဇ္ဇတိ။
သင်္ကေ ပါဏူပရောဓာယ၊ ဟန္ဒ ဒါနိ ဝဇာမဟံ။

ရှင်မ အဆင်းရှိပြီး အနံ့မရှိသော လိပ်ဆူးရွေပန်းကဲ့သို့ ရှင်မသည် ငါ့ကို စကားဖြင့်သာလျှင် ရောင့်ရဲစေ၏၊ လက်တွေ့အလုပ်ဖြင့်ကား မရောင့်ရဲစေ။

ရှင်မ အဆွေခင်ပွန်းတို့၌ ပေးထိုက်သော စည်းစိမ်ကို မပေးဘဲလျက် အကျိုးမရှိ သာယာသောစကားကို ပြောဆိုသောသူအား ထိုအဆွေခင်ပွန်း မိတ်ဖွဲ့ခြင်းသည် ပျက်ပြယ်၏။

ရှင်မ ပြုသောအမှုကိုသာ ဆိုရာ၏။ မပြုသောအမှုကို မဆိုရာ။ ဆိုလျက် မပြုသောသူကို ပညာရှိတို့သည် သိကုန်၏။

ရှင်မ စင်စစ် ငါ့အား ဗိုလ်ပါသည်လည်း ကုန်ပြီ။ ရိက္ခာသည်လည်း မရ။ အသက်ဇီဝိန်ပျက်စီးခြင်း၌ ယုံမှား၏၊ ယခု ငါသွားအံ့။

အာသင်္ကာ သတို့သမီးသည် မင်း၏ စကားကို ကြား၍ မြတ်သောမင်းကြီး သင်မင်းကြီးသည် ငါ့အမည်ကို မသိဟု ဆို၏၊ သင်မင်းကြီးသည် ငါ၏အမည်ကို

ဆိုအပ်သလျှင်ကတည်း။ ဤမည်သည်ကား ငါ၏အမည်တည်း၊ အဘအား ပြောဆို၍ ငါ့ကို ယူသွားလော့ဟု ဆို၍ မင်းနှင့်တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏ —

၃၃။ တေ ဒဝ ဟိ မေ နာမံ၊ ယံ နာမသ္မိ ရထေသဘ။
အာဂမေဟိ မဟာရာဇ၊ ပိတရံ အာမန္တယာမဟံ။

ရထားစီးချင်း မင်းဘကာ သူ့ထက် မြတ်သောမင်းကြီး အကျွန်ုပ်၏အာသင်္ကာ ဟူသော အကျွန်ုပ်၏ အမည်ကိုလျှင် သင်မင်းကြီးသည် ဆို၏၊ မင်းမြတ် ငံ့ဦးလော့။ အကျွန်ုပ်သည် အဘကို တိုင်ပင်ဦးအံ့။

မင်းသည် ဘုရားလောင်း၏ အထံသို့ သွား၍ အရှင်ဘုရား အရှင်ဘုရားတို့၏ သမီးသည် အာသင်္ကာမည်၏ဟု ဆို၏၊ မြတ်သောမင်းကြီး အမည်ကို သိသော ကာလမှ စ၍ ယူသွားလော့ဟု ဆို၏၊ မင်းသည် ဘုရားလောင်းကို ရှိခိုး၍ ဖန်မိမာန် တံခါးသို့ သွား၍ ရှင်မ သင့်အဘသည် ငါ့အား သင့်ကို ပေးအပ်ပြီ၊ လာလော့၊ ယခုသွားအံ့ဟု ဆို၏၊ မင်းကြီး ငံ့ဦးလော့၊ အကျွန်ုပ်သည် အဘကို တိုင်ပင်ဦးအံ့ဟု ပြာသာဒ်မှ သက်၍ ဘုရားလောင်းကို ရှိခိုး၍ ကန်တော့၍ မင်း၏ အထံသို့ လာ၏၊ မင်းသည် အာသင်္ကာ သတို့သမီးကို ယူ၍ ဗာရာဏသီ ပြည်သို့ သွား၍ သားသမီးတို့ဖြင့် ပွားလတ်၍ ချစ်စွာသောနေခြင်းဖြင့် နေ၏၊ ဘုရားလောင်းသည် မယုတ်သော ဈာန်ရှိသည် ဖြစ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရား သည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ မယားဟောင်းသည် ထိုအခါ အာသင်္ကာသတို့သမီး ဖြစ်ဖူးပြီ၊ ယခုအခါ ငြီးငွေ့သော ရဟန်းသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရား သည်သျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အာသာကပ်သျှင်၊ မဃ္ဃါချင်၊ မျှားဖျင် သဘ္ဘာ)

သုံးရာရှစ်ဆယ်ခုမြောက်သော အာသင်္ကာဇာတ်သည် ပြီး၏။

## ၃၈၁-မိဂါလောပဇာတ်

### ပညာရှိတို့ စကားကို မနာယူ၍ ပျက်စီးရခြင်း

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "န မေ ရုစ္စိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမိဂါလောပဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆိုနိုင်ခက်သော တစ်ပါးသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းကိုခေါ်တော်မူ၍ ရဟန်း သင်သည် ဆိုနိုင်ခက်သတတ်ဟူသည် မှန်သလောဟု မေးတော်မူ၍ အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း သင်သည် ယခုအခါ၌သာလျှင် ဆိုနိုင်ခက်သည် မဟုတ်သေး၊ ရှေး၌လည်း ဆိုနိုင်ခက်ဖူးပြီ၊ ဆိုနိုင်ခက်သည်၏ အဖြစ်ကို မှီ၍ ပညာရှိတို့ စကားကို နားမထောင်မူ၍ ဝေရမ္ဘလေဝ၌ ပျက်စီးခြင်းသို့ ရောက်ဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် လင်းတမျိုး၌ ဖြစ်၍ အပနန္ဒ အမည်ရှိ၏၊ ထိုအပနန္ဒ လင်းတမင်းသည် လင်းတအပေါင်း ခြံရံလျက် ဂိဇ္ဈကုဋ်တောင်၌ နေ၏၊ ထိုအပနန္ဒ လင်းတမင်း၏ သားသည် မိဂါလောပ မည်၏၊ အားအစွမ်းနှင့် ပြည့်စုံ၏၊ ထိုမိဂါလောပ လင်းတသည် တစ်ပါးကုန်သော လင်းတတို့၏ အပိုင်းအခြားကို လွန်၍ အလွန်မြင့်စွာ ပျံ၏၊ လင်းတတို့သည် သင်၏ သားသည် အလွန်မြင့်စွာ ပျံ၏ဟု လင်းတမင်းအား ကြားကုန်၏၊ လင်းတမင်းသည် သားကို ခေါ်၍ အမောင် သင်သည် အလွန်မြင့်စွာ ပျံသတတ်၊ အလွန်မြင့်စွာ ပျံသော လင်းတသည် အသက်ကုန်ခြင်းသို့ ရောက်လတ္တံ့ဟု ဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၃၄။ န မေ ရုစ္စိ မိဂါလောပ၊ ယဿ တေ တာဒိသီ ဂတီ။
အတုစ္စံ တာတ ပတသိ၊ အဘူမိံ တာတ သေဝသိ။

၃၅။ စတုက္ကဏ္ဏံဝ ကေဒါရံ၊ ယဒါ တေ ပထဝီ သိယာ။
တတော တာတ နိဝတ္တဿု၊ မာဿု ဧတ္တော ပရံ ဂမိ။

၃၆။ သန္တိ အညေပိ သကုဏာ၊ ပတ္တယာနာ ဝိဟင်္ဂမာ။
အက္ခိတ္တာ ဝါတဝေဂေန၊ နဋ္ဌာ တေ သဿတီသမာ။

ချစ်သား မိဂါလောပ သင်သည် အလွန်မြင့်စွာ ပျံ၏၊ ချစ်သား မိဂါလောပ သင်သည် အရာမဟုတ်သည်ကို မှီဝဲ၏။ သင်၏ ထိုသို့ မြင့်စွာပျံခြင်းသဘောကို ငါသည် မနှစ်သက်။

ချစ်သား မိဂါလောပ သင့်အား မြေကြီးသည် လေးထောင့်ရှိသော လယ်ကွက်ကဲ့သို့ ထင်မြင်သည်ဖြစ်အံ့။ ထိုအရပ်မှ ပြန်ခဲ့လော့။ ဤထက်အလွန် မပျံလင့်။ တစ်ပါးသော အတောင်ယာဉ်ရှိကြသည့် ကောင်းကင်ပျံ ငှက်လင်းတ တို့သည် မိမိကိုယ်ကို အမြဲတည်သော မြေတောင် အစရှိသည်တို့နှင့် အတူ ထင်ကုန်လျက် လေအဟုန်ဖြင့် လွင့်အပ်ကုန်သည် ဖြစ်၍ မိမိ၏ သက်တမ်း မပြည့်မီပင် ပျက်စီးကုန်၏။

မိဂါလောပ လင်းတသည် အဆုံးအမကို မခံသည်၏ အဖြစ်ကြောင့် အဘ စကားကို နားမထောင်မူ၍ ပျံသဖြင့် အဘသည် ကြားအပ်သောအပိုင်းအခြား ကို မြင်၍ ထိုအပိုင်းအခြားကို လွန်၍ ကာလလေသို့ ရောက်၏၊ ထိုကာလလေ ကိုလည်း လွန်၍ ပျံသည် ရှိသော် ဝေရမ္ဘလေဝသို့ ရောက်၏၊ ထိုအခါ ထိုမိဂါလောပ လင်းတကို ဝေရမ္ဘ လေတို့သည် ခတ်ကုန်၏၊ မိဂါလောပ လင်းတသည် ဝေရမ္ဘ လေတို့သည် ခတ်ကာမျှဉ်လျှင် အပိုင်းပိုင်း ပြတ်၍ ကောင်းကင်၌လျှင် ကွယ်ပျောက်လေ၏။

သမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၃၇။ အကတွာ အပနန္ဒဿ၊ ပိတု ဝုဒ္ဓဿ သာသနံ။
ကာလဝါတေ အတိက္ကမ္မ၊ ဝေရမ္ဘာနံ ဝသံ အဂါ။

၃၈။ တဿ ပုတ္တာ စ ဒါရာ စ၊ ယေ စညေ အနုဇီဝိနော။
သဗ္ဗေ ဗျသနမာပါဒုံ၊ အနောဝါဒကရေ ဒိဇေ။

၃၉။ ဧဝမ္ပိ ဣဓ ဝုဒ္ဓါနံ၊ ယော ဝါကျံ နာဝဗုဇ္ဈတိ၊
အတိသီမစရော ဒိတ္တော၊ ဂိဇ္ဈောဝါတီတသာသနော။
သဗ္ဗေ ဗျသနံ ပပ္ပေါန္တိ၊ အကတွာ ဝုဒ္ဓသာသနံ။

ရဟန်းတို့ မိဂါလောပလင်းတသည် အသက်ကြီးသော အဘဖြစ်သူ အပနန္ဒ၏ အဆုံးအမကို နားမထောင်မူ၍ ကာလလေတို့ကို လွန်ကာ ဝေရမ္ဘလေတို့၏ နယ်ပယ်သို့ ရောက်လေ၏။

ထိုမိဂါလောပလင်းတ၏ သားတို့သည်လည်းကောင်း, မယားတို့သည် လည်းကောင်း,တစ်ပါးကုန်သော မိဂါလောပကို မှီ၍ အသက်မွေးကြကုန်သော

ခပ်သိမ်းသော လင်းတတို့သည် လည်းကောင်း မိဂါလောပ၏ အဆုံးအမကို မနာယူကုန်သည် ရှိသော် ပျက်စီးခြင်းသို့ ရောက်ကုန်၏။

ဤအတူလည်း ဤသာသနာတော်၌ မြတ်စွာဘုရား၏ စကားကို မသိဘဲ အပိုင်းအခြားကို လွန်၍ ကျင့်သော ကြမ်းတမ်း၍ အဆုံးအမကို လွန်သော သူခပ်သိမ်းတို့သည် ဘုရား အဆုံးအမကို နားမထောင်မူ၍ လင်းတကဲ့သို့ ပျက်စီးခြင်းသို့ ရောက်ကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဆိုနိုင်ခက်သော ရဟန်းသည် ထိုအခါ မိဂါလောပ လင်းတ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အပနန္ဒမည်သော လင်းတမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဘုရားဆုံးမ၊ မလိုက်က၊ မုချ ပျက်စီးရာ)

သုံးရာရှစ်ဆယ့်တစ်ခုမြောက်သော မိဂါလောပဇာတ်သည် ပြီး၏။

---

## ၃၀၂-သိရိကာဠကဏ္ဏိဇာတ်

### ကောင်းသော အကျင့်သီလသည် ကျက်သရေမည်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ကာ နု ကာဠေန ဝဏ္ဏေန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသိရိကာဠကဏ္ဏိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အနာထပိဏ် သူဌေးကို အကြောင်းပြု၍ ဟောတော်မူ၏။ ထို အနာထပိဏ်သူဌေးသည် သောတာပတ္တိဖိုလ်၌ တည်သောကာလမှ စ၍ ပဉ္စသီတို့ကို မကျိုးမပျက်သည်တို့ကို ပြု၍စောင့်၏၊ အနာထပိဏ် သူဌေး၏ မယားသည် လည်းကောင်း, သားသမီးတို့သည် လည်းကောင်း, အခကို ယူ၍ အမှုတို့ကို လုပ်ကုန်သော ခပ်သိမ်းကုန်သော သူတို့သည် လည်းကောင်း စောင့်ကုန်သလျှင် ကတည်း၊ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် ငါ့ရှင်တို့ အနာထပိဏ် သူဌေးသည် စင်ကြယ်၏၊ စင်ကြယ်သောအခြံအရံရှိသည်ဖြစ်၍ သွား၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညူမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဘုန်းတော်

ကြီးသော အရှင်ဘုရား ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ ပညာရှိတို့သည်သာလျှင် စင်ကြယ် ကုန်သည်၊စင်ကြယ်သော အခြံအရံရှိကုန်သည် မဟုတ်ကုန်သေး၊ ရှေးပညာရှိတို့ သည်လည်း စင်ကြယ်ကုန်သည်၊ စင်ကြယ်သော အခြံအရံရှိကုန်သည် ဖြစ်ကုန်ပြီ ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် သူဌေးဖြစ်၍ အလှူပေး၏၊ သီလဆောက်တည်၏၊ ဥပုသ်ဆောက်တည်၏၊ ထိုသူဌေး၏ မယားသည် လည်းကောင်း, သားသမီး တို့သည် လည်းကောင်း, ကျွန်အမှုလုပ် ယောကျ်ားတို့သည် လည်းကောင်း ပဉ္စသီတို့ကို စောင့်ကုန်၏၊ ထိုသူဌေးသည် သုစိပရိဝါရသူဌေးဟူ၍ ထင်ရှား၏၊ ထိုသူဌေးသည် ငါ့ထက် သီလဖြင့် စင်ကြယ်သော တစ်စုံတစ်ယောက်သော သူသည် အကယ်၍ လာသည် ဖြစ်အံ့၊ ထိုသူအား ငါ၏ပလ္လင်၌ အိပ်ရာနေရာကို ပေးအံ့သော်ငါ မလျော်၊ မသုံးဆောင်သေးသော နေရာကို ငါသည် ပေးခြင်း ငှါ သင့်၏ဟု မိမိနေရာအရပ်၌လျှင် နံပါးတစ်ဖက်၌ မသုံးဆောင်သေးသော ပလ္လင်ကို လည်းကောင်း, မသုံးဆောင်သေးသော အိပ်ရာကို လည်းကောင်း ခင်းစေ၏၊ ထိုအခါ စာတုမဟာရာဇ် နတ်ပြည်မှ ဝိရူပက္ခ နတ်မင်းကြီး၏ ကာဠကဏ္ဏိမည်သော သမီးသည် လည်းကောင်း, ဓတရဋ္ဌနတ်မင်းကြီး၏ သိရိ မည်သော သမီးသည် လည်းကောင်း နှစ်ယောက်ကုန်သော နတ်သမီးတို့သည် များစွာကုန်သော ပန်းတို့ကို ယူကုန်၍ အနဝတတ်အိုင်၌ ကစားကုန်အံ့ဟု အန ဝတတ်အိုင်ဆိပ်သို့ သွားကြကုန်၏။ ထိုအနဝတတ်အိုင်၌ များစွာကုန်သော ဆိပ်တို့သည်ရှိကုန်၏။ ထိုဆိပ်တို့တွင် သဗ္ဗညုမြတ်စွာဘုရားတို့၏ ဆိပ်၌ သဗ္ဗညု မြတ်စွာဘုရားတို့သည်သာလျှင် ရေချိုးကုန်၏။ ပစ္စေကဗုဒ္ဓါတို့၏ဆိပ်၌ ပစ္စေက ဗုဒ္ဓါတို့သည်သာလျှင် ရေချိုးကုန်၏။ ရဟန်းတို့၏ဆိပ်၌ ရဟန်းတို့သည်သာလျှင် ရေချိုးကုန်၏။ ရသေ့တို့၏ဆိပ်၌ ရသေ့တို့သည်သာလျှင် ရေချိုးကုန်၏။ စာတု မဟာရာဇ် အစရှိကုန်သော ကာမာဝစရ နတ်ပြည်ခြောက်ထပ်၌ နေကုန်သော နတ်သားတို့၏ဆိပ်၌ နတ်သားတို့သည်သာလျှင် ရေချိုးကုန်၏။ နတ်သမီးတို့၏ ဆိပ်၌ နတ်သမီးတို့သည် သာလျှင် ရေချိုးကုန်၏။ ထိုဆိပ်သို့ လာလတ်၍ နှစ်ယောက်ကုန်သော နတ်သမီးတို့သည် ငါသည် ရှေးဦးစွာ ရေချိုးအံ့၊ ငါသည် ရှေးဦးစွာ ရေချိုးအံ့ဟု ရေချိုးဆိပ်၌ ငြင်းခုံခြင်းကို ပြုကုန်၏။

ကာဠကဏ္ဏိနတ်သမီးသည် ငါသည် လောကကို စီရင်၏။ ထို့ကြောင့် ငါသည် ရှေးဦးစွာ ရေချိုးခြင်းငှါ သင့်၏ဟု ဆို၏။ သိရီနတ်သမီးသည် ငါသည် လူများ အား အစိုးရခြင်းကို ပေးတတ်သောအကျင့်၌ တည်၏။ ထို့ကြောင့် ငါသည်

ရှေးဦးစွာ ရေချိုးအံ့သောငှါ သင့်၏ဟုဆို၏။ ထိုနတ်သမီးတို့သည် ငါတို့သည် ရှေးဦးစွာ ရေချိုးအံ့သောငှါ သင့်သောသဘောကို နတ်မင်းကြီးလေးယောက် တို့သည် သိကုန်လတ္တံ့ဟု ထိုနတ်မင်းကြီးတို့၏အထံသို့ သွား၍ငါတို့တွင် အဘယ် သူသည် ရှေးဦးစွာ အနဝတတ်အိုင်၌ ရေချိုးခြင်းငှါ သင့်သောသဘောရှိသနည်းဟု မေးကုန်၏။ ဓတရဋ္ဌနတ်မင်း ဝိရူပက္ခနတ်မင်းတို့သည် ငါတို့သည် ဆုံးဖြတ်ခြင်းငှါ မတတ်နိုင်ကုန်ဟု ဝိရူဠှကနတ်မင်း ကုဝေရနတ်မင်း တို့၏ဝန်ကို ပြုကုန်၏။ ဝိရူဠှကနတ်မင်း ကုဝေရနတ်မင်းသည်လည်း မတတ်နိုင်ကုန် သိကြားမင်း၏ ခြေရင်းသို့ စေကုန်အံ့ဟု ထိုနတ်သမီးတို့ကို သိကြားမင်းအထံသို့ စေကုန်၏။ သိကြားမင်းသည် နတ်သမီးတို့၏ စကားကိုကြား၍ ဤနှစ်ယောက်ကုန်သော နတ်သမီးတို့၏တရားကို ငါဆုံးဖြတ်ခြင်းငှါ မတတ်ကောင်းဟု ကြံ၏။

ထိုအခါ သိကြားမင်းသည် ဗာရာဏသီပြည်၌ သုစိပရိဝါရသေဋ္ဌေးသည်ရှိ၏။ အိမ်၌ မသုံးဆောင်သေးသော နေရာကို ခင်းအပ်၏။ အကြင်နတ်သမီးသည် ထိုအိမ်၌ ထိုင်ခြင်းကိုလည်းကောင်း အိပ်ခြင်းကိုလည်းကောင်း ရ၏။ ထိုနတ်သမီး သည် ရှေးဦးစွာ ရေချိုးခြင်းငှါ သင့်သောသဘောရှိ၏ဟု ဆို၏။ ထိုစကားကို ကြား၍ ကာဠကဏ္ဏိ နတ်သမီးသည် ထိုခဏ၌လျှင် ညိုသောအဝတ်ကို ဝတ်၍ ညိုသောနံ့သာပျောင်းကို လိမ်း၍ ညိုသောပတ္တမြားတန်ဆာကို ဆင်၍ ယန္တရား၌ ထားအပ်သော ကျောက်ကဲ့သို့ နတ်ပြည်မှသက်၍ မဇ္ဈိမယာမ်၏ အတွင်း၌ သူဋ္ဌေး ပြာသာဒ်၏ ထွက်ဝင်ရာ တံခါး၌ အိပ်ရာ၏ အနီးဖြစ်သော အရပ်၌ ညိုသော အရောင်ကိုလွှတ်၍ ကောင်းကင်၌တည်၏။ သူဋ္ဌေးသည် ကြည့်လတ်သော် ထိုနတ်သမီးကိုမြင်၏။ မြင်ကာမျှဖြင့်လျှင် ထိုနတ်သမီးအား မချစ်မနှစ်သက် ခြင်းသည်ဖြစ်၏။ သူဋ္ဌေးသည် ထိုနတ်သမီးနှင့်တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၄၀။ ကာနု ကာဠေန ဝဏ္ဏေန၊ န စာပိ ပိယဒဿနာ။
　　ကာ ဝါ တွံ ကဿ ဝါ ဓီတာ၊ ကထံ ဇာနေမု တံ မယံ။

ရှင်မ ရှင်မသည် မည်းသောအဆင်းဖြင့် ချစ်အပ်သောအဆင်းရှိသည် မဖြစ်သလျှင်ကတည်း။ သင်သည် အဘယ်အမည်ရှိသနည်း။ အဘယ်သူနည်း။ အဘယ့်သူ၏သမီးနည်း။ ငါတို့သည် အသို့မူ၍ သင့်ကိုသိရကုန်အံ့နည်း။

ထိုစကားကိုကြား၍ ကာဠကဏ္ဏိနတ်သမီးသည် ဤဂါထာကိုဆို၏။

၄၁။ မဟာရာဇဿ ဟံ ဓီတာ၊ ဝိရူပက္ခဿ စဏ္ဍိယာ။
　　အဟံ ကာဠီ အလက္ခိကာ၊ ကာဠကဏ္ဏီတိ မံ ဝိဒူ။
　　ဩကာသံ ယာစိတော ဒေဟိ၊ ဝသေမု တဝ သန္တိကေ။

သေဌေးကြီး ငါသည် ဝိရူပက္ခအမည်ရှိသော နတ်မင်း၏ ကြမ်းသောသမီး တည်း။ ငါသည် သီလပညာမရှိသော ကာဠီမည်သောနတ်သမီးတည်း။ ငါ့ကို ကာဠကဏ္ဏိဟူ၍ သိကုန်၏။ သင်၏အထံ၌ နေလိုကုန်၏။ တောင်းပန်အပ်သော သင်သည် ငါ့အား နေခွင့်ကို ပေးလော့။

ထိုနောင်မှ ဘုရားလောင်းသည် ဤဂါထာကို ဆို၏။

၄၂။ ကိံ သီလေ ကိံ သမာစာရေ၊ ပုရိသေ နိဝိသေ တုဝံ။
ပုဋ္ဌာ မေ ကာဠိ အက္ခာဟိ၊ ဂထံ ဇာနေမု တံ မယံ။

ကာဠီနတ်သမီး သင်သည် အဘယ်သီလရှိသော အဘယ်အကျင့်ရှိသော ယောကျ်ားး၌ စိတ်ဖြင့်ဝင်၍နေသနည်း။ မေးအပ်သော သင်နတ်သမီးသည် ငါ့အား ကြားဘိလော့။ ငါတို့သည် သင့်ကို အဘယ်သို့ သိရကုန်အံ့နည်း။

ထိုနောင်မှ ကာဠီနတ်သမီးသည် မိမိ၏ကျေးဇူးကို ဆိုလိုရကား ဤဂါထာ တို့ကို ဆို၏။

၄၃။ မက္ခီ ကဠာသိ သာရမ္ဘီ၊ ဣဿုကီ မစ္ဆရီ သဌော။
ယော မယှံ ပုရိသော ကန္တော၊ လဒ္ဓံ ယဿ ဝိနဿတိ။

၄၄။ ကောဓနော ဥပနာဟီ စ၊ ပိသုဏော စ ဝိဘေဒကော။
ကဏ္ဍကဝါစော ဖရုသော၊ သော မေ ကန္တတရော တတော။

၄၅။ အဇ္ဇ သုဝေတိ ပုရိသော၊ သဒ္ဒတ္ထံ နာဝဗုဇ္ဈတိ။
ဩဝဇ္ဇမာနော ကုပ္ပတိ၊ သေယျံ သော အတိမညတိ။

၄၆။ ဒဝပ္ပလုဒ္ဓော ပုရိသော၊ သဗ္ဗမိတ္တေဟိ ဓံသတိ။
သော မယှံ ပုရိသော ကန္တော၊ တသ္မိံ ဟောမိ အနာမယာ။

ကျေးဇူးကိုချေဖျက်တတ်သော အပြိုင်ပြုတတ်သော ချုပ်ချယ်တတ်သော ငြူစူ၍ ဝန်တိုတတ်သော စဉ်းလဲတတ်သော ရသမျှစည်းစိမ်ကို ဖျက်ဆီး တတ်သော ထိုယောကျ်ားကို ငါသည် နှစ်သက်၏။

အမျက်ထွက်တတ်သော ရန်ငြိုးလည်းဖွဲ့တတ်သော ကုန်းတိုက်စကားကို ဆိုတတ်သော အဆွေခင်ပွန်းကိုလည်းဖျက်တတ်သော ကြမ်းတမ်းသောစကား ကိုဆိုတတ်သော ကြမ်းကြုတ်သောယောကျ်ားကို ငါသည် ထိုရှေးဆိုအပ်ပြီး သော ယောကျ်ားထက်ပို၍ ချစ်၏။

ယနေ့ပြုအပ်သောအမှု နက်ဖြန်ပြုအပ်သော အမှုဟူ၍ မိမိကိစ္စကို မသိသော ယောကျ်ားသည် ဆိုဆုံးမအပ်သည်ရှိသော် အမျက်ထွက်၏။ ထိုယောကျ်ား သည် မြတ်သောသူကို မထီမဲ့မြင် ပြုတတ်၏။

ကာမဂုဏ်တို့၌ မပြတ်မကျမောဘတ်သော ခပ်သိမ်းသော အဆွေခင်ပွန်းတို့မှ ယုတ်သောထိုယောကျ်ားကို ငါသည်ချစ်၏။ ထိုယောကျ်ားအပေါ်၌ ငါသည် စိုးရိမ်ခြင်းကင်း၏။

ထိုအခါ နတ်သမီးကို ကဲ့ရဲ့လိုသည်ဖြစ်၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏။

၄၇။ အပေဟိ ဧတ္တော တွံ ကာဠိ၊ နေတံ အမှေသု ဝိဇ္ဇတိ။
အညံ ဇနပဒံ ဂစ္ဆ၊ နိဂမေ ရာဇဓာနိယော။

ကာဠီအမည်ရှိသောနတ်သမီး သင်သည် ဤအရပ်မှ ဖဲလေလော ငါတို့၌ ဤကျေးဇူးချေခြင်း အစရှိသောအမှုသည်မရှိ။ သင်သည် နိဂုံး၌လည်းကောင်း, မင်းနေပြည်၌လည်းကောင်း တစ်ပါးသော ဇနပုဒ်သို့ သွားလေလော့။

ထိုစကားကိုကြား၍ ကာဠကဏ္ဏိနတ်သမီးသည် ရှက်နိုးသည်ဖြစ်၍ အခြားမဲ့သော ဤဂါထာကိုဆို၏။

၄၈။ အဟမ္ပိ ခေါ တံ ဇာနာမိ၊ နေတံ တုမှေသု ဝိဇ္ဇတိ။
သန္တိ လောကေ အလက္ခိကာ၊ သံဃရန္တိ ဗဟုံ ဓနံ။
အဟံ ဒေဝေါ စ မေ ဘာတာ၊ ဥဘော နံ ဝိဓမာမသေ။

သူဌေးကြီး ငါသည်လည်း သင့်မှာ ထိုကျေးဇူးကို ချေခြင်းစသော အမှုမရှိဟု သိ၏။ လောက၌သိ လ ပညာမရှိသော သူတို့သည် များစွာသော ဥစ္စာကို ပေါင်းစုကုန်၏။ ထိုဥစ္စာကို ငါသည်လည်းကောင်းငါ၏မောင် ဖြစ်သော ဒေဝအမည်ရှိသော နတ်သားသည်လည်းကောင်း ငါတို့မောင်နှမ နှစ်ယောက်တို့သည် ဖျက်ဆီးကုန်၏။

ဤသို့ဆို၍ ဖဲလေ၏။ ထိုကာဠကဏ္ဏိ နတ်သမီး ဖဲ့သောကာလ၌ သိရိနတ်သမီးသည် ရွှေသောအဆင်းရှိကုန်သော အဝတ် နံ့သာပျောင်းတို့ဖြင့် ရွှေသောအဆင်းရှိသော တန်ဆာဖြင့်လျှင် တန်ဆာဆင်လျက် သွား၍ ထွက်ဝင်ရာ တံခါး၌ ရွှေသောအရောင်ကို လွှတ်လျက် ညီညွတ်သော ခြေတို့ဖြင့် ညီညွတ်စွာ မြေ၌တည်၍ ရှိသေခြင်းနှင့်တကွ ရပ်၏။

ထိုသိရိနတ်သမီးကိုမြင်၍ ဘုရားလောင်းသည် ဤဂါထာကိုဆို၏။

၄၉။ ကာ နု ဒိဗ္ဗေန ဝဏ္ဏေန၊ ပထဗျာ သုပတိဋ္ဌိတာ။
ကာ ဝါ တွံ ကဿ ဝါ ဓီတာ၊ ကထံ ဇာနေမု တံ မယံ။

ရှင်မ သင်သည် နတ်အဆင်းသဏ္ဌာန်ဖြင့်မြေပေါ်၌နေ၏။ သင်၏အမည်ကား အဘယ်နည်း အဘယ်သူနည်း၊ အဘယ်သူ၏ သမီးဖြစ်သနည်း၊ ငါတို့သည် အဘယ်သို့ သင့်ကို သိနားလည်ရမည်နည်း။

ဘုရားလောင်း၏ စကားကိုကြား၍ သိရီနတ်သမီးသည် ဤဂါထာကိုဆို၏—

၅၀။ မဟာရာဇဿ ဟံ ဓီတာ၊ ဓတရဋ္ဌဿ သိရိမတော။
အဟံ သိရီ စ လက္ခီ စ၊ "ဘူရိပညာ"တိ မံ ဝိဒူ။
သြကာသံ ယာစိတော ဒေဟိ၊ ဝသေမု တဝ သန္တိကေ။

သူဌေးကြီး ငါသည် ပညာရှိသော ဓတရဋ္ဌမည်သော နတ်မင်း၏သမီးတည်း။ ငါ၏အမည်ကား သိရီဟုလည်းခေါ်၏။ လက္ခီဟုလည်းခေါ်၏။ ငါ့ကိုမြေကြီးနှင့်တူသော ကြီးသော ပညာရှိသော နတ်သမီးဟူ၍ သိကြကုန်၏။ သင်၏အထံ၌ နေလို၍ နေခွင့်တောင်းခံရသော သင်သည် ငါ့အား နေခွင့်ပေးလော။

နတ်သမီး၏စကားကိုကြား၍ ဘုရားလောင်းသည် ဤဂါထာကိုဆို၏ —

၅၁။ ကိံ သီလေ ကိံ သမာစာရေ၊ ပုရိသေ နိဝိသသေ တုဝံ။
ပုဋ္ဌာ မေ လက္ခိ အက္ခာဟိ၊ ကထံ ဇာနေမု တံ မယံ။

လက္ခီနတ်သမီး သင်သည် အဘယ်သို့သီလရှိသော အဘယ်သို့အကျင့်ရှိသော ယောကျ်ား၌ စိတ်နှလုံးသက်ဝင်၍ နေသနည်း၊ မေးအပ်သော သင်နတ်သမီးသည် ငါ့အားကြားဘိလော့။ ငါတို့သည် အသို့မူ၍လျှင် သင့်ကို သိရကုန်အံ့နည်း။

ဘုရားလောင်း၏ စကားကိုကြား၍ သိရီနတ်သမီးသည် ဤဂါထာကိုဆို၏

၅၂။ ယော စာပိ သီတေ အထဝါပိ ဥဏှေ၊ ဝါတာတပေ ဍံသသရီသပေ စ။
ခုဓံ ပိပါသံ အဘိဘုယျ သဗ္ဗံ၊ ရတ္တိန္ဒိဝံ ယော သတတံ နိယုတ္တော။

၅၃။ ကာလာဂတဉ္စ န ဟာပေတိ အတ္ထံ၊ သော မေ မနာပေါ နိဝိသေ စ တမှိ။
အက္ကောဓနော မိတ္တဝါ စာဂဝါ စ၊ သီလူပပန္နော အသဌော ဇုဇူ ဘူတော။

၅၄။ သင်္ဂါဟကော သခိလော သဏှဝါစော၊ မဟတ္တပတ္တောပိ နိဝါတဝုတ္တိ။
တသ္မိံ ဟံ ပေါသေ ဝိပုလာ ဘဝါမိ၊ ဦမိ သမုဒ္ဒဿ ယထာပိ ဝဏ္ဏံ။

၅၅။ ယောစာပိ မိတ္တေ အထဝါ အမိတ္တေ၊ သေဋ္ဌေ သရိက္ခေ အထဝါပိ ဟီနေ။
အတ္ထံ စရန္တံ အထဝါ အနတ္ထံ၊ အာဝီ ရဟော သင်္ဂဟမေဝ ဝတ္တေ။

၅၆။ ဝါစံ န ဝဇ္ဇာ ဖရုသံ ကဒါစိ၊ မတဿ ဇီဝဿ စ တဿ ဟောမိ။
ဧတေသံ ယော အညတရံ လဘိတွာ၊ ကန္တာသိရိံ မဇ္ဇတိ အပ္ပပညော။
တံ ဒိတ္တရူပံ ဝိသမံ စရန္တံ၊ ကရီသဌာနံဝ ဝိဝဇ္ဇယာမိ။

၅၇။ အတ္တနာ ကုရုတေ လက္ခိံ၊ အလက္ခိံ ကုရု, တတ္တနာ။
န ဟိ လက္ခိံ အလက္ခိံ ဝါ၊ အညော အညဿ ကာရကော။

ချမ်းသော်လည်းကောင်း၊ ပူသော်လည်းကောင်း၊ လေနေပူရှိသော်လည်းကောင်း၊ မှက် ခြင် မြွေ ကင်း သန်းရှိသော်လည်းကောင်း လုံ့လပြုတတ်သော အလုံးစုံသော ဆာငလာင်ငတ်မွတ်ခြင်းကို လွှမ်းမိုး၍ ညဉ့်နေ့ပတ်လုံး မပြတ် လုံ့လပြုတတ်သော ကာလ၌ အကျိုးကိုမယုတ်စေသော ထိုယောကျ်ားကို ငါသည် နှစ်သက်၏။ ထိုယောကျ်ား၌ ငါသည် စိတ်ဝင်စားမိသည်သာကတည်း။ အမျက်မထွက်တတ်သော အဆွေခင်ပွန်းကောင်းလည်းရှိသော စွန့်ကြဲခြင်းလည်း ရှိသော သီလနှင့်ပြည့်စုံသော မစဉ်းလဲသော ဖြောင့်မှန်သော ချီးမြှောက်ခြင်း ကို ပြုတတ်သော ပြေပြစ်သော သိမ်မွေ့သောစကားရှိသော ကြီးမြတ်သော အဖြစ်သို့ ရောက်သော်လည်း နှိမ့်ချတတ်သော ယောကျ်ားအပေါ်၌ သမုဒ္ဒရာ ၏ အဆင်းကို ကြည့်သည်ရှိသော် အဆင့်ဆင့်သော လှိုင်းတံပိုးသည်ထင်သကဲ့သို့ ထို့အတူ ငါသည် ထိုယောကျ်ား၌ ပီတိအဟုန်ဖြင့် ပြန့်ပြော၏

အကြင်ယောကျ်ားသည်လည်း အဆွေခင်ပွန်း၌လည်းကောင်း အဆွေခင်ပွန်း မဟုတ်သောသူ၌လည်းကောင်း မြတ်သောသူ၌လည်းကောင်း တူသောသူ၌ လည်းကောင်း ယုတ်သောသူ၌ လည်းကောင်း အကျိုးကိုကျင့်သော သူ၌ လည်းကောင်း ထိုမှတစ်ပါး အကျိုးမဲ့ကို ကျင့်သောသူ၌လည်းကောင်း မျက်မှောက်၌လည်းကောင်း မျက်ကွယ်၌ လည်းကောင်း ချီးမြှောက်ခြင်း ကိုသာလျှင် ကျင့်၏။

တစ်ရံတစ်ခါမျှ ကြမ်းသော စကားကိုမဆို သေသော်လည်းကောင်း အသက် ရှင်သော်လည်းကောင်း ထိုသူ၏အဆွေခင်ပွန်းသည်ဖြစ်၏။ ထိုသို့ဆိုအပ်ပြီးသော ယောကျ်ားတို့တွင် နှစ်သက်ဖွယ်သော အသရေကိုရ၍ တစ်ပါးမါးသော ဂုဏ်ကျေးဇူးကို ပြည့်စုံစေသော ထိုယောကျ်ား၏ အဆွေခင်ပွန်းသည်ဖြစ်၏။ နည်းသောပညာရှိသော ကြမ်းကြုတ်သော သဘောရှိသော မညီမညွတ်သော

အကျင့်ကို ကျင့်သော ထိုယောကျ်ားကို ငါသည် ကျင်ကြီးစွန့်ရာအရပ်ကို ကဲ့သို့ ရှောင်ကြဉ်၏။

သီလပညာကို မိမိသည်ပြု၏၊ သီလပညာမရှိခြင်းကို မိမိသည်ပြု၏။ မှန်၏၊ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ သီလပညာရှိခြင်းကိုလည်းကောင်း သီလပညာမရှိခြင်းကိုလည်းကောင်း မပြုနိုင်။

ဤသို့ဆိုသည်ရှိသော် ဘုရားလောင်းသည်လည်း သိရီနတ်သမီး၏ စကားကို နှစ်သက်၍ မသုံးဆောင်သေးသော ဤနေရာသည် သင်အားသာလျှင် လျောက်ပတ်၏။ နိသီဒိုင်ကို ထိုင်လော့ဟုဆို၏။ သိရီနတ်သမီးသည် ထိုအိပ်ရာ၌ နေ၍ မိုးသောက်သောကာလ၌ ထွက်၍ စတုမဟာရာဇ်နတ်ပြည်သို့ သွား၍ အနဝတတ်အိုင်၌ ရေးဦးစွာ ရေချိုးခြင်းကိုလည်း ရ၏။ အိပ်ရာသည် သိရီနတ်သမီးသည် သုံးဆောင်သည်၏ အဖြစ်ကြောင့် သိရီသယန မည်၏။ ဤအနွယ်သည် သိရိသယန၏ အနွယ်တည်း၊ ဤသို့သော အကြောင်းဖြင့် ယနေ့ထက်တိုင်အောင်လည်း သိရီသယနဟူ၍ ဆိုအပ်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မ ဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ သိရီနတ်သမီးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သုစိပရိဝါရ သူဌေးဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အကျင့်သိက္ခာ၊ ရှိသူသာ၊ သင့်ရာ မြတ်နေရာ။)

သုံးရာ ရှစ်ဆယ်နှစ်ခုမြောက်သော သိရီကာဠကဏ္ဏိဇာတ်သည် ပြီး၏။

---

## ၃၈၃-ကုက္ကုဋဇာတ်

မြှောက်တိုင်း မမြှောက်နှင့် ချော့တိုင်း မပျော့နှင့်

မိန်းမတို့ဖြားယောင်းခြင်းသို့ မလိုက်ပါသင့်ကြောင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သုစိတ္တပတ္တဆဒန"အစရှိသောဂါထာပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤ ကုက္ကုဋဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။ သဗ္ဗညု

မြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း အဘယ့်ကြောင့် ငြီးငွေ့သနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား တန်ဆာဆင်အပ်သော မိန်းမတစ်ယောက်ကို မြင်၍ ကိလေသာ၏အစွမ်းဖြင့် ငြီးငွေ့၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း မိန်းမတို့မည်သည် လှည့်ပတ်ဖြားယောင်း၍ မိမိအလိုသို့ ရောက်သော ကာလ၌ ပျက်ဆီးခြင်းသို့ ရောက်စေကုန်၏၊ လျှပ်ပေါ်သော ကြောင်မကဲ့သို့ ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကြက်အမျိုး၌ဖြစ်၍ များစွာသော ကြက်အပေါင်း ခြံရံလျက် တော၌နေ၏၊ အနီး၌ ဘစ်ခုသော ကြောင်မသည်လည်း နေ၏၊ ထို ကြောင်မသည် ဘုရားလောင်းကိုထား၍ ကြွင်းသော ကြက်တို့ကို ဥပါယ်ဖြင့် လှည့်ပတ်၍စား၏၊ ဘုရားလောင်းသည် ထိုကြောင်မ၏ လာခြင်းကို အလိုမရှိ၊ ထိုကြောင်မသည် ဤကြက်သည် အလွန်လျှင် လိမ္မာ၏၊ ငါ၏ ဥပါယ်၌ လိမ္မာသည်၏အဖြစ်ကို မသိ၊ ငါသည် ဤကြက်ကို သင်၏မယားဖြစ်အံ့ဟု ဖြားယောင်း၍ မိမိအလိုသို့ လိုက်သောကာလ၌ စားခြင်းငှါ သင့်၏ဟု ထိုကြောင်မသည် ဘုရားလောင်းနေသော သစ်ပင်ရင်းသို့သွား၍ ချီးမွမ်းခြင်း ရှေးရှိသောစကား ဖြင့် ဘုရားလောင်းကို တောင်းပန်လိုရကား ဤဂါထာကို ဆို၏—

၅၀။ သုစိတ္တ ပတ္တ ဆဒန၊ တမ္ဗ စူဠ ဝိဟင်္ဂမ။
ဩရောဟ ဒုမသာခါယ၊ မုဓာ ဘရိယာ ဘဝါမိ တေ။

အလွန်ဆန်းကြယ်သော အတောင်တို့ဖြင့် ဖုံးလွှမ်းအပ်သော နီသော ဦးစွန်း ရှိသော ငှက်၊ သစ်ခက်မှ ဆင်းခဲ့လော့။ သင်၏စေတနာ ဝန်ထမ်းအခမဲ့ မယား အဖြစ်ပြုလုပ်ပါအံ့။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ဤကြောင်မသည် ငါ၏ ခပ်သိမ်း ကုန်သော အဆွေအမျိုးတို့ကို စားအပ်ပြီ၊ ယခုအခါ ငါ့ကို ဖြားယောင်း၍ စားလို၏၊ ထိုကြောင်မကို လွှတ်လိုက်အံ့ဟုကြံ၍ ဤဂါထာကို ဆို၏—

၅၉။ စတုပ္ပဒီ တွံ ကလျာဏိ၊ ဒွိပဒါဟံ မနောရမေ။
မိဂီ ပက္ခီ အသညုတ္တာ၊ အညံ ပရိယေသ သာမိကံ။

ကောင်းသော စိတ်နှလုံးကို မွေ့လျော်တတ်သော ကြောင်မ သင်သည် အခြေလေးချောင်းရှိ၏၊ ငါသည် အခြေနှစ်ချောင်းရှိ၏၊ သင်သည် ငှက်တို့နှင့် လင်မယားဖြစ်ခြင်းငှါ မလျော်၊ တစ်ပါးသောလင်ကို ရှာလေလော့။

ထိုစကားကိုကြား၍ ထိုကြောင်မသည် ဤကြက်သည် အလွန် လိမ္မာ၏။ တစ်စုံတစ်ခုသောအကြောင်းဖြင့် လှည့်ပတ်၍ စားအံ့ဟုကြံ၍ ဤဂါထာကိုဆို၏–

၆၀။ ကောမာရိကာ တေ ဟောဿာမိ၊ မဉ္ဇုကာ ပိယဘာဏိနီ။
ဝိန္ဒ မံ အရိယေန ဝေဒေန၊ သာဝယ မံ ယဒိစ္ဆသိ။

ကြက် ငါသည် သင်၏သူငယ်မ စင်စစ် အပျိုကညာငင်ဖြစ်သော၊ သာယာသော အသံရှိသော၊ ချစ်ဖွယ်သော စကားကို ဆိုတတ်သော မယားအဖြစ် ပြုလုပ်ပါမည်၊ သင်သည် အပြစ်ကင်းသော ရခြင်းဖြင့် ငါ့ကို ရယူပါလော့၊ ကျွန်မ အဖြစ် အသုံးပြုလိုပါကလည်း အများသိအောင် ကြေညာနိုင်ပါသည်။

ထိုနောင်မှ ဘုရားလောင်းသည် ကြောင်မကို ခြိမ်းခြောက်၍ ပြေးစိမ့်သောငှါ သင့်၏ဟု ကြံ၍ ဤဂါထာကို ဆို၏—

၆၁။ ကုဏပါဒိနိ လောဟိတပေ၊ စောရိ ကုက္ကုဋပေါထိနိ။
န တွံ အရိယေန ဝေဒေန၊ မမံ ဘတ္တာရမိစ္ဆသိ။

အကောင်ပုပ် အစရှိသည်တို့ကို စားလေ့ရှိသော သွေးကို သောက်တတ်သော ကြက်တို့ကို သတ်တတ်သော ခိုးသူမ သင်သည် အပြစ်ကင်းသော ရခြင်းဖြင့် ငါ့ကို မိမိလင်အဖြစ် မပြုလုပ်လိုလင့်။

ထိုကြောင်မသည် ပြေး၍လျင် သွား၏၊ တစ်ဖန်ပြန်၍ ကြည့်အံ့သောငှါ မဝံ့။ ဤအတိတ်ကို ဆောင်တော်မူ၍ သဗ္ဗညုမြတ်စွာဘုရားသည် ဤဂါထာတို့ကို ဟောတော်မူ၏–

၆၂။ ဧဝမ္ပိ စတုရာ နာရီ၊ ဒိသွာန သဓနံ နရံ။
နေန္တိ သဏှာဟိ ဝါစာဟိ၊ ဗိဠာရီ ဝိယ ကုက္ကုဋံ။

၆၃။ ယော စ ဥပ္ပတိတံ အတ္ထံ၊ န ခိပ္ပံ မနုဗုဇ္ဈတိ။
အမိတ္တ ဝသ မန္ဝေတိ၊ ပစ္ဆာ စ အနုတပ္ပတိ။

၆၄။ ယော စ ဥပ္ပတိတံ အတ္ထံ၊ ခိပ္ပမေဝ နိဗောဓတိ။
မုစ္စတေ သတ္တုသမ္ဗာဓာ၊ ကုက္ကုဋောဝ ဗိဠာရိယာ။

ကြက်ကို ဆွဲဆောင်သော ကြောင်မကဲ့သို့ အတူလျှင် တင့်တယ်ခြင်းနှင့် ပြည့်စုံကုန်သော မိန်းမတို့သည် ဥစ္စာပေါများသော ယောကျ်ားကိုမြင်သော အခါ သိမ်မွေ့နူးညံ့ကုန်သော စကားတို့ဖြင့် ဆွဲဆောင်ကုန်၏။

နောက်ဖြစ်ပေါ်လာမည့် အကျိုးကို လျင်စွာမသိသော သူသည် ရန်သူ့ လက်တွင်း သက်ဆင်းရ၏၊ နောင်အခါ ပူပန်ရတတ်၏။

နောက်ဖြစ်ပေါ်လာမည့် အကျိုးကို လျင်စွာ ကြိုသိသောသူသည် ကြောင်မ ၏ လှည့်ကွက်မှ လွတ်သော ကြက်မင်းကဲ့သို့ ရန်သူတို့သည် ပြုလုပ်အပ်သော အချုပ်အချယ် ကျဉ်းမြောင်းခြင်းမှ လွတ်ရ၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကြက်မင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဖြားယောင်းစကား၊ လိုက်မမှား၊ စဉ်းစားပြုသင့်ပါ။)

သုံးရာရှစ်ဆယ့်သုံးခုမြောက်သော ကုက္ကုဋဇာတ်သည် ပြီး၏။

---

## ၃၀၄-ဓမ္မဓဇဇာတ်

လောကိုသာ စားသော သူတော်ယောင်ကျီး

ပါးစပ်က ဘုရား ဘုရား လက်က ကားရား ကားရား

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် ဓမ္မံ စရထ ဉာတယော အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ် သော ဤဓမ္မဓဇဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်

အံ့ဖွယ်သရဲဖြစ်စေတတ်သော ရဟန်းကိုအကြောင်းပြု၍ ဟောတော်မူ၏။ ထိုအခါ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့၊ ဤရဟန်းသည် ယခုအခါ၌သာလျှင် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သည်မဟုတ်သေး၊ ရှေး၌လည်း အံ့ဖွယ်သရဲကို ဖြစ်စေသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ငှက်အမျိုး၌ဖြစ်၍ အရွယ်ရောက်သည် ရှိသော် ငှက်အပေါင်းတို့ဖြင့် ခြံရံလျက် သမုဒ္ဒရာ၏အလယ် ကျွန်းငယ်၌နေ၏။ ထိုအခါ ကာသိတိုင်း၌နေကုန်သော ကုန်သည်တို့သည် ဒိသာကာကကျီးကိုယူ၍ လှေဖြင့် သမုဒ္ဒရာသို့ သွားကုန်၏၊ သမုဒ္ဒရာအလယ်၌ လှေပျက်သည်ရှိသော် ဒိသာကာက ကျီးသည် ထိုကျွန်းငယ်၌ရောက်၍ ဤငှက်အပေါင်းသည် များ၏၊ ငါသည် အံ့ဖွယ်သရဲသောအမှုကိုပြု၍ ထိုငှက်တို့၏ အဥတို့ကိုလည်းကောင်း သားငယ်တို့ကိုလည်းကောင်း စားခြင်းငှါ သင့်၏ဟုကြံ၏။ ကြံပြီး၍ ထိုကျီးသည် သက်၍ ငှက်အပေါင်း၏အလယ်၌ ခံတွင်းကိုဖွင့်၍ ခြေတစ်ဘက်ဖြင့်သာ မြေ၌ ရပ်၏။ အရှင် အရှင်သည် အဘယ်အမည်ရှိသနည်းဟု ငှက်တို့သည် မေးအပ်သည်ရှိသော် ငါသည် ဓမ္မိကမည်၏ဟု ဆို၏။ အဘယ်ကြောင့် ခြေတစ်ဘက်ဖြင့်သာ ရပ်သနည်းဟု မေး၏။ ငါသည် နှစ်ခုမြောက်သော ခြေတို့ကို ချသည်ရှိသော် မြေသည် ဆောင်အံ့သောငှါ မတတ်နိုင်ကုန်လတ္တံ့ဟု ဆို၏၊ အဘယ့်ကြောင့် ခံတွင်းကိုဖွင့်၍ ရပ်သနည်းဟု မေး၏၊ ငါသည် တစ်ပါးသောအစာကို မစား၊ လေကိုသာလျှင် စား၏ဟုဆို၏၊ ဤသို့ဆိုပြီး၍ကား ထိုငှက်တို့ကိုခေါ်၍ သင်တို့အား အဆုံးအမကိုပေးအံ့၊ ထိုအဆုံးအမကို နားထောင်ကြကုန်လော့ဟု အဆုံးအမကို ပေးသည်၏ အစွမ်းအားဖြင့် ဤဂါထာကို ဆို၏—

၆၅။ ဓမ္မံ စရထ ဉာတယော၊ ဓမ္မံ စရထ ဘဒ္ဒံ ဝေါ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

အဆွေအမျိုးဖြစ်ကုန်သော ငှက်တို့၊ သင်တို့သည် ကာယသုစရိုက် အစရှိသော တရားကို ကျင့်ကြကုန်လော၊ ကာယသုစရိုက် အစရှိသော တရားကို အဖန်တလဲလဲ ကျင့်ကြကုန်လော၊ သင်တို့အား ကောင်းကျိုးရလိမ့်မည်၊ တရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း, နောက်ဘဝ၌လည်းကောင်း ချမ်းသာစွာ အိပ်ရ၏။

ငှက်တို့သည် ဤကျီးသည် အံ့ဖွယ်သရဲပြုသဖြင့် အဥတို့ကို စားအံ့သောငှါ ဤသို့ဆို၏ဟု မသိ၍ ထိုကျီးကို ချီးမွမ်းကြကုန်သည်ဖြစ်၍ ဤဂါထာကို ဆို၏–

၆၆။ ဘဒ္ဒကော ဝတ ယံပက္ခီ၊ ဒိဇော ပရမဓမ္မိကော။
ဧကပါဒေန တိဋ္ဌန္တော၊ ဓမ္မမေဝါ နုသာသတိ။

နှစ်ကြိုမ်ဖြစ်သော ဤကျီးသည် ကောင်းစွတကား၊ မြတ်သောအကျင့် သဘောရှိစွတကား၊ ခြေတစ်ဘက်ဖြင့်ရပ်လျက် တရားကိုသာလျှင် ပြောဆိုဆုံးမပေ၏။

ငှက်တို့သည် သီလမရှိသော ထိုကျီးအား ယုံကြည်၍ ထိုကျီးကို အရှင် အရှင်သည် ငါးစိမ်းပါးသောအစာကို မယူသတတ်၊ လေကိုသာလျှင် စားသတတ်၊ ထို့ကြောင့် ငါတို့၏အဥကိုလည်းကောင်း, သားငယ်တို့ကိုလည်းကောင်း ကြည့်ရစ်လောဟုဆို၍ အစာရှာသွားကုန်၏။ ယုတ်မာသောကျီးသည် ငှက်တို့သွားသောကာလ၌ အဥတို့ကိုလည်းကောင်း, သားငယ်တို့ကိုလည်းကောင်း ဝမ်းပြည့်အောင်စား၍ ထိုငှက်တို့ လာသောကာလ၌ ငြိမ်သက်သည်ဖြစ်၍ ခံတွင်းကိုဖွင့်၍ ခြေတစ်ဘက်ဖြင့်ရပ်၏၊ ငှက်တို့သည် လာကုန်၍ သားငယ်တို့ကို မမြင်ကုန်လတ်သော် အဘယ်သူစားသနည်းဟု ကျယ်စွာသောအသံဖြင့် မြည်ကုန်၏၊ ဤကျီးသည် တရားစောင့်၏ဟု တွေးတောခြင်းကိုမျှလည်း မပြုကုန်၊ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် ဤအရပ်ဝယ်ရှေး၌ ငါးစိမ်းတစ်ခုသော ဘေးရန်သည်မရှိ၊ ဤကျီး၏ လာသော ကာလမှစ၍ ဖြစ်၏၊ ထိုကျီးကို စုံစမ်းခြင်းငှါ သင့်၏ဟု ကြံ၏၊ ကြံပြီး၍ ဘုရားလောင်းသည် ငှက်တို့နှင့် အတူ အစာရှာအံ့သောငှါ သွားသကဲ့သို့ပြု၍ ပြန်၍ ပုံးကွယ်ရာ အရပ်၌ တည်၏၊ ကျီးသည်လည်း ငှက်တို့ကို ရှိရှာခြင်း ကင်းသည်ဖြစ်၍ အဥတို့ ကိုလည်းကောင်း, သားငယ်တို့ကိုလည်းကောင်း စား၍ တစ်ဖန်သွား၍ ခံတွင်းဝကိုဖွင့်၍ ခြေတစ်ဘက်ဖြင့် ရပ်၏။ ငှက်မင်းသည် ငှက်တို့လာကုန်လတ်သော် ခပ်သိမ်းကုန်သော ငှက်တို့ကို စည်းဝေးစေ၍ ငါသည် သင်တို့သားငယ်တို့၏ ရန်သူကို စုံစမ်းသည်ရှိသော် ဤယုတ်မာသောကျီးသည် စားသည်ကို မြင်၏၊ ထိုကျီးကို ဖမ်းကြကုန်လော့ဟု ငှက်အပေါင်းတို့ကိုခေါ်၍ ထိုကျီးကိုခြံရံစေ၍ အကယ်၍ ပြေးအံ့၊ ထိုကျီးကိုဖမ်းကြကုန်ဟုဆို၍ ဤဂါထာတို့ကို ဆို၏–

၆၇။ နာဿ သီလံ ဝိဇာနာထ၊ အနညာယ ပသံသထ။
ဘုတွာ အဏ္ဍဉ္စ ပေါတဉ္စ၊ ဓမ္မော ဓမ္မောတိ ဘာသတိ။

၆၈။ အညံ ဘဏတိ ဝါစာယ၊ အညံ ကာယေန ကုဗ္ဗတိ။
ဝါစာယ နော စ ကာယေန၊ န တံ ဓမ္မံ အဓိဋ္ဌိတော။

၆၉။ ဝါစာယသခိလော မနော ဝိဒုင်္ဂေါ၊ ဆန္နော ကူပသယော ဝကကာသပ္ပေါ။
ဓမ္မဓဇော ဂါမနိဂမာသု သာဓု၊ ဒုဇ္ဇာနော ပုရိသော ဗာလိသေန။

၇၀။ ဣမံ တုဏ္ဍေဟိ ပက္ခေဟိ၊ ပါဒါ စိမံ ဝိဟေဌထ။
ဆဝဥ္ဍိ မံ ဝိနာသေထ၊ နာယံ သံဝါသ နာရဟော။

၆၇။ အိုငှက်တို့၊ သင်တို့သည် ထိုကျီး၏သီလကို မသိကြကုန်သည်ဖြစ်၍ ချီးမွမ်းကြကုန်၏။ အဥကိုလည်းကောင်း၊ သားငယ်ကိုလည်းကောင်း စား၍ တရား တရားဟူ၍ ဆို၏။

၆၈။ နှုတ်ဖြင့် တစ်ပါးကို ဆို၏၊ ကိုယ်ဖြင့် တစ်ပါးကို ပြု၏၊ နှုတ်ဖြင့်သာ တရားကိုကျင့်၏၊ ကိုယ်ဖြင့်ကား မကျင့်၊ ထိုတရား၌ မတည်။

၆၉။ စကားဖြင့် ပြေပြစ်၏။ စိတ်ဖြင့် ဝင်နိုင်ခက်၏၊ ဖုံးလွှမ်းအပ်သော တွင်း၌တည်သော မြွေဟောက်ကဲ့သို့ ဓမ္မဓဇကျီးသည် ရွာနိဂုံး အစရှိသည်တို့၌ သူတော်ကောင်းဟူ၍ ထင်ရှားဖြစ်၏။ ယုတ်မာသော ဤငှက်ကို မိုက်သော ယောကျ်ားသည် သိနိုင်ခဲ၏။

၇၀။ ဤကျီးကို နှုတ်သီးဖြင့်လည်းကောင်း၊အတောင်တို့ဖြင့်လည်းကောင်း၊ မိမိတို့ ခြေဖြင့်လည်းကောင်း ညှဉ်းဆဲကြကုန်လော့။ ဤ ယုတ်မာသောကျီးကို ဖျက်ဆီးကြကုန်လော့၊ ဤကျီးသည် ငါတို့နှင့်အတူတကွနေခြင်းကို မထိုက်။
ဤသို့ဆို၍လည်း ငှက်မင်းသည် မိမိသည်လျှင် ခုန်၍ ထိုကျီး၏ဦးခေါင်းကို နှုတ်သီးဖြင့် ထိုး၏။ ကြွင်းကုန်သော ငှက်တို့သည် နှုတ်သီး ခြေ အတောင်တို့ဖြင့် ခပ်ကုန်၏၊ ထိုကျီးသည် ထိုအရပ်၌လျှင် အသက်ကုန်ခြင်းသို့ ရောက်၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အံ့ဖွယ်သရဲကို ဖြစ်စေသောရဟန်းသည် ထိုအခါ ကျီးဖြစ်ပြီ၊ ယခုအခါ ငါဘုရား သည်လျှင် ထိုအခါ ငှက်မင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(နှုတ်ကတစ်မျိုး၊ ကိုယ်မရိုး၊ သူခိုးဉာဏ်မာယာ။)

သုံးရာရှစ်ဆယ့်လေးခုမြောက်သော ဓမ္မဓဇဇာတ်သည် ပြီး၏။

## ၃၇၅-နန္ဒိယမိဂဇာတ်

### မိဘကို အသက်နှင့်လဲ၍ လုပ်ကျွေးခြင်း အကြောင်း

### မိဘရိုသေ အသက်ရှည်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် သစေ ဗြာဟ္မဏ ဂစ္ဆသိ–အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤနန္ဒိယမိဂဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမိကို လုပ်ကျွေးသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်း သင်သည် လူတို့ကို လုပ်ကျွေးသတတ်ဟူသည် မှန်သလောဟု မေးတော်မူလတ်၍ အရှင်ဘုရား မှန်ပေ၏ဟု လျှောက်သည်ရှိသော် သင်သည် အဘယ်သူတို့ကို လုပ်ကျွေးသနည်းဟုမေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးသော အရှင်ဘုရား အမိအဘတို့ကို လုပ်ကျွေးပါ၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်း “ကောင်းစွ, ကောင်းစွ” ရှေးပညာရှိတို့၏အနွယ်ကို စောင့်ပေ၏၊ ရှေးပညာရှိတို့သည် တိရစ္ဆာန် အမျိုး၌ဖြစ်၍လည်း မိဘတို့အား အသက်ကိုပေးဖူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကောသလတိုင်း သာကေတမြို့၌ ကောသလမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သမင်မျိုး၌ဖြစ်၏၊ အရွယ်သို့ရောက်လတ်သော် နန္ဒိယမိဂဟူသော အမည်ရှိသည် ဖြစ်၍ သီလအကျင့်နှင့်ပြည့်စုံသည်ဖြစ်၍မိဘတို့ကို ကျွေးမွေး၏၊ ထိုအခါ ကောသလမင်းသည် သမင်ကို နှစ်သက်တတ်၏။ လူတို့အား လယ်လုပ်ခြင်းအမှု အစရှိသည်တို့ကို ပြုစိမ့်သောငှါ မပေးမူ၍ များစွာသော အခြံအရံ ရှိသည်ဖြစ်၍ နေ့တိုင်း သမင်သတ်အံ့သောငှါ သွား၏။ လူတို့သည် စည်းဝေးကုန်၍ အရှင်တို့ ဤမင်းသည် ငါတို့အား အမှုပြုတ်ခြင်းကို ပြု၏။ အိမ်၌ အမှုသည် ပျက်စီး၏၊ ငါတို့သည် ဖောက်ကြွံတော ဥယျာဉ်ကို ခြံရံ၍ တံခါးကိုယှဉ်၍ ရေကန်တူး၍ မြက်တို့ကို ရောက်စေ၍ လှံတံ ဆောက်ပုတ် အစရှိသည်ကို လက်စွဲကုန်လျက် တောသို့ဝင်၍ ချုံတို့ကို ခတ်ကုန်၍ သမင်တို့ကိုထုတ်ကုန်၍ နွားတို့ကို ခြံသို့သွင်းကုန်သကဲ့သို့ ဥယျာဉ်သို့သွင်း၍ တံခါးကိုပိတ်၍ မင်းအားကြား၍ မိမိတို့အမှုကို အကယ်၍ ပြုရကုန်ငြားအံ့၊ ကောင်း၏ဟု တိုင်ပင်ကုန်၏၊ ထို့အခါ ထိုအကြောင်း

ကို သိ၍ ခပ်သိမ်းကုန်သော လူတို့သည် အလိုတူကြကုန်၍ ဥယျာဉ်ကို စီရင်၍ တောသို့ဝင်၍ တစ်ယူဇနာအတိုင်း အရှည်ရှိသော အရပ်ကို ခြံရံကုန်၏၊ ထို ခဏ၌ နန္ဒိယသမင်သည် တစ်ခုသောချုံ၌ မိဘတို့ကိုယူ၍ မြေ၌ဝပ်၏၊ လူတို့ သည် အထူးထူးသော ကာလက်နက် စွဲကိုင်ကုန်လျက် မျှားစွာနှိပ်စက်ကုန်၍ ချုံတို့ကိုရိုက်ကုန်၏၊ ထိုအခါ အချို့ကုန်သောသူတို့သည် သမင်ကိုလျှင် ကြည့် ကုန်လျက် ထိုချုံသို့ဝင်ကုန်၏။

နန္ဒိယသမင်မင်းသည် လူတို့ကိုမြင်၍ ယနေ့သည် အသက်ကိုစွန့်၍ မိဘတို့ အား အသက်ကိုပေးအံ့သောငှါ သင့်၏ဟုကြံ၍ ထ၍ အမိအဘတို့ကို ရှိခိုး လျက် မိခင် ဖခင်တို့ လူတို့သည် ဤချုံသို့ဝင်၍ သုံးခုကုန်သော ငါတို့ကိုသတ် ကုန်လတ္တံ့၊ သင်တို့သည် တစ်ခုသောအကြောင်းဖြင့် အသက်ရှင်ခြင်းသည် မြတ်၏။ ငါသည် သင်တို့အား အသက်အလှူကို လှူ၍ လူတို့သည် ချုံစွန်း၌ ရပ်၍ ဤချုံတို့၌ ခတ်ကုန်သည်ရှိသော် ထွက်အံ့၊ ထိုအခါ လူတို့သည် ဤချုံငယ်၌ သမင်တစ်ကောင်သည်သာလျှင် ဖြစ်လတ္တံ့ဟု အောက်မေ့ကုန်၍ ချုံသို့ မဝင်ကုန် လတ္တံ့၊ သင်တို့သည် မမေ့မလျော့ ဖြစ်ကြကုန်လော့ဟု မိဘတို့ကို ကန်တော့၍ သွားအံ့သောငှါ အစီအရင်ရှိလျက် ရပ်၏။ ထိုနန္ဒိယသမင်သည် လူတို့သည် ချုံ စွန်း၌ရပ်၍ ပွဲတင်ထင်စေ၍ ချုံတို့ကို ခတ်ခါမျှ၌လျှင် ချုံမှထွက်၏။ လူတို့သည် ဤချုံ၌ သမင်တစ်ကောင်သည် ဖြစ်လတ္တံ့ဟု ချုံသို့မဝင်ကုန်၊ ထိုအခါ နန္ဒိယ သမင်သည်သွား၍ သမင်တို့၏အတွင်းသို့ ဝင်၏။ လူတို့သည် ခြံရံ၍ ခပ်သိမ်းသော သမင်တို့ကို ဥယျာဉ်သို့သွင်း၍ တံခါးကိုပိတ်၍ မင်းအားကြား၍ မိမိနေရာတို့ သို့ သွားကုန်၏။

ထိုအခါမှစ၍ မင်းသည် ကိုယ်တိုင်မူလည်းသွား၍ တစ်ကောင်သော သမင်ကို ပစ်၍ယူ၍သွား၏၊ စေ၍မူလည်း ယူစေ၏၊ သမင်တို့သည် အလှည့်ကို ထားကုန်၏။ အလှည့်ရောက်သောသမင်သည် တင့်အပ်လျောက်ပတ်သော အရပ်၌ နေ၏၊ ထို သမင်ကို ပစ်၍ယူ၏၊ နန္ဒိယသမင်သည် ရေကန်၌ ရေကိုသောက်၏၊ မြက်တို့ကို စား၏၊ ထိုနန္ဒိယသမင်သည် အလှည့်မရောက်သေး၊ လိုအခါ မျှားစွာကုန်သော နေ့တို့သည် လွန်သဖြင့် ထိုနန္ဒိယသမင်မင်း၏ မိဘတို့သည် ထိုနန္ဒိယ သမင်မင်းကို မြင်လိုကုန်သည်ဖြစ်၍ ငါတို့၏သားဖြစ်သော ဆင်ပြောင်အားနှင့်တူသော အားရှိ သော အစွမ်းနှင့်ပြည့်စုံသော နန္ဒိယသမင်သည် အကယ်၍ အသက်ရှင်သည် ဖြစ်အံ့၊ စောင်းရန်းကိုခုန်၍ ငါတို့အား ဖူးမြင်အံ့သောငှါ မချွတ်လာလတ္တံ့၊ ထို နန္ဒိယသမင်အား သတင်းစကားကို စေကုန်အံ့ဟုကြံ၍ ခရီး၏အနီး၌ရပ်၍ ပုဏ္ဏား တစ်ယောက်ကိုမြင်၍ အရှင် အဘယ်သို့သွားအံ့နည်းဟု လူတို့၏ စကားဖြင့် မေး၍ သာကေတမြို့သို့ သွားအံ့ဟု ဆိုသည်ရှိသော် သားအား သတင်းစကား ကို မှာလိုသည်ဖြစ်၍ ဤဂါထာကိုဆို၏—

၇၁။ သစေ ဗြာဟ္မဏ ဂစ္ဆေသိ၊ သာကေတေ အဉ္ဇနံ ဝနံ။
ဝဇ္ဇာသိ နန္ဒိယံ နာမ၊ ပုတ္တံ အသ္မာက မောရသံ။
မာတာ ပိတာ စ တေ ဝုဒ္ဓါ၊ တေ တံ ဣစ္ဆန္တိ ပဿိတုံ။

ပုဏ္ဏား၊ သင်သည် သာကေတမြို့သို့ အကယ်၍ သွားသည်ဖြစ်အံ့။ သာကေတမြို့၌ရှိသော ဖောက်ကြံ့တောဥယျာဉ်၌ ငါတို့၏ရင်၌ဖြစ်သော နန္ဒိယမည်သော သားကို သင်၏ မိဘတို့သည်လည်း ကြီးကုန်ပြီ။ ထိုမိဘတို့သည် သင့်ကို မြင်ခြင်းငှာ အလိုရှိကုန်၏ဟု ပြောပေးပါ။

ထိုပုဏ္ဏားသည် ကောင်းပြီဟု ဝန်ခံ၍ သာကေတမြို့သို့ ရောက်၍ နက်ဖြန်နေ့၌ ဥယျာဉ်သို့ ဝင်၍ နန္ဒိယမည်သော သမင်သည် အဘယ်သမင်နည်းဟု မေး၏၊ နန္ဒိယသမင်သည် ထိုပုဏ္ဏား၏ အနီး၌ ရပ်၍ ငါတည်းဟု ဆို၏၊ ပုဏ္ဏားသည် ထိုအကြောင်းကို ကြား၏၊ နန္ဒိယ သမင်သည် ထိုစကားကို ကြား၍ ပုဏ္ဏား ငါသည် စောင်းရန်းကို ခုန်၍ မသွားနိုင်သည် မဟုတ်၊ သွားနိုင်သည် သာလျှင်တည်း၊ ငါသည်ကား မင်း၏ ဥစ္စာဖြစ်သော ရိက္ခာ အစာ ရေစာကို စား၏၊ ထိုအခါ ငါ့အား မြီအရာ၌ တည်၏၊ ဤသမင်အပေါင်းတို့၏ အလယ်၌ ကြာမြင့်စွာ နေသည် ဖြစ်၏၊ မင်း၏ လည်းကောင်း, ထိုသမင်တို့၏ လည်းကောင်း ချမ်းသာသော အဖြစ်ကို မပြုမူ၍ မိမိအစွမ်းကို ပြ၍ သွားခြင်းမည်သည် ငါ့အား မသင့်၊ မိမိလည်း အလှည့်ရောက်သည် ရှိသော်ကား ငါသည် ထိုသမင်တို့အား ချမ်းသာသောအဖြစ်ကို ပြု၍ ချမ်းသာစွာ လာရအံ့ဟု ဆို၏။

ထိုအကြောင်းကို ပြလိုသည် ဖြစ်ရကား ဤဂါထာကို ဆို၏—

၇၂။ ဘုတ္တာ မယာ နိဝါပါနိ၊ ရာဇိနော ပါနဘောဇနံ။
တံ ရာဇပိဏ္ဍံ အဝဘောတ္တုံ၊ နာဟံ ဗြာဟ္မဏ မုဿဟေ။

၇၃။ ဩဒဟိဿာမ ဟံ ပဿံ၊ ခုရပ္ပါနိဿ ရာဇိနော။
တဒါ ဟံ သုခိတော မုတ္တော၊ အပိ ပဿေယျ မာတရံ။

ပုဏ္ဏား ငါသည် မင်း၏ ရိက္ခာတို့ကို စားအပ်ကုန်၏။ ရေမြက်အစာကို စားအပ်၏၊ မင်းသည် စုအပ်သော ထိုအစာကို မကောင်းသဖြင့် စားခြင်းကို ပြုခြင်းငှာ မဝံ့။

ပုဏ္ဏား ထိုမင်း၏ စဉ်းသွားတို့ကို ငါသည် လက်ယာနံပါးဖြင့် ခံအံ့သော ထိုအခါ၌ ငါသည် ချမ်းသာသည်ဖြစ်၍ သေဘေးမှ လွတ်လျက် အမိကို ဖူးမြင်ရအံ့လည်း မသိ။

ထိုစကားကို ကြား၍ ပုဏ္ဏားသည် သွား၏၊ နောက်အဖို့၌ ထို နန္ဒိယသမင်မင်း၏ အလှည့် ရောက်သောနေ့၌ မင်းသည် များစွာသော အခြံအရံဖြင့် ဥယျာဉ်သို့ လာ၏၊ ဘုရားလောင်းသည် တင့်အပ်သော နေရာ၌ နေ၏၊ မင်းသည် သမင်ကို ပစ်အံ့ဟု စဉ်းသွားကို ဖွဲ၏၊ ဘုရားလောင်းသည် တစ်ပါးကုန်သော သမင်တို့သည် သေဘေးဖြင့် ကြောက်၍ ပြေးကုန်သကဲ့သို့ မပြေးမူ၍ ကြောက်ခြင်းမရှိသည် ဖြစ်၍ မေတ္တာကို ရှေ့ထားသည်ကို ပြု၍ လက်ယာနံပါးပြင့် ခံ၍ မတုန်မလှုပ် လျက်လျှင် နေ၏၊ မင်းသည် ထိုသမင်မင်း၏ မေတ္တာ အာနုဘော်ကြောင့် မြားကို လွှတ်အံ့သောငှါ မတတ်နိုင်၊ ဘုရားလောင်းသည် မြတ်သောမင်းကြီး မြားကို အဘယ်ကြောင့် မလွှတ်သနည်း၊ လွှတ်လော့ဟု ဆို၏၊ သမင်မင်း ငါသည် မြားကို လွှတ်အံ့သောငှါ မတတ်နိုင်ဟု ဆို၏။ မြတ်သောမင်းကြီး ထိုသို့ တပြီးကား ဂုဏ်ရှိကုန်သော သူတို့၏ ကျေးဇူးကို သိလော့ဟု ဆို၏၊ ထိုအခါ မင်းသည် ဘုရားလောင်း၌ ကြည်ညို၍ လေးကို စွန့်၍ စိတ်မရှိသော ဤမြားသည်လျက် ရှေးဦးစွာ သင်၏ ကျေးဇူးကို သိ၏။ ငါသည် စိတ်ရှိသောလူ ဖြစ်လျက်လည်း သင်၏ ကျေးဇူးကိုမသိ၊ သမင်မင်း ငါ့အား သည်းခံပါလော၊ သင့်အား ဘေးမဲ့ကို ပေး၏ဟု ဆို၏၊ မြတ်သော မင်းကြီး ငါ့အား ရှေးဦးစွာ ဘေးမဲ့ပေး၏၊ ဥယျာဉ်၌ သမင်အပေါင်းတို့ကိုကား အသို့ ပြုလတ္တံ့နည်းဟု ဆို၏၊ ထိုသမင်အပေါင်းတို့အားလည်း ဘေးမဲ့ကို ပေး၏ဟု ဆို၏၊ ဤသို့ ဘုရားလောင်းသည် နိဂြောဓဇာတ်၌ ဆိုအပ်ပြီးသော နည်းဖြင့် ခပ်သိမ်းကုန်သော တော၌နေကုန်သော သားအပေါင်းတို့အား လည်းကောင်း၊ ကောင်းကင်၌ သွားကုန်သော ငှက်အပေါင်းတို့အား လည်းကောင်း၊ ရေ၌ နေကုန်သော ငါးအပေါင်းတို့အား လည်းကောင်း ဘေးမဲ့ကို ပေးစေ၍ မင်းကို ပဉ္စသီလ၌ တည်စေ၍ မြတ်သောမင်းကြီး မင်းမည်သည် အဂတိသို့ လိုက်ခြင်းကို ပယ်၍ ဆယ်ပါးသော မင်းကျင့်တရားနှင့် ညီစွာ မင်းပြုခြင်းငှါ သင့်၏ဟု ဆိုလို၍—

ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိဉ္စ အဝိရောဓနံ။
ဣစ္စေတေ ကုသလေ ဓမ္မေ၊ ဌိတေ ပဿာမိ အတ္တနိ။
တတော မေ ဇာယတေ ပီတိ၊ သောမနဿဉ္စ နပ္ပကံ။

ဤသို့ ဟောအပ်ကုန်သော မင်းကျင့်တရား ဆယ်ပါးတို့ကို သမင်မင်းသည် ဂါထာဖွဲ့သဖြင့်သာလျှင်ပြ၍ နှစ်ရက် သုံးရက် မင်း၏အထံ၌နေ၍ မြို့၌ခပ်သိမ်းကုန်သော သတ္တဝါတို့အား ဘေးမဲ့ပေးခြင်းကို ပြုအံ့သောငှါ ရှေ့စည်ကို လှည့်လည်စေ၍ မြတ်သောမင်းကြီး မမေ့မလျော့သည် ဖြစ်လော့ဟု ဆို၍ မိဘတို့အား ဖူးမြင်အံ့သောငှါ သွား၏။

ဤအတိတ်ကို ဆောင်တော်မူ၍ သဗ္ဗညူ မြတ်စွာဘုရားသည် ဤဂါထာတို့ကို ဟောတော်မူ၏။

၃၄။ မိဂရာဇာ ပုရေ အာသိံ၊ ကောသလဿ နိကေတနေ။
နန္ဒိယော နာမ နာမေန၊ အဘိရူပေါ စတုပ္ပဒေါ။

၃၅။ တံ မံ ဝဓိတုမာဂစ္ဆိ၊ ဒါယသ္မိံ အဇ္ဇုနေ ဝနေ။
ဓနုံ အဒေ္ဇ္ဇံ ကတွာန၊ ဥသုံ သန္နယှ ကောသလော။

၃၆။ တဿာဟံ ဩဒဟိံ ပဿံ၊ ခုရပ္ပါနိဿ ရာဇိနော။
တဒါဟံ သုခိတော မုတ္တော၊ မာတရံ ဒဋ္ဌုမာဂတော။

ရဟန်းတို့ ရှေး၌ ကောသလမင်း၏ နေပြည်၌ အလွန်အဆင်းလှသော အခြေလေးချောင်းရှိသော အမည်အားဖြင့် နန္ဒိယအမည်ရှိသော သမင်မင်းသည် ဖြစ်ဖူးပြီ။

ရဟန်းတို့ ကောသလမင်းသည် ဖောက်ကြံပင်များသည်ဖြစ်၍ အဇ္ဇုနဝန် အမည်ရှိသော ဥယျာဉ်၌ ထို ငါ့ကို သတ်အံ့သောငှါ လေးကို ညှို့နှင့်တကွ ဖွဲ့သည်ကို ပြု၍ မြားကို ဖွဲ့၍ လာ၏။

ငါသည် ထိုကောသလမင်းအား လက်ယာနံပါးကို ခံ၏။ ထိုကောသလမင်း၏ စဉ်းသွားတို့ကို ခံသော ထိုအခါ၌ ငါသည် ချမ်းသာသည်ဖြစ်၍ သေဘေးမှ လွတ်သည်ရှိသော် အမိကို ဖူးမြင်အံ့သောငှါ လာ၏။

ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အမိကို လုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ မြတ်သော မင်းမျိုး

တို့သည် ထိုအခါ မိဘတို့သည် ဖြစ်ကုန်ပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ပုဏ္ဏားဖြစ်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခု အခါ ငါဘုရားသည်လျှင် ထိုအခါ နန္ဒိယ သမင်မင်း ဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(တိရစ္ဆာန်လျက်၊ မိဘတွက်၊ အသက် စွန့်ဖူးရှာ။)

သုံးရာရှစ်ဆယ့်ငါးခုမြောက်သော နန္ဒိယမိဂရာဇဇာတ်သည် ပြီး၏။

၁-အဝါရိယဝဂ်သည် ပြီး၏။

---

## ၂-ခရပုတ္တဝဂ်

### ၃၈၆-ခရပုတ္တဇာတ်

### မိန်းမသို့ အလို မလိုက်သင့်ကြောင်း

### မ,ဘက်လိုက်၍ မိုက်ဘက်မပါသင့်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "သစ္စံ ကိရေဝ မာဟံသု" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤခရပုတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းကို သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်း သင်သည် ငြီးငွေ့သတတ် ဟူသည် မှန်သလောဟု မေးတော်မူလတ်၍ အရှင်ဘုရား မှန်ပေ၏ဟု နားတော် လျှောက်သည်ရှိသော် အဘယ်သူသည် ငြီးငွေ့စေအပ်သနည်းဟု မေးတော်မူ လတ်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မယားဟောင်းသည် ငြီးငွေ့စေ အပ်၏ဟု နားတော် လျှောက်လတ်သော် ရဟန်း ဤမိန်းမသည် သင်၏ အကျိုးမဲ့ကို ပြုတတ်၏၊ ရှေး၌လည်း သင်သည် ဤမိန်းမကို မှီ၍ မီးသို့ဝင်၍ သေအံ့သည်ရှိသော် ပညာရှိတို့ကိုမှီ၍ အသက်ကို ရဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိက်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားဖြစ်၏၊ ထိုအခါ သေနကမင်းသည် တစ်ယောက်သော နဂါးမင်းနှင့်တကွ အဆွေခင်ပွန်းဖွဲ့၏၊ ထိုနဂါးမင်းသည် နဂါးပြည်မှထွက်၍ ကြည်း၌ အစာရှာလျက် သွား၏၊ ထိုအခါ နဂါးမင်းကို ရွာသူသားငယ်တို့သည် မြင်ကုန်၍ ဤသည်ကား မြွေတည်းဟု ခဲစသည်တို့ဖြင့် ပစ်ခတ်ကုန်၏၊ ထိုအခါ မင်းသည် ဥယျာဉ်ကစားအံ့သောငှါ သွားသည်ရှိသော် ဤသူငယ်တို့သည် အဘယ်ကို ပြုကြကုန်သနည်းဟု မေး၍ တစ်ကောင်သော မြွေကိုပစ်ခတ်ကြကုန်၏ဟု ကြား၍ ပစ်ခတ်ခြင်းကို မပေးကြကုန်လင့်၊ထိုသူငယ်တို့ကို ပြေးစေကုန်လော့ဟု ထိုသူငယ်တို့ကို ပြေးစေ၏၊နဂါးမင်းသည် အသက်ကိုရ၍ နဂါးပြည်သို့သွား၍ များစွာကုန်သော ရတနာတို့ကိုယူ၍ သန်းခေါင်ယံအခါ၌ မင်း၏တိုက်ခန်းသို့ ဝင်၍ ထိုရတနာတို့ကိုပြ၍ မြတ်သောမင်းကြီး အကျွန်ုပ်သည် အရှင်မင်းကြီးတို့ကိုမှီ၍ အသက်ကိုရပေ၏ဟု မင်းနှင့်တကွ အဆွေခင်ပွန်းဖွဲ့၍ အဖန်တလဲလဲသွား၍ မင်းကို ဖူးမြင်၏၊ ထိုနဂါးမင်းသည် မိမိ၏နဂါးလုလင်မငယ်တို့တွင် ကာမဂုဏ်တို့၌ ရောင့်ရဲခြင်းမရှိသော နဂါးလုလင်မငယ်တစ်ယောက်ကို စောင့်ရှောက်စိမ့်သောငှါ သေနကမင်း၏အထံ၌ ထား၍ အကြင်အခါ၌ ထိုနဂါးမကို မမြင်၊ ထိုအခါ ဤမန္တရားကို မန်းလော့ဟု မင်းအား တစ်ခုသော မန္တရားကို ပေး၏။

သေနကမင်းသည် တစ်နေ့သ၌ ဥယျာဉ်သို့သွား၍ နဂါးလုလင်မငယ်နှင့်တကွ ရေကန်၌ ရေကစား၏၊ နဂါးမငယ်သည် တစ်ကောင်သောရေမြွေကိုမြင်၍ အတ္တဘောကိုစွန့်၍ ထိုရေမြွေနှင့်တကွ မေထုန်မှီဝဲ၏၊ မင်းသည် နဂါးမငယ်ကို မမြင်၍ အဘယ်သို့သွားသနည်းဟု မန္တရားကို မန်းလတ်သော် မေထုန်ဇာကျင့်ကို ကျင့်သည်ကိုမြင်၍ ဝါးခြမ်းစိတ်ဖြင့်ရိုက်၏၊ နဂါးလုလင်မငယ်သည် အမျက်ထွက်၍ ထိုဥယျာဉ်မှ နဂါးပြည်သို့သွား၍ အဘယ့်ကြောင့်လာသနည်းဟု မေးလတ်သော် သင်မင်းကြီးတို့၏ အဆွေခင်ပွန်းဖြစ်သောမင်းသည် မိမိ၏ စကားကို မယူဟု ငါ့ကို ကျောက်ကုန်း၌ ရိုက်၏ဟု ရိုက်ရာကိုပြ၏၊ နဂါးမင်းသည် အဟုတ်အမှန်အားဖြင့် မသိ၍လျှင် လေးယောက်ကုန်သော နဂါးလုလင်တို့ကို ခေါ်၍ သွားကြကုန်လော၊ သေနကမင်း၏ အိပ်ရာတိုက်ခန်းသို့ဝင်၍ နှာခေါင်းလေဖြင့် ဖွဲ့ကိုကဲ့သို့ ဖျက်ဆီးကြချေကုန်လော့ဟု ဆို၏၊ ထိုနဂါးလုလင်တို့သည် သွား၍ မင်း၏ကျက်သရေရှိသော အိပ်ရာတိုက်ခန်း၌ အိပ်သောကာလ ဝင်ကုန်၏၊ ထိုနဂါးလုလင်တို့၏ ဝင်သောကာလ၌လျှင် မင်းသည် မိဖုရားကို ရှင်မိဖုရား နဂါးလုလင်မငယ်၏ သွားသောအရပ်ကို သိ၏လောဟုဆို၏၊ ရှင်မင်းကြီး မသိဟု

ဆိုသည်ရှိသော် ယနေ့ ထိုနဂါးမယ်သည် ငါတို့၏ ရေကန်၌ ရေကစားသော ကာလ၌ အတ္တဘောကိုစွန့်၍ တစ်ကောင်သောရေမြွေနှင့်တကွ မေထုန်အကျင့်ကို ကျင့်၏၊ ထိုကြောင့် ငါသည် ထိုနဂါးမယ်ကို ဤသို့မပြုလင့်ဟု မှတ်စိမ့်သောငှါ ဝါးခြမ်းစိတ်ဖြင့် ရိုက်၏၊ ထိုနဂါးမယ်သည် နဂါးပြည်သို့သွား၍ အဆွေခင်ပွန်းအား တစ်စုံတစ်ခုသော စကားကိုပြောဆို၍ ချစ်ခြင်းကိုဖျက်ရာ၏၊ ဤသို့ ချစ်ခြင်းပျက်လတ်သော် ငါ့အား တစ်စုံတစ်ခုသော ဘေးဖြစ်လတ္တံ့ဟုဆို၏။

ထိုစကားကိုကြား၍ နဂါးလုလင်တို့သည် ထိုသေနကမင်း၏ တိုက်ခန်းမှ ပြန်၍ နဂါးပြည်သို့သွား၍ နဂါးမင်းအား ထိုအကြောင်းကို ကြားကုန်၏၊ နဂါးမင်းသည် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ ထိုခဏ၌လျှင် မင်း၏အိပ်ရာ တိုက်ခန်းသို့သွား၍ ထိုအကြောင်းကိုကြား၍ ကန်တော့၍ ဤအမှုသည်ကား အကျွန်ုပ်၏ ဒဏ်အမှုတည်းဟု သဗ္ဗရုတဇာနန-မည်သော မန္တရားကိုပေး၍ မြတ်သော မင်းကြီး ဤမန္တရားသည် အဖိုးမဖြတ်နိုင်၊ ဤမန္တရားကို တစ်ပါးသောသူအား အကယ်၍ပေးအံ့၊ ပေးပြီးလျှင် မီးသို့ဆင်း၍ သေရအံ့ဟု ဆို၏၊ မင်းသည် ကောင်းပြီဟုဝန်ခံ၍ ထိုသေနကမင်းသည် ထိုအခါမှစ၍ ပိုးရွတို့၏ အသံကိုလည်း သိ၏၊ ထိုသေနကမင်းသည် တစ်နေ့သ၌ ပြာသာဒ်အပြင်၌ နေ၍ ပျားတင်လဲတို့ဖြင့် ခဲဖွယ်မုန့်ကို စားစဉ် တစ်ခုသောပျားပေါက် တစ်ခုသော တင်လဲပေါက် တစ်ခုသောမုန့်ပိုင်းသည် မြေ၌ကျ၏၊ တစ်ခုသောပိုးရွသည် ပျားတင်လဲမုန့်ပိုင်းကို မြင်၍ မင်း၏ပြာသာဒ်အပြင်၌ ပျားအိုးသည်လည်း ကွဲ၏၊ တင်လဲလှည်း မုန့်လှည်းသည်လည်း မှောက်၏၊ တင်လဲကို လည်းကောင်း၊ မုန့်ကိုလည်းကောင်း စားလှည့်ကြကုန်လော့ဟု မြည်လျက် သွား၏။

ထိုအခါ မင်းသည် ထိုပိုးရွ၏ အသံကိုကြား၍ ရယ်၏၊ မင်း၏အနီး၌ တည်သော မိဖုရားသည် အဘယ်ကိုမြင်၍လျှင် မင်းသည် ရယ်သနည်းဟု ကြံ၏၊ ထိုမင်းကြီးသည် ခဲဖွယ်ကိုစား၍ ရေချိုး၍ ပလ္လင်၌နေသည်ရှိသော် တစ်ခုသော ယင်ဖိုသည် ရှင်မ လာလော၊ မွေ့လျော်ကြကုန်အံ့ဟု ယင်မကိုဆို၏၊ ထိုအခါ ယင်ဖိုကို ယင်မသည် သခင်သည်းခံဦးလော့၊ ယခုမင်းအား နံ့သာတို့ကို ပို့လာကုန်လတ္တံ့၊ မင်းသည် နံ့သာလိမ်းသည်ရှိသော် ခြေရင်း၌ နံ့သာမှုန့်သည် ကျလတ္တံ့၊ ငါသည် ထိုနံ့သာမှုန့်၌ လူးလည်း၍ နံ့သာအနံ့ရှိသည်ဖြစ်အံ့၊ ထိုနောင်မှ မင်း၏ ကျောက်၌ မွေ့လျော်အံ့ဟု ဆို၏၊ မင်းသည် ထိုအသံကို ကြား၍လည်း ရယ်၏၊ မိဖုရားသည် အဘယ်ကိုမြင်၍ ရယ်သနည်းဟု ကြံ၏၊ တစ်ဖန် မင်းသည် ညစာစားစဉ် ထမင်းတစ်လုံးသည် မြေ၌ကျ၏၊ ပိုးရွသည် မင်းအိမ်၌ ထမင်းလှည်း ကျိုး၏၊ လာ၍စားကြကုန်လောဟု မြည်၏၊ ထိုစကားကို ကြား၍ မင်းသည် တစ်ဖန်လည်းရယ်ပြန်၏၊ မိဖုရားသည် ရွှေယောက်မကိုကိုင်၍ လုပ်ကျွေးသော

ငါ့ကိုမြင်၍ မင်းသည် ရယ်သလောဟု ကြံ၏၊ ကြံပြီး၍ မိဖုရားသည် မင်းနှင့်တကွ အိပ်ရာသို့တက်၍ အိပ်သောကာလ၌ အရှင်မင်းကြီး အဘယ့်ကြောင့် ရယ်သနည်းဟု မေး၏၊ မင်းသည် ငါရယ်သော အကြောင်းဖြင့် သင့်အား အဘယ်ပြုအံ့နည်းဟု ဆိုသည်ရှိသော် ထိုမိဖုရားသည် အဖန် တလဲလဲ နှိပ်၍ မေး၏၊ မင်းသည် ပြောဆို၏၊ ထိုအခါ မင်းကို မိဖုရားသည် သင်တို့သိသော မန္တရားကို ငါ့အားပေးကုန်လော့ဟု ဆို၏၊ ပေးအံ့သောငှါ မတတ်ကောင်းဟု ပယ်သည်ကိုသာလျှင် အဖန်တလဲလဲ နှိပ်၍တောင်း၏၊ ငါသည် မန္တရားကို သင့်အား ပေးသည်ရှိသော် သေအံ့ဟု မင်းကြီးဆို၏၊ရှင်မင်းကြီးသေသော်လည်း အကျွန်ုပ်အား ပေးလော့ဟု ဆို၏၊ မင်းသည် မာတုဂါမ၏ နိုင်ငံသို့ လိုက်၍ ကောင်းပြီဟု ဝန်ခံ၍ မိဖုရားအား မန္တရားကိုပေး၍ မီးသို့ဝင်အံ့ဟု ရထားဖြင့် ဥယျာဉ်သို့ သွား၏၊

ထိုခဏ၌ သိကြားမင်းသည် လောကကို ကြည့်လတ်သော် ဤအကြောင်းကို မြင်၍ ဤမင်းမိုက်သည် မာတုဂါမကို မှီ၍ မီးသို့ ဝင်အံ့ဟုသွား၏၊ ထိုမင်းအား အသက်အလှူကို ပေးအံ့ဟု သုဇာတာမည်သော အသုရာ နတ်မင်းကြီး၏ သမီးကိုခေါ်၍ ဗာရာဏသီပြည်သို့သွား၍ ထိုသုဇာတာကို ဆိတ်မပြု၍ မိမိသည် ဆိတ်ဖိုပြု၍ လူများသည် မမြင်စေသတည်းဟု ဓိဋ္ဌာန်၍ မင်း၏ ရထားရှေ့၌ တည်၏၊ ထိုဆိတ်ကို မင်းသည်လည်းကောင်း, ရထား၌ ကသော သိန္ဓောမြင်းတို့သည်လည်းကောင်း မြင်ကုန်၏၊ တစ်ပါးသော တစ်စုံတစ်ယောက်သော သူသည်ကား မမြင်၊ ထိုဆိတ်သည် စကားဖြစ်စိမ့်သောငှါ ရထားရှေ့မှ ဆိတ်မနှင့်တကွ မေထုန်မှီဝဲသကဲ့သို့ဖြစ်၏၊ထိုဆိတ်ကိုရထား၌ကသော တစ်ကောင်သော သိန္ဓောမြင်းသည် မြင်၍ အဆွေဆိတ်မင်း ဆိတ်တို့သည် မိုက်ကုန်သတတ်, အရှက်မရှိသတတ်ဟု ငါတို့သည်ရှေး၌ကြားဖူးကုန်၏၊ ယခုမှလျှင် ကိုယ်တိုင် မြင်ရကုန်၏၊ သင်သည်ကား ဆိတ်ကွယ်ရာအရပ်၌ ပြုအပ်သော မေထုန်အကျင့်ကို ဤမျှလောက်သော ငါတို့၏ မြင်ကုန်စဉ်လျှင်ပြု၏၊ အရှက်မရှိဟု ငါတို့ ရှေး၌ ကြားဖူးသော စကားသည် ဤမြင်ခြင်းနှင့်ညီသလျှင်ကတည်းဟု ဆိုလို၍ ဤဂါထာကိုဆို၏—

၇၇။ သစ္စံ ကိရေဝမာဟံသု၊ ဝသ္တံ ဗာလောတိ ပဏ္ဍိတာ။
ပဿ ဗာလော ရဟောကမ္မံ၊ အာဝိကုဗ္ဗံ န ဗုဇ္ဈတိ။

ပညာရှိတို့သည် ဆိတ်ကို မိုက်၏ဟူ၍ ဆိုကုန်၏။ ဤသို့ဆိုခြင်းသည် မှန်ပေသတတ်။ ရှုလော့ မျက်မှောက်၌ ပြုသော ဆိတ်မိုက်သည် ထိုအမှုကို ဆိတ်ကွယ်ရာအရပ်၌ ပြုအပ်သော အမှုဟူ၍ မသိ။

ထိုစကားကိုကြား၍ ဆိတ်သည် ဤဂါထာတို့ကိုဆို၏—

၇၈။ တွံ ခေါ်ပိ သမ္မ ဗာလောသိ၊ ခရပုတ္တ ဝိဇာနာဟိ။
ရဋ္ဌံ ယာ ဟိ ပရိက္ခိတ္တော၊ ဝကော်ဒွေ ဩဟိတောမုခေါ။

၇၉။ အပရမ္ပိ သမ္မ တေ ဗာလျံ၊ ယောမုတ္တော န ပလာယသိ။
သော စ ဗာလတရော သမ္မ၊ ယံ တွံ ဝဟသိ သေနကံ။

မြည်း၏ သားဖြစ်သော အဆွေသိန္ဓောမြင်း ကြိုးတို့ဖြင့် ထမ်းပိုးနှင့် တကွ လည်၌ ရစ်အပ်သော ကောက်သော နှုတ်ခမ်းရှိသော အောက်သို့ ချသော မျက်နှာရှိသော သင်သည်သာလျှင် ငါ့ထက်လည်း မိုက်၏ဟု သိလေသလော။

အဆွေ သိန္ဓောမြင်း ရထားမှ လွတ်သည်ရှိသော် မပြေးသော သင်သည်လည်း သင်၏ မိုက်သောအဖြစ်တည်း အဆွေ သိန္ဓောမြင်း သင်သည် ရွက်ဆောင်သော ထိုသေနကမင်းသည်လျှင် သင်ထက်အလွန်မိုက်၏။

မင်းသည် မြင်း ဆိတ် တို့၏ စကားကို သိ၏၊ ထိုကြောင့် ထိုစကားကို နားထောင်လျက် ရထားကို ဖြည်းဖြည်းနှင်စေ၏၊ သိန္ဓော မြင်းသည်လည်း ထိုဆိတ်၏ စကားကို ကြား၍ ဤဂါထာကိုဆို၏—

၈၀။ ယံ နု သမ္မ အဟံ ဗာလော၊ အဇရာဇ ဝိဇာနဟိ။
အထ ကေန သေနကော ဗာလော၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

အဆွေဆိတ်မင်း ကြားရသည့်အား ငါသည် တိရစ္ဆာန် ဖြစ်ခြင်းကြောင့် မိုက်၏ဟူ၍ သင်သည် သိခြင်းငှါ တတ်ကောင်းပေ၏၊ အဘယ်ကြောင့် ဤ သေနကမင်းသည် မိုက်သနည်း ထိုအကြောင်းကို မေးအပ်သော သင်သည် ငါ့အား ပြောကြားပါလော့။
ထိုစကားကိုကြား၍ ဆိတ်မင်းသည် ပြောကြားလိုရကား ဤဂါထာကိုဆို၏—

၈၁။ ဥတ္တမတ္ထံ လဘိတွာန၊ ဘရိယာယ ယော ပဒဿတိ။
တေန ဇဟိဿ တတ္တာနံ၊ သာ စေဝဿ န ဟေဿတိ။

မြတ်သော အကျိုးရှိသော သဗ္ဗရုတဉာဏမန္တန်ကို ရခြင်းကြောင့် ကိုယ်ကိုစွန့်လတ္တံ့၊ ထိုမိဖုရားသည်လည်း ထိုသေနကမင်း၏ မယား မဖြစ်တော့ဘဲ မယားကလည်းလင်ကို စွန့်လိမ့်မည်။

ထိုနောင်မှ မင်းသည် ဆိတ်၏စကားကိုကြား၍ ဆိတ်မင်းငါတို့၏ ချမ်းသာကိုပြုသည်ရှိသော် သင်သည်လျင်ပြုလတ္တံ့၊ ရှေးဦးစွာ ငါတို့အားပြုအပ်သည်နှင့် ယှဉ်သောအမှုကို ဆိုပါလောဟု ဆို၏၊ ထိုအခါ သေနကမင်းကို ဆိတ်မင်းသည် မြတ်သောမင်းကြီး ဤသဘောဝါတို့အား ကိုယ်ထက် တစ်ပါးသော ချစ်သောသူမည်သည်မရှိ၊ တစ်ခုသော ချစ်အပ်သော ဘဏ္ဍာကိုမှီ၍ ကိုယ်ကို ဖျက်ဆီးအံ့သောငှါ ရအပ်သောစည်းစိမ်ကို စွန့်အံ့သောငှါ မသင့်ဟုဆို၍ ဤဂါထာကို ဆို၏။

၇၂။ န ဝေ ပိယမ္မေတိ ဇနိန္ဒ တာဒိသော၊ အတ္တံ နိရံကတွာ ပိယာနိ သေဝတိ။
အတ္တာဝသေယျော ပရမာ စ သေယျော၊ လဗ္ဘာ ပိယာ ဩစိတတ္ထေန ပစ္ဆာတိ။

လူတို့ကို အစိုးရသောမင်းကြီး သင်ကဲ့သို့သောမင်းသည် ငါသည် ဤဘဏ္ဍာကိုနှစ်သက်၏ ဟူ၍ မိမိကိုယ်ကိုစွန့်၍ ချစ်နှစ်သက်သော ဘဏ္ဍာတို့ကို မမှီဝဲ မင်္ဂလာကျက်ရာ မိမိကိုယ်ကိုသည်သာ မြတ်၏ အလွန်မြတ်၏ ပစ္စည်းဥစ္စာကြွယ်ဝသောယောကျ်ားသည် နောက်ထင်မယားကို ရနိုင်သည်သာတည်း။

ဤသို့ ဘုရားလောင်းသည် မင်းအား အဆုံးအမကို ပေး၏၊ မင်းသည် နှစ်သက်၍ ဆိတ်မင်း အဘယ်အရပ်မှ လာသနည်းဟုမေး၏၊ မြတ်သောမင်းကြီး ငါသည် သိကြားတည်း၊ သင်မင်းကြီးအား သနားသဖြင့် သင်မင်းကြီးကို သေဘေးမှ လွတ်စိမ်သောငှါ လာ၏ဟုဆို၏၊ သိကြားမင်း ထိုမိန်းမအား မန္တရားကို ပေးအံ့ဟုဆို၏၊ အဘယ်ကဲ့သို့ပြုရအံ့နည်းဟု ဆို၏၊ မြတ်သောမင်းကြီး နှစ်ယောက်ကုန်သော သင်မင်းကြီးတို့အား ပျက်စီးခြင်းဖြင့် ကိစ္စမရှိ အတတ်၏ ပူဇော်ခြင်းကို ပြုအံ့ဆို၍ ထိုမိဖုရားကို နှစ်ချက် သုံးချက်ရိုက်သော ဤသို့သော အကြောင်းဖြင့် မယူလတ္တံ့ ဆိုအံ့၊ မင်းသည် ကောင်းပြီဟုဝန်ခံ၏၊ ဘုရားလောင်းသည် မင်းအား ဆုံးမပြီး၍မိမိနေရာ တာဝတိံသာနတ်ပြည်သို့ လျင်သွား၏၊ သေနကမင်းသည် ဥယျာဉ်သို့သွား၍ မိဖုရားကိုခေါ်စေ၍ ရှင်မိဖုရား မန္တန်ကိုယူလတ္တံ့သလောဟု မေး၏၊ ရှင်မင်းကြီး ယူအံ့ဟုဆို၏၊ ထိုသို့ တပြီးကား ပူဇော်ခြင်းကို ပြုလောဟုဆို၏၊ ပူဇော်ခြင်းသည် အဘယ်သို့နည်းဟုမေး၏၊ ကျောက်ကုန်း၌ အချက်တစ်ရာရိုက်သည်ရှိသော်လည်း အသံပြုခြင်းငှါ မသင့်ဟုဆို၏၊ မိဖုရားသည် မန္တန်၌ တတ်စွန်းသဖြင့် ကောင်းပြီဟုဝန်ခံ၏၊ မင်းသည် ခိုးသူသတ်တို့ကို ခေါ်စေ၍ ကြိမ်တို့ကိုယူစေ၍ နံပါးနှစ်ဘက်တို့၌ ရိုက်စေ၏၊ မိဖုရားသည် နှစ်ချက် သုံးချက် ရိုက်ခြင်းတို့ကို သည်းခံ၍ ထိုနောက်အလွန်ရိုက်သည်ရှိသော် ငါအား

မန္တန်ဖြင့်အလိုမရှိဟု ဆို၏၊ ထိုအခါ မိဖုရားကို မင်းသည် သင်သည် ငါ့ကိုသတ်၍ မန္တန်ကို ယူလို၏ဟု ကျောက်၌ အရေမရှိသည်ကို ပြု၍ လွှတ်စေ၏၊ မိဖုရားသည် ထိုအခါမှစ၍ တစ်ဖန်ဆိုခြင်းငှါ မတတ်နိုင်။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာတို့ကိုပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကိုအဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ငြီးငွေ့သောရဟန်းသည် ထိုအခါ သေနက မင်းဖြစ်ပြီ ယခုအခါ မယားဟောင်းသည် ထိုအခါ မိဖုရားဖြစ်ပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ သိကြားဖြစ်ပြီ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(မိန်းမနိုင်ငံ၊ လိုက်သူမှန်၊ ကေန် ပျက်စီးရာ။)

သုံးရာ ရှစ်ဆယ့်ခြောက်ခုမြောက်သော ခရပုတ္တဇာတ်သည် ပြီး၏။

---

၃၈၇-သူစိဇာတ်

ပညာ၏ အစွမ်းဖြင့် အလိုဆန္ဒပြည့်ဝခြင်း

တရုတ်ပြည်မှာ အပ်ရောင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် အကဏ္ဍသံ အဖရုသံ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသူစိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ပညာပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုသည် မဟာဥမင်္ဂဇာတ်၌ ထင်စွာဖြစ်လတ္တံ့။) ထိုအခါ၌ကား သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရားသည် ပညာရှိ၍ အကြောင်း၌ လိမ္မာသည် မဟုတ်သေး ရှေး၌လည်း ငါဘုရားသည် ပညာရှိသည်ဖြစ်၍ အကြောင်း၌ လိမ္မာသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကာသိတိုင်း၌ ပန်းပဲအမျိုး၌ဖြစ်၍ အရွယ် ရောက်လတ်သော် အပြီးတိုင် တတ်အပ်ပြီးသော အတတ်ရှိသည် ဖြစ်၏၊ မိဘတို့သည် ဆင်းရဲကုန်၏၊ ထိုပန်းပဲဘို့၏ ရွာမှ အနီး၌ အိမ်ခြေ တစ်ထောင် ရှိသော တစ်ခုသောပန်းပဲရွာသည် ရှိ၏၊ ထိုရွာ၌ ပန်းပဲတစ်ထောင်တို့၏အကြီး ဖြစ်သော ပန်းပဲသူကြီးသည် မင်းနှင့် အကျွမ်းဝင်၏၊ ကြွယ်ဝ၏၊ များသော ဥစ္စာရှိ၏၊ ထိုပန်းပဲသူကြီး၏ သမီးသည် မြတ်သော အဆင်းကို ဆောင်၏၊ နတ်သမီးနှင့်တူ၏၊ ဇနပဒကလျာဏီ၏ လက္ခဏာတို့နှင့် ပြည့်စုံ၏၊ ထက်ဝန်းကျင် သောရွာတို့၌ လူတို့သည် ပဲခွပ် ပုဆိန် ခက်ရင်း ထွန်သွား အစရှိ သည်တို့ကို ပြုအံ့သောငှါ ထိုရွာသို့သွား၍ များသောအားဖြင့် သတို့သမီးကိုမြင်ကုန်၏၊ ထို လူတို့သည် မိမိတို့ရွာသို့ သွားကုန်၍ နေရာအရပ်အစရှိသည်တို့၌ ထိုသတို့သမီး၏ အဆင်းကို ချီးမွမ်းကုန်၏၊ ဘုရားလောင်းသည် ထိုစကားကို ကြား၍လျှင် ကြားခြင်းဟူသော နှိုးနှောခြင်းဖြင့် ဖွဲ့အပ်သည်ဖြစ်၍ သတို့သမီးကို အလုပ် အကျွေးပြုအံ့ဟု အမျိုးမြတ်သောသံကိုယူ၍ တစ်ခုသောသိမ်မွေ့စွာသော အပ်ကို ပြု၍ နဖားတို့ကို ထွင်း၍ ရေပေါ်အောင်ပြု၍ ထိုသို့ သဘော ရှိသည်လျှင် ဖြစ်သော တစ်ပါးလည်းဖြစ်သော အပ်အိမ်ကိုပြု၍ နဖားကိုထွင်း၏၊ ဤသို့သော နည်းဖြင့် ထိုအပ်၏ ခုနစ်ခုကုန်သော အိမ်တို့ကိုပြု၏၊ (အသို့ပြုခြင်းငှါ တတ် နိုင်လတ္တံ့နည်းဟု ဆိုခြင်းငှါ မတတ်ကောင်း၊ ဘုရားလောင်းတို့အား ဉာဏ်ကြီး သည်၏ အဖြစ်ကြောင့် ပြုခြင်းသည် ပြည့်စုံသလျှင်ကတည်း) ဘုရားလောင်း သည် ထိုအပ်ကို အပ်ကျည်၌ ထည့်၍ ခါးပိုက်၌ထား၍ ထိုရွာသို့သွား၍ ပန်းပဲ သူကြီး၏ နေရာ အိမ်လမ်းကိုမေး၍ ထိုအိမ်သို့သွား၍ တံခါး၌ရပ်၍ ငါ၏လက်မှ ဤသို့သဘောရှိသော အပ်ကိုအဖိုးဖြင့် အဘယ်သူသည် ဝယ်ခြင်းငှါ အလိုရှိ သနည်းဟု အပ်ကိုချီးမွမ်းလျက် ပန်းပဲသူကြီး၏ အိမ်တံခါးသို့သွား၍ ဤဂါထာ ကို ဆို၏—

၇၃။ အကက္ကသံ အဖရုသံ၊ ခရဓောတံ သုပါသိယံ။
သုခုမံ တိခိဏဂ္ဂဥ္စ၊ ကော သူစိံ ကေတုမိစ္ဆတိ။

အကြမ်းမရှိသော မကြမ်းသော ကျောက်ဖြင့် ပွတ်အပ်ထသော ကောင်းစွာ နဖားထွင်းအပ်သော သိမ်မွေ့စွာထသော ထက်သော အဖျား ရှိသည်လည်းဖြစ်သော အပ်ကို အဘယ်သူသည် ဝယ်လိုသနည်း၊

ဤသို့ဆို၍လည်း တစ်ဖန် ထိုအပ်ကို ချီးမွမ်းပြန်လိုရကား ဤဂါထာကိုဆို၏—

၈၄။ သုမဇ္ဇိတ္တ သုပါသန္တ၊ အန္နပုဗ္ဗံ သုဝဍ္ဍိတံ။
ဃနဃာတိမံ ပဋိထဒ္ဓံ၊ ကော သူစိံ ကေတုမိစ္ဆတိ။

ကုရုဝိန္ဒကမည်သော ကျောက်မှုန့်ဖြင့် ကောင်းစွာ ပွတ်အပ်သည်လည်း ဖြစ်ထသော ကောင်းစွာ နဖားထွင်းအပ်သည်လည်း ဖြစ်ထသော အစဉ်သဖြင့် ကောင်းစွာ လုံးသည်လည်းဖြစ်ထသော တူဖြင့် ခတ်အပ်သည် ရှိသော် ပေကို ထုတ်ချင်းထွင်းထသော အလွန်မာသောအပ်ကို အဘယ်သူသည် ဝယ်လိုသနည်း။

ထိုခဏ၌ သတို့သမီးသည် နံနက်စာစားပြီးသော် ပူပန်ခြင်းကို ငြိမ်းစေခြင်းငှါ အိပ်ရာငယ်မှာ လျောင်းသော အဘကို ထန်းရွက်ယပ်ဖြင့် ယပ်ခတ်လျက် ဘုရားလောင်း၏ သာယာသော အသံကို ကြား၍ စိုသော အသားစိုင်ဖြင့် နှလုံး၌ ခတ်ဘိသကဲ့သို့ လည်းကောင်း, ရေအိုးတစ်ထောင်ဖြင့် ရေကို သွန်းလောင်း၍ ငြိမ်းစေအပ်သော ပူပန်ခြင်းရှိသကဲ့သို့ လည်းကောင်းဖြစ်၍ ဤသူသည် သာယာသောအသံဖြင့် ပန်းပဲ၏ရွာ၌ အပ်ကိုရောင်း၏၊ အဘယ်သူနည်း အဘယ်အမှုဖြင့် လာသနည်း၊ ထိုသူကို မေးအံ့ဟု ထန်းရွက်ယပ်ကို ချ၍ အိမ်မှထွက်၍ အပဖြစ်သော အိမ်ဦး၌ ရပ်၏၊ သင်သည် တစ်နေ့ပတ်လုံး အပ်၏ကျေးဇူးကို အကယ်၍ ဆိုငြားအံ့၊ သင်၏လက်မှ တစ်စုံတစ်ယောက်သောသူသည် အပ်ကိုမဝယ်လတ္တံ့ဟု ဘုရားလောင်းနှင့်တကွ ပြောဆို၏၊ ဘုရားလောင်းတို့အား တောင့်တခြင်းမည်သည် ပြည့်စုံ၏၊ ဘုရားလောင်းသည် သတို့သမီး၏ အကျိုးငှါသာလျှင် ထိုရွာသို့ လာ၏၊ ထိုသတို့သမီးသည်လည်း ဘုရားလောင်းနှင့်တကွ စကားပြောဆို၍ လုလင် တိုင်းအလုံး၌နေကုန်သော သူတို့သည် အပ်အစရှိသည်တို့၏ အကျိုးငှာ ဤရွာသို့လာကုန်၏၊ သင်သည် မိုက်သည်၏ အဖြစ်ကြောင့် ပန်းပဲတို့၏ရွာ၌ အပ်ကိုရောင်းခြင်းငှါ အလိုရှိ၏၊ တစ်နေ့ပတ်လုံးလည်း အပ်၏ကျေးဇူးကို အကယ်၍ ဆိုငြားအံ့၊ တစ်စုံတစ်ယောက်သော သူသည် သင်၏ လက်မှ အပ်ကို မဝယ်လတ္တံ့၊ သင်သည် အဖိုးကိုရခြင်းငှါ အကယ်၍ အလိုရှိအံ့၊ တစ်ပါးသောရွာသို့ သွားလေလော့ဟု ဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၈၅။ ဣတော ဒါနိ ပတာယန္တိ၊ သူစိယော ဗဠိသာနိ စ။
ကော’ယံ ကမ္မာရဂါမသ္မိံ၊ သူစိံ ဝိက္ကေတုမိစ္ဆတိ။

၈၆။ ဣတော သတ္ထာနိ ဂစ္ဆန္တိ၊ ကမ္မန္တာ ဝိဝိဓာ ပုထူ။
ကော’ယံ ကမ္မာရဂါမသ္မိံ၊ သူစိံ ဝိက္ကေတုမိစ္ဆတိ။

လုလင် ယခုအခါ၌ ဤရွာမှ အပ်တို့သည်လည်းကောင်း သံကောက်တို့သည်လည်းကောင်း ထွက်ကုန်၏၊ ဤသို့ သဘောရှိသော ပန်းပဲတို့ရွာ၌ အပ်ကို ရောင်းလိုသောသူသည် အဘယ်သို့သောသူနည်း။

လုလင် ဤရွာမှ တံစည်း စူး ဆောက် စသော ဘဏ္ဍာအပေါင်း ရောင်းဝယ် ဖောက်ကားသော ကုန်သည်တို့သည် လည်းကောင်း, အထူးထူး အပြားပြား များစွာကုန်သော အမှုလုပ်တို့သည်လည်းကောင်း ထွက်ရှိကြကုန်သော ပန်းပဲ လုပ်သော ရွာတို့၌ အပ်ကို ရောင်းဝယ်လိုသောသူသည်ကား အဘယ်သို့သဘော ရှိသောသူပေနည်း။

ဘုရားလောင်းသည် သတို့သမီး၏ စကားကိုကြား၍ နှမ သင်သည် မသိ၊ မသိသောအကြောင်းကြောင့် ဤသို့ဆို၏ဟု ဆို၍ ဤဂါထာတို့ကို ဆို၏။

၈၇။ သူစိံ ကမ္မာရဂါမသ္မိံ၊ ဝိက္ကေတဗ္ဗာ ပဇာနတာ။
　　အာစရိယာဝ ဇာနန္တိ၊ ကမ္မံ သုကတဒုက္ကဋံ။

၈၈။ ဣမဉ္စေ တေ ပိတာ ဘဒ္ဒေ၊ သူစိံ ဇညာ မယာ ကတံ။
　　တယာ စ မံ နိမန္တေယျ၊ ယဉ္စ’တ္ထ’ညံ ဃရေ ဓနံ။

နှမ ပညာရှိယောကျ်ားသည် အပ်ကို ပန်းပဲလုပ်သော ရွာ၌သာလျှင် ရောင်းအပ်၏၊ ကောင်းစွာ ပြုလုပ်ထားသည်, မကောင်းသဖြင့် ပြုလုပ်ထားသည်ကို ပန်းပဲဆရာတို့ သိကြကုန်၏။

နှမ ငါပြုလုပ်ထားသော အလွန်ကောင်းသော ဤအပ်ကို သင်၏အဘသည် အကယ်၍ သိလျှင် သင်သည် ငါ့ကို ဖိတ်ခေါ်ရာ၏၊ ဤအိမ်၌ သင်မှတစ်ပါးသော ဥစ္စာဖြင့် ငါ့ကို ဖိတ်ခေါ်ရာ၏။

ဤသို့ ဘုရားလောင်းသည် ဤဂါထာဖြင့် မိမိကျေးဇူးကို ချီးမွမ်း၏၊ ပန်းပဲ သူကြီးသည် ထိုသူတို့၏ အလုံးစုံသော စကားကို ကြား၍ အမိဟု သမီးကိုခေါ်၍ အဘယ်သူနှင့် စကားပြောသနည်းဟု မေး၏. ဖခင် တစ်ယောက်သော သူသည် အပ်ရောင်းလာ၏၊ ထိုသူနှင့် စကားပြော၏ဟု ဆို၏၊ ထိုအပ်ရောင်းသော ယောကျ်ားကို ခေါ်ခဲ့သော့ဟု ဆို၏၊ ထိုသတို့သမီးသည် သွား၍ခေါ်၏၊ ဘုရား လောင်းသည် အိမ်သို့ဝင်၍ ပန်းပဲသူကြီးကို ရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေ၏၊ ထိုအခါ ဘုရားလောင်းကို အဘယ်ရွာသားနည်းဟု မေး၏၊ ဤမည် သော ရွာသားဟု ဆို၏၊ အဘယ်သူ၏သားနည်းဟု မေး၏၊ ဤမည်သောသူ၏ သားဟုဆို၏၊ အဘယ်ကြောင့် ဤအရပ်ကိုလာသနည်းဟု မေး၏၊ အပ်ရောင်း အံ့သောငှါ လာ၏ဟု ဆို၏၊ သင့် အပ်ကို ကြည့်အံ့ဟု ဆိုသည်ရှိသော် ဘုရား လောင်းသည် မိမိ၏ကျေးဇူးကို ခပ်သိမ်းကုန်သော လူတို့၏အလယ်၌ ပြလိုသည် ဖြစ်၍ တစ်ယောက်တည်းသာ မကြည့်အပ်၊ တစ်ယောက်တည်း ကြည့်ခြင်းထက်

ခပ်သိမ်းကုန်သော လူတို့၏အလယ်၌ ကြည့်ခြင်းသည် အလွန်မြတ်၏ဟု ဆို၏၊ ပန်းပဲသူကြီးသည် အမောင် ကောင်းပြီဟု ခပ်သိမ်းသော ပန်းပဲတို့ကို စည်းဝေးစေ၍ ထိုပန်းပဲတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ ငါတို့သည် ကြည့်ကုန်အံ့၊ သင်၏အပ်ကို ထုတ်လော့ဟု ဆို၏၊ ဆရာ တစ်ခုသော ပေကိုလည်းကောင်း၊ ရေဖြင့်ပြည့်သော ကြေးခွက်ကိုလည်းကောင်း ဆောင်စေကုန်လော့ဟု ဆို၏၊ ပန်းပဲသူကြီးသည် ဆောင်စေ၏၊ ဘုရားလောင်းသည် ခါးပိုက်မှ အပ်ကျည်ကိုထုတ်၍ပေး၏၊ ပန်းပဲသူကြီးသည် အပ်ကျည်မှ အပ်ကိုထုတ်၍ အမောင် ဤကား အပ်လောဟု မေး၏၊ ဤသည်ကား အပ်မဟုတ်၊ အပ်ကျည်တည်းဟု ဆို၏၊ ပန်းပဲသူကြီးသည် စုံစမ်းသည်ရှိသော် အဆုံးကိုလည်းကောင်း၊ အစွန်းကိုလည်းကောင်း မမြင်သလျှင်ကတည်း၊ ဘုရားလောင်းသည် ယူ၍ အစဉ်သဖြင့် လက်သည်းဖြင့် အပ်အိမ်ကို ပယ်၍ ဤကား အပ်အိမ်တည်းဟု လူများအားပြ၍ အပ်အိမ်ကို ဆရာ့ ခြေရင်း၌ ထား၏။

ဝ.စ်ဖန် ပန်းပဲသူကြီးသည် ဤကား အပ်ဖြစ်ယောင် တကားဟု ဆိုသည်ရှိသော် ဤလည်း အပ်အိမ်သာတည်းဟုဆို၍ လက်သည်းဖြင့် ခွါလျက် အစဉ်သဖြင့် ခြောက်ခုကုန်သော အပ်အိမ်တို့ကို ပန်းပဲသူကြီး၏ ခြေရင်း၌ထား၍ ဤကားအပ်တည်းဟု ပန်းပဲသူကြီး၏ လက်၌ထား၏၊ ပန်းပဲတစ်ထောင်တို့သည် လက်ချောင်းကို ခါကုန်၏၊ ပုဆိုးဦးရစ် ပစ်ခြင်းတို့ကို ဖြစ်စေကုန်၏၊ ထိုအခါ ဘုရားလောင်းကို ပန်းပဲသူကြီးသည် အမောင် ဤအပ်ဖြင့် အဘယ် အစွမ်းသတ္တိရှိသနည်းဟု မေး၏၊ ဆရာ အားရှိသော ယောကျ်ားကို ပေကိုချီစေ၍ ပေအောက်၌ ရေဖြင့်ပြည့်သော ကြေးခွက်ကိုထား၍ ပေ၏အလယ်၌ ဤအပ်ကို ခတ်ကုန်လော့ဟုဆို၏၊ ပန်းပဲသူကြီးသည် ဘုရားလောင်းဆိုတိုင်း ပြုစေ၍ ပေ၏ အလယ်၌ အပ်ဖျားဖြင့်ခတ်၏၊ ထိုအပ်သည် ပေကိုဖောက်၍ ရေအပြင်၌ ဆံချည်ဖျားမျှလည်း အထက်သို့လည်း မတက်၊ အောက်သို့လည်း မနစ်သည် ဖြစ်၍ ဖီလာတည်၏၊ ခပ်သိမ်းကုန်သော ပန်းပဲတို့သည် ငါတို့သည် ဤမျှ ဝေလောက်သော ကာလပတ်လုံး ပန်းပဲဘွဲ့မည်သည် ဤသို့သဘောရှိသည် ဖြစ်ကုန်၏ဟု စကားကိုမျှလည်း မကြားစဖူးကုန်ဟု လက်ချောင်းတို့ကို ခါကုန်၏၊ ဦးရစ်ပစ်ခြင်း စသည်တို့ကို ဖြစ်စေကုန်၏။

ပန်းပဲသူကြီးသည် သမီးကိုခေါ်၍ ထိုပရိသတ်အလယ်၌လျှင် သတို့သမီးသည် သင့်အားသာလျှင် လျောက်ပတ်၏ဟု ရေကိုသွန်ချ၍ပေး၏၊ ဘုရားလောင်းသည် နောက်အခါ ပန်းပဲသူကြီးလွန် သဖြင့် ထိုရွာ၌သာလျှင် ပန်းပဲသူကြီးဖြစ်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာမြတ်ဘုရားသည် ဤမေဒဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရဟုလာမယ်တော်သည် ထိုအခါ ပန်းပဲသူကြီး၏ သမီးဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ပန်းပဲသမားပညာရှိ ဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ပညာပြည့်ကြွယ်၊ လူ့အလယ်၊ တင့်တယ်ကြီးပွားရာ။)

သုံးရာရှစ်ဆယ်ခုနစ်ခုမြောက်သော သူစိ-ဇာတ်သည် ပြီး၏။

---

၃၈၈-တုဏ္ဍိလဇာတ်

အလောင်းတော် ဝက်မင်း၏တရား အနှစ်ခြောက်သောင်းတည်၏

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် နဝ ဆန္ဒေက– အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတုဏ္ဍိလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သေဘေးကို ကြောက်တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရဟန်းသည် သာဝတ္ထိပြည်၌နေသော အမျိုးသားသည် ဖြစ်သတတ်၊ ထို အမျိုးသားသည် ရဟန်းပြု၍ သေဘေးကို ကြောက်တတ်၏၊ အနည်းငယ်လည်း ဖြစ်သော သစ်ခက်လှုပ်ခြင်း လှံကန်ကျခြင်းကို လည်းကောင်း, ငှက်သံ အခြေ လေးချောင်းရှိသော သားတို့၏ အသံကို လည်းကောင်း, ထိုသို့ သဘောရှိသော တစ်ပါးသော အသံကိုလည်းကောင်း ကြား၍ သေဘေးကို ကြောက်သည်ဖြစ်၍ ဝမ်းသို့ ဝင်သကဲ့သို့ တုန်လှုပ်လျက်သွား၏၊ ရဟန်းတို့သည် တရားသဘင်၌ငါ့ရှင်တို့ ဤမည်သော ရဟန်းသည် အနည်းငယ်လည်းဖြစ်သော အသံကို ကြား၍ မြည်တမ်းလျက် ပြေး၏၊ ဤသတ္တဝါတို့အား သေခြင်းသည်သာလျှင် မြဲ၏၊ အသက်သည် မမြဲ၊ အသင့်အားဖြင့် နှလုံးသွင်းခြင်းကို ပြုအပ်သည် မဟုတ်တုံ လောဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် လာလတ်တော်မူ၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူ လတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ထိုရဟန်းကို ခေါ်တော်မူ၍ ရဟန်း သင်သည် သေဘေးကို ကြောက်

တတ်သော ဟူသည် မှန်သလောဟု မေးတော်မူလတ်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု ထိုရဟန်းသည် ဝန်ခံသည်ရှိသော် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌ သာလျှင် သေဘေးကို ကြောက်တတ်သည် မဟုတ်သေး၊ ရှေး၌လည်း သေဘေးကို ကြောက်တတ်သည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဝက်မဝမ်း၌ ပဋိသန္ဓေယူ၍ ဝက်မသည် ကိုယ်ဝန်ရင့်လတ်သော် နှစ်ကောင်ကုန်သော ဝက်ငယ်တို့ကို ဖွား၏၊ ထိုဝက်မသည် တစ်နေ့သ၌ သားငယ်တို့ကို ယူ၍ တစ်ခုသော တွင်း၌ ဝပ်၏၊ ထိုအခါ ဗာရာဏသီမြို့ တံခါး၌ နေသော တစ်ယောက်သော မိန်းမအိုသည် ဝါခင်းမှ တောင်းပြည့်အောင် ဝါကိုယူ၍ တောင်ဝှေးဖြင့် မြေကိုထောက်၍လာ၏၊ ဝက်မသည် ထိုအသံကို ကြား၍ သေဘေးကို ကြောက်သဖြင့် သားငယ်နှစ်ကောင်တို့ကို စွန့်၍ ပြေး၏၊ မိန်းမအိုသည် ဝက်ငယ်တို့ကိုမြင်၍ သားအမှတ်ကို ပြု၍ တောင်း၌ထည့်၍ အိမ်သို့ ဆောင်၍ အကြီးအား မဟာတုဏ္ဍိလ ဟူသော အမည်၊ အငယ်အား စူဠတုဏ္ဍိလ ဟူသော အမည်ကို မှည့်၍ ထိုဝက်ငယ်တို့ကို သားငယ်ကဲ့သို့ မွေး၏၊ ထိုဝက်ငယ်တို့သည် နောက်အဖို့၌ ကြီးကုန်၍ ပြည့်ဖြိုးသော ကိုယ်ရှိကုန်၏၊ ဤဝက်တို့ကို ငါတို့အား အဖိုးဖြင့် ပေးကုန်လော့ဟု ဆိုသည်ရှိသော် မိန်းမအိုသည် ဤဝက်တို့သည် ငါ၏ သားငယ်တို့တည်းဟု ဆို၍ တစ်စုံတစ်ယောက်သော သူအား မပေး၊ ထိုအခါ တစ်ခုသော ပွဲသဘင်ကာလ၌ သေသောက်ကြူးတို့သည် သေကို သောက်ကုန်၏၊ အသားကုန်သည်ရှိသော် အသားကို ဘယ်မှာရှာရလတ္တံ့နည်းဟု စုံစမ်းကုန်လတ်သော် သူအိုမ၏ အိမ်၌ ဝက်တို့ရှိသော အဖြစ်ကိုသိ၍ အဖိုးကိုယူ၍ အိမ်သို့သွား၍ မိခင် အဖိုးကိုယူ၍ ငါတို့အား တစ်ကောင်သော ဝက်ကို ပေးပါလော့ဟု ဆိုကုန်၏၊ ထိုသူအိုမသည် အမောင်တို့ ဤဝက်တို့သည် ငါ့သားတို့တည်း၊ အဖိုးဖြင့် အလိုမရှိဟု ပယ်၏၊ သေသောက်ကြူးတို့သည် မိခင်ဝက်တို့မည်သည် ကား လူတို့၏သား မဖြစ်ကုန်၊ ထိုဝက်တို့ကို ပေးလော့ဟု အဖန်တလဲလဲ တောင်းသော်လည်း မရ၍ သူအိုမကို သေသောက်စေ၍ ယစ်သောကာလ၌ မိခင် ဝက်တို့ဖြင့် အသို့ပြုအံ့နည်း၊ အဖိုးကိုယူ၍ ရိက္ခာပြုလော့ဟု သူအိုမ၏ လက်၌ အသပြာတို့ကို ထားကုန်၏၊ သူအိုမသည် အသပြာတို့ကို ယူ၍ အမောင်တို့ မဟာတုဏ္ဍိလကို ပေးခြင်းငှါ မတတ်ကောင်း၊ စူဠတုဏ္ဍိလကို ယူကြကုန်လော့ ဆို၏။

ထိုစူဠတုဏ္ဍိလသည် အဘယ်မှာနည်းဟု မေး၏၊ တစ်ခုသော ချုံ၌ရှိ၏ဟု ဆိုလတ်သော် ထိုစူဠတုဏ္ဍိလအားအသံပေးလော့ အာဟာရကိုပေးကုန်အံ့ဟုဆို၍ သေသောက်ကြူးတို့သည် အဖိုးဖြင့် ထမင်းခွက်ကို ဆောင်စေကုန်၏၊ သူအိုမသည် အဖိုးဖြင့် ထမင်းကိုယူ၍ တံခါးဝ၌တည်သော ဝက်စားကျင်းကိုပြည့်စေ၍ စားကျင်းအနီး၌တည်၏၊ သုံးကျိပ် အတိုင်းအရှည်ရှိသော သေသောက်ကြူးတို့သည်လည်း ကျော့ကွင်းလက် စွဲကုန်လျက် ထိုအရပ်၌လျှင် တည်ကုန်၏၊ သူအိုမသည် ချစ်သား စူဠတုဏ္ဍိလ လာလော့ဟု စူဠတုဏ္ဍိလအား အသံပြု၏၊ မဟာတုဏ္ဍိလသည် ထိုအသံကိုကြား၍ ဤမျှလောက်သောကာလပတ်လုံး ငါ၏အမိသည် စူဠတုဏ္ဍိလအား အသံမပေးစဖူး၊ ငါ့ကိုသာလျှင် ရှေးဦးစွာခေါ်၏၊ ယနေ့ ငါတို့အား မချွတ်သေဘေးဖြစ်လတ္တံ့ဟုသိ၍ မဟာတုဏ္ဍိလသည် ညီကိုခေါ်၍ ညီထွေးစူဠတုဏ္ဍိလ ငါ့အမိသည် သင့်ကိုခေါ်၏၊ သွားချေ ရှေးဦးစွာစုံစမ်းချေလော့ဟုဆို၏၊ စူဠတုဏ္ဍိလသည် ချုံမှထွက်၍ ထမင်းစားကျင်း၏ အနီး၌ ထိုလူတို့၏ တည်သောအဖြစ်ကိုသိ၍ ယနေ့ငါ့အား သေဘေးရောက်ပြီဟုဘေးဖြင့် ကြောက်သည်ဖြစ်၍ တုန်လှုပ်လျက်အစ်ကိုအထံသို့လာ၍နိုင်ခံ့စွာတည်အံ့သောငှါ မတတ်နိုင်၍ တုန်လှုပ်လျက်လဲ၏၊ မဟာတုဏ္ဍိလသည် စူဠတုဏ္ဍိလကို မြင်၍ ညီထွေး စူဠတုဏ္ဍိလ သင်သည် ယနေ့ လဲ၏၊ ပြေးဝင်ရာ အရပ်ကိုကြည့်၏၊ အဘယ်အကြောင်းကြောင့် ထိုအမှုကို ပြုသနည်းဟု မေး၏၊ စူဠတုဏ္ဍိလသည် မိမိမြင်သောအကြောင်းကို ဆိုလို၍ ဤဂါထာကိုဆို၏။

၇၉။ နဝဆန္နကေ ဒါနိ ဒိယျတိ၊ ပုဏ္ဏာ ယံ ဒေါဏိ သုဝါမိနီ ဌိတာ။
ဗဟုကေ ဇနေ ပါသပါဏိကေ၊ နော စ ခေါ မေ ပဋိဘာတိ ဘုဉ္ဇိတုံ။

နောင်တော် ယခုအခါ၌ အစာသစ်တို့ဖြင့် ပြည့်သော ဝက်စားကျင်းကို ပေးအပ်၏၊ ဤစားကျင်းသည် စင်ကြယ်သော အစာတို့ဖြင့် ပြည့်၏၊ ငါတို့၏ အမိသည်လည်း စားကျင်း၏အနီး၌နေ၏၊ လက်ထဲ၌ ကျော့ကွင်းကို ကိုင်ထားသော လူအပေါင်းသည် စားကျင်း၏ အနီး၌ နေကြကုန်၏။ ဤအစာကိုမစားသင့်ပေ၊ ငါသည် ဤအစားကို မနှစ်သက်မိ၊

(နဝဆန္နကေဒါနိ ဒိယျတီတိ ဧတ္ထ အာကာရဿ ကောရ ပဇ္ဇနတာဝိယ အညက္ခရဿ အညက္ခရတာ ပဇ္ဇနတာ ဝဏ္ဏဝိကာရော နာမ။ ။မဟာနိဒ္ဒေသ အဋ္ဌကထာ။)

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ညီထွေး စူဠတုဏ္ဍိလ ဤအရပ်၌သာလျှင် ဝက်တို့ကိုမွေးသော ငါတို့၏အမိသည် အကြောင်အကျိုးငှါ မွေး၏၊ ထိုအကျိုးသည် ယနေ့အပြီးသို့ရောက်ပြီ၊ သင်သည် မစိုးရိမ်လင့်ဟု သာယာသော

အသံဖြင့် ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟောလိုသည် ဖြစ်၍ ဤဂါထာတို့ကို ဆို၏—

၉၀။ တသသိ ဘမသိ လေဏမိစ္ဆသိ၊ အတ္တာဏောသိ ကုဟိံ ဂမိဿသိ။
အပ္ပေါဿုက္ကော ဘဇ္ဇ တုဏ္ဍိလ၊ မံသတ္ထာယ ဟိ ပေါသိတာမှသေ။

၉၁။ ဩဂဟ ရဟဒံ အကဒ္ဒမံ၊ သဗ္ဗံ သေဒမလံ ပဝါဟယ။
ဂဏှာဟိ နဝံ ဝိလေပနံ၊ ယဿ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။

ညီတွေး စူဠတုဏ္ဍိလ သင်သည် လန့်၏လည်း၏ ပုန်းအောင်းရာကို ရှာ၏၊ ကိုးကွယ်ရာမဲ့ဖြစ်နေ၏၊ အဘယ်သို့ ပြေးသွားမည်နည်း စိတ်အေးအေးထား၍ စားလေလော့၊ ငါတို့ကို အသားတိုးပွားအောင် စားသောက်မွေးမြူအပ်ကုန်၏။

ရွှံ့ညွန်မရှိသော ရေကန်တွင်းသို့ ဆင်းလော့ အညစ်အကြေး အားလုံးကို ဆေးလော့၊ အမြဲမွှေးကြိုင်သော အသစ်ဖြစ်သော နံ့သာပျောင်းကိုယူလော့။

ဆယ်ပါးသော ပါရမီတို့ကို ဆင်ခြင်၍ မေတ္တာပါရမီကို ရှေ့ထား၍ ရှေးဦးစွာသော ဂါထာပုဒ်ဖြင့် ရွတ်သည်သာလျှင်ဖြစ်သော ဘုရားလောင်း၏ အသံသည် အလုံးစုံတစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်ကို လွှမ်း၍ သွား၏၊ ကြားတိုင်းကြားတိုင်းသော ခဏ၌ပင်လျှင် အိမ်ရှေ့မင်းအစရှိကုန်သော သူတို့ကို အစပြု၍ ဗာရာဏသီပြည်၌ နေကုန်သောသူတို့သည် လာကုန်၏၊ မလာကုန်သော သူတို့သည်လည်း အိမ်၌နေလျှက်သာလျှင် နာကုန်၏၊ မင်း၏ ပရိသတ်တို့သည် ချုံတို့ကိုဖျက်ဆီး၍ မြေကိုညီညွတ်စွာပြု၍ သဲတို့ကို ကြဲကုန်၏၊သေသောက်ကြူးတို့အား သုရာယစ်ခြင်းသည်ပြေ၏၊ကျော့ကွင်းတို့ကိုစွန့်ကုန်၍တရား နာကုန်လျက်သာလျှင် ဟည်ကုန်၏၊သူအိုမအားလည်းသုရာယစ်ခြင်းသည်ပြေ၏၊ ဘုရားလောင်းသည် လူအပေါင်း၏အလယ်၌ စူဠတုဏ္ဍိလအား ဓမ္မဒေသနာကို အားထုတ်၏၊ ထိုစကားကိုကြား၍ စူဠတုဏ္ဍိလသည်ငါ့အစ်ကိုသည် ဤသို့ဆို၏၊ ငါတို့၏အနွယ်၌ ရေကန်သို့ သက်၍ ကိုယ်မှ ချေးအညစ်အကြေးကို လျှော်ခြင်းသည်လည်းကောင်း, နံ့သာသစ်ကို ယူခြင်းသည်လည်းကောင်း, တစ်စုံတစ်ခုသော ကာလသည်မရှိ၊ အဘယ်ကို ရည်၍ အစ်ကိုသည် ငါ့ကို ဤသို့ဆိုသနည်း ဟု မေးလိုရကား ဤဂါထာကို ဆို၏—

၉၂။ ကတမော ရဟဒေါ အကဒ္ဒမော၊ ကိံသု သေဒမလန္တိ ဝုစ္စတိ။
ကတမဉ္စ နဝံ ဝိလေပနံ၊ ယဿ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။

ရှုံ့ညှန်မရှိသော ရေကန်ဟူသည် အဘယ်နည်း၊ အဘယ်အရာကို ချွေးအညစ်အကြေးဟု ခေါ်ဆိုပါသနည်း၊ ဆမြဲမပြတ် အသင်ဖြစ်သော နံ့သာပျောင်းဟူသည် အဘယ်မှာနည်း။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ညီတွေး စူဠတုဏ္ဍိလ ထိုသို့တပြီးကား ချသောနားရှိသည်ဖြစ်၍ နာလော့ဟု ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟောလိုရကား ဤဂါထာတို့ကို ဟော၏—

၉၃။ ဓမ္မော ရဟဒေါ အကဒ္ဒမော၊ ပါပံ သေဒမလန္တိ ဝုစ္စတိ။
သီလဉ္စ နဝံ ဝိလေပနံ၊ တဿ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။

၉၄။ နန္ဒန္တိ သရီရဃာတိနော၊ န စ နန္ဒန္တိ သရီရဓာရိနော။
ပုဏ္ဏာယ စ ပုဏ္ဏမာသိယာ၊ ရမမာနာဝ ဇဟန္တိ ဇီဝိတံ။

ညီတွေး စူဠတုဏ္ဍိလ နိဗ္ဗာန်တရားကို ကိလေသာညှန်မရှိသော ရေကန်ဟုခေါ်ဆို၏၊ မကောင်းမှုကို ချွေးအညစ်အကြေးဟု ခေါ်ဆို၏၊ သီလကို အမြဲမပြတ် လိမ်းကျံအပ်သော အသစ်ဖြစ်သော နံ့သာပျောင်းဟု ခေါ်ဆို၏၊ ထိုသီလ၏ အနံ့သည် ရာသက်ပန် မွှေးကြိုင်၏။

သတ္တဝါကို သတ်ကုန်သောသူတို့သည် နှစ်သက်ကုန်၏၊ ကိုယ်ကို ဆောင်ကုန်သော သူတို့သည် မနှစ်သက်ကုန်၊ ရွှန်းရွှန်းပြည့်သော လပြည့်နေ့၌ သီလအကျင့်နှင့်ပြည့်စုံသော သူတို့သည် ပျော်ရွှင်စွာ အသက်ကို စွန့်ကုန်၏။

ဤသို့ ဘုရားလောင်းသည် သာယာသောအသံဖြင့် သဗ္ဗညူ ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟော၏၊ လူအပေါင်းတို့သည် လက်ချောင်းတို့ကို ခါကုန်၏၊ ပုဆိုးဦးရစ်ပစ်ခြင်း တို့ကို ဖြစ်စေကုန်၏၊ ကောင်းချီးပေးသော အသံသည် ကောင်းကင်၌ ပြည့်၏၊ ဗာရာဏသီမင်းသည် ဘုရားလောင်းအား မင်းအဖြစ်ဖြင့် ပူဇော်၍ သူ့အိုမအား စည်းစိမ်ကိုပေး၍ ဝက်နှစ်ကောင်တို့ကိုလည်း ယူ၍ နံ့သာရေဖြင့် ချိုး၍ နံ့သာအစရှိသည်တို့ဖြင့် လိမ်း၍ လည်တို့၌ ပတ္တမြားရတနာတို့ကိုဆင်၍ မြို့သို့ဆောင်၍ သားအရာ၌ထား၍ များစွာသော အခြံအရံဖြင့် လုပ်ကျွေး၏၊ ဘုရားလောင်း ဝက်မင်းသည် ပဉ္စသီတို့ကို ပေး၏၊ ခပ်သိမ်းကုန်သော ဗာရာဏသီပြည်၌ နေကုန်သော သူတို့သည်လည်း ပဉ္စသီတို့ကို စောင့်ကုန်၏၊ ဘုရားလောင်းသည်လည်း ထိုသူတို့အား ပက္ခနေ့တို့၌ တရားဟော၏၊ တရားဆုံးဖြတ်ရာ အရပ်၌နေ၍ တရားဆုံးဖြတ်၏၊ ထိုဘုရားလောင်း

သည် ထင်ရှားရှိစဉ် ကောက်ကျစ် စဉ်းလဲသော တရားကိုပြုသော သူတို့ မည်သည် မဖြစ်ကုန်၊ နောက်အဖို့၌ မင်းသည်သေ၏၊ ဘုရားလောင်းသည်ကား ထိုမင်း၏ အလောင်းကို ပူဇော်ခြင်း, သဂြိုဟ်ခြင်းကို ပြုစေ၍ အဆုံးအဖြတ်တို့ကို ပေဋ္ဌရေးစေ၍ ဤစာကိုကြည့်၍ တရားဆုံးဖြတ်ကြလောဟု ဆို၍ လူအများ အား တရားဟော၍ မမေ့မလျော့ခြင်းဖြင့် ဆုံးမ၍ ခပ်သိမ်းကုန်သော လူတို့၏ ဝိုကုန်စဉ် စူဠတုဏ္ဍိလ နှင့်တကွ တောသို့ ဝင်၏၊ ထိုအခါ ဘုရားလောင်း၏ အဆုံးအမသည် အနှစ်ခြောက်သောင်း တည်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သေဘေးကို ကြောက်တတ်သော ရဟန်းသည် သောတာပတ္တိ ဖိုလ်၌တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ သေဘေးကိုကြောက်တတ်သော ရဟန်းသည် ထိုအခါ စူဠတုဏ္ဍိလ ဖြစ်ပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ပရိသတ် ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဟာ- တုဏ္ဍိလ ဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ညွှန်မရှိမှန်၊ ထိုရေကန်၊ နိဗ္ဗာန် အမည်သာ။)

သုံးရာ့ရှစ်ဆယ့်ရှစ်ခုမြောက်သော တုဏ္ဍိလဇာတ်သည် ပြီး၏။

---

၃၈၉-သုဝဏ္ဏကက္ကဋကဇာတ်

ကျေးဇူးသိသော ရွှေပုဇွန်အကြောင်း

မြွေဆိပ်ကို မြွေပြန်စုပ်ယူခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "သိင်္ဂီမိဂေါ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုဝဏ္ဏကက္ကဋကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်အာနန္ဒာ မထေရ်သည် သဗ္ဗညု မြတ်စွာဘုရား၏ အကျိုးငှါ အသက်ကို

စွန့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုကို လေးသမားတို့ကို လွှတ်သည့်တိုင်အောင် ခဏ္ဍဟာလဇာတ်၌ ဆိုအပ်၏၊ နေပါလဆင်ကို လွှတ်ခြင်းကို စူဠဟံသ, မဟာဟံသဇာတ်၌ ဆိုအပ်၏၊) ထိုအခါ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ တရားဘဏ္ဍာစိုးဖြစ်သော အာနန္ဒာ မထေရ်သည် ပဋိသမ္ဘိဒါသို့ရောက်သော သေက္ခဖြစ်၍ နေပါလဆင် လာသည်ရှိသော် သမ္မာသမ္ဗုဒ္ဓဘုရားအား အသက်ကို စွန့်၏ဟု စကားကို ဖြစ်စေကြကုန်၏၊ သမ္မာသမ္ဗုဒ္ဓဘုရားလည်း ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ အာနန္ဒာသည် ယခုအခါ၌သာလျှင် ငါ့အား အသက်ကို စွန့်သည် မဟုတ်သေး၊ ရှေး၌လည်း ငါ့အား အသက်ကို စွန့်ဖူးသည်သာလျှင် ကတည်းဟု မိန့်တော်မူလတ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သေနကမင်းသည် မင်းပြုသည် ရှိသော် ထိုဗာရာဏသီပြည်၏ အရှေ့မျက်နှာ၌ သာလိန္ဒိယမည်သော ပုဏ္ဏား ရွာသည် ရှိ၏၊ ထိုအခါ ဘုရားလောင်းသည် ထိုရွာ၌ လယ်လုပ်သော ပုဏ္ဏား မျိုး၌ဖြစ်၍ အရွယ်ရောက်သည်ရှိသော် ဥစ္စာကိုဖြစ်စေ၍ ထိုရွာ၏ အရှေ့မြောက် အရပ်ဖြစ်သော တစ်ခုသော ဂါမခေတ်၌ ပယ်တစ်ထောင် အတိုင်းအရှည် ရှိသော လယ်ကို ထွန်စေ၏၊ ဘုရားလောင်းသည် တစ်နေ့သ၌ လူတို့နှင့်တကွ လယ်တောသို့ သွား၍ အမှုကို ပြုကြကုန်လော့ဟု ဆို၍ မျက်နှာသစ်အံ့သောငှါ လယ်၏အစွန်း၌ ကြီးစွာသော ထုံးအိုင်သို့ ကပ်၏၊ ထိုထုံးအိုင်၌ ရွှေအဆင်းနှင့်တူသော အဆင်း ရှိသော တစ်ကောင်သော ပုဇွန်သည် နေ၏၊ အလွန် အဆင်းလှ၏၊ ကြည်ညိုဖွယ် ရှိ၏၊ ဘုရားလောင်းသည် ဒါန်ပူစား၍ ထုံးအိုင်သို့ သက်၏၊ ဘုရားလောင်း မျက်နှာသစ်သောကာလ၌ ပုဇွန်သည် ဘုရားလောင်းအထံသို့ လာ၏၊ ထိုအခါ ဘုရားလောင်းသည် ပုဇွန်ကို ချီ၍ မိမိအပေါ်ရုံ ပုဆိုးကြား၌ အိပ်စေ၍ ယူ၍ လယ်၌ ပြုအပ်သော ကိစ္စကို ပြု၍ သွားသော် ထိုထုံးအိုင်၌ ပုဇွန်ကို ထား၍ အိမ်သို့ သွား၏။ ထိုအခါမှစ၍ လယ်သို့လာသည် ရှိသော် ရှေးဦးစွာ ထိုထုံးအိုင်သို့ သွား၍ ပုဇွန်ကို အပေါ်ရုံ ပုဆိုးကြား၌ အိပ်စေ၍ နောက်မှ အမှုကို စီရင်၏၊ ဤသို့လျှင် ထိုသူတို့အား အချင်းချင်း အကျွမ်းဝင်ခြင်းသည် ဖြစ်၏၊ ဘုရား လောင်းသည် လယ်သို့ မပြတ်လာ၏၊ ဘုရားလောင်း၏ မျက်စိတို့သည် ကား ငါးပါးသော ကြည်ခြင်း ရှိ၏၊ သုံးပါးသော အဝန်း၌ရှိ၏၊ စင်ကြယ်ကုန်သည် ဖြစ်၍ ထင်ကုန်၏၊

ထိုအခါ လယ်၏ အစွန်း၌ တစ်ခုသော ထန်းပင်ဖျား၌ ကျီးသိုက်ဝယ် နေသော ကျီးမသည် ထိုပုဏ္ဏားအား၏ မျက်စိတို့ကို မြင်၍ စားလိုသည်ဖြစ်၍ ကျီးဖိုကို သခင် ငါ့အား ချင်ခြင်းသည် ဖြစ်၏ဟု ပြော၏၊ အဘယ် မည်သော ချင်ခြင်းနည်းဟု မေး၍ ထိုပုဏ္ဏား၏ မျက်စိတို့ကို စားလို၏ဟု ဆို၏၊ သင်၏ ချင်ခြင်းသည် ခဲခက်သော ချင်ခြင်းတည်း၊ ထိုမျက်စိတို့ကို အဘယ် သူသည် ဆောင်ခြင်းငှါ တတ်နိုင်လတ္တံ့နည်းဟု ဆိုသည်ရှိသော် သင်မတတ်နိုင် သလောဟု မေး၏၊ မတတ်နိုင်ဟု ဆို၏၊ ငါသည် ထိုအကြောင်းကို သိ၏၊ ထန် ပင်၏ အနီးဖြစ်သော ဤတောင်ပို့၌ ဒါကြင်မြွေဟောက်သည် နေ၏၊ ထိုမြွေဟောက်ကို ခစားလော၊ ထိုမြွေဟောက်သည် ထိုပုဏ္ဏားကို ကိုက်၍ သေစေလတ္တံ့၊ ထိုအခါ ပုဏ္ဏား၏ မျက်စိတို့ကို ထုတ်၍ ဆောင်ခဲ့လော့ဟု ဆို၏၊ ကျီးဖိုသည် ကောင်းပြီဟု ဝန်ခံ၍ ထိုအခါမှစ၍ မြွေဟောက်ကို ခစား၏၊ ဘုရား လောင်းသည်လည်း ပျိုးသော ကောက်တို့၏ ဖုံးလုံးသော ကာလ၌ ပုဇွန်သည် ကြီး၏၊

ထိုအခါ တစ်နေ့သ၌ မြွေသည် ကျီးကို အဆွေကျီး သင်သည် အဘယ် အကြောင်းကြောင့် မပြတ် ငါ့ကို ခစားသနည်း၊ သင်၏ အဘယ်ကိစ္စကို ပြုရ အံ့နည်းဟု ဆို၏၊ အရှင် သင်တို့၏ ကျွန်မအား တစ်ယောက်သော လယ်ရှင်၏ မျက်စိတို့၌ ချင်ခြင်းသည် ဖြစ်၏၊ ထို့ကြောင့် ငါသည် သင်တို့၏ အာနုဘော် အားဖြင့် ထိုပုဏ္ဏားတို့၏ မျက်စိတို့ကို ရလို၏ဟု ဆို၏၊ မြွေသည် ထိုသို့ဖြစ်စေ၊ ဤအမှုသည် ဝန်မလေးရလတ္တံ့ဟု ထိုကျီးအား သက်သာရာ ရစေ၍ နက်ဖြန်နေ့၌ ပုဏ္ဏားလာရာလမ်း၌ လယ်ကန်သင်းကို မှီ၍ မြက်တို့ဖြင့် ဖုံးလွှမ်း၍ ပုဏ္ဏား၏ လာခြင်းကို မျှော်လျက် အိပ်၏၊ ဘုရားလောင်းသည် လာလတ်သော် ရှေးဦးစွာ ထုံးအိုင်သို့ သက်၍ မျက်နှာသစ်၍ ချစ်ခြင်းကို ဖြစ်စေ၍ ရွှေပုဇွန်ကို ခေါ်၍ အပေါ်ရုံပုဆိုးကြား၌ အိပ်စေ၍ လယ်သို့ဝင်၍ မြွေသည် လာသော ဘုရား လောင်းကို မြင်၍ လျင်စွာပြေး၍ ဖနောင့်သား၌ ကိုက်၍ ထိုအရပ်၌ပင် လဲစေ၍ တောင်ပို့ကိုရည်၍ ပြေး၏၊ ဘုရားလောင်း၏ လဲခြင်းသည်လည်းကောင်း ပုဇွန်၏ပုဆိုးကြားမှ ခုန်ကျခြင်းသည်လည်းကောင်း၊ ကျီးလာ၍ ဘုရားလောင်း၏ ရင်၌နားခြင်းသည်လည်းကောင်း မရှေးမနှောင်း ဖြစ်၏၊ ကျီးသည်နား၍ မျက်စိ တို့ကို နှုတ်သီးဖြင့် ထိုး၏၊ ပုဇွန်သည် ဤကျီးကို မှီ၍ အဆွေခင်ပွန်းအား ဘေးဖြစ်၏၊ ထိုကျီးကို ဖမ်းသည်ရှိသော် မြွေသည် လာလတ္တံ့ဟု ညှပ်ဖြင့် ညှပ်သကဲ့သို့ ကျီး၏ လည်၌ လက်မဖြင့် မြဲစွာညှပ်၍ ပင်ပန်းစေ၍ အတန်ငယ် လျော့၏၊ ကျီးသည် အဆွေမြွေ ငါ့ကိုစွန့်၍ အဘယ့်ကြောင့် ပြေးသနည်း၊ တစ်ကောင်သော ပုဇွန်သည် ငါ့ကို လွန်စွာ ညှဉ်းဆဲ၏၊ အကြင်မျှလောက် မသေသေး၊ ထိုမျှလောက်လျှင် လာလော့ဟု မြွေကို ခေါ်လိုရကား ဤဂါထာကို ဆို၏—

၉၅။ သိင်္ဂီမိဂေါ အာယတစက္ခုနေတ္တော၊
အဋ္ဌိတ္တစော ဝါရိသယော အလောမော။
တေနာဘိဘူတော ကပဏံ ရုဒါမိ၊
ဟရေ သခါ ကိဿ နု မံ ဇဟာသိ။

အိုအဆွေ ပြူးပြူးရှည်စွာ ထွက်သော စက္ခုဟု ဆိုအပ်သော မျက်စိရှိသော အရိုးဟူသော အရေရှိသော ရေ၌အိပ်သော အမွေးမရှိသော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ပုစွန်သည် နှိပ်စက်အပ်သည်ဖြစ်၍ ငါသည် ဆင်းရဲစွာ အထိးကျန်၍ ငိုရ၏။ သင်သည် အဘယ့်ကြောင့်လျှင် ငါ့ကို စွန့်ဘိသနည်း။

မြွေသည် ထိုစကားကို ကြား၍ ကြီးစွာသော ပါးပျဉ်းကို ပြု၍ ကျီးကို သက်သာရာ ရစေ၍ လာ၏၊ ထိုအကြောင်းကို ပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၉၆။ သော ပဿသန္တော မဟတာ ဖဏေန၊
ဘုဇင်္ဂမော ကက္ကဋမဇ္ဈပတ္တော။
သခါ သခါရံ ပရိတာယမာနော၊
ဘုဇင်္ဂမံ ကက္ကဋကော ဂဟေသိ။

ထိုမြွေသည် ကြီးစွာသော ပါးပျဉ်းဖြင့် ထွက်သက်ကို ဖြစ်စေ၍ ပုစွန်ထံသို့ ရောက်လာ၏။ မိမိ၏ အဆွေခင်ပွန်းဖြစ်သော ဘုရားလောင်းကို စောင့်ရှောက်လိုသော ပုစွန်သည် မြွေကို ဖမ်း၏။

ထိုအခါ မြွေသည် ပုစွန်တို့မည်သည်ကား ကျီးသားကိုလည်း မစားကုန်သလျှင်ကတည်း၊ မြွေသားကိုလည်း မစားကုန်သလျှင်ကတည်း၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ငါတို့ကို ဤပုစွန်သည် ဖမ်းသနည်းဟု ကြံ၏၊ ကြံပြီး၍ ပုစွန်ကို မေးလိုရကား ဤဂါထာကို ဆို၏—

၉၇။ န ဝါယသံ နော ပန ကဏှသပ္ပံ၊
ဃာသတ္ထိကော ကက္ကဋကော အဒေယျ။
ပုစ္ဆာမိ တံ အာယတစက္ခုနေတ္တ၊
အထ ကိဿ ဟေတု မှ ဥဘော ဂဟီတာ။

ရှည်သော မျက်စိရှိသော ပုစွန် ပုစွန်မည်သည် စားလိုသည်ဖြစ်၍ ကျီးကို မဖမ်းရာ၊ မြွေဟောက်ကို မယူရာသလျှင်ကတည်း။ ထိုသို့ဖြစ်လျက် အဘယ် အကြောင်းကြောင့် နှစ်ကောင်ကုန်သော ငါတို့ကို ဖမ်းအပ်ကုန်သနည်း။ သင့်ကို မေး၏။

ထိုစကားကို ကြား၍ ပုစွန်သည် ဖမ်းအပ်သော အကြောင်းကို ဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၉၈။ အယံ ပုရိသော မမ အတ္ထကာမော၊
ယော မံ ဂဟေတွာန ဒကာယ နေတိ။
တသ္မိံ မတေ ဒုက္ခမနပ္ပကံ မေ၊
အဟဉ္စ ဧသော စ ဥဘော န ဟောမ။

၉၉။ မမဉ္စ ဒိသွာန ပဝဍ္ဎကာယံ၊ သဗ္ဗော ဇနော ဟိံသိတုမေဝ မိစ္ဆေ။
သာဒုဉ္စ ထူလဉ္စ မုဒုဉ္စ မံသံ၊ ကာကာပိ မံ ဒိသွာ ဝိဟေဌယေယျုံ။

မြွေဟောက် ငါ့ကို ယူ၍ ရေအိုင်သို့ ဆောင်သော ဤယောကျ်ားသည် ငါ၏အကျိုးကို အလိုရှိ၏၊ ထိုယောကျ်ားသည် သေသည်ရှိသော် ငါ့အား များစွာသော ဆင်းရဲသည် ဖြစ်၏၊ ငါသည် လည်းကောင်း၊ ဤယောကျ်ားသည် လည်းကောင်း ဤသို့ နှစ်ယောက်ကုန်သော ငါတို့သည် မဖြစ်ကုန်အံ့။

ကြီးစွာသော ကိုယ်ရှိသော ငါ့ကိုလည်း မြင်၍ ခပ်သိမ်းသော လူသည် ညှဉ်းဆဲခြင်းငှါ သာလျှင် အလိုရှိရာ၏။ ကောင်းသော အသားရှိသည်လည်း ဖြစ်သော ဆူသော အသားရှိသည်လည်း ဖြစ်သော နူးညံ့သော အသားရှိသည်လည်း ဖြစ်သော ငါ့ကို ကျီးတို့သည်လည်း မြင်ကုန်၍ ညှဉ်းဆဲကုန်ရာ၏။

ထိုစကားကို ကြား၍ မြွေသည် တစ်ခုသော ဥပါယ်ဖြင့် ဤပုဇွန်ကို လှည့်စား၍ ကျီးကိုလည်းကောင်း ငါ့ကိုလည်းကောင်း လွှတ်စေအံ့ဟု ကြံ၏၊ ကြံပြီး၍ ပုစွန်ကို လှည့်စားအံ့သောငှါ ဤဂါထာကို ဆို၏—

၁၀၀။ သစေ တဿ ဟေတုမှ ဥဘော ဂဟီတာ၊
ဥဋ္ဌာတု ပေါသော ဝိသမာဝမာမိ။
မမဉ္စ ကာကဉ္စ ပမုဉ္စ ခိပ္ပံ၊ ပုရေ ဝိသံ ဂါဠ္ဟမုပေတိ မစ္စံ။

ထိုယောက်ျား၏ အကြောင်းကြောင့် နစ်ကောင်ကုန်သော ငါတို့ကို အကယ်၍ ဖမ်းကုန်သည်ဖြစ်အံ့ ယောက်ျားသည် ထစေသတည်း ငါသည် အဆိပ်ကို ငင်အံ့၊ ယောက်ျားကို အဆိပ်သည် ပြင်းစွာ မရောက်မီ ငါကိုလည်းကောင်း ကျီးကိုလည်းကောင်း လျင်စွာ လွှတ်လော့။

ထိုစကားကိုကြား၍ ပုစွန်သည် ဤမြွေသည် တစ်ခုသော အကြောင်းဖြင့် နစ်ကောင်ကုန်သော သတ္တဝါတို့ကိုလှန်၍ ပြေးလိ၏၊ ငါ၏ဥပါယ်ကို မသိ၊ ယခု ဤမြွေသည် အကြင်သို့သော အခြင်းအရာအားဖြင့် ပြုသည် ရှိသော် ငါသည် ငါ့ ညှပ်မှုကို အနည်းငယ် လွှတ်၍ ထိုသို့သော အခြင်းအရာအားဖြင့် လက်ကို လျော့အံ့၊ ကျီးကိုလည်း မလွှတ်အံ့ဟု ကြံ၏၊ ကြံပြီး၍ ဤဂါထာကိုဆို၏-

၁၀၁။ သပ္ပံ ပမောက္ခာမိ န တာဝ ကာကံ၊
ပဋိဗန္ဓကော ဟောဟိတိ တာဝ ကာကော၊
ပုရိသဉ္စ ဒိသွာန သုခိံ အရောဂံ၊
ကာကံ ပမောက္ခာမိ ယထေဝ သပ္ပံ။

မြွေကို လွှတ်အံ့၊ ရှေးဦးစွာ ကျီးကို မလွှတ်သေး။ ကျီးသည် ရှေးဦးစွာ ဝန်ခံသူဖြစ်၏၊ ယောက်ျားကိုလည်း ချမ်းသာသည်ကို အနာမရှိသည်ကို မြင်ရသည်ရှိသော် မြွေကို လွှတ်သကဲ့သို့လျှင် ငါသည် ကျီးကို လွှတ်အံ့။

ဤသို့ဆို၍ အဆိပ်ကို ငင်စိမ့်သောငှါ မြွေကို ညှပ်သောလက်မကို လျော့စွာ ပြု၏၊ မြွေသည် အဆိပ်ကိုငင်၍ ဘုရားလောင်း၏ ကိုယ်ကို အဆိပ်မရှိသည်ကို ပြု၏၊ ဘုရားလောင်းသည် ဆင်းရဲကင်းလွတ်သော် ထ၍ ပကတိသော အဆင်းဖြင့်လျှင် ရပ်၏၊ ပုစွန်သည် ဤနစ်ကောင်ကုန်သော သတ္တဝါတို့သည်လည်း အကယ်၍ ရောဂါကင်းသည် ဖြစ်ကုန်အံ့၊ ငါ့အဆွေအား အစီးအပွား မည်သည် မဖြစ်လတ္တံ့။ သတ္တဝါတို့ကို ဖျက်ဆီးအံ့ဟု ကြံ၍ ကတ်ကြေးဖြင့် ကြာစွယ်ကို ဖြတ်သကဲ့သို့ နစ်ကောင်ကုန်သော သတ္တဝါတို့၏ ဦးခေါင်းကို လက်မဖြင့် ဖြတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေ၏၊ ကျီးမသည်လည်း ထိုအရပ်မှ ပြေး၏၊ ဘုရားလောင်းသည် မြွေ၏ကိုယ်ကို လှံကန်ဖြင့်ရစ်၍ တောင်ပို့သို့ချ၏၊ ရွှေပုစွန်ကို ထုံးအိုင်၌လွှတ်၍ ရေချိုး၍ ညအခါ ရွာသို့လျှင် သွား၏၊ ထိုအခါမှစ၍ ရွှေပုစွန်နှင့်တကွ အတိုင်းထက်အလွန် ကျွမ်းဝင်ခြင်းသည် ဖြစ်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍၊ ဇာတ်ကို ပေါင်းတော်မူလိုမှုကား အဆုံးဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

၁၀၂။ ကာကော တဒါ ဒေဝဒတ္တော အဟောသိ၊
မာရော ပန ကဏှသပ္ပေါ အဟောသိ။
အာနန္ဒော ဂိဇ္ဈော အဟောသိ၊
အဟံ တဒါ ဗြာဟ္မဏော ဟောမိ သတ္ထာ။

ရဟန်းတို့ ယခုအခါ၌ ဒေဝဒတ်သည် ထိုအခါ၌ ကျီးဖြစ်ဖူးပြီ။ ယခုအခါ၌ မာရ်သည် ထိုအခါ၌ မြွေဟောက်ဖြစ်ဖူးပြီ။ ယခုအခါ၌ အာနန္ဒာသည် ထိုအခါ၌ ကောင်းသော ပုဏ္ဏန်ဖြစ်ဖူးပြီ။ ယခုအခါ၌ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော ငါသည် ထိုအခါ၌ ပုဏ္ဏားဖြစ်ဖူးပြီ။

သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ များစွာသော ရဟန်းတို့သည် သောတာပန် အစရှိသည်ဖြစ်ကုန်၏၊ ကျီးမကိုကား ဂါထာ၌ မဆိုအပ်၊ ထိုကျီးမသည် စိဉ္စမာဏဝိကာ ဖြစ်၏၊ ဤသို့ မှတ်အပ်၏။

(မိတ်ဆွေအကျိုး၊ ဆောင်သယ်ပိုး၊ သက်ဇိုဝ်း ရှည်မည်သာ။)

သုံးရာရှစ်ဆယ့်ကိုးခုမြောက်သော သုဝဏ္ဏကက္ကဋကဇာတ်သည် ပြီး၏။

## ၃၉၀-မယှကဇာတ်

### မစားရက် လောက်တက်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သကုဏော မယှကော နာမ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမယှကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အာဂန္တုက သူဌေးကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ အာဂန္တုကမည်သော သူဌေးသည်ကြွယ်ဝ၏၊ များစွာသောဥစ္စာ ရှိ၏၊ ထိုသူဌေးသည် ထိုဥစ္စာတို့ကို မိမိလည်း မသုံးဆောင်၊ သူတစ်ပါးတို့အားလည်း မပေး၊ အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်တို့ကို ဆောင်အပ်သည်ရှိသော် ထိုမြတ်သောဘောဇဉ်တို့ကို မသုံးဆောင်၊ ပအုန်းရည်

လျှင် အဖော်ရှိသော ဆန်ကွဲထမင်းကိုသာလျှင် စား၏၊ အမွေးအကြိုင်ဖြင့် ထုံအပ်သော ကာသိတိုင်း၌ဖြစ်သော အဝတ်ကို ဆောင်အပ်သည်ရှိသော် ထိုအဝတ်တို့ကိုပယ်၍ ရှန့်ရင်းသော အဝတ်တို့ကိုသာလျှင် ဝတ်၏၊ အာဇာနည် မြင်းကသော ပတ္တမြားရွှေတို့ဖြင့် ဆန်းကြယ်သောရထားကို ဆောင်အပ်သည် ရှိသော် ထိုရထားကိုပယ်၍ သစ်သားရထားဖြင့် သွား၏၊ ရွှေထီးတို့ကိုဆောင်း အပ်သည်ရှိသော် ထိုရွှေထီးကိုပယ်၍ သစ်ရွက်ထီးကို ဆောင်းသဖြင့် သွား၏။

ထိုအာဂန္တုက သူဌေးသည် အသက်ထက်ဆုံး အလှူအစရှိသော ကောင်းမှုတို့တွင် တစ်ခုသော ကောင်းမှုမျှကိုလည်း မပြုဘဲ သေ၍ ရောရုဝရဲ၌ ဖြစ်၏၊ ထိုသူဌေး၏ ဥစ္စာသည် သားမရှိသော ဥစ္စာတည်းဟု မင်းအိမ်သို့ ခုနစ်နေ့ ခုနစ်ရက်တို့ဖြင့် သွင်း၏၊ ထိုဥစ္စာကို သွင်းပြီးသည်ရှိသော် မင်းသည် နံနက်စာ စားပြီးသော အခါ၌ ဇေတဝန်ကျောင်းတော်သို့ သွား၍ ဘုရားကို ရှိခိုးလျက် နေ၏၊ မြတ်သောမင်းကြီး ငါဘုရားအား ခစားခြင်းကို အဘယ်ကြောင့် မပြုသနည်းဟု မေးသည်ရှိသော် အရှင်ဘုရား သာဝတ္ထိမြို့၌ အာဂန္တုကအမည်ရှိသောသူဌေးသည် သေ၍ အရှင်မရှိသော ဥစ္စာတို့ကို အကျွန်ုပ်တို့၏ အိမ်သို့ ဆောင်သော အကျွန်ုပ်အား ခုနစ်နေ့ ခုနစ်ရက်တို့သည်- လွန်ကုန်၏။ ထိုသူဌေးသည်ကား ဤဥစ္စာတို့ကိုရ၍ မိမိလည်း မသုံးဆောင်၊ သူတစ်ပါးအားလည်း မပေး၊ ထိုသူဌေး၏ ဥစ္စာသည် ရက္ခိုသ်စောင့်သော ရေကန်နှင့် တူ၏၊ ထိုသူဌေးသည် တစ်နေ့မှလည်း မြတ်သောဘောဇဉ် အစရှိသည်တို့၏ အရသာကို မခံစားမူ၍လျှင် သေမင်း၏ ခံတွင်းသို့ ဝင်း၏။ ဤသို့ ဝန်တိုသော နည်းသော ဘုန်းရှိသော သတ္တဝါသည် အဘယ်ကို ပြု၍လျှင် ဤမျှလောက်သော ဥစ္စာကိုရသနည်း၊ အဘယ်ကြောင့်ကား ထိုသူဌေး၏စိတ်သည် စည်းစိမ်တို့၌ မမွေ့လျော်သနည်းဟု မြတ်စွာဘုရားကို လျှောက်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် မြတ်သောမင်းကြီး ဥစ္စာရခြင်းကို လည်းကောင်း၊ ဥစ္စာကိုရ၍ မသုံးဆောင်ရသော အဖြစ်ကို လည်းကောင်း ထိုသူဌေးသည်လျှင် ပြု၏ဟု မိန့်တော်မူ၍ ကောသလမင်းသည် တောင်းပန် အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဗာရာဏသီ သူဌေးသည် သဒ္ဓါခြင်းမရှိ ဝန်တို၏၊ တစ်စုံတစ်ယောက်သော သူအား တစ်စုံတစ်ခုသော ဝတ္ထုကို မပေး၊ တစ်စုံတစ်ယောက်သော သူ၏ အလိုကိုမလိုက်၊ ထိုသူဌေးသည် မင်းအားခစားအံ့သောငှါသွားသည်ရှိသော် ဆွမ်း အလို့ငှါလာသော တဂ္ဂရသိခီမည်သော ပစ္စေကဗုဒ္ဓါကို မြင်၍ရှိခိုး၍ အရှင်ဘုရား

ဆွမ်းရပါ၏လောဟု မေး၍ သူဌေးကြီး ရလတ္တံ့ဟူ၍ လုံလည်၏ဟု ဆိုသည် ရှိသော် အချင်းယောကျ်ားကို သားစေ၍ ဤပစ္စေကဗုဒ္ဓါကို ငါတို့အိမ်သို့ပင့်၍ ငါ၏ပလ္လင်၌ နေစေ၍ ငါတို့ဖို့ စီရင်အပ်သော ထမင်းဖြင့် သပိတ်ကို ပြည့်စေ၍ လှူချေလော့ဟု စေလေ၏၊ ထိုယောကျ်ားသည် ပစ္စေကဗုဒ္ဓါကို ထိုအိမ်သို့ပင့်၍ နေစေ၍ သူဌေးမယားအား ကြား၏၊ သူဌေးမယားသည် အထူးထူးမြတ်သော အရသာရှိသော ဆွမ်းဖြင့် သပိတ်ကို ပြည့်စေ၍ တဂ္ဂရသိခီပစ္စေကဗုဒ္ဓါအား လှူ၏၊ ပစ္စေကဗုဒ္ဓါသည် ဆွမ်းကိုယူ၍ သူဌေးအိမ်မှထွက်၍ ခရီးအလယ်၌ သွား၏၊ သူဌေးသည် မင်းအိမ်မှ ပြန်သည်ရှိသော် ပစ္စေကဗုဒ္ဓါကို မြင်၍ ရှိခိုး၍ အရှင်ဘုရား ဆွမ်းရပါ၏လောဟု လျှောက်၏၊ သူဌေးကြီး ရ၏ဟု ဆို၏၊ သူဌေးကြီးလည်း ဆွမ်းကို ကြည့်၍ စိတ်ကို ကြည်ညို စေခြင်းငှါ မတတ်နိုင်၊ ငါသည် ဤထမင်းကို ကျွန်တို့ကို လည်းကောင်း, အမှုလုပ် သောသူတို့ကို လည်းကောင်း စားစေရသည်ရှိသော် ခက်သော အမှုကို လည်း ပြုကုန်ရာ၏၊ ငါအား ရှုံးစွတကားဟု အပရစေတနာကို ပြည့်စုံစွာပြုအံ့ သောငှါ မတတ်နိုင်၊ ထိုစကားသည် မှန်၏၊ အလှူမည်သည်ကား သုံးပါးသော စေတနာကို ပြုအံ့သောငှါ တတ်နိုင်သော သူအားသာလျှင် အကျိုးကြီး၏၊ "အလှူကို မလှူမီ ရေး၌သာလျှင် ကောင်းသောစိတ်ရှိသည်ဖြစ်၍ လှူရာ၏၊ လှူစဉ် စိတ်ကို ကြည်ညိုခြင်းကိုဖြစ်စေရာ၏၊ လှူပြီး၍ ဝမ်းမြောက်ခြင်းကိုဖြစ်စေရာ၏"၊ ဤသည်ကား ကောင်းမှု၏ ပြည့်စုံခြင်းတည်း၊ မြတ်သောမင်းကြီး အာဂန္တုက သူဌေးသည် တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါအား လှူသော အကြောင်းကြောင့် များစွာသော ဥစ္စာကိုရ၏၊ အပရစေတနာကို မြတ်သည်ကို ပြုအံ့သောငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် စည်းစိမ်ကို သုံးဆောင်အံ့သောငှါ မတတ်နိုင်ဟု ဟောတော်မူ၏။

ဘုန်းတော်ကြီးသော အရှင်ဘုရား သားကိုကား အဘယ့်ကြောင့် မရသနည်းဟု လျှောက်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် မြတ်သောမင်းကြီး သားမရခြင်း၏ အကြောင်းကိုလည်း ထိုသူပင်လျှင် ပြုအပ်၏ဟု မိန့်တော်မူ၍ ကောသလမင်း သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် မိဘတို့ လွန်လဖြင့် ညီကို သင်္ဂြိုဟ် ထောက်ပံ့၍ ဥစ္စာကိုစီရင်၍ အိမ်တံခါး၌ အလှူတင်းကုပ် ဆောက်၍ အလှူကို ဖြစ်စေလျက် အိမ်၌ နေ၏၊ ထိုအခါ ဘုရားလောင်းအား တစ်ယောက်သော သားကို ဖွား၏

ဘုရားလောင်းသည် ထိုသား ခြေဖြင့် သွားတတ်သော ကာလ၌ ကာမတို့၏ အပြစ်ကိုလည်းကောင်း, တောထွက်ခြင်း၌ အကျိုးကိုလည်းကောင်း မြင်၍ သားမယားတို့ကိုလည်းကောင်း,အလုံးစုံသော အိမ်၌ရှိသော ဥစ္စာတို့ကိုလည်းကောင်း ညီအား ဆောက်နှင်း၍ မမေ့မလျော့ အလျှုကို ဖြစ်စေလော့ဟု ဆုံးမ၍ ရသေ့ ရဟန်းပြု၍ အဘိညာဉ်တို့ကိုလည်းကောင်း,သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ဟိမဝန္တာအရပ်၌ နေ၏၊ ဘုရားလောင်း၏ ညီသည်လည်း သားတစ်ယောက်ကို ရ၏၊ ထိုသူဌေးသည် သားကြီးသည်ကို မြင်၍ ငါ့အစ်ကို သားသည် အသက်ရှည်သည် ရှိသော် ဥစ္စာကို နှစ်စုခွဲရသည် ဖြစ်လတ္တံ့၊အစ်ကို သားကို သတ်အံ့ဟု ကြံ၏၊ ကြံပြီး၍ အစ်ကိုသားကို တစ်နေ့သ၌မြစ်၌ နှစ်၍ သတ်၏၊ ရေချိုး၍ လာသော ထိုသူဌေးကို အစ်ကိုမယားသည် ငါ့သားအဘယ်မှာနည်းဟု မေး၏၊ မြစ်၌ ရေကစား၏၊ ထိုအခါ သူငယ်ကို ရှာသည်ရှိသော် မမြင်ဟု ဆို၏၊ အစ်ကို၏ မယားသည် ငိုကြွေး မြည်တမ်း၍ ဆိတ်ဆိတ်နေ၏။

ဘုရားလောင်းသည် ထိုအကြောင်းကိုသိ၍ ဤအမှု ထင်စွာပြုအံ့ဟု ကောင်းကင်ဖြင့် လာ၍ ဗာရာဏသီပြည်၌ သက်၍ ကောင်းစွာ ဝတ်ရုံအပ်သည် ဖြစ်၍ ထိုသူဌေးအိမ်တံခါး၌ ရပ်၍ အလျှုတင်းကုပ်ကိုလည်း ဤသူယုတ်သည်ဖျက်ဆီးအပ်၏ဟု ကြံ၏၊ ညီသည်လည်း ဘုရားလောင်းလာသောအဖြစ်ကို သိ၍ လာလတ်၍ဘုရားလောင်းကိုရှိခိုး၍ ပြာသာဒ်သို့တင်၍ ကောင်းသောဘောဇဉ်ကို ကျွေး၏၊ ဘုရားလောင်းသည် ဆွမ်းစားပြီးသော ကိစ္စ၏အဆုံး၌ ချမ်းသာစွာသောစကားဖြင့် နေလျက် သူငယ်သည် မထင်၊ သူငယ်သည် အဘယ်သို့ သွားသနည်းဟု မေး၏၊ အရှင်ဘုရား သေ၏ဟု ဆိုသည်ရှိသော် အဘယ်အကြောင်းကြောင့် သေသနည်းဟု မေး၏၊ ရေကစားရာ၌ ဤမည်သော အကြောင်းကြောင့် သေသည်ဟူ၍ မသိဟု ဆို၏၊ ယုတ်မာသော ယောက်ျား သင်သည် အဘယ်မှာ သိလတ္တံ့နည်း၊ သင်ပြုအပ်သော အမှုသည် ငါ့အား ထင်သည် မဟုတ်လော၊ သင်သည် ဤမည်သောအကြောင်းကြောင့် ထိုသူငယ်ကို သတ်သည်မဟုတ်လော၊ သင်သည် မင်းအစရှိသည်တို့၏ အစွမ်းအားဖြင့် ဖျက်ဆီးအပ်သော ဥစ္စာကို စောင့်ရှောက်ခြင်းငှါ တတ်နိုင်လတ္တံ့လော၊ မယှကငှက်၏လည်းကောင်း, သင်၏လည်းကောင်း ထူးသောအကြောင်းသည် အဘယ်သို့ ရှိသနည်းဟု ဆို၍ ထို့နောင်မှ ဘုရားလောင်းသည် ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် ထိုသူဌေးအား တရားဟောလိုသည်ဖြစ်၍ ဤဂါထာတို့ကို ဆို၏။

၁၇၃။ သကုဏော မယှကော နာမ၊ ဂိရိသာနုဒရီစရော။
ပက္ကံ ပိပ္ဖလိမာရုယှ၊ "မယှံ မယှံ"န္တိ ကန္ဒတိ၊

၁၀၄။ တဓဿာဝံ ဝိလပန္တဿ၊ ဒိဇဿဿ သမာဂတာ။
ဘုတ္တွာန ပိပ္ပလိံ ယန္တိ၊ ဝိလပတေ္တဝ သော ဒိဇော။

၁၀၅။ ဝေမေဝ ဣဓမေကစ္စော၊ သဉ်ရိတွာ ဗဟုံ ဓနံ။
နေဝတ္တနော န ဉာတီနံ၊ ယထောဓိံ ပဋိပဇ္ဇတိ။

၁၀၆။ န သော အစ္ဆာဒနံ ဘတ္တံ၊ န မာလံ န ဝိလေပနံ။
နာနုဘောတိ သကိံ ကိဉ္စိ၊ န သင်္ဂဏှာတိ ဉာတကေ။

၁၀၇။ တဿေဝံ ဝိလပန္တဿ၊ "မယှံ မယှံ"န္တိ ရက္ခတော။
ရာဇာနော အထ ဝါ စောရာ၊ ဒါယာဒါ ယေဝ အပ္ပိယာ။
ဓနမာဒါယ ဂစ္ဆန္တိ၊ ဝိလပတေ္တဝ သော နရော။

၁၀၈။ ဓီရော ဘောဂေ အဓိဂမ္မ၊ သင်္ဂဏှာတိ စ ဉာတကေ။
တေန သော ကိတ္တိံ ပပ္ပောတိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။

တောင်လျှဉ်တောင်ဝှမ်း ချောက်ကြား၌ ကျက်စားသော မယုကမည်သော ငှက်သည် အသီးမှည့်ညောင်ကြွတ်ပင်သို့တက်၍ "ငါ့ဥစ္စာ ငါ့ဥစ္စာ"ဟူ၍ မြည်၏။

ထိုငှက်၏ မြည်တမ်းစဉ်မှာပင် ငှက်အပေါင်းတို့ စည်းဝေးကုန်၍ ညောင်ကြွတ်သီးစား၍ ပျံကြကုန်၏။ ထိုငှက်သည် မြည်တမ်းသလျှင်တည်း။

ဤအတူလျှင် ဤလောက၌ အချို့သောသူသည် များစွာသော ဥစ္စာကို စုရုံး၍ မိမိလည်း မသုံးဆောင်၊ ဆွေမျိုးတို့အားလည်း မပေး။ အစုအလျောက် မကျင့်။

ထိုသူသည် အဝတ်အနှံကို မသုံးဆောင်၊ ထမင်းကို မသုံးဆောင်၊ ပန်းကို မသုံးဆောင်၊ နံ့သာပျောင်းကို မသုံးဆောင်၊ တစ်ကြိမ်မျှလည်း တစ်စုံတစ်ခုကို မသုံးဆောင်၊ ဆွေမျိုးတို့ကိုလည်း မထောက်ပံ့။

"ငါ့ဥစ္စာ ငါ့ဥစ္စာ"ဟူ၍ မြည်တမ်းလျက် စောင့်သော ထိုသူ၏လုံင် ဥစ္စာကို မချစ်အပ်ကုန်သော အကြင်အမွေခံတို့သည်လည်းကောင်း၊ မင်းတို့သည်လည်းကောင်း၊ ခိုးသူတို့သည်လည်းကောင်း ဥစ္စာကိုယူ၍ သွားကုန်၏။ ထိုသူသည် မြည်တမ်းရုံသာတည်း။

ပညာရှိသောသူသည် ဥစ္စာတို့ကိုရ၍ ဆွေမျိုးတို့ကို ထောက်ပံ့၏။ ထိုအကြောင်းကြောင့် ထိုပညာရှိသည် ကျော်စောခြင်းသို့ ရောက်၏။ တမလွန်ဘဝ၌ နတ်ပြည်၌ မွေ့လျော်ရ၏။

ဤသို့ ဘုရားလောင်းသည် သူဌေးအား တရားဟော၍ အလှူကို ပကတိရှိသည်ကို ပြုစေ၍ ဟိမဝန္တာ အရပ်သို့သာလျှင် သွား၍ မယုတ်သော ဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လားလေ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ မြတ်သောမင်းကြီး ဤသို့လျှင် အာဂန္တုကသူဌေးသည် အစ်ကိုသားအား သတ်အပ်သည်၏အဖြစ်ကြောင့် ဤမျှလောက်သော ကာလပတ်လုံး သားသမီးကို မရဟုမိန့်တော်မူ၍ ယခုအခါ အာဂန္တုက သူဌေးလည်း ထိုအခါ ညီဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အစ်ကိုဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ပေးချင် လှူချင်၊ ပညာရှင်၊ ပေါ်ထင် နတ်တို့ရွာ။)

သုံးရာကိုးဆယ်ခုမြောက်သော မယှကဇာတ်သည် ပြီး၏။

---

၃၉၁-ဝိဇ္ဇာဓရဇာတ်

ဝိဇ္ဇာဓိုရ်မျာ ကြာခိုခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဒုဗ္ဗဏ္ဏရူပ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝိဇ္ဇာဓရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လောက၏ အကျိုးငှါ ကျင့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုသည် မဟာကဏှဇာတ်၌ ထင်ရှားစွာဖြစ်လတ္တံ့။) ထိုအခါ၌ကား သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရားသည် ယခုအခါ၌သာလျှင် လောက၏ အကျိုးငှါ ကျင့်ခြင်းကို ကျင့်သည် မဟုတ်သေး၊ ရှေး၌လည်း ငါဘုရားသည် လောက၏ အကျိုးငှါ ကျင့်ခြင်းကို ကျင့်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားဖြစ်၏၊ ထိုအခါ ဝိဇ္ဇာဓိုရ်တစ်ယောက်သည် မန္တရားကိုမန်း၍ သန်းခေါင်ယံ၌ လာလတ်၍ ဗာရာဏသီမင်း၏ မိဖုရားနှင့်တကွ မွေ့လျော်၍၊ မိဖုရား၏ အလုပ်အကျွေးတို့သည် သိကုန်၏၊ ထိုမိဖုရားသည် မိမိအလိုလိုသာလျှင် မင်းသို့ကပ်၍ 'အရှင်မင်းကြီး' တစ်ယောက်သော ယောကျ်ားသည် သန်းခေါင်ယံ အခါ၌ ကျက်သရေ တိုက်ခန်းသို့ဝင်၍ အကျွန်ုပ်ကို ဖျက်ဆီး၏ဟု ဆို၏၊ တစ်စုံတစ်ခုသော အမှတ်ကို ပြုအံ့သောငှါ တတ်နိုင်လတ္တံ့လောဟု မေး၏၊ အရှင်မင်းကြီး တတ်နိုင်၏ဟု ဆို၍ ထိုမိဖုရားလည်း ဟင်္သပဒါးစေ့နွက်ကို ဆောင်စေ၍ ညဉ့်အခါ၌ လာ၍ မွေ့လျော်၍သွားသော ယောကျ်ား၏ကျော၌ လက်ငါးချောင်းရာပေး၍ စောစောကလျှင် မင်းအားကြား၏၊ မင်းသည် လူတို့အား သွားကြကုန်လော၊ အရပ်တို့၌ကြည့်၍ ဟင်္သပဒါး လက်ငါးချောင်းရာရှိသော ယောကျ်ားကို ဖမ်းကြကုန်လော့ဟု စေ၏၊ ဝိဇ္ဇာဓိုရ်သည်လည်း ညဉ့်အခါ၌ လွန်ကျူးသော အကျင့်ကို ကျင့်၍ နေ့အခါ၌ သုသာန်၌ နေကိုရှိခိုးလျက် ခြေတစ်ဘက်ဖြင့် ရပ်၍နေ၏၊ မင်းချင်းတို့သည် ထိုဝိဇ္ဇာဓိုရ်ကိုမြင်၍ ခြံရံကုန်၏၊ ဝိဇ္ဇာဓိုရ်သည် ငါ၏ အမှုသည် ထင်သည်ဖြစ်၏၊ မန္တရားကို မန်း၍ ကောင်းကင်သို့ ပျံ၍သွား၏၊ မင်းသည် ထိုသူတို့ကို မြင်၍ ရောက်လာသော ယောကျ်ားတို့ကို မြင်ကြကုန်၏လောဟု မေး၏၊ မြင်ကုန်၏ဟု ဆို၏၊ ထိုသူကား အဘယ်အမည်ရှိသော သူနည်းဟု မေး၏၊ ရှင်မင်းကြီး ရဟန်းတည်း၊ ထိုရဟန်းသည် ညဉ့်အခါ၌ လွန်ကျူးသောအကျင့်ကို ကျင့်၍ နေ့အခါ ရဟန်းအသွင်ဖြင့် နေ၏ဟုဆို၏။

မင်းသည် ရဟန်းတို့သည် နေ့အခါ ရဟန်းအသွင်ဖြင့် ကျင့်၍ ညဉ့်အခါ လွန်ကျူးသောအကျင့်ကို ကျင့်ကြကုန်၏ဟု ရဟန်းတို့အား အမျက်ထွက်၍ မှားသောအယူကို ယူ၍ ငါ၏ နိုင်ငံမှ ခပ်သိမ်းကုန်သော ဤရဟန်းတို့သည် ပြေးစေကုန်သတည်း၊ မြင်တိုင်းမြင်တိုင်းသော အရပ်၌ မင်းဒဏ်ပြုကုန်လတ္တံ့ဟု စည်သည်စေ၏၊ ခပ်သိမ်းကုန်သော ရဟန်းတို့သည် ယူဇနာ သုံးရာ အတိုင်းအရှည်ရှိသော ကာသိတိုင်းမှ ပြေးကုန်၍ တပါးသော မင်းနေပြည်သို့ သွားကြကုန်၏၊ အလုံးစုံသော ကာသိတိုင်း၌ နေကုန်သော လူတို့အား အဆုံးအမကို ပေးတတ်သော တရားစောင့်သော တစ်ယောက်သော ရဟန်း ပုဏ္ဏားမျှလည်း မရှိသည်ဖြစ်၏၊ အဆုံးအမကို မရကုန်သော် လူတို့သည် ကြမ်းကြုတ်ကုန်သည် ဖြစ်ကုန်၏၊ အလှူသီလတို့မှ လွှဲကုန်၏၊ သေတိုင်း သေတိုင်းကုန်သော လူတို့သည် များသောအားဖြင့် အပါယ်တို့၌ ဖြစ်ကုန်၏။

နတ်ပြည်၌ ဖြစ်သော သူဘို့မည်သည် မရှိကုန်၊ သိကြားမင်းသည် အသစ် ဖြစ်ကုန်သော နတ်သားတို့ကို မမြင်၍ အကြောင်း အဘယ်နည်းဟု ဆင်ခြင်လတ်သော် ဝိဇ္ဇာမိုရ်ကို မှီ၍ ဗာရာဏသီမင်းသည် အမျက်ထွက်သဖြင့် မှားသော အယူကို ယူ၍ ရဟန်းတို့အား တိုင်းနိုင်ငံမှ နှင်ထုတ်သည်၏ အဖြစ်ကို သိ၍ ငါ့ကိုထား၍ ငါမှ ပစ်ပါးသော ဤမင်း၏ မှားသော အယူကို ဖျက်ဆီးအံ့သောငှါ စွမ်းနိုင်သောသူ မည်သည် မရှိ၊ မင်း၏လည်းကောင်း၊ တိုင်းနိုင်ငံသူတို့၏လည်းကောင်း ကိုးကွယ်ရာ ဖြစ်အံ့ဟု ကြံ၍ နန္ဒမူလိုဏ်၌ ပစ္စေကဗုဒ္ဓါတို့၏ အထံသို့ သွား၍ ရှိခိုး၍ အရှင်ဘုရားတို့ အကျွန်ုပ်အား တစ်ပါးသောသံဃာ့ထေရ် ဖြစ်သော ပစ္စေကဗုဒ္ဓါကို ပေးပါကုန်လော့၊ ကာသိတိုင်းကို ကြည်ညိုစေအံ့ဟု ဆို၍ သိကြားမင်းသည် သံဃာ့ထေရ်ကိုလျှင် ရ၍ သွား၏။ ထိုအခါ ထိုပစ္စေကဗုဒ္ဓါ၏ သပိတ်သင်္ကန်းကို ယူ၍ ပစ္စေကဗုဒ္ဓါကို ရှေ့မှ ကြွစေ၍ မိမိ နောက်မှ လိုက်၍ ဦးခေါင်း၌ လက်အုပ်ကို ထား၍ ပစ္စေကဗုဒ္ဓါကို ရှိခိုးလျက် မြတ်သော အဆင်းကို ဆောင်သော လုလင်ငယ် ဖြစ်၍ မြို့၏ ထိပ်ဖြင့် သုံးကြိမ်လှည့်၍ မင်းအိမ်တံခါးသို့ သွား၍ ကောင်းကင်၌ ရပ်၏။ အမတ်တို့သည် မြတ်သော မင်းကြီး အလွန် အဆင်းလှသော လုလင်ငယ်သည် ရဟန်းတစ်ပါးကို ပင့်၍ မင်းအိမ်တံခါးဝယ် ကောင်းကင်၌ ရပ်၏ဟု မင်းအား ကြားကုန်၏၊ မင်းသည် နေရာမှ ထ၍ ခြင်္သေ့ခံသော ပြတင်း၌ ရပ်၍ လုလင် သင်သည် အလွန် အဆင်း လှသည် ဖြစ်လျက် အဘယ့်ကြောင့် အဆင်း မလှသော ထိုရဟန်း၏ သပိတ် သင်္ကန်းကို ယူ၍ ရှိခိုးလျက် တည်သနည်းဟု သိကြားမင်းနှင့်တကွ စကား ပြောလိုရကား ဤဂါထာကို ဆို၏–

၁၀၉။ ဒုဗ္ဗဏ္ဏရူပံ တွံ'ဝ မရိယဝဏ္ဏီ၊
ပုရက္ခတွာ ပဉ္စလိကော နမဿသိ။
သေယျော နု တေ သော ဥဒါဟု သရိက္ခော၊
နာမံ ပရဿတ္တနော စာပိ ဗြူဟိ။

လုလင် သင်သည် ကောင်းသော အဆင်းရှိသည် ဖြစ်လျက် အဆင်းမလှသော ရဟန်းကို ရှေ့ထား၍ လက်အုပ်ချီလျက် ရှိခိုး၏။ ထိုရဟန်းသည် သင့်ထက် မြတ်သလော။ ထိုသို့ မဟုတ်မူကား တူသလော။ ရဟန်း၏ လည်းကောင်း၊ မိမိ၏ လည်းကောင်း အမည်ကို ဆိုပါလော့။

ထိုအခါ ထိုမင်းကြီးကို သိကြားမင်းသည် မြတ်သော မင်းကြီး ရဟန်း မည်သည်ကား အရိုအသေ ပြုအပ်သော အရာ၌ တည်၏၊ အကြင် အမည်ဖြင့် ခေါ်ဝေါ်ခြင်းငှါ မရ၊ ငါ့အား အကြင်အမည်သည် ရှိ၏၊ ထိုအမည်ကို သင့်အား ဆိုအံ့ဟု ဆိုလို၍ ဤဂါထာကို ဆို၏–

၁၁၀။ န နာမဂေါတ္တံ ဂဏှန္တိ ရာဇ၊ သမ္မဂ္ဂတာ'နုဇ္ဇုဂတာန ဒေဝါ။
အဟဥ္စ တေ နာမဓေယျံ ဝဒါမိ၊ သက္ကော ဟမသ္မိ တိဒသာနမိန္ဒော။

မင်းမြတ် အရဟတ္တဖိုလ်သို့ ရောက်ကုန်ပြီးသော အင်္ဂါကမဂ်ဖြင့် နိဗ္ဗာန်သို့ ဖြောင့်စွာ ရောက်ကုန်ပြီးသော ဝိသုဒ္ဓိနတ်တို့၏ အမည်အနွယ်ကို ဥပပတ္တိနတ်တို့သည် မယူကုန်။ ငါသည်လည်း ငါ၏ အမည်ကို သင့်အား ဆိုအံ့။ ငါသည် တာဝတိံသာနတ်တို့ကို အစိုးရသော သိကြားသည် ဖြစ်၏။

၁၁၁။ ယော ဒိသွာ ဘိက္ခုံ စရဏူပပန္နံ၊ ပုရက္ခတွာ ပဉ္စလိကော နမဿတိ။
ပုစ္ဆာမိ တံ ဒေဝရာဇေ'တမတ္ထံ၊ ဣတော စုတော ကိံ လဘတေ သုခံသော-

ဟူသော သုံးခုမြောက်သော ဤဂါထာဖြင့် ရဟန်းတို့အား ရှိခိုးခြင်း၏ အကျိုးကို မေး၏။

သိကြားမင်း သီလအကျင့်နှင့် ပြည့်စုံသော ရဟန်းကို မြင်၍ ရှေ့ထား၍ လက်အုပ်ချီလျက် ရှိခိုးသူသည် ဤဘဝမှ စုတေသည်ရှိသော် အဘယ်ချမ်းသာကို ရသနည်း၊ ငါသည် ထိုအကြောင်းကို သင့်အား မေး၏။

သိကြားမင်းသည် ဤဂါထာဖြင့် ရှိခိုးခြင်း၏အကျိုးကို ဆို၏။

၁၁၂။ ယော ဒိသွာ ဘိက္ခုံ စရဏူပပန္နံ၊ ပုရက္ခတွာ ပဉ္စလိကော နမဿတိ။
ဒိဋ္ဌေဝ ဓမ္မေ လဘတေ ပသံသံ၊ သဂ္ဂဉ္စ သော ယာတိ သရီရဘေဒါ။

မင်းမြတ် သီလအကျင့်နှင့်ပြည့်စုံသော ရဟန်းကို ရှေ့ထား၍ လက်အုပ်ချီလျက် ရှိခိုးသော သူသည် မျက်မှောက်သော ကိုယ်၏အဖြစ်၌လျှင် ချီးမွမ်းခြင်းကို ရ၏။ ခန္ဓာကိုယ်ပျက်သည်မှ နောက်၌ နတ်ပြည်သို့လည်း ရောက်၏။

မင်းသည် သိကြားမင်း၏ စကားကို ကြား၍ မိမိမှားသော အယူကို ဖျက်၍ နှစ်သက်သော စိတ်ရှိရကား ဤဂါထာကို ဆို၏—

၁၁၃။ လက္ခီ ဝတ မေ ဥဒပါဒိ အဇ္ဇ၊ ယံ ဝါသဝံ ဘူတပတိ'ဒ္ဒသာမ။
ဘိက္ခုဉ္စ ဒိသွာန တုဝဉ္စ သက္က၊ ကာဟာမိ ပုညာနိ အနပ္ပကာနိ။

သိကြားမင်း စင်စစ် ငါ့အား ဘုန်းကျက်သရေသည် ထင်ရှား ဖြစ်၏။ နတ်တို့ကို အစိုးရသော သိကြားမင်းကိုလည်း မြင်ကုန်၏။ ရဟန်းကိုလည်း ကောင်း၊ သင်သိကြားမင်းကိုလည်းကောင်း မြင်၍ ငါသည် များစွာကုန်သော ကောင်းမှုတို့ကို ပြုအံ့။

ထိုစကားကို ကြား၍ သိကြားမင်းသည် ပညာရှိသော မင်းကို ချီးမွမ်းလိုရကား ဤဂါထာကို ဆို၏—

၁၁၄။ အဒ္ဓါ ဟဝေ သေဝိတဗ္ဗာ သပညာ၊ ဗဟုဿုတာ ယေ ဗဟုဌာနစိန္တိနော။ ဘိက္ခုဉ္စ ဒိသွာန မမဉ္စ ရာဇ၊ ကရောဟိ ပုညာနိ အနပ္ပကာနိ။

မင်းမြတ် စင်စစ် သဒ္ဓါခြင်းရှိကုန်သော ပညာရှိကုန်သော များစွာသော အကြားအမြင်ရှိကုန်သော များစွာကုန်သော အကြောင်းတို့ကို ကြံခြင်းငှါ စွမ်းနိုင်ကုန်သော သူတို့ကို မှီဝဲအပ်ကုန်၏။ ရဟန်းကိုလည်းကောင်း ငါ့ကိုလည်းကောင်း မြင်၍ များစွာကုန်သော ကောင်းမှုတို့ကို ပြုလော့။

ထိုစကားကို ကြား၍ မင်းသည် ဤဂါထာကို ဆို၏—

၁၁၅။ အက္ကောဓနော နိစ္စပသန္နစိတ္တော၊ သဗ္ဗာတိထီယာစယောဂေါ ဘဝိတွာ။ နိဟစ္စ မာနံ အဘိဝါဒယိဿံ၊ သုတွာန ဒေဝိန္ဒ သုဘာသိတာနိ။

သိကြားမင်း ကောင်းစွာဆိုအပ်ကုန်သော သိကြားမင်း၏ စကားတို့ကို နာရ၍ အမျက်မထွက်သည်ဖြစ်၍ အမြဲ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းကုန်သော ဧည့်သည်အာဂန္တုတို့၏ တောင်းအပ်သော အဖြစ်နှင့် ယှဉ်သည်ဖြစ်၍ မထိပါးသော စိတ်ရှိသည်ဖြစ်၍ မာနကို ချ၍ ရှိခိုးအံ့။

ဤသို့ ဆို၍လည်း ပြာသာဒ်မှ သက်၍ ပစ္စေကဗုဒ္ဓါကို ရှိခိုး၍ တင့်အပ်သော အရပ်၌ နေ၏။ ပစ္စေကဗုဒ္ဓါသည် ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့် နေ၍ မြတ်သော မင်းကြီး ညဥ့်အခါ သင်၏နန်းတွင်း၌ ဖြစ်ပွားသော သူသည် ဝိဇ္ဇာဓိုရ်တည်း၊ ရဟန်းမဟုတ်၊ သင်သည် ဤနေ့မှစ၍ လောကသည် အချည်းနှီးမဟုတ်၊ တရားစောင့်ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကုန်၏ဟု သိ၍ အလှူပေးလော့၊ သီလဆောက်တည်လော့၊ ဥပုသ်သုံးလော့ဟု မင်းကို ဆို၏။ သိကြားမင်းသည်လည်း သိကြား၏ အာနုဘော်ဖြင့် ကောင်းကင်၌ ရပ်၍ ဤနေ့မှစ၍ မမေ့မလျော့ဖြစ်ကြကုန်လောဟု မြို့သူတို့အား အဆုံးအမကို ပေး၍ ပြေးကုန်သော ရဟန်းပုဏ္ဏားတို့အား လာစေကုန်သတည်းဟု စည်လည်စေ၏၊ ထိုအခါ နှစ်ပါး

ကုန်သော ပစ္စေကဗုဒ္ဓါသိကြားတို့သည်လည်း မိမိနေရာသို့လျှင် သွားကုန်၏၊မင်းသည် ပစ္စေကဗုဒ္ဓါ၏ အဆုံးအမဥ္စတည်၍ အလှူအစရှိသောကောင်းမှုဘို့ကို ပြု၏။

**ဇာတ်ပေါင်း**

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါ ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန်စံတော်မူပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သိကြားမင်းဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဝိဇ္ဇာဓိုရ်ကြောင့် သာဝနာပျက်ရခြင်း။)

**သုံးရာကိုးဆယ့်တစ်ခုမြောက်သော ဝိဇ္ဇာဓရဇာတ်သည် ပြီး၏။**

## ၃၉၂-သိင်္ဃပုပ္ဖဇာတ်

**လက်နှိုးစုတ်မှာ ဘပ်၍ မပေကျ်နိုင်**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ယမေတံ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသိင်္ဃပုပ္ဖဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မတင်ရှားသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် ဇေတဝန်ကျောင်းတော်မှ ထွက်၍ ကောသလတိုင်း၌ တစ်ခုသော တောကျေးမြို့၌ နေသည်ရှိသော် တစ်နေ့သ၌ ပဒုမာအိုင်သို့ သက်၍ ကောင်းစွာပွင့်သော ပဒုမာကို မြင်၍ လေကြောင်း၌ရပ်၍ အနံ့ကိုခံ၏။ ထိုအခါ ထိုရဟန်းကို ထိုတော၌ စောင့်သော နတ်သမီးသည် ဆင်းရဲကင်းသော ရှင်ရဟန်း ၊ ဤသို့သော အကျင့်သည် အနံ့ကိုခိုးသော အကျင့်တည်းဟု ထိတ်လန့်စေ၏၊ ထိုရဟန်းသည် ထိုနတ်သမီးသည် ထိတ်လန့်စေအပ်သည် ရှိသော် တစ်ဖန် ဇေတဝန် ကျောင်းတော်သို့ လာ၍ သဗ္ဗညု မြတ်စွာဘုရားကို ရှိခိုး၍ နေလျက် ရဟန်း အဘယ်၌ နေသနည်း ဟု မေးတော်မူသည်ရှိသော် ဤအမည်ရှိသော တောအရပ်၌ နေ၏၊ ထိုအရပ်၌လျှင် နတ်သမီးသည် ဤသို့ထိတ်လန့်စေ၏ဟု လျှောက်၏၊ ထိုအခါ ထိုရဟန်းကို သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်း

ပန်းကိုနမ်းသော သင်ရဟန်းကိုသာလျှင် နတ်သမီးသည် ထိတ်လန့်စေသည် မဟုတ်သေး၊ ရှေးပညာရှိတို့ကိုလည်း ထိတ်လန့်စေဖူး၏ဟု မိန့်တော်မူ၍ ထို ရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တစ်ခုသော ကာသိကရွာဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ သင်အပ်ပြီးသော အတတ် ရှိသည်ဖြစ်၍ နောက်အဖို့၌ ရသေ့ရဟန်းပြု၍ တစ်ခုသော ပဒုမ္မာအိုင်ကို မှီ၍ နေသည်ရှိသော် တစ်နေ့သည် ရေအိုင်သို့သက်၍ ကောင်းစွာပွင့်သော ပဒုမ္မာ ကို နမ်းလျက်ရပ်၏၊ ထိုအခါ ဘုရားလောင်းကို တစ်ယောက်သော နတ်သမီး သည် သစ်ပင် ပင်စည်၏အကြား၌ ရပ်လျက် ထိတ်လန့်စေလိုသည်ဖြစ်၍ ဤ ဂါထာကို ဆို၏—

၁၁၆။ ယမေတံ ဝါရိဇံ ပုပ္ဖံ၊ အဒိန္နံ ဥပသိင်္ဃသိ။
　　ဧကင်္ဂမေတံ ထေယျာနံ၊ ဂန္ဓထေနောသိ မာရိသ။

ရှင်ရဟန်း သင်သည် ရေ၌ဖြစ်သော ဤကြာပန်းကို အရှင်မပေးဘဲ ကြာပန်းကို နမ်းခြင်းသည် ခိုးခြင်းတို့တွင် တစ်ခုသော အဖို့အစုကို သင်သည် နံ့သာခိုးသည် ဖြစ်၏။

ထိုနောင်မှ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၁၁၇။ န ဟရာမိ န ဘဉ္ဇာမိ၊ အာရာ သိင်္ဃာမိ ဝါရိဇံ။
　　အထ ကေန နု ဝဏ္ဏေန၊ ဂန္ဓထေနောတိ ဝုစ္စတိ။

နတ်သမီး သင်၏ကြာပန်းကို မဆောင်၊ မချိုး၊ အဝေးမှ နမ်း၏၊ ထိုသို့ ဖြစ်လျက် အဘယ်အကြောင်းကြောင့် နံ့သာခိုးဟူ၍ ဆိုအပ်သနည်း။

ထိုခဏ၌ တစ်ယောက်သော ယောကျ်ားသည် ထိုအိုင်၌ ကြာစွယ်တို့ကို လည်း တူး၏၊ ပုဏ္ဍရိက်တို့ကိုလည်း ချိုး၏၊ ဘုရားလောင်းသည် ထိုယောကျ်ား ကိုမြင်၍ မယူမူ၍ အဝေးမှရပ်လျက် နမ်းသော ငါ့ကို ခိုးသူဟူ၍သင်သည် ဆို၏။ ထိုယောကျ်ားကို အဘယ့်ကြောင့်မဆိုသနည်းဟု ထိုနတ်သမီးနှင့်တကွ ပြောဆို လိုသည်ဖြစ်၍ ဤဂါထာကို ဆို၏—

၁၁၈။ ယောယံ ဘိသာနိ ခဏာတိ၊ ပုဏ္ဍရီကာနိ ဘဉ္ဇတိ။
ဇဝံ အာကိဏ္ဏကမ္မန္တော၊ ကသ္မာ ဧသော န ဝုစ္စတိ။

နတ်သမီး,ကြာစွယ်တို့ကို တူးသော ပုဏ္ဍရိက်တို့ကို ချိုးသော ဤသို့ ကြမ်းကြုတ်သော အမှုကို ပြုသော ယောကျ်ားကို အဘယ့်ကြောင့် သင်သည် မဆိုသနည်း။

ထိုယောကျ်ားအား မဆိုသောအကြောင်းကို ကြားလိုသော နတ်သမီးသည် ဤဂါထာတို့ကို ဆို၏-

၁၁၉။ အာကိဏ္ဏလုဒ္ဒေါ ပုရိသော၊ ဓာတိစေလံဝ မက္ခိတော။
တသ္မိံ မေ ဝစနံ နတ္ထိ၊ တဉ္စာရဟာမိ ဝတ္တဝေ။

၁၂၀။ အနင်္ဂဏဿ ပေါသဿ၊ နိစ္စံ သုစိဂဝေသိနော။
ဝါလဂ္ဂမတ္တံ ပါပဿ၊ အဗ္ဘာမတ္တံဝ ခါယတိ။

ရှင်ရဟန်း ကြမ်းကြုတ်သောအမှုဖြင့် ပြွမ်းသောယောကျ်ားသည် တံတွေးနှင့် ကျင်ငယ် ကျင်ကြီးဖြင့် လိမ်းကျံသော နို့ထိန်းကျွန်မ ဝတ်သော အဝတ်ကဲ့သို့ မကောင်းမှုဖြင့် လိမ်းကျံ၏။ ထိုသူ၌ ငါ၏ ဆိုဖွယ်သည် မရှိ။ သင့်ကိုကား ဆိုခြင်းငှါ ထိုက်၏။

အပြစ်မရှိသော အမြဲ စင်ကြယ်ခြင်းကို ရှာလေ့ရှိသော ယောကျ်ားအား မကောင်းမှု၏ သားမြီးဖျားမျှသည်လည်း တိမ်တိုက်ပမာဏရှိသကဲ့သို့ ထင်၏။

နတ်သမီးသည် ထိတ်လန့်စေအပ်သည်ရှိသော် ဘုရားလောင်းသည် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ ဤဂါထာကို ဆို၏-

၁၂၁။ အဒ္ဓါ မံ ယက္ခ ဇာနာသိ၊ အထော မံ အနုကမ္ပသိ။
ပုနပိ ယက္ခ ဝဇ္ဇာသိ၊ ယဒါ ပဿသိ ဧဒိသံ။

နတ်သမီး သင်သည် ငါ့ကို မချွတ်သိ၏။ ထိုသို့ သိသည်သာမက ငါ့ကို ရင်ဝယ်သားကဲ့သို့ သနားသဖြင့် စောင့်ရှောက်မစပေ၏။ နတ်သမီး သင်သည် ဤသို့သဘောရှိသော အပြစ်ကိုမြင်သောအခါ၌ တစ်ဖန်လည်း ငါ့ကို ဆိုပါလော့။

ထို့နောင်မှ ဘုရားလောင်းအား နတ်သမီးသည် ဤဂါထာကို ဆို၏-

နေဝ တံ ဥပဇီဝါမိ၊ နာပိ တေ ဘာကာမှ ’သေ။
တွမေဝ ဘိက္ခု ဇာနေယျ၊ ယေန ဂစ္ဆေယျ သုဂ္ဂတိံ"။

ရှင်ရဟန်း ငါသည် သင့်ကို မှီဝဲ၍ အသက်မမွေး၊ သင်၏ သူရင်းငှါး အမှုလုပ်လည်းမဟုတ်၊ ရဟန်း သုဂတိသို့ လားရာသော ကောင်းမှုကို သင်သည် သာလျှင် သိလော့။

ဤသို့ နတ်သမီးသည် ဘုရားလောင်းအား အဆုံးအမကိုပေး၍ မိမိဗိမာန်၌သာ လျှင်တည်၏။ ဘုရားလောင်းသည်လည်း ဈာန်ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူ သနည်းဟူမူကား ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ နတ်သမီးဖြစ်ပြီ၊ ယခု အခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကြီးငယ်မဟူ၊ အပြစ်မူ၊ ဖြူအောင် ဆေးကြောရာ။)

သုံးရာကိုးဆယ့်ခုနှစ်ခုမြောက်သော သိဃ်ပုပ္ဖဇာတ်သည် ပြီး၏။

---

၃၉၃–ဝိဃာသာဒဇာတ်

လျှုပြီးမှ စားသုံးခြင်းသည် နတ်ရွာသုဂတိ လားကြောင်း

အကြွင်းအကျန်စားတိုင်း နတ်ပြည် မရောက်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် "သုသုခံဝတ" ဇီဝိတ္တိ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ် သော ဤဝိဃာသာဒဇာတ်ကို ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကစားလေ့ရှိကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ဟောတော်မူ၏၊ ထိုရဟန်း တို့ကို မောဂ္ဂလာန် မထေရ်သည် ပြာသာဒ်ကိုလှုပ်၍ ထိတ်လန့် စေအပ်သည်

ရှိသော် တရားသဘင်၌ ထိုရဟန်းတို့၏ ကျေးဇူးမဲ့ဖြစ်သော စကားကို ပြော ဆိုလျက် နေကြကုန်၏၊ သဗ္ဗညူမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဤရဟန်းတို့သည် ယခုအခါ၌သာလျှင် ကစားလေ့ရှိသည် မဟုတ် သေး၊ ရှေး၌လည်း ကစားလေ့ရှိသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် သိကြားမင်းဖြစ်၏၊ မထင်ရှားသော ကာသိရွာ၌ ခုနစ်ယောက်ကုန်သော ညီနောင်တို့သည် ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ တော ထွက်၍ ရသေ့ရဟန်းပြု၍ တော၏အလယ်၌နေလျက် ကမ္မဋ္ဌာန်း စီးဖြန်းခြင်း လုံ့လကိုမပြုမူ၍ ကိုယ်ဆူဖြိုးခြင်းကိုပြုခြင်းများ ကုန်သည်ဖြစ်၍ အထူးထူး အပြားပြားသော ကစားခြင်းတို့ကို ကစားလျက် သွားကုန်၏၊ သိကြားမင်း သည် ဤရသေ့တို့ကို ထိတ်လန့်စေအံ့ဟု ကျေးသားဖြစ်၍ ထိုသူတို့၏ နေရာ အရပ်သို့သွား၍ တစ်ခုသော သစ်ပင်ရင်း၌ နား၍ ရသေ့တို့ကို ထိတ်လန့် စေလိုရကား ဤဂါထာကို ဆို၏—

၁၂၂။ သုသုခံ ဝတ ဇီဝန္တိ၊ ယေ ဇနာ ဝိဃာသာဒိနော။
ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိ။

စားကြွင်းစားကျန်စိတ်ကုန်၍ ချမ်းသာစွာလျှင် အသက်မွေးကုန်သော သူတို့ သည် မျက်မှောက်သော ကိုယ်၏အဖြစ်၌လည်း ချီးမွမ်းထိုက်ကုန်၏။ တမလွန် ၌လည်း သုဂတိ၌ ဖြစ်ကုန်၏။

ထိုအခါ ရသေ့တို့တွင် တစ်ယောက်သော ရသေ့သည် ကျေးသား၏စကားကို ကြား၍ ကြွင်းသော ရသေ့တို့ကိုခေါ်၍ ဤဂါထာကို ဆို၏—

၁၂၃။ သုကဿ ဘာသမာနဿ၊ န နိသာမေထ ပဏ္ဍိတာ။
ဣဒံ သုဏာထ သောဒရိယာ၊ အမှေဝါယံ ပသံသတိ။

တစ်မိဝမ်းပေါက်ဖြစ်ကုန်သော ပညာရှိတို့ လူ၏ဘာသာဖြင့်ဆိုသော ကျေး သား၏ စကားကို သင်တို့သည် မကြားကြကုန်သလော။ ဤကျေးသား စကားကို နာကြကုန်လော့။ ဤကျေးသားသည် ငါတို့ကိုသာလျှင် ချီးမွမ်း၏။
ထိုအခါ ရသေ့တို့ကို ပယ်လိုသည်ဖြစ်၍ ကျေးသားသည် ဤဂါထာကို ဆို၏—

၁၂၄။ နာဟံ တုမှေ ပသံသာမိ၊ ကုဏပါဒါ သုဏာထ မေ။
ဥစ္ဆိဋ္ဌဘောဇိနော တုမှေ၊ န တုမှေ ဝိဃာသာဒိနော။

ငါသည် သင်တို့ကို မချီးမွမ်း၊ သားကောင်ပုပ်တို့ကို စားကုန်သော ရသေ့တို့ သင်တို့သည် ငါ၏ စကားကို နားထောင်ကြကုန်လော့၊ သင်တို့သည် တစ်ပါးသောသတ္တဝါတို့ စားကြွင်းကိုစားကုန်၏။ သင်တို့သည် စားကြွင်းစားမဟုတ်ကုန်။ အလုံးစုံဖြစ်ကုန်သော ထိုရသေ့တို့သည် ကြေးသား၏ စကားကို ကြားကုန်၍ ဤဂါထာကို ဆို၏—

၁၂၅။ သတ္တဝဿာ ပဗ္ဗဇိတာ၊ မဏ္ဍာ ရည သိခဏ္ဍိနော။
ဝိဃာသေနေဝ ယာပေန္တော၊ မယဉ္စေ ဘောတော ဂါရယှာ။
ကေ နု ဘောတော ပသံသိယာ။

ရဟန်းပြုပြီးခုနစ်နှစ်ရှိကုန်သော ဦးစွန်းရှိကုန်သော ငါတို့၏ တောအလယ်၌ ခြင်္သေ့ကျားတို့၏ စားကြွင်းဖြင့်သာလျှင် မျှတကုန်၏။ အရှင်သည် ငါတို့ကို အကယ်၍ ကဲ့ရဲ့ကုန်ငြားအံ့၊ အရှင်သည် အဘယ်သူတို့ကို ချီးမွမ်းအပ်ကုန်သနည်း။

ထိုရသေ့တို့ကို ရှက်စေလိုသည်ဖြစ်၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၁၂၆။ တုမှေ သီဟာနံ ဗျဂ္ဃါနံ၊ ဝါဠာနဉ္စာ ဝသိဋ္ဌကံ။
ဥစ္ဆိဋ္ဌေနေဝ ယာပေန္တာ၊ မညိဝှေါ ဝိဃာသဒိနော။

သင်တို့သည် ခြင်္သေ့တို့၏ လည်းကောင်း၊ ကျားတို့၏ လည်းကောင်း၊ ကြမ်းသောသားရဲတို့၏ လည်းကောင်း စားကြွင်းကို စားကုန်လျှင် သုံးအပ်ပြီးသော ဒ စာဖြင့်လျှင် မျှကုန်လျက် စားကြွင်းကို စားကုန်၏ဟူ၍ မှတ်ကြကုန်သလော။

ထိုစကားကိုကြား၍ ရသေ့တို့သည် ငါတို့သည် စားကြွင်းစား မဟုတ်ကုန်သော် အဘယ်သူတို့သည် စားကြွင်းစား ဖြစ်ကုန်သနည်းဟု မေးကုန်၏၊ ထိုနောင်မှ ရသေ့တို့အား ထိုအကြောင်းကို ကြားလိုသည်ဖြစ်၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၁၂၇။ ယေ ဗြာဟ္မဏဿ သမဏဿ၊ အညဿ ဝါ ဝနိဗ္ဗိနော။
ဒတွာဝ သေသံ ဘုဉ္ဇန္တိ၊ တေ ဇနာ ဝိဃာသာဒိနော။

ပုဏ္ဏားအား လည်းကောင်း၊ ရဟန်းအားလည်းကောင်း၊ **တစ်ပါးသော** တောင်းစားသူအားလည်းကောင်း ပေးလှူ၍ အကြွင်းကို စားသူတို့သည် စား ကြွင်းစားမည်ကုန်၏။

ဤရသေ့တို့ကို ရှက်စေ၍ ဘုရားလောင်းသည် မိမိနေရာ တာဝတိံသာသို့ ပျောင် သွား၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ကစားတတ်ကုန်သော ရဟန်းတို့သည် ထိုအခါ ညီနောင် ခုနစ်ယောက်တို့ ဖြစ် ကုန်ပြီ ယခုအခါ ငါဘုရားသည်သျှင် ထိုအခါ သိကြားဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(စားသောက် အိပ်လျက်၊ မြူးလူးပျက်၊ ခန္ဓရက် မပြုန်းရာ။)

သုံးရာကိုးဆယ့်သုံးခုမြောက်သော ဝိဃာသာဒဇာတ်သည် ပြီး၏။

---

၃၉၄-ဝဋ္ဋကဇာတ်

ကျိုးလန့်မှုစာ စား

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် "ပဏီတံ"– အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤဝဋ္ဋကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လျှပ်ပေါ် သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရဟန်းကို မြတ်စွာ ဘုရားသည် ရဟန်းသင်သည် လျှပ်ပေါ်တတ်သည် မဟုတ်လော၊ ရှေး၌လည်း သင်သည် လျှပ်ပေါ်ဖူး သလျှင်ကတည်း၊ လျှပ်ပေါ်သည်၏ အဖြစ်ကြောင့် ဗာရာဏသီပြည်၌ ဆင်ကောင် နွားကောင် လူကောင်တို့ဖြင့် မရောင့်ရဲသည် ဖြစ်၍ ဤထက်အလွန်ကို ရလတ္တံ့ဟု တောသို့ဝင်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ငုံးမျိုး၌ ဖြစ်၍ တော၌ခြောက်သော မြက်သီးအာဟာရ ရှိသည်ဖြစ်၍နေ၏၊ ထိုအခါ ဗာရာဏသီပြည်၌ တစ်ခုသော လျှပ်ပေါ်သော ကျီးသည် ဆင်ကောင် အစရှိသည်တို့ဖြင့် မရောင့်ရဲသည်ဖြစ်၍ ဤထက် အလွန်ကို ရလတ္တံ့ဟု တောသို့ဝင်၍ သစ်သီး ကြီးငယ်တို့ကို စားလျက် ဘုရားလောင်းကိုမြင်၍ ဤငုံးသည် အလွန်လျှင် ဆူဖြိုးသော ကိုယ်ရှိ၏၊ ကောင်းသော အစာကိုမေး၍ ထိုအစာကိုစား၍ ဆူဖြိုးသော ကိုယ်ရှိသည်ဖြစ်အံ့ဟုကြံ၍ ဘုရားလောင်း၏ အထက် သစ်ခက်၌ နား၏၊ ဘုရားလောင်းသည် ထိုကျီးနှင့် တကွ ပဋိသန္ထာရကို ပြုလိုရကား ဤဂါထာကို ဆို၏—

၁၂၈။ ပဏီတံ ဘုဉ္ဇသေ ဘတ္တံ၊ သပ္ပိတေလဉ္စ မာတုလ။
　　　အထ ကေန နု ဝဏ္ဏေန၊ ကိသော တွမသိ ဝါယသ။

ဦးရီးဖြစ်သော ကျီး သင်သည် မွန်မြတ်သော လူတို့အစာဖြစ်သော ထမင်းကိုလည်းကောင်း၊ ထောပတ်ဆီကို လည်းကောင်း စားရသည် မဟုတ်လော၊ ထိုသို့ဖြစ်လျက် အဘယ်အကြောင်းကြောင့် ကြုံလှီသည် ဖြစ်သနည်း။

ဘုရားလောင်း၏ စကားကိုကြား၍ ကျီးသည် ဤဂါထာကို ဆို၏—

၁၂၉။ အမိတ္တမဇ္ဈေ ဝသတော၊ တေသု အာမိသမေသတော။
　　　နိစ္စံ ဥဗ္ဗိဂ္ဂဟဒယဿ၊ ကုတော ကာကဿ ဒဠှိယံ။

၁၃၀။ နိစ္စံ ဥဗ္ဗေဂိနော ကာကာ၊ ဓင်္ကာ ပါပေန ကမ္မုနာ။
　　　လဒ္ဓေါ ပိဏ္ဍော န ပီဏေတိ၊ ကိသော တေနသ္မိ ဝဋ္ဋက။

၁၃၁။ လူခါနိ တိဏဗီဇာနိ၊ အပ္ပသ္နေဟာနိ ဘုဉ္ဇသိ။
　　　အထ ကေန နု ဝဏ္ဏေန၊ ထူလော တွမသိ ဝဋ္ဋက။

အမောင်ငုံး ရန်သူဘို့အလယ်၌ နေရ၍ အာမိသကို ရှာရသော အမြဲနှလုံး ထိတ်လန့်ခြင်းရှိသော ကျီးအား အဘယ်မှာ ဝဖြိုးနိုင်ပါအံ့နည်း။

အမောင်ငုံး ကျီးတို့သည် အမြဲထိတ်လန့်သော စိတ်ရှိကုန်လျက် ယုတ်မာသော လူတို့အစာကို လုယက်မှုဖြင့် ရသောအစာသည် မနှစ်သက် မရောင့်ရဲစေသောကြောင့် ကြုံလှီ၏။

အမောင် ငုံး သင်သည်ခြောက်၍ အဆီဩဇာ နည်းပါးကုန်သော မြက်သီးတို့ကို စားရလျက် အဘယ်အကြောင်းကြောင့် ဝဖြိုးသနည်း

ထိုစကားကိုကြား၍ ဘုရားလောင်းသည် မိမိဆူဖြိုးသော အကြောင်းကို ဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၁၃၂။ အပ္ပိစ္ဆာ အပ္ပစိန္တာယ၊ အဒူရဂမနေန စ။
လဒ္ဓါလဒ္ဓေန ယာပေန္တော၊ ထူလော တေနသ္မိ ဝါယသ။

၁၃၃။ အပ္ပိစ္ဆဿ ဟိ ပေါသဿ၊ အပ္ပစိန္တသုခဿ စ။
သုသင်္ဂဟိတမာနဿ၊ ဝုတ္တိ သုသမုဒါနယာ။

ဦးရီးဖြစ်သောကျီး အလိုနည်းခြင်း အာဟာရ၌ အကြံနည်းခြင်း အဝေးသို့ မသွားခြင်းတို့ဖြင့် ရတိုင်းရတိုင်းသော အာဟာရဖြင့် မျှတစေခြင်းကြောင့် ငါသည် ဝဖြိုး၏။

မှန်၏၊ အလိုနည်းသော နည်းသောအကြံရှိသဖြင့် ချမ်းသာခြင်းရှိသော ကောင်းစွာ သိမ်းဆည်း ဆင်ခြင်အပ်သော အစာအာဟာရ အတိုင်းအရှည် ရှိသော ယောကျာ်း၏ အသက်မွေးခြင်းသည် ချမ်းသာသဖြင့် ဖြစ်လွယ်၏။

## ဇာတ်ပေါင်း

သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လျှင်ပေါ်သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ လျှင်ပေါ်သော ရဟန်းသည် ထိုအခါ ကျီးသည် ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ငုံးဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ရရသမျှ၊ တင်းတိမ်မှု၊ သုခပွါးမှည်သာ)

သုံးရာကိုးဆယ်လေးခုမြောက် ဝဋ္ဋကဇာတ်သည် ပြီး၏။

## ၃၉၅-ပါရာဝတဇာတ်

### အစားတလုပ်အတွက် ဒုက္ခရောက်ရခြင်း

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် စိရဿံ ဝတ ပဿာမိ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပါရာဝတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် လျှပ်ပေါ်သော ရဟန်းတဦးကို အကြောင်းပြု၍ ဟောတော်မူ၏။

(ဤ ပစ္စုပ္ပန်ဝတ္ထုသည် အောက်မှ ဆိုအပ်သော နည်းရှိသည် ဖြစ်၏။)

#### အတီတဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခိုမျိုး၌ ဖြစ်၏၊ ဗာရာဏသီသေဋ္ဌေး၏ စားဖိုအိမ်ဝယ် အသိုက်တောင်း၌ နေ၏၊ ကျီးသည်လည်း ဘုရားလောင်းနှင့်တကွ အကျွမ်းဝင်ခြင်းကိုပြု၍ ထိုတောင်း၌လျှင် နေ၏၊ အလုံးစုံသော စကားကို ချဲ့အပ်၏၊ စားဖိုသည်သည် ကျီတောင်ကိုနုတ်၍ မုန်ညင်းဖြင့် ကျီးကိုလိမ်းကျံ၍ တစ်ခုသော အိုးခြမ်းကို ဖောက်၍ လည်၌စွဲ၍ တောင်း၌ ထည့်၏၊ ဘုရားလောင်းသည် တောမှ လာသည်ရှိသော် ကျီးကိုမြင်၍ ပြက်ရယ်ပြုလိုရကား ဤဂါထာကို ဆို၏—

၁၃၄။ စိရဿံ ဝတ ပဿာမိ၊ သဟာယံ မဏိဓာရိနံ။
သုကတာ မဿုကုတ္တိယာ၊ သောဘတေ ဝတ မေ သခါ။

အဆွေကျီး ပတ္တမြား လည်၌ ဆွဲသည်ကို ယခုမှသာလျှင် မြင်ရ၏။ နုတ်ဆိတ်ကို ပြုပြင်ခြင်းဖြင့် ကောင်းစွာ ပြုပြင်အပ်သော ငါ၏အဆွေခင်ပွန်းသည် တင့်တယ်ပေစွတကား ထိုစကားကို ကြား၍ ကျီးသည် ဤဂါထာကို ဆို၏—

၁၃၅။ ပရူဠှကစ္ဆ နခလောမော၊ အဟံ ကမ္မေသု ဗျာဝဋော။
စိရဿံ နှာပိတံ လဒ္ဓါ၊ လောမ တံ အဇ္ဇ ဟာရယိံ။

အဆွေခိုငါသည် အမှုတို့၌ လုံ့လပြုရသည်ဖြစ်၍ အခွင့်ကို မရသဖြင့် မအားလပ်သဖြင့် ချိုင်းကြားတို့ စည်ပင်သော ခြေသည်းနှင့် အမွေးရှိသည် ဖြစ်၏။ ယခုမှ ဆတ္တာသည်ကို ရ၍ ပခု ထိုအမွေးကို နုတ်စေ၏။

ထိုနောင်မှ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၁၃၆။ ယံ နူ လောမံ အဟာရေသိ၊ ဒုလ္လဘံ လဒ္ဓ ကပ္ပကံ။
အထ ကိစ္စရဟိ တေ သမ္မ၊ ကဏ္ဌေ ကိဏိကိဏာယတိ။

အဆွေကျီး အမှန်တကယ် ရရန်မလွယ်ကူသော ဆတ္တာသည့်ကိုရ၍ အမွှေးကို အနုတ်ခိုင်းလော၊ နောက်တဖန် အဆွေ၏လည်၌ ဤပတ္တမြားသည် အဘယ်ကြောင့် ကလောက်ကလောက်မည်သနည်း။

ထိုနောင်မှ ကျီးသည် ဤဂါထာတို့ကို ဆို၏–

၁၃၇။ မနုဿသုခုမာလာနံ၊ မဏိံ ကဏ္ဌေသု လမ္ဗတိ။
တေသာဟံ အနုသိက္ခာမိ၊ မာ တွံ မညိ ဒဝါ ကတံ။

၁၃၈။ သစေပိမံ ပိဟယသိ၊ မဿုကုတ္တိံ သုကာရိတံ။
ကာရယိဿာမိ တေ သမ္မ၊ မဏိဉ္စာပိ ဒဒါမိ တေ။

အဆွေခို သိမ်မွေ့နူးညံ့ကုန်သော လူတို့၏ လည်၌ ပတ္တမြားကို ဆွဲ၏၊ ငါသည် ထိုလူတို့၏ အတုပြု၏ဟု မမှတ်ထင်ပါလင့်၊ လူနောက်တို့သည် ရယ်မြူးလို၍ ပြုထားပေ၏။

အဆွေခို သင်သည် ဤမုတ်ဆိတ်ဆံကို အတူပြုပြင်ခြင်းဖြင့် ကောင်းစွာ ပြုပြင်ခြင်းကို အကယ်၍ နှစ်သက်မြတ်နိုးသည် ဖြစ်အံ့၊ အဆွေ သင့်အား ပြုပြင်စေအံ့၊ သင့်အား ပတ္တမြားကိုလည်း ငါပေးအံ့။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏–

၁၄၀။ တွဉ္ဉေဝ မဏိနာ ဆန္နော၊ သုကတာယ စ မဿုယာ။
အာမန္တ ခေါ တံ ဂစ္ဆာမိ၊ ပိယံ မေ တဝ ဒဿနံ။

အဆွေကျီး ပတ္တမြားအားလည်း သင်သည်သာလျှင် လျောက်ပတ်၏၊ ကောင်းစွာပြုပြင်အပ်သော မုတ်ဆိတ်အားလည်း သင်သည်သာလျှင် လျောက်ပတ်၏၊ ငါသည် သင့်အား ကြည့်ရှုခြင်းမျှကို နှစ်သက်အပ်ပြီ၊ ငါသည် သင့်ကို 'ပန်ကြား၍လျှင်' သွားအံ့။

ဤသို့ ဆို၍ ဘုရားလောင်းသည် ပျံ၍ တစ်ပါးသော အရပ်သို့ သွား၍ ကျီးသည် ထိုအရပ်၌သာလျှင် အသက်ကုန်ခြင်းသို့ ရောက်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လျှပ်ပေါ်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား လျှပ်ပေါ်သော ရဟန်းသည် ထိုအခါ ကျီး ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ ခိုဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(လော်လည်လျှပ်ပေါ်၊ သူပျက်ချော်၊ မလျော်ပျက်စီးရာ။)

သုံးရာကိုးဆယ့်ငါးခုမြောက်သော ပါရာဝတဇာတ်သည် ပြီး၏။

၂-ခရပုဏ္ဏဝဂ် ပြီး၏။

ဆက္ကနိပါတ်ဇာတ်ဝဏ္ဏနာ ဤတွင် ပြီး၏။

# ၇-သတ္တကနိပါတ်

## ၁-ကုက္ကုဝဂ်

### ၃၉၆-ကုက္ကုဇာတ်

ရှောက်သီး မစားတတ်ပါ၊ ၂ ခါးသည်
ပိန်းကြာဖက်တွင် ရေမတင်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဒိယစ္စကုက္ကု-ဟုအစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုက္ကုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မင်းအား ဆုံးမခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုသည် တေသကုဏဇာတ်၌ ထင်ရှားဖြစ်လတ္တံ့။)

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏၊ ဗြဟ္မဒတ်မင်းသည် မလားအပ်သော အရာ၌တည်၍ မတရားသဖြင့် မင်းပြု၏၊ ဇနပုဒ်ကို နှိပ်စက်၍ ဥစ္စာကိုသာလျှင် ယူ၏၊ ထိုအခါ ဘုရားလောင်းသည် မင်းကို ဆုံးမလိုသည်ဖြစ်၍ တစ်ခုသော ဥပမာကို စုံစမ်းလျက် သွား၏၊ မင်း၏ဥယျာဉ်၌ နေရာအိမ်သည် မပြီးသေးသည် ဖြစ်၏၊ မပြီးသေးသော အမိုးရှိသည်ဖြစ်၏၊ အထွတ်ကိုတင်၍ အခြင်တို့ကို သွင်းကာမျှသာလျှင် ဖြစ်ကုန်၏၊ မင်းသည်လည်း ကစားအံ့သောငှါ ဥယျာဉ်သို့သွား၍ ထိုဥယျာဉ်၌ လှည့်လည်၍ ထိုအိမ်သို့ဝင်၍ မော်၍ ကြည့်လတ်သော် အထွတ်ဝန်းကို မြင်၍ မိမိအထက်၌ ကျအံ့သည်မှ ကြောက်သောကြောင့် ထွက်၍ အပ၌ရပ်လျက် တစ်ဖန်ကြည့်၍ အဘယ်ကိုမှီ၍ အထွတ်သည် တည်သနည်း၊ အဘယ်ကိုမှီ၍ အခြင်တို့သည် တည်သနည်းဟု ကြံ၍ ဘုရားလောင်းကို မေးလိုရကား ဤဂါထာကို ဆို၏—

၁။ ဒိယခုကုက္ကု ဥဒယေန ကဏ္ဏိကာ၊ ဝိဒတ္ထိယော အဋ္ဌ ပရိက္ခိပန္တိ နံ။
သာ သိံသပါ သာရမယာ အဖေဂ္ဂုကာ၊ ကုဟိံ ဌိတာ ဥပ္ပရိတော န ဓံသတိ။

ဆိုအဆွေ အစောက်အားဖြင့် တစ်တောင့်ထွာသာရှိသော ထိုအထွတ်ကို ရှစ်ထွာသော အပြင်တို့သည် ပတ်ပတ်လည် ခြံရံထားကုန်၏၊ အကာမရှိသော ရင်းတိုက်သားအနှစ်ဖြင့် ပြုလုပ်ထားသော ထိုအထွတ်သည် အဘယ်၌ တည်မြဲနေ၍ အထက်မှ ပြုတ်မကျသနည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ယခု ငါသည် မင်းအား ဆုံးမအံ့သောငှါ ဥပမာကို ရပြီဟု ကြံ၍ ဤဂါထာတို့ကို ဆို၏—

၂။ ယာ တိံသတိ သာရမယာ အနုဇ္ဇုကာ၊ ပရိကိရိယ ဂေါပါနသိယော သမံ ဌိတာ။

တာဟိ သုသင်္ဂဟိတာ ဗလသာ ပီဠိတာ၊ သမံ ဌိတာ ဥပ္ပရိတော န ဓံသတိ။

၃။ ဧဝမ္ပိ မိတ္တေဟိ ဒဠှေဟိ ပဏ္ဍိတော၊ အဘေဇ္ဇရူပေဟိ သုစီဟိ မန္တိဘိ။
သုသင်္ဂဟီတော သိရိယာ န ဓံသတိ၊ ဂေါပါနသီ ဘာရဝဟာဝ ကဏ္ဏိကာ။

မြတ်သောမင်းကြီး အချောင်းသုံးဆယ်ကုန်သော အကာမရှိ၊ အနှစ်ချည်းသာဖြစ်ကုန်သော ပတ်ပတ်လည်ခြံရံ၍ ညီမျှစွာ စွဲတည်ထားကုန်သော အခြင်တို့သည် မြဲမြံစွာ ညှပ်နှိပ်၍ ကောင်းစွာ ထောက်ခံထားသော ထိုအထွတ်သည် ညီမျှစွာ စွဲတည်နေလျက် အထက်မှ မကျ။

မြတ်သောမင်းကြီး ဤအတူလည်း ပညာရှိသောမင်းသည် မြဲမြံကုန်သော မကွဲသော သဘောရှိကုန်သော စင်ကြယ်ကုန်သော တိုင်ပင်ခြင်း၌ လိမ္မာကုန်သော အဆွေခင်ပွန်းတို့သည် ကောင်းစွာထောက်ပံ့သည်ဖြစ်၍ အခြင်ဟူသော ဝန်ကို ရွက်ဆောင်သော အထွတ်ကဲ့သို့ အသရေမှ မကျ။

မင်းသည် ဘုရားလောင်းဆိုတိုင်းလျှင် မိမိအမှုအရာကိုမှတ်၍ အထွတ်မရှိသော် အခြင်တို့သည် မဘည်ကုန်၊ အခြင်တို့သည် မထောက်ပံ့အပ်ကုန်သည် ရှိသော် အထွတ်သည် မတည်၊ အခြင်တို့သည် ပျက်စီးကုန်သည်ရှိသော် အထွတ်သည် ကျ၏၊ ဤအတူလျှင် တရားမစောင့်သော မင်းသည် မိမိအဆွေခင်ပွန်းဖြစ်ကုန်သော အမတ်တို့ကိုလည်းကောင်း, ဗိုလ်ပါတို့ကိုလည်းကောင်း, ပုဏ္ဏားသူကြွယ်တို့ကို လည်းကောင်း မထောက်ပံ့သည်ရှိသော် ထိုသူတို့ ပျက်စီးလတ်သော်

ထိုသူတို့ မထောက်ပံ့အပ်သည် ဖြစ်၍ အစိုးရခြင်းမှ ယုတ်ရာ၏၊ မင်းမည်သည်ကား တရားစောင့်သည် ဖြစ်ရာ၏ဟု ကြံ၏၊ ထိုအခါ မင်းအား ထိုခဏ၌ လက်ဆောင်အကျိုးငှါ ရှောက်သီးကို ဆက်ကုန်၏၊ မင်းသည် အဆွေ ဤရှောက်သီးကို စားလေ့ဟု ဘုရားလောင်းအား ပေး၏၊ ဘုရားလောင်းသည် ရှောက်သီးကို ယူ၍ မြတ်သောမင်းကြီး ဤရှောက်သီးကို စားအံ့သောငှါ မသိကုန်သော သူတို့သည် ခါးသည်ကိုမူလည်း ပြုကုန်၏၊ ချဉ်သည်ကိုမူလည်း ပြုကုန်၏၊ သိကုန်သော ပညာရှိတို့သည်မူကား အခါးကို ပယ်၍ အချဉ်ကို မထုတ်မူ၍ ရှောက်သီး၏ အရသာကို မပျက်စီးစေမူ၍လျှင် စားကုန်၏ဟု ဆို၍ မင်းအား ဥပမာဖြင့် ဥစ္စာစုခြင်း၏ အကြောင်းကို ပြလို၍ ဤဂါထာတို့ကို ဆို၏—

၄။ ခရတ္တစံ ဗေလ္လံ ယထာပိ သတ္ထဝါ၊ အနာမသန္တောပိ ကရောတိ တိတ္တကံ။
သမာဟရံ သာဒုံ ကရောတိ ပတ္ထိဝ၊ အသာဒုံ ကယိရ တနုံဗန္ဓမုဒ္ဓရံ။

၅။ ဧဝမ္ပိ ဂါမနိဂမေသု ပဏ္ဍိတော၊ အသာဟသံ ရာဇဓနာနိ သံဃရံ၊
မမ္မာနုဝတ္တီ ပဋိပဇ္ဇမာနော၊ သ ဖာတိ ကယိရာ အဝိဟေဌယံ ပရံ။

မင်းမြတ် လက်ထဲ၌ ဓားငယ်ကို ကိုင်ထားလျက် အခွံကြမ်းသော ရှောက်သီးကို အခွံမနွာဘဲ စားသည် ရှိသော် ခါး၏၊ အခွံကို ပါးပါးသာ နွာ၍ စားသော်လည်း စားမကောင်းပေ၊ အခွံကို ကုန်စင်အောင် နွာ၍ စားသူသည် စား၍ ကောင်းသကဲ့သို့ ထို့အတူ မင်းမြတ် ရွာနိဂုံးတို့၌ တဏှာ၏ အလိုသို့ မလိုက်ဘဲ မင်းကျင့်တရားဆယ်ပါးနှင့်အညီ ကျင့်လျက် ဥစ္စာတို့ကို စုသော ပညာရှိမင်းသည် သူတစ်ပါးအပေါ် မညှဉ်းဆဲမူ၍ တိုးပွားစေရာ၏။

မင်းသည် ဘုရားလောင်းနှင့်တကွ တိုင်ပင်လျက် ရေကန်ကမ်းနားသို့ သွား၍ ရေကန်၌ ကောင်းစွာ ပွင့်သော နေလုလင်ကဲ့သို့သော အဆင်းရှိသော ရေဖြင့် မလိမ်းကျံသော ပဒုမ္မာကို မြင်၍ အဆွေ ဤ ပဒုမ္မာသည် ရေ၌ ဖြစ်လျက်လျှင် ရေမလိမ်းကျံသည် ဖြစ်၍ တည်၏ဟု ဆို၏၊ ထိုအခါ မင်းကို ဘုရားလောင်းသည် မြတ်သောမင်းကြီး မင်းမည်သည် ဤသို့ သဘောရှိသည် ဖြစ်ရာ၏ဟု ဆုံးမလိုရကား ဤဂါထာတို့ကို ဆို၏—

၆။ ဩဒါတမူလံ သုစိဝါရိသမ္ဘဝံ၊ ဇာတံ ယထာ ပေါက္ခရဏီသု အမ္ဗုဇံ။
ပဒုမံ ယထာ အဂ္ဂိနိကာသိဖာလိမံ၊ န ကဒ္ဒမော န ရဇော န ဝါရိ လိမ္ပတိ။

၇။ ဧဝမ္ပိ ဝေါဟာရသုစိံ အသာဟသံ၊
ဝိသုဒ္ဓကမ္မန္တ မပေတပါပကံ။
န လိမ္ပတိ ကမ္မကိလေသ တာဒိသော၊
ဇာတံ ယထာ ပေါက္ခရဏီသု အမ္ဗုဇံ။

ရေကန်တို့၌ ဖြူစင်သော အမြစ်ရှိသော စင်ကြယ်သော ရေ၌ ဖြစ်သော အမှုန်မည်သော နေအရောင်ကြောင့် ပွင့်သော ပဒုမ္မာသည် ညွန်, မြူ, ရေတို့၌ မလိမ်းကျံသကဲ့သို့ ဤအတူ တရားစောင့်ကုန်သော ရှေးမင်းတို့သည် ထားအပ်သောတရား၌ စင်ကြယ်ထသော နိုင်ထက်မှုခြင်း ကင်းထသော စင်ကြယ်သော အမှု ရှိထသော မကောင်းမှုမှ ကင်းထသော ထိုမင်းကို ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ ဟူသော ဤကမ္မကိလေသ မည်သော အကုသိုလ်တရားသည် မလိမ်းကျံ၊ ထိုသို့သဘောရှိသော မင်းသည် ရေကန်တို့၌ ကြာသည် ရေအစရှိသည်တို့ဖြင့် မလိမ်းကျံသကဲ့သို့ ထို့အတူ ကမ္မကိလေသမည်သော အကုသိုလ်တို့သည် မလိမ်းကျံသော မင်းမည်၏။

မင်းသည် ဘုရားလောင်း၏ စကားကို ကြား၍ ထိုအခါမှ စ၍ မင်းကျင့်တရား ဆယ်ပါးဖြင့် မင်းပြု၍ အလှူအစရှိသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိသောအမတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အဂတိလေးပါး၊ မလိုက်စား၊ မင်းအား ကျင့်အပ်စွာ)

သုံးရာကိုးဆယ့်ခြောက်ခုမြောက်သော ကုက္ကုဇာတ်သည် ပြီး၏။

---

## ၃၉၇-မနောဇဇာတ်

### ယုတ်မာသော မိတ်ဆွေကို ပေါင်းမိ၍ ပျက်စီးရခြင်း

### အဖက်ဖက်က ကိုယ့်ထက် သာသူကို ရှာ၍ ပေါင်းပါ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် "ယထာ စာပေါ နိန္နမတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤမနောဇဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆန့်ကျင်ဘက်ဖြစ်သော အဆွေခင်ပွန်းကို မှီခိုသောရဟန်းကို အကြောင်း

ပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုကိုကား အောက် မဟိလာမုခဇာတ်၌ ချဲ့အပ်ပြီးသလျှင်ကတည်း။)

ထိုအခါ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤရဟန်းသည် ဆန့်ကျင်ဘက်ဖြစ်သောအဆွေခင်ပွန်းကို မှီဝဲသည်မဟုတ်သေး၊ ရှေး၌လည်း ဤရဟန်းသည် ဆန့်ကျင်ဘက် ဖြစ်သော အဆွေခင်ပွန်းကို မှီဝဲဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ခြင်္သေ့ဖြစ်၍ ခြင်္သေ့မနှင့် တကွနေလျက် သားသမီး နှစ်ကောင်ကို ရ၏၊ သားအား မနောဇ ဟူသော အမည်ကို မှည့်၏၊ ထို မနောဇသည် အရွယ်သို့ ရောက်လတ်သော် တစ်ကောင်သော ခြင်္သေ့မငယ်ကို ယူ၏၊ ဤသို့ ထိုခြင်္သေ့တို့သည် ငါးကောင်ဖြစ်ကုန်၏၊ မနောဇသည်ကား ကျွဲ အစရှိသည်တို့ကို သတ်၍ အသားကို ဆောင်၍ မိဘတို့ကိုလည်းကောင်း, နှမကိုလည်းကောင်း, မယားကို လည်းကောင်း မွေးမြူ၏၊ ထိုမနောဇသည် တစ်နေ့သ၌ ကျက်စားရာမြေ၌ ပြေးအံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ ရင်ဖြင့် ဝပ်သော ဂိရိယမည်သော မြေခွေးကို မြင်၍ အဆွေ အသို့နည်းဟု မေး၍ သခင် ခစားလို၏ဟု ဆိုသည်ရှိသော် "ကောင်းပြီ ခစားလော့"ဟု ဆို၍ ထိုမြေခွေးကို မိမိနေရာဂူသို့ ဆောင်၏၊ ဘုရားလောင်းသည် မြေခွေးကို မြင်၍ ချစ်သား မနောဇ မြေခွေးတို့မည်သည် သီလမရှိကုန်၊ ယုတ်သော အကျင့် ရှိကုန်၏၊ ကိစ္စ မဟုတ်သည်၌ ယှဉ်စေတတ်ကုန်၏၊ ထိုမြေခွေးကို မိမိအထံ၌ မနေစေလင့်ဟု မြစ်တားသော်လည်း မြစ်အံ့သောငှါ မတတ်နိုင်၊ ထိုအခါ တစ်နေ့သ၌ မြေခွေးသည် မြင်းသားကို စားလိုသည် ဖြစ်၍ မနောဇကို သခင် ငါတို့သည် မြင်းသားကို ထား၍ မစားဖူးသော အသားမည်သည် မရှိ၊ မြင်းကို ဖမ်းယူကုန်အံ့ဟု ဆို၏၊ အဆွေ ထိုသို့တပြီးကား မြင်းတို့သည် အဘယ်မှာ ရှိကုန်သနည်းဟု မေး၏၊ ဗာရာဏသီပြည် မြစ်နား၌ ရှိကုန်၏ဟု ဆို၏၊ မနောဇသည် မြေခွေး၏ စကားကို ယူ၍ မြေခွေးနှင့်တကွ မြစ်၌ မြင်းတို့ကို ရေချိုးသော အခါ၌ သွား၍ တစ်ကောင်သော မြင်းကို ဖမ်း၍ ကျောက်၌ တင်၍ လျင်စွာ မိမိ၏ လိုဏ်သို့လျှင် လာ၏၊ ထိုအခါ မနောဇ၏ အဘသည် မြင်းသားကို စား၍ ချစ်သား မနောဇ မြင်းတို့မည်သည် မင်း၏ ယာဉ်တည်း၊ မင်းတို့သည်လည်း များစွာသော မာယာတို့၌ လိမ္မာကုန်သော လေးသမားတို့ကို ပစ်စေတတ်ကုန်၏၊ မြင်းသားကို စားသော ခြင်္သေ့တို့မည်သည် အသက် မရှည်ကုန်၊ ဤနေ့မှ စ၍ မြင်းကို မဖမ်းလင့်ဟု ဆို၏၊ မနောဇသည်

အဘစကားကို နားမထောင်မူ၍ ဖမ်းသည်သာလျှင်တည်း၊ ခြသေ့်သည် မြင်းကို ဖမ်း၏ဟုကြား၍ မြို့တွင်း၌လျှင် မြင်းတို့ဖို ရေကန်ကို တူးစေ၏၊ထိုရေကန်မှလည်း လာ၍ ယူသလျှင်ကတည်း၊ မင်းသည် မြင်းတင်းကုပ်ကို ပြုစေ၍ မြင်းတင်းကုပ်၏ အတွင်း၌ မြက် ရေတို့ကို ပြုပေးစေ၏၊ ခြသေ့်သည် တံတိုင်းထိပ်ဖြင့် သွား၍ မြင်းတင်းကုပ်တွင်း၌လည်း ယူသလျှင်ကတည်း၊ မင်းသည် တစ်ယောက်သော အက္ခဏဝေဓိ လေးသမားကိုခေါ်၍ ခြသေ့်ကို ပစ်အံ့သော်ငါ တတ်နိုင်လတ္တံ့ လောဟု မေး၏၊ လေးသမားသည် တတ်နိုင်၏ဟုဆို၍ တံတိုင်းကို မှီ၍ ခြသေ့် လာရာ ခရီး၌ စင်ဆောက်၍ တည်၏၊ ခြသေ့်သည် လာ၍ အပယုသာန်၌ မြေခွေးကို ထားခဲ့၍ မြင်းကို ယူအံ့သောငှါ မြို့သို့ ပြေးဝင်၏၊ လေးသမားသည် လာသောကာလ၌ အဟုန်သည် အလွန်လျင်မြန်၏ဟု ခြသေ့်ကို မပစ်မူ၍ မြင်းကို ယူ၍ လာသောကာလ၌ ဝန်လေးသည်၏ အဖြစ်ကြောင့် နှေးသော အဟုန်ရှိသော ကာလ၌ ခြသေ့်ကို ထက်စွာသော မြားဖြင့် နောက်အဖို့၌ ပစ်၏၊ မြားသည် ရှေ့ကိုယ်ဖြင့် ထွက်၍ ကောင်းကင်သို့ ပြေး၏၊ ခြသေ့်သည် ငါ့ကို မြားစူး၏ဟု မြည်၏၊လေးသမားသည် ခြသေ့်ကိုပစ်၍ မိုးကြိုးသံကဲ့သို့ လေးညှို့ကို ခတ်၏၊ မြေခွေးသည် ခြသေ့်၏လည်းကောင်း, လေးညှို့၏လည်းကောင်း အသံကို ကြား၍ ငါ့အဆွေခင်ပွန်းသည် လေးသမားသည် ပစ်၍ သေသည် ဖြစ်လတ္တံ့၊ သူသေတို့နှင့်တကွ အကျွမ်းဝင်ခြင်းမည်သည် မရှိ၊ ယခု ငါသည် ပကတိအစွမ်းအားဖြင့် နေရာ တောအရပ်သို့ သွားအံ့ဟု မိမိဘာသာပင်လျှင် စကားပြောလိုသည် ဖြစ်၍ ဤဂါထာတို့ကိုဆို၏—

၁။ ယထာ စာပေါ နိန္နမတိ၊ ဇိယာ စာပိ နိကူဇတိ။
ဟညတေ နူန မနောဇော၊ မိဂရာဇာ သခါ မမ။

၉။ ဟန္ဒ ဒါနိ ဝနန္တာနိ၊ ပက္ကမာမိ ယထာသုခံ။
နေတာဒိသာ သခါ ဟောန္တိ၊ လဗ္ဘာ မေ ဇီဝတော သခါ။

အကြင်သို့သော အကြောင်းဖြင့် လေးသည် ညွတ်၏။ လေးညှို့ကြည်လည်း မြည်၏။ ငါ၏ အဆွေခင်ပွန်းဖြစ်သော မနောဇအမည်ရှိသော သားကောင် တို့၏ မင်းကို သတ်ယောင်တကား။

ယခုအခါ၌ ငါသည် ချမ်းသာသလို တောတို့သို့ သွားအံ့၊ ဤသို့သဘော ရှိသော သူသေတို့မည်သည် အဆွေခင်ပွန်း မဖြစ်ကုန်၊ အသက်ရှင်သောငါသည် အဆွေခင်ပွန်းတို့ကို ရရာ၏။

ခြသေ့်သည် တစ်ဟုန်တည်းဖြင့် သွား၍ မြင်းကို လိုဏ်တံခါး၌ ချ၍ မိမိသည် လည်း လဲ၍ သေ၏၊ ထိုအခါ မနောဇ၏ အဆွေအမျိုးတို့သည် ထွက်ကုန်၍ မြားမှန်ရာအဝမှ ယိုသောသွေးရှိသော သွေးအလိမ်းလိမ်းကပ်သော မနောဇကို

မြင်၍ ယုတ်မာသော အဆွေခင်ပွန်းကို မှီဝဲခြင်းကြောင့် အသက်ကုန်ခြင်းသို့ ရောက်သော မနောဇကို မြင်ကုန်၏၊ မြင်ကုန်ရှိလည်း မနောဇ အမိအဘ နှမ မယားတို့သည် ဤဂါထာတို့ကို အစဉ်သဖြင့် ဆိုကုန်၏—

၁၀။ န ပါပဇနသံသေဝီ၊ အစ္စန္တံ သုခမေဓတိ။
မနောဇံ ပဿ သေမာနံ၊ ဂိရိယဿာနုသာသနီ။

၁၁။ န ပါပသမ္ပဝင်္ကေန၊ မာတာ ပုတ္တေန နန္ဒတိ။
မနောဇံ ပဿ သေမာနံ၊ အစ္ဆန္နံ သမှိ လောဟိတေ။

၁၂။ ဧဝမာပဇ္ဇတေ ပေါသော၊ ပါပိယော စ နိဂစ္ဆတိ။
ယော ဝေ ဟိတာနံ ဝစနံ၊ န ကရောတိ အတ္ထဒဿိနံ။

၁၃။ ဧဝဉ္စ သော ဟောတိ တတော စ ပါပိယော၊
ယော ဥတ္တမော အဓမဇနူပသေဝီ။
ပဿုတ္တမံ အဓမဇနူပသေဝိတံ၊
မိဂါဓိပံ သရဝရဝေဂနိဒ္ဓုတံ။

ယုတ်မာသောအဆွေခင်ပွန်းကို ပေါင်းသင်းသော သူသည် အမှန်တကယ် ချမ်းသာမှုမရချေ၊ ဂိရိယမည်သော မြေခွေး၏ အဆုံးအမကို နာခံမိ၍ သေရသော မနောဇကို ကြည့်ကြလော့။

အဆွေခင်ပွန်းယုတ်ကို ပေါင်းသင်းခြင်းကြောင့် မိခင်သည် သားအတွက် ပူဆွေးရ၏၊ မိမိသွေးအိုင်ထဲ၌ နစ်မွန်းလျက် သေရသော မနောဇကို ကြည့်ကြ လော့။

စင်စစ် အကျိုးကို မြင်သော အကျိုးစီးပွားကို အလိုရှိကုန်သော သူတို့၏ စကားကို နားမထောင်သော ယောကျ်ားသည် ဤသို့ ဆင်းရဲခြင်းသို့ ရောက်၏။ ပါဏာတိပါတ စသော ယုတ်မာသော မကောင်းမှုကိုလည်း ရလေ၏။

ယုတ်မာသော အကျင့်ရှိသော သူကို မှီဝဲသော မြတ်သော ယောကျ်ားသည် ဤသို့ဆင်းရဲခြင်းသည်လည်းဖြစ်၏၊ ထို့ထက်လည်းယုတ်မာ၏၊ ခွန်အားကြီးသော ယုတ်မာသော အကျင့်ရှိသူကိုမှီဝဲသော မြား၏ အဟုန်သည် ဖောက်ထွင်းသော ထိုမနောဇ ခြင်္သေ့ကို ကြည့်ကြလော့။

ဘုရားသခင်သည် ယုတ်မာသောသူတို့နှင့် ပေါင်းဖက်၍ ပျက်စီးတတ်ကြောင်း ပညာရှိတို့ကို ပေါင်းဖော် ဆည်းကပ် အပ်လှသည်၏ အဖြစ်ကို ဟောတော်မူလို ရကား ဤဂါထာကို ဟောတော်မူ၏—

၁၄။ နိဟီယတိ ပုရိသော နိဟီနသေဝီ၊ န စ ဟာယေထ ကဒါစိ တုလျသေဝီ။
သေဋ္ဌမုပဂမံ ဥဒေတိ ခိပ္ပံ၊ တသ္မာတ္တနာ ဥတ္တရိတရံ ဘဇေထ။

ရဟန်းတို့ သူယုတ်ကို ပေါင်းသင်းသောသူသည် ယုတ်မာ၏၊ တန်းတူလူကို ပေါင်းသင်းသောသူသည် တစ်ရံတစ်ခါမျှ မယုတ်မာရာ၊ သူမြတ်ကို ဆည်းကပ်သောသူသည် သီလအစရှိသော ကျေးဇူးတို့ တိုးပွားသောကြောင့် မိမိထက် သီလစသည်ဖြင့် လွန်မြတ်သောသူကို ဆည်းကပ်ကြကုန်လော့။

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ဆန့်ကျင်ဘက်ဖြစ်သော အပေါင်းအဖော်ကို မှီဝဲသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

## ဇာတ်ပေါင်း

ဇာတ်ကို အဘယ်သို့ ပေါင်းသနည်းဟူမူကား ယခုအခါ ဒေဝဒတ်သည် ထိုအခါ မြေခွေးဖြစ်ပြီ၊ ယခုအခါ ဆန့်ကျင်ဘက်ဖြစ်သော အဆွေခင်ပွန်းကို မှီဝဲသောရဟန်းသည် ထိုအခါ မနောဇခြင်္သေ့ဖြစ်ပြီ၊ ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ နှမဖြစ်ပြီ၊ ယခုအခါ ခေမာဘိက္ခုနီမသည် ထိုအခါ မယားဖြစ်ပြီ၊ ယခု အခါ ရာဟုလာမယ်တော်သည် ထိုအခါ အမိဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အဘခြင်္သေ့မင်းဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သူယုတ်နှင့်ကား၊ ပေါင်းသင်းငြား၊ မမှား ပျက်စီးရာ။)

သုံးရာကိုးဆယ့်ခုနစ်ခုမြောက်သော မနောဇဇာတ်သည် ပြီး၏။

## ၃၉၈-သုတနုဇာတ်

## မိဘကို လုပ်ကျွေးသင့်ကြောင်း

## မိဘရှိသေ အသက်ရှည်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ရာဇာ တေ ဘတ္တံ ပါဟေသိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုတနုဇာတ်ကို ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် **အမိကိုလုပ်ကျွေးသော** ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

(ပစ္စုပ္ပန်ဝတ္ထုသည် သာမဇာတ်၌ ထင်စွာဖြစ်လတ္တံ့။)

### အတီတဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဆင်းရဲသော အမျိုး၌ ဖြစ်၏၊ ထိုဘုရားလောင်းအား သုတနုဟူသော အမည်ကို မှည့်ကုန်၏၊ ထိုဘုရားလောင်းသည် အရွယ်သို့ ရောက်လတ်သော် သူရင်းငှါးလုပ်၍ မိဘတို့ကို မွေးမြူ၍ အဘသည် သေသည် ရှိသော် အမိကိုမွေးမြူ၏၊ ထိုအခါ၌ကား ဗာရာဏသီမင်းသည် သမင်သတ်ခြင်းကို အလိုရှိ၏၊ တစ်နေ့သ၌ များစွာသော အခြံအရံဖြင့် ယူဇနာတစ်ရာအတိုင်းအရှည်ရှိသော တောသို့ ဝင်၍ အကြွင်သူ၏တည်ရာအရပ်၌ သမင်ပြေး၏။ ထိုသူအား ဤမည်သော ဒဏ်သည် ဖြစ်စေဟု ခပ်သိမ်းကုန်သော သူတို့အား ကြားစေ၏၊ အမတ်တို့သည် မင်းဆိုတိုင်းသောခရီးဖြင့် အစုကို ဝေ၍ ပေးကုန်၏။

လူတို့သည် သားတို့၏ နေရာအရပ်တို့ကိုခြံရံ၍ ပွဲတင်ထင်စေကုန်သဖြင့် ထစေအပ်ကုန်သောသားတို့တွင်တစ်ကောင်သောဏေီမည်သောသားသည် မင်း၏နေရာအရပ်သို့ ပြေး၏၊ မင်းသည် ထိုဏေီမည်သောသားကို ပစ်အံ့ဟု မြားကို လွှတ်၏၊ သင်ဒေပ်ပြီသော မာယာရှိသော သားသည် မြား လက်ယာနံပါးသို့ ရွေ့ရှ လာသည်ကို သိ၍ ပြန်၍ မြားစူးသကဲ့သို့ လဲ၏၊ မင်းသည် သမင်ကို စူးပြီဟု ဖမ်းအံ့သောငှါ ပြေး၏၊ သမင်သည် ထ၍ လေကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် ပြေး၏၊ အမတ်အစရှိသော သူတို့သည် မင်းကို ပြက်ရယ်ပြုကုန်၏၊ မင်းသည် သမင်ကို လိုက်၍ ပင်ပန်းသောကာလ၌ သန်လျက်ဖြင့် ပိုင်း၍ တစ်ခုသောလက်နံ၌ ဆွဲ၍ ထမ်းပိုး၌ ဆောင်၍ လာလတ်သော် အတန်ငယ် အပင်ပန်း ပြေအံ့ဟု ခရီး၏ အနီး၌ တည်သော ပညောင်ပင်သို့ ဝင်၍ လျောင်းသင့်သော် အိပ်ပျော်ခြင်းသို့

ရောက်၏၊ ထိုပဒေါင်ပင်၌ စောင့်သော မဃဒေဝမည်သော ဘီလူးသည် ထိုပဒေါင်ပင်သို့ ဝင်ကုန်သော သူတို့ကို ဝေဿဝဏ်နတ်မင်းကြီး၏ အထံမှ စားခြင်းငှါ ရ၏၊ ထိုဘီလူးသည် ထ၍ သွားသော မင်းကြီးကို မြင်၍ ရပ်လော့၊ ငါ့အစာ ဖြစ်ပြီဟု လက်၌ ကိုင်၏၊ သင်သည် အဘယ်သို့ ဒေမည်ရှိသနည်းဟု မေး၏၊ ငါသည် ပဒေါင်ပင်၌ စောင့်သောဘီလူးတည်း၊ ဤအရပ်သို့ ဝင်သော သူတို့ကို စားအံ့သောငှါ ရ၏ဟု ဆို၏။

မင်းသည် သတိကို ဖြစ်စေ၍ သင်သည် ယနေ့သာလျှင် စားလတ္တံ့လော၊ မပြတ်စားလတ္တံ့လောဟု မေး၏၊ ရသော်မပြတ်စားအံ့ဟု ဆို၏၊ မင်းသည်ယနေ့ ဤသမင်ကို စား၍ ငါ့ကို လွှတ်လော့၊ ငါသည် သင့်ဖို့နက်ဖြန်မှစ၍ ထမင်းခွက်နှင့်တကွ တစ်ယောက်သောသူကို ပို့စေအံ့ဟုဆို၏၊ ထိုသို့တပြီးကား မမေ့မလျော့ဖြစ်လော့၊ မပို့လာသောနေ့၌ သင့်ကို လာ၍ စားအံ့ဟုဆို၏၊ ငါသည် ဗာရာဏသီမင်းတည်း၊ ငါ့အား မရှိသောမည်သည် မရှိဟု ဆို၏၊ ဘီလူးသည် ဝန်ခံခြင်းကို ယူ၍ မင်းကိုလွှတ်၏၊ မင်းသည် မြို့သို့ဝင်၍ ထိုအကြောင်းကို အမတ်တစ်ယောက်အား ကြား၍ ယခု အသို့ပြုအံ့နည်းဟု မေးသည် ရှိသော် အရှင်မင်းကြီး နေ့အပိုင်းအခြားကိုပြုခဲ့၏လောဟု မေး၏၊ မပြုခဲ့ဟု ဆို၏၊ သင်မင်းကြီးသည် မသင့်သည်ကို ပြုငြားသော်လည်း မကြံလင့်၊ နှောင်အိမ်တို့၌ လူတို့သည် များစွာရှိကုန်၏ဟုဆို၏၊ ထိုသို့ဝပြီးကား သင်သည် ဤအမှုကိုပြုလော့၊ ငါ့အား အသက်ကို ပေးလော့ဟု ဆို၏၊ အမတ်သည် ကောင်းပြီဟု ဝန်ခံ၍ နေ့တိုင်း နှောင်အိမ်မှ လူကို ထုတ်၍ ထမင်းခွက်ကို ယူစေ၍ ဘီလူးသို့ ပို့စေ၏၊ ဘီလူးသည် ထမင်းကို စားပြီးသော် လူကို စား၏၊ နောက်အဖို့၌ နှောင်အိမ်တို့၌ လူတို့သည် ကုန်ကုန်၏။ မင်းသည် ထမင်းပို့အံ့သော သူကို မရ၍ သေဘေးဖြင့် တုန်လှုပ်၏၊ ထိုအခါ မင်းကို အမတ်သည် နှစ်သိမ့်စေ၍ အရှင်မင်းကြီး အသက်၌ တပ်စွန်းခြင်းထက် ဥစ္စာ၌ တပ်စွန်းခြင်းသည် အလွန်အားရှိ၏၊ ဆင်ကျောက်ကုန်း၌ ဥစ္စာထောင်ထုပ်ကို တင်၍ အဘယ်သူသည် ဤဥစ္စာကို ယူ၍ ဘီလူးသို့ ထမင်းပို့လတ္တံ့နည်းဟု စည်လည်စေလော့ဟု ဆို၍ အမတ်ကြီးဆိုတိုင်း ပြုစေ၏၊ ထိုအခါ ထိုစကားကို ကြား၍ ဘုန်းလောင်းသည် အခစားလုပ်သဖြင့် ပဲဝက်ပဲဝက်သော ဥစ္စာကို စုရုံး၍ ငြိုငြင်သဖြင့် အမိကို မွေးမြူရ၏၊ ဤဥစ္စာကိုယူ၍ အမိအား ပေး၍ ဘီလူးအထံသို့ သွားအံ့၊ ဘီလူးကို ဆုံးမခြင်းငှါ အကယ်၍ စွမ်းနိုင်အံ့၊ ဤသို့ စွမ်းနိုင်သည် ရှိသော် အပြစ်မရှိ၊ အကယ်၍ မတတ်နိုင်အံ့၊ ငါ့အမိသည် ချမ်းသာစွာ အသက်မွေးရလတ္တံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုအကြောင်းကို အမိအား ကြား၍ အမောင် မသင့်၊ ငါ့အား ဥစ္စာဖြင့် အလိုမရှိဟု နှစ်ကြိမ်မြောက် ပယ်၍ သုံးကြိမ်မြောက်၌ အမိကို မပန်မူ၍လျှင် အရှင်တို့ ဥစ္စာတစ်ထောင်ကို ဆောင်ခဲ့ကြကုန်လော့၊ ငါ ထမင်းကို ပို့အံ့ဟု ဥစ္စာတစ်ထောင်ကို ယူ၍ အမိအား ပေး၍

မိခင် မကြုံလင့်၊ ငါသည် ဘီလူးကို ဆုံးမ၍ လူအများအား ချမ်းသာခြင်းကို ပြုအံ့၊ ယနေ့လျှင် မျက်ရည်စွတ်သော မျက်နှာကို ရှင်စေလျက် လာအံ့ဟု ဆို၍ အမိကို ရှိခိုး၍ မင်းချင်းယောကျ်ားတို့နှင့်တကွ မင်း၏ဒွါရထံသို့ သွား၍ ရှိခိုး၍ ရပ်၏။

ထိုနောင်မှ မင်းသည် အမောင် သင်သည် ထမင်းကို ပို့လတ္တံ့လောဟု ဆိုသည် ရှိသော် အရှင်မင်းကြီး ပို့ပါမည်ဟု ဆို၏၊ သင့်အား အဘယ်ကို ရခြင်းငှါ သင့်သနည်းဟု မေးသည် ရှိသော် ရှင်မင်းကြီး ရှင်မင်းကြီးတို့၏ ရွှေခြေနင်းကို ရခြင်းငှါ သင့်၏ဟုဆို၏၊အဘယ်ကြောင့်နည်းဟု မေးသည်ရှိသော် အရှင်မင်းကြီး ထိုဘီလူးသည် သစ်ပင်ရင်း၌ ရပ်နေသောသူတို့ကိုသာ စားခြင်းငှါ ရ၏၊ အကျွန်ုပ်သည် ဘီလူး၏ဥစ္စာဖြစ်သောမြေ၌ မရပ်မူ၍ ခြေနင်းတို့၌သာ ရပ်အံ့ဟုဆို၏၊ဤမှ တစ်ပါး အဘယ်ကိုရခြင်းငှါ သင့်သနည်းဟုမေး၏၊ ရှင်မင်းကြီး ရှင်မင်းကြီးတို့၏ ထီးကို ရခြင်းငှါ သင့်၏ဟု ဆို၏၊ ဤထီးကို အဘယ်အကျိုးငှါနည်းဟု မေးသည် ရှိသော် အရှင်မင်းကြီး ဘီလူးသည် မိမိသစ်ပင်ရိပ်၌ တည်သောသူတို့ကိုသာ စားခြင်းငှါ ရ၏၊အကျွန်ုပ်သည် ထိုဘီလူး၏ သစ်ပင်ရိပ်၌ မရပ်မူ၍ ထီးရိပ်၌ရပ်အံ့ဟု ဆို၏၊ ဤမှတစ်ပါး အဘယ်ကို ရခြင်းငှါ သင့်သနည်းဟု မေးသည် ရှိသော် ရှင်မင်းကြီးတို့၏ သန်လျက်ကို ရခြင်းငှါ သင့်၏ဟု ဆို၏၊ ဤသန်လျက်ဖြင့် အဘယ်အကျိုးရှိသနည်းဟု မေးသည် ရှိသော် အရှင်မင်းကြီး ဘီလူးတို့လည်း လက်နက်စွဲကိုင်သော သူတို့အား ကြောက်တတ်ကုန်သလျှင်ကတည်းဟု ဆို၏၊ ဤမှတစ်ပါး အဘယ်ကို အလိုရှိသနည်းဟု မေး၏၊ အရှင်မင်းကြီး အရှင်မင်းကြီးတို့၏ ရွှေခွက်ကို ယူ၍ အရှင်မင်းကြီး၏ စားတော်ထမင်းကို ပြည့်စေ၍ ပေးကုန်လော့ဟုဆို၏၊အမောင် အဘယ့်ကြောင့်နည်းဟု မေးသည်ရှိသော် အရှင်မင်းကြီး အကျွန်ုပ်ကဲ့သို့ ပညာရှိသော ယောကျ်ားအား မြေခွက်ဖြင့် ရှုံ့ရင်းသော ဘောဇဉ်ကို ဆောင်အံ့သောငှါ မလျောက်ပတ်ဟု ဆို၏၊ အမောင် ကောင်းပြီဟု မင်းသည် အလုံးစုံကို ပေး၍ ဘုရားလောင်းကို ဝေယျာဝစ္စပြုသော သူတို့ကို စီရင်စေ၏၊ ဘုရားလောင်းသည် မြတ်သော မင်းကြီး ကြောက်တော်မမူလင့်၊ ယနေ့ အကျွန်ုပ်သည် ဘီလူးကို ဆုံးမ၍ ရှင်မင်းကြီးတို့အား ချမ်းသာခြင်းကို ပြု၍ လာအံ့ဟု ဆို၍ မင်းကို ရှိခိုး၍ အဆောက်အဦတို့ကို ကိုင်ခဲ့စေ၍ ထိုအရပ်သို့ သွား၍ လူတို့ကို သစ်ပင်၏ အနီး၌ ထားခဲ့၍ ရွှေခြေနင်းကို စီး၍ သန်လျက်ကို ဖွဲ့၍ ထီးဖြူကို ဆောင်း၍ ရွှေခွက်ဖြင့် ထမင်းကို ယူ၍ ဘီလူးအထံသို့ သွား၏၊ ဘီလူးသည် ခရီးကို ကြည့်သည်ရှိသော် ဘုရားလောင်းကို မြင်၍ ဤယောကျ်ားသည် တစ်ပါးကုန်သော နေ့တို့၌ လာသောနည်းဖြင့် မလာ၊ အကြောင်းကား ဘယ်သို့နည်းဟု ကြံ၏၊ ဘုရားလောင်းသည်လည်း သစ်ပင်အနီးသို့ သွား၍

သန်လျက်နှင့် ထမင်းခွက်ကို အရိပ်အတွင်း၌ ထား၍ အရိပ်အစွန်း၌ ရပ်လျက် ဤဂါထာကို ဆို၏—

၁၅။ ရဇာ တေ ဘတ္တံ ပါဟေသိ၊ သုစိံ မံသူပသေစနံ။
မဃဒေဝသ္မိံ အဓိဝတ္ထော၊ ဇော နိက္ခမ္မ ဘုဉ္ဇသု။

ပညောင်ပင်စောင့်နတ် သင့်ဖို့ မင်းသည် စင်ကြယ်သော သားပြွမ်းဖြစ်သော ထမင်းကို ပို့စေ၏၊ လာလော့, ထွက်လော့, စားလော့။

ထိုစကားကို ကြား၍ ဘီလူးသည် လှည့်စား၍ အရိပ်အတွင်းသို့ ဝင်သော ဤယောကျ်ားကို စားအံ့ဟု ကြံ၍ ဤဂါထာကို ဆို၏—

၁၆။ ဧဟိ မာဏဝ ဩရေန၊ ဘိက္ခမာဒါယ သူပိတံ။
တွဉ္စ မာဏဝ ဘိက္ခာ စ၊ ဥဘော ဘက္ခာ ဘဝိဿထ။

လုလင် ဟင်းနှင့် ပြည့်သော ငါ့အတွက် အမြဲဝတ်တည်သော ထမင်းကို ယူ၍ ဤမှာဘက်သို့ လာလော့၊ လုလင် သင်သည်လည်း ငါ့အစာပင် မဟုတ်လော၊ ထမင်းနှင့် သင် နှစ်ပါးတို့သည် ငါ့အစာတို့ပင်တည်း။

ထိုနောင်မှ ဘုရားလောင်းသည် ဤဂါထာတို့ကို ဆို၏—

၁၇။ အပ္ပကေန တုဝံ ယက္ခ၊ ထုလ္လမတ္ထံ ဇဟိဿသိ။
ဘိက္ခံ တေ နာဟံသန္တိ၊ ဇနာ မရဏသညိနော။

၁၈။ လဒ္ဓါယ ယက္ခာ တဝ နိစ္စဘိက္ခံ၊
သုစိံ ပဏီတံ ရသသာ ဥပေတံ။
ဘိက္ခဉ္စ တေ အာဟရိယော နရော ဣဓ၊
သုဒုလ္လဘော ဟေဟိတိ ဘက္ခိတေ မယိ။

ဘီလူး သင်သည် အနည်းငယ်သော အကြောင်းဖြင့် ကြီးစွာသော အကျိုးကို စွန့်ရလတ္တံ့၊ လူတို့သည် သေရအံ့ဟု အမှတ်ရှိကုန်သည်ဖြစ်၍ သင့်အား ထမင်းကို မပို့ဆောင်ကုန်လတ္တံ့။

ဘီလူး သင့်ဖို့ စင်ကြယ်သော မြတ်သော အရသာနှင့် ပြည့်စုံသော အမြဲဝတ်တည်သော ထမင်းကို ရ၍ ငါသည် လာခဲ့၏။ ငါ့ကို စားသည်ရှိသော် သင်၏ ထမင်းကိုလည်း ဆောင်ဝံ့သော လူကို ဤဗာရာဏသီပြည်၌ မရနိုင်တော့လတ္တံ့။

အဘယ့်ကြောင့် ဖြစ်လတ္တံ့နည်းဟူမူကား ဗာရာဏသီပြည်၌ ငါနှင့်တူသော ပညာရှိသောသူ မည်သည်မရှိ၊ ငါ့ကို စားသည်ရှိသော် သုတနုကိုစင်လျက်လည်း ဘီလူးသည် စားအံ့၏၊ တစ်ပါးသော တစ်စုံတစ်ယောက်သောသူအား ထိုဘီလူး

သည် အဘယ်မှာ ရှက်လတ္တံ့နည်းဟု ထမင်းပွဲအပ်သော သူကို မရလတ္တံ့၊ ထိုသို့ဖြစ်သည်ရှိသော် သင့်အား ဤနေ့မှစ၍ ထမင်းကို ရခဲသည် ဖြစ်လတ္တံ့၊ ငါတို့၏ မင်းကိုလည်း ဖမ်းအံ့သောငှါ မရလတ္တံ့၊ အဘယ့်ကြောင့်နည်းဟူမူကား သစ်ပင်မှ အပဖြစ်သောကြောင့်တည်း၊ ဤထမင်းကို စား၍ ငါ့ကို အကယ်၍ လွှတ်လိုက်အံ့၊ ငါသည် မင်းအား ပြောဆို၍ အမြဲဖြစ်သောထမင်းကို ပို့လာစေအံ့၊ သင့်အား ငါ့ကိုလည်း စားအံ့သောငှါ မပေးလတ္တံ့၊ ငါသည် သင်၏ ဥစ္စာဖြစ်သော အရှင်၌ မရပ်၊ ခြေနင်းတို့၌ ရပ်၏၊ သင်၏ သစ်ပင်ရိပ်၌လည်းမရပ်၊ ထီးရိပ်၌လျှင် ရပ်၏၊ ငါနှင့်တကွ အကယ်၍ စစ်ထိုးအံ့၊ သင့်ကို သန်လျက်နှင့် နှစ်ပိုင်း ဖြစ်အံ့၊ ငါသည် ထိုအကျိုးငှါသာလျှင် စီရင်၍ လာ၏ဟု ဘီလူးကို ဘုရားလောင်းသည် ခြိမ်းခြောက်၏။

ဘီလူးသည် ဤလုလင်ကား သင့်သော သဘောကို ဆို၏ဟု မှတ်၍ ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍ ဤဂါထာတို့ကို ဆို၏—

၁၉။ မမေဝ သုတနော အဇ္ဈဂါ၊ ယထာ ဘာသသိ မာဏဝ၊
မယာ တံ သမနုညာတော၊ သောတ္ထိံ ပဿာဟိ မာတရံ။

၂၀။ ခဂ္ဂံ ဆတ္တဉ္စ ပါတိဉ္စ၊ ဂစ္ဆမာဒါယ မာဏဝ။
သောတ္ထိံ ပဿတု တေ မာတာ၊ တွံ စ ပဿာဟိ မာတရံ။

သုတနုလုလင် သင်ဆိုသောစကားသည် ငါ့အကျိုးအတွက် ပြောဆိုခြင်း ဖြစ်၏၊ ငါသည် သင့်ကို ခွင့်ပြုသင့်ပေ၏၊ ချမ်းသာစွာ မိခင်ထံသို့ သွားကြည့်လေလော့။

လုလင် သန်လျက်ကိုလည်းကောင်း၊ ထီးကိုလည်းကောင်း၊ ရွှေခွက်ကိုလည်း ကောင်း ယူ၍ သွားလေလော့၊ သင်၏ မိခင်သည် ချမ်းသာစွာ မြင်ပါစေ သတည်း၊ သင်သည်လည်း မိခင်ကို ကြည့်ရှုလေလော့။

ဘီလူးစကားကို ကြား၍ ဘုရားလောင်းသည် ငါ၏ အမှုသည် ငြိမ်းပြီ၊ ငါသည် ဘီလူးကို ဆုံးမအပ်ပြီ၊ များစွာသော ဥစ္စာကိုလည်း ရအပ်ပြီ၊ မင်း၏ စကားကို ပြုအပ်ပြီဟု နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ ဘီလူးအား အနုမောဒနာကို ပြုလိုရကား ဤဂါထာကို ဆို၏—

၂၁။ ဧဝံ ယက္ခ သုခီ ဟောဟိ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
ဓနံ စ မေ အဓိဂတံ၊ ရညော စ ဝစနံ ကတံ။

ဘီလူး ငါသည် ဥစ္စာကိုလည်း ရပြီ၊ မင်း၏ စကားအတိုင်းလည်း ပြုပြီးပြီ၊ ထိုအတူ သင်သည် ဆွေမျိုးအားလုံးတို့နှင့်အတူတကွ ချမ်းသာစွာ နေလေလော့။

ဤသို့ ဆို၍ ဘီလူးကို ခေါ်၍ အဆွေ သင်သည် ရှေး၌ အကုသိုလ်ကံကို ပြု၍ ရုန့်ရင်းကြမ်းကြုတ်သည် သူတစ်ပါးတို့၏ အသား အသွေးကို စားတတ်သည် ဖြစ်၏၊ ဤနေ့မှ စ၍ ပါဏာတိပါတ အစရှိသည်တို့ကို မပြုလင့်ဟု သီလ၏ အကျိုးကိုလည်းကောင်း, သီလမရှိခြင်း၌ အပြစ်ကိုလည်းကောင်း ဆို၍ ပဉ္စသီတို့၌ တည်စေ၍ သင့်အား တော၌ နေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ လာလော့၊ မြို့တံခါး၌ သင့်ကို နေစေ၍ ထမင်းဦး ရခြင်းကို ပြုအံ့ဟု ဘီလူးနှင့် တကွ ထွက်၍ သန်လျက် အစရှိသည်တို့ကို ဘီလူးကို ကိုင်စေ၍ ဗာရာဏသီ ပြည်သို့ လာ၏၊ သုတနုလုလင်သည် ဘီလူးကို ခေါ်၍ လာ၏ဟု မင်းအား ကြားကုန်၏၊ မင်းသည် အမတ်အပေါင်း ခြံရံလျက် ဘုရားလောင်းအား ခရီးဦးကြို၍ ဘီလူးကို မြို့တံခါး၌ နေစေ၍ ထမင်းဦး အစရှိသည်တို့ကို ရခြင်းကို ပြု၍ မြို့သို့ ဝင်၍ စည်လည်စေ၍ မြို့သူမြို့သားတို့ကို စည်းဝေးစေ၍ ဘုရားလောင်း၏ ကျေးဇူးကို ဆို၍ စစ်သူကြီးအရာကို ပေး၏၊ မိမိလည်း ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ အလှူအစရှိသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လား၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အမိကို လုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဤဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အင်္ဂုလိမာလသည် ထိုအခါ မဃဒေဝ ဘီလူးဖြစ်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ သုတနုလုလင်ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးကြီးလှ၊ မိနှင့်ဘ၊ နိစ္စ လုပ်ကျွေးရာ)

သုံးရာကိုးဆယ့်ရှစ်ခုမြောက်သော သုတနုဇာတ်သည် ပြီး၏။

# ၃၉၉-မာတုပေါသကဂိဇ္ဇဇာတ်

## မိဘရိုသေ အသက်ရှည်

## မိဘ၏ ဂုဏ်ကျေးဇူးကြောင့် သေဘေးမှလွတ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသခင်သည်“တေ ကထံ နု ကရိဿန္တိ”အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမာတုပေါသကဂိဇ္ဇဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမိကို လုပ်ကျွေးသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုသည် သာမဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။)

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် လင်းတမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ကြီးကုန်သော ယုတ်သော မျက်စိရှိကုန်သော မိဘတို့ကို လင်းတဂူ၌ ထား၍ နွားသား အစရှိသည်တို့ကို ဆောင်ယူ၍ မွေးမြူ၏၊ ထိုအခါ ဗာရာဏသီပြည်၏အနီး သုသာန်၌ တစ်ယောက်သော မုဆိုးသည် မမှတ်မူ၍ လင်းတတို့၏ ကျရာအရပ်၌ ကျော့ကွင်းကို ထောင်၏၊ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် နွားသား အစရှိသည်တို့ကို ရှာသျက် သုသာန်သို့ ဝင်သည် ရှိသော် ကျော့ကွင်း၌မိ၍ မိမိအကျိုးငှါမအောက်မေ့၊ ကြီးကုန်သော ယုတ်သော မျက်စိရှိကုန်သော မိဘတို့ကိုသာ အောက်မေ့၍ ငါ၏မိဘတို့သည် အဘယ်သို့လျှင် မျှကုန်လတ္တံ့နည်း၊ ငါ့အားကျော့ကွင်းမိသည်၏ အဖြစ်ကိုလည်း မသိကုန်၊ ကိုးကွယ်ရာ အထောက်အပံ့ မရှိကုန်သည်ဖြစ်၍ တောင်လိုဏ်၌လျှင် ခြောက်၍ သေကုန်ယောင်တကားဟု မြည်တမ်းလိုရကား ဤဂါထာကို ဆို၏—

၂၂။ တေ ကထံ နု ကရိဿန္တိ၊ ဝုဒ္ဓါ ဂိရိဒရီသယာ။
အဟံ ဗဒ္ဓေါသ္မိ ပါသေန၊ နိလီယဿ ဝသံ ဂတော။

ငါ့ကို ကျော့ကွင်းသည် မိ၏၊ ငါသည် နိလီယမည်သော မုဆိုး၏ နိုင်ငံသို့ လိုက်ရ၏၊ ကြီးသော တောင်လိုဏ်၌ နေကုန်သော ထိုမိဘတို့သည် အဘယ်သို့လျှင် ပြုကုန်လတ္တံ့နည်း။

ထိုအခါ မုဆိုးသည် လင်းတမင်း ငိုသံကို ကြား၍ ဤဂါထာကို ဆို၏—

၂၃။ ကိံ ဂိဇ္ဈ ပရိဒေဝသိ၊ ကာ နု ဝေ ပရိဒေဝနာ။
နှ မေ သုတော ဝါ ဒိဋ္ဌော ဝါ၊ ဘာသန္တော မာနုသိံ ဒိဇော။

လင်းတ သင်သည် အသို့ ငိုကြွေးသနည်း၊ သင်၏ ငိုကြွေးခြင်းသည် အသို့နည်း၊ လူတို့၏ စကားကို ဆိုသော ငှက်ကို ငါသည် မြင်လည်း မမြင်စဖူး၊ ကြားလည်း မကြားစဖူး။

ထိုနောင်မှ လင်းတမင်းသည် ဤဂါထာကို ဆို၏—

၂၄။ ဘရာမိ မာတာ ပိတရော၊ ဝုဒ္ဓေ ဂိရိဒရီသယေ။
တေ ကထံ နု ကရိဿန္တိ၊ အဟံ ဝသံ ဂတော တဝ။

မုဆိုး ငါသည် ကြီးကုန်သော တောင်လိုဏ်၌ နေကုန်သော မိဘတို့ကို ကျွေးမွေးပြုစု၏၊ ငါသည် သင်၏ နိုင်ငံသို့ လိုက်ရသည် ရှိသော် ထိုမိဘတို့သည် အသို့လျှင် ပြုကုန်လတ္တံ့နည်း။

ထိုနောင်မှ မုဆိုးသည် ဤဂါထာကို ဆို၏—

၂၅။ ယံ နု ဂိဇ္ဈော ယောဇနသတံ၊ ကုဏပါနိ အဝေက္ခတိ။
ကသ္မာ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ န ဗုဇ္ဈသိ။

လင်းတသည် ယူဇနာ တစ်ရာကျော်၌ရှိသော အကောင်ပုပ်တို့ကိုပင် မြင်နိုင်၏ဟူသော လောကဆိုရိုးစကားရှိပါလျက် အဘယ့်ကြောင့် သင်သည် ကွန်ရက်သို့လည်းကောင်း, ကျော့ကွင်းသို့လည်းကောင်း ရောက်၍သော်လည်း မသိရလေသနည်း။

ထိုနောင်မှ လင်းတမင်းသည် ဤဂါထာကို ဆို၏—

၂၆။ ယဒါ ပရာဘဝေါ ဟောတိ၊ ပေါသော ဇီဝိတသင်္ခယေ။
အထ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ န ဗုဇ္ဈတိ။

မုဆိုး သတ္တဝါသည် သေချိန်တန်၍ ပျက်စီးသင့်သောအခါ၌ ကွန်ရက်သို့လည်းကောင်း, ကျော့ကွင်းသို့လည်းကောင်း ရောက်သော်လည်း မသိနိုင်။

မုဆိုးသည် ဘုရားလောင်း၏ တရားစကားကို နာရ၍ ပညာရှိသော လင်းတမင်းသည် ငိုကြွေးသော်လည်း မိမိအကျိုးငှါ မငိုကြွေး၊ မိဘတို့၏ အကျိုးငှါသာ ငိုကြွေး၏၊ ဤလင်းတမင်းကို သတ်အံ့သောငှါ မသင့်ဟု လင်းတမင်းအား နှစ်သက်စေ၍ ဤဂါထာကို ဆို၏—

၂၃။ ဘရဿု မာတာပိတရော၊ ဝုဒ္ဓေ ဂိရိဒရီသယေ။
မယာ တွံ သမနုညာတော၊ သောတ္ထိံ ပဿာဟိ ဉာတကေ။

လင်းတမင်း သင်သည် အိုမင်းကြီးရင့်ကုန်သော တောင်လိုဏ်၌ နေကုန်သော မိဘတို့ကို ပြုစုမွေးမြူလေလော့၊ ငါသည် သင့်ကို ခွင့်ပြုအပ်၏၊ ဆွေမျိုးတို့ကို ချမ်းသာစွာ ရှုလေလော့။

ဤသို့ ဆို၍ ချစ်စွာသောစိတ် နူးညံ့သောစိတ်ဖြင့် ကျော့ကွင်းကို ဖြေ၏၊ သေမင်းခံတွင်းမှ လွတ်၍ ချမ်းသာခြင်းရှိသော ဘုရားလောင်းသည် မုဆိုးအား အနုမောဒနာ ပြုလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏—

၂၀။ ဧဝံ လုဒ္ဒက နန္ဒဿု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
ဘရိဿံ မာတာ ပိတရော၊ ဝုဒ္ဓေ ဂိရိဒရီသယေ။

မုဆိုး ဤအတူ သင်သည် ခပ်သိမ်းကုန်သော အဆွေအမျိုးတို့နှင့် အတူတကွ နှစ်သက်လေလော့၊ ငါသည် ကြီးရင့်ကုန်သော တောင်လိုဏ်၌ နေကုန်သော မိဘတို့ကို ပြုစု မွေးမြူပါအံ့။

ဤသို့ ဆို၍ ခံတွင်းပြည့်အောင် အသားကို ယူ၍ မိဘတို့အား ပေး၏။

ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အမိကို လုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ဆန္နသည် ထိုအခါ မုဆိုး ဖြစ်ပြီ၊ ယခုအခါ မြတ်သော မင်းမျိုးတို့သည် ထိုအခါ မိဘတို့ ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားရှင်သည်လျှင် ထိုအခါ လင်းတမင်း ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ပျက်စီးချိန်တန်၊ သေချိန်မှန်၊ သေးရန် မမြင်ရာ)

သုံးရာကိုးဆယ့်ကိုးခုမြောက်သော မာတုပေါသကဂိဇ္ဈဇာတ်သည် ပြီး၏။

## ၄၀၀-ဒဗ္ဗပုပ္ဖဇာတ်

## ဖျံနှစ်ကောင် အချင်းများ ငါးကြင်းသားဆုံးရ ငြင်းခုန်ခြင်းကြောင့် ဆုံးရှုံးရခြင်းအကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသခင်သည် "အနုတီရစာရိ ဘဒ္ဒန္တေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒဗ္ဗပုပ္ဖဇာတ်ကို ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် သာကီဝင်မင်းသားဖြစ်သော ဥပနန်မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုဥပနန်မထေရ်သည် သာသနာတော်၌ ရဟန်းပြု၍ အပ္ပိစ္ဆတာ အစရှိသော ကျေးဇူးတို့ကို ပယ်၍ တပ်စွန်းခြင်း ကြီးသည် ဖြစ်၏၊ ဝါဆိုသော အခါ၌ နှစ်ကျောင်း သုံးကျောင်းတို့ကို သိမ်းဆည်း၍ တစ်ကျောင်း၌ ထီးကိုလည်းကောင်း၊ တစ်ကျောင်း၌ ဖိနပ်ကိုလည်းကောင်း၊တစ်ကျောင်း၌ သပိတ်ကိုလည်းကောင်း၊ တစ်ကျောင်း၌ တောင်ဝှေးကိုလည်းကောင်း၊တစ်ကျောင်း၌ ရေဗူးကိုလည်းကောင်း ထား၍ တစ်ကျောင်း၌ မိမိနေ၏၊ ထိုဥပနန်မထေရ်သည် တစ်ခုသော ဇနပုဒ်ကျောင်း၌ ဝါကပ်၍ ရဟန်းတို့မည်သည် အလိုနည်းသည် ဖြစ်အပ်၏ဟု ကောင်းကင်၌ လကို ထင်စေဘိသကဲ့သို့ ရဟန်းတို့အား ပစ္စည်း၌ ရောင့်ရဲခြင်းကို ပြုတတ်သော အရိယဝံသပဋိပတ်ကို ဟော၏၊ ရဟန်းတို့သည် ထိုတရားကို ကြား၍ နှစ်သက်ဖွယ်ရှိကုန်သော သပိတ်သင်္ကန်းတို့ကို စွန့်၍ မြေသပိတ်တို့ကိုလည်းကောင်း, ပံ့သကူသင်္ကန်းတို့ကိုလည်းကောင်း ယူကုန်၏၊ အရှင်ဥပနန်သည် တစ်ပါးသော ပတ္တုတို့ကို မိမိနေရာ အရပ်၌ ထား၍ ငါကျွတ်သည်ရှိသော် ပဝါရဏာပြု၍ ယာဉ်ငယ်ကို ပြည့်စေ၍ ဇေတဝန်ကျောင်းတော်သို့ သွားသည်ရှိသော် ခရီးအကြား၌ တစ်ခုသော ကျောင်း၏ နောက်၌ ခြေ၌ နွယ်သည် ငြိ၏၊ စင်စစ် ဤကျောင်း၌ တစ်စုံတစ်ခုကို ရအပ်သည် ဖြစ်လတ္တံ့ဟု ထိုကျောင်းသို့ ဝင်၏၊ ထိုကျောင်း၌ နှစ်ပါးကုန်သော အသက်ကြီး ရဟန်းတို့သည် ဝါဆိုကုန်၏၊ ထိုရဟန်းကြီးတို့သည် နှစ်ထည်ကုန်သော ရှုနိရင်းသော သင်္ကန်းလျှော ပုဆိုးတို့ကိုလည်းကောင်း,တစ်ခုသော သိမ်မွေ့သော ကမ္ဗလာကိုလည်းကောင်း ရ၍ ခွဲဝေအံ့သောငှါ မတတ်နိုင်ကုန်သည် ဖြစ်၍ အရှင်ဥပနန်ကို မြင်၍ မထေရ်သည် ငါတို့အား ခွဲဝေပေးလတ္တံ့ဟု နှစ်သက်သောစိတ် ရှိကုန်သည်ဖြစ်၍ အရှင်ဘုရား အကျွန်ုပ်တို့သည် ဝါဆိုသင်္ကန်းကို ခွဲဝေအံ့သောငှါ မတတ်နိုင်ကုန်၊ ဤသင်္ကန်းကိုမှီ၍ အကျွန်ုပ်တို့အား ငြင်းခုံခြင်းသည် ဖြစ်၏၊ ဤသင်္ကန်းကို အကျွန်ုပ်တို့အား ခွဲဝေ၍ ပေးပါလော့ဟု ဆို၏၊ အရှင်ဥပနန်သည်

ကောင်းပြီ ခွဲဝေအံ့ဟု ရှန့်ရင်းကုန်သော နှစ်ထည်ကုန်သော သင်္ကန်းလျှာ ပုဆိုးတို့ကို နှစ်ပါးကုန်သော ရဟန်းကြီးတို့အား ပေး၍ ဤကမ္ဗလာသည်ကား ဝိနည်းမိုရ်ဖြစ်သော ငါ့အား လျောက်ပတ်၏ဟု ကမ္ဗလာကို ယူ၍ ဖဲ၏၊ ထိုရဟန်းကြီးတို့သည် ကမ္ဗလာ၌ တပ်စွန်းကုန်သည် ဖြစ်၍ အရှင်ဥပနန္ဒနှင့် တကွ ဇေတဝန်ကျောင်းတော်သို့ သွား၍ ရဟန်းတို့အား အကြောင်းကို ကြား၍ အရှင်ဘုရားတို့ ဝိနည်းကို ဆောင်ကုန်သော ရဟန်းတို့အား ဤသို့ လုယက်၍ စားခြင်းငှါ အပ်သလောဟု လျှောက်ကုန်၏၊ ရဟန်းတို့သည် ဥပနန္ဒမထေရ်သည် ဆောင်ခဲ့အပ်ကုန်သော သပိတ်သင်္ကန်းတို့ကို မြင်၍ ရှင်ဥပနန္ဒကို ငါ့ရှင်သင်သည် ဘုန်းတန်ခိုးကြီး၏၊ များစွာကုန်သော သပိတ်သင်္ကန်းတို့ကို ရ၏ဟု ဆိုကုန်၏၊ အရှင်ဥပနန္ဒသည် ငါ့ရှင်တို့ အဘယ်မှာ ဘုန်းတန်ခိုးရှိအံ့နည်း၊ ဤသို့သော အကြောင်းကြောင့် ဤသပိတ်သင်္ကန်းကို ရ၏ဟု အလုံးစုံသော အကြောင်းကို ပြောဆို၏၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ သာကီဝင်မင်းသားဖြစ်သော အရှင်ဥပနန္ဒသည် ကြီးသော တပ်စွန်းခြင်းရှိ၏၊ ကြီးသော လောဘရှိ၏ဟု စကားကိုဖြစ်စေကြကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဥပနန္ဒသည် အကျင့်အား လျောက်ပတ်သည်ဟု မိမိမပြု၊ သူတစ်ပါးအား အကျင့်ကို ဟောသော ရဟန်းမည်သည်ကား ရှေးဦးစွာ မိမိသည် လျောက်ပတ်စွာ ကျင့်၍ နောက်မှသူတစ်ပါးကို ဆုံးမရာ၏။

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထည မနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော—

ဟူသော ဓမ္မပဒ၌ လာသော ဤဂါထာပုဒ်ဖြင့် တရားဟော၍ ရဟန်းတို့ ဥပနန္ဒသည် ယခုအခါ၌သာလျှင် ကြီးသောတပ်စွန်းခြင်းရှိသည်၊ ကြီးသော လောဘရှိသည် မဟုတ်သေး၊ ရှေး၌လည်း ကြီးသောတပ်စွန်းခြင်း ကြီးသော လောဘ ရှိသည်သာလျှင်တည်း၊ ယခုအခါ၌သာလျှင် ဤရဟန်းတို့၏ ဥစ္စာကို လုယက်သည် မဟုတ်သေး၊ ရှေး၌လည်း လုယက်ဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မြစ်နား၌ ရုက္ခစိုးနတ်ဖြစ်၏၊ ထိုအခါ တစ်ခုသော မြေခွေးသည် မာယာဝီမည်သော မယားကိုယူ၍ မြစ်နား၌ တစ်ခုသောအရပ်၌

နေ၏၊ ထိုအခါ တစ်နေ့သ၌ မြေခွေးမသည် သခင် ငါ့အား ချင်ခြင်းဖြစ်၏၊ စိုသော ငါးကြင်းသားကို စားခြင်းငှါ အလိုရှိ၏ဟု မြေခွေးဖိုကို ဆို၏၊ မြေခွေးဖိုသည် ကြောင့်ကြမဲ့သည်ဖြစ်လော၊ သင့်ဖို့ ဆောင်ချေအံ့ဟု ဆို၍ မြစ်နားသို့ လှည့်လည်သည်ရှိသော် ခြေ၌ နွယ်ငြိ၍ မြစ်နားသို့လျှောက်၍ သွား၏၊ ထိုခဏ၌ ရေနက်သို့သွားသော ဖျံ, မြစ်နားသို့ လျှောက်၍သွားသောဖျံ ဤနှစ်ကောင်ကုန်သော ဖျံတို့သည် ငါးတို့ကို ရှာကုန်လျက် ကမ်းနား၌ ရပ်ကုန်၏၊ နှစ်ကောင်ကုန်သော ဖျံတို့တွင် ရေနက်သို့သွားသော ဖျံသည် ကြီးစွာသော ငါးကြင်းကို မြင်၍ လျင်စွာ ရေသို့ငုပ်၍ အမြီး၌ ကိုက်၏၊ အားကြီးသော ငါးသည် ငင်လျက် သွား၏၊ ရေနက်သို့သွားသော ဖျံသည် အဆွေငပွန်းဖျံ ငါးသည် ကြီး၏၊ နှစ်ကောင်ကုန်သော ငါတို့၏ အဖို့သည် ဖြစ်လတ္တံ့၊ လာလော့ ငါ၏အဖော် ဖြစ်လော့ဟု မြစ်နားသို့ လျှောက်၍ သွားသောဖျံနှင့်တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၂၉။ အနုတီရစာရိ ဘဒ္ဒန္တေ၊ သဟာယမနုဓာဝ မံ။
မဟာ မေ ဂဟိတော မစ္ဆော၊ သော မံ ဟရတိ ဝေဂသာ။

ကမ်းနားသို့ လှည့်လည်သွားလာသော ဖျံ၊ သင့်အား ကောင်းခြင်းသည် ဖြစ်စေသတည်း၊ ငါ၏ ငါးကြင်းကြီးသည် ငါ့ကို အဟုန်ဖြင့် ဆောင်၏၊ အဆွေဖြစ်သော ငါ့ကို အမြီး၌ကိုက်၍ ငင်လော။

ထိုစကားကို ကြား၍ မြစ်နားသို့ လျှောက်၍သွားသော ဖျံသည် ဤဂါထာကို ဆို၏—

၃၀။ ဂမ္ဘီရစာရိ ဘဒ္ဒန္တေ၊ ဒဠှံ ဂဏှာဟိ ထာမသာ။
အဟံ တံ ဥဒ္ဓရိဿာမိ၊ သုပဏ္ဏော ဥရဂါမိဝ။

ရေနက်သို့သွားတတ်သောဖျံ၊ သင့်အား ကောင်းခြင်းသည် ဖြစ်စေသတည်း။ အစွမ်းအားဖြင့် မြဲစွာ ကိုက်လော့၊ ဂဠုန်သည် နဂါးကို ထုတ်ဆောင်သကဲ့သို့ ငါသည် သင့်ကို ထုတ်ဆောင်အံ့။

ထိုအခါ ထိုဖျံနှစ်ကောင်တို့သည်လည်း တစ်ပေါင်းတည်းဖြစ်ကုန်၍ ငါးကြင်းကို တုတ်၍ ကမ်းနား၌ထား၍ သတ်၍ သင်ဝေလော့ သင်ဝေလော့ဟု ငြင်းခုံခြင်းကိုပြု၍ ဝေအံ့သောငှါ မတတ်နိုင်သည်ရှိသော် ထား၍ နေကြကုန်၏။

ထိုအခါ မြေခွေးသည် ထိုအရပ်သို့ရောက်သည်ရှိသော် ဖျံတို့သည် မြေခွေးကိုမြင်၍ ခရီးဦး ကြိုဆို၍ အဆွေမြေခွေး ဤငါးကြင်းကို ငါတို့တင်ပေါင်းတည်း ဖြစ်ကုန်၍ ထုတ်ဆောင်အပ်ကုန်၏၊ ဤငါးကို ဝေအံ့သော်ငှာ မတတ်နိုင်သည်ဖြစ်၍ ငါတို့အား ငြင်းခုံခြင်းသည် ဖြစ်၏၊ ငါတို့အား အဖို့ကို တူမျှစွာ ဝေ၍ ပေးလော့ဟု ဆိုလို၍ ဤဂါထာကိုဆို၏ —

၃၁။ ဝိဝါဒေါ် နော သမုပ္ပန္နော၊ ဒဗ္ဗပုပ္ဖ သုဏောဟိ မေ။
　　သမေဟိ မေဓဂံ သမ္မ၊ ဝိဝါဒေါ ဝူပသမ္မတံ။

သမန်းမြက်ပွင့် အဆင်းရှိသော အဆွေမြေခွေး ငါ၏စကားကို နာလော့။ ငါတို့အား ငြင်းခုံခြင်းသည်ဖြစ်၏။ ငြင်းခုံခြင်းကို ငြိမ်းစေလော့။ ငြင်းခုံခြင်းသည် ငြိမ်းစေသတည်း။

ထိုစကားကိုကြား၍ မြေခွေးသည် မိမိအစွမ်းကို ပြလိုရကား ဤဂါထာကို ဆို၏—

၃၂။ ဓမ္မဋ္ဌောဟံ ပုရေ အာသိံ၊ ဗဟူ အဍ္ဍာ မေ တီရိတာ။
　　သမေမိ မေဓဂံ သမ္မ၊ ဝိဝါဒေါ ဝူပသမ္မတံ။

အဆွေဖျံ ငါသည် ရှေး၌ တရားဆုံးဖြတ်သော အမတ်ကြီးဖြစ်ပြီ။ ငါသည် များစွာကုန်သောတရားတို့ကို ဆုံးဖြတ်အပ်ကုန်ပြီ။ သင်တို့၏ အလုံးစုံသော ငြင်းခုံခြင်းကို ငြိမ်းစေအံ့။ ငြင်းခုံခြင်းသည် ငြိမ်းစေသတည်း။

ဤဂါထာကို ဆို၍ ဝေလိုရကား ဤဂါထာကို ဆို၏—

၃၃။ အနုတီရစာရိ နင်္ဂုဋ္ဌံ၊ သီသံ ဂမ္ဘီရစာရိနော။
　　အစ္စာယံ မဇ္ဈိမော ခဏ္ဍော၊ ဓမ္မဋ္ဌဿ ဘဝိဿတိ။

ရေနားသို့ လျှောက်၍သွားသော ဖျံ သင်သည် အမြီးပိုင်းကို ယူလော့၊ ဦးခေါင်းကို ရေနက်သို့လျှောက်၍ သွားသောဖျံအတွက် ဖြစ်စေ၊ ခေါင်းအမြီး နှစ်ပိုင်းကို လွန်၍တည်သော ဤအလယ်ပိုင်းသည် တရားဆုံးဖြတ်သော ငါ့အား ညဏ်ပူဇော်ခဖြစ်လတ္တံ့။

ဤသို့ဆို၍ ထိုငါးကိုဝေ၍ သင်တို့သည် ငြင်းခုံခြင်းကို မပြုမူ၍ အမြီးကို လည်းကောင်း, ဦးခေါင်းကိုလည်းကောင်း စားကြကုန်လော့ဟု ဆို၍ အလယ်ပိုင်းကို ထိုဖျံတို့ မြင်ကုန်စဉ်လျှင် ချီ၍ပြေး၏၊ ဖျံနှစ်ကောင်တို့သည်

ဥစ္စာတင်ထောင် ရှိုးသော ယောကျ်ားကဲ့သို့ မျက်နှာမသာ နေကြကုန်၍ ဤဂါထာကို ဆို၏-

၃၄။ စိရမ္ပိ ဘက္ခော အဘဝိဿ၊ သစေ န ဝိဝဒေမသေ။
အသိသကံ အနဂ္ဂိုဠံ၊ သိင်္ဂါလော ဟရတိ ဇေယှိတံ။

ငါတို့သည် အကယ်၍ ငြင်းခုံခြင်းကို မပြုကုန်ငြားအံ့၊ နှစ်ရက်သုံးရက်လည်း စားရသည် ဖြစ်ရာ၏၊ ဦးခေါင်းမဟုတ်သော အမြီးမဟုတ်သော အလယ် ဝမ်းပျဉ်းနှင့် တကွသော ငါးကြင်းသားကို မြေခွေးသည် ဆောင်လေ၏။

မြေခွေးသည်လည်း ယနေ့ မယားအား ငါးကြင်းသားကို စားစေအံ့ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ မြေခွေးမ၏အထံသို့ သွား၏၊ မြေခွေးမသည် လာသော မြေခွေးဖိုကို မြင်၍ နှစ်သက်သည်ဖြစ်၍ ဤဂါထာကိုဆို၏-

၃၅။ ယထာပိ ရာဇာ နန္ဒေယျ၊ ရဇ္ဇံ လဒ္ဓါန ခတ္တိယော။
ဧဝါဟမဇ္ဇ နန္ဒာမိ၊ ဒိသွာ ပုဏ္ဏမုခံ ပတိံ။

မင်းသည် မင်းအဖြစ်ကို ရ၍ နှစ်သက်ရာသကဲ့သို့ ထို့အတူ ငါသည် လည်း ယနေ့ ခံတွင်းပြည့်သော လင်ကိုမြင်၍ နှစ်သက်၏။

ဤဂါထာကိုဆို၍ ရခြင်း၏ အကြောင်းကို မေးလိုရကား ဤဂါထာကိုဆို၏-

၃၆။ ကထံ နု ထလဇော သန္တော၊ ဥဒကေ မစ္ဆ ပရာမသိ။
ပုဋ္ဌော မေ သမ္မ အက္ခာဟိ၊ ကထံ အဓိဂတံ တယာ။

သခင်မြေခွေး ကုန်းမြေ၌ နေသည်ဖြစ်လျက် ရေ၌နေသော ငါးကို အသို့လျှင် ဖမ်းယူသနည်း၊ မေးအပ်သောသင်သည် ငါ့အား ကြားဘိလော့။ သင်သည် အသို့မူ၍ ရဘိသနည်း။

မြေခွေးဖိုသည် မြေခွေးမအား ရခြင်း၏အကြောင်းကို ကြားလိုသည်ဖြစ်၍ ဤဂါထာကိုဆို၏—

၃၇။ ဝိဝါဒေန ကိသာ ဟောန္တိ၊ ဝိဝါဒေန ဓနက္ခယာ။
ဇီနာ ဥဒ္ဒါ ဝိဝါဒေန၊ ဘုဉ္ဇ မာယာဝိ ဇေယှိတံ။

မာယာဝီ ငြင်းခုံခြင်းကြောင့် ကြုံလှီရကုန်၏၊ ငြင်းခုံခြင်းကြောင့် ဥစ္စာကုန်ဆုံးရကုန်၏၊ နှစ်ကောင်ကုန်သော ဖျံတို့သည် ငြင်းခုံခြင်းကြောင့် ငါးကြင်းကောင် အလယ်ပိုင်းမှ ရှုံးကုန်၏။ မာယာဝီ ဤငါးကြင်းသားကို စားလော့။

ဤသို့ အတိတ်ကို ဆောင်တော်မူ၍ သမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာကိုဆို၏—

၃၀။ ဧဝမေဝ မနုဿေသု၊ ဝိဝါဒေါ ယတ္ထ ဇာယတိ။
မဇ္ဈတ္ထံ ပဋိမာဝန္တိ၊ သော ဟိ နေသံ ဝိနာယကော။
ဓနာပိ တတ္ထ ဇီယန္တိ၊ ရာဇကောသော ပဝဍ္ဎတိ။

ရဟန်းတို့ ဤအတူသာလျှင် လူတို့ငြင်းခုံကြရာ အရပ်၌ တရားဆုံးဖြတ်သောသူကို ဆည်းကပ်ရကုန်၏။ မှန်၏၊ ထိုတရားဆုံးဖြတ်သောသူသည် ထိုငြင်းခုံခြင်းကို ပြုသူတို့၏ အငြင်းအခုံကို ငြိမ်းစေတတ်သော ကိုးကွယ်ရာဖြစ်၏၊ ထိုတရားဆုံးဖြတ်သောသူ၏ အထံ၌ ဥစ္စာမှလည်းရှုံးကုန်၏၊ မင်း၏ဥစ္စာတိုက်သည် တိုးပွား၏။

## ဇာတ်ပေါင်း

သမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဥပနန္ဒသည် ထိုအခါ မြေခွေးဖြစ်ပြီ၊ ယခုအခါ ရဟန်းကြီးနှစ်ပါးတို့သည် ထိုအခါ နှစ်ကောင်သော ဖျံတို့သည် ဖြစ်ကုန်၏၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အကြောင်းကို မျက်မှောက် ပြုရသော ရုက္ခစိုးနတ် ဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ခိုက်ရန်ကင်းရှင်း၊ ညီညွတ်ခြင်း၊ ဘေးကင်းရန်မလာ။)

လေးရာမြောက်ဖြစ်သော ဒဗ္ဘပုပ္ဖဇာတ်သည် ပြီး၏။

---

## ၄၀၁—ပဏ္ဏကဇာတ်

### စေတနာကြောင့် စေဒနာဖြစ်

### ကြီးကျယ်သောရောဂါကို ပညာဖြင့် ကုစားခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ပဏ္ဏကံ တိခိဏံ ခါရံ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပဏ္ဏကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်းကိုအကြောင်းပြု၍ ဟောတော်မူ၏။

သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း သင်သည် ငြီးငွေ့သတတ် ဟူသည် မှန်သလောဟု မေးတော်မူလတ်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် အဘယ်သူသည် ငြီးငွေ့စေအပ် သနည်းဟု မေးတော်မူ၍ မယားဟောင်းသည် ငြီးငွေ့စေအပ်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်း ဤမိန်းမသည် သင်၏အကျိုးမဲ့ကို ပြုတတ်၏၊ ရှေး၌လည်း သင်သည် ဤမိန်းမကိုမှီ၍ စိတ်၌မှီသော ရောဂါသည် နှိပ်စက် အပ်သည်ရှိသော် ပညာရှိတို့ကို မှီ၍ အသက်ကို ရအပ်၏ဟု မိန့်တော်မူ၍အတိတ် ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၏၊ ထိုဘုရားလောင်းအား သေနက ကုမာရ ဟူသော အမည်ကို မှည့်၏၊ ထိုဘုရားလောင်းသည် အရွယ်သို့ ရောက် လတ်သော် တက္ကသိုလ်ပြည်၌ ပေါ်သိမ်းကုန်သော အတတ်တို့ကို သင်၍ ဗာရာဏသီ ပြည်သို့ တဖန်ပြန်၍ မဒ္ဒဝမင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ် ဖြစ်၏၊ သေနက ပညာရှိသည် ပညာရှိ၏ဟူ၍ မြို့အလုံး၌ လကဲ့သို့လည်းကောင်း နေကဲ့သို့လည်းကောင်း ထင်ရှား၏၊ ထိုအခါ မဒ္ဒဝမင်း၏ ပုရောဟိတ်သားသည် မင်းအား ခစားအံ့သောငှါ လာလတ်သော် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော မြတ်သော အဆင်းကို ဆောင်သော မင်း၏ မိဖုရားကို မြင်၍ တပ်သော စိတ်ရှိသည်ဖြစ်၍ အိမ်သို့သွား၍ အာဟာရကိုဖြတ်၍ အိပ်၏၊ အဆွေ ခင်ပွန်းတို့သည် မေးအပ်သည် ရှိသော် ထိုအကြောင်းကို ကြား၏၊ မင်းသည်လည်း ပုရောဟိတ်သားသည် မထင်၊ ထိုပုရောဟိတ်သားသည် အဘယ် မှာနည်းဟု မေးလတ်သော် ထိုအကြောင်းကိုကြား၍ ပုရောဟိတ်သားကို ခေါ်စေ၍ ငါသည် သင့်အား ဤမိဖုရားကိုခုနစ်ရက်ပတ်လုံး ပေး၏၊ ခုနစ်ရက် သင့်အိမ်၌ ထား၍ ရှစ်ရက်မြောက်၌ ဆောင်ခဲ့လောဟု ဆို၏၊

ပုရောဟိတ်သားသည် ကောင်းပြီဟု ဝန်ခံ၍ မိဖုရားကို အိမ်သို့ဆောင်၍ ထိုမိဖုရားနှင့်တကွမွေ့လျော်၍ အာရုံချင်း တပ်သောစိတ် ရှိသည်ဖြစ်၍ တစ်စုံ တစ်ယောက်သောသူကို မသိစေမူ၍ မြတ်သောတံခါးဖြင့် ပြေး၍ တစ်ပါးသော မင်း၏ နိုင်ငံသို့ သွားကြကုန်၏၊ တစုံတစ်ယောက်သောသူသည် သွားရာ အရပ်ကို မသိ၊ လှေသွားသော လမ်းကဲ့သို့ဖြစ်၏၊ မင်းသည် မြို့၌ စည်လည်စေ၍ ဒ တူးတူး အပြားပြားသော အခြင်းအရာအားဖြင့် ရှာစေသော်လည်း မိဖုရား၏ သွားရာအရပ်ကို မသိ၊ ထိုအခါ ထိုမင်းအား မိဖုရားကိုမှီ၍ စိုးရိမ်ခြင်း

ကြီးစွာဖြစ်၏၊ ပူသော နှလုံးရှိသည်ဖြစ်၍ သွေးယို၏၊ ထိုအခါမှစ၍ ထိုမင်း၏ ဝမ်းမှ သွေးထွက်၏၊ ကြီးစွာသော အနာဖြစ်၏၊ ကြီးမြတ်ကုန်သော မင်း၏ဆေးသမားတို့သည် ဆေးကုအံ့သော်ငါ မတတ်နိုင်ကုန်၊ ဘုရားလောင်းသည် ဤမင်းအား အနာမရှိ၊ မသားကို မမြင်ရခြင်းကြောင့် စိတ်၌မှီသော ရောဂါသည် ဖြစ်၏။

ထိုမင်းကို ဥပါယ်ဖြင့်ကုအံ့ဟု အာယုရမည်သောအမတ်, ပုက္ကုသမည်သော အမတ် ပညာရှိတို့ကိုခေါ်၍ မင်းအား မိဖုရားကို မမြင်ရခြင်းကြောင့် ဖြစ်သော စိတ်၌မှီသော ရောဂါကိုထား၍ တစ်ပါးသောရောဂါသည်မရှိ၊ စင်စစ် ငါတို့အား ကျေးဇူးများ၏၊ ထို့ကြောင့် ထိုမင်းကို ကုကြကုန်အံ့၊ မင်းရင်ပြင်၌ ပွဲသဘင်ပြု၍ သန်လျက်ကို မျိုခြင်းငှါ တတ်ကုန်သောသူတို့ကို သန်လျက်မျိုစေ၍ မင်းကို ခြသေ့်ခံသော လေသာပြတင်း၌ထား၍ ပွဲကို ကြည့်စေကုန်အံ့၊ မင်းသည် သန်လျက်မျိုသောသူကို မြင်၍ သန်လျက်မျိုခြင်းထက် တစ်ပါးသော အလွန်ခဲခက်သော အမှုသည် ရှိသေးသလောဟု ပြဿနာကိုမေးလတ္တံ့၊ အဆွေအာယုရသင်သည် ဤအလည်ရှိသော ဥစ္စာကို ပေးအံ့ဟု ဆိုခြင်းသည် ဤသန်လျက်ကို မျိုခြင်းထက် ခက်ခဲ၏ဟုဖြေလော့၊ ထို့နောင်မှ အဆွေပုက္ကုသ သင့်ကိုမေးလတ္တံ့၊ ထိုအခါ မင်းအား မြတ်သောမင်းကြီး ထိုဥစ္စာကို ပေးအံ့ဟု ဆို၍ မပေးသောသူ၏ ထိုစကားသည် အကျိုးမရှိသည် ဖြစ်၏၊ အချို့ကုန်သော သူတို့သည် ထိုစကားကိုမှီ၍ အသက်မမွေးကြကုန်၊ အကြင်သူတို့သည်ကား ထိုစကားအား လျောက်ပတ်သည်ကို ပြုကုန်၏၊ ဝန်ခံတိုင်းသော ဥစ္စာကို ပေးကုန်၏၊ ဤသို့ ပေးခြင်းသည် ထိုပေးအံ့ဟုဆိုသော စကားထက် အလွန်ခက်ခဲ၏ဟု ဖြေလော့၊ ဤထက် အလွန်ပြုအပ်သောအမှုကို ငါသိအံ့ ဟုဆို၍ သဘင်ကို ပြုစေ၏၊ ထိုနောက်မှ ထိုသုံးယောက်ကုန်သော ပညာရှိတို့သည်လည်း မင်း၏အထံသို့ သွား၍ မြတ်သောမင်းကြီး မင်းရင်ပြင်၌ ပွဲသဘင်သည်ဖြစ်၏၊ ထိုပွဲသဘင်ကို ကြည့်ကြကုန်သောသူတို့အား ဒုက္ခသည်လည်း သုခဖြစ်၏၊ ကြွတော်မူလော့ သွားကုန်အံ့ဟု မင်းကိုဆောင်၍ ခြသေ့်ခံသော လေသာပြတင်းကို ဖွင့်၍ ပွဲသဘင်ကို ကြည့်စေကုန်၏၊ များစွာကုန်သော လူတို့သည် မိမိတို့သည် တတ်သော အတတ်ကို ပြကုန်၏၊ တစ်ယောက်သော ယောကျ်ားသည်ကား သုံးဆယ့်သုံးလက်သစ်ရှိသော ထက်စွာသောအသွားရှိသော သန်လျက်ကို မျို၏၊ မင်းသည် ထိုယောကျ်ားကိုမြင်၍ ဤယောကျ်ားသည် သန်လျက်ကို မျို၏၊ ဤသန်လျက်ကို မျိုခြင်းထက် ခက်ခဲသော အမှုသည် ရှိသေးသလောဟု ပညာရှိတို့ကို မေးအံ့ဟုကြံ၍ အာယုရကို မေးလိုရကား ဤဂါထာကိုဆို၏–

၃၉။ ပဏ္ဍကံ တိခိဏာဓာရံ၊ အသိံ သမ္ပန္နပါယိနံ။
ပရိသာယံ ပုရိသော ဂိလတိ၊ ကိံ ဒုက္ကရတရံ တတော။
ယဒညံ ဒုက္ကရံ ဌာနံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ပညာရှိ ပဏ္ဍကတိုင်း၌ဖြစ်သော ထက်စွာသော အသွားရှိသော သူတစ်ပါးတို့၏ သွေးကို သောက်တတ်သော သန်လျက်ကို ယောကျ်ားသည် ပရိသတ်တို့၏ အလယ်၌ မျို၏၊ ထိုသန်လျက်ကို မျိုခြင်းထက် အလွန်ခက်ခဲသော အကြောင်းကို မေးအပ်သောသင်သည် ငါ့အား ကြားဘိလော့။

ထိုအခါ မင်းအား အာယုရအမတ်သည် ထိုအကြောင်းကို ဖြေလိုသည် ဖြစ်၍ ဤဂါထာကို ဆို၏—

၄၀။ ဂိလေယျ ပုရိသော လောဘာ၊ အသိံ သမ္ပန္နပါယိနံ။
ယော စ ဝဇ္ဇာ ဒဒါမီတိ၊ တံ ဒုက္ကရတရံ တတော။
သဗ္ဗညံ သုကရံ ဌာနံ၊ ဧဝံ ဇာနာဟိ မဒ္ဒဝ။

မဒ္ဒဝအနွယ်ဖြစ်သော မင်းကြီး ယောကျ်ားသည် လောဘကြောင့် သူတစ်ပါးတို့၏ သွေးကို သောက်တတ်သော သန်လျက်ကို မျိုရာ၏၊ ပေးအံ့ဟု ဆိုသော စကားသည် ထိုသန်လျက်ကို မျိုခြင်းထက် အလွန်ခက်ခဲ၏၊ တစ်ပါးသော အလုံးစုံသော အကြောင်းသည် လွယ်၏၊ ဤသို့ သိတော်မူလော့။

အာယုရပညာရှိစကားကို ကြား၍ သန်လျက်ကို မျိုခြင်းထက် ဤအမည်ရှိသော ဥစ္စာကို ပေးအံ့ဟု ဆိုခြင်းသည် ခက်ခဲ၏၊ ငါသည်လည်း ပုရောဟိတ်သားအား မိဖုရားကို ပေးအံ့ဟု ဆိုမိ၏၊ စင်စစ် ငါသည် အလွန်ခက်ခဲသည်ကို ပြုအပ်၏ဟု စုံစမ်းဆင်ခြင်လျှင် မင်း၏နှလုံး၌ စိုးရိမ်ခြင်းသည် အတန်ငယ် ခေါင်းပါးခြင်းသို့ ရောက်၏၊ မင်းသည် ထို့နောင်မှ သူတစ်ပါးအား ဤဥစ္စာကို ပေးအံ့ဟု ဆိုသောစကားထက် အလွန်ခက်ခဲသော တစ်ပါးသောအမှု ရှိသေးသလောဟု ကြံ၍ ပုက္ကုသ ပညာရှိနှင့်တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၄၁။ ဗျာကာသိ အာယုရော ပဉှံ၊ အတ္ထံ ဓမ္မဿ ကောဝိဒေါ။
ပုက္ကုသံ ဒါနိ ပုစ္ဆာမိ၊ ကိံ ဒုက္ကရတရံ တတော။
ယဒညံ ဒုက္ကရံ ဌာနံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

တရား၌ လိမ္မာသော အာယုရသည် ပြဿနာ၏ အနက်ကို ဖြေ၍၊ ယခု ပုက္ကုသကို မေးအံ့၊ ထိုပေးအံ့ဟု ဆိုအပ်သော စကားထက် အလွန်ခက်ခဲသော အကြောင်းသည် ရှိသလော၊ တစ်ပါးသော ခက်ခဲသော အကြောင်းကို မေးအပ်သော သင်သည် ငါ့အား ကြားဘိလော့။

ထိုအခါ မင်းအား ဖြေလိုသည်ဖြစ်၍ ပုက္ကုသ ပညာရှိသည် ဤဂါထာကို ဆို၏—

၄၂။ န ဝါစမုပဇီဝန္တိ၊ အဖလံ ဂိရမုဒီရိတံ။
ယော စ ဒတွာ အဝါကယိရာ၊ တံ ဒုက္ကရတရံ တတော။
သဗ္ဗည့် သုကရံ ဌာနံ၊ ဧဝံ ဇာနာဟိ မဒ္ဒဝ။

မဒ္ဒဝ အနွယ်ဖြစ်သော မင်းကြီး အကြင်သူတို့သည် အကျိုးမရှိသော မြွက်အပ်သော ဆိုအပ်သော စကားကို မှီ၍ အသက်မမွေးကုန်၊ အကြင်သူသည် ပေးပြီး၍ မတပ်စွန်းရာ၊ ထိုပေးခြင်းသည် ထိုဥစ္စာကို ပေးအံ့ဟုဆိုသော စကားထက် အလွန်ခက်ခဲ၏၊ တစ်ပါးသော အလုံးစုံသော အကြောင်းသည် လွယ်၏ဟု သိလော့။

ထိုစကားကို ကြား၍ ငါသည် ပုရောဟိတ်သားအား မိဖုရားကို ပေးအံ့ဟု ရှေးဦးစွာ ဆိုသည်နှင့်လျော်စွာ မိဖုရားကို ပေး၏၊ စင်စစ် ငါသည် အလွန် ခက်ခဲသည်ကို ပြု၏ဟု ကြံသော မင်းအား စိုးရိမ်ခြင်းသည် အလွန်ခေါင်းပါး၏၊ ထို့နောင်မှ သေနက သုခမိန်မှတစ်ပါး အလွန်ပညာရှိသောသူမည်သည် မရှိ၊ ဤပြဿနာကို သေနကသုခမိန်အား မေးအံ့ဟု မင်းအား အကြံသည် ဖြစ်၏၊ ထို့နောင်မှ သေနကသုခမိန်ကို မေးလိုရကား ဤဂါထာကို ဆို၏—

၄၃။ ဗျာကာသိ ပုက္ကုသော ပဉှံ၊ အတ္ထံ ဓမ္မဿ ကောဝိဒေါ။
သေနကံ ဒါနိ ပုစ္ဆာမိ၊ ကိံ ဒုက္ကရတရံ တတော။
ယဒည့် ဒုက္ကရံ ဌာနံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

တရား၌ လိမ္မာသော ပုက္ကုသသည် ပြဿနာ၏အနက်ကို ဖြေ၏၊ ယခု သေနကကို ငါမေးအံ့၊ ထိုသန်လျက်ကို မျိုခြင်း, ပေးအံ့ဆိုခြင်း, ပေးခြင်းထက် အလွန်ခက်ခဲသော အကြောင်းသည် ရှိသလော၊ တစ်ပါးသော ခက်ခဲသော အကြောင်းကို မေးအပ်သော သင်သည် ငါ့အား ကြားဘိလော့။

ထိုအခါ မင်းအား ဖြေလိုသည်ဖြစ်၍ သေနကအမတ်သည် ဤဂါထာကို ဆို၏—

၄၄။ ဒဒေယျ ပုရိသော ဒါနံ၊ အပ္ပံ ဝါ ယဒိ ဝါ ဗဟုံ။
ယော စ ဒတွာ နာနုတပ္ပေ၊ တံ ဒုက္ကရတရံ တတော။
သဗ္ဗညံ သုကရံ ဌာနံ၊ ဧဝံ ဇာနာဟိ မဒ္ဒဝ။

မဒ္ဒဝအနွယ်ဖြစ်သောမင်းကြီး ယောကျ်ားသည် နည်းသည်လည်းဖြစ်သော၊ များသည်လည်းဖြစ်သော အလှူကို လှူရာ၏။ အကြင်သူသည်လည်း လှူပြီး၍ နောင်တ တစ်ဖန် မပူပန်၊ ထိုနောင်တ တစ်ဖန် မပူပန်ခြင်းသည် ထိုပေးခြင်းထက် အလွန်ခက်ခဲ၏။ တစ်ပါးသော အလုံးစုံသော အကြောင်းသည် လွယ်၏၊ ဤသို့သိလော။

မင်းသည် ဘုရားလောင်း၏ စကားကို ကြား၍ ငါသည် မိမိစိတ်ဖြင့်လျှင် ပုရောဟိတ်သားအား မိဖုရားကို ပေးပြီး၍ မိမိစိတ်ကို ခိုင်စိမ့်သောငှါ မတတ်နိုင်၊ စိုးရိမ် ပင်ပန်း၏၊ ငါ့အား ဤသို့ စိုးရိမ်ပင်ပန်းခြင်းသည် မလျောက်ပတ်၊ ထိုမိဖုရားသည် ငါ့၌ ချစ်ခြင်းသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤစည်းစိမ်ကို စွန့်၍မပြေးရာ၊ ငါ၌ ချစ်ခြင်းကိုမပြုမူ၍ ပြေးသောမိဖုရားဖြင့် ငါ့အား အဘယ်ပြုအံ့နည်းဟု ကြံသောမင်းအား ပဒုမ္မာရွက်မှ ရေပေါက်ကဲ့သို့ အလုံးစုံသော စိုးရိမ်ခြင်းသည် လျောကျ၍ ကင်း၏၊ ထိုခဏ၌လျှင် မင်း၏ ဝမ်းသွေးသွန်ခြင်းသည် ရပ်၏၊ မင်းသည် ရောဂါမရှိ ချမ်းသာသည်ဖြစ်၍ ဘုရားလောင်းအား ချီးမွမ်းလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏—

၄၅။ ဗျာကာသိ အာယုရော ပဉ္ဟံ၊ အထ ပုက္ကုသပေါရိသော။
သဗ္ဗေ ပဉ္ဟေ အတိဘောတိ၊ ယထာ ဘာသတိ သေနကော။

အာယုရအမတ်သည် ပြဿနာကို ဖြေ၏၊ ထိုနောင်မှ ပုက္ကုသ ယောကျ်ားသည် ပြဿနာကို ဖြေ၏။ သေနကပညာရှိ ဆိုသောစကားသည် ခပ်သိမ်းကုန်သော ပြဿနာတို့ကို လွှမ်းမိုး၍ တည်၏။ သေနကပညာရှိ ဆိုသော အခြင်းအရာဖြင့်လျှင် ဖြစ်၏။

ဘုရားလောင်းအား ဤဂါထာဖြင့် ချီးမွမ်း၍ နှစ်သက်သည်ဖြစ်၍ များစွာသော ဥစ္စာကို ပေး၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ မယားဟောင်းသည် ထိုအခါ မိဖုရားကြီး

ဖြစ်ပြီ၊ ယခုအခါ ငြိမ်းငွေ့သော ရဟန်းသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ မောဂ္ဂလ္လာန်သည် ထိုအခါ အာယုရပညာရှိ ဖြစ်ပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ပုက္ကုသပညာရှိ ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သေနက ပညာရှိ ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(စိုးရိမ်သောက၊ ရောဂါရ၊ ဖျောက်မှ လွတ်ချမ်းသာ။)

လေးရာတစ်ခုမြောက်သော ပဏ္ဏကဇာတ်သည် ပြီး၏။

---

## ၄၀၂-သတ္တုဘတ္တဇာတ်

### ပညာရှိအတွေး ပြေးကြည့်တာထက်မှန် သူတစ်ပါး၏ အသက်ကို ပညာဖြင့် ကယ်ဆယ်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဝိဗ္ဘန္တစိတ္တော"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသတ္တုဘတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပညာပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုသည် မဟာဥမင် ဇာတ်၌ ထင်ရှားစွာ ဖြစ်လတ္တံ့။)

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလေ၏၊ ထိုအခါ ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၏၊ ထိုဘုရားလောင်းအား သေနက သတို့သားဟူသော အမည်ကို မှည့်ကြကုန်၏၊ ထိုသေနက သတို့သားသည် အရွယ် ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ ဗာရာဏသီ ပြည်သို့ တစ်ဖန်ပြန်၍ မင်းကို ဖူးမြင်၏၊ မင်းသည် သေနကသတို့သားကို အမတ် အရာ၌ ထား၏၊ ထိုသေနက အမတ်အား ကြီးစွာသော စည်းစိမ်ကို ပေး၏၊ ထိုသေနကအမတ်သည် မင်းအား အကျိုးအကြောင်းကို ဆုံးမ၏၊ သာယာသော စကားရှိ၏၊ ဓမ္မကထိကဖြစ်၍ မင်းကို ပဉ္စသီတို့၌ တည်စေ၍ အလှူပေးခြင်း၌ လည်းကောင်း, ဥပုသ်ဆောက်တည်ခြင်း၌ လည်းကောင်း, ဆယ်ပါးသော ကုသလကမ္မပထတို့၌ လည်းကောင်း ဤသို့ ကောင်းသော အကျင့်၌ တည်စေ၏၊ တိုင်းအလုံး၌ ဘုရားပွင့်သော ကာလကဲ့သို့ ဖြစ်၏။ ပက္ခနေ့တို့၌ မင်းသည်

လည်းကောင်း, အိမ်ရှေ့မင်းအစရှိသော ခပ်သိမ်းသော မင်းတို့သည်လည်းကောင်း စည်းဝေးစေ၍ တရားသဘင်ကို စီရင်ကုန်၏၊ ဘုရားလောင်းသည် စီရင်အပ်သော တရားသဘင်ဝယ် ရတနာပလ္လင်ထက်၌နေ၍ ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟော၏၊ ဘုရားလောင်း၏ တရားစကားသည် သဗ္ဗညုဘုရားတို့၏ တရားစကားနှင့် တူ၏။ ထိုအခါ တစ်ယောက်သော ပုဏ္ဏားအိုသည် ဥစ္စာကို အလှူခံသွားသည်ရှိသော် ဥစ္စာတစ်ထောင်ကို ရ၍ တစ်ဦးသော ပုဏ္ဏားမျိုး၌ အပ်ထား၍ တစ်ဖန် အလှူခံသွားအံ့ဟု သွား၏။ ထိုပုဏ္ဏားကြီးသွားသောကာလ၌ ထိုပုဏ္ဏားသည် အသပြာတို့ကို သုံးဆောင်၏။ ထိုပုဏ္ဏားကြီးသည် လာလတ်၍ အသပြာတို့ကို ဆောင်စေ၏။ ပုဏ္ဏားသည် အသပြာတို့ကို ပေးအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ မိမိတို့ သမီးကို ပုဏ္ဏားကြီး ခြေရင်း၌ အလုပ်အကျွေးပြု၍ ပေး၏။ ပုဏ္ဏားကြီးသည် ထိုသူတို့၏ သမီးကို ယူ၍ ဗာရာဏသီပြည်မှ အနီးဖြစ်သော တစ်ခုသော ပုဏ္ဏားရွာ၌ နေ၏၊ ထိုအခါ ပုဏ္ဏားကြီး၏မယားသည် ငယ်သည်၏ အဖြစ်ကြောင့် ကာမတို့၌ မရောင့်ရဲသည် ဖြစ်၍ တစ်ယောက်သော ပုဏ္ဏားနှင့် တကွ လွန်ကျူးသောအကျင့်ကို ကျင့်၏။

မရောင့်ရဲသော ဝတ္ထုတို့မည်သည်ကား တစ်ဆယ့်ခြောက်ပါးတို့တည်း။ တစ်ဆယ့်ခြောက်ပါးဟူသည် အဘယ်နည်းဟူမူကား—

၁။ သမုဒ္ဒရာသည် ခပ်သိမ်းသော မြစ်ရေတို့ဖြင့် မရောင့်ရဲခြင်း။
၂။ မီးသည် မီးဇာဖြင့် မရောင့်ရဲခြင်း။
၃။ မင်းသည် တိုင်းပြည်ဖြင့် မရောင့်ရဲခြင်း။
၄။ မိုက်သောသူသည် ယုတ်မာသောအကျင့်ဖြင့် မရောင့်ရဲခြင်း။
၅။ မိန်းမသည် မေထုန်အကျင့်ဖြင့်လည်းကောင်း၊ တန်ဆာဆင်ခြင်းဖြင့်လည်းကောင်း၊ သားဖွားခြင်းဖြင့်လည်းကောင်း မရောင့်ရဲခြင်း။
၆။ ပုဏ္ဏားသည် ဗေဒင်ဖြင့် မရောင့်ရဲခြင်း။
၇။ ဈာန်ရသောပုဂ္ဂိုလ်သည် သမာပတ်ဖြင့် မရောင့်ရဲခြင်း။
၈။ သေက္ခပုဂ္ဂိုလ်သည် နိဗ္ဗာန်ဖြင့် မရောင့်ရဲခြင်း။
၉။ အသိုနည်းသောပုဂ္ဂိုလ်သည် မုတင်ကျေးဇူးဖြင့် မရောင့်ရဲခြင်း။
၁၀။ အားထုတ်ခြင်း လုံ့လရှိသော ပုဂ္ဂိုလ်သည် လုံ့လဖြင့် မရောင့်ရဲခြင်း။
၁၁။ တရားဟောပုဂ္ဂိုလ်သည် ဆွေးနွေးခြင်းဖြင့် မရောင့်ရဲခြင်း။
၁၂။ ရဲရင့်သော ပုဂ္ဂိုလ်သည် ပရိသတ်ဖြင့် မရောင့်ရဲခြင်း။
၁၃။ သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် သံဃာကို လုပ်ကျွေးခြင်းဖြင့် မရောင့်ရဲခြင်း။
၁၄။ အလှူပေးတတ်သော ပုဂ္ဂိုလ်သည် စွန့်ကြဲခြင်းဖြင့် မရောင့်ရဲခြင်း။

၁၅။ ပညာရှိသောပုဂ္ဂိုလ်သည် တရားနာခြင်းဖြင့် မရောင့်ရဲခြင်း။

၁၆။ လေးပါးကုန်သောပရိသတ်တို့သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းဖြင့် မရောင့်ရဲခြင်း —

ဤတစ်ဆယ့်ခြောက်ပါးတို့တည်း။

ထိုပုဏ္ဏေးမယ်သည်လည်း မေထုန်အကျင့်ဖြင့် မရောင့်ရဲသည်ဖြစ်၍ ထိုပုဏ္ဏားကြီးကို ထုတ်၍ လွတ်လွတ် ယုတ်မာသော အကျင့်ကို ကျင့်လိုသည်ဖြစ်၍ တစ်နေ့သ၌ မျက်နှာမသာသဖြင့် အိပ်သည်ရှိသော် ရှင်မ အဘယ်နည်းဟု မေးလတ်၍ ပုဏ္ဏား ငါသည် သင့်အိမ်၌ အမှုကို ပြုအံ့သောငှါ မတတ်နိုင်၊ ကျွန်မိန်းမ ကျွန်ယောကျ်ားကို ဆောင်ချေလော့ဟု ဆို၏။ ရှင်မ ငါ့အား ဥစ္စာသည် မရှိ၊ အဘယ်ကိုပေး၍ ဆောင်ရအံ့နည်းဟု ဆို၏။ အလှူခံ လှည့်လည်၍ ဥစ္စာကိုရှာ၍ ဆောင်ခဲ့လော့ဟု ဆို၏။ ရှင်မ ထိုသို့ဖြစ်ပါမူကား ငါ့ဖို့ ရိက္ခာကို ဖွဲ့စီရင်လော့ဟု ဆို၏။ ပုဏ္ဏေးမသည် ပုဏ္ဏားအို သွားရေအိတ်၌ အဆုပ်ဖွဲ့အပ်သော မုန့်တို့ဖြင့်လည်းကောင်း, အဆုပ်မဖွဲ့အပ်သော မုန့်တို့ဖြင့်လည်းကောင်း ပြည့်စေ၍ ပေး၏၊ ပုဏ္ဏားသည် ရွာ နိဂုံး မင်းနေပြည်တို့၌ လှည့်လည်သည်ရှိသော် အသပြာ ခုနစ်ရာတို့ကိုရ၍ ငါ့အား ဤမျှသော ဥစ္စာသည် ကျွန်မိန်းမ ကျွန်ယောကျ်ားအဖို့ငှါ လောက်ပြီဟု ပြန်၍ မိမိရွာသို့ လာလတ်သော် တစ်ခုသော ရေချမ်းသာရာ အရပ်၌ အိတ်ကိုဖြေ၍ မုန့်ကိုစားပြီးလျှင် အိတ်ကိုမဖွဲ့မူ၍ ရေသောက်အံ့သောငှါ သက်၏။

ထိုအခါ တစ်ခုသော သစ်ပင်ခေါင်း၌ မြွေဟောက်သည် မုန့်နံ့နံ၍ အိတ်၌ ဝင်၍ ခွေလျက် မုန့်ကိုစားလျက်အိပ်၏။ ပုဏ္ဏားသည် လာလတ်၍ အိတ်၏ အတွင်းကိုမကြည့်မူ၍လျှင် အိတ်ကိုဖွဲ့၍ ပခုံး၌ထား၍ သွား၏။ ခရီးအကြားတစ်ခုသော သစ်ပင်၌ ရုက္ခစိုးနတ်သည် သစ်ခွ၌တည်၍ ပုဏ္ဏား ခရီးအကြား၌ အကယ်၍ နေအံ့၊ သင်သည် သေလတ္တံ့၊ ယနေ့ အိမ်သို့ ရောက်အောင် သွားအံ့၊ မယား သေလတ္တံ့ဟု ဆို၍ ကွယ်၏။

ထိုပုဏ္ဏားသည် ကြည့်လတ်သော် နတ်ကို မမြင်မူ၍ ကြောက်သည်ဖြစ်၍ သေဘေးဖြင့် ထိတ်လန့်သည်ဖြစ်၍ ငိုကြွေးလျက် ဗာရာဏသီပြည် တံခါးသို့ ရောက်၏။ထိုအခါ၌လည်း ပန္နရသီဥပုသ်နေ့သည် ဖြစ်၏။ တန်ဆာဆင်အပ်သော တရားဟောပလ္လင်၌ နေ၍ တရားဟောအပ်သော သေနကသုခမိန်ထံ၌ တရားနာခြင်းငှါ သွားသောသူတို့ကို မြင်၍ အဘယ်သို့သွားကြကုန်အံ့နည်းဟု မေး၍ ပုဏ္ဏား ယနေ့ သေနကပညာရှိသည် သာယာသောအသံဖြင့် ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟော၏၊ သင်သည် မသိသလောဟု ဆိုသည်ရှိသော်

ပုဏ္ဏားလည်း ပညာရှိသည် တရားဟောသတတ်၊ ငါသည်လည်း သေဘေးဖြင့် ထိတ်လန့်၏။ ပညာရှိတို့သည်ကား ကြီးစွာသော စိုးရိမ်ခြင်းကို ပယ်အံ့သောငှါ တတ်နိုင်ကုန်၏။ ငါသည် ထိုပညာရှိ အထံသို့ သွား၍ တရားနာအံ့သောငှါ သင့်၏ဟု ကြံ၏။ ကြံပြီး၍ ပုဏ္ဏားသည် ထိုသူတို့နှင့်တကွ ပညာရှိအထံသို့ သွား၍ ဘုရားလောင်းကို ခြံရံ၍နေသော မင်းနှင့်တကွသော ပရိသတ်အစွန်း၌ ပခုံး၌ အိတ်ကို လွယ်လျက် တရားဟောပလ္လင်၏အနီး၌ သေဘေးဖြင့် ထိတ်လန့်သည်ဖြစ်၍ ငိုလျက်ရပ်၏။ ဘုရားလောင်းသည် ရေတံခွန်ကျသကဲ့သို့ တရားကို ဟော၏။ လူများသည် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကုန်လျက် ကောင်းချီးပေး၍ တရားကိုနာ၏။ ပညာရှိတို့မည်သည် အရပ်လေးမျက်နှာတို့ကို ဖွင့်၍ ထက်ဝန်းကျင်မှ ပရိသတ်ကို ကြည့်မြဲဖြစ်၍ ကြည့်လတ်သော် ထိုပုဏ္ဏားကိုမြင်၍ ဤမျှအတိုင်းအရှည်ရှိကုန်သော ပရိသတ်တို့သည် ဖြစ်သော ဝမ်းမြောက်ခြင်းရှိကုန်၍ ကောင်းချီးပေးကုန်၍ တရားကို နာကုန်၏။ တစ်ယောက်သော ဤပုဏ္ဏားသည်ကား နှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၍ ငို၏။ ဤပုဏ္ဏား၏ ကိုယ်တွင်း၌ မျက်ရည်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သော စိုးရိမ်ခြင်းသည်ဖြစ်ရာ၏။ ကြေးနီ၏ အညစ်အကြေးကိုအချဉ်ဖြင့် ပယ်ပစ်သကဲ့သို့ လည်းကောင်း, ပဒုမ္မာရွက်မှ ရေပေါက်ကို လျှောကျစေဘိသကဲ့သို့လည်းကောင်း ထို့အတူ သောကကို နှင်စေ၍ သောကမရှိ နှစ်သက်သော စိတ်ရှိသည်ကို ပြု၍ တရားဟောအံ့ဟု ထိုပုဏ္ဏားကို ခေါ်၍ ပုဏ္ဏား သေနကပညာရှိမည်သည် ငါပင်တည်း၊ ယခု သင့်အား စိုးရိမ်ခြင်းမရှိသည်ကို ပြုအံ့၊ ရွံရှာခြင်းကင်းသည်ဖြစ်၍ ဆိုလော့ဟု ပုဏ္ဏားနှင့်တကွ စကားပြောလိုရကား ဤဂါထာကိုဆို၏—

၄၆။ ဝိဗ္ဘန္တစိတ္တော ကုပိတိန္ဒြိယောသိ၊ နေတ္တေဟိ တေ ဝါရိဂဏာ သဝန္တိ။
ကိံ တေ နဋ္ဌံ ကိံ ပန ပတ္ထယာနော၊ ဣဓာဂမာ ဗြာဟ္မဏ တဒိင်္ဃ ဗြူဟိ။

ပုဏ္ဏား သင့်ကို ငါတိုက်တွန်း၏။ သင်သည် စိတ်မတည်ငြိမ်ဘဲ တုန်လှုပ်၏။ မျက်စိမျက်နှာပျက်၏။ သင်၏ မျက်စိမှ မျက်ရည်ယိုစီး၏။ သင့်အား အဘယ်ဥစ္စာ ပျောက်၍ အဘယ်ကို တောင့်တ လိုချင်သဖြင့် ဤအရပ်သို့ လာသနည်း ပြောဆိုလေလော။

ထိုအခါ ဘုရားလောင်းအား မိမိ၏စိုးရိမ်ခြင်း၏အကြောင်းကို ဆိုလိုသည်ဖြစ်၍ ပုဏ္ဏားသည် ဤဂါထာကိုဆို၏—

၄၇။ မိယျေထ ဘရိယာ ဝဇတော မမ’ဇ္ဇ၊ အဂစ္ဆတော မရဏမာဟ ယက္ခော။
ဧတေန ဒုက္ခေန ပဝေဓိတောသ္မိ၊ အက္ခာဟိ မေ သေနက ဧတမတ္ထံ။

ပုဏ္ဏား ယနေ့ သင်တို့နှစ်ယောက်လုံး သေရလိမ့်မည်၊ အိမ်သို့သွားနှင့်သော် မယားသေလိမ့်မည်။ အိမ်မပြန်ဘဲ နေခဲ့သော် ငါသေရလိမ့်မည်ဟု ရှက္ခစိုးနတ်သည် ပြောဆို၏၊ ငါသည် ထိုဆင်းရဲဖြင့် တုန်လှုပ်၏၊ သေနကပညာရှိ ငါ့အား ထိုအကြောင်းကို ပြောကြားပါလော့။

ဘုရားလောင်းသည် ပုဏ္ဏား၏ စကားကို ကြား၍ သမုဒ္ဒရာ၏ အထက်၌ ကွန်ရက်ကို ဖြန့်သကဲ့သို့ ဉာဏ်ကွန်ရက်ကို ဖြန့်၍ သတ္တဝါတို့အား သေခြင်း၏ အကြောင်းသည် များကုန်၏၊ သမုဒ္ဒရာ၌ ငုပ်ကုန်သော သူတို့သည်လည်း သေရကုန်၏၊ ထိုသမုဒ္ဒရာ၌ ငါးရဲတို့သည် ဖမ်းအပ်သည်၏အဖြစ်ကြောင့်လည်း သေရကုန်၏၊ ဂင်္ဂါ၌ ကူးကုန်၍လည်း သေရကုန်၏၊ ထိုဂင်္ဂါ၌ မိကျောင်းသည် ဖမ်းအပ်သည်၏အဖြစ်ကြောင့်လည်း သေရကုန်၏၊ သစ်ပင်မှ ကျ၍လည်း သေရကုန်၏၊ ဆူးစူး၍လည်းကောင်း, အထူးထူးသော လက်နက်တို့ဖြင့် သတ်ပုတ်အပ်သည်ဖြစ်၍လည်းကောင်း, အဆိပ်ကို စား၍လည်းကောင်း, သေဆွဲမူ၍လည်းကောင်း, ကမ်းပါးပြတ်မှ ကျ၍ လည်းကောင်း, အချမ်းအစရှိကုန်သော အထူးထူး အပြားပြားကုန်သော ရောဂါတို့သည် နှိပ်စက်အပ်ကုန်သည် ဖြစ်၍လည်းကောင်း သေရကုန်သလျှင်ကတည်း၊ ဤသို့ များစွာကုန်သော သေခြင်းတို့တွင် အဘယ်အကြောင်းကြောင့် ယနေ့ ဤပုဏ္ဏားသည် ခရီးအကြား၌ နေသည်ရှိသော် မိမိသေလတ္တံ့နည်း၊ အိမ်သို့သွားသည်ရှိသော် မယားသေအံ့နည်းဟု ကြံ၏၊ကြံစည်လျှင် ပုဏ္ဏား၏ပခုံး၌ အိတ်ကိုမြင်၍ ဤအိတ်၌တစ်ကောင်သောမြွေသည် ဝင်သည်ဖြစ်လတ္တံ့၊ ပုဏ္ဏားသည်လည်း ရေသောက်၍လာသည်ရှိသော် မြွေဝင်သည်၏အဖြစ်ကို မသိ၍ အိတ်ကိုဖွဲ့၍ ယူသွားသည်ဖြစ်လတ္တံ့၊ မိမိသည် ခရီးအကြား၌နေလတ်သော် အိတ်၌မုန့်ကို စားအံ့ဟု အိတ်ကို ဖြေ၍ လက်ကို သွင်းလတ္တံ့၊ ထိုအခါ ပုဏ္ဏားကို မြွေသည် လက်ကိုကိုက်၍ အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့၊ ဤအကြောင်းသည်ကား ခရီးအကြား၌နေသော ပုဏ္ဏားသေခြင်း၏ အကြောင်းတည်း၊ အိမ်သို့အကယ်၍ သွားငြားအံ့၊ အိတ်သည် မယားလက်သို့ ရောက်လတ္တံ့၊ မယားသည် အိတ်တွင်း၌ ဥစ္စာကို ကြည့်အံ့ဟု အိတ်ကိုဖြေ၍ လက်ကိုသွင်းလတ္တံ့၊ ထိုအခါ ထိုပုဏ္ဏေးမကို မြွေသည်အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့၊ ဤအကြောင်းသည်ကား ယနေ့ပုဏ္ဏားအိမ်သို့ရောက်သည်ရှိသော် မယားသေခြင်း၏ အကြောင်းတည်းဟု အကြောင်းဥပါယ်၌ လိမ္မာသောဉာဏ်ဖြင့်လျှင် သိ၏၊ ထိုအခါ ဘုရားလောင်းအား ဤမြွေဟောက်သည် ရဲရင့်သည် ကြောက်ခြင်းမရှိသည် ဖြစ်ရာ၏၊ ဤမြွေသည် ပုဏ္ဏား၏ နံပါးကြီးကို ထိခိုက်သော်လည်း အိတ်၌ မိမိ၏ စည်းငယ်လှုပ်ခြင်းကိုမျှ မပြု၊ ဤသို့ သဘောရှိသောပရိသတ်၏အလယ်၌ မိမိရှိသည်၏အဖြစ်ကို မပြ၊ ထို့ကြောင့် ဤမြွေသည် ရဲရင့်သည် ကြောက်ခြင်းမရှိသည် ဖြစ်ရာ၏ဟု ကြံ၏၊ ကြံပြီး၍ ဘုရားလောင်း

သည့် ဥပါယ်၌ လိမ္မာသောဉာဏ်ဖြင့်လျှင် ဒိဗ္ဗစက္ခုဖြင့် မြင်သကဲ့သို့ ဤမြွေကို သိ၍ ဤသို့မင်းနှင့်တကွသော ပရိသတ်၏အလယ်၌ အိတ်သို့ဝင်သောမြွေကို မြင်၍ တည်သော ယောက်ျားကဲ့သို့ ဘုရားလောင်းသည် အကြောင်းဥပါယ်၌ လိမ္မာသောဉာဏ်ဖြင့်လျှင် ပိုင်းခြား၍ ပုဏ္ဏားအား၏ ပြဿနာကို ဖြေလိုရကား ဤဂါထာကို ဆို၏—

၄၈။ ဗဟူနိ ဌာနာနိ ဝိစိန္တယိတွာ၊ ယမေတ္ထ ဝက္ခာမိ တဒေဝ သစ္စံ။
မညာမိ တေ ဗြာဟ္မဏ သတ္တုဘသ္တံ၊ အဇာနတော ကဏှသပ္ပေါ ပဝိဋ္ဌော။

ပုဏ္ဏား များစွာကုန်သော အကြောင်းတို့ကို ကြံ၍ ဤအကြောင်းတို့တွင် ငါဆိုသည့်အကြောင်းသည်လျှင် မှန်၏ဟူ၍ အောက်မေ့၏၊ မသိစဉ် သင်၏ မုန့်အိတ်သို့ မြွေဟောက်သည် ဝင်၏ဟူ၍ ငါအောက်မေ့၏။

ဤသို့ဆိုပြီးလျှင် ပုဏ္ဏား သင့်အိတ်၌ မုန့်ရှိသလောဟု မေး၏၊ ပညာရှိ ရှိ၏၊ ယနေ့ နံနက်စာ စားသောအခါ၌ မုန့်ကိုစားသလောဟု မေး၏၊ ပညာရှိ စား၏ ဟုဆို၏၊ အဘယ်အရပ်၌ နေ၍ စားသနည်းဟု မေး၏၊ ပညာရှိ တော၌ သစ်ပင်ရင်း၌ နေ၍ စား၏ဟုဆို၏၊ ပုဏ္ဏား မုန့်စားပြီး၍ ရေသောက် သွား သည်ရှိသော် အိတ်ဝကို ဖွဲ့သလော မဖွဲ့သလောဟု မေး၏၊ ပညာရှိ မဖွဲ့မိဟု ဆို၏၊ ရေသောက်၍ လာလတ်သော် အိတ်ကို ကြည့်ရှု၍ ဖွဲ့၏လောဟု မေး၏၊ ပညာရှိ မကြည့်မူ၍ ဖွဲ့၏ဟု ဆို၏၊ ပုဏ္ဏား သင် ရေသောက် သွားသော ကာလ၌ မသိစဉ်လျှင် မုန့်နံ့ နံခြင်းကြောင့် အိတ်တွင်းသို့ မြွေဝင်၍နေသည်ဟု ငါထင်၏၊ ဤအရာ၌ ထိုထင်ခြင်းသည်ကား မှန်၏၊ ထို့ကြောင့် အိတ်ကိုချ၍ ပရိသတ်တို့၏အလယ်၌ ထား၍ အိတ်ဝကိုဖြေ၍ ဖဲ၍ တည်စေလျက် တစ်ခုသော လှံကန်ကို ကိုင်၍ အိတ်ကို ပုတ်ခတ်လော့၊ ထို့နောင်မှ ပါးပျဉ်းထောင်၍ ရှူးရှူးဟူသော အသံကို ပြု၍ ထွက်သော မြွေဟောက်ကို မြင်၍ ယုံမှားကင်း သည် ဖြစ်လတ္တံ့ဟု ဤဂါထာကို ဆို၏—

၄၉။ အာဒါယ ဒဏ္ဍံ ပရိသုမ္ဘ ဘသ္တံ၊ ပဿေ'ဠမူဂံ ဥရဂံ ဒုဇိဝှံ။
ဆိန္ဒ'ဇ္ဇ ကင်္ခံ ဝိစိကိစ္ဆိတာနိ၊ ဘုဇင်္ဂမံ ပဿ ပမုဉ္စ ဘသ္တံ။

ပုဏ္ဏား လှံကို ကိုင်၍ မုန့်အိတ်ကို ပုတ်ခတ်လော့၊ တံတွေးထွေးသောခံတွင်း ရှိ၍ လျှာနှစ်ခွရှိသော မြွေကိုကြည့်လော့။ ယနေ့ အဖန်တလဲလဲ ယုံမှားသံသယ စိတ်ကို ဖျောက်လော့၊ မုန့်အိတ်ကို ဖြေ၍ မြွေကို ကြည့်လော့။

ပုဏ္ဏားသည် ဘုရားလောင်း၏ စကားကို ကြား၍ ထိတ်လန့်ခြင်းသို့ရောက်၍ ဘုရားလောင်းဆိုတိုင်း ပြု၏၊ မြွေသည်လည်း အိတ်ကို လှံကန်ဖြင့် ခတ်သည် ရှိသော် အိတ်ဝမှထွက်၍ လူများကို ကြည့်လျှက်တည်၏၊ ထိုအကြောင်းကို

ပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၏—

၅၀။ သံဝိဂ္ဂရူပေါ ပရိသာယ မဇ္ဈေ၊
သော ဗြာဟ္မဏော သတ္တုဘတ္တံ ပမုဉ္စိ။
အထ နိက္ခမိ ဥရဂေါ ဥဂ္ဂတေဇော၊
အာသီဝိသော သပ္ပေါ ဖဏံ ကရိတွာ။

ရဟန်းတို့ ထိတ်လန့်သော သဘောရှိသော ထိုပုဏ္ဏားသည် ပရိသတ်၏အလယ်၌ မုန့်အိတ်ကို ဖြည်၏၊ ထိုအခါ၌ ရင်ဖြင့် သွားတတ်သော ထက်သော တန်ခိုးရှိသော လျင်သောအဆိပ်ရှိသော မြွေသည် ပါးပျဉ်းထောင်၍ ထွက်၏။

ပါးပျဉ်းကိုထောင်၍ မြွေထွက်သောကာလ၌ ဘုရားလောင်း၏ ဖြေခြင်းသည် သဗ္ဗညုမြတ်စွာဘုရား၏ ဖြေခြင်းကဲ့သို့ ဖြစ်၏ဟု ဘုရားလောင်းအား လူများသည် ပုဆိုးဦးရစ်ပစ်ခြင်း အထောင်တို့ကို ဖြစ်စေ၏၊ လက်ချောင်းခါခြင်း အထောင်တို့ကိုလည်း ခါကုန်၏၊ တစ်ခဲနက်သော မိုးသည် ရွာသကဲ့သို့ ရတနာခုနှစ်ပါးမိုးသည် ရွာ၏၊ ကောင်းချီးပေးခြင်း အထောင်တို့သည် ဖြစ်ကုန်၏၊ မြေကြီးကွဲသော အသံကဲ့သို့ ဖြစ်၏၊ ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် ဤပြဿနာကို ဖြေခြင်းမည်သည်ကား အမျိုး၏ အစွမ်းလည်းမဟုတ်၊ အနွယ်အဆက်၏ အစွမ်းလည်းမဟုတ်၊ ဤပြဿနာကို ဖြေခြင်းသည် အဘယ်အစွမ်းနည်းဟူမူကား ပညာ၏ အစွမ်းတည်း၊ ထိုစကားသည် မှန်၏၊ ပညာရှိသော ယောကျ်ားသည် ဝိပဿနာကို ပွားစေ၍ အရိယာမဂ် တံခါးကိုဖွင့်၍ အမြိုက်နိဗ္ဗာန်သို့ဝင်၏၊ သာဝကပါရမီဉာဏ် ပစ္စေကဗောဓိဉာဏ် သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိ၏၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်သော တရားတို့တွင် ပညာသည်သျှင် မြတ်၏၊ ကြွင်းကုန်သော တရားတို့သည် ပညာအခြံအရံတို့သည်သျှင် ဖြစ်ကုန်၏။ ယင်းကြောင့် ဤဂါထာကို ဟောတော်မူ၏—

ပညာဟိ သေဋ္ဌာ ကုသလာ ဝဒန္တိ၊ နက္ခတ္တရာဇာရိဝ တာရကာနံ။
သီလံ သိရီစာပိ သတဉ္စ ဓမ္မော၊ အန္ဝာယိကာ ပညဝတော ဘဝန္တိ။

ဤသို့ ဘုရားလောင်း ပြဿနာကို ဖြေသည်ရှိသော် တစ်ယောက်သော အလမ္ပာယ်သည် မြွေ၏ခံတွင်းကို ဖွဲ့ခြင်းကိုပြု၍ မြွေကိုယူ၍ တော၌ လွှတ်၏၊ ပုဏ္ဏားသည် မင်းသို့ကပ်၍ အောင်စေသတည်းဟု လက်အုပ်ချီ၍ မင်းအား ချီးမွမ်းခြင်းကို ပြုလိုရကား ထက်ဝက်သော ဤဂါထာကို ဆို၏—

၅၁။ သုလဒ္ဓလာဘော ဇနကဿ ရညော၊
ယော ပဿတိ သေနကံ သာဓုပညံ။

ပညာရှိသေနကအမတ်ကို ဖူးမြင်ရသော ဇနကမင်းအဖို့ ပညာရှိကို ဖူးမြင်ရခြင်းသည် ကောင်းသောရခြင်းမည်၏။

ပုဏ္ဏားသည် မင်းအား ချီးမွမ်းပြီးမှ အိတ်မှ အသပြာ ခုနစ်ရာတို့ကို ယူ၍ ဘုရားလောင်းအား ချီးမွမ်း၍ နှစ်သက်သော ပေးကမ်းခြင်းကို ပေးလိုရကား အခွဲနှင့်တကွသော ဤဂါထာကိုဆို၏—

ဝိဝဋ္ဋစ္ဆဒေါ နူသိ သဗ္ဗဒဿီ၊
ဉာဏံ နု တေ ဗြာဟ္မဏ ဘိံသရူပံ။

၅၂။ ဣမာနိ မေ သတ္တသတာနိ အတ္ထိ၊
ဂဏှာဟိ သဗ္ဗာနိ ဒဒါမိ တုယှံ။
တယာ ဟိ မေ ဇီဝိတံမဇ္ဇလဒ္ဓံ၊
အထောပိ ဘရိယာယ မကာသိ သောတ္ထိံ။

ပုဏ္ဏား သင်သည် ကိလေသာဟူသော အဖုံးအလွှမ်းကင်းသော ခပ်သိမ်းသော တရားကိုမြင်သော သဗ္ဗညူ မြတ်စွာဘုရားရှင် ဖြစ်လေသလော။ သင်၏ ဉာဏ်သည် အလွန်လျှင် အံ့ဖွယ်သရဲရှိသော သဗ္ဗညုတဉာဏ်ကဲ့သို့ အားရှိလေသလော။

ငါ့အားရှိသော ခုနစ်ရာကုန်သော ဤဥစ္စာတို့ကို ယူလော့။ ဥစ္စာအားလုံးကို သင့်အား ပေး၏။ မှန်၏။ သင်သည် ပေးအပ်သည်၏ အဖြစ်ကြောင့် အကျွန်ုပ်သည် ယနေ့ အသက်ရှင်နေရ၏။ ထိုမှတစ်ပါးလည်း မယား၏ ချမ်းသာခြင်းကို သင်သည်သာလျှင် ပြုပေ၏။

ပုဏ္ဏားသည် ဤသို့ဆို၍ အကျွန်ုပ်သည် တစ်ဖန် အလှူခံပြန်ငြားအံ့၊ ဤမျှသော ဥစ္စာသည် ကျွန်ုပ်အား ဖြစ်ရာ၏၊ အကျွန်ုပ်သည် ဤဥစ္စာကိုပေးသလျှင်ကတည်း၊ ကျွန်ုပ်၏ ခုနစ်ရာသော ဥစ္စာတို့ကို ယူပါလော့ဟု အဖန်တလဲလဲ ဘုရားလောင်းကို တောင်းပန်၏၊ ထိုစကားကိုကြား၍ ဘုရားလောင်းသည် ဤဂါထာကိုဆို၏—

၅၃။ န ပဏ္ဍိတာ ဝေတန'မာဒိယန္တိ၊ စိတြာဟိ ဂါထာဟိ သုဘာသိတာဟိ။
ဣတောပိ တေ ဗြဟ္မေ ဒဒန္တု ဝိတ္တံ၊ အာဒါယ တွံ ဂစ္ဆ သကံ နိကေတံ။

ပုဏ္ဏား ဆန်းကြယ်ကုန်သော ကောင်းစွာဆိုအပ်ကုန်သော စကားပြောဆိုမှုဖြင့် ပညာရှိတို့သည် အခကြေးငွေကို မယူကြကုန်၊ ပုဏ္ဏား သင့်အား ဤငါ၏ခြေရင်းမှ သုံးရသော ဥစ္စာကိုပါ ပေးပါ၏၊ သင်သည်ယူ၍ မိမိအိမ်သို့ သွားလော့။

ဤသို့ဆို၍ ဘုရားလောင်းသည် ပုဏ္ဏားအား တစ်ထောင်ကို ပြည့်စေ၍ အသပြာတို့ကို ပေး၍ ပုဏ္ဏား အဘယ်သူသည် သင့်ကို ဥစ္စာရှာစေအပ်သနည်းဟု မေး၏၊ ပညာရှိ မယားသည် ရှာစေအပ်၏ဟုဆို၏၊ မယားသည်ကား အသက်ကြီးသလော ငယ်သလောဟု မေး၏၊ ပညာရှိ ငယ်၏ဟု ဆို၏၊ ထိုသို့တပြီးကား ပုဏ္ဏေးမငယ်သည် တစ်ပါးသောသူနှင့် လွန်ကျူးခြင်းကို ပြုသည်ရှိသော် ကြောက်ခြင်း မရှိသဖြင့် ပြုအံ့ဟု ကြံ၍ သင့်ကို စေ၏၊ ဤအသပြာတို့ကို အိမ်သို့ အကယ်၍ဆောင်အံ့၊ ထိုပုဏ္ဏေးမငယ်သည် ဆင်းရဲသဖြင့် ရအပ်သော အသပြာတို့ကို မိမိသယောက်လင်အား ပေးလတ္တံ့၊ ထိုကြောင့် ထိုဥစ္စာကို ဖြောင့်စွာ အိမ်သို့မယူဘဲ သစ်ပင်ရင်း၌လည်းကောင်း, အမှတ်မရှိ တစ်ခုသော အရပ်၌လည်းကောင်း အသပြာတို့ကိုထား၍ ဝင်လေလောဟုဆို၍ ပုဏ္ဏားကို လွှတ်လိုက်၏၊ ပုဏ္ဏားသည် ရွာ၏အနီးသို့ ရောက်၍ တစ်ခုသော သစ်ပင်ရင်း၌ အသပြာတို့ကို ထား၍ ညအခါ၌ အိမ်သို့သွား၏၊ ပုဏ္ဏား၏ မယားသည်လည်း ထိုခဏ၌ သယောက်လင်နှင့်တကွနေ၏၊ ပုဏ္ဏားသည် တံခါး၌ရပ်၍ ရှင်မဟု ခေါ်၏၊ ပုဏ္ဏေးမငယ်သည် ပုဏ္ဏားအသံကိုမှတ်၍ ဆီမီးတိုင်ကိုငြိမ်းစေ၍ တံခါးကို ဖွင့်၍ ပုဏ္ဏား အိမ်တွင်းသို့ဝင်သည်ရှိသော် သယောက်လင်ကို ထုတ်သျက် တံခါးရင်း၌ ထား၍ အိမ်သို့ဝင်၍ အိတ်၌ တစ်စုံတစ်ခုကိုမမြင်၍ ပုဏ္ဏား သင်သည် အလှူခံ၍ အဘယ်မျှသော ဥစ္စာကို ရခဲ့သနည်းဟု မေး၏၊ ရှင်မ ငါသည် တစ်ထောင်သော ဥစ္စာကို ရခဲ့၏ဟုဆို၏၊ ထိုဥစ္စာသည် အဘယ်မှာနည်းဟု မေးလတ်သော် ဤမည်သောအရပ်၌ ထားခဲ့၏၊ ထိုဥစ္စာကို နက်ဖြန်နံနက်လျှင် ဆောင်ချေအံ့၊ မကြောင့်ကြလင့်ဟု ဆို၏၊ ပုဏ္ဏေးမငယ်သည် သွား၍ သယောက်လင်အား ကြား၍ ထိုသယောက်လင်သည် ထွက်၍ မိမိထားသော ဥစ္စာကဲ့သို့ ယူ၏၊ ပုဏ္ဏားသည် နက်ဖြန်နေ့၌ သွား၍ အသပြာတို့ကို မမြင်သည်ရှိသော် ဘုရားလောင်း အထံသို့သွား၍ ပုဏ္ဏား အဘယ်နည်းဟု မေးသည်ရှိသော် ပညာရှိ အသပြာတို့ကို မမြင်ဟုဆို၏၊ သင်သည် မယားအား ကြားသလောဟု မေး၏၊ ပညာရှိ ကြား၏ဟု ဆိုသည်ရှိသော် ဘုရားလောင်းသည် မယားသည် သယောက်လင်အား ကြားသောအဖြစ်ကို သိ၍ ပုဏ္ဏား သင့်မယားအား ဆရာပုဏ္ဏားသည် ရှိသလောဟုမေး၏၊ ပညာရှိ ရှိ၏ဟု ဆို၏၊ သင့်အားလည်း ရှိသလောဟု မေး၏၊ ပညာရှိ ရှိ၏ဟု ဆို၏။

ထိုအခါ ပုဏ္ဏားအား ဘုရားလောင်းသည် ခုနစ်ရက်ဖို ရိက္ခာကို ပေး၍ သွားလော့၊ ရှေးဦးစွာသောနေ့၌ သင်၏ဆရာ ပုဏ္ဏားခုနစ်ယောက်၊ သင့်မယား၏ဆရာ ပုဏ္ဏားခုနစ်ယောက် ဤတစ်ဆယ့်လေးယောက်ကုန်သော ပုဏ္ဏားတို့ကို ဖိတ်၍ ကျွေးလေလော့၊ နက်ဖြန်မှစ၍ တစ်ယောက်တစ်ယောက်ကို ယုတ်စေ၍ ခုနစ်ရက်မြောက်သောနေ့၌ သင်၏ဆရာ ပုဏ္ဏားတစ်ယောက်, သင်၏မယားဆရာ

ပုဏ္ဏားတစ်ယောက် ဤနှစ်ယောက်တို့ကို ဖိတ်၍ သင်၏မယားသည် ခုနစ်ရက်ပတ်လုံး ဖိတ်အပ်သော ပုဏ္ဏား၏ မပြတ်လာသည်၏ အဖြစ်ကိုသိ၍ ငါ့အား ကြားလော့ဟု ဆို၏၊ ထိုပုဏ္ဏားသည် ဘုရားလောင်းဆိုတိုင်း ပြု၍ ပညာရှိ အကျွန်ုပ်သည် မပြတ်လာ၍ စားသော ပုဏ္ဏားကို မှတ်အပ်၏ဟု ဘုရားလောင်းအား ကြား၏။

ဘုရားလောင်းသည် ထိုပုဏ္ဏားနှင့်တကွ မင်းချင်းတို့ကို စေ၍ ထိုပုဏ္ဏားကို ဆောင်စေ၍ ဤမည်သော သစ်ပင်ရင်းမှ သင်သည် ဤမည်သော ပုဏ္ဏား၏ ဥစ္စာဖြစ်သော အသပြာတစ်ထောင်ကို ယူသလောဟု မေး၏၊ ပညာရှိ မယူဟု ဆို၏၊ ဘုရားလောင်းသည် ပုဏ္ဏား ငါ့အား သေနကသုခမိန်ဖြစ်သည့် အဖြစ်ကို မသိသလော၊ ထိုအသပြာကို ဆောင်စေအံ့ဟုဆို၏၊ ထိုပုဏ္ဏားသည် ကြောက်သည်ဖြစ်၍ အကျွန်ုပ်သည် ယူအပ်၏ဟု ဝန်ခံ၏၊ သင်သည် အဘယ်မှာထားသနည်းဟု မေး၏၊ ပညာရှိ ထိုအရပ်၌လျှင် ထားအပ်၏ဟု ဆို၏၊ ဘုရားလောင်းသည် ပုဏ္ဏားကြီးကို ပုဏ္ဏားကြီး သင်သည် ထိုပုဏ္ဏေးမကို ပင်လျှင် မယားဖြစ်စေလိုသလော၊ ထိုသို့မဟုတ်မူကား တစ်ပါးသောမိန်းမကို ယူလိုသလောဟု မေး၏၊ ပညာရှိ ထိုပုဏ္ဏေးမငယ်သည် ပင်လျှင် အကျွန်ုပ်၏မယား ဖြစ်စေလိုသည်ဟု ဆို၏၊ ဘုရားလောင်းသည် လူတို့ကိုစေ၍ ပုဏ္ဏား၏ အသပြာတို့ကို လည်းကောင်း၊ ပုဏ္ဏေးမငယ်ကို လည်းကောင်း ဆောင်စေ၍ ခိုးသူ ပုဏ္ဏား၏ လက်မှ အသပြာတို့ကို ပုဏ္ဏားကြီးအား ပေးစေ၍ ခိုးသူပုဏ္ဏားအား မင်းဒဏ်ကို ပြုစေ၍ မြို့၌ စည်လည်စေ၍ ပုဏ္ဏေးမအားလည်း မင်းအာဏာကို ပြုစေ၍ ပုဏ္ဏားအား ကြီးစွာသော အခြံအရံကိုပေး၍ မိမိအသံ၌လျှင် နေစေ၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ များစွာကုန်သော ရဟန်းတို့လည်း သောတာပတ္တိဖိုလ် အစရှိသည်တို့ကို မျက်မှောက်ပြုကုန်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ ပုဏ္ဏားဖြစ်ပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ရုက္ခစိုးနတ် ဖြစ်ပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ပရိသတ် ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိ သေနက ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏၊

(ပညာရှိထံ၊ ဆည်းကပ်ခံ၊ ဘေးရန် လွတ်ငြိမ်းရာ။)

လေးရာနှစ်ခုမြောက်သော သတ္တုဘတ္တ ဇာတ်သည် ပြီး၏။

# ၄၀၃-အဋ္ဌိသေနဇာတ်

## ပေးတိုင်းလည်း မယူ ကျွေးတိုင်းလည်း မစား သူတော်ကောင်းတို့သည် မတောင်းအပ်ကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသခင်သည် "ယေ မေ အဟံ န ဇာနာမိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအဋ္ဌိသေနဇာတ်ကို အာဠဝီပြည်ကို မှီ၍ အဂ္ဂါဠဝ စေတီ၌ သီတင်းသုံးနေတော်မူစဉ် ကုဋိကာရ သိက္ခာပုဒ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုကို အောက် မဏိကဏ္ဍဇာတ်၌ ဆိုအပ်ပြီးသလျှင်ကတည်း။) မှထူးကား သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ ဘုရားမပွင့်မီ သာသနာပ၌ ရဟန်းပြုကုန်သော ရဟန်းတို့သည် ဖိတ်ကုန်လျက်လည်း တောင်းခြင်း မည်သည်ကား သူတစ်ပါးတို့သည် မချစ်မနှစ်သက်အပ်ဟု နှလုံးပြု၍ မတောင်းကုန်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသော နိဂုံးဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၏၊ ထိုဘုရားလောင်းအား အဋ္ဌိသေနသတို့သား ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုသတို့သားသည် အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ နောက်အဖို့၌ ကာမတို့၌ အပြစ်ကို မြင်၍ အိမ်မှထွက်၍ ရသေ့ ရဟန်းပြု၍ ဈာန် အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာအရပ်၌ ကြာမြင့်စွာနေ၍ ချဉ် ဆား မှီဝဲအံ့သောငှါ လူ့ပြည်သို့သက်၍ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ဥယျာဉ်၌နေ၍ နက်ဖြန်နေ့၌ ဆွမ်းခံသွားသည်ရှိသော် မင်းရင်ပြင်သို့ ရောက်၏၊ မင်းသည် ဘုရားလောင်း၏ အကျင့်ဣရိယာပုထ်တို့၌ ကြည်ညိုရကား ဘုရားလောင်းကိုပိတ်၍ ပြာသာဒ်အပြင်၌ ခင်းအပ်သော ပလ္လင်၌ နေစေ၍ ကောင်းသောဘောဇဉ်ကို ကျွေး၍ ဆွမ်းစားပြီးသော အဆုံး၌ အနုမောဒနာကို နာရ၍ ကြည်ညိုသည်ဖြစ်၍ မင်း၏ဥယျာဉ်၌ အမြဲ နေစိမ့်သောငှါ ဝန်ခံခြင်းကို ယူ၍ ဘုရားလောင်းကို မင်း၏ ဥယျာဉ်၌ နေစေ၍ နေ့တိုင်းလည်း နှစ်ကြိမ် သုံးကြိမ် ခစားအံ့သောငှါ သွား၏၊ မင်းသည် ဘစ်နေ့သ၌ တရားစကားဖြင့် ကြည်ညို၍

မင်းအဖြစ်ကို အစပြု၍ အရှင်ဘုရားအား အကြင်ဝတ္ထုဖြင့် အလိုရှိ၏၊ ထိုဝတ္ထုကို အရှင်ဘုရားသည် ဆိုပါလော့ဟု ဖိတ်၏၊ ဘုရားလောင်းသည် ငါ့အား ဤဝတ္ထုကို ပေးလော့ဟု မဆို၊ တစ်ပါးကုန်သော သူတောင်းစားတို့သည်ကား ဤဝတ္ထုကို ပေးလော့၊ ဤဝတ္ထုကို ပေးလော့ဟု အလိုရှိတိုင်း အလိုရှိတိုင်းသော ဝတ္ထုကို တောင်းကုန်၏၊ မင်းသည် ငြီးငွေ့ခြင်း မရှိသည်ဖြစ်၍ ပေးသလျှင်ကတည်း၊ မင်းသည် တစ်နေ့သ၌ တစ်ပါးကုန်သော သူတောင်းစားတို့သည် ဤမည်သောဝတ္ထုကို ငါတို့အား ပေးလောဟု တောင်းကုန်၏၊ အရှင်အဇ္ဈိသေနသည်ကား ဖိတ်သောကာလမှစ၍ တစ်စုံတစ်ခုသော ဝတ္ထုကိုမျှ မတောင်း၊ ဤအရှင်ဘုရားအား ပညာရှိ သလျှင်ကတည်း၊ ဥပါယ်၌ လိမ္မာသလျှင်ကတည်း၊ ထိုအကြောင်းကို မေးအံ့ဟုကြံ၏၊ ကြံပြီး၍ မင်းသည် တစ်နေ့သ၌ နံနက်စာ စားပြီးသော် သွား၍ ရှိခိုး၍ တင့်အပ်သောအရပ်၌နေလျက် တစ်ပါးကုန်သော သူတို့၏ တောင်းသော အကြောင်းကိုလည်းကောင်း, ရှင်ရသေ့၏ မတောင်းသော အကြောင်းကိုလည်းကောင်း မေးလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏-

၃၄။ ယေ မေ အဟံ န ဇာနာမိ၊ အဇ္ဈိသေန ဝနိဗ္ဗကေ။
တေ မံ သင်္ဂမ္မ ယာစန္တိ၊ ဂ သ္မာ မံ တွံ န ယာစသိ။

အရှင်အဇ္ဈိသေန အကျွန်ုပ်မသိသော သူတို့သည် အကျွန်ုပ်သို့ အညီအညွတ် လာလတ်၍ တောင်းကုန်၏။ အဘယ့်ကြောင့် သင်သည် အကျွန်ုပ်ကို မတောင်းသနည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏-

၃၅။ ယာစကော အပ္ပိယော ဟောတိ၊ ယာစံ အဒဒမပ္ပိယော။
တသ္မာဟံ တံ န ယာစာမိ၊ မာ မေ ဝိဒေဿနာ အဟု။

မြတ်သောမင်းကြီး အတောင်းအရမ်းထူသောသူကို ပေးရသောသူသည် မုန်းတတ်၏။ တောင်းသော ဝတ္ထုကို မပေးသည်ရှိသော် တောင်းသောသူသည် မုန်းတတ်သောကြောင့် ငါ့အား မုန်းတီးခြင်း မဖြစ်ပါစေလင့်၊ ငါသည် သင်မင်းကြီးအပေါ် မတောင်းလိုပေ။

ထိုအခါ ဘုရားလောင်း စကားကို ကြား၍ မင်းသည် ဤဂါထာတို့ကို ဆို၏-

၃၆။ ယော ဝေ ယာစနဇီဝါနော၊ ကာလေ ယာစံ န ယာစတိ။
ပရဉ္စ ပုညာ ဓံသေတိ၊ အတ္တနာပိ န ဇီဝတိ။

၃၇။ ယော စ ယာစနဇီဝါနော၊ ကာလေ ယာစံ ဟိ ယာစတိ။
　　ပရဉ္စ ပုညံ လဗ္ဘေတိ၊ အတ္တနာပိ စ ဇီဝတိ။

၃၈။ န ဝေ ဒေဿန္တိ သပ္ပညာ၊ ဒိသွာ ယာစကမာဂတေ။
　　ဗြဟ္မစာရိ ပိယော မေ သိ၊ ဝဒ တွံ ဘဉ္ဉမိစ္ဆသိ။

အရှင်အဋ္ဌိသေန တောင်းသင့်သောကာလ၌ တောင်းအပ်သော ဝတ္ထုကို မတောင်းသော ရဟန်းပုဏ္ဏားသည် သူတစ်ပါးကိုလည်း ကောင်းမှုကို ယုတ်စေ၏။ မိမိသည်လည်း ချမ်းသာစွာ အသက်မမွေးရ၊

အရှင်အဋ္ဌိသေန တောင်းသင့်သောကာလ၌ တောင်းအပ်သောဝတ္ထုကို တောင်းသော ရဟန်းပုဏ္ဏားသည် သူတစ်ပါးကိုလည်း ကောင်းမှုကို ရစေ၏။ မိမိသည်လည်း ချမ်းသာစွာ အသက်မွေးရ၏။

အရှင်အဋ္ဌိသေန အလှူနှင့် အလှူ၏အကျိုးကို သိကုန်သော ပညာရှိတို့သည် လာကုန်သော တောင်းစားသူတို့ကိုမြင်၍ အမျက်မထွက်ကုန်၊ အကျွန်ုပ်သည် မြတ်သောအကျင့်ရှိသော အရှင်ဘုရားကို ချစ်အပ်သည်အဖြစ်ကြောင့် အရှင်ဘုရားသည် တစ်စုံတစ်ခု ဆိုဖွယ်စကားကို အလိုရှိအံ့၊ ဆိုသာ ဆိုတော်မူပါ၊ ပြည်အားလုံးကိုလည်း အရှင်ဘုရားအား ထိုဆုကို ပေးမည်သာတည်း။

ဤသို့ မင်းသည် မင်းအဖြစ်ဖြင့် ဖိတ်အပ်သော်လည်း တစ်စုံတစ်ခုသော ဝတ္ထုကို မတောင်းသလျှင်ကတည်း၊ မင်းသည် ဤသို့ မိမိအလိုကို ဆိုသည်ရှိသော် ဘုရားလောင်းသည် ရဟန်းတို့၏ အကျင့်ကို ပြအံ့သောငှါ မြတ်သော မင်းကြီး ဤတောင်းခြင်းမည်သည်ကား ကာမစည်းစိမ်ကို ခံစားကုန်သော လူတို့၏ အလေ့အကျင့်တည်း၊ ရဟန်းပြုကုန်သော သူတို့၏ အလေ့အကျင့် မဟုတ်၊ ရဟန်းသည် ရဟန်းပြုသော ကာလမှစ၍ လူတို့နှင့် မတူသော စင်ကြယ်သော အသက်မွေးခြင်းရှိသည် ဖြစ်ရာ၏ဟု ရဟန်းတို့၏ အကျင့်ကို ပြလိုရကား ဤဂါထာကိုဆို၏—

၃၉။ န ဝေ ယာစန္တိ သပ္ပညာ၊ ဓီရော စ ဝေဒိတုမရဟတိ။
　　ဥဒ္ဒိဿ အရိယာ တိဋ္ဌန္တိ၊ ဧသာ အရိယာနယာစနာ။

မြတ်သောမင်းကြီး စင်စစ် ဘုရားအစရှိကုန်သော ပညာရှိတို့သည် မတောင်းကုန်၊ ထိုသို့ပင် မတောင်းငြားသော်လည်း ပညာရှိသော ဒါယကာသည် အလိုလိုသာလျှင် သိအပ်၏၊ ဘုရားအစရှိကုန်သော အရိယာသူတော်

ကောင်းတို့သည် ရည်ရွယ်၍ ရပ်ကုန်၏၊ ဤသို့ ရည်ရွယ်၍ ရပ်ခြင်းသည် ဘုရား အစရှိကုန်သော အရိယာတို့၏ တောင်းခြင်းမည်၏။

မင်းသည် ဘုရားလောင်း၏ စကားကို ကြား၍ အရှင်ဘုရား ပညာရှိသော အလုပ်အကျွေးသည် မိမိသည်လျှင် သိ၍ ဆရာအား လှူအပ်သော ဝတ္ထုကို အကယ်၍ လှူငြားအံ့၊ အကျွန်ုပ်သည်လည်း အရှင်ဘုရားတို့အား ဤမည်သော ဝတ္ထုကို လှူအံ့ဟု ဆိုလိုရကား ဤဂါထာကို ဆို၏—

၆၀။ ဒဒါမိ တေ ဗြာဟ္မဏ ရောဟိဏီနံ၊ ဂဝံ သဟဿံ သဟ ပုင်္ဂဝေန။
**အရိယော** ဟိ အရိယဿ ကထံ န ဒဇ္ဇာ၊ သုတွာန ဂါထာ တဝ ဓမ္မယုတ္တာ။

ရှင်ရဟန်း အရှင်ဘုရားအား နွားလားနှင့်တကွ နီသော အဆင်းရှိကုန်သော နွားမ တစ်ထောင်ကို ပေးအံ့၊ အရှင်ဘုရား၏ တရားနှင့်ယှဉ်ကုန်သော ဂါထာ တို့ကို နာရ၍ မြတ်သော အကျင့်ရှိသော အကျွန်ုပ်သည် မြတ်သော အကျင့် ရှိသော အရှင်ဘုရားအား အဘယ့်ကြောင့် မလှူဘဲရှိအံ့နည်း။

ဤသို့ ဆိုသည်ရှိသော် ဘုရားလောင်းသည် မြတ်သော မင်းကြီး ငါသည် ပလိဗောဓ မရှိသော ရဟန်းတည်း၊ ငါ့အား နွားမတို့ဖြင့် အလိုမရှိဟု ပယ်၏၊ မင်းသည် ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ အလှူအစရှိသော ကောင်းမှု တို့ကို ပြု၍ နတ်ပြည်သို့ လား၏၊ ဘုရားလောင်းသည်လည်း မယုတ်သော စျာန် ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့၌ တည်ကုန်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အဋ္ဌိသေန ရသေ့ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(တောင်းသူ မုန်းမြဲ၊ မပေးလဲ၊ မုန်းမြဲ ဓမ္မတာ။)

လေးရာသုံးခုမြောက်သော အဋ္ဌိသေနဇာတ်သည် ပြီး၏။

## ၄၀၄-ကပိဇာတ်

### အပေါင်းကြောင့် ဂုဏ်တက်၊ အပေါင်းကြောင့် ဂုဏ်ပျက် ပညာရှိစကားကို နားမထောင်၍ ပျက်စီးရခြင်း

#### ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယတ္ထ ဝေရီ နိဝိသတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကပိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို မြေမျိုသည်ရှိသော် တရားသဘင်၌ ငါရှင်တို့ ဒေဝဒတ်သည် ပရိသတ်နှင့်တကွ ပျက်စီး၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ပရိသတ်နှင့်တကွ ပျက်စီးသည်မဟုတ်သေး ရှေး၌လည်း ပျက်စီးဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မျောက်မျိုး၌ဖြစ်၍ မျောက်အပေါင်း ငါးရာခြံရံလျက် မင်း၏ ဥယျာဉ်၌နေ၏၊ ဒေဝဒတ် အလောင်းသည်လည်း မျောက်မျိုး၌ဖြစ်၍ မျောက်အပေါင်း ငါးရာခြံရံလျက် ထိုဥယျာဉ်၌ပင် နေ၏၊ ထိုအခါ တစ်နေ့သ၌ ပုရောဟိတ်သည် ဥယျာဉ်သို့သွား၍ ရေချိုး၍တန်ဆာဆင်၍ ထွက်လတ်သော် လျှပ်ပေါ်သော မျောက်တစ်ကောင်သည် ရှေးဦးစွာ သွားလင့်၍ မင်း၏ ဥယျာဉ်တံခါး တုရိုဏ်တိုင်ထိပ်၌နေ၍ ပုဏ္ဏားဇ ထိပ်၌ ကျင်ကြီးတို့ကိုချ၍ တစ်ဖန်အထက်သို့မော်၍ကြည့်သော် ပုဏ္ဏားမျက်နှာ၌ ချပြန်၏၊ ပုဏ္ဏားသည်ပြန်၍ သို့ဖြစ်စေဦး၊ သင်တို့အား ပြုအပ်သောအမှုကို သိအံ့ဟု မျောက်တို့ကို ရန်ငြိုး ဖွဲ့၍ ခြိမ်းခြောက်၍ တဖန် ရေချိုး၍ ဖဲ၏၊ ပုဏ္ဏားသည် ရန်ငြိုးဖွဲ့၍ မျောက်တို့အား ခြိမ်းခြောက်သည်၏အဖြစ်ကို ဘုရားလောင်းအား ကြားကုန်၏၊ ဘုရားလောင်းသည် ရန်သူတို့၏ နေရာအရပ်၌ နေခြင်းမည်သည် မသင့်၊ အလုံးစုံသော မျောက်အပေါင်းသည်လည်း တစ်ပါးသော အရပ်သို့ သွားစေသတည်းဟု မျောက်တစ်ထောင်တို့အား ကြားစေကုန်၏၊ ဆိုနိုင်ခက်သော မျောက်သည် မိမိ

အခြံအရံ မျောက်တို့ကိုယူ၍ နောက်မှသိအံ့ဟု ထိုဥယျာဉ်၌လျှင် နေ၏၊ ဘုရားလောင်းသည် မိမိအခြံအရံကိုယူ၍ တောသို့ဝင်၏၊ ထိုအခါ တစ်နေ့သ၌ စပါးထောင်းသော ကျွန်မတစ်ယောက်သည် နေပူလှန်းအပ်သော စပါးကိုစားသော တစ်ကောင်သော ဆိတ်သည် မီးစဖြင့် ပုတ်ခတ်ခြင်းကိုရ၍ မီးလောင်သော ကိုယ်ရှိသည်ဖြစ်၍ ပြေးလျက် ဆင်တင်းကုပ်ကိုမှီ၍ တည်သောတစ်ခုသော မြက်ကုဋိ၏နံရံ၌ ကိုယ်ကိုပွတ်၏၊ ထိုမီးသည် မြက်ကုဋိကိုလောင်၏၊ ထိုမြက်ကုဋိမှ ဆင်တင်းကုပ်ကိုလောင်၏၊ ဆင်တင်းကုပ်ကို လောင်လတ်သော် ဆင်တို့၏ ကျောက်ကုန်းကိုလောင်၏၊ ဆင်ဆရာတို့သည် ဆင်တို့အား ကုစားအံ့သောငှါ မတတ်နိုင်ကုန်၊ ပုရောဟိတ်သည်လည်း မျောက်တို့ကို ဖမ်းအံ့သောငှါ အကြောင်းကို စုံစမ်းလျက်သွား၏၊ ထိုအခါ မင်းအား ခစားအံ့သောငှါ လာသော ပုဏ္ဏားကို မြင်၍ မင်းသည် ဆရာ များစွာကုန်သော ဆင်အပေါင်းတို့သည် အနာပေါက်ကုန်၏၊ ဆင်ဆရာတို့သည် ကုအံ့သောငှါ မတတ်နိုင်ကုန်၊ တစ်စုံတစ်ခုသော ဆေးကို သိသလောဟုမေး၏၊ ပုရောဟိတ်သည်လည်း ရှင်မင်းကြီး မျောက်မှ ဖြစ်ကုန်သော ဆေးတို့သည် ရှိကုန်၏ဟု ဆို၏၊ ဆရာ မျောက်မှ ဖြစ်သော ဆေးဟူသည် အဘယ်နည်းဟု မေး၏၊ ရှင်မင်းကြီး မျောက်ဆီတည်းဟု ဆို၏၊ ဆရာ အဘယ်မှာ ရအံ့နည်းဟု ဆိုသော် ရှင်မင်းကြီး၏ ဥယျာဉ်၌ များစွာကုန်သော မျောက်တို့သည် ရှိသည်မဟုတ်လောဟု ဆို၏၊ မင်းသည် ဥယျာဉ်၌ မျောက်တို့ကို သတ်၍ အဆီကို ဆောင်ကြကုန်လောဟုဆို၏၊ လေးသမားတို့သည် ငါးရာသောမျောက်တို့ကို ပစ်စေ၍ သတ်ကုန်၏၊ တစ်ကောင်သော မျောက်အကြီးအကဲသည်ကား ပြေးသည်ရှိသော် ပစ်ချက်ဒဏ်ကို ရ၍လည်း ထိုအရပ်၌လျှင် မလဲမူ၍ ဘုရားလောင်း၏ နေရာအရပ်သို့ရောက်၍ လဲ၏၊ မျောက်တို့သည် ငါတို့၏ နေရာအရပ်သို့ရောက်၍ သေ၏ဟု ထိုမျောက်၏ ပစ်ချက်ဒဏ်ကို ရသည်၏ အဖြစ်ကိုလည်းကောင်း၊ သေသည်၏ အဖြစ်ကိုလည်းကောင်း ဘုရားလောင်းအား ကြားကုန်၏။

ဘုရားလောင်းသည် သွား၍ မျောက်အပေါင်း၏ အလယ်၌ နေလျက် ပညာရှိတို့ အဆုံးအမကို နားမထောင်မူ၍ ရန်သူတို့၏ အရပ်၌ နေသောသူတို့ မည်သည် ဤသို့ ပျက်စီးကုန်၏ဟု မျောက်အပေါင်းတို့အား ဆုံးမလိုသည်၏ အစွမ်းဖြင့် ဤဂါထာတို့ကိုဆို၏—

၆၁။ ယတ္ထ ဝေရီ နိဝိသတိ၊ န ဝသေ တတ္ထ ပဏ္ဍိတော။
ဧကရတ္တံ ဒွိရတ္တံ ဝါ၊ ဒုက္ခံ ဝသတိ ဝေရိသု။

၆၂။ ဒိသော ဝေ လဟုစိတ္တဿ၊ ပေါသဿာနု ဝိဓီယတော။
ဧကဿ ကပိနော ဟေတု၊ ယူထဿ အနယော ကတော။

၆၃။ ဗာလောဝ ပဏ္ဍိတမာနီ၊ ယူထဿ ပရိဟာရကော။
သစိတ္တဿ ဝသံ ဂန္တွာ၊ သယေထာယံ ယထာ ကပိ။

၆၄။ န သာဓု ဗလဝါ ဗာလော၊ ယူထဿ ပရိဟာရကော။
အဟိတော ဘဝတိ ဉာတီနံ၊ သကုဏာနံဝ စေတကော။

၆၅။ ဓီရောဝ ဗလဝါ သာဓု၊ ယူထဿ ပရိဟာရကော။
ဟိတော ဘဝတိ ဉာတီနံ၊ တိဒသာနံဝ ဝါသဝေါ။

၆၆။ ယော စ သီလဉ္စ ပညဉ္စ၊ သုတဉ္စတ္တနိ ပဿတိ။
ဥဘိန္နမတ္ထံ စရတိ၊ အတ္တနော စ ပရဿ စ။

၆၇။ တသ္မာ တုလေယျမတ္တာနံ၊ သီလပညာသုတာမိဝ။
ဂဏံ ဝါ ပရိဟရေ ဓီရော၊ ဧကော ဝါပိ ပရိဗ္ဗဇေ။

ရန်သူရှိရာ အရပ်၌ ပညာရှိသည် တင်ရက်မျှဖြစ်စေ, နှစ်ရက်မျှဖြစ်စေ မနေသင့်၊ ရန်သူတို့အထံ၌ နေရခြင်းသည် ဆင်းရဲ၏။

ပေါ့ပေါ့ ဆဆ နေတတ်သောသူ၏ အတုလိုက်၍ ပေါ့ဆစွာ ပြုတတ်သော ယောကျ်ားအား ရန်သူများတတ်၏၊ မျောက်တစ်ကောင်ကြောင့် မျောက် အားလုံး ပျက်စီးကြရ၏။

မိုက်သည်ဖြစ်လျက် မိမိကိုယ်ကို ပညာရှိဟု ထင်မှတ်၍ မျောက်အပေါင်းကို ခေါ်ဆောင်ထားသော ဤမျောက်သည် မိမိစိတ်၏အလိုသို့ လိုက်၍ သေသည်ကို မြင်သကဲ့သို့ ဤမျောက်သည် သေရလေ၏ ကြည့်ကြကုန်လော့။

အားရှိသော မျောက်အပေါင်းကို ဆောင်သော သူမိုက်သည် မကောင်း၊ ငှက်တိမ်ညင်ကဲ့သို့ ဆွေမျိုးတို့၏ အစီးအပွားကို မဆောင်နိုင်တတ်။

အားရှိသော မျောက်အပေါင်းကို ဆောင်သော ပညာရှိသည်သာလျှင် ကောင်း၏၊ တာဝတိံသာနတ်တို့၏ သိကြားမင်းကဲ့သို့ ဆွေမျိုးတို့၏ အစီး အပွားကို ဆောင်တတ်၏။

သီလကိုလည်းကောင်း ပညာကိုလည်းကောင်း အကြားအမြင်ကို လည်း ကောင်း မြင်သောသူ၏ မိမိ၏လည်းကောင်း သူတစ်ပါး၏ လည်းကောင်း နှစ်ပါးကုန်သော သူတို့၏ အကျိုးကို ကျင့်နိုင်၏။

ထို့ကြောင့် မိမိကိုယ်ကို သီလ၌လည်းကောင်း ပညာ၌ လည်းကောင်း အကြားအမြင်၌ လည်းကောင်း နှိုင်းချိန်ပြီး၍ ပညာရှိသည် အပေါင်းကိုလည်း ဆောင်ရာ၏ တစ်ယောက်တည်းလည်း ကျင့်ရာ၏။

ဤသို့ ဘုရားလောင်းသည် မျောက်မင်းဖြစ်လျက်လည်း ဝိနည်းပရိယာယ်ဖြင့် ဟော၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ဆိုနိုင်ခက်သော မျောက်ဖြစ်ပြီ၊ ယခုအခါ ဒေဝဒတ်၏ ပရိသတ်တို့သည် ထိုအခါ ဆိုနိုင်ခက်သော မျောက်၏ ပရိသတ်တို့သည် ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားပရိသတ်တို့သည် ထိုအခါ ပညာရှိမျောက်မင်း၏ ပရိသတ် ဖြစ်ကုန်ပြီ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိမျောက်မင်း ဖြစ်ပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(လူမိုက်ဦးစီး၊ ကျိုးမပြီး၊ ကျိုးပြီး ပညဝါ။)

လေးရာလေးခုမြောက်သော ကပိဇာတ်သည် ပြီး၏။

၄၀၅-ဗကဇာတ်

သူတစ်ပါး အသက်ကို ကယ်ခြင်းကြောင့် အသက်ရှည်ခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရား သခင်သည် ''ဒွါသတ္တတိ''ဒ. စရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဗကဗြဟ္မာကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုဗကဗြဟ္မာအား ဤတရားသည် မြဲ၏၊ စဲဝေ ခြင်းသဘောမရှိ၊ ဤတရားမှ တစ်ပါးသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော နိဗ္ဗာန်မည်သည် မရှိဟု ဤသို့စသော အယူသည် ဖြစ်၏၊ ထိုဗကဗြဟ္မာသည် အောက်စျာန်ဖြင့် ဖြစ်ခြင်း၌ ယှဉ်၏၊ ဤ ဗကဗြဟ္မာသည် ရှေး၌ စျာန်ကိုပွားစေ၍ ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်၏၊ ထိုဝေဟပ္ဖိုလ်ဘုံ၌ မဟာကပ်ငါးရာအတိုင်းအရှည်ရှိသော အသက်ကို

ကုန်စေ၍ သုဘကိဏှာဘုံ၌ ဖြစ်၏၊ ခြောက်ဆယ့်လေးကပ်တို့ကို ကုန်စေ၍ သုဘကိဏှာဘုံမှ စုတေ၍ မဟာကပ် ရှစ်ကပ် အသက်ရှည်ကုန်သော အာဘဿရ ဗြဟ္မာ့ဘုံ၌ ဖြစ်၏၊ ထိုအာဘဿရဘုံ၌ ထိုဗြဟ္မာအား ဤသို့ သဘောရှိသော အယူသည် ဖြစ်၏၊ ထိုဗကဗြဟ္မာသည် အထက်ဗြဟ္မာ့ပြည်မှ စုတိကို မအောက်မေ့နိုင်၊ ထိုဗြဟ္မာ့ပြည်၌ ပဋိသန္ဓေကို မအောက်မေ့နိုင်၊ ထိုနှစ်ပါးသော စုတိ ပဋိသန္ဓေကို မမြင်သည်ဖြစ်၍ ဤသို့သဘောရှိသော အယူကို ယူ၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ထိုဗကဗြဟ္မာ၏ စိတ်အကြံကိုသိ၍ ဥပမာမည်သည်ကား အားရှိသောယောကျ်ားသည် ခွေသောမောင်းကို ဆန့်သကဲ့သို့ လည်းကောင်း၊ ဆန့်သောမောင်းကို ခွေသကဲ့သို့ လည်းကောင်း၊ ထိုအတူလျှင် ဇေတဝန် ကျောင်းတော်မှကွယ်၍ ဗြဟ္မာ့ပြည်၌ တင်ရှားဖြစ်၏၊ ဗကဗြဟ္မာသည် သဗ္ဗညု မြတ်စွာဘုရားကိုမြင်၍ ဆင်းရဲကင်းသောအရှင်ဘုရား ကြွတော်မူပါလော့၊ ဆင်းရဲကင်းသော အရှင်ဘုရား၏ လာခြင်းသည် ကောင်းသော လာခြင်းတည်း၊ ဆင်းရဲကင်းသော အရှင်ဘုရား ဗြဟ္မာ့ပြည်သို့လာခြင်း၏ အကြင်အလှည့်သည် ရှိ၏၊ ထိုအလှည့်ကို ကြာမြင့်မှလျှင် အရှင်ဘုရားသည် ပြု၏၊ ဆင်းရဲကင်းသော အရှင်ဘုရား ဤတရားသည် မြဲ၏၊ ဤတရားသည် မချွတ်မလွဲတည်၏၊ ဤတရားသည် အမြဲတည်၏၊ ဤတရားသည် ခိုင်ခံ့၏၊ ဤတရားသည် စုတေခြင်း မရှိ၊ ဤတရားသည် ပဋိသန္ဓေ မနေ၊ ဤတရားသည် မအို၊ ဤတရားသည် မစုတေ၊ ဤတရားသည် တဖန်မဖြစ်၊ ဤတရားထက် တစ်ပါးသော အလွန်ဖြစ်သော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော တရားသည် မရှိဟုဆို၏၊

ဤသို့ ဆိုလတ်သော် သဗ္ဗညုမြတ်စွာဘုရားသည် ဗကဗြဟ္မာကို ဤသို့ မိန့်တော်မူ၏၊ အချင်းတို့ ဗကဗြဟ္မာသည် အဝိဇ္ဇာနှင့် ပြည့်စုံစွတကား၊ အချင်းတို့ ဗကဗြဟ္မာသည် အဝိဇ္ဇာနှင့်ပြည့်စုံစွတကား၊ အကြင်ဗကဗြဟ္မာသည် အနိစ္စသာလျှင်ဖြစ်လျက် နိစ္စဟုဆို၏၊ တစ်ပါးသော ဝဋ်ဆင်းရဲမှ ထွက်မြောက် ကြောင်းဖြစ်သော တရားရှိသည် ဖြစ်လျက် တစ်ပါးသော ဝဋ်ဆင်းရဲမှ လွတ် မြောက်ကြောင်း ဖြစ်သော တရားမရှိဟု ဆို၏ဟု မိန့်တော်မူ၏၊ ထိုစကား ကိုကြား၍ ဗကဗြဟ္မာသည် သင်သည် ဤသို့ဆို၏၊ သင်သည် ဤသို့ ဆို၏ဟုဆို၍ ငါ့ကို ရဟန်းဂေါတမသည် စီစဉ်လျက်လိုက်အံ့ဟု ကြံ၍ ဥပမာ မည်သည်ကား အားနည်းသော ခိုးသူသည် နှစ်ချက် သုံးချက်သော ပုတ်ခတ် ခြင်းကိုရ၍ ငါသည်သာလျှင် ခိုးသူလော၊ ဤမည်သော သူသည်လည်း ခိုးသူ တည်း၊ ဤအမည်ရှိသော သူသည်လည်း ခိုးသူတည်းဟု ခပ်သိမ်းသောအဖော် တို့ကိုလည်း ကြားသကဲ့သို့ ထို့အတူလျှင် သဗ္ဗညုမြတ်စွာဘုရား၏ စီစစ်ခြင်းမှ ကြောက်သောကြောင့် တစ်ပါးလည်း ဖြစ်ကုန်သော မိမိအပေါင်းအဖော်တို့ကို ကြားလိုရကား ဤဂါထာကို ဆို၏—

၆၈။ ဒွါသတ္တတိ ဂေါတမ ပုညကမ္မာ၊ ဝသဝတ္တိနော ဇာတိဇရံ အတီတာ။
အယမန္တိမာ ဝေဒဂူ ဗြဟ္မပတ္တိ၊ အသ္မာ ဘိဇပ္ပန္တိ ဇနာ အနေကာ။

အို ရှင်ဂေါတမ၊ ခုနစ်ကျိပ်နှစ်ယောက်ကုန်သော ကုသိုလ်ကောင်းမှုရှိကုန်သော ငါတို့သည် မိမိအလိုကို ဖြစ်စေထက်ကုန်၏။ ပဋိသန္ဓေနေခြင်း အိုခြင်းကို လွန်ကုန်၏။ ပညာရှိတို့သည် ရောက်အပ်သော ဤဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းသည် အဆုံးဖြစ်သော ဖြစ်ခြင်းတည်း။ ငါတို့ကို များစွာ ကုန်သော လူတို့သည် တောင့်တကုန်၏။

ထိုဗြဟ္မာမင်း၏စကားကိုကြား၍ သဗ္ဗညု မြတ်စွာဘုရားသည် ဤဂါထာကို ဆို၏—

၆၉။ အပ္ပံ ဟိ ဧတံ န ဟိ ဒီဃ မာယု၊ ယံ တွံ ဗက မညသိ ဒီဃမာယုံ။
သတံသဟဿာနိ နိရဗ္ဗုဒါနံ၊ အာယုံ ပဇာနာမိ တဝါဟ ဗြဟ္မေ။

ဗကဗြဟ္မာ သင်သည် ရှည်၏ဟူ၍ အောက်မေ့သော အသက်သည် တို၏၊ အသက် မရှည်၊ ဗြဟ္မာ ငါသည် သင်၏အသက်ကို နိရဗ္ဗုဒဆိုအပ်သော ဂဏန်းတို့၏ တစ်သိန်းအတိုင်း အရှည်ရှိသော ဂဏန်းတို့သည် အဟဟမည်၏။ ဤမျှသော အသက်အတိုင်း အရှည်သာ ကြွင်း၏ဟူ၍ သိ၏။

ထိုစကားကို ကြား၍ ဗကဗြဟ္မာသည် ဤဂါထာကိုဆို၏—

၇၀။ အနန္တဒဿီ ဘဂဝါ ဟမသ္မိ၊ ဇာတိဇ္ဇရံ သောကမုပါတိဝတ္တော။
ကိံ မေ ပုရာဏံ ဝတ သီလဝတ္တံ၊ အာစိက္ခ မေ တံ ယမဟံ ဝိဇညံ။

အိုရှင်ဂေါတမ သင်တို့သည် ငါကား အဆုံးမရှိသော တရားကိုမြင်သော မြတ်စွာဘုရားဖြစ်၏။ ပဋိသန္ဓေ နေခြင်းကို လည်းကောင်း အိုခြင်းကိုလည်းကောင်း စိုးရိမ်ခြင်းကိုလည်းကောင်း လွန်၏ဟု ဆိုကုန်၏။ ဤသို့ဖြစ်သော် ငါ၏ရှေး၌ ဖြစ်သော ထိုအကျင့်သီလသည် အဘယ်နည်း အကြွင် အကျင့်သီလကို ငါသည် သိရာ၏ ထိုအကျင့်သီလကို ငါ့အားကြားလော။

ထိုအခါ ဗကဗြဟ္မာအား မြတ်စွာဘုရားသည် အတိတ်ဝတ္ထုကို ဆောင်၍ ကြားလိုရကား ဤဂါထာကိုဆို၏—

၇၁။ ယံ တွံ အပါယေသိ ဗဟူ မနုဿေ၊ ပိပါသိတေ ဃမ္မနိ သမ္ပရေတေ။
တံ တေ ပုရာဏံ ဝတ သီလဝတ္တံ၊ သုတ္တပ္ပဗုဒ္ဓေါဝ အနုဿရာမိ။

ပြဟ္မာ သင်သည် များစွာကုန်သော ရေငတ်ကုန်သော အလွန်လျှင် နှိပ်စက်အပ်သော နေပူ၌ပင်ပန်းကုန်သော လူတို့ကို ရေသောက်စေခဲ့သောသင်၏ ရှေး၌ဖြစ်သော ထိုအကျင့်သီလ ကို ငါသည် နံနက်အခါ၌ အိပ်မက်မြင်၍ အိပ်ရာမှနိုးသော ယောကျ်ားကဲ့သို့ အောက်မေ့နိုင်၏၊

အတိတ်ဝတ္ထု

ထိုဗကပြဟ္မာသည် တစ်ခုသောကမ္ဘာ၌ ရသေ့ဖြစ်၍ သဲကန္တာရ၌ နေလျက် သဲကန္တာရသို့ သွားကုန်သော များစွာကုန်သော သူတို့အား ရေကိုဆောင်၍ ပေး၏ ထိုအခါ တစ်နေ့သ၌ တစ်ဦးသောလှည်းကုန်သည်သည် ငါးရာကုန်သော လှည်းတို့ဖြင့် သဲကန္တာရသို့ သွား၏။ လူတို့သည် အရပ်မျက်နှာတို့ကို မှတ်ခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ ခုနှစ်ရက်တို့ပတ်လုံး အာဟာရပြတ်ကုန်၍ အပူဖြင့် နှိပ်စက်ကုန်၍ ယခု ငါတို့အား အသက်သည် မရှိဟု လှည်းတို့ကိုလည်၍ နွားတို့ကိုချွတ်၍ လှည်းအောက်တို့၌ အိပ်ကုန်၏၊ ထိုအခါ ရသေ့သည် ဆင်ခြင်လတ်သော် ထိုလှည်းကုန်သည် တို့ကို မြင်၍ ငါ၏မြင်စဉ်ဝယ် မပျက်စီးစေကုန်သတည်းဟု မိမိ၏တန်ခိုး အာနုဘော်အားဖြင့် ဂင်္ဂါရေအပေါ် သို့ပြန်စေ၍ လှည်းကုန်သည်တို့သို့ ရှေးရှု၍ အနီး၌လည်း တစ်ခုသော တောအုပ်ကို ဖန်ဆင်း၏ လူတို့သည် ရေကိုသောက်ချိုး၍ နွားတို့ကိုရေငှင့်ရဲစေ၍ တောအုပ်မှ မြက်တို့ကိုရိတ်၍ ထင်းတို့ကိုယူ၍ အရပ်ကိုမှတ်၍ ဘေးရောဂါ ကင်းကုန်သည်ဖြစ်၍ ကန္တာရကို လွန်ကုန်၏။

ထိုနောက် အတိတ်ဝတ္ထု တစ်ခုကိုရည်၍ ဤဂါထာကိုဆို၏—

၇၂။ ယံ ဧဏိကူလသ္မိံ ဇနံ ဂဟီတံ၊ အမောစယိ ဂယှက နီယမာနံ။
တံ တေ ပုရာဏံ ဝတသီလဝတ္တံ၊ သုတ္တပ္ပဗုဒ္ဓေါဝ အနုဿရာမိ။

ပြဟ္မာ ဧဏိမြစ်နား၌ ဖမ်းအပ်သော သို့ရဖမ်းယူ၍ ဆောင်အပ်သော လူကို လွတ်စေခဲ့သော သင်၏ ရှေး၌ဖြစ်သော ထိုအကျင့်သီလကို ငါသည် အိပ်မက်မြင်၍ အိပ်ရာမှနိုးသော ယောကျ်ားကဲ့သို့ အောက်မေ့နိုင်၏။

ထိုရသေ့သည် နောက်ကာလ၌ တစ်ခုသော ပစ္စန္တရစ်ကိုမှီ၍ မြစ်နားဝယ် တောအုပ်၌ နေ၏၊ ထိုအခါ တစ်နေ့သ၌ တောင်မှခိုးသူတို့သည် သတ်ကုန်၍ ထိုရွာကိုလုယက်၍ လူများကိုဖမ်း၍ တောင်သို့တက်စေ၍ခရီးအကြား၌ သူလျှိုတို့ကိုထား၍ တောင်ခေါင်းသို့ဝင်၍ ထမင်းကို ချက်ကုန်လျက် နေကုန်၏။ ရသေ့သည် နွားကျွဲ အစရှိသည်တို့၏လည်းကောင်း, သူငယ်ယောကျ်ား သူငယ်

မိန်းမ အစရှိသည်တို့၏လည်းကောင်း ကြီးစွာသော ညည်းညူသံကို ကြား၍ ငါမြင်စဉ် မပျက်စီးစေသတည်းဟု တန်ခိုးအာနုဘော်ဖြင့် အတ္တဘောကို စွန့်၍ အင်္ဂါလေးပါးရှိသောစစ်သည်ဖြင့် ခြံရံလျက် မင်းဖြစ်၍ စစ်ထိုးစည်ကို တီးစေလျက် ထိုအရပ်သို့သွား၏ သူလျှိုတို့သည်မြင်ကုန်၍ ခိုးသူတို့အား ကြားကုန်၏ ခိုးသူတို့သည် မင်းနှင့်တကွ စစ်ဆိုးခြင်းမည်သည် မသင့်ဟု အလုံးစုံ ယူတိုင်းသော ဥစ္စာကိုစွန့်၍ ထမင်းကို မစားဘဲလျှင် ပြေးကုန်၏၊ ရသေ့သည် ထိုအလုံးစုံသော သူတို့ကိုဆောင်၍ မိမိတို့ရွာ၌လျှင် တည်စေ၏။

ထိုနောင် အတိတ်ဝတ္ထု တစ်ခုကိုရည်၍ ဤဂါထာကို ဟောတော်မူ၏—

၇၃။ ဂင်္ဂါယ သောတသ္မိံ ဂဟိတနာဝံ၊ လုဒ္ဒေန နာဂေန မနုဿကပ္ပါ။
အမောစယိ တွံ ဗလသာ ပသယှ၊ တံ တေ ပုရာဏံ ဝတ သီလဝတ္တံ။
သုတ္တပ္ပဗုဒ္ဓေါဝ အနုဿရာမိ။

ပြဟ္မာ ဂင်္ဂါ၏ အလျဉ်၌ ကြမ်းသောနဂါးသည် လူတို့ကိုပျက်စီး စေလိုခြင်းကြောင့် အားဖြင့် နှိပ်စက်၍ ဖမ်းအပ်သော လှေကို လွတ်စေပြီး၊ သင်၏ ထိုရှေး၌ ဖြစ်သော အကျင့်သီလကို ငါသည် နံနက်အခါ၌ အိပ်မက်မြင်မက်၍ နိုးသော ယောကျ်ားကဲ့သို့ အောက်မေ့နိုင်၏။

ထိုအခါ ဤရသေ့သည် ဂင်္ဂါမြစ်နား၌နေ၏၊ ထိုအခါ လူတို့သည် နှစ်စင်း သုံးစင်းကုန်သော လှေဖောင်တို့ကိုဖွဲ့၍ ဖောင်အထက်၌ ပန်းမဏ္ဍပ်ကို ပြုလျက် ဖောင်၌နေ၍ သေအရက် ထမင်း ငါးအမဲစသည်တို့ကို ခဲကုန် သောက်ကုန်လျက် ကမ်းတဘက်သို့ သွားကုန်၏၊ ထိုလူတို့သည် သောက်ကြွင်း ဖြစ်သော သေကို လည်းကောင်း စားကြွင်း ခဲကြွင်းဖြစ်သော ထမင်း ငါး အမဲ ကွမ်းအစရှိသည် တို့ကိုလည်းကောင်း ဂင်္ဂါ၌လျှင် ချကုန်၏၊ ဂင်္ဂါ၌နေသော နဂါးမင်းသည် ဤလူတို့သည် စားကြွင်းတို့ကို ငါ၏အထက်၌ ချကုန်၏ဟု အမျက်ထွက်၍ ခပ်သိမ်းသော လူတို့ကိုဖမ်း၍ ဂင်္ဂါ၌ နှစ်အံ့ဟု ပိန်းကောကြီး ပမာဏ ရှိသော အတ္တဘောကို ဖန်ဆင်း၍ ရေကိုခွဲ၍ ပါးပျဉ်းကိုထောင်လျက် ထိုလူတို့သို့ရှေးရှု သွား၏၊ လူတို့သည် နဂါးမင်းကို မြင်၍ သေအံ့သောဘေးမှ ကြောက်၍ တစ်ပြိုင်နက်ပင်လျှင် သည်းစွာသောအသံကို ပြုကုန်၏ ရသေ့သည် ထိုသူတို့၏ ငိုကြွေးသံကို ကြား၍ နဂါးမင်း၏ အမျက်ထွက်သည်၏ အဖြစ်ကိုသိ၍ ငါသည် မြင်စဉ် မပျက်စီးစေကုန်သတည်း ဟု အလွန်လျင်မြန်စွာ ဈာန်အာရုံကိုရှုသဖြင့် မိမိအာနုဘော်ဖြင့် လျင်စွာ ဂဠုန်သဏ္ဍာန်ကိုယ်ကိုဖန်ဆင်း၍ သွား၏၊ နဂါးသည် ဂဠုန်ကိုမြင်၍ သေဘေးမှကြောက်သည်ဖြစ်၍ ရေ၌ငုပ်၏၊ လူတို့သည် ချမ်းသာ ခြင်းသို့ရောက်၍ သွားကုန်၏။

ထိုနောက် အတိတ်ဝတ္ထုတစ်ခုကို ရည်၍ ဤဂါထာကို ဟောတော်မူ၏—

၇၄။ ကပေ္ပါ စ တေ ဗဒ္ဓစရော အဟောသိ၊ သမ္ဗုဒ္ဓိမန္တံ ဝတိနံ အမညိ။
တံ တေ ပုရာဏံ ဝတ သီလဝတ္တံ၊ သုတ္တပ္ပဗုဒ္ဓေါ ဝ အနုဿရာမိ။

ဗြဟ္မာ ငါသည် သင်၏ ကပ္ပမည်သော တပည့်သည် ဖြစ်၏။ ပညာနှင့်ပြည့်စုံသော အကျင့်နှင့်ပြည့်စုံသော ဤသို့သဘောရှိသော ငါ့ကို သင်သည် မအောက်မေ့မိ၊ ငါသည် သင်၏ ထိုရှေး၌ဖြစ်သော အကျင့်သီလကို အိမ်မက်မြင်၍ အိပ်ရာမှနိုးသော ယောကျ်ားကဲ့သို့ အောက်မေ့နိုင်၏။

ဤစကားဖြင့် အဘယ်ကို ပြသနည်းဟူမူကား ဗြဟ္မာကြီး ငါသည် သင် ကေသဝရသေ့ဖြစ်သောကာလ၌ ကပ္ပမည်သော အမှုကြီးငယ်ကိုရွက်ဆောင်သော တပည့်ဖြစ်၍ နာရဒမည်သော အမတ်သည် ဗာရာဏသီပြည်မှ ဟိမဝန္တာသို့ ဆောင်အပ်သော သင်အား ရောဂါကို ငြိမ်းစေ၏၊ ထိုအခါ ကေသဝရသေ့ကို နာရဒအမတ်သည် နှစ်ကြိမ်မြောက် လာလတ်၍ ရောဂါကင်းသည်ကို မြင်၍ ဤဂါထာကို ဆို၏—

မနုဿိန္ဒံ ဇဟိတွာန၊ သဗ္ဗကာမသမိဒ္ဓိနံ။
ကထံ နု ဘဂဝါ ကေသီ၊ ကပ္ပဿ ရမယီ ဿမေ။

ဘုန်းတော်ကြီးသော ကေသီရှင်ရသေ့ အလုံးစုံ လိုဖွယ်ဝတ္ထုနှင့် ပြည့်စုံသော လူမင်းကို စွန့်၍ အဘယ့်ကြောင့်လျှင် ကပ္ပရှင်ရသေ့၏ ကျောင်း၌ မွေ့လျော်သနည်း။

ထိုအခါ နာရဒအမတ်ကို ကေသဝရသေ့သည် ဤဂါထာကို ဟောတော်မူ၏—

သာဒူနိ ရမဏီယာနိ၊ သန္တိ ရုက္ခာ မနောရမာ။
သုဘာသိတာနိ ကပ္ပဿ၊ နာရဒ ရမယန္တိ မံ။

နာရဒအမတ် ကပ္ပရသေ့၏ ကျောင်း၌ ကောင်းကုန်သော နှလုံးမွေ့လျော်ဖွယ်တို့သည် ရှိကုန်၏၊ နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော သစ်ပင်တို့သည် ရှိကုန်၏။ ကပ္ပရသေ့၏ ကောင်းစွာ ဆိုအပ်သော စကားတို့သည် ငါ့ကို မွေ့လျော်စေကုန်၏။

ဤသို့ သဗ္ဗညုမြတ်စွာဘုရားသည် မိမိသည် ကေသဝရသေ့၏ တပည့်ဖြစ်၍ ရောဂါကို ငြိမ်းစေသည်၏ အဖြစ်ကို ပြတော်မူ၏၊ ဤသို့ ပြတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် ထိုဗကဗြဟ္မာသည် လူ့ပြည်၌ပြုအပ်သော အလုံးစုံသော

ကောင်းမှုကံကို ဗကဗြဟ္မာကြီးကို မှတ်စေလျက် ဟော၏၊ ဗကဗြဟ္မာသည် မြတ်စွာဘုရား၏ စကားတော်ဖြင့် မိမိသည် ပြုအပ်သော ကောင်းမှုကို အောက်မေ့၍ မြတ်စွာဘုရားအား ချီးမွမ်းလိုရကား ဤဂါထာကို ဆို၏—

၇၅။ အဒ္ဓါ ပဇာနာသိ မမေတမာယုံ၊ အညမ္ပိ ဇာနာသိ တထာ ဟိ ဗုဒ္ဓေါ။
တထာ ဟိ တာယံ ဇလိတာနုဘာဝေါ၊ ဩဘာသယံ တိဋ္ဌတိ ဗြဟ္မလောကံ။

အို အရှင်ဂေါတမ သင်သည် ငါ၏ ထိုအသက်အတိုင်း အရှည်ကို စင်စစ် သိ၏၊ တစ်ပါးသော တရားကိုလည်း သိ၏၊ ထိုသို့သိသောကြောင့်လျှင် ဘုရားဖြစ်တော်မူ၏၊ ထိုသို့ ဘုရားဖြစ်တော်မူသောကြောင့်လျှင် အရှင် ဘုရား၏ ဤထွန်းပသော ကိုယ်ရောင်အာနုဘော်သည် ဗြဟ္မာ့ပြည်ကို ထွန်းပစေလျက် တည်၏။

ဤသို့မြတ်စွာဘုရားသည် ကိုယ်တော်၏ ကျေးဇူးကို သိစေလျက် တရား ဟော၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏၊အဆုံး၌ ရောက်လာကုန်သော တစ်သောင်းကုန်သော ဗြဟ္မာတို့၏ စိတ်တို့သည် တဏှာ မာန ဒိဋ္ဌိတို့သည် မစွဲလမ်းအပ်သည်ဖြစ်၍ အာသဝေါတို့မှ လွတ်ကုန်၏။

## ဇာတ်ပေါင်း

ဤသို့ သဗ္ဗညုမြတ်စွာဘုရားသည် များစွာကုန်သော ဗြဟ္မာတို့၏ ကိုးကွယ်ရာ ဖြစ်၍ ဗြဟ္မာ့ပြည်မှ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၍ ထိုဗြဟ္မာ့ပြည်၌ ဟောတော်သော နည်းဖြင့်သာလျှင် ယိုမ္မဒေသနာကို ရဟန်းတို့အား ဟောတော်မူ၍ ယခုအခါ ဗကဗြဟ္မာသည် ထိုအခါ ကေသဝရသေ့ဖြစ်ပြီ၊ ယခုအခါ ငါဘုရား သည်လျှင် ထိုအခါ ကပ္ပရသေ့ဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဗကဗြဟ္မာ၊ ယူမိစ္ဆာ၊ မြတ်စွာပယ်ဖျောက်တာ။)

လေးရာငါးခုမြောက်သော ဗကဇာတ်သည် ပြီး၏။

ကုက္ကုဝဂ် ပြီး၏။

---

# ၂-ဂန္ဓာရဝဂ်

## ၄၀၆-ဂန္ဓာရဇာတ်

### ဆင်ပြောင်ကြီး အမြီးရောက်မှတစ်

### ရသေ့ရဟန်းတို့သည် ပစ္စည်းကို မသိုမှီးအပ်ကြောင်း၊

#### ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့်တကွသော လောကကိုဆုံးမတော်မူတတ်သောသဗ္ဗညု မြတ်စွာဘုရားသည် "ဟိတွာ ဂါမသဟဿာနိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂန္ဓာရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘေသဇ္ဇသန္နိဓိကာရသိက္ခာပုဒ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဤဝတ္ထုသည်ကား ရာဇောဝါဒဇာတ်ဖြင့် ပြည့်စုံ၍ ဖြစ်၏။)

အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် အရံစောင့်အမျိုးကို လွတ်စေ၍ မင်း၏ နန်းတော်သို့ သွား၍ ဗိမ္ဗိသာရမင်းကြီး၏ ပြာသာဒ်ကို တန်ခိုးအစွမ်းဖြင့် ရွှေဖြင့်ပြီးသည်ကို ပြုသည်ရှိသော် လူတို့သည် ကြည်ညို၍ ပိလိန္ဒဝစ္ဆမထေရ်အား ငါးပါးသော ဆေးတို့ကို လှူကုန်၏၊ ပိလိန္ဒဝစ္ဆမထေရ်သည် ထိုဆေးတို့ကို ပရိသတ်အား ဝေ၏၊ ထိုအရှင်ပိလိန္ဒဝစ္ဆမထေရ်၏ ပရိသတ်သည်ကား များသော ပစ္စည်းပရိက္ခရာ ရှိ၏၊ ရတိုင်းရတိုင်းသော ဆေးကို ဖျဉ်းအိုး၌ လည်းကောင်း၊ အိုးစရည်း၌ လည်းကောင်း၊ သပိတ်အိတ်၌လည်းကောင်း ပြည့်စေ၍ သိုမှီး၏၊ လူတို့သည် မြင်ကုန်၍ သာကီဝင်မင်းသား ဖြစ်ကုန်သော ဤရဟန်းတို့သည် အလိုကြီးကုန်၏၊ အတွင်း၌ ကျီကျ ရှိကုန်၏ဟု ကဲ့ရဲ့ကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြား၍ "ယာနိ ခေါ ပန တာနိ ဘေသဇ္ဇာနိ ဂိလာနာနံ ဘိက္ခူနံ" ဟူသော သိက္ခာပုဒ်ကို ပညတ်၍ ရဟန်းတို့ ရှေးပညာရှိတို့သည် ဘုရားမဖြစ်မီ သာသနာတော်ပ၌ ရသေ့ရဟန်း ပြုကုန်၍ ပဉ္စသီလကို စောင့်ကုန်လျက်လည်း ဆားမျှကို နက်ဖြန် အကျိုးငှါ သိုမှီးသည်ကို ကဲ့ရဲ့ကုန်၏၊ သင်တို့သည် ဤသို့သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော ဘုရားသာသနာတော်၌ ရဟန်းပြု၍ နက်ဖြန် သဘက် အစရှိသော နေ့အကျိုးငှါ သိုမှီးခြင်းကို ပြုကုန်လျက် မသင့်သည်တို့ကို ပြုကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း၌ ဘုရားလောင်းသည် ဂန္ဓာရ မင်းသား ဖြစ်၍ အဘလွန်သဖြင့် မင်းအဖြစ်၌ တည်၍ တရားသဖြင့် မင်းပြု၏၊ မဇ္ဈိမ ဒေသ ဝိဒေဟတိုင်း၌လည်း ဝိဒေဟမည်သော မင်းသည် မင်းပြု၏၊ ထို နှစ်ယောက်ကုန်သော မင်းတို့သည်လည်း မမြင်ဖူးသောအဆွေခင်ပွန်း ဖြစ်ကုန်၍ အချင်းချင်း အကျွမ်းဝင်ကုန်သည် ဖြစ်ကုန်သတတ်၊ ထိုအခါ လူတို့သည် အသက်ရှည်ကုန်၏၊ အနှစ်သုံးသောင်း အသက်ရှည်ကုန်၏၊ ထိုအခါ ရံခါ ဂန္ဓာရ မင်းသည်လည်း လပြည့် ဥပုသ်နေ့၌ ဆောက်တည်သော သီလရှိသည်ဖြစ်၍ ပြာသာဒ် အပြင်ဝယ် ခင်းအပ်သော မြတ်သော ပလ္လင်အလယ်၌နေလျက် ဖွင့်အပ်သော လေသာပြတင်းဖြင့် အရှေ့လောကဓာတ်ကို ကြည့်လျက် အမတ်တို့ အား တရားနှင့်ယှဉ်သော စကားကို ပြောဆိုလျက် နေ၏၊ ထိုခဏ၌ ကောင်းကင် အပြင်ကို ခုန်ဘိသကဲ့သို့ ပြည့်သော လဝန်းကို ရာဟုဖမ်း၏၊ လရောင်သည် ကွယ်၏၊ အမတ်တို့သည် လရောင်ကို မမြင်ကုန်သည် ရှိသော် ရာဟုဖမ်းသည်၏ အဖြစ်ကို မင်းအား ကြားကုန်၏၊ မင်းသည် လကို ကြည့်စဉ်၌ ဤလသည် အာဂန္တုကဖြစ်သော အညစ်အကြေးဖြင့် ညစ်နွမ်း၍ အရောင်မရှိသည် ဖြစ်၏၊ ငါ့အားလည်း ဤမင်း၏ အခြံအရံသည် အညစ်အကြေး ဖြစ်၏၊ ထို ငါသည် ရာဟုဖမ်းသော လကဲ့သို့ အရောင်မရှိသည် ဖြစ်ရာ၏၊ ငါ့အား ထိုသို့ ဖြစ်ခြင်း သည် မလျောက်ပတ်၊ စင်ကြယ်သော ကောင်းကင်ပြင်၌ ထွန်းပသော လဝန်း ကဲ့သို့ မင်းအဖြစ်ကိုစွန့်၍ ရဟန်းပြုအံ့၊ ငါ့အား သူတစ်ပါးတို့ကို ဆုံးမသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဒေ့မျိုး၌လည်းကောင်း၊ အခြွေအရံ၌လည်းကောင်း ငြိတွယ်ခြင်း မရှိသည်ဖြစ်၍ ကိုယ်ကိုသာလျှင် ဆုံးမလျက်သွားအံ့၊ ဤအကျင့် သည် ငါ့အား လျောက်ပတ်၏ဟု ကြံ၍ အကြင်သူကို အလိုရှိကုန်၏၊ ထိုသူကို မင်းမြှောက်ကြကုန်လော့ဟု မင်းအဖြစ်ကို အမတ်တို့အား အပ်နှင်း၏၊ အပ်ပြီး၍ ထိုမင်းသည် နှစ်ပါးကုန်သော ကသိဏ ဂန္ဓာရတိုင်းတို့၌လည်း မြတ်သော မင်း အဖြစ်ကို စွန့်၍ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ဈာန်၌ မွေ့လျော်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဟိမဝန္တာအရပ်၌ နေ၏။

ဝိဒေဟမင်းသည်လည်း ငါ့အဆွေခင်ပွန်းအား ချမ်းသာပါ၏လောဟု ကုန်သည်တို့ကိုမေး၍ ဂန္ဓာရမင်း၏ ရဟန်းပြုသည်၏ အဖြစ်ကိုကြား၍ ငါ့အဆွေ ရဟန်းပြုသည်ရှိသော် ငါသည်လည်း မင်းအဖြစ်ဖြင့် အဘယ်ပြုအံ့နည်းဟု ခုနစ် ယူဇနာ အတိုင်းအရှည်ရှိသော မိထိလာပြည် ယူဇနာသုံးရာ အတိုင်းအရှည် ရှိသော ဝိဒေဟတိုင်း၌ တစ်သောင်းခြောက်ထောင်သော ရွာတို့၌ ပြည့်ကုန်သော ကျီတို့ကိုလည်းကောင်း၊ တစ်သောင်းခြောက်ထောင်သော ကချေသည် မိန်းမ

တို့ကိုလည်းကောင်း စွန့်၍ သားသမီးတို့ကို နှလုံးမထားမူ၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ အလိုလိုဖြစ်သော သစ်သီး အစာ ရှိသည်ဖြစ်၍ ကောင်းစွာဖြစ်သော နေခြင်းကို နေလျက် ကျင့်၏၊ ထိုနှစ်ပါးသော ရသေ့တို့သည် ကောင်းစွာကျင့်သော အကျင့်ကို ကျင့်လျက် နောက်အဖို့၌ ပေါင်းမိကြကုန်၏၊ အချင်းချင်းကား မသိကုန်၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍ တစ်ပေါင်းတည်းသာလျှင် ကောင်းစွာဖြစ်သော အကျင့်ကို ကျင့်ကုန်၏။

ထိုအခါ ဝိဒေဟ ရသေ့သည် ဂန္ဓာရ ရသေ့အား ခစား၏၊ ထိုရသေ့တို့၏ တစ်ခုသော လပြည့်နေ့၌ မထင်ရှားသော သစ်ပင်ရင်း၌ နေ၍ အကြောင်းအကျိုးနှင့်ယှဉ်သောစကားကို ပြောဆိုကုန်စဉ် ကောင်းကင်ပြင်၌ ထွန်းပသော လဝန်းကို ရာဟုဖမ်း၏၊ ဝိဒေဟ ရသေ့သည်, အဘယ့်ကြောင့် လရောင် ပျောက်သနည်းဟု ကြည့်လတ်သော် ရာဟုဖမ်းသော လကို မြင်၍ ဆရာ ဤသူသည် လကို ဖမ်း၍ အရောင်မရှိသည်ကို ပြု၏၊ အဘယ်သူနည်းဟု မေး၏၊ တပည့် ဤသူသည် ရာဟုမည်၏၊ လ၏တစ်ခုသော အညစ်အကြေးတည်း၊ လအား ထွန်းပစိမ့်သောငှါ မပေး၊ ငါသည်လည်း ရာဟုဖမ်းသော လဝန်းကို မြင်၍ စင်ကြယ်သော လဝန်းအား အာဂန္တုကဖြစ်သော အညစ်အကြေးဖြင့် အရောင်မရှိခြင်းသည် ဖြစ်၏၊ ငါ့အားလည်း ဤမင်းအဖြစ်သည် အညစ်အကြေး ဖြစ်၏၊ အကြင်မျှလောက်သော ကာလပတ်လုံး လကို ရာဟုဖမ်းသကဲ့သို့ ငါ့ကိုယ်၌ ဤ အညစ်အကြေးသည် အရောင်မရှိသည်ကို မပြုသေး၊ ထိုမျှလောက်သော ကာလ၌ ရဟန်းပြုအံ့ဟု ကြံ၍ ထိုခဏ၌လျှင် ဤမင်းအဖြစ်ကား အရောင်အဝါမဲ့ကို ပြုတတ်၏ဟု ရာဟုဖမ်းသော လဝန်းကို အာရုံပြု၍ မြတ်သော မင်းအဖြစ်ကို စွန့်၍ ရဟန်းပြု၏ဟု ဆို၏၊ ဆရာ သင်သည် ဂန္ဓာရမင်းလောဟု မေး၏၊ ငါ ဂန္ဓာရမင်း ဟုတ်၏ဟု ဆိုလတ်သော် ဆရာ အကျွန်ုပ်သည် ဝိဒေဟတိုင်း မိထိလာပြည်၌ ဝိဒေဟမင်းတည်း၊ အကျွန်ုပ်တို့သည် အချင်းချင်း မမြင်ဖူးသော အဆွေခင်ပွန်း မဟုတ်လောဟု ဆို၏၊ သင်သည် အဘယ်ကို အာရုံပြု၍ နည်းဟု မေး၏၊ အကျွန်ုပ်သည် အရှင်တို့သည် ရဟန်းပြုကြကုန်ပြီဟု ကြား၍ စင်စစ် ရဟန်းအဖြစ်၌ ကြီးစွာသော ကျေးဇူးကို မြင်၏ဟု အရှင်တို့ကိုသာလျှင် အာရုံပြု၍ မင်းအဖြစ်ကို စွန့်၍ ရဟန်းပြု၏ဟု ဆို၏၊ ထိုနှစ်ပါးကုန်သော ရသေ့တို့သည် ထိုအခါမှစ၍ အလွန်လျှင် ညီညွတ်ကုန်သည် ဝမ်းမြောက်ကုန်သည် အလိုလိုဖြစ်သော သစ်သီးအစာ ရှိကုန်သည်ဖြစ်၍ ကျင့်၏။

ဟိမဝန္တာ၌ ရှည်မြင့်စွာနေ၍ ချဉ်ဆား မှီဝဲအံ့သောငှါ ဟိမဝန္တာမှသက်၍ တစ်ခုသော ပစ္စန္တရစ်ရွာသို့ ရောက်ကုန်၏၊ လူတို့သည် ထိုရသေ့တို့၏ ဣရိယာပုထ်၌ ကြည်ညို၍ ဆွမ်းလှူအံ့ဟု ဝန်ခံခြင်းကို ယူစေ၍ တော၌ ညဉ့်သန့်ရာ

နေ့သန့်ရာအရပ် အစရှိသည်တို့ကို ဖန်ဆင်း၍ နေစေကုန်၏၊ ခရီးအကြား၌လည်း ထိုရသေ့တို့အား ဆွမ်းစားခြင်းကိစ္စကို ပြုစိမ့်သောငှါ ချမ်းသာရာအရပ်၌ ဇရပ်ကို ဆောက်ကုန်၏၊ ထိုရသေ့တို့သည် ပစ္စန္တရစ်ရွာ၌ ဆွမ်းခံ၍ ထိုဇရပ်၌ နေ၍ ဆွမ်းစား၍ မိမိတို့၏ နေရာအရပ်သို့ သွားကုန်၏၊ ထိုလူတို့သည်လည်း ရသေ့တို့အား အာဟာရကို လှူကုန်သည်ရှိသော် ရံခါ ချက်၌ ဆားကိုထည့်၍ လှူကုန်၏၊ ရံခါ သစ်ရွက်၌ ဆားကိုထုပ်၍ လှူကုန်၏၊ ရံခါ ဆားမရှိသော အာဟာရကိုလျှင် လှူကုန်၏၊ လူတို့သည် တစ်နေ့သ၌ သစ်ရွက်ထုပ်၌ များစွာသော ဆားကို ယူ၍ လှူကုန်၏၊ ဝိဒေဟရသေ့သည် ဆားကိုယူ၍ လာလတ်၍ ဘုရားလောင်းအား ဆွမ်းအား လျောက်ပတ်သော ဆားကိုပေး၍ မိမိဖို့လည်း အတိုင်းအရှည်နှင့် ယှဉ်သော ဆားကိုယူ၍ ကြွင်းသော ဆားကို သစ်ရွက်ဖြင့် ထုပ်၍ ဆားမရှိသော နေ့တို့၌ ဖြစ်လတ္တံ့ဟု သက်ကယ်မိုးအကြား၌ ထား၏။

ထိုအခါ တစ်နေ့သ၌ ဆားမရှိသော အာဟာရကို ရသည်ရှိသော် ဝိဒေဟရသေ့သည် ဂန္ဓာရ ရသေ့အား ခွက်ကိုပေး၍ သက်ငယ်မိုးသော အကြားမှ ဆားကိုဆောင်၍ ဆရာ ဆားယူလေ့ဟု ဆို၏၊ ယနေ့ လူတို့သည် ဆားမလှူအင်၊ အဘယ်မှ ရသနည်းဟု မေး၏၊ ဆရာ ရှေးနေ့၌ လူတို့သည် များစွာသော ဆားကို လှူကုန်၏၊ ထိုအခါ အကျွန်ုပ်သည် ဆားမရှိသောနေ့တို့၌ ဖြစ်လတ္တံ့ဟု ကြွင်းသော ဆားကို ထား၏ဟု ဆို၏၊ ထိုအခါ ဝိဒေဟရသေ့ကို ဘုရားလောင်းသည် မဂ်ဖိုလ်မှ အချီးနှီးဖြစ်သော ယောက်ျား ယူဇနာ သုံးရာရှိသော ဝိဒေဟတိုင်းကြီးကို စွန့်၍ ရဟန်းပြု၍ ပလိဗောဓမရှိသည်၏ အဖြစ်သို့ ရောက်လျက် ယခုအခါ၌ ဆားကို တပ်စွန်းခြင်းကို ဖြစ်စေ၏ဟု ခြိမ်းခြောက်၍ ဆုံးမလိုရကား ဤဂါထာကို ဆို၏—

၇၆။ ဟိတွာ ဂါမသဟဿာနိ၊ ပရိပုဏ္ဏာနိ သောဠသ၊
ကောဋ္ဌာဂါရာနိ ဖီတာနိ၊ သန္နိဓိံ ဒါနိ ကုဗ္ဗသိ။

ဝိဒေဟရသေ့ သင်သည် ရွာပေါင်း တစ်သောင်းခြောက်ထောင် အပြည့်ကိုလည်းကောင်း, ရတနာကျီ ပုဆိုးကျီ စပါးကျီ အပြည့်အလျှံကို လည်းကောင်း စွန့်ခဲ့ပြီး၍ ယခုအခါ၌ ဆားကိုမျှပင် သိုမှီးထားဘိ၏။

ဝိဒေဟရသေ့သည် ဤကဲ့သို့ ကဲ့ရဲ့အပ်သည်ရှိသော် ကဲ့ရဲ့ခြင်းကို သည်းမခံနိုင်၍ ဆန့်ကျင်ဘက်ဖြစ်၍ ဆရာ သင်တို့သည် မိမိအပြစ်ကို မမြင်မူ၍ ကျွန်ုပ်၏ အပြစ်ကိုသာလျှင် မြင်ကုန်၏၊ ဆရာတို့သည် ငါ့အား သူတစ်ပါးတို့ကို ဆုံးမခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ကိုယ်ကိုသာလျှင် ဆုံးမအံ့ဟု မင်းအဖြစ်ကို စွန့်၍ ရဟန်းပြုသည် မဟုတ်လော၊ ယခုအခါ အဘယ့်ကြောင့် ကျွန်ုပ်ကို ဆုံးမကုန်သနည်းဟု စောဒနာလိုရကား ဤဂါထာကို ဆို၏—

၇၇။ ဟိတွာ ဂန္ဓာရဝိသယံ၊ ပဟူတဓနဓာရိယံ။
ပသာသနတော နိက္ခန္တော၊ ဣဓ ဒါနိ ပသာသသိ။

ဆရာ စည်းစိမ်ဥစ္စာ များစွာရှိသော ဂန္ဓာရတိုင်းကို စွန့်၍ သူတစ်ပါးကို ဆုံးမခြင်း မပြုလုပ်လိုဘော့ဘဲလျက် ယခုအခါ ဤတောအရပ်၌ အဘယ့်ကြောင့် အကျွန်ုပ်ကို ဆုံးမနေပြန်သနည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏-

၇၈။ ဓမ္မံ ဘဏာမိ ဝေဒေဟ၊ အဓမ္မော မေ န ရုစ္စတိ။
ဓမ္မံ မေ ဘဏမာနဿ၊ န ပါပမုပလိမ္ပတိ။

ဝိဒေဟရှင်ရသေ့ ငါသည် တရားသဘော မှန်ကိုသာ ဆို၏၊ ငါသည် တရားသဘော မဟုတ်မမှန်သည်ကို မနှစ်သက်၊ ဟုတ်မှန်သော သဘောကို ဆိုသော ငါ့အား မကောင်းမှုသည် မကပ်ငြိ မလိမ်းကျံ။

ဝိဒေဟရသေ့သည် ဘုရားလောင်း၏ စကားကိုကြား၍ ဆရာ အကျိုးကို မှီသော စကားကိုဆိုသော သူသည်လည်း သူတစ်ပါးကို ထိခိုက်ချုပ်ချယ်၍ ဆိုခြင်းငှါမသင့်၊ ငါ့ကို ထက်သော ဓားငယ်ဖြင့် ဖြတ်ဘိသကဲ့သို့ အလွန်ကြမ်းသော စကားကို ဆို၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏-

၇၉။ ယေန ကေနစိ ဝဏ္ဏေန၊ ပရော လဘတိ ရုပ္ပနံ။
မဟတ္ထိယမ္ပိ စေ ဝါစံ၊ န တံ ဘာသေယျ ပဏ္ဍိတော။

ဆရာ အကယ်၍ အကျိုးများနိုင်သော စကားကို ပြောဆိုပေမဲ့လည်း တစ်စုံတစ်ခုသော အကြောင်းကြောင့် သူတစ်ပါး အမျက်ထွက် စေတတ်သော စကားမျိုးကို ပညာရှိတို့သည် မပြောဆိုသင့်။

ထိုအခါ ဝိဒေဟရသေ့အား ဘုရားလောင်းသည် ဤဂါထာကို ဆို၏-

၈၀။ ကာမံ ရုပ္ပတု ဝါ မာ ဝါ၊ ဘုသံဝ ဝိကိရီယျတု။
ဓမ္မံ မေ ဘဏမာနဿ၊ န ပါပမုပလိမ္ပတိ။

ဝိဒေဟ ရှင်ရသေ့ ဆုံးမအပ်သောသူသည် စင်စစ် အမျက်ထွက်သည်မူလည်း ဖြစ်စေ၊ အမျက်မထွက်လည်းမူလည်း ဖြစ်စေ၊ ဖွဲကဲ့သို့ လွင့်သည်မူလည်း ဖြစ်စေ တရားသဘောကိုဆိုသော ငါ့အား မကောင်းမှုသည် မလိမ်းကျံ။

ဤသို့ ဆို၍လည်း အာနန္ဒာ အိုးထိန်းသည်သည် စိုကုန်သော မြေတို့ကို နှိပ်၍ လုံ့လပြုသကဲ့သို့ ထိုအတူ ငါသည် လုံ့လပြုအံ့၊ အနန္ဒာ ငါဘုရားသည် ဆိုအံ့၊ အကြင်အနှစ်သည် ရှိ၏၊ ထိုအနှစ်သည် တည်လတ္တံ့၊ ဤသို့လာသော မြတ်စွာဘုရား အဆုံးအမအား လျော်သော အကျင့်၌တည်၍ အိုးထိန်းသည် သည် အိုးတို့၌ အဖန်တလဲလဲခတ်၍ စိမ်းသောအိုးတို့ကို မယူမူ၍ ကောင်းစွာ ကျက်သည်သာလျှင်ဖြစ်သော အိုးကိုယူသကဲ့သို့ ထိုအတူ အဖန်တလဲလဲ ဆုံးမ၍ နှိပ်၍ ကျက်သောအိုးနှင့်တူသော ပုဂ္ဂိုလ်ကိုယူအပ်၏ဟု ပြအံ့သောငှါ ဝိဒေဟ ရသေ့ကို တစ်ဖန် ဆုံးမလိုရကား ဤဂါထာတို့ကို ဆို၏-

၈၁။ နော စေ အဿ သကာ ဗုဒ္ဓိ၊ ဝိနယော ဝါ သုသိက္ခိတော။
ဝနေ အန္ဓမဟိံသောဝ၊ စရေယျ ဗဟုကော ဇနော။

၈၂၊ ယသ္မာ စ ပနိဓေကစ္စေ၊ အာစေရမှိ သုသိက္ခိတာ။
တသ္မာ ဝိနီတဝိနယာ၊ စရန္တိ သုသမာဟိတာ။

ဝိဒေဟ ရှင်ရသေ့ ဤသတ္တဝါတို့အား မိမိဥစ္စာဖြစ်သော ပညာသည် လည်းကောင်း၊ ဆုံးမတတ်သော ပညာရှိကိုမှီ၍ သင်အပ်သော ကောင်းသော အကျင့်သည်လည်းကောင်း အကယ်၍ မရှိသည်ဖြစ်ငြားအံ့၊ များစွာသော လူအပေါင်းသည် တော၌ ကန်းသောကျွဲကဲ့သို့ ဖောက်လွဲ ဖောက်ပြန် ကျင့်ရာ၏။

ဤလောက၌ အချို့ကုန်သော သူတို့သည် ဆရာ့အထံ၌ ကောင်းစွာ သင်အပ်ကုန်သည် အဖြစ်ကြောင့် ဆုံးမအပ်ပြီးသော ဝိနည်းရှိကုန်သည်ဖြစ်၍ ကောင်းစွာ တည်ကြည်ကုန်သည်ဖြစ်၍ မတိမ်းမစောင်း ကောင်းစွာ ကျင့်နိုင် ကုန်၏။

ထိုစကားကိုကြား၍ ဝိဒေဟရသေ့သည် ဆရာ ဤနေ့မှစ၍ အကျွန်ုပ်ကိုဆုံးမ ပါလေ့၊ အဖန်တလဲလဲ ဆုံးမပါလေ၊ ကျွန်ုပ်သည် သည်းမခံတတ်သော သဘောရှိသည်အဖြစ်ကြောင့် ဆရာတို့နှင့်တကွဆုံမိ၏၊ အကျွန်ုပ်၏ ထိုအပြစ်ကို သည်းခံပါလေ့ဟု ရှိခိုး၍ ဘုရားလောင်းကို ကန်တော့၏၊ ထိုနှစ်ပါးကုန်သော ရသေ့တို့သည် ညီညွတ်စွာနေ၍ တစ်ဖန် ဟိမဝန္တာသို့လျှင် သွားကုန်၏၊ ထိုဟိမ-ဝန္တာ၌ ဘုရားလောင်းသည် ဝိဒေဟရသေ့အား ကသိုဏ်းပရိကံကို ဟော၏။ ထို ဝိဒေဟရသေ့သည် ထိုပရိကံကိုပြု၍ အဘိညာဉ်တို့ကိုလည်းကောင်း, သမာပတ် တို့ကိုလည်းကောင်း ဖြစ်စေ၏၊ ဤသို့ ထိုနှစ်ပါးကုန်သော ရသေ့တို့သည်လည်း မယုတ်သော စျာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

### ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဝမ္ဗုဒေ္ဓနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ဝိဒေဟမင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လည်း ထိုအခါ ဂန္ဓာရမင်းဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏၊

(ပစ္စည်းပင်္စယ၊ သိမ်းဆည်း[illegible]၊ သေဘကရေးကြောင်းသာ။)

လေးရ ခြောက်ခုမြောက်သော ဂန္ဓာရဇာတ်သည် ပြီး၏။

### ၄၀၇-မဟာကပိဇာတ်

အမျိုးသားတို့အတွက် အသက်ကို မငဲ့ခြင်း

သင်တင်ပင်ကောင်း ငှက်တစ်သောင်း နားခိုနိုင်

ပဌမပုပ္ဖန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အဓိဝါသနံ သက်မံ ကတ္ဝာ" ဒေသနာရှိသော ဂါထာပုဒ်ဖြင့် ဝန်ဆောင်အပ်သော ဤမဟာကပိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဆွေတော်မျိုးတော်တို့၏ အကျိုးငှါ ကျင့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

(ပစ္စုပ္ပန်ဝတ္ထုသည် ဘဒ္ဒသာလဇာတ်၌ ထင်ရှားဖြစ်လတ္တံ့။) ထိုအခါ၌ကား တရားသဘင်၌ ရဟန်းပျိုသည် ငါ့ရှင်တို့ သဗ္ဗညုမြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့၏ အကျိုးကို ကျင့်တော်မူ၏ဟု စကားကို ပြောကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရားသည် ဆွေတော် မျိုးတော်တို့၏ အကျိုးကို ကျင့်သည် မဟုတ်သေး၊ ရှေး၌လည်း ငါဘုရားသည် ဆွေတော်မျိုးတော်တို့၏ အကျိုးကို ကျင့်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတဝီတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မျောက်အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် အလုံးအရပ်နှင့် ပြည့်စုံ၏၊ အားအစွမ်းနှင့် ပြည့်စုံ၏၊ ဆင်ငါးစီးအားကို ဆောင်၏၊ မျောက်ရှစ်သောင်း အခြံအရံရှိသည်ဖြစ်၍ ဟိမဝန္တာ၌ နေ၏၊ ထို ဟိမဝန္တာ၌ ဂင်္ဂါကမ်းနားသို့မှီ၍ အခက်အခွနှင့်ပြည့်စုံသော အေးမြသော အရိပ်ရှိသော ထူသော အရွယ်ရှိသော တောင်ထွတ်ကဲ့သို့သော ကောင်းစွာ တက်သော သရက်ပင်သည် ရှိ၏၊ (ပညောင်ပင်ဟူ၍လည်း ဆိုကုန်၏။) ထိုသရက်ပင်အားနတ်၌ဖြစ်သော အနံ့အရသာနှင့်တူကုန်သော အနံ့အရသာရှိကုန်သော ကြီးကုန်သော အလွန်ကြီးကုန်သော အိုးစရည်း ပမာဏ ရှိကုန်သော ချိုကုန်သော အသီးတို့သည် ရှိကုန်၏၊ ထိုသရက်ပင်၏ တစ်ခုသော အခက်မှ အသီးတို့သည် ကြည်း၌ ကျကုန်၏၊ တစ်ခုသော အခက်မှ အသီးတို့သည် ဂင်္ဂါရေ၌ ကျကုန်၏၊ နှစ်ခုကုန်သော အကိုင်းတို့၏ အလယ်ဖြစ်သော အသီးတို့သည် သစ်ပင်ရင်း၌ ကျကုန်၏၊ ဘုရားလောင်းသည် မျောက်အပေါင်းကိုယူ၍ ထိုသရက်ပင်၌ အသီးတို့ကိုစားလျက် တစ်ခုသောကာလ၌ ဤသရက်ပင်၏ ရေ၌ ကျသော အသီးကိုမှီ၍ ငါတို့အား ဘေးဖြစ်လတ္တံ့ဟု ရေအထက်၌ အခက်မှ တစ်လုံးသော အသီးကိုမျှလည်း မကြွင်းစေမူ၍ပွင့်သော ကာလမှစ၍ စားလည်း စားစေ၏၊ ချလည်း ချစေ၏။

ဤသို့ပြုငြားသော်လည်း ရှစ်သောင်းကုန်သောမျောက်တို့သည် မမြင်သော ပိုးရွတို့သည် ပြုအပ်သော စ်ရွက်ထုပ်ဖြင့် ဖုံးလွှမ်းသော တစ်လုံးသောသရက်သီးမှည့်သည် မြစ်၌ကျ၍ ဂင်္ဂါမြစ်၏ အကြေသို့ အစဉ်လျှောက်၍ မျောလေသော် အထက်၌လည်းကောင်း, အောက်၌လည်းကောင်း ကွန်ကိုဖွဲ့၍ ရေကစားခြင်းကို ကစားသော ဗာရာဏသီမင်း၏ အထက်ကွန်၌ငြိ၏၊ မင်းသည် တစ်နေ့ပတ်လုံး ကစား၍ ညည့်အခါ၌ တံငါသည်တို့သည် ကွန်ကို ချီကုန်သည်ရှိသော် ထို သရက်သီးကို မြင်၍ ဤမည်သော အသီးဟု မသိကုန်သည်ဖြစ်၍ မင်းအား ပြကုန်၏၊ မင်းသည် ဤအသီးကား အဘယ်အသီးနည်းဟု မေး၏၊ အရှင်မင်းကြီး မသိကုန်ဟု ဆိုကုန်၏၊ အဘယ်သူတို့သည် သိကုန်လတ္တံ့နည်းဟု မေး၏။

အရှင်မင်းကြီး မုဆိုးတို့သည် သိကုန်လတ္တံ့ဟု ဆိုကုန်၏၊ မင်းသည် မုဆိုးတို့ကို ခေါ်စေ၍ မေး၍ မုဆိုးတို့အထံမှ သရက်သီးမှည့်ဟု ကြား၍ ဓားငယ်ဖြင့် ခွဲ၍ ရှေးဦးစွာ မုဆိုးတို့ကို စားစေ၍ နောက်မှ မိမိသည် စား၏၊ မောင်းမ အပေါင်းတို့ကိုလည်းကောင်း, အမတ်တို့ကိုလည်းကောင်း စားစေ၏၊ သရက်သီး

မှည့်၏ အရသာသည် မင်း၏ကိုယ်အလုံးနှံ့၍တည်၏၊ မင်းသည် ရသတဏှာဖြင့် ဖွဲ့အပ်သည်ဖြစ်၍ ထိုသရက်ပင် တည်ရာ အရပ်ကို မုဆိုးတို့အား မေး၏၊ မုဆိုးတို့သည် ဟိမဝန္တာအရပ်ဝယ် မြစ်နားၡ ရှိ၏ဟု ဆိုသည်ရှိသော် များစွာသော လှေဖောင်တို့ကို ဖွဲ့စေ၍ မုဆိုးတို့သည် ညွှန်အပ်သော ခရီးဖြင့် အညာသို့ သွား၏၊ ဤမျှသော နေ့တို့ပတ်လုံး သွား၏ဟု အပိုင်းအခြားကို မဆိုအပ်၊ အစဉ်သဖြင့်ကား ထိုအရပ်သို့ရောက်၍ အရှင်မင်းကြီး ဤသစ်ပင်တည်းဟု မုဆိုးတို့သည် မင်းအား ကြားကုန်၏၊ မင်းသည် လှေတို့ကို မြစ်၌ ထားခဲ့၍ များစွာသော လူအပေါင်းခြံရံလျက် ခြေဖြင့် ထိုအရပ်သို့ သွား၍ သရက်ပင်၌ အိပ်ရာကို ခင်းစေ၍ သရက်သီးမှည့်တို့ကို စား၍ အထူးထူးသော အရသာရှိသော ဘောဇဉ်ကို စား၍ အိပ်၏၊ ခပ်သိမ်းသော အရပ်မျက်နှာတို့၌ အစောင့်အရှောက်ထား၍ မီးကိုညှိကုန်၏၊ ဘုရားလောင်းသည် လူတို့သည် အိပ်ပျော်ခြင်းသို့ ရောက်ကုန်လတ်သော် သန်းခေါင်အခါ၌ ပရိသတ်နှင့်တကွ သွား၏၊ ရှစ်သောင်းကုန်သော မျောက်တို့သည် သစ်ခက်တစ်ခုမှ သစ်ခက်တစ်ခုသို့ သွားကုန်လျက် သရက်သီးတို့ကို စားကုန်၏။

မင်းသည် နိုး၍ မျောက်အပေါင်းကိုမြင်၍ လူတို့ကိုထစေ၍ လေးသမားတို့ကို ခေါ်စေ၍ အကြင်အခြင်းဖြင့် ဝန်းရံသည်ရှိသော် သရက်သီးကို စားကုန်သော ထိုမျောက်တို့သည် မပြေးကုန်၊ ထိုအခြင်းဖြင့် ထိုအရပ်ကို ခြံရံ၍ နက်ဖြန် သရက်သီးတို့ကိုလည်းကောင်း၊ မျောက်သားတို့ကိုလည်းကောင်း စားကုန်အံ့ဟု ဆို၏၊ လေးသမားတို့သည် ကောင်းပြီဟု ဝန်ခံ၍ သရက်ပင်ကို ခြံရံ၍မြားတို့ကို ဖွဲ့၍ တည်ကုန်၏၊ ထိုမျောက်တို့သည် မြင်ကုန်၍ သေဘေးမှ ကြောက်ကုန်သည် ဖြစ်၍ ပြေးအံ့သောငှါ မတတ်နိုင်ကုန်ရကား ဘုရားလောင်းသို့ ကပ်ကုန်၍ အရှင် ပြေးကုန်သော မျောက်တို့ကို ပစ်အံ့ဟု သရက်ပင်ကို ခြံရံ၍ လေးသမားတို့သည် တည်ကုန်၏၊ အသို့ဖြစ်ကုန်အံ့နည်းဟု မေး၍ တုန်လှုပ်ကုန်လျက် တည်ကုန်၏။

ထိုအခါ ဘုရားလောင်းသည် မကြောက်ကြကုန်လင့်၊ ငါသည် သင်တို့အား အသက်ကို ပေးအံ့ဟု မျောက်အပေါင်းတို့ကို နှစ်သိမ့်စေ၍ ဖြောင့်စွာတက်သော သစ်ပင်သစ်ခက်ကို တက်၍ ဂင်္ဂါသို့ ရှေးရှုသွား၍ ထိုသစ်ခက်စွန်းမှခုန်၍ လေးအပြန်တစ်ရာ အတိုင်းအရှည်ရှိသော အရပ်ကိုလွန်၍ ဂင်္ဂါနား၌ ဝစ်ခုသော ချုံအထက်၌ကျ၍ ထိုချုံမှသက်၍ ငါ၏လားရာအရပ်သည် ဤမျှရှိသည် ဖြစ်လတ္တံ့ဟု ကောင်းကင်ဖြင့် ပိုင်းခြား၍ တစ်ခုသော ကြိမ်နွယ်ကိုဖြတ်၍ ဤမျှသောအရပ်သည် သစ်ပင်၌ ဖွဲ့သည်ဖြစ်လတ္တံ့၊ ဤမျှသော အရပ်သည် ကောင်းကင်၌ တည်သည် ဖြစ်လတ္တံ့ဟု နှစ်ပါးသော အရပ်တို့ကို မှတ်၍

မိမိခါး၌ ဖွဲ့ရာအရပ်ကိုကား မမှတ်မိ၊ ဘုရားလောင်းသည် ထိုနွယ်ကိုယူ၍ တစ်ခုသော အစွန်းကို ဂင်္ဂါမြစ်နား၀ယ် တည်သော သစ်ပင်၌ ဖွဲ့၍ တစ်ခုသော အစွန်းကို မိမိ၏ ခါး၌ ဖွဲ့၍ လေကြောင့် ပြတ်သော တိမ်ကဲ့သို့ လေအဟုန်ဖြင့် လေးအပြန်တစ်ရာ အတိုင်းအရှည်ရှိသော အရပ်ကိုခုန်၍ ခါး၌ ဖွဲ့ရာအရပ်ကို မမှတ်မိသည်၏ အဖြစ်ကြောင့် သစ်ပင်သို့ ရောက်အံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ လက်နှစ်ဘက်တို့ဖြင့် သရက်ခက်ကို မြဲစွာ ကိုင်၍ မျောက်အပေါင်းအား အမှတ်ပေး၏၊ လျင်စွာ ငါ၏ကျောက်ကို နင်းကုန်လျက် ကြိမ်နွယ်ဖြင့်ချမ်းသာစွာ သွားခြင်းကို သွားကုန်လော့ဟု ဆို၏၊ ရှစ်သောင်းကုန်သော မျောက်တို့သည် ဘုရားလောင်းကို ရှိခိုးကုန်၍ ကန်တော့ကုန်၍ ဘုရားလောင်း ဆိုတိုင်း သွားကြကုန်၏။

ထိုအခါ ဒေ၀ဒတ်သည်လည်း မျောက်ဖြစ်၍ ထိုမျောက်တို့၏ အတွင်း၌ ဖြစ်၏၊ ထိုဒေ၀ဒတ်အလောင်း မျောက်သည် ဤအခါသည်ကား ငါ၏ရန်သူ ပျက်စီးခြင်းကို မြင်ရအံ့သော အခါတည်းဟု မြင့်သောအကိုင်းသို့ တက်၍ အဟုန်ကိုဖြစ်စေ၍ ဘုရားလောင်း၏ ကျောက်၌ ကျစေ၏၊ ဘုရားလောင်း၏ နှလုံးသည် ကွဲ၏၊ ပြင်းစွာသော ၀ေဒနာသည် ဖြစ်၏၊ ထိုဒေ၀ဒတ်အလောင်း မျောက်သည်လည်း ဘုရားလောင်းကို ၀ေဒနာသို့ ရောက်သည်ကို ပြု၍ ဖဲ၏၊ ဘုရားလောင်းသည် အဖော်မရှိသည်လျှင် ဖြစ်၏၊ ဗာရာဏသီမင်းသည် မအိပ်ဘဲ မျောက်တို့သည်လည်းကောင်း, ဘုရားလောင်းသည် လည်းကောင်း ပြုအပ်သော အလုံးစုံသော အမှုအရာကိုမြင်၍ ဤမျောက်သည် တိရစ္ဆာန်ဖြစ်လျက် မိမိအသက်ကို မရေတွက်မူ၍ ပရိသတ်၏ ချမ်းသာသော အဖြစ်ကိုသာလျှင် ပြု၏ဟု ကြံလျက် အိပ်၏၊ မင်းသည် နံနက်လင်းလတ်သော် ဘုရားလောင်းကို နှစ်သက်၍ မျောက်မင်းကို ဖျက်ဆီးအံ့သောငှါ မသင့်၊ ဥပါယ်ဖြင့် ထိုမျောက်ကို သက်စေ၍ လုပ်ကျွေးအံ့ဟု ဂင်္ဂါအတွင်း၌ လှေဖောင်ကိုထား၍ ထိုဖောင်၌ ငြမ်းဖွဲ့၍ ဖြည်းညင်းသာယာစွာ ဘုရားလောင်းကိုသက်စေ၍ ကျောက်၌ဖန်ရည်စွန်းသော အ၀တ်ကိုဖြန့်စေ၍ ဂင်္ဂါရေဖြင့်ချိုးစေ၍ တင်လဲရေကို သောက်စေ၍ ခြောက်သောကိုယ်ကို အကြိမ်တစ်ထောင်ချက်သော ဆီဖြင့်နယ်၍ အိပ်ရာအပြင်၌ သိုးရေကိုခင်းစေ၍ ဖြည်းညင်းသာယာစွာ သိုးရေအခင်း၌ အိပ်စေ၍ မိမိသည် နိမ့်သော နေရာ၌နေ၍ ဤဂါထာကို ဆို၏—

၇၃။ အတ္တာနံ သင်္ကမံ ကတွာ၊ ယော သောတ္ထိံ သမတာရယိ။
ကိံ တွံ တေသံ ကိမေ တုယှံ၊ ဟောန္တိ ဧတေ မဟာကပိ။

မျောက်ကြီး မိမိကိုယ်ကို တံတားပြု၍ ဤမျောက်တို့ကို ဘေးမရှိသည်ကိုပြု၍ ကူးစေသော သင်သည် ထိုမျောက်တို့နှင့် အဘယ့် တော်သနည်း။ ထိုမျောက်တို့သည်လည်း သင့်အား အဘယ်တော်ကုန်သနည်း။

ထိုစကားကို ကြား၍ ထိုဘုရားလောင်းသည် မင်းကို ဆုံးမလိုသည် ဖြစ်၍ ဤဂါထာတို့ကို ဆို၏။

၇၄။ ရာဇာ ဟံ ဣဿရော တေသံ၊ ယူထဿ ပရိဟာရကော။
တေသံ သောကပရေတာနံ၊ ဘီတာနံ တေ အရိန္ဒမ။

၇၅။ ဥလ္လင်္ဃယိတွာ အတ္တာနံ၊ ဝိဿဋ္ဌဓနုနော သတံ။
တတော အပရပါဒေသု၊ ဒဠှံ ဗန္ဓံ လတာဂုဏံ။

၇၆။ ဆိန္နဗ္ဘမိဝ ဝါတေန၊ နုဏ္ဏော ရုက္ခံ ဥပါဂမိံ။
သောဟံ အပ္ပဘဝံ တတ္ထ၊ သာခံ ဟတ္ထေဟိ အဂ္ဂဟိံ။

၇၇။ တံ မံ ဝိယာယတံ သန္တံ၊ သာခါယ စ လတာယ စ။
သမနုက္ကမန္တာ ပါဒေဟိ၊ သောတ္ထိံ သာခါမိဂါ ဂတာ။

၇၈။ တံ မံ န တပတေ ဗန္ဓော၊ မတော မေ န တပေဿတိ။
သုခမာဟရိတံ တေသံ၊ ယေသံ ရဇ္ဇမကာရယိံ။

၇၉။ ဧသာ တေ ဥပမာ ရာဇ၊ တံ သုဏောဟိ အရိန္ဒမ။
ရညာ ရဋ္ဌဿ ယောဂ္ဂဿ၊ ဗလဿ နိဂမဿ စ။
သဗ္ဗေသံ သုခမေဋ္ဌဗ္ဗံ၊ ခတ္တိယေန ပဇာနတာ။

ရန်သူတို့ကို ဆုံးမဘတ်သော မင်းကြီးငါသည် မျောက်အပေါင်းကို ဆောင်သော အစိုးရသော ထိုရှစ်သောင်းသော မျောက်တို့၏ မင်းတည်း။ သင်မင်းကြီးမှ ကြောက်ကုန်သော သောကသည် နှိပ်စက်အပ်ကုန်သော ထိုမျောက်တို့၏ အကျိုးငှါ မိမိကို ညှို့မှလွှတ်သော လေး၏ အပြန်တစ်ရာ အတိုင်းအရှည်ရှိသော အရပ်ကို ကောင်းစွာခုန်၍ ထိုအရပ်မှလျှင် နောက်ခြေတို့၌ ယူအပ်သောနွယ်ကို မြဲစွာဖွဲ့၍ လေကြောင့်ပြတ်သော တိမ်ကဲ့သို့ မိမိအဟုန်ကြောင့် ဖြစ်သောလေသည် လွှင့်အပ်သည်ဖြစ်၍ သရက်ပင်သို့ ရောက်အံ့သော ငါ မစွမ်းနိုင်သည်ဖြစ်၍ သရက်ခက်ကို လက်နှစ်ဖက်တို့ဖြင့် ကိုင်ဆွဲ၏။

စောင်း၌သီအပ်သော စောင်းညှို့ကဲ့သို့ သရက်ခက်သည်လည်းကောင်း၊ နွယ်သည် လည်းကောင်း ငင်အပ်သည်ဖြစ်သော ငါ့ကို မျောက်အပေါင်းတို့သည် ခြေတို့ဖြင့် ရှိသေစွာ နင်းကုန်လျက် ချမ်းသာစွာ သွားကုန်၏။

ငါသည်မျောက်တို့၏ မင်းအဖြစ်ကို ပြုလုပ်ထား၍ ထိုမျောက်တို့၏ ချမ်းသာကို ဆောင်ရွက်အပ်သောကြောင့် ကြိမ်နွယ်ဖြင့် နှောင်ဖွဲ့ခြင်းသည် ငါ့ကို မပူပန်စေနိုင်၊ သတ်နှင့်ပြည့်စုံသော ငါ့အား သေခြင်းသည် မပူပန်စေလတ္တံ့။

ရန်သူတို့ကို ဆုံးမတတ်သော မင်းမြတ် သင်မင်းမြတ်အား ဥပမာဖြင့် နှိုင်းယှဉ်၍ ဆိုသောစကားကို နားထောင်လော့၊ မင်းမည်သည် တိုင်းနိုင်ငံသူ၏လည်းကောင်း,ရထားအစရှိသော ယာဉ်စီးသူရဲ၏လည်းကောင်း, စစ်သည်ဗိုလ်ပါ၏လည်းကောင်း, နိဂုံးသူအပေါင်း၏လည်းကောင်း လူအားလုံးတို့၏ ချမ်းသာရာ ချမ်းသာကြောင်းကို ရှာဖွေအပ်၏၊ မင်းမည်သည် ဉာဏ်နှင့် ပြည့်စုံရာ၏။

ဤသို့ ဘုရားလောင်းသည် မင်းကို ဆုံးမလျက်လျှင် သေ၏၊ မင်းသည် အမတ်တို့ကို ခေါ်စေ၍ ဤမျောက်မင်း၏အလောင်းကို သင်္ဂြိုဟ်ခြင်းကိစ္စကို မင်းတို့၏ အလောင်းကို သင်္ဂြိုဟ်သကဲ့သို့ ပြုကြကုန်လော့ဟု ဆို၍ မင်းမောင်းမအပေါင်းကိုလည်း သင်တို့သည် နီသော အဝတ်ကို ဝတ်ကုန်လျက် ဖရိုဖရဲကြဲသော ဆံရှိကုန်သည်ဖြစ်၍ ဆီမီးတိုင်လက်စွဲကုန်လျက် မျောက်မင်းကို ခြံရံ၍ သုသာန်သို့ လိုက်ကြကုန်လောဟု စေ၏၊ အမတ်တို့သည် ထင်းအစည်း တစ်ရာတို့ဖြင့် ထင်းပုံကိုပြီ ပြုကုန်၏၊ ဘုရားလောင်း၏ အလောင်းကို သင်္ဂြိုဟ်ခြင်းကိစ္စကို မင်းတို့အား သင်္ဂြိုဟ်ခြင်းကို ပြုအပ်သောနည်းဖြင့်လျှင် ပြု၍ ဦးခေါင်းကို ယူ၍ မင်း၏ အထံသို့သွားကုန်၏၊ မင်းသည် ဘုရားလောင်း၏သင်္ချိုင်း၌ စေတီတည်၍ ဆီမီးညှိထွန်း၍ နံ့သာပန်းစသည်တို့ဖြင့် ပူဇော်၍ ဦးခေါင်းကို ရွှေမွမ်းမံ၍ လှံဖျား၌ ထား၍ ရှေ့မှဆောင်စေ၍ နံ့သာပန်းစသည်တို့ဖြင့် ပူဇော်လျက် ဗာရာဏသီသို့ရောက်၍ လှံကိုမင်းအိမ်တံခါး၌ ထား၍ မြို့အလုံးကို တန်ဆာဆင်စေ၍ ခုနစ်ရက်ပတ်လုံး ဓာတ်အားပူဇော်ခြင်းကိုပြု၍ ထိုနောင်မှ ထိုဓာတ်ကို ယူ၍စေတီတည်၍ အသက်ထက်ဆုံး ပန်းနံ့သာတို့ဖြင့် ပူဇော်၍ ဘုရားလောင်း အဆုံးအမ၌ တည်၍ အလှူအစရှိသော ကောင်းမှုတို့ကို ပြု၍ တရားသဖြင့် မင်းပြု၍ နတ်ပြည်သို့ လား၏။

ဇာတ်ပေါင်း

သမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ပြစ်မှားသော မျောက်ဖြစ်ပြီ၊

ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ မျောက်မင်း၏ ပရိသတ် ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မျောက်မင်းဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မင်းမည်သည်ကား၊ လူအများ၊ စီးပွား ဆောင်ရွက်ရာ။)

လေးရာ့ခုနစ်ခုမြောက်သော မဟာကပိဇာတ်သည် ပြီး၏။

---

## ၄၀၈-ကုမ္ဘကာရဇာတ်

### အိမ်ရှင်အမျိုးသမီး ရှေးဦးစွာ ရဟန်းပြုခြင်း ကိလေသာတို့၏ အလိုသို့မလိုက် သင့်ကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် အမ္ဗာ'ဟ'မဒ္ဒိ ဝနမန္တရသ္မိံ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤကုမ္ဘကာရဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကိလေသာအား နှိပ်စက်ခြင်းကို အကြောင်းပြု၍ ဟောတော် မူ၏။ (ပစ္စုပ္ပန်ဝတ္ထုသည် ပညာသဇာတ်၌ ထင်စွာဖြစ်လတ္တံ့။)

ထိုအခါ၌ကား သာဝတ္ထိပြည်၌ငါးရာကုန်သောအဆွေခင်ပွန်းတို့သည် ရဟန်း ပြုကုန်၍ ဇေတဝန်ကျောင်းတော်အတွင်း၌ နေကုန်လျက် သန်းခေါင်ယံ အခါ၌ ကာမဝိတက်ကိုကြံကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ကိုယ်တော်၏သာဝကတို့ကို ညဉ့်သုံး ကြိမ်နေ့သုံးကြိမ် ဤသို့ ညဉ့်နေ့ခြောက်ကြိမ် သာဝကတို့ကိုကြည့်လျက် ယစ်မသည်အဥကို စောင့်သကဲ့သို့ စာမရီသည် အမြီးကိုစောင့်သကဲ့သို့ အမိသည် ချစ်စွာသောသားကို စောင့်သကဲ့သို့မျက်စိတစ်ဖက်သာ ရှိသောယောက်ျားသည် မျက်စိတစ်ဖက်ကို စောင့်သကဲ့သို့ ထိုခဏ၌ဖြစ်သော ကိလေသာရှိသော ရဟန်း တို့ကိုနှိပ်၏၊ ထိုမြတ်စွာဘုရားသည် ထိုနေ့ သန်းခေါင်ယံအခါ၌ ဇေတဝန် ကျောင်းတော်ကို စုံစမ်းလျက် ထိုရဟန်းတို့၏ အတွင်း၌ ဤကိလေသာသည် ပွားသည်ရှိသော် အရဟတ္တဖိုလ်၏အကြောင်းကို ဖျက်လတ္တံ့၊ ယခုအခါ၌လျှင် ထိုရဟန်းတို့အား ကိလေသာကိုနှိပ်၍ အရဟတ္တဖိုလ်ကို ပေးအံ့ဟု ဂန္ဓကုဋိမှ ထွက်တော်မူ၍ အာနန္ဒာမထေရ်ကိုခေါ်တော်မူ၍ အာနန္ဒာ ဇေတဝန်ကျောင်း တော်အတွင်း၌ နေကုန်သော ရဟန်းတို့ကို စည်းဝေးစေလော့ဟု စည်းဝေးစေ၍

ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူ၍ အတွင်း၌ဖြစ်သောကိလေသာတို့၏ အလိုသို့ လိုက်ခြင်းငှါမသင့်၊ ကိလေသာသည် ပွားလတ်သော် ရန်သူကဲ့သို့ ကြီးစွာသောပျက်စီးခြင်းသို့ရောက်စေတတ်၏၊ ရဟန်းမည်သည်အနည်းငယ်လည်း ဖြစ်သော ကိလေသာကိုနှိပ်ခြင်းငှါ သင့်၏၊ ပညာရှိတို့သည် အနည်းငယ်သော အာရုံကို မြင်၍ အတွင်း၌ ဖြစ်သောကိလေသာကိုနှိပ်၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဗာရာဏသီမြို့တံခါးရွာ၌ အိုးထိန်းသည် အမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် ဥစ္စာကိုဖြစ်စေ၍ တစ်ယောက်သော သားနှင့် သမီးကို ရ၍ အိုးထိန်းသည်တို့၏အမှုကိုမှီ၍ သားမယားတို့ကိုမွေး၏၊ ထိုအခါ ကလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကရဏ္ဍကမည်သောမင်းသည် များစွာသောအခြံအရံ ဖြင့် ဥယျာဉ်သို့သွားသည်ရှိသော် ဥယျာဉ်တံခါး၌ အသီးဝန်ကို ဆောင်သော ချိုသောအသီးရှိသော သရက်ပင်ကိုမြင်၍ မြတ်သော ဆင်ကျောက်ကုန်းထက်၌ နေလျက်လျှင် လက်ကိုဆန့်၍ သရက်ခိုင်ကို ဆွတ်၍ ဥယျာဉ်သို့ဝင်၍ မင်္ဂလာ ကျောက်ဖျာ၌နေလျက် ပေးအပ်သည်နှင့်ယှဉ်သော သူတို့အားပေး၍ သရက် သီးကိုစား၏၊ မင်းသည် ယူအပ်သောကာလမှစ၍ ကြွင်းသောသူတို့မည်သည် ယူအပ်သည် သာလျှင်ဖြစ်၏၊ ထို့ကြောင့် အမတ်တို့သည်လည်းကောင်း, ပုဏ္ဏား သူကြွယ် အစရှိသော သူတို့သည်လည်းကောင်း သရက်သီးတို့ကို ကျစေ၍ စားကုန်၏။ နောက်မှ လာကုန်သောသူတို့သည် သစ်ပင်သို့တက်၍ ဆောက်ပုတ် တို့ဖြင့်ချေ၍ အခက် စနောင့်စနင်းရှိသည်ကို ပြု၍ စိမ်းသော သရက်သီးကိုလည်း မကြွင်းမကျန်စေမူ၍ စားကုန်၏၊ မင်းသည် တစ်နေ့ပတ်လုံး ဥယျာဉ်၌ ကစား၍ ညအခါ တန်ဆာဆင်သော မြတ်သော ဆင်ကျောက်ကုန်း၌ သွားသည်ရှိသော် ထိုသရက်ပင်ကို မြင်၍ ဆင်းသက်၍ သရက်ပင်ရင်းသို့ သွား၍သရက်ပင်ကိုကြည့် ၍ ဤသရက်ပင်သည် နံနက်အခါ၌လျှင် ကြည့်ကုန်သော သူတို့အား ရောင့်ရဲခြင်း ကို ပြု၏၊ အသီးဝန်ကို ဆောင်၏၊ တင့်တယ်စွာ တည်၏။

ယခုအခါ ယူအပ်သော အသီးရှိသည်ဖြစ်၍ အခက်စနောင့်စနင်းရှိ၏၊ မတင့် တယ်သည်ဖြစ်၍ တည်၏ဟုကြံ၍ တစ်ဖန် တစ်ပါးသောအရပ်သို့ ကြည့်လတ် သော် အသီးမရှိသောသရက်ပင်ကိုမြင်၍ ဤသရက်ပင်သည် မိမိအသီးမရှိသည် ၏ အဖြစ်ကြောင့် ပဏ္ဍုမြားတောင်ကဲ့သို့ တင့်တယ်စွာတည်၏၊ ဤသရက်ပင် သည် အသီးရှိသည်၏အဖြစ်ကြောင့် ဤသို့ပျက်စီးခြင်းသို့ ရောက်ရ၏။ ဤ အိမ်၏ အလယ်၌ နေခြင်းသည်လည်း အသီးရှိသော သရက်ပင်နှင့် တူ၏၊ ရဟန်းအဖြစ်

သည် အသီးမရှိသော သရက်ပင်နှင့်တူ၏၊ ဥစ္စာရှိသော သူအားသာလျှင် ဘေး ရှိ၏၊ ဥစ္စာမရှိသောသူကား ဘေးမရှိ၊ ငါသည်လည်း အသီးမရှိသော သရက်ပင် ကဲ့သို့ ဖြစ်ရာ၏ဟု အသီးရှိသော သရက်ပင်ကို အာရုံပြု၍ သရက်ပင်ရင်း၌ တည်လျက်လျှင် လက္ခဏာရေးသုံးပါးတို့ကို မှတ်၍ ဝိပဿနာကို ပွားစေ၍ ပစ္စေက ဗောဓိဉာဏ်ကို ဖြစ်စေ၍ ယခု ငါသည် အမိဝမ်းဟူသော ကုဋိကို ဖျက်ဆီးအပ်ပြီ၊ ဘုံသုံးပါးတို့၌ ပဋိသန္ဓေကို ဖျက်ဆီးအပ်ပြီ၊ သံသရာဟူသော မစင်မြေကို သုတ်သင်အပ်ပြီ၊ ငါသည် မျက်ရည်သမုဒ္ဒရာကို ခြောက်စေအပ်ပြီ၊အရိုးတံတိုင်းကို ချိုးဖျက်အပ်ပြီ၊ ငါ့အား တစ်ဖန်ပဋိသန္ဓေသည် မရှိပြီဟု ဆင်ခြင်လျက် ခပ်သိမ်း သော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက်လျှင် တည်၏။

ထိုအခါ မင်းကို အမတ်တို့သည် မြတ်သောမင်းကြီး ရပ်နေတော်မူသည်ကား ကြာမြင့်ပြီဟု ဆိုကုန်၏၊ အမတ်တို့ ငါသည် မင်းမဟုတ်ပြီ၊ ငါတို့သည် ပစ္စေက ဗုဒ္ဓါတို့မည် ကုန်၏ဟု ဆို၏၊ အရှင်မင်းကြီး ပစ္စေကဗုဒ္ဓါတို့မည်သည် သင်မင်းကြီး တို့ကဲ့သို့ မဖြစ်ကုန်ဟု ဆိုကုန်၏၊ ထိုသို့မဖြစ်ကုန်သော် အဘယ်သို့ သဘောရှိကုန် သနည်းဟု ဆို၏၊ အရှင်မင်းကြီး ပစ္စေကဗုဒ္ဓါတို့သည် ချအပ်သော ဆံမုတ်ဆိတ် ရှိကုန်၏၊ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ကုန်၏၊ အမျိုး၌လည်းကောင်း, အခြွေအရံ၌လည်းကောင်း ငြိတွယ်ခြင်း မရှိကုန်သည် ဖြစ်၍ လေကြောင့် ပြတ်သောတိမ်နှင့် တူကုန်၏၊ ရာဟုခံတွင်းမှ လွတ်သော လနှင့် တူကုန်၏၊ ဟိမဝန္တာဝယ် နန္ဒမူလိုဏ်၌ နေကုန်၏၊ အရှင်မင်းကြီး ပစ္စေက ဗုဒ္ဓါတို့သည် ဤသို့သဘောရှိကုန်၏ဟု ဆိုကုန်၏။ ထိုခဏ၌ မင်းသည် လက်ကို ချီ၍ ဦးခေါင်းကို သုံးသပ်၏၊ ထိုခဏ၌ မင်းအား လူ့အသွင်သည် ကွယ်၏၊ ရဟန်း အသွင်သည် ထင်ရှားဖြစ်၏၊ သင်္ကန်းသုံးထည်, သပိတ်, ပဲ့နပ်, အပ်, ခါးပန်း, ရေစစ်နှင့်တကွ ရှစ်ပါးကုန်သော ထုံပရိက္ခရာဘို့သည် ကမ္ဗဋ္ဌာန်းစီးဖြန်းခြင်းနှင့် ယှဉ်သော ရဟန်းအား လျောက်ပတ်ကုန်၏၊ ဤသို့ ဆိုအပ်ကုန်သော ရဟန်း တို့၏ ပရိက္ခရာတို့သည် ကိုယ်၌ ရောက်ကုန်သည်သာလျှင် ဖြစ်ကုန်၏၊ ထိုပစ္စေက ဗုဒ္ဓါသည် ကောင်းကင်၌ ရပ်၍ လူအများအား အဆုံးအမကို ပေး၍ ကောင်းကင် ခရီးဖြင့် ဟိမဝန္တာဝယ် နန္ဒမူလိုဏ်သို့လျှင် သွား၏။

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌လည်း နဂ္ဂဇိမည်သော မင်းသည် အထက် ပြာသာဒ်ဝယ် မြတ်သော ပလ္လင်အလယ်၌ နေလျက် လက်တစ်ဘက် တစ်ဘက်၌ တစ်ခု တစ်ခုသော ပတ္တမြားလက်ကောက်ကိုဝတ်၍ အနီး၌နေ၍နံ့သာသွေးသော မိန်းမ တစ်ယောက်ကို မြင်၍ ဤ လက်ကောက်တို့သည် တစ်ခု တစ်ခုစီ၏ အဖြစ်ဖြင့် အချင်းချင်း မထိကုန်၊ မမြည်ကုန်ဟု ကြည့်လျက်နေ၏၊ ထို့နောင်မှ ထိုမိန်းမသည် လက်ယာလက်မှ လက်ကောက်ကို လက်ဝဲ၌လျှင် ဝတ်၍ လက်ယာ လက်ဖြင့် နံ့သာကို ငင်၍ သွေးအံ့သောငှါ အားထုတ်၏၊ လက်ဝဲလက်၌

ပတ္တမြားလက်ကောက်သည် အဖော်ကို စွဲ၍ ထိခိုက်လျက် အသံကို ပြု၏၊မင်းသည် ထိုလက်ကောက်နှစ်ခုတို့သည် အချင်းချင်း ထိကုန်၍ မြည်ကုန်သည်တို့ကို မြင်၍ ဤလက်ကောက်သည် တစ်ခု တစ်ခုသော ကာလ၌ မထိ၊ အဖော်ကို စွဲ၍ ထ၏၊ အသံကို ပြု၏၊ ဤအတူလျှင် သတ္တဝါတို့သည် တစ်ယောက် အထီးတည်းနေကုန်သော် မထိကုန်၊ ခိုက်ရန်မဖြစ်ကုန်၊ နှစ်ယောက် သုံးယောက် ဖြစ်ကုန်၍ အချင်းချင်းထိကုန်၏၊ငါသည် ဤဂန္ဓာရတိုင်း၌ နှစ်ပြည်ထောင်တို့၌နေကုန်သော သူတို့ကို စီရင်၏။ ငါသည်လည်း တစ်ခုသော လက်ကောက်နှင့် တူသည်ဖြစ်၍ သူတစ်ပါးကို မစီရင်မူ၍ မိမိကိုယ်ကိုသာလျှင် စီရင်သဖြင့် နေခြင်းငှါ သင့်၏ဟု ထိသောလက်ကောက်ကို အာရုံပြု၍ ထိုင်မြဲတိုင်းဖြင့်သာလျှင် လက္ခဏာသုံးပါးတို့ကိုမှတ်၍ ဝိပဿနာကိုပွားစေ၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၏၊ ကြွင်းသော စကားသည် ရှေးနှင့်တူသလျှင်တည်း၊

ဝိဒေဟတိုင်း မိထိလာပြည်၌ နိမိမည်သော မင်းသည် နံနက်စာ စားပြီးသော် အမတ်အပေါင်း ခြံရံလျက် ဖွင့်သောလေသာပြတင်းဖြင့် ခရီးအကြားကို ကြည့်လျက်ရှိ၏၊ ထိုအခါ တစ်ခုသော စွန်သည် အမဲဈေးမှ သားတစ်ကို ယူ၍ ကောင်းကင်သို့ ပျံ၏၊ ထိုစွန်ကို ထိုမှဤမှ လင်းတအစရှိကုန်သော ငှက်တို့သည် ခြံရံ၍ အာဟာရဟူသော အကြောင်းကြောင့် နှုတ်သီးဖြင့် ထိုးကုန်လျက် ဒူးတောင်တို့ဖြင့် ခတ်ကုန်လျက် ခြေတို့ဖြင့် နင်းကုန်လျက် လိုက်ကုန်၏။ ထိုသားတစ်ကို ယူသောစွန်သည် မိမိအား ညှဉ်းဆဲခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ ထိုသားတစ်ကို စွန့်၏။ တစ်ကောင်သောငှက်သည် ယူ၏၊ ထိုငှက်တို့သည် သားတစ်ကို စွန့်သော ငှက်ကို လွှတ်၍ သားတစ်ကိုယူသောငှက်ကို လိုက်ကုန်၏။ ထိုငှက်သည် စွန့်အပ်သော သားတစ်ကို တစ်ပါးသောငှက်သည် ယူပြန်၏၊ ထိုငှက်တို့သည်လည်း ထို့အတူလျှင် ညှဉ်းဆဲကုန်၏၊မင်းသည် ထိုငှက်တို့ကို မြင်၍ အကြင်ငှက်သည် သားတစ်ကို ယူ၏။ ထိုထို ငှက်အားသာလျှင် ဆင်းရဲ၏၊ အကြင်အကြင် ငှက်သည် လွှတ်၏။ ထိုငှက်အားသာလျှင် ချမ်းသာ၏။ ဤငါးပါးကုန်သော ကာမဂုဏ်တို့လည်း အကြင်အကြင် သူသည် ယူ၏။ ထိုထိုသူသည် ဆင်းရဲ၏၊ မယူသောသူအားလျှင် ချမ်းသာ၏၊ ဤကာမဂုဏ်တို့သည် များစွာကုန်သော သူတို့အား ဆက်ဆံကုန်၏၊ငါ့အားကား တစ်သောင်းခြောက်ထောင်ကုန်သော မောင်းမတို့သည် ရှိကုန်၏၊ စွန်သည် နှုတ်သီးမှ သားတစ်ကို လွှတ်သကဲ့သို့ ငါသည် ငါးပါးကုန်သော ကာမဂုဏ်တို့ကို စွန့်၍ ချမ်းသာစွာ ပြုခြင်းငှါ သင့်၏ဟု ကြံ၏၊ ကြံပြီး၍ မင်းသည် အသင့်အားဖြင့် နှလုံးသွင်းလျက် တည်မြဲတိုင်းလျှင် လက္ခဏာရေးသုံးပါးတို့ကို မှတ်၍ ဝိပဿနာကို ပွားစေ၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၏၊ ကြွင်းသော စကားသည် ရှေးဝတ္ထုနှင့် တူသလျှင်ကတည်း။

ဥတ္တရပဉ္စာလတိုင်း ကပိလမြို့၌ ဒုမ္မုခမည်သော မင်းသည် နံနက်စာစားပြီးသော် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်ပြီးလျှင် အမတ်အပေါင်း ခြံရံလျက် ဖွင့်အပ်သော လေသာပြတင်းဖြင့် မင်းရင်ပြင်ကို ကြည့်လျက် တည်၏၊ ထိုခဏ၌ နွားခြံတံခါးကို ဖွင့်ကုန်၏။ ဥသဘတို့သည် ခြံမှ ထွက်ကုန်၍ ကိလေသာ၏ အစွမ်းဖြင့် တစ်ကောင်သော နွားမသို့ လိုက်ကုန်၏၊ ထိုဥသဘတို့တွင် တစ်ကောင်သော ထက်သော ဦးချိုရှိသော ဥသဘကြီးသည် လာလတ်သော် တစ်ပါးသော ဥသဘကို မြင်၍ ကိလေသာ၌ ဝန်တိုခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ ထက်သော ဦးချိုဖြင့် ပေါင်ကြား၌ ဝှေ၏၊ ထိုဥသဘအား ဝှေရာမှ အူတို့သည် ထွက်ကုန်၏၊ ထိုဥသဘသည် ထိုအရပ်၌လျှင် အသက်ကုန်ခြင်းသို့ ရောက်၏၊ မင်းသည် ထိုဥသဘကို မြင်၍ ဤသတ္တဝါတို့သည် တိရစ္ဆာန်တို့ကို အစပြု၍ ကိလေသာ၏ အစွမ်းဖြင့် ဆင်းရဲခြင်းသို့ ရောက်၏၊ ဤဥသဘသည် ကိလေသာကို မှီ၍ အသက်ကုန်ခြင်းသို့ ရောက်၏၊ တစ်ပါးသော သတ္တဝါတို့သည်လည်း ကိလေသာ၏ အစွမ်းအားဖြင့် တုန်လှုပ်၏၊ ငါသည် ဤသတ္တဝါတို့ကို တုန်လှုပ်စေတတ်သော ကိလေသာတို့ကို ပယ်အံ့သောငှါ သင့်၏ဟု ကြံ၏၊ ကြံပြီး၍ မင်းသည် ရပ်လျက်လျှင် လက္ခဏာရေးသုံးပါးတို့ကို မှတ်၍ ဝိပဿနာကို ပွားစေ၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၏။ (ကြွင်းသော စကားသည် ရှေးနှင့် တူသလျှင်ကတည်း။)

ထိုအခါ တစ်နေ့သ၌ လေးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ဆွမ်းခံအခါကို မှတ်၍ နန္ဒမူလိုဏ်မှ ထွက်၍ အနဝတတ်အိုင်၌ နာဂလတာမည်သော ဒန်ပူကို စား၍ ပြုအပ်ပြီးသော ကိုယ်လက်သုတ်သင်ခြင်း ရှိကုန်သည်ဖြစ်၍ ဆေးဒန်း မြင်းသီသာဖြင့် ပြီးသော ကျောက်ဖျာအပြင်၌ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူ၍ တန်ခိုးဖြင့် ကောင်းကင်သို့ ပျံ၍ ငါးပါးသော အဆင်းရှိသော တိမ်တိုက်တို့ကို နင်းကုန်လျက် သွားကုန်၍ ဗာရာဏသီမြို့တံခါး ရွာ၏ အနီး၌ သက်၍ တစ်ခုသော ချမ်းသာရာအရပ်၌ သင်္ကန်းရုံ၍ သပိတ်ကို ယူ၍ ရွာသို့ ဝင်၍ ဆွမ်းအလို့ငှါ သွားကုန်လတ်သော် ဘုရားလောင်း၏ အိမ်တံခါးသို့ ရောက်ကုန်၏၊ ဘုရားလောင်းသည်လည်း ထိုပစ္စေကဗုဒ္ဓါတို့ကို မြင်၍ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ အိမ်သို့ သွား၍ ခင်းအပ်သော နေရာ၌ နေစေ၍ အလှူရေစက်ကို လှူ၍ မြတ်သော ခဲဖွယ်ဖြင့် လုပ်ကျွေး၍ တင့်အပ်သော အရပ်၌ နေ၍ သံဃာ့ထေရ်ကို ရှိခိုး၍ အရှင်ဘုရား အရှင်ဘုရားတို့၏ ရဟန်းအဖြစ်သည် အလွန်လျှင် တင့်တယ်၏၊ အရှင်ဘုရားတို့၏ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်ကုန်၏၊ အရေအဆင်းတို့သည် စင်ကြယ်ကုန်၏၊ အဘယ်အာရုံကို မြင်၍လျှင် အရှင်ဘုရားတို့သည် ဤဆွမ်းခံသော အကျင့်ရှိသော ရဟန်းအဖြစ်သို့ ကပ်ကုန်သနည်းဟု မေး၏၊ သံဃာ့ထေရ်ကို မေးသကဲ့သို့ ထိုအတူ ကြွင်းကုန်သော

ပစ္စေကဗုဒ္ဓါတို့သို့ ကပ်၍လည်း မေး၏၊ ထိုအခါ ဘုရားလောင်းအား ထိုလေးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ဤမည်သော မြို့၌ ဤမည်သော တိုင်း၌ ဤမည်သော မင်းဖြစ်၏၊ ဤသို့ အစရှိသောနည်းဖြင့် မိမိတို့၏ တောထွက်ခြင်း ဝတ္ထုတို့ကို ဆိုလို၍ အစဉ်သဖြင့် ဤဂါထာတို့ကို ရွတ်ကုန်၏—

၉၀။ အမ္ဗာဟံ မဒ္ဒံ ဝနမန္တရသ္မိံ၊ နီလောဘာသံ ဖလိတံ သံဝိရူဠှံ။
တံ မဒ္ဒသံ ဖလဟေတု ဝိဘဂ္ဂံ၊ တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ။

၉၁။ သေလံ သုမဋ္ဌံ နရဝီရနိဋ္ဌိတံ၊ နာရီ ယုဂံ ဓာရယိ အပ္ပသဒ္ဒံ။
ဒုတိယဉ္စ အာဂမ္မ အဟောသိ သဒ္ဒေါ၊ တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ။

၉၂။ ဒိဇာ ဒိဇံ ကုဏပ' မာဟရန္တံ၊ ဧကံ သမာနံ ဗဟုကာ သမေစ္စ။
အာဟာရဟေတူ ပရိပါတယိံသု၊ တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ။

၉၃။ ဥသဘာဟံ မဒ္ဒံ ယူထဿ မဇ္ဈေ၊ စလက္ကကုံ ဝဏ္ဏဗလူပပန္နံ။
တမဒ္ဒသံ ကာမဟေတု ဝိတုန္နံ၊ တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ။

ငါသည် သရက်တော၏ အလယ်၌ ညိုသော အရောင်ရှိသော အသီးနှင့် ပြည့်စုံသော စည်ပင်ပြန့်ပွားသော သရက်ပင်ကို ဥယျာဉ်သို့အဝင် လက်ဦး မြင်၏။ အသီးဟူသော အကြောင်းကြောင့် ပျက်စီးသော ထိုသရက်ပင်ကိုပင် အထွက်၌ တစ်ဖန်မြင်ပြန်၏။ ထိုသရက်ပင်ကို မြင်၍ ဆွမ်းခံသော အကျင့်ကို ကျင့်၏။

မိန်းမသည် ပတ္တမြားဖြင့် ပြီးသော အလွန်ပြေပြစ်သော ပညာရှိသော လူတို့သည် စီရင်အပ်သော အသံမရှိသော တစ်ဘက်တစ်ဘက်၌ တစ်ခုတစ်ခုသော လက်ကောက်အစုံကို ဆောင်၏။ ဆက်၍ ဆိုအံ့။ လက်ယာဘက်မှ လက်ဝဲဘက်သို့ ပေါင်း၍ ဆင်ယင်သော နှစ်ခုမြောက် အပေါင်းဖြစ်သော လက်ကောက်ကို စွဲ၍ အသံသည် ဖြစ်၏။ ထိုလက်ကောက်ကို မြင်၍ ငါသည် ဆွမ်းခံသော အကျင့်ကို ကျင့်၏။

သားတစ်ကို ဆောင်သော မြတ်နိုးသော ငှက်တစ်ကောင်ကို ငှက် အများတို့သည် အညီအညွတ် စည်းဝေး၍ အာဟာရဟူသော အကြောင်းကြောင့် ထိုးဆွ၍လိုက်ကုန်၏၊ ထိုငှက်ကို မြင်၍ ငါသည် ဆွမ်းခံသောအကျင့်ကို ကျင့်၏။

န္တာအပေါင်း၏ အလယ်၌ လှ^သော လဘ်ရှိသော အဆင်း အားနှင့် ပြည့်စုံသော ဥသဘကို ငါသည် မြင်၏။ ကာမဟူသော အကြောင်းကြောင့် နှိပ်စက်အပ်သော ထိုဥသဘကို မြင်ပြန်၏၊ ထိုဥသဘကို မြင်၍ ငါသည် ဆွမ်းခံသောအကျင့်ကို ကျင့်၏။

ဘုရားလောင်းသည် တစ်ခုတစ်ခုသော ဂါထာကို နာရ၍ အရှင်ဘုရားတို့ ကောင်းစွ ကောင်းစွ၊ ထိုအာရုံသည် အရှင်ဘုရားတို့အားသာလျှင် လျောက်ပတ်၏ဟု တစ်ဆူတစ်ဆူသောပစ္စေကဗုဒ္ဓါအား ချီးမွမ်းခြင်းကို ပြု၏၊ လေးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ဟော အပ်သော ထိုဓမ္မဒေသနာကို နာရ၍ အိမ်၌ နေခြင်းဖြင့် အလိုမရှိသည်ဖြစ်၍ ပစ္စေကဗုဒ္ဓါတို့သည် ဖဲကုန်လတ်သော် နံနက်စာ စားပြီး၍ ချမ်းသာစွာ နေလျက် မယားကို ခေါ်၍ ရှင်မ ဤလေးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် မင်းအဖြစ်ကို စွန့်၍ ရဟန်းပြု၍ ပလိဗောဓ မရှိကုန်သည် ဖြစ်၍ ချမ်းသာသဖြင့် လှည့်စေကုန်၏၊ ငါသည်ကား အခစားသဖြင့် အသက်ကို မွေး၏၊ ငါအား အိမ်၌ နေသဖြင့် အဘယ်မှုအံ့နည်း၊ သင်သည် သားငယ်တို့ကို သင်္ဂြိုဟ်၍သာ အိမ်၌ နေရစ်သော့ဟု ဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၉၄။ ကရဏ္ဍကော ကလိင်္ဂါနံ၊ ဂန္ဓာရာနဉ္စ နဂ္ဂဇိ။
နိမိရာဇာ ဝိဒေဟာနံ၊ ပဉ္စာလာနဉ္စ ဒုမ္မုခေါ။
ဧတေ ရဋ္ဌာနိ ဟိတွာန၊ ပဗ္ဗဇိံသု အကိဉ္စနာ။

၉၅။ သဗ္ဗေပိမေ ဒေဝသမာ သမာဂတာ၊
အဂ္ဂီ ယထာ ပဇ္ဇလိတော တထေဝိမေ။
အဟမ္ပိ ဧကော စရိဿာမိ ဘဂ္ဂဝိ၊
ဟိတွာန ကာမာနိ ယထောဓိကာနိ။

အိုးသိန်းသည်မ ကလိင်္ဂတိုင်းသူတို့၏ ကရဏ္ဍကမင်းလည်းကောင်း၊ ဂန္ဓာရတိုင်းသူတို့၏ နဂ္ဂဇိမင်းလည်းကောင်း၊ ဝိဒေဟတိုင်းသူတို့၏ နိမိမင်းလည်းကောင်း၊ ပဉ္စာလတိုင်းသူတို့၏ ဒုမ္မုခမင်းလည်းကောင်း ထိုလေးပါးကုန်သောမင်းတို့သည် တိုင်းတို့ကို စွန့်၍ ပလိဗောဓ မရှိကုန်သည် ဖြစ်၍ ရဟန်းပြုကုန်၏။

အိုးထိန်းသည်မ အလုံးစုံလည်း ဖြစ်ကုန်သော ဤပစ္စေကဗုဒ္ဓါတို့သည် ဝိသုဒ္ဓိနတ်ဖြစ်ကုန်သော ရှေးပစ္စေကဗုဒ္ဓါတို့နှင့်တူကုန်၏၊ ရှေးပစ္စေကဗုဒ္ဓါတို့နှင့် အတူတကွ လာကုန်၏။ မီးသည် တောက်ပသကဲ့သို့ ထွန်အတူလျှင် ဤပစ္စေကဗုဒ္ဓါ

တို့သည် တောက်ပကုန်၏။ အိုးထိန်းသည်မ ငါသည်လည်း အကြင်အကြင် ရှုပါရုံအစရှိသော အပိုင်းအခြားအားဖြင့် တည်ကုန်သော ဝတ္ထုကာမတို့ကို ငွေနှ၍ ရဟန်းပြု ပြီး၍ တစ်ယောက်ထီးတည်း ကျင့်အံ့။

မယားသည် ဘုရားလောင်း၏ စကားကိုကြား၍ သခင် ကုန်ပ်ဓာ်လည်း ပစ္စေကဗုဒ္ဓါတို့၏ တရားစကားကို နာရသော ကာလမှ၍ အိမ်၌ စိတ်သည် မတည်ဟုဆိုလို၍ ဤဂါထာကို ဆို၏—

၉၆။ အယမေဝ ကာလော န ဟိ အညော အတ္ထိ၊
အနုသာသိတာ မေ န ဘဝေယျုံ ပစ္ဆာ။
အဟမ္ပိ ဧကာ စရိဿာမိ ဘဂ္ဂဝ၊
သကုဏီဝ မုတ္တာ ပုရိသဿ ဟတ္ထာ။

အိုးထိန်းသည် ငါ့အား နောက်ကာလ၌ ဆုံးမအပ်သည် မဖြစ်ခြင်းကြောင့် ဤအခါသည်သာလျှင် ရဟန်းပြုအံ့သောအခါတည်း၊ တစ်ပါးသော ရဟန်းပြုအံ့သောကာလသည် မရှိသည်သာလျှင်တည်း၊ ငှက်ခတ်သောယောကျာ်း၏ လက်မှ လွတ်သော ငှက်မကဲ့သို့ ငါသည်လည်း တစ်ယောက်ထီးတည်း ကျင့်အံ့။

ဘုရားလောင်းသည် မယား၏ စကားကို ကြား၍ ဆိတ်ဆိတ်နေ၏ ထိုမယားသည်ကား ဘုရားလောင်းကို လှည့်စား၍ ရှေးဦးစွာ ရဟန်းပြုလိုသည် ဖြစ်၍ သခင် ရေခပ်ဆိပ်သို့ သွားအံ့၊ သူငယ်တို့ကို ကြည့်ရှုစေလော့ဟု အိုးကို ယူ၍ ရေခပ်သွားသကဲ့သို့ပြုလျက် ပြေး၍ မြို့အနီးဝယ် ရသေ့မတို့၏ ကျောင်းသို့ သွား၍ ရဟန်းပြု၏၊ ဘုရားလောင်းသည် မယား၏ မလာခြင်းကို သိ၍ မိမိသည် သူငယ်တို့ကို မွေးမြူ၏၊ နောက် အဖို့၌ ထိုသူငယ်တို့သည်အတန်ငယ်ကြီး၍ မိမိတို့၏ ချမ်းသာ ဆင်းရဲကို သိခြင်းငှါ စွမ်းနိုင်သော အရွယ်သို့ ရောက်ကုန်သည်ရှိသော် ထိုသူငယ်တို့ကို စုံစမ်းအံ့သောငှါ တစ်နေ့သ၌ ထမင်းကို ချက်သည်ရှိသော် အနည်းငယ် မနပ်သည်ကို ပြု၍ ချက်၏၊ တစ်နေ့သ၌ အတန်ငယ် ပျော့သည်ကို ပြု၍ ချက်၏၊ တစ်နေ့သ၌ ကောင်းစွာ ကျက်သည်ကို ပြု၍ ချက်၏၊ တစ်နေ့သ၌ အလွန်ပျော့စွာ ပြု၍ ချက်၏၊ တစ်နေ့သ၌ ဆားပေါ့သည်ကို ပြု၍ ချက်၏၊ တစ်နေ့သ၌ ဆားငန်သည်ကို ပြု၍ ချက်၏၊ သူငယ်တို့သည် ဖခင် ယနေ့ ထမင်းသည် မနပ်၊ ယနေ့ ထမင်းသည် ပျော့၏၊ ယနေ့ ကျက်၏၊ ယနေ့ ထမင်းသည် အလွန်ပျော့၏၊ ယနေ့ ဆားပေါ့၏၊ ယနေ့ ဆားငန်၏ဟု ဆို၏၊ ထိုစကားကို ကြား၍ ဘုရားလောင်းသည် အမောင်တို့ ဟုတ်ပေ၏ဟု ဆို၍ သူငယ်တို့သည် ယခုအခါ၌ စိမ်းကုန် ကျက်ကုန် ငန်ကုန် ပေါ့ကုန်သည်တို့ကို သိကုန်၏၊ သင်တို့၏ မွေးမြူခြင်းအားဖြင့် အသက်ရှည်အံ့သောငှါ တတ်နိုင်ကုန်လတ္တံ့၊ ငါသည် ရဟန်းပြုခြင်းငှါ သင့်၏ဟု ကြံ၏၊ ကြံပြီး၍ ထိုသူငယ်တို့ကို ဆွေမျိုး

တို့အား ပေး၍ အပ်နှင်း၍ အိုမိခင် ဖခင်တို့ ဤသငယ်တို့ကို ကောင်းစွာ မွေးကျွေးလော့ဟု ဆို၍ ဘုရားလောင်းသည် ဆွေမျိုးတို့၏ ငိုကြွေးကုန်မှဉ်လျှင် မြို့မှ ထွက်၍ ရသေ့ရဟန်းပြု၍ မြို့အနီး၌လျှင် နေ၏၊ တစ်နေ့သည် ဗာရာဏသီ ပြည်သို့ ဆွမ်းခံသွားသော ထိုဘုရားလောင်းကို ပရိဗိုဇ်မသည် မြင်၍ ရှိခိုး၍ အရှင်ဘုရား သူငယ်တို့ကို အရှင်ဘုရားသည် ဖျက်ဆီးအပ် ကုန်ယောင် တကားဟု ဆို၏၊ ဘုရားလောင်းသည် ငါသည် ဤသူငယ်တို့ကို မဖျက်ဆီး၊ ထိုသူငယ်တို့သည် မိမိတို့၏ ချမ်းသာ ဆင်းရဲကို သိသော ကာလ၌ ရဟန်းပြု၏၊ သင်သည် ထိုသူငယ်တို့အား မအောက်မေ့မူ၍ ရဟန်းအဖြစ်၌ မွေ့လျော်လော့ဟု ဆိုလို၍ ဤဂါထာကို ဆို၏–

၉၇။ အာမံ ပက္ကဥ္စ ဇာနန္တိ၊ အထော လောဏံ အလောဏကံ။
တမဟံ ဒိသွာန ပဗ္ဗဇိံ၊ စရေဝ တွံ စရာမဟံ။

နှမ အစိမ်းအကျက်ကိုလည်းကောင်း၊ ထိုမှ တပါး ဆားငန်သည်ကို လည်းကောင်း၊ ဆားပေါ့သည်ကိုလည်းကောင်း သူငယ်တို့သည် သိကုန်၏။ ငါသည် ထိုသူငယ်တို့၏ အမူအရာကို မြင်၍ ရဟန်းပြု၏၊ သင်သည် ဆွမ်းခံ အပ်သော အကျင့်ကိုသာလျှင် ကျင့်လော့၊ ငါသည်လည်း ကျင့်အံ့။

ဤသို့ ဘုရားလောင်းသည် ပရိဗိုဇ်မကို ဆုံးမ၍ လွှတ်လိုက်၏၊ ပရိဗိုဇ်မ သည်လည်း အဆုံးအမကို ယူ၍ ဘုရားလောင်းကို ရှိခိုး၍ အလိုရှိရာ အရပ်သို့ သွား၏၊ ထိုနေ့ကို ထား၍ တစ်ဖန် ထိုရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် အချင်းချင်း မမြင်ကုန်၊ ဘုရားလောင်းသည်လည်း ဈာန် အဘိညာဉ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုငါးရာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏၊ ဇာတ်ကို အဘယ်ကဲ့သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ သမီးဖြစ်ပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ သားဖြစ်ပြီ၊ ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ ပရိဗိုဇ် ရဟန်းမ ဖြစ်ပြီ၊ ယခုအခါ ငါဘုရား သည်လျှင် ထိုအခါ ပရိဗိုဇ် ရဟန်း ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကိလေသာပွား၊ ဆင်းရဲများ၊ လည်ငြား သံသရာ။)

လေးရာ့ရှစ်ခုမြောက်သော ကုမ္ဘကာရဇာတ်သည် ပြီး၏။

## ၄၀၉-ဒဠှဓမ္မဇာတ်

## ကျေးဇူးတရားကို မမေ့သင့်

## (တစ်လုတ်စားဖူး သူ့ကျေးဇူး)

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသခင်သည် "အဟံ စေ ဒဠှဓမ္မဿ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒဠှဓမ္မဇာတ်ကို ကောသမ္ဗီပြည်ကို မှီ၍ ဃောသိတာရုံကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ဥတေနမင်း၏ ဘဒ္ဒဝတီ ဆင်မကို အကြောင်းပြု၍ ဟောတော်မူ၏။ (ထိုဆင်မ၏ ရအပ်သော အစီရင်သည်လည်းကောင်း, ဥတေနမင်း၏ မင်းနွယ်သည်လည်းကောင်း မာတင်္ဂဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။)

တစ်နေ့သ၌ ထိုဆင်မသည် နံနက်အခါ၌လျှင် အရိယာအပေါင်း ခြံရံလျက် နှိုင်းရည်စရာ ဥပမာမရှိသော ဘုရားအသရေတော်တို့ဖြင့် မြို့သို့ ဆွမ်းအလို့ငှါ ဝင်သော သဗ္ဗညုမြတ်စွာဘုရားကို မြင်၍ သဗ္ဗညုမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်၍ ဘုန်းတော်ကြီးသော ခပ်သိမ်းသောတရားကို သိတော်မူသော လောကကို ဝဋ်ဆင်းရဲမှ ထုတ်တော်မူသော အရှင်ဘုရား ဥတေနမင်းသည် အကျွန်ုပ်ကို ပျိုသောကာလ အမှုကို လုပ်ဆောင်ခြင်းငှါ စွမ်းနိုင်သောကာလ၌ ဤဆင်မကို မှီ၍ ငါသည် အသက်ကိုလည်းကောင်း, ပြည်ကိုလည်းကောင်း, မိဖုရားကိုလည်းကောင်း ရအပ်၏ဟု ချစ်သနား၍ ကြီးစွာသော ပူဇော်သက္ကာရကို ပေး၏၊ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ တည်ရာအရပ်၌ နံ့သာဖြင့် လိမ်းကျံ၍ အထက်၌ ရွှေကြယ်ပိတာန်ကို ဖွဲ့၍ ထက်ဝန်းကျင်မှ ဆန်းကြယ်သော တင်းတိမ်ကာ၍ ဆီမီးကိုထွန်း၍ အခိုးအထုံအိုးကို ထား၍ ကျင်ကြီးစွန့်ရာ အရပ်၌ ရွှေအိုးကို တည်စေ၍ အကျွန်ုပ်ကို ဆန်းကြယ်သော အခင်းရှိသော အင်းပျဉ်၌ထား၏၊ အကျွန်ုပ်အား မင်းအားသာ ထိုက်သော အထူးထူးသော အရသာရှိသော ဘောဇဉ်ကို ပေး၏။

ယခုအခါ အကျွန်ုပ်အား အိုသောကာလ၌ အမှုကို လုပ်ဆောင်အံ့သောငှါ မစွမ်းနိုင်သော ကာလ၌ အလုံးစုံသော ပူဇော်သက္ကာရကို ဖြတ်၏၊ ကိုးကွယ်ရာ ထောက်ပံ့ရာ မရှိသည်ဖြစ်၍ တော၌ ဆတ်သွားတို့ကို စားလျက် အသက်မွေးရ၏၊ အကျွန်ုပ်အား တစ်ပါးသော ကိုးကွယ်ရာသည်မရှိ၊ ဘုန်းတော်ကြီးသော အရှင်ဘုရား အရှင်ဘုရားဘို့သည် ဥတေနမင်းအား အကျွန်ုပ်၏ ကျေးဇူးကို မှတ်စေ၍ ရှေး၌ဖြင်သော ပူဇော်သက္ကာရကို ပကတိရှိသည်ကို ပြုတော်မူပါကုန်

လော့ဟု ငိုကြွေးလျက် မြတ်စွာဘုရားကို တောင်းပန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် သင်သွားလေ၊ ငါသည် ဥတေနမင်းအား သင်၏ ကျေးဇူးကိုဟော၍ စည်းစိမ်အခြံအရံကို ပကတိရှိသည်ကို ပြုအံ့ဟုဆို၍ မင်း၏ နန်းတော်တံခါးသို့ ကြွတော်မူ၍ မင်းသည် သဗ္ဗညုမြတ်စွာဘုရားကို နန်းတော်တွင်းသို့ သွင်း၍ ဘုရားအမှူးရှိသော သံဃာတော်အား အလှူကိုဖြစ်စေ၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ဆွမ်းစားပြီးသော ကိစ္စ၏ အဆုံး၌ အနုမောဒနာကိုပြု၍ မြတ်သော မင်းကြီး ဘဒ္ဒဝတီသည် အဘယ်မှာနည်းဟု မေးတော်မူ၏၊ အရှင်ဘုရား မသိဟု လျှောက်လတ်သော် မြတ်သောမင်းကြီး ကျေးဇူးများသောကုန်သော သူတို့အား အခြံအရံကိုပေး၍ အိုသောကာလ၌ အခြံအရံကို သိမ်းယူသောမည်သည်မသင့်၊ သူ့ကျေးဇူးကို သိတတ်သည် ဆပ်တတ်သည်ဖြစ်ခြင်းငှါ သင့်၏၊ ဘဒ္ဒဝတီသည် ယခုအခါ ကြီးရင့်အိုမင်းပြီ၊ ကိုးကွယ်ရာမရှိသည်ဖြစ်၍ တော၌ ဆတ်သွားတို့ကို စားလျက် အသက်ကို မွေးရ၏၊ အိုသောကာလ၌ ကိုးကွယ်ရာမရှိသည်ကိုပြုအံ့သောငှါ သင်မင်းကြီးတို့အား မသင့်ဟု ဘဒ္ဒဝတီ၏ ကျေးဇူးကိုဟော၍ ရှေး၌ဖြစ်သော အလုံးစုံသော ပူဇော်သက္ကာရကို ပကတိရှိသည်ကို ပြုလော့ဟု မိန့်တော်မူ၍ ဖဲတော်မူ၏။

ဥတေနမင်းသည် မြတ်စွာဘုရား မိန့်တော်မူတိုင်း ပြု၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ဘဒ္ဒဝတီ၏ ကျေးဇူးကို ဟောတော်မူ၍ ရှေး၌ဖြစ်သော စည်းစိမ်အခြံအရံကို ပကတိရှိသည်ကို ပြုတော်မူ၏ဟု မြို့အလုံးသည် နှံ့၏၊ ရဟန်းသံဃာ၌လည်း ထိုအကြောင်းသည် ထင်ရှား၏၊ ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ သဗ္ဗညုမြတ်စွာဘုရားသည် ဘဒ္ဒဝတီ၏ ကျေးဇူးကို ဟောတော်မူ၍ ရှေး၌ဖြစ်သော စည်းစိမ်အခြံအရံကို ပကတိရှိသည်ကို ဖြစ်စေ၏ဟု စကားကိုဖြစ်စေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည်လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူ၍ ဤအမည်ရှိသောစကားဖြင့် စည်းဝေးကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရားသည် ဤဆင်မ၏ ကျေးဇူးကို ဖော်၍ ပြောလတ်ပြီးသော် စည်းစိမ်အခြံအရံကို ပကတိအတိုင်းရစေသည်ကိုပြုသည် မဟုတ်သေး၊ ရှေး၌လည်း ပြုဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဒဠှဓမ္မမင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏အထံ၌ ကြီးစွာသော စည်းစိမ်ကိုရ၍ အမတ်အရာ၌ တည်၏။ ဒဠှဓမ္မမင်းအား အစွမ်းအားနှင့် ပြည့်စုံသော ခွန်အားကြီးသော တစ်ကောင်သော ဩဋ္ဌဗျာဓိမည်သော ဆင်မသည် ရှိ၏၊

တစ်နေ့ချင်း ယူဇနာတစ်ရာကို သွားနိုင်၏၊ တမန်သည်တို့ ဆောင်အပ်သော ကိစ္စကို ပြု၏။ စစ်ထိုးရာ၌ စစ်ထိုးခြင်းကို ပြု၏၊ ရန်သူတို့ကို နှိမ်နင်းခြင်းကို ပြု၏၊ မင်းသည် ဤသြဇာမျာခိသည့် ငါ့အား ကျေးဇူးများ၏ဟု သြဇာမျာခိအား အလုံးစုံသော တန်ဆာကို ပေး၍ ဥတေနမင်းကြီးသည် ဘဒ္ဒဝတီဆင်မအား ပေးအပ်သည်နှင့် တူစွာသော အလုံးစုံသော စည်းစိမ်အခြံအရံကို ပေး၏၊ ထိုအခါ ထိုသြဇာမျာခိ၏ အိုသော အားနည်းသော ကာလ၌ မင်းသည် အလုံးစုံသော စည်းစိမ်အခြံအရံကို ယူ၏၊ ထိုသြဇာမျာခိသည် ထိုအခါမှ စ၍ ကိုးကွယ်ရာ မရှိသည်ဖြစ်၍ တော၌ မြက်သစ်ရွက်တို့ကို စားလျက် အသက်ကို မွေးရ၏၊ ထိုအခါ တင်နေသ၌ မင်းအိမ်၌ အိုးတို့သည် မလောက်ကုန်သည် ရှိသော် မင်းကြီးသည် အိုးထိန်းကို ခေါ်စေ၍ အိုးတို့သည် မလောက်ကုန် သတတ်ဟု ဆိုလေ၏၊ အရှင်မင်းကြီး နွားချေးဆောင်သော ယာဉ်၌ ကအပ်သောငါ့ နွားတို့ကို မရဟု ဆို၏၊ မင်းသည် အိုးထိန်း၏စကားကို ကြား၍ ငါ၏ သြဇာမျာခိအသည် အဘယ်မှာနည်းဟု မေး၏၊ အရှင်မင်းကြီး မိမိမမွေတာ အားဖြင့် လှည့်လည်၏ဟု ဆို၏။

မင်းသည် ဤနေ့မှစ၍ ဤသြဇာမျာခိကိုက၍ နွားချေးတို့ကို ဆောင်လော့ဟု သြဇာမျာခိကို အိုးထိန်းသည်အား ပေး၏၊ အိုးထိန်းသည်လည်း အရှင်မင်းကြီး ကောင်းပြီဟု ဆို၍ မင်းဆိုတိုင်း ပြု၏၊ ထိုအခါ တစ်နေ့သ၌ သြဇာမျာခိသည် မြို့မှ ထွက်၍ ညအခါ မြို့သို့ဝင်သော ဘုရားလောင်းကိုမြင်၍ ရှိခိုး၍ ဘုရားလောင်း၏ ခြေရင်း၌ ဝပ်၍ ငိုကြွေးလျက် အရှင်မင်းကြီးသည် အကျွန်ုပ်ကို ပျိုသော ကာလ၌ ကျေးဇူးများ၏ဟု မှတ်၍ ကြီးစွာသော စည်းစိမ်အခြံအရံကို ပေး၍ ယခု အိုသော ကာလ၌ အလုံးစုံသော စည်းစိမ်အခြံအရံကို ဖြတ်၍ အကျွန်ုပ်၌ စိတ်ကိုမျှ ဝည်းမပြု၊ အကျွန်ုပ်သည် ကိုးကွယ်ရာ မရှိဖြစ်၍ တော၌မြက် သစ်ရွက် တို့ကို စားလျက် အသက်မွေးရ၏၊ ဤသို့ ဆင်းရဲခြင်းသို့ ရောက်သော အကျွန်ုပ်ကို ယခုအခါ ယာဉ်၌ ကစိမ့်သောငှါ အိုးထိန်းသည်အား ပေးပြန်၏၊ အရှင်တို့ကို ထား၍ အကျွန်ုပ်အား တစ်ပါးသော ကိုးကွယ်ရာသည် မရှိ၊ မင်းအား အကျွန်ုပ်ပြုသော ကျေးဇူးကို အရှင်တို့သည် သိပါစေကုန်လော့၊ အကျွန်ုပ် တောင်းပန်ပါ၏၊ ယခုအခါ အကျွန်ုပ်အား ပျောက်သော စည်းစိမ်ကို ပကတိ ရှိသည်ကို ပြုကုန်လော့ဟု ဆို၍ ဤဂါထာတို့ကို ဆို၏—

၉၇။ အဟံ စေ ဒဋ္ဌခမ္မယာ၊ ဝဟန္တိ နာဘိရာမယိံ။
ခေန္တိ ဥဒကသိ သလ္လံ၊ ယုဒ္ဓေ ဝိက္ကန္တစာရိနိံ။

၉၈။ နူန ရာဇာ န ဇာနာတိ၊ မမ ဝိက္ကမပေါရိသံ။
သင်္ဂါမေ သုကတန္တာနိ၊ ဒူတဝိပ္ပဟိတာနိ စ။

၁၀၀။ သာ နူနာဟံ မရိဿာမိ၊ အဗန္ဓု အပရဏ ယိနီ။
တဒါ ဟိ ကုမ္ဘကာရဿ၊ ဒိန္နာ ဆကဏဟာရိကာ။

အရှင် အကျွန်ုပ်သည် ထိုထို ကိစ္စကို ရွက်ဆောင်လျက် ယာဉ်၌ ဖွဲ့အပ်သော သန်လျက်ကို ရွှေရှုဆောင်လျက် စစ်ထိုးရာ၌ အောင်စေတတ်သော စစ်ထိုးခြင်းဖြင့် လုံ့လကိုဆောင်သွားလျက် ဒဠှဓမ္မမင်း၏ စိတ်ကို အကယ်၍ မနှစ်သက်စေနိုင်သည်ဖြစ်အံ့ အဘယ်သူသည် ထိုမင်း၏ စိတ်ကို နှစ်သက်စေနိုင်လတ္တံ့နည်း။

အကျွန်ုပ်၏ အားထုတ်ခြင်းဟူသော ယောကျ်ားတို့၏ အမှုကိုလည်းကောင်း၊ စစ်ထိုးရာ၌ ကောင်းစွာ ပြုအပ်ကုန်သော ကိစ္စတို့ကို လည်းကောင်း၊ လည်၌ စာချွေကို ဖွဲ့၍ ဤမည်သော မင်းအား ပေးလော့ဟု စေအပ်သည် ရှိသော် အကျွန်ုပ်သည် တစ်နေ့ချင်းလျှင် ယူဇနာတစ်ရာရှိသော အရပ်သို့ သွား၍ တမန်သည်တို့ ဆောင်အပ်သော အမှုကို ဆောင်ခြင်းတို့ကိုလည်းကောင်း ဒဠှဓမ္မမင်းသည် မသိယောင်တကား။

ထိုအကျွန်ုပ်သည် အဆွေခင်ပွန်း မရှိသည်ဖြစ်၍ ကိုးကွယ်ရာ မရှိသည်ဖြစ်၍ သေရယောင်တကား။ ထို့ကြောင့်လျှင် နွားချေးဆောင်သော အမှုကို ပြု၍ မင်းသည် အိုးထိန်းအား ငါ့ကိုပေးအပ်၏။

ဘုရားလောင်းသည် ဩဋ္ဌဗျာဓိ၏ စကားကိုကြား၍ သင်သည် မစိုးရိမ်လင့်၊ ငါသည် မင်းအား ဆို၍ သင့်အား စည်းစိမ် အခြံအရံကို ပကတိရှိသည်ကို ပြုအံ့ဟု ဩဋ္ဌဗျာဓိကို နှစ်သိမ့်စေ၍ မြို့သို့ ဝင်၍ နံနက်စာ စားပြီးသော် မင်း၏ ဒွါရထံသို့ သွား၍ စကားကို ဖြစ်စေ၍ မြတ်သောမင်းကြီး ဤအမည်ရှိသော ဩဋ္ဌဗျာဓိသည် ဤမည်သောအရပ်၌ ရင်၌ မြားလုံကို ဖွဲ့၍ စစ်ထိုးခြင်းအမှုကို ထုတ်ဆောင်၏၊ ဤမည်သော နေ့၌ကား လည်၌ စာကို ဖွဲ့၍ စေလွှတ်၍ ယူဇနာ တစ်ရာရှိသော အရပ်သို့သွား၏၊ အရှင်မင်းကြီးတို့သည်လည်း ထိုဩဋ္ဌဗျာဓိအား ကြီးစွာသော စည်းစိမ် အခြံအရံကို ပေးကုန်၏၊ ထိုဩဋ္ဌဗျာဓိသည် ယခု အဘယ်မှာနည်းဟု မေး၏၊ ထိုဩဋ္ဌဗျာဓိကို ငါသည် နွားချေး ဆောင်စိမ့်သောငှါ အိုးထိန်းသည်အား ပေး၏ဟု ဆို၏၊ ထိုအခါ မင်းကို ဘုရားလောင်းသည် မြတ်သော မင်းကြီး၊ ရှင်မင်းကြီးတို့သည် ပြုအပ်သော အမှုသည် မလျောက်ပတ်၊ အိုးထိန်းအား ယာဉ်၌ ကပ်စိမ့်သောငှါ ပေးတော်မူခြင်းသည် မလျောက်ပတ်သလျှင်ကတည်းဟု ဆို၍ မင်းအား ဆုံးမလိုသည်၏ အစွမ်းအားဖြင့် ဤဂါထာတို့ကို ဆို၏—

၁၀၁။ ယာဝတာ’ သီသတီ ပေါသော၊ တာဝဒေဝ ပဝိဏာတိ။
အတ္ထာပါယေ ဇဟန္တိ နံ၊ ဩဋ္ဌိဗျာဓိ°ဝ ခတ္တိယော။

၁၀၂။ ယော ပုဗ္ဗေ ကတကလျာဏော၊ ကတတ္ထော နာဝဗုဇ္ဈတိ။
အတ္ထာ တဿ ပလုဇ္ဇန္တိ၊ ယေ ဟောန္တိ အဘိပတ္ထိတာ။

၁၀၃။ ယော ပုဗ္ဗေ ကတကလျာဏော၊ ကတတ္ထော မနုဗုဇ္ဈတိ။
အတ္ထာ တဿ ပဝဍ္ဎန္တိ၊ ယေ ဟောန္တိ အဘိပတ္ထိတာ။

၁၀၄။ တံ ဝေါ ဝဒါမိ ဘဒ္ဒန္တေ၊ ယာဝန္တေတ္ထ သမာဂတာ။
သဗ္ဗေ ကတညုနော ဟောထ၊ စိရံ သဂ္ဂမှိ ဌဿထ။

ယောကျ်ားသည် မိမိတောင့်တချက် မပြည့်သေးသမျှ အချိန်အထိသာ ထိုယောကျ်ားကို ဆည်းကပ်၏၊ မင်းသည် ဩဋ္ဌဗျာဓိမည်သော ဆင်မကို စွန့်သကဲ့သို့ အကျိုးစီးပွား ကင်းမဲ့သည်ရှိသော် ထိုယောကျ်ားကို စွန့်ကုန်၏။

ရှေးအခါက သူတစ်ပါးပြုဖူးထားသော ကျေးဇူး အမှုကိစ္စကို ပြန်လည် ကျေးဇူးမသိတတ်သော သူသည် နောက်ထပ် မိမိတောင့်တ ပြုလုပ်လိုသောအခါ အကျိုးစီးပွားများ မရနိုင်တော့ချေ။

ရှေးက သူတစ်ပါးပြုဖူးထားသော ကျေးဇူးကို ပြန်လည် ကျေးဇူးဆပ်သော သူသည် နောက်တစ်ခါ မိမိ လိုလား တောင့်တ ပြုလုပ်လိုသော အခါ အကျိုး ထိုသည် တိုးပွားကုန်၏။

အရှင်တို့ ထို့ကြောင့် ငါသည် သင်တို့ကို ဆို၏၊ ဤအရပ်၌ အကြင်မျှ လောက်ကုန်သော စည်းဝေးကြကုန်သော သင်တို့အားလုံးသည် သူတစ်ပါး ကျေးဇူးကို ပြန်လည်သိကြကုန်သည်ဖြစ်၍ ကြာမြင့်စွာ နတ်ပြည်၌ နေရကုန်အံ့။

ဤသို့ ဘုရားလောင်းသည် မင်းကိုအစပြု၍ စည်းဝေးကုန်သော ခပ်သိမ်း ကုန်သော သူတို့အား အဆုံးအမကို ပေး၏၊ ထိုစကားကို ကြား၍ မင်းသည် ဩဋ္ဌဗျာဓိအား စည်းစိမ်အခြံအရံကို ပကတိရှိသည်ကို ပြု၏၊ ဘုရားလောင်း၏ အဆုံးအမ၌လည်း တည်၍ ကြာမြင့်စွာ အလှူအစရှိသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လား၏။

### ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဘဒ္ဒဝတီသည် ထိုအခါ ဩဠာဗျာဓိဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အမတ်ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးရှိငြား၊ သိသူအား၊ ကျိုးကား ဖြစ်ထွန်းရာ)

လေးရာကိုးခုမြောက်သော ဒဠှဓမ္မဇာတ်သည် ပြီး၏။

---

## ၄၁၀-သောမဒတ္တဇာတ်

### သတ္တဝါမှန်သမျှ သေခြင်းသဘောရှိ

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် "ယော မံ ပုရေ ပစ္စုဍ္ဍေတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ သောမဒတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းကြီးသည် တစ်ယောက်သော သာမဏေကို ရှင်ပြုစေသတတ်၊ ထိုသာမဏေသည် ထိုရဟန်းကြီးအား ကျေးဇူးပြုသည်ဖြစ်၍ ထိုသို့သဘောရှိသော ရောဂါဖြင့် သေ၏၊ ထိုရဟန်းကြီးသည် ထိုသာမဏေ သေသည်ရှိသော် ငိုကြွေးမြည်တမ်းလျက်သွား၏၊ ထိုရဟန်းကြီးကို မြင်၍ ရဟန်းတို့သည် တရားသဘင်၌ ဤအမည်ရှိသော ရဟန်းကြီးသည် သာမဏေ၏ သေခြင်းကြောင့် ငိုကြွေးမြည်တမ်းလျက်သွား၏၊ မရဏဿတိကမ္မဋ္ဌာန်းမှ ကင်းယောင်တကားဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညူမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤရဟန်းသည် ဤသာမဏေ သေသည်ရှိသော် ငိုကြွေးသည်မဟုတ်သေး၊ ရှေး၌လည်း ငိုဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်၌ သိကြားဖြစ်၏၊ ထိုအခါ တစ်ယောက်သော ကာသိနိဂုံးရွာ၌နေသော ပုဏ္ဏားသည် များသောဥစ္စာ ရှိ၏၊ ကာမကို စွန့်၍ ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်းပြု၍ ဆွမ်းခံ သွားသဖြင့်လည်းကောင်း၊ တောသစ်မြစ် သစ်သီးတို့ဖြင့်လည်းကောင်း မျှလျက် နေခြင်းကိုပြု၏။ တစ်နေ့သ၌ သစ်သီးကြီးငယ် အကျိုးငှါ သွားသည်ရှိသော် တစ်ကောင်သော ဆင်ငယ်ကို မြင်၍ မိမိကျောင်းသို့ဆောင်၍ သားအရာ၌ ထား၍ ထိုဆင်အား သောမဒတ္တဟူသောအမည်ကို မှည့်၍ မြက်သစ်ရွက်တို့ကို စားစေလျက် မွေးမြူ၏၊ ထိုဆင်သည် အရွယ်ရောက်လတ်သော် ကြီးသောကိုယ်ရှိသည်ဖြစ်၍ တစ်နေ့သ၌ များစွာသော အစာကို ယူ၍ အစာမကျေခြင်းကြောင့် အားနည်းသည်ဖြစ်၏၊ ရသေ့သည် ထိုဆင်ကို ကျောင်း၌ထား၍ သစ်သီးကြီးငယ်ဒေလို့ငှါ သွား၏၊ ထို ရသေ့ မရောက်မီလျှင် ဆင်ငယ်သည် သေ၏၊ ရသေ့သည် သစ်သီးကြီးငယ်ကို ယူ၍ လာလတ်သော် တစ်ပါးကုန်သော နေ့တို့၌ ငါတို့၏သားသည် ခရီးဦးကြို ဆိုခြင်းကို ပြု၏၊ ယနေ့ မထင်၊ အဘယ်သို့လျှင် သွားသနည်းဟု ငိုကြွေးလို သည်ဖြစ်၍ ဤဂါထာကို ဆို၏—

၁၀၅။ ယော မံ ပုရေ ပစ္စုဍ္ဍေတိ၊ အရညေ ဒူရမာယတော။
သော န ဒိဿတိ မာတင်္ဂေါ၊ သောမဒတ္တော ကုဟိံ ဂတော။

အလုံးအရပ်နှင့် ပြည့်စုံသော ငါ့ကို ရှေးအခါက တောထဲ၌ အဝေးက ပင်လျှင် ခရီးဦး ကြိုဆိုသော သောမဒတ္တမည်သော ဆင်ကို အခု မတွေ့မမြင် ရပေ၊ အဘယ်အရပ်သို့ သွားသနည်း။

ဤသို့ ငိုကြွေးလျက် လာလတ်သော် စင်္ကြံဦး၌ လဲသော ဆင်ကို မြင်၍ လည်၌ ဖက်၍ ငိုကြွေးလျက် ဤဂါထာကို ဆို၏—

၁၀၆။ အယံ ဝါ သော မတော သေတိ၊ အလ္လံသိင်္ဂံဝ ဝစ္ဆိယော။
ဘုမျာ နိပတိတော သေတိ၊ အမရာ ဝတ ကုဉ္ဇရော။

သေသွားသော ဆင်သည် ဤသောမတ္တဆင်ပင်တည်း၊ အခြားသော ဆင် မဟုတ်၊ မာလာနွယ်၏ အညွန့်ကြီးကို လက်သည်းဖြင့်ပွတ်၍ မြေ၌ချသကဲ့သို့ ထို့အတူ သောမဒတ္တဆင်သည် မြေ၌ လဲလျောင်းရလေ၏၊ အော် သေ ရလေပြီ တကား။

သိကြားမင်းသည် ထိုခဏ၌ လောကကိုကြည့်လတ်သော် ထိုရသေ့ကို မြင်၍ ဤရသေ့သည် သားမသားကိုစွန့်၍ ရဟန်းပြု၏၊ ယခုအခါ ဆင်ငယ်၌ သားဟူ၍ အမှတ်ကိုပြု၍ ငိုကြွေး၏၊ ထိုရသေ့ကို သံဝေဂကို ဖြစ်စေ၍ သတိကို ရစေအံ့ဟု ထိုရသေ့၏ ကျောင်းသို့သွား၍ ကောင်းကင်၌ တည်လျက်လျှင် ဤဂါထာကို ဆို၏—

၁၀၇။ အနာဂါရိယုပေတဿ၊ ဝိပ္ပမုတ္တဿ တေ သတော။
　　သမဏဿ န တံ သာဓု၊ ယံ ပေတမနုသောစသိ။

သေသောသတ္တဝါအတွက် စိုးရိမ်နေခြင်းသည် ရဟန်းအဖြစ်နှင့် ပြည့်စုံသော လူ့အဖြစ်မှ လွတ်သော, ရဟန်းဖြစ်နေသော သင့်အတွက် မသင့်လျော်။

ထိုအခါ သိကြားမင်း၏စကားကို ကြား၍ ရသေ့သည် ဤဂါထာကို ဆို၏—

၁၀၈။ သံဝါသေန ဟဝေ သက္က၊ မနုဿဿ မိဂဿ ဝါ။
　　ဟဒယေ ဇာယတေ ပေမံ၊ တံ န သက္ကာ အသောစိတုံ။

သိကြားမင်း စင်စစ်အားဖြင့် လူ၏လည်းကောင်း, တိရစ္ဆာန်၏ လည်းကောင်း အတူတကွ နေခဲ့ဖူးသောကြောင့် စိတ်နှလုံး၌ ချစ်ခင်သော သတ္တဝါအတွက် မစိုးရိမ်ဘဲ မနေနိုင်ချေ။

ထို့နောင်မှ ရသေ့ကို ဆုံးမလိုသည်ဖြစ်၍ သိကြားမင်းသည် ဤဂါထာတို့ကို ဆို၏—

၁၀၉။ မတံ မရိဿံ ရောဒန္တိ၊ ယေ ရုဒန္တိ လပန္တိ စ။
　　တသ္မာ တွံ ဣသိ မာ ရောဒိ၊ ရောဒိတံ မောဃမာဟု သန္တော။

၁၁၀။ ကန္ဒိတေန ဟဝေ ဗြဟ္မေ၊ မတော ပေတော သမုဋ္ဌဟေ။
　　သဗ္ဗေ သင်္ဂမ္မ ရောဒါမ၊ အညမညဿ ဉာတကေ။

သေပြီး သေဆဲသူကို လည်းကောင်း, သေတော့မည့်သူကို လည်းကောင်း ရည်ရွယ်၍ ငိုကြွေးမြည်တမ်းကြကုန်သောသူတို့အား မျက်ရည်နှင့် မျက်နှာ ပြတ်သော နေ့မည်သည် မရှိ၊ ငိုကြွေးခြင်းကို အကျိုးမရှိဟူ၍ သူတော်ကောင်းတို့ ဆိုထားသောကြောင့် သင်သည် မငိုလင့်။

ရှင်ရသေ့ စင်စစ် ငိုသဖြင့် ပစ္စုပ္ပန်ဘဝမှ ကင်းကွာ၍ သေသောသူသည် အသက်ရှင်ပြန်သဖြင့် ပြန်ထလာမည်ဆိုလျှင် ငါတို့အားလုံးတို့ စုပေါင်း၍ အချင်းချင်း၏ ဆွေမျိုးတို့အတွက် ငိုကြကုန်အံ့။

ရသေ့သည် သိကြားမင်း၏ စကားကို ကြား၍ သတိကို ရ၍ ကင်းသော သောကရှိသည့်ဖြစ်၍ မျက်ရည်တို့ကို သုတ်၍ သိကြားမင်းအား ချီးမွမ်းလိုသည်၏အစွမ်းအားဖြင့် ဤဂါထာတို့ကိုဆို၏—

၁၁၁။ အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါဝကံ။
ဝါရိနာ ဝိယ ဩသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။

၁၁၂။ အဗ္ဗဟီ ဝတ မေ သလ္လံ၊ ယမာသိ ဟဒယဿိတံ။
ယော မေ သောကပရေတဿ၊ ပုတ္တသောကံ အပါနုဒိ။

၁၁၃။ သောဟံ အဗ္ဗူဠ္ဟသလ္လောသ္မိ၊ ဝီတသောကော အနာဝိလော။
န သောစာမိ န ရောဒါမိ၊ တဝ သုတွာန ဝါသဝ။

ထောပတ်ဖြင့် သွန်းလောင်းသောမီးကို ရေဖြင့် သွန်းလောင်းဘိသကဲ့သို့ သောကမီးဖြင့် ပြောင်ပြောင်တောက်လောင် နေသော ငါ့ကို ငြိမ်းစေသဖြင့် စိုးရိမ်ခြင်းအားလုံး ငြိမ်းအေးရပြီ။

သောကသည် နှိပ်စက်အပ်သော ငါ၏သားအတွက်စိုးရိမ်ခြင်းကို ပယ်ရှား၍ စိတ်နှလုံး၌ ဖြစ်ပေါ်သော သောကတည်းဟူသော ငြောင့်ကို သင်သည် နုတ်ပယ်ပေးလေစွတကား။

သိကြားမင်း သင်၏ စကားကို နာရ၍ ထိုငါသည် သောကငြောင့်ကို ပယ်ရှားပြီးဖြစ်၏၊ စိုးရိမ်ခြင်းမရှိတော့၊ စိတ်နောက်ကျုခြင်း၊ မဖြစ်၊ မပူဆွေး မငိုကြွေးတော့ပြီ။

ဤသို့ သိကြားမင်းသည် ရသေ့အား ဆုံးမ၍ မိမိနေရာသို့ သွား၏။

## ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သာမဏေသည် ထိုအခါ ဆင်ငယ်ဖြစ်ပြီ၊ ယခုအခါ ရဟန်းကြီးသည် ထိုအခါ ရသေ့ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်သျှင် ထိုအခါ သိကြားဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သေသူတမ်းတ၊ ငိုကြွေးကြ၊ သောက ဖြစ်ရိုးသာ)

လေးရာတစ်ဆယ်ခုမြောက်သော သောမဒတ္တဇာတ်သည် ပြီး၏။

## ၄၁၁-သုသီမဇာတ်

## ဆံတစ်ပင်ဖြူ သေမင်းအလံထူ မင်းစည်းစိမ်ကို စွန့်၍ တောထွက်ခြင်းအကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို သုံးမဟောင်မှုတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကာဠာနိ ကေသာနိ ပုရေ အဟေသုံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုသီမဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌နေ၍ သဗ္ဗညု မြတ်စွာဘုရား၏ တောထွက်တော်မူခြင်းကို ချီးမွမ်းကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူ လတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေး တော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ငါဘုရားသည် ယခုအခါ၌ များစွာကုန်သော ကမ္ဘာကုဋေ အသိန်းတို့ပတ်သုံး ဖြည့်အပ်ပြီးသော ပါရမီရှိသည်ဖြစ်၍ မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူသည်ကို မအံ့အပ်သေး၊ ရှေး၌လည်း ငါဘုရားသည် သုံးယူဇနာရှိသော ကာသိကတိုင်း၌ မင်းအဖြစ်ကိုစွန့်၍ တောထွက် ဖူးသည် သာလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်၏ မယားဝမ်း၌ ဖြစ်၏၊ ထိုဘုရားလောင်း၏ ဖွားသော နေ့၌လျှင် ဗာရာဏသီ မင်းအားလည်း သားဖွား၏၊ ထိုသူငယ်တို့၏ အမည် မှည့်အံ့သောနေ့၌ ဘုရားလောင်းအား သုသီမသတို့သားဟူသော အမည်ကို မှည့်ကုန်၏၊ မင်းသားအားလည်း ဗြဟ္မဒတ္တ သတို့သားဟူသော အမည်ကို မှည့်ကုန်၏။ ဗာရာဏသီမင်းသည် သားနှင့် အတူတကွ တစ်နေ့တည်းဖွား၏ဟု ဘုရားလောင်းကို ယူစေ၍ နို့ထိန်းတို့ကိုပေး၍ သားနှင့်အတူတကွ ကြီးစေ၏၊ ထိုနှစ်ယောက်ကုန်သော သူငယ်တို့သည်လည်း အရွယ်ရောက်လတ်သော် အလွန်အဆင်းလှကုန်၏၊ နတ်သားအဆင်းနှင့်တူသည် ဖြစ်ကုန်၍ တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်ကုန်၍ တစ်ဖန် ပြန်လာကုန်၏၊ မင်းသားသည် အိမ်ရှေ့မင်းဖြစ်၍ ဘုရားလောင်းနှင့် တကွ တစ်ပေါင်းတည်း စားလျက် နေလျက် အိပ်လျက် အလွန်သဖြင့် မင်းအဖြစ်သို့ ရောက်၍ ဘုရားလောင်းအား ကြီးစွာသော စည်းစိမ်ကိုပေး၍ ပုရောဟိတ်

အရှင့်ထား၏၊ တစ်နေ့သ၌ မြို့ကို တန်ဆာဆင်စေ၍ သိကြားမင်းကဲ့သို့ တန်ဆာဆင်ခြင်းဖြင့် တန်ဆာဆင်အပ်သော ဧရာဝဏ်ဆင်နှင့်တူသော အမုန်ယစ်သော မြတ်သော ဆင်ကျောက်ကုန်း၌နေ၍ ဘုရားလောင်းကို နောက်၌ ခင်းအပ်သော ဆင်ကျောက်ကုန်း၌ နေစေ၍ မြို့ကို လက်ယာရစ် လည်သည်ကို ပြု၏။

အမိသည် ချစ်စွာသောသားကို ကြည့်အံ့ဟု ခြင်္သေ့ခံသော လေသာပြတင်း၌ ရပ်၍ ရှိသော် မြို့ကို လက်ယာရစ်လည်၍ လာသောမင်း၏ နောက်မှ နေသော ပုရောဟိတ်သားကို မြင်၍ တပ်သောစိတ်ရှိသည်ဖြစ်၍ အိပ်ရာ တိုက်ခန်းသို့ဝင်၍ ဤပုရောဟိတ်သားကို မရသည်ရှိသော် အိပ်ရာ၌လျှင် သေအံ့ဟု အာဟာရကိုဖြတ်၍ အိပ်၏၊ မင်းသည် မယ်တော်ကို မမြင်သည် ရှိသော် ငါ၏ မယ်တော်သည် အဘယ်မှာနည်းဟု မေး၍ နာ၏ဟု ကြား၍ မယ်တော် အထံသို့ သွား၍ ရှိခိုး၍ မိခင် အဘယ်မည်သော ရောဂါဖြစ်သနည်းဟု မေးလတ်သော် ထိုမယ်တော်သည် ရှက်သည်၏အဖြစ်ကြောင့် ထိုစကားကို မဆို၊ မင်းသည် သွား၍ မင်း၏ပလ္လင်၌နေ၍ မိမိ၏ မိဖုရားကြီးကို ခေါ်၍ သွားချေ၊ မယ်တော်၏ မချမ်းသာခြင်းကို သိအောင်ပြုချေလော့ဟု စေ၏၊ မိဖုရားသည်လည်း သွား၍ ကျောက်ကို ဆုပ်နယ်လျက် မေး၏၊ မိန်းမတို့မည်သည် မိန်းမတို့အား လျှို့ဝှက်အပ်သောအမှုတို့ကို မလျှို့ဝှက်ကုန်၊ ထိုမယ်တော်သည် မိဖုရားအား ထိုအကြောင်းကို ကြား၏၊ မိဖုရားသည်လည်း ထိုစကားကိုကြား၍ မင်းအား ကြား၏၊ မင်းသည် ထိုသို့ဖြစ်စေ သွားချေ၊ မယ်တော်ကို နှစ်သိမ့်စေလော့ဟု ပုရောဟိတ်ကို မင်းပြု၍ မယ်တော်ကို ပုရောဟိတ်၏မိဖုရားပြုအံ့ဟုဆို၏၊ မိဖုရားလည်း လာလတ်၍ မယ်တော်ကို နှစ်သိမ့်စေ၏၊ မင်းသည်လည်း ပုရောဟိတ်ကို ခေါ်စေ၍ ထိုအကြောင်းကိုကြား၍ အဆွေပုရောဟိတ် ငါ့အမိအား အသက်ကိုပေးလော့၊ သင်သည် မင်းဖြစ်လတ္တံ့၊ ထိုငါ့အမိသည် မိဖုရားဖြစ်လတ္တံ့၊ ငါသည် အိမ်ရှေ့မင်း ဖြစ်လတ္တံ့ဟုဆို၏၊ ထိုပုရောဟိတ်သည် ဤသို့ ပြုအံ့သောငှါ မတတ်ကောင်းဟု ပယ်၍ အဖန်တလဲလဲ တောင်းပန်အပ်သော် ဝန်ခံ၏၊ မင်းသည် ပုရောဟိတ်ကို မင်းပြု၍ မိမိသည် အိမ်ရှေ့မင်းပြု၏၊ ထိုသူတို့သည် ညီညွတ်စွာ နေကုန်စဉ် နောက်အဖို့၌ ဘုရားလောင်းသည် အိမ်၏အသယ်၌ ငြီးငွေ့သည် ဖြစ်၍ ကာမတို့ကိုစွန့်၍ ရသေ့ရဟန်းပြုအံ့သောငှါ ညွတ်သောစိတ် ရှိသည်ဖြစ်၍ ကိလေသာနှင့်ယှဉ်သော မေ့လျော်ခြင်း၌ မတပ်စွန်းသည်ဖြစ်၍ တစ်ယောက်တည်းသာလျှင် ရပ်၏၊ ထိုင်၏၊ အိပ်၏၊ နှောင်အိမ်၌ နှောင်ဖွဲ့အပ်သကဲ့သို့ လည်းကောင်း၊ ချိုင့်၌ ထားအပ်သော ကြက်ကဲ့သို့လည်းကောင်း ဖြစ်၏။

ထိုအခါ ထိုမင်း၏ မိဖုရားကြီးသည် ဤမင်းသည် ငါနှင့်တကွ မမွေ့လျော်၊ တစ်ယောက်တည်းသာလျှင် ရပ်၏၊ ထိုင်၏၊ အိပ်ခြင်းကို ပြု၏၊ ဤမင်းသည်ကား ငယ်၏၊ ပျို၏၊ ငါကား ကြီးရင့်၏၊ ငါ၏ဦးခေါင်း၌ ဆံဖြူတို့သည် ထင်ကုန်၏၊

အကယ်၍ ငါသည် ရှင်မင်းကြီး၏ ဦးခေါင်း၌ တစ်ခုသော ဆံဖြူသည် ထင်၏ဟု မှုသားဆို၍ တစ်ခုသော ဥပါယ်ဖြင့် မင်းကို သိစေ၍ ငါနှင့်ကာကွ မွေ့လျော် ရစေမူကား ကောင်းစွဟုကြံ၍ ဝင်နေသည့် မင်း၏ ဦးခေါင်း၌ သန်းတို့ကို ရှာသကဲ့သို့ပြု၍ အရှင်မင်းကြီး သင်မင်းကြီးသည် အိုပြီ၊ အရှင်မင်းကြီး၏ ဦးခေါင်း၌ တစ်ခုသော ဆံဖြူသည် ထင်၏ဟုဆို၏၊ ရှင်မ ထိုသို့ တပြီးကား ထိုဆံဖြူကို နုတ်၍ ငါ၏ လက်၌လှူင် ထားလော့ဟု ဆို၏၊ မိဖုရားသည် မင်း၏ ဦးခေါင်းမှ တစ်ခုသော မည်းသော ဆံကိုနုတ်၍ မိမိဆံပင်ကို စွန့်၍ မိမိဦးခေါင်းမှ ဆံဖြူကိုယူ၍ အရှင်မင်းကြီး ဤသည်ကား ရှင်မင်းကြီး၏ ဆံဖြူတည်းဟု မင်း၏လက်၌ထား၏၊ ထိုဆံဖြူကိုမြင်၍ ထိတ်လန့်သောစိတ်ရှိသော ဘုရား လောင်း၏ ရွှေပြားနှင့်တူသော နဖူးမှချွေးတို့သည် ထွက်ကုန်၏၊ ထိုဘုရား လောင်းသည် မိမိကိုယ်ကို ဆုံးမလျက် သုသီမ သင်သည် အိုပြီ၊ ဤမျှလောက် သောကာလပတ်လုံး မစင်ညွန်၌ ငုပ်သော ဝက်ကဲ့သို့ ကာမညွန်၌ ငုပ်၍ ထို ကာမညွန်ကို စွန့်အံ့သောငှါ မကြာတ်နိုင်၊ ကာမတို့ကိုစွန့်၍ ဟိမဝန္တာသို့ဝင်၍ 1 ရဟန်းပြု၍ သင်အား မြတ်သောအကျင့်ဖြင့် နေအပ်သောအခါတည်းဟု ကြံ၍ ဤဂါထာကိုဆို၏—

၁၁၄။ ကာဠာနိ ကေသာနိ ပုရေ အဟေသုံ၊
ဇာတာနိ သီသမှိ ယထာပဒေသေ။
တာနဇ္ဇ သေတာနိ သုသီမ ဒိသွာ၊
ဓမ္မံ စရ ဗြဟ္မစရိယဿ ကာလော။

သုသီမ ရှေး၌ ဦးခေါင်း၌ လျော်သောအရပ်၌ ရောက်ကုန်သော မည်းညိုသော အဆင်းရှိကုန်သော ဆံတို့သည် ဖြစ်ကုန်၏၊ ယခု ဖွေးဖွေးဖြူကုန် သော ထိုဆံတို့ကို မြင်၍ ကုသလကမ္မပထတရား ဆယ်ပါးကို ကျင့်လော့၊ မြတ် သောအကျင့်ကို ကျင့်ခြင်း၏အခါတန်ပြီ။

ဤသို့ ဘုရားလောင်းသည် မြတ်သောအကျင့်ဖြင့် နေခြင်း၏ ကျေးဇူးတို့ကို ချီးမွမ်းသည်ရှိသော် မိဖုရားသည် ငါသည် ဤမင်းအား ငြိစွန်းခြင်းကိုပြုအံ့ဟု ပြုလျက် ငြိမ်နန်းခြင်း၏ပြေခြင်းကိုလျှင် ပြုမိ၏ဟုထိတ်လန့်သည်ဖြစ်၍ ယခုအခါ ထိုမင်းအား ရဟန်းမပြုစိမ့်သောငှါ ကိုယ်အဆင်းကိုချီးမွမ်းအံ့ဟု ကြံ၍ ဤဂါထာ တို့ကိုဆို၏—

၁၁၅။ မမေဝ ဒေဝ ပလိတံ န တုယှံ၊
မမေဝ သီသံ မမ ဥတ္တမင်္ဂံ။
"အတ္ထံ ကရိဿ"န္တိ မုသာ အဘာဏိံ၊
ဧကာပရာဓံ ခမ ရာဇသေဋ္ဌ။

၁၁၆။ ဒဟရော တုဂံ ဒသာနိယောသိ ရာဇ၊
ပဌမုဂ္ဂတော ဟောသိ ယထာ ကဋ္ဌီရော။
ရဋ္ဌဉ္စ ကာရေဟိ မမဉ္စ ပဿ၊
မာ ကာလိကံ အနုဓာဝီ ဇနိန္ဒ။

အရှင်မင်းကြီး အကျွန်ုပ်၏လျှင် ဆံဖြူတည်း၊ သင်မင်းကြီး၏ ဆံဖြူ သည်မဟုတ်၊ အကျွန်ုပ်၏လျှင် ဦးခေါင်း၌ ရောက်သော ဆံဖြူတည်း၊ ကျွန်ုပ်၏ ဦးခေါင်း၌ ရောက်သောဆံဖြူတည်း။ အကျွန်ုပ်သည် အကျိုးကို ပြုကုန်အံ့ဟု မှုသားသို့ ဆိုမှား၏။ မင်းမြတ် အကျွန်ုပ်၏ တစ်ခုသောအပြစ်ကိုသည်းခံပါလော့။

မင်းမြတ် ပေါက်သစ်စဖြစ်သော အညွှောက်သည် နူးညံ့ချင်ဖွယ်ရှိသည် ဖြစ်သကဲ့သို့ ဤအတူ သင်မင်းကြီးသည် ပျိုနုသည်ဖြစ်၍ ရှုချင်ဖွယ် ရှိသည် ဖြစ်၏။ မင်းအဖြစ်ကိုလည်း ပြုလော့၊ အကျွန်ုပ်ကိုလည်း ရှုပါလော့၊ မင်းကြီး နောက်မှ အကျိုးကို ပေးတတ်သော ရဟန်းအဖြစ်သို့ မကပ်လင့်။

ဘုရားလောင်းသည် မိဖုရားစကားကိုကြား၍ ရှင်မ သင်ဆိုတိုင်း ဖြစ်ရာ သလျှင်ကတည်း၊ငါ၏အရွယ်သည် ရင့်သည်ရှိသော် ဤမည်းညိုသော ဆံတို့သည် ဖောက်ပြန်၍ ဗိုက်သံပျော်ဘို့ကဲ့သို့ ဖြူကုန်သည်ဖြစ်ရာ၏၊ အရွယ်ရင့်အိုခြင်းသို့ ရောက်ကုန်သော ကြာညိုအစချိုကုန်သော ပန်းဆိုင်းနှင့်တူကုန်သော သူငယ် တို့၏လည်းကောင်း, ရွှေအဆင်းနှင့်တူကုန်သော မြတ်သောအရွယ် တင့်တယ် ခြင်းနှင့် ပြည့်စုံကုန်သော မင်းသမီး အပေါင်းရှိသည်တို့၏ လည်းကောင်း, အဆင်း ဖောက်ပြန်ခြင်းကိုလည်းကောင်း, ကိုယ်၏ ပျက်စီးခြင်းကိုလည်းကောင်း ငါသည် မြင်ရ၏၊ ရှင်မ ဤသို့ ဤသတ္တလောကသည် ပျက်စီးခြင်းအဆုံးရှိ၏ဟု ဆို၍ ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် ဟောလိုရကား ဤဂါထာတို့ကိုဆို၏—

၁၁၇။ ပဿာမိ ဝေါဟံ ဒဟရိံ ကုမာရိံ၊
သာမဋ္ဌပဿံ သုတနုံ သုမဇ္ဈံ။
ကာဠပ္ပဝါဠဝ ပဝေလ္လမာနာ၊
ပလောဘယန္တိဝ နရေသု ဂစ္ဆတိ။

၁၁၈။ တမေန ပဿာမိ ပရေန နာရိံ၊
အာသီတိကံ နာဝုတိကံ ဝ ဇစ္စာ။
ဒဏ္ဍံ ဂဟေတွာန ပဝေဓမာနံ၊
ဂေါပါနသီဘောဂသမံ စရန္တိံ။

ရှင်မ ငါသည် အလုံးစုံ အပြင်တို့၌ ပြေပြစ်သော အရောင်အဆင် ရှိသော ကောင်းစွာသော ကိုယ်ရှိသော ကောင်းသော ခါးရှိသော ပျိုနုသော သတို့သမီးကို မြင်၏၊ ညင်းညင်းသော လေသည် ခတ်အပ်သည် ရှိသော် ထိုမှ

ဤမှ တုန်လှုပ်သော သန္တာနက်ကဲ့သို့ အငွယ်ရှိသော မည်းသော နွယ်ကဲ့သို့ ထိုမိန်းမသည် ယောကျ်ားတို့၏ အနီး၌ ကိလေသာ၏ အစွမ်းအားဖြင့် ဖြားယောင်းသကဲ့သို့ သွား၏။

နောက်အခါ၌ မွေးဖွားသည်မှ အသက်မှန်ဆယ် ရှိသည်လည်းဖြစ်သော အသက် ကိုးဆယ် ရှိသည်လည်း ဖြစ်သော ထိုမိန်းမကို တောင်ဝှေးကို ကိုင်၍ တုန်လှုပ်လျက် အခြင်ကဲ့သို့ ကိုင်းညွတ်သော ကိုယ်ရှိသည်ဖြစ်၍ သွားသည်ကို မြင်ရ၏။

ဘုရားလောင်းသည် ပဌမဂါထာဖြင့် ရုပ်၌ အဿာဒကိုဆိုပြီး၍ ဤဒုတိယဂါထာဖြင့် ရုပ်၏ အပြစ်ကို ပြပြီး၍ ယခုအခါ အိပ်၏အလယ်၌ မိန်းမမွေ့လျော်ခြင်းကို ပြလိုသည်ဖြစ်၍ ဤဂါထာတို့ကို ဆို၏—

၁၁၉။ သောဟံ တမေဝါ'နုဝိစိန္တယန္တော၊ ပေကာ သယာမိ သယနဿ မဇ္ဈေ။
"အဟမ္ပိ ဧဝံ"ဣတိ ပေက္ခမာနော၊ န ဂေဟေ ရမေ ဗြဟ္မစရိယာယ ကာလော။

၁၂၀။ ရဇ္ဇုဝါ' လမ္ဗနီ ဧသာ၊ ယာ ဂေဟေ ဝသတော ရတိ။
ဧတမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ၊ အနပေက္ခိနော ကာမသုခံ ပဟာယ။

ထိုဂါသည် ထိုရုပ်တို့၏ အပြစ်ကိုလျှင် အဖန်ဖန် ကြံလျက် အိပ်ရာ၏အလယ်၌ တစ်ယောက်တည်း ရှိ၏၊ ငါသည်လည်း ထိုအတူဖြစ်အံ့၊ ဤသို့ရှုလျက် အိမ်၌ မမွေ့လျော်၊ မြတ်သော အကျင့်ကို ကျင့်ခြင်း၏ အခါတည်း။

အိမ်၌နေသောသူ၏ ထိုမွေ့လျော်ခြင်းသည် ဆွဲလှမ်းရာ ဖြစ်သော ကြိုးကဲ့သို့ ဖြစ်၏၊ ပညာရှိတို့သည် ဤကာမတို့၌ မွေ့လျော်ခြင်းကိုလည်း ဖြတ်၍ ကာမချမ်းသာကို ပယ်၍ ငဲ့ကွက်ခြင်းမရှိကုန်သည်ဖြစ်၍ သွားကုန်၏။

ဤသို့ ဘုရားလောင်းသည် ကာမတို့၌ အဿာဒကိုလည်းကောင်း၊ အာဒီနဝကိုလည်းကောင်း ပြလျက် ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟော၍ အဆွေခင်ပွန်းဖြစ်သော ပြဟ္မဒတ်မင်းကို ခေါ်စေ၍ မင်းအဖြစ်ကို အပ်နှင်း၍ အဆွေအမျိုး အဆွေခင်ပွန်း နှလုံးအကျွမ်းဝင်ကုန်သော သူတို့၏ ငိုကြွေး ဘုန်စဉ်လျှင် အသရေစည်းစိမ်ကိုစွန့်၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ များစွာကုန်သော လူတို့ကို

အမြိုက်အဖျော်တို့ကို တိုက်တော်မူ၍ ယခုအခါ ရာဟုလမယ်တော်သည် ထိုအခါ မိဖုရားကြီးဖြစ်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ အဆွေခင်ပွန်း မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သုသီမမင်းဖြစ်ပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(ဆံဖြူကိုမြင်၊ သံဝေဝင်၊ စိတ်ကွင် ထိခိုက်လာ။)

လေးရာတစ်ဆယ့်တစ်ခုမြောက်သော သုသီမဇာတ်သည် ပြီး၏။

---

## ၄၁၂-ကောဋသိမ္ဗလိဇာတ်

## အရာရာ၌ သည်းမခံသင့်ကြောင်း

## လာမည့်အန္တရာယ် ကြိုတင်ကာကွယ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အတံ ဒသသော် ဗျာမံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ကောဋသိမ္ဗလိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကိလေသာကို နှိပ်စက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုသည်ကား ပညာသဇာတ်၌ ထင်စွာဖြစ်လတ္တံ့။) ကောဋသိမ္ဗလိဇာတ်၌လည်း သဗ္ဗညူ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော် အတွင်း၌ ကာမဝိတက်တို့သည် နှိပ်စက်အပ်ကုန်သော ငါးရာကုန်သော ရဟန်းတို့ကို မြင်တော်မူ၍ ရဟန်းသံဃာကို စည်းဝေးစေ၍ ရဟန်းတို့ ရှောင်ရှားအပ်သည်နှင့် ယှဉ်သည်ကို ရှောင်ရှားခြင်းငှါ သင့်၏၊ ကိလေသာတို့မည်သည် ပွားကုန်သည်ရှိသော် ပညောင်ပင် အစရှိသည်ကိုသည် သစ်ပင်ကို လွှမ်းမိုးသကဲ့သို့ လွှမ်းမိုးတတ်ကုန်၏၊ ထို့ကြောင့် ကျင် ရှေး၌လည်း ကြီးစွာသော လက်ပံပင်၌ဖြစ်သော နတ်သည် ပညောင်စေ့ဖျံကို စား၍ မိမိသစ်ပင်၏ အခွကြား၌ ကျင်ကြီးကိုချသော တစ်ကောင်သော ငှက်ကိုမြင်၍ ဤကျင်ကြီးမှ ငါ၏ ဗိမာန်၏ ပျက်စီးခြင်းသည် ဖြစ်လတ္တံ့ဟု ကြောက်ခြင်းသို့ရောက်သည် ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကြီးစွာသော လက်ပံစောင့်နတ် အဖြစ်ဖြင့် ဖြစ်၏၊ ထိုအခါ တစ်ကောင်သော ဂဠုန်သည် ယူဇနာတစ်ရာ့ငါးဆယ်ရှိသော အတ္တဘောကို ဖန်ဆင်း၍ မှ တောင်လေတို့ဖြင့် မဟာသမုဒ္ဒရာ၌ ရေကိုနှစ်ဖြာပြု၍ တစ်ကောင်

သော အလံတစ်ထောင်ရှိ၍ လျားရှည်သော နဂါးမင်းကို အမြီး၌ယူ၍ ထိုနဂါးအား ခံတွင်းဖြင့် ယူအပ်သော အစာကို စွန့်စေ၍ ကြီးစွာသော လက်ပံပင်ကို ရည်၍ တောအထက်ဖြင့် သွား၏၊ နဂါးမင်းသည် တွဲလျားဆွဲလျက် ကိုယ်ကို လွတ်အံ့ဟု ပညောင်ပင်၌ အခွေကိုသွင်း၍ ပညောင်ပင်ကိုရစ်၍ ဆွဲ၏၊ ဂဠုန်မင်း၏အားရှိသည်၏ အဖြစ်ကြောင့် ပညောင်ပင်သည် ကျွတ်၍ ပါ၏၊ နဂါးမင်းသည်မလွှတ်သာလျှင်ကတည်း၊ ဂဠုန်မင်းသည် ပညောင်ပင်နှင့်တကွ နဂါးမင်းကို ယူ၍ ကြီးစွာသော လက်ပံပင်သို့ ရောက်၍ နဂါးမင်းကို ပင်စည်မှာပြင်၌ အိပ်စေ၍ ဝမ်းကိုခွဲ၍ နဂါးဆီကိုစား၍ကြွင်းသောအကောင်ကို သမုဒ္ဒရာ၌ စွန့်၏၊ ထိုပညောင်ပင်၌ကား တစ်ကောင်သော ငှက်မသည် ရှိ၏၊ ထိုငှက်မသည် ပညောင်ပင်ကို လွှတ်သည်ရှိသော် ပျံ၍ လက်ပံပင်၏ အခွကြား၌ နေ၏၊ လက်ပံပင်စောင့် နတ်သည် ထိုငှက်မကိုမြင်၍ ဤငှက်မသည် ငါ၏ သစ်ပင်ခွ၌ ကျင်ကြီးကို စွန့်လတ္တံ့၊ ထိုကျင်ကြီးမှ ပညောင်ပင်ငယ်သည် လည်းကောင်း ညောင်ကြတ်ပင်ငယ်သည် လည်းကောင်း အလုံးစုံသော လက်ပံပင်ကို လွှမ်း၍ ဖျက်ဆီးလတ္တံ့၊ ထိုအခါ ငါ၏ ဗိမာန်သည် ပျက်စီးလတ္တံ့ဟု ထိတ်လန့်သည်ဖြစ်၍ တုန်လှုပ်၏၊ ထိုနတ်၏ တုန်လှုပ်သည်၏ အဖြစ်ကြောင့် ကြီးစွာသောလက်ပံပင်သည် အမြစ်တိုင်အောင် လှုပ်၏၊ ဂဠုန်မင်းသည် တုန်လှုပ်သောနတ်ကိုမြင်၍ အကြောင်းကို မေးလိုရကား ဤဂါထာတို့ကိုဆို၏—

၁၂၁။ အဟံ ဒသသတံဗျာမံ၊ ဥရဂမာဒါယ အာဂတော။
တဉ္စ မဉ္စ မဟာကာယံ၊ ဓာရယံ နပ္ပဝေဓသိ။

၁၂၂။ အထိမံ ခုဒ္ဒကံ ပက္ခိံ၊ အပ္ပမံသတရံ မယာ။
ဓာရယံ ဗျာထသိ ဘီတာ၊ ဇ မတ္ထံ ကောဋသိမ္ဗလိ။

ကြီးစွာသော လက်ပံပင်ကြီးကို စောင့်သောနတ် ငါသည် အလံတစ်ထောင်ရှိသော နဂါးကို ယူတ်ယူ၍လာ၏၊ ကြီးစွာသော ကိုယ်ရှိသော ထိုနဂါးကိုလည်းကောင်း ဆောင်သော ငါ့ကိုလည်းကောင်းမြင်၍ သင်သည် မတုန်လှုပ်သည် ဖြစ်ပါလျက် ငါသည် ဆောင်ခဲ့သော အလွန်နည်းသောအသားရှိသော ဤငှက်မငယ်ကို မြင်သောအခါမှ အဘယ်အကျိုးကို မြင်၍လျှင် ကြောက်လျက် တုန်လှုပ်သနည်း။

ထိုအခါ ထိုဂဠုန်မင်းအား အကြောင်းကိုဆိုလို၍ ရုက္ခစိုးနတ်သည် ဤဂါထာတို့ကို ဆို၏—

၁၂၃။ မံသဘက္ခော တုဝံ ရာဇ၊ ဖလဘက္ခော အယံ ဒိဇော။
အယံ နိဂြောဓဗီဇာနိ၊ ပိလက္ခုဒုမ္ဗရာနိ စ။
အဿတ္ထာနိ စ ဘက္ခိတွာ၊ ခန္ဓေ မေ ဩဟဒိဿတိ။

၁၂၄။ တေ ရုက္ခာ သံဝိရူဠှာ သန္တိ၊ မမ ပသော နိဝါတဇာ။
တေ မံ ပရိယောနန္ဓိသု ကိန္တိ၊ အရုက္ခံ မံ ကရိသု ရေ။

၁၂၅။ သန္ကိ အညေပိ ရုက္ခာ သေ၊ မူလိနော ခန္ဓိနော ဒုမာ။
ဣမိနာ သကုဏဇာတေန၊ ဗီဇမာဟရိတာ ဟတာ။

၁၂၆။ အဇ္ဈာရူဠှာ ဘိဝဍ္ဎန္တိ၊ ဗြဟန္တမ္ပိ ဝနပ္ပတိံ။
တသ္မာ ရာဇ ပဝေဓာမိ၊ သမ္ပဿံ နာဂတံ ဘယံ။

ငဋ္ဌုန်မင်း သင်္ဂသည် အသားကိုစား၏၊ ဤငှက်သည် အသီးကိုစား၏၊ ဤငှက်သည် ပညောင်စေ့တို့ကိုလည်းကောင်း၊ ညောင်ကြတ်စေ့၊ ရေသဖန်းစေ့တို့ကိုလည်းကောင်း၊ ညောင်ဗုဒ္ဓဟေစေ့တို့ကိုလည်းကောင်း စား၍ ငါ၏ ပင်စည်၌ ကျင်ကြီးစွန့်လတ္တံ့။

ငါ၏ အနီး၌ လေတိတ်ရာအရပ်၌ ဖြစ်ကုန်သော ထိုသစ်ပင်တို့ ကြီးပွားကုန်သည်ရှိသော် ထိုပညောင်ပင်စသည်တို့သည် ငါ့ကို မြွေးယှက် ရစ်ပတ်၍ ငါ့သစ်ပင်သည် ဖုံးကွယ် ပျောက်ဆုံးရာ၏။

မျိုးစေ့ကို သယ်ဆောင်၍ ဤငှက်ဖြစ်သော ပညောင်ပင် အစရှိသော သစ်ပင်သည် တောင်ခြေသည်တို့၌ ပေါက်ကုန်သော အခြားသော အမြစ်နှင့် ပြည့်စုံကုန်သော၊ ပင်စည်နှင့်ပြည့်စုံကုန်သော သစ်ပင်တို့ကို ဖျက်ဆီးကြကုန်၏။

ငဋ္ဌုန်မင်း အခက်အခွကြား၌ ပေါက်ကုန်သော ပညောင်ပင် အစရှိသော သစ်ပင်တို့သည် တောစိုးသစ်ပင်ကြီးများကိုပင် ကျော်လွန်၍ ကြီးမားကြကုန်သောကြောင့် ငါသည် နောက်ဖြစ်ပေါ်လာမည့် ဘေး အန္တရာယ်ကို ကြိုမြင်၍ တုန်လှုပ်၏။

ရုက္ခစိုးနတ်မင်း၏ စကားကိုကြား၍ ငဋ္ဌုန်မင်းသည် ဤဂါထာကိုဆို၏—

၁၂၇။ သင်္ကေယျ သင်္ကိတဗ္ဗာနိ၊ ရက္ခေယျာ’ နာဂတံ ဘယံ။
အနာဂတဘယာ ဓီရော၊ ဥဘော လောကေ အဝေက္ခတိ။

ရှုံရှားအပ်သည်တို့ကို ရှုံရှားရာ၏၊ လာလတ္တံ့သော ဘေးကို စောင့်ရာ၏၊ ပညာရှိသည် လာလတ္တံ့သော ဘေးအားဖြင့် နှစ်ပါးကုန်သော ပစ္စုပ္ပန်လောက တမလွန်လောကတို့ကို ရှု၏။

ဤသို့ ဆို၍လည်း ငဋ္ဌုန်မင်းသည် မိမိအာနုဘော်အားဖြင့် ထိုငှက်မကို ထိုလက်ပံပင်မှ ပြေးစေ၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ရှံရှာ အပ်သည်နှင့်ယှဉ်သည်ကို ရှံရှာခြင်းငှါ သင့်၏ဟုမိန့်တော်မူ၍ သစ္စာတို့ကိုပြတော် မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငါးရာ ကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဂင္ဓျနိ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရက္ခစိုးနတ်ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(လာလတ္တံ့ဘေး၊ ရှုမျှော်တွေး၊ ကြောက်ရေး ပြုအပ်စွာ။)

လေးရာတစ်ဆယ့်နှစ်ခုမြောက်သော ကောဋသိမ္ဗလိဇာတ်သည် ပြီး၏။

---

## ၄၁၃-ဓူမကာရိဇာတ်

### ငါးစိမ်းမြင် ငါးကင်ပစ်

### မိတ်ဟောင်းကို ပစ်၍ မိတ်သစ်ကို မချီးမြှောက်သင့်ခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် ရာဇာ အပုစ္ဆိ ဝိဓုရံ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဓူမကာရိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကောသလမင်း၏ အာဂန္တုကတို့အား သင်္ဂြိုဟ်ခြင်းကို အကြောင်းပြု၍ ဟော တော်မူ၏။

ထိုကောသလမင်းသည် တစ်ပါးသောအခါ၌ အစဉ်အဆက် လာကုန်သော သူရဲဟောင်းတို့အား သင်္ဂြိုဟ်ခြင်းကို မပြုမူ၍ အသစ်ရောက်လာကုန်သော အာဂန္တုကတို့အားသာလျှင် ပူဇော်မြတ်နိုးခြင်းကိုပြု၏၊ ထိုအခါ ကောသလ မင်း၏ ပစ္စန္တရစ်ရွာကို ခိုးသူဖျက်ဆီးသည်ရှိသော် စစ်ထိုးအံ့သောငှါ သွားသော ကောသလမင်းအား အာဂန္တုကသူရဲတို့သည် ရအပ်သော ပူဇော်သက္ကာရ ရှိကုန်၍ စစ်ထိုးလတ္တံ့ဟု သူရဲဟောင်းတို့သည် စစ်မထိုးကုန်၊ သူရဲဟောင်း တို့သည် စစ်ထိုးကုန်လတ္တံ့ဟု အာဂန္တုကသူရဲတို့သည်လည်း စစ်မထိုးကုန်၊ ခိုးသူ တို့သည် မင်းကိုအောင်ကုန်၏၊ အာဂန္တုကသူရဲတို့အား သင်္ဂြိုဟ်ခြင်း၏ အပြစ် ကြောင့် မိမိရှုံးသည်၏အဖြစ်ကိုသိ၍ သာဝတ္ထိပြည်သို့ ပြန်၍ ငါသည်သာလျှင် ဤသို့ပြု၍ရှုံးသလော၊ ထိုသို့မဟုတ်မူကား တစ်ပါးကုန်သော မင်းတို့သည်လည်း

ရှုံးသလောဟု သဗ္ဗညု မြတ်စွာဘုရားကို လျှောက်အံ့ဟု နံနက်စာစားပြီးသော် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ ထိုအကြောင်းကို လျှောက်၏၊ မြတ်သောမင်းကြီး သင်မင်းကြီးသာလျှင် အာဂန္တုကတို့အား သင်္ဂြိုဟ်ခြင်းကိုပြု၍ ရှုံးသည်မဟုတ်သေး၊ ရှေးမင်းတို့သည်လည်း အာဂန္တုကတို့အား သင်္ဂြိုဟ်ခြင်းကိုပြု၍ ရှုံးဖူးကုန်၏ဟု မိန့်တော်မူ၍ ကောသလမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကုရုတိုင်း ဥတ္တရပဉ္စာလနဂိုရ်မြို့၌ ယုဓိဋ္ဌိလ အနွယ်ဖြစ်သော ဓနဉ္စယမည်သော ကောရဗျမင်းသည် မင်းပြု၏၊ ထိုအခါ ဘုရားလောင်းသည် ပုရောဟိတ်အမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကိုသင်၍ ဥတ္တရပဉ္စာလနဂိုရ်မြို့သို့ တစ်ဖန်ပြန်၍ အဘလွန်သဖြင့် ပုရောဟိတ်အရာကိုရ၍ မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏၊ ထိုအမတ်အား ဝိဓုရ ပညာရှိဟူသော အမည်ကို မှည့်ကုန်၏၊ ထိုအခါ ဓနဉ္စယမင်းသည် သူ့ရဲဟောင်းဝတို့ကို မရေတွက်မူ၍ အာဂန္တုက သူရဲတို့အားသာလျှင် သင်္ဂြိုဟ်ခြင်းကိုပြု၏၊ ထိုကောရဗျမင်း၏ ပစ္စန္တရစ်ရွာကို ခိုးသူ လုယက်သည် ရှိသော် စစ်ထိုးအံ့သောငှါ သွားသော ကောရဗျမင်းအား အာဂန္တုကသူရဲကောင်းတို့သည် သိကုန်လတ္တံ့ဟု သူရဲဟောင်းတို့သည် စစ်မထိုးကုန်၊ သူရဲဟောင်းတို့သည် သိကုန်လတ္တံ့ဟု အာဂန္တုက သူရဲတို့သည်လည်း စစ်မထိုးကုန် မင်းသည် ရှုံး၍ ဥတ္တရပဉ္စာလနဂိုရ်မြို့သို့လျှင် ပြန်၍ အာဂန္တုကတို့အား သင်္ဂြိုဟ်ခြင်းကို ပြုသည်၏အဖြစ်ကြောင့် ရှုံး၏ဟု ကြံ၏၊ ထိုကောရဗျမင်းသည် တစ်နေ့သ၌ ငါသည်သာလျှင် အာဂန္တုကတို့အား သင်္ဂြိုဟ်ခြင်းကိုပြု၍ ရှုံးသလော၊ ထိုသို့မဟုတ်မူကား ရှုံးဖူးကုန်သော တစ်ပါးကုန်သော မင်းတို့သည် ဤသို့ ရှုံးကုန်သလောဟု ဝိဓုရပညာရှိကို မေးအံ့ဟု ကြံ၍ မင်းအား ခစားအံ့သောငှါ လာ၍နေသော ထိုဝိဓုရပညာရှိကို ထိုအကြောင်းကို မေး၏၊ ထိုအခါ၌ ထိုကောရဗျမင်း၏ မေးသောအခြင်းအရာကို ထင်စွာပြုတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၏-

၁၂၈။ ရာဇာ အပုစ္ဆိ ဝိဓုရံ၊ ဓမ္မကာမော ယုဓိဋ္ဌိလော။
အပိ ဗြာဟ္မဏ ဇာနာသိ၊ ကော ဧကော ဗဟု သောစတိ။

ပုဏ္ဏား အဘယ်မည်သော သူတစ်ယောက်သည် များစွာ စိုးရိမ် ပူပန်သနည်း သင် သိပါလေသလော-ဟု ယုဓိဋ္ဌိလ အနွယ်ရှိသော သုစရိုက်တရားကို လိုလားနှစ်သက်သော ကောရဗျ မင်းသည် ဝိဓုရပညာရှိကို မေး၏။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် မြတ်သောမင်းကြီး သင်မင်းကြီး တို့၏ စိုးရိမ်ခြင်းသည် အဘယ်စိုးရိမ်ခြင်းမည်သနည်း၊ ရှေး၌ ဓူမကာရီအမည်ရှိသော ဆိတ်ထိန်းပုဏ္ဏားသည် များစွာသော ဆိတ်အပေါင်းကိုယူ၍ တော၌ ခြံကို ပြု၍ ထိုခြံ၌ ဆိတ်တို့ကိုထား၍ မီးကိုလည်းကောင်း၊ အခိုးကိုလည်းကောင်း ပြု၍ ဆိတ်အပေါင်းကို ကျောင်းလျက် နို့ရည်အစရှိသည်တို့ကို သုံးဆောင်၍ နေ၏၊ ထိုဓူမကာရီ ပုဏ္ဏားသည် ထိုအရပ်သို့ လာကုန်သော ရွှေအဆင်းနှင့် တူသော အဆင်းရှိကုန်သော သရဘ မည်ကုန်သော သားတို့ကိုမြင်၍ ထိုသား တို့၌ ချစ်ခြင်းကိုပြု၍ ဆိတ်တို့ကို မကြောက်မူ၍ ဆိတ်တို့အား ချီးမြှောက်ခြင်းကို သရဘမည်သော သားတို့အားပြု၍ တန်ဆောင်မုန်းလ အခါ၌ သရဘမည် သော သားတို့သည် ပြေးကုန်၍ ဟိမဝန္တာသို့ သွားကုန်လတ်သော် ဆိတ်တို့ သည်လည်း ပျက်စီးကုန်လတ်သော် သရဘမည်သော သားတို့ကို မမြင်သည် ဖြစ်၍ စိုးရိမ်ခြင်းဖြင့် ဖျော့တော့သော အနာရှိသည်ဖြစ်၍ အသက်ကုန်ခြင်းသို့ ရောက်၏၊ ဤဓူမကာရီ ပုဏ္ဏားသည် အာဂန္တုကတို့အား သင်္ဂြိုဟ်ခြင်းကို ပြု၍ သင်တို့ထက် အဆ အရာအားဖြင့်လည်းကောင်း၊ အဆ အထောင်အားဖြင့် လည်းကောင်း စိုးရိမ်ပင်ပန်း၍ ပျက်စီးခြင်းသို့ ရောက်၏ဟု ဥဒါဟရုဏ်ကို ဆောင်၍ ပြလိုရကား ဤဂါထာတို့ကို ဆို၏–

၁၂၉။ ဗြာဟ္မဏော အဇယူထေန၊ ပဟူတေဓော ဝနေ ဝသံ။
ဓူမံ အကာသိ ဝါသေဋ္ဌော၊ ရတ္တိန္ဒိဝမတန္ဒိတော။

၁၃၀။ တဿ တံ ဓူမဂန္ဓေန၊ သရဘာ မကသဒ္ဒိတာ။
ဝဿာဝါသံ ဥပါဂစ္ဆုံ၊ ဓူမကာရိဿ သန္တိကေ။

၁၃၁။ သရဘေသု မနံ ကတွာ၊ အဇာ သော နာဝဗုဇ္ဈထ။
အာဂစ္ဆန္တီ ဝဇန္တီ ဝါ၊ တဿ တာ ဝိနသုံ အဇာ။

၁၃၂။ သရဘာ သရဒေ ကာလေ၊ ပဟီနမကသေ ဝနေ။
ပါဝိသုံ ဂိရိဒုဂ္ဂါနိ၊ နဒီနံ ပဘဝါနိ စ။

၁၃၃။ သရဘေ စ ဂတေ ဒိသွာ၊ အဇာ စ ဝိဘဝံ ဂတာ။
ကိသော စ ဝိဝဏ္ဏော စာသိ၊ ပဏ္ဍုရောဂီ စ ဗြာဟ္မဏော။

၁၃၄။ ဧဝံ ယော သံ နိရံကတွာ၊ အာဂန္တုံ ကုရုတေ ပိယံ။
သော ဧကော ဗဟု သောစတိ၊ ဓူမကာရီဝ ဗြာဟ္မဏော။

မြတ်သော မင်းကြီး ဝါသိဋ္ဌအနွယ်ဖြစ်သော ဓူမကာရိပုဏ္ဏားသည် ဆိတ်အပေါင်းနှင့်တကွ များစွာသော မီးစာရှိသည်ဖြစ်၍ တောဝ၌နေလျက် နေ့ညဉ့် ပတ်လုံး မပျင်းမရိဘဲ အခိုးကို ပြုလုပ်၏။

ဓူမကာရိပုဏ္ဏား၏ ထိုအခိုးအနံ့ကြောင့် ငှက်ခြင်တို့သည် နှိပ်စက်ခံရကုန်သော သရဘမည်ကုန်သော သားတို့သည် ဓူမကာရိ ပုဏ္ဏား၏ အထံ၌ မိုးလ ပတ်လုံး နေကြကုန်၏။

ထိုဓူမကာရိ ပုဏ္ဏားသည် သရဘမည်သော သားတို့၌ ချစ်ခြင်းကိုပြု၍ ဆိတ်တို့ လာသည်ကိုလည်း မသိ၊ သွားသည်ကိုလည်း မသိသောကြောင့် ထိုဓူမကာရိ ပုဏ္ဏား၏ ဆိတ်တို့သည် ပျက်စီးကြကုန်၏။

သရဘ အမည်ရှိကုန်သော သားတို့သည် တန်ဆောင်မုန်းလအခါ တောထဲ၌ ခြင်မှက် ကင်းချိန် တောင်ဟူသည့် ခဲယဉ်းစွာ သွားအပ်သော အရပ်တို့၏လည်းကောင်း၊ မြစ်တို့၏လည်းကောင်း အမွန်အဦးတို့သို့ ဝင်ကုန်၏။

ဓူမကာရိ ပုဏ္ဏားသည် သွားကြကုန်သော သရဘမည်သော သားတို့ကိုလည်းကောင်း၊ ပျက်စီးခြင်းသို့ ရောက်ကုန်သော ဆိတ်တို့ကိုလည်းကောင်း သိ၍ ကြုံလှီ၏၊ အဆင်းမရှိ ဖျော့တော့သော ရောဂါရှိ၏။

ဤသို့ အတွင်းသားကို အပပြု၍ ဧည့်သည်ကို ချစ်ခြင်းပြုသူသည် ဓူမကာရိ ပုဏ္ဏားကဲ့သို့ တစ်ယောက်ထီးတည်း များစွာ စိုးရိမ်ရ၏။

ဤသို့ ဘုရားလောင်းသည် မင်းကိုမှတ်စေလျက် ဆို၏၊ ထိုမင်းသည်လည်းကောင်းစွာသိသောအဖြစ်သို့ ရောက်၍ ဝိဓုရပညာရှိအား များစွာသော ဥစ္စာကို ပေး၏၊ ထိုအခါမှစ၍ အတွင်းသားကို သင်္ဂြိုဟ်ခြင်းကိုလျှင် ပြုလျက် အလှူအစရှိကုန်သော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လား၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ကောရဗျမင်းဖြစ်ပြီ၊ ယခုအခါ ပသေနဒီ ကောသလမင်းသည် ထိုအခါ ဓူမကာရိပုဏ္ဏား ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဝိဓုရပညာရှိဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(တွင်းပြင်မျှတ၊ ချီးမြှောက်က၊ ကိစ္စပြီးကြောင်းသာ။)

လေးရာ တစ်ဆယ့်သုံးခုမြောက်သော ဓူမကာရိဇာတ်သည် ပြီး၏။

## ၄၁၄-ဇာဂရဇာတ်

### မအိပ်မနေ အသက်ရှည်

### နိုးကြားထကြွ လုံ့လကို ပြုသင့်ကြောင်း

#### ပစ္စုပ္ပန်ဝတ္ထု။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ကောဓ ဇာဂရတံ သုတ္တော အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဇာဂရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော သီတင်းသည်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သောတာပန် ဖြစ်သော ဘုရားတရား၌ ဖြစ်သော ထိုသီတင်းသည်သည် သာဝတ္ထိပြည်မှ လှည်းငါးရာနှင့်တကွ ကန္တာရခရီးသို့ သွား၏၊ လှည်းကုန်သည်တို့သည် ထိုကန္တာရဝယ် တစ်ခုသော ရေချမ်းသာရာအရပ်၌ လှည်းငါးရာတို့ကို ချွတ်စေ၍ ခဲဖွယ် ဘောဇဉ်တို့ကို စီရင်၍နေ၏၊ လူတို့သည် ထိုထိုအရပ်၌ လျောင်း၍ အိပ်ကုန်၏၊ သီတင်းသည်သည်ကား လှည်းအခေါင်း၏ အနီး တစ်ခုသော သစ်ပင်ရင်း၌ စင်္ကြံသွားခြင်းကို ဆောက်တည်၏၊ ထိုအခါ ထိုလှည်းကို လုယက်လိုကုန်သော ငါးရာကုန်သော ခိုးသူတို့သည် အထူးထူးကုန်သော လက်နက်တို့ကို ယူ၍ လှည်းကိုခြံရံ၍ တည်ကုန်၏၊ ထိုခိုးသူတို့သည် စင်္ကြံသွားသော ထိုသီတင်းသည်ကို မြင်ကုန်၍ ဤသူ၏ အိပ်သောကာလ၌ လုယက်ကုန်အံ့ဟု ထိုအရပ်၌ တည်ကုန်၏၊ ထိုသီတင်းသည်လည်း ညဉ့်သုံးယံပတ်လုံး စင်္ကြံသွားသလျှင်ကတည်း၊ ခိုးသူတို့သည် မိုးသောက်သောကာလ၌ ကိုင်တိုင်း ကိုင်တိုင်းသော ကျောက် ဆောက်ပုတ် အစရှိသည်တို့ကို စွန့်ကုန်၍ အိုလှည်းကုန်သည် မမေ့မလျော့သဖြင့် စောင့်ရှောက်သော ဤယောကျ်ားကို မှီ၍ အသက်ကိုရ၍ သင်သည် မိမိ၏ဥစ္စာရှင်ဖြစ်၏၊ ထိုသူအား ပူဇော်သက္ကာရကို ပြုလော့ဟုဆို၍ ဖဲကုန်၏၊ လူတို့သည် စောစောကလျှင် ထ၍ ခိုးသူတို့သည် စွန့်အပ်ကုန်သော ကျောက် ဆောက်ပုတ် အစရှိသည်တို့ကို မြင်ကုန်၍ ဤသူကို မှီ၍ ငါတို့သည် အသက်ကိုရအပ်၏ဟု သီတင်းသည်အား ပူဇော်သက္ကာရကို ပေးကုန်၏၊ သီတင်းသည်သည်လည်း အလိုရှိရာ အရပ်သို့သွား၍ ပြုအပ်သောကိစ္စ ပြီးသော်သော် တစ်ဖန် သာဝတ္ထိပြည်သို့ ပြန်၍ ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုးပူဇော်၍နေလျက် သီတင်းသည် အဘယ်ကြောင့် မထင်သနည်းဟု မိန့်တော်မူသည်၌သော် ထိုအကြောင်းကို လျှောက်၏။

သဗ္ဗညု မြတ်စွာဘုရားသည် သီတင်းသည် သင်သည်သာလျှင် မအိပ်ဘဲ စောင့်ရှောက်၍ ကျေးဇူးအထူးကို ရသည်မဟုတ်သေး၊ ရှေးပညာရှိတို့သည်လည်း

နိုးကြားကုန်သည်ဖြစ်၍ လူးဒသာ ကျေးဇူးကို ရဖူးကုန်ပြီဟု မိန့်တော်မူ၍ သိတင်းသည်သည် ဖောင်းပန်အပ်ကည်ဖြစ်၍ ဆက်ကိုက်ကို ဆောင်တော်မူ၏။

အတီတဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်သတ်သော် ဇာက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ တစ်ဖန်ပြန်၍ အိမ်၏အလယ်၌ နေလျက် နောက်အဖို့၌ တောထွက်၍ ရသေ့ရဟန်းပြုလျက် မကြာမြင့်မီလျှင် ဈာန် အဘိညာဉ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာအရပ်၌ ရပ်ခြင်း သွားခြင်း ဣရိယာပုထ်နှင့် ယှဉ်သည်ဖြစ်၍ နေလျက် မအိပ်မူ၍ အလုံးစုံသော ညဉ့်ပတ်လုံး စင်္ကြံသွား၏၊ ထိုအခါ ဘုရားလောင်း၏ စင်္ကြံဦး၌ ဖြစ်သော ရုက္ခစိုးနတ်သမီးသည် နှစ်သက်၍ သစ်ပင်ခွ၌ရပ်၍ ပြဿနာကို မေးလိုရကား ဤဂါထာကို ဆို၏—

၁၃၅။ ကောဓ ဇာဂရတံ သုတ္တော၊ ကောဓ သုတ္တေသု ဇာဂရော။
ကော မမေတံ ဝိဇာနာတိ၊ ကော တံ ပဋိဘဏာတိ မေ။

ရှင်ရသေ့၊ ဤလောက၌ နိုးကြားကုန်သော သူတို့၏အကြားဝယ် အဘယ်သူသည် အိပ်သောသူ မည်သနည်း၊ ဤလောက၌ အိပ်သောသူတို့၏ အကြားဝယ် အဘယ်သူသည် နိုးကြားသောသူ မည်သနည်း၊ ထိုအမေးကို အဘယ်သူ သိသနည်း၊ ငါးမေးသော ထိုပြဿနာကို အဘယ်သူ ဖြေဆိုနိုင်သနည်း။

ဘုရားလောင်းသည် ရုက္ခစိုးနတ် စကားကို ကြား၍ ဤဂါထာကို ဆို၏—

၁၃၆။ အဟံ ဇာဂရတံ သုတ္တော၊ အဟံ သုတ္တေသု ဇာဂရော။
အဟမေတံ ဝိဇာနာမိ၊ အဟံ ပဋိဘဏာမိ တေ။

ရုက္ခစိုးနတ်သမီး ငါသည် နိုးကြားကုန်သော ရဟန္တာကြီးတို့၏ အကြား၌ အိပ်သောသူ မည်၏၊ ငါသည် အိပ်သောသူတို့၏ အကြား၌ နိုးကြားသော သူမည်၏၊ ငါသည် ထိုပြဿနာကိုသိ၏၊ ငါသည် သင်မေးသော ပြဿနာကို ဖြေဆိုနိုင်၏။

ဤဂါထာကို ဆိုသည်ရှိသော် နတ်သမီးသည် တစ်ဖန် မေးပြန်လို၍ ဤဂါထာကို ဆို၏—

၁၃၇။ ကထံ ဇာဂရတံ သုတ္တော၊ ကထံ သုတ္တေသု ဇာဂရော။
ကော ထံ ဝေဒ ဝိဇာနာသိ၊ ကော ထံ ပဋိဘဏာသိ မေ။

ရှင်ရသေ့၊ သင်သည် နိုးကြားကုန်သောသူတို့၏ အကြား၌ အဘယ်သို့လျှင် အိပ်သောသူ မည်သနည်း၊ အဘယ်သို့လျှင် အိပ်သောသူတို့၏ အကြား၌ နိုးကြားသောသူ မည်သနည်း၊ ရှင်ရသေ့ သင်သည် အဘယ်သို့လျှင် ငါ၏ ထိုအမေးကို သိသနည်း၊ အဘယ်သို့လျှင် ငါ၏အမေးပြဿနာကို ဖြေဆိုနိုင်ပါသနည်း၊

ဘုရားလောင်းသည် ထိုအနက်ကို ဖြေလိုသည်ဖြစ်၍ ဤဂါထာတို့ကိုဆို၏—

၁၃၈။ ယေ ဓမ္မံ နပ္ပဇာနန္တိ၊ သံယမောတိ ဒမောတိ စ။
တေသု သုပ္ပမာနေသု၊ အဟံ ဇဂ္ဂါမိ ဒေဝတေ၊

၁၃၉။ ယေသံ ရာဂေါ စ ဒေါသော စ၊ အဝိဇ္ဇာ စ ဝိရာဇိတာ။
တေသု ဇာဂရမာနေသု၊ အဟံ သုတ္တောသ္မိ ဒေဝတေ။

၁၄၀။ ဧဝံ ဇာဂရတံ သုတ္တော၊ ဧဝံ သုတ္တေသု ဇာဂရော။
ဧဝမေတံ ဝိဇာနာမိ၊ ဧဝံ ပဋိဘဏာမိ တေ။

နတ်သမီး၊ မင်္ဂဖြင့်လာသော သီလဟူ၍လည်းကောင်း၊ ဣန္ဒြိယသံဝရသီလ ဟူ၍လည်းကောင်း၊ ကိုးပါးသော လောကုတ္တရာ တရားကို မသိကုန်ဘဲ ကိလေသာ ဟူသော အိပ်ပျော်ခြင်း၏ အစွမ်းအားဖြင့် မေ့လျော့ကုန်သော သူတို့၏အကြား၌ ငါသည် နိုးကြား၏။

ရာဂသည်လည်းကောင်း၊ ဒေါသသည်လည်းကောင်း၊ အဝိဇ္ဇာသည်လည်း ကောင်း ကင်းကုန်လျက် နိုးကြားအပ်ကုန်သော ရဟန္တာကြီးတို့၏ အကြား၌ ငါသည် အိပ်သောသူမည်၏။

ဤသို့ နိုးကုန်သော ရဟန္တာကြီးတို့၏ အတွင်း၌ ငါသည် အိပ်ပျော်၏။ ဤသို့ အိပ်ပျော်သောသူတို့၏အကြား၌ ငါသည် နိုး၏။ ငါသည် ဤသို့ ထိုပြဿနာကို သိ၏။ ဤသို့ ငါသည် သင်၏ ပြဿနာကို ဖြေခြင်းငှါ စွမ်းနိုင်၏။

ဤသို့ ဘုရားလောင်းသည် ပြဿနာကို ဖြေသည်ရှိသော် ရုက္ခစိုးနတ်သမီး သည် နှစ်သက်အပ်သည်ဖြစ်၍ ဘုရားလောင်းအား ချီးမွမ်းလိုရကား ဤ ဂါထာကို ဆို၏—

၁၄၁။ သာခု ဇာဂရတံ သုတ္တော၊ သာခု သုတ္တေသု ဇာဂရော။
သာခုမေတံ ဝိဇာနာသိ၊ သာခု ပဋိဘာဏာသိ မေ။

ရှင်ရသေ့ ကောင်းလေစွ၊ သင်သည် နိုးကုန်သော ရဟန္တာကြီးတို့၏ အတွင်း၌ အိပ်ပျော်၏။ ရှင်ရသေ့ ကောင်းလေစွ၊ သင်သည် အိပ်သောသူတို့၌ နိုးသောသူမည်၏။ ရှင်ရသေ့ သင်သည် ကောင်းလေစွ၊ ငါ၏ ထိုပြဿနာကို သိ၏။ ရှင်ရသေ့ ကောင်းလေစွ၊ သင်သည် ငါ၏ပြဿနာကို ဖြေခြင်းငှါ စွမ်းနိုင်၏။

ဤသို့ နတ်သမီးသည် ဘုရားလောင်းအား ချီးမွမ်းခြင်းကိုပြု၍ ဗိမာန်သို့ လျှင် ဝင်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ နတ်သမီးဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ထကြွနိုးကြား၊ ရှိသူအား၊ ကင်းငြား ရန်ဘယာ။)

လေးရာတစ်ဆယ့်လေးခုမြောက်သော ဇာဂရဇာတ်သည် ပြီး၏။

---

၄၁၅-ကုမ္မာသပိဏ္ဍိဇာတ်

ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုးရ

အနည်းငယ်ကို စွန့်လှူရုံဖြင့် ဘုရင့်စည်းစိမ်ကိုရခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "န ကိရတ္ထိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုမ္မာသပိဏ္ဍိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မလ္လိကာမိဖုရားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုမလ္လိကာ မိဖုရားသည် သာဝတ္ထိပြည်၌ တစ်ဦးသော ပန်းသည်ကြီး၏ သမီးတည်း၊ မြတ်သော အဆင်းကို ဆောင်၏၊ ပညာကြီး၏၊ ဝါဆယ့်ခြောက်နှစ်ရှိသောအခါ တစ်နေ့သ၌ သူငယ်မတို့နှင့်တကွ ပန်းဥယျာဉ်သို့ သွားလတ်သော် သုံးဆုပ်သော မုယောမုန့်တို့ကိုယူ၍ ပန်းတောင်း၌ထည့်၍ သွား၏။ ထိုမလ္လိကာသည် မြို့မှထွက်သော ကာလ၌ ကိုယ်ရောင်ကို လွှတ်လျက် ရဟန်းအပေါင်း ခြံရံလျက် မြို့သို့ဝင်သော မြတ်စွာဘုရားကိုမြင်၍ မုယောမုန့်တို့ကို လှူ၏။ သဗ္ဗညုမြတ်စွာဘုရားသည် ဧတုမဟာရာဇ်နတ်မင်းတို့သည် လှူအပ်သော သပိတ်တော်ကို ညွတ်၍ ခံယော်မူ၏၊ ထိုမလ္လိကာသည်လည်း မြတ်စွာဘုရား ခြေတော်ကို ဦးဖြင့်ရှိခိုး၍ ဘုရားလျှင် အာရုံရှိသော ပီတိကိုယူ၍ လျောက်ပတ်သော အရပ်၌ တည်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ထိုမလ္လိကာကိုကြည့်၍ ပြုံးခြင်းကိုပြု၏၊ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ ပြုံးတော်မူခြင်း၌ အကြောင်းကား အဘယ်နည်း၊ အထောက်အပံ့ကား အဘယ်နည်းဟု ကြံ၍ သဗ္ဗညုမြတ်စွာဘုရားကို မေးလျှောက်၏၊ ထိုအခါ အာနန္ဒာမထေရ်အား သဗ္ဗညုမြတ်စွာဘုရားသည် အာနန္ဒာ ဤသတို့သမီးသည် ဤမုယောမုန့်တို့ကို လှူခြင်း၏ အကျိုးအားဖြင့် ယနေ့လျှင် ကောသလမင်း၏ မိဖုရားကြီးဖြစ်လတ္တံ့ဟု ပြုံးတော်မူသော အကြောင်းကို မိန့်တော်မူ၏။

သတို့သမီးသည်လည်း ပန်းအရံသို့သွား၏၊ ထိုနေ့၌လျှင် ကောသလမင်းသည် အဇာတသတ်နှင့်တကွ စစ်ထိုး၍ စစ်ရှုံးသည်ရှိသော် ပြေး၍ မြင်းကိုစီး၍ လာလတ်သော် ထိုမလ္လိကာ၏ သီချင်းသံကို ကြား၍ တင့်သောစိတ်ရှိသည်ဖြစ်၍ မြင်းကို ဥယျာဉ်သို့ ရှေးရှုနှင်၏၊ ဘုန်းနှင့်ပြည့်စုံသော သတို့သမီးသည် မင်းကိုမြင်၍ မပြေးမူ၍လျှင် လာလတ်၍ မြင်းကို နှာခေါင်း၌ကိုင်၏၊ မင်းသည် မြင်းကျောက်ကုန်း၌ နေ၍လျှင် အရှင်ရှိသလောဟု မေး၏၊ အရှင်မရှိသည်၏ အဖြစ်ကိုသိ၍ မြင်းမှသက်၍ လေနေပူကြောင့်ပင်ပန်းသည်ဖြစ်၍ ထိုမလ္လိကာ၏ ရင်ခွင်၌ အိပ်လျက် တစ်ခဏမျှ အပင်အပန်းပြေ၍ ထိုမလ္လိကာကို မြင်းကျောက်ကုန်း၌ နေစေ၍ ဗိုလ်ပါအပေါင်းခြံရံလျက် မြို့သို့ဝင်၍ မလ္လိကာကို မိမိ၏ မိဘအိမ်သို့ဝင်စေ၍ ညဉ့်အခါ ယာဉ်ကို ကစေ၍ များစွာသော ပူဇော် မြတ်နိုးခြင်းဖြင့် မိဘအိမ်မှ ယူစေ၍ ရတနာအစု၌ထား၍ အဘိသိက်ပေး၍ မိဖုရားကြီးပြု၏။

ထိုအခါမှစ၍ မင်းသည် ချစ်နှစ်သက်၏၊ ရှေးဦးစွာ ထကြွင်း အစရှိသော ကောင်းသော ကျေးဇူးတို့နှင့်ပြည့်စုံ၏၊ လင်ကို နတ်ကဲ့သို့ လုပ်ကျွေး၏၊ ဘုရားတို့အားလည်း အကျွမ်းဝင်၏၊ ထိုမလ္လိကာသည် မြတ်စွာဘုရားအား သုံးဆုပ်သော မုယောမုန့်တို့ကို လှူ၍ ထိုစည်းစိမ်ကိုရသောအဖြစ်သည် မြို့အလုံးနှံ့၍ သွား၏၊ ထိုအခါ တစ်နေ့သ၌ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ မလ္လိကာဒေဝီသည် မြတ်စွာဘုရားအား သုံးဆုပ်သော မုယောမုန့်တို့ကိုလှူ၍ ထို

ကုသိုလ်၏ အကျိုးအားဖြင့် ထိုနေ့၌လျှင် အဘိသိက် သွန်းခြင်းကိုရ၏၊ ဘုရားရှင်၏ မြတ်သောကျေးဇူးရှိသည်၏ အဖြစ်သည် အံ့ဖွယ်ရှိစွဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးပါကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ မလ္လိကာသည် တစ်ဆူသော သဗ္ဗညုမြတ်စွာဘုရားအား သုံးဆုပ်ကုန်သော မုယောမုန့်တို့ကို လှူ၍ ကောသလမင်း၏ မိဖုရားကြီးအဖြစ်ကို ရခြင်းသည် မအံ့လောက်သေး၊ အဘယ့်ကြောင့်နည်းဟူမူကား သဗ္ဗညု ဘုရားရှင်တို့၏ ကျေးဇူးများမြတ်သည်၏ အဖြစ်ကြောင့်တည်း၊ ရှေးပညာရှိတို့သည်ကား ပစ္စေကဗုဒ္ဓါတို့အား တင်လဲ မခတ်သော အစေးမရှိသော မုယောမုန့်တို့ကို လှူ၍ ထိုအလှူ၏အကျိုးဖြင့် နှစ်ခုမြောက်သော အတ္တဘော၌ ယူဇနာသုံးရာ ရှိသော ကာသိတိုင်း၌ မင်း၏ စည်းစိမ် အသရေကို ရဖူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် သူဆင်းရဲအမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် တစ်ဦးသော သူဌေးကိုမှီ၍ အခဖြင့် အမှုကိုပြုလျက် အသက်မွေး၏၊ ထိုဘုရားလောင်းသည် တစ်နေ့သ၌ ငါအား နံနက်စာအကျိုးငှါဖြစ်လတ္တံ့ဟု အိမ်ဈေးမှ လေးဆုပ်သော မုယောမုန့်တို့ကိုယူ၍ အမှုလုပ်ရာသို့ သွားသည် ရှိသော် ဆွမ်းခံ အံ့သောငှါ ဗာရာဏသီသို့ ရှေးရှုလာကုန်သော လေးဆူကုန်သော ပစ္စေကဗုဒ္ဓါ တို့ကိုမြင်၍ ပစ္စေကဗုဒ္ဓါတို့သည် ဆွမ်းကိုရည်၍ ဗာရာဏသီသို့ သွားကုန်၏၊ ငါ့အားလည်း လေးဆုပ်သော မုယောမုန့်တို့သည် ရှိကုန်၏၊ အကယ်၍ ဤ မုယောမုန့်တို့ကို လှူရသော်ကား ကောင်းစွဟု ကြံ၍ ပစ္စေကဗုဒ္ဓါတို့သို့ ကပ်၍ အရှင်ဘုရားတို့ အကျွန်ုပ်၏ လက်၌ လေးဆုပ်သော မုယောမုန့်တို့သည် ရှိကုန်၏၊ ဤမုန့်တို့ကို အကျွန်ုပ်သည် အရှင်ဘုရားတို့အား လှူအံ့၊ အရှင်ဘုရားတို့ကို တောင်းပန်ပါ၏။

အကျွန်ုပ်၏ မုန့်တို့ကို ခံပါကုန်လော့၊ ဤသို့ ခံသည်ရှိသော် ဤကောင်းမှုသည် အကျွန်ုပ်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ အကျိုး ငှါ ဖြစ်လတ္တံ့ဟု လျှောက်၍ ထိုပစ္စေကဗုဒ္ဓါတို့၏ သည်းခံခြင်းကိုသိ၍ သဲကိုစု၍ နေရာလေးခုတို့ကို ခင်း၍ ထိုသဲစုတို့၏အထက်၌ ချိုးအပ်ကုန်သော သစ်ရွက် တို့ကိုခင်း၍ ပစ္စေကဗုဒ္ဓါတို့ကို အစဉ်သဖြင့်နေစေ၍ သစ်ရွက်တို့ဖြင့် ရေကို ဆောင်၍ အလှူရေစက်ကို ကျစေ၍ လေးလုံးကုန်သော သပိတ်တို့၌

လေးဆုပ်ကုန်သော မုန့်တို့ကို ထည့်ပြီး၍ ရှိခိုး၍ အရှင်တို့ ထိုမုယောမုန့်တို့၏ အကျိုးဆက်ဖြင့် အကျွန်ုပ်အား သူဆင်းရဲအိမ်၌ ဖြစ်ခြင်းမည်သည် မဖြစ်စေသတည်း၊ သဗ္ဗညုတဉာဏ်ကိုသိခြင်း၏ အကြောင်းသည် ဖြစ်စေသတည်းဟုဆို၏၊ ပစ္စေကဗုဒ္ဓါတို့သည် ဘုဉ်းပေး၍ ဘုဉ်းပေးပြီးသောအဆုံး၌ အနုမောဒနာကို ပြု၍ နန္ဒမူလိုဏ်သို့လျှင် ကြွကုန်၏၊ ဘုရားလောင်းသည် လက်အုပ်ချီ၍ ပစ္စေကဗုဒ္ဓါတို့၌ဖြစ်သော ပီတိကိုယူ၍ ထို ပစ္စေကဗုဒ္ဓါ တို့သည် မျက်စိဖြင့် မြင်ကောင်းသောခရီးကို လွန်ကုန်သော် မိမိ၏ အမှုလုပ်ရာသို့သွား၍ အသက်ထက်ဆုံး အောက်မေ့၍ စုတေ၍ ထိုကောင်းမှု၏ အကျိုးဖြင့် ဗာရာဏသီမင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၏၊ ထိုမင်းသားအား ဗြဟ္မဒတ္တ သတို့သားဟူသော အမည်ကို မှည့်ကုန်၏၊ ထိုဗြဟ္မဒတ်မင်းသားသည် မိမိခြေဖြင့် သွားတတ်သော ကာလမှစ၍ ငါသည် ဤဗာရာဏသီမြို့၌လျှင် သူဆင်းငါးဖြစ်၍ အမှုလုပ်အံ့သောငှါ သွားသည်ရှိသော် ပစ္စေကဗုဒ္ဓါတို့အား လေးဆုပ်ကုန်သော မုယော မုန့်တို့ကို လှူ၍ ထိုအလှူ၏ အကျိုးဖြင့် မင်းမျိုး၌ ဖြစ်၏ဟု ကြည်သော ကြေးမုံ၌ မျက်နှာရိပ်ကဲ့သို့ ရှေးဘဝ၌ဖြစ်သော အလုံးစုံသော အမှုအရာကို ဇာတိဿရဉာဏ်ဖြင့် ထင်သည် ဖြစ်၍ ရှု၏၊ ဗြဟ္မဒတ်မင်းသားသည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့ သွား၍ အလုံးစုံသော အတတ်တို့ကို သင်၍ တစ်ဖန်ပြန်၍ သင်အင်သော အတတ်တို့ကို အဘအား ပြ၍ အဘသည် နှစ်သက်သဖြင့် အိမ်ရှေ့အရာ၌ ထား၍ အဘ လွန်သဖြင့် မင်းအဖြစ်၌ တည်၏၊ ထိုအခါ ဗြဟ္မဒတ်မင်းအား ကောသလမင်း၏ မြတ်သော အဆင်းရှိသော သမီးကို ဆောင်၍ မိဖုရားကြီး ပြုကုန်၏၊ ဗြဟ္မဒတ်မင်း၏ ထီးဖြူမင်္ဂလာ ပြုသောနေ့၌ မြို့အလုံးကို နတ်မြို့ကဲ့သို့ တန်ဆာဆင်ကုန်၏။

ဗြဟ္မဒတ်မင်းသည် မြို့ကို လက်ယာရစ် လှည့်သည်ကို ပြု၍ တန်ဆာဆင်သော ပြာသာဒ်သို့ တက်၍ ပြာသာဒ်အပြင်၏ အလယ်၌ ကောင်းစွာ ဆောက်အပ်သော ထီးဖြူရှိလော ပလ္လင်သို့ တက်၍ နေလတ်လော် ခြံရံ၍ တည်ကုန်သော တစ်ဖက်မှ အမတ်တို့ကို တစ်ဖက်မှ အထူးထူးသော စည်းစိမ်ရှိကုန်သော အသရေ၏ တင့်တယ်ခြင်းဖြင့် ထွန်းပကုန်သော ပုဏ္ဏား သူကြွယ် အစရှိကုန်သော သူတို့ကို တစ်ဖက်မှ အထူးထူးအပြားပြား လက်ဆောင် လက်စွဲကုန်သော မြို့သူတို့ကို တစ်ဖက်မှ တန်ဆာဆင်ကုန်သော နတ်သမီးနှင့် တူကုန်သော တစ်သောင်း ခြောက်ထောင် ကုန်သော ကချေသည် မိန်းမ အပေါင်းတို့ကို ဤသို့ အလွန် နှလုံးမေလျော်ဖွယ်ရှိသော ဤအသရေ စည်းစိမ်ကို ကြည့်လျက် မိမိ၏ ရှေးကောင်းမှု ကံကို အောက်မေ့၍ ရွှေအချက်ရှိသော ရွှေပန်း ရှိသော ဤထီးဖြူ သည်လည်းကောင်း, အထောင်မကသော ဤဆင်ယာဉ် မြင်းယာဉ်တို့သည် လည်းကောင်း, ပတ္တမြား ပုလဲ အစရှိသည် တို့ဖြင့် ပြည့်ကုန်သော တိုက်တို့သည်

လည်းကောင်း, အထူးထူးသော စပါးမျိုးဖြင့် ပြည့်သော မြေကြီးသည် လည်းကောင်း, နတ်သမီးနှင့် တူကုန်သော မိန်းမတို့သည်လည်းကောင်း ဤသို့ အလုံးစုံသော ငါ၏ အသရေစည်းစိမ်သည် တစ်ပါးသော သူ၏ ဥစ္စာ မဟုတ်၊ လေးဆူကုန်သော ပစ္စေကဗုဒ္ဓါတို့အား လှူအပ်သော လေးဆုပ်သော မုယောမုန့် အလှူ၏သာလျှင် ဥစ္စာတည်း၊ ထိုမုယောမုန့် အလှူကို မှီ၍ ဤစည်းစိမ်ကို ရ၏ဟု ပစ္စေကဗုဒ္ဓါတို့၏ ကျေးဇူးကို အောက်မေ့၍ မိမိကုသိုလ် ကံကို ထင်သည်ကို ပြု၍ ထိုကောင်းမှုကို အောက်မေ့သော ဗြဟ္မဒတ်မင်း၏ ကိုယ်အလုံးသည် ပီတိဖြင့် စွတ်သော နှလုံးရှိသည် ဖြစ်၍ လူအပေါင်း၏ အလယ်၌ ဝမ်းမြောက်သော သီချင်းကို သီလိုသည် ဖြစ်၍ ဤဂါထာတို့ကို ဆို၏—

၁၄၂။ န ကိရတ္ထိ အနောမဒဿိသု၊ ပါရိစရိယာ ဗုဒ္ဓေသု အပ္ပိကာ။
သုက္ခာယ အလောဏိကာယ စ၊ ပဿ ဖလံ ကုမ္မာသပိဏ္ဍိယာ။

၁၄၃။ ဟတ္ထိ ဂဝဿာ စိမေ ဗဟူ၊ ဓနဓညံ ပထဝီ စ ကေဝလာ။
နာရိယော စိမာ အစ္ဆရူပမာ၊ ပဿ ဖလံ ကုမ္မာသပိဏ္ဍိယာ။

မြတ်သော ပစ္စေကဗောဓိဉာဏ် အမြင်ရှိကုန်သော ပစ္စေကဗုဒ္ဓါတို့၌ ရှိခိုးခြင်း, ခရီးဦး ကြိုဆိုခြင်း, လက်အုပ်ချီခြင်း စသည် အပြားရှိသော အရိုအသေပြုခြင်း, သစ်သီးတစ်လုံး, ဆွမ်းတစ်နပ် ပေးလှူခြင်းသည် များသော အကျိုးရှိသတတ်၊ အစေးမရှိသော တင်လဲမဆမ်းသော မုယောမုန့်စိုင်၏အကျိုးကို ရှုကြည့်ပါလော့။

ဆင်, မြင်း, နွားတို့လည်းကောင်း၊ ပဒ္ဒမြား အစရှိသော ဥစ္စာခုနစ်ပါးသော စပါးမျိုးတို့လည်းကောင်း၊ မြေပြင်အားလုံးကို အစိုးရခြင်းလည်းကောင်း၊ နတ်သမီးနှင့် တူကုန်သော မိန်းမတို့သည်လည်းကောင်း ဤအားလုံးကို ရရှိသော မုယောမုန့်စိုင်ကို လှူဒါန်းခြင်း၏ အကျိုးကို ကြည့်ရှုပါလော့။

ဘုရားလောင်းသည်လည်း မိမိ၏ ထီးဖြူမင်္ဂလာ ပြုသောနေ့၌ ဖြစ်သော ပီတိ ပါမောဇ္ဇ ရှိသည် ဖြစ်၍ ဤဂါထာတို့ဖြင့် ဥဒါန်းသီချင်းကို သီ၏၊ ထိုနေ့မှ စ၍ မင်းသည် ချစ်သော သီချင်းတည်းဟု ဘုရားလောင်း၏ မောင်းမအပေါင်း တို့သည်လည်းကောင်း, ကချေသည် သဘင်သည် စသော နန်းတွင်းသူတို့သည် လည်းကောင်း, မြို့တွင်း မြို့ပ၌ နေကုန်သော သူတို့သည်လည်းကောင်း, ပွဲသဘင် မဏ္ဍပ်တို့၌လည်းကောင်း, ငါတို့ အရှင်မင်းကြီးသည် ချစ်အပ်သော သီချင်း တည်းဟု ထိုသီချင်းကိုသာလျှင် သီကုန်၏၊ ဤသို့ ရှည်စွာသော ကာလသည် ရောက်လတ်သော် မိဖုရားကြီးသည် ထိုဂါထာ၏ အနက်ကို သိလိုသည် ဖြစ်၏၊ ဘုရားလောင်းကိုကား မေးအံ့သော၄ါ မဝံ့၊ ထိုအခါ မိဖုရားအား

ဘစ်ခုသော ကျေးဇူး၌ ကြည်ညို၍ တစ်နေ့သ၌ မင်းသည် ရှင်မ သင့်အား ငါသည် ဆုကိုပေးအံ့၊ ဆုကို ယူလော့ဟု ဆို၏၊ မိဖုရားသည် အရှင်မင်းကြီး ကောင်းပြီ ဆုကို ယူအံ့ဟု ဆို၏၊ သင့်အား ဆင် မြင်း အစရှိသည်တို့တွင် အဘယ်ကို ပေးရအံ့နည်းဟု ဆို၏၊ ရှင်မင်းကြီး ရှင်မင်းကြီးတို့ကို မှီ၍အကျွန်ုပ် အား မပြည့်စုံခြင်းမည်သည် မရှိ၊ အကျွန်ုပ်အား ထို ဆင် မြင်း အစရှိသည်တို့ဖြင့် အလိုမရှိ၊ အကယ်၍ ပေးလိုကုန်အံ့၊ သင်မင်းကြီးတို့သည် သီအပ်သော သီချင်း ၏ အနက်ကို ဆို၍ ပေးကုန်လော့ဟု ဆို၏၊ ရှင်မ ရှင်မအား ဤဆုဖြင့်အဘယ် အကျိုးရှိအံ့နည်း တစ်ပါးသောဆုကို ယူလော့ဟု ဆို၏၊ ရှင်မင်းကြီး ကျွန်ုပ် အား တစ်ပါးသောဆုဖြင့် အလိုမရှိ ထိုဆုကိုသာ ယူအံ့ဟု ဆို၏၊ ရှင်မ ကောင်းပြီ ဆိုအံ့၊ တစ်ယောက်တည်းသော သင့်အား ဆိတ်ကွယ်ရာ အရပ်၌ မဆိုအံ့၊ တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီမြို့၌ စည်လည်စေ၍ မင်းအိမ်တံခါး၌ ရတနာမဏ္ဍပ်ကို ပြုစေ၍ ရတနာပလ္လင်ကို ခင်းစေ၍ အမတ် ပုဏ္ဏား အစရှိကုန် သော မြို့သူတို့ဖြင့်လည်းကောင်း၊ တစ်သောင်းခြောက်ထောင်သော မိန်းမတို့ ဖြင့်လည်းကောင်း ခြံရံလျက် ထိုသူတို့၏ အလယ် ရတနာပလ္လင်၌နေ၍ ဟောအံ့ ဟုဆို၏၊ အရှင်မင်းကြီး ကောင်းပြီဟု ဝန်ခံ၏၊ မင်းသည် ထိုသို့ ဆိုတိုင်းပြုစေ၍ အမတ်အပေါင်းခြံရံသော သိကြား နတ်မင်းကဲ့သို့ များစွာသော လူအပေါင်း ခြံရံလျက် ရတနာပလ္လင်၌ နေ၏၊ မိဖုရားသည်လည်း ခပ်သိမ်းသော တန်ဆာ ဖြင့် ဆင်အပ်သည်ဖြစ်၍ ရွှေအင်းပျဉ်ကို ခင်းစေ၍ တင့်အပ်သော ဒေသရပ်၌ မျက်စောင်းဖြင့် ကြည့်၍ ထိုသို့သဘောရှိသော အရပ်၌ နေ၍ သင်မင်းကြီးတို့ သည် နှစ်သက်၍ သီအပ်သော မင်္ဂလာသီချင်းကို သီ၍ အနက်ကို အကျွန်ုပ် အား ရွှေးဦးစွာ ကောင်းကင်ပြင်၌ လပြည့်ဝန်းကို ထင်စေဘိသကဲ့သို့ ထင်သည်ကို ပြု၍ ဟောပါကုန်လော့ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၁၄၄။ အဘိက္ခဏံ ရာဇကုဉ္ဇရ၊ ဂါထာ ဘာသသိ ကောသလာဓိပ။
ပုစ္ဆာမိ တံ ရဋ္ဌဝဍ္ဍန၊ ဗာဠှံ ပီတိမနော ပဘာသသိ။

ကုသိုလ်ကို အလိုရှိသော တိုင်းနိုင်ငံကို ပွားစေတတ်သော မင်းမြတ် မပြတ် ဂါထာတို့ကို သင်မင်းကြီးသည် ဆို၏။ အလွန်လျှင် ပီတိနှင့်ယှဉ်သော စိတ်ရှိသည် ဖြစ်၍ ဆို၏။ ထိုဂါထာ၏ အနက်ကို မေး၏။

ထိုအခါ မိဖုရားအား ဂါထာတို့၏ အနက်ကို ထင်စွာ ပြလိုသော ဘုရား လောင်းသည် ဤဂါထာတို့ကို ဆို၏—

၁၄၅။ ဣမသ္မိံ ယေဝ နဂရေ၊ ကုလေ အညတရေ အဟုံ။
ပရကမ္မကရော အာသိံ၊ ဘတကော သီလသံဝုတော။

၁၄၆။ ကမ္ဗောယ နိက္ခမန္တော်ဟံ၊ စတုရော သမဏေဒ္ဒသံ။
အာစာရသီလသမ္ပန္နေ၊ သီတိဘူတေ အနာသဝေ။

၁၄၇။ တေသု စိတ္တံ ပသာဒေတွာ၊ နိသီဒေတွာ ပဏ္ဏသန္တတေ။
အဒံ ဗုဒ္ဓါနံ ကုမ္မာသံ၊ ပသန္နော သေဟိ ပါဏိဘိ။

၁၄၈။ တဿ ကမ္မဿ ကုသလဿ၊ ဣဒံ မေ ဧဒိသံ ဖလံ။
အနုဘောမိ ဣဒံ ရဇ္ဇံ၊ ဖီတံ ဓရဏိမုတ္တမံ။

ရှင်မငါသည် ဤမြို့၌ပင်လျှင် မထင်ရှားသော သူဆင်းရဲမျိုး၌ ဖြစ်၍ သူတစ်ပါးအလုပ်ကို လုပ်သော သူရင်းငှါးဖြစ်လျက် သီလစောင့်ခဲ့၏။

ရှင်မ ငါသည် အမှုလုပ်သွားရန် ထွက်လာသောအခါ မဂ်ဖိုလ်တို့မှလာသော အကျင့်သီလအာစာရနှင့် ပြည့်စုံကုန်သော ငြိမ်းအေးကုန်ပြီးသော အာသဝေါ ကုန်ပြီးသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်လေးပါးတို့ကို တွေ့မြင်ရလေ၏။

ရှင်မ ငါသည် ထိုပစ္စေကဗုဒ္ဓါလေးပါးတို့အပေါ် ကြည်ညိုစိတ်ဖြစ်၍ သစ်ရွက်အခင်း၌ သီတင်းသုံးနေစေပြီးလျှင်ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍ မိမိလက်တို့ဖြင့် ပစ္စေကဗုဒ္ဓါတို့အား မုယောမုန့်ကို လှူဒါန်းဖူး၏။

ရှင်မ ငါ၏ ယခုလက်ရှိခံစားနေရသော အကျိုးသည် ထိုပြုလုပ်ခဲ့သော ကုသိုလ်ကံ၏ အကျိုးတည်း၊ မြတ်သော ရေ မြေကို အစိုးရသော ဤမင်းအဖြစ်ကို ခံစားရ၏။

ဤသို့လည်း မိမိကောင်းမှုကို ချီး၍ဟောသော ဘုရားလောင်း၏ စကားကို ကြား၍ ကြည်ညို၍ မိဖုရားသည်လည်း မြတ်သောမင်းကြီး ဤသို့ ပစ္စက္ခအားဖြင့် ဒါနအကျိုးကို သိကုန်၏၊ ဤနေ့မှစ၍ တစ်ခုသော ထမင်းဆုပ်ကိုရ၍ တရားစောင့်သော ရဟန်းပုဏ္ဏားတို့အား လှူ၍လျှင် သုံးဆောင်ကုန်ရာ၏၊ မမေ့မလျော့ ကုန်ရာ၏ဟု ဆို၍ ဘုရားလောင်းအား ချီးမွမ်းခြင်းကို ပြုလိုရကား ဤဂါထာကို ဆို၏—

၁၄၉။ ဒဒံ ဘုဉ္ဇ မာ စ ပမာဒေါ၊ စက္ကံ ဝတ္တယ ကောသလာဓိပ။
မာ ရာဇ အဓမ္မိကော အဟု၊ ဓမ္မံ ပါလယ ကောသလာဓိပ။

ကုသိုလ်ကို အလိုရှိသော မင်းမြတ် လှူ၍သာလျှင် စားလော၊ ဒါန အစရှိသည်၌ မမေ့မလျော့သင့်၊ ပဋိရူပဒေသဝါသ အစရှိသော စက်လေးပါးကို ဖြစ်စေလော၊ ကုသိုလ်ကို အလိုရှိသောမင်း တရားမစောင့်ဘဲ မနေလင့်၊ တရားကို စောင့်လော။

ဘုရားလောင်းသည် မိဖုရားစကားကို ဝန်ခံလိုသည်ဖြစ်၍ ဤဂါထာကိုဆို၏-

၁၅၀။ သောဟံ တဒေဝ ပုနပ္ပုနံ၊ ဝဋ္ဋမိ အာစရိယာသမိ သောဘနေ။
အရိယာစရိတံ သုကောသလေ၊ အရဟန္တော မေ မနာပါဝ ပဿိတုံ။

တင့်တယ်သော ကောင်းသော ကောသလမင်း၏သမီး ထိုငါသည် အရိယာတို့သည် လေ့ကျက်အပ်သော ထိုဒါနဟူသော လမ်းခရီးကိုလျှင် အဖန်တလဲလဲ သွားအံ့၊ ငါသည် ရဟန္တာတို့ကို ဖူးမြင်အံ့သောငှါ နှစ်သက်သလျှင်ကတည်း။

ဤသို့ဆို၍လည်း မင်းသည် မိဖုရား၏ စည်းစိမ်ကိုကြည့်၍ ရှင်မ ငါသည် ရှေးဦးစွာ ရှေးဘဝ၌ မိမိ၏ကုသိုလ်ကံကိုချွ၍ ဆိုအပ်ပြီ၊ ဤမိန်းမတို့၏ အလယ်၌ အဆင်းဖြင့်လည်းကောင်း, တင့်တယ်စံပယ်ခြင်းတို့ဖြင့်လည်းကောင်း, သင်နှင့်တူသော တစ်ယောက်သော မိန်းမသည် မရှိ၊ ထိုသင်သည် အဘယ်ကောင်းမှုကို ပြု၍ ဤစည်းစိမ်ကို ရသနည်းဟု မေးလိုရကား ဤဂါထာကိုဆို၏—

၁၅၁။ ဒေဝီ ဝိယ အစ္ဆရူပမာ၊ မဇ္ဈေ နာရိဂဏဿ သောဘသိ။
ကိံ ကမ္မမကာသိ ဘဒ္ဒကံ၊ ကေနာသိ ဝဏ္ဏဝတီ သုကောသလေ။

ကောင်းသော ကောသလမင်း၏ သမီး သင်သည် နတ်သမီးနှင့်တူ၏၊ မိန်းမ အပေါင်း၏ အလယ်၌ သိကြားမင်း၏ မိဖုရားကဲ့သို့ တင့်တယ်၏၊ အဘယ် ကောင်းမှုကံကို ပြုခဲ့ဖူးသနည်း၊ အဘယ်ကောင်းမှုကြောင့် အဆင်းလှသနည်း။

ထိုအခါ ဘုရားလောင်းအား မိဖုရားသည် ရှေးဘဝ၌ ပြုအပ်သော ကောင်းမှုကံကို ဆိုလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏—

၁၅၂။ အမ္ဗဋ္ဌကုလဿ ခတ္တိယ၊ ဒါသျာဟံ ပရပေသိယာ အဟုံ။
သညတာ စ ဓမ္မဇီဝိနီ၊ သီလဝတီ စ အပါပဒဿနာ။

၁၅၃။ ဥဒ္ဓဋဘတ္တံ အဟံ တဒါ၊ စရမာနဿ အဒါသိံ ဘိက္ခုနော။
ဝိတ္တာ သုမနာ သယံ အဟံ၊ တဿ ကမ္မဿ ဖလံ မမေဒိသံ။

(ထိုမိဖုရားသည်လည်း ရှေးအဖြစ်ကို အောက်မေ့နိုင်သည်သာလျှင် ဖြစ်သတတ်၊ ထို့ကြောင့် မိမိ၏ ဇာတိဿရဉာဏ်ဖြင့် ပိုင်းခြား၍လျှင် ဆို၏။)

မင်းမြတ် ရှေးဘဝက အကျွန်ုပ်သည် သူကြွယ်မျိုး၏ ကျွန်မဖြစ်ခဲ့၏၊ သူတစ်ပါးတို့၏ အစေအပါး ဖြစ်ပါလျက်လည်း မိမိကိုယ်ကို စောင့်စည်း၏၊

တရားသဖြင့် အသက်မွေးဝမ်းကျောင်းပြု၏၊ သီလနှင့် ပြည့်စုံ၏၊ မြတ်သော ရှုဖွယ်လည်း ရှိ၏။

မင်းမြတ် ထိုအချိန်က အကျွန်ုပ်သည် ဆွမ်းခံသွားသော ကိလေသာကို ပယ်ပြီးသော ပစ္စေကဗုဒ္ဓါအား ဝေငှပေး၍ မိမိအတွက်ရသော ထမင်းကို လှူဖူး၏၊ အကျွန်ုပ်ကိုယ်တိုင် နှစ်သက်ဝမ်းမြောက်၏။ ကျွန်ုပ်၏ ဤသို့သဘော ရှိသော အကျိုးသည် ထိုကောင်းမှု၏ အကျိုးတည်း။

ဤသို့ ဤမင်း မိဖုရားနှစ်ပါးတို့သည်လည်း မိမိတို့၏ ကောင်းမှုကို အကျယ် အားဖြင့် ဆိုပြီး၍ ထိုအခါမှစ၍ မြို့တံခါး လေးမျက်နှာတို့၌ လည်းကောင်း၊ မြို့လယ်၌လည်းကောင်း၊ နန်းတော်တံခါး၌လည်းကောင်း၊ ဤခြောက်ဌာနတို့၌ ခြောက်ဆောင်သော အလှူတင်းကုပ်တို့ကို ဆောက်၍ အလုံးစုံသော ဇမ္ဗူဒိပ် ကျွန်းကို ထွန်းပလတ်သည်ကိုပြု၍ ကြီးစွာသော အလှူကို ဖြစ်စေ၍ သီလကို စောင့်၍ ဥပုသ်သုံးခြင်းအမှုကို ပြု၍ အသက်၏အဆုံး၌ နတ်ပြည်သို့လားကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရာဟုလမယ်တော်သည် ထိုအခါ မိဖုရားဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏၊

(နည်းများမဟူ၊ ပေးလှူမှု၊ ထိုသူ ချမ်းသာရ။)

လေးရာတစ်ဆယ့်ငါးခုမြောက်သော ကုမ္မာသပိဏ္ဍဇာတ်သည် ပြီး၏။

---

## ၄၁၆-ပရန္တပဇာတ်

### မကောင်းမှုသည် မကောင်းကျိုးကို ပေးတတ်ခြင်း

### ကာလဝိပါက် နောက်ပိုးတက်

### မမျှော်လင့်ရာဌာနမှ ရန်သူ ပေါ်လာတတ်သည်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် ''အာဂမိဿတိ မေ ပါပံ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ် သော ဤ ပရန္တပဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်

မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်အံ့သောငှါ လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်အံ့သောငှါသာလျှင် လုံ့လပြု၏။ လေးသမားတို့ကိုလွှတ်၍ ကျောက်ကို လှိမ့်၏၊ နာဠာဂိရိဆင်ကို လွှတ်စေ၏၊ မြတ်စွာဘုရား၏ ပျက်စီးခြင်းငှါသာလျှင် အကြောင်းကို ပြု၏ဟု စကားကိုဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤဒေဝဒတ်သည် ငါ့အား သတ်အံ့သောငှါ လုံ့လပြုသည်မဟုတ်သေး၊ ရှေး၌လည်း ဤဒေဝဒတ်သည် ငါ့အား သတ်အံ့သောငှါ လုံ့လပြုဖူး၏၊ ထိတ်လန့်ခြင်းမျှကိုလည်း ပြုအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ မိမိသည်သာလျှင် ဆင်းရဲခြင်းကို ခံရ၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၏၊ သဗ္ဗရုတဇာနနမန္တရားကိုလည်း သင်၏၊ ဘုရားလောင်းသည် ဆရာအား ထိုက်သောအခဖိုးကိုပေး၍ ဗာရာဏသီပြည်သို့ ပြန်၍ အဘသည် ထိုဘုရားလောင်းကို အိမ်ရှေ့အရာ၌ ထား၏၊ အိမ်ရှေ့အရာ၌ အကယ်၍ ထားငြားသော်လည်း ထိုဘုရားလောင်းကို သတ်ခြင်းငှါ အလိုရှိသည်ဖြစ်၍ မြင်ခြင်းငှါလည်း အလိုမရှိ၊ ထိုအခါ တစ်ကောင်သော မြေခွေးမသည် နှစ်ကောင်ကုန်သော သားငယ်တို့ကို ယူ၍ ညဉ့်၌ လူတို့အိပ်ကုန်စဉ် ပြွန်ပေါက်ဖြင့် မြို့သို့ ဝင်၏၊ ဘုရားလောင်း၏ ပြာသာဒ်အိပ်ရာ တိုက်ခန်းအနီး၌ တစ်ခုသော ဇရပ်သည်ရှိ၏၊ ထိုဇရပ်၌ တစ်ယောက်သော ခရီးသွားလူသည် ဖိနပ်တို့ကိုချွတ်၍ ခြေရင်းဝယ် မြေ၌ ထား၍ တစ်ခုသောပျဉ်၌အိပ်၏၊ အိပ်၍မပျော်မီ မြေခွေးမ၏ သားငယ်တို့သည် ငတ်မွတ်ကုန်ရကား မြည်ကုန်၏၊ ထိုအခါ အမိမြေခွေးမသည် အမောင်တို့ အသံကို မပြုကြကုန်လင့်၊ ထိုဇရပ်၌တစ်ဦးသောလူသည် ဖိနပ်တို့ကိုချွတ်၍မြေ၌ထား၍ ပျဉ်၌အိပ်၏၊ မပျော်သေး၊ ထိုသူ၏ ပျော်သော ကာလ၌ ထိုဖိနပ်ကိုဆောင်၍ သင်တို့ကို စားစေကုန်အံ့ဟု မိမိဘာသာဖြင့် ဆို၏၊ ဘုရားလောင်းသည် မန္တရား၏ အာနုဘော်အားဖြင့် ထိုမြေခွေးမ၏ဘာသာကို သိ၍ အိပ်ရာတိုက်ခန်းမှ ထွက်၍ ပြူတင်းကိုဖွင့်၍ ဤအရပ်၌ အဘယ်သူနည်းဟု မေး၏၊ ခရီးသွားသော ယောကျ်ားသည် ရှင်မင်းကြီး၊ အကျွန်ုပ် ခရီးသွားလူတည်းဟု ဆို၏၊ သင်၏

ဖိနပ်တို့သည် အဘယ်မှာနည်းဟု မေး၏၊ အရှင်မင်းကြီး မြေ၌ထား၏ဟုဆို၏၊ မြွေခေါက်ဆွဲ၍ထားလေ၃ဟု ဆို၏။

ထိုစကားကိုကြား၍ မြေခွေးမသည် ဘုရားလောင်းအား အမျက်ထွက်၏၊ တစ်ဖန် တစ်နေ့သ၌ ထိုမြေခွေးမသည် ထို့အတူလျှင် မြို့သို့ဝင်၏၊ ထိုအခါ တစ်ယောက်သော ယစ်သောလူသည် ရေသောက်အံ့ဟု ရေကန်သို့ သက်သည်ရှိသော် ရေ၌နစ်မွန်း၍ ထွက်သက်ဝင်သက်ပြတ်၍ သေ၏၊ ထိုယောကျ်ားအား ဝတ်ကုန်သော နှစ်ထည်ကုန်သော ပုဆိုးတို့သည် လည်းကောင်း, ပုဆိုးတွင်း၌ အသပြာ တစ်ထောင်တို့သည် လည်းကောင်း, လက်ချောင်း၌ လက်စွပ်သည် လည်းကောင်း ၇ှိ၏၊ ထိုအခါ၌ ၎င်းမြေခွေးမသည် ငတ်မွတ်ကုန်၏ဟူ၍ မြည်ကုန်သော သားငယ်တို့ကို အမောင်တို့ အသံကို မပြုကြကုန်လင့်၊ ထိုရေကန်၌ လူသည် သေ၏၊ ကျမည်သော ဥစ္စာသည်လည်း ရှိ၏၊ ထိုလူသည်သေ၍ စောင်းတန်း၌လျှင် အိပ်၏၊ သင်တို့အား ထိုလူကို စားစေအံ့ဟု ဆို၏၊ ဘုရားလောင်းသည် ထိုစကားကို ကြား၍ လေသွန်ပြတင်းကိုဖွင့်၍ ဇရက်၌ အဘယ်သူရှိသနည်းဟု ဆို၍ တစ်ယောက်သောယောကျ်ားသည် ထ၍ ရှင်မင်းကြီး အကျွန်ုပ်ရှိ၏ဟု ဆိုလတ်သော် သွားချေ၊ ထိုရေကန်၌သေသောသူ၏ ပုဆိုးကိုကိုလည်းကောင်း, အသပြာ တစ်ထောင်တို့ကို လည်းကောင်း, လက်စွပ်ကိုလည်းကောင်း ယူ၍ ထိုသူ၏အလောင်းကို အကြင်သို့သော အခြင်းအရာအားဖြင့် ပြုသည်ရှိသော် ရေ၌မပေါ်၊ ထိုသို့သော အခြင်းအရာအားဖြင့် ရေ၌နစ်လောဟု ဆို၏၊ ထိုယောကျ်ားသည် ဘုရားလောင်းဆိုတိုင်းပြု၏၊ ထိုမြေခွေးမသည် တစ်ဖန်လည်း အမျက်ထွက်၏၊ ရှေးနေ့၌ သားငယ်တို့အား ဖိနပ်တို့ကို စားစိမ့်သောငှါ မပေး၊ ယနေ့လည်း သူသေကို စားစိမ့်သောငှါ မပေး၊ ထိုသို့ ဖြစ်စေ၍ ကျွန်ုပ်နေ့မှ သုံးရက်မြောက်သောနေ့၌ တစ်ယောက်သော ပြည်နီးချင်းမင်းသည် လာလတ်၍ မြို့ကိုခြံရံလတ္တံ့၊ ထိုအခါ သင့်ကို အဘသည် စစ်ထိုးစိမ့်သောငှါ စေလတ္တံ့၊ ထိုစစ်ထိုးရာ၌ သင်၏ဦးခေါင်းကို ဖြတ်ကုန်လတ္တံ့၊ ထိုအခါ သင်၏လည်ချောင်းသွေးကို သောက်၍ ရန်တုံ့ကိုဖြေအံ့၊ သင်သည် ငါနှင့်တကွရန်ကိုဖွဲ့၏၊ သိရအံ့ဟု မြည်၍ ဘုရားလောင်းကိုခြိမ်းခြောက်၍ သားငယ်တို့ကို ယူ၍ ထွက်၏၊ သုံးရက်မြောက်သောနေ့၌ တစ်ယောက်သော ပြည်နီးချင်း မင်းသည် လာလတ်၍ မြို့ကို ရံ၏၊ မင်းသည် ဘုရားလောင်းကို အမောင် သွားချေ၊ ထိုမင်းနှင့် တကွ စစ်ထိုးချေလေ၃ဟု ဆို၏၊ အရှင်မင်းကြီး အကျွန်ုပ်သည် မြင်အပ်သော နိမိတ်ရှိ၏၊ သွားအံ့သောငှါမဝံ့၊ အသက်၏ အန္တရာယ်ကို ကြောက်၏ဟုဆို၏၊ သင်သေသော်လည်းကောင်း၊ မသေသသော်လည်းကောင်း ငါ့အား အဘယ်ပြုအံ့နည်း၊ သင်သည် သွားလေလော့ဟု ဆို၏၊ ရှင်မင်းကြီး ကောင်းပြီဟု ထိုဘုရားလောင်းသည်

ပရိသတ်ကိုယူ၍ ပြည်နီးချင်းမင်း၏ တည်ရာတံခါးဖြင့် မထွက်မူ၍ တစ်ပါးသော တံခါးကို ဖွင့်၍ ထွက်၏။

ထိုဘုရားလောင်းသည် ထွက်သည်ရှိသော် မြို့အလုံးသည် အချည်းနှီးကဲ့သို့ ဖြစ်၏၊ ခပ်သိမ်းကုန်သော လူတို့သည် ဘုရားလောင်းနှင့်တကွ ထွက်ကုန်၏၊ ဘုရားလောင်းသည် တစ်ခုသော သင့်တင့်ရာ အရပ်၌ သစ်တပ်တည်၍ နေ၏၊ မင်းသည် အိမ်ရှေ့မင်းကား မြို့ကို အချည်းနှီးပြု၍ ဗိုလ်ပါကိုယူ၍ ပြေး၏၊ ပြည်နီးချင်း မင်းသည်လည်း မြို့ကို ခြံရံ၍ တည်၏၊ ယခု ငါ၏ အသက်ကို စောင့်အံ့ဟု ကြံ၏၊ ကြံပြီး၍ မိဖုရားကို လည်းကောင်း, ပုရောဟိတ်ကို လည်းကောင်း, ပရန္တပမည်သော တစ်ယောက်သော ခြေရင်း၌ မြဲစွဲသော ကျွန်ကို လည်းကောင်း ယူ၍ ညဉ့်အဖို့၌ မထင်မရှားသော အသွင်ဖြင့် ပြေး၍ တောသို့ ဝင်၏၊ ဘုရားလောင်းသည် မင်းပြေးသောအဖြစ်ကို သိ၍ မြို့သို့ဝင်၍ စစ်ထိုး၍ ရန်သူကို ပြေးစေ၍ ပြည်ကို ယူ၏၊ ဘုရားလောင်း၏ အဘသည်လည်း တစ်ခုသော မြစ်နား၌ သစ်ရွက်မိုးသော ဇရပ်ကို ဆောက်၍ သစ်သီး ကြီးငယ်ဖြင့် မျှတလျက် နေ၏၊ မင်းသည်လည်းကောင်း, ပုရောဟိတ်သည်လည်းကောင်း သစ်သီးကြီးငယ်အကျိုးငှါ သွားသည်ရှိသော် ပရန္တပကျွန်သည် မိဖုရားနှင့်တကွ သစ်ရွက်မိုးဇရပ်၌လျှင် နေ၏၊ ထိုတော၌လည်း မင်းကိုစွဲ၍ မိဖုရား၏ ဝမ်း၌ ကိုယ်ဝန်သည် တည်၏၊ ထိုမိဖုရားသည် မပြတ်ပေါင်းဖော်သည်၏အစွမ်းအားဖြင့် ပရန္တပကျွန်နှင့်တကွ အလွန်အကျွမ်းဝင်၏၊ မိဖုရားသည် တစ်နေ့သ၌ မင်းသည် သိသည်ရှိသော် သင်၏အသက်သည် မရှိရာသလျှင်ကတည်း၊ ငါ၏အသက်လည်း မရှိရာသလျှင်ကတည်း၊ ထို့ကြောင့် ထိုမင်းကို သတ်လော့ဟု ဆို၏၊ အသို့ သတ်ရအံ့နည်းဟု ဆိုသည်ရှိသော် ဤမင်းသည် သင့်အား သန်လျက်ကို လည်း ပေး၍ ရေသနုပ်ကိုလည်း ယူစေ၍ ရေချိုးအံ့သောငှါ သွား၏၊ ထို ရေချိုးအိမ်၌ ထိုမင်း၏ မေ့လျော့ခြင်းကို သိ၍ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်၍ ကိုယ်ကို အပိုင်းပိုင်းပြု၍ မြေ၌ မြှုပ်လော့ဟု ဆို၏၊ ပရန္တပသည် ကောင်းပြီဟု ဝန်ခံ၏၊ ထိုအခါ တစ်နေ့သ၌ ပုရောဟိတ်သည်သာလျှင် သစ်သီး ကြီးငယ် အကျိုးငှါ သွား၍ မင်း၏ ရေချိုးဆိပ်၏ အနီးဖြစ်သော အရပ်၌ တစ်ခုသော သစ်ပင်သို့တက်၍ သစ်သီးကြီးငယ်ကိုယူ၏၊ မင်းသည် ရေချိုး အံ့ဟု ပရန္တပကို သန်လျက်ကို လည်းကောင်း, ရေသနုပ်ကို လည်းကောင်း ယူစေ၍ မြစ်နားသို့သွား၏၊ ထိုမြစ်နား၌ ရေချိုးသောကာလ၌မေ့လျော့ခြင်းသို့ ရောက်လတ်သော် မင်းကို သတ်အံ့ဟု ပရန္တပသည် လည်ကိုကိုင်၍ သန်လျက်ကို ချီ၏။

ထိုမင်းသည် သေခြင်းမှ ကြောက်သောကြောင့် ဟစ်ကြွေး၏၊ ပုရောဟိတ် သည် ထိုအသံကိုကြား၍ ကြည့်လတ်သော် မင်းကိုသတ်သော ပရန္တပကို

မြင်၍ ထိတ်လန့်သည်ဖြစ်၍ သစ်ခက်ကို လွှတ်၍ ဆင်းသက်၍ တစ်ခုသော ချုံသို့ဝင်၍ ပုန်း၏၊ ပရန္တပသည် ပုရောဟိတ်လွှတ်သော သစ်ခက်သံကို ကြား၍ မင်းကိုသတ်၍ မြေ၌မြှုပ်၍ ဤအရပ်၌ သစ်ခက်ကိုလွှတ်သော အသံသည် ဖြစ်၏၊ ဤအရပ်၌ အဘယ်နည်းဟု စုံစမ်းသည်ရှိသော် တစ်စုံတစ်ခုကို မမြင်၍ ရေချိုး၍ သွား၏၊ ထိုပရန္တပ၏လာသောကာလ၌ ပုရောဟိတ်သည် ပုန်းရာအရပ်မှ ထွက်၍ မင်းအား အပိုင်းအပိုင်းဖြတ်၍ တွင်း၌မြှုပ်သောအဖြစ်ကို သိ၍ ရေချိုး၍ မိမိအားသတ်ခြင်းမှ ကြောက်သောကြောင့် သူကန်း၏အသွင်ကို ယူ၍ သစ်ရွက်မိုးသောဇရပ်သို့ သွား၏၊ ထိုပုဏ္ဏားကိုမြင်၍ ပရန္တပသည် ပုဏ္ဏား သင့်အား အဘယ်အန္တရာယ် ဖြစ်သနည်းဟု ဆို၏၊ ပုဏ္ဏားသည် မသိသကဲ့သို့ အရှင်မင်းကြီး အကျွန်ုပ်၏မျက်စိတို့သည် ပျက်စီး၍ လာ၏၊ အဆိပ်ပြင်းပြောသော မြွေရှိသောတော၌ တစ်ခုသော တောင်ပို့နား၌ နေ၏၊ ထိုတောင်ပို့၌ တစ်ခုသော မြွေဟောက်သည် နှာခေါင်းလေကို လွှတ်သည်ဖြစ်လတ္တံ့ဟု ဆို၏၊ ပရန္တပသည် ပုဏ္ဏားသည် ငါ့ကို မသိသည်ဖြစ်၍ မင်းကြီးဟု ဆို၏၊ ပုဏ္ဏားကို နှစ်သိမ့်စေအံ့ဟု ကြံ၍ ပုဏ္ဏား မစိုးရိမ်လင့်၊ ငါသည်သင့်ကို လုပ်ကျွေးအံ့ဟု ၊ နှစ်သိမ့်စေ၍ သစ်သီးကြီးငယ်တို့ကိုပေး၍ ရောင့်ရဲစေ၏။

ထိုအခါမှစ၍ ပရန္တပကျွန်သည် သစ်သီးကြီးငယ်ကို ဆောင်၏၊ မိဖုရားသည်လည်း သားဖွား၏၊ မိဖုရားအား သားသည်ကြီးလတ်သော် တစ်နေ့သ၌ မိုးသောက်ထအခါ ချမ်းသာစွာနေလျက် ဖြည်းညင်းစွာ ပရန္တပကျွန်ကို မင်းကို သတ်သော သင့်ကို တစ်စုံတစ်ယောက်သောသူ မြင်သလောဟု မေး၏၊ ငါ့ကို တစ်စုံတစ်ယောက်သော သူသည် မမြင်၊ စင်စစ်သော်ကား သစ်ခက်ကိုလွှတ်သော အသံကိုကြား၏၊ ထိုသစ်ခက်ကို လူသည်လည်းကောင်း, တိရစ္ဆာန်သည်လည်းကောင်း, လွှတ်သည်၏အဖြစ်ကိုမသိ၊ တစ်ရံတစ်ဆစ်ငါ့အား ဘေးရောက်လတ္တံ့၊ အကြင်သူ သစ်ခက်ကိုလွှတ်၍ သွား၏၊ ထိုသူမှ ရောက်လတ္တံ့ဟု ထိုမိဖုရားနှင့် တကွပြောလိုရကား ဤဂါထာကိုဆို၏—

၁၅၄။ အာဂမိဿတိ မေ ပါပံ၊ အာဂမိဿတိ မေ ဘယံ။
တဒါ ဟိ စလိတာ သာခါ၊ မနုဿေန မိဂေန ဝါ။

ရှင်မ သစ်ခက်သည်လှုပ်သောအခါ၌ လူကြောင့်လည်းကောင်း သားကောင်ကြောင့်လည်းကောင်း၊ လှုပ်၏ဟူ၍မထင်၊ ထို့ကြောင့် ထိုသစ်ခက်လှုပ်ရာမှ ငါ၏ မကောင်းကျိုးသည် ရောက်လတ္တံ့၊ ငါ့အားဘေးသည် ရောက်လတ္တံ့။

ထိုပရန္တပကျွန် မိဖုရားတို့သည် ပုရောဟိတ် အိပ်ပျော်၏ဟူ၍ အောက်မေ့ကုန်၏၊ ထိုပုရောဟိတ်သည်ကား မပျော်သည်ဖြစ်၍ ထိုသူတို့၏ စကားကို ကြား၏၊ တစ်နေ့သ၌ ပုရောဟိတ်သည် ပရန္တပကျွန်သည် သစ်သီးကြီးငယ်

အကျိုးငှါသွားသည်ရှိသော် မိမိပုဏ္ဏေးမကို အောက်မေ့၍ မြည်တမ်းသကဲ့သို့ ဤဂါထာကို ဆို၏-

၁၁၅။ ဘီရုယာ နူန မေ ကာမော၊ အဝိဒူရေ ဝသန္တိယာ။
ကရိဿတိ ကိသံ ပဏ္ဍုံ၊ သာဝ သာခါ ပရန္တပ။

ထိုသစ်ခက်သည် ပရန္တပကျွန်ကို ကြုံလှီသည်ကို ဖျော့တော့သည်ကိုပြုသကဲ့သို့ နှစ်ယူဇနာ သုံးယူဇနာအထက် ဟူသော မဝေးလှန်းသော အရပ်၌နေသော ပုဏ္ဏေးမ၌ ငါ၏ တပ်စွန်းခြင်းကာမသည် ငါ့ကိုကြုံလှီသည်ကို ဖျော့တော့သည်ကို ပြုလတ္တံ့ ယောင်တကား။

ပုဏ္ဏားသည် ဂါထာကိုသာလျှင်ဆို၏၊ အနက်ကိုကား မဆို၊ ထို့ကြောင့် ဤဂါထာ၏ ကိစ္စသည် မိဖုရားအား မထင်၊ ထိုအခါ ပုဏ္ဏားကို ပုဏ္ဏား အသို့ဆိုသနည်းဟု မေး၏၊ ပုဏ္ဏားသည် ထိုအနက်ကို ချွတ်ယွင်းသဖြင့် မှတ်စေ၏၊ တစ်ဖန် တစ်နေ့သ၌ ဤဂါထာကို ဆို၏-

၁၁၆။ သောစယိဿတိ မံ ကန္တာ၊ ဂါမေ ဝသ မနိန္ဒိတာ။
ကရိဿတိ ကိသံ ပဏ္ဍုံ၊ သာဝ သာခါ ပရန္တပ။

ထိုသစ်ခက်သည် ပရန္တပကို ကြုံလှီသည်ကို ဖျော့တော့သည်ကို ပြုသကဲ့သို့ ရွာ၌နေသော ကဲ့ရဲ့အပ်သော မြတ်သောအဆင်းကို ဆောင်သော နှစ်သက်ဖွယ်ရှိသော မယားသည် ငါ့ကို စိုးရိမ်ခြင်းကို ဖြစ်စေသဖြင့် ခြောက်စေလတ္တံ့။ ကြုံလှီသည်ကို ဖျော့တော့သော အဆင်းရှိသည်ကို ပြုလတ္တံ့။

တစ်နေ့သ၌ ဤဂါထာကို ဆို၏-

၁၁၇။ တယာ မံ အသိတာပင်္ဂိ၊ သိတာနိ ဘဏိတာနိ စ။
ကိသံ ပဏ္ဍုံ ကရိဿန္တိ၊ သာဝ သာခါ ပရန္တပ။

ထိုသစ်ခက်သည် ပရန္တပကို ကြုံလှီသည်ကို ဖျော့တော့သည်ကို ပြုသကဲ့သို့ မျက်စဉ်းတို့ဖြင့် သားအပ်သော မည်းညိုသော မျက်တောင်ရှိသော ရှင်မ သင်ပုဏ္ဏေးမသည် ဖြစ်စေအပ်ကုန်သော ပြုံးခြင်းတို့သည် လည်းကောင်း, သာယာသော စကားတို့သည်လည်းကောင်း ငါ့ကို ကြုံလှီသည်ကို ဖျော့တော့သည်ကို ပြုကုန်လတ္တံ့။

နောက်အဖို့၌ မင်းသားသည် အရွယ်သို့ရောက်သည်ဖြစ်၍ တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိ၏၊ ထိုအခါ မင်းသားကို ပုဏ္ဏားသည် တောင်ဝှေးကို ကိုင်စေ၍ ရေချိုးဆိပ်သို့ သွား၍ မျက်စိတို့ကို ဖွင့်၍ကြည့်၏၊ မင်းသားသည် ပုဏ္ဏား သင်သည် ကန်းသည်မဟုတ်လော ဟု ဆို၏၊ ပုဏ္ဏားကားငါသည် မကန်း၊ ဤအမည်ရှိသော အကြောင်းကြောင့် အသက်ကို စောင့်၏ဟုဆို၍ သင့်အဘကို သိ၏လောဟုမေး၏၊ ဤပရန္တပသည် ငါ၏အဘဟုဆိုသည်ရှိသော် ဤပရန္တပသည် သင်၏အဘမဟုတ်၊ သင့်အဘသည်ကားဗာရာဏသီမင်းတည်း၊ ဤပရန္တပသည်ကား သင်တို့ကျွန်းတည်း သင့်အမိသည် ချစ်ယွင်း၍ ဤအရပ်၌ သင်၏အဘကိုသတ်၍ မြှုပ်စေ၏ဟု အရိုးတို့ကို ထုပ်၍ ပြ၏၊ မင်းသားအား ကြီးမားသော စိုးရိမ်ခြင်းသည်ဖြစ်၏၊ ထိုအခါ ပုဏ္ဏားကို ယခုအသို့ပြုအံ့နည်းဟု မေး၏၊ ထိုပရန္တပသည် ဤဆိပ်၌လျှင် သင့်အဘအား အကြင်အမှုကိုပြု၏၊ ထိုအမှုကို ပြုလောဟု အလုံးစုံသော အကြောင်းကိုကြား၍ မင်းသားကိုနှစ်ရက် သုံးရက် သန်လျက်ကိုင်ခြင်းကိုသင်စေ၏, ထိုအခါ တစ်နေ့သ၌ သံလျက်ကို လည်းကောင်းရေသနုပ်ကိုလည်းကောင်း ယူ၍ရေချိုး အံ့သောငှါ သွားကုန်အံ့ဟု ဆို၏၊ ပရန္တပသည် ချစ်သား ကောင်းပြီဟု မင်းသားနှင့် တကွ သွား၏၊ ထိုပရန္တပ၏ ရေချိုးအံ့သောငှါ သက်သောကာလ၌ လက်ယာလက်ဖြင့် သန်လျက်ကို လက်ဝဲလက်ဖြင့် ဦးသျှောင်ကိုကိုင်၍ သင်သည် ဤအဆိပ်၌လျှင် ငါ့အဘကို ဦးသျှောင်ကို ကိုင်၍ ဟစ်ကြွေးစဉ် သတ်သတတ် ငါသည်လည်း သင့်ကို ထိုအတူ ပြုအံ့ဟု ဆို၏၊ ထိုပရန္တပသည် သေဘေးမှ ကြောက်ရကား ငိုကြွေးလျက် ဤဂါထာကိုဆို၏။

၁၂၈။ အာဂမာ နူန သော သဒ္ဒေါ၊ အသံသိ နူန သော တဝ။
အက္ခာတံ နူန တံ တေန၊ ယော တံ သာခံ မကမ္ပယိ။

၁၂၉။ ဣဒံ ခေါ တံ သမာဂမ္မ၊ မမ ဗာလဿ စိန္တိတံ။
တဒါဟိ စလိတာ သာခါ၊ မနုဿေန မိဂေန ဝါ။

ထိုသစ်ခက်ကို လှုပ်သောအသံသည် သင်သို့လာချေပြီတကား ထိုသစ်ခက်ကို လှုပ်သော အသံသည် သင်အား ကြားယောင်တကား ထိုသစ်ခက်ကို လှုပ်သော သူသည် ထိုအကြောင်းကို ကြားယောင်တကား။

သစ်ခက်သည် လှုပ်သောအခါ၌ လူကြောင့်လည်းကောင်း သားကောင်ကြောင့်လည်းကောင်း လှုပ်၏ဟူ၍ ငါမထင် ထိုကြောင့် ငါ့အား ဘေးသည် ဖြစ်လတ့် ဤသို့အကြံဖြစ်၏ ဤဘေးသည်သာလျှင် သင်နှင့်တကွလာ၏။

ထို့နောင်မှ မင်းသားသည် ဤဂါထာကို ဆို၏—

၁၆၀။ တထေဝ တွံ အဝေဒေသိ၊ အဝဉ္စိ ပိတရံ မမ။
ဟန္တွာ သာခါဟိ ဆာဒေန္တော၊ အာဂမိဿတိ တေ ဘယံ။

ပရန္တပ သို့အတူလျှင် သင်သည် သိ၏၊ အဘကို လှည့်ဖြားရှ၍သတ်ပြီ၊ သတ်ပြီး၍ သစ်ခက်တို့ဖြင့် ဖုံးလွှမ်း၏၊ သင့်အား ဘေးသည် ရောက်လတ္တံ့။

ဤသို့ ဆို၍ ထိုအရပ်၌လျှင် အသက် ကုန်ခြင်းသို့ ရောက်စေ၍ မြှုပ်၍ သစ်ခက်တို့ဖြင့် ဖုံးလွှမ်း၍ သန်လျက်ကို ဆေး၍ ရေချိုး၍ သစ်ရွက်မိုးသော ဇရပ်သို့သွား၍ ထိုပရန္တပအား သတ်သောအဖြစ်ကို ပုရောဟိတ်အား ကြား၍ အမိကို ရေရွတ်၍ ဤဇရပ်၌ အဘယ် ပြုကုန်အံ့နည်းဟု သုံးပေါက်ကုန်သော သူတို့သည် ဗာရာဏသီပြည်သို့သာလျှင် ပြန်ကြကုန်၏၊ ဘုရားလောင်းသည် ညီအား အိမ်ရှေ့မင်းအဖြစ်ကို ပေး၍ အလှူအစရှိသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်ကို ပြည့်စေ၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ အဘမင်းဖြစ်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ပုရောဟိက် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းသားဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သူမကောင်းကြံ၊ ကိုယ့်ဘေးဒဏ်၊ အမှန်ရောက်မြဲသာ။)

လေးရာတစ်ဆယ့်ခြောက်ခုမြောက်သော ပရန္တပဇာတ်သည် ပြီး၏

၂ ဂန္ဓာရဝဂ် ပြီး၏။

---

ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ဆင်ဖြူများရှင် ဘကြေးရာဇ်မင်းမြတ်၏ သားတော်အကြီး မဟာဉပရာဇ်သည် အလွန်တရာ ခဲယဉ်းစွာသော ရခိုင်ပြည်ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်း ရှင်လူ ပြည်သူအပေါင်း

တို့၏ စီးပွားချမ်းသာအကျိုးငှါ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အရှေ့မျက်နှာ အရပ်၌ မဟာဥပရာဇ် မယ်တော် အရှင် မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျော် ကျောင်းတော်နေ ညောင်ကန် ဆရာတော်သည် မြန်မာပြန်ဆိုအပ်သော သတ္တကနိပါတ် ကျမ်း၌ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဂန္ဓာရဝဂ်သည် ဤမျှသော သဒ္ဒါ၏ အစဉ် အနက်၏ အစဉ်အားဖြင့် အပြီးသို့ ရောက်၏။

သတ္တကနိပါတ် ဇာတ်ဝတ္ထု ဤတွင် ရွှေ့ပြီး၏။

# ၈-အဋ္ဌကနိပါတ်

## ၄၁၇-ကစ္စာနီဇာတ်

### မိဘတို့အား ပေုပ်ကျွေးသင့်ကြောင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသခင်သည် "သုဒ္ဓါတဝတ္ထာ သုစိ အလ္လကေသာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကစ္စာနီဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထင်ရှားသော အမိကို လုပ်ကျွေးသော သီတင်းသည်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသီတင်းသည်သည် သာဝတ္ထိပြည်၌နေသော အကျင့်နှင့် ပြည့်စုံသော အမျိုးသားငယ် ဖြစ်သတတ်၊ ထိုအမျိုးသားငယ်သည် အဘ သေလွန်သော် အမိအား နတ်ကဲ့သို့ လုပ်ကျွေးသောသူ ဖြစ်ရကား မျက်နှာသစ်ရေပေးခြင်း၊ ဒန်ပူပေးခြင်း ချိုးရေတည်ခြင်း ခြေဆေးရေပေးခြင်း အစရှိသော ဝေယျာဝစ္စ အမှုတို့ဖြင့်လည်းကောင်း, ယာဂု ထမင်း အစရှိသည်တို့ဖြင့် လည်းကောင်း အမိကို လုပ်ကျွေး၏၊ ထိုအခါ ထိုအမျိုးသားငယ်ကို အမိသည် အမောင် သင့်အား တစ်ပါးကုန်သော ဃရာဝါသကိစ္စတို့သည်လည်း ရှိကုန်၏၊ သင်သည် တစ်ယောက်သောအမျိုးသမီးကို ယူလော့၊ ထိုသတို့သမီးသည် ငါ့ကို လုပ်ကျွေး လတ္တံ့၊ သင်သည်လည်း မိမိအမှုကို ပြုရလတ္တံ့ဟု ဆို၏၊ မိခင် အကျွန်ုပ်သည် မိမိကိုယ်၏ စီးပွားချမ်းသာကို မတောင့်တ၊ မိခင်တို့ကိုသာ လုပ်ကျွေးလို၏၊ ငါမှ တစ်ပါးသော အဘယ်သူသည် ဤသို့ လုပ်ကျွေးလတ္တံ့နည်းဟု ဆို၏၊ အမောင် အမျိုးကို ပွားစေသော အမှုမည်သည်ကို ပြုခြင်းငှါ သင့်၏ဟု အမိသည် ဆို၏၊ မိခင် အကျွန်ုပ်အား ဃရာဝါသဖြင့် အလိုမရှိ၊ အကျွန်ုပ်သည် သင်တို့ကို လုပ်ကျွေး၍ သင်တို့သည် သေလွန်သောကာလ၌ ရဟန်းပြုအံ့ဟု သားသည် ဆို၏၊ ထိုအခါ အမိသည် သားအား အဖန်တလဲလဲ တောင်းပန်သော်လည်း သား၏စိတ်ကို မရလတ်သော် သား၏စကားကို မယူမူ၍ အမျိုးတူဖြစ်သော သတို့သမီးကို ဆောင်၏၊ ထိုသတို့သားသည် အမိကို လုပ်ကျွေး၍ ထိုအမျိုး သမီးနှင့်တကွ နေ၏၊ ထိုအမျိုးသမီးသည်လည်း ငါ၏လင်သည် ကြီးစွာသော အားထုတ်ခြင်းဖြင့် အမိကို လုပ်ကျွေး၏၊ ငါသည်လည်း လင်၏ အမိကို

လုပ်ကျွေးအံ့၊ ဤသို့ လုပ်ကျွေးသော် ငါ့ကို လင်သည် ချစ်လတ္တံ့ဟုကြံ၍ လင်၏အမိကို ရိုသေစွာ လုပ်ကျွေး၏။

ထိုသီတင်းသည်သည် ဤမိန်းမကား ငါ၏အမိကို ရိုသေစွာလုပ်ကျွေး၏ဟု ထိုကာလမှစ၍ ရတိုင်းရတိုင်းကုန်သော ကောင်းသော ခဲဖွယ် အစရှိသည်တို့ကို မယားအားသာလျှင် ပေး၏၊ ထိုမယားသည် နောက်အဖို့၌ ဤယောကျ်ားကား ရတိုင်းရတိုင်းကုန်သော ခဲဖွယ်အစရှိသည်တို့ကို ငါ့အားသာလျှင်ပေး၏၊ မချွတ် အမိကို နှင်ထုတ်လိုသည် ဖြစ်လတ္တံ့၊ ငါသည် လင်အား အမိကို နှင်ထုတ်ခြင်းအကြောင်းကို ပြုအံ့ဟု မသင့်သောအားဖြင့် နှလုံးသွင်း၍ တစ်နေ့သ၌ လင်ကို အရှင် သင်သည် အပသို့ထွက်သည်ရှိသော် သင်၏ အမိသည် ငါ့ကို ဆဲရေး၏ဟု ဆို၏၊ ထိုသီတင်းသည်သည် ဆိတ်ဆိတ် နေ၏၊ ထိုမိန်းမသည် ဤသက်ကြီးအိုမကို သားကို အယုတ်အားဖြင့် အောက်မေ့စေ၍ သား၏ဆန့်ကျင်ဘက်ဖြစ်အောင် ပြုအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုအခါမှစ၍ ယာဂုကိုပေးသည်ရှိသော် အလွန်ပူသည်ကိုလည်းကောင်း, အလွန်အေးသည်ကိုလည်းကောင်း, အလွန်ဆားငန်သည်ကို လည်းကောင်း, ဆားမခတ်သည်ကို လည်းကောင်း ပြု၍ ပေး၏၊ ချစ်သမီး အလွန်ပူ၏ဟူ၍ လည်းကောင်း, အလွန် ဆားငန်၏ ဟူ၍ လည်းကောင်း ဆိုသည်ရှိသော် ခွက်ကိုပြည့်စေ၍ ရေအေးကိုခပ်၍ လောင်း၏၊ တစ်ဖန် ချစ်သမီး အလွန်အေး၏၊ သားမခတ်ဟု ဆိုသည်ရှိသော် ယခုပင်လျှင် အလွန်ပူ၏၊ အလွန်ဆားငန်သည်ဟု ဆို၍ တစ်ဖန် အလွန်အေး၏ ဆားမခတ်ဟု ဆိုပြန်၏၊ အဘယ်သူသည် သင့်ကို နှစ်သိမ့်စေအံ့သနည်း၊ တတ်နိုင်အံ့နည်းဟု ကျယ်စွာသော အသံကိုပြု၏၊ ချိုးရေကိုလည်း ပူသည်ကိုပြု၍ ကျောက်ကုန်း၌ လောင်း၏၊ ချစ်သမီး ငါ၏ကျောက်ကုန်းသည် ပူလောင်၏ဟုဆိုသည်ရှိသော် အလွန်အေးသောရေကို တစ်ဖန်ပြည့်စေ၍ ထည့်၏၊ ချစ်သမီး အလွန်အေး၏ဟု ဆိုသည်ရှိသော် ယခုပင်လျှင် အလွန်ပူ၏ဟုဆို၍ ယခုပင်လျှင် အလွန်အေး၏ဟု ဆိုပြန်၏၊ အဘယ်သူသည် ဤသက်ကြီးအိုမ၏ မထီမဲ့မြင်ပြုခြင်းကို သည်းခံအံ့သနည်း၊ တတ်နိုင်အံ့နည်းဟု အိမ်နီးချင်းတို့အား ပြောဆို၏၊ ချစ်သမီး ညောင်စောင်း၌ ကြမ်းပိုးတို့သည် များကုန်၏ဟု ဆိုသည်ရှိသော် ညောင်စောင်းကို ထုတ်၍ ထိုညောင်စောင်းအထက်၌ မိမိညောင်စောင်းကိုခါ၍ ငါသည် ညောင်စောင်းကို ခါအပ်ပြီဟု သွင်း၍ ခင်း၏၊ ထိုသီတင်းသည် အမိသည် ကြမ်းပိုးတို့သည် ကိုက်ခဲအပ်သည်ဖြစ်၍ ခပ်သိမ်းသောညဉ့်ကို ထိုင်လျက်သာလျှင် လွန်စေ၍ ချစ်သမီး တစ်ညဉ့်ပတ်လုံး ငါ့ကို ကြမ်းပိုးတို့သည် ကိုက်ခဲကုန်၏ဟုဆို၏၊ ချွေးမသည် ယမန်နေ့ကပင် သင်တို့၏ညောင်စောင်းကို ခါအပ်ပြီ၊ အဘယ်သူသည် သက်ကြီးမအို၏ ကိစ္စကို ဆောင်ရွက်အံ့သနည်း၊ တတ်နိုင်အံ့နည်းဟု ဆို၍ ယခု သက်ကြီးမအိုအား သားကို ကဲ့ရဲ့စေအံ့ဟု ထိုထိုသော

အရပ်၌ တံတွေး နှပ် အစရှိသည်တို့ကိုကြဲ၍ အလုံးစုံသော ဤအိမ်ကို မသန့်ရှင်းအောင်ပြု၏ဟု သီတင်းသည် ဆိုသည် ရှိသော် သင့်အမိသည် ဤသို့ပြု၏၊ မပြုလင့်ဟု ဆိုသည်ရှိသော် ခိုက်ရန်ပြု၏။

အကျွန်ုပ်သည် ဤသို့သဘောရှိသော သူယုတ်မနှင့်အတူတကွ တစ်အိမ်တည်း၌ နေအံ့သောငှါ မတတ်နိုင်၊ ဤသားကြီးမအိုကိုမူလည်း အိမ်၌မနေစေလင့်၊ ငါ့ကိုမူလည်း အိမ်၌မနေစေလင့်ဟု ဆို၏၊ ထိုသီတင်းသည်သည် မယား၏စကားကိုကြား၍ ရှင်မ သင်သည် ငယ်သေး၏။ အမှတ်မရှိသော အရပ်သို့သွား၍ အသက်မွေးခြင်းငှါ တတ်နိုင်၏၊ ငါ၏အမိသည်ကား အားနည်း၏။ ငါသည်သာလျှင် ငါ့အမိ၏ ကိုးကွယ်ရာဖြစ်၏၊ သင်သည်ထွက်၍ မိမိ၏ မိဘအိမ်သို့ သွားလော့ဟု ဆို၏၊ ထိုမိန်းမသည် လင်၏စကားကိုကြား၍ငါသည် ဤယောက္ခမကြီးကို အမိ၏အတွင်း၌ ဖျက်ဆီးခြင်းငှါ မတတ်ကောင်း၊ စင်စစ်သဖြင့် ဤယောက္ခမကြီးသည် အမိကို ချစ်၏၊ ငါသည် မိဘအိမ်သို့ အငယ်၍ သွားငြားအံ့၊ မုဆိုးမ၏နေခြင်းကို နေရ၍ ဆင်းရဲသည်ဖြစ်အံ့၊ ရှေးနည်းဖြင့်သာလျှင် ယောက္ခမအား နှစ်သက်စေ၍ လုပ်ကျွေးအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုမိန်းမသည် ယိုအခါမှစ၍ ရှေးနည်းအတူသာလျှင် ထိုယောက္ခမကို လုပ်ကျွေး၏။

ထိုအခါ တစ်နေ့သ၌ ထိုသီတင်းသည်သည် တရားနာအံ့သောငှါ ဇေတဝန်ကျောင်းတော်သို့သွား၍ ဘုရားကိုရှိခိုး၍ လျောက်ပတ်စွာနေ၏၊ သီတင်းသည်သည် ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ဖြစ်၏လော၊ အမိကို လုပ်ကျွေးသော အမှုကို ဖြစ်၏လောဟု မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီးသော အရှင်ဘုရား အမိန့်အတိုင်း ဖြည့်ပါ၏။ အမိသည်ကား အကျွန်ုပ်ကို အလိုမရှိဘဲလျှင် တင်ယောက်သော အမျိုးသမီးကို ဆောင်၏၊ ထိုမိန်းမသည်ကား ဤသို့ ဤသို့ မကျင့်အပ်သော အမှုကို ပြု၏ဟု အလုံးစုံသော အကြောင်းကို ဘုရားသခင်အား ကြားလျှောက်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ထိုမိန်းမသည် အကျွန်ုပ်ကို အမိ၏အတွင်း၌ ဖျက်ဆီးအံ့သောငှါ မတတ်နိုင်၍ ယခုအကျွန်ုပ်၏အမိကို ရိုသေစွာ လုပ်ကျွေးပြန်၏ဟု လျှောက်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ထိုသီတင်းသည်၏စကားကို ကြား၍ သီတင်းသည် ယခု သင်သည် ထိုမိန်းမ၏ စကားကို မလိုက်နာ၊ ရှေး၌ကား ထိုမိန်းမ၏ စကားဖြင့် သင်၏ အမိကို နှင်ထုတ်၍ ငါ့ကိုမှီ၍ တစ်ဖန်အိမ်သို့ ဆောင်၍ လုပ်ကျွေးဖူး၏ဟု မိန့်တော်မူ၍ ထိုသီတင်းသည်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် မထင်ရှားသော အမျိုးသားသည် အဘလွန်သည် ၎ှိသော် အမိအား နတ်ကဲ့သို့ လုပ်ကျွေးသောသူဖြစ်၍ ဆိုအပ်ပြီးသော နည်းဖြင့်လျှင် အမိကို လုပ်ကျွေး၏။ အလုံးစုံသော စကားကို ဆိုအပ်ပြီးသောနည်းဖြင့်လျှင် ခွဲအပ်၏။ အရှင် အကျွန်ုပ်သည် ဤသို့ သဘောရှိသော သူယုတ်မနှင့် အတူတကွ နေခြင်းငှါ မတတ်နိုင်၊ ဤသက်ကြီးအိုမကိုမူလည်း အိမ်၌ မနေစေလင့်၊ အကျွန်ုပ်ကိုမူလည်း အိမ်၌မနေစေလင့်ဟု ဆိုသည်ရှိသော် ထိုမိန်းမ၏ စကားကိုယူ၍ အမိအားသာလျှင် အပြစ်ရှိ၏ဟူ၍ အမိကို မိခင် သင်သည် ဤအိမ်၌ အမြဲလျှင် ခိုက်ရန်ကိုပြု၏၊ အိမ်မှထွက်၍ အလိုရှိရာအရပ်၌ နေလော့ဟုဆို၏၊ ထိုအမိသည် ကောင်းပြီဟု ငိုကြွေးလျက် ထွက်သွား၍ တစ်ဦးသော ကြွယ်ဝသော အမျိုးတို့၏ အခစားအမှုကိုပြု၍ ဆင်းရဲသဖြင့် အသက်မွေး၏။

ယောက္ခမသည် အိမ်မှထွက်သောကာလ၌ ချွေးမအား ကိုယ်ဝန်သည်တည်၏၊ ထိုချွေးမသည် သူယုတ်ဖြစ်သော သက်ကြီးအိုမသည် အိမ်၌နေသည်ရှိသော် ငါ၌ ကိုယ်ဝန်ကိုလည်း မရ၊ ယခု ငါသည် ကိုယ်ဝန်ရပြီဟု လင်အားလည်းကောင်း, အိမ်နီးချင်းအားလည်းကောင်း ပြောဆိုလျက် သွား၏၊ နောက်အဖို့၌ သားကို ဖွား၍ လင်ကို အရှင်၊ သင့်အမိသည် အိမ်၌နေသည်ရှိသော် သားကိုမရ၊ ယခု ငါသည် သားကိုရအပ်ပြီ၊ ဤအကြောင်းကြောင့် ထိုသက်ကြီးမအို၏ သူယုတ်မ၏အဖြစ်ကို သိလောဟုဆို၏၊ ယောက္ခမသည် ငါ့ကို အိမ်မှ နှင်ထုတ်သော ကာလ၌သားကို ရ၏ဟုကြား၍ မချွတ်လျှင် ဤလောက၌ တရားသေသည် ဖြစ်လတ္တံ့၊ တရားသည် အကယ် မသေငြားအံ့၊ အမိကို သတ်ပုတ် ငင်ထုတ်၍ သားကို မရရာ၊ ချမ်းသာသည်ဖြစ်၍ အသက်မရှည်ရာ၊ ငါသည် တရားသေဆွမ်းကို လှူအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုယောက္ခမသည် တစ်နေ့သ၌ နှမ်းမှုန့်ကိုလည်းကောင်း, ဆန်ကိုလည်းကောင်း, ချက်ရန် အိုးကိုလည်းကောင်း, ထင်းကိုလည်းကောင်း, ယောက်မကိုလည်းကောင်း ယူ၍ သုသာန်သို့သွား၍ သုံးခုကုန်သော လူဦးခေါင်းခွံတို့ကို ခုံလောက်ပြု၍ မီးညှိ၍ ရေသို့ဆင်းသက်၍ ဦးခေါင်းလျှော်၍ အဝတ်ကို ဝတ်၍ ခုံလောက်တည်ရာ အရပ်သို့လာ၍ ဆံထုံးကိုဖြေ၍ ဆန်ကို ဆေးအံ့သောငှါ အားထုတ်၏၊ ထိုအခါ ဘုရားလောင်းသည် သိကြားမင်းဖြစ်၏၊ ဘုရားလောင်းတို့မည်သည် မမေ့မလျော့ဖြစ်ကုန်၏၊ ထိုသိကြားမင်းသည် ထိုခဏ၌ လောကကိုကြည့်လတ်သော် တရားသေပြီဟူသော အမှတ်ဖြင့် တရားသေဆွမ်းကို လှူလိုသော ဆင်းရဲခြင်းသို့ ရောက်သော ထိုမိန်းမကိုမြင်၍ ယနေ့ ငါသည် ငါ၏အစွမ်းကိုပြအံ့ဟု ပုဏ္ဏားအသွင်ဖြင့် ခရီးမကိုသွားသောသူကဲ့သို့ဖြစ်၍ ထိုမိန်းမကိုမြင်၍ ခရီးမှဖဲ၍ ထိုမိန်းမ၏အထံ၌ ရပ်၍ မိခင် သုသာန်၌

အာဟာရကို ချက်သောသူ မည်သည်မရှိ၊ သင်သည် ဤသုသာန်၌ ချက်အပ်သော နှမ်းထမင်းဖြင့် အဘယ်ပြုအံ့နည်းဟု စကားကို ဖြစ်စေလိုရကား ဤဂါထာကို ဆို၏—

၁။ ဩဒါတဝတ္ထာ သုစိ အလ္လကေသာ၊
ကစ္စာနိ ကိံ ကုမ္ဘိ မဓိဿယိတွာ။
ပိဋ္ဌာ တိလာ ဓောဝသိ တဏ္ဍုလာနိ၊
တိလောဒနော ဟေဟိတိ ကိဿဟေတု။

ကစ္စည်းအနွယ်ဖြစ်သော ရှင်မ၊ သင်သည် ဖြူသောအဝတ်ကို ဝတ်လျက် စင်ကြယ်သည်ဖြစ်၍ စွတ်စိုသော ဆံရှိလျက် ထမင်းအိုးကို လူတို့၏ ဦးခေါင်းခွံဖြစ်သော ခုံလောက်သို့တင်ရဲ့ နှမ်းမှုန့်တို့ကိုယူလျက် ဆန်တို့ကို အဘယ့်ကြောင့် ဆေးသနည်း၊ အဘယ်အကြောင်းကြောင့် နှမ်းထမင်းသည် ဖြစ်လတ္တံ့နည်း။
ထိုအခါ သိကြားမင်းအား ထိုမိန်းမသည် ကြားလို၍ ဤဂါထာကိုဆို၏—

၂။ န ခေါ အယံ ဗြာဟ္မဏ ဘောဇနတ္ထာ၊
တိလောဒနော ဟေဟိတိ သာဓုပက္ကော။
ဓမ္မော မတော တဿ ပဟုတ္တမဇ္ဇ၊
အဟံ ကရိဿာမိ သုသာနမဇ္ဈေ။

ပုဏ္ဏား၊ ကောင်းစွာချက်အပ်သော ဤနှမ်းထမင်းသည် စားအံ့သောငှါ မဖြစ်လတ္တံ့၊ တရားသည် သေ၏။ ယနေ့ ငါသည် သုသာန်အလယ်၌၊ ထိုတရား၏ သေဆွမ်းကို ပြုအံ့။

ထို့နောင်မှ သိကြားမင်းသည် ဤဂါထာကိုဆို၏—

၃။ အနုဝိစ္စ ကစ္စာနိ ကရောဟိ ကိစ္စံ၊
ဓမ္မော မတော ကော နု တဝေဒ သံသိ။
သဟဿနေတ္တော အတုလာနုဘာဝေါ၊
န မိယျတိ ဓမ္မဝရော ကုဒါစိ။

ကစ္စည်းအနွယ်ဖြစ်သော ရှင်မ၊ သင်သည် စိစစ်၍ ကိစ္စကို ပြုလော့။ ဓမ္မော မတော ယနေ တရား သုစရိတ တရားသည် သေ၏၊ ဤသို့ သင့်အား အဘယ် သူသည်လျှင် ပြောကြားသနည်း။ အတုမရှိသော အာနုဘော်ရှိသော တရားမင်းမြတ်ဖြစ်သော မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားသည် တစ်ရံတစ်ဆစ်၌ မသေ။

ထိုစကားကိုကြား၍ ထိုမိန်းမသည် ဤဂါထာတို့ကိုဆို၏—

၄။ ဒဋ္ဌပုဗ္ဗမာနံ မမ တွေ့ ဖြင်ပြောဟွ၊ မမ္ဗော မတော နတ္ထိ မမေတ္တ ကဒါ၊။
ယေ ယေဝ ဒါနိ ပပါ ဘဝန္တိ၊ တေ တေဝ ဘါနိ သုခိဝ ဘဝန္တိ။

၅။ သုဏိသာ ဟိ မယှံ ဝဇ္ဈံ အပေါသိ၊ သာ မံ ဝဓိတွာန ဝိဇာယိ ပုတ္တံ။
သာ ဒါနိ သဗ္ဗဿ ကုလဿ ဣဿရာ၊ အဟံ ပနမှိ အပဝိဒ္ဓါ ဧကိကာ။

ပုဏ္ဏားကြီး ဤတရားသေရာ၌ ငါ၏ယုံမှားကင်းခြင်းသည် မြဲ၏၊ တရားသည် သေပြီ၊ ဤတရားသေရာ၌ ငါ့အား ယုံမှားခြင်းသည် မရှိ၊ ယခုအခါ၌ ယုတ်မာသော အကျင့်ရှိကုန်သော သူတို့သည်သာလျှင် ချမ်းသာကုန်၏။

ထိုစကားသည် မှန်၏။ ငါ၏ချွေးမသည် မြဲ၏၊ ထိုချွေးမသည် ငါ့ကို ရိုက်ပုတ်ငင်ထုတ်၍ သားကို ဖွား၏။ ယခုအခါ၌ ထိုချွေးမသည် အလုံးစုံသော အမျိုးကို အစိုးရ၏။ ငါသည်ကား စွန့်ပစ်အပ်သည်ဖြစ်၍ တစ်ယောက်ထီးတည်း ဖြစ်၏။

ထို့နောင်မှ သိကြားမင်းသည်—

၆။ ဇီဝါမိ ဝေါ ဟံ န မတောဟမသ္မိ၊ တဝေဝ အတ္ထာယ ဣဓာဂတောသ္မိ။
ယာ တံ ဝဓိတွာန ဝိဇာယိ ပုတ္တံ၊ သဟာဝ ပုတ္တေန ကရောမိ ဘသ္မံ။

ဟူသော ခြောက်ခုမြောက်ဖြစ်သော ဤဂါထာကို ဆို၏။

ကစ္စည်းအနွယ်ဖြစ်သော ရှင်မ၊ ငါသည် အသက်ရှင်၏၊ ငါသည် မသေ၊ သင်၏အကျိုးငှါသာ ဤအရပ်သို့လာ၏၊ ထိုချွေးမသည် သင့်ကို ရိုက်ပုတ် ငင်ထုတ်၍ သားကို ဖွားသည်ဖြစ်အံ့၊ သားနှင့်တကွသာလျှင် ပြာကဲ့သို့ လွင့်ပျောက် ပျက်စီးသည်ကို ငါပြုအံ့။

ထိုမိန်းမသည် ထိုစကားကိုကြား၍ မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားမင်း ဤသို့ဆိုသနည်း၊ ငါ့ချွေးမသေခြင်း အကြောင်းကို ပြုအံ့ဟု ဤဂါထာကိုဆို၏—

၇။ ဧဝဉ္စ တေ ရုစ္စတိ ဒေဝရာဇ၊ မမေဝ အတ္ထာယ ဣဓာဂတောသိ။
အဟဉ္စ ပုတ္တော သုဏိသာ စ နတ္တာ၊ သမ္မောဒမာနာ ဃရမာဝသေမ။

နတ်မင်း၊ သင်နတ်မင်းသည် ဤသို့လည်း နှစ်သက်သည် ဖြစ်အံ့။ ငါ၏လျှင် အကျိုးငှါ ဤအရပ်သို့ လာသည်ဖြစ်ပါအံ့၊ ငါလည်းကောင်း၊ သားလည်းကောင်း၊ ချွေးမလည်းကောင်း၊ မြေးလည်းကောင်း၊ ထိုငါတို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၍ အိမ်၌ နေလိုကုန်၏။

ထိုအခါ ထိုမိန်းမအား သိကြားမင်းသည် ဤဂါထာကိုဆို၏–

ဂ။ ဝေဋ္ဌ တေ ရုစ္စတိ ကာတိယာနိ၊ ဟတာပိ သန္တာ န ဇဟာသိ ဓမ္မံ။ တုဝဋ္ဌ ပုတ္တော သုဏိသာ စ နတ္တာ၊သမ္မောဒမာနာ ဃရမာဝသေထ။

ကစ္စည်းအနွယ်ဖြစ်သော ရှင်မ၊ ဤသို့လျှင် သင်သည် နှစ်သက်အံ့၊ ရိုက်ပုတ်နှင်ထုတ်အပ်သည် ဖြစ်ငြားသော်လည်း သူငယ်တို့၌ မေတ္တာတရားကို သင်သည် မစွန့်အံ့၊ သင်လည်းကောင်း၊ သားလည်းကောင်း၊ ချွေးမလည်း ကောင်း၊ မြေးလည်းကောင်း၊ ထိုသင်တို့သည် ဝမ်းမြောက် ဝမ်းသာကုန်သည် ဖြစ်၍ အိမ်၌ နေကြကုန်လော့။

ဤသို့ဆို၍ တန်ဆာဆင်သော သိကြားမင်းသည် မိမိ၏ အာနုဘော်အားဖြင့် ကောင်းကင်၌ရပ်၍ ကစ္စည်းအနွယ်ဖြစ်သော ရှင်မ သင်သည် မကြောက်လင့်၊ သား ,ချွေးမတို့သည် ငါ၏ အာနုဘော်အားဖြင့် လာလတ်ကုန်၍ ခရီး အကြား၌ သင့်ကိုကန်တော့၍ ယူ၍သွားကုန်လတ္တံ့ ၊ မမေ့မလျော့ဖြစ်လော့ ဟုဆို၍ မိမိနေရာသို့လျှင် သွား၏။ ထိုသား, ချွေးမတို့သည်လည်း သိကြား မင်း၏အာနုဘော်အားဖြင့် အမိကျေးဇူးကို အောက်မေ့၍ ငါတို့ အမိသည် အဘယ်မှာနည်းဟု ရွာတွင်း၌ လူတို့ကို မေး၍ သုသာန်သို့သွား၏ဟူသောစကား ကို ကြား၍ မိခင်,မိခင်ဟုခေါ်၍ သုသာန်ခရီးသို့သွား၍ အမိကိုမြင်၍ ခြေရင်း၌ ဝပ်၍ မိခင် သင်သည် ငါတို့၏အပြစ်ကို သည်းခံပါလော့ဟု ကန်တော့ကုန်၏၊ အမိသည်လည်း မြေးကိုချီ၏၊ ဤသို့ ထိုသူတို့သည် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကုန်၍ အိမ်သို့သွား၍ ထိုအခါမှစ၍ ညီညွတ်စွာနေခြင်းကို နေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

ဃ။ သာ ကာတိယာနီ သုဏိသာယ သဒ္ဓိံ၊သမ္မောဒမာနာ ဃရမာဝသိတ္ထ။ ပုတ္တော စ နတ္တာ စ ဥပဋ္ဌဟိံသု၊ ဒေဝါနမိန္ဒေန အဓိဂ္ဂဟိတာ။

ရဟန်းတို့၊ ထိုကစ္စည်းအနွယ်ဖြစ်သော မိန်းမသည် ချွေးမနှင့်တကွ ဝမ်းမြောက်ကုန်သည်ဖြစ်၍ အိမ်၌ နေ၏။သိကြားမင်းသည် ချီးမြောက်အပ်သည်

ဖြစ်၍ သားသည်လည်းကောင်း၊ မြေးသည်လည်းကောင်း ထိုနှစ်ယောက်ကုန်သောသူတို့သည် လုပ်ကျွေးကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုသီတင်းသည်သည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အမိကို လုပ်ကျွေးသော သီတင်းသည်သည် ထိုအခါ အမိကိုလုပ်ကျွေးသောသူ ဖြစ်ဖူးပြီ၊ ယခုအခါ သီတင်းသည်၏ မယားသည် ထိုအခါ အမိကို လုပ်ကျွေးသောသူ၏ မယားဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးသိငြား၊ သမီးသား၊ ကြီးပွားချမ်းသာရ)

လေးရာတစ်ဆယ့်ခုနစ်ခုမြောက်သော ကစ္စာနိဇာတ်သည် ပြီး၏။

---

## ၄၁၈-အဋ္ဌသဒ္ဒဇာတ်

### ပညာရှိသူတော်ကောင်းသည် သတ္တဝါအပေါင်းတို့ အသက်ကို ကယ်ဆယ်နိုင်၏

ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့်တကွ လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဣဒံ ပုရေ နိန္နမာဟု–အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ အဋ္ဌသဒ္ဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းသည် သန်းခေါင်ယံ၌ ကြားအပ်သော ကြောက်မက်ဖွယ်ရှိသော မခွဲခြမ်း မဝေဖန်နိုင်သော အသံကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဝတ္ထုသည်ကား အောက်လောဟကုမ္ဘီဇာတ်၌ ဆိုအပ်ပြီးသော ဝတ္ထုနှင့် တူသလျှင်ကတည်း။)

ဤအဋ္ဌသဒ္ဒဇာတ်၌ကား ကောသလမင်းကြီးသည် ဘုန်းတော်ကြီးသော အရှင်ဘုရား ဤအသံတို့ကို ကြားခြင်းကြောင့် အကျွန်ုပ်အား အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု နားတော်လျှောက်သည်ရှိသော် မြတ်သောမင်းကြီး မကြောက်

လင့်၊ ဤအသံတို့ကို ကြားခြင်းကြောင့် သင်မင်းကြီးအား တစ်စုံတစ်ခုသော အန္တရာယ်သည် မဖြစ်လတ္တံ့၊ မြတ်သောမင်းကြီး ဤသို့ သဘောရှိသော ကြောက်မက်ဖွယ်ရှိသော မခွဲခြမ်း မဝေဖန်နိုင်သော အသံကို သင်မင်းကြီး တစ်ယောက်တည်းသာလျှင် ကြားသည် မဟုတ်သေး၊ ရှေးမင်းတို့သည်လည်း ဤသို့သဘောရှိသော အသံကိုကြား၍ ပုဏ္ဏားတို့၏ စကားကိုယူ၍ သဗ္ဗစတုက္ကယဇ်ကို ပူဇော်လိုကုန်၏၊ နောက်မှပညာရှိတို့၏စကားကို နာရ၍ ယဇ်ပူဇော်ခြင်းကို ပယ်အံ့သောငှါ ဖမ်းယူကုန်သော သတ္တဝါတို့ကို လွှတ်စေ၍ မြို့၌ အသက်မသတ်ကုန်လင့်ဟူသော စည်ကို လည်စေကုန်၏ဟု မိန့်တော်မူ၍ ထိုမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ သင်အပ်ပြီးသော အတတ်ရှိသည်ဖြစ်၍ မိဘလွန်လတ်သော် ရတနာတို့ကိုကြည့်၍ အလုံးစုံသော စည်းစိမ်ဥစ္စာကို အကုန်စွန့်လှူ၍ ကာမကိုပယ်၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်တို့ကိုဖြစ်စေ၍ နောက်အဖို့၌ ချဉ်ဆား မှီဝဲအံ့သောငှါ လူ့ပြည်သို့ သွားလတ်သော် ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ဥယျာဉ်၌နေ၏။ ထိုအခါ ဗာရာဏသီမင်းသည် အသရေရှိသော အိပ်ရာ၌ နေလျက် သန်းခေါင်ယံ၌ ရှစ်ခွန်းသောအသံတို့ကို ကြား၏။ ရှေးဦးစွာ မင်း၏အိမ်အနီး ဥယျာဉ်၌ တစ်ကောင်သော ဗျိုင်းသည် အသံကိုပြု၏၊ နှစ်ကြိမ်မြောက် ထိုအသံပြုစဉ်လျှင် ဆင်တင်းကုပ်၌ တုရိုဏ်တိုင်ဝယ်နေသော တစ်ကောင်သောကျီးမသည် အသံကိုပြု၏။ သုံးကြိမ်မြောက် မင်းအိမ်ဝယ် အထွတ်၌နေသော ဃုဏမည်သော ပိုးသည် အသံကိုပြု၏၊ လေးကြိမ်မြောက်သော် မင်းအိမ်၌ မွေးထားသော ဥဩမသည် အသံကို ပြု၏၊ ငါးကြိမ်မြောက် မင်းအိမ်၌ မွေးထားသော သမင်သည် အသံကို ပြု၏၊ ခြောက်ကြိမ်မြောက် မင်းအိမ်၌မွေးထားသော မျောက်သည် အသံကို ပြု၏၊ ခုနစ်ကြိမ်မြောက် မင်းအိမ်၌မွေးထားသော ကိန္နရာသည် အသံကို ပြု၏၊ ရှစ်ကြိမ်မြောက် ထိုအသံသည် မပြတ်စဲစဉ်လျှင် မင်းအိမ်၏ အထက်ဖြင့် ဥယျာဉ်သို့ကြွသွားသော ပစ္စေကဗုဒ္ဓါသည် တစ်ခုသောဥဒါန်းကို ကျူးရင့်လျက် အသံကိုပြု၏။

ဗာရာဏသီမင်းသည် ရှစ်ခွန်းကုန်သော အသံတို့ကိုကြား၍ အလွန်ထိတ်လန့်ရကား နက်ဖြန်နေ့၌ ပုဏ္ဏားတို့ကို မေး၏၊ ပုဏ္ဏားတို့သည် မြတ်သောမင်းကြီး သင်မင်းကြီးအား အန္တရာယ်ဖြစ်လတ္တံ့၊ သဗ္ဗစတုက္ကယဇ်ကို ပူဇော်ကုန်အံ့

ဟုဆို၍ မင်းသည် အလိုအတိုင်း ပြုကြကုန်လော့ဟု ခွင့်ပြုအပ်သည်ဖြစ်၍ အလွန်ရွှင်လန်းကုန်လျက် မင်းအိမ်မှထွက်၍ ယဇ်အမှုကို အားထုတ်ကုန်၏၊ ထိုအခါ ထိုပုဏ္ဏားတို့၏ အကြီးဖြစ်သော ယဇ်အမှုကိုစီရင်သော ပုဏ္ဏား၏တပည့် လုလင်သည် ပညာရှိ၏၊ လိမ္မာ၏၊ ထိုလုလင်သည် ဆရာ ဤသို့သဘောရှိသော ကြမ်းကြုတ်ရုန့်ရင်းသော မသာယာအပ်သော များစွာကုန်သော သတ္တဝါတို့၏ ပျက်စီးခြင်းကို ပြုတတ်သောအမှုကို မပြုလင့်ဟု ဆရာကို ဆို၏၊ ဆရာသည် အမောင် သင်သည် အဘယ်ကို သိသနည်း၊ ယဇ်သည် တစ်စုံတစ်ခု အကျိုးမရှိ ငြားသော်လည်း ငါးအမဲကို များစွာ စားရလတ္တံ့ဟုဆို၏။ တပည့်သည် ဆရာ သင်တို့သည် ဝမ်းကိုမှီ၍ ငရဲ၌ဖြစ်စေတတ်သော အမှုကို မပြုကုန်လင့်ဟု ဆို၏၊ ပုဏ္ဏားတို့သည် ထိုစကားကိုကြား၍ ဤလုလင်သည် ငါတို့၏ လာဘ်အန္တရာယ်ကို ပြု၏ဟု ထိုလုလင်အား အမျက်ထွက်ကုန်၏၊ လုလင်သည် ပုဏ္ဏားတို့မှ ကြောက်ခြင်းကြောင့် ထိုသို့ဖြစ်ပါမူကား သင်တို့သည်သာလျှင် ငါး အမဲ စားရခြင်း၏ အကြောင်းကို ပြုကုန်လော့ဟု ထွက်၍ မြို့ပြင်၌ မင်းကို တားမြစ်ခြင်းငှါ စွမ်းနိုင်သော တရားစောင့်သော ရဟန်းပုဏ္ဏားတို့ကို ရှာလျက် မင်း၏ဥယျာဉ်သို့သွား၍ ဘုရားလောင်းကိုမြင်လျှင် ရှိခိုး၍ အရှင်ဘုရား အရှင်ဘုရားတို့အား သတ္တဝါတို့၌ သနားခြင်းသည် အဘယ့်ကြောင့် မရှိသနည်း၊ မင်းသည် များစွာကုန်သော သတ္တဝါတို့ကို သတ်၍ ယဇ်ပူဇော်စေ၏ဟု ဆို၏။

ဘုရားလောင်းသည် လုလင် မင်းသည် ငါတို့ကို မသိကုန်၊ ငါတို့သည်လည်း မင်းကို မသိကုန်၊ အရှင်ဘုရား အရှင်ဘုရားတို့သည် ကြားအပ်သော အသံတို့၏ ဖြစ်ခြင်းကို သိပါကုန်၏လောဟု မေး၏၊ သိကုန်၏ဟု ဘုရားလောင်းဆို၏၊ သိပါကုန်လျက် မင်းအား အဘယ့်ကြောင့် မဆိုကုန်သနည်းဟု လုလင်သည်ဆို၏၊ လုလင် ငါသိ၏ဟု နဖူး၌ဦးချိဖွဲ၍ လှည့်လည်ခြင်းငှါ အဘယ်မှာ စွမ်းနိုင်အံ့နည်း၊ အကယ်၍ မင်းသည် ဤဥယျာဉ်သို့လာ၍ ငါ့အားမေးသော် ဖြေအံ့ဟု ဆို၏။ လုလင်သည်လည်း လျင်မြန်သဖြင့် မင်းအိမ်သို့သွား၍ အမောင် အဘယ်သို့နည်းဟုဆိုသည်ရှိသော် မြတ်သောမင်းကြီး သင်တို့သည် ကြားအပ်ကုန်သော အသံတို့၏ ဖြစ်ခြင်းကို သိသောရသေ့သည် သင်မင်းကြီး၏ ဥယျာဉ်ဝယ် မင်္ဂလာကျောက်ဖျာ၌ နေ၏၊ ငါ့ကို မေးသော် ငါဖြေအံ့ဟုဆို၏၊ သွား၍ ထိုရသေ့ကို မေးခြင်းငှါ သင့်၏ဟု ဆို၏၊ မင်းကြီးသည် လျင်မြန်သဖြင့် ဥယျာဉ်သို့သွား၍ ရသေ့ကိုရှိခိုး၍ ပဋိသန္ထာရပြုလျက်ထိုင်၍ အရှင်ဘုရား အကျွန်ုပ်သည်ကြားအပ်ကုန်သော အသံတို့၏ဖြစ်ခြင်းကို အရှင်ဘုရားတို့သည် သိကုန်သောဟူသည် မှန်သလောဟု မေး၏၊ မြတ်သောမင်းကြီး မှန်၏ဟုဆို၏၊ အရှင်ဘုရား ထိုသို့ဖြစ်ပါမူကား အကျွန်ုပ်အား ပြောပါလောဟု ဆို၏၊ ထိုအခါ ဘုရားလောင်းသည် မင်းသည် ကြားသောအသံတို့ကို ပြောလို၍ မြတ်သောမင်းကြီး သင်မင်းကြီး

အား ထိုအသံတို့ကိုကြားခြင်းဟူသော အကြောင်းကြောင့် တစ်စုံတစ်ခုသော အန္တရာယ်သည်မရှိ၊ သင်မင်းကြီး ဥယျာဉ်ဟောင်း၌ကား ဝေစ်ကောင်သော ဗျိုင်းသည်ရှိ၏၊ ထိုဗျိုင်းသည် အစာကို မရ,ရကား ဆာမွတ်ခြင်းနှိပ်စက်အပ် သည်ဖြစ်၍ ရှေးဦးစွာသော အသံကိုပြု၏ဟု ဗျိုင်း၏ကိရိယာကို မိမိဉာဏ်ဖြင့် ပိုင်းခြား၍ ဤဂါထာကိုဆို၏—

၁၀။ ဗလူဒိ ပုရေ နိန္နမာဟု၊ ဗဟုမစ္ဆံ မပေါဒကံ။
အာဝါသော ဗကရာဇဿ၊ ပေတ္တိကံ ဘဝနံ မမ။
တျဇ္ဇ ဘေကေန ယာပေမ၊ သြကံ န ဝိဇဟာမသေ။

ဤမင်္ဂလာရေကန်သည် ရှေး၌ ချိုင့်ဝှမ်း၏၊ များသော ငါးရှိ၏၊ ရေပြွန်ဖြင့် ရေသွင်းအပ်သည်ဖြစ်၍ များသောရေရှိ၏။ ဗျိုင်းမင်း၏နေရာဖြစ်၏၊ ငါ၏ အဘဥစ္စာဖြစ်သော နေရာဖြစ်၏၊ ထိုငါတို့သည် ယခု ဖားမျှဖြင့် မျှရ ကုန်၏။ ဤသို့ ငတ်မွတ်ခြင်းဖြင့် နှိပ်စက်ကုန်သော်လည်း နေရာကို မစွန့်နိုင်ကုန်။

မြတ်သောမင်းကြီး ထိုဗျိုင်းသည် ငတ်မွတ်ခြင်း နှိပ်စက်အပ်သည် ဖြစ်၍ ဤသို့သော အသံကိုပြု၏၊ ငတ်မွတ်ခြင်းမှ လွတ်စေလိုငြားအံ့၊ ထိုဥယျာဉ်ကို သုတ်သင်၍ ရေကန်ကို ရေဖြင့်ပြည့်စေ၍ ထားလောဟု ဘုရားလောင်းသည် ဆို၏၊ မင်းသည် ဘုရားလောင်းဆိုတိုင်း ပြုစိမ့်သောငှါ တစ်ယောက်သော အမတ်ကို စေ၏။

မြတ်သောမင်းကြီး ဆင်တင်းကုပ်၏ တုရိုဏ်တိုင်၌ တစ်ကောင်သော ကျီးမ သည် နေ၏၊ ထိုကျီးမသည် မိမိသား၌ စိုးရိမ်ခြင်းကြောင့် နှစ်ခုမြောက်သော အသံကို ပြု၏၊ ထိုအသံကြောင့်လည်း သင်မင်းကြီးအား ဘေးသည်မရှိဟုဆိုလို၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၁၁။ ကော ဒုတိယံ အသီလိဿ၊ ဗန္ဓရဿက္ခိ ဘေစ္ဆတိ။
ကော မေ ပုတ္တေ ကုလာဝကံ၊ မဉ္စ သောတ္ထိံ ကရိဿတိ။

သီလမရှိသော ဗန္ဓရ၏ နှစ်ခုမြောက်ဖြစ်သော မျက်စိကို အဘယ်သူသည် ဖောက်ပါအံ့နည်း။ အဘယ်သူသည် ငါ၏ သားတို့ကို လည်းကောင်း အသိုက်ကို လည်းကောင်း, ငါ့ကို လည်းကောင်း ချမ်းသာခြင်းကို ပြုပါအံ့နည်း။

ဤသို့ဆိုပြီး၍ မြတ်သောမင်းကြီး သင်မင်းကြီး၏ ဆင်တင်းကုပ်၌ ဆင်ထိန်း သည် အဘယ်အမည်ရှိသနည်းဟု မေး၏၊ အရှင်ဘုရား ဗန္ဓရမည်၏ဟု မင်းသည်

လျှောက်၏၊ မြတ်သောမင်းကြီး ထိုဗန္ဓရသည် မျက်စိတစ်ဖက်သာ ရှိသလောဟု ဘုရားလောင်းသည် မေး၏၊ အရှင်ဘုရား အမိန့်တော်အတိုင်း မှန်ပေ၏ဟု မင်းသည် လျှောက်၏၊ မြတ်သောမင်းကြီး ဆင်မင်းကြီး၏ ဆင်တင်းကုပ်တံခါး တုရိုဏ်တိုင်၌ တစ်ကောင်သော ကျီးမသည် အသိုက်လုပ်၍ အဥတို့ကို ထားအပ်ကုန်၏၊ ထိုအဥတို့သည် ရင့်ကုန်၍ အကောင်ငယ်တို့သည် ပေါက်ကုန်၏၊ ဆင်ထိန်းသည် ဆင်ကိုစီး၍ ဆင်တင်းကုပ်မှ ထွက်သော် လည်းကောင်း, ဆင်တင်းကုပ်သို့ ဝင်သော် လည်းကောင်း, ကျီး၏ သားတို့ကိုလည်းကောင်း, အသိုက်ကို လည်းကောင်း ပုတ်ခတ်၏၊ ထိုကျီးမသည် ထိုဆင်းရဲခြင်းဖြင့် ပင်ပန်း၍ ထိုဆင်ထိန်းဗန္ဓရ၏ မျက်စိပျက်စီးခြင်းကို တောင့်တ၍လျက် ဤသို့ ဆို၏၊ ကျီးမ၌ သင်မင်းကြီးသည် မေတ္တာစိတ်သည် ရှိငြားအံ့၊ ထိုဗန္ဓရကို ခေါ်စေ၍ အသိုက်ကိုဖျက်ဆီးခြင်းမှ မြစ်လော့ဟု ဘုရားလောင်းသည် ဆို၏၊ မင်းသည် ထိုဗန္ဓရကို ခေါ်စေ၍ ဆဲရေး ရိုက်ပုတ်၍ တစ်ပါးသောသူအား ဆင်ကို ပေး၏။

ဘုရားလောင်းသည် မြတ်သောမင်းကြီး သင်မင်းကြီး၏ ပြာသာဒ်အထွတ်၌ တစ်ကောင်သော ဃုဏ္ဍမည်သော ပိုးသည်နေ၏၊ ထိုပိုးသည် ထိုထို အရပ်၌လျှင် အကာကို စား၍ အကာကုန်လတ်သည်ရှိသော် အနှစ်ကို စားခြင်းငှါ မတတ်နိုင်၊ ထိုပိုးသည် အစာကိုမရ၍ ထွက်အံ့သောငှါလည်း မတတ်နိုင်ရကား ငိုကြွေးလျက် သုံးခုမြောက်သော အသံကိုပြု၏၊ ထိုအသံကြောင့်လည်း သင်မင်းကြီးအား ဘေးသည် မရှိဟုဆို၍ ထိုပိုး၏ကိရိယာကို မိမိဉာဏ်ဖြင့် ပိုင်းခြား၍ ဤဂါထာကို ဆို၏–

၁၂။ သဗ္ဗာ ပရိက္ခယာ ဖေဂ္ဂု၊ ယာဝ တဿာ ဂတီ အဟု။
ခီဏာဘက္ခော မဟာရာဇ၊ သာရေ န ရမတေ ဃုဏော။

မြတ်သောမင်းကြီး အကာရှိသမျှအားလုံးသည် စား၍ ကုန်လေပြီ၊ အကာမရှိ၍ အစာကုန်သော ဃုဏ္ဍမည်သောပိုးသည် အနှစ်ကိုစားခြင်း၌ မမွေ့လျော်။

ဘုရားလောင်းသည် မြတ်သောမင်းကြီး ထိုပိုးသည်ကား ထိုအရပ်မှထွက်၍ သွားရာအရင်ကိုလည်း မမြင်ရကား ငိုကြွေး၏၊ ထိုပိုးကို ထုတ်စေလောဟုဆို၏၊ မင်းသည် တစ်ယောက်သော ယောကျ်ားကို စေ၍ ဥပါယ်အားဖြင့် ထိုပိုးကို ထုတ်စေ၏။

ဘုရားလောင်းသည် မြတ်သော မင်းကြီး သင်မင်းကြီး၏ အိမ်၌ မွေးအပ်သော တစ်ကောင်သော ဥသြမသည် ရှိသလောဟု မေး၏၊ အရှင်ဘုရား ရှိ၏ဟု လျှောက်၏၊ မြတ်သောမင်းကြီး ထိုဥသြမသည် မိမိနေဖူးသော တောအုပ်ကို အောက်မေ့ရကား ငြိုးငွေ့၍ အဘယ်နံရောအခါ၌လျှင်ဤချိုင့်မှလွတ်၍ မွေ့လျော်ဖွယ်ရှိသော တောအုပ်သို့ သွားရပါအံ့နည်းဟု လေးခုမြောက်သော အသံကို ပြု၏၊ ထိုအသံကြောင့်လည်း သင်မင်းကြီးအား ဘေးသည် မရှိဟု ဆို၍ ဤဂါထာကို ဆို၏—

၁၃။ သာ နူနာဟံ ဣတော ဂန္တွာ၊ ရညော မုတ္တာ နိဝေသနာ။
အတ္တာနံ ရမယိဿာမိ၊ ဒုမသာခနိကေတိနီ။

ထိုငါသည် သင်မင်းကြီး၏ ဤနန်းတော်မှလွတ်လျက်သွား၍ သစ်ခက်တို့၌ မိမိအသိုက်လျှင် နေရာရှိသည်ဖြစ်၍ ငါ၏ကိုယ်ကို အဘယ်သောအခါမှ မွေ့လျော်စေရအံ့နည်း။

ဘုရားလောင်းသည် ဤသို့ဆို၍ မြတ်သောမင်းကြီး ဥသြမသည် ငြိုးငွေ့၏၊ ထိုဥသြမကို လွှတ်လော့ဟုဆို၏၊ မင်းသည် ဘုရားလောင်းဆိုတိုင်း ပြုစေ၏။

ဘုရားလောင်းသည် မြတ်သောမင်းကြီး သင် မင်းကြီး၏ နန်းတော်၌ မွေးအပ်သော တစ်ကောင်သောသမင်သည် ရှိသလောဟု မေး၏၊ အရှင်ဘုရား ရှိ၏ဟု လျှောက်၏၊ မြတ်သောမင်းကြီး ထိုသမင်ကား မိမိ၏မယား သမင်မကို အောက်မေ့၍ ကိလေသာ၏ အစွမ်းအားဖြင့် ငြိုးငွေ့၍ ငါးခုမြောက်သော အသံကိုပြု၏၊ ထိုအသံကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိဟုဆို၍ ဤဂါထာကိုဆို၏။

၁၄။ သော နူနာဟံ ဣတော ဂန္တွာ၊ ရညော မုတ္တာ နိဝေသနာ။
အဂ္ဂေါဒကာနိ ပိဿာမိ၊ ယူထဿ ပုရတော ဝဇံ။

ထိုငါသည် မင်း၏ ဤနန်းတော်မှလွတ်လျက် သွား၍ သမင်အပေါင်း၏ ရှေ့မှသွားလျက် ရေဦးတို့ကို အဘယ်သောအခါမှ သောက်ရပါအံ့နည်း။

ဘုရားလောင်းသည် ထိုသမင်ကိုလည်း လွှတ်စေ၏၊ ဘုရားလောင်းသည် မြတ်သောမင်းကြီး သင်မင်းကြီး၏ နန်းတော်၌ မွေးသော မျောက်သည် ရှိသလောဟု မေး၏၊ အရှင်ဘုရား ရှိ၏ဟု မင်းသည် လျှောက်၏၊ မြတ်သော

မင်းကြီး ထိုမျှောက်သည်လည်း ဟိမဝန္တာ၌ မျောက်မနှင့်တကွ ကာမ၌ မက်မောသည် ဖြစ်၍ သွားစဉ် ဘဒ္ဒကမည်သော မုဆိုးသည် ဤအရပ်သို့ ဆောင်ခဲ့၏၊ ယခု ငြီးငွေ့၍ ထိုဟိမဝန္တာသို့လျှင်သွားလို၍ ခြောက်ခုမြောက်သောအသံကိုပြု၏၊ ထိုအသံကြောင့်လည်း သင်မင်းကြီးအား ဘေးသည်မရှိဟု ဆို၍ ဤဂါထာကိုဆို၏—

၁၅။ တံ မံ ကာမေဟိ သမ္မတ္တံ၊ ရတ္တံ ကာမေသု မုစ္ဆိတံ။
အာနယီ ဝနတော လုဒ္ဒေါ၊ ဗာဟိကော ဘဒ္ဒမတ္ထု တေ။

ကာမဘို့ဖြင့် လွန်စွာယစ်သော ကာမတို့၌ တပ်စွမ်းသော ကာမတို့၌ တွေဝေသော ထိုငါ့ကို တိုင်းပသားဖြစ်သော မုဆိုးသည် တောအရပ်မှ ဆောင်ခဲ့၏။ သင်အား မင်္ဂလာသည် ဖြစ်စေသတည်း။

ဘုရားလောင်းသည် ထိုမျှောက်ကိုလည်း လွှတ်စေ၏။

ဘုရားလောင်းသည် မြတ်သောမင်းကြီး သင်မင်းကြီးနန်းတော်၌ မေးသောကိန္နရာသည် ရှိသလောဟု မေး၏၊ အရှင်ဘုရား ရှိ၏ဟုလျှောက်သည်ရှိသော် မြတ်သောမင်းကြီး ထိုကိန္နရာသည် မိမိ၏မယား ကိန္နရီမသည် ပြုအပ်သော ကျေးဇူးကို အောက်မေ့၍ ကိလေသာဖြင့် ကြင်နာသည်ဖြစ်၍ အသံကိုပြု၏၊ ထိုကိန္နရာသည် ထိုကိန္နရီမနှင့်တကွ တစ်နေ့သ၌ မြင့်သောတောင်ထွတ်သို့ တက်၍ ထိုတောင်ထွတ်၌ ထိုကိန္နရာတို့သည် အဆင်းအနံ့အရသာနှင့် ပြည့်စုံသော အထူးထူးသော ပန်းတို့ကို ဆွတ်ကုန် ပန်ကုန် ပျော်မွေ့ကုန်သည်ဖြစ်၍ နေဝင်သည်ကို မမှတ်ကုန်၊ နေဝင်လတ်သော် ဆင်းသက်ကုန်သော ကိန္နရာတို့အား အမိုက်မှောင်သည်ဖြစ်၍ ထိုအခါ ကိန္နရီမသည် အရှင် အမိုက်မှောင်သည်ဖြစ်၏၊ မချော်မချွတ်စေဘဲ မမေ့မလျော့သဖြင့် ဆင်းသက်လော့ဟုဆို၍ လက်ဖြင့်ကိုင်၍ ဆင်းသက်စေ၏၊ ထိုကိန္နရာသည် ထိုကိန္နရီမ၏စကားကို အောက်မေ့၍ အသံကို ပြု၏၊ ထိုအသံကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိဟုဆို၍ ထိုအကြောင်းကို မိမိဉာဏ်ဖြင့် ပိုင်းခြား၍ ထင်စွာပြုလျက် ဤဂါထာကိုဆို၏—

၁၆။ အန္ဓကာရတိမိသာယံ၊ တုင်္ဂေ ဥပရိပဗ္ဗတေ။
သာ မံ သဏှေန မုဒုနာ၊ မာ ပါဒံ ခလိ ယသ္မနိ။

ကိန္နရီမသည် ငါ့ကို မမြင်သည်၏ အဖြစ်ကို ပြုတတ်သော အမိုက်မှောင်၌ ထက်သော တောင်ထွတ်၌ မိမိမွေ့သော နူးညံ့သော စကားဖြင့် သခင် ကျောက်၌ ခြေကို မချော်စေလင့်ဟု ဆို၍ လက်ဖြင့် ကိုင်၍ သက်စေ၏။

ဤသို့ ဘုရားလောင်းသည် ကိန္နရာဆိုသော အကြောင်းကိုဆို၍ ကိန္နရာကို လွှတ်စေ၏။

မြတ်သောမင်းကြီး ရှစ်ခုမြောက်သော အသံသည် ဥဒါန်း ကျူးရင့်သော အသံတည်း၊ နန္ဒမူလိုဏ်၌ တစ်ဆူသော ပစ္စေကဗုဒ္ဓါသည် မိမိ၏ အာယုသင်္ခါရ ကုန်ခြင်းကိုသိ၍ လပြည့်နေ့၌ ဗာရာဏသီပြည်သို့ ကြွလာ၍ မင်း၏ ဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုအံ့၊ လူတို့သည် ငါ၏အလောင်းကို သင်္ဂြိုဟ်ခြင်းကိုပြု၍ သာဓုကီဠန မည်သော ကစားခြင်းကို ကစား၍ ပူဇော်ခြင်းကိုပြု၍ နတ်ပြည်ကို ပြည့်စေကုန်လတ္တံ့ဟု အာနုဘော်ဖြင့် ကောင်းကင်၌သွားလျက် သင်မင်းကြီး၏ပြာသာဒ် အထက်သို့ ရောက်သောကာလ၌ ခန္ဓာဝန်ကိုချ၍ နိဗ္ဗာန်ပြည်သို့ ဝင်ခြင်းကို ပြတတ်သော ဥဒါန်းကို ကျူးရင့်၏ဟု ပစ္စေကဗုဒ္ဓါသည် ဆိုအပ်သော ဤဂါထာကို ဆို၏-

၁၇။ အသံသယံ ဇာတိခယန္တဒဿီ၊ န ဂဗ္ဘသေယျံ ပုန ရာဝဇိဿံ။
အယမန္တိမာ ပစ္ဆိမာ ဂဗ္ဘသေယျာ၊ ခီဏော မေ သံသာရော ပုနဗ္ဘဝါယ။

နိဗ္ဗာန်ကိုမြင်သော ငါသည် မချွတ် တစ်ဖန် အမိဝမ်း၌ ပဋိသန္ဓေနေခြင်းကို မရောက်ရအံ့။ ဤအဖြစ်သည် အဆုံးစွန်သော အဖြစ်တည်း။ ဤပဋိသန္ဓေနေခြင်းသည် အဆုံးစွန်ဖြစ်သော ပဋိသန္ဓေနေခြင်းတည်း။ ငါ့အား တစ်ဖန် ဘဝသစ်၌ဖြစ်ခြင်းငှါ ခန္ဓာအစဉ်သည် ကုန်ပြီ။

ဘုရားလောင်းသည် မြတ်သောမင်းကြီး ထိုပစ္စေကဗုဒ္ဓါသည် ဥဒါန်းကို ရွတ်၍ ဤပြည်၌ ဥယျာဉ်သို့လာ၍ ကောင်းစွာပွင့်သော တစ်ခုသော အင်ကြင်း ပင်ရင်း၌ ပရိနိဗ္ဗာန်ပြု၏၊ လာလော့ ပစ္စေကဗုဒ္ဓါ၏ အလောင်းအား သင်္ဂြိုဟ်ခြင်း ကိစ္စကို ပြုကြကုန်အံ့ဟု မင်းကိုခေါ်၍ ပစ္စေကဗုဒ္ဓါ၏ ပရိနိဗ္ဗာန်ပြုရာ အရပ်သို့ ဆောင်၍ ထိုအလောင်းကို ပြ၏၊ မင်းသည် ပစ္စေကဗုဒ္ဓါ၏ အလောင်းတော်ကို ဗိုလ်ပါနှင့်တကွ နံ့သာ ပန်း အစရှိသည်တို့ဖြင့် ပူဇော်၍ ဘုရားလောင်း၏ စကားကို မှီ၍ ယင်ပူဇော်ခြင်းကို ပယ်၍ ခပ်သိမ်းသော သတ္တဝါတို့အား အသက်အလှူကို ပေး၍ သူ့အသက်ကို မသတ်စေလင့်ဟူသော စည်ကို လည်စေ၍ ခုနစ်ရက် ပတ်လုံး သာဓုကီဠန မည်သော ကစားခြင်းကို ကစား၍ အလုံးစုံ နံ့သာဖြင့်ပြီးသော ထင်းပုံသို့တင်၍ ကြီးစွာသော ပူဇော်သက္ကာရဖြင့် ပစ္စေကဗုဒ္ဓါ၏ အလောင်းတော်ကို သင်္ဂြိုဟ်၍ ခရီးမလေးဆုံ၌ ဓာတ်တော်တို့ကို ဌာပနာ၍ စေတီ တည်စေ၏၊ ဘုရားလောင်းသည်လည်း မင်းအား တရား ဟော၍ မြတ်သောမင်းကြီး သင်မင်းကြီးသည် မမေ့မလျော့ ဖြစ်လော့ဟု

ဆိုးမ၍ ဟိမဝန္တာသို့လျှင် ဝင်၍ ဗြဟ္မဝိဟာရတို့၌ လုံ့လပြု၍ မယုတ်သော စျာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လား၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ မြတ်သော မင်းကြီး သင် မင်းကြီးအား ထိုအသံကို ကြားခြင်းဟူသော အကြောင်းကြောင့် တစ်စုံတစ်ခုသော အန္တရာယ်သည် မရှိ၊ ယဇ်ပူဇော်ခြင်းကို ပယ်၍ များစွာသော သတ္တဝါတို့၏ အသက်ကို ပေးလော့ဟု ဇီဝိတဒါနကို ပေးစေ၍ မြို့၌ တရားစည်ကို လည်စေ၍ တရားဟောတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ လုလင်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အသက်သတ်၍၊ ပူဇော်မွေ့၊ လားလေ့ အပါယ်ရွာ။)

လေးရာတစ်ဆယ့်ရှစ်ခုမြောက်သော အဋ္ဌသဒ္ဒဇာတ်သည် ပြီး၏။

---

## ၄၁၉-သုလသာဇာတ်

### ယောကျ်ားသာ မဟုတ် မိန်းမလည်း ပညာရှိကြောင်း

### အသက်ဉာဏ်စောင့်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ဣဒံ သုဝဏ္ဏကာယူရံ–အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုလသာဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အနာထပိဏ်သူဌေး၏ တစ်ယောက်သော ကျွန်မကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကျွန်မသည် ပွဲသဘင်ခံသော် တစ်နေ့သ၌ ကျွန်မအပေါင်းနှင့် တကွ ဥယျာဉ်သို့ သွားလိုရကား မိမိ၏ ပုညလက္ခဏာဒေဝီ အမည်ရှိသော သခင်မကို ဆင်ယင်သော တန်ဆာကို တောင်း၏၊ ပုညလက္ခဏာဒေဝီ မည်သော သူဌေးမသည်

ထိုကျွန်မအား မိမိ၏အဖိုးတစ်သိန်းထိုက်သော တန်ဆာကိုပေး၏၊ ထိုကျွန်မသည် အဖိုးတစ်သိန်းထိုက်သော ထိုတန်ဆာကို ဆင်ယင်၍ ကျွန်မအပေါင်းနှင့် တကွ ဥယျာဉ်သို့ ဝင်၏၊ ထိုအခါ တစ်ယောက်သော ခိုးသူသည် ထိုကျွန်မ၏ တန်ဆာ၌ တပ်စွန်းခြင်း လောဘကိုဖြစ်စေ၍ ဤကျွန်မကို သတ်၍ တန်ဆာကို ဆောင်အံ့ဟု ထိုကျွန်မနှင့်တကွ စကားပြောလျက် ဥယျာဉ်သို့ သွား၍ ထိုကျွန်မအား ငါး, အမဲ သုရာ အစရှိသည်တို့ကို ပေး၏၊ ထိုကျွန်မသည် ဤလေသာ၏ အစွမ်းအားဖြင့် ပေး၏ဟု ထင်မှတ်၍ ငါး, အမဲ, သုရာ အစရှိသည်တို့ကို ယူလေ၍ ဥယျာဉ် ကစားခြင်းကို ကစား၍ စုံစမ်းအံ့သော ငှါ ညချမ်းအခါ၌ ကျွန်မအပေါင်း အိပ်သည်ရှိသော် ထ၍ ခိုးသူ၏ အထံသို့ ကပ်၏၊ ခိုးသူသည် နှင်မ ဤအရပ်ကား ပုန်းကွယ်သော အရပ်မဟုတ်၊ အတန်ငယ် ရှေ့သို့သွားကုန်အံ့ဟု ဆို၏၊ ကျွန်မသည် ထိုစကားကိုကြား၍ ဤအရပ်၌ လျှို့ဝှက်သောအမှုကိုပြုခြင်းငှါတတ်ကောင်း၏ဟု ကြံ၍ ဤယောကျ်ားကား မချွတ်လျှင် ငါ့ကို သတ်၍ တန်ဆာကို ဆောင်လိုသည် ဖြစ်လတ္တံ့၊ ထိုသို့ ဖြစ်စေကာမူ ထိုယောကျ်ားကို ဆုံးမအံ့ဟု အရှင် သူ့ဆုံးမ ခြင်းကြောင့် ငါ၏ ကိုယ်သည် ချောက်ချား၏၊ ငါ ရေသောက်ပါရစေလော့ဟု ဆို၍ တစ်ခုသော ရေတွင်းသို့ ဆောင်၍ ဤရေတွင်းမှ ငါ့ဖို့ သောက်ရေကို ဆောင်လော့ဟု ကြိုးနှင့် အိုးကို ပေး၏၊ ခိုးသူသည် ကြိုးကို တွင်း၌ ချ၏။

ထိုအခါ ကိုယ်ကို ညွတ်၍ ရေကို ငင်သော် ထိုခိုးသူကို ခွန်အားကြီးသော ကျွန်မသည် လက်နှစ်ဖက်တို့ဖြင့် တင်သားကို တွန်း၍ တွင်း၌ ကျစေ၍ သင်သည် ဤမျှဖြင့် မသေလတ္တံ့ဟု တစ်ခုသော ကြီးစွာသော အုတ်ခဲကို ခိုးသူ၏ ဦးခေါင်း ပေါ်၌ ချ၏၊ ခိုးသူသည် ထိုတွင်း၌သာလျှင် အသက်ကုန်ခြင်းသို့ ရောက်၏၊ ထိုကျွန်မ သည်လည်း မြို့သို့ ဝင်၍ အရှင်အား တန်ဆာကို ပေး၍ ယနေ့ ကျွန်ုပ်သည် ဤတန်ဆာကို မှီ၍ သေလု၏ဟု ဆို၍ အလုံးစုံသော အကြောင်းကို ကြား၏၊ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားအား ကြားလျှောက်၏၊ သဗ္ဗညု မြတ်စွာ ဘုရားသည် သူကြွယ် ထိုကျွန်မသည် ယခုအခါ၌သာလျှင် ခဏခြင်း ဖြစ်သော ပညာနှင့် ပြည့်စုံသည် မဟုတ်သေး၊ ရှေး၌လည်း ခဏခြင်း ဖြစ်သော ပညာနှင့် ပြည့်စုံဖူးသလျှင်ကတည်း၊ ထိုခိုးသူကို ယခုအခါ၌သာလျှင် ထိုကျွန်မသည် သတ်သည် မဟုတ်သေး၊ ရှေး၌လည်း သတ်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အနာထပိဏ်သူဌေးသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော် မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ပြည့်တန်ဆာမ ငါးရာအခြံအရံ ရှိသော သုလသာအမည်ရှိသော ပြည့်တန်ဆာမသည် ဖြစ်၏၊ အသပြာတစ်ထောင်ဖြင့် ညဉ့်၌ သွားရကုန်၏၊

ဗာရာဏသီပြည်၌ပင်လျှင် ဆင်ပြောင်အားကို ဆောင်သော သတ္တုက မည်သော ခိုးသူသည် ဖြစ်၏၊ ထိုခိုးသူသည် ညဉ့်အဖို့၌ မင်းတို့၏ အိမ်သို့ ဝင်၍ အလိုရှိတိုင်း ခိုးယူ၏၊ ပြည်သူတို့သည် စည်းဝေး၍ မင်းအား ကြားလျှောက်ကုန်၏၊ မင်းသည် မြို့စောင့်ကို စေ၍ ထိုထိုအရပ်၌ လူစုကို ထား၍ ခိုးသူကို ဖမ်း၍ ခိုးသူ၏ ဦးခေါင်းကို ဖြတ်ကုန်လော့ဟု ဆို၏၊ မြို့စောင့်သည် ထိုခိုးသူကို ဖမ်း၍ လက်ပြန် နှောင်ဖွဲ့၍ ခရီးလေးဆုံတိုင်း လေးဆုံတိုင်း ကြိမ်လုံးဖြင့် ခတ်၍ ထိုခိုးသူကို သုသာန်သို့ ဆောင်၏၊ ထိုခိုးသူကို ဖမ်းမိ၏ဟု မြို့အလုံးသည် ချောက်ချား၏၊

ထိုအခါ သုလသာသည် လေသွန် ပြတင်း၌ ရပ်၍ ခရီးအလယ်ကို ကြည့်လတ်သော် ထိုခိုးသူကို မြင်၍ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ခိုးသူဟု ဆိုအပ်သော ဤယောကျ်ားကို ငါသည် အကယ်၍ လွတ်နိုင်စေအံ့ဟု ဤပြည့်တန်ဆာမတို့၏ အမှုအရာဟူသော ညစ်ညူးသောအမှုကို မပြုမူ၍ ဤခိုးသူနှင့်တကွလျှင် ညီညွတ်သော နေခြင်းကို နေအံ့ဟု ကြံ၍ အောက် ကဏဝေရဇာတ်၌ ဆိုအပ်ပြီးသော နည်းဖြင့်လျှင် မြို့စောင့်အား တစ်ထောင်သော အသပြာကို ပို့စေ၍ ခိုးသူကို လွှတ်စေ၍ ခိုးသူနှင့်တကွ ဝမ်းမြောက်ဝမ်းသာ အညီအညွတ်နေခြင်းကို နေ၏၊ ခိုးသူသည် သုံးရက် လေးရက် လွန်လတ်သော် ငါသည် ဤအရပ်၌ နေခြင်းငှါ မတတ်နိုင်၊ လက်ချည်းသာ သက်သက် ပြေးအံ့သောငှါလည်း မတတ်နိုင်၊ သုလသာ၏ တန်ဆာသည် အဖိုးတစ်သိန်း ထိုက်၏၊ သုလသာကို သတ္တုက မည်သော ခိုးသူသည် ရှင်မ ထိုအခါ၌ မင်းချင်းယောကျ်ားတို့သည် သတ်အံ့သောငှါ ဆောင်အပ်သော ငါသည် ဤအမည်ရှိသော တောင်၌ ရုက္ခစိုးနတ်အား ပူဇော်အံ့ဟု ဝန်ခံ၏။

ထိုရုက္ခစိုးသည် ပူဇော်ခြင်းကို မရ၍ ငါ့ကို ခြိမ်းခြောက်၏၊ ထိုရုက္ခစိုးနတ်အား ပူဇော်ခြင်းကို ပြုအံ့ဟု ဆို၏၊ သုလသာသည် အရှင် ကောင်းပြီ၊ ပူဇော်ဖွယ်ကို စီရင်၍ ပို့စေလော့ဟု ဆို၏၊ ရှင်မ ပို့စေခြင်းငှါ မသင့်၊ နှစ်ယောက်ကုန်သော ငါတို့သည်လည်း ခပ်သိမ်းကုန်သော တန်ဆာတို့ဖြင့် ဆင်ယင်ကုန်လျက် များစွာသော အခြံအရံဖြင့် သွား၍ ပူဇော်ဖွယ်ကို ပေးကုန်အံ့ဟု သတ္တုကမည်သော ခိုးသူသည် ဆို၏၊ သုလသာသည် အရှင် ကောင်းပြီ၊ အရှင် ဆိုတိုင်း ပြုလော့ဟု ဆို၏၊ ထိုအခါ သုလသာကို သတ္တုက မည်သော ခိုးသူသည် မိမိဆိုတိုင်း ပြုစေ၍ တောင်ခြေရင်းသို့ ရောက်သော ကာလ၌ ရှင်မ ရုက္ခစိုးနတ်သည် လူများကို မြင်သော် ပူဇော်သက္ကာရကို မခံကုန်၊ နှစ်ယောက်ကုန်သော ငါတို့သည်သာ တက်၍ ပူဇော်သက္ကာရကို ပေးကုန်အံ့ဟု ဆို၏၊

သုလသာသည် ကောင်းပြီဟု ဝန်ခံလတ်သော် ပုဏ္ဏောဗ်ဖွယ် ခွက်ကို ရွက်စေ၍ မိမိသည်ကား ငါးပါးသောလက်နက်တို့ဖြင့် ဖွဲ့အပ်လျက် တောင်ထိပ်သို့ တက်လတ်ကဲ အသူတစ်ရာရှိသော တောင်ကမ်းပါးပြတ်ကို မှီ၍ ရောက်သော သစ်ပင်ရင်း၌ ပူဇော်ခွက်ကို ချစေ၍ ရှင်မ ငါသည် နတ်ကို ပူဇော်အံ့သောငှါ မလာ၊ သင့်ကို သတ်၍ သင့် တန်ဆာကို ယူ၍ သွားအံ့သောငှါ လာ၏၊ သင့်တန်ဆာကို ချွတ်၍ အပေါ်ရုံပုဆိုးဖြင့် ထုပ်လော့ဟု ဆို၏၊ အရှင် အဘယ့်ကြောင့် အကျွန်ုပ်ကို သတ်အံ့နည်းဟု ဆိုလတ်သော် ဥစ္စာဟူသော အကြောင်းကြောင့် သတ်အံ့ဟု ဆို၏၊ အရှင် အကျွန်ုပ်သည် ပြုအပ်သော ကျေးဇူးကို အရှင်သည် အောက်မေ့လော့၊ နှောင်ဖွဲ့၍ ဆောင်အပ်သော အရှင့်ကို အကျွန်ုပ်သည် သူဌေးသားဖြင့် လဲ၍ များစွာသော ဥစ္စာတို့ကို ပေး၍ အသက်ကို ရှင်စေပြီ၊ နေ့တိုင်း နေ့တိုင်း ဟစ်အောင်သော အသပြာကို ရလျက်လည်း ငါးစ်ပါးသော ယောကျ်ားတို့ကို အကျွန်ုပ်သည် မကြည့်၊ အရှင့်အား အကျွန်ုပ်သည် ဤသို့ ကျေးဇူးကို ပြု၏၊ အကျွန်ုပ်ကို မသတ်လင့်၊ အရှင့်အား အကျွန်ုပ်သည် များစွာသော ဥစ္စာကိုလည်း ပေးအံ့၊ အကျွန်ုပ်သည် သင်၏ ကျွန်မိန်းမလည်း ဖြစ်အံ့ဟု တောင်းပန်လိုရကား ဤဂါထာကို ဆို၏—

၁၈။ ဣဒံ သုဝဏ္ဏကာယူရံ၊ မုတ္တာ ဝေဠုရိယာ ဗဟူ။
သဗ္ဗံ ဟရဿု ဘဒ္ဒန္တေ၊ မဉ္စ ဒါသီတိ သာဝယ။

အရှင် သင်အား ကောင်းမြတ်သော မင်္ဂလာသည် ဖြစ်ပါစေ။ သင်သည် ဤရွှေဖြင့် ပြီးသော လည်ရွဲတန်ဆာကိုလည်းကောင်း၊ များစွာကုန်သော ပုလဲ ကြောက်မျက်ရွဲဘို့ကိုလည်းကောင်း၊ အလုံးစုံသော တန်ဆာကို ဆောင်ယူလော့။ အကျွန်ုပ်ကိုလည်း ကျွန်မိန်းမဘည်းဟု လူများအလယ်၌ သိကြားစေ၍ယူလော့။

ထိုနောက်မှ သတ္တုကသည် ဤဂါထာကို ဆို၏—

၁၉။ ဩရောပယဿု ကလျာဏိ၊ မာ ဗာဠှံ ပရိဒေဝသိ။
န စာဟံ အဘိဇာနာမိ၊ အဟန္တွာ ဓနမာဘတံ။

ကောင်းသော လက္ခဏာနှင့် ပြည့်စုံသော ရှင်မ သင် ဆင်ယင်သော တန်ဆာတို့ကို ချွတ်လော့။ ကျယ်လောင်စွာ မငိုကြွေးလင့်၊ ငါသည် ဥစ္စာရှင်ကို မသတ်ဘဲ ဥစ္စာကိုသာ မယူဆောင်ဘူးချေ။

သုလသာသည် ခဏချင်းဖြစ်သော သတိရနည်းကို ရ၍ ဤခိုးသူသည် ငါ့အား အသက်ကို မပေးလတ္တံ့၊ ဥပါယ်ဖြင့် ထိုခိုးသူကို ရှေးဦးစွာ ကမ်းပါး ပြတ်၌ ကျစေ၍ အသက်ကုန်ခြင်းသို့ ရောက်စေအံ့ဟု ကြံ၍ ဤဂါထာတို့ကို ဆို၏—

၂၀။ ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ။
န စာဟံ အဘိဇာနာမိ၊ အညံ ပိယတရံ တယာ။

၂၁။ ဧဟိ တံ ဥပဂူဟိဿံ၊ ကရိဿံ စ ပဒက္ခိဏံ။
န ဟိ ဒါနိ ပုန အတ္ထိ၊ မမ တုယှဉ္စ သင်္ဂမော။

အရှင် ငါသည် မိမိကိုယ်ကို အောက်မေ့ခြင်း လိမ္မာခြင်းသို့ ရောက်သော အခါမှ စ၍ သင့်ထက် အလွန်ချစ်သော တစ်ပါးသော လင်ကို မသိဘူး။

အရှင် လာလော့ သင့်ကို ပွေ့ပိုက်ဖက်ယမ်းပါအံ့၊ လက်ယာရစ် လှည့်ခြင်းကိုလည်း ပြုအံ့။ ယခု ငါ၏လည်းကောင်း။ သင်၏လည်းကောင်း ပေါင်းဖော်ခြင်းသည် မရှိသလျှင်ကတည်း။

သတ္တုကသည် သုလသာ၏ အလိုကို မသိ၍ ရှင်မ ကောင်းပြီ၊ လာလော့ ငါ့ကို ဖက်လော့ဟု ဆို၏၊ သုလသာသည် သတ္တုကကို သုံးကြိမ် လက်ယာရစ် လှည့်၍ ပွေ့ဖက်၍ အရှင် ယခု သင့်ကို နံပါးလေးဘက်တို့၌ ရှိခိုးအံ့ဟု ဆို၍ ခြေဖမိုး၌ ဦးတင်၍ သတ္တုက၏ မောင်းတို့ကို ရှိခိုး၍ နောက်သို့ သွား၍ ရှိခိုး သကဲ့သို့ပြု၍ ဆင်ပြောင်အားကို ဆောင်သော ပြည့်တန်ဆာမသည် ခိုးသူ နောက်မှ ခြေနှစ်ဖက်တို့ကို ကိုင်၍ ဦးစောက်ထား၍ အသူတစ်ရာနက်သော ချောက်၌ ချ၏၊ ခိုးသူသည် ချောက်၌လျှင် မှုန့်မှုန့်ညက်ညက် ကြေ၍ သေ၏ ထိုအမှုအရာကို မြင်၍ တောင်ထိပ်၌ နေသော နတ်သည်–ဤဂါထာတို့ကိုဆို၏၊

၂၂။ န ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။

၂၃။ န ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ လဟုံ အတ္ထံ ဝိစိန္တိကာ။

၂၄။ လဟုဉ္စ ဝတ ခိပ္ပဉ္စ၊ နိကဋ္ဌေသမဝေတယိ။
မိဂံ ပုဏ္ဏာယတေနေဝ၊ သုလသာ သတ္တုကံ ဝဓိ။

၂၅။ ယော စ ဥပ္ပတိတံ အတ္ထံ၊ န ခိပ္ပံ မနုဗုဇ္ဈတိ။
သော ဟညတိမန္ဒမတိ၊ စောရေ ဝ ဂိရိဂဗ္ဘရေ။

၂၆။ ယော စ ဥပ္ပတိတံ အတ္ထံ၊ ခိပ္ပမေဝ နိဗောဓတိ။
မုစ္စတေ သတ္တုသမ္ဗာဓာ၊ သုလသာ သတ္တုကာမိဝ။

ခပ်သိမ်းကုန်သော အရာတို့၌ ယောကျ်ားသည်သာလျှင် ပညာရှိသည်မဟုတ်။ မိန်းမသည်လည်း ပညာရှိ၏၊ ထိုထိုအရာ၌ အထူးသဖြင့် မြင်တတ်၏။

ခပ်သိမ်းကုန်သော အရာတို့၌ ယောကျ်ားသည်လာလျှင် ပညာရှိသည်။ မဟုတ်။ မိန်းမသည်လည်း ပညာရှိ၏၊ လျှင်မြန်စွာ အကျိုးကို ကြံနိုင်၏။

သေခြင်း၏ အနီး၌ တည်လျက်လျှင် စင်စစ် ထိုသူခိုး၏ သေခြင်း၏ အကြောင်းကို လျင်စွာလည်းကောင်း၊ မြန်စွာလည်းကောင်း၊ ကြံနိုင်၏၊ မြားပြည့်သော လေးဖြင့် သမင်ကို သတ်သကဲ့သို့ ထိုအတူ သုလသာသည် သတ္တုကကို သတ်၏။

ဤလောက၌ ဖြစ်ပေါ်လာသော ကိစ္စကို လျင်စွာ မသိသောနန့်သော ပညာရှိသော သူသည် တောင်ကမ်းပါးပြတ်၌ ခိုးသူကဲ့သို့ သတ်ခံရတတ်၏။

ဤလောက၌ ဖြစ်ပေါ်လာသော ကိစ္စကို လျင်မြန်စွာ သာလျှင် သိသူသည် သတ္တုက၏ ရန်ပြုခြင်းမှ သုလသာသည် လွတ်သကဲ့သို့ ရန်သူဘေးမှ လွတ်၏။

ဤသို့သုလသာသည် ခိုးသူကိုသတ်၍ တောင်မှဆင်း၍ မိမိပရိတ်သတ်၏ အထံသို့ သွား၍ အရှင်သားက ဘယ်မှာနည်းဟု မေးအပ်သည်ရှိသော် အရှင်သားကို မမေးကြကုန်လင့်ဟုဆို၍ ရထားစီး၍ မြို့သို့လျှင်ဝင်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဤနှစ်ယောက်ကုန်သော သူတို့သည် ထိုအခါနှစ်ယောက်ကုန်သော သူတို့လျှင် ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ တောင်စောင့်နတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဖြစ်မည့်အရေး၊ ဉာဏ်မြင်သေး၊ သေဘေးကြုံမည်သာ။)

လေးရာတစ်ဆယ့်ကိုးခုမြောက်သော သုလသာဇာတ်သည် ပြီး၏။

# ၄၂၀ သုမင်္ဂလဇာတ်

## ဒေါသအမျက် ပြင်းထန်နေစဉ်အပြစ်ဒဏ်စီရင်ချမှတ်ခြင်း မပြုသင့် ဒေါသအရှိန်နည်းသွားစေရန်အချိန်ဆွဲ၍ ပြုလုပ်ရမည် အစိုးရသောမင်းသည် အမျက်ကို သိမ်းဆည်းသင့်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဘုသံမှိ ကုဒ္ဓေါ-ဒ စရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုမင်္ဂလဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရာဇောဝါဒသုတ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ၌ကား သဗ္ဗညုမြတ်စွာဘုရားသခင်သည် ကောသလမင်းတောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၍ အရွယ်ရောက်လတ်သော် အဘလွန်သဖြင့် မင်းပြု၏၊ အလှူကြီးကိုဖြစ်စေ၏၊ ထိုဗြဟ္မဒတ်မင်းအား သုမင်္ဂလမည်သော ဥယျာဉ်စောင့်သည် ဖြစ်၏၊ ထိုအခါ တစ်ဦးသောပစ္စေကဗုဒ္ဓါသည် နန္ဒမူလိုဏ်မှ ထွက်၍ ဒေသစာရီ ကြွသွားသည်ရှိသော် ဗာရာဏသီပြည်သို့ရောက်၍ မင်း၏ ဥယျာဉ်၌နေ၍ နက်ဖြန်မြို့သို့ဆွမ်းခံအံ့သောငှါ ဝင်၏၊ ထိုပစ္စေကဗုဒ္ဓါကို မင်းသည်မြင်၍ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍ ပြာသာဒ်သို့ တက်၍ မင်းအိမ်၌ နေစေ၍ အထူးထူးသော မြတ်သော အရသာရှိသော ခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍ အနုမောဒနာကို နာရ၍ ကြည်ညိုသည်ဖြစ်၍ မိမိဥယျာဉ်၌နေစိမ့်သောငှါ ပဋိညာဉ်ကိုယူ၍ ဥယျာဉ်သို့ ပို့စေ၍ မိမိသည်လည်း နံနက်စာစားပြီးသော် ဥယျာဉ်သို့သွား၍ ညဉ့်သန့်ရာ နေသန့်ရာအရပ် အစရှိသည်တို့ကို စီရင်၍ သုမင်္ဂလမည်သော ဥယျာဉ်စောင့်ကို အမှုကြီးငယ် ရွက်ဆောင်တတ်သောသူကို ပြု၍ မြို့တွင်းသို့ ဝင်၏။

ပစ္စေကဗုဒ္ဓါသည် ထိုအခါမှစ၍ မပြတ် မင်းအိမ်၌ ဆွမ်းဘုဉ်းပေးလျက် ထိုဥယျာဉ်၌ ကြာမြင့်စွာနေ၏၊ သုမင်္ဂလသည်လည်း ရိုသေစွာ လုပ်ကျွေး၏၊ ထိုအခါ တစ်နေ့သ၌ ရှင်ပစ္စေကဗုဒ္ဓါသည် သုမင်္ဂလကို ခေါ်၍ ငါသည် နှစ်ရက် သုံးရက် ဤအမည်ရှိသော ရွာကို အမှီပြု၍ နေလျက် ပြန်လာအံ့၊ မင်းအား ကြားလျှောက်လေလော့ဟုဆို၍ ကြွ၏၊ သုမင်္ဂလသည် မင်းအား ကြား လျှောက်၏၊

ပစ္စေကဗုဒ္ဓါသည် နှစ်ရက် သုံးရက် ထိုရွာ၌ နေ၍ ညချမ်းအခါ နေဝင်လတ်သော် ထိုဥယျာဉ်သို့ တစ်ဖန် ရောက်လာ၏၊ သုမင်္ဂလသည် ပစ္စေကဗုဒ္ဓါ၏ လာသောအဖြစ်ကို မသိသည်ဖြစ်၍ မိမိအိမ်သို့ သွား၏၊ ပစ္စေကဗုဒ္ဓါသည်လည်း သင်္ကန်းကို သိုမှီး၍ အတန်ငယ် စင်္ကြံသွား၍ ကျောက်ဖျာ၌ ထိုင်၏၊ ထိုနေ့၌ ဥယျာဉ်စောင့်၏ အိမ်သို့ ဧည့်သည်တို့သည် ရောက်ကုန်၏၊ ဥယျာဉ်စောင့်သည် ဧည့်သည်တို့၏ ဟင်းလျာ အကျိုးငှါ ဥယျာဉ်၌ အားမွဲ့ကိုရသော သမင်ကို သတ်အံ့ဟု လေးကို ယူ၍ ဥယျာဉ်သို့ သွား၍သမင်ကို ကြည့်လတ်သော် ပစ္စေကဗုဒ္ဓါကို မြင်၍ သမင်ကြီးဖြစ်လတ္တံ့ဟူသော အမှတ်ဖြင့် မြားလို ဖွဲ့၍ပစ်၏၊ ပစ္စေကဗုဒ္ဓါသည် ဦးခေါင်းကို ဖွင့်၍သုမင်္ဂလဟု ခေါ်၏၊ သုမင်္ဂလသည် ကြောက်ခြင်းသို့ ရောက်၍ ရှိခိုး၍ အရှင်ဘုရား အကျွန်ုပ်သည် အရှင်ဘုရား၏လာသော အဖြစ်ကို မသိရကား သမင်ဟူသော အမှတ်ဖြင့် ပစ်၏၊ အရှင်ဘုရားတို့သည် အကျွန်ုပ်အား သည်းခံတော်မူပါကုန်လော့ဟုဆို၍ သုမင်္ဂလပစ်မိသည်ဖြစ်စေ ယခု အဘယ်သို့ ပြုအံ့နည်း၊ လာလော့ မြားကို နုတ်၍ယူလော့ဟု ဆိုသည်ရှိသော် သုမင်္ဂလသည် ရှိခိုး၍ မြားကို နုတ်၏၊ ပစ္စေကဗုဒ္ဓါအား အားကြီးသော ဝေဒနာသည် ဖြစ်၏၊ ပစ္စေကဗုဒ္ဓါသည်ထိုအရပ်၌ပင်လျှင် ပရိနိဗ္ဗာန်ပြု၏၊ ဥယျာဉ်စောင့်သည် အကယ်၍ မင်းသိငြားအံ့၊ ပျက်စီးလတ္တံ့ဟု သားမယားကို ယူ၍ ထိုအရပ်မှ ပြေး၏၊ ထိုခဏ၌လျှင် ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန်ပြုတော်မူ၏ဟု နတ်တို့၏အာနုဘော်အား ဖြင့်မြို့အလုံးသည် တစ်ပြိုင်နက်အုတ်အုတ်ကျက်ကျက် ဖြစ်၏၊ နက်ဖြန် လူတို့သည် ဥယျာဉ်သို့ သွား၍ ပစ္စေကဗုဒ္ဓါကို မြင်၍ ဥယျာဉ်စောင့်သည် ပစ္စေကဗုဒ္ဓါကို သတ်၍ပြေး၏ဟု မင်းအား ကြားလျှောက်ကုန်၏။

မင်းသည် များစွာသော အခြံအရံဖြင့် ဥယျာဉ်သို့ သွား၍ ခုနစ်ရက်ပတ်လုံး အလောင်းတော်အား ပူဇော်ခြင်းကို ပြု၍ ကြီးစွာသော ပူဇော်သက္ကာရဖြင့် မီးသင်္ဂြိုဟ်၏၊ ဓာတ်တော်တို့ကို ယူ၍ စေတီ တည်ထား ပူဇော်ပြီးလျှင် တရားသဖြင့် မင်းပြု၏၊ သုမင်္ဂလလည်း တစ်နှစ်ကိုလွန်စေ၍ မင်း၏စိတ်ထို သိအံ့ဟု လာလတ်၍ တစ်ယောက်သော အမတ်ကို စေ၍ အမတ်သည် မင်း၏ ၊အထံ၌ သုမင်္ဂလ ကျေးဇူးကိုဆို၏၊ မင်းသည် မကြားသကဲ့သို့နေ၏၊ အမတ်သည် တစ်စုံတစ်ခုသော စကားကို မဆိုမူ၍ မင်း၏ မနှစ်သက်သောအဖြစ်ကို သုမင်္ဂလအား ပြောဆို၏၊ သုမင်္ဂလသည် နှစ်နှစ်မြောက်၌ လာ၍ စုံစမ်းစေ၏၊ မင်းသည် ရှေးအတူသာလျှင် ဆိတ်ဆိတ်နေ၏ သုံးနှစ်မြောက်၌ လာလတ်သော် သားမယားကို ယူ၍လျှင် လာ၏၊ အမတ်သည် မင်း၏ စိတ်နူးညံ့သော အဖြစ်ကို သိ၍ သုမင်္ဂလကို မင်းအိမ်တံခါး၌ ထားခဲ့၍ သုမင်္ဂလ၏လာသော အဖြစ်ကို မင်းအား ကြားလျှောက်၏၊ မင်းသည် သုမင်္ဂလကိုခေါ်စေ၍ ပဋိသန္ထာရပြု၍ သုမင်္ဂလ အဘယ်ကြောင့် သင်သည် ငါ၏ဟောင်းမှုစိုက်ရာ လယ်ယာဖြစ်သော

အရှင်ပစ္စေကဗုဒ္ဓါကို သတ်သနည်းဟု မေး၏၊ သုမင်္ဂလသည် မြတ်သောမင်းကြီး အကျွန်ုပ်သည် အရှင်ပစ္စေကဗုဒ္ဓါကို မသတ်၊ စင်စစ်သဖြင့်ကား ဤမည်သော အကြောင်းကြောင့် ဤမည်သောအမှုကို ပြု၏ဟု ထိုအကြောင်းကို ကြား လျှောက်၏၊ ထိုအခါ သုမင်္ဂလကို မင်းသည် ထိုသို့တပြီးကား သင်သည် မကြောက်လင့်ဟု နှစ်သိမ့်စေ၍ တစ်ဖန် ဥယျာဉ်စောင့် ပြုမြဲ ပြုစေ၏၊ ထိုအခါ ထိုမင်းကို ထိုအမတ်သည် မြတ်သောမင်းကြီး အဘယ်ကြောင့် သင်မင်းကြီးတို့ သည် နှစ်ကြိမ်တိုင်တိုင် သုမင်္ဂလ၏ သတင်းစကားကိုကြား၍ တစ်စုံတစ်ခုသော စကားကို မဆိုကုန်သနည်း၊သုံးကြိမ်မြောက်၌ကား အဘယ်ကြောင့် သုမင်္ဂလ၏ သတင်းစကားကို ကြား၍ ခေါ်စေ၍ သနားတော်မူကုန်သနည်းဟု မေး၏၊ မင်းသည် အမောင် မင်းမည်သည်ကား အမျက်ထွက်သဖြင့် အဆောတလျင် တစ်စုံတစ်ခုသော အမှုကိုပြုခြင်းငှါမသင့်၊ ထို့ကြောင့် ငါသည် ရှေး၌ဆိတ်ဆိတ် နေ၍ သုံးကြိမ်မြောက်၌ သုမင်္ဂလအား ငါ၏စိတ် နူးညံ့သည်၏အဖြစ်ကို သိ၍ သုမင်္ဂလကို ခေါ်စေ၏ဟု ဆိုလိုရကား ဤဂါထာတို့ကို ဆို၏—

၂၇။ ဘုသမှိ ကုဒ္ဓေါတိ အဝေက္ခိယာန၊
န တာဝ ဒဏ္ဍံ ပဏယေယျ ဣဿရော။
အဋ္ဌာနသော အပ္ပတိရူပမတ္တနော၊
ပရဿ ဒုက္ခာနိ ဘုသံ ဥဒီရယေ။

၂၈။ ယတော စ ဇာနေယျ ပသာဒမတ္တနော၊
အတ္ထံ နိယုဉ္ဇေယျ ပရဿ ဒုက္ကဋံ။
တဒါယမတ္ထောတိ သယံ အဝေက္ခိယ၊
အထဿ ဒဏ္ဍံ သဒိသံ နိဝေသယေ။

၂၉။ န စာပိ ဈာပေတိ ပရံ န အတ္တာနံ၊
အမုစ္ဆိတော ယော နယတေ နယာနယံ။
ယော ဒဏ္ဍဓာရော ဘဝတီဓ ဣဿရော၊
သ ဝဏ္ဏဂုတ္တော သိရိယာ န ဓံသတိ။

၃၀။ ယေ ခတ္တိယာ သေ အနိသမ္မကာရိနော၊
ပဏေန္တိ ဒဏ္ဍံ သဟသာ ပမုစ္ဆိတာ။
အဝဏ္ဏသံယုတ္တာ ဇဟန္တိ ဇီဝိတံ၊
ဣတော ဝိမုတ္တာပိ စ ယန္တိ ဒုဂ္ဂတိံ။

၃၁။ ဓမ္မေ စ ယေ အရိယပ္ပဝေဒိတေ ရတာ၊
အနုတ္တရာ တေ ဝစသာ မနသာ ကမ္မုနာ စ။
တေ သန္တိသောရစ္စသမာဓိသဏ္ဌိတာ၊
ဝဇန္တိ လောကံ ဒုဘယံ တထာဝိဓာ။

၃၂ ရာဇာဟမသ္မိ နရပမဒါနမိဿရော၊
သစေပိ ကုဇ္ဈာမိ ဌပေမိ အတ္တနံ။
နိသေဓယန္တော ဇနတံ တထာဝိဓံ၊
ပဏောမိ ဒဏ္ဍံ အနုကမ္ပ ယောနိသော။

အမောင် မင်းမည်သည် "ငါသည် အမျက်ဒေါသ ပြင်းစွာ ထွက်တတ်၏" ဟု သိ၍ ရှေးဦးစွာ ဒဏ်မပေးသင့်ပေ။ အကြောင်းမဟုတ်သောအားဖြင့် မိမိအား မလျောက်ပတ်သော ဒဏ်ကို ပြုကြကုန်လေ့ဟု သူတစ်ပါးအပေါ် ပြင်းပြသော ဆင်းရဲခြင်းတို့ကို ဆိုရာ၏။

မိမိ၏စိတ်ကြည်လင်ခြင်းကို သိရာအခါ သူတစ်ပါး၏အပြစ်ကိုလည်းကောင်း အကျိုးကိုလည်းကောင်း ဆင်ခြင်ရာအခါတို့၌ ဤအကျိုး ဤအပြစ်တည်းဟု ကိုယ်တိုင်ရှုပြီးမှ ထိုအပြစ်ကို ပြုသောသူအား အပြစ်အားလျော်သောဒဏ်ကို ပေးသင့်၏။

ဤလောက၌ ဆန္ဒာဂတိ စသော ကိလေသာတို့သည် မနိုပ်စက်အပ်သည် ဖြစ်၍ သင့်-မသင့်ကို ဆင်ခြင်သောမင်းသည် သူတစ်ပါးကိုလည်းကောင်း, မိမိ ကိုယ်ကိုလည်းကောင်း မပူလောင်စေ၊ အပြစ်နှင့်ညီသော ဒဏ်ကို အဆောင် ခိုင်းသော မင်းသည်ကျေးဇူး အခြံအရံ အကျော်အစောသည် စောင့်ရှောက် အပ်သည်ဖြစ်၍ ဘုန်းကျက်သရေနှင့် ပြည့်စုံ၏။

မဆင်မခြင်ပြုလေ့ရှိ၍ ဆန္ဒာဂတိ စသော ကိလေသာတို့သည် နှိပ်စက်အပ် ကုန်သည်ဖြစ်၍ အဆောတလျင် ဒဏ်ပေးတတ်ကုန်သော မင်းတို့သည် ကျေးဇူးမဲ့နှင့်ယှဉ်ကုန်သည်ဖြစ်၍ သေရတတ်ကုန်၏၊ ဤဘဝမှ လွတ်ကင်းကုန် သော်လည်း ဒုဂ္ဂတိဘဝသို့ လားရတတ်ကုန်၏။

ကောင်းသောအကျင့်ရှိသော ရှေးမင်းတို့သည် သိအပ်သောမင်းကျင့်တရား ဆယ်ပါး၌ မွေ့လျော်ကုန်သော မင်းတို့သည် နှုတ်ဖြင့်လည်းကောင်း, စိတ်ဖြင့် လည်းကောင်း, ကိုယ်အမှုအရာဖြင့် လည်းကောင်း ကြီးကျယ်မြင့်မြတ်ကုန်၏၊ ငြိမ်းချမ်းခြင်း သီလသမာဓိရှိကုန်သော ထိုသို့သော သဘောရှိကုန်သော မင်းတို့သည် လူ့ပြည်နတ်ပြည် နှစ်ဌာနသို့ ရောက်ရကုန်၏၊

ငါသည် ယောကျ်ားမိန်းမတို့ကို အစိုးရသောမင်း ဖြစ်၏၊ အကယ်၍ အနည်းငယ်မျှ အမျက်ထွက်မိအံ့၊ မိမိကိုယ်ကို တားမြစ်ထားအံ့၊ အသင့်အား ဖြင့် ထိုသို့သဘောရှိသော လူအပေါင်းကို သနား၍ ဒဏ်ကိုပေးသင့်၏။

ဤသို့ ခြောက်ဂါထာတို့ဖြင့် မင်းသည် မိမိကျေးဇူးကို ဆိုလတ်သော် ခပ်သိမ်းသော မင်း၏ပရိသတ်သည်လည်း နှစ်သက်သည်ဖြစ်၍ သီလအကျင့် ဂုဏ်နှင့်ပြည့်စုံခြင်းသည် အရှင်မင်းကြီးတို့အားသာလျှင် လျောက်ပတ်၏ဟု မင်း၏ကျေးဇူးတို့ကို ဆို၏၊ သုမင်္ဂလသည်ကား ပရိသတ်သည် မင်း၏ကျေးဇူး တို့ကို ဆိုသည်၏အဆုံး၌ ထ၍ မင်းကို ရှိခိုး၍ လက်အုပ်ချီ၍ မင်းကိုချီးမွမ်း ခြင်းကို ပြုလိုရကား ဤဂါထာတို့ကို ဆို၏–

၃၃။ သိရီ စ လက္ခီ စ တဝေဝ ခတ္တိယ၊
ဇနာဓိပမာဝိဇဟိ ကုဒါစနံ။
အက္ခောဓနော နိစ္စ ပသန္နစိတ္တော၊
အနီဃော တုဝံ ဝဿသတာနိ ပါလယ။

၃၄။ ဂုဏေဟိ ဧတေဟိ ဥပေတ ခတ္တိယ၊
ဌိတမရိယ ဝတ္တီသု ဝစောအကောဓနော။
သုခီ အနုပ္ပီဠ ပသာသ မေဒနိံ၊
ဣတော ဝိမုတ္တောပိ စ ယာဟိ သုဂ္ဂတိံ။

၃၅ ဧဝံ သုနီတေန သုဘာသိတေန၊
ဓမ္မေန ဉာယေန ဥပါယသော နယံ။
နိဗ္ဗာပယေ သင်္ခုဘိတံ မဟာဇနံ၊
မဟာဝ မေဃော သလိလေန မေဒနိံ။

လူတို့ကို အစိုးရသောမင်းမြတ် သင်မင်းကြီးကိုသာလျှင် အခြံအရံ၏ ပြည့်စုံခြင်းသည် လည်းကောင်း ဘုန်းပညာသည် လည်းကောင်း တစ်ရံတစ်ဆစ် မျှ မစွန့်စေသတည်း။ သင်မင်းကြီးသည် အမြဲ အမျက်မထွက်သည်ဖြစ်၍ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဆင်းရဲမရှိသည်ဖြစ်၍ အနှစ်တရာတို့ပတ်လုံး စောင့်စေသတည်း။

မင်းမြတ် သင်မင်းမြတ်သည် ထိုအထူးထူးသော ကျေးဇူးတို့နှင့် ပြည့်စုံ သည်ဖြစ်၍ တည်သော မင်းကျင့်တရားရှိသည်ဖြစ်၍ ဆိုလွယ်သည် ဖြစ်၍ အမျက်မထွက်သည်ဖြစ်၍ ချမ်းသာသည် ဖြစ်၍ မိမိဥစ္စာဖြစ်သော မြေနှင့် တကွသော သတ္တဝါကို မနှိပ်စက်မူ၍ ဤဘဝမှ လွတ်ကင်းသော်လည်း သုဂတိသို့ လားလော့။

ကြီးစွာသော မိုးသည် ရေဖြင့် မြေကို ငြိမ်းစေသကဲ့သို့ ထိုအတူ ကောင်းစွာဆောင်အပ်သော အကြောင်းဖြင့် ကောင်းစွာဆိုအပ်သော စကားဖြင့် ဆယ်ပါးသော ကုသလကမ္မပထ တရားဖြင့် အသင့်အားဖြင့် အကြောင်း၌လိမ္မာသဖြင့် ဆုံးမလျက် ကာယိက ဒုက္ခ စေတသိက ဒုက္ခဖြင့် ချောက်ချား လောက်လက်သည် ဖြစ်သော လူများကို ငြိမ်းစေလော့။

### ဇာတ်ပေါင်း

ကောသလမင်းအား ဆုံးမသည်၏ အစွမ်းအားဖြင့် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါ ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန်ပြုပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ သုမင်္ဂလဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အဂတိများ၊ မလိုက်စား၊ တရားစောင့်ကြရာ။)

လေးရာနှစ်ဆယ်မြောက်သော သုမင်္ဂလဇာတ်သည် ပြီး၏။

---

### ၄၂၁-ဂင်္မာလဇာတ်

### လူ့လောဘ အတောမသတ်နိုင် တဏှာလောဘ၏ အလိုသို့ မလိုက်သင့်ကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အင်္ဂါရဇာတ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဂင်္မာလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပုသ်သုံးသောအမှုကို အကြောင်းပြု၍ ဟောတော်မူ၏၊ တစ်နေ့သ၌ သဗ္ဗညု မြတ်စွာဘုရားသည် ဥပုသ်သုံးကုန်သော သီတင်းသည်တို့ကို ခေါ်တော်မူ၍ သီတင်းသည်တို့ သင်တို့ ဥပုသ်သုံးကုန်သဖြင့် ကောင်းသော သဘောကို ပြုအပ်၏၊ အလှူကို ပေးအပ်၏၊ သီလကို စောင့်ရှောက်အပ်၏၊ အမျက်ထွက်ခြင်းကို မပြုအပ်၊ မေတ္တာကိုပွားစေအပ်၏၊ ဥပုသ်ကို သုံးအပ်သော ရှေးပညာရှိတို့သည် ဥပုသ်သီလကို အမှီပြု၍ ကြီးစွာသော စည်းစိမ်ကို ရဖူးကုန်၏ဟု မိန့်တော်မူ၍ ထိုသီတင်းသည်တို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတီတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဗာရာဏသီမြို့၌ သုစိပရိဝါရ မည်သော ကုဋေရှစ်ဆယ် ကြွယ်ဝသော ဒါနအစရှိသော ကောင်းမှု၌ မွေ့လျော်သော သူဌေးသည် ဖြစ်၏၊ ထိုသူဌေး၏ သားမယားတို့သည်လည်းကောင်း၊ အယုတ်သဖြင့် ထိုအိမ်၌ နွားကျောင်းသားတို့သည်လည်းကောင်း ခပ်သိမ်းသော သူတို့သည် ဥပေါသထ်သီ, အဋ္ဌမီ, ကောဒသီ ဟူ၍ သုက္ကပက္ခ၌ သုံးရက်၊ ထိုအတူ ကဏှပက္ခ၌ သုံးရက်အားဖြင့် တစ်လ၌ ခြောက်ရက်သောနေ့၌ ဥပုသ်သီလကို ဆောက်တည်ကုန်၏၊ ထိုအခါ ဘုရားလောင်းသည် တစ်ဦးသော သူဆင်းရဲမျိုး၌ဖြစ်၍ အခစားပြု၍ ငြိုငြင်သဖြင့် အသက်မွေးရ၏၊ ထိုဘုရားလောင်းသည် သူရင်းငှါးအမှုကို လုပ်အံ့ဟု ထိုသူဌေးအိမ်သို့ သွား၍ ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ နေ၏၊ အဘယ်အကျိုးငှါ လာသနည်းဟု မေးသည်ရှိသော် အရှင်တို့ ဤအိမ်၌ အခဖြင့် အမှုလုပ်အံ့သောငှါ လာ၏ဟု ဆို၏၊ သူဌေးသည် တစ်ပါးသော သူရင်းငှါးတို့အား လာသောနေ့၌လျှင် အမှုကိုလုပ်ကုန်လျက် သီလကိုစောင့်ရှောက်ကုန်၏၊ သီလကို စောင့်ရှောက်ခြင်းငှါ စွမ်းနိုင်သည်ရှိသော် အမှုကို လုပ်ကုန်လောဟု ဆို၏၊ ဘုရားလောင်းအားကား သူဌေးသည် သီလကို စောင့်ရှောက်ခြင်း၌ အမှတ်သညာပေးခြင်းကို မပြုမူ၍ အမောင် ကောင်းပြီ၊ မိမိအခကိုသိ၍ အမှုကိုပြုလော့ဟု ဆို၏၊ ဘုရားလောင်းသည် ထိုအခါမှစ၍ ဆိုဆုံးမလွယ်သည်ဖြစ်၍ အသက်ကို စွန့်၍ မိမိ၏ ပင်ပန်းခြင်းကို မရေတွက်မူ၍ ထိုသူဌေး၏ အလုံးစုံသော ကိစ္စတို့ကို ပြု၏၊ စောစောကလျှင် အမှုလုပ်ရာသွား၍ ညမှပြန်၏၊ ထိုအခါ တစ်နေ့သည်၌ မြို့ဝယ် ပွဲသဘင်ကို ကြွေးကြော်ကုန်၏၊ သူဌေးကြီးသည် ကျွန်မကိုခေါ်၍ ယနေ့ ဥပုသ်နေ့တည်း၊ အိမ်၌ အမှုလုပ်ကုန်သော သူတို့အား စောစောကလျှင် ထမင်းချက်၍ ပေးလော့၊ စောစောကလျှင် စား၍ ဥပုသ်ဆောက်တည်ကြကုန်လတ္တံ့ဟု ဆို၏၊ ဘုရားလောင်းသည် စောစောကလျှင် ထ၍ အမှုလုပ်ရာသို့ သွား၏၊ ယနေ့ ဥပုသ်ဆောက်တည်ရာ၏ဟု ဘုရားလောင်းအား တစ်စုံတစ်ယောက်သော သူသည် မဆို မကြား၊ ကြွင်းသော အမှုလုပ်တို့သည် စောစောကလျှင် စား၍ ဥပုသ်ဆောက်တည်ကုန်၏။

သူဌေးသည်လည်း သားမယားအခြံအရံနှင့်တကွ ဥပုသ်သီလကို ဆောက်တည်လေ၏၊ ဤသို့ အလုံးစုံသော သူတို့သည်လည်း ဥပုသ် ဆောက်တည်ကုန်လျက် မိမိ မိမိတို့၏ နေရာသို့သွား၍ သီလကို ဆင်ခြင်ကုန်လျက် နေကုန်၏၊ ဘုရားလောင်းသည် တစ်နေ့ပတ်လုံး အမှုလုပ်၍ နေဝင်သောအခါ အိမ်သို့ပြန်၍ ယနေ့ အသံမရှိ၊ အဘယ်သို့ သွားကြကုန်သနည်းဟု မေး၏၊ ခပ်သိမ်းသောသူတို့သည် ဥပုသ်ဆောက်တည်၍ မိမိ မိမိတို့၏ နေရာအရပ်သို့ သွားကုန်၏ ဟူသောစကားကို

ကြား၍ ဘုရာ လောင်းသည် ဤမျှသော သီလရှိကုန်သော သူတို့၏ အတွင်း၌ ငါသည် တစ်ယောက်တည်း သီလမရှိသည်ဖြစ်၍ မနေအံ့၊ ယခု ဥပုသ်အင်္ဂါတို့ကို ဆောက်တည်အပ်ကုန်သည် ရှိသော် ငါအား ဥပုသ်သုံးသော အမှုသည် ဖြစ်အံ့လော မဖြစ်အံ့လောဟု ကြံ၏၊ ကြံပြီး၍ ဘုရားလောင်းသည် သွား၍ သူဌေးကို မေး၏။

ထိုအခါ ဘုရားလောင်းကို သူဌေးသည် အမောင် စောစောကလျှင် မဆောက်တည်သည်၏ အဖြစ်ကြောင့် အလုံးစုံသော နေ့တို့ပတ်လုံး ဥပုသ် သုံးသော အမှုသည်မဖြစ်၊ ထက်ဝက်သောနေ့၌ ဥပုသ်သုံးသော အမှုသည်ကား ဖြစ်၏ဟုဆို၏၊ ဘုရားလောင်းသည် ဤမျှသော ဥပုသ်သီလသည်လည်း ဖြစ်စေ သတည်းဟု သူဌေး၏ အထံ၌ ကောင်းစွာယူအပ်သော သီလရှိသည်ဖြစ်၍ ဥပုသ် သုံးသောအမှုကို ပြု၍ မိမိနေရာအရပ်သို့ ဝင်၍ သီလကို ဆင်ခြင်လျက် အိပ်၏၊ ထိုအခါ တစ်နေ့ပတ်လုံး အာဟာရကို မသုံးဆောင်ရသည်၏ အဖြစ်ကြောင့် ပစ္ဆိမယာမ်အတွင်း၌ ဘုရားလောင်းအား သတ္ထက လေတို့သည် ထကုန်၏၊ သူဌေးသည် အထူးထူးသော ဆေးတို့ကိုဆောင်၍ စားလော့ဟု ဆိုငြားသော်လည်း ဥပုသ်ကို မဖျက်အံ့ဟု အသက် အဆုံး ရှိသည်ကိုပြု၍ ဥပုသ်ကို ဆောက်တည်၏ဟု ဆို၏၊ ဘုရားလောင်းအား သည်းစွာသော ဝေဒနာသည် ဖြစ်၏၊ အရုဏ်တက်သော အခါ၌ သတိကို ဖြစ်စေခြင်းငှါ မတတ်နိုင်၊ ထိုအခါ ဘုရားလောင်းကို ယခုသေလတ္တံ့ ထိုနေရာမှ ထုတ်၍ အိမ်၏ အပ၌ အိပ်စေကုန်၏၊ ထိုခဏ၌ ဗာရာဏသီမင်းသည် မြတ်သောရထားကို စီးလျက် များစွာသော အခြံအရံဖြင့် မြို့ကို လက်ယာရစ် လှည့်ပတ်သော် ထိုအရပ်သို့ရောက်၍ ဘုရားလောင်းသည် ထိုဗာရာဏသီမင်း၏ အသရေကိုမြင်၍ လောဘကိုဖြစ်စေ၍ မင်းအဖြစ်ကို တောင့်တ၏၊ ထိုဘုရားလောင်းသည် စုတေ၍ ထက်ဝက်သော ကာလ၌ သုံးအပ်သော ဥပုသ်သီလ၏ အကျိုးဆက်အားဖြင့် ဗာရာဏသီမင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေကို ယူ၏၊ ထိုမိဖုရားသည် ကိုယ်ဝန် အစောင့်အရှောက် ကို ရလျက် ဆယ်လလွန်သဖြင့် သားကိုဖွား၏၊ ထိုမင်းသားအား ဥဒယကုမာရ ဟူသော အမည်ကိုမှည့်ကုန်၏၊ ထိုဥဒယမင်းသားသည် အရွယ်သို့ ရောက်လတ် သည်ရှိသော် ခပ်သိမ်းသော အတတ်တို့၌ အပြီးသို့ ရောက်၏၊ ဇာတိဿရဉာဏ် ဖြင့် ရှေးကောင်းမှုတို့ကို အောက်မေ့၍ ဤအကျိုးသည်ကား ငါ၏အနည်းငယ် သော ကောင်းမှုကံ၏ အကျိုးတည်းဟု မပြတ်လျှင် ဥဒါန်းကျူးရင့်၏။

ထိုဥဒယမင်းသားသည် အဖလွန်လတ်သော် မင်းအဖြစ်သို့ ရောက်၍လည်း မိမိ၏ ကြီးစွာသော အသရေစည်းစိမ်ကို ကြည့်၍ ထိုဥဒါန်းကိုသာလျှင် ကျူး ရင့်၏၊ ထိုအခါ တစ်နေ့သ၌ မြို့ဝယ်ပွဲသဘင် ခံကုန်၏၊ လူအများသည် ကစား ခြင်း၌ အားသုတ်၏၊ ထိုအခါ ဗာရာဏသီပြည်၏ မြောက်တံခါး၌ နေသော

တစ်ယောက်သော အခစားယောက်ျားသည် ရေခပ် အခစားအမှုကို ပြု၍ ရအပ်သော ပဲဝက်သော အသပြာကို တံတိုင်းအုတ်ကြား၌ ထား၍ ရေခပ် အခစားအမှုကို ပြုလျက် တောင်တံခါးသို့ ရောက်၍ ထိုအရပ်၌ ရေခပ် အခစား အမှုကိုပြု၍ အသက်မွေးသော ဆင်းရဲသော မိန်းမတစ်ယောက်နှင့်တကွ သင့်နေခြင်းကိုပြု၏၊ ထိုမိန်းမသည် ထိုယောက်ျားကို အရှင် မြို့၌ ပွဲသဘင်ခံ၏၊ သင့်အား တစ်စုံတစ်ခုသော ဥစ္စာသည်ရှိအံ့၊ ငါတို့သည်လည်း ပွဲသဘင် ကစား ကုန်အံ့ဟုဆို၏၊ ရှိ၏ဟု လင်သည်ဆို၏၊ အရှင် အဘယ်မျှရှိသနည်းဟု မယားသည် မေး၏၊ ပဲဝက်ရှိသည်ဟု ဆို၏၊ ထိုဥစ္စာသည်လည်း အဘယ်မှာနည်းဟု မယားသည် မေး၏၊ မြောက်တံခါး၏ တံတိုင်းအုတ်ကြား၌ ထားအပ်၏၊ ဤအရပ်မှ တစ်ဆယ့် နှစ်ယူဇနာအတွင်း၌ ပဲဝက်သော ဥစ္စာကို ထားအပ်၏၊ ရှင်မ၏ လက်၌ကား တစ်စုံတစ်ခု ရှိသလောဟု လင်သည် ဆို၏၊ ရှိ၏ဟု မယားသည် ဆို၏၊ အဘယ်မျှ ရှိသနည်းဟု မေး၏၊ ပဲဝက်လျှင် ရှိ၏ဟု ဆို၏၊ ဤသို့ သင်၏ဥစ္စာ ပဲဝက် ငါ၏ ဥစ္စာပဲဝက်အားဖြင့် တစ်ပဲသော ဥစ္စာသည်လျှင် ရှိ၏၊ ထိုဥစ္စာမှ တစ်ဖို့ဖြင့် ပန်းကို တစ်ဖို့ဖြင့် နံ့သာကို တစ်ဖို့ဖြင့် သေကို ဝယ်၍ ပွဲသဘင် ကစားကုန်အံ့၊ ထိုပဲဝက် သော ဥစ္စာကို ယူချေလော့ဟု မယားသည်ဆို၏၊ ထိုရေထမ်းယောက်ျားသည် ငါသည်ကား မယား၏အထံမှ စကားကို ရပေ၏ဟု အလွန်ရွှင်လန်းသည်ဖြစ်၍ ရှင်မ မစိုးရိမ်လင့်၊ ထိုဥစ္စာကို ဆောင်ချေအံ့ဟု ဆို၍ သွား၏၊ ဆင်ပြောင်အားနှင့် တူသော အားရှိသော ရေထမ်းယောက်ျားသည် ခြောက်ယူဇနာကို လွန်၍ မွန်းတည့်သော အခါ၌ မီးကျီးအခင်းကဲ့သို့ ပူစွာသော သဲကိုနင်းလျက် ဥစ္စာ လောဘဖြင့် အလွန်ရွှင်လန်းလျက် ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်လျက် နား၌ ထန်းရွက် နားတောင်းကို ဝတ်လျက် တစ်ခုသော အပေါ်ရုံပုဆိုးဖြင့် သီချင်း သီဆိုလျက် မင်းရင်ပြင်ဖြင့် သွား၏။

ဥဒယမင်းသည်လည်း ခြင်္သေ့ခံသော လေသွန်ပြတင်းဖြင့် ဖွင့်၍ ရပ်လျက် ထိုသို့သော အခြင်းအရာအားဖြင့် သွားသော ထိုရေထမ်းယောက်ျားကို မြင်၍ ဤယောက်ျားသည် ဤသို့ သဘောရှိသော သဲပူကို မရေမတွက်မူ၍ နှစ်သက် ရွှင်လန်းစွာ အဘယ်ကြောင့် သီချင်းသီလျက် သွားသနည်းဟု ယောက်ျားကို မေးအံ့ဟု ခေါ်၍ မေးအံ့သောငှါ တစ်ယောက်သော မင်းချင်းယောက်ျားကို စေ၏၊ ထိုယောက်ျားသည် သွား၍ သင့်ကို မင်းခေါ်၏ဟု ဆိုသည် ရှိသော် မင်းသည် ငါနှင့် အဘယ်သို့ တော်သနည်း၊ ငါသည် မင်းကို မသိဟုဆို၍ သွား၏၊ ဗလက္ကာရအားဖြင့် ဆောင်အပ်သည်ဖြစ်၍ မင်း၏အထံ၌ တင့်အပ်လျောက်ပတ် စွာ နေ၏၊ ထိုအခါ မင်းသည် ထိုရေထမ်းယောက်ျားကို မေးလိုရကား ဤ ဂါထာတို့ကို ဆို၏—

၃၆။ အင်္ဂါရဇာတာ ပထဝီ၊ ကုက္ကုဠာ နုဂတာ မဟီ။
အထ ဂါယသိ ဝတ္တာနိ၊ န တံ တပတိ အာတပေါ။

၃၇။ ဥဒ္ဓံ တပတိ အာဒိစ္စော၊ အဓော တပတိ ဝါလုကာ။
အထ ဂါယသိ ဝတ္တာနိ၊ န တံ တပတိ အာတပေါ။

အိုယောကျ်ား၊ မြေကြီးသည် မီးကျီးကဲ့သို့ ပူ၏။ မြေကြီးသည် ပြာပူသဖွယ်ဖြစ်သော သဲပူနှင့်အကွ ဖြစ်လျက် သင်သည် အဝတ်ပုဆိုးတို့ကို တင်၍ သီချင်းသီဆို၍သွားသော သင့်ကို အပူသည် မပူလောင်သလော။

အထက်၌ နေသည် ပူ၏။ အောက်၌ သဲသည် ပူပြင်းနေပါလျက် သင်သည် အဝတ်ပုဆိုးတို့ကို တင်၍ သီချင်းသီဆို၍သွားသော သင့်ကို အပူသည် မပူလောင်သလော။

ထိုရေထမ်းယောကျ်ားသည် မင်း၏ စကားကို ကြား၍ ဤဂါထာကို ဆို၏—

၃၈။ န မံ တပတိ အာတပေါ၊ အာတပါ တပယန္တိ မံ။
အတ္ထာ ဟိ ဝိဝိဓာ ရာဇ၊ တေ တပန္တိ န အာတပေါ။

မင်းမြတ် အကျွန်ုပ်ကို နေပူ မြေပူသည် မပူစေ။ အကျွန်ုပ်ကို ဝတ္ထုကာမ ကိလေသာကာမတို့သည် ပူစေကုန်၏။ ဝတ္ထုကာမ ကိလေသာကာမတို့ကို မှီ၍ ဖြစ်ကုန်သော အမှုကိစ္စတို့ကို မှီ၍ ဖြစ်ကုန်သော အမှုကိစ္စတို့သည် အထူးထူးအပြားပြား များကုန်၏။ ထိုကိစ္စတို့သည် အကျွန်ုပ်ကို ပူစေကုန်၏။ နေပူမြေပူသည် အကျွန်ုပ်ကို မပူစေပါ-

ထိုအခါ ထိုရေထမ်းယောကျ်ားကို မင်းသည် သင်၏ အမှုကိစ္စကား အဘယ်ကိစ္စနည်းဟု မေး၏၊ ထိုရေထမ်းယောကျ်ားသည် မြတ်သောမင်းကြီး အကျွန်ုပ်သည် တောင်တံခါး၌ ဆင်းရဲစွာသော မိန်းမနှင့် သင့်၍နေ၏၊ ထိုမိန်းမသည် အကျွန်ုပ်ကို ပွဲသဘင်ကစားကုန်အံ့၊ သင်၏လက်၌ တစ်စုံတစ်ခုသော ဥစ္စာသည် ရှိသလောဟု မေး၏၊ ထိုအခါ ထိုမိန်းမကို အကျွန်ုပ်သည် မြောက်တံခါးတံတိုင်း အုတ်ကြား၌ ထားအပ်သော ဥစ္စာသည် ရှိ၏ဟု ဆို၏၊ ထိုအခါ ထိုမိန်းမသည် အကျွန်ုပ်ကို သင်သည် သွား၍ ထိုဥစ္စာကိုဆောင်ချေ၊ နှစ်ယောက်ကုန်သော ငါတို့သည်လည်း ပွဲသဘင် ကစားကုန်အံ့ဟု ဆို၏၊ ထိုမိန်းမ၏ ထိုစကားကို အကျွန်ုပ်၏နှလုံး၌ မစွန့်၊ အောက်မေ့သော ထိုကာမ အပူပြင်းသည် အကျွန်ုပ်

ကို ပူ၍၊ အကျွန်ုပ်၏ အမှုကိစ္စကား ထိုအမှုကိစ္စတည်းဟု ဆိုလေ၏၊ ထိုအခါ ဤသို့သဘောရှိသော လေ နေပူတို့ကို မရေတွက်မူ၍ အကြင်နှစ်သက်ခြင်း၏ အကြောင်းဖြင့် သင်သည် သိလျက်သွား၏၊ သင်၏ထိုနှစ်သက်ခြင်း၏အကြောင်း ကား အဘယ်နည်းဟု ရေထမ်းယောကျ်ားကို မင်းသည် မေး၏၊ မြတ်သော မင်းကြီး သို့မှီး၍ ထားအပ်သော ထိုဥစ္စာကို ဆောင်၍ ထိုမိန်းမနှင့် မွေ့လျော် ရအံ့၊ ဤသို့သောအကြောင်းဖြင့် အကျွန်ုပ်သည် နှစ်သက် ရွှင်လန်းသည် ဖြစ်၍ သီ၏ဟု ရေထမ်းယောကျ်ားသည် လျှောက်၏၊ အချင်းယောကျ်ား သင့်အား မြောက်တံခါး၌ ထားအပ်သော တစ်သိန်းမျှသော ဥစ္စာသည် ရှိသလောဟု မင်းသည် မေး၏၊ မြတ်သောမင်းကြီး မရှိဟု ဆို၏။

မင်းသည် ထိုသို့တပြီးကား ငါးသောင်းသော ဥစ္စာသည်ရှိသလော, လေး သောင်းသော ဥစ္စာသည် ရှိသလော, သုံးသောင်းသော ဥစ္စာသည် ရှိသလော, နှစ်သောင်းသော ဥစ္စာသည် ရှိသလော,တစ်သောင်းသော ဥစ္စာသည်ရှိသလော, တစ်ထောင်သော ဥစ္စာသည် ရှိသလော, ငါးရာသော ဥစ္စာသည် ရှိသလော, လေးရာသော ဥစ္စာသည် ရှိသလော,သုံးရာသောဥစ္စာသည်ရှိသလော,နှစ်ရာသော ဥစ္စာသည်ရှိသလော, တစ်ရာသောဥစ္စာသည်ရှိသလော, ငါးဆယ်သောဥစ္စာသည် ရှိသလော, လေးဆယ်သော ဥစ္စာသည် ရှိသလော, သုံးဆယ်သော ဥစ္စာသည် ရှိသလော, နှစ်ဆယ်သော ဥစ္စာသည် ရှိသလော, တစ်ဆယ်သော ဥစ္စာသည် ရှိသလော, ငါးသပြာသော'ဥစ္စာသည်ရှိသလော, လေးသပြာသော ဥစ္စာသည် ရှိသလော သုံးသပြာသော ဥစ္စာသည် ရှိသလော, နှစ်သပြာသော ဥစ္စာသည် ရှိသလော, တစ်သပြာသော ဥစ္စာသည် ရှိသလော, သပြာဝက်သော ဥစ္စာသည် ရှိသလော, တစ်မတ်သော ဥစ္စာဖြစ်သော လေးပဲသော ဥစ္စာသည် ရှိသလော, သုံးပဲသော ဥစ္စာသည် ရှိသလော, နှစ်ပဲသော ဥစ္စာသည် ရှိသလော, တစ်ပဲသော ဥစ္စာသည် ရှိသလောဟု မေး၏။

အလုံးစုံသော အမေးကို ပယ်၍ ပဲဝက်သောဥစ္စာသည်ရှိသလောဟု မေးသည် ရှိသော် မြတ်သောမင်းကြီး အမိန့်တော်အတိုင်း မှန်၏၊ ဤမျှ အတိုင်းအရှည် ရှိသော အကျွန်ုပ်၏ ထိုဥစ္စာကို အကျွန်ုပ်သည် ဆောင်၍ ထိုမိန်းမနှင့် တကွ မွေ့လျော်အံ့ဟု အကျွန်ုပ်သည် သွား၏၊ ထိုပီတိသောမနသကြောင့် အကျွန်ုပ်ကို ဤလေပူ နေပူသည် မပူဟု ရေထမ်းယောကျ်ားသည် လျှောက်၏၊ ထိုအခါ ထိုယောကျ်ားကို မင်းသည် အချင်းယောကျ်ား ဤသို့သဘောရှိသော နေပူ၌ ထိုအရပ်သို့ မသွားလေလင့်၊ ငါသည် သင့်အား ပဲဝက်သော ဥစ္စာတို့ကိုပေးအံ့ဟု ဆို၏၊ မြတ်သောမင်းကြီး အကျွန်ုပ်သည် အရှင်မင်းကြီးတို့၏ အမိန့်တော်၌ တည်၍ ပေးတော်မူအပ်သော ဥစ္စာကိုလည်း ယူပါအံ့၊ ထိုဥစ္စာကိုလည်း မစွန့်ပါ၊

အကျွန်ုပ်၏ သွားခြင်းကို မယုတ်စေမူ၍ ထိုအရပ်သို့လည်း သွားပါအံ့ဟုဆို၏၊ အချင်းယောကျ်ား မသွားလေလင့်၊ သင့်အား တစ်ပဲသော ဥစ္စာကို ငါပေးအံ့၊ နှစ်ပဲသော ဥစ္စာကိုလည်းပေးအံ့၊ ဤသို့ပွား၍ ကုဋေအရာတိုင်အောင် မရေတွက်နိုင်သော ဥစ္စာကို ငါပေးအံ့၊ မသွားလေလင့် ဆုံးပြီးသော်လည်း မြတ်သော မင်းကြီး ပေးတော်မူသော ဥစ္စာကိုယူ၍ ထိုဥစ္စာကိုလည်း ယူပါအံ့ဟု ဆို၏၊ ထို့နောင်မှ သူဌေးအရာ အစရှိသော အရာထူးတို့ဖြင့် ဖြားယောင်း၍ အိမ်ရှေ့မင်းအရာ တိုင်အောင် ပေးပြီးသော်လည်း ထို့အတူသာလျှင် ဆို၍ သင့်အား ထက်ဝက်သော မင်းအဖြစ်ကိုပေးအံ့၊ မသွားလေလင့်ဟုဆိုသည်ရှိသော် ဝန်ခံ၏၊ မင်းသည် သွားကြကုန်၊ အဆွေခင်ပွန်းအားဆံမုတ်ဆိတ်တို့ကိုပြုပြင်၍ ရေချိုး၍ တန်ဆာဆင်၍ အဆွေခင်ပွန်းကို ဆောင်ခဲ့ကြကုန်လော့ဟု အမတ်တို့ကို စေ၏၊ အမတ်တို့သည် မင်းဆိုတိုင်း ပြုကြကုန်၏၊ မင်းသည် ပြည်ကို ထက်ဝက်ခွဲ၍ ထိုယောကျ်ားအား ထက်ဝက်သော မင်းအဖြစ်ကို ပေး၏။

ထိုယောကျ်ားသည်ကား ထက်ဝက်သော ပြည်ကိုယူ၍လည်း ပဲဝက်သော အသပြာရှိသော မြောက်မျက်နှာသို့လျှင် သွား၍ယူသည်သာတည်းဟုဆိုကုန်၏၊ ထိုမင်းသည် အစုမာသကမင်း မည်၏၊ ထိုမင်းနှစ်ပါးတို့သည် ညီညွတ်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်လျက် မင်းပြုစဉ် တစ်နေ့သ၌ ဥယျာဉ်သို့ သွားကုန်၏၊ ဥယျာဉ်ကစား၍ ဥဒယမင်းသည် အစုမာသကမင်း၏ ပေါင်ပေါ်၌ ဦးခေါင်းအုံး၍ အိပ်၏၊ ဥဒယမင်းသည် အိပ်ပျော်ခြင်းသို့ ရောက်လတ်သော် အခြံအရံလူတို့သည် ကစားသို့သည်၏ အစွမ်းအားဖြင့် ထိုထိုအရပ်သို့ သွားကုန်၏၊ အစုမာသကမင်းသည် ငါ့အား အခါခပ်သိမ်း ထက်ဝက်သော မင်းအဖြစ်ဖြင့် အဘယ်ပြုအံ့နည်း၊ ဥဒယမင်းကို သတ်၍ ငါသည်သာလျှင် အလုံးစုံသော မင်းအဖြစ်ကိုပြုအံ့ဟု သန်လျက်ကိုထုတ်၍ ဥဒယမင်းကိုသတ်အံ့ဟု ကြံ၍ ဤမင်းသည် အလွန်ဆင်းရဲသောသူ ဖြစ်သောငါ့ကို မိမိနှင့် အတူပြု၍ ကြီးစွာသော စည်းစိမ်၌ တည်စေ၏၊ ဤသို့ သဘောရှိသော စည်းစိမ်ကို ပေးတတ်သော မင်းကိုသတ်၍ မင်းပြုအံ့ဟု ငါ့အား အလိုရမ္မက်သည် ဖြစ်၏၊ ငါ၏ အမှုသည် စင်စစ်မသင့်ဟု သတိရ၍ သန်လျက်ကို အိမ်သို့ သွင်း၏၊ ထိုအခါ အစုမာသကမင်းအား နှစ်ကြိမ်မြောက်လည်းကောင်း, သုံးကြိမ်မြောက်လည်းကောင်း ထို့အတူလျှင် စိတ်သည် ဖြစ်၏၊ထို့နောင်မှ ဤစိတ်သည် အဖန်တလဲလဲဖြစ်လတ်သော် ငါ့ကိုမကောင်းမှု၌ ယှဉ်လေရာ၏ဟုကြံ၏၊ ကြံပြီး၍ ထိုအစုမာသကမင်းသည် သန်လျက်ကို မြေသို့ချ၍ ဥဒယမင်းကိုထစေ၍ မြတ်သောမင်းကြီး သင်မင်းကြီးသည် သည်းခံလော့ဟု မြေ၌ဝပ်၏၊ ယခု ငါ၏ အတွင်း၌ သင့်အား အပြစ်မရှိသည် မဟုတ်လောဟု ဥဒယမင်းသည် ဆို၏၊ မြတ်သောမင်းကြီး ရှိ၏၊ အကျွန်ုပ်သည် ဤမည်သော အမှုကိုပြု၏ဟု အစုမာသကမင်းသည် ဆို၏၊အဆွေ ထိုသို့ဖြစ်ပါမူကား သင့်အား

ငါသည် သည်းခံ၏၊ သင်အလိုရှိသော် မင်းပြုလော၊ ငါသည်အိမ်ရှေ့မင်းဖြစ်၍ သင့်ကိုခစားအံ့ဟုဆို၏၊ အစ္စမာသကမင်းသည်မြတ်သောမင်းကြီး အကျွန်ုပ်အား မင်းအဖြစ်ဖြင့် အလိုမရှိ၊ ဤတဏှာသည် အကျွန်ုပ်ကို အပါယ်တို့၌ ဖြစ်စေလတ္တံ့၊ သင်မင်းကြီး၏ မင်းအဖြစ်ကို သင်မင်းကြီးသာလျှင် ယူလော့၊ အကျွန်ုပ်သည် ရသေ့ ရဟန်းပြုအံ့၊ ကာမ၏ အပြစ်ကို အကျွန်ုပ်သည် မြင်အပ်ပြီ၊ ဤကာမသည် ကြံသောသူအား အကြံအားဖြင့် ပွား၏၊ ယခုအခါမှ စ၍ ထိုကာမကို မကြံအံ့ဟု ဥဒါန်းကျူးလို၍ ဤဂါထာကို ဆို၏—

၃၉။ အဒ္ဒသံ ကာမ တေ မူလံ၊ သင်္ကပ္ပါ ကာမ ဇာယသိ။
န တံ သင်္ကပ္ပယိဿာမိ၊ ဧဝံ ကာမ န ဟေဟိသိ။

ကာမ သင်၏ အမြစ်ကို ငါမြင်ပြီ၊ ကာမ သင်သည် ကြံစည်ခြင်းကြောင့် ဖြစ်၏။ ကာမ သင့်ကို မကြံတော့အံ့။ ဤသို့ မကြံသည်ရှိသော် ငါ၏ အတွင်း၌ သင်သည် မဖြစ်လတ္တံ့။

ဤသို့ ဆို၍ တစ်ဖန် ကာမတို့၌ လုံ့လပြုသော လူများအား တရားဟောလိုရကား ဤဂါထာကို ဆို၏—

၄၀။ အပ္ပါပိ ကာမာ န အလံ၊ ဗဟူဟိပိ န တပ္ပတိ။
အဟဟာ ဗာလလပနာ၊ ပဋိဝိဇ္ဈေထ ဇဂ္ဂတော။

မြတ်သောမင်းကြီး အနည်းငယ်ဖြစ်ကုန်သော ဝတ္ထုကာမ ကိလေသာကာမတို့သည်လည်း လူများအား မလောက်ကုန်။ များစွာကုန်သော ကာမတို့ဖြင့်လည်း လူများသည် မရောင့်ရဲ။ ကာမတို့သည် မသာယာအပ်ကုန်။ ကာမတို့သည် သူမိုက်တို့ကို ငါ့ဥစ္စာ ငါ့ဥစ္စာဟု ဆုံးစေတတ်ကုန်၏။ ဤကာမတို့ကို ဗောဓိပက္ခိယ တရားတို့၏ ပွားခြင်းကို လုံ့လပြုသော အမျိုးသားတို့သည် ပယ်နိုင်ရာ၏။

ဤသို့ ဤအစ္စမာသကမင်းသည် လူများအား တရားဟော၍ ဥဒယမင်းအား မင်းအဖြစ်ကို အပ်နှင်း၍ မျက်ရည်စွတ်သော မျက်နှာရှိလျက် ငိုသော လူများကို စွန့်၍ ဟိမဝန္တာသို့ ဝင်၍ ရဟန်းပြု၍ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ နေ၏၊ အစ္စမာသကမင်း၏ ရဟန်းဖြစ်သော ကာလ၌ ဥဒယမင်းသည် ဥဒါန်းကို အပြည့်အစုံ ပြု၍ ကျူးရင့်လိုရကား ဤဂါထာကို ဆို၏—

၄၁။ အပ္ပဿ ကမ္မဿ ဖလံ မမေဒံ၊ ဥဒယော အဇ္ဈာဂမာ မဟတ္တပတ္တံ။
သုလဒ္ဓလာဘော ဝတ မာဏဝဿ၊ ယော ပဗ္ဗဇီ ကာမရာဂံ ပဟာယ။

ငါ၏ ဤအကျိုးသည် အနည်းငယ်သော ကောင်းမှုကံ၏ အကျိုးတည်း။ ဥဒယမင်းသည် မြတ်သော အဖြစ်သို့ ရောက်သော စည်းစိမ်ကို ရ၏။ ကာမရာဂကို ပယ်၍ ရဟန်းပြုသော လုလင်အား စင်စစ် လူ့အဖြစ်ကို ခြင်းသည် ကောင်းသော ရခြင်း ဖြစ်၏။

ဤဂါထာ၏ အနက်ကို တစ်စုံတစ်ယောက်သော သူသည် မသိ၊ ထိုအခါ ဥဒယမင်းကို မိဖုရားကြီးသည် တစ်နေ့သ၌ ဂါထာ၏ အနက်ကို မေး၏၊ မင်းသည် မပြောမဆို၊ ဥဒယမင်းအား ဂင်္ဂမာလ မည်သော မင်္ဂလာ ဆတ္တာသည်သည် ရှိ၏၊ ထိုဆတ္တာသည်သည် မင်း၏ ဆံမုတ်ဆိတ်တို့ကို ပြုပြင်သည်ရှိသော် ရှေးဦးစွာ ဆံရိတ်ခြင်း အမှုကို ပြု၍ နောက်မှ ညှပ်ဖြင့် မုတ်ဆိတ်တို့ကို နုတ်၏၊ ဆံရိတ်ခြင်း အမှုကို ပြုသော ကာလ၌ မင်းအား ချမ်းသာခြင်းသည် ဖြစ်၏၊ မုတ်ဆိတ် နုတ်သော ကာလ၌ ဆင်းရဲခြင်းသည် ဖြစ်၏၊ ဥဒယမင်းသည် ဆတ္တာသည်အား ရှေးဦးစွာ ဆုပေးလို၏၊ နောက်၌ ဦးခေါင်းကို ရိတ်လို၏၊ ထိုအခါ တစ်နေ့သ၌ မင်းသည် မိဖုရားအား ရှင်မ ဂင်္ဂမာလ ဆတ္တာသည်သည် မိုက်၏ဟု ထိုအကြောင်းကို ပြောဆိုယေ၏၊ မြတ်သောမင်းကြီး အဘယ်သို့ ပြုခြင်းငှါ သင့်သနည်းဟု ဆိုသည်ရှိသော် ရှေးဦးစွာ ညှပ်ဖြင့် မုတ်ဆိတ်တို့ကို နုတ်၍ နောက်၌ ဆံရိတ်သော အမှုတို့ကို ပြုသင့်၏ဟု ဆို၏၊ မိဖုရားသည် ဆတ္တာသည်ကို ခေါ်၍ အမောင် ယခု မင်း၏ ဆံမုတ်ဆိတ်တို့ကို ပြုပြင်သော နေ့၌ ရှေးဦးစွာ မုတ်ဆိတ်တို့ကို နုတ်၍ နောက်မှ ဆံရိတ်သော အမှုကို ပြုသော၊ မင်းသည်လည်း ဆုကို ယူလော့ဟု ဆိုသည်ရှိသော် မြတ်သောမင်းကြီး အကျွန်ုပ်အား တစ်ပါးသော ဆုဖြင့် အလိုမရှိ၊ အရှင်မင်းကြီး၏ ဥဒါန်းဂါထာ၏ အနက်ကို ကြားပါ ကုန်လော့ဟု ဆိုပါလော့၊ ငါသည် သင့်အား များစွာသော ဥစ္စာတို့ကို ပေးအံ့ဟု ဆိုသေး၏၊ ထိုဆတ္တာသည်သည် ကောင်းပြီဟု ဝန်ခံ၍ ဆံမုတ်ဆိတ် တို့ကို ပြုပြင်သော နေ့၌ ရှေးဦးစွာ ညှပ်ကို ကိုင်၏၊ အချင်းဂင်္ဂမာလ အဘယ် ကြောင့် သင်သည် မပြုဖူးသော အသစ်ဖြစ်သော အမှုကို ပြုသနည်းဟု မေးသည်ရှိသော် မြတ်သောမင်းကြီး ဆတ္တာသည်တို့ မည်သည်ကား မပြုဖူးသော အမှုတို့ကိုလည်း ပြုကုန်၏ဟု ဆို၍ ရှေးဦးစွာ မုတ်ဆိတ်တို့ကို နုတ်၍ နောက်မှ ဆံရိတ်သော အမှုကို ပြုကုန်၏၊ မင်းသည် ဆုကို ယူလော့ဟု ဆို၏၊ မြတ်သော မင်းကြီး အကျွန်ုပ်သည် တစ်ပါးသော ဆုကို အလိုမရှိ၊ အရှင်မင်းကြီး၏ ဥဒါန်းဂါထာ၏ အနက်ကို ဟောပါကုန်လော့ဟု ဆို၏၊ မင်းသည် မိမိ ဆင်းရဲ သော ကာလ၌ ပြုအပ်သည်ကို ဆိုအံ့သောငှါ ရှက်ရကား အမောင် သင့်အား ဤဆုဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ တစ်ပါးသော ဆုကို ယူလော့ဟု ဆို၏၊ မြတ်သောမင်းကြီး ထိုဆုကိုသာလျှင် ပေးတော်မူလော့ဟု ဆတ္တာသည်သည် ဆို၏။

ဥဒယမင်းသည် မုသာဝါဒမှ ကြောက်သောကြောင့် ကောင်းပြီဟု ဝန်ခံ၍ ကုမ္မာသပိဏ္ဍဇာတ်၌ ဆိုအပ်သော နည်းဖြင့် အလုံးစုံကိုလည်း မယုတ်စေမူ၍ ရတနာပလ္လင်၌ နေ၍ ဂင်္ဂမာလ ငါသည် ရှေးဘဝ၌ ဤဗာရာဏသီပြည်၌လျှင် ဖြစ်၏၊ ဤသို့ အစရှိသော အသုံးခံသော စကားကို ရှေးနည်းဖြင့် ကြား၍ ဤအကြောင်းဖြင့် ထက်ဝက်သော ဂါထာကို ဆို၍ အဆွေခင်ပွန်းသည်ကား ရဟန်းပြု၏၊ ငါသည်ကား မေ့လျော့၍ မင်းပြု၍ နေ၏၊ ဤအကြောင်းဖြင့် နောက်မှ ထက်ဝက်သော ဂါထာကို ဆို၏ဟု ဥဒါန်းဂါထာ၏ အနက်ကို ဟော၏၊ ထိုစကားကို ကြား၍ ဆတ္တာသည်သည် ထက်ဝက်သော ကာလ၌ စောင့်ရှောက်အပ်သော ဥပုသ်ကုသိုလ်ကံဖြင့် မင်းသည် ဤစည်းစိမ်ကို ရ၏၊ ကုသိုလ်မည်သည်ကို ပြုအပ်သည်သာလျှင် ဖြစ်၏၊ ငါသည် ရဟန်းပြု၍ မိမိ၏ စည်ရာကို ပြုရမူကား ကောင်း၏ဟု ကြံ၍ ဆွေမျိုးစဉ်ဆက်မှလာသော စည်းစိမ် ဥစ္စာတို့ကို စွန့်၍ မင်းကို ပဟန်းပြုခြင်းကို ခွင့်ပြုစေ၍ ဟိမဝန္တာသို့ သွား၍ ရသေ့ရဟန်း ပြု၍ လက္ခဏာယာဉ် သုံးပါးသို့ တင်၍ ဝိပဿနာကို ပွားစေ၍ ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်၍ တန်ခိုးဖြင့် ဖြစ်သော သပိတ် သင်္ကန်း ရှိသည် ဖြစ်၍ ဂန္ဓမာဒနတောင်၌ ငါးနှစ် ခြောက်နှစ် နေ၍ ဗာရာဏသီမင်းကို ကြည့်အံ့ဟု ကောင်းကင်ဖြင့်လာ၍ ဥယျာဉ်ဝယ် မင်္ဂလာ ကျောက်ဖျာ၌ နေ၏၊ ဥယျာဉ်စောင့်သည် မင်းအိမ်သို့ သွား၍ မြတ်သောမင်းကြီး ဂင်္ဂမာလသည် ပစ္စေကဗုဒ္ဓါဖြစ်၍ ကောင်းကင်ဖြင့်လာ၍ ဥယျာဉ်၌နေ၏ဟု မင်းအား ကြားလျှောက်၏၊ မင်းသည် ထိုစကားကို ကြား၍ ပစ္စေကဗုဒ္ဓါကို ရှိခိုးအံ့ဟု လျင်မြန်စွာ ထွက်၏၊ မင်း၏ မယ်တော်သည်လည်း သားနှင့်တကွ ထွက်၏၊ မင်းသည် ဥယျာဉ်သို့ ဝင်၍ ပစ္စေကဗုဒ္ဓါကို ရှိခိုး၍ ပရိသတ်နှင့်တကွ တင့်အပ်လျောက်ပတ်စွာ နေ၏၊ ပစ္စေကဗုဒ္ဓါသည် မင်းနှင့်တကွ ပဋိသန္ထာရ ပြုသည်ရှိသော် ဗြဟ္မဒတ်သင် မမေ့မလျော့မူ၍ တရားသဖြင့် မင်းပြု၏လော၊ ဒါန အစရှိသော ကောင်းမှုတို့ကို ပြု၏လောဟု မင်းကို အမျိုး၏ အမည်အားဖြင့် ခေါ်၍ ပဋိသန္ထာရကို ပြု၏၊ ထိုစကားကို ကြား၍ မင်း၏ မယ်တော်သည် ဤအမျိုးယုတ်သော အညစ်အကြေးကို သုတ်သင်သော ဆတ္တာသည်သားသည် ကိုယ်ကို မသိ၊ ရေမြေရှင် ဖြစ်သော ငါ့သားကို ဗြဟ္မဒတ်ဟု အမည်အားဖြင့် ခေါ်၏ဟု အမျက်ထွက်၍ ဤဂါထာကို ဆို၏—

၄၂။ တပသာ ပဇဟန္တိ ပါပကမ္မံ၊ တပသာ နှာပိတကုမ္ဘကာရဘာဝံ။
တပသာ အဘိဘုယျ ဂင်္ဂမာလ၊ နာမေနာ'လပသ'ဇ္ဇ ဗြဟ္မဒတ္တံ။

ဂင်္ဂမာလ သတ္တဝါတို့သည် အကျင့်ဖြင့် ယုတ်မာသော အမှုကို စွန့်ကုန်၏၊ ဆတ္တာသည် သတ္တဝါတို့သည် အကျင့်ဖြင့် အမျက်ထွက်ခြင်းကို ပြုတတ်သော

အဖြစ်ကို စွန့်ကုန်၏။ ဂင်္ဂမာလ သင်သည် ယခု အကျင့်ဖြင့် ငါ့သားကို နှိပ်စက်၍ ပြဟ္မဒတ်ဟု အမည်အားဖြင့် ခေါ်သင့်သလော။

မင်းသည် မယ်တော်ကို မြစ်၍ ပစ္စေကဗုဒ္ဓါ၏ ဂုဏ်ကျေးဇူးကို ပြလိုရကား ဤဂါထာကို ဆို၏–

၄၃။ သန္ဒိဋ္ဌိကမေဝ အမ္မ ပဿထ၊ ခန္တီသောရစ္စဿ အယံ ဝိပါကော။
ယော သဗ္ဗဇနဿ ဝန္ဒိတောဟု၊ တံ ဝန္ဒာမ သရာဇိကာ သမစ္စာ။

မိခင် ခန္တီသီလ၏အကျိုးသည် လူအားလုံးတို့၏ ရှိခိုးခြင်းကို ခံယူထိုက်၏၊ မင်းအမတ်နှင့်တကွဖြစ်ကုန်သော ငါတို့သည် ထိုပစ္စေကဗုဒ္ဓါကို ရှိခိုးကုန်အံ့၊ သည်းခံခြင်းတရား သီလတရား၏ မျက်မှောက်ဘဝ၌ဖြစ်သော အကျိုးကိုသာလျှင် သင်တို့ ကြည့်ကြကုန်လော။

မင်းသည် မယ်တော်ကို မြစ်သည်ရှိသော် ကြွင်းသောလူများသည် ထ၍ အရှင်မင်းကြီး အရှင်မင်းကြီးအား ဤသို့ သဘောရှိသော အမျိုးယုတ်သော သူသည် အမည်အားဖြင့် ခေါ်ခြင်းသည် မသင့်ဟုဆို၏၊ မင်းသည် လူများကိုလည်း မြစ်၍ ပစ္စေကဗုဒ္ဓါ၏ ကျေးဇူးစကားကို ဆိုအံ့သောငှါ ဤဂါထာကိုဆို၏–

၄၄။ မာ ကိဉ္စိ အဝစုတ္ထ ဂင်္ဂမာလံ၊ မုနိနံ မောနပထေသု သိက္ခမာနံ။
ဧသော ဟိ အတရိ အဏ္ဏဝံ၊ ယံ တရိတွာ စရန္တိ ဝီတသောကာ။

အချင်းတို့ သင်တို့သည် အဂါရိက အနဂါရိက သေက္ခ အသေက္ခ ပစ္စေကမုနိတို့၏ သုံးပါးသောသိက္ခာ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားဟုဆိုအပ်ကုန်သော ရဟန်းတို့၏ အကျင့်တို့၌ကျင့်သော ဂင်္ဂမာလကို တစ်စုံတစ်ခုသော စကားကိုမျှ မဆိုကြကုန်လင့်။စိုးရိမ်ခြင်းကင်းကုန်သော အရိယာတို့သည် သံသရာ တည်းဟူသော သမုဒ္ဒရာကို ကူး၍ သွားကုန်၏။ ဤဂင်္ဂမာလသည် ထိုသံသရာ တည်းဟူသော သမုဒ္ဒရာကို ကူးပြီးသလျှင်ကတည်း။

ဤသို့ ဆိုပြီး၍ မင်းသည် ပစ္စေကဗုဒ္ဓါကို ရှိခိုး၍ အရှင်ဘုရား အကျွန်ုပ် အမိအား အရှင်ဘုရားတို့သည် သည်းခံပါကုန်လော့ဟု ဆို၏။မြတ်သောမင်းကြီး သည်းခံ၏ဟု ပစ္စေကဗုဒ္ဓါသည်ဆို၏၊ မင်းသည် ပရိသတ်တို့ကို ကန်တော့စေ၏၊ မင်းသည် မိမိကိုမှီ၍ နေစိမ့်သောငှါ ပဋိညာဉ်ကို တောင်း၏၊ ပစ္စေကဗုဒ္ဓါသည် ကား မပေးမူ၍ မင်းနှင့်တကွသော ပရိသတ်မြင်စဉ်လျှင် ကောင်းကင်၌ ရပ်၍ မင်းအား အဆုံးအမကိုပေး၍ ဂန္ဓမာဒနတောင်သို့လျှင်သွား၏။

### ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သီတင်းသည်တို့ ဤသို့လျှင် ဥပုသ်သုံးခြင်းမည်သည်ကို သုံးခြင်းငှါ သင့်သလျှင်ကတည်းဟု မိန့်တော်မူ၍ ထိုအခါ ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန်ပြုပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ အစုမာသကမင်း ဖြစ်ဖူးပြီ၊ ယခုအခါ မဟာမာယာသည် ထိုအခါ မင်း၏မယ်တော် ဖြစ်ဖူးပြီ၊ ယခုအခါ ရာဟုလမယ်တော်သည် ထိုအခါ မိဖုရားကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဥဒယမင်းဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(ဥပုသ်နေ့ဝက်၊ စောင့်သည့်တွက်၊ ကျိုးဆက်မင်းဖြစ်လာ။)

လေးရာနှစ်ဆယ့်တစ်ခုမြောက်သော ဂင်္ဂမာလဇာတ်သည် ပြီး၏။

---

### ၄၂၂-စေတိယဇာတ်

### ဤကမ္ဘာတွင် ပထမဦးဆုံး မုသားစကား မုသားဆို၍ မြေမျိုခံရသည် မမှန်သောစကားကို ပြော၍ မြေမျိုခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နှင်းနှင့်တကွသော လောကကိုသုံးမှုတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဓမ္မော ဟဝေ ဟတော ဟန္တိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစေတိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်အား မြေမျိုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဒေဝဒတ်သည် မုသာဝါဒကိုဆို၍ မြေမျို၏၊ ဒေဝဒတ်သည် အဝီစိသို့ လားရ၏ဟု စကားကိုဖြစ်စေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်ကို မြေမျိုသည်မဟုတ်သေး၊ ရှေး၌လည်း ဒေဝဒတ်ကို မြေမျိုဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကမ္ဘာဦး၌ အသင်္ချေယျ အသက် ရှည်သော မဟာသမ္မတမည်သော မင်းသည် ရှိ၏၊ ထိုမင်း၏ သားကား ရောဇမည်၏၊ ထိုမင်း၏သားကား ဝရရောဇ မည်၏၊ ထိုမင်း၏ သားကား ကလျာဏ မည်၏၊ ထိုမင်း၏ သားကား ဝရကလျာဏ မည်၏၊ ထိုမင်း၏ သားကား ဥပေါသထ မည်၏၊ ထိုမင်း၏ သားကား ဝရဥပေါသထ မည်၏၊ ထိုမင်း၏ သားကား မန္ဓာတု မည်၏၊ ထိုမင်း၏ သားကား ဝရမန္ဓာတု မည်၏၊ ထိုမင်း၏ သားကား ဝရမည်၏၊ ထိုမင်း၏ သားကား ဥပဝရမည်၏၊ ဥပရိစရဟူသော အမည်သည်လည်း ထိုဥပဝရမင်း၏ အမည်လျှင်တည်း၊ ထိုဥပဝရမင်းသည် စေတီယတိုင်း သောတ္ထိယမြို့၌ မင်းပြု၏၊ လေးပါးသော မင်း၏ တန်ခိုးတို့နှင့် ပြည့်စုံ၏၊ ကောင်းကင်သို့ သွားနိုင်၏၊ လေးယောက်သော နတ်သားတို့သည် လေးမျက်နှာတို့၌ သန်လျက်ကို လက်၌ စွဲကိုင်လျက် စောင့်ကုန်၏၊ ကိုယ်မှ စန္ဒကူးနံ့ လှိုင်၏၊ ခံတွင်းမှ ကြာညိုနံ့လှိုင်၏၊ ထိုမင်းအား ကပိလမည်သော ပုရောဟိတ်ပုဏ္ဏားသည် ဖြစ်၏၊ ကပိလပုဏ္ဏား၏ညီကား ကောရကလမ္ဗ မည်၏၊ မင်းနှင့်တကွ တစ်ဦးသော ဆရာမျိုး၌ အတတ်သင်ဘက် သူငယ်ချင်း အဆွေခင်ပွန်း ဖြစ်၏။

ထိုမင်းသည် ကောရကလမ္ဗအား ငယ်စဉ်ကာလ၌လျှင် ငါသည် မင်းအဖြစ်သို့ ရောက်သော် သင့်အား ပုရောဟိတ်အရာကို ပေးအံ့ဟု ဝန်ခံလေ၏၊ ထိုမင်းသည် မင်းအဖြစ်သို့ ရောက်၍ အဘ၏ ပုရောဟိတ် ဖြစ်သော ကပိလပုဏ္ဏားကို ပုရောဟိတ်အရာမှ ရွေ့စေခြင်းငှါ မတတ်နိုင်၊ ပုရောဟိတ်သည် မိမိအား ခစားအံ့သောငှါ လာသည်ရှိသော် ကိုပုရောဟိတ်၌ ရိုသေသဖြင့် ပူဇော်သော အခြင်းအရာကို ပြ၍ ပုဏ္ဏားသည် ထိုအခြင်းအရာကို မှတ်၍ မင်းသည်ကား အရွယ်တူတို့နှင့်တကွ ချမ်းသာကို ဆောင်လျက် တင့်တယ်၏၊ ငါသည် မင်းကို ပန်၍ ရဟန်းပြုအံ့ဟု ကြံ၍ မြတ်သော မင်းကြီး အကျွန်ုပ်သည် အိုပြီ၊ အိမ်၌ သားသူငယ်သည် ရှိ၏၊ ထိုသားကို ပုရောဟိတ်ပြုလော့၊ အကျွန်ုပ်သည် ရဟန်းပြုအံ့ဟု မင်းကို ခွင့်တောင်း၍ သားကို ပုရောဟိတ်အရာ၌ တည်စေ၍ မင်း၏ ဥယျာဉ်သို့ဝင်၍ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ သားကိုမှီ၍ ထိုဥယျာဉ်၌လျှင် နေ၏၊ ကောရကလမ္ဗသည်လည်း ဤကပိလပုဏ္ဏားကား ရဟန်းပြုသော်လည်း ငါ့အား အရာထူးကို မပေးဟု အငြိုး၌ ရန်ငြိုးဖွဲ့၍ တစ်နေ့သ၌ ချမ်းသာသော စကားပြော၍ နေသောအခါ မင်းသည် ကောရကလမ္ဗ သင်သည် ပုရောဟိတ်အရာကို မပြုရလောဟု မေးသည်ရှိသော် အရှင်မင်းကြီး အမိန့်တော် အတိုင်း အကျွန်ုပ်သည် ပုရောဟိတ်အရာကို မပြုရဟု ဆို၏၊ အဘယ်ကြောင့် မပြုရ သနည်းဟု မေးသည်ရှိသော် မြတ်သော မင်းကြီး အကျွန်ုပ်အစ်ကိုသည်

ပုရောဟိတ်ပြု၏ဟု ဆို၏၊ သင့်အစ်ကိုသည် ရဟန်းပြုပြီ မဟုတ်လောဟု ဆိုသည်ရှိသော် အမိန့်တော်အတိုင်း ရဟန်းပြု၏၊ အရာအထူးကိုကား သားအားပေး၏ဟု ဆို၏၊ တိုင့်ဖြစ်ပါမူကား သင်သည် ပုရောဟိတ် ပြုလော့ဟု ဆို၏၊ မြတ်သောမင်းကြီး အနွယ်အဆက်မှလာသော အရာအထူးကိုခံသော အကျွန်ုပ် အစ်ကိုကို ပယ်၍ အကျွန်ုပ်သည် ပုရောဟိတ်ပြုခြင်းငှါ မတတ်ကောင်းဟု ကောရကလမ္ဗသည် ဆို၏၊ ဤသို့ဖြစ်သည်ရှိသော် ငါသည် သင့်ကို အစ်ကိုပြု၍ သင့်အစ်ကိုကို ညီပြုအံ့ဟု မင်းသည် ဆို၏၊ မြတ်သောမင်းကြီး အဘယ်အကြောင်းဖြင့် ပြုအံ့နည်းဟု ကောရကလမ္ဗသည် ဆို၏၊ မုသာဝါဒကို ဆို၍ ပြုအံ့ဟု မင်းသည် ဆို၏။

မြတ်သောမင်းကြီး အရှင်မင်းကြီးတို့သည် သိတော်မမူကုန် သလော၊ အကျွန်ုပ်အစ်ကိုသည် ကြီးစွာသော အံ့ဖွယ်သရဲ ကျေးဇူးနှင့် ပြည့်စုံ၏၊ အတတ်ကို ဆောင်၍ ထိုအစ်ကိုသည် အံ့ဖွယ်သရဲဖြစ်သော ကျေးဇူးဖြင့် အရှင်မင်းကြီးတို့ကို လှည့်စားလတ္တံ့၊ နတ်သားလေးယောက်တို့ကို ကွယ်သကဲ့သို့ ပြုလတ္တံ့၊ ကိုယ်မှလည်းကောင်း ခံတွင်းမှလည်းကောင်း ကောင်းသောအနံ့ကို မကောင်းအနံ့ကဲ့သို့ ပြုလတ္တံ့၊ ကောင်းကင်မှကျ၍ မြေ၌တည်သကဲ့သို့ အရှင်မင်းကြီး ၌ကိုပြုလတ္တံ့၊ အရှင်မင်းကြီးတို့သည် မြေသို့ ဝင်ကုန်လတ္တံ့၊ ထိုအခါ အရှင်မင်းကြီးတို့သည် အရှင်မင်းကြီးတို့၏ စကား၌ တည်ခြင်းငှါ မတတ်နိုင်ကုန်လတ္တံ့ဟု ကောရကလမ္ဗသည် ဆို၏၊ သင်သည် ဤသို့သော အမှုကိုမပြုလင့်၊ ငါသည် ပြုခြင်းငှါ တတ်နိုင်လတ္တံ့ဟု မင်းသည် ဆို၏၊ မြတ်သော မင်းကြီး အရှင်မင်းကြီးတို့သည် အဘယ်အခါ၌ ပြုကုန်လတ္တံ့နည်းဟု ကောရကလမ္ဗသည် မေး၏၊ ယနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ပြုကုန်အံ့ဟု မင်းသည် ဆို၏၊ ထိုစကားသည် မြို့အလုံး၌ ထင်ရှား၏၊ မင်းသည် မုသားဆို၍ အကြီးကိုအငယ်၊ အငယ်ကိုအကြီး ပြုလတ္တံ့၊ အရာအထူးကို အငယ်အားပေးလတ္တံ့၊ မုသာဝါဒမည်သည်ကား အဘယ်သို့ သဘောရှိသနည်း၊ ညိုသောအဆင်းရှိသလော၊ ထို့သို့မဟုတ်မူ ရွှေသောအဆင်း အစရှိသည်တို့တွင် တစ်ပါးပါးသော အဆင်းရှိသလော၊ ဤသို့ လူများအား အကြံသည် ဖြစ်သတတ်၊ ထိုအခါ လူများတို့ပေါင်းသည် မှန်သော စကားကိုသာ ဆိုသောကာလ ဖြစ်သတတ်၊ လူတို့သည် မုသာဝါဒကား ဤသို့သဘော ရှိကုန်၏ဟု မသိကုန်၊ ပုရောဟိတ်၏ သားသည်လည်း ထိုစကားကို ကြား၍ အထံသို့ သွား၍ ခမည်းတော် မင်းသည် မုသာဝါဒကို ဆို၍ သင့်ကို အငယ်ပြု၍ သင်တို့၏ အရာအထူးကို အကျွန်ုပ်၏ ဘထွေးအား ပေးလတ္တံ့ဟု ဆို၏၊ အမောင် မင်းသည် မုသာဝါဒကို ဆို၍လည်း ငါတို့၏ အရာအထူးကို ပေးအံ့သောငှါ မတတ်နိုင်လတ္တံ့၊ အဘယ်နေ့၌ကား မုသာဝါဒကို ဆိုခြင်းကို ပြုလတ္တံ့နည်းဟု ကပိလ ရသေ့သည် မေး၏၊ ယနေ့မှ ခုနစ်ရက်

ခမြောက်ဖြစ်သောနေ့၌ ပြုလတ္တံ့ဟု သားသည် ဆို၏၊ ထိုသို့ဖြစ်ပါမူကား ထိုအခါ ငါ့အား အမြန်လာ၍ ကြားလော့ဟု ကပိလရသေ့သည် ဆို၏၊ ခုနစ်ရက်မြောက်ဖြစ်သောနေ့၌ လူတို့သည် မုသာဝါဒကို ကြည့်ကုန်အံ့ဟု မင်းရင်ပြင်၌ စည်းဝေး၍ ညောင်စောင်း အဆင့်ဆင့်တို့ကို ဖွဲ့၍ တည်ကုန်၏၊ ပုရောဟိတ်သားသည် အဘအား ကြား၏၊ မင်းသည် တန်ဆာဆင်ယင်လျက် ထွက်၍ လူများအလယ် မင်းရင်ပြင် ကောင်းကင်၌ ရပ်၏၊ ရသေ့သည် ကောင်းကင်ဖြင့် လာ၍ မင်း၏ရှေ့မှ နိသီဒိုင်သားရေကို ခင်း၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့် နေ၍ မြတ်သောမင်းကြီး သင်သည် မုသာဝါဒကို ဆို၍ အငယ်ကို အကြီးပြု၍ အငယ်အား အရာအထူးကို ပေးလိုသောဟူသည် မှန်သလောဟု ဆို၏၊ ဆရာ မှန်၏၊ ဤသို့ ငါဆို၏ဟု မင်းသည် ဆို၏၊ ထိုအခါ ရသေ့သည် ထိုမင်းကို မြတ်သောမင်းကြီး မုသာဝါဒ မည်သည်ကား အပြစ်လေး၏၊ ဂုဏ်ကျေးဇူးကို ဖျက်ဆီးတတ်၏၊ အပါယ်လေးပါးတို့၌ ဖြစ်စေတတ်၏၊ မင်းမည်သည်ကား မုသာဝါဒကို ဆိုသည်ရှိသော် တရားကို သတ်သည် မည်၏၊ တရားကိုသတ်သော် မိမိသည်လျှင် မိမိကိုယ်ကို သတ်သည်မည်၏ဟု ဆုံးမလိုကား ဤဂါထာကို ဆို၏—

၄၃။ ဓမ္မော ဟဝေ ဟတော ဟန္တိ၊ နာဟတော ဟန္တိ ကိဉ္စနံ။
တသ္မာ ဟိ ဓမ္မံ န ဟနေ၊ မာ တွံ ဓမ္မော ဟတော ဟနိ။

မြတ်သောမင်းကြီး စင်စစ်ကြီးသောသူတို့အား အရှိအသေပြုခြင်း တရားကို သတ်ခြင်းသည် မိမိကိုယ်ကို သတ်သည် မည်၏၊ တရားတော်ကို မသတ်သည်ရှိသော် ထိုတရားတော်သည် တစ်စုံတစ်ယောက်သော သူကိုမျှ ပြန်မသတ်ပေ၊ ထို့ကြောင့် တရားတော်ကို မသတ်သင့်၊ အသတ်ခံရသော တရားတော်ကလည်း သင့်ကို ပြန်မသတ်စေပါလင့်။

ထို့နောင်မှ ထိုမင်းကို မြတ်သောမင်းကြီး သင်မင်းကြီးသည် မုသားဆိုခြင်းကို အကယ်၍ ပြုလတ္တံ့၊ သင်မင်းကြီး၏ လေးပါးကုန်သော တန်ခိုးတို့သည် ကွယ်ကုန်လတ္တံ့ဟု ဆို၍ အလွန်အားဖြင့် ဆုံးမလိုရကား ဤဂါထာကို ဆို၏—

၄၄။ အလိကံ ဘာသမာနဿ၊ အပက္ကမန္တိ ဒေဝတာ။
ပူတိကဉ္စ မုခံ ဝါတိ၊ သကဋ္ဌာနာ စ ဓံသတိ။
ယော ဇာနံ ပုစ္ဆိတော ပဉှံ၊ အညထာ နံ ဝိယာကရေ။

မြတ်သောမင်းကြီး ပြဿနာကို အမေးခံရသော သင်မင်းကြီးသည် သိလျက် ထိုပြဿနာကို တစ်ပါးသော အခြင်းအရာအားဖြင့် ဖြေပြီး မဟုတ်မမှန်သော

စကားကို ဆိုသော သင်မင်းကြီးအား စောင့်နေကြကုန်သော နတ်သား လေးယောက်တို့သည်လည်း ဖဲသွားကုန်၏၊ ခံတွင်းသည်လည်း အပုပ်နံ့ လှိုင်၏၊ မိမိနေထိုင်ရာ ကောင်းကင်မှလည်း မြေသို့ကျ၏။

ထိုစကားကို ကြား၍ မင်းသည် ကြောက်ရကား ကောရက႑ မှူကို ကြည့်၏၊ ထိုအခါ မင်းကို ကောရကလ မှူသည် မြတ်သောမင်းကြီး မကြောက်လင့်၊ အကျွန်ုပ်သည် ရှေးမဆွကလျှင် အရှင်မင်းကြီးတို့အား ထိုစကားကို ဆိုအပ်ပြီ မဟုတ်လောဟု ဆို၏၊ မင်းသည် ကပိလ ၏ သော့စကားကို ကြားရသော်လည်း မယူမူ၍ မိမိသည် ဆိုအပ်သော စကားကိုသာလျှင် ရှေးရှုပြု၍ ဆိုလိုရကား အရှင်ဘုရား သင်သည် ညီဟည်း၊ ကောရကလမှူသည် အစ်ကိုတည်းဟူ၍ ဆို၏၊ ထိုမုသာဝါဒကို ဆိုခြင်းကြောင့် လေးယောက်ကုန်သော နတ်သားတို့သည် ထိုသို့ သဘောရှိသော မုသာဝါဒကို ဆိုသော မင်းအား စောင့်ရှောက်ခြင်းကို မပြုကုန်အံ့ဟု သန်လျက်တို့ကို ထိုမင်း၏ခြေရင်း၌ စွန့်ပစ်၍ ကွယ်ကုန်၏၊ ခံတွင်းသည် ကွဲသောကြက်ဥပုပ်ကဲ့သို့ ကိုယ်သည် ဖွင့်အပ်သောဝစ္စကုဋီကဲ့သို့ မကောင်းသော အနံ့သည် လှိုင်၏၊ ကောင်းကင်မှလည်း လျှောကျ၍ မြေ၌တည်၏၊ ဤလေးပါး ကုန်သော တန်ခိုးတို့သည်လည်း ကွယ်ကုန်၏၊ ထိုအခါ ထိုမင်းကို မဟာ ပုရောဟိတ်သည် မြတ်သောမင်းကြီး မကြောက်လင့်၊ မှန်သော စကားကို အကယ်၍ ဆိုငြားအံ့၊ အသင်မင်းကြီးအား ထိုအလုံးစုံသော တန်ခိုးတို့ကို ပကတိပြုအံ့ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၄၇။ သစေ ဟိ သစ္စံ ဘဏာသိ၊ ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ ဘူမိယံ တိဋ္ဌ စေတိယ။

စေတိယအမည်ရှိသော မင်းမြတ် မှန်သော စကားကို အကယ်၍ ဆိုငြားအံ့၊ ရှေး၌ကဲ့သို့ ဖြစ်လော့။ စေတိယမည်သော မင်းမြတ် မမှန်သော စကားကို အကယ်၍ ဆိုငြားအံ့၊ မြေ၌ တည်လော့။

ထိုပုရောဟိတ်သည် မြတ်သောမင်းကြီး သင်သည် ရှုလော့၊ ရှေးဦးစွာ မုသားဆိုခြင်းကြောင့်လျှင် သင်မင်းကြီး၏ တန်ခိုးလေးပါးတို့သည် ကွယ်ကုန်၏၊ မှတ်လော့၊ ယခုလည်း ပကတိပြုအံ့သောငှါ တတ်ကောင်း၏ဟု ရှင်ရသေ့သည် ဆိုငြားသော်လည်း ဆိုတိုင်းမပြုမူ၍ သင်တို့သည် ငါ့ကို လှည့်စားလိုကုန်၏ဟု နှစ်ကြိမ်မြောက်လည်း မုသာဝါဒကို ဆို၍ ဖမျက်တိုင်အောင် မြေသို့ဝင်၏။

ထိုအခါ ထိုမင်းကို တစ်ဖန်လည်း ပုဏ္ဏားကြီးသည် မြတ်သောမင်းကြီး မှတ်လော့၊ ယခုသည်း ပကတိပြုအံ့သောငှါ တတ်ကောင်းသေး၏ဟု ပြလို၍ ဤဂါထာကို ဆို၏—

၄၈။ အကာလေ ဝဿတီ တဿ၊ ကာလေ တဿ န ဝဿတိ။
ယော ဇာနံ ပုစ္ဆိတော ပဉှံ၊ အညထာ နံ ဝိယာကရေ။

မြတ်သောမင်းကြီး ပြဿနာကို မေးအပ်သည်ရှိသော် သိလျက် ထိုပြဿနာကို တစ်ပါးသော အပြားအားဖြင့်ဖြေသော ထိုမင်း၏ တိုင်းနိုင်ငံ၌ မရွာသင့်သော အခါ၌ မိုးရွာ၏။ ထိုမင်း၏ တိုင်းနိုင်ငံ၌ ရွာသင့်သောအခါ၌ မိုးမရွာ။

ထိုအခါ ထိုမင်းကို တစ်ဖန်လည်း မုသာဝါဒ၏ အစွမ်းအားဖြင့် ဖမျက် တိုင်အောင် မြေမျို၏၊ ပုရောဟိတ်ကြီးသည် မြတ်သောမင်းကြီး မှတ်လော့ဟု ဆို၍ ဤဂါထာကို ဆို၏—

၄၉။ သစေ ဟိ သစ္စံ ဘဏသိ၊ ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ ဘူမိံ ပဝိသ စေတိယ။

စေတိယအမည်ရှိသော မင်းမြတ် မှန်သော စကားကို အကယ်၍ ဆိုငြားအံ့၊ ရှေး၌ကဲ့သို့ ဖြစ်လော့၊ စေတိယအမည်ရှိသော မင်းမြတ် မမှန်သော စကားကို အကယ်၍ ဆိုငြားအံ့၊ မြေသို့ ဝင်လော့။

ထိုမင်းသည် သုံးကြိမ်မြောက်လည်း အရှင်ဘုရား သင်ကား ညီတည်း၊ ကောရကလမ္ဗကား အစ်ကိုတည်းဟု မုသာဝါဒကိုလျှင် ဆို၍ ပုဆစ်တိုင်အောင် မြေသို့ ဝင်၏၊ ထိုအခါ ထိုမင်းကို တစ်ဖန်လည်း ပုရောဟိတ်ကြီးသည် မြတ်သော မင်းကြီး မှတ်လော့ဟု ဆို၍ ဂါထာနှင့်ကို ဆို၍ ယခုပကတိ ပြုအံ့သောငှါ တတ်ကောင်းသေး၏ဟု ဆို၏—

၅၀၊ ဇိဝှါ တဿ ဒွိဓာ ဟောတိ၊ ဥရဂဿေဝ ဒိသမ္ပတိ။
ယော ဇာနံ ပုစ္ဆိတော ပဉှံ၊ အညထာ နံ ဝိယာကရေ။

၅၁။ သစေ ဟိ သစ္စံ ဘဏသိ၊ ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ ဘိယျော ပဝိသ စေတိယ။

ပြဿနာကို မေးအပ်သည်ရှိသော် သိလျက် ထိုပြဿနာကို တစ်ပါးသော အပြားအားဖြင့် ဖြေ၏၊ အရပ်မျက်နှာတို့ကို အစိုးရသော အရှင်မင်းကြီး မြွေ၏ လျှာကဲ့သို့ ထိုမုသားဆိုသော မင်း၏ လျှာသည် နှစ်ခွဖြစ်၏။

စေတိယအမည်ရှိသော မင်းမြတ် မှန်သောစကားကို အကယ်၍ ဆိုငြားအံ့၊ ရှေး၌ကဲ့သို့ဖြစ်လော့၊ စေတိယအမည်ရှိသော မင်းမြတ် မမှန်သော စကားကို အကယ်၍ ဆိုငြားအံ့ အလွန် မြေသို့ ဝင်လော့။

မင်းသည် ထိုပုရောဟိတ်ကြီး၏ စကားကိုကြားလျက် မယူမူ၍ အရှင်ဘုရား သင်ကား ညီတည်း၊ ကောရဗျလမ္ဗကား အစ်ကိုတည်းဟု လေးကြိမ်မြောက်လည်း မုသာဝါဒကိုဆို၍ ခါးတိုင်အောင်မြေသို့ဝင်၏။

ထိုအခါ ထိုမင်းကို ပုရောဟိတ်ကြီးသည် မြတ်သောမင်းကြီး သင်သည် မှတ်လော့ဟုဆို၍ ဤဂါထာတို့ကိုဆို၏—

၅၂။ ဇိဝှါ တဿ န ဘဝတိ၊ မစ္ဆဿေဝ ဒိသမ္ပတိ။
ယော ဇာနံ ပုစ္ဆိတော ပဉှံ၊ အညထာ နံ ဝိယာကရေ။

၅၃။ သစေ ဟိ သစ္စံ ဘဏသိ၊ ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ ဘိယျော ပဝိသ စေတိယ။

အရပ်မျက်နှာ အရှင်ဖြစ်သော မင်းကြီး ပြဿနာကို မေးအပ်သည်ရှိသော် သိလျက် ထိုပြဿနာကို တပါးသောအပြားအားဖြင့် ဖြေသောငါအား လျှာသည် မဖြစ်သကဲ့သို့ မုသားဆိုသောမင်းအား လျှာသည်မဖြစ်။

စေတိယ အမည်ရှိသော မြတ်သောမင်းကြီး မှန်သော စကားကို အကယ်၍ဆိုငြားအံ့၊ ရှေး၌ကဲ့သို့ ဖြစ်လော့၊ စေတိယအမည်ရှိသော မင်းမြတ် မမှန်သောစကားကို အကယ်၍ဆိုငြားအံ့။ အလွန် မြေသို့ ဝင်လော့။

ထိုမင်းသည် ငါးကြိမ်မြောက်လည်း အရှင်ဘုရား သင်ကား ညီတည်း၊ ကောရကလမ္ဗကား အစ်ကိုတည်းဟု ဆို၍ ချက်တိုင်အောင် မြေသို့ဝင်၏။

ထိုအခါ ထိုမင်းကို ပုရောဟိတ်ပုဏ္ဏားသည် တစ်ဖန်လည်း မြတ်သော မင်းကြီး မှတ်လော့ဟု ဆို၍ ဤဂါထာတို့ကိုဆို၏—

၅၄။ ထိယော ဝ တဿ ဇာယန္တိ၊ န ပုမာ ဇာယရေ ကုလေ။
ယော ဇာနံ ပုစ္ဆိတော ပဉှံ၊ အညထာ နံ ဝိယာကရေ၊

၅၅။ သစေ ဟိ သစ္စံ ဘဏသိ၊ ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ ဘိယျော ပဝိသ စေတိယ၊

မြတ်သောမင်းကြီး အကြင်မင်းကြီးသည် ပြဿနာကို မေးအပ်သည် ရှိသော် သိလျက် ထိုပြဿနာကို တစ်ပါးသော အပြားအားဖြင့် ဖြေ၏၊ ထို မုသားဆိုသောမင်း၏ အမျိုး၌ သမီးမိန်းမ တို့သည်သာလျှင် ဖွားကုန်၏၊ သားယောကျ်ားတို့သည် မဖွားကုန်။

စေတိယအမည်ရှိသော မင်းမြတ် မှန်သောစကားကို အကယ်၍ ဆိုသည်ဖြစ်အံ့ ရှေး၌ကဲ့သို့ဖြစ်လော့ စေတိယအမည်ရှိသောမင်းမြတ် မမှန် သောစကားကို အကယ်၍ဆိုသည်ဖြစ်အံ့ လွန်စွာ မြေသို့ဝင်လော့။

မင်းသည် ထိုပုရောဟိတ်စကားကို မယူမူ၍ ခြောက်ကြိမ်မြောက် ရှေးအတူ လျှင် မုသားဆို၍ သားမြတ်တိုင်အောင် မြေသို့ဝင်၏ ထိုအခါ ထိုမင်းကို တစ်ဖန်လည်း ပုရောဟိတ်ကြီးသည် မြတ်သောမင်းကြီး မှတ်လော့ဟုဆို၍ ဤဂါထာတို့ကိုဆို၏—

၅၆။ ပုတ္တာ တဿ န ဇာယန္တိ၊ ပက္ကမန္တိ ဒိသောဒိသံ။
ယော ဇာနံ ပုစ္ဆိတော ပဉှံ၊ အညထာ နံ ဝိယာကရေ။

၅၇။ သစေ ဟိ သစ္စံ ဘဏသိ၊ ဟောဟိ ရာဇ ယထာ ပုရေ။
မုသာ စေ ဘာသသေ ရာဇ၊ ဘူမိယံ ပဝိသ စေတိယ။

မြတ်သောမင်းကြီး အကြင်မင်းသည် ပြဿနာကို မေးအပ်သည် ရှိသော် သိလျက် ထိုပြဿနာကို တစ်ပါးသောအပြားဖြင့် ဖြေ၏ ထိုမုသားဆိုသော မင်းအား သားတို့သည်မဖြစ်ကုန် ဖြစ်ကုန်ငြားသော်လည်း မိဘတို့အား ကျေးဇူး မပြုကုန်သည်ဖြစ်၍ ထိုထိုအရပ်မျက်နှာသို့ ပြေးကုန်၏။

စေတိယအမည်ရှိသော မင်းမြတ် မှန်သောစကားကို အကယ်၍ဆိုငြားအံ့ ရှေး၌ကဲ့သို့ ဖြစ်လော့၊ စေတိယအမည်ရှိသော မင်းမြတ် မမှန်သောစကားကို အကယ်၍ဆိုငြားအံ့ အလွန်မြေသို့ဝင်လော့။

ထိုမင်းသည် ယုတ်မာသော အဆွေခင်ပွန်းနှင့် ပေါင်းဖက်ခြင်း ဟူသော အပြစ်ကြောင့် ပုရောဟိတ်၏ စကားကို မယူမူ၍ ခုနစ်ကြိမ်မြောက်လည်း ရှေးအတူလျှင် မုသားဆို၏၊ ထိုအခါ ထိုမင်းအား မြေသည် ဟင်းလင်းသော အပြင်ကို ပေး၏၊ အဝီစိမှ မီးလျှံသည် တက်၍ယူ၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဘုရားဖြစ် တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၅၈။ သ ရာဇာ ဣသိနာ သတ္တော၊ အန္တလိက္ခစရော ပုရေ။
ပါဝေက္ခိ ပထဝိံ စေစ္စော၊ ဟီနတ္တော ပတ္တ ပရိယာယံ။

၅၉။ တသ္မာ ဟိ ဆန္ဒာဂမနံ၊ နပ္ပသံသန္တိ ပဏ္ဍိတာ။
အဒုဋ္ဌစိတ္တော ဘာသေယျ၊ ဂိရံ သစ္စူပသံဟိတံ။

ရဟန်းဟူ၍ အမျိုးမြတ်သော ထိုစေတိယမင်းသည် ရှေး၌ ကောင်းကင်၌ သွားသည် ဖြစ်လျက် နောက်မှ ဤအဆွေခင်ပွန်းယုတ်နှင့် ကြုံလတ်၍ ယုတ်သောသဘောရှိသည်ဖြစ်၍ မိမိသေလွှဲရောက်၍ မြေသို့ ဝင်ဖူးပြီ။

ထို့ကြောင့်လျှင် ပညာရှိတို့သည် ဆန္ဒာဂတိသို့လားခြင်းကို မချီးမွမ်းကုန်၊ ဆန္ဒာဂတိ အစရှိသည်သည် မပျက်ဆီး အပ်သော စိတ်ရှိသည်ဖြစ်၍ သစ္စာနှင့်စပ်သော စကားကို ဆိုရာ၏။

လူများသည် စေတိယမင်းကား ရသေ့ကိုဆဲရေး၍ မုသာဝါဒကိုဆို၍ အဝီစိသို့ရောက်၏ဟု ထိတ်လန့်ခြင်းသို့ရောက်၏၊ မင်း၏ သားငါးယောက်တို့သည် လာ၍ ဘုရားလောင်း၏ခြေတို့၌ဝပ်၍ အကျွန်ုပ်တို့၏ ကိုးကွယ်ရာဖြစ်ပါလော့ဟု ဆိုကုန်၏၊ ဘုရားလောင်းသည် အမောင်တို့ သင်တို့အဘသည် တရားကို ဖျက်ဆီး၍ မုသားဆို၍ ရသေ့ကိုဆဲရေး၍ အဝီစိ၌ ဖြစ်၏၊ ဤတရားမည်သည်ကား မိမိကို သတ်သောသူကို သတ်တတ်၏၊ သင်တို့သည် ဤအရပ်၌ နေခြင်းငှါ မတတ်ကောင်းဟုဆို၍ ထိုမင်းသားတို့တွင် အကြီးဆုံးဖြစ်သော မင်းသားကို အမောင် သင်သည်လာလော့၊ အရှေ့တံခါးဖြင့်ထွက်၍ ဖြောင့်စွာသွား၍အလုံးစုံဖြူသော ဆင်ရတနာကိုမြင်လတ္တံ့၊ ထိုအမှတ်ဖြင့် ထိုအရပ်၌ မြို့တည်၍နေလော့၊ ထိုမြို့သည် ဟတ္ထိပုရမြို့ဖြစ်လတ္တံ့ဟုဆို၏၊ နှစ်ယောက်မြောက်ဖြစ်သောမင်းသားကို ခေါ်၍ အမောင် သင်သည် တောင်တံခါးဖြင့်ထွက်၍ ဖြောင့်စွာ သွားသည် ရှိသော် အလုံးစုံဖြူသော မြင်းရတနာကို မြင်ရလတ္တံ့၊ ထိုအမှတ်ဖြင့် ထိုအရပ်၌ မြို့တည်၍ နေလော့၊ ထိုမြို့သည် အဿပုရမည်သောမြို့ ဖြစ်လတ္တံ့ဟု ဆို၏၊ သုံးယောက်မြောက်ဖြစ်သော မင်းသားကိုခေါ်၍ အမောင်သင်သည် အနောက်တံခါးဖြင့်ထွက်၍ ဖြောင့်စွာသွားသည်ရှိသော် ကေသရာဇာခြင်္သေ့ကိုမြင်လတ္တံ့၊ ထိုအမှတ်ဖြင့် ထိုအရပ်၌ မြို့တည်၍နေလော့၊ ထိုမြို့သည် သီဟပုရ မည်သောမြို့ ဖြစ်လတ္တံ့ဟုဆို၏၊ လေးယောက်မြောက် ဖြစ်သော မင်းသားကို ခေါ်၍ အမောင် သင်သည် မြောက်တံခါးဖြင့် ထွက်၍ ဖြောင့်စွာ သွားသည်ရှိသော် အလုံးစုံသော ရတနာဖြင့်ပြည့်သော ရထားလုည်းအိမ်ကို မြင်လတ္တံ့၊ ထိုအမှတ်ဖြင့် ထိုအရပ်၌ မြို့တည်လေလော့၊ ထိုမြို့သည် ဥတ္တရပဉ္စာလ မည်သောမြို့ ဖြစ်လတ္တံ့ဟုဆို၏၊ ငါးယောက်မြောက်ဖြစ်သော မင်းသားကို ခေါ်၍ အမောင် သင်သည် ဤအရပ်၌ နေခြင်းငှါ မတတ်ကောင်း၊ ဤမြို့၌ကြီးမွာသော စေတီကို တည်၍ ဤမြို့မှ ထွက်၍ အနောက်မြောက် အရပ်သို့ ဖြောင့်စွာ သွားသည် ရှိသော် အချင်းချင်းခတ်၍ ခတ်၍ ဒဒ္ဒရဟူသော အသံကို ပြုကုန်သော တောင်

နှစ်ခုတို့ကို မြင်လတ္တံ့၊ ဆိုအမှတ်ဖြင့် ထိုအရပ်၌ မြို့တည်၍ နေလော့၊ ထိုမြို့သည် ဒုဒ္ဓပုရမည်သော မြို့ဖြစ်လတ္တံ့ ဟုဆို၏၊ ထိုငါးယောက်ကုန်သောမင်းသားတို့သည် ထိုအမှတ်သညာဖြင့် သွား၍ ထိုထိုအရပ်၌ မြို့တို့ကိုတည်၍ နေကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် မုသားဆို၍ မြေမျိုသည် မဟုတ်သေး၊ ရှေး၌လည်း မုသားဆို၍ မြေမျိုဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ စေတိယမင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကပိလပုဏ္ဏားဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ်နှင့်ခံတွင်း၊ ပုပ်နံခြင်း၊ ငိမ်ခြင်းမုသား အကျိုးတည်း။)

လေးရာနှစ်ဆယ့်နှစ်ခုမြောက်သော စေတိယဇာတ်သည်ပြီး၏။

## ၄၂၃-ဣန္ဒြိယဇာတ်

မဘက်လိုက်၍ မိုက်ဖက်ပါ

ကာမဂုဏ်တို့၏အလိုသို့ မလိုက်သင့်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် ယော ဣန္ဒြိယာနံ-ဤ စရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဣန္ဒြိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း ဖြားယောင်းသောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ တင်ယောက်သော အမျိုးသားသည် သဗ္ဗညုမြတ်စွာဘုရား၏ တရားတော်ကိုနာရ၍ စင်စင်ပြည့်စုံသော စင်စစ်ဖြူစင်သော မြတ်သော အကျင့်ကို အိမ်ရာထောင်သောသူ၏ဘောင်၌နေသဖြင့် ကျင့်အံ့သောငှါမတတ် ကောင်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သဗ္ဗညု မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြု၍ ဆင်းရဲ၏အဆုံးကို ပြုအံ့ဟု အိမ်ရာစည်းစိမ်ဥစ္စာကို သားမယားတို့အား ဆောင်နှင်း၍ သဗ္ဗညုမြတ်စွာဘုရားအား ရဟန်းအဖြစ်ကို တောင်းသတတ်၊ သဗ္ဗညုမြတ်စွာဘုရားသည်လည်း ထိုအမျိုးသားအား ရဟန်း

အဖြစ်ကို ပေးစေတော်မူ၏၊ ဆရာဉပဇ္ဈာယ်တို့နှင့်တကွ ဆွမ်းခံအပ်သောငှါ သွားသော ထိုရဟန်းအား သီတင်းသုံးဖော်တို့ သိကြလျှင် ယုတ်ညံ့သည်၏ အဖြစ်ကြောင့်လည်းကောင်း, ရဟန်းတို့များသည်၏ အဖြစ်ကြောင့် လည်းကောင်း, ဒါယကာတို့၏ အိမ်၌လည်းကောင်း, ဆွမ်းစားဇရပ်၌လည်းကောင်း နေရာသို့မရောက်၊ သံဃာတို့၏ အစွန်း၌အင်းပျဉ်သို့လည်းကောင်း, ပျဉ်ချပ်သို့လည်းကောင်း ရောက်၏၊ အာဟာရ၌လည်း ယောက်မအပြင်ဖြင့် ခပ်အပ်သော ကြွေကွဲသော ထမင်းလုံးရှိသော ပအုံးရည်သည်လည်းကောင်း, ယာဂုသည်လည်းကောင်း, ပုပ်သိုးသော ခြောက်သော ခဲဖွယ်သည်လည်းကောင်း,ချိုးကပ်သော ခြောက်သော ဆွမ်းသည်လည်းကောင်း ရောက်၏။ မျှလောက်ရုံမျှလျှင် မရောက်၊ ထိုရဟန်းသည် မိမိရသော အာဟာရကိုယူ၍ မယားဟောင်း၏အထံသို့ သွား၏၊ ထိုအခါ ထိုရဟန်း၏ သပိတ်ကို မယားဟောင်းသည် ယူ၍ ရှိခိုး၍ သပိတ်မှ ဆွမ်းကိုထုတ်၍ ကောင်းစွာ စီရင်အပ်ကုန်သော ယာဂု ဆွမ်း ဟင်းလျာတို့ကိုပေး၏။

ရဟန်းကြီးသည် ရသတဏှာဖြင့် ဖွဲ့အပ်သည်ဖြစ်၍ မယားဟောင်းကို စွန့်အံ့သောငှါ မတတ်နိုင်၊ ထိုမိန်းမသည် ဤရဟန်းကို နှောင်ဖွဲ့အပ်ပြီလော၊ မဖွဲ့အပ်ပြီလော စုံစမ်းအံ့ဟု တစ်နေ့သ၌ ဇနပုဒ်သားလူကို မြေဖြူ မြေညက်ဖြင့် ရေချိုးစေ၍ အိမ်၌နေစေ၍ ထိုလူ၏ အခြံအရံ ဖြစ်ကုန်သော နှစ်ယောက် သုံးယောက်ကုန်သော လူတို့ကိုခေါ်စေ၍ အတန်ငယ် အတန်ငယ် သောက်ဖွယ် စားဖွယ်တို့ကို ပေးစေ၏၊ ထိုလူတို့သည် ခဲကုန် စားကုန်လျက် နေကုန်၏၊ အိမ်တံခါးဝယ်လှည်းဘို့၌ နွားတို့ကိုကစေ၍ တင်ခုံသောလှည်းကိုလည်း ထားစေ၏၊ မိမိသည်ကား အိမ်မှ နောက်ဖြစ်သော တိုက်ခန်း၌နေ၍ မုန့်တို့ကိုကြော်၏၊ ရဟန်းကြီးသည်လာ၍အိမ်တံခါး၌ရပ်၏၊ထိုရဟန်းကြီးကိုမြင်၍ တစ်ယောက်သော ကြီးသောယောကျ်ားသည် အိမ့်ရှင် မဟာထေရ်တစ်ပါးသည် အိမ်တံခါး၌ ရပ်၏ဟုဆို၏၊ ရှိခိုး၍ ကျွန်ုပ်တို့၏အိမ်မှထွက်၍ တစ်ပါးသောအိမ်၌ ဆွမ်းခံပါလော့ဟု လျှောက်လော့ဟုမိန်းမသည်ဆို၏၊ အရှင်ဘုရား တစ်ပါးသော အိမ်၌ ဆွမ်းခံပါလော့ဟု အဖန်တလဲလဲ ဆို၍လည်း မသွားသော ထိုရဟန်းကြီးကို ယောကျ်ားအိုသည်မြင်၍ ရှင်မ မထေရ်သည် တစ်ပါးသို့မကြွဟုဆို၏၊ ထိုမိန်းမသည် လာလတ်၍ တင်းတိမ်ကိုပင့်၍ ကြည့်လျက် အိုဖခင် ငါတို့၏ လင်တည်းဟု ဆို၍ထွက်၍ သပိတ်ကိုယူ၍ အိမ်သို့သွင်း၍ ဆွမ်းကိုလုပ်ကျွေး၍ ဆွမ်းစားပြီးသည်၏အဆုံး၌ရှိခိုး၍ အရှင် အရှင်ဘုရားတို့သည် ဤသာသနာ၌ပင်လျှင် ပရိနိဗ္ဗာန်ပြုရစ်ကုန်လော့၊ အကျွန်ုပ်တို့သည် ဤမျှသောကာလ၌ တစ်ပါးသော အမျိုးကိုယူကုန်အံ့၊လင်မရှိသောအိမ်၌ အိမ်ထောင်သည် မတည်နိုင်၊ အကျွန်ုပ်တို့သည် တစ်ပါးသော အမျိုးကိုယူကုန်အံ့ဟုဝေးသော ဇနပုဒ်သို့ သွားကုန်အံ့၊ အရှင်ဘုရားတို့သည် မမေ့မလျော့ ဖြစ်ရစ်ကြကုန်လော့၊ အကျွန်ုပ်အား အပြစ်

ဒေါသသည် အကယ်၍ ရှိငြားအံ့၊ ထိုအပြစ် သည်းခံပါကုန်လော့ဟု ဆို၏၊ ရဟန်းကြီး၏ နှလုံးသည်ကွဲသောကာလကဲ့သို့ ဖြစ်၏၊ထိုအခါ ထိုရဟန်းကြီးသည် ထိုမိန်းမကို ငါသည်သင့်ကိုစွန့်ခြင်းငှါ မတတ်နိုင်၊မသွားလေလင့် ငါလူထွက်အံ့၊ ဤမည်သော အရပ်၌ ငါ့အားပုဆိုးကို ပေးလာလော့၊ ငါသည် သပိတ်သင်္ကန်းကို ဆရာဥပဇ္ဈာယ်တို့အား အပ်၍လာအံ့ဟု ဆို၏။

ထိုမိန်းမသည် ကောင်းပြီဟု ဝန်ခံ၏၊ ရဟန်းကြီးသည် ကျောင်းသို့သွား၍ ဆရာဥပဇ္ဈာယ်တို့အား သပိတ်သင်္ကန်းကို အပ်၏၊ ငါ့ရှင် အဘယ်ကြောင့် ဤသို့ ပြုသနည်းဟု မေးသည်ရှိသော် မယားဟောင်းကို စွန့်အံ့သောငှါ မတတ်နိုင်၊ လူထွက်အံ့ဟု ဆို၏၊ ထိုအခါ ထိုရဟန်းကြီးကို အလိုမရှိဘဲလျက်သျှင် ဆရာဥပဇ္ဈာယ်တို့သည် ဘုရားအထံသို့ ဆောင်၍ ရဟန်းသို့ အဘယ့်ကြောင့် အလိုမရှိသည်လျှင်ဖြစ်သော ဤရဟန်းကို ဆောင်ခဲ့ကုန်သနည်းဟု မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီးသော အရှင်ဘုရား ဤရဟန်းကြီးသည် ငြီးငွေ့၍ လူထွက်လို၏ဟု လျှောက်ကုန်၏၊ ထိုအခါ ထိုရဟန်းကြီးကို သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်း ငြီးငွေ့သောဟူသည် မှန်သလောဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်၏၊ အဘယ် သူသည် သင့်ကို ငြီးငွေ့စေသနည်းဟု မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီး သော အရှင်ဘုရား မယားဟောင်းသည် ငြီးငွေ့စေ၏ဟု နားတော်လျှောက် သည်ရှိသော် ရဟန်း ထိုမိန်းမသည် ယခုအခါ၌သာလျှင် သင်၏ အကျိုးမဲ့ကို ပြုဖူးသည် မဟုတ်သေး၊ ရှေး၌လည်း သင်၏အကျိုးမဲ့ကို ပြုဖူးသလျှင်ကတည်း၊ သင်သည် ထိုမိန်းမကိုမှီ၍ လေးပါးသောဈာန်မှယုတ်၍ ကြီးစွာသော ဆင်းရဲသို့ ရောက်၍ ငါ့ကိုမှီ၍ ထိုဆင်းရဲမှလွတ်၍ ပျောက်သောဈာန်ကို တစ်ဖန်ရဖူး၏ ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ကိုစွဲ၍ ပုရောဟိတ်၏ ပုဏ္ဏေးမဝမ်း၌ ဖြစ်၏၊ ဘုရားလောင်း၏ ဖွားသောနေ့၌လည်း မြို့အလုံး၌ လက်နက်တို့သည် ထွန်းပကုန်၏၊ ထိုကြောင့် ဘုရားလောင်းအား ဇောတိပါလ ဟူသောအမည်ကို မှည့်ကုန်၏၊ ထိုဇောတိပါလလုလင်သည် အရွယ်သို့ရောက် လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသောအတတ်တို့ကို သင်၍ မင်းအား အတတ်ကိုပြ၍ စည်းစိမ်ကိုပယ်၍ တစ်စုံတစ်ယောက်သော သူကို မသိစေမူ၍ မြတ်သော တံခါးဖြင့်ထွက်၍ တောသို့ဝင်၍ သိကြားပေးသော ကပိဋ္ဌကမည် သော ကျောင်း၌ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၏၊ထိုကပိဋ္ဌက ကျောင်း၌ သီတင်းသုံးနေသော ဘုရားလောင်းကို များစွာကုန်သော ရသေ့

အရာတို့သည် ခြံရံကုန်၏၊ များစွာသော အစည်းအဝေးသည် ဖြစ်၏၊ တပည့်ကြီး ခုနစ်ယောက်တို့သည် ရှိကုန်၏၊ ထိုတပည့်ကြီးတို့တွင် သာလိဿရမည်သော ရသေ့သည် မိမိကျောင်းမှထွက်၍ အရှေ့ဇနပုဒ်၌ သာတောဒိက မည်သော မြစ်၏အနား၌ အထောင်မကသော ရသေ့တို့သည် ခြံရံအပ်သည်ဖြစ်၍ နေ၏။

မေဏ္ဍိဿရမည်သောရသေ့သည် ပဉ္စာလမင်းနိုင်ငံ၌ ကလမ္ဗစုဋ္ဌကမည်သော နိဂုံး၌မှီ၍ အထောင်မကသော ရသေ့တို့သည် ခြံရံအပ်သည်ဖြစ်၍ နေ၏၊ ပဗ္ဗတအမည်ရှိသော ရသေ့သည် တစ်ခုသောတောအုပ်ဇနပုဒ်ကိုမှီ၍ အထောင်မကသောရသေ့တို့သည် ခြံရံအပ်သည်ဖြစ်၍ နေ၏၊ ကာဠဒေဝိလ မည်သော ရသေ့သည် အဝန္တိဒက္ခိဏာပထ၌ တစ်ခဲနက်သောတောင်ကို အမှီပြု၍အထောင်မကသော ရသေ့တို့သည် ခြံရံအပ်ကုန်သည်ဖြစ်၍ နေ၏၊ ကိသဝစ္ဆမည်သောရသေ့သည် တစ်ယောက်တည်းသာလျှင် ဒဏ္ဍကီမင်း၏ ကုမ္ဘဝတီမြို့ကိုမှီ၍ ဥယျာဉ်၌ နေ၏၊ အနုသိဿရသေ့သည်ကား ဘုရားလောင်းအား လုပ်ကျွေးလျက် ဘုရားလောင်း၏အထံ၌နေ၏၊ ကာဠဒေဝိလရသေ့၏ညီဖြစ်သော နာရဒရသေ့သည်ကား မဇ္ဈိမဒေသ၌ အရဉ္ဇရဂိရိမည်သော တောင်ကြန့်ရက်အကြား၌ တစ်ပါးတည်းသာလျှင် တစ်ခုသော လိုဏ်၌နေ၏၊ အရဉ္ဇရဂိရိတောင်၏ အနီး၌ တစ်ခုသော ပြွမ်းသော သူရှိသော နိဂုံးသည် ရှိ၏၊ အရဉ္ဇရဂိရိတောင်နိဂုံး၏အကြား၌ ကြီးသောမြစ်သည် ရှိ၏။ ထိုမြစ်ကိုများစွာကုန်သော လူတို့သည် ကူးကုန်၏၊ မြတ်သော အဆင်းကိုဆောင်ကုန်သော ပြည့်တန်ဆာမတို့သည်လည်း ယောကျ်ားတို့ကို ဖြားယောင်းကုန်လျက် ထိုမြစ်ကမ်းနား၌ နေကုန်၏။ နာရဒရသေ့သည် ထိုပြည့်တန်ဆာမတို့တွင် တစ်ယောက်သော ပြည့်တန်ဆာမကိုမြင်၍ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ဈာန်ကို ကွယ်စေ၍ အာဟာရကို မသုံးဆောင်ဘဲ ခြောက်ကပ်သော ကိုယ်ရှိသည်ဖြစ်၍ ကိလေသာ၏အလိုသို့လိုက်၍ ခုနစ်ရက်ပတ်လုံး လျောင်း၍ အိပ်၏၊ ထိုနာရဒရသေ့၏ အစ်ကိုဖြစ်သော ကာဠဒေဝိလရသေ့သည် ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိလေ၍ ကောင်းကင်ဖြင့် လာ၍ လိုဏ်သို့ဝင်၏၊ နာရဒရသေ့သည် ကာဠဒေဝိလရသေ့ကို မြင်၍ အဘယ်ကြောင့် အရှင်လာသနည်းဟု မေး၏၊ အရှင်သည် မချမ်းသာ၊ အရှင့်ကို ကုစားအံ့သောငှါ လာ၏ဟုဆို၏၊ ထိုအခါ ကာဠဒေဝိလရသေ့ကို နာရဒ ရသေ့သည် အရှင်သည် မဟုတ်မမှန်သော စကားကို ဆို၏ဟု မုသာဝါဒဖြင့် နှိပ်လေ၏၊ ကာဠဒေဝိလရသေ့သည် နာရဒရသေ့ကို စွန့်ခြင်းငှါ မသင့်ဟု သာလိဿရရသေ့ကို ပင့်ဆောင်၏၊ မဏ္ဍိဿရ ရသေ့ကိုလည်း ပင့်ဆောင်၏၊ ပဗ္ဗတရသေ့ကိုလည်း ပင့်ဆောင်သေး၏၊ သုံးပါးကုန်သော ရသေ့တို့ကိုလည်း မုသာဝါဒဖြင့် နှိပ်လေ၏၊ ကာဠဒေဝိလရသေ့သည် သရဘင်္ဂဆရာကို ပင့်ဆောင်အံ့ဟု ကောင်းကင်ဖြင့် သွားပြီး၍ သရဘင်္ဂဆရာကို ပင့်ဆောင်၏။

သရဘင်္ဂဆရာသည် လာလတ်၍လျှင် နာရဒရသေ့ကိုမြင်၍ ဣန္ဒြေတို့၏အလို သို့ လိုက်၏ဟု သိ၍ နာရဒ သင်သည် ဣန္ဒြေတို့၏ အလိုသို့ လိုက်သလောဟု မေး၏၊ နာရဒရသေ့သည် ထိုစကားကို ကြား၍လျှင် ထ၍ ရှိခိုး၍ ဆရာ အကျွန်ုပ်သည် ဣန္ဒြေတို့၏အလိုသို့ လိုက်၏ဟု ဆိုသည်ရှိသော် နာရဒဣန္ဒြေ တို့၏အလိုသို့ လိုက်သောသူ မည်သည်ကား ဤကိုယ်၏အဖြစ်၌ ခြောက်ကပ် ကုန်လျက် ဆင်းရဲကိုခံရကုန်၍ နှစ်ခုမြောက်သော ကိုယ်၏အဖြစ်၌ ငရဲ၌ဖြစ် ကုန်၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၆၀။ ယော ဣန္ဒြိယာနံ ကာမေန၊ ဝသံ နာရဒ ဂစ္ဆတိ။
သော ပရိစ္စဇုဘော လောကေ၊ ဇီဝန္တောဝ ဝိသုဿတိ။

နာရဒ ကိလေသာ ကာမ၏ အစွမ်းအားဖြင့် ဣန္ဒြေတို့၏ အလိုသို့ လိုက်မှားသော ယောကျ်ားသည် နှစ်ပါးကုန်သော လူ့ပြည်နတ်ပြည်ဘုံကို စွန့်၍ ငရဲအစရှိသည်ဘုံ၌ဖြစ်၏၊ အသက်ရှင်စဉ်လျှင် ကြီးစွာသောဆင်းရဲခြင်း သို့ ရောက်၏။

ထိုစကားကိုကြား၍ နာရဒရသေ့သည် ဆရာ ကာမကို မှီဝဲခြင်း မည်သည် ကား ချမ်းသာ၏၊ ဤသို့သဘောရှိသော ချမ်းသာကို ဆရာသည် အဘယ်ကို ရည်၍ ဆင်းရဲ၏ဟုဆိုသနည်းဟု မေး၏၊ ထိုအခါ နာရဒရသေ့အား သရဘင်္ဂ ဆရာသည် နာရဒ၊ ထိုသို့တပြီးကား နာလော့ဟု ဤဂါထာကိုဆို၏။

၆၁။ သုခဿာနန္တရံ ဒုက္ခံ၊ ဒုက္ခဿာ နန္တရံ သုခံ။
သောသိ ပတ္တော သုခါ ဒုက္ခံ၊ ပါဋိကင်္ခ ဝရံ သုခံ။

နာရဒ သတ္တဝါတို့သည် ကာမသုခ၏ အကြားမဲ့၌ ငရဲ အစရှိသည်ဘုံ၌ ဆင်းရဲခြင်းသို့ ရောက်ကုန်၏။ သီလ ကိုစောင့်ရှောက်သော ဆင်းရဲ၏။ အကြား မဲ့၌ လူ့ပြည် နတ်ပြည်၌ဖြစ်သော ချမ်းသာနိဗ္ဗာန်ချမ်းသာသို့ ရောက်ကုန်၏။ သတ္တဝါဖြစ်သော ထိုသင်သည် ဈာန်ချမ်းသာကို ပျက်စီး၍ ဈာန်ချမ်းသာမှ ကာမကိုမှီသော စိတ်ဆင်းရဲခြင်းသို့ ရောက်၏၊ မြတ်သော ဈာန်ချမ်းသာကို အလိုရှိလော့ တောင့်တလော့။

နာရဒရသေ့သည် ဆရာ ဤဆင်းရဲ ကား သည်းခံနိုင်ခဲ၏၊ အကျွန်ုပ် သည်းခံ အံ့သောငှါ မတတ်နိုင်ဟု ဆို၏၊ ထိုအခါ နာရဒရသေ့ကို ဘုရားလောင်းသည် နာရဒ ဖြစ်လာသော ဆင်းရဲမည်သည်ကို သည်းခံအပ်သလျှင်ကတည်းဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၆၂။ ကိစ္စကာလေ ကိစ္စသဟာယော၊ ယော ကိစ္စံ နာတိဝတ္တတိ။
သ ကိစ္စန္တံ သုခံ ဓိရော၊ ယောဂံ သမဓိဂစ္ဆတိ။

နာရဒ ဆင်းရဲဖြစ်သောကာလ၌ ဆင်းရဲကိုပယ်ခြင်း၏အကြောင်းကိုပြုလျက် ဆင်းရဲကို သည်းခံသည်ဖြစ်၍ ဆင်းရဲကို အလိုသို့မလိုက်သော ထိုပညာရှိသည် ဆင်းရဲ၏အဆုံးဟုဆိုအပ်သော ယောဂဟုဆိုအပ်သော ချမ်းသာကိုရ၏။

နာရဒရသေ့သည် ဆရာ ကာမသုခမှုသည်သား မြတ်သောချမ်းသာ ဖြစ်၏၊ ထိုမြတ်သောချမ်းသာကို အကျွန်ုပ်သည် စွန့်အံ့သောငှါ မတတ်နိုင်ဟု ဆို၏၊ ထိုအခါ နာရဒရသေ့ကို ဘုရားလောင်းသည် နာရဒ တရားမည်သည်ကို တစ်စုံတစ်ခုသော အကြောင်းဖြင့် မဖျက်ဆီးအပ်ဟု ဆို၍ ဤဂါထာကိုဆို၏—

၆၃။ န ဟေဝ ကာမာန ကာမာ၊ နာနတ္ထာ နာတ္ထကာရဏာ။
န ကတဥ္စ နိရင်္ကတွာ၊ ဓမ္မာ စဝိတု မရဟသိ။

နာရဒ ဝတ္ထုကာမတို့ကို တောင့်တသဖြင့် တရားမှ ရွေ့လျောခြင်းငှါ မထိုက်၊ အကျိုးမဲ့ဖြစ်သဖြင့် တရားမှ ရွေ့လျောခြင်းငှါ မထိုက်၊ ဤမည်သောအကျိုး သည် ဖြစ်လတ္တံ့ဟု အကျိုးစီးပွားကို လိုခြင်းဟူသော အကြောင်းကြောင့် လည်း တရားမှ ရွေ့လျောခြင်းငှါ မထိုက်၊ ဖြစ်စေအပ်ပြီးသော စျာန်ကိုလည်း ဖျက်ဆီး၍ တရားမှ ရွေ့လျောခြင်းငှါ မထိုက်။

ဤသို့ သရဘင်္ဂဆရာသည် လေးဂါထာတို့ဖြင့် တရားဟောပြီးသည်ရှိသော် ကာဠဒေဝိလ ရသေ့သည် မိမိညီကို ဆုံးမလိုရကား ဤဂါထာကို ဆို၏—

၆၄။ ဒက္ခံ ဂဟပတီ သာဓု၊ သံဝိဘဇ္ဇဥ္စ ဘောဇနံ။
အဟာသော အတ္ထလာဘေသု၊ အတ္ထဗျာပတ္တိ အဗျထော။

နာရဒ အိမ်ရှင်တို့၏ မပျင်းမရိ လိမ္မာသည်၏ ဒ-ဖြစ်သည် ကောင်း၏၊ တရားစောင့်ကုန်သော ရဟန်း ပုဏ္ဏားတို့နှင့်တကွ ဝေဖန်၍ သုံးဆောင်ခြင်း သည်လည်း ကောင်း၏၊ စည်းစိမ်ဥစ္စာတို့ကိုရသော ကာလတို့၌ မမေ့မလျော့ သည်၏ အစွမ်းအားဖြင့် မပေါ်မလွင် မရွှင်မလန်းသည်၏ အဖြစ်သည် ကောင်း၏၊ အကျိုးစီးပွား၏ ပျက်စီးရာ ထိုအခါ၌ မပင်မပန်းခြင်းသည် ကောင်း၏။

ကာဠဒေဝိလရသေ့သည် နာရဒရသေ့အား ဆိုဆုံးမသည်၏ အဖြစ်ကို သိတော်မူ၍ သဗ္ဗညု မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်တော်မူပြီး၍ တစ်ဖန် ဤဂါထာကို ဟောတော်မူ၏—

၆၅။ ဧတ္တာဝတေတံ ပဏ္ဍိတ္တံ၊ အပိ သော ဒေဝိလော ဗြဝိ။
န ယိ တော ကိဉ္စိ ပါပိယော ယေ၊ ဣန္ဒြိယာနံ ဝသံ ဝဇေ။

ရဟန်းတို့ ဤမျှဖြင့် ထိုပညာရှိကို စင်စစ် ထိုဒေဝိလ ရသေ့သည် ဆို၏၊ ဣန္ဒြေတို့၏ အလိုသို့လိုက်သော ဤသူအောက် ဧထူးသဖြင့် ယုတ်မာသော တစ်စုံတစ်ယောက်သောသူမည်သည် မရှိ။

ထိုအခါ နာရဒရသေ့ကို သရဘင် ဆရာရသေ့သည် ခေါ်၍ နာရဒ ရှေးဦးစွာ သော ဤစကားကို နားထောင်ဦးလော့၊ ဧကြင်သူသည် မဆွကလျှင် ပြုအပ် သည်နှင့်ယှဉ်သော အမှုကို မပြု၊ ထိုသူသည် တောသို့ ဝင်သော လုလင်ကဲ့သို့ စိုးရိမ်ရ၏၊ ငိုကြွေးရ၏ဟု ဆို၍ ဧတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ တစ်ခုသော ကာသိနိဂုံး၌ ဧဆင်းလှသော တစ်ယောက်သော ပုဏ္ဏားလုလင်သည် ဖြစ်၏၊ အားနှင့်ပြည့်စုံ၏၊ ဆင်ပြောင် အားကို ဆောင်နိုင်၏၊ ထိုလုလင်သည် ငါ့အား လယ်လုပ်ခြင်းအမှု အစရှိသည် တို့ကို ပြု၍ မိဘတို့အား လုပ်ကျွေးခြင်းတို့ဖြင့် အဘယ်ပြုအံ့နည်း၊ သားမယား ဖြင့် အဘယ်ပြုအံ့နည်း၊ ဒါန အစရှိသော ကောင်းမှုတို့ဖြင့် အဘယ်ပြုအံ့နည်း၊ တစ်စုံတစ်ယောက်သောသူကို မမွေးမူ၍ တစ်စုံတစ်ခုသော ကောင်းမှုကို မပြုမူ၍ တောသို့ဝင်၍ သမင်တို့ကိုသတ်၍ ကိုယ်ကိုသာလျှင် မွေးအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုလုလင်သည် ငါးပါးသော လက်နက်တို့ကို ဖွဲ့လျက် ဟိမဝန္တာသို့ သွား၍ အထူးထူးသော သားတို့ကို သတ်၍ စားလျက် ဟိမဝန္တာဝယ် ဝိဓဝါမည်သော မြစ်ကမ်းနား၌ တောင်တို့သည် ခြံရံအပ်သော ကြီးသော တောင်ကွန်ရက်သို့ ရောက်၍ တောင်ကွန်ရက်၌ သားတို့ကိုသတ်၍ မီးကျီး၌ကင်အပ်သော အသား တို့ကို စားလျက်နေ၏၊ ထိုလုလင်သည် ငါကား အခါခပ်သိမ်း ခွန်အားနှင့်ပြည့်စုံ သည် မဖြစ်လတ္တံ့၊ အားနည်းသောကာလဝယ် တော၌ လှည့်လည်အံ့သောငှါ မတတ်နိုင်လတ္တံ့၊ ယခုလျှင် အထူးထူးသော အမျိုးရှိကုန်သော သားတို့ကို တောင်ကွန်ရက်သို့ သွင်း၍ တံခါးကို ယှဉ်၍ တော၌ မသွားလည်မူ၍ အလို အတိုင်း သားတို့ကိုသတ်၍ စားအံ့ဟု ကြံ၏၊ ကြံပြီး၍ ကြံတိုင်းပြု၏၊ ထိုအခါ လုလင်အား ကာလလွန်သည် ရှိသော် ထိုမကောင်းမှုကံသည် အထွတ်အထိပ်သို့ ရောက်၍ မျက်မှောက်သောကိုယ်၏ အဖြစ်၌ အကျိုးကိုပေး၏၊ ထိုလုလင်သည် မိမိ၏ လက်ခြေတို့ကို မရ၊ ထိုမှဤမှ ရွေ့ရှားအံ့သောငှါ မတတ်နိုင်၊ တစ်စုံတစ်ခု သော ခဲဖွယ်ဘောဇဉ် သောက်ရေကိုမမြင်၊ ကိုယ်သည်ညှိုး၏၊ လူပြိတ္တာဖြစ်၏၊ နွေအခါ မြေကြီးကဲ့သို့ ကိုယ်သည်ကွဲ၍ အရေးတို့သည် ထင်၏၊ ထိုလုလင်သည်

မကောင်းသောအဆင်း မကောင်းသော သဏ္ဌာန်ရှိလျက် ကြီးစွာသောဆင်းရဲကို ခံရ၏၊ ဤသို့ မြင့်ရှည်သောကာလသို့ ရောက်သည့်ရှိသော် သိဝိတိုင်း၌ သိဝိမည်သော မင်းသည် တောပယ် မီးကျီး၌ ကင်အပ်သော အမဲကို စားအံ့ဟု အမတ်တို့အား ပြည်ကို ဆောင်နှင်းခဲ့၍ ငါးပါးသော လက်နက်တို့ကို ဖွဲ့လျက် တောသို့ ဝင်၍ သားတို့ကိုသတ်၍ အသားကို စားလျက် အစဉ်သဖြင့် ထိုတောင်ကွန်ရက် အရပ်သို့ ရောက်၍ ထိုယောကျာ်းကို မြင်၍ ကြောက်လျက် လျှင် သတ်ကို ဖြစ်စေ၍ အချင်းယောကျာ်း သင်သည် အဘယ်အမည်ရှိသော သူနည်းဟု မေး၏၊ အရှင် အကျွန်ုပ်သည် လူပြိတ္တာတည်း၊ မိမိမကောင်းမှုကံ၏ အကျိုးကို ခံစားရ၏၊ အရှင်သည် အဘယ်သူနည်းဟု မေး၏၊ ငါသည် သိဝိမင်းတည်းဟု ဆို၏၊ ထိုသို့ မင်းဖြစ်လျက် အဘယ်ကြောင့် ဤအရပ်သို့ လာသနည်းဟု မေး၏၊ သမင်သားကို စားအံ့သောငှါ လာ၏ဟု ဆို၏၊ ထိုအခါ သိဝိမင်းအား လူပြိတ္တာသည် မြတ်သောမင်းကြီး အကျွန်ုပ်သည် ဤသမင်သားကို စားလိုခြင်းဟူသော အကြောင်းကြောင့်လျှင် လာလတ်၍ လူပြိတ္တာ ဖြစ်ရ၏ဟု အလုံးစုံသော အကြောင်းကို အကျယ်အားဖြင့် ဆို၍ မိမိ၏ ဆင်းရဲသော အဖြစ်ကို မင်းအား ကြားလိုရကား ဤဂါထာတို့ကို ဆို၏-

၆၆။ အမိတ္တာနံဝ ဟတ္ထတ္ထံ၊ သိဝိ ပပ္ပေါတိ မာမိဝ။
ကမ္မံ ဝိဇ္ဇာ ဒက္ခေယျ၊ ဝိဝါဟံ သီလ မဒ္ဒဝံ။
ဧတေ စ ပသေ ဟာပေတွာ၊ နိဗ္ဗတ္တော သေဟိ ကမ္မေဘိ။

၆၇။ သောဟံ သဟဿ ဇီနောဝ၊ အဗန္ဓု အပရာယနော။
အရိယဓမ္မာ အပက္ကန္တော၊ ယထာ ပေတော တထေဝ ဟံ။

၆၈။ သုခ ကာမေ ဒုက္ခာပေတွာ၊ အာပန္နောသ္မိ ပဒံ ဣမံ။
သော သုခံ နာဓိဂစ္ဆာမိ၊ ဌိတော ဘာဏုမတာမိဝ။

သိဝိမင်းကြီး ငါကဲ့သို့သောသူသည် ရန်သူတို့၏ လက်၌ ပျက်စီးရသောသူကဲ့သို့ ပျက်စီးရ၏၊ လယ်လုပ်ခြင်း အစရှိသော ဒေသက်မွေးခြင်းကို ပြီးစေတတ်သော အမှုလည်းကောင်း, ဆင်စီးမြင်း အစရှိသော အတတ်လည်းကောင်း စည်းစိမ်ကို ဖြစ်စေခြင်း၌ လိမ္မာသည်၏ အဖြစ်ကိုလည်းကောင်း, ထိမ်းမြားခြင်းလည်းကောင်း, ငါးပါးသောသီလ နူးညံ့သော စကားကို ဆိုတတ်သော အဆွေခင်ပွန်းကို ပေါင်းဖော်ခြင်း လည်းကောင်း, ဤစည်းစိမ်ကို ပေးတတ်ကုန်သော သဘောတို့ကို ယုတ်စေ၍ အကျွန်ုပ်သည် မိမိဥစ္စာ ဖြစ်ကုန်သော မကောင်းမှုကံတို့ဖြင့် ဥစ္စာတစ်ထောင် ရှုံးသောသူ ကဲ့သို့ အဆွေခင်ပွန်း မရှိသည်, လဲလျောင်းရာ မရှိသည်ဖြစ်၍ လူပြိတ္တာ ဖြစ်ရ၏။

အကျွန်ုပ်သည် သူမြတ်တို့၏ အကျင့်မှ ဖဲခဲ့၍ ပြိတ္တာဘဝဖြင့်သာလျှင် ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့ကို ဆင်းရဲစေ၍ ဤသို့ သဘောရှိသော ဆင်းရဲအစုသို့ ရောက်ရ၏၊ အကျွန်ုပ်သည် မီးကျီးတို့ဖြင့် ထက်ဝန်းကျင်မှ ရံနေသကဲ့သို့ အပူလောင်သဖြင့် တည်လျှက် ချမ်းသာမှုကို မရ။

ဤသို့ဆိုလျှက် မြတ်သောမင်းကြီး အကျွန်ုပ်သည် ချမ်းသာကို လိုလျက် သူတစ်ပါးကို ဆင်းရဲစေ၍ မုက်မှောက်သော ကိုယ်၏အဖြစ်၌လျှင် လူပြိတ္တာဖြစ်၏၊ ထို့ကြောင့် သင်မင်းကြီးသည် မကောင်းမှုကို မပြုလင့်၊ မိမိမြို့သို့ သွား၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြုလော့ဟု ဆို၏၊ မင်းသည် မြို့သို့ပြန်၍ လူပြိတ္တာဆိုတိုင်းပြု၍ နတ်ပြည်ကိုပြည့်စေ၏။ သရဘင်္ဂဆရာသည် ဤအကြောင်းကို ဆောင်၍ နာရဒရသေ့ကို မှတ်စေ၏။ နာရဒရသေ့သည် သရဘင်္ဂဆရာ၏ တရားစကားဖြင့် သံဝေဂကိုရ၍ သရဘင်္ဂဆရာကို ရှိခိုး၍ ကန်တော့၍ ကသိုဏ်းပရိကံကို စီးဖြန်း၍ ပျောက်သော ဈာန်ကို တစ်ဖန် ပကတိရှိအောင် ပြု၏။ သရဘင်္ဂဆရာသည် နာရဒရသေ့အား ထိုလိုဏ်၌ နေစိမ့်သောငှါ မပေးမူ၍ နာရဒရသေ့ကို ခေါ်၍ မိမိကျောင်းသို့သွား၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ငြီးငွေ့သော ရဟန်းသည် ထိုအခါ နာရဒရသေ့ဖြစ်ဖူးပြီ၊ ယခုအခါ ယသောဓရာသည် ထိုအခါ ပြည့်တန်ဆာမ ဖြစ်ဖူးပြီ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ သာလိဿရ ရသေ့ဖြစ်ဖူးပြီ၊ ယခုအခါ ကဿပသည် ထိုအခါ မဏ္ဍိဿရ ရသေ့ဖြစ်ဖူးပြီ၊ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ ပဗ္ဗတရသေ့ဖြစ်ဖူးပြီ၊ ယခုအခါ ကစ္စည်းမထေရ်သည် ထိုအခါ ကာလဒေဝိလရသေ့ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ အနုပိယရသေ့ ဖြစ်ဖူးပြီ၊ ယခုအခါ ရှင်မဟာမောဂ္ဂလ္လာန်သည် ထိုအခါ ကိသဝစ္ဆရသေ့ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သရဘင်္ဂဆရာရသေ့ ဖြစ်ဖူးပြီးဟု ဇာတ်ကိုပေါင်းတော်မူ၏။

(ဣန္ဒြေလိုလိုက်၊ ငရဲဆိုက်၊ လူ၌ဆင်းရဲစွာ။)

လေးရာ့နှစ်ဆယ့်သုံးခုမြောက်သော ဣန္ဒြိယဇာတ်သည်ပြီး၏။

## ၄၂၄-အာဒိတ္တဇာတ်

## နှိုင်းနှိုင်းချိန်ချိန်သုခမိန်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် အာဒိတ္တသို့ အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအာဒိတ္တဇာတ်ကို ၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အသဒိသဒါနကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအသဒိသဒါနကို မဟာဂေါဝိန္ဒသုတ် အဋ္ဌကထာအားဖြင့် အကျယ်ချဲ့၍ ဆိုအပ်၏။ ထိုအသဒိသဒါနကို လှူသောနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ကောသလမင်းသည် စိစစ်ရွေးချယ်၍လျှင် ကောင်းမှု၏ စိုက်ပျိုးရာ လယ်ယာမြေကိုသိ၍ ဘုရားအမှူးရှိသော အရိယာသံဃာအား အသဒိသဒါနကို လှူ၏ဟူ၍ စကားကို ဖြစ်စေကြကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ကောသလမင်းသည် စိစစ်ရွေးချယ်၍ အတုမရှိ မြတ်သော ကောင်းမှု၏စိုက်ပျိုးရာ လယ်ယာမြေသဖွယ် ဖြစ်တော်မူသော ဘုရားအမှူးရှိသော သံဃာ၌ အလှူပေးခြင်းသည် အံ့ဖွယ်မရှိသေး၊ ရှေးပညာရှိတို့သည်လည်း စိစစ်ရွေးချယ်၍ အလှူကြီးကို ပေးလှူကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ သိဝိတိုင်း ရောရုဝမြို့၌ ရောရုဝမည်သော မင်းကြီးသည် ဆယ်ပါးသော မင်းကျင့်တရားတို့ကို မပျက်စေမူ၍ လေးပါးကုန်သော သင်္ဂဟဝတ္ထုတို့ဖြင့် လူများကို သင်္ဂြိုဟ်ထောက်ပံ့လျက် လူများ၏ မိဘအရာ၌တည်၍ ဆင်းရဲသော ခရီးသွား ဖုန်းတောင်းယာစကာတို့အား အလှူကြီးပေးခြင်းကို ပြုစေ၏။ ထိုရောရုဝမင်းကြီး၏ မိဖုရားသည် သမုဒ္ဒဝိဇယာမည်၏ ပညာရှိ၏။ ဉာဏ်နှင့်ပြည့်စုံ၏။ ထိုရောရုဝမင်းကြီးသည် တစ်နေ့သ၌ အလှူတင်းကုပ်ကို ကြည့်လျက် ငါ၏အလှူကို သီလမရှိကုန်ကော လျှပ်ပေါ်လော်လည်ကုန်သော သူတို့သည် စားကုန်၏။ ထိုအလှူသည် ငါ့ကိုမနှစ်သက်စေ၊ ငါသည်ကား သီလရှိကုန်သော ပစ္စေကဗုဒ္ဓါတို့အားအလှူပေးလို၏။ ထိုပစ္စေကဗုဒ္ဓါတို့သည်လည်း ဟိမဝန္တာအရပ်၌ နေကုန်၏။ အဘယ်သူသည် ထိုပစ္စေကဗုဒ္ဓါတို့ကို ပင့်ဖိတ်၍

ဆောင်ပါလတ္တံ့နည်း၊ အဘယ်သူကို စေရအံ့နည်းဟု ကြံ၍ ထိုအကြောင်းကို မိဖုရားအားကြားအံ၏။ ထိုအခါ ထိုရောရုဝမင်းကို မိဖုရားသည် မြတ်သောမင်းကြီး စိုးရိမ်တော်မမူပါလင့်၊ အကျွန်ုပ်တို့၏ လှူအပ်သော အလှူ၏အာနုဘော် သီလ၏ အာနုဘော် သစ္စာ၏အာနုဘော်ဖြင့် ပန်းတို့ကိုစေ၍ ပစ္စေကဗုဒ္ဓါတို့ကို ပင့်ဖိတ်စေ၍ ပစ္စေကဗုဒ္ဓါတို့သည် ကြွရောက်လာသောအခါ အလုံးစုံသော ပရိက္ခရာနှင့် ပြည့်စုံသောအလှူကို ပေးကုန်အံ့ဟု ဆို၏။

မင်းသည် ကောင်းပြီဟု ဝန်ခံ၍ အလုံးစုံသော မြို့၌ နေကုန်သော သူတို့သည် သီလကို ဆောက်တည်စေကုန်ဟု မြို့၌ စည်လည်စေ၍ မိမိသည်လည်း ပရိသတ် နှင့်တကွ ဥပုသ်ဆောက်တည်၍ ကြီးစွာသော လှူဖွယ်ဝတ္ထုတို့ကို ဖြစ်စေ၍ မုလေးပန်းတို့ဖြင့် ပြည့်သော ရွှေအုပ်ကိုယူစေ၍ ပြာသာဒ်မှသက်၍ နန်းရင်ပြင်၌ ရပ်၍ ငါးပါးသော အင်္ဂါတို့ကို မြေ၌တည်စေ၍ အရှေ့မျက်နှာသို့ ရှေးရှုရှိခိုး၍ အရှေ့မျက်နှာ၌ ရဟန္တာတို့ကို ရှိခိုး၏၊ အကျွန်ုပ်တို့၌ တစ်စုံတစ်ခုသော ကျေးဇူးသည် အကယ်၍ ရှိငြားအံ့၊ အကျွန်ုပ်တို့၌ သနားတော်မူ၍ အကျွန်ုပ်တို့ ဆွမ်းကိုခံပါကုန်လော့ဟုဆို၍ အရှေ့အရပ်မျက်နှာသို့ ပန်းခုနစ်ဆုပ်တို့ကို ပစ်၏။

အရှေ့အရပ်မျက်နှာ၌ ပစ္စေကဗုဒ္ဓါတို့၏ မရှိခြင်းကြောင့် နက်ဖြန်နေ့၌ မကြွလာကုန်၊ နှစ်ရက်မြောက်သောနေ့၌ တောင်အရပ်မျက်နှာကို ရှိခိုး၏၊ ထိုအရပ်မှလည်း ပစ္စေကဗုဒ္ဓါတို့သည် မကြွလာကုန်၊ သုံးရက်မြောက်သောနေ့၌ အနောက်အရပ် မျက်နှာကို ရှိခိုး၏၊ ထိုအနောက်အရပ်မျက်နှာမှလည်း ပစ္စေကဗုဒ္ဓါတို့သည် မကြွလာကုန်၊ လေးရက်မြောက်သောနေ့၌ မြောက်အရပ်မျက်နှာကို ရှိခိုး၏၊ ရှိခိုးပြီး၍လည်း မြောက်ဟိမဝန္တာအရပ်၌ သီတင်းသုံး နေတော်မူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် အကျွန်ုပ်တို့၏ ဆွမ်းကို ခံတော်မူစေကုန်သတည်းဟု ပန်းခုနစ်ဆုပ်တို့ကို ပစ်လွှတ်၏။

ပန်းတို့သည် သွား၍ နန္ဒမူလိုဏ်၌ ခုနစ်ဆူကုန်သော ပစ္စေကဗုဒ္ဓါတို့၏ အပါး၌ ကျကုန်၏၊ ထိုပစ္စေကဗုဒ္ဓါတို့သည် ဆင်ခြင်ကုန်လတ်သော် မင်းသည် မိမိတို့အား ပင့်ဖိတ်သည်၏ အဖြစ်ကို သိ၍ နက်ဖြန် သံဃာ့ထေရ်သည် ထို ပစ္စေကဗုဒ္ဓါတို့ကိုခေါ်၍ ဆင်းရဲကင်းသော အရှင်တို့ အရှင်တို့အား ရောရုဝ မင်းသည် ပင့်ဖိတ်၏၊ အရှင်တို့သည် ရောရုဝမင်းအား သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို ပြုကြကုန်လော့ဟု ဆို၏၊ ခုနစ်ဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ကောင်းကင်ဖြင့် ကြွလာ၍ မင်းအိမ်တံခါး၌ ဆင်းသက်ကုန်၏၊ ထိုပစ္စေကဗုဒ္ဓါတို့ကို မင်းသည် မြင်၍ ဝမ်းမြောက်ရွှင်လန်း ပြုံးလျက် ရှိခိုး၍ ပြာသာဒ်သို့ တက်၍ ကြီးစွာသော ပူဇော်သက္ကာရကို ပြု၍ အလှူပေး၍ ဆွမ်းဘုဉ်းပေးပြီးသော

အဆုံး၌ နက်ဖြန်အကျိုးငှါ, နက်ဖြန်အကျိုးငှါဟူ၍ ဤသို့ ခြောက်ရက်ပတ်လုံး ပင့်ဖိတ်၍ ခုနစ်ရက်မြောက်သော နေ့၌ အလုံးစုံသော ပရိက္ခရာအလှူကို စီရင်၍ ရတနာ ခုနစ်ပါးဖြင့် စီရင်အပ်သော ညောင်စောင်းအင်းပျဉ် အစရှိသည်တို့ကို ခင်းစေ၍ သင်္ကန်း ထီး အစရှိကုန်သော ခပ်သိမ်းသော ရဟန်းအသုံးအဆောင်တို့ကို ခုနစ်ပါးကုန်သော ပစ္စေကဗုဒ္ဓါတို့၏ အထံတော်၌ ထား၍ အကျွန်ုပ်တို့သည် ဤအလုံးစုံသော ပရိက္ခရာတို့ကို အရှင်ဘုရားတို့အား လှူပါကုန်၏ဟုဆို၍ ထိုပစ္စေကဗုဒ္ဓါတို့၏ ဆွမ်းဘုဉ်းပေးပြီးသည်၏အဆုံး၌ မင်းမိဖုရား နှစ်ပါးတို့သည် ရှိခိုးကုန်လျက် တည်ကုန်၏၊ ထိုအခါ မင်း မိဖုရား နှစ်ပါးတို့အား အနုမောဒနာ ပြုလိုရကား သံဃာ့ထေရ်သည် ဤဂါထာတို့ကိုဟောတော်မူ၏—

၆၉။ အာဒိတ္တသ္မိံ အဂါရသ္မိံ၊ ယံ နီဟရတိ ဘာဇနံ။
တံ တဿ ဟောတိ အတ္ထာယ၊ နောစ ယံ တတ္ထ ဍယှတိ။

၇၀။ ဧဝ မာဒီပိတော လောကော၊ ဇရာယ မရဏေန စ။
နီဟရေထေဝ ဒါနေန၊ ဒိန္နံ ဟောတိ သုနီဟတံ။

မြတ်သောမင်းကြီး အိမ်ကို မီးလောင်ရာဝယ် ထုတ်ဆောင်၍မီးမလောင်ဘဲ ကျန်ရှိသော ပစ္စည်းအသုံးအဆောင်မှန်သမျှသည် ထိုအိမ်ရှင်အတွက် အကျိုး ရှိရလေသကဲ့သို့ ထို့အတူ အိုခြင်းမီး, သေခြင်းမီး တောက်လောင်နေသော လောကကြီး၌ ဒါနပြုလုပ်ခြင်းဖြင့် ပစ္စည်းကို ထုတ်ဆောင် သယ်ယူရမည်သာ တည်း၊ လှူဖွယ်ဝတ္ထုကို ပေးလှူခြင်းသည်သာလျှင် ဥစ္စာပစ္စည်းကို ကောင်းစွာ ထုတ်ဆောင်သည် မည်၏။

ဤသို့ သံဃာ့မထေရ်သည် အနုမောဒနာပြု၍ မြတ်သောမင်းကြီး မမေ့ မလျော့ဖြစ်လေ့ဟု မင်းအား အဆုံးအမကို ပေး၍ ကောင်းကင်သို့ ပျံ၍ ပြာသာဒ်အထွတ်ကို နှစ်ခြမ်းခွဲ၍ နန္ဒမူလိုဏ်၌ သက်၏၊ ထိုသံဃာ့ထေရ်၏ပရိက္ခရာ တို့သည် သံဃာ့ထေရ်နှင့်တကွ ပျံ၍ နန္ဒမူလိုဏ်၌လျှင် သက်၏၊မင်းနှင့် မိဖုရား၏ ကိုယ်အလုံးသည် ပီတိဖြင့် ပြည့်၏၊ ဤသို့ သံဃာ့ထေရ် ကြွပြီးသည်ရှိသော် ကြွင်းသော ပစ္စေကဗုဒ္ဓါတို့သည် ဤဂါထာတို့ဖြင့် အနုမောဒနာပြု၍ သံဃာ့ ထေရ်ကဲ့သို့လျှင် ပရိက္ခရာတို့နှင့်တကွ ကြွကုန်၏—

၇၁။ ယော ဓမ္မလဒ္ဓဿ ဒဒါတိ ဒါနံ၊ ဥဋ္ဌာန ဝီရိယာဓိဂတဿ ဇန္တု။
အတိက္ကမ္မသော ဝေတ္တရဏိံ ယမဿ၊ ဒိဗ္ဗာနိ ဌာနာနိ ဥပေတိ မစ္စော။

၇၂။ ဒါနဉ္စ ယုဒ္ဓဉ္စ သမာနမာဟု၊ အပ္ပါပိ သန္တာ ဗဟုကေ ဇိနန္တိ။
အပ္ပမ္ပိ စေ သဒ္ဒဟာနော ဒဒါတိ၊ တေနေဝ သော ဟောတိ သုခီ ပရတ္ထ။

၃၃။ ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ၊ ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊ ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

၃၄။ ယော ပါဏဘူတာနိ အဟေဌယံ စရံ၊ ပရူပဝါဒါ န ကရောတိ ပါပံ။
ဘီရုံ ပသံသန္တိ န တတ္ထ သူရံ၊ ဘယာ ဟိ သန္တော န ကရောန္တိ ပါပံ။

၃၅။ ဟီနေန ဗြဟ္မစရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ။
မဇ္ဈိမေန စ ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။

၃၆။ အဒ္ဓါ ဟိ ဒါနံ ဗဟုဓာ ပသတ္ထံ၊ ဒါနာ စ ခေါ ဓမ္မပဒံဝ သေယျော။
ပုဗ္ဗေဝ ဟိ ပုဗ္ဗတရေဝ သန္တော၊ နိဗ္ဗာန မေဝဇ္ဈဂမုံ သပညာ။

မြတ်သော မင်းကြီး ရဟန္တာကို အစပြု၍ ဝိပဿနာ စီးဖြန်းသော ယောဂါဝစရ ပုဂ္ဂိုလ်တိုင်အောင် တရားထူးရပြီးသော ပုဂ္ဂိုလ်အား ကြံစည်း ရှာဖွေ၍ ရလာသော ဝတ္ထု၏ အမွန်မြတ်ဆုံးကို ယူ၍ ပေးလှူသော သူသည် ယမမင်း၏ ငရဲကြီးရှစ်ထပ် ဥဿဒငရဲတစ်ဆယ့်ခြောက်ထပ်ကို လွန်၍ နတ်ပြည်သို့ ရောက်နိုင်၏။

မြတ်သော မင်းကြီး အလှူပေးခြင်းကိုလည်းကောင်း၊ စစ်ထိုးခြင်းကို လည်းကောင်း တူ၏ ဟူ၍ ပညာရှိတို့သည် ဆိုကုန်၏။ အနည်းငယ်သော စစ်သည်တို့သာ ဖြစ်ကုန်လျက်လည်း များစွာကုန်သော စစ်သည်တို့ကို အောင် ကုန်၏သို့ အနည်းငယ် ဖြစ်ကုန်သော မုဋ္ဌစေတနာတို့သာ ဖြစ်ကုန်လျက်လည်း များစွာကုန်သော ဝန်တိုခြင်း အစရှိကုန်သော ကိလေသာတို့ကို အောင်ကုန်၏။ အနည်းငယ်သော ဝတ္ထုကိုလည်း ကံ,ကံ၏ အကျိုးကို ယုံကြည်လျက် အကယ်၍ လှူငြားအံ့။ ထိုအလှူကြောင့်လျှင် ထိုသူသည် တမလွန်ဘဝ၌ ချမ်းသာနှင့် ပြည့်စုံ၏။

မြတ်သော မင်းကြီး အလှူဝတ္ထု အလှူခံတို့ကို စိစစ်ရွေးချယ်၍ လှူအပ်သော အလှူကို ဘုရားဟူသည် ချီးမွမ်းအပ်၏။ ဤလူ့ပြည်၌ ရှိကြကုန်သော ဘုရား အစရှိကုန်သော အလှူခံပုဂ္ဂိုလ်တို့၌ လှူအပ်ကုန်သော အလှူတို့သည် ကောင်းသော လယ်ယာ၌ ပျိုးအပ်ကုန်သော မျိုးစေ့တို့ကဲ့သို့ အကျိုးကြီးကုန်၏။

မြတ်သော မင်းကြီး ပါဏဟု ဆိုအပ်ကုန်သော သတ္တဝါတို့ကို သနားသဖြင့် မညှဉ်းဆဲဘဲ ကျင့်သောသူသည် သူစွပ်စွဲအံ့သည်မှ ကြောက်သောကြောင့် မကောင်းမှုကို မပြု။ သူတစ်ပါး စွပ်စွဲခြင်းမှ ကြောက်သော သူကို သူတော်

ကောင်းတို့သည် ချီးမွမ်းကုန်၏။ ထိုသူတစ်ပါး၏ စွပ်စွဲခြင်း၌ မကြောက်သော သူကို မချီးမွမ်းကုန်။ သူတစ်ပါးတို့ စွပ်စွဲခြင်းမှ ကြောက်သောကြောင့်သာလျှင် သူတော်ကောင်းတို့သည် မကောင်းမှုကို မပြုကုန်။

မြတ်သော မင်းကြီး တိတ္ထိတို့၏ ကျောင်း၌ မေထုန်မှ ရှောင်ကြဉ်ခြင်းဟူသော သီလသာသနာတော်၌ ကာမချမ်းသာကို တောင့်တ၍ ကျင့်သော သီလရှိသော ပုဂ္ဂိုလ်၏ အယုတ်ဆုံး အောက်ထစ်ဆုံး ဖြစ်သော သီလဟူသော ဗြဟ္မစရိယဖြင့် မင်းမျိုး၌ ဖြစ်ရ၏၊ တိတ္ထိတို့၏ ကျောင်း၌ ဈာန်၏ ဥပစာရ သာသနာတော်၌ စင်ကြယ်သော သီလရှိသော ပုဂ္ဂိုလ်၏ ဈာန်သမာပတ်ကို ဖြစ်စေခြင်းဟု ဆိုအပ်သော အလယ်အလတ် ဖြစ်သော ဗြဟ္မစရိယဖြင့် နတ်, ဗြဟ္မာ အဖြစ်သို့ ရောက်နိုင်၏၊ တိတ္ထိတို့၏ ကျောင်း၌ ရှစ်ပါးသော သမာပတ် သာသနာတော်၌ ဝိပဿနာကို ပွားစေ၍ အရဟတ္တဖိုလ်ကို ဖြစ်စေခြင်းဟူသော မြတ်သော ဗြဟ္မစရိယဖြင့် ကာမမှ စင်ကြယ်ခြင်း ဝဋ်ဆင်းရဲမှ စင်ကြယ်ခြင်း ဖြစ်နိုင်၏။

မြတ်သော မင်းကြီး ဒါနကို စင်စစ်သဖြင့်လျှင် များပြားသော အပြားဖြင့်လျှင် ချီးမွမ်းအပ်၏၊ ဒါနထက် သမထဝိပဿနာဟု ဆိုအပ်သော တရားအစုသည်သာလျှင် မြတ်၏၊ ထိုစကားသည်မှန်၏၊ ဤဘဒ္ဒကမ္ဘာ၏ ရှေးဦး၌လျှင် ကဿပဘုရား အစရှိကုန်သော သူတော်ကောင်း ဖြစ်ကုန်သော ပညာရှိတို့သည်လည်းကောင်း ရှေးထက်ရှေး၌လျှင် ဝေဿဘူဘုရား အစရှိကုန်သော သူတော်ကောင်း ဖြစ်ကုန်သော ပညာရှိတို့သည်လည်းကောင်း ထိုပညာရှိ သူတော်ကောင်းတို့သည် သမထဝိပဿနာကို ပွားစေ၍ နိဗ္ဗာန်သို့သာလျှင် ရောက်ကုန်ပြီ။

ဤသို့ ခုနစ်ဆူကုန်သော ပစ္စေကဗုဒ္ဓါတို့သည် မင်းအား မြတ်သော အမြိုက် နိဗ္ဗာန်ကို ဟော၍ မင်းကို မမေ့မလျော့ခြင်းကိုဆုံးမ၍ဆိုအပ်ပြီးသော နည်းဖြင့်လျှင် မိမိတို့၏ နေရာသို့ ကြွကုန်၏၊ မင်းသည်လည်း မိဖုရားနှင့်တကွ အလှူပေး၍ အသက်ထက်ဆုံးတည်၍ မင်းအဖြစ်မှ စုတေ၍ နတ်ပြည်ကို ပြည့်စေ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ဤသို့လျှင် ရှေး၌လည်းပညာရှိတို့သည် စိစစ်ရွေးချယ်၍ အလှူပေးဖူးကုန်၏ဟု ဟောတော်မူ၍ ပစ္စေကဗုဒ္ဓါတို့သည် ထိုအခါ ပရိနိဗ္ဗာန်ပြုကုန်ပြီ၊ ယခုအခါ

ရာဟုလမယ်တော်သည် ထိုအခါ သမုဒ္ဒဝိဇယာ မိဖုရား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဟာရောရုဝမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အလျှုံခံမြတ်၊ ပေးလှူလတ်၊ ဆောက်အပ် နတ်တို့ရွာ။)

လေးရာနှစ်ဆယ့်လေးခုမြောက်သော အာဒိတ္တဇာတ်သည် ပြီး၏။

## ၄၂၅—အဋ္ဌာနဇာတ်

### မိန်းမတို့ ကျေးဇူးမသိတတ်ပုံ

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ဂင်္ဂါကုမုဒိနီ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအဋ္ဌာနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏၊

ထိုရဟန်းကို သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းသင်သည် ငြီးငွေ့သောဟူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရားမှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် အဘယ်ကြောင့် ငြီးငွေ့သနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးသောအရှင်ဘုရား ကိလေသာအစွမ်းအားဖြင့် ငြီးငွေ့၏ဟုလျှောက်သည်ရှိသော် ရဟန်း မိန်းမတို့ မည်သည်ကား ကျေးဇူးကို မသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်၏၊ အကျွမ်းမဝင်အပ်၊ လွန်လေပြီးသောအခါ ပညာရှိတို့သည်နေ့တိုင်းနေ့တိုင်းအသပြာတစ်ထောင်ကိုပေးကုန်လျက် မာတုဂါမကို နှစ်သက်စိမ့်သောငှါ မတတ်နိုင်ကုန်၊ ထိုမိန်းမသည် တစ်နေ့မျှ၌ အသပြာ တစ်ထောင်ကို မရ၍ လည်၌ကိုင်စေ၍ ငင်ထုတ်စေဖူး၏၊ ဤသို့ မိန်းမသည်ကား ကျေးဇူးကို မသိတတ်၊ ထိုမိန်းမ၏ အကြောင်းကြောင့် ကိလေသာ၏အလိုသို့ မလိုက်လင့်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဗြဟ္မဒတ်မင်း၏ ဗြဟ္မဒတ္တမည်သော သတို့သား၊ ဗာရာဏသီသူဌေး၏ မဟာဓနမည်သော သတို့သား ဤနှစ်ယောက်ကုန်သော သူငယ်တို့သည် တကွ

မြေမှုန့်ကစားဘက် အဆွေခင်ပွန်းဖြစ်ကြကုန်၏၊ တစ်ဦးသောဆရာအမျိုး၌လျှင် အတတ်ကိုသင်ကြကုန်၏၊ မင်းသားသည် အဘလွန်လတ်သော်၊မင်းအဖြစ်၌ တည်၏၊သူဌေးသားသည်လည်း မင်း၏ အထံ၌သာလျှင် နေ၏၊ ဗာရာဏသီပြည်၌လည်း တစ်ယောက်သော အဆင်းလှသော ပြည့်တန်ဆာမသည်ရှိ၏၊ ထိုပြည့်တန်ဆာမသည် မြတ်သော တင့်တယ်ခြင်းသို့ ရောက်၏၊ သူဌေးသားသည် နေ့တိုင်းနေ့တိုင်း တစ်ထောင်သော အသပြာကို ပေး၍ ထိုပြည့်တန်ဆာနှင့် တကွလျှင် မွေ့လျော်လျက် အဘလွန်သဖြင့် သူဌေးအရာကို ရ၍လည်း ထိုပြည့်တန်ဆာမကို မစွန့်၊ ရှေးအတူသာလျှင် နေ့တိုင်းနေ့တိုင်း တစ်ထောင်သော အသပြာကို ပေး၍ မွေ့လျော်၏၊ သူဌေးသားသည် တစ်နေ့ သုံးကြိမ်မင်းခစားသောငှါ သွား၏၊ ထိုအခါ တစ်နေ့သ၌ မင်း၏အထံသို့ သွားသော ထိုသူဌေးသားအား မင်းနှင့်တကွ စကားပြောစဉ်လျှင် နေဝင်၍ အမိုက်သည်ဖြစ်၏။

သူဌေးသားသည် မင်းအိမ်မှ ထွက်၍ ယခု အိမ်သို့သွား၍ လာအံ့သောငှါ အချိန်မရှိပြီ၊ ပြည့်တန်ဆာမအိမ်သို့ သွားအံ့ဟု အလုပ်အကျွေးတို့ကို လွှတ်လိုက်၍ တစ်ယောက်တည်းသာလျှင် ပြည့်တန်ဆာမအိမ်သို့ ဝင်၏၊ထိုအခါ သူဌေးသားကို ပြည့်တန်ဆာမသည် မြင်၍ အရှင့်သား သင်သည် အသပြာ တစ်ထောင်ကို ဆောင်ခဲ့၏လောဟု မေး၏၊ ရှင်မ ယနေ့သည်လျှင် အလွန်မိုးချုပ်၏၊ ထို့ကြောင့် ငါသည် အိမ်သို့မသွားမူ၍လျှင် လူတို့ကို လွှတ်လိုက်၍ တစ်ယောက်တည်းသာလျှင် ရှင်မအိမ်သို့ ဝင်၏၊ နက်ဖြန်မှ သင့်အား အသပြာနှစ်ထောင်ကို ပေးအံ့ဟု ဆို၏၊ပြည့်တန်ဆာမသည် ယနေ့ငါသည် အကယ်၍ အခွင့်ပြုအံ့၊သူဌေးသားသည် တစ်ပါးသော နေ့တို့၌လည်း လက်ချည်းသက်သက်လျှင် လာလတ္တံ့၊ ဤသို့ လာလတ်သော် ငါ့အား ဥစ္စာယုတ်လတ္တံ့၊ ယခု ဤသူဌေးသားအား ငါသည် အခွင့်မပြုအံ့ဟု ကြံပြီး၍ ထိုအခါ သူဌေးသားကို အရှင် အကျွန်ုပ်တို့သည် ပြည့်တန်ဆာမ မည်ကုန်၏၊ အကျွန်ုပ်တို့အား အသပြာတစ်ထောင်ကို မပေးမူ၍ မွေ့လျော်ရခြင်းမည်သည် မရှိ၊ အသပြာတစ်ထောင်ကို ဆောင်ချေလော့ဟု ဆို၏၊ ရှင်မ နက်ဖြန် အသပြာနှစ်ထောင်ကို ဆောင်ခဲ့အံ့ဟု အဖန်တလဲလဲ သူဌေးသားသည် တောင်းပန်၏၊ ပြည့်တန်ဆာမသည် ကျွန်မတို့ကို ထိုသူဌေးသားအား ဤအိမ်၌ရပ်၍ ကြည့်ရှုစိမ့်သောငှါ ခွင့်မပေးလင့်၊ လည်၌ ကိုင်၍ ငင်ထုတ်ပြီးလျှင် တံခါးကို ပိတ်ကြကုန်လော့ဟု ဆို၏၊ ထိုစကားကို ကြား၍ ကျွန်မတို့သည် ပြည့်တန်ဆာမ ဆိုတိုင်း ပြုကြကုန်၏။

ထိုအခါ သူဌေးသားသည် ငါသည် ဤမိန်းမနှင့်တကွ ကုဋေရှစ်ဆယ်သော ဥစ္စာကိုစားပြီ၊ ဤမိန်းမသည် ငါ့ကို တစ်နေ့မျှလက်ချည်းလာသည်ကို မြင်၍

လည့်၍ကိုင်၍ငင်ထုတ်စေ၏၊မိန်းမမည်သည် ကားယုတ်မာစွ၊ အရှက်မရှိ၊ကျေးဇူးကို မသိ၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်၏ဟု ကြံ၏၊ ကြံပြီး၍ သူဌေးသားသည် မိန်းမ၏ ကျေးဇူးမဲ့ကို အောက်မေ့လျက် တပ်စွန်းခြင်းကင်း၏၊ စကားဆုပ် ရွံ့ရှာဖွယ်ပူသော သညာကို ရ၏၊ အိမ်ရာထောင်ခြင်း၌လည်း ငြီးငွေ့၏၊ ငါ့အား အိမ်ရာထောင်ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ယနေ့ပင် တောထွက်၍ ရဟန်းပြုအံ့ဟု တစ်ဖန် အိမ်သို့မသွားမူ၍ မင်းကိုမဖူးမြင်မူ၍ မြို့မှထွက်၍ တောသို့ဝင်၏၊ ဂင်္ဂါနား၌ ကျောင်းဆောက်၍ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ တောသစ်မြစ် တောသစ်သီး ဟူသော အာဟာရရှိသည်ဖြစ်၍ ထိုအရပ်၌ နေ၏၊ မင်းသည် သူဌေးသားကို မမြင်သည်ရှိသော် အဆွေခင်ပွန်းသည် အဘယ်မှာနည်းဟု မေး၏၊ ပြည့်တန်ဆာမသည် ပြုအပ်သောအမှုသည် မြို့အလုံး၌ ထင်ရှား၏။

ထို့ကြောင့် ထိုအခါ ထိုမင်းအား ထိုအကြောင်းကို ကြား၍ မြတ်သော မင်းကြီး အရှင်မင်းကြီး၏ အဆွေခင်ပွန်းသည် ရှက်ခြင်းကြောင့် အိမ်သို့လည်း မလာမူ၍ တောသို့ဝင်၍ ရဟန်းပြုသည် ဖြစ်လတ္တံ့ဟု ဆိုကုန်၏၊ မင်းသည် ထိုစကားကိုကြား၍ ပြည့်တန်ဆာမကိုခေါ် စေ၍ သင်သည် တစ်နေ့သ၌ တစ်ထောင်သော အသပြာကို မရ၍ အဆွေခင်ပွန်းကို လည့်၍ ငင်၍ ထုတ်စေသောဟူသည် မှန်သလောဟု မေး၏၊ မြတ်သောမင်းကြီး မှန်ပေဟု လျှောက်၏၊ ယုတ်မာစွာသောကျွန်မ လျင်မြန်စွာ အဆွေခင်ပွန်းရှိရာအရပ်သို့ သွား၍ အဆွေခင်ပွန်းကို ဆောင်ချေ၊ မဆောင်ခဲ့မူကား သင်မဆောင်အံ့၊ သင်၏ အသက်သည် မရှိရာဟု မင်းသည် ဆို၏၊ ပြည့်တန်ဆာမသည် မင်း၏စကားကို ကြား၍ ကြောက်ရကား ရထားစီး၍ များစွာသော အခြံအရံဖြင့် မြို့မှထွက်၍ သူဌေးသား၏ နေရာအရပ်ကိုရှာလျက် နားထောင်သည်၏ အစွမ်းဖြင့် နေရာအရပ်ကို ကြား၍ ထိုအရပ်သို့ သွား၍ ရှိခိုး၍ အရှင်ဘုရား အကျွန်ုပ်သည် အလွန်မိုက်သည်၏ အဖြစ်ကြောင့် ပြုအပ်သော အပြစ်ကို အရှင်ဘုရားတို့သည် သည်းခံတော်မူပါကုန်၊ အကျွန်ုပ်သည် တစ်ဖန်ဤကဲ့သို့ မပြုပါဟု တောင်းပန်လျှင် ကောင်းပြီသင့်အား ငါသည်းခံ၏၊ သင်၌ ငါသည် ရန်ငြိုးဖွဲ့ခြင်းသည် မရှိဟု ဆိုသည် ရှိသော် အရှင်ဘုရား အရှင်ဘုရားတို့သည် အကယ်၍ သည်းခံတော်မူကုန်အံ့၊ အကျွန်ုပ်နှင့်တကွ ရထားစီး၍ ကြွတော်မူကုန်လော့၊ မြို့သို့ ရောက်သောကာလ အကျွန်ုပ်အိမ်၌ ရှိသော အလုံးစုံသော ဥစ္စာကို အရှင်ဘုရားတို့အား ပေးအံ့ဟု ဆို၏၊ သူဌေးသား ရသေ့သည် ထိုပြည့်တန်ဆာမ၏ စကားကို ကြား၍ ရှင်မ ယခု ငါသည် သင်နှင့် တကွ သွားအံ့သောငှါ မတတ်ကောင်း၊ အကြင်အခါ၌ကား ဤလောက၌ မဖြစ်ရာသော ဝတ္ထုသည် ဖြစ်ငြားအံ့၊ ထိုအခါ လာနိုင်ငြားအံ့လည်း မသိဟု ဆိုလို၍ ဤဂါထာကိုဆို၏—

၇၇။ ဂဂ္ဂါ ကုမုဒိနီ သန္တာ၊ သင်္ခဝဏ္ဏာ စ ကောကိလာ။
ဇမ္ဗူ တာလဖလံ ဒဇ္ဇာ၊ အထ နူန တဒါ သိယာ။

နှမ မြစ်တို့မည်သည် ကုမုဒ္ဒြာကြာတို့ဖြင့် ဖုံးလွှမ်းကုန်လျက် မစီးမသွား ငြိမ်သက်ကြကုန်ရာ အခါ, ဥဩတို့သည်လည်း ခရုသင်းကဲ့သို့ ဖြူသောအဆင်း ရှိကြကုန်ရာအခါ, သပြေပင်မှ ထန်းသီးသီးသော အခါရောက်မှသာ ငါတို့ ပေါင်းဖော်ကြရလိမ့်မည် ထင်၏။

ဤသို့ ဆို၍လည်း တစ်ဖန် ပြည့်တန်ဆာမသည် အရှင်ဘုရား လာလော့၊ သွားကုန်အံ့ဟု ဆိုသည်ရှိသော် သွားကုန်အံ့ဟုဆို၍ အဘယ်အခါ၌ သွားကုန်အံ့ နည်းဟု မေးသောအခါ ဤမည်သောအခါ၌ သွားကုန်အံ့ဟု ဆိုလို၍ ဤဂါထာ တို့ကို ဆို၏—

၇၈။ ယဒါ ကစ္ဆပလောမာနံ၊ ပါဝါရော တိဝိဓော သိယာ။
ဟေမန္တိကံ ပါဝုရဏံ၊ အထ နူန တဒါ သိယာ။

၇၉။ ယဒါ မကသပါဒါနံ၊ အဋ္ဋာလော သုကတော သိယာ။
ဒဠှော စ အဝိကမ္ပီ စ၊ အထ နူန တဒါ သိယာ။

၈၀။ ယဒါ သသဝိသာဏာနံ၊ နိဿေဏီ သုကတာ သိယာ။
သဂ္ဂဿ အာရောဟနတ္ထာယ၊ အထ နူန တဒါ သိယာ။

၈၁။ ယဒါ နိဿေဏိ မာရုယှ၊ စန္ဒံ ခါဒေယျုံ မူသိကာ။
ရာဟုဉ္စ ပရိပါတေယျုံ၊ အထ နူန တဒါ သိယာ။

၈၂။ ယဒါ သုရာဃဋံ ပိတွာ၊ မက္ခိကာ ဂဏစာရိနီ။
အင်္ဂါရေ ဝါသံ ကပ္ပေယျုံ၊ အထ နူန တဒါ သိယာ။

၈၃။ ယဒါ ဗိမ္ဗောဋ္ဌ သမ္ပန္နော၊ ဂဒြဘော သုမုခေါ သိယာ။
ကုသလော နစ္စ ဂီတဿ၊ အထ နူန တဒါ သိယာ။

၈၄။ ယဒါ ကာကာ ဥလူကာ စ၊ မန္တယေယျုံ ရဟောဂတာ။
အညမညံ ပိဟယေယျုံ၊ အထ နူန တဒါ သိယာ။

၈၅။ ယဒါ မုဠာလပတ္တာနံ၊ ဆတ္တံ ထိရတရံ သိယာ။
ဝဿဿ ပဋိဃာတာယ၊ အထ နူန တဒါ သိယာ။

၇၆။ ယဒါ ကုလကော သကုဏော၊ ပဗ္ဗတံ ဂန္ဓမာဒနံ။
တုဏ္ဍေနာဒါယ ဂစ္ဆေယျ၊ အထ နူန တဒါ သိယာ။

၇၇။ ယဒါ သာမုဒ္ဒိကံ နာဝံ၊ သာယန္တံ သဝဋ္ဋာကရံ။
စေဋော အာဒါယ ဂစ္ဆေယျ၊ အထ နူန တဒါ သိယာ။

လိပ်မွေးတို့၏ သုံးပါးအပြားရှိသော လိပ်မွေးပန်းပွင့်ဖြင့် ရက်အပ်သော အဝတ်အရုံ၊ လိပ်မွေးသက်သက်ဖြင့် ရက်အပ်သော အဝတ်အရုံ၊ ထိုနှစ်ပါးစုံဖြင့် ရက်အပ်သော အဝတ်အရုံဖြင့် ဆောင်းအခါ၌ ခြုံခြင်းငှါ ဖြစ်နိုင်ကောင်းသော အခါ ရောက်မှ သင်နှင့်ငါ အတူတကွ ကေန် ပေါင်းဖော်ရလိမ့်မည်။

နှမ မှက် ခြင်တို့၏ ခြေတို့ဖြင့် တက်၍ စစ်သိုးနိုင်အောင် ကောင်းစွာ ဆောက်လုပ်အပ်သော ပြအိုးပစ္စင်၏ ခိုင်ခံ့၍ မတုန်မလှုပ် တည်မြဲသောအခါ ရောက်မှ သင်နှင့် ငါ အတူတကွ ကေန် ပေါင်းဖော်ရလိမ့်မည်။

နှမ နတ်ပြည်သို့ တက်နိုင်ရန် ယုန်ချိုတို့ဖြင့် စောင်းတန်းလှေကားကို ပြုလုပ်နိုင်သောအခါမှ သင်နှင့်ငါ အတူတကွ ကေန် ပေါင်းဖော်ရလိမ့်မည်။

နှမ ကြွက်တို့သည် ယုန်ချိုဖြင့် ပြုလုပ်ထားသော စောင်းတန်း လှေကားသို့ တက်၍ လကို စားကုန်လျက်, ရာဟုကိုလည်း ပြေးသွားထိတ်လန့်စေသောအခါ ရောက်မှ သင်နှင့်ငါ အတူတကွ ကေန် ပေါင်းဖော်ရလိမ့်မည်။

နှမ အတူတကွ သွားလာ ကျက်စားကြကုန်သော ယင်ကောင်တို့သည် တစ်ကောင်လျှင် တစ်လုံးစီ သေရည်အိုးကို သောက်ကြပြီး မူးယစ်ကုန်လျက် မီးကျီး၌ နေကြကုန်သောအခါရောက်မှ သင်နှင့်ငါ အတူတကွ ကေန် ပေါင်းဖော် ရလိမ့်မည်။

နှမ ကျီးအာသီးမှည့်နှင့် တူသော နှုတ်ခမ်းရှိ၍ မျက်နှာ အဆင်းလှသော မြည်းသည် ကျွမ်းကျင်စွာ ကသောအခါ, သီချင်းဆိုသော အခါရောက်မှ သင်နှင့် ငါ အတူတကွ ကေန် ပေါင်းဖော်ရလိမ့်မည်။

နှမ ကျီးနှင့် ခင်ပုပ်ငှက်တို့ ဆိတ်ကွယ်ရာ၌ တိုင်ပင်နှီးနှောကြကုန်လျက် အချင်းချင်း ချစ်ခင်ကြသော အခါရောက်မှ သင်နှင့်ငါ အတူတကွ ကေန် ပေါင်းဖော်ရလိမ့်မည်။

နှမ မိုးကို ကာကွယ်ရန်အတွက် ကြာရွက်ဖြင့် ပြုလုပ်သော ထီး၏ အလွန်ခိုင်ခံ့သောအခါရောက်မှ သင်နှင့်ငါ အတူတကွ ကေန် ပေါင်းဖော်ရလိမ့်မည်။

နှမ အမျိုးငယ်သော ငှက်သည် ဂန္ဓမာဒနတောင်ကို နှုတ်သီးဖြင့် ချီ၍ ပျံသွားနိုင်သောအခါရောက်မှ သင်နှင့် ငါ အတူတကွ ကေန် ပေါင်းဖော်ရလိမ့်မည်။

နှမ သူငယ်သည် သမုဒ္ဒရာ၌ ပြေးသွားသော ယန္တရားနှင့် တကွသော တံခွန်နှင့် တကွ ခပ်သိမ်းသော အဆောက်အဦနှင့် ယှဉ်သော လှေကြီးကို လက်ဖြင့် ယူ၍ သွားနိုင်သောအခါ ရောက်မှ သင်နှင့် ငါ အတူတကွ ကေန် ပေါင်းဖော်ရလိမ့်မည်။

ဤသို့ ဘုရားလောင်းသည် မဖြစ်နိုင်သည်ကို ကြံ၍ ဤတစ်ဆယ့်တစ်ဂါထာတို့ကို ဆိုၿ၏။ ထိုစကားကို ကြား၍ ပြည့်တန်ဆာမသည် ဘုရားလောင်းကို ကန်တော့၍ မြို့သို့သွား၍ မင်းအား ထိုအကြောင်းကို ကြား၍ မိမိ၏ အသက်ကို တောင်းယူ၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤမေ့ဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ မာတုဂါမ မည်သည်ကား ဤကျေးဇူးကို မသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်၏ဟု မိန့်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဒေဝဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

(ဂိဇ္ဈဿနာ၊ တရားသာ၊ ချောက်ရာ နိဗ္ဗုတာ။)

လေးရာနှစ်ဆယ့်ငါးခုမြောက်သော အဋ္ဌာနဇာတ်သည် ပြီး၏။

# ၄၂၆-ဒီပိဇာတ်

## အပြစ်ရှာလိုသူအား လျှောက်လဲ၍ မရ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ခမနီယံ ယာပနီယံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒီပိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ကောင်သော ဆိတ်ကုလားမကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ပါးသော အခါ၌ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သည် တောင်တို့သည် ခြံရံအပ်သော တစ်ခုသော တံခါးရှိသော ဂိရိဗ္ဗဇကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တံခါး၏ အနီး၌ စင်္ကြံသည် ရှိ၏၊ ထိုအခါ ဆိတ်ကုလားတို့သည် ဤအရပ်၌ ကျက်စားကုန်၏ဟု ဆိတ်ကျောင်းသူသည် ဆိတ်ကုလားအပေါင်းကို တောင်ခြံအတွင်းသို့ သွင်း၍ ကစားလျက် နေကုန်၏၊ ထိုဆိတ်ကျောင်းတို့သည် တစ်နေ့သ၌ ညချမ်းအခါ လာလတ်၍ ဆိတ်ကုလားတို့ကို လိုက်၍ သွားကုန်သည် ရှိသော် တစ်ကောင်သော ဆိတ်ကုလားမသည် အဝေး၌ ကျယ်စားရကား ထွက်ကုန်သော ဆိတ်ကုလားတို့ကို မမြင်၍ ကျန်ရစ်၏၊ နောက်မှထွက်သော ထိုဆိတ်ကုလားမကို တစ်ကောင်သော သစ်သည် မြင်၍ ထိုဆိတ်ကုလားမကို စားအံ့ဟု တောင်ခြံတံခါး၌ ရပ်၏၊ ထိုဆိတ်ကုလားမသည်လည်း ထိုမှဤမှ ကြည့်လတ်သော် ထိုသစ်ကို မြင်၍ ဤသစ်သည် ငါ့ကိုသတ်၍ စားလိုသည်၏ အဖြစ်ကြောင့် ရပ်၏၊ ငါသည်လည်း ပြေးပြေးအံ့၊ ငါ၏အသက်သည် မရှိချေ၊ ယနေ့ ငါသည် ယောကျာ်းတို့ ပြုအပ်သောအမှုကို ပြုခြင်းငှါ သင့်၏ဟု ကြံ၍ ဦးချိုတို့ကို ချီမြှောက်၍ သစ်ငိုရာသို့ ရှေးရှုလျင်မြန်သော အဟုန်ဖြင့် ပြေး၍ သစ်သည် ဤမှ ဖမ်းအံ့ဟု လုံ့လပြုစဉ် တောသို့ဝင်၍ လျင်မြန်သော အဟုန်ဖြင့် ပြေး၍ ဆိတ်ကုလားတို့၏ အတွင်းသို့ ဝင်၏၊ ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သည် ထိုဆိတ်ကုလားမ သစ်တို့၏ အမှုကို မြင်၍ နက်ဖြန် သွား၍ သဗ္ဗညူ မြတ်စွာဘုရားအား လျှောက်၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤသို့ ဆိတ်ကုလားမသည် အကြောင်း၌ လိမ္မာသည်၏အဖြစ်ကြောင့် သစ်မှ လွတ်၏ဟု ဆို၏၊ သဗ္ဗညူမြတ်စွာဘုရားသည် မောဂ္ဂလ္လာန် ထိုသစ်သည် ယခုအခါ၌ကား ထိုဆိတ်ကုလားမကို ဖမ်းအံ့သောငှါ မတတ်နိုင်၊ ရှေး၌ကား မြည်တမ်းစဉ်လျင် စားဖူး၏ဟု မိန့်တော်မူ၍ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ မဂဓတိုင်း၌ ဘုရားလောင်းသည် တစ်ခုသော ရွာဝယ် များစွာသော စည်းစိမ်ရှိသော အမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ကာမတို့ကို ပယ်၍ ရသေ့ ရဟန်းပြု၍ ဈာန်အဘိညာဉ်ကို ဖြစ်စေ၍ ကြာမြင့်စွာ ဟိမဝန္တာ၌နေ၍ ချဉ် ဆား မှီဝဲအံ့သောငှါ ရာဇဂြိုဟ်ပြည်သို့ သွား၍ ထိုဂိရိဗ္ဗဇ၌လျှင် သစ်ရွက်မိုးသောကျောင်းကို ဆောက်၍ နေ၏၊ ရှေးနည်းဖြင့်လျှင် ဆိတ်ကျောင်းတို့သည် ဆိတ်ကုလားတို့ကို ကျောင်းကုန်လတ်သော် စာင်နေသည်၌ အတူလျှင် နောက်မှထွက်လာသော တစ်ကောင်သော ဆိတ်ကုလားမကို သစ်သည် စားအံ့ဟု တံခါး၌ ရပ်၏၊ ထိုဆိတ်ကုလားမသည် ထိုသစ်ကို မြင်၍ ယနေ့ ငါ့အား အသက်သည် မရှိရာ၊ စင်စစ် ငါသည် အသက်အကျိုးငှါ လုံ့လ ပြုခြင်းငှါ သင့်၏၊ တစ်ခုသောဥပါယ်ဖြင့် ဤသစ်နှင့်လျှင် သာယာစွာသော ပဋိသန္ထာရကို ပြု၍ ထိုသစ်၏ နှလုံးနူးညံ့ခြင်းကို ဖြစ်စေ၍ အသက်ကို စောင့်ရှောက်အံ့ဟု ကြံ၍ အဝေးမှလျှင် ထိုသစ်နှင့်တကွ ပဋိသန္ထာရကို ပြုလျက် လာ၍ ဤဂါထာကို ဆို၏—

၈၈။ ခမနီယံ ယာပနီယံ၊ ကစ္စိ မာတုလ တေ သုခံ။
သုခံ တေ အမ္မ အဝစ၊ သုခကာမာဝ တေ မယံ။

ဦးရီး သင်အား ကျန်းမာပါ၏လော၊ မျှတပါ၏လော၊ ချမ်းသာပါ၏လော၊ အကျွန်ုပ်၏ အမိသည် သင်၏ ချမ်းသာခြင်းကို အလိုရှိ၏ ဟူ၍ ဆို၏။ အကျွန်ုပ်တို့သည် သင်၏ ချမ်းသာကို အလိုရှိသည်သာလျှင် ဖြစ်ကုန်၏။

ထိုစကားကိုကြား၍ သစ်သည် ဤဆိတ်ကုလားမသည် ငါ့ကို ဦးရီးဟူသော စကားဖြင့် လှည့်စားလို၏၊ ငါ၏ ကြမ်းကြုတ်သောအဖြစ်ကို မသိဟုကြံ၍ ဤဂါထာကို ဆို၏—

၈၉။ နင်္ဂုဋ္ဌံ မေ အဝက္ကမ္မ၊ ဟေဌယိတ္វာန ဧဠိကေ။
သာဇ္ဇ မာတုလဝါဒေန၊ မုဉ္စိတဗ္ဗာနု မညသိ။

ဆိတ်ကုလားမ သင်သည် ငါ၏အမြီးကို နင်းလျက် ပုတ်ခတ်၍ လာ၏၊ ထိုသင်သည် ယနေ့ ဦးရီးဟု ခေါ်ပေါ်သဖြင့် လွတ်ရာ၏ဟူ၍ အောက်မေ့သလော။

ထိုစကားကိုကြား၍ ဆိတ်ကုလားမသည် ဦးရီး ဤသို့မဆိုလင့်ဟု ဤဂါထာကို ဆို၏—

၉၀။ ပုရိတ္တာမုခေါ နိသိန္နောသိ၊ အဟံ တေ မုခမာဂတာ။
ပဏ္ဍတောတုယှံ နဂုဋ္ဌံ၊ ကထံ ခွါဟံ အဝက္ကမိံ။

ဦးရိး သင်သည် အရှေ့သို့မျက်နှာပြု၍ နေ၏၊ ငါသည် သင်၏ ရှေ့မျက်နှာသို့ လာ၏၊ ငါသည် သင်၏ နောက်၌ရှိသော အမြီးကို အဘယ်သို့လျှင် နင်းအံ့နည်း၊

ထိုအခါ ထိုဆိတ်ကုလားမကို သစ်သည် ဆိတ်ကုလားမ သင်သည် အဘယ်သို့ ဆိုသနည်း၊ ငါ့အမြီး၏ မတည်ရာ အရပ်မည်သည်ကား မရှိဟုဆိုလို၍ ဂါထာကို ဆို၏ —

၉၁။ ယာဝတာ စတုရော ဒီပါ၊ သသမုဒ္ဒါ သပဗ္ဗတာ။
တာဝတာ မယှံ နဂုဋ္ဌံ၊ ကထံ ခေါ တံ ဝိဝဇ္ဇယိ။

ဆိတ်ကုလားမ သမုဒ္ဒရာနှင့် တကွကုန်သော, တောင်နှင့် တကွကုန်သော ကျွန်းကြီး လေးကျွန်းမျှလောက်သော အရပ်ကို ငါ၏ အမြီးသည် ဝန်းရံ၍ တည်နေ၏၊ သင်သည် အဘယ်သို့လျှင် ရှောင်ကြဉ်နေအံ့နည်း၊

ဆိတ်ကုလားမသည် ထိုစကားကိုကြား၍ ယုတ်မာစွာသော ဤသစ်သည် သာယာသော စကား၌ မကပ်ပြီ၊ ဆန့်ကျင်ဘက်ဖြစ်၍ ထိုသစ်အား ဆိုအံ့ဟု ဂါထာကို ဆို၏ —

၉၂။ ပုဗ္ဗေဝ မေ တမက္ခံသု၊ မာတာ ပိတာ စ ဘာတရော။
ဒီဃံ ဒုဋ္ဌဿ နင်္ဂုဋ္ဌံ၊ သာမှိ ဝေဟာယသာ ဂတာ။

ရှေး၌လျှင် အမိသည်လည်းကောင်း၊ အဘသည်လည်းကောင်း၊ မောင်တို့သည်လည်းကောင်း၊ ပြစ်မှားသောသစ်၏ အမြီးသည် ရှည်၏ဟူသော စကားကို ငါ့အား ပြောကြားဖူးကုန်၏။ ငါသည် ကောင်းကင်ပြင်ဖြင့် လာခဲ့၏။

ထိုအခါ ဆိတ်ကုလားမ ကောင်းကင်ပြင်ဖြင့် လာသော သင့်ကို မြင်၍ သားအပေါင်းတို့သည် ပြေးလေပြီ၊ သင်သည် ငါ၏အစာကို ဖျက်ဆီးအပ်၏ဟု ဂါထာကိုဆို၏ —

၉၃။ တဉ္စ ဒိသွာန အာယန္တိံ၊ အန္တလိက္ခသ္မိ ဧဠိကေ။
မိဂသံဃော ပလာယိတ္ထ၊ ဘက္ခော မေ နာသိတော တယာ။

ဆိတ်ကုလားမ ကောင်းကင်၌ လာသောသင့်ကိုလျှင် မြင်၍ သား အပေါင်းသည် ပြေးပြီ၊ သင်သည် ငါ၏အစာကို ဖျက်ဆီးအပ်၏။

ဆိတ်ကုလားမသည် ထိုစကားကိုကြား၍ သေဘေးဖြင့် ကြောက်၍ 'တစ်ပါး သော အကြောင်းကို ဆောင်အံ့သောငှါ မတတ်နိုင်ရကား ဦးရိုး ဤသို့သဘော ကြမ်းကြုတ်သော အမှုကို မပြုလင့်၊ ငါ့အားအသက်ကို ပေးလော့'ဟု မြည်တမ်း ၏၊ သစ်သည်လည်း ထိုဆိတ်ကုလားမ မြည်တမ်းစဉ်လျှင် လည်၌ ကိုက်သတ်၍ စား၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ပြဟန်းတို့အား ဆုံးမလိုရကား ဤဂါထာတို့ကို ဟောတော်မူ၏-

၉၄။ ဂလစ္စဝံ ငလပန္တိယာ၊ ဌေကိယာ ရုဟ ဂ္ဂသော။
ဂလကံ အန္တာဝမဒ္ဒိ၊ နတ္ထိ ဒုဋ္ဌေ သုဘာသိတံ။

၉၅။ နေဝ ဒုဋ္ဌေ နယော အတ္ထိ၊ န ဓမ္မော န သုဘာသိတံ။
နိက္ကမံ ဒုဋ္ဌေ ယုဉ္ဇေထ၊ သော စ သဗ္ဘိံ န ရဉ္ဇတိ။

ရဟန်းတို့ သတ္တဂါတို့၏ အသွေးအသားကိုသောက်စားတတ်သော သစ်သည် ဤသို့ မြည်တမ်းစဉ် ဆိတ်ကုလားမ၏ လည်ကို ကိုက်ခဲ၏၊ ပြစ်မှားတတ်သော သူ၌ စကားဆိုကျိုးသည် မရှိ။

ပြစ်မှားတတ်သောသူ၌ အကြောင်းသည် မရှိသလျှင်ကတည်း။ သဘော သည် မရှိသလျှင်ကတည်း။ စကားကောင်းသည် မရှိသလျှင်ကတည်း။ ပြစ်မှား တတ်သောသူ၌ လုံ့လကို အားထုတ်ရာ၏။ ထိုပြစ်မှားတတ်သော သူသည်ကား စကားကောင်းကို မချစ်။

ရသေ့သည် ထိုဆိတ်ကုလားမ, သစ်တို့၏ အမှုအရာအလုံးစုံကို မြင်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဆိတ်ကုလားမသည် ထိုအခါ ဆိတ်ကုလားမ ဖြစ်ဖူးပြီ၊ ယခုအခါ သစ်သည် ထို အခါ သစ်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကြမ်းကြုတ် ပြစ်မှား၊ သူ့ထံပါး၊ စကား မဆိုရာ။)

လေးရာနှစ်ဆယ့်ခြောက်ခုမြောက်သော ဒီပိဇာတ်သည် ပြီး၏။

အဋ္ဌကနိပါတ် ဇာတ်ဝတ္ထု ဤတွင်ရွေ့ ပြီး၏။

# ၉ - နဝကနိပါတ်

## ၄၂၇-ဂိဇ္ဈဇာတ်

### မိဘစကား နားမထောင်၍ ပျက်စီးရပုံ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ပရိသင်္ကုပထော နာမ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂိဇ္ဈဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆိုနိုင်ခက်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ဦးသော အမျိုးသားဖြစ်သော ရဟန်းသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ အကျိုးစီးပွားကို အလိုရှိသော ဆရာ ဥပဇ္ဈာယ်တို့သည် လည်းကောင်း, သီတင်းသုံးဖော်တို့သည် လည်းကောင်း သင်သည် ဤသို့ တက်အပ်၏၊ ဤသို့ ဆုတ်အပ်၏၊ ဤသို့ တူရူကြည့်အပ်၏၊ ဤသို့ ဝဲယာကြည့်အပ်၏၊ ဤသို့ ကွေးအပ်၏၊ ဤသို့ ဆန့်အပ်၏၊ ဤသို့ ဝတ်အပ်၏၊ ဤသို့ ရုံအပ်၏၊ ဤသို့ သပိတ်ကို ကိုင်အပ်၏၊ မျှလောက်ရုံသော ဆွမ်းကို ခံ၍ ပစ္စဝေက္ခဏာ ဆင်ခြင်၍လျှင် သုံးဆောင်အပ်၏၊ ဣန္ဒြေတို့၌ စောင့်ရှောက်သော ဒွါရရှိသည် ဖြစ်ရာ၏၊ ဘောဇဉ်၌ အတိုင်းအရှည်ကို သိသည်ဖြစ်ရာ၏၊ နိုးခြင်း၌ လုံ့လပြုသည် ဖြစ်ရာ၏၊ ဧည့်သည် အာဂန္တုကဝတ် မည်သည်ကို သိရာ၏၊ ဂမိကဝတ် မည်သည်ကို သိရာ၏၊ ဤဝတ်တို့သည်ကား တစ်ဆယ့်လေးပါးကုန်သော ခန္ဓကဝတ် ရှစ်ဆယ်ကုန်သော ဝတ်ကြီးတို့တည်း၊ ထိုဝတ်တို့၌ သင်သည် ကောင်းစွာကျင့်အပ်၏။

ဤဓုတင်တို့မည်သည် တစ်ဆယ့်သုံးပါးတို့တည်း၊ ထိုတစ်ဆယ့်သုံးပါးသော ဓုတင်တို့ကို ကောင်းစွာ ဆောက်တည်၍ ကျင့်အပ်၏ဟု ဆုံးမအပ်သည်ရှိသော် ဆိုနိုင်ခက်၏၊ သည်းမခံ၊ အဆုံးအမကို ရိုသေသဖြင့် မယူ၊ ငါသည် သင်တို့ကို မဆို၊ ငါ့ကို သင်တို့သည် မဆိုကုန်လင့်၊ ငါသည်သာလျှင် ငါ၏အကျိုးစီးပွားကို လည်းကောင်း, အကျိုးမဲ့ကို လည်းကောင်း ပြုအံ့ဟု မိမိကိုယ်ကို ဆုံးမအပ်သည်ကို ပြု၏၊ ထိုအခါ ထိုရဟန်း၏ ဆုံးမခက်သည်၏ အဖြစ်ကိုသိ၍ ရဟန်းတို့သည် တရားသဘင်၌ ထိုရဟန်း၏ ကျေးဇူးမဲ့စကားကို ဆိုလျက် နေကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့်

စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ထိုရဟန်းကို ခေါ်တော်မူစေ၍ ရဟန်း သင်သည် ဆိုနိုင်ခက်သောဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း အဘယ့်ကြောင့် သင်သည် ဤသို့ သဒ္ဓါရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ အကျိုးစီးပွားကို အလိုရှိကုန်သောသူတို့၏ စကားကို နားမထောင်လေသနည်း၊ သင်သည် ရှေး၌လည်း ပညာရှိတို့၏ စကားကို နားမထောင်မူ၍ ဝေရမ္ဘလေဦး၌ မှုန့်မှုန့် ညက်ညက် ကြေဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဂိဇ္ဈကုဋ်တောင်၌ ဘုရားလောင်းသည် လင်းတမျိုး၌ ဖြစ်၏၊ ဘုရားလောင်း၏ သားသည် သုပတ္တမည်သော လင်းတမင်းတည်း၊ ထိုလင်းတမင်းသည် အထောင်မကသော လင်းတ အခြံအရံရှိ၏၊ အားနှင့် ပြည့်စုံ၏၊ မိဘတို့ကို မွေး၏၊ အားနှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့် အလွန် ဝေးသော အရပ်သို့ ပျံ၏၊ ထိုအခါ သုပတ္တလင်းတကို အဘသည် အမောင် ဤမည်သောအရပ်ကို လွန်၍ မသွားအပ်ဟု ဆုံးမ၏၊ ထိုသုပတ္တလင်းတ သည်လည်း ကောင်းပြီဟု ခံ၍ တစ်နေ့သ၌ မိုးရွာပြီးသည်ရှိသော် လင်းတ တို့နှင့်တကွ ပျံ၍ ကြွင်းသော လင်းတတို့ကို ထား၍ အလွန်မြင့်သော အရပ်သို့ ပျံသွား၍ ဝေရမ္ဘလေဦးသို့ ရောက်၍ မှုန့်မှုန့် ညက်ညက် ကြေ၏၊ သဗ္ဗညုမြတ်စွာ ဘုရားသည် ထိုအကြောင်းကို ပြတော်မူလိုရကား ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၁။ ပရိသင်္ကုပထော နာမ၊ ဂိဇ္ဈပန္ထော သနန္တနော။
တတြာသိ မာတာပိတရော၊ ဂိဇ္ဈော ပေါသေသိ ဇိဏ္ဏကေ။
တေသံ အဇဂရမေဒံ၊ အစ္စာဟာသိ ဗဟုတ္တသော။

၂။ ပိတာ စ ပုတ္တံ အဝစ၊ ဇာနံ ဥစ္စံ ပပါတိနံ။
သုပတ္တံ ထာမသမ္ပန္နံ၊ တေဇဿိံ ဒူရဂါမိနံ။

၃။ ပရိပ္လဝန္တံ ပထဝိံ၊ ယဒါ တာတ ဝိဇာနဟိ။
သာဂရေန ပရိက္ခိတ္တံ၊ စက္ကံဝ ပရိမဏ္ဍလံ။
တတော တာတ နိဝတ္တဿု၊ မာဿု ဧတ္တော ပရံ ဂမိ။

၄။ ဥဒပတ္တောသိ ဝေဂေန၊ ဗလီ ပက္ခီ ဒိဇုတ္တမော။
ဩလောကယန္တော ဝက္ကင်္ဂေါ၊ ပဗ္ဗတာနိ ဝနာနိ စ။

၅။ အဒ္ဒဿ ပထဝိံ ဂိဇ္ဈော၊ ယထာ စာသိ ပိတုဿုတံ။
သာဂရေန ပရိက္ခိတ္တံ၊ စက္ကံဝ ပရိမဏ္ဍလံ။

၆။ တဉ္စ သော သမတိက္ကမ္မ၊ ပရမေဝ’စ္စ ဝတ္တထ။
တဉ္စ ဝါတသိခါ တိက္ခာ၊ အစ္စာဟာသိ ဗလိံ ဒိဇံ။

၇။ နာသက္ခာ’တိ ဂတော ပေါသော၊ ပုနဒေဝ နိဝတ္တိတုံ။
ဒိဇော ဗျသနမာပါဒိ၊ ဝေရမ္ဘာနံ ဝသံ ဂတော။

၈၊ တဿ ပုတ္တာ စ ဒါရာ စ၊ ယေ စညေ အနုဇီဝိနော။
သဗ္ဗေ ဗျသနမာပါဒုံ၊ အနောဝါဒကရေ ဒိဇေ။

၉။ ဧဝမ္ပိ ဣဓ ဝုဍ္ဎာနံ၊ ယော ဝါကျံ နာဝဗုဇ္ဈတိ။
အတိသီမစရော ဒိတ္တော၊ ဂိဇ္ဈောဝါ’တိတသာသနော။
သဗ္ဗေ ဗျသနံ ပပ္ပေါတိ၊ အကတွာ ဝုဍ္ဎသာသနံ။

ရှေး၌ဖြစ်သော ပရိသက်ပထမည်သော ဂိဇ္ဈတောင်ထိပ် ခရီး၌ တစ်ခုသော လင်းတသည် အိုကုန်သော မိဘတို့ကို မွေးမြူ၏။

ထိုလင်းတသည် ထိုမိဘတို့၏ အကျိုးငှါ စပါးကြီးမြွေ အဆီကို များသော အားဖြင့် အလွန်ဆောင်၏။ အဘသည်လည်း သားကို မြင့်စွာပျံသည်ကို သိလတ်၍။

သုပတ္တမည်သော အားနှင့်ပြည့်စုံသော ယောကျ်ားတို့၏ အစွမ်းနှင့် ပြည့်စုံသော အဝေးသို့ သွားတတ်သောသားကို အမောင် သင်သည် မြေကြီးကို ကြာရွက်ကဲ့သို့ ရှေ့၌ပေါ်သည်ကို သိသောအခါ။

သမုဒ္ဒရာသည် ထက်ဝန်းကျင်မှ ခြံရံအပ်သော မြေကြီးကို စက်ဝန်းကဲ့သို့ သိသောအခါ၌ အမောင် ထိုအရပ်မှ ပြန်ခဲ့လော့။ ထိုအရပ်ထက် အလွန် မပျံလင့်ဟု ဆို၏။

အားနှင့်ပြည့်စုံသော အကောင်ရှိသော လင်းတငှက်မင်းသည် လျင်သော အဟုန်ဖြင့် အဘသည် ကြားအပ်သောအရပ်သို့ ရောက်လေ၍၊ လင်းတ

ငှက်မင်းသည် အောက်သို့ ကြည့်လတ်သော် တောင်တို့ကို လည်းကောင်း၊ တောတို့ကို လည်းကောင်း မြင်၏။

လင်းတသည် ဖခင် ပြောကြားသော အဆုံးအမစကားအတိုင်း သမုဒ္ဒရာသည် ဝန်းရံသော မြေကြီးကို စက်ဝန်းကဲ့သို့ မြင်ရာအရပ်ကိုလည်း လွန်၍ အထက်သို့သာလျှင် ပျံတက်လေ၏၊ အားနှင့်ပြည့်စုံသော ထိုလင်းတငှက်မင်းကို ဝေရမ္ဘလေသည် မှုန့်မှုန့်ညက်ညက် ကြေစေလျက် ဆောင်၏။

အလွန် ပျံသွားသော လင်းတငှက်မင်းသည် တစ်ဖန်လျှင် ပြန်လာခြင်းငှါ မတတ်နိုင်။ ဝေရမ္ဘလေတို့၏ နိုင်ငံသို့ရောက်သော လင်းတငှက်မင်းသည် ပျက်စီးရလေ၏။

လင်းတငှက်မင်းသည် အဆုံးအမကို မလိုက်နာသည်ရှိသော် ထိုလင်းတငှက်မင်း၏ သားတို့သည် လည်းကောင်း မယားတို့သည်လည်းကောင်း ထိုလင်းတကို မှီ၍ အသက်မွေးကုန်သော တစ်ပါးကုန်သော လင်းတတို့အားလုံးသည် ပျက်စီးရကုန်၏။

အဆုံးအမကို မလိုက်နာသော လင်းတနှင့်အတူ ဤသာသနာတော်၌ အကြံဝင်သူသည် အပိုင်းအခြားကိုလွန်လျက် ကျင့်သည်ဖြစ်၍ ကြမ်းကြုတ်သည်ဖြစ်၍ အကျိုးစီးပွားကို အလိုရှိကုန်သော ကြီးသောသူတို့၏ ဆုံးမစကားကို မသိကုန်သော သူအားလုံးတို့သည် အကျိုးစီးပွားကို အလိုရှိကုန်သော ကြီးသောသူတို့၏အဆုံးအမကို မလိုက်နာမူ၍ ပျက်စီးရကုန်၏။

ရဟန်း ထိုသို့ဖြစ်သောကြောင့် သင်သည် လင်းတနှင့်တူသည် မဖြစ်လင့်၊ အကျိုးစီးပွားကို အလိုရှိကုန်သော သူတို့၏ စကားကို နားထောင်လော့ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဆုံးမတော်မူ၏။ ထိုရဟန်းသည် ဘုရားဆုံးမတော်မူသော ကာလမှစ၍ ဆိုဆုံးမလွယ်သည်ဖြစ်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယနေ့အခါ ထိုဆုံးမခက်သော ရဟန်းသည် ထိုအခါ ဆုံးမခက်သော လင်းတဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဆုံးမခက်သောလင်းတ၏ အဘဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အကျိုးလိုလား၊ ဆုံးမငြား၊ မှတ်သား လိုက်နာပါ။)

လေးရာနှစ်ဆယ့်ခုနစ်ခုမြောက်သော ဂိဇ္ဈဇာတ်သည် ပြီး၏။

# ၄၂၈-ကောသမ္ဗိယဇာတ်

## အမှိုက်ကစ ပြဿနာဒ် မီးလောင်

## သံဃာအား ဘုရားမဆန်သော ငြင်းခုံ ခိုက်ရန် မပြုသင့်ခြင်း အဲကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ပုထုသဒ္ဒေါ" ဤစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကောသမ္ဗိယဇာတ်ကို ကောသမ္ဗီပြည်ကို အမှီပြု၍ ဃောသိတာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသမ္ဗီပြည်၌ခိုက်ရန်ဖြစ်ခြင်းကိုပြုကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုသည်ကား ကောသမ္ဗကက္ခန္ဓက၌ လာသလျှင်ကတည်း။

ဤကောသမ္ဗိယဇာတ်၌ကား အကျဉ်းကို ဤသို့သိအပ်၏။ ထိုအခါ ဝိနည်းကိုဆောင်သောရဟန်း သုတ္တန်ကိုဆောင်သောရဟန်း ဤရဟန်းနှစ်ပါးတို့သည်လည်း တစ်ခုသောကျောင်း၌ နေကုန်သတတ်။ ထိုနှစ်ပါးကုန်သော ရဟန်းတို့တွင် သုတ္တန်ကိုဆောင်သောရဟန်းသည် တစ်နေ့သ၌ ကိုယ်လက်သုတ်သင်ခြင်းကိုပြု၍ သန့်သက်အိမ်ဝယ် သန့်သက်ရေကြွင်းကို သန့်သက်ခွက်၌ ထား၏။ နောက်မှ ဝိနည်းကိုဆောင်သောရဟန်းသည် သန့်သက်အိမ်သို့ ဝင်၍ ထိုရေကို မြင်၍ ထိုအိမ်မှထွက်၍ သုတ္တန်ကိုဆောင်သောရဟန်းကို ငါ့ရှင် သင်သည် သန့်သက်ရေကြွင်းကိုထားခဲ့သလောဟု မေး၏။ ငါ့ရှင် ထားခဲ့၏ဟု သုတ္တန်ကိုဆောင်သောရဟန်းသည် ဆို၏။ ငါ့ရှင် သင်သည် ဤသန့်သက်ခွက်ဝယ် သန့်သက်ရေကြွင်းကို ထားရာ၌ အာပတ်သင့်သည်၏ အဖြစ်ကို မသိသလောဟု ဝိနည်းကိုဆောင်သော ရဟန်းသည် မေး၏။ ငါ့ရှင် ငါသည်မသိဟု သုတ္တန်ကို ဆောင်သော ရဟန်းသည် ဆို၏။ ငါ့ရှင် မသိသည်ဖြစ်စေ၊ ဤသန့်သက်ရေကြွင်းထားရာ၌ အာပတ်သည် ရှိ၏ဟု ဝိနည်းကိုဆောင်သော ရဟန်းသည်ဆို၏။ ငါ့ရှင် ထိုသို့ တပြီးကား ထိုအာပတ်ကို ငါကုစ်အံ့ဟု သုတ္တန်ကိုဆောင်သောရဟန်းသည် ဆို၏။ ငါ့ရှင် သင့်အား စေတနာမရှိသည်ဖြစ်၍ သတိလွတ်သဖြင့် ပြုငြားအံ့၊ အာပတ်သည်မရှိဟု ဝိနည်းကိုဆောင်သော ရဟန်းသည် ဆို၏။

သုတ္တန်ကိုဆောင်သော ရဟန်းသည် ထိုအာပတ်၌ အနာပတ္တိဟု အယူရှိ၏။ ဝိနည်းကိုဆောင်သော ရဟန်းသည်လည်း မိမိတပည့်တို့အား ဤသုတ္တန္တိက ရဟန်းသည် အာပတ်သင့်လျက်လည်း မသိဟု ပြောဆို၏။ ဝိနည်းကိုဆောင်

သော ရဟန်း၏ တပည့်တို့သည် သုတ္တန်ကိုဆောင်သော ရဟန်း၏ တပည့်တို့ကိုမြင်၍ သင်တို့၏ ဥပဇ္ဈာယ်သည် အာပတ်သင့်၍ အာပတ်သင့်မှန်း မသိဟု ဆိုကုန်၏၊ သုတ္တန်ကိုဆောင်သော ရဟန်း၏တပည့်တို့သည် မိမိတို့၏ ဥပဇ္ဈာယ်အား ကြားလျှောက်ကုန်၏၊ သုတ္တန်ကို ဆောင်သော ရဟန်းသည် ဤဝိနည်းကားရှေး၌ အနာပတ္တိဟုဆို၍ ယခုအခါမှ အာပတ်ဟုဆိုပြန်၏၊ ဝိနည်းစိုရ်သည် မုသားဆို၏ဟု တပည့်တို့အား ကြား၏၊ သုတ္တန်ကိုဆောင်သော ရဟန်း၏ တပည့်တို့သည် သွား၍ သင်တို့၏ဥပဇ္ဈာယ်သည် မုသားဆို၏ဟု ဆိုကုန်၏၊ ဤသို့ အချင်းချင်း ခိုက်ရန်ပြုကုန်၏၊ ထိုနောင်မှ ဝိနည်းဓိုရ်သည် အခွင့်ကိုရ၍ သုတ္တန္တိကရဟန်းအား အာပတ်ကို မရှုသောအားဖြင့် ဥက္ခေပနီယကံကို ပြု၏၊ ထိုအခါမှစ၍ ထိုနှစ်ပါးကုန်သော ရဟန်းတို့၏ ပစ္စည်းဒါယကာ တို့သည်လည်း နှစ်စုကွဲကုန်၏၊ အဆုံးအမကိုခံကုန်သော ရဟန်းမိန်းမတို့သည်လည်း နှစ်စုကွဲကုန်၏၊ စောင့်ရှောက်ကုန်သော နတ်တို့သည်လည်း နှစ်စုကွဲကုန်၏၊ ထိုနတ်တို့၏ သဒိဋ္ဌ,သမ္ဘတ္တ အဆွေခင်ပွန်းဖြစ်ကုန်သော ဗြဟ္မာ့ပြည်တိုင်အောင် ကောင်းကင်၌တည်ကုန်သော ပုထုဇဉ်ဖြစ်သော အလုံးစုံသော နတ်တို့သည်လည်း နှစ်စုကွဲကုန်၏၊ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် ဤကောလာဟလသည်လည်း ရောက်၏၊ ထိုအခါ တစ်ပါးသောရဟန်းသည် မြတ်စွာဘုရားသို့ချဉ်းကပ်၍ဥက္ခေပနီယကံကိုပြုကုန်သော ရဟန်းတို့၏ ဤသုတ္တန္တိကရဟန်းတို့ကို ဓမ္မိကဖြစ်သောကံဖြင့် သာလျှင် ဥက္ခိတ္တကံ ပြုအပ်၏ ဟူသောအယူ၊ ဥက္ခိတ္တာနုဝတ္တက ရဟန်းတို့၏ သုတ္တန္တိက ရဟန်းတို့ကို အဓမ္မိက ကံဖြင့် ဥက္ခိတ္တကံ ပြုအပ်၏ဟူသော အယူ၊ ဥက္ခေပနီယကံကို ပြုကုန်သော ရဟန်းတို့သည် တားမြစ်အပ်ကုန် လျက်လည်း ဥက္ခိတ္တာနုဝတ္တက ရဟန်းတို့ ခြံရံ၍ သွားသည်၏ အဖြစ်ကို သဗ္ဗညု မြတ်စွာဘုရားအား ကြားလျှောက်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ညီညွတ် သင့်တင့်ကြကုန်ဟု နှစ်ကြိမ်စေတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ညီညွတ်ခြင်းငှါ အလိုမရှိကြကုန် ဟူသော စကားကိုကြား၍ သုံးကြိမ်မြောက်၌ သံဃာကွဲ၏ဟု ထိုရဟန်းတို့၏ အထံသို့ ကြွတော်မူ၍ ဥက္ခေပနီယကံကိုပြုကုန်သော ရဟန်းတို့အား ကံပြုခြင်း၌အပြစ်ကို ဥက္ခိတ္တက ရဟန်းတို့အား အာပတ်ကို မရှုခြင်း၌ အပြစ်ကို ဟောတော်မူ၍ ဖဲတော်မူ၏၊ တစ်ဖန် ထိုကောသမ္ဗီပြည်၌လျှင် တစ်ခုတည်းသော သိမ်၌ ဥပုသ် အစရှိသည်တို့ကို ပြုကုန်၍ ယခုအခါ၌လည်း ငြင်းခုံကုန်လျက် နေကုန်၏ဟု ကြား၍ ထိုအရပ်သို့ သဗ္ဗညုမြတ်စွာဘုရားသည် ကြွတော်မူ၍ ရဟန်းတို့ မသင့်၊ ခိုက်ရန်မဖြစ်စေလင့် ဤသို့အစရှိသော စကားတို့ကို မိန့်တော်မူ၍ ဓမ္မဝါဒီ ဖြစ်သော မသင့်ရှားသော ရဟန်းတစ်ပါးသည် သဗ္ဗညု မြတ်စွာဘုရားရှင်၏ ပင်ပန်းခြင်းကို အလိုမရှိသဖြင့် ဘုန်းတော်ကြီးသော အရှင်ဘုရား တရားအရှင်

ဖြစ်သော သဗ္ဗညုမြတ်စွာဘုရားသည် ငုံတော်မူပါဦးလော့၊ အရှင်ဘုရား ဘုန်းတော်ကြီးသော အရှင်ဘုရားသည် ကြောင့်ကြမဲ့ နေတော်မူပါလော့၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေခြင်းကို အားထုတ်တော်မူလျက် နေတော်မူပါလော့၊ အကျွန်ုပ်တို့သည် ထိုခိုက်ရန် အငြင်းအခုံဖြင့် ထင်ရှားပါကုန်လတ္တံ့ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ရှေး၌ဖြစ်ဖူးသည်ကို ငါဟောအံ့။

အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော ကောသိကမင်းသည် ဖြစ်ဖူး၏၊ ဗြဟ္မဒတ်မင်းသည် ပြည်ကို လုယူ၍ မထင်ရှားသောအသွင်ဖြင့် နေသော ဒီဃီတိ ကောသလမင်းအား သတ်သည်အဖြစ်ကိုလည်းကောင်း, ဒီဃာဝုမင်းသားသည် မိမိအား အသက်ကို ပေးသည်ရှိသော် ထိုအခါမှစ၍ ဗြဟ္မဒတ်မင်း ဒီဃာဝုမင်းသားတို့၏ သင့်တင့်ညီညွတ်သည်၏ အဖြစ်ကိုလည်းကောင်း ဟောတော်မူ၍ ရဟန်းတို့ စဲ့ကိုင်သော လက်နက်ရှိကုန်သော ထိုမင်းတို့အားစင်လျက်လည်း ဤသို့သဘောရှိသောသည်းခံခြင်းနှင့် မေ့လျော့ခြင်းသည် ဖြစ်တုံသေး၏၊ သင်တို့သည်ကား ဤသို့ကောင်းစွာ ဟောအပ်သော ဤသာသနာတော်၌ အကြင်ကြောင့် ရဟန်းပြုကုန်၏၊ ထိုကြောင့် စင်စစ်သဖြင့် နားထောင်ရာ၏ဟု ဆုံးမတော်မူ၏၊ နှစ်ကြိမ်မြောက်လည်းကောင်း, သုံးကြိမ်မြောက်လည်းကောင်း ရဟန်းတို့မသင့်၊ ခိုက်ရန်မဖြစ်စေလင့်ဟု မြစ်တော်မူ၍ မကျင့်ကုန်သော ရဟန်းတို့ကို မြင်တော်မူ၍ ဤမဂ်ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော ရဟန်းတို့သည် အကုသိုလ်စိတ်ရှိကုန်သော သဘောရှိကုန်၏၊ ဤမဂ်ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော ယောကျ်ားတို့သည် မှတ်စိမ့်သောငှါ မလွယ်ကုန်ဟု ဖဲတော်မူ၍ နက်ဖြန် ဆွမ်းခံရွာမှ ကြွတော်မူ၍ ဂန္ဓကုဋီတော်၌ အတန်ငယ် အပင်အပန်းဖြေတော်မူ၍ ကျောင်းအိပ်ရာ နေရာကို သိမ်းတော်မူ၍ ကိုယ်တော်၏ သပိတ်သင်္ကန်းကို ယူတော်မူ၍ သံဃာ့အလယ် ကောင်းကင်၌ ရပ်တော်မူ၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၁၀။ ပုထုသဒ္ဒေါ သမဇနော၊ န ဗာလော ကောစိ မညထ။
သံဃသ္မိံ ဘိဇ္ဇမာနသ္မိံ၊ နာညံ ဘိယျော အမညရုံ။

၁၁။ ပရိမုဋ္ဌာ ပဏ္ဍိတာ ဘာသာ၊ ဝါစာ ဂေါစရ ဘာဏိနော။
ယာ ဝိစ္ဆန္တိ မုခါယာမံ၊ ယေန နီတာ န တံ ဝိဒူ။

၁၂။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယှန္တိ၊ ဝေရံ တေသံ န သမ္မတိ

၁၃။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ နုပနယှန္တိ၊ ဝေရံ တေသူပသမ္မတိ။

၁၄။ န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။

၁၅။ ပရေ စ န ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။

၁၆။ အဋ္ဌိစ္ဆိန္နာ ပါဏဟရာ၊ ဂဝဿ ဓနဟာရိနော။
ရဋ္ဌံ ဝိလုမ္ပမာနာနံ၊ တေသမ္ပိ ဟောတိ သင်္ဂတိ။
ကသ္မာ တုမှာက နော သိယာ။

၁၇။ သစေ လဘေထ နိပကံ သဟာယံ၊ သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ၊ စရေယျ တေနတ္တမနော သတီမာ၊

၁၈။ နော စေ လဘေထ နိပကံ သဟာယံ၊ သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊ ဧကော စရေ မာတင်္ဂ’’ရညေဝ နာဂေါ။

၁၉။ ဧကဿ စရိတံ သေယျော၊ နတ္ထိ ဗာလေ သဟာယတာ။
ဧကော စရေ န ပါပါနိ ကယိရာ၊
အပ္ပောဿုက္ကော မာတင်္ဂ’ ရညေဝ နာဂေါ၊

သဘော ထပ်တူ ထပ်မျှဖြစ်သော ရဟန်းအပေါင်းသည် များသော ကျယ်သော အသံရှိ၍၊ တစ်စုံတစ်ယောက်သော ရဟန်းသည်လည်း ငါ-မိုက်၏ဟူ၍ မအောက်မေ့၊ သံဃာသည် လွန်စွာကွဲသည်ရှိသော် ငါ့ကြောင့် သံဃာကွဲ၏ ဟူသော တစ်ပါးသောအကြောင်းကို မအောက်မေ့ကုန်။

လွတ်သော သတိရှိကုန်သော ပညာရှိယောင်ပြုကုန်သော သတိပဋ္ဌာန်စသော အရိယဓမ္မကို အာရုံမပြု စကားကိုသာ အာရုံပြုသော ရဟန်းတို့သည် အကြင်မျှလောက် ခံတွင်းဆန့်သလောက် ဆန့်၍ ဆိုကုန်၏၊ အချက်မရှိသည်၏ အဖြစ်ကို ဆောင်တတ်ကုန်သော ထိုခိုက်ရန်ကို ဤသို့ အဖြစ်ရှိ၏ ဟု မသိကုန်။

ငါ့ကို ဆဲရေးပြီ၊ ငါ့ကို ညှဉ်းဆဲပြီ၊ ငါ့ကို အောင်ပြီ၊ ငါ၏ ဥစ္စာကို ဆောင်ပြီ၊ ထိုအခြင်းအရာကို အငြိုးဖွဲ့ကုန်သောသူတို့အား ရန်သည် မငြိမ်း။

အကြင်သူတို့သည်လည်း ငါ့ကို ဆဲရေးပြီ၊ ငါ့ကို ညှဉ်းဆဲပြီ၊ ငါ့ကိုအောင်ပြီ၊ ငါ၏ ဥစ္စာကိုဆောင်ပြီဟု ထိုအခြင်းအရာကို မဖွဲ့ကုန်သောသူတို့အား ရန်သည် ငြိမ်း၏။

မှန်၏၊ ဤလောက၌ ရန်တို့မှသဖြင့် ရန်တို့သည် တစ်ရံကာလ်ဆစ်မျှ မငြိမ်းကုန်၊ ရန်တို့မမှုသဖြင့်ကား ငြိမ်းကုန်၏၊ ဤတရားသည် ရှေး၌ဖြစ်၏။

သူမိုက်တို့သည် ဤသံဃာ့အလယ်၌ ခိုက်ရန်ဖွဲ့ခြင်းကို ပြုကုန်လျက် ငါတို့သည် ယမမင်းနိုင်ငံသို့ လိုက်ရအံ့ဟု မသိကုန်သော ထိုယောက်ျားတို့တွင် ယမမင်းနိုင်ငံသို့ လိုက်ရကုန်အံ့ဟု သိကုန်သော ရဟန်းတို့သည်ကား ရန်တို့သည် ငြိမ်းကုန်၏။

မိဘတို့၏ အရိုးကို အပြတ်ခံရကုန်သော၊ မိဘတို့၏ အသက်ကို အသတ်ခံရကုန်သော၊ နွား မြင်း ဥစ္စာတို့ကို ဆောင်နှင်းခံရကုန်သော၊ တိုင်းနိုင်ငံကို လုယက်ခံရကုန်သော မင်းတို့အား ပေါင်းဖော် ဆက်ဆံနိုင်ကြသေး၏၊ သင်တို့အား အဘယ့်ကြောင့် မပေါင်းဖော် မဆက်ဆံနိုင်ကြသနည်း။

ပညာရှိသော၊ အတူတကွ ကျင့်ဖက်ဖြစ်သော၊ ကောင်းစွာ နေလေ့ရှိသော တည်ကြည်သော အဆွေခင်ပွန်းကို အကယ်၍ ရငြားအံ့၊ ခပ်သိမ်းကုန်သော ဘေးရန်တို့ကို နှိပ်စက်၍ ထိုအဆွေခင်ပွန်းနှင့်တကွ ဝမ်းမြောက်ဝမ်းသာသည် ဖြစ်၍ သတိနှင့်ပြည့်စုံသည်ဖြစ်၍ ကျင့်ရာ၏။

ပညာရှိသော တကွ ကျင့်ဖက်ဖြစ်သော၊ ကောင်းစွာနေလေ့ရှိသော တည်ကြည်သော အဆွေခင်ပွန်းကို အကယ်၍ မရငြားအံ့ မဟာဇနကမင်း၊ အရိန္ဒမမင်းသည် အောင်မြင်အပ်ဖြစ်သော တိုင်းနိုင်ငံကို စွန့်၍ တစ်ယောက်တည်း ကျင့်သကဲ့သို့လည်းကောင်း၊ အမိကို လုပ်ကျွေးသော သီလဝ ဆင်ပြောင်ကြီး၊ ပါလိလေယျက ဆင်ပြောင်ကြီးသည် တော၌ တစ်စီးတည်း ကျင့်သကဲ့သို့လည်းကောင်း ထိုအတူ တစ်ယောက်တည်း ကျင့်ရာ၏။

တစ်ယောက်တည်း ကျင့်ခြင်းသည် မြတ်၏၊ သူမိုက်၌ အဆွေခင်ပွန်းသည် မရှိ၊ တော၌ ဆင်ပြောင်ကြီးကဲ့သို့ ကြောင့်ကြမဲ့ တစ်ယောက်တည်း ကျင့်ရာ၏ မကောင်းမှုတို့ကို မပြုရာ။

သဗ္ဗညု မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၍ ထိုရဟန်းတို့ကို ညီညွတ်စွာ ပြုအံ့သောငှါ မတတ်နိုင်ရကား ပါလိလေယျကရွာသို့ ကြွတော်မူ၍ ဘဂုမထေရ်အား တစ်ယောက်တည်းနေသည်၏အဖြစ်၌ အကျိုးဆက်ကို ဟောတော်မူပြီး၍ ထိုရွာမှ သုံးယောက်ကုန်သော အမျိုးကောင်းသားတို့၏ နေရာအရပ်သို့ သွား၍ အမျိုးကောင်းသားတို့အား ညီညွတ်သင့်တင့်သည်၏အဖြစ်၌ အကျိုးဆက်ကို ဟောတော်မူ၍ ထိုအရပ်မှ ပါလိလေယျက တောအုပ်သို့ ကြွတော်မူ၍ ထိုတောအုပ်၌ သုံးလပတ်လုံး နေတော်မူ၍ တစ်ဖန် ကောသမ္ဗီပြည်သို့ မကြွမူ၍ သာဝတ္ထိပြည်သို့လျှင် ကြွတော်မူ၏၊ ကောသမ္ဗီပြည်သား သီတင်းသည်တို့သည် ဤကောသမ္ဗီပြည်သား ရဟန်းဖြစ်ကုန်သော အရှင်တို့ကား ငါတို့၏ များစွာသော အကျိုးမဲ့ကို ပြုကုန်၏၊ ဤအရှင်တို့သည် နှိပ်စက်အပ်သည် ဖြစ်၍ ဘုရားသဗ္ဗညုသည် ကြွသွားတော်မူ၏၊ ဤကောသမ္ဗီပြည်သား ရဟန်းဖြစ်ကုန်သော အရှင်တို့အား ရှိခိုးခြင်း အစရှိသည်တို့ကို မပြုကုန်အံ့၊ ဆွမ်းကို မလှူကြကုန်အံ့၊ ဤသို့ ပြုသည်ရှိသော် ဤရဟန်းတို့သည် ဖဲမူလည်း ဖဲကုန်လတ္တံ့၊ ရဟန်းဖြစ်ခြင်းမှလည်း ထွက်ကုန်လတ္တံ့၊ ထိုအခါ သဗ္ဗညု မြတ်စွာဘုရားကို ဤရဟန်းတို့သည် ကြည်ညိုစေကုန်လတ္တံ့၊ ဤသို့တိုင်ပင်၍ တိုင်ပင်တိုင်း ပြုကုန်၏၊ ထိုရဟန်းတို့သည် ထိုဒဏ်အမှုဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ သာဝတ္ထိပြည်သို့သွား၍ သဗ္ဗညုမြတ်စွာဘုရားအား ကန်တော့ကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဇာတ်ကိုပေါင်းတော်မူ၏၊အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ သုဒ္ဓေါဒနမင်းကြီးသည် ထိုအခါ အဘဖြစ်ပြီ၊ ယခုအခါ မဟာမာယာသည် ထိုအခါ အမိဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဒီဃာဝုမင်းသားဖြစ်ပြီ၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

(ရဟန်းများစွာ၊ ကွဲပြားလာ၊ ဒကာ စောင့်ထိန်းရာ။)

လေးရာနှစ်ဆယ့်ရှစ်ခုမြောက်သော ကောသမ္ဗီယဇာတ်သည် ပြီး၏။

## ၄၂၉-မဟာသုဝဇာတ်

### ဆင်းရဲသော်လည်း အဆွေခင်ပွန်းကို မစွန့်ထိုက်ခြင်း

### မရှိအတူ ရှိအတူ ဒေးအတူ ပူအမျှ

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဒုမော ယဒါ ဖလော့တိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာသုဝဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ ကောသလဇနပုဒ်၌ မထင်ရှားသော ပစ္စန္တရွာကို အမှီပြု၍ တောအုပ်၌ နေသတတ်၊ ထိုပစ္စန္တရွာသားတို့သည် ထိုရဟန်းအား မွန်မြတ်သော ဆွမ်းကို လှူခြင်းငှါ မတတ်နိုင်ကုန်၊ ထိုရဟန်းအား လျောက်ပတ်သော ကျောင်းကို ရလျက်လည်း ဆွမ်းဖြင့် ပင်ပန်းရကား မဂ်ကိုလည်းကောင်း, ဖိုလ်ကိုလည်းကောင်း ဖြစ်စေခြင်းငှါ မတတ်နိုင်၊ ထိုအခါ သုံးလလွန်သဖြင့် သဗ္ဗညုမြတ်စွာဘုရားအား ရှိခိုးအံ့သောငှါ လာသော ထိုရဟန်းကို သဗ္ဗညုမြတ်စွာဘုရားသည် ပဋိသန္ထာရကို ပြုတော်မူ၍ "ရဟန်း ဆွမ်းဖြင့် မပင်မပန်းဘဲ ရှိပါ၏လော၊ လျောက်ပတ်သော ကျောင်းကို ရ၏လော"ဟု မေးတော်မူ၏၊ ထိုရဟန်းသည် ထိုအကြောင်းကို ကြားလျှောက်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းအား လျောက်ပတ်သော ကျောင်းရှိသည်၏ အဖြစ်ကို သိတော်မူ၍ "ရဟန်း ရဟန်းမည်သည်ကား လျောက်ပတ်သော ကျောင်းကို ရသည်ရှိသော် လောဘ၏ အစွမ်းအားဖြင့် ကျင့်ခြင်းကို ပယ်၍ တစ်စုံတစ်ခု ရတိုင်းသော ပစ္စည်းကိုသာလျှင် သုံးဆောင်၍ ရောင့်ရဲခြင်းဖြင့် ရဟန်းတရားကို ပြုသင့်၏၊ ရှေးပညာရှိတို့သည် တိရစ္ဆာန်အမျိုး၌ ဖြစ်ကုန်သော်လည်း မိမိနေရာ သစ်ပင်ခြောက်လတ်သော် အမှုန့်ကို စားကုန်လျက် လောဘ၏ အစွမ်းအားဖြင့် ကျင့်ခြင်းကို ပယ်၍ ရောင့်ရဲကုန်သည် ဖြစ်၍ အဆွေခင်ပွန်းတို့၏ တရားကို မဖျက်ဆီးမူ၍ တစ်ပါးသို့ မသွားကုန်၊ သင်သည်ကား အဘယ်ကြောင့် ဆွမ်းကို သုံးဆောင်ရလျက် တံဆွမ်းကို ကြမ်း၏ဟူ၍ လျောက်ပတ်သော ကျောင်းကို စွန့်ဘိသနည်း"ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဟိမဝန္တာဝယ် ဂင်္ဂါနား၌ တစ်ခုသော ရေသဖန်းပင်ဝယ် အရာမကကုန်သော ကျေးတို့သည် နေကြကုန်၏၊ ထိုကျေးတို့တွင် တစ်ခုသော ကျေးမင်းသည် မိမိနေသော ရေသဖန်းပင်၏ အသီးတို့သည် ကုန်ကုန်လတ်သော် အကြင် အညွန့် အရွက် အခွံ အပွေးသည် ကြွင်း၏၊ ထိုအကြွင်းကို စား၍ ဂင်္ဂါ၌ ရေကို သောက်၍ အလွန်မြတ်သော အလိုနည်းခြင်းဖြင့် ရောင့်ရဲသည် ဖြစ်၍ တစ်ပါးသော အရပ်သို့ မသွား၊ ထိုကျေးမင်း၏ အလိုနည်းသည်၏အဖြစ် ရောင့်ရဲလွယ်သည်၏အဖြစ် ဟူသော ဂုဏ်ကျေးဇူးကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်၏။

သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုကျေးမင်းကို မြင်၍ ထိုကျေးမင်းအား စုံစမ်းအံ့သောငှါ မိမိ၏ အာနုဘော်ဖြင့် ထိုသစ်ပင်ကို ခြောက်စေ၏၊ ရေသဖန်းပင်သည် အငုတ်မျှသာရှိ၏၊ အပေါက်ကြီး အပေါက်ငယ်ရှိလျက် လေခတ်အပ်သည်ရှိသော် တီးမှုတ်ဘိသကဲ့သို့ မြည်၏၊ ထိုရေသဖန်းပင် အပေါက်တို့မှ အမှုန့်တို့သည် ထွက်ကုန်၏၊ ကျေးမင်းသည် ထိုအမှုန့်တို့ကို စား၍ ဂင်္ဂါ၌ ရေသောက်၍ တစ်ပါးသော အရပ်သို့ မသွားမူ၍ လေ နေပူတို့ကို မရေမတွက်မူ၍ ရေသဖန်းပင်ငုတ်၌ နေ၏၊ သိကြားမင်းသည် ထိုကျေးမင်း၏ အလိုနည်းသော အဖြစ်ကို သိ၍ အဆွေခင်ပွန်းတို့၏ တရားကျေးဇူးကို ဟောစေ၍ ကျေးမင်းအား ဆုပေး၍ ရေသဖန်းပင်ကို အမြိုက် အသီးရှိသည်ကို ပြု၍ လာအံ့ဟု တစ်ခုသော ဟသာမင်း ဖြစ်၍ သုဇာတာ မည်သော အသူရာနတ်၏ သမီးကို ရှေ့ထား၍ ရေသဖန်းပင်တောသို့ သွား၍ အနီး၌ တစ်ခုသော သစ်ပင်၏ အခက်၌ နား၍ ထိုကျေးမင်းနှင့် တကွ စကားကို ဖြစ်စေလိုရကား ဤဂါထာကို ဆို၏—

၂၀။ ဒုမော ယဒါ ဟောတိ ဖလူပပန္နော၊ ဘုဉ္ဇန္တိ နံ ဝိဟင်္ဂမာ သမ္ပတန္တာ၊
ခီဏန္တိ ဥ တွာန ဒုမံ ဖလစ္စယေ၊ ဒိသောဒိသံ ယန္တိ တတော ဝိဟင်္ဂမာ။

ကျေးမင်း သစ်ပင်သည် အသီးနှင့် ပြည့်စုံရာအခါ၌ ငှက်တို့သည် ထိုသစ်ပင်ကို တစ်ခက်မှ တစ်ခက်သို့ ပြောင်းသွားကုန်လျက် အသီးကို စားကုန်၏၊ အသီးကုန်မှန်း သိသောအခါ၌ အသီးကုန်ခြင်းကြောင့် ငှက်တို့သည် ထိုသစ်ပင်မှ ထိုထိုအရပ်သို့ ပျံသွားကြကုန်၏။

ဤသို့ ဆိုပြီး၍ ထိုနောင်မှ ထိုကျေးမင်းကို တိုက်တွန်းအံ့သောငှါ ဤဂါထာကို ဆို၏—

၂၁။ စရ စာရိကံ လောဟိတတုဏ္ဍ မာမရိ၊ ကိံ တွံ သုဝ သုက္ခဒုမမှိ ဈာယသိ။
တဒိင်္ဃ မံ ဗြူဟိ ဝသန္တ သန္နိဘ၊ ကသ္မာ သုဝ သုက္ခဒုမံ န ရိဉ္စသိ။

နီသော နှုတ်သီးရှိသော ကျေးသား အရပ်တစ်ပါးသို့ သွားလေလော့၊ မသေလင့်။ သင်သည် အဘယ့်ကြောင့် ခြောက်သောသစ်ပင်၌ မှိုင်တွေ၍နေသနည်း။ မိုးတွင်းကာလ၌ စိမ်းညိုသော တောအုပ်နှင့်တူသော အဆင်းရှိသော ကျေးသား သင့်ကို ငါတိုက်တွန်း၏၊ သင်သည် ငါ့ကို ဆိုလော့။ အဘယ့်ကြောင့် ခြောက်သော သစ်ပင်ကို မစွန့်သနည်း။

ထိုနောင်မှ သိကြားကို ကျေးမင်းသည် ငါကား ကျေးဇူးကို သိတတ်သည်၏ အဖြစ်ကြောင့် ဤသစ်ပင်ကို မစွန့်ဟု ဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၂၂။ယေ ဝေ သခီနံ သခါရော ဘဝန္တိ၊ ပါဏစ္စယေ ဒုက္ခသုခေသု ဟံသ။
ခီဏံ အခီဏာမှိ န တံ ဇဟန္တိ၊ သန္တော သတံ ဓမ္မမနုဿရန္တာ။

၂၃။သောဟံ သတံ အညတရောသ္မိ ဟံသ၊ ဉာတီ စ မေ ဟောတိ သခါ စ ရုက္ခော။
တံ နုဿဟေ ဇီဝိကတ္ထော ပဟာတုံ၊ ခီဏန္တိ ဉတွာန န ဟေသ ဓမ္မော။

ဟံသာမင်း အဆွေခင်ပွန်းကောင်း မည်သည် အဆွေခင်ပွန်းတို့၏ ချမ်းသာဆင်းရဲ ဖြစ်ပေါ်သောအခါ၌ အသက်ကိုပင် စွန့်သင့်၏၊ သူတော်ကောင်းတရားကို လက်ကိုင်ထားသော သူတော်ကောင်းသည် ထိုအဆွေခင်ပွန်းကို စည်းစိမ်ဥစ္စာ ကုန်သွားပြီး ဖြစ်စေ, စည်းစိမ်ဥစ္စာ ကုန်တော့မည်မှန်း သိသောအခါဖြစ်စေ မစွန့်ပစ်ကြကုန်။

ဟံသာမင်း ထိုငါသည် သူတော်ကောင်းတို့တွင် တစ်ယောက်သည် အပါအဝင် ဖြစ်၏။ ရေသဖန်းပင်သည် ငါ၏ အဆွေအမျိုးသည်လည်းကောင်း၊ အဆွေခင်ပွန်းသည်လည်းကောင်း ဖြစ်၏။ အသက်မွေးခြင်းကို အလိုရှိသော ငါသည် အသီးကုန်ပြီဟု သိ၍ ထိုရေသဖန်းပင်ကို စွန့်အံ့သောငှါ မတတ်နိုင်။ ထိုစွန့်ခြင်းသည် သူတော်ကောင်းတို့၏ တရားမဟုတ်။

သိကြားမင်းသည် ကျေး၏စကားကို ကြား၍ နှစ်သက်သည် ဖြစ်၍ ချီးမွမ်း၍ ဆုပေးလိုရကား ဤဂါထာတို့ကို ဆို၏—

၂၄။ သာဓု သက္ခိ ကတံ ဟောတိ၊ မေတ္တိ သံသတိ သန္ထဝေါ။
သစေ တံ ဓမ္မံ ရောစေသိ၊ ပါသံသောသိ ဝိဇာနတံ။

၂၅။ သော တေ သုဝ ဝရံ ဒမ္မိ၊ ပတ္တယာန ဝိဟင်္ဂမ။
ဝရံ ဝရဿု ဝက္ကင်္ဂ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။

ကျေးမင်း အဆွေခင်ပွန်း၏ အဖြစ်သည် ကောင်း၏၊ အဆွေခင်ပွန်း ဖြစ်၍ တကွ နေခြင်းဖြင့် ပေါင်းဖော်ခြင်းသည် ကောင်း၏၊ သင်သည် ထိုချစ်ခင်လေးမြတ် ပေါင်းဖက်အပ်သော မိတ်ခင်ပွန်းသဘောကို အကယ်၍ နှစ်သက်အံ့၊ ပညာရှိတို့သည် ချီးမွမ်းထိုက်၏။

အတောင်ဟူသော ယာဉ်ရှိသော, ကောင်းကင်ဖြင့် သွားတတ်သော,ကောက်သော လည်ရှိသော ကျေးသား သင့်စိတ်တွင် အလိုရှိသော အမှတ်မရှိ တစ်ခုခုသော ဆုကို ငါသည် သင့်အား ပေးပါအံ့၊ လိုရာဆုကို တောင်းပါလော့။

ထိုစကားကို ကြား၍ ကျေးမင်းသည် ဆုယူရလိုကား ဤဂါထာကို ဆို၏-

၂၆။ဝရဉ္စ မေ ဟံသ ဘဝံ ဒဒေယျ၊ အယဥ္စ ရုက္ခော ပုနရာယုံ လဘေထ။
သော သာခဝါ ဖလိမာ သံဝိရူဠှော၊မဓုတ္ထိကော တိဋ္ဌတု သောဘမာနော။

ဟံသာမင်း အရှင်သည် ငါ့အား ဆုကို အကယ်၍ ပေးငြားအံ့။ ဤရေသဖန်းပင်သည်လည်း တစ်ဖန် အသက်ကို ရစေသတည်း။ထိုရေသဖန်းပင်သည် အခက်နှင့် ပြည့်စုံသည်ဖြစ်၍ အသီးနှင့်ပြည့်စုံသည်ဖြစ်၍ ထက်ဝန်းကျင်မှ စည်ပင်ပေါက်ရောက်သော အရွက်နုရှိသည်ဖြင်၍ ယင်ပျားငယ်ကဲ့သို့ ချိုသော အသီးရှိသည်ဖြစ်၍ တင့်တယ်သည်ဖြစ်၍ တည်စေသတည်း။

ထိုအခါ ထိုကျေးမင်းအား သိကြားမင်းသည် ဆုပေးလိုရကား ဤဂါထာကို ဆို၏—

၂၇။တံ ပဿ သမ္မ ဖလိမံ ဥဠာရံ၊ သဟာဝ တေ ဟောတု ဥဒုမ္ဗရေန။
သော သာခဝါ ဖလိမာ သံဝိရူဠှော၊မဓုတ္ထိကော တိဋ္ဌတု သောဘမာနော။

ကောင်းသော ကျေးမင်း အသီးနှင့် ပြည့်စုံသော မြတ်သော ထိုရေသဖန်းပင်ကို သင်သည် ရှုလော့၊ သင့်အား ရေသဖန်းပင်နှင့် တကွလျှင် နေခြင်းသည် ဖြစ်စေ, ထိုရေသဖန်းပင်သည် အခက်နှင့်ပြည့်စုံသည် ဖြစ်၍ အသီးနှင့်ပြည့်စုံသည်ဖြစ်၍ ထက်ဝန်းကျင်မှ စည်ပင်ပေါက်ရောက်သော အရွက်နု ရှိသည်ဖြစ်၍ ယင်ပျားငယ်ကဲ့သို့ ချိုသော အသီးရှိသည်ဖြစ်၍ တင့်တယ်သည်ဖြစ်၍ တည်စေသတည်း။

ဤသို့ဆို၍ ထိုဟံသာမင်း၏ အတ္တဘောကိုစွန့်၍ မိမိ၏လည်းကောင်း, သုဇာတာ၏လည်းကောင်း အာနုဘော်ကိုပြ၍ ဂင်္ဂါမှလက်ဖြင့် ရေကိုယူ၍ ရေသဖန်းပင်ငုတ်ကို သွန်းလောင်း၍ သုံးသပ်၏၊ ထိုခဏ၌လျှင် အခက်အခွတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းသျှက် ချိုသော အသီးရှိသော သဖန်းပင်သည် တက်၍ အထွတ်မရှိသော ပဏ္ဍုမြားတောင်ကဲ့သို့ တင့်တယ်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍

တည်၏၊ ကျေးမင်းသည် ထိုရေသဖန်းပင်ကို မြင်၍ ဝမ်းမြောက်ခြင်းသို့ ရောက်သည်ဖြစ်၍ သိကြားမင်းအား ချီးမွမ်းလိုရကား ဤဂါထာကို ဆို၏—

၂၀။ ဧဝံ သက္က သုခီ ဟောတိ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
ယထာဟမဇ္ဇ သုခိတော၊ ဒိသွာန သဖလံ ဒုမံ။

သိကြားမင်း ယနေ့ ငါသည် အသီးနှင့် ပြည့်စုံသော သဖန်းပင်ကို မြင်၍ ချမ်းသာသကဲ့သို့ ထို့အတူ သင်သည် ခပ်သိမ်းကုန်သော ဆွေမျိုးတို့နှင့် တကွ ချမ်းသာပါစေသတည်း။

သိကြားမင်းသည်လည်း ဆုပေး၍ ရေသဖန်းပင်ကို အမြိုက်အသီးနှင့် ပြည့်စုံသည်ကို ပြု၍ သုဇာတာနှင့်တကွ မိမိနေရာသို့သာလျှင် သွား၏၊ ထိုအနက်ကို ပြအံ့သောငှါ သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၂၉။ သုဝဿ စ ဝရံ ဒတွာ၊ ကတွာန သဖလံ ဒုမံ။
ပက္ကာမိ သဟ ဘရိယာယ၊ ဒေဝါနံ နန္ဒနံ ဝနံ။

ရဟန်းတို့ သိကြားမင်းသည် ကျေးသားအားလည်း ဆုကို ပေး၍ ရေသဖန်းပင်ကို အသီးရှိသည်ကို ပြု၍ မယားနှင့်တကွ တာဝတိံသာနတ်တို့၏ နန္ဒဝန်ဥယျာဉ်သို့ သွား၏။

ဇာတ်ပေါင်း

သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းရှေးပညာရှိတို့သည် ဤတိရစ္ဆာန်အမျိုး၌ ဖြစ်ကုန်လျက်လည်း လောဘ၏ အစွမ်းအားဖြင့် သွားခြင်းမရှိကုန်သည် ဖြစ်ကုန်၏၊ သင်သည်ကား အဘယ်ကြောင့် ဤသို့ သဘောရှိသော သာသနာတော်၌ ရဟန်းပြု၍ လောဘ၏ အစွမ်းအားဖြင့် သွားခြင်းကို သွားဘိသနည်း၊ သွားလေ ထိုအရပ်၌လျှင် နေလော့ဟု မိန့်တော်မူ၍ ထိုရဟန်းအား ကမ္မဋ္ဌာန်းကို ဟောတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ ထိုရဟန်းသည် ထိုအရပ်သို့ သွား၍ ဝိပဿနာ စီးဖြန်းလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကျေးမင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ရောင့်ရဲသည်း၏၊ ချမ်းသာမှန်၊ ကေန်ရမည်သာ။)

(လေးရာနှစ်ဆယ့်ကိုးခုမြောက်သော မဟာသုဝဇာတ်သည် ပြီး၏။)

## ၄၃၀ — စူဠသုဝဇာတ်

## ကျေးဇူးမမေ့တတ်သော ကျေးမင်း

## အံ့ဩဖွယ်ကောင်းသော ရောင့်ရဲမှု

## လောဘနိုင်ငံသို့ မလိုက်သင့်ကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သန္တိရုက္ခာ"-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠသုဝဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝေရဉ္စကဏ္ဍကို အကြောင်းပြု၍ ဟောတော်၏၊

သဗ္ဗညုမြတ်စွာဘုရားသည် ဝေရဉ္စာ၌ ဝါဆိုတော်မူ၍ အစဉ်သဖြင့် သာဝတ္ထိမြို့သို့ ရောက်တော်မူသည်ရှိသော် ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ သဗ္ဗညုမြတ်စွာဘုရားသည် နူးညံ့သိမ်မွေ့စွာသော မင်းမျိုးဖြစ်လျက် နူးညံ့သိမ်မွေ့သော ဘုရားဖြစ်လျက် ကြီးစွာသော တန်းခိုးအာနုဘော်ဖြင့် ပြည့်စုံတော်မူလျက် ဝေရဉ္စပုဏ္ဏားသည် ဖိတ်အပ်သည်ဖြစ်၍ ဝါတွင်းသုံးလပတ်လုံး မာရ်နတ်သည် မြှောယုက်အပ်သည်ဖြစ်၍ ဝေရဉ္စပုဏ္ဏား၏အထံ၌ တစ်ရက်မျှလည်း ဆွမ်းကိုမရမူ၍ လောဘ၏ အစွမ်းအားဖြင့် သွားခြင်းကို ပယ်တော်မူ၍ ဝါတွင်းသုံးလပတ်လုံး တစ်ကွမ်းစားမျှသော ကြိတ်အပ်သော မုယောဆွမ်းဖြင့် မျှတတော်မူလျက် တစ်ပါးသော အရပ်သို့ ကြွသွားတော်မမူ။ သဗ္ဗညုမြတ်စွာဘုရားတို့၏ အလိုတော်နည်းသည်၏အဖြစ် ရောင့်ရဲလွယ်သည်၏အဖြစ်သည် အံ့ဩဖွယ်ရှိစွဟု စကားကို ဖြစ်စေကုန်၏။

သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ ငါဘုရား၏ လောဘ၏ အစွမ်းအားဖြင့် သွားခြင်းကို ပယ်ခြင်းသည် အံ့ဖွယ်မရှိသေး၊ ရှေးတိရစ္ဆာန်အမျိုး၌ ဖြစ်လျက်လည်း ငါသည် လောဘ၏အစွမ်းအားဖြင့် သွားခြင်းကို ပယ်ဖူး၏ဟု မိန့်တော်မူ၍ ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

အလုံးစုံသော ဝတ္ထုကို ရှေးနည်းဖြင့်လျှင် ဆိုအပ်၏။ ၎င်း အတိတ်ဝတ္ထု၌ ဤဂါထာတို့ကို ဆို၏—

၃၀။ သန္တိရုက္ခာ ဟရိပတ္တာ၊ ဒုမာ နေကဖလာ ဗဟူ။
ကသ္မာ နု သုက္ခေ ကောဠာပေ၊ သုဝဿ နိရတော မနော။

၃၁။ ဖလ’ဿ ဥပဘုဉ္ဇိမှာ၊ နေကဝဿဂဏေ ဗဟူ။
အဖလမ္ပိ ဝိဒိတွာန၊ သာ၀ မေတ္တိ ယထာ ပုရေ။

၃၂။ သုက္ခဉ္စ ရုက္ခံ ကောဠာပံ၊ ဩပတ္တ’မဖလံ ဒုမံ။
ဩဟာယ သကုဏာ ယန္တိ၊ ကိံ ဒေါသံ ပဿသေ ဒိဇ။

၃၃။ ယေ ဖလတ္ထာ သံဘဇန္တိ၊ အဖလောတိ ဇဟန္တိ နံ။
အတ္တတ္ထပညာ ဒုမ္မေဓာ၊ တေ ဟောန္တိ ပက္ခပါတိနော။

၃၄။ သာဓု သက္ခိ ကတံ ဟောတိ၊ မေတ္တိ သံသတိ သန္ထဝေါ။
သစေ’တံ ဓမ္မံ ရောစေသိ၊ ပါသံသောသိ ဝိဇာနတံ။

၃၅။ သော တေ သုဝ ဝရံ ဒမ္မိ၊ ပတ္တယာန ဝိဟင်္ဂမ။
ဝရံ ဝရဿု ဝက္ကင်္ဂ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။

၃၆။ အပိ နာမ နံ ပဿေယျံ၊ သပတ္တံ သဖလံ ဒုမံ။
ဒလိဒ္ဒေါ ဝ နိဓိံ လဒ္ဓါ၊ နန္ဒေယျာဟံ ပုနပ္ပုနံ။

၃၇။ တတော အမတမာဒါယ၊ အဘိသိဉ္စိ မဟီရုဟံ။
တဿ သာခါ ဝိရူဟိံသု၊ သီတစ္ဆာယာ မနောရမာ။

၃၈။ ဧဝံ သက္က သုခီ ဟောတိ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
ယထာဟမဇ္ဇ သုခိတော၊ ဒိသွာန သဖလံ ဒုမံ။

၃၉။ သုဝဿ စ ဝရံ ဒတွာ၊ ကတွာန သဖလံ ဒုမံ။
ပက္ကာမိ သဟ ဘရိယာယ၊ ဒေဝါနံ နန္ဒနံ ဝနံ။

စိမ်းညိုသော အရွက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော မြေတောင်တို့၌ ရောက်ကုန်သော များစွာသော အသီးရှိကုန်သော များစွာကုန်သော သစ်ပင်တို့သည် ရှိကုန်လျက် ခြောက်သော လေခတ်သည်ရှိသော် တီးမှုတ်သော အသံကဲ့သို့ မြည်သော ရေသဖန်းပင်၌ ကျေး၏ စိတ်သည် အဘယ်ကြောင့် အမြဲ မွေ့လျော်သနည်း။

တစ်ပါးမက ရေတွက်အပ်သော နှစ်ရှိကုန်သော များစွာကုန်သော ကာလပတ်လုံး ငါတို့သည် ထိုရေသဖန်းပင်၏ အသီးကို စားကုန်ပြီ၊ အသီးမရှိပြီ ဟူ၍ သိ၍လည်း ရှေးဦကဲ့သို့ ထိုချစ်ခြင်းသည်လျှင် ဖြစ်၏။

ခြောက်သည်လည်း ဖြစ်သော လေခတ်သည်ရှိသော် တီးမှုတ်သော အသံကဲ့သို့ မြည်သော အရွက်မရှိသော အသီးမရှိသော မြေ၌ရောက်သော ရေသဖန်းပင်ကို နှစ်ကြိမ်ဖြစ်ကုန်သော ငှက်တို့သည် စွန့်၍သွားကုန်၏၊ကျေးမင်း သင်သည် စွန့်၍သွားခြင်း၌ အဘယ်အပြစ်ကို မြင်သနည်း။

ဟသ်ာမင်း အကြင်ငှက်တို့သည် အသီးဟူသော အကြောင်းကြောင့် ထိုအရပ်သို့ ဆည်းကပ်ကုန်၏၊ ထိုရေသဖန်းပင်ကို အသီးမရှိဟု စွန့်ကုန်၏၊ ထိုငှက်တို့သည် မိမိအကျိုးငှါသာ ပညာရှိကုန်သည်ဖြစ်၍ သူတစ်ပါးတို့၏ အကျိုးငှါ ပညာမရှိကြကုန်၊ မိမိကိုယ် အဖို့၌သာ ကျတတ်ကုန်၏။

ကျေးမင်း အဆွေခင်ပွန်းတို့ အပေါ်၌ ဖြစ်သော မေတ္တာသည် ကောင်း၏၊ အဆွေခင်ပွန်း၏ အဖြစ်ဖြင့် ပေါင်းဖော်ခြင်းဖြင့် မိတ်ဖြစ်ခြင်းသည် ကောင်း၏၊ ထိုတရားကို အကယ်၍ နှစ်သက်အံ့၊ ပညာရှိတို့သည် ချီးမွမ်းအပ်သည်သာလျှင် ဖြစ်၏။

အတောင်ဟူသော ယာဉ်ရှိသော ကောင်းကင်ဖြင့်သွားသော ကောက်သော လည်ရှိသောကျေးမင်း ငါသည် သင့်အား ဆုကိုပေးအံ့၊ သင့်စိတ်တွင် အလိုရှိသောဆုကို တောင်းလော့။

ဟသ်ာမင်း ငါသည် ထိုရေသဖန်းပင်ကို အရွက်ရှိသည်ကို အသီးရှိသည်ကို အကယ်၍ မြင်ရငြားအံ့ ရွှေအိုးကိုရသော သူဆင်းရဲသည် နှစ်သက်သကဲ့သို့ ထိုရေသဖန်းပင်ကို အဖန်တလဲလဲ ငါသည် နှစ်သက်ရာ၏။

ထိုနောင်မှ သိကြားသည် အမြိုက်ရေကိုယူ၍ ရေသဖန်းပင်ကို သွန်း၏။ ထိုရေသဖန်းပင်၏ အခက်တို့သည် စည်ပင်ကုန်၏။ အေးသော အရိပ်ရှိ၏။ နှလုံး မွေ့လျော်ဖွယ် ရှိ၏။

သိကြားမင်း ယနေ့ ငါသည် အသီးရှိသော ရေသဖန်းပင်ကို မြင်၍ ချမ်းသာသကဲ့သို့ ထိုအတူ သင်သည် အဆွေအမျိုး အားလုံးတို့နှင့် အတူတကွ ချမ်းသာပါစေသတည်း။

သိကြားသည် ကျေးသားအားလည်း ဆုကို ပေး၍ ရေသဖန်းပင်ကို အသီးရှိသည်ကို ပြု၍ မယားနှင့်တကွ တာဝတိံသာနတ်တို့၏ နန္ဒဝန်ဥယျာဉ်သို့ သွား၏။

## ဇာတ်ပေါင်း

သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကျေးမင်းဖြစ်ပြီဟူ၍ ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးကြီးမား၊ နေရာများ၊ ရှောင်ရှားမပြုရာ။)

လေးရာသုံးဆယ်မြောက် စူဠသုဝဇာတ်သည် ပြီး၏။

## ၄၃၁-ဟရိတစဇာတ်

### အငွေ့သာရှောင် အတွေ့မရှောင်နိုင်

### ပညာရှိ သတိဖြစ်ခဲ

### ကာမသည် ပညာရှိကို ဖျက်ဆီးတတ်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗုဒ္ဓ မြတ်စွာ ဘုရားသည် သုတမေတံ မဟာဗြဟ္မေ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤဟရိတစဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် ငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

တန်ဆာဆင်သော မာတုဂါမကိုမြင်၍ ငြီးငွေ့ရကား ရှည်သောဆံ လက်သည်း ခြေသည်း အမွေးရှိသော လူထွက်လိုသော ထိုရဟန်းကို ဆရာဥပဇ္ဈာယ်တို့သည် အလိုမရှိဘဲလျက်လျှင် ဘုရားအထံတော်သို့ ဆောင်အပ်သည်ရှိသော် သမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ရဟန်း သင်ငြီးငွေ့သတတ်ဟူသည် မှန်သလောဟု မေးတော် မူ၏၊ ဘုန်းတော်အသွန်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက် သည်ရှိသော် အဘယ့်ကြောင့် ငြီးငွေ့သနည်းဟု မေးတော်မူ၏၊ ဘုန်းတော် ကြီးသော အရှင်ဘုရား တန်ဆာဆင်အပ်သော မိန်းမကိုမြင်၍ ကိလေသာ၏ အစွမ်းအားဖြင့် ငြီးငွေ့၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း ကိလေသာ မည်သည်ကား ဂုဏ်ကျေးဇူးကို ဖျက်ဆီးတတ်၏၊ ကြည်ညိုဖွယ် မရှိ၊ ငရဲ၌ဖြစ်စေ

တတ်၏၊ ဤကိလေသာသည် သင်ကဲ့သို့သော သူကို အဘယ့်ကြောင့် မညစ်ညူးစေဘဲ ရှိလတ္တံ့နည်း၊ မြင်းမိုရ်တောင်ကို လဲအောင်တိုက်သော လေကြီးသည် ဟောင်းလေပြီးသော သင်ရှုက်ခြောက်အား မရှုက်သည်သာလျှင် ဖြစ်၏၊ ဤကိလေသာကို အမှီပြု၍ သဗ္ဗညုတဟူသော အကျိုးငှါ ရှေးဘုရားလောင်းတို့၏ လမ်းဟောင်းအစဉ်ကို သွားကုန်သော ငါးပါးသောအဘိညာဉ်, ရှစ်ပါးသော သမာပတ်ကို ရကုန်သော ယောကျ်ားမြတ်တို့သည်လည်း သတိကိုဖြစ်စေခြင်းငှါ မတတ်နိုင်ကုန်၊ စျာန်ကို ကွယ်စေကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တစ်ခုသော နိဂုံးဝယ် ကုဋေရှစ်ဆယ်ကြွယ်သော ပုဏ္ဏားမျိုး၌ ဖြစ်၏၊ ရွှေနှင့်တူသော အဆင်းအသရေ ရှိသည်၏ အဖြစ်ကြောင့် ဘုရားလောင်းအား "ဟရိတစ" သတို့သားဟူသော အမည်ကို မှည့်ကုန်၏၊ ထိုဟရိတစ သတို့သားသည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့ သွား၍ အတတ်တို့ကို သင်၍ ဥစ္စာတို့ကို ဖြစ်စေ၍ အမိအဘတို့၏ လွန်လေပြီးသောအခါ ဥစ္စာကို ကြည့်၍ ဥစ္စာသည်သာလျှင် ထင်၏၊ ဥစ္စာကို ဖြစ်စေတတ်ကုန်သော သူတို့သည် မထင်ကုန်၊ ငါသည်လည်း သေမင်းခံတွင်း၌ မှုန့်မှုန့်ညက်ညက် ကြေသည်ဖြစ်ရာ၏ဟု သေဘေးမှကြောက်၍ အလှူကြီးကို ပေး၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ ခုနစ်ရက်မြောက်လတ်သော် ငါးပါးသော အဘိညာဉ်, ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာ၌ ကြာမြင့်စွာ သစ်မြစ် သစ်သီး အာဟာရရှိလျက် မျှ၍ ချဉ်ဆား မှီဝဲအံ့သောငှါ တောင်မှ သက်၍ အစဉ်သဖြင့် ဗာရာဏသီသို့ ရောက်၍ မင်း၏ ဥယျာဉ်၌နေ၍ နက်ဖြန် ဗာရာဏသီပြည်၌ ဆွမ်းခံသွားလတ်သော် မင်းအိမ်တံခါးသို့ ရောက်၏၊ မင်းသည် ထိုဟရိတစ ရသေ့ကိုမြင်၍ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ပင့်ခေါ်စေ၍ ကောင်းစွာ ဆောက်အုပ်သော ထီးဖြူရှိသော မင်း၏ ပလ္လင်၌ နေစေ၍ အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို ဘုဉ်းပေးစေ၍ တရားအနုမောဒနာပြုသည်၏ အဆုံး၌ အတိုင်းထက်အလွန် ကြည်ညို၍ အရှင်ဘုရား အရှင်ဘုရားတို့သည် အဘယ်အရပ်၌ သီတင်းသုံး နေတော်မူသနည်းဟု မေးတော်မူ၏၊ မြတ်သောမင်းကြီး နေရာအရပ်ကို ရှာကုန်၏ဟု ဆိုသည်ရှိသော် အရှင်ဘုရား ကောင်းပြီဟု နံနက်စာ စားပြီးသော် ထိုဟရိတစ ရှင်ရသေ့ကို ပင့်ဆောင်၍ ဥယျာဉ်သို့ သွား၍ ညဉ့်သန့်ရာနေရာ နေ့သန့်ရာ နေရာတို့ကို ပြုစေ၍ ဥယျာဉ်စောင့်ကို အလုပ်အကျွေးပြုစေ၍ ရှိခိုး၍ ထွက်ခဲ့၏၊ ဘုရားလောင်းသည် ထိုအခါမှစ၍ အမြဲ မင်းအိမ်၌ ဆွမ်းဘုဉ်းပေးလျက် တစ်ဆယ့်

နှစ်နှစ်ပတ်လုံး ထိုဥယျာဉ်၌ နေ၏၊ ထိုအခါ တစ်နေ့သ၌ မင်းသည် ခိုးသူ ဖျက်ဆီးသော ပစ္စန္တရစ်ကို ငြိမ်းစိမ့်သောငှါ သွားသည်ရှိသော် ငါတို့၏ ကောင်းမှု၏ စိုက်ပျိုးရာ လယ်မြေကို မမေ့မလျော့လင့်ဟု ဆို၍ မိဖုရားအား ဘုရားလောင်းကို အပ်၍ သွား၏၊ ထိုအခါမှစ၍ မိဖုရားသည် ဘုရားလောင်းကို မိမိလက်ဖြင့် လုပ်ကျွေး၏၊ ထိုအခါ တစ်နေ့သ၌ မိဖုရားသည် ဘောဇဉ်ကို ပြည့်စုံစေ၍ ဘုရားလောင်း ကြာမြင့်လတ်သော် နံ့သာရေဖြင့်ချိုး၍ သိမ်မွေ့ ပြေပြစ်သောအဝတ်ကို ဝတ်၍ ခြသေ့ခံသော လေသွန် နန်းတံခါးကို ဖွင့်၍ ကိုယ်၌ လေကို ခတ်စေလျက် ညောင်စောင်းငယ်၌ လျောင်း၏။

ဘုရားလောင်းသည် ကောင်းစွာဝတ်ရုံလျက် သပိတ်ကို ပိုက်လျက် ကောင်းကင်ဖြင့်လာ၍ ခြသေ့ခံသော လေသွန်နန်းတံခါးသို့ ရောက်၏၊ ထိုအခါ မိဖုရားသည် ဘုရားလောင်း၏ လျှော်တေသင်္ကန်းသံကို ကြား၍ ထလတ်သော် မိဖုရားမှ သိမ်မွေ့ပြေပြစ်သော ကိုယ်ဝတ်သည် လျှောကျ၏၊ ဝိသဘာဂ အာရုံသည် ဘုရားလောင်း၏ မျက်စိအား ထင်ခြင်းသို့ ရောက်၏၊ ထိုအခါ များသောနှစ် ကုဋေအသိန်း အရေအတွက်ရှိသော ကာလဝယ် ကိုယ်တွင်း၌ ငြိမ်ဝပ်စွာ နေသော ကိလေသာသည် ကြုတ်၌ အိပ်သော မြွေဟောက်ကဲ့သို့ ထ၍ ဘုရားလောင်း၏ စျာန်ကို ကွယ်စေ၏၊ ဘုရားလောင်းသည် သတိကို ဖြစ်စေခြင်းငှါ မတတ်နိုင်ရကား မိဖုရားလက်ကို ဆွဲကိုင်၏၊ ထိုခဏ၌လျှင် တင်းတိမ်ကို ကာရံကုန်၏။

ဘုရားလောင်းသည် မိဖုရားနှင့်တကွ လူတို့၏ အကျင့်ကို မှီဝဲ၍ ဆွမ်းစား၍ ဥယျာဉ်သို့ သွား၏၊ ထိုအခါမှစ၍ နေ့တိုင်းထိုအတူလျှင် ပြု၏၊ ဟာရိတ ရသေ့၏ မိဖုရားနှင့်တကွ လူတို့၏အကျင့်ကို မှီဝဲခြင်းသည် မြို့အလုံး၌ ထင်ရှားစွာ ဖြစ်၏။ အမတ်တို့သည် မြတ်သောမင်းကြီး ဟာရိတ ရသေ့သည် ဤသို့ပြု၏ဟု မင်းအား လျှောက်စာ ဆက်ကုန်၏၊ မင်းသည် ဟာရိတ ရသေ့ကို ဖျက်ဆီးလိုကုန်၍ ဤသို့ ဆို၏ဟု မယုံကြည်၍ ပစ္စန္တရစ်ကို ငြိမ်းစေ၍ ဗာရာဏသီမြို့သို့ ပြန်၍ မြို့ကို လက်ယာရစ်လည်၍ မိဖုရား၏ အထံသို့ သွား၍ ငါ၏ ဟာရိတ ရသေ့သည် သင်နှင့်တကွ လူတို့၏အကျင့်ကို မှီဝဲသောဟူသည် မှန်သလောဟု မေး၏၊ မြတ်သော မင်းကြီး မှန်ပေ၏ဟု ဆိုသည်ရှိသော် မင်းသည် မိဖုရား၏ စကားကိုလည်း မယုံကြည်၍ ရသေ့ကိုလျှင် မေးဦးအံ့ဟု ဥယျာဉ်သို့သွား၍ တင့်အပ်လျောက်ပတ်စွာနေ၍ ဟာရိတ ရသေ့ကို မေးလိုရကား ဤဂါထာကို ဆို၏—

၄၀။ သုတံ မေ'တံ မဟာဗြဟ္မေ၊ ကာမေ ဘုဉ္ဇတိ ဟာရိတော။
ကစ္စေတံ ဝစနံ တုစ္ဆံ၊ ကစ္စိ သုဒ္ဓေါ ဣရိယျသိ။

ဖြဟ္မာကြီးသဖွယ် ဖြစ်သော အရှင်ဘုရား ဟာရိတစရှင်ရသေ့သည် စင်ကြယ်စွာ နေပါ၏လော၊ ကာမတို့ကို ခံစားနေ၏ ဟူသော စကားကို အကျွန်ုပ် ကြားနေရပါ၏၊ ထိုစကားသည် မဟုတ်မမှန် ပြောဆိုနေကြခြင်းများပါလော၊ အသို့နည်း၊ အရှင်ဘုရားသည် စင်ကြယ်စွာ နေထိုင်ပါ၏လော။

ဟာရိတစရသေ့သည် ငါကား ကာမကို မခံစားဟု ဆိုအပ်သည် ရှိသော်လည်း ဤမင်းသည် ငါ၏စကားကို ယုံအံ့သလျှင်ကတည်း၊ ဤလောက၌ သစ္စာနှင့် တူသော ကိုးကွယ်ရာမည်သည် မရှိ၊ သစ္စာကို စွန့်ကုန်သောသူတို့သည် ဗောဓိပင်ရင်း၌ နေ၍လည်း သဗ္ဗညုတဉာဏ်တော်သို့ ရောက်အံ့သောငှါ မတတ်နိုင်ကုန်၊ ငါသည် မှန်သောစကားကို ဆိုခြင်းငှါသာလျှင် သင့်၏ဟုကြံ၏၊ ထိုစကားသည် မှန်၏၊ ဘုရားလောင်းအား အချို့ကုန်သော ပါရာမီတို့ကို အဒိန္နဒါန်တို့သည် ဖြစ်ကုန်၏၊ ကာမေသုမိစ္ဆာစာရလည်း ဖြစ်၏၊ သုရာမေရယမဇ္ဇပါနသည်လည်း ဖြစ်သည်သာလျှင်တည်း၊ အကျိုးစီးပွားကို ပျက်စီးစေတတ်သော ချွတ်ယွင်းခြင်းကိုဖြစ်စေတတ်သော စေတနာကို အကြီးပြု၍ မုသားဆိုခြင်း မည်သည်ကား မဖြစ်၊ ထို့ကြောင့် မှန်သော စကားကိုသာလျှင် ဆိုလိုရကား ဤဂါထာကို ဆို၏—

၄၁။ ဝေဝမေတံ မဟာရာဇ၊ ယထာ တေ ဝစနံ သုတံ။
ကုမ္မဂ္ဂံ ပဋိပန္နောသ္မိ၊ မောဟနေယျေသု မုစ္ဆိတော။

မြတ်သော မင်းကြီး သင်မင်းကြီး ကြားသော စကားအတိုင်းသာလျှင် ဟုတ်မှန်ပေ၏၊ ငါသည် မိုက်စေတတ်သော ကာမဂုဏ်တို့၌ မက်မောသည်ဖြစ်၍ မှားယွင်းသော ခရီးသို့ ရောက်ခဲ့ရပေ၏။

မင်းသည် ထိုစကားကို ကြား၍ ဤဂါထာကို ဆို၏—

၄၂။ အဒု ပညာ ကိမတ္ထိယာ၊ နိပုဏာ သာဓုစိန္တိနီ။
ယာယ ဥပ္ပတိတံ ရာဂံ၊ ကိံ မနော န ဝိနောဒယေ။

အရှင်ဘုရား မိမိ သိထား တတ်ထားသော ပညာဖြင့် စိတ်တွင် ဖြစ်ပေါ်လာသော ရာဂကို အဘယ့်ကြောင့် မပယ်ဖျောက်နိုင်ပါသနည်း၊ ဤသို့ ပယ်ဖျောက်ခြင်းငှါ မတတ်နိုင်သည်ရှိသော် သိမ်မွေ့သော ကောင်းသောအကျိုးတို့ကို ကြံဆတတ်သော ပညာသည် ဘာအကျိုးရှိတော့မည်နည်း။

ထိုအခါ ဟာရိတစ ရသေ့သည် မင်းအား ကိလေသာ၏ အစွမ်းကို ပြလို၍ ဤဂါထာကို ဆို၏—

၄၃။ စတ္တာရောမေ မဟာရာဇ၊ လောကေ အတိဗလာ ဘုသာ။
ရာဂေါ ဒေါသော မဒေါ မောဟော၊ ယတ္ထ ပညာ န ဂါဓတိ။

မြတ်သောမင်းကြီး လောက၌ အကြင်ရာဂ အစရှိသော လေးပါးကုန်သော တရားတို့၌ ပညာသည် တည်ရာမရနိုင်၊ ရာဂလည်းကောင်း ဒေါသလည်းကောင်း ယစ်ခြင်း လည်းကောင်း မောဟလည်းကောင်း ဤသို့ လေးပါးကုန်သော ဤတရားတို့သည် အလွန်အားကြီးကုန်၏၊ ပြင်းထန်ကုန်၏။

မင်းကြီးသည် ထိုစကားကို ကြား၍ ဤဂါထာကို ဆို၏-

၄၄။ အရဟာ သီလသမ္ပန္နော၊ သုဒ္ဓေါ စရတိ ဟာရိတော။
မေဓာဝီ ပဏ္ဍိတော စေဝ၊ ဣတိ နော သမ္မတော ဘဝံ။

ဟာရိတ ရှင်ရသေ့သည် ပစ္စည်းလေးပါးကို ခံထိုက်၏၊ သီလနှင့် ပြည့်စုံ၏၊ စင်ကြယ်စွာ ကျင့်၏၊ ကိလေသာတို့ကို ဖျက်ဆီးတတ်သော ပညာလည်း ရှိ၏။ အကျိုးအကြောင်းကို သိသော ပညာလည်း ရှိ၏ဟု ငါတို့သည် အရှင့်ကို သမုတ်အပ်၏။

ထို့နောင်မှ ဟာရိတ ရှင်ရသေ့သည် ဤဂါထာကို ဆို၏-

၄၅။ မေဓာဝီနမ္ပိ ဟိံသန္တိ၊ ဣသိံ ဓမ္မဂုဏေ ရတံ။
ဝိတက္ကာ ပါပကာ ရာဇ၊ သုဘာ ရာဂူပသံဟိတာ။

မင်းကြီး ယုတ်မာကုန်သော တင့်တယ်၏ဟု အာရုံကို ယူခြင်း၌ဖြစ်ကုန်သော ရာဂနှင့် စပ်ကုန်သော ဝိတက်တို့သည် ရသေ့တို့ တရားကျေးဇူး၌ မွေ့လျော်ကုန်သော ပညာရှိတို့အားလည်း ညှဉ်းဆဲကုန်၏။

ထိုအခါ မင်းသည် ဟာရိတ ရှင်ရသေ့ကို ကိလေသာကို ပယ်ခြင်း၌ အားထုတ်ခြင်းကို ဖြစ်စေလို၍ ဤဂါထာကို ဆို၏-

၄၆။ ဥပ္ပန္နာယံ သရီရဇော၊ ရာဂေါ ဝဏ္ဏဝိဒူသနော တဝ။
တံ ပဇဟ ဘဒ္ဒမတ္ထု တေ၊ ဗဟုန္နာသိ မေဓာဝိသမ္မတော။

အရှင်ဘုရား အရှင်ဘုရားအား ကိုယ်မှ ဖြစ်သော အဆင်းကျေးဇူးကို ဖျက်ဆီးတတ်သော ဖြစ်ပေါ်လာသော ထိုရာဂကို အရှင်ဘုရားသည် ပယ်လော့၊

အရှင်ဘုရားအား ကောင်းခြင်းသည် ဖြစ်စေသတည်း။ အရှင်ဘုရားကို များစွာကုန်သော လူအပေါင်းသည်လည်း ပညာရှိဟူ၍ သမုတ်အပ်၏။

ထို့နောင်မှ ဘုရားလောင်းသည် သတိရ၍ ကာမတို့၌ အပြစ်ကို မှတ်၍ ဤဂါထာကို ဆို၏—

၄၇။ တေ အန္ဓကာရကေ ကာမေ၊ ဗဟုဒုက္ခေ မဟာဝိသေ။
တေသံ မူလံ ဂဝေသိဿံ၊ ဆေစ္ဆံ ရာဂံ သဗန္ဓနံ။

မြတ်သောမင်းကြီး ကန်းသည်၏အဖြစ်ကို ပြုတတ်ကုန်သော များစွာသော ဆင်းရဲရှိကုန်သော ကိလေသာဟူသော များစွာသော အဆိပ်ပြည့်ကုန်သော ထိုကာမတို့ကို ငါသည် ပယ်အံ့။ ထိုကာမတို့၏ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းဟူသော အမြစ်ကို ရှာအံ့။ အနှောင်အဖွဲ့နှင့် တကွသော ရာဂကို ဖြတ်အံ့။

ဤစကားကို ဆို၍ မြတ်သောမင်းကြီး ငါ့အား အခွင့်ပြုဦးလော့ဟု အခွင့်ပြုစေ၍ ကျောင်းသို့ဝင်၍ ကသိုဏ်းကိုကြည့်၍ တစ်ဖန် ပျောက်သောစျာန်ကို ဖြစ်စေ၍ ကျောင်းမှထွက်၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့် နေ၍ မင်းအား တရားဟော၍ မြတ်သော မင်းကြီး ငါသည် မနေအပ်သော အရပ်၌ နေခြင်းကြောင့် လူများအလယ်၌ ကဲ့ရဲ့အပ်သော အဖြစ်သို့ ရောက်၏၊ သင်မင်းကြီးသည် မမေ့မလျော့ ဖြစ်ရစ်လော့၊ ငါသည်ကား ယခုတစ်ဖန် မိန်းမ'နံ့ မနံသော တောအုပ်သို့လျှင်သွားတော့အံ့ဟု ဆို၍ မင်းသည် ငိုကြွေးစဉ်လျှင် ဟိမဝန္တာသို့သွား၍ မယုတ်သော စျာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လား၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ထိုအကြောင်းကို ပြအံ့သောငှါ ဤဂါထာကို ဟောတော်မူ၏—

၄၈။ ဣဒံ ဝတွာန ဟာရိတော၊ ဣသိ သစ္စပရက္ကမော။
ကာမရာဂံ ဝိရာဇေတွာ၊ ဗြဟ္မလောကူပဂေါ အဟု။

ရဟန်းတို့ မှန်သောစကားကို ဆိုခြင်း၌ အားထုတ်သော ဟာရိတစ ရသေ့သည် ဤစကားကိုဆို၍ ကာမရာဂကိုခွာ၍ ဗြဟ္မာ့ပြည်သို့ လားလေ၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၍ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်

မူသနည်းဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဟရိတစရသေ့ဖြစ်ပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမဂုဏ်မျှား၊ မက်မောငြား၊ လမ်းမှားလိုက်တတ်စွာ။)

လေးရာသုံးဆယ့်တစ်ခုမြောက်သော ဟရိတစဇာတ်သည် ပြီး၏။

## ၄၃၂-ပဒကုသလမာဏဝဇာတ်

ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်
အမှန်တရားသည် ဖုံးကွယ်၍မရ
သူတစ်ပါးပညာကို လှည့်စားခြင်းကြောင့် သေရငြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာ ဘုရားသည် "ဗဟုဿုတံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပဒကုသလမာဏဝဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော သူငယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ သူကြွယ်သားဖြစ်သော ထိုသူငယ်သည် ခုနစ်နှစ်ရှိသော ကာလ၌လျှင် ခြေရာ၌ လိမ္မာသည် ဖြစ်သတတ်၊ ထိုအခါ ထိုသူငယ်၏ အဘသည် ဤသူငယ်ကို စုံစမ်းအံ့ဟု ထိုသူငယ်သည် မသိစဉ်လျှင် အဆွေခင်ပွန်းအိမ်သို့ သွား၏၊ သူငယ်သည် အဘသွားရာအရပ်ကို မမေးမူ၍လျှင် ထိုအဘ၏ခြေရာကို အစဉ်မှီးသဖြင့် သွား၍ အဘအထံ၌နေ၏၊ ထိုအခါ ထိုသူငယ်ကို အဘသည် တစ်နေ့သ၌ အမောင် ငါသည် သင့်ကို မသိစေမူ၍ သွားလျက်လည်း ငါ၏ နေရာအရပ်ကို သင်သည် အဘယ်ကြောင့် သိသနည်းဟု မေး၏၊ ကျွန်ုပ်သည် အဘ၏ ခြေရာကို သိ၏၊ ခြေရာ၌ လိမ္မာ၏ဟု သူငယ်သည် ဆို၏၊ ထိုအခါ သူငယ်အား အဘသည် စုံစမ်းအံ့သောငှာ နံနက်စာစားပြီးသော် အိမ်မှထွက်၍ အခြားမဲ့ဖြစ်သော အိမ်နီးချင်းအိမ်သို့သွား၍ ထိုအိမ်မှ နှစ်ခုမြောက် ထိုအိမ်မှ သုံးခုမြောက်ဖြစ်သော အိမ်သို့ဝင်၍ သုံးခုမြောက်ဖြစ်သော အိမ်မှ ထွက်၍ တစ်ဖန် မိမိအိမ်သို့လာ၍ မိမိအိမ်မှ မြောက်တံခါးမှထွက်၍ ဇေတဝန်ကျောင်းသို့သွား၍ ဘုရားကိုရှိခိုး၍ တရားတော်ကို နာလျက်နေ၏၊ သူငယ်သည် ငါ့အဘသည် အဘယ်သို့သွားသနည်းဟု မေး၏၊ ငါတို့မသိကုန်ဟု ဆိုလတ်သော် အဘ၏

ခြေရာကို အစဉ်လျှောက်သဖြင့် အိမ်နီးချင်း၏အိမ်ကို အစပြု၍အဘသွားသော ခရီးဖြင့်လျှင် ဇေတဝန်ကျောင်းတော်သို့ သွား၍ ဘုရားကို ရှိခိုး၍ အဘထံ၌ နေ၏။

အဘသည် အမောင် ငါသည် ဤသို့လာသော အဖြစ်ကို သင် အဘယ်သို့ သိသနည်းဟု မေးသည်ရှိသော် ကျွန်ုပ်သည် အဘ၏ခြေရာကိုသိ၍ ခြေရာကို လျှောက်သဖြင့် လာ၏ဟုဆို၏၊ သဗ္ဗညုမြတ်စွာဘုရားသည် သီတင်းသည် သင် အဘယ်သို့ ဆိုသနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤသူငယ်သည် ခြေရာ၌ လိမ္မာ၏၊ အကျွန်ုပ်သည် ဤသူငယ်ကို စုံစမ်းလို၍ ဤမည်သော အကြောင်းဖြင့် လာ၏၊ ဤသူငယ်သည်လည်း အကျွန်ုပ်၏ ခြေရာကို လျှောက်သဖြင့် လာ၏ဟု နားတော်လျှောက်သည်ရှိသော် သီတင်း သည် မြေ၌ ခြေရာကို သိခြင်းသည် အံ့ဖွယ်မရှိသေး၊ ရှေးပညာရှိတို့သည် ကောင်းကင်၌ ခြေရာကို သိဖူးကုန်၏ဟု မိန့်တော်မူ၍ ထိုသီတင်းသည်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဗြဟ္မဒတ်မင်း၏ မိဖုရားသည် လွန်ကျူးသော အကျင့်ကို ကျင့်၍ မင်းသည် မေးအပ်သည်ရှိသော် မြတ်သော မင်းကြီး အကျွန်ုပ်သည် အကယ်၍ အရှင်မင်းကြီးတို့ကို လွန်ကျူး၍ ကျင့်အံ့၊ အဿမုခီဘီလူးမ ဖြစ်စေသတည်း ဟု ကျိန်၍ ထိုကိုယ်၏အဖြစ်မှ စုတေ သေလွန်၍ တစ်ခုသောတောင်ခြေရင်း၌ အဿမုခီ ဘီးလူးမဖြစ်၍ တည်သော လိုဏ်၌ နေလျက် တောအုပ်ကြီး၌ အရှေ့အစွန်းမှသည် အနောက်သို့ သွားကုန်သော လူတို့ကို ဖမ်း၍ စားကုန်၏။

ထိုအဿမုခီဘီလူးမသည် သုံးနှစ်ပတ်လုံး ဝေဿဝဏ်နတ်မင်းကို ခစား၍ အလျားအားဖြင့် ယူဇနာသုံးဆယ် အနံအားဖြင့် ငါးယူဇနာရှိသော အရပ်၌ လူကိုစားခြင်းငှါအခွင့်ရသတတ်၊ ထိုအခါ တစ်နေ့သ၌ ကြွယ်ဝသောများသော ဥစ္စာ စည်းစိမ်ရှိသော အဆင်းလှသော ပုဏ္ဏားတစ်ယောက်သည် များစွာသော လူတို့ဖြင့် ခြံရံလျက် ထိုခရီးသို့ ထွက်သွား၏၊ အဿမုခီဘီလူးမသည် ထိုပုဏ္ဏားကို မြင်၍ နှစ်သက်၍ ပြေးလာ၏၊ ထိုအဿမုခီဘီလူးမကို မြင်၍ ပုဏ္ဏား၏ အခြံအရံဖြစ်သော လူတို့သည်ထွက်ပြေးကုန်၏၊ အဿမုခီဘီလူးမသည် လေကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် လာလတ်၍ ပုဏ္ဏားကို ဖမ်းယူ၍ ကျောက်၌ တင်၍ အိပ်စေ၍ လိုဏ်သို့ သွားလတ်သော် ယောကျ်ား၏ အတွေ့ကိုရ၍ ကိလေသာ၏ အစွမ်းအားဖြင့် ထိုပုဏ္ဏားကို ချစ်ခြင်း ဖြစ်စေ၍ ထိုပုဏ္ဏားကို မစားမူ၍

မိမိလင်ပြု၏၊ ထိုနှစ်ယောက်သော သူတို့သည်လည်း ညီညွတ် ဒ ငှ်တင့်စွာ နေခြင်းကို နေကုန်၏၊ ထိုအခါမှစ၍ ဘီလူးမသည် လူတို့ကိုဖမ်း၍ ယူလတ်သော် အဝတ် ဆန် ဆီ အစရှိသည်တို့ကို ယူ၍ ပုဏ္ဏားအား အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်တို့ကို ပေး၍ မိမိသည် လူသားကို စား၏၊ သွားသောကာလ ပုဏ္ဏားပြေးအံ့သည်မှကြောက်သောကြောင့် ကြီးစွာသော ကျောက်ဖြင့် ယိုဏ်တံခါးကို ပိတ်၍ သွား၏၊ ထိုနှစ်ယောက်သော သူတို့သည် ဝမ်းမြောက် ဝမ်းသာ နေကုန်လတ်သော် ဘုရားလောင်းသည် ဖြစ်ရာအရပ်မှ စုတေ၍ ပုဏ္ဏားကို စွဲ၍ အဿမုခီဘီလူးမဝမ်း၌ ပဋိသန္ဓေနေ၏။

အဿမုခီဘီလူးမသည် ဆယ်လ လွန်သဖြင့် သားကို ဖွား၍ သား၌လည်းကောင်း ပုဏ္ဏား၌လည်းကောင်း ကြီးစွာသော ချစ်ခြင်းသည်ဖြစ်၍ နှစ်ယောက်ကုန်သောသူတို့ကို ပည်း မွေးမြူ၏၊ အဿမုခီဘီလူးမသည် နောက်အဖို့၌ သားသည် ကြီးခြင်းသို့ ရောက်လတ်သော် အဘနှင့် တကွ လိုဏ်တွင်းသို့ သွင်း၍ တံခါးကို ပိတ်၏၊ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် ဘီလူးမ၏သွားသော ကာလကို သိ၍ ကျောက်ဖျာကို ပယ်၍ အဘ ကို ယုံ၍အပ၌ ထား၏၊ ထိုဘီလူးမသည် လာလတ်၍ အဘယ်သူသည် ဤကျောက်ဖျာကို ပယ်သနည်းဟု ဆို၍ မိခင် အကျွန်ုပ်သည် ပယ်၏၊ အမိုက်၌ နေခြင်းငှါ မတတ်နိုင်ဟု သားကဆိုသည်ရှိသော် သားကို ချစ်ခြင်းဖြင့် တစ်စုံတစ်ခုသော စကားကို မသို၊ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် အဘအား ဖခင် အဘယ်အကြောင်းကြောင့် အကျွန်ုပ်၏ မျက်နှာသည် တစ်ခြားတစ်ပါး, သင်၏မျက်နှာသည် တစ်ခြားတစ်ပါး ဖြစ်သနည်းဟု မေး၏၊ အမောင် သင်၏ အမိသည် လူသားစားသော ဘီလူးမတည်း၊ ငါတို့နှစ်ယောက်မူကား လူတည်းဟု အဘသည် ပြောဆို၏၊ ဖခင် အဘယ့်ကြောင့် ဤအရပ်၌ နေကုန်အံ့နည်း၊ လာလော့ လူ့ပြည်သို့ သွားကြကုန်အံ့ဟု သားသည်ဆို၏၊ အမောင် ငါတို့သည် အကယ်၍ ပြေးကုန်အံ့၊ နှစ်ယောက်ကုန်သော ငါတို့ကိုလည်း သင်၏ အမိသည် စားလတ္တံ့ဟု အဘသည် ဆို၏။

ဘုရားလောင်းသည် ဖခင် မကြောက်လင့်၊ လူ့ပြည်သို့ ဆောင်ခြင်းသည် အကျွန်ုပ်ဝန်တည်းဟု အဘကို နှစ်သိမ့်စေ၍ နက်ဖြန်အမိသည် သွားလတ်သော် အဘကို ယူ၍ ပြေး၏၊ ထိုဘီလူးမသည် လာလတ်၍ ထိုသားအဘတို့ကို မမြင်၍ လေကဲ့သို့ လျင်မြန်ခြင်း အဟုန်ဖြင့် ပြေး၍ ထိုသားအဘတို့ကိုဖမ်း၍ ပုဏ္ဏား အဘယ့်ကြောင့် ပြေးသနည်း၊ ဤအရပ်၌ အဘယ်ဝတ္ထုသည် မရှိသနည်းဟု ဆို၍ ရှင်မ ကျွန်ုပ်ကို မမေးလင့်၊ သင့်သားသည် ကျွန်ုပ်ကို ယူ၍ ပြေး၏ဟု ဆိုသည်ရှိသော် သား၌ ချစ်ခြင်းဖြင့် တစ်စုံတစ်ခုသော စကားကို မဆိုမူ၍ ထိုသား အဘတို့ကို နှစ်သိမ့်စေ၍ မိမိနေရာသို့လျင်သွား၍ ထိုအတူ တစ်ဖန်လည်း

နှစ်ရက်သုံးရက် ရောက်လတ်သော် ပြေးကုန်သော သားအဘတို့ကို ဆောင်၍၊ ဘုရားလောင်းသည် ငါ့အမိ၏အရပ်သည် အပိုင်းအခြား ရှိသည် ဖြစ်ရာ၏၊ ငါသည် အမိ၏ အာဏာဖြစ်ရာ အရပ်ကို အမိကို မေး၍ ထိုနောင်မှ ထိုအာဏာ ဖြစ်ရာ အရပ်ကို လွန်၍ ပြေးရမူကား ကောင်း၏ဟု ကြံ၏၊ ကြံပြီး၍ ထိုဘုရားလောင်းသည် တစ်နေ့သ၌ အမိကို ခေါ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေလတ်သော် မိခင်၏ ဥစ္စာမည်သည်ကား သားတို့အား ရောက်၏၊ မိမိ၏ ဥစ္စာ ဖြစ်သော မြေ၏ အပိုင်းအခြားကို မိခင်သည် ကျွန်ုပ်အား ကြားလော့ဟု ဆို၏။

ဘီလူးမသည် ခပ်သိမ်းသော အရပ်မျက်နှာတို့၌ တောင်, မြစ် အပိုင်းအခြား အမှတ်အသားအစရှိသည်တို့ကို ဆို၍ အလျားအားဖြင့် ယူဇနာသုံးဆယ်, အနံအားဖြင့် ငါးယူဇနာရှိသောအရပ်ကို သားအားပြောဆို၍ ချစ်သား ဤအရပ်ကို အမောင် မှတ်လော့ဟု ဆို၏၊ ဘုရားလောင်းသည် နှစ်ရက်, သုံးရက် တို့ကို လွန်စေ၍ အမိသည် တောအရပ်သို့ သွားသော ကာလ၌ အဘကို ပခုံး၌ တင်၍ အမိသည် ပေးအပ်သော အမှတ်အသားဖြင့် လေကဲ့သို့သော လျင်မြန်ခြင်းအဟုန်ဖြင့် ပြေးလျက် အပိုင်းအခြားဖြစ်သော မြစ်ကမ်းနားသို့ ရောက်၏၊ အသာမုခီဘီလူးမသည်လည်း လာလတ်၍ ထိုသားအဘတို့ကို မမြင်လတ်သော် လိုက်၏၊ ဘုရားလောင်းသည် အဘကိုယူ၍ မြစ်လယ်သို့ သွား၏၊ အသာမုခီ ဘီလူးမသည် လာလတ်၍ မြစ်ကမ်းနား၌ ရပ်၍ မိမိ အပိုင်းအခြားကို လွန်သည်၏ အဖြစ်ကို သိ၍ ထိုမြစ်ကမ်းနား၌လျှင် ရပ်၍ အမောင် အဘကို ယူ၍လာလော့၊ ငါ့အား အဘယ်အပြစ်ရှိသနည်း၊ ငါ့ကို မှီ၍ အဘယ်အလိုသည် မပြည့်စုံသနည်း၊ အရှင်တို့သည် ပြန်ခဲ့ကြကုန်လော့ဟု သားကိုလည်းကောင်း၊ လင်ကို လည်းကောင်း တောင်းပန်၏။

ထိုအခါ ပုဏ္ဏားသည် မြစ်ကို ကူး၏၊ အသာမုခီဘီလူးမသည် သားကိုသာလျှင် တောင်းပန်လျက် အမောင် ဤသို့ မပြုလင့်၊ ပြန်ခဲ့လော့ဟု ဆို၏၊ မိခင် ကျွန်ုပ်တို့သည် လူဖြစ်ကုန်၏၊ မိခင်သည်ကား ဘီလူးမ ဖြစ်၏၊ အခါခပ်သိမ်း သင်၏အထံ၌ နေခြင်းငှါ မတတ်ကောင်းဟု သားသည် ဆိုလေ၏၊ အမောင် သင်သည် မပြန်ပြီလောဟု ဘီလူးမသည် မေး၏၊ မိခင် ကျွန်ုပ် မပြန်ပြီဟု ဘုရားလောင်းသည် ဆို၏၊ အမောင် သင်အကယ်၍ မပြန်ငြားအံ့၊ လူ့ပြည်၌ အသက်မွေးခြင်းမည်သည်ကား ဆင်းရဲငြိုငြင်၏၊ အတတ်ကို မတတ်ကုန်သော သူတို့သည် အသက်မွေးခြင်းငှါ မတတ်နိုင်ကုန်၊ ငါသည် စိန္တာမဏိမည်သော မန္တရားကို တတ်၏၊ ထိုမန္တရား၏အာနုဘော်ဖြင့် တစ်ဆယ့်နှစ်နှစ်အထက်၌ ခိုးဆောင်သော ဥစ္စာကိုလည်း ခြေရာအစဉ်ကို လျှောက်၍ သိခြင်းငှါ တတ်နိုင်၏၊ ဤစိန္တာမဏိ

မန္တရားသည် သင့်အား အသက်မွေးဖို့ ဖြစ်လတ္တံ့၊ အမောင် သင်အည် အနဂ္ဃဖြစ်သော ဤမန္တရားကို သင်လောဟု ဆို၍ ထိုသို့ သဘောရှိသော ဆင်းရဲသည် နှိပ်စက်ငြားသော်လည်း သား၌ ချစ်ခြင်းဖြင့် မန္တရားကို ပေးလေ၏၊ ဘုရားလောင်းသည် မြစ်၌ ရပ်လျက်လျှင် အမိကို ရှိခိုး၍ အလွန်ရိုသေစွာနာ၍ မန္တရားကို သင်၍ အမိကို ရှိခိုး၍ မိခင် သင်သွားလော့ဟု ဆို၏၊ အမောင် သင်တို့သည် မပြန်ကုန်သည်ရှိသော် ငါ့အား အသက်မနှုံပြီဟု ဆိုလို၍ ဤဂါထာကို ဆို၏—

ဧဟိ ပုတ္တ နိဝတ္တဿု၊ မာ အနာထံ ကရောဟိ မေ။
အဇ္ဇ ပုတ္တံ အပဿန္တီ၊ ယက္ခိနီ မရဏံ ဂတာ။

ချစ်သား သင်သည် လာလော့ ပြန်ခဲ့လော့။ ငါ့အား ကိုးကွယ်ရာ မရှိသည်ကို မပြုလင့်။ ဘီလူးမသည် ယနေ့ သားကို မမြင်ရသည်ရှိသော် သေခြင်းသို့ ရောက်အံ့။

ဘီလူးမလည်း ရင်ကို ခတ်၍ ထိုခဏ၌လျှင် သား၌ စိုးရိမ်သဖြင့် နှလုံးကွဲ၏၊ ထိုဘီလူးမသည် သေ၍ ထိုအရပ်၌လျှင် လဲ၏၊ ဘုရားလောင်းသည် ဘီလူးမ၏ သေသော အဖြစ်ကို သိ၍ အဘကို ခေါ်၍ အမိ အထံသို့ သွား၍ ထင်းပုံကို ပြု၍ သင်္ဂြိုဟ်ခြင်းကို ပြု၍ အထူးထူးသော အဆင်းရှိကုန်သော ပန်းတို့ဖြင့် ပူဇော်၍ ရှိခိုး၍ ငိုကြွေး၍ အဘကိုယူ၍ ဗာရာဏသီပြည်သို့ သွား၍ မင်းအိမ်တံခါး၌ရပ်၍ ခြေရာ၌ လိမ္မာသော လုလင်သည် တံခါး၌ ရပ်၏ဟု မင်းအား လျှောက်စေ၍ ထိုသို့ဖြစ်ပါမူကား လာစေသတည်းဟု မင်းသည် ဆိုသည်ရှိသော် လုလင်သည် ဝင်၍ မင်းကို ရှိခိုး၍ အမောင် သင်သည် အဘယ်အတတ်ကို တတ်သနည်းဟု မေးသည်ရှိသော် မြတ်သောမင်းကြီး အကျွန်ုပ်သည် တစ်ဆယ့်နှစ်နှစ် အထက်၌ ခိုးယူအပ်သော ဥစ္စာကို ခြေရာအစဉ်ကို လျှောက်၍ ယူခြင်းကို သိ၏ဟု ဆို၏၊ ထိုသို့ ဖြစ်ပါမူကား ငါ့ကို လုပ်ကျွေးလော့ဟု မင်းကြီးက ဆိုသည်ရှိသော် မြတ်သောမင်းကြီး နေ့တိုင်း နေ့တိုင်း တစ်ထောင်သော ဥစ္စာကို ရသည်ရှိသော် လုပ်ကျွေးအံ့ဟု ဘုရားလောင်းသည် ဆိုလေ၏၊ အမောင် ကောင်းပြီ လုပ်ကျွေးလော့ဟု ဆို၍ မင်းသည် နေ့တိုင်း နေ့တိုင်း တစ်ထောင်သော ဥစ္စာကို ပေး၏။

ထိုအခါ တစ်နေ့သ၌ ပုရောဟိတ်သည် မင်းကို မြတ်သောမင်းကြီး အကျွန်ုပ်တို့သည် ထိုလုလင်၏ အတတ်အာနုဘော်အားဖြင့် တစ်စုံတစ်ခုသော အမှုကို မပြုသည်၏ အဖြစ်ကြောင့် ထိုအတတ်ရှိသည်ကို လည်းကောင်း, မရှိသည်ကိုလည်းကောင်း မသိကုန်၊ ထိုလုလင်ကို စုံစမ်းကြကုန်အံ့ဟု ဆို၏၊ မင်းသည် ကောင်းပြီဟု ဝန်ခံ၍ နှစ်ယောက်သောသူတို့သည်လည်း ရတနာကို စောင့်ကုန်သောသူတို့အား အမှတ်သညာကို ပေး၍ ရတနာဥစ္စာနှစ်ကို ယူ၍ ပြာသာဒ်မှ ဆင်းသက်၍

မင်းအိမ်တံခါး၌ သုံးကြိမ်လှည့်၍ လှေကားထောင်၍ တံတိုင်းအထက်ဖြင့် အပသို့ ဆင်းသက်၍ တရားစီရင်ရာ တင်းကုပ်သို့ ဝင်၍ ထိုတင်းကုပ်၌ နေ၍ တစ်ဖန်သွား၍ လှေကားထောင်၍ တံတိုင်းအထက်ဖြင့် ဆင်းသက်၍ နန်းတွင်း ရေကန်နားသို့ သွား၍ ရေကန်ကို သုံးကြိမ် လက်ယာရစ်လှည့်၍ ဆင်းသက်၍ ရေကန်တွင်း၌ ဥစ္စာထုပ်ကို ထား၍ ပြာသာဒ်သို့ တက်ကုန်၏၊ နက်ဖြန်နေ့၌ မင်းအိမ်မှ ရတနာကို ခိုးကုန်၏ဟု တစ်ပြိုင်နက် အုတ်အုတ် ကျက်ကျက်သည် ဖြစ်၏၊ မင်းသည် မသိသကဲ့သို့ ပြု၍ ဘုရားလောင်းကို ခေါ်စေ၍ အမောင် မင်းအိမ်မှ များစွာသော ရတနာဥစ္စာကို ခိုးယူလေ၏၊ ယခု ထိုဥစ္စာကို ရှာခြင်းငှါ သင့်၏ဟု ဆိုလျှင် မြတ်သောမင်းကြီး တစ်ဆယ့်နှစ်နှစ် အထက်၌ ခိုးယူအပ်သော ဥစ္စာကို ခြေရာအစဉ်သို့လိုက်၍ ဆောင်ခြင်းငှါ စွမ်းနိုင်သော အကျွန်ုပ်အား ယနေ့ ခိုးယူသော ဥစ္စာကို ဆောင်ခြင်းဖြင့် ခဲယဉ်းဖွယ် မရှိ၊ အကျွန်ုပ် တတ်နိုင်လတ္တံ့၊ အရှင်မင်းကြီးတို့သည် စိုးရိမ်တော် မမူလင့်ဟု ဘုရားလောင်းသည် ဆို၏၊ ထိုသို့ဖြစ်ပါမူကား ဆောင်လော့ဟု မင်းသည် ဆို၏။

ဘုရားလောင်းသည် မြတ်သောမင်းကြီး ကောင်းပြီဟု ဆို၍ အမိကို ရှိခိုး၍ မန္တရားကို မန်း၍ ပြာသာဒ်အပြင်၌ ရပ်လျက်လျှင် မြတ်သော မင်းကြီး နှစ်ယောက်သော ခိုးသူတို့၏ ခြေရာသည် ထင်၏ဟုဆို၍ မင်း၏လည်းကောင်း၊ ပုရောဟိတ်၏လည်းကောင်း ခြေရာကို အစဉ်လျှောက်သဖြင့် အသရေရှိသော တိုက်ခန်းသို့ဝင်၍ ထိုတိုက်ခန်းမှထွက်၍ ပြာသာဒ်မှသက်၍ မင်းအိမ်တံခါး၌ သုံးကြိမ်လှည့်လည်၍ ခြေရာသို့ အစဉ်လျှောက်သဖြင့်လျှင် တံတိုင်းအနီးသို့ သွား၍ တံတိုင်း၌ရပ်၍ မြတ်သောမင်းကြီး ဤအရပ်၌ တံတိုင်းမှလွတ်၍ ကောင်းကင်၌ ခြေရာသည်ထင်၏၊ စောင်းတန်းလှေကားကို ပေးကုန်လော့ဟု ဆို၍ လှေကားကိုထောင်စေ၍ တံတိုင်းအထက်ဖြင့် ဆင်းသက်၍ ခြေရာကို လျှောက်သဖြင့်သာလျှင် တရားစီရင်ရာ တင်းကုပ်သို့သွား၍ တစ်ဖန် မင်းအိမ်သို့ လာ၍ လှေကားကို ထောင်စေ၍ တံတိုင်းအထက်ဖြင့် ဆင်းသက်၍ ရေကန်သို့ သွား၍ သုံးကြိမ် လက်ယာရစ်လှည့်၍ မြတ်သောမင်းကြီး ခိုးသူတို့သည် ဤရေကန်သို့ ဆင်းသက်ကုန်၏ဟု ဆို၍ မိမိသည် ထားအပ်သော ဘဏ္ဍာကဲ့သို့ ဥစ္စာထုပ်ကို ယူ၍ မင်းအား ပေး၍ မြတ်သောမင်းကြီး ဤခိုးသူနှစ်ယောက်တို့သည် ထင်ရှားကုန်သော ခိုးသူကြီးတို့တည်း၊ ဤခိုးသူတို့သည် ဤခရီးဖြင့် မင်းအိမ်သို့ တက်ကုန်၏ဟု ဆို၏။

လူများတို့သည် အလွန်နှစ်သက်ကုန်၍ လက်ချောင်းတို့ကို ခါကုန်၏၊ ပုဆိုးဦးရစ်ပစ်ခြင်းတို့ကို ဖြစ်စေကုန်၏၊ မင်းသည် ဤလုလင်ကား ခြေရာသို့ လျှောက်သဖြင့် သွား၍ ခိုးသူတို့သည် ထားအပ်သော ဥစ္စာရှိရာ အရပ်ကိုလျှင် သိ၏၊

ခိုးသူတို့ကိုကား ဖမ်းခြင်းငှါ မတတ်နိုင်ဟု ကြံ၏၊ ကြံပြီး၍ ထိုအခါ ထိုလုလင်ကို အမောင် သင်သည် ခိုးသူတို့သည် ခိုးအပ်သော ဥစ္စာကို ငါတို့အား ဆောင်ယူ၍ ပေးအပ်ပြီ၊ ခိုးသူတို့ကိုကား မဆောင်အပ်သေးဟူ၍ ဆို၏၊ မြတ်သောမင်းကြီး ခိုးသူတို့ကိုဆောင်သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ခိုးသူတို့သည် ဤအရပ်၌ရှိကုန်၏၊ အဝေး၌ မရှိကုန်ဟု ဆို၏၊ အမောင် အဘယ်သူသည် လည်းကောင်း အဘယ်သူသည်လည်းကောင်း ဥစ္စာခိုးသူတို့တည်းဟု ညွှန်လော့ဟု မင်းသည်ဆို၏၊ မြတ်သောမင်းကြီး အကြင်သူသည် ဤလိုရှိ၏၊ ထိုသူသည်လျှင် ခိုးသူဖြစ်၏၊ အရှင်မင်းကြီးတို့အား ဥစ္စာကိုရသောကာလမှစ၍ ခိုးသူကို ဖမ်းယူသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အရှင်မင်းကြီးတို့သည် မမေ့ကုန်လင့်ဟု ဘုရားလောင်းသည် ဆို၏၊ အမောင် ငါသည် သင့်အား နေ့တိုင်း နေ့တိုင်း တစ်ထောင်သော ဥစ္စာကိုပေး၏၊ ခိုးသူကိုဖမ်း၍ ငါ့အားပေးလော့ဟု မင်းသည် ဆို၏၊ မြတ်သောမင်းကြီး ဥစ္စာကိုရပြီးသော် ခိုးသူတို့ဖြင့် အဘယ်ပြုအံ့နည်းဟု ဘုရားလောင်းသည် ဆို၏၊ အမောင် ဥစ္စာထက်လည်း ခိုးသူတို့ကို ရခြင်းငှါ သင့်၏ဟု မင်းသည် ဆို၏၊ မြတ်သောမင်းကြီး ထိုသို့ဖြစ်ပါမူကား ဤသူတို့တည်းဟု အရှင်မင်းကြီးတို့အား အကျွန်ုပ်သည် မဆိုအံ့၊ လွန်လေပြီးသော အခါ၌ ဖြစ်သောအကြောင်း ဥဒါဟရဏ်ကိုကား ရှင်မင်းကြီးအား အကျွန်ုပ်သည် ဆောင်အံ့၊ ရှင်မင်းကြီးတို့သည် အကယ်၍ ပညာရှိကုန်အံ့၊ ထိုအကြောင်းကို သိကုန်လော့ဟု ဆို၍ ဘုရားလောင်းသည် အတိတ် ဥဒါဟရဏ်ကို ဆောင်၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်မှ မနီးမဝေးသော မြစ်နား၌ ပါဋလိမည်သော သဘင်သည်သည် နေ၏၊ ထိုသဘင်သည်သည် ပွဲသဘင်ခံသောနေ့၌ မယားကို ယူ၍ ဗာရာဏသီပြည်သို့ ဝင်ပြီးလျှင် က၍ စောင်းတီး၍ သီ၍ ဥစ္စာကိုရလျက် ပွဲသဘင်ပြီးလတ်သော် များစွာသော သုရာ ထမင်းကိုယူ၍ မိမိရွာသို့ သွားလတ်သော် မြစ်ကမ်းနားသို့ရောက်၍ ရေအသစ် တိုးပွား၍ လာသည်ကို မြင်လျှင် ထမင်းစားလျက် နေ၍ သေကိုသောက်၍ ယစ်လတ်သော် မိမိအစွမ်းကို မသိရကား စောင်းကြီးကို လည်၌ဖွဲ့၍ မြစ်သို့ ဆင်းသက်၍ သွားအံ့ဟု မယားကိုယူ၍ မြစ်သို့ သက်၏၊ စောင်းပေါက်တို့ကို ရေသည်ဝင်၏။

ထိုအခါ ထိုစောင်းသည် ထိုသဘင်သည်ကို ရေ၌နစ်စေ၏၊ သဘင်သည်၏ မယားသည် လင် ရေ၌ နစ်သည်၏အဖြစ်ကို သိ၍ လင်ကို လွှတ်၍ မြစ်မှတက်၍ ကမ်းနား၌ ရပ်၏၊ သဘင်သည် ပါဋလိသည် တစ်ကြိမ်ပေါ်၍ တစ်ကြိမ်နစ်၏၊ ရေသည် ဝင်၍ ဖူးဖူးယောင်သော ဝမ်းသည် ရှိ၏၊ ထိုအခါ သဘင်သည်၏

မယားသည် ငါ၏လင်ကား ယခု သေလတ္တံ့၊ တစ်ခုသော သီချင်းကိုတောင်း၍ ပရိသတ်အလယ်၌ ထိုသီချင်းကို သီလျက် အသက်မွေးခြင်းကို ငါပြုအံ့ဟုကြံ၏၊ ကြံပြီး၍ အရှင် သင်သည် ရေ၌ နစ်မွန်း၏၊ ငါ့အား တစ်ခုသော သီချင်းဖြင့် အသက်မွေးခြင်းကို ပြုအံ့ဟု သီချင်းကို ပေးလော့ဟုဆို၍ ဤဂါထာကိုဆို၏—

၄၉။ ဗဟုဿုတံ စိတ္တကထိံ၊ ဂင်္ဂါ ဝဟတိ ပါဋလိံ။
ဝုယှမာနက ဘဒ္ဒန္တေ၊ ဧတံ မေ ဒေဟိ ဂါထကံ။

များစွာသော အကြားအမြင်ရှိသော အထူးသဖြင့် ချီးမွမ်းအပ်သော ပါဋလိကို ဂင်္ဂါရေသည် မျော၏၊မြစ်၌ မျောသော ပါဋလိ သင့်အား ကောင်းခြင်းသည် ဖြစ်စေသတည်း။ ငါ့အား တစ်ခုသော သီချင်းငယ်ကို သင်သည် ပေးလော့။

ထိုအခါ မယားကို ပါဋလိမည်သော သဘင်သည်သည် ရှင်မ ငါသည် သင့်အား အဘယ်သို့ သီချင်းကို ပေးရအံ့နည်း၊ ယခု ငါ့ကို လူအများတို့၏ ကိုးကွယ်ရာ ဖြစ်သော ရေသည် သတ်၏ဟု ဆိုလို၍ ဤဂါထာကိုဆို၏—

၅၀။ ယေန သိဉ္စန္တိ ဒုက္ခိတံ၊ ယေန သိဉ္စန္တိ အာတုရံ။
တဿ မဇ္ဈေ မရိဿာမိ၊ ဇာတံ သရဏတော ဘယံ။

ရှင်မ ဆင်းရဲသောသူကို အကြင်ရေဖြင့် သွန်းလောင်းကုန်၏။ကျင်နာသောသူကို အကြင်ရေဖြင့် သွန်းလောင်းကုန်၏၊ငါသည် ထိုရေ၏အလယ်၌ သေအံ့၊ ငါ့အား ကိုးကွယ်ရာဖြစ်သော ရေမှ ဘေးသည်ဖြစ်၏။

ဘုရားလောင်းသည် ဤဂါထာကိုရွတ်၍ မြတ်သောမင်းကြီး ရေသည် လူများ၏ ကိုးကွယ်ရာ ဖြစ်သကဲ့သို့ ထို့အတူ မင်းတို့သည်လည်း လူများ၏ ကိုးကွယ်ရာ ဖြစ်ကုန်၏၊ မင်း၏ အထံမှ ဘေးသည် ဖြစ်လတ်သော် ထိုဘေးကို အဘယ်သူသည် ကွယ်ကာလတ္တံ့နည်းဟု ဆို၍ မြတ်သောမင်းကြီး ဤဖုံးလွှမ်းသောအကြောင်းကို အကျွန်ုပ်သည် ပညာရှိတို့ သိအပ်သည်ကိုပြု၍ ဆိုအပ်ပြီ၊ မြတ်သော ရှင်မင်းကြီး သင်မင်းကြီးသည် သိတော်မူလော့ဟုဆို၏၊ အမောင် ငါသည် ဤသို့သဘောရှိသော ဖုံးလွှမ်းအပ်သော စကားကို မသိ၊ ငါ့အား ခိုးသူတို့ကို ဖမ်း၍ပေးလော့ဟု မင်းသည်ဆို၏၊ထိုအခါ မင်းအား ဘုရားလောင်းသည် မြတ်သောမင်းကြီး ထိုသို့ဖြစ်ပါမူကား ဤအကြောင်းကို သိတော်မူလော့ဟုဆို၍ တစ်ပါးသော အကြောင်းကိုလည်း ဆောင်၏၊ မြတ်သောမင်းကြီး

လှန်လေပြီးသောအခါ ဤဗာရာဏသီပြည် တံခါးရွာ၌လျှင် တစ်ယောက်သော အိုးထိန်းသည်သည် အိုးလုပ်အံ့သောငှါ မြေကို ယူသည်ရှိသော် တစ်ခုသော အရပ်၌သာလျှင် မပြတ်ယူ၍ အတွင်း၌ လိုဏ်ခေါင်းရှိသော ကြီးစွာသော တွင်းကို တူး၏။

ထိုအခါ တစ်နေ့သ၌ ထိုအိုးထိန်းသည်သည် မြေကိုတူးစဉ် အခါမဲ့ မိုးကြီး သည် တက်လတ်၍ မိုးကြီး သည်းစွာ ရွာ၏၊ လွှမ်းမိုး၍ လာသော ရေသည် ထိုတွင်းကို ပြိုစေ၏၊ အိုးထိန်းသည်၏ ဦးခေါင်းကို မြေသည် ဖောက်ခွဲ၏၊ အိုးထိန်းသည်သည် ငိုကြွေးလျက် ဤဂါထာကိုဆို၏-

၅၁။ ယတ္ထ ဗီဇာနိ ရူဟန္တိ၊ သတ္တာ ယတ္ထ ပတိဋ္ဌိတာ။
သာ မေ သီသံ နိပီဠေတိ၊ ဇာတံ သရဏတော ဘယံ။

မျိုးစေ့တို့ ပေါက်ရောက်ရာ, သတ္တဝါတို့၏ တည်နေရာ ထိုမြေကြီးသည် ငါ၏ ဦးခေါင်းကို ဖောက်ခွဲလေ၏၊ ငါ့အား ကိုးကွယ် အားထားရာ မြေကြီးမှပင် ဘေးအန္တရာယ် ဖြစ်ရလေ၏။

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ မြတ်သော မင်းကြီး လူများ၏ ကိုးကွယ်ရာဖြစ်သော မြေကြီးသည်၏အိုးထိန်းသည်ဦးခေါင်းကို ဖောက်ခွဲသကဲ့သို့ ထိုအတူ မြေကြီးသဖွယ်ဖြစ်သော ခပ်သိမ်းသော လူအပေါင်း၏ ကိုးကွယ်ရာ ဖြစ်သော မင်းကြီးသည် ထ၍ ခိုးမှုပြုသည်ရှိသော် အဘယ်သူသည် တားမြစ်နိုင် လတ္တံ့နည်းဟုဆို၍ မြတ်သောမင်းကြီး ဤသို့ ဖုံးလွှမ်း၍ ဆိုအပ်သော ခိုးသူကို သင်မင်းကြီးသည် သိခြင်းငှါ စွမ်းနိုင်လတ္တံ့ဟု ဆို၏၊ မင်းသည် အမောင် ငါ့အား ဖုံးကွယ်သောစကားဖြင့် အလိုမရှိ၊ ဤသူသည် ခိုးသူတည်းဟု ခိုးသူကို ဖမ်း၍ ငါ့အား ပေးလော့ဟု ဆို၏၊ ဘုရားလောင်းသည် မင်းကို စောင့်ရှောက်လိုရကား သင်မင်းကြီးသည် ခိုးသူတည်းဟု မဆိုမူ၍ တစ်ပါးသော ဥဒါဟရုဏ်ကိုလည်း ဆောင်၏။

မြတ်သောမင်းကြီး ဤဗာရာဏသီပြည်၌လျှင် တစ်ယောက်သော ယောကျ်ား ၏ အိမ်ကိုမီးလောင်၏။ ထိုယောကျ်ားသည် အိမ်တွင်းသို့ဝင်၍ ဥစ္စာကိုထုတ်လော့ ဟု တစ်ပါးသောသူကိုစေ၏၊ ထိုယောကျ်ားသည် ဝင်၍ ဥစ္စာကို ထုတ်ယူသည် ရှိသော် အိမ်တံခါးသည် ပိတ်၏၊ ထိုယောကျ်ားသည် မီးခိုးမှုန်၍ ထွက်ရာ လမ်းကို မရရကား ကြီးစွာသော ဆင်းရဲဖြစ်၍ အိမ်တွင်း၌ရပ်၍ ငိုကြွေးလျက် ဤဂါထာကို ဆို၏-

၅၂။ ယေန ဘတ္တာနိ ပစ္စန္တိ၊ သီတံ ယေန ဝိဟညတိ။
သော မံ ဥဟတိ ဂတ္တာနိ၊ ဇာတံ သရဏတော ဘယံ။

ထမင်းတို့ကို အကြောင်မီးဖြင့် ချက်ကုန်၏၊ အချမ်းကို အကြောင်မီးဖြင့်ဖျောက်၏၊ ထိုမီးသည် ငါ၏ကိုယ်ကို လောင်၏။ ငါ့အား ကိုးကွယ်ရာဖြစ်သောမီးမှ ဘေးသည် ဖြစ်၏။

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ မြတ်သောမင်းကြီး မီးကဲ့သို့ လူအများ၏ ကိုးကွယ်ရာဖြစ်သော တစ်ယောက်သောသူသည် ရတနာထုပ်ကို ခိုး၏၊ အကျွန်ုပ်ကို သင်မင်းကြီးသည် ခိုးသူကို မမေးလင့်ဟု ဆို၏၊ မင်းသည် အမောင် ငါ့အား ခိုးသူကိုပေးလော့ဟု ဆို၏၊ ဘုရားလောင်းသည် မင်းကို သင်မင်းကြီးပင် ခိုးသူတည်းဟု မဆိုမူ၍ တစ်ပါးသော ဥဒါဟရဏ်ကို ဆောင်၏။

မြတ်သောမင်းကြီး လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌လျှင် တစ်ယောက်သော ယောကျ်ားသည် အလှန်များစွာ စား၍ အစာကြေစိမ့်သောငှါ မတတ်နိုင်ရကား ဝေဒနာသို့ရောက်၍ ငိုကြွေးလျက် ဤဂါထာကို ဆို၏—

၅၃။ ယေန ဘုတ္တေန ယာပေန္တိ၊ ပုထူ ဗြာဟ္မဏခတ္တိယာ။
သော မံ ဘုတ္တော ဗျာပါဒေတိ၊ ဇာတံ သရဏတော ဘယံ။

များစွာကုန်သော မင်း ပုဏ္ဏားတို့အား မျှတကောင်းမွန်သော ထိုထမင်းကိုပင် စားသော ငါ့အား ထိုထမင်းက သတ်လေပြီ၊ ငါ့အား ကိုးကွယ်အားထားရာ ဖြစ်သော ထိုထမင်းမှ ဘေးဖြစ်ရလေပြီ။

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ မြတ်သောမင်းကြီး ထမင်းကဲ့သို့ လူများ၏ ကိုးကွယ်ရာဖြစ်သော တစ်ယောက်သော သူသည် ဥစ္စာကို ခိုး၏၊ သင်မင်းကြီးသည် ထိုဥစ္စာကို ရပြီးသော် ထိုခိုးသူကို အဘယ်ကြောင့် တောင့်တသနည်းဟု ဆို၏၊ မင်းသည် အမောင် သင်သည် စွမ်းနိုင်သော် ငါ့အား ခိုးသူကို ပေးလော့ဟု ဆို၏၊ ဘုရားလောင်းသည် တစ်ပါးသော ဥဒါဟရဏ်ကိုလည်း ဆောင်၏။

မြတ်သော မင်းကြီး လွန်လေပြီးသော အခါ၌လည်း ဤဗာရာဏသီပြည်၌လျှင် တစ်ယောက်သောသူ၏ ကိုယ်ကို လေသည် ထ၍ ဖျက်ဆီး၏၊ ထိုသူသည် ငိုကြွေးလျက် ဤဂါထာကို ဆို၏—

၅၄။ ဂိမှာနံ ပစ္ဆိမေ မာသေ၊ ဝါတမိစ္ဆန္တိ ပဏ္ဍိတာ။
သော မံ ဘဉ္ဇတိ ဂတ္တာနိ၊ ဇာတံ သရဏတော ဘယံ။

ပညာရှိတို့သည် နွေဥတုတို့ နောက်ဖြစ်သော လ၌ လေကို အလိုရှိကုန်၏၊ ထိုလေသည် ငါ၏ ကိုယ်တို့ကို ချိုးဖျက်၏၊ ငါ့အား ကိုးကွယ်ရာလေမှ ဘေးသည် ဖြစ်၏။

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ မြတ်သောမင်းကြီး ကိုးကွယ်ရာမှ ဘေးသည် ဖြစ်၏ဟု အကြောင်းကို သိလောဟု ဆို၏၊ မင်းသည် အမောင် ငါ့အား ခိုးသူကို ပေးလော့ဟု ဆို၏၊ ဘုရားလောင်းသည် မင်းကြီးအား သိစိမ့်သောငှါ တစ်ပါးသော ဥဒါဟရုဏ်ကိုလည်း ဆောင်၏။

မြတ်သောမင်းကြီး လွန်လေပြီးသောအခါ ဟိမဝန္တာအရပ်၌ အခက်အခွနှင့် ပြည့်စုံသော သစ်ပင်ကြီးသည် ဖြစ်၏၊ ထိုသစ်ပင်ကြီးသည် အပွင့် အသီးနှင့် ပြည့်စုံ၏၊ ငှက်တို့၏ နေရာဖြစ်၏၊ ထိုသစ်ပင်ကြီး၏ နှစ်ခုသော အခက်တို့သည် အချင်းချင်း ကြိတ်ကုန်၏၊ ထိုသစ်ခက်တို့မှ မီးခိုးသည် ထွက်၏၊ မီးမှုန့်တို့သည် ကျကုန်၏၊ ထိုမီးကို မြင်၍ ငှက်မင်းသည် ဤဂါထာကို ဆို၏-

၅၅။ ယံ နိဿိတာ ဇဂတိရုဟံ၊ သွာယံ အဂ္ဂိံ ပမုဉ္စတိ။
ဒိသာ ဘဇထ ဝက္ကင်္ဂါ၊ ဇာတံ သရဏတော ဘယံ။

ငှက်တို့နေထိုင်ရာ သစ်ပင်သည် အချင်းချင်း ပွတ်တိုက်မိ၍ မီးတောက် မီးလျှံများ ပေါ်ထွက်လာ၏၊ ငှက်အပေါင်းတို့ သင်တို့သည် အခြားသော အရပ်မျက်နှာဘက်သို့ သွားကြကုန်လော့၊ ငါတို့ အားထားနေထိုင်ရာ သစ်ပင်မှ ဘေးအန္တရာယ် ဖြစ်ပေါ်လာပေ၏။

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ မြတ်သောမင်းကြီး သစ်ပင်သည် ငှက်တို့၏ ကိုးကွယ်ရာ ဖြစ်သကဲ့သို့ ထို့အတူ မင်းလည်း လူများ၏ ကိုးကွယ်ရာ ဖြစ်၏၊ ထိုမင်းသည် ခိုးမှုကို ပြုသည်ရှိသော် အဘယ်သူသည် တားနိုင်လတ္တံ့နည်း၊ မြတ်သောမင်းကြီး မှတ်တော်မူလော့ဟု ဆို၏၊ မင်းသည် အမောင် ငါ့အား ခိုးသူကိုသာ ပေးလော့ဟု ဆို၏၊ ထိုအခါ ဘုရားလောင်းသည် ထိုမင်းအား တစ်ပါးသော ဥဒါဟရုဏ်ကို ဆောင်၏။

မြတ်သောမင်းကြီး တစ်ခုသော ကာသိကရွာ၌ ဟစ်ဦးသော အမျိုး၏အိမ်၏ အနောက်၌ ကြမ်းကြုတ်သော မိကျောင်းသည် ရှိ၏၊ ထိုအမျိုးအား တစ်ယောက်

တည်းသာ ဖြစ်သော သားသည် ရှိလေ၏၊ ထိုသား၏ အဘသည် သေလွန်လတ်သော် ထိုသားသည်အမိကို လုပ်ကျွေး၍ နေ၏၊ထိုသား၏ အမိသည် သား၏ အလိုမရှိဘဲလျှက်လျှင် တစ်ယောက်သော အမျိုးသမီးကို သားဖို့ ဆောင်၏၊ ထိုချွေးမသည် ရှေးအဖို့၌ ယောက္ခမကို ချစ်၍ နောက်အဖို့၌ သားသမီးတို့ဖြင့် ပွားများလတ်သည်ရှိသော် ထိုယောက္ခမကို နှင်ထုတ်လို၏၊ ထိုချွေးမ၏ အမိသည်လည်း ထိုအိမ်၌လျှင် နေ၏၊ ထိုချွေးမသည် လင်၏အထံ၌ ယောက္ခမ၏ အထူးထူး အပြားပြား များသော အပြစ်ကိုဆို၍ ဖျက်ဆီး၍ ငါသည် သင့်အမိကို မွေးအံ့သောငှါ မတတ်နိုင်၊ သင့်အမိကို သတ်လော့ဟုဆို၍ ရှင်မ လူကို သတ်ခြင်း မည်သည်ကား ဝန်လေးလှပါ၏၊ အဘယ်သို့ ငါသတ် ရအံ့နည်းဟု ဆိုသည် ရှိသော် အိပ်ပျော်ခြင်းသို့ ရောက်သောအခါကာလ၌ သင့်အမိကို ညောင်စောင်းငယ်ဖြင့် လျှင်ယူ၍ မိကျောင်းရှိသော မြစ်၌ ပစ်ချကုန်အံ့၊ထိုအခါ သင့်အမိကို မိကျောင်း တို့သည် ခဲကုန်လတ္တံ့ဟု ဆို၏၊ လင်သည် သင့်အမိကား အဘယ်မှာနည်းဟု မေး၏၊ မယားသည် သင့်အမိ၏ အထံ၌လျှင် ငါ့အမိသည် အိပ်၏ဟု ဆို၏၊ ထိုသို့ဖြစ်ပါမူကား သင် သွားချေ၊ အမိ၏ အိပ်ရာညောင်စောင်း၌ ကြိုးဖွဲ့၍ အမှတ်သညာကို ပြုချေလော့ဟု ဆို၏။

ထိုမိန်းမသည် လင်ဆိုတိုင်းပြု၍ ငါသည် အမှတ်ကို ပြုအပ်ပြီဟု ဆို၏၊ လင်သည် အတန်ငယ် နေဦးလော့၊ လူတို့သည် အိပ်စေကုန်ဦးလော့ဟု ဆို၍ အိပ်ပျော်သကဲ့သို့ လျောင်း၍ ထသွား၍ ထိုကြိုးကို မယား၏ အမိအိပ်ရာ ညောင်စောင်း၌ ဖွဲ့၍ မယားကို နှိုး၍ လင်မယား နှစ်ယောက်တို့သည်လည်း သွား၍ ထိုမယား၏ အမိကို ညောင်စောင်းနှင့်တကွလျှင် ချီ၍ မြစ်နား၌ ပစ်ချ ကုန်၏၊ ထိုမြစ်တွင်း၌ ပစ်ချအပ်သော မယား၏ အမိကို မိကျောင်းတို့သည် စားကုန်၏၊ ထိုမယားသည် နက်ဖြန်၌ အမိအား လဲလှယ်၍ သတ်အပ်သည့်၏ အဖြစ်ကိုသိ၍ အရှင် ငါ့အမိကို သတ်ပြီး၍ ယခု သင့်အမိကို သတ်ဦးလော့ဟု ဆို၍ ထိုလင်သည် ကောင်းပြီဟု ဆိုလတ်သော် သုသာန်၌ ထင်းပုံပြီးလျှင် မီးတိုက်၍ သတ်ကြကုန်အံ့ဟု ဆို၏၊ ထိုအခါ လင်၏ အမိကို လင်မယား နှစ်ယောက်တို့သည်လည်း သုသာန်သို့ဆောင်၍ ထားကုန်၏၊ သုသာန်၌ လင်သည် မယားကို ရှင်မ သင်သည် မီးကို ဆောင်ခဲ့၏လောဟု မေး၏၊ အရှင် ငါသည် မေ့၏ဟု မယားသည် ဆို၏၊ ထိုသို့ဖြစ်ပါမူကား သွား၍ ဆောင်ချေလောဟု လင်သည် ဆို၏၊ အရှင် ငါသည် သွားအံ့သောငှါလည်း မတတ်နိုင်၊သင်သွားသည် ရှိသော် နေရစ်အံ့သောငှါလည်း မတတ်နိုင်၊ နှစ်ယောက်ကုန်သော ငါတို့သည် သွားကြကုန်အံ့ဟု မယားသည် ဆိုလေ၏၊ထိုလင်မယားနှစ်ယောက်တို့သည် မီးယူ အံ့သောငှါ သွားကြကုန်သည်ရှိသော် အမိအိုသည်လည်း ချမ်းသော လေသည်

ခတ်၍ နိုးသဖြင့် သူသာန်၏ အပြစ်ကိုသိ၍ ဤသူတို့သည် ငါ့ကို သတ်လိုကုန်၍ မီးယူအံ့သောငှါ သွားကုန်၏ဟု ဆင်ခြင်၍ ဤသူတို့သည် ငါ၏အစွမ်းကို မသိကုန်ဟု တစ်ခုသော ထင်းတုံးကို ယူ၍ အပေါ်၌ ပုဆိုးနွမ်းဖြင့် ဖုံးလွှမ်းခဲ့ပြီးလျှင် ပြေးသွား၍ ထိုသုသာန်၌ တစ်ခုသော လိုဏ်သို့ ဝင်၏၊ လင်မယားတို့သည်လည်း မီးကိုဆောင်ခဲ့၍ သက်ကြီးအိုမ တည်းဟူသော အမှတ်ဖြင့် ထင်းတုံးကို မီးတိုက်၍ သွားကုန်၏၊ တစ်ယောက်သော ခိုးသူသည် ထိုလိုဏ်၌ ဥစ္စာထုပ်ကို ထား၍ ထိုခိုးသူသည် ထိုဥစ္စာထုပ်ကို ယူအံ့ဟု လာ၍ သက်ကြီးမ အိုကို မြင်၍ တစ်ယောက်သော ဘီလူးမသည် ဖြစ်လတ္တံ့၊ ငါ၏ ဥစ္စာထုပ်ကို ဘီလူးမသည် သိမ်းဆည်း၏ဟု တစ်ယောက်သော ဆေးသမားကိုခေါ်၍လာ၏၊ ဆေးသမားသည် မန္တရားမန်းလျက် လိုဏ်သို့ ဝင်၏၊ ထိုအခါ ထိုဆေးသမားကို ထိုသက်ကြီးအိုမသည် ငါဘီလူးမ မဟုတ်၊ သင်လာလော့၊ နှစ်ယောက်ကုန်သော ငါတို့သည်လည်း ဤဥစ္စာထုပ်ကို ဝေဖန်ကုန်အံ့ဟု ဆို၏။

ဆေးသမားသည် အဘယ်သို့လျှင် သင့်စကားကို ယုံကြည်ရအံ့နည်းဟု ဆိုလတ်သော် သင်၏လျှာကို ငါ့လျှာပေါ်၌ တင်ထားလော့ဟု သက်ကြီးအိုမသည် ဆို၏၊ ဆေးသမားသည် ဆိုတိုင်းပြု၏၊ ထိုအခါ သက်ကြီးအိုမသည် ဆေးသမား၏ လျှာကို ကိုက်၍ လဲစေ၏၊ ဆေးသမားသည် စင်စစ်လျှင် ဤမိန်းမကား ဘီလူးမတည်းဟု သွေးယိုစီးသော လျှာဖြင့် ဟစ်ကြွေး၍ ပြေး၏၊ သက်ကြီးအိုမသည်လည်း မိုးသောက်လတ်သော် သိမ်မွေ့ပြေပြစ်သော အဝတ်ကို ဝတ်၍ အထူးထူးသော ရတနာကို ထုတ်ယူ၍ ထိုအိမ်သို့လျှင် သွား၏၊ ချွေးမသည် ထိုယောက္ခမကိုမြင်၍ မိခင် သင်သည် အဘယ်သို့ပြုသဖြင့် ဥစ္စာကို ရအပ်သနည်းဟု မေး၍ သမီး ထိုသုသာန်ဝယ် ထင်းပုံ၌ မီးတိုက်သဖြင့် ဤသို့သဘော ရှိသော ဥစ္စာကို ရ၏ဟု ယောက္ခမသည် ဆို၏၊ မိခင် အကျွန်ုပ်လည်း ရခြင်းငှါ တတ်ကောင်း၏လောဟု မေး၏၊ သမီး ငါကဲ့သို့ ဖြစ်သော် ရလတ္တံ့ဟု ယောက္ခမသည် ဆို၏၊ ထိုချွေးမသည် ဥစ္စာရခြင်း၌ တပ်သော လောဘဖြင့် လင်အားဆို၍ သုသာန်၌ မိမိကိုယ်ကို မီးတိုက်စေ၏၊ ထိုအခါ ထိုမိန်းမကို နက်ဖြန်နေ့၌ လင်သည် မမြင်လတ်သော် မိခင် ဤအခါ၌လည်း သင့်ချွေးမသည် မလာဟု ဆို၏၊ အမိသည် ဟယ် ယောကျ်ားယုတ် သေသော မိန်းမ မည်သည်ကား အဘယ့်ကြောင့် လာလတ္တံ့နည်းဟု ခြိမ်းခြောက်လို၍ ဤဂါထာကို ဆို၏–

၅၆။ ယံ မာနယိ သောမနဿံ၊ မာလိနိံ စန္ဒနုဿဒံ။
သာ မံ ဃရာ နိစ္ဆုဘတိ၊ ဇာတံ သရဏတော ဘယံ။

ဝမ်းမြောက်မှုကို ဖြစ်စေ၍ ပန်းပန်၍ စန္ဒကူးလိမ်းကျံ၍ ခေါ်ဆောင်ခဲ့သော ထိုမိန်းမသည် ငါ့ကို အိမ်မှ နှင်ထုတ်၏၊ ငါ့အား အားထားဖွယ်ရာ ပြုလုပ်ပေးခဲ့သော ထိုမိန်းမမှ ဘေးဖြစ်လာလေပြီ။

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ မြတ်သော မင်းကြီး ချေးမသည် ယောက္ခမ၏ ကိုးကွယ်ရာ ဖြစ်သကဲ့သို့ ထို့အတူ မင်းသည် လူများ၏ ကိုးကွယ်ရာ ဖြစ်၏၊ မင်းမှ ဘေးဖြစ်သည်ရှိသော် မြစ်အံ့သောငါ့ ဒ ဘယ်သူ တတ်နိုင်အံ့နည်း၊ ဤသို့ မှတ်တော်မူလော့ဟု ဆို၏၊ မင်းသည် အမောင် ငါသည် သင်ဆောင်အပ်သော အကြောင်းတို့ကို မသိ၊ ငါ့အား ခိုးသူကို ပေးလော့ဟု ဆို၏၊ ဘုရားလောင်းသည် မင်းကို စောင့်ရှောက်အံ့ဟု တစ်ပါးသော ဥဒါဟရုဏ်ကို လည်း ဆောင်၏။

မြတ်သော မင်းကြီး လွန်လေပြီးသောအခါ ဤဗာရာဏသီပြည်၌လျှင် တစ်ယောက်သော ယောကျ်ားသည် ဆုတောင်းခြင်းကို ပြု၍ သားကို ရ၏၊ ထို ယောကျ်ားသည် သားဖွားသော ကာလ၌ ငါသည် သားကို ရပြီဟု ဝမ်းမြောက် ဝမ်းသာဖြစ်၏၊ ထိုယောကျ်ားသည် ထိုသားကို မွေး၍ အရွယ်သို့ ရောက်လတ်သော ကာလ၌ မယားနှင့် ယှဉ်စေ၍ နောက်အဖို့၌ အိုခြင်းသို့ရောက်၍ အမှု လုပ်အံ့သောငှါ မတတ်နိုင်၊ ထိုအခါ ထိုအဘကို သားသည် အဘ သင်သည် အမှုလုပ်အံ့သောငှါ မတတ်နိုင်၊ ဤအိမ်မှ ထွက်လော့ဟု အိမ်မှ နှင်ထုတ်၏၊ ထိုအဘသည် ဆင်းရဲငြိုငြင်သဖြင့် အသက်မွေးရကား ငိုကြွေးလျက် ဤဂါထာကို ဆို၏—

၅၇။ ယေန ဇာတေန နန္ဒိဿံ၊ ယဿ စ ဘဝမိစ္ဆိသံ။
သော မံ ဃရာ နိစ္ဆုဘတိ၊ ဇာတံ သရဏတော ဘယံ။

သား မွေးဖွားလာသောအခါ၌လည်း အလွန် ချစ်မြတ်နိုးခဲ့ရသော မမွေး ဖွားမီကလည်း အလွန် တောင့်တခဲ့ရသော ထိုသားသည် ငါ့ကို အိမ်မှ နှင်ထုတ် လေပြီ၊ ငါ့အား အားထားကွယ်တာခဲ့ရသော သားမှ ဘေးဖြစ်ရလေပြီ။

ဘုရားလောင်းသည် ဤဂါထာကိုဆို၍ မြတ်သောမင်းကြီး သူအိုကို စွမ်းနိုင် သော သားသည် စောင့်ရှောက်အပ်သကဲ့သို့ ထို့အတူ ခပ်သိမ်းသော ဇနပုဒ် သားတို့ကို မင်းသည် လည်းကောင်း, ပုရောဟိတ်သည်လည်းကောင်း စောင့် ရှောက်အပ်ကုန်၏၊ ဤဘေးသည်သတ္တဝါတို့ကို စောင့်ရှောက်သော မင်း၏အထံမှ ဖြစ်၏၊ ဤအကြောင်းဖြင့် ဤအမည်ရှိသောသူသည်ခိုးသူတည်းဟု ရှင်မင်းကြီး သည် ဂ်မှတ်တော်မူလော့ဟု ဆို၏၊ အမောင် ငါသည် အကြောင်းကို မသိ၊

ခိုးသူကိုလျှင် ငါ့အား ပေးလော့ဟုဆို၍ မင်းသည် အဖန်တလဲလဲ လုလင်ကို တိုက်တွန်း၏၊ ထိုအခါ ထိုမင်းကို ဘုရားလောင်းသည် မြတ်သောမင်းကြီး အရှင်မင်းကြီးသည် ငေ်စစ်သဖြင့် ခိုးသူကို ဖမ်းပေးခြင်းကို နှစ်သက်တော်မူပါ သလောဟုဆို၏၊ အမောင် ဆိုတိုင်း ဟုတ်မှန်၏ဟု မင်းသည် ဆို၏၊ မြတ်သော မင်းကြီး ထိုသို့ ဖြစ်ပါမူကား ဤမည်သောသူသည် ခိုးသူတည်းဟု ပရိသတ် အလယ်၌ ပြအံ့ဟု ဆို၏၊ အမောင် ဤသို့ ပြလောဟု မင်းသည်ဆို၏၊ ဘုရားလောင်းသည် မင်းကြီး၏ စကားကို ကြား၍ ဤမင်းသည် မိမိကိုယ်ကို စောင့်ရှောက်စိမ့်သောငှါ မပေး၊ ခိုးသူကို ငါဖမ်းအံ့ဟု စည်းဝေးကုန်သော ဇနပုဒ်သားတို့ကို တိုင်ကြားလို၍ ဤဂါထာတို့ကို ဆို၏—

၅၇။ သုဏန္တု မေ ဇနပဒါ၊ နေဂမာ စ သမာဂတာ။
ယတော ဒကံ တဒါဒိတ္တံ၊ ယတော ခေမံ တတော ဘယံ။

၅၈။ ရာဇာ ဝိလုမ္ပတေ ရဋ္ဌံ၊ ဗြာဟ္မဏော စ ပုရောဟိတော။
အတ္တဂုတ္တာ ဝိဟရထ၊ ဇာတံ သရဏတော ဘယံ။

စည်းဝေးကုန်သော ဇနပုဒ်သူတို့သည် လည်းကောင်း နိဂုံးသူတို့သည် လည်းကောင်း ငါ၏ စကားကို နားထောင်ကုန်လော့၊ အကြင်ရေသည် ရှိ၏၊ ထိုရေသည် မီးတောက်၏။ အကြင်မင်းမှ ဘေးမရှိ။ ထိုမင်းမှ ဘေးဖြစ်၏။

မင်းသည်လည်းကောင်း, ပုရောဟိတ် ပုဏ္ဏားသည်လည်းကောင်း, တိုင်း နိုင်ငံပိုင် ဥစ္စာကို ခိုးယူလုယက်၏၊ သင်တို့သည် မိမိကိုယ်ကို စောင့်ရှောက် ထိန်းသိမ်း၍ နေကြကုန်လော၊ ငါတို့ ကိုးကွယ်ရာ မင်းထံမှ ဘေးဖြစ်လာပေ၏။

မင်းသည်ကား လူများ၏ ကိုးကွယ်ရာဖြစ်၏၊ ထိုမင်းမှ သင်တို့အားဘေးသည် ဖြစ်၏၊ မင်းသည်လည်းကောင်း, ပုရောဟိတ်သည်လည်းကောင်း ခိုးယူ၏၊ သင်တို့ သည် ခိုးသူဘိုကိုဖမ်းလိုကုန်အံ့၊ ဤမင်းပုဏ္ဏားနှစ်ပါးတို့ကို ဖမ်း၍ ပြုအပ်သော အမှုကိုပြုကြကုန်လောဟု ဘုရားလောင်းသည် ဆို၏၊ စည်းဝေးကုန်သော သူတို့ သည် ဘုရားလောင်း၏ စကားကို ကြား၍ ဤမင်းသည် စောင့်ရှောက်အပ်သည် ဖြစ်လျက်လည်း ယခုသူတစ်ပါး၏အပေါ်၌ အပြစ်ကိုတင်၍ မိမိဥစ္စာတို့ကို မိမိ သည် ရေကန်၌ထား၍ ခိုးသူကိုရှာစေ၏၊ ယခုအခါမှ စ၍ တစ်ဖန်ခိုးမှုကို မပြုစိမ့် သောငှါ ဤမင်းယုတ်ကို သတ်ကြကုန်အံ့ဟု ကြံကုန်၍ စည်းဝေးသော သူတို့ သည် တောင်ဝှေးဆောက်ပုတ်အစရှိသည်တို့ကို ကိုင်လျက်ထကုန်၍ မင်းကိုလည်း ကောင်း, ပုရောဟိတ်ကိုလည်းကောင်း ဖမ်း၍ အသက်ကုန်ခြင်းသို့ ရောက်စေ ကုန်၏၊ ဘုရားလောင်းကို အဘိသိက်သွန်းကုန်၍ မင်းအဖြစ်၌ တည်စေကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သီတင်းသည် မြေ၌ ခြေရာကို သိခြင်းသည် အံ့ဖွယ်မရှိသေး၊ ရှေးပညာရှိတို့သည် ကောင်းကင်၌ ခြေရာကို သိဖူးကုန်၏ဟု မိန့်တော်မူ၍သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သီတင်းသည်သည်လည်းကောင်း, သီတင်းသည်၏ သားသည် လည်းကောင်း သောတာပတ္တိဖိုလ်၌တည်ကုန်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ကဿပသည် ထိုအခါ ပဒကုသလလုလင်၏ အဘဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပဒကုသလလုလင် ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

(ကိုးကွယ်ရာမှ၊ ဘေးဖြစ်က၊ မုချ ကြောက်ဖွယ်ရာ)

လေးရာသုံးဆယ့်နှစ်ခုမြောက်သော ပဒကုသလမာဏဝဇာတ်သည်ပြီး၏။

---

၄၃၃-လောမသကဿပဇာတ်

ပညာရှိ သတိဖြစ်ခဲ

ဘုရားလောင်းများပင် မိန်းမကြောင့် မေ့လျော့ခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသခင်သည် "အဿ ဣန္ဒသမော ရာဇ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤလောမသကဿပဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ငြီးငွေ့သောရဟန်းတစ်ပါးကိုအကြောင်းပြု၍ဟောတော်မူ၏။

သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်း သင်သည် ငြီးငွေ့သောဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း မြင်းမိုရ်တောင်ကို လှုပ်စေနိုင်သော လေကြီးသည် အဘယ်မှု၍ ဟောင်းလေပြီးသော သစ်ရွက်တို့ကို မလှုပ်စေဘဲ ရှိလတ္တံ့နည်း၊ အကျော်အစောနှင့်ပြည့်စုံကုန်သော သူတို့သည် ကိလေသာကို အမှီပြု၍ အကျော်အစောမရှိသည်၏ အဖြစ်သို့ ရောက်ကုန်၏၊ ကိလေသာတို့မည်သည်ကား စင်ကြယ်ကုန်သော သတ္တဝါတို့ကိုလည်း ညစ်ညူးခြင်းကို ပြုတတ်ကုန်၏၊ သင်ကဲ့သို့သော သူကိုကား အဘယ်

ဆိုဖွယ်ရာ ရှိအံ့နည်းဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသောအခါ ဗြဟ္မဒတ်မင်း၏သား ဗြဟ္မဒတ္တ ပုရောဟိတ်၏သား လောမသကဿပ ဤနှစ်ယောက်ကုန်သော သူတို့သည် အဆွေခင်ပွန်း ဖြစ်ကုန်၍ တစ်ဦးသော ဆရာအမျိုး၌ ခပ်သိမ်းသော အတတ်တို့ကို သင်ကုန်၏၊ နောက်အဖို့၌ ဗြဟ္မဒတ်မင်းသားသည် အဘလွန်သဖြင့် မင်း၏အဖြစ်၌ တည်၏။

ကဿပသည် ငါ၏ အဆွေခင်ပွန်းသည် မင်းဖြစ်၏၊ ယခုအခါ ငါ့အား များစွာသော စည်းစိမ်တို့ကို ပေးလတ္တံ့၊ ငါ့အား စည်းစိမ်ဖြင့် အဘယ်ပြုအံ့နည်း၊ ငါသည် မိဘတို့ကိုလည်းကောင်း၊ မင်းကိုလည်းကောင်း ပန်၍ ရဟန်းပြုအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုကဿပသည် မင်းကိုလည်းကောင်း၊ မိဘတို့ကိုလည်းကောင်း ပန်၍ ဟိမဝန္တာသို့ဝင်ပြီးလျှင် ရသေ့ရဟန်းပြု၍ခုနစ်ရက်မြောက်သော နေ့၌ ငါးပါးသော အဘိညာဉ် ရှစ်ပါးသော သမာပတ်တို့ကိုဖြစ်စေ၏၊ ဆွမ်းခံသွားသဖြင့် မျှလျက်နေ၏၊ ရသေ့အမည်ကိုကား လောမသကဿပ ဟူ၍ သိကုန်၏။

လောမသ ကဿပသည် ငြိမ်းချမ်းသော ဣန္ဒြေရှိ၏၊ ပြင်းထန်သော အကျင့်ရှိ၏၊ ထိုအကျင့်၏ တန်ခိုးကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်၏၊ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုလောမသကဿပကိုမြင်၍ ထိုရသေ့သည် အလွန်လျှင် ပြင်းထန်သောအကျင့်ရှိ၏၊ သိကြားနေရာကိုလည်း တုန်လှုပ်စေနိုင်၏၊ ငါသည် ဗာရာဏသီမင်းနှင့်တကွ တစ်ပေါင်းတည်းဖြစ်စေ၍ ရသေ့၏ သီလကို ဖျက်ဆီးအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုသိကြားသည် သိကြား၏အာနုဘော်ဖြင့် သန်းခေါင်ယံအခါ ဗာရာဏသီမင်း၏ ကျက်သရေ တိုက်ခန်းသို့ဝင်၍ အလုံးစုံသော တိုက်ခန်းကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းပစေ၍ မင်း၏အထက် ကောင်းကင်၌ တည်လျက် မြတ်သောမင်းကြီး ထလော့ဟု မင်းကိုနှိုး၏၊ သင်သည် အဘယ်သူနည်းဟု မေးအပ်သည်ရှိသော် ငါ သိကြားတည်းဟု ဆို၏၊ အဘယ်အကျိုးငှါ လာသနည်းဟု မေးအပ်သည်ရှိသော် မြတ်သော မင်းကြီး သင်မင်းကြီးသည် အလုံးစုံသော ဇမ္ဗူဒိပ်၌ ဧကရာဇ်အဖြစ်ကိုအလိုရှိ၏လောဟု မေး၏၊ အဘယ့်ကြောင့် အလိုရှိအံ့နည်းဟု ဆိုသည်ရှိသော် ထိုအခါ၌ဗာရာဏသီမင်းကို သိကြားသည် မြတ်သောမင်းကြီး ထိုသို့ဖြစ်ပါမူကား လောမသကဿပကို ပင့်ဆောင်၍ အခြေလေးချောင်းတို့ကို သတ်၍ ယဇ်ပူဇော်ခြင်းကို

ပူဇော်စေလော့၊ သိကြားနှင့်တူသည်ဖြစ်၍ မအို မသေ နေရသည်ဖြစ်၍ အလုံးစုံသော ဇမ္ဗူဒိပ်၌ မင်းအဖြစ်ကို ပြုရလတ္တံ့ဟုဆိုလို၍ ဤဂါထာကိုဆို၏—

၆၀။ အသ္မ ဣန္ဒသမော ရာဇ၊ အစ္စန္တံ အဇရာမရော။
သစေ တွံ ယညံ ယာဇေယျ၊ ဣသိံ လောမသကဿပံ။

မင်းကြီး သင်သည် လောမသ ကဿပ ရသေ့ကို တောမှ ပင့်ဆောင်၍ ယဇ်ကို အကယ်၍ ပူဇော်စေငြားအံ့။ စင်စစ် သိကြားနှင့် တူသည်ဖြစ်၍ မအိုသည် မသေသည် ဖြစ်ရာ၏။

သိကြား၏ စကားကိုကြား၍ မင်းသည် ကောင်းပြီဟုဝန်ခံ၏၊ သိကြားသည် ထိုသို့ဖြစ်ပါမူကား ကြာမြင့်ခြင်းကို မပြုလင့်ဟု ဆို၏၊ မင်းသည် နက်ဖြန် နေ့၌ သေယျမည်သော အမတ်ကိုခေါ်၍ အချင်းအမတ် ငါ၏ ချစ်စွာသော အဆွေခင်ပွန်းဖြစ်သော လောမသကဿပ ရသေ့၏ အထံသို့ သွား၍ ငါ့စကားဖြင့် ဗာရာဏသီမင်းသည် သင့်ကို အခြေလေးချောင်းတို့ကို သတ်စေ၍ ယဇ်ပူဇော်ခြင်းကို ပူဇော်စေ၍ အလုံးစုံသော ဇမ္ဗူဒိပ်၌ ကောရာဇ်ဖြစ်လတ္တံ့၊ သင်တို့အားလည်း အလိုရှိတိုင်းသော အရပ်ကို ပေးကုန်အံ့၊ အကျွန်ုပ်နှင့်တကွ ယဇ်ပူဇော်အံ့သောငှါ လာကုန်လော့ဟု ဆိုချေဟု စေ၏၊ သေယျအမတ်သည် မြတ်သောမင်းကြီး ကောင်းပြီဟု ရသေ့နေရာ အရပ်ကို သိအံ့သောငှါ မြို့၌ စည်လည်စေ၍ တစ်ယောက်သော မုဆိုးသည် ငါသိ၏ဟု ဆိုလတ်သော် ထိုမုဆိုးကို ရှေ့သွားပြု၍ များစွာသော အခြံအရံဖြင့် ထိုအရပ်သို့ သွား၍ ရသေ့ကို ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ နေလျက် ထိုသတင်းစကားကို ကြား၏၊ ထိုအခါ သေယျအမတ်ကို လောမသကဿပ ရသေ့သည် ငါ့အား အဘယ်မည်သော အမှုကို သင်ပြုသနည်းဟု ဆို၍ ပယ်လိုရကား ဤဂါထာတို့ကို ဆို၏။

၆၁။ သသမုဒ္ဒပရိယာယံ၊ မဟိံ သာဂရကုဏ္ဍလံ။
န ဣစ္ဆေ သဟ နိန္ဒာယ၊ ဧဝံ သေယျ ဝိဇာနဟိ။

၆၂။ ဓိရတ္ထု တံ ယသလာဘံ၊ ဓနလာဘဉ္စ ဗြာဟ္မဏ။
ယာ ဝုတ္တိ ဝိနိပါတေန၊ အဓမ္မစရဏေန ဝါ။

၆၃။ အပိ စေ ပတ္တမာဒါယ၊ အနဂါရော ပရိဗ္ဗဇေ။
သာယေဝ ဇီဝိကာ သေယျော၊ ယာစာဓမ္မေန ဧသနာ။

၆၄။ အပိ စေ ပတ္တမာဒါယ၊ အနဂါရော ပရိဗ္ဗဇေ။
အညံ အဟိံသယံ လောကေ၊ အပိ ရဇ္ဇေန တံ ဝရံ။

သေယျ ငါသည် ကဲ့ရဲ့ခြင်းနှင့် တကွ ဖြစ်သော သမုဒ္ဒရာ အခြံအရံနှင့် တကွသော သမုဒ္ဒရာဟူသော နားတောင်းနှင့်ပြည့်စုံသော မြေကို အလိုမရှိ။ ဤသို့ သိလော့။

ပုဏ္ဏား ငရဲသို့ ကျစေတတ်သောအမှုဖြင့် လည်းကောင်း, အဓမ္မကို ကျင့်သဖြင့်လည်းကောင်း, ဥစ္စာရခြင်းကို လည်းကောင်း, အကျော်အစော ရခြင်းကိုလည်းကောင်း ပွားများခြင်း အသုံးစုံကိုလည်း ငါ့ကဲ့ဆုပ်၏။

အဓမ္မဖြင့် ဥစ္စာရခြင်းထက် ရဟန်းဘောင်၌ ရဟန်းပြု၍ သပိတ်ကို ယူကာ ဆွမ်းခံသွားလျက် ရဟန်းတရားကို ကျင့်၍ အသက်မွေးမှုရခြင်းက မွန်မြတ်၏။

လောက၌ သူတစ်ပါးကို မညှဉ်းဆဲဘဲ ရဟန်းဘောင်၌ ရဟန်းပြု၍ သပိတ်ကိုယူကာ ဆွမ်းခံလျက် ရဟန်းတရားကို ကျင့်ခြင်းသည် မင်းအဖြစ်ထက်လည်း မွန်မြတ်၏။

သေယျအမတ်သည် လောမသကဿပရသေ့၏စကားကို ကြား၍ ဗာရာဏသီသို့ သွား၍ မင်းအား ကြားလျှောက်၏၊ မင်းသည် မလာနေ ၌ အဘယ် ပြုနိုင်အံ့နည်းဟု ဆိတ်ဆိတ်နေ၏၊ သိကြားသည် တစ်ဖန် သန်းခေါင်ယံအခါ၌ လာလတ်၍ ကောင်းကင်၌ရပ်၍ မြတ်သောမင်းကြီး လောမသကဿပရသေ့ကို ပင့်ဆောင်၍ ယဇ်ပူဇော်စေ၏လောဟု မေး၏၊ ကျွန်ုပ်စေ၍လည်း လောမသကဿပရသေ့သည် မလာဟု မင်းသည် ဆို၏၊ မြတ်သောမင်းကြီး သမီးတော် စန္ဒဝတီကို တန်ဆာဆင်၍ သေယျအမတ်ကို ရှေးအတူသင် စေ၍ ရှင်ရသေ့ သင်သည် သွား၍ ယဇ်ပူဇော်ခြားအံ့၊ မင်းသည် သင့်အား ဤသမီးကို ပေးလတ္တံ့ဟု ဆိုစေလော၊ မချွတ်လျှင် လောမသကဿပရသေ့သည် မင်းသမီး၌ တပ်စွန်း၍ လာလတ္တံ့ဟု ဆို၏၊ မင်းသည် ကောင်းပြီဟု ဝန်ခံ၍ နက်ဖြန်နေ့၌ သေယျအမတ်၏လက်၌ မင်းသမီးကို ပေးအပ်၍ သေယျအမတ်သည် မင်းသမီးကို ယူ၍ ထိုအရပ်သို့ သွား၍ ရသေ့ကို ရှိခိုး၍ ပဋိသန္ထာရပြု၍ နတ်သမီးနှင့်တူသော မင်းသမီးကို လောမသကဿပ ရသေ့အား ပြ၍ တင့်အပ်လျှောက်တော်စာ နေ၏၊ ရသေ့သည် ဣန္ဒြေတို့ကို ဖျက်၍ မင်းသမီးကို ကြည့်သည်နှင့် တစ်ပြိုင် နက်လျှင် တပ်သောစိတ် ရှိသည်ဖြစ်၍ ဈာန်မှ ယုတ်၏။

အမတ်သည် ရသေ့၏ တပ်သောစိတ် ရှိသည်၏ အဖြစ်ကို သိ၍ အရှင်ဘုရား အရှင်ဘုရားတို့သည် အကယ်၍ ယဇ်ပူဇော်ကုန်အံ့၊ မင်းသည် အရှင်ဘုရားအား ဤမင်းသမီးကို အလုပ်အကျွေးပြု၍ ပေးလတ္တံ့ဟု ဆို၏၊ လောမသကဿပသည် ကိလေသာ၏ အစွမ်းအားဖြင့် တုန်လှုပ်လျက် ငါ့အား ဤမင်းသမီးကို မင်းသည် ပေးအံ့လောဟု မေး၏၊ အရှင်ဘုရား အရှင်ဘုရားသည် ယဇ်ပူဇော် ငြားအံ့ မင်းသည် အရှင်ဘုရားအား ဤမင်းသမီးကို ပေးလတ္တံ့ဟု အမတ်သည် ဆို၏၊ ရသေ့သည် ကောင်းပြီ၊ မင်းသမီးကိုရသော် ယဇ်ပူဇော်အံ့ ဆို၍ အမတ်ကို ခေါ်၍ ဆံကျစ်တို့နှင့်တကွ တန်ဆာဆင်သော ရထားသို့ တက်၍ ဗာရာဏသီသို့ လိုက်၏၊ မင်းသည်လည်း ရသေ့လာပြီဟု ကြား၍ ယဇ်အတွင်း၌ အမှုကိုဖြစ်စေ၏။

ထိုအခါ လာလတ်သော လောမသကဿပကို မြင်၍ ယဇ်ပူဇော်လော့၊ ယဇ်ပူဇော်သည်ရှိသော် ငါသည် သိကြားနှင့် တူသည်ဖြစ်အံ့၊ ယဇ်ပူဇော်သည်၏ အဆုံး၌ သင့်အား သမီးကို ပေးအံ့ဟု ဆို၏၊ လောမသကဿပ ရသေ့သည် ကောင်းပြီဟု ဝန်ခံ၏၊ ထိုအခါ လောမသကဿပ ရသေ့ကို မင်းသည် နက်ဖြန်နေ့၌ ခေါ်၍ စန္ဒဝတီမင်းသမီးနှင့်တကွလျင် ယဇ်တွင်းသို့ သွား၏၊ ထိုယဇ်တွင်း၌ ဆင် မြင်း ဥသဘ အစရှိကုန်သော ခပ်သိမ်းကုန်သော အခြေလေးချောင်းတို့ကို အစဉ်သဖြင့် ထားအပ်ကုန်၏၊ ထိုလောမသကဿပ ရသေ့သည် ခပ်သိမ်းသော အခြေလေးချောင်းရှိသော သတ္တဝါတို့ကို ဆောင်၍ သတ်၍ ယဇ်ပူဇော်အံ့ သောငှါ အားထုတ်၏၊ ထိုအခါ လောမသကဿပ ရသေ့အား စည်းဝေးသော လူများသည် ငိုကြွေးလျက် လောမသကဿပ သင်သည် မသင့်လျော်သော ထိုအမှုကို အဘယ်မူ၍ ပြုသနည်းဟု ဆို၍ ငိုကြွေးလိုရကား ဤဂါထာတို့ကို ဆို၏—

၆၅။ ဗလံ စန္ဒော ဗလံ သုရိယော၊ ဗလံ သမဏဗြာဟ္မဏာ။
ဗလံ ဝေလာ သမုဒ္ဒဿ၊ ဗလာတိဗလ’ မိတ္ထိယော။

၆၆။ ယထာ ဥဂ္ဂတပံ သန္တံ၊ ဣသိံ လောမသကဿပံ။
ပိတု အတ္ထာ စန္ဒဝတီ၊ ဝါဇပေယျံ အယာဇယိ။

လသည် အားရှိ၏၊ နေသည် အားရှိ၏၊ ရဟန်းပုဏ္ဏားတို့သည် အားရှိကုန်၏။ သမုဒ္ဒရာ၏ ကမ်းသည် အားရှိ၏၊ စန္ဒဝတီမင်းသမီးသည် အဘ၏ အကျိုးကို အလိုရှိသည်ဖြစ်၍ ပြင်းထန်သော အကျင့်ရှိသော ငြိမ်သက်သော လောမသကဿပရသေ့ကို ယဇ်ပူဇော်ခြင်းကို ပူဇော်စေအောင် စွမ်းဆောင်နိုင်သောကြောင့် မိန်းမတို့သည် အားတကာတို့ထက် အလွန်အားရှိကုန်၏။

ထိုအခါ လောမသကဿပ ရသေ့သည် ယဇ်ပူဇော်အံ့သောငှါ မင်္ဂလာဆင်၏ လည်ကို ဖြတ်အံ့ဟု ရတနာသန်လျက်ကို ချီ၏၊ သင်သည်လည်း သန်လျက် ချီသော လောမသကဿပရသေ့ကို မြင်၍ သေဘေးကို ကြောက်၍ ကြီးစွာသော မြည်နှင်းကို ပြု၏၊ ဆင်၏အသံကို ကြား၍ ကြွင်းကုန်သော ဆင် မြင်း ဥသဘ အစရှိသည်တို့သည်လည်း သေဘေးဖြင့် ကြောက်ကုန်၍ မြည်ကြကုန်၏၊ လူအများသည်လည်း မြည်တမ်းကြကုန်၏၊ လောမသကဿပ ရသေ့သည် အုတ်အုတ်ကျက်ကျက် သည်းစွာသော ဟစ်ကြွေးသံကို ကြား၍ ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ မိမိဆံကျစ် အစရှိသည်တို့ကို ကြည့်၏၊ ထိုအခါ ရသေ့အား ဆံကျစ် မုတ်ဆိတ် လက်ကတီးမွေးတို့သည် ထင်ကုန်၏၊ ထိုလောမသကဿပရသေ့သည် နှလုံးမသာသည်ဖြစ်၍ ငါသည် စင်စစ်သဖြင့် မလျောက်ပတ်သော ယုတ်မာသော အမှုကို ပြု၏ဟု သံဝေဂကို ပြုလိုရကား ဤဂါထာကို ဆို၏—

၆၇။ တံ လောဘပကတံ ကမ္မံ၊ ကဋုကံ ကာမဟေတုကံ။
တဿ မူလံ ဂဝေသိဿံ၊ ဆေစ္ဆံ ရာဂံ သဗန္ဓနံ။

မြတ်သောမင်းကြီး ငါသည် ထက်သော အကျိုးရှိသော ကာမလျှင် အကြောင်းရှိသော ထိုအမှုကို လောဘသည် ပြုအပ်၏ဟု ထိုလောဘ၏ မသင့်သော နှလုံးသွင်းခြင်း၏ အမြစ်ကို ငါသည် ရှာအံ့၊ အနှောင်အဖွဲ့နှင့် တကွသော ရာဂကို ဖြတ်အံ့။

ထိုအခါ လောမသကဿပရသေ့ကို မင်းသည် ရှင်ရသေ့ မကြောက်လင့်၊ ယခု သင့်အား စန္ဒဝတီမင်းသမီးကိုလည်းကောင်း, ရတနာ ခုနစ်ပါးကို လည်းကောင်း ပေးအံ့၊ ယဇ်ပူဇော်လော့ဟု ဆို၏၊ ထိုစကားကို ကြား၍ လောမသကဿပရသေ့သည် မြတ်သောမင်းကြီး ငါ့အား ကိလေသာဖြင့် အလိုမရှိဟု ဆို၍ ဤဂါထာကို ဆို၏—

၆၈။ ဓိရတ္ထု ကာမေ သုဗဟူပိ လောကေ၊
တပောဝ သေယျော ကာမဂုဏေဟိ ရာဇ။
တပေါ ကရိဿာမိ ပဟာယ ကာမေ၊
တဝေဝ ရဋ္ဌံ စန္ဒဝတီ စ ဟောတု။

မင်းကြီး လောက၌ အလွန်များသည်လည်း ဖြစ်ကုန်သော ကာမတို့ကို ငါစက်ဆုပ်၏၊ ကာမဂုဏ်တို့ထက် သီလသည်လျှင် မြတ်၏၊ ငါသည် ကာမတို့ကို ပယ်၍ သီလစောင့်ရှောက်ခြင်းကို ကျင့်အံ့၊ တိုင်းသည်လည်းကောင်း၊ စန္ဒဝတီ မင်းသမီးသည်လည်းကောင်း သင်၏ဥစ္စာသည်သာ ဖြစ်စေသတည်း။

ထိုလောမသကဿပရသေ့သည် ဤသို့ ဆို၍ ကသိုဏ်းကို နှလုံးသွင်း၍ ပျောက်သော ဈာန်ကို ဖြစ်စေ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့် နေ၍ မင်းအား မမေ့မလျော့ ဖြစ်လော့ဟု ဆုံးမ၍ ယဇ်တွင်းကို ဖျက်စေ၍ လူများအား ဘေးမဲ့ကို ပေးစေ၍ မင်းတောင်းပန်စဉ်လျှင် ပြန်၍ မိမိနေရာသို့ သွား၍ အသက်ထက်ဆုံး တည်၍ အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့ လား၏။

## ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ သာရိပုတ္တရာသည် ထိုအခါ သေယျ အမတ် ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ လောမသကဿပရသေ့ ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အားတကာတွင်၊ မိန်းမလျှင်၊ အင်အားကြီးလှစွာ။)

လေးရာသုံးဆယ့်သုံးခုမြောက်သော လောမသကဿပဇာတ်သည် ပြီး၏။

---

## ၄၃၄-စက္ကဝါကဇာတ်

### အစားအစာ၌ လျှပ်မပေါ်သော ကျီးမိုက်အကြောင်း

### အဆီစားတိုင်း အသားမဖြစ်

#### မစ္စျုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "ကာသာယ ဝတ္ထေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤစက္ကဝါကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် လောလသည်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် လော်လည်သတတ်၊ ပစ္စည်း၌ မက်မောသတတ်၊ ဆရာ ဥပဇ္ဈာယ်တို့၏ ဝတ်အစရှိသည်တို့ကို စွန့်၍ စောစောကလျှင် သာဝတ္ထိမြို့သို့ ဝင်၍ ဝိသာခါ ဒါယိကာမ၏ အိမ်၌ များစွာသော ခဲဖွယ်ကိုလည်းကောင်း, ယာဂု အစရှိသည်တို့ ကို လည်းကောင်း စား၍ သော က်၍ အထူးထူးသော အရသာရှိသော သလေးဆွမ်း အမဲဟင်းလျာ အစရှိသည်တို့ကို စား၍လည်း

ထိုအာဟာရဖြင့် မရောင့်ရဲရကား စူဠအနာထပိဏ်၏အိမ်, မဟာအနာထပိဏ်၏ အိမ်, ကောသလမင်း၏ နန်းတော်ကို ရည်၍ သွား၏၊ ထိုအခါ တစ်နေ့သ၌ ထိုရဟန်း၏ လော်လည်သော အဖြစ်ကို အကြောင်းပြု၍ တရားသဘင်၌ ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏။

သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေး ကြပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ထိုရဟန်းကို ခေါ်တော်မူစေ၍ ရဟန်း သင်သည် လော်လည်သော ဟူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု လျှောက်သည် ရှိသော် ရဟန်း အဘယ့်ကြောင့် လော်လည်သနည်း၊ ရှေး၌လည်း သင်သည် လော်လည်သည်၏ အဖြစ်ကြောင့် ဗာရာဏသီပြည်၌ ဆင်ကောင်ပုပ် အစရှိသည် တို့ကို စား၍ လှည့်လည်သော် ထိုဆင်ကောင်ပုပ် အစရှိသည်တို့ဖြင့် မရောင့်ရဲ သည်ဖြစ်၍ ဗာရာဏသီပြည်မှ ထွက်၍ ဂင်္ဂါနား၌ ကျက်စားလျက် ဟိမဝန္တာသို့ ဝင်ဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် တစ်ကောင်သော လော်လည်သော ကျီးသည် ဗာရာဏသီပြည်၌ ဆင်ကောင်ပုပ် အစရှိသည်တို့ကို စားလျက် ထိုဆင်ကောင်ပုပ် အစရှိသည်တို့ဖြင့် မရောင့်ရဲရကား ဂင်္ဂါကမ်းနား၌ ငါးသေတို့ကို စားအံ့ဟု သွား၍ ထိုဂင်္ဂါ၌ သေသောငါးတို့ကိုစားလျက် နှစ်ရက် သုံးရက်နေ၍ဟိမဝန္တာသို့ဝင်၍ အထူးထူး သော သစ်သီးကြွေးငယ်တို့ကို စားလျက် များစွာသော ငါးလိပ်ရှိသော ကြီးစွာ သော ပဒုမာအိုင်သို့ ရောက်၍ ထိုအိုင်၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန် သော မှော်ကို စား၍ နေကုန်သော နှစ်ကောင်ကုန်သော စက္ကဝါးတို့ကို မြင်၍ ဤငှက်တို့သည် အလွန်လျှင် အဆင်းနှင့် ပြည့်စုံကုန်၏၊ တင့်တယ်ခြင်းသို့ ရောက် ကုန်၏၊ ဤငှက်တို့၏ အစာသည် နှစ်သက်ဖွယ်ရှိသည် ဖြစ်လတ္တံ့၊ ဤငှက်တို့၏ အစာကိုမေး၍ ငါသည်လည်း ထိုအစာလျှင် စား၍ ရွှေအဆင်းနှင့်တူသော အဆင်းရှိသည် ဖြစ်အံ့ဟု ကြံ၍ စက္ကဝါကတို့၏ အထံသို့ သွား၍ ပဋိသန္ထာရပြု၍ တစ်ခုသော သစ်ခက်စွန်း၌ နား၍ ချီးမွမ်းခြင်းနှင့် ယှဉ်သော ဤဂါထာကို ဆို၏–

၆၉။ ကာသာယဝတ္ထေ သကုဏေ ဝဒါမိ၊ ဒုဝေ ဒုဝေ နန္ဒမနေ စရန္တေ။
ကံ အဏ္ဍဇံ အဏ္ဍဇာ မာနုသေသု၊ ဇာတိံ ပသံသန္တိ တဒိင်္ဃ ဗြူထ။

ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သကဲ့သို့ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်သော အစုံအစုံဖြစ်ကုန်၍ သွားကုန်လျက် နှစ်သက်ဖွယ်သော စိတ်ရှိကုန်သော ငှက်တို့ကို ငါပြောလို၏ အိုငှက်တို့ သင်တို့ကို လူအများက ချီးမွမ်းကြသောအခါ အဘယ်ငှက်မည်၏ဟု ဆို၍ ချီးမွမ်းကြကုန်သနည်း၊ ငါတောင်းပန်၏၊ ထိုအမျိုးဇာတ်ကို ပြောကြပါကုန်လော။

ထိုစကားကိုကြား၍ စက္ကဝါကငှက်သည် ဂါထာကို ဆို၏—

၇၀။ အမှေ မနုဿေသု မနုဿဟိံသ၊ အနုဗ္ဗတေ စက္ကဝါကေ ဝဒန္တိ။
ကလျာဏဘာဝမှေ ဒိဇေသု သမ္မတာ၊ အဘိရူပါ ဝိစရာမ အဏ္ဏဝေ။

လူတို့ကို ညှဉ်းဆဲတတ်သောကျီး ငါတို့ကို အချင်းချင်း အစဉ်လိုက်၍ ချစ်သောအားဖြင့်သာ ပေါင်းဖက်တတ်ကုန်သော စက္ကဝါကငှက်တို့ ဟူ၍ လူတို့ပြောကြကုန်၏၊ ငှက်အပေါင်းတို့တွင် ငါတို့ကို ကောင်းသော သဘောရှိသော ငှက်တို့ဟု ခေါ်ဝေါ်ကြကုန်၏၊ ငါတို့သည် အစာဟူသော အကြောင်းကြောင့် မကောင်းမှု မပြုလုပ်ကြကုန်သောကြောင့် ငါတို့သည် ပဒုမာအိုင်၌ အလွန်အဆင်းလှကုန်လျက် သွားလာကျက်စားကြကုန်၏။

ထိုစကားကို ကြား၍ ကျီးသည် ဂါထာကို ဆို၏—

၇၁။ ကိံ အဏ္ဏဝေ ကာနိ ဖလာနိ ဘုဉ္ဇေ၊ မံသံ ကုတော ခါဒထ စက္ကဝါကာ။
ကိံ ဘောဇနံ ဘုဉ္ဇထ ဝေါ အနောမာ၊ ဗလဉ္စ ဝဏ္ဏော စ အနပ္ပရူပါ။

စက္ကဝါကဲ့ သင်တို့သည် ပဒုမာအိုင်၌ အဘယ်အသီးတို့ကို စားကြကုန်သနည်း၊ အဘယ်သတ္တဝါတို့၏ အသားကို စားကြကုန်သနည်း၊ အဘယ်ဘောဇဉ်ကို မပြတ် စားကြကုန်သနည်း၊ သင်တို့၏ အားသည်လည်းကောင်း အဆင်းသည်လည်းကောင်း မယုတ်ကုန်သည်ဖြစ်၍ များသော သဘောရှိကုန်၏။

ထိုနောင်မှ စက္ကဝါကသည် ဂါထာကို ဆို၏—

၇၂။ န အဏ္ဏဝေ သန္တိ ဖလာနိ ဓင်္က၊
မံသံ ကုတော ခါဒိတုံ စက္ကဝါကေ။
သေဝါလ ဘက္ခမှ အပါဏ ဘောဇနာ၊
န ဃာသဟေတူပိ ကရောမ ပါပံ။

ကျီး ပဒုမာအိုင်၌ သစ်သီးတို့သည် မရှိကုန်၊ စက္ကဝါက်အား စားအပ်သော အသားသည် အဘယ်မှာရှိအံ့နည်း၊ ငါတို့သည် မှော်ကို စားကုန်၏၊ အသက် ကင်းသောရေမှော် ဟူသော အစာရှိကုန်သော ငါတို့သည် အစာဟူသော အကြောင်းကြောင့်လည်း မကောင်းမှုကို မပြုကုန်။

ထိုနောင်မှ ကျီးသည် ဤနှစ်ဂါထာခွဲတို့ကိုဆို၏—

၇၃။ န မေ ဣဒံ ရုစ္စတိ စက္ကဝါက၊
အသ္မိံ ဘဝေ ဘောဇနသန္နိကာသော။
အဟောသိ ပုဗ္ဗေ တတော မေ အညထာ၊
ဣစ္စေဝ မေ ဝိမတိ ဧတ္ထ ဇာတာ။

၇၄။ အဟမ္ပိ မံသာနိ ဖလာနိ ဘုဉ္ဇေ၊
အန္နာနိ စ လောဏိယတေလိယာနိ။
ရသံ မနုဿေသု လဘာမိ ဘောတ္တုံ၊
သူရောဝ သင်္ဂါမမုခံ ဝိဇေတွာ။
န စ မေ တာဒိသော ဝဏ္ဏော၊
စက္ကဝါက ယထာ တဝ။

စက္ကဝါက် ငါသည် ဤအစာမျိုးကို မနှစ်သက်၊ ထိုစက္ကဝါက် ငှက်ဘဝ၌ အစာကောင်း၏ အဆင်းလှသည်ဟု ရှေးအခါက ငါတွေးဆနေခဲ့၏၊ ငါတွေး ထင်သော အစာနှင့် တခြားစီဖြစ်နေ၏၊ ဤအသင်လှနေခြင်းကြောင့်ပင် သင်တို့၏ အဆင်းလှခြင်း၌ ငါ့အား ယုံမှားသံသယ ဖြစ်နေခဲ့ရ၏။

ငါသည်လည်း ဆား ဆီ တို့နှင့် စပ်ကုန်သော အသားတို့ကို လည်းကောင်း, အသီးတို့ကိုလည်းကောင်း, ထမင်းတို့ကိုလည်းကောင်း စားရ၏။ သူရဲသည် စစ်မြေဦးကို အောင်မြင်၍ စားရသကဲ့သို့ ထိုအတူ ငါသည် လူတို့၌ အရသာကို စားခြင်းငှါ ရ၏၊ စက္ကဝါက် သင်ကဲ့သို့ ငါ့အား ထိုသို့တူသော သဘောရှိသော အဆင်းသည် မဖြစ်။

ထိုအခါ ကျီး၏အဆင်းမပြည့်စုံခြင်း အကြောင်းကို လည်းကောင်း မိမိ၏ အဆင်းပြည့်စုံခြင်းအကြောင်းကိုလည်းကောင်း ဆိုလိုရကား စက္ကဝါက်သည် ဤဂါထာတို့ကို ဆို၏—

၇၅။ အသုဒ္ဓဘက္ခောသိ ခဏာနုပါတီ၊
ကိစ္ဆေန တေ လဗ္ဘတိ အန္နပါနံ။
န တုဿသီ ရုက္ခဖလေဟိ စေကေ၊
မံသာနိ ဝါ ယာနိ သုသာနမဇ္ဈေ။

၇၆။ ယော သာဟသေန အဓိဂမ္မ ဘောဂေ၊
ပရိဘုဉ္ဇတိ စေ ခဏာနုပါတီ။
တတော ဥပက္ကောသတိ နံ သဘာဝေါ၊
ဥပက္ကုဋ္ဌော ဝဏ္ဏဗလံ ဇဟာတိ။

၇၇။ အပ္ပမ္ပိ စေ နိဗ္ဗုတိံ ဘုဉ္ဇတိ ယဒိ၊
အသာဟသေန အပရူပဃာတိ၊
ဗလဉ္စ ဝဏ္ဏော စ တဒဿ ဟောတိ၊
န ဟိ သဗ္ဗော အာဟာရမယေန ဝဏ္ဏော။

မေ့လျော့သော ခဏ၌ ကျနားလေ့ရှိသော ကျီး သင်သည် မသန့်ရှင်းသော အစာကို စား၏၊ သင်သည် ငြိုငြင်သဖြင့် ထမင်းအဖျော်ကို ရအပ်၏၊ သင်သည် သစ်သီးတို့ဖြင့် မနှစ်သက်၊ သင်သည် သုသာန်အလယ်၌ အသားတို့ကို ချစ်အပ်ကုန်၏။

မေ့လျော့သော ခဏ၌ ကျနားလေ့ရှိသော ကျီး သူတစ်ပါးကို နှိပ်စက်နှိပ်ထက်မှုသဖြင့် စည်းစိမ်တို့ကို ရ၍ သုံးဆောင်ရသောကြောင့် ဆဲရေးကဲ့ရဲ့ခြင်း ခံရသော သတ္တဝါသည် အဆင်းမလှနိုင်ချေ။

အစားအစာ နည်းပါးငြားသော်လည်း သူတစ်ပါးကို မနှိပ်စက်သဖြင့် အေးချမ်းစွာ စားသောက်ရသောအခါ၌ သူတစ်ပါးကို မညှဉ်းဆဲသော ပညာရှိအား ခွန်အားလည်းရှိ၏၊ အဆင်းလည်းလှ၏၊ မှန်၏၊ အဆင်းလှခြင်း မှန်သမျှသည် အထူးထူးအပြားပြားသော အာဟာရဖြင့်သာ မပြီးပြည့်စုံနိုင်။

အိုကျီး ငါ၏အဆင်းမည်သည်ကား အာဟာရဟူသော အကြောင်းကြောင့်သာလျှင် ဖြစ်သည်မဟုတ်၊ ဥတု စိတ် ကံတို့ကြောင့်လည်း ဖြစ်၏၊ စက္ကဝါကသည် များစွာသော အကြောင်းတို့ဖြင့် ကျီးကို ကဲ့ရဲ့၏၊ ကျီးသည် ရှက်၍ ငါ့အား သင့်အဆင်းဖြင့် အလိုမရှိဟုဆို၍ ကာ ကာ မြည်၍ ပြေးလေ၏။

ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လော်လည်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ လော်လည်သော ရဟန်းသည် ထိုအခါ ကျီးဖြစ်ပြီ၊ ယခုအခါ ရာဟုလမယ်တော်သည် ထိုအခါ စက္ကဝါက်ငှက်မ ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ စက္ကဝါက်ငှက် ဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အဝတ်အစား၊ လော်လည်ခြင်း၊ နှမ်းပါးဆင်းရဲရာ။)

လေးရာ့သုံးဆယ့်လေးခုမြောက်သော စက္ကဝါကဇာတ်သည် ပြီး၏။

၄၃၅-ဟလိဒ္ဒိရာဂဇာတ်

ချစ်လွယ် မုန်းလွယ်သူကို ရှောင်ကြဉ်ရာပ်ကြောင်း

အရိပ်ပြ အကောင်ထင် တစ်ထွာပြ တစ်တောင်မြင်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို သုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် သုဘိက်ကွံ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဟလိဒ္ဒိရာဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အပျိုကြီး ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုသည် တေရသနိပါတ် စူဠနာရဒဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့၊ အတိတ်ဝတ္ထုကိုကား ဤသို့ သိအပ်၏။)

အတိတ်ဝတ္ထု

မွေးလွန်လေပြီးသောအခါ ထိုသူငယ်မသည် ထိုရသေ့ငယ်၏ သီလကို ဖျက်၍ မိမိအလို၌ တည်သည်၏အဖြစ်ကို သိ၍ ရသေ့ငယ်ကို လှည့်စား၍ လူ့ပြည်သို့ ဆောင်အံ့ဟု ကြံ၍ ရူပါရုံအစရှိသော ကာမဂုဏ်တို့မှ ကင်းသော တော၌ စောင့်ရှောက်အပ်သော သီလမည်သည်ကား အကျိုးမကြီး၊ လူ့ပြည်၌ ရူပါရုံအစရှိသော ကာမဂုဏ်တို့၏ ဖြစ်ရာအရပ်၌ စောင့်ရှောက်အပ်သော သီလ

သည့် အကျိုးကြီး၏၊ လာလော့ ငါနှင့်တကွ လူ့ပြည်သို့သွား၍ သီလကို စောင့်လော့၊ သင့်အား တောအရပ်ဖြင့် အဘယ်ပြုအံ့နည်းဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၃၀။ သုတိတိက္ခံ အရညမှိ၊ ပန္တမှိ သယနာသနေ။
ယေ စ ဂါမေ တိတိက္ခန္တိ၊ တေ ဥဠာရတရာ တယာ။

ရသေ့လုလင် တော၌ရှိသော ရွာနှင့်ဝေးသော ကျောင်းတွင် သည်းခံမှုရရန် မလွယ်ကူ၊ ရွာ၌သည်းခံကုန်သော ရသေ့တို့သည် သင့်ထက်ပို၍ မြတ်ကုန်၏။

ထိုစကားကို ကြားရ၍ ရသေ့ငယ်သည် ငါ၏အဘကား တောသို့သွား၏၊ ထိုအဘ လာသည်ရှိသော် အဘကို ပန်၍လျှင် သွားအံ့ဟု ဆို၏။ ထိုသတို့သမီးသည်လည်း ရသေ့ငယ်အား အဘရှိ၏၊ ထိုအဘသည် အကယ်၍ ငါ့ကိုမြင်အံ့၊ ထမ်းပိုးစွန်းဖြင့် ပုတ်ခတ်၍ ငါ့ကို ပျက်စီးခြင်းသို့ ရောက်စေလတ္တံ့၊ ငါသည် ရှေးဦးစွာလျှင် သွားအံ့ဟု ကြံ၏၊ ကြံပြီးလျှင် ထိုအခါ ရသေ့ငယ်ကို အရှင် ထိုသို့တပြီးကား ငါသည် ခရီးအမှတ်ကို ပြုလျက် ရှေးဦးစွာ သွားလင့်အံ့၊ သင်သည် နောက်မှ လာလော့ဟု ဆို၍ သွား၏။

ရသေ့ငယ်သည် မိန်းမသွားသောကာလ၌ ထင်းတို့ကို မဆောင်၊ သောက်ရေကိုလည်းမခပ်၊ သက်သက်မှိုင်လျက်သာလျှင် နေလေ၏၊ အဘ လာသောအခါ ခရီးဦးကြိုဆိုခြင်းကို မပြု၊ ထိုအခါ ရသေ့ငယ်ကို အဘသည် ဤဂါ့ါသားကား မိန်းမတို့၏ အလိုသို့ လိုက်၏ဟုသိ၍ ချစ်သား သင်သည် အဘယ့်ကြောင့် ထင်းတို့ကို မဆောင်သနည်း၊ သောက်ရေ သုံးဆောင်ရေကို မခပ်သနည်း၊ မှိုင်လျက်သာလျှင် အဘယ့်ကြောင့်နေသနည်းဟု ဆို၏၊ ရသေ့ငယ်သည် ဘခင် တော၌ စောင့်ရှောက်အပ်သော သီလသည် အကျိုးမကြီး၊ လူ့ပြည်၌စောင့်ရှောက်အပ်သော သီလသည် အကျိုးကြီး၏၊ အကျွန်ုပ်သည် လူ့ပြည်သို့သွား၍ သီလကို စောင့်အံ့၊ အကျွန်ုပ်၏အဖော်သည် အကျွန်ုပ်ကို လာလော့ဟု ဆို၍ ရှေ့မှသွားလင့်၏၊ ထိုအဖော်နှင့် တကွ လိုက်အံ့၊ လူ့ပြည်၌နေသော ကျွန်ုပ်သည် အဘယ်သို့သောသူကို မှီဝဲအပ်သနည်းဟု မေးလိုရကား ဤဂါထာကိုဆို၏—

၃၉။ အရညာ ဂါမမာဂမ္မ၊ ကိံ သီလံ ကိံ ဝတံ အဟံ။
ပုရိသံ တာတ သေဝေယျံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဘခင် အကျွန်ုပ်သည် တောမှ ရွာသို့ လာလတ်၍ အဘယ်သို့သီလရှိသော အဘယ်သို့အကျင့်ရှိသော ယောက်ျားကို ချဉ်းကပ်မှီဝဲရအံ့နည်း၊ မေးအပ်သော သင်ဘခင်သည် ငါ့အား ထိုအကြောင်းကို ကြားဟိလော့။

ထိုအခါ ရသေ့ငယ်အား အဘသည် ကြားလို၍ ဤဂါထာတို့ကို ဆို၏-

၁၀။ ယော တေ ဝိဿာသယေ တာတ၊
ဝိဿာသဉ္စ ခမေယျ တေ။
သုဿူသီ စ တိတိက္ခီ စ၊
တံ ဘဇေဟိ ဣတော ဂတော။

၁၁။ ယဿ ကာယေန ဝါစာယ၊
မနသာ နတ္ထိ ဒုက္ကဋံ။
ဥရသီဝ ပတိဋ္ဌာယ၊
တံ ဘဇေဟိ ဣတော ဂတော။

၁၂။ ယော စ ဓမ္မေန စရတိ၊
စရန္တောပိ န မညတိ။
ဝိသုဒ္ဓကာရိံ သပ္ပညံ၊
တံ ဘဇေဟိ ဣတော ဂတော။

၁၃။ ဟလိဒ္ဒိရာဂံ ကပိစိတ္တံ၊
ပုရိသံ ရာဂဝိရာဂိနံ။
တာဒိသံ တာတ မာ သေဝိ၊
နိမ္မနုဿမ္ပိ စေ သိယာ။

၁၄။ အာသီဝိသံဝ ကုပိတံ၊
မီဠှလိတ္တံ မဟာပထံ။
အာရကာ ပရိဝဇ္ဇေဟိ၊
ယာနီ'ဝ ဝိသမံ ပထံ။

၁၅။ အနတ္ထာ တာတ ဝဍ္ဎန္တိ၊
ဗာလံ အစ္စုပသေဝတော။
မာ'ဿု ဗာလေန သံဂစ္ဆိ၊
အမိတ္တေနေဝ သဗ္ဗဒါ။

၇၆။ တံ တာဟံ တာတ ယာစာမိ၊
ကရဿု ဝစနံ မမ။
မာ'ဿု ဗာလေန သံဂစ္ဆိ၊
ဒုက္ခော ဗာလေဟိ သင်္ဂမော။

ချစ်သား သင့်အား အကျွမ်းဝင် ခင်မင်သောသူသည် သင်နှင့် ခင်မင်ခြင်းကို နှစ်သက်သဘောကျ၍ သင်၏စကားကို နားထောင်သူ, သည်းခံသူကို ဤအရပ်မှ ထွက်ခွာသွားသော သင်သည် ဆည်းကပ်လေလော၊

ချစ်သား ဤအရပ်မှ ထွက်ခွာသွားသောသင်သည် ကိုယ်ဖြင့်လည်းကောင်း, နှုတ်ဖြင့်လည်းကောင်း,စိတ်ဖြင့်လည်းကောင်း မကောင်းမှုကို မပြုသောသူကို အမိရင်ခွင်၌ နေရ၍သို့ အမိကဲ့သို့ သဘောထား၍ ထိုသူ့ရင်ခွင်၌နေ၍ ဆည်းကပ်လေလော။

ချစ်သား ဤအရပ်မှ ထွက်ခွာသွားသော သင်သည် သုစရိုက်တရားဖြင့် ဣရိယာပုထ်ကို ဖြစ်စေလျက် တရားကျင့်ခြင်းသော်လည်း ငါသာလျှင် တရားကျင့်၏ဟူ၍ မာနမထားတဲ့ စင်ကြယ်စွာသော ကုသလကမ္မပထကို ပြုလေ့ရှိသော ပညာရှိသောသူကို ဆည်းကပ်လေလော၊

ချစ်သား နန္ဒင်းဆိုးရည်ကဲ့သို့ သဘောရှိသော မျောက်ကဲ့သို့ စိတ်ရှိသော ချစ်လွယ်မုန်းလွယ်သော သဘောရှိသော ယောကျ်ားကို သင်သည် ဇမ္ဗူဒိပ်ကျွန်းတစ်ကျွန်း ပုံးတွင် သူတစ်ယောက်တည်းရှိစေကာမူ မပေါင်းသင်းလေလင့်။

အမျက်ထွက်သော မြွေဟောက်ကဲ့သို့လည်းကောင်း, မစင်ဖြင့်လိမ်းကျံပြည့်နှက်နေသော ကြီးစွာသောခရီးကဲ့သို့ လည်းကောင်း, ယာဉ်ဖြင့် သွားသောသူသည် မညီညွတ်သောခရီး ကို ရှောင်ကြဉ်သကဲ့သို့ လည်းကောင်း ထို့အတူ သင်သည် ထိုသို့ သဘောရှိသောသူကို အဝေးမှ ရှောင်ကြဉ်လေလော။

ချစ်သား သူမိုက်ကို အလွန် မှီဝဲသောသူအား အကျိုးမဲ့တို့သည် ပွားကုန်၏၊ သင်သည် သူမိုက်နှင့် မပေါင်းဖော်လေလင့်၊ သူမိုက်နှင့် ပေါင်းဖော်ခြင်းသည် အခါခပ်သိမ်း ရန်သူနှင့် ပေါင်းဖော်ခြင်းကဲ့သို့ ဖြစ်၏။

ထိုအကြောင်းကြောင့်လျှင် ချစ်သား ငါသည် သင့်ကို တောင်းပန်၏၊ ငါ၏ စကားကို လိုက်နာလော့၊ သင်သည် သူမိုက်နှင့် မပေါင်းဖော်လေလင့်၊ သူမိုက်တို့နှင့် ပေါင်းဖော်ခြင်းသည် ဆင်းရဲကို ဖြစ်စေတတ်၏။

ထိုရသေ့ငယ်သည် အဘ မြည်ဆို ဆုံးမအပ်သည် ရှိသော် ဘခင် ကျွန်ုပ် လူ့ပြည်သို့ သွား၍ ဘခင်တို့နှင့် တူကုန်သော ပညာရှိတို့ကို မရလတ္တံ့၊ ထို့ကြောင့် လူ့ပြည်သို့ သွားခြင်းငှါ ကြောက်၏၊ ဤဘခင်တို့၏ အထံ၌သာလျှင် နေအံ့ဟု ဆို၏၊ ထိုအခါ ရသေ့ငယ်အား အဘရသေ့သည် အလွန်လည်း ဆုံးမ၍ ကသိုဏ်း ပရိကံကို ကြား၏၊ရသေ့ငယ်သည် မကြာမြင့်မီလျှင် အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ အဘနှင့်တကွ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငြီးငွေ့သော ရဟန်းသည် ထိုအခါ ရသေ့ငယ် ဖြစ်ပြီ၊ ယခုအခါ အပျိုကြီးသည် ထိုအခါ သတို့သမီး ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အဘရသေ့ ဖြစ်ပြီ၊ ဤသို့ ဇာတ် ပေါင်းတော်မူ၏။

(သူမိုက်နှင့်လဲ့၊ ရန်သူနဲ၊ ဆင်းရဲ လွတ်ကင်းရာ။)

လေးရာသုံးဆယ့်ငါးခုမြောက်သော ဟလိဒ္ဒိရာဂဇာတ်သည် ပြီး၏။

---

၄၃၆-သမုဂ္ဂဇာတ်

မိန်းမကို စောင့်ရှောက်နိုင်ခဲခြင်း အကြောင်း

လှေကြီးပေါ်တွင် လှေငယ်တင်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် “ကုတော နု အာဂစ္ဆထ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤသမုဂ္ဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် ငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း သင်သည် ငြီးငွေ့သော ဟူသည် မှန်သလောဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း အဘယ်ကြောင့် မာတုဂါမကို

တောင့်တာသနည်း၊ ဤမာတုဂါမ မည်သည်ကား ပေါင်းဖော်ခြင်းငှါ မထိုက်၊ ကျေးဇူးကို မသိတတ်၊ ရှေး၌ ဒါနောရက္ခိုသ်တို့သည်လည်း မျိုး၍ ဝမ်းဖြင့် ဆောင်၍လည်း မာတုဂါမကို စောင့်ရှောက်ခြင်းငှါ မတတ်နိုင်ကုန်၊ တစ်ယောက်သော ယောကျ်ားကိုသာ မှီသည်ကို ပြုအံ့သောငှါ မတတ်နိုင်ကုန်၊ သင်သည် အဘယ်သို့ တတ်နိုင်လတ္တံ့နည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဂဂမတို့ကို ပယ်၍ ပဉ္စမဝန္တာသို့ ဝင်၍ ရသေ့ရဟန်းပြု၏၊ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ သစ်သီး ကြီး ငယ်ဖြင့် မျှလျက် နေ၏၊ ဘုရားလောင်း၏ ကျောင်းအနီး၌ တစ်ယောက်သော ဒါနောရက္ခိုသ်သည် နေ၏၊ ထိုရက္ခိုသ်သည် ရံခါ ရံခါ ဘုရားလောင်းသို့ ဆည်းကပ်၍ တရားကို နာ၏၊ တောအုပ်၌ လူတို့၏ သွားရာလမ်းမ၌ တည်၍ လာတိုင်း လာတိုင်းသော လူတို့ကို ဖမ်း၍ စား၏။

ထိုကာလ၌ မြတ်သောအဆင်းကိုဆောင်သော ကာသိတိုင်းဝယ် ဇနပုဒ်၌ တစ်ယောက်သော အမျိုးသမီးသည် မထင်ရှားသော ပစ္စန္တ ရွာ၌ ဖြစ်၏၊ ထိုအမျိုးသမီးသည် တစ်နေ့သ၌ အမိအဘတို့အား ဖူးမြင်အံ့သောငှါ သွား၍ ပြန်သောကာလ၌ အပြ အရံ ဖြစ်ကုန်သော လူတို့ကို မြင်၍ ထိုဒါနောရက္ခိုသ်သည် ကြောက်မက်ဖွယ်သော အဆင်းဖြင့် ပြေးလာ၏၊ လူတို့သည် ကြောက်ကုန်ရကား ကိုင်တိုင်း ကိုင်တိုင်းသော လက်နက်တို့ကို စွန့်ပစ်၍ ပြေးကုန်၏၊ ဒါနောရက္ခိုသ်သည် ယာဉ်၌ နေသော အဆင်းလှသော မာတုဂါမကို မြင်၍ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ထိုမာတုဂါမကို မိမိဂူသို့ဆောင်၍ မယားပြု၏၊ ထိုအခါမှစ၍ ထောပတ် ဆား ငါး အမဲ အစရှိသည်တို့ကိုလည်းကောင်း၊ ချိုကုန်သော သစ်သီး ကြီးငယ်တို့ကို လည်းကောင်း ဆောင်ခဲ့၍ ထိုမိန်းမကို မွေး၏၊ အဝတ်တန်ဆာဖြင့် ထိုမိန်းမကို တန်ဆာဆင်၍ စောင့်ရှောက်အံ့သောငှါ ကြုတ်၌အိပ်စေ၍ ကြုတ်တို့မျို၍ ဝမ်းဖြင့် လွယ်၏၊ ထိုဒါနောရက္ခိုသ်သည် တစ်နေ့သ၌ ရေချိုးလိုသည်၏ အဖြစ်ကြောင့် တစ်ခုသော ရေကန်သို့သွား၍ ကြုတ်ကိုအန်၍ ထိုမိန်းမကို ကြုတ်မှထုတ်၍ ရေချိုးစေ၍ နံ့သာသိမ်းကျံစေ၍ တန်ဆာတို့ဖြင့် တန်ဆာဆင်စေ၏၊ အတန်ငယ် သင်၏ကိုယ်ကို အငွေ့ယူစေလော့ဟု ထိုကြုတ်၏ အနီး၌ထား၍ မိမိသည် ရေဆိပ်သို့ သက်၍ ထိုမိန်းမကို သက်ခြင်းမရှိသည်ဖြစ်၍ အတန်ငယ် အဝေးသို့ သွား၍ ရေချိုး၏။

ထိုကာလ၌ ဝါယုပုတ္တမည်သော ဝိဇ္ဇာဓိုရ်သည် သန်လျက်ကို လွယ်၍ ကောင်းကင်ဖြင့် သွားစဉ်၊ ထိုမိန်းမသည် ထိုဝါယုပုတ္တ ဝိဇ္ဇာဓိုရ်ကို မြင်၍ လာလော့ဟု လက်အမှတ်ကိုပြု၏၊ ဝိဇ္ဇာဓိုရ်သည် လျင်မြန်စွာ ဆင်းသက်၏၊ ထိုဝိဇ္ဇာဓိုရ်ကို ထိုမိန်းမသည် ကြုတ်၌ထည့်၍ ဒါနဝရက္ခိုသ်၏ လာခြင်းကိုမျှော်လျက် ကြုတ်၏အနား၌ ထိုင်၍နေ၏၊ လာလတ်သော် ထိုဒါနဝရက္ခိုသ်ကို မြင်လတ်၍ ဒါနဝရက္ခိုသ်အား မိမိကိုယ်ကိုပြ၍ ဒါနဝရက္ခိုသ်သည် ကြုတ်၏ အနီးသို့ မရောက်မီလျှင် ကြုတ်ကိုဖွင့်၍ ကြုတ်တွင်းသို့ဝင်၍ ဝိဇ္ဇာဓိုရ်၏အပေါ်၌ အိပ်၍ အဝတ်ကိုခြုံ၏၊ ဒါနဝရက္ခိုသ်သည် လာလတ်၍ ကြုတ်ကိုမသုတ်သင်မူ၍ ငါ၏ မာတုဂါမသာလျှင် ရှိ၏ဟူသော အမှတ်ဖြင့် ကြုတ်ကိုမျို၍ မိမိလိုဏ်သို့ သွားလတ်သော် ခရီးအကြား၌ ငါသည် ရှင်ရသေ့ကို မဖူးမြင်ရသည် ကြာပြီ၊ ယနေ့သွား၍ ရှင်ရသေ့ကို ရှိခိုးအံ့ဟု ကြံ၏၊ ကြံပြီး၍ ရှင်ရသေ့ထံသို့ သွား၏၊ ရှင်ရသေ့သည်လည်း အဝေးမှ လာလတ်သော ဒါနဝရက္ခိုသ်ကို မြင်၍ နှစ်ယောက်သော သူတို့သည် ဒါနဝရက္ခိုသ်၏ ဝမ်း၌ရှိသည်၏အဖြစ်ကို သိ၍ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၈၇။ ကုတော နု အာဂစ္ဆထ ဘော တယော ဇနာ၊ သွာဂတာ ထေ နိသီဒထာသနေ။
ကစ္စိတ္ထ ဘောန္တော ကုသလံ အနာမယံ၊ စိရဿ' မဗ္ဘာဂမနံ ဟိ ဝေါ ဣဓ။

အို သုံးယောက်သော သူတို့၊ သင်တို့သည် အဘယ်အရပ်မှ လာကြကုန်သနည်း၊ သင်တို့၏ လာခြင်းတို့သည် ကောင်းသော လာခြင်းတို့တည်း၊ လာကြကုန်လော၊ နေရာ၌ နေကြကုန်လော၊ အရှင်တို့ သင်တို့အား ရောဂါကင်းကြပါ၏လော၊ ဤငါ၏အထံသို့ သင်တို့၏ လာခြင်းသည် ကြာမြင့်သလျှင်ကတည်း။

ဒါနဝရက္ခိုသ်သည် ထိုစကားကိုကြား၍ ရသေ့၏အထံသို့ ငါတစ်ယောက်တည်းသာလျှင် လာ၏၊ ဤရသေ့သည်လည်း သုံးယောက်ဟူ၍ ဆို၏၊ အဘယ်မူ၍ ဤရသေ့သည် ဤသို့ ဆိုလေသနည်း၊ သဘောကိုသိ၍ ဆိုသလော၊ ထိုသို့မဟုတ်မူ ရူး၍ ဆိုလေသလောဟု ကြံ၍ ရှင်ရသေ့၏အထံသို့ ဆည်းကပ်၍ တင့်အပ် လျောက်ပတ်စွာ နေ၍ ရသေ့နှင့်တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၈၈။ အဟမေဝ ဧကော ဣဓ မဇ္ဇ ပတ္တော၊
န စာပိ မေ ဒုတိယော ကောစိ ဝိဇ္ဇတိ။
ကိမေဝ သန္ဓာယ တေ ဘာသိတံ ဣသေ၊
"ကုတော နု အာဂစ္ဆထ ဘော တယော ဇနာ"

ရှင်ရသေ့ ယခု ရှင်ရသေ့ထံသို့ အကျွန်ုပ် တစ်ယောက်တည်းသာလျှင် ရောက်လာ၏၊ အကျွန်ုပ်အား တစ်စုံတစ်ယောက်သော အဖော်သည်လည်း မရှိ၊ အို သုံးယောက်သောသူတို့ သင်တို့သည် အဘယ်မှ လာကုန်သနည်း ဟူ၍ အဘယ်ကိုလျှင် ရည်၍ သင်သည် ဆိုအပ်သနည်း။

ရသေ့သည် အသင်ဒါနေ့ရက်ခြိုသ် စင်စစ်သဖြင့် သင်အား မာတုဂါမရှိသည် မဟုတ်လောဟု ဆို၏၊ အရှင်ဘုရား ရှိသည်မှန်၏ဟု ဒါနေ့ရက်ခြိုသ်သည် ဆို၏၊ ထိုသို့တပြီးကား နားထောင်လောဟု ဆို၍ ဤဂါထာကိုဆို၏—

၁၉။ တုဝဉ္စ ဧကော ဘရိယာ စ တေ ပိယာ၊
သမုဂ္ဂပက္ခိတ္တနိကိဏ္ဏမန္တရေ။
သာ ရက္ခိတာ ကုစ္ဆိဂတာဝ တေ သဒါ၊
ဝါယုဿ ပုတ္တေန သဟာ တဟိံ ရတာ။

အို ဒါနေ့ရက်ခြိုသ် သင်သည်လည်း တစ်ယောက်တည်း၊ သင်သည် ချစ်စွာသော မယားကိုလည်း ကြုတ်၌ထည့်၍ ဝမ်းတွင်း၌ မျို၍ထားအပ်၏၊ သင်သည် အခါခပ်သိမ်း စောင့်ရှောက်အပ်သော ဝမ်းတွင်း၌ ထားအပ်သည်လည်း ဖြစ်သော ထိုမယားသည် ထိုသင့်ဝမ်းတွင်း၌ ဝါယုပုတ္တဝိဇ္ဇာဓိုရ်နှင့်တကွ မွေ့လျော် ပျော်ပါး၏။ (ဟရိဿ ပုတ္တေန-ဟူ၍လည်း ပါဠ်အချို့ ၌၏။)

ဒါနေ့ရက်ခြိုသ် သင်သည် မာတုဂါမကို တစ်ယောက်သော ယောကျ်ားနှင့်သာ ဆက်ဆံသည်ကို ပြုအံ့ဟု ဝမ်းဖြင့်လည်း လွယ်လျက် မာတုဂါမ၏ သယောက်လင်ကိုလည်း လွယ်၍သွား၏ဟု ရှင်ရသေ့သည် ဆို၏၊ ဒါနေ့ရက်ခြိုသ်သည် ထိုစကားကိုကြား၍ ဝိဇ္ဇာဓိုရ်တို့သည်ကား မာယာများကုန်၏၊ ဝိဇ္ဇာဓိုရ်အား လက်၌ သန်လျက်ရှိခဲ့ငြားအံ့၊ ငါ၏ ဝမ်းကိုခွဲ၍ ပြေးလတ္တံ့ဟု အလွန်ကြောက်သည်ဖြစ်၍ လျင်မြန်စွာ ကြုတ်ကိုအန်၍ ရှေ့မှာထား၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ထိုအကြောင်းကို ပြတော်မူအံ့သောငှါ ဤဂါထာကို ဟောတော်မူ၏—

၉၀။ သံဝိဂ္ဂရူပေါ ဣသိနာ ဝိယာကတော၊ သော ဒါနဝေါ တတ္ထ သမုဂ္ဂ'မုဂ္ဂိလိ။
အဒ္ဒက္ခိ ဘရိယံ သုစိ မာလဓာရိနိံ၊ ဝါယုဿ ပုတ္တေန သဟာ တဟိံ ရတံ။

ရဟန်းတို့ ရသေ့သည် ဟောကြားအပ်သည် ရှိသော် ထိုဒါနေ့ရက်ခြိုသ်သည် ထိတ်လန့်သော သဘောရှိသည်ဖြစ်၍ ထိုရသေ့အထံ၌ ကြုတ်ကို အန်၏၊ ထိုကြုတ်၌ ဝါယုပုတ္တဝိဇ္ဇာဓိုရ်နှင့်တကွ မွေ့လျော်သော စင်ကြယ်စွာသော ပန်းတို့ကို ပန်သော မယားကို မြင်၏။

ဝိဇ္ဇာဓိုရ်သည် ကြုတ်ကို ဖွင့်တည့်ခြင်းလျှင် မန္တရားကို မန်း၍ သန်လျက်ကို ကိုင်၍ ကောင်းကင်သို့ ပျံ၏၊ ဒါနဝရက္ခိုသ်သည် ထိုဝိဇ္ဇာဓိုရ်ကိုမြင်၍ ဘုရားလောင်းအား နှစ်သက်၍ ဤဂါထာကို ဆို၏-

၉၁။ သုဒိဋ္ဌရူပ' မုဂ္ဂတပါနုဝတ္တိနာ၊ ဟီနာ နရာ ယေ ပမဒါဝသံ ဂတာ။
ယထာ ဟဝေ ပါဏရိ ဝေ'တ္ထ ရက္ခိတာ၊ ဒုဋ္ဌာ မယီ အည'မဘိပ္ပမောဒယိ။

၉၂။ ဒိဝါ စ ရတ္တော စ မယာ ဥပဋ္ဌိတာ၊ တပဿိနာ ဇောတိရိဝါ ဝနေ ဝသံ။
သာ ဓမ္မ မုက္ကမ္မ အဓမ္မမာစရိ၊ အကိရိယရူပါ ပမဒါဟိ သန္ထဝေါ။

၉၃။ သရီရမဇ္ဈမှိ ဌိတာတိ'မညဟံ၊ မယှံ အယန္တိ အသတိ' အသညတံ။
သာ ဓမ္မမုက္ကမ္မ အဓမ္မမာစရိ၊ အကိရိယရူပေါ ပမဒါဟိ သန္ထဝေါ၊

၉၄။ သုရက္ခိတံ မေတိ ကထံ နု ဝိဿသေ၊
အနေကစိတ္တာသု န ဟ'တ္ထိ ရက္ခဏာ။
ဧတာ ဟိ ပါတာလပပါတသန္နိဘာ၊
ဧတ္ထပ္ပမတ္တော ဗျသနံ နိဂစ္ဆတိ။

၉၅။ တသ္မာ ဟိ တေ သုခိနော ဝီတသောကာ၊
ယေ မာတုဂါမေဟိ စရန္တိ နိဿဋ္ဌာ။
ဧတံ သိဝံ ဥတ္တမမာဘိပတ္ထယံ၊
န မာတုဂါမေဟိ ကရေယျ သန္ထဝန္တိ။

အရှင်ရသေ့ ခြိုးခြံသောအကျင့်သို့ အစဉ်လိုက်သော သင်ရှင်ရသေ့သည် ဤအကြောင်းကို ကောင်းစွာ မြင်အပ်သော သဘောရှိ၏၊ မိန်းမနိုင်ငံသို့ လိုက်ကုန်သော လူတို့သည် ယုတ်မာကုန်၏၊ အကျွန်ုပ်သည် စင်စစ် ဒႏ သက်ကဲ့သို့ ဤဝမ်းတွင်း၌ စောင့်ရှောက်အပ်သော ထိုမိန်းမသည် အကျွန်ုပ်၌ ပြစ်မှား၍ တစ်ပါးသော ယောကျ်ားကို မွေ့လျော်စေ၏။

တော၌နေသော ရသေ့သည် မီးကို လုပ်ကျွေးသကဲ့သို့ အကျွန်ုပ်သည် နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း လုပ်ကျွေးသော ထိုမိန်းမသည် တရားကို လွန်၍ တရားမဟုတ်သည်ကို ကျင့်၏၊ မိန်းမတို့နှင့် ပေါင်းဖော်ခြင်းကို မပြုအပ်သော သဘောရှိ၏။

အကျွန်ုပ်သည် မသူတော် သဘောနှင့် ပြည့်စုံသော ကိုယ်နှုတ် နှလုံးကို မစောင့်စည်းသော မိန်းမကို ဤမိန်းမသည် ငါ၏ ကိုယ်တွင်း၌ ကောင်းစွာနေ၏ ဟူ၍ ထင်မှတ်ခဲ့၏၊ ထိုမိန်းမသည် ဖေါက်ပြန်လွန်ကျူး၍ ပြုကျင့်၏၊ မိန်းမတို့နှင့် မပေါင်းဖေါ်သင့်ပေ။

ငါးရာငါးဆယ် (တ) ၂၇-ပ-မ-သ-စ

ငါသည် လုံလုံခြုံခြုံ ထားအင်ပြီဟု မာတုဂါမ အပေါ်၌ ပညာရှိသည် အဘယ်သို့လျှင် ယုံစားအင်မည်နည်း၊ မာတုဂါမ အပေါ်၌ တဖန် စောင့်ရှောက်ရခြင်းသည် များစွာဆန်းပြားခြင်း သဘောရှိ၏၊ မှန်၏၊ ထိုမိန်းမတို့သည် သမုဒ္ဒရာ၌ ဗလဝါမုခ ဟု ဆိုအပ်သော ချောက်နှင့် တူကုန်၏၊ ဤမာတုဂါမ အပေါ်၌ မေ့လျော့သော သူသည် ပျက်စီးရတတ်၏။

ထို့ကြောင့် မာတုဂါမတို့နှင့် ကင်းကင်း ရှင်းရှင်း နေထိုင်ကြကုန်သော ပညာရှိတို့သည် ချမ်းသာကြကုန်၏၊ စိုးရိမ်မှု မရှိကြကုန်၊ မြတ်သော ငြိမ်းချမ်းသော ထိုချမ်းသာကို တောင့်တသော သူသည် မာတုဂါမတို့နှင့် မပေါင်းပေါ်သင့်ပေ။

ဤသို့ ဆို၍ ဒါနေဂုရက္ခိုသည် ဘုရားလောင်း၏ ခြေတို့၌ ရှိခိုး၍ ဘုန်းတော်ကြီးသော အရှင်ဘုရား အရှင်ဘုရားကို မှီ၍ အကျွန်ုပ်သည် အသက်ကို ရအပ်၏၊ ဤယုတ်မာသော အကျင့်ရှိသော မိန်းမသည် အကျွန်ုပ်အား ဝိဇ္ဇာခိုရဲကို သတ်စေ၏ဟု ဆို၍ ဘုရားလောင်းအား ချီးမွမ်း၏၊ ဘုရားလောင်းသည်လည်း ဒါနေဂုရက္ခိုအား တရားဟော၍ ဤမိန်းမအား တစ်စုံတစ်ခုသော မကောင်းမှုကို သင် မပြုလင့်၊ သင်သည် သီလ ကို ယူလော့ဟု ဆို၍ ပဥ္စသီလတို့၌ တည်စေ၏။ ဒါနေဂုရက္ခိုသည် ငါကား ဝမ်းဖြင့် လွယ်ငြားသော်လည်း ထိုမိန်းမကို စောင့်ရှောက်ခြင်းငှါ မတတ်နိုင်၊ ငါမှ တစ်ပါးသော အဘယ်သူသည် စောင့်ရှောက်နိုင်တော့အံ့နည်းဟု ထိုမိန်းမကို လွှတ်လိုက်၍ မိမိတောသို့လျှင် သွား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဒိဗ္ဗစက္ခု ရသေ့ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(စောင့်ရှောက်လျက်ပင်၊ ယုတ်မာချင်၊ ခင်မင်မထားရာ။)

လေးရာသုံးဆယ့်ခြောက်ခုမြောက်သော သမုဂ္ဂဇာတ်သည် ပြီး၏။

## ၄၃၇-ပူတိမံသဇာတ်

## မကြည့်သင့်သောအခါ၌ ကြည့်၍ ဆုံးရှုံးခြင်း

## မကြည့်တတ်တော့ တဏှာ ကြည့်တတ်တော့ ဘာဝနာ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် န ဒါ မေ ရုစ္စတိ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပူတိမံသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဣန္ဒြေကို မစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ များစွာကုန်သော ရဟန်းတို့သည် ဣန္ဒြေတို့၌ မစောင့်ရှောက်သော ဒွါရရှိကုန်၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို ဆုံးမခြင်းငှါ သင့်၏ဟု အရှင်အာနန္ဒာ မထေရ်အား မိန့်တော်မူပြီး၍ အသီးအခြား မမှတ်ဘဲ ရဟန်း သံဃာကို စည်းဝေးစေ၍ တန်ဆာဆင်အပ်သော မြတ်သော နေရာအလယ်၌ နေတော်မူလျက် များစွာကုန်သော ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ ရဟန်းမည်သည်ကား ရူပါရုံ အစရှိသည်တို့၌ တင့်တယ်သည်၏ အစွမ်းအားဖြင့် အာရုံကို ယူခြင်းငှါ မအပ်၊ တင့်တယ်သည်၏ အစွမ်း အားဖြင့် အာရုံကို ယူသောအခါ၌ အကယ်၍ သေခြင်းအံ့၊ ငရဲ အစရှိသည်တို့၌ ဖြစ်၏။

ထို့ကြောင့် ရူပါရုံ အစရှိသည်တို့၌ တင့်တယ်သည်၏ အစွမ်းအားဖြင့် အာရုံကို မယူကုန်လင့်၊ ရဟန်းတို့မည်သည်ကား ရူပါရုံ အစရှိသည်တို့၌ အာရုံကို ယူတတ်သည် မဖြစ်ရာ၊ ရူပါရုံ အစရှိသည်တို့၌ အာရုံကို ယူကုန်သော ရဟန်းတို့သည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌လျှင် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကုန်၏၊ ထို့ကြောင့် ရဟန်းတို့ ဤသာသနာတော်၌ ပြောင်ပြောင် တောက်သော သံချောင်းဖြင့် စက္ခုပသာဒကို ထိုးခြင်းသည် မြတ်၏၊ ဤသို့ အစရှိသည်ဖြင့် ချဲ့တော်မူ၍ ရဟန်းတို့ သင်တို့အား ရူပါရုံကို ကြည့်သော ကာလသည်လည်း ရှိ၏၊ မကြည့်သော ကာလသည်လည်း ရှိ၏၊ ကြည့်သော ကာလ၌ အသုဘ အစွမ်းအားဖြင့် ကြည့်ကြကုန်လော့၊ ဤသို့ အသုဘ၏ အစွမ်းအားဖြင့် ကြည့်ကြကုန်သည်ရှိသော် မိမိ၏ အာရုံကို မယုတ်စေလတ္တံ့၊ သင်တို့၏ အာရုံဘို့သည် အဘယ်သည် ဘို့နည်းဟူမူကား သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ်လေးပါး, မြတ်သော အဋ္ဌင်္ဂိကမဂ္ဂင်, ကိုးပါးသော လောကုတ္တရာတရား ဤသည်တို့ကား သင်တို့၏ အာရုံတို့တည်း၊ ဤအာရုံ၌ ကျက်စားကုန်သော သင်တို့အား မာရ်သည် အခွင့်ကို မရလတ္တံ့၊ ကိလေသာ၏

အလိုသို့ လိုက်သည် ဖြစ်၍ သုဘအာရုံ၏ အစွမ်းအားဖြင့် အကယ်၍ ကြည့်ကုန်အံ့၊ ပူတိမံသ မည်သော မြေခွေးကဲ့သို့ မိမိအာရုံကို ယုတ်စေကုန်လတ္တံ့ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဟိမဝန္တာအရပ်ဝယ် တော၌ တောင်လိုဏ်ဝယ် အရာမကများစွာကုန်သော ဆိတ်တို့သည် နေကုန်၏၊ ထိုဆိတ်တို့၏ နေရာအရပ်မှ မနီးမဝေးသော အရပ်ဝယ် တစ်ခုသောလိုဏ်၌ ပူတိမံသ မည်သော မြေခွေးသည် ဝေဏိမည်သော မယားနှင့် တကွပင် ကျက်စားလတ်သော် ထိုဆိတ်တို့ကို မြင်၍ တစ်ခုသော ဥပါယ်ဖြင့် ဤဆိတ်တို့၏ အသားကို စားခြင်းငှါ သင့်၏ဟု ကြံ၍ ဥပါယ်အားဖြင့် တစ်ကောင်သော ဆိတ်ကို သတ်၏။

ထိုမြေခွေးလင်မယား နှစ်ကောင်တို့သည်လည်း ဆိတ်သားကို စားကုန်လျက်အားနှင့် ပြည့်စုံကုန်၏၊ ဆူဖြိုးသောကိုယ် ရှိကုန်၏၊ အစဉ်သဖြင့် ဆိတ်တို့သည် ကုန်ခြင်းသို့ ရောက်ကုန်၏၊ ထိုဆိတ်တို့၏ အတွင်း၌ မေဏ္ဍကမာတာ မည်သော တစ်ကောင်သောဆိတ်မသည် ပညာရှိ၏၊ ဥပါယ်၌ လိမ္မာ၏၊ ပူတိမံသမြေခွေးသည် ထိုမေဏ္ဍကမာတာ မည်သော ဆိတ်မကို သတ်အံ့သောငှါ မတတ်နိုင်ရကား တစ်နေ့သ၌ မယားနှင့်တကွ တိုင်ပင်လတ်သော် ရှင်မ ဆိတ်တို့သည် ကုန်ကုန်ပြီ၊ ဤမေဏ္ဍကမာတာ မည်သော ဆိတ်မကို တစ်ခုသော ဥပါယ်ဖြင့် စားခြင်းကို ပြုအံ့သောငှါ သင့်၏၊ ဤဆိတ်မကို သတ်ရာ၌ အကြောင်း ဤသို့ ရှိ၏၊ သင်သည် တစ်ကောင်တည်းလျှင် သွား၍ ထိုဆိတ်မနှင့်တကွ အဆွေခင်ပွန်း ဖြစ်လော့၊ သင်သည် ထိုဆိတ်မနှင့် အကျွမ်းဝင်လတ်သော် ငါသည် သေဟန်ပြု၍ အိပ်အံ့၊ သင်သည် ဆိတ်မ၏ အထံသို့ ဆည်းကပ်၍ မေဏ္ဍကမာတာ မည်သော အဆွေခင်ပွန်း ဆိတ်မ ငါ့လင်သည် သေ၏၊ ငါသည် ကိုးကွယ်ရာမရှိဖြစ်၏၊ သင့်ကို ထား၍ ငါ့အား တစ်ပါးသော အဆွေအမျိုးသည် မရှိ၊ လာလော့ လာလော့ဟု ဆို၍ ငို၍ ငါ့လင်၏ အကောင်ကို သင်္ဂြိုဟ်ခြင်း ကိစ္စကို ပြုကုန်အံ့ဟု ဆို၍ ထိုမေဏ္ဍကမာတာ ဆိတ်မကို ခေါ်၍ လာလော့၊ ထိုအခါ ငါသည် ခုန်၍ လည်၌ ကိုက်၍ သတ်အံ့ဟု ဆို၏။

ဝေဏိ မည်သော မြေခွေးမသည် ကောင်းပြီဟု ဝန်ခံ၍ မေဏ္ဍကမာတာ မည်သော ဆိတ်မနှင့်တကွ အဆွေခင်ပွန်းဖွဲ့၍ အကျွမ်းဝင်လတ်သော် ဆိတ်မကို လင်မှာတိုင်း ဆို၏၊ ဆိတ်မသည် အဆွေခင်ပွန်း မြေခွေးမ သင်၏ လင်သည် ငါ၏ ခင်သိမ်းသော အဆွေအမျိုးတို့ကို စားအပ်ကုန်ပြီ၊ ငါသည် ကြောက်၏၊ သွားခြင်းငှါ မဝံ့ဟု ဆို၏။

**ဝေဏီမည်သော** မြေခွေးမသည် အဆွေခင်ပွန်း ဆိတ်မ သင်သည် မကြောက်လင့်၊ သေပြီးသော မြေခွေးသည် သင့်ကို အဘယ်သို့ ပြုလတ္တံ့နည်းဟု ဆို၏၊ အဆွေခင်ပွန်း မြေခွေးမ သင်၏ လင်သည် ထက်သော အတိုင်ပင် ရှိ၏၊ ငါသည် ကြောက်၏ဟု ဆိတ်မသည် ဆို၍ မြေခွေးမသည် အဖန်တလဲလဲ တောင်းပန်အပ်သည်ရှိသော် စင်စစ် သေသည် ဖြစ်လတ္တံ့ဟု မြေခွေးမနှင့်တကွ သွား၏၊ သွားသည်ရှိသော်ကား အဘယ်သို့ ပြုလတ္တံ့သည်ကို အဘယ်သူ သိနိုင်အံ့နည်းဟု ထို မြေခွေး၌ ရှိရာရကား မြေခွေးမကို ရှေ့ထား၍ မြေခွေးကို ဆင်ခြင်လျက် သွား၏၊ မြေခွေးသည် ဆိတ်မ မြေခွေးမတို့၏ ခြေသံကို ကြား၍ ဆိတ်မသည် လာပြီလောဟု ဦးခေါင်းကို ထောင်၍ ပြန်၍ ကြည့်၏၊ ဆိတ်မသည် ထိုသို့ ပြုသော မြေခွေးကိုမြင်၍ ဤယုတ်မာစွာသော သဘောရှိသော မြေခွေးမသည် ငါ့ကို လှည့်စား၍ သတ်လို၏၊ ထို့ကြောင့် မြေခွေးမ၏လင်သည် သေဟန်ပြု၍အိပ်၏ဟု ပြန်၏၊ မြေခွေးမသည် အဆွေခင်ပွန်း ဆိတ်မ အဘယ်ကြောင့် ပြန်သနည်းဟု ဆိုလတ်သော် ထိုအကြောင်းကို ဆိုလို၍ ဤဂါထာကို ဆို၏—

၉၆။ န ခေါ မေ ရုစ္စတိ အာဠိ၊ ပူတိမံသဿ ပေက္ခနာ။
ဧတာဒိသာ သခါရသ္မာ၊ အာရကာ ပရိဝဇ္ဇယေ။

အဆွေခင်ပွန်း ပူတိမံသမြေခွေး၏ ကြည့်ခြင်းကို ငါသည် မနှစ်သက်၊ ဤသို့ သဘောရှိသော အဆွေခင်ပွန်းမှ ဝေးစွာကြဉ်ရာ၏။

ဤသို့ ဆိုပြီး၍ ထိုဆိတ်မသည် ပြန်လှည့်း၍ မိမိနေရာသို့လျှင် သွား၏၊ မြေခွေးမသည် ဆိတ်မကို ပြန်လည်စိမ့်သောငှါ မတတ်နိုင်ရကား ဆိတ်မအား အမျက်ထွက်၍ မိမိလင်၏ အထံသို့လျှင် သွား၍ မှိုင်လျက်နေ၏၊ ထိုအခါ မြေခွေးမကို ပူတိမံသ မြေခွေးသည် ကဲ့ရဲ့လိုရကား ဤဂါထာကို ဆို၏—

၉၇။ ဥမ္မတ္တိကာ အယံ ဝေဏီ၊ ဝဏ္ဏေတိ ပတိနော သခိံ။
ပဇ္ဈာယိ ပဋိဂစ္ဆန္တိံ၊ အာဂတံ မေဏ္ဍမာတရံ။

ဤဝေဏီမည်သော မြေခွေးမသည် ရူး၏။ လင်၏အထံ၌ အဆွေခင်ပွန်းဖြစ်သော ဆိတ်မကို ချီးမွမ်း၏၊ ယခု လာလျက် တစ်ဖန် ပြန်သွားသော မေဏ္ဍကမာတာမည်သော ဆိတ်မကို စိုးရိမ်၏။

မြေခွေးမသည် ထိုစကားကို ကြား၍ ဤဂါထာကို ဆို၏—

၉၈။ တွံ ခေါ သိ သမ္မ ဥမ္မတ္တော၊ ဒုမ္မေဓော အဝိစက္ခဏော။
ယော တွံ မတာလယံ ကတွာ၊ အကာလေန ဝိပေက္ခသိ။

အမောင် ပုတိမံသ သေဟန်ဆောင်၍ မကြည့်သင့်သော အချိန်၌ ခေါင်းထောင်ပြီး ကြည့်သော သင်သည်သာလျှင် ရှူး၏၊ ပညာနည်းပါး၏၊ အမြော်အမြင် မရှိ။

သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၉၉။ န အကာလေ ဝိပေက္ခေယျ၊ ကာလေ ပေက္ခေယျ ပဏ္ဍိတော။
ပူတိမံသောဝ ပဇ္ဈာယိ၊ ယော အကာလေ ဝိပေက္ခတိ။

ရဟန်းတို့ ပညာရှိသည် ကာမဂုဏ်တို့ကို အာရုံပြု၍ တင့်တယ်သည်၏ အစွမ်းအားဖြင့် စိတ်ဖြစ်သော ကာလ၌ မကြည့်ရာ၊ အသုဘ၏ အစွမ်းအားဖြင့်လည်းကောင်း, အနုသ တိ၏ အစွမ်းအားဖြင့်လည်းကောင်း, ကသိုဏ်း၏ အစွမ်းအားဖြင့်လည်းကောင်း အာရုံကိုယူသောကာလ၌ ကြည့်ရာ၏၊ ကာမဂုဏ်တို့ကို အာရုံပြု၍ သုဘ၏ အစွမ်းအားဖြင့် စိတ်၌ ဖြစ်သောကာလ၌ ကြည့်သော ထိုသူသည် ပူတိမံသမြေခွေးကဲ့သို့ စိုးရိမ်ပင်ပန်းရ၏။

ဝေဏိမည်သော မြေခွေးမသည်လည်း ပူတိမံသကို နှစ်သိမ့်စေ၍ အရှင်သင် မစိုးရိမ်လင့်၊ ငါသည် မေဏ္ဍကမာတာကို တစ်ဖန်လည်း ဥပါယ်အားဖြင့် ဆောင်အံ့၊ လာသောကာလ၌ မမေ့မလျော့ ဖမ်းလော့ဟုဆို၍ မေဏ္ဍကမာတာ၏ အထံသို့ သွား၍ အဆွေခင်ပွန်းမ သင်လာသော ကာလ၌လျှင် ငါတို့အား အကျိုးစီးပွားသည် ဖြစ်၏၊ သင်လာသောကာလ၌လျှင် ငါ့လင်သည် သတိရ၏၊ ယခု ရှင်မ၏ ငါ့လင်နှင့်တကွ ပဋိသန္ထာရကို သင် မပြုရသေးဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၁၀၀။ ပိယံ ခေါ အာဂ္ဂံ မေ ဟောတိ၊ ပုဏ္ဏပတ္တံ ဒဒါဟိ မေ။
ပတိ သဉ္ဇီဝိတော မယှံ၊ ဧယျာသိ ပိယ ပုစ္ဆိကာ။

အဆွေခင်ပွန်းဖြစ်သော ရှင်မ ငါ့အား ချစ်ခြင်းသည် ဖြစ်စေသတည်း၊ ငါ၏ နှစ်သက်သော ပေးကမ်းခြင်းကို သင်သည် ပေးလော့၊ ငါ၏ လင်သည် အသက်ရှင်၍ ထ၏၊ ငါ့လင်ကို မေးအံ့သောငှါ ငါနှင့်တကွ လိုက်လော့။

ဆိတ်မသည် ယုတ်မာစွာသော သဘောရှိသော ဤမြေခွေးမကား ငါ့ကို လှည့်စားလို၏၊ ဆန့်ကျင်ဘက်ကို ပြုခြင်းသည်ကား ငါ့အား မလျောက်ပတ်၊ ဥပါယ်အားဖြင့် မြေခွေးမကို ငါလှည့်စားအံ့ဟု ကြံ၍ ဤဂါထာကို ဆို၏—

၁၀၁။ ပိယံ ခေါ အာဂ္ဂု ဘေ ဟောတု၊ ပုဏ္ဏပတ္တံ ဒဒါမိ တေ။
မဟာတာ ပရိဂါရေန၊ သောံ ကယိရာဟိ ဘောဇနံ။

အဆွေခင်ပွန်းမ သင့်အား ချစ်ခြင်းသည်သာလျှင် ဖြစ်စေသတည်း၊ သင့်အား နှစ်သက်သော ပေးကမ်းခြင်းကို ငါပေးအံ့၊ များစွာသော အခြံအရံဖြင့် ငါလာအံ့၊ အစာကို ပြုလင့်လော့။

ထိုအခါ မေဏ္ဍကမာတာကို ဝေဏီမည်သော မြေခွေးမသည် အခြံအရံကို မေးလို၍ ဤဂါထာကို ဆို၏—

၁၀၂။ ကီဒိသော တုယှံ ပရိဝါရော၊ ယေသံ ကာဟာမိ ဘောဇနံ။
ကိံနာမကာ စ တေ သဗ္ဗေ၊ တံ မေ အက္ခာဟိ ပုစ္ဆိတာ။

အဆွေခင်ပွန်းမ အကြင်အခြံအရံတို့၏ အကျိုးငှါ ငါသည် အစာကို ပြုရအံ့၊ သင်၏ ထိုအခြံအရံသည် အဘယ်သို့သဘောရှိသနည်း၊ ခပ်သိမ်းကုန်သော ထိုအခြံအရံတို့သည် အဘယ်အမည်လည်း ရှိကုန်သနည်း၊ မေးအပ်သော ရှင်မသည် ငါ့အား ထိုအခြံအရံကို ကြားလော့။

ဆိတ်မသည် အခြံအရံကို ကြားလိုရကား ဤဂါထာကို ဆို၏—

၁၀၃။ မာလိယော စတုရက္ခော စ၊ ပိင်္ဂိယော အထ ဇမ္ဗုကော။
ဧဒိသော မယှံ ပရိဝါရော၊ တေသံ ကယိရာဟိ ဘောဇနံ။

အဆွေခင်ပွန်းမ စတုရက္ခမြေခွေးနှင့်တကွ မာလိယ မြေခွေးလည်းကောင်း ပိင်္ဂိယမြေခွေး လည်းကောင်း, ထို့မှတစ်ပါး ဇမ္ဗုကမြေခွေး လည်းကောင်း' ဤသို့သဘော ရှိသော မြေခွေးအပေါင်းသည် ငါ၏ အခြံအရံတည်း၊ ထိုအခြံအရံတို့၏ အကျိုးငှါ သင်သည် အစာကို ပြုလင့်လော့။

မာလိယ အစရှိကုန်သော မြေခွေး လေးကောင်တို့တွင် တစ်ကောင် တစ်ကောင်သော မြေခွေးတို့အား ငါးရာ ငါးရာစီ အခြံအရံရှိကုန်၏၊ ဤမြေခွေး နှစ်ထောင်တို့ဖြင့် ခြံရံလျက် ငါလာအံ့ဟု ဆိုပြီး၍ ထိုမြေခွေးတို့သည် အစာကို မရကုန်အံ့၊ သင်တို့လင်မယား နှစ်ယောက်တို့ကိုသတ်၍ စားကုန်လတ္တံ့ဟု ဆို၏၊ ထိုစကားကိုကြား၍ မြေခွေးမသည် ကြောက်ရကား ဤဆိတ်မ၏ ငါတို့နေရာသို့ လာခြင်းဖြင့် အကျိုးမရှိ၊ ဥပါယ်အားဖြင့် ဆိတ်မကို ငါသည် မလာအောင် ပြုအံ့ဟု ကြံလို၍ ဤဂါထာကို ဆို၏—

၁၀၄။ နိက္ခန္တာယ အဂ္ဂိရသ္မာ၊ ဘဏ္ဍကမ္ပိ ဝိနဿတိ။
အာရောဂျံ အာဠ္ဍီနော ဝဇ္ဇံ၊ ဣမေဝ ဝသ မာဂမာ။

အဆွေခင်ပွန်းမ သင်သည် အိမ်မှထွက်သည်ရှိသော် ဥစ္စာဘဏ္ဍာအပေါင်းသည်လည်း ပျက်စီးရာ၏၊ အဆွေခင်ပွန်းမ၏ အနာကင်းသော အဖြစ်ကို ငါ ပြောဆိုအံ့၊ သင် အဆွေခင်ပွန်းမသည် ဤအရပ်၌သာလျှင် နေလော့၊ မလာလင့်။

ဤသို့ဆို၍ သေဇာဘားမှ ကြောက်ရကား လျင်မြန်သော အဟုန်ဖြင့် လင်၏အထံသို့ ပြေး၍ သွား၏၊ ထိုမြေခွေးလင်မယားတို့သည် တစ်ဖန် ထိုအရပ်သို့ သွားအံ့သောငှါ မဝံ့ကုန်။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည် ထိုအရပ်ဝယ် တောစိုးသစ်ပင်၌ ရုက္ခစိုးနတ် ဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဣန္ဒြေအများ၊ စောင့်ရှောက်ငြား၊ တံခါးလုံကြရာ။)

လေးရာသုံးဆယ့်ခုနစ်ခုမြောက်ဖြစ်သော ပူတိမံသဇာတ်သည် ပြီး၏။

---

၄၃၈-ဒဒ္ဒရဇာတ်

ကိုယ့်ကိုသူနိုင် သူကိုသူများနိုင်

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ

သနားကရုဏာ ကင်းသော ရသေ့စဉ်းလဲ အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ယော တေ ပုတ္တကေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒဒ္ဒရဇာတ်ကို ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် သတ်အံ့သောငှါ လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်

မူ၏၊ ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဒေဝဒတ်သည် အရှက်မရှိ၊ သူတော်ကောင်း မဟုတ်၊ ဤသို့ မြတ်သောဂုဏ်ကျေးဇူးကို ဆောင်သော သဗ္ဗညူ မြတ်စွာဘုရားအား အဇာတသတ်နှင့် တကွ တပေါင်းတည်းပြု၍ လေးသမားတို့ကို စေလွှတ်ခြင်း ကျောက်ကို လှိမ့်ခြင်း နာဠာဂိရိ ဆင်ကို လွှတ်ခြင်းတို့ဖြင့် သတ်အံ့သောငှါ အားထုတ်၏ဟု စကားကို ဖြစ်စေကုန်၏။

သဗ္ဗညူမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါ့အား သတ်အံ့သောငှါ လုံ့လပြုသည် မဟုတ်သေး၊ ရှေး၌လည်း လုံ့လပြုသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်အော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် တစ်ယောက်သော ဒိသာပါမောက္ခ ဆရာသည် လုလင်ငါးရာတို့အား အတတ်သင်လျက် တစ်နေ့သ၌ ဗာရာဏသီပြည်၌နေသော ငါ့အား ပလိဗောဓ သည် ရှိ၏ဟု ထိုလုလင်တို့အား အတတ်သည် အပြီးသို့ မရောက်မီ ဟိမဝန္တာ တောအရပ်သို့ ဝင်၍ ခရီးမှ မနီးမဝေးသော အရပ်ဝယ် ကျောင်းဆောက်၍ နေအံ့ဟု ကြံ၏၊ ကြံပြီး၍ ကြံတိုင်းနေ၏၊ လုလင်တို့သည်လည်း မိမိ မိမိတို့အဖို့ ကျောင်းကို ဆောက်ကုန်၏။

လုလင်တို့၏ ဆွေမျိုးတို့သည် လုလင်တို့အား ဆန်အစရှိသည်တို့ကို ပို့ကုန်၏၊ တိုင်း၌နေကုန်သော သူတို့သည်လည်း ဒိသာပါမောက္ခ ဆရာသည် တောဝယ် ဤအမည်ရှိသော အရပ်၌နေလျက် လုလင်တို့အား အတတ်ကို သင်စေ၏ဟု ထိုဒိသာပါမောက္ခဆရာအား ဆန်အစရှိသည်တို့ကို ပို့ကုန်၏၊ ကန္တာရခရီးသွားတို့သည်လည်း ဒိသာပါမောက္ခဆရာအား လှူဒါန်းကုန်၏၊ မထင်ရှားသော ယောကျ်ား တစ်ယောက်သည် နို့ရည်သောက်စိမ့်သောငှါ သားငယ်နှင့် တကွ နွားမကို လှူ၏။

ဆရာ၏ကျောင်းအနီး၌ နှစ်ကောင်သော သားငယ်တို့နှင့်တကွ တစ်ကောင်သော ဖွတ်မသည် နေ၏၊ ခြင်္သေ့ ကျားတို့သည်လည်း ဒိသာပါမောက္ခ ဆရာအား ခစားအံ့သောငှါ လာကုန်၏၊ တစ်ကောင်သော ခါသည်လည်း ထိုအရပ်၌ အမြဲနေ၏၊ ထိုခါသည် ဒိသာပါမောက္ခ ဆရာ၏လည်းကောင်း, တပည့်လုလင်

တို့၏ လည်းကောင်း ဗေဒင်ရွတ်အံသရဇ္ဈယ်သံကို နာ၍ ဗေဒင်သုံးပုံကိုလည်း တတ်၏၊ လုလင်တို့သည် ခါနင့်တကွ အလွန်အကျွမ်းဝင်ကုန်၏၊ နောက်အဖို့၌ လုလင်တို့သည် အတတ်၏အပြီးသို့ မရောက်ကုန်မီလျှင် ဆရာသည် သေလွန်၏၊ လုလင်တို့သည် ဆရာ၏အလောင်းကို သင်္ဂြိုဟ်၍ သဲဖြင့် စေတီတည်၍ အထူးထူးသော ပန်းတို့ဖြင့် ပူဇော်၍ ငိုကြွေးကုန်၏၊ ထိုအခါ ထိုလုလင်တို့ကို ခါသည် လုလင်တို့ သင်တို့သည် အဘယ့်ကြောင့် ငိုကြွေးကုန်သနည်းဟု ဆို၏၊ ဆရာသည် ငါတို့၏အတတ်သည် အပြီးသို့မရောက်မီလျှင် သေလွန်၏၊ ထို့ကြောင့် ငါတို့သည် ငိုကုန်၏ဟု လုလင်တို့သည် ဆိုကုန်၏၊ ဤသို့ ဖြစ်သည်ရှိသော် သင်တို့သည် မစိုးရိမ်ကုန်လင့်၊ ငါသည် သင်တို့အား ဗေဒင်ကို သင်ကြားအံ့ဟု ခါသည်ဆို၏၊ သင်သည် အဘယ်သို့ပုံ၍ ဗေဒင်ကိုတတ်သနည်းဟု လုလင်တို့သည် မေးကုန်၏၊ ငါသည် သင်တို့အား ဆရာသင်ကြားသည်ရှိသော် နာ၍ ဗေဒင်သုံးပုံတို့ကို တတ်၏ဟု ခါသည် ဆို၏၊ ထိုသို့ဖြစ်ပါမူကား မိမိ၏လေ့လာပွန်းတီးသောအဖြစ်ကို ငါတို့ကို သိစေလောဟု လုလင်တို့သည် ဆိုကုန်၏၊ ခါသည် ထိုသို့ဖြစ်လျှင် နားထောင်ကြကုန်လော့ဟု ဆို၍ ထိုလုလင်တို့၏ ခက်ခဲသော အရာကိုလျှင် တောင်ထိပ်မှ မြစ်ရေသည် စီးသက်သို့ ရွတ်၏၊ လုလင်တို့သည် အလွန်နှစ်သက်ကုန်၍ ခါပညာရှိ၏ အထံ၌ အတတ်ကို သင်ကုန်၏၊ ခါသည်လည်း ဒိသာပါမောက္ခ ဆရာ၏ ဒရာ၌တည်၍ ထိုလုလင်တို့အား အတတ်ကို သင်၏၊ လုလင်တို့သည် ခါအား ရွှေချိုင့်ကိုလုပ်၍ အထက်၌ ဗိတာန်ကြက်၍ ရွှေခွက်၌ ပျားရေပေါက်ပေါက်အစ ရှိသည်တို့ကိုထည့်၍ ပေးကုန်လျက် အထူးထူးသော အဆင်းရှိသော ပန်းတို့ဖြင့် ပူဇော်၍ ချီးမြှောက်ခြင်းကို ပြုကုန်၏၊ ခါသည် တောအရပ်၌ လုလင်ငါးရာတို့ကို ဗေဒင်သင်၏ဟု အလုံးစုံသော ဇမ္ဗူဒိပ်၌ ကျော်စောထင်ရှား၏။

ထိုအခါ ဇမ္ဗူဒိပ်၌ တောင်ထိပ်သဘင်နေ့ဝယ် ကြီးစွာသော ပွဲသဘင်ကို ကြွေးကြော်ကုန်၏၊ လုလင်တို့၏ မိဘတို့သည် ပွဲသဘင်ကို ကြည့်အံ့သောငှါ လုလင်တို့သည် လာစေကုန်သတည်းဟု စေကုန်၏၊ လုလင်တို့သည် ခါပညာရှိအား အကြောင်းကိုကြား၍ ခါပညာရှိကို အလုံးစုံသော ကျောင်းကိုအပ်၍ မိမိ မိမိတို့၏ မြို့သို့လျှင် သွားကြကုန်၏၊ ထိုအခါ တစ်ယောက်သော ကရုဏာမရှိသော ရသေ့ပျက်သည် ထိုအရပ်၌ လှည့်လည်လတ်သော် ထိုကျောင်းသို့ ရောက်၏၊ ထိုရသေ့ပျက်ကို ဖွတ်မသည် မြင်၍ ပဋိသန္ထာရပြု၍ ဤမည်သော အရပ်၌ ဆန်ရှိ၏၊ ဤမည်သောအရပ်၌ ဆီ အစရှိသည်တို့သည် ရှိကုန်၏၊ ထမင်းချက်၍ စားလော့ဟု ဆို၍ အစာရှာအံ့သောငှါ သွား၏၊ ရသေ့သည် စောစောကလျှင် ထမင်းချက်၍ ဖွတ်မ၏ သားငယ်နှစ်ကောင်တို့ကို သတ်၍ စား၏၊ နေ့၌ ခါပညာရှိကို လည်းကောင်း, နွားငယ်ကို လည်းကောင်း သတ်၍ စား၏၊ ညချမ်း၌ လာလတ်သော နွားမကိုမြင်၍ ထိုနွားမကိုလည်း သတ်၍

အသားကိုစား၍ သစ်ပင်ရင်း၌ လျှောင်း၍ ခြုတ်ခြုတ်မည်သော ထွက်သက် ဝင်သက်ကို ဖြစ်စေလျက် အိပ်ပျော်၏၊ ဖွတ်မသည် ညချမ်းအခါ၌ သားငယ် တို့ကို မမြင်လတ်၍ ရှာလျက်သွား၏။

ရုက္ခစိုးနတ်သည် သားငယ်တို့ကို မမြင်၍ တုန်လှုပ်သော ဖွတ်မကိုကြည့်၍ သစ်ခွကြား၌ နတ်၏ အာနုဘော်အားဖြင့်ရပ်၍ ဖွတ်မ သင်သည် မတုန်လှုပ်လင့်၊ ဤယောကျ်ားယုတ်မာသည် သင်၏ သားငယ်တို့ကိုလည်းကောင်း, ခါကိုလည်း ကောင်း, နွားငယ် နွားမကို လည်းကောင်း သတ်အပ်ကုန်ပြီ၊ ထိုယောကျ်ား ယုတ်ကို လည်၌ ကိုက်၍ အသက်ကုန်ခြင်းသို့ ရောက်စေလောဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၁၀၅။ ယော တေ ပုတ္တကေ အခါဒိ၊ ဒိန္နဘတ္တော အဒူသကေ။
တသ္မိံ ဒါဌံ နိပါတေဟိ၊ မာ တေ မုစ္စိတ္ထ ဇီဝတော။

ဖွတ်မ သင်သည် ထမင်းပေးအပ်သော အပြစ်မရှိကုန်သော သင်၏ သားငယ် တို့ကို စားသော ထိုယောကျ်ားယုတ်၌ သင်သည် အစွယ်လေးချောင်းတို့ကို ကျစေလော့၊ ဤယောကျ်ားယုတ်သည် အသက်ရှည်သည် ဖြစ်၍ သင်၏လက်မှ မလွတ်စေလင့်။

ထို့နောင်မှ ဖွတ်မသည် ဤဂါထာကို ဆို၏—

၁၀၆။ အာကိဏ္ဏလုဒ္ဒေါ ပုရိသော၊ ဓာတိ စေလံ ဝ မက္ခိတော။
ပဒေသံ တံ န ပဿာမိ၊ ယတ္ထ ဒါဌံ နိပါတယေ။

၁၀၇။ အ ကတညုဿ ပေါသဿ၊ နိစ္စံ ဝိဝရဒဿိနော။
သဗ္ဗံ စေ ပထဝိံ ဒဇ္ဇာ၊ နေဝ နံ အဘိရာဓယေ။

အိုနတ် ထိုယုတ်မာသော ယောကျ်ားအပေါ်၌ အစွယ်ကို ချသင့်သော နေရာအရပ်ကို ငါ မမြင်မိပေ၊ ထိုယောကျ်ားသည် မကောင်းမှုတို့ဖြင့် ရောပြွမ်း နေ၏၊ သားထိန်းမ၏ အဝတ်ကဲ့သို့ မကောင်းမှုဖြင့် လိမ်းကျံအပ်၏။

ကျေးဇူးမသိသော အမြဲ အခွင့်အရေးကိုသာ ကြည့်လေ့ရှိသော ယောကျ်ား အား မြေအားလုံးကို အကပေး၍ ပေးငြားသော်လည်း ထိုယောကျ်ားကို မနှစ်သိမ့် မရောင့်ရဲစေနိုင်သည်သာလျှင်တည်း။

ဖွတ်မသည် ဤသို့ဆို၍ ဤသူနိုးသော် ငါ့ကိုလည်း စားရာ၏ဟု မိမိ၏ အသက်ကို စောင့်ရှောက်လို၍ ပြေး၏၊ ထိုခြင်္သေ့ ကျားတို့သည်လည်း ခါ၏ အဆွေခင်ပွန်း ဖြစ်ကုန်၏၊ ရံခါ ခြင်္သေ့ ကျားတို့သည်လည်း လာ၍ ခါကို ဖူးမြင်ကုန်၏၊ ရံခါ ခါသည် သွား၍ ခြင်္သေ့ ကျားတို့အား တရားဟော၍ လာ၏၊ ထိုနေ့၌ကား ခြင်္သေ့သည် ကျားကို "အဆွေကျား ခါပညာရှိကို မမြင်ရသည် ကြာမြင့်ပြီ၊ ယနေ့ ခုနစ်ရက် ရှစ်ရက်ရှိပြီ၊ သွား၍ ခါပညာရှိ၏ အကြောင်းကို သိ၍ လာလော့"ဟု ဆို၏၊ ကျားသည် ကောင်းပြီဟု ဝန်ခံ၍ ဖွတ်မ ပြေးသောကာလ၌ ထိုအရပ်သို့ ရောက်၍ အိပ်ပျော်သော ထိုယောကျ်ားယုတ်ကို မြင်၍ ထိုယောကျ်ားယုတ်၏ဆံကျစ်ကြား၌ ခါပညာရှိ၏ အမွေးတို့သည် ထင်ကုန်၏၊ နွားမ၏ အရိုးတို့သည်လည်းကောင်း၊ နွားငယ်တို့၏ အရိုးတို့သည်လည်းကောင်း ထင်ကုန်၏၊ ကျားမင်းသည် ထိုအလုံးစုံကို မြင်၍ ရွှေချိုင့်၌ ခါပညာရှိကို မမြင်၍ ဤယောကျ်ားယုတ်သည် ဤသတ္တဝါတို့ကို သတ်ကုန်၏ဟု ထိုယောကျ်ားယုတ်ကို ခြေဖြင့် ခတ်၍ ထစေ၏၊ ရသေ့စဉ်းလဲသည်လည်း ကျားကို မြင်၍ အလွန်ကြောက်၏။

ထိုအခါ ရသေ့ပျက်ကို ကျားသည် ဟယ် ယောကျ်ားယုတ်၊ သင်သည် ထိုသတ္တဝါတို့ကို သတ်၍ စားသလောဟု မေး၏၊ အရှင် အကျွန်ုပ် မစားရဟု ရသေ့ပျက်သည် ဆိုလေ၏၊ ယုတ်မာသော အကျင့်ရှိသော ယောကျ်ား သင် မသတ်သည်ရှိသော် သင်မှတစ်ပါး အဘယ်သူသည် သတ်သနည်း၊ မှန်သည်ကို မပြောဆိုသည်ရှိသော် သင့်အား အသက်မရှိရာဟု ကျားသည် ဆို၏၊ ရသေ့ပျက်သည် သေဘေးဖြင့် ခြောက်လန့်၍ အရှင် ဖွတ်မ၏ သားတို့ကိုလည်းကောင်း၊ နွားငယ်တို့ကိုလည်းကောင်း၊ နွားမကိုလည်းကောင်း သတ်၍ အကျွန်ုပ် စားပေ၏၊ ခါကိုကား အကျွန်ုပ် မသတ်ဟု ဆို၏၊ ကျားသည် များစွာ ဆိုငြားသော်လည်း ရသေ့ပျက်၏ စကားကို မယုံကြည်၍ သင်သည် အဘယ် အရပ်မှ လာသနည်းဟု မေး၏၊ ရသေ့ပျက်သည် ကလိင်္ဂတိုင်းမှ ကုန်သည်တို့၏ ဥစ္စာတို့ကို ရွက်ဆောင်လျက် အသက်မွေးခြင်း ဟူသော အကြောင်းကြောင့် ဤမည်သော အမှုကိုလည်းကောင်း၊ ဤမည်သော အမှုကိုလည်းကောင်း ပြု၍ ယခုအခါ၌ ဤအရပ်သို့ ရောက်၏ဟု ဆို၏၊ ဤသို့ ထိုရသေ့ပျက်သည် မိမိသည် ပြုအပ်သော အလုံးစုံသော အမှုကို ဆိုသည်ရှိသော် ယုတ်မာသော အကျင့် ရှိသောယောကျ်ား သင်သည် ခါကို မသတ်သော် သင်မှတစ်ပါး အဘယ်သူသည် သတ်လတ္တံ့နည်း၊ လာလော့ ငါ့အဆွေခင်ပွန်း သားမင်းအထံသို့ သင့်ကို ဆောင်အံ့ဟု ဆို၍ ထိုရသေ့ပျက်ကို ရှေ့ထား၍ ခြိမ်းခြောက်လျက် လိုက်၏၊ ခြင်္သေ့မင်းသည် ရသေ့ပျက်ကို ဆောင်ခဲ့သော ကျားကို မေးလိုရကား ဤ ဂါထာကို ဆို၏။

၁၀၈။ ကိံ နု သုဗာဟု တရမာနရူပေါ၊ ပစ္စာဂတောသိ သဟ မာဏဝေန။
ကိံ ကိစ္စမတ္ထံ ဣဓ မတ္ထိ တုယှံ၊ အက္ခာဟိ မေ ပုစ္ဆိတော ဧတမတ္ထံ။

ကောင်းသော မောင်းရှိသော အဆွေကျား၊ သင်သည် အဘယ်ကြောင့် လုလင်နှင့် တကွ လျင်မြန်သော သဘောရှိသည်ဖြစ်၍ ပြန်လည်လာသနည်း။ သင့်အား ဤငါ၏အထံ၌ အဘယ်မည်သော အကျိုးရှိ၏ဟု သမုတ်အပ်သော ကိစ္စရှိသနည်း၊ အမေးခံရသော သင်သည် ငါ့အား ထိုအကြောင်းကို ကြားလော့၊

ကျားသည် ထိုစကားကို ကြား၍ ဤဂါထာကို ဆို၏။

၁၀၉။ ယော တေ သခါ ဒဒ္ဒရော သာဓုရူပေါ၊ တဿ ဝဓံ ပရိသင်္ကာမိ အဇ္ဇ။
ပုရိသဿ ကမ္မာယတနာနိ သုတွာ၊ နာဟံ သုခိံ ဒဒ္ဒရံ အဇ္ဇ မညေ။

သားမင်း ငါသည် ဤယောကျ်ား၏ အသက်မွေးဝမ်းကြောင်းဖြစ်ကုန်သော အမှုတို့ကို ကြားရပြီး၍ ယနေ့ သင်၏ အဆွေခင်ပွန်းဖြစ်သော ကောင်းသော သဘောရှိသော ထိုခါ၏ ဤယောကျ်ားကြောင့် သေရခြင်းကို တွေးတောမိ၍ ငါသည် ယနေ့ ခါကို ချမ်းသာ၏ဟူ၍ မထင်မိ မအောင့်မေ့ပေ။

ထိုအခါ ကျားမင်းကို ခြင်္သေ့သည် ဤဂါထာကို ဆို၏—

၁၁၀။ ကာနိ'ဿ ကမ္မာယတနာနိ အဿု၊ ပုရိသဿ ဝုတ္တိသမောဓာနတာယ။
ကံ ဝါ ပဋိညံ ပုရိသဿ သုတွာ၊ ပရိသင်္ကသိ ဒဒ္ဒရံ မာဏဝေန။

ကောင်းသော မောင်းရှိသော အဆွေကျား ထိုယောကျ်ား၏ အဘယ်မည် ကုန်သော အသက်မွေးကြောင်း အမှုတို့ကို သင်သည် ကြားသနည်း၊ အသက် မွေးခြင်း အပေါင်း၏ အဖြစ်ဖြင့် ယောကျ်ား၏ အဘယ်မည်သော ဝန်ခံခြင်း ကိုမူလည်း ကြား၍ လုလင်ကြောင့် ခါကို သေ၏ဟူ၍ တွေးတောသနည်း။

ထိုအခါ ခြင်္သေ့မင်းအား ကျားမင်းသည် ဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၁၁၁။ စိဏ္ဏာ ကလိင်္ဂါ စရိတာ ဝဏိဇ္ဇာ၊ ဝေတ္တာစရော သင်္ကုပထောပိ စိဏ္ဏော။
နဋေဟိ စိဏ္ဏံ သဟ ဝါကုရေဟိ၊ ဒဏ္ဍေန ယုဒ္ဓံပိ သမဇ္ဇမဇ္ဈေ။

၁၁၂။ ဗဒ္ဓါ ကုလီကာ မိတ'မာဠကေန၊ အက္ခာ ဇိတာ သံယမော အဗ္ဘတီတော။
အဗ္ဗာဟိတံ ပုဗ္ဗကံ အဍ္ဎရတ္တံ၊ ဟတ္ထာ ဒဍ္ဍာ ပိဏ္ဍပဋိဂ္ဂဟေန။

၁၁၃။ တာနိ’ဿ ကမ္မာ’ဿတနာနိ အဿု၊ ပုရိသဿ ဝုတ္တိသမောဓာနတာယ။
ယထာ အယံ ဒိဿတိ လောမပိဏ္ဍော၊ ဂါဝေါ ဟတာ ကိံ ပန ဒဒ္ဒရဿ။

သားမင်း ထိုယောကျ်ားသည် ကလိင်္ဂတိုင်းမှ ကုန်သည်တို့၏ ဘဏ္ဍာကို ရွက်ဆောင်သဖြင့် ကုန်သွယ်ခြင်းတို့ကိုလည်း ပြုအပ်ကုန်၏။ ကြိမ်နွယ်တို့ဖြင့် လှည့်လည်အပ်၏၊ သစ်ငုတ်ကြောင့်ရှိသော ခရီးကို သုံးဆောင်အပ်၏၊ ကချေသည်တို့နှင့်တကွ လှေကျက်အပ်၏၊ မုဆိုး တံငါတို့နှင့်လည်းတကွ လှေကျက်ဖူး၏၊ အထူးထူးသော ပွဲသဘင်၏ အလယ်၌ ဆောက်ပုတ်ဖြင့် ထိုးအပ်၏။

ငှက်တို့ကို ထိုယောကျ်ားသည် နှောင်ဖွဲ့အပ်ကုန်၏၊ စပါးခြင်ခြင်းအမှုကို ပြုခြင်းနှင့်တကွ ကြွေအန်တို့ကို သိမ်းထားအပ်ကုန်၏၊ သီလစောင့်ရှောက်ခြင်းကို လွန် ကျူး၏၊ မင်းပြစ်သင့်ကုန်သော သူတို့၏ လက်ခြေတို့ကိုဖြတ်၍ ထိုသူတို့ကိုဆောင်၍ ဇရပ်၌အိပ်စေ၍ အနာဝတို့မှ ယိုစီးသော သွေးကို သန်းခေါင်ယံ အခါ၌ ထိုအရပ်သို့ သွား၍ အခစားပြု၍ ထားအပ်၏၊ ဆွမ်းပူကို ခံသဖြင့် လက်တို့ကို အပူသည် လောင်းဖူးလေပြီ။

ထိုယောကျ်ား၏ အသက်မွေးခြင်းကို ပေါင်းသည်၏ အဖြစ်ဖြင့် ထိုအသက်မွေးကြောင်း အမှုတို့ကို ကြားရ၏၊ အကြင်သို့သော အခြင်းအရာအားဖြင့် ထိုယောကျ်ားယုတ်၏ ဆံကျစ်ကြား၌ ဤခါ၏ အမွေးစုသည် ထင်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ဤယောကျ်ားယုတ်သည်သာလျှင် ထိုခါကို သတ်ခြင်းဟူသော အကြောင်းကို သိအပ်၏၊ ဤယောကျ်ားယုတ်သည် နွားတို့ကိုပင် သတ်အပ်ကုန်လျက် ခါကို မသတ်သောအဖြစ်သည် အဘယ်မှာရှိအံ့နည်း။

အဘယ်ကြောင့် ခါကို မသတ်လတ္တံ့နည်းဟု ကျားမင်းသည် ဆို၏၊ ခြင်္သေ့မင်းသည် ထိုယောကျ်ားကို အိုယောကျ်ား သင်သည် ခါပညာရှိကို သတ်သလောဟု မေး၏၊ အရှင် သတ်ပေ၏ဟု ဆို၏၊ ထိုအခါ ထိုရသေ့ပျက်၏ မှန်သော စကားကို ကြား၍ ခြင်္သေ့မင်းသည် ထိုယောကျ်ားကို လွှတ်လိုက်၏၊ ကျားမင်းသည်ကား ဤသူကို သတ်အပ်၏ဟု ဆို၍ ထိုအရပ်၌လျှင် ထိုရသေ့ကို အစွယ်တို့ဖြင့် ကိုက်ဖြတ်သတ်ပြီးလျှင် တွင်းတူး၍ မြှုပ်၏၊ လုလင်တို့သည် လာလတ်၍ ခါပညာရှိကို မမြင်၍ ငိုကြွေး၍ ပြန်ကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ဤသို့ ဒေဝဒတ်သည် ရှေး၌ ငါ့အား သတ်ခြင်းငှါ လုံ့လပြု၏ဟု မိန့်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ စဉ်းလဲသော ရသေ့ဖြစ်ပြီ၊ ယခုအခါ

ဥပ္ပလဝဏ်သည် ထိုအခါ ဖွတ်မ ဖြစ်ပြီ၊ ယခုအခါ မောဂ္ဂလ္လာန်သည် ထိုအခါ ကျွဲးဖြစ်ပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ခြင်္သေ့ဖြစ်ပြီ၊ ယခုအခါ ကဿပသည် ထိုအခါ ဒီသာပါမောက္ခဆရာ ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ခါပညာရှိဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကျင့်စဉ်ယုတ်မာ၊ ပြုသူမှာ၊ ကြုံလာ ရန်ဘယာ။)

လေးရာသုံးဆယ့်ရှစ်ခုမြောက်သော ဒဒ္ဒရဇာတ်သည် ပြီး၏။

နဝကနိပါတ် ဇာတ်ဝတ္ထုသည် ဤတွင်ရွေ ပြီး၏။

# ၁၀-ဒသကနိပါတ်

## ၄၃၉-စတုဒွါရဇာတ်

### မိဘကို ပုတ်ခတ်ခြင်းကြောင့် သင်တုန်းစက်၌ ခံရခြင်း

### ရေပန်းကို မွှေပန်းထင်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "စတုဒွါရမိဒံ နဂရံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစတုဒွါရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆုံးမခက်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုကို နဝကနိပါတ် ပထမဇာတ်၌ ချဲ့အပ်ပြီးသတည်း။)

ဤ ဒသကနိပါတ် စတုဒွါရဇာတ်၌ကား သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း သင်သည် ဆုံးမခက်သော ဟူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော် ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်း သင်သည် ရှေး၌လည်း ဆုံးမခက်သည်၏ အဖြစ်ကြောင့် ပညာရှိတို့၏ စကားကို မနာယူ၍ သင်တုန်းစက်ကို ဆောင်ဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကဿပဘုရား လက်ထက်တော်ဝယ် ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးအား မိတ္တဝိန္ဒကမည်သော တစ်ယောက်သော သားသည် ဖြစ်၏၊ ထိုမိတ္တဝိန္ဒက၏ မိဘတို့သည် သောတာပန် ဖြစ်ကုန်၏၊ မိတ္တဝိန္ဒကသည်ကား သီလ မရှိ၊ သဒ္ဓါတရားလည်း မရှိ၊ ထိုအခါ ထိုမိတ္တဝိန္ဒကကို နောက်အဖို့၌ အဘ သေလွန်သည် ရှိသော် ဥစ္စာကို စီရင်သော အမိသည် အမောင် သင်သည် ရခဲသော လူ၏ အဖြစ်ကို ရ၏၊ အလှူပေးလော့၊ သီလဆောက်တည်လော့၊ ဥပုသ်စောင့်လော့၊ တရားနာလော့ဟု ဆို၏။ မိခင် အကျွန်ုပ်အား အလှူပေးခြင်းအစရှိသည်တို့ဖြင့် အလိုမရှိ၊ အကျွန်ုပ်ကို မိခင်သည် တစ်စုံတစ်ခုသော စကားကို မလိုလင့်၊ အကျွန်ုပ်သည် အလိုရှိတိုင်း ပြုအံ့ဟု မိတ္တဝိန္ဒကသည် ဆို၏။

ဤသို့ဆိုငြားသော်လည်း ထိုမိတ္တဝိန္ဒကကို လပြည့်ဥပုသ်နေ့ဖြစ်သော တစ်နေ့သ၌ အမိသည် အမောင် ယနေ့ မှတ်အပ်သော မြတ်သော ဥပုသ်နေ့တည်း၊ ယနေ့ ဥပုသ်ဆောက်တည်၍ ကျောင်းသို့ သွား၍ ခပ်သိမ်းသော ညဉ့်ပတ်လုံး တရားကို နာ၍ လာလော့၊ သင့်အား ငါသည် တစ်ထောင်သော ဥစ္စာကို ပေးအံ့ ဟု အမိသည် ဆို၏၊ မိတ္တဝိန္ဒကသည် ကောင်းပြီဟု ဥစ္စာ၌ တပ်စွန်းသဖြင့် ဥပုသ် ဆောက်တည်၍ နံနက်စာ စား၍ ကျောင်းသို့ သွား၍ နေ့ကို လွန်စေ၍ ညဉ့်အခါ အကြင်သို့ သဘောရှိသော အရပ်၌ နေသည် ရှိသော် တစ်ပုဒ်သော တရားသည် လည်း နား၌ မတည်၊ ထိုသို့ သဘောရှိသော တစ်ခုသောအရပ်၌ လျောင်းသဖြင့် အိပ်ပျော်၍ တစ်ဖန် မိုးသောက်သော နေ့၌ စောစောကလျှင် မျက်နှာသစ်၍ အိမ်သို့ သွားလေ၏။

မိတ္တဝိန္ဒက၏ အမိသည်ကား ယနေ့ သားသည် တရားနာ၍ စောစောကလျှင် တရားဟော မထေရ်ကို ပင့်၍ လာလတ္တံ့ဟု ယာဂုခဲဖွယ် ဘောဇဉ်ကို စီရင်၍ နေရာခင်း၍ မိတ္တဝိန္ဒက၏ လာခြင်းကို မျှော်လတ်သော် တစ်ယောက်တည်း လာသော မိတ္တဝိန္ဒကကို မြင်၍ အမောင် တရားဟောမထေရ်ကို အမောင်သည် မပင့်ခဲ့လေသလောဟု ဆို၍ အကျွန်ုပ်အား တရားဟောမထေရ်ဖြင့် အလို မရှိဟု ဆိုလတ်သော် ထိုသို့တပြီးကား ယာဂုကို သောက်လော့ဟု ဆို၏၊ မိတ္တဝိန္ဒက သည် မိခင် သင်တို့သည် တစ်ထောင်သော ဥစ္စာကို ပေးအံ့ဟု ဝန်ခံအပ်၏၊ ရှေးဦးစွာ ငါ့အား တစ်ထောင်သော ဥစ္စာကို ပေးဦးလော့၊ ငါသည် နောက်မှ ယာဂုကို သောက်အံ့ဟု ဆို၏၊ ချစ်သား ယာဂုကို သောက်ဦးလော့၊ နောက်မှ ပေးအံ့ဟု အမိသည် ဆို၏၊ တစ်ထောင်သော ဥစ္စာကို ယူ၍သာလျှင် ယာဂုကို သောက်အံ့ဟု မိတ္တဝိန္ဒကသည် ဆို၏။

ထိုအခါ မိတ္တဝိန္ဒက၏ အမိသည် ဥစ္စာထောင်ထုပ်ကို ရှေ့၌ ထား၏၊ မိတ္တဝိန္ဒက သည် ယာဂုကို သောက်၍ ဥစ္စာထောင်ထုပ်ကို ယူ၍ ကုန်သွယ်ခြင်းကို ပြုလျက် မကြာမြင့်မီလျှင် တစ်သိန်းနှစ်သောင်းသော ဥစ္စာကို ဖြစ်စေ၏၊ ထိုအခါ မိတ္တဝိန္ဒကအား ငါသည် လှေတည်ထောင်၍ ကုန်ရောင်းခြင်းကို ပြုအံ့ဟူသော အကြံသည် ဖြစ်၏၊ ဖြစ်ပြီး၍ မိတ္တဝိန္ဒကသည် လှေကို ဖြစ်စေ၍ မိခင် အကျွန်ုပ်သည် လှေဖြင့် ကုန်သွယ်ခြင်းကို ပြုအံ့ဟုဆို၏၊ ထိုအခါ မိတ္တဝိန္ဒကကို အမိသည် အမောင် သင်ကား တစ်ယောက်တည်းသော သားတည်း၊ ဤအိမ်၌ ဥစ္စာသည် များ၏၊ သမုဒ္ဒရာသည် များသော အပြစ်ရှိ၏၊ သင် မသွားလင့်ဟု မြစ်၏၊ ထိုမိတ္တဝိန္ဒကသည် မိခင် ကျွန်ုပ်သွားအံ့၊ ကျွန်ုပ်ကို မိခင်သည် တားခြင်းငှါ မတတ်ကောင်းဟု ဆို၍ အမောင် သင့်ကို ငါတားအံ့ဟု အမိသည် လက်၌ ကိုင်သည် ရှိသော် လက်ကို လွတ်စေ၍ အမိကို ပုတ်ခတ်၍ လဲစေပြီးလျှင်

အန္တရာယ်ကိုပြု၍ လှေဖြင့် သမုဒ္ဒရာသို့ သွား၏၊ လှေသည် ခုနစ်ရက်မြောက်သော နေ့၌ မိတ္တဝိန္ဒကကို မှီ၍ သမုဒ္ဒရာအပြင်၌ မတုန်မလှုပ် တည်၏၊ သူ့ယုတ် စာရေးတံ ချခြင်းကို ပြုလတ်သော် မိတ္တဝိန္ဒက၏ လက်၌သာလျှင် စာရေးတံ သုံးကြိမ် ကျ၏။

ထိုအခါ မိတ္တဝိန္ဒကအား ဖောင်ကို ပေး၍ ဤသူကို အမှီပြု၍ များစွာသော သူတို့သည် မပျက်စီးစေကုန်သသည်းဟု မိတ္တဝိန္ဒကကို သမုဒ္ဒရာအပြင်၌ ပစ်ကုန်၏၊ ထိုခဏ၌ လှေသည် လျှင်မြန်သော အဟုန်ဖြင့် သမုဒ္ဒရာသို့ ပြေး၏၊ မိတ္တဝိန္ဒက သည်လည်း ဖောင်၌ အိပ်၍ တစ်ခုသော ကျွန်းငယ်သို့ ရောက်၏၊ ထိုကျွန်းငယ်၌ ဖန်ဗိမာန်ဝယ် လေးယောက်ကုန်သော ဝေမာနိက ပြိတ္တာမတို့ကို မြင်၍ ထိုပြိတ္တာမ တို့သည် ခုနစ်ရက် ဆင်းရဲကို ခံစားရကုန်၏၊ ခုနစ်ရက် ချမ်းသာကို ခံစားရ ကုန်၏၊ ထိုဝေမာနိက ပြိတ္တာမတို့နှင့်တကွ ခုနစ်ရက် နတ်စည်းစိမ်ကို ခံစားရ၏၊ ထိုအခါ မိတ္တဝိန္ဒကကို ဝေမာနိက ပြိတ္တာမတို့သည် ဆင်းရဲကို ခံအံ့သောငှါ သွားလိုကုန်သည် ရှိသော် အရှင် အကျွန်ုပ်တို့သည် ခုနစ်ရက်မြောက်သော နေ့၌ လာကုန်အံ့၊ အကြင်မျှလောက် အကျွန်ုပ်တို့သည် မလာကုန်သေး၊ ထိုမျှလောက် မငြီးငွေ့သည် ဖြစ်၍ ဤဗိမာန်၌လျှင် နေလင့်လော့ဟု ဆို၍ သွားကုန်၏။

မိတ္တဝိန္ဒကသည် တဏှာအလိုသို့ လိုက်၍ ထိုဖောင်၌လျှင် အိပ်၍ တစ်ဖန် သမုဒ္ဒရာအပြင်ဖြင့် သွားလတ်သည် ရှိသော် တစ်ခုသော ကျွန်းငယ်သို့ ရောက်၍ ငွေဗိမာန်၌ ရှစ်ယောက်သော ဝေမာနိကပြိတ္တာမတို့ကို မြင်၍ ဤသို့ ရှေးနည်းဖြင့် လျှင် တစ်ခုသော ကျွန်းငယ်၌ ပတ္တမြားဗိမာန်ဝယ် တစ်ကျိပ်ခြောက်ယောက် သော ဝေမာနိကပြိတ္တာမတို့ကို မြင်၍ တစ်ပါးသော ကျွန်းငယ်၌လျှင် ရွှေဗိမာန် ဝယ်သုံးကျိပ်နှစ်ယောက်ကုန်သော ဝေမာနိက ပြိတ္တာမတို့ကို မြင်၍ ထိုဝေမာနိက ပြိတ္တာမတို့နှင့်တကွ နတ်စည်းစိမ်ကို ခံစား၍ ထိုပြိတ္တာမတို့သည်လည်း ဆင်းရဲ ခံအံ့သောငှါ သွားသော ကာလ၌ တစ်ဖန် သမုဒ္ဒရာပြင်ဖြင့် သွားလတ်သည် ရှိသော် တစ်ခုသောတံတိုင်းဖြင့် ခြံရံအပ်သော လေးခုသော တံခါးရှိသော မြို့ကို မြင်၏၊ များစွာကုန်သော ငရဲသူ သတ္တဝါတို့သည် ဆင်းရဲကို ခံရာ အရပ်ဖြစ်သော ဥဿဒငရဲသည် မိတ္တဝိန္ဒကအား တန်ဆာဆင်အပ်သော မြို့ကဲ့သို့ ဖြစ်၍ ထင်သ တတ်၊ ထိုမိတ္တဝိန္ဒကသည် ဤမြို့သို့ဝင်၍ ငါသည် မင်းဖြစ်အံ့ဟု ကြံ၍ သင်တုန်း စက်ကို ဦးခေါင်း၌ ရွက်၍ မကောင်းမှုကို ခံရသော ငရဲသူသတ္တဝါကို မြင်၏။

ထိုအခါ ငရဲသူ သတ္တဝါတို့၏ ဦးခေါင်း၌ သင်တုန်းစက်သည် မိတ္တဝိန္ဒကအား ပဒုမ္မာကဲ့သို့ ဖြစ်၍ ထင်၏၊ ရင်၌ ငါးပါးသော အင်္ဂါရှိသော အနှောင်အဖွဲ့သည် ရင်လှမ်းတန်ဆာကဲ့သို့ ဖြစ်၍ ထင်၏၊ ဦးခေါင်းမှ ယိုစီးသော သွေးသည် စန္ဒကူး

နှံသာပျော်င်းကဲ့သို့ ဖြစ်၏၊ ငိုကြွေးသော အသံသည် သာယာစွာသော သီချင်းသံကဲ့သို့ ဖြစ်၍ ထင်၏၊ မိတ္တဝိန္ဒကသည် ထိုငရဲသူသတ္တဝါတို့၏ အထံသို့ သွား၍ အို ယောကျ်ား သင်သည် တင့်တယ်ထွန်းပသော ပဒုမ္မာကို ဆောင်အပ်၏၊ ထိုပဒုမ္မာကို ငါ့အား ပေးလော့ဟု ဆို၏၊ အချင်း ဤဝတ္ထုကား ပဒုမ္မာမဟုတ်၊ ဤဝတ္ထုသည် သင်တုန်းစက်တည်းဟု ငရဲသူ သတ္တဝါတို့သည် ဆို၏၊ မိတ္တဝိန္ဒကလည်း အို ယောကျ်ား သင်သည်ကား ငါ့အား မပေးလိုသည်၏ အဖြစ်ကြောင့် ဤသို့ ဆို၏ဟု ဆို၏၊ ငရဲသူသတ္တဝါသည်လည်း ငါ၏ ကံသည် ကုန်သည် ဖြစ်လတ္တံ့၊ ဤယောကျ်ားသည်လည်း ငါကဲ့သို့ အမိကို ပုတ်ခတ်၍ လာသည်ဖြစ်ရာ၏၊ ထိုယောကျ်ားအား ငါသည် သင်တုန်းစက်ကို ပေးအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုအခါ မိတ္တဝိန္ဒကကို ငရဲသူ သတ္တဝါသည် အိုယောကျ်ား သင်သည် လာလော့၊ ဤငတ္တုကို ယူလော့ဟု ဆို၍ သင်တုန်းစက်ကို မိတ္တဝိန္ဒက၏ ဦးခေါင်းသို့ ပစ်အပ်သော် ထိုသင်တုန်းစက်သည် မိတ္တဝိန္ဒက၏ ဦးခေါင်းသို့ ကျ၏။

ထိုခဏ၌ မိတ္တဝိန္ဒကသည် ထိုဝတ္ထုကို သင်တုန်းစက်ဟု သိ၍ သင်၏ သင်တုန်းစက်ကို သင် ယူလော့ဟု ဝေဒနာသို့ ရောက်သည် ဖြစ်၍ ငိုကြွေး၏၊ ငရဲသူသတ္တဝါသည်လည်း ကွယ်လေ၏၊ ထိုအခါ ဘုရားလောင်းသည် ရုက္ခစိုးနတ် ဖြစ်၍ များစွာသော အခြံအရံတို့ဖြင့် ဥဿဒငရဲသို့ ဒေသစာရီ လှည့်လည်သည် ရှိသော် ထိုအရပ်သို့ ရောက်၏၊ မိတ္တဝိန္ဒကသည် ဘုရားလောင်းကို မြင်၍ ရှင်နတ်မင်း သင်တုန်းစက်သည် ကျည်ပွေ့သည် နှမ်းတို့ကို ကြိတ်သကဲ့သို့ အကျွန်ုပ်ကို ကြိတ်၏၊ အကျွန်ုပ်သည် အဘယ် မကောင်းမှုကို ပြုအပ်သနည်းဟု မေးလို၍ ဤဂါထာတို့ကို ဆို၏—

၁။ စတုဒ္ဒါရမိဒံ နဂရံ၊ အာယသံ ဒဠှပါကာရံ။
ဩရုဒ္ဓပဋိရုဒ္ဓေါသ္မိ၊ ကိံ ပါပံ ပကတံ မယာ။

၂။ သဗ္ဗေ အပိဟိတာ ဒွါရာ၊ ဩရုဒ္ဓေါသ္မိ ယထာ ဒိဇော။
ကိမာဓိကရဏံ ယက္ခ၊ စက္ကာဘိနိဟတော အဟံ။

အရှင်နတ်မင်း ဤမြို့သည် တံခါးလေးခုရှိ၏၊ သံဖြင့် ပြီးသော မြဲမြံသော တံတိုင်းရှိ၏၊ အကျွန်ုပ်ကို အတွင်း၌ ထား၍ ထက်ဝန်းကျင်မှ တံတိုင်းဖြင့် ရံအပ်၏၊ အကျွန်ုပ်သည် အဘယ်မကောင်းမှုကို ပြုအပ်သနည်း။

ခပ်သိမ်းကုန်သော တံခါးတို့ကို ပိတ်အပ်ကုန်သော ငှက်ကဲ့သို့ အကျွန်ုပ်ကို ထက်ဝန်းကျင်မှ ပိတ်အပ်၏၊ အဘယ်အကြောင်းကြောင့် အကျွန်ုပ်ကို သင်တုန်းစက်သည် နှိပ်စက်အပ်သနည်း။

ထိုအခါ နတ်သားသည် မိတ္တဝိန္ဒကအား အကြောင်းစုံကို ဆိုအံ့သောငှါ ဤဂါထာတို့ကို ဆို၏—

၃။ လဒ္ဓါ သတသဟဿာနိ၊ အတိရေကာနိ ဝီသတိ။
အနုကမ္ပကာနံ ဉာတီနံ၊ ဝစနံ သမ္မ နာကရိ။

၄။ လင်္ဃိံ သမုဒ္ဒံ ပက္ခန္ဒိံ၊ သာဂရံ အပ္ပသိဒ္ဓိကံ။
စတုဗ္ဘိ အဋ္ဌဇ္ဈဂမာ၊ အဋ္ဌာဟိပိ စ သောဠသ။

၅။ သောဠသာဟိ စ ဗာတ္တိံသ၊ အတြိစ္ဆံ စက္ကမာသဒေါ။
ဣစ္ဆာဟတဿ ပေါသဿ၊ စက္ကံ ဘမတိ မတ္ထကေ။

၆။ ဥပရိဝိသာလာ ဒုပ္ပူရာ၊ ဣစ္ဆာ ဝိသဋဂါမိနီ။
ယေ စ တံ အနုဂိဇ္ဈန္တိ၊ တေ ဟောန္တိ စက္ကဓာရိနော။

၇။ ဗဟုဘဏ္ဍံ အဝဟာယ၊ မဂ္ဂံ အပ္ပဋိဝေက္ခိယ။
ယေသံ စေတံ အသင်္ခါတံ၊ တေ ဟောန္တိ စက္ကဓာရိနော။

၈။ ကမ္မံ သမေက္ခေ ဝိပုလံ စ ဘောဂံ၊ ဣစ္ဆံ န သေဝေယျ အနတ္ထသံဟိတံ။
ကရေယျ ဝါကျံ အနုကမ္ပကာနံ၊ တံ တာဒိသံ နာတိဝတ္တေယျ စက္ကံ။

အချင်း မိတ္တဝိန္ဒက သင်သည် တစ်သိန်းနှစ်သောင်းကုန်သော ဥစ္စာတို့ကို ရ၍ အစဉ်သနားဟတ်ကုန်သော ဆွေမျိုးတို့၏ စကားကို မလိုက်နာ။

လှေကို တံပိုးအဟုန်ဖြင့် ခုန်စေနိုင်စွမ်းသော ရတနာတို့၏ တည်ရာဖြစ်သော နည်းသော ပြီးစီးခြင်းရှိသော သမုဒ္ဒရာသို့ သွား၏၊ ဝေမာနိကပြိတ္တာမ လေးယောက်တို့မှ ဝေမာနိကပြိတ္တာမ ရှစ်ယောက်တို့ကို ရ၏၊ ဝေမာနိကပြိတ္တာမ ရှစ်ယောက်တို့မှလည်း ဝေမာနိကပြိတ္တာမ တစ်ဆယ့်ခြောက်ယောက်တို့ကို ရ၏၊ ဝေမာနိကပြိတ္တာမ တစ်ဆယ့်ခြောက်ယောက်တို့မှလည်း ဝေမာနိကပြိတ္တာမ သုံးဆယ့်နှစ်ယောက်တို့ကို ရ၏၊ အလွန် အလိုကြီးသော သင်သည် မိခင်ကို ပုတ်ခတ်သော အကုသိုလ်ကံ၏ အကျိုးကြောင့် သင်တုန်းစက်သို့ ရောက်၏၊ လိုချင်မှုသည် နှိပ်စက်ခံရသော ယောကျ်ားဖြစ်သော သင်၏ ဦးခေါင်းထက်၌ သင်တုန်းစက်သည် လည်၏။

အထက်ကျယ်ထသော ပြည့်နိုင်ခဲသော အလိုရှိရာသို့ လိုက်သော ထိုတဏှာကို အဖန်တလဲလဲ တပ်စွန်းကုန်သော သူတို့သည် သင်တုန်းစက်ကို ဆောင်ရတတ်ကုန်၏။

သင်သည် များစွာသော ဥစ္စာကိုလည်း စွန့်၍ ခရီးကို မဆင်ခြင်ဘဲ သွား၏၊ မဆင်ခြင်မူ၍ ထိုခရီးသို့ သွားကုန်သော သူတို့သည်လည်း သင်တုန်းစက်ကို ဆောင်ရတတ်ကုန်၏။

အမှုကို ဆင်ခြင်သောသူ, များပြားသော စည်းစိမ်ကို ဆင်ခြင်သောသူ အကျိုးမရှိသော အလိုကို မမှီဝဲသူ အစဉ်သနားတတ်ကုန်သော မိဘတို့၏ စကားကိုလိုက်နာတတ်သောသူတို့ကို သင်တုန်းစက်သည် မနှိပ်စက် မလွှမ်းမိုးနိုင်။

မိတ္တဝိန္ဒကသည် ထိုစကားကို ကြား၍ ဤနတ်သားသည် ငါပြုသော အမှုကို အမှန်အားဖြင့် သိ၏၊ ဤနတ်သားသည် ငါ၏ ဆင်းရဲမှ လွတ်အံ့သော ကာလ အတိုင်းအရှည်ကိုလည်း သိလတ္တံ့၊ နတ်သားကို မေးအံ့ဟု ကြံ၍ ဤဂါထာကို ဆို၏—

၉။ ကီဝစိရံ နု မေ ယက္ခ၊ စက္ကံ သိရသိ ဌဿတိ။
ကတိ ဝဿသဟဿာနိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ရှင်နတ်မင်း သင်တုန်းစက်သည် အဘယ်မျှ ကြာမြင့်စွာလျှင် ငါ၏ ဦးခေါင်း၌ တည်လတ္တံ့နည်း၊ အဘယ်မျှသော နှစ်အထောင်တို့ပတ်လုံး တည်လတ္တံ့နည်း၊ မေးအပ်သော အရှင်နတ်မင်းသည် ငါ့အား ထိုအကြောင်းကို ကြားလော့။

ထိုအခါ ဘုရားလောင်းသည် မိတ္တဝိန္ဒကအား ဆိုလို၍ ဤဂါထာကို ဆို၏—

၁၀။ အတိသရော ပစ္စသရော၊ မိတ္တဝိန္ဒ သုဏောဟိ မေ။
စက္ကံ တေ သိရသိ မာဝိဒ္ဓံ၊ န တံ ဇီဝံ ပမောက္ခသိ။

မိတ္တဝိန္ဒက ငါ၏စကားကို သင်သည် နာလော့၊ သင်သည် အလွန်ကြမ်းကြုတ်သော အမှုကို ပြုအပ်သည်၏ အဖြစ်ကြောင့် အတိုင်းအရှည်မရှိသော ကာလ ပတ်လုံး အလွန်ကြီးသော ဆင်းရဲကို အောက်မေ့ရလတ္တံ့၊ အဖန်တလဲလဲ အလွန်ကြီးသော ဆင်းရဲကို အောက်မေ့ရလတ္တံ့၊ သင်၏ ဦးခေါင်း၌ သင်တုန်းစက်သည် အိုးထိန်းစက်ကဲ့သို့ လည်၏၊ ထိုသင်တုန်းစက်ကို သင်သည် ကံ၏အကျိုး မကုန်သရွေ့ ကာလပတ်လုံး အသက်ရှည်လျက် မလွှတ်စေနိုင်လတ္တံ့။

နတ်သားသည် ဤစကားကို ဆို၍ မိမိနေရာ အရပ်သို့လျှင် သွား၏၊ မိတ္တဝိန္ဒက သည်လည်း ကြီးစွာသော ဆင်းရဲကိုခံရ၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဆုံးမခက်သော ရဟန်းသည် ထိုအခါ မိတ္တဝိန္ဒက ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရား သည်လျှင် ထိုအခါ နတ်မင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မိဘစကား၊ စဉ်သနား၊ ထောင်နား စိုက်ကြရာ)

လေးရာသုံးဆယ့်ကိုးခုမြောက်သော စတုဒွါရဇာတ်သည် ပြီး၏။

---

၄၄၀-ကဏှဇာတ်

အကျင့်ကောင်းခြင်းသည် အဆင်းလှပခြင်းပင် မည်ခြင်း

လူသာ အို၍ စိတ်မအို

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည်"ကဏှော ဝတာယံ"အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဏှဇာတ်ကို ကပိလဝတ်ပြည်ကို အမှီပြု၍ နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပြုံးတော်မူခြင်း ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ သဗ္ဗညု မြတ်စွာဘုရားသည် ညချမ်းအချိန်ဝယ် နိဂြောဓာရုံ ကျောင်းတော်၌ ရဟန်းသံဃာ ခြံရံလျက် စင်္ကြံကြွသွားတော်မူလတ်သည် ရှိသော် မထင်ရှားသော အရပ်၌ ပြုံးခြင်းကို ပြုတော်မူသတတ်၊ အရှင်အာနန္ဒာ မထေရ်သည် သဗ္ဗညုမြတ်စွာဘုရား ပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ် သို့နည်း၊ သဗ္ဗညုမြတ်စွာဘုရားရှင်ကို မေးလျှောက်အံ့ဟု လက်အုပ်ချီ၍ ပြုံးတော် မူခြင်း၏ အကြောင်းကို မေးလျှောက်၏။

ထိုအခါ အရှင်အာနန္ဒာ မထေရ်အား သဗ္ဗညု မြတ်စွာဘုရားသည် ဖြစ်ဖူးသော ဇာတ်ကို ဟောတော်မူ၏၊ အာနန္ဒာ ကဏှ မည်သော ရသေ့သည် ဖြစ်ဖူး၏၊ ထိုရသေ့သည် ဤအရပ်၌ ဈာန်ဖြင့် မွေ့လျော်သည် ဖြစ်၍ နေ၏၊ ထိုရသေ့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်၏ဟု

ပြုံးခြင်း၏ အကြောင်းကို မိန့်ဘော်မူ၍ ထိုဝတ္ထုသည် မထင်ရှားသည် အဖြစ်ကြောင့် ထင်ရှားဖြစ်စိမ့်သောငှါ အရှင်အာနန္ဒာ မထေရ်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်သေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သားမရှိသော တစ်ယောက်သော ပုဏ္ဏားသည် သီလကို ဆောက်တည်၍ သားဆုတောင်းသည်ရှိသော် ဘုရားလောင်းသည် ထိုပုဏ္ဏား၏ ပုဏ္ဏေးမဝမ်း၌ ဖြစ်၏၊ မည်းသောအဆင်းရှိသည်၏အဖြစ်ကြောင့်ကား ဘုရားလောင်းအား အမည်မှည့်သော နေ့၌ ကဏှသဘ္ဘသားဟူသော အမည် ကို မှည့်ကုန်၏၊ထိုကဏှသတို့သားသည် တစ်ဆယ့်ခြောက်နှစ်ရှိသော ကာလ မြဆင်းတုကဲ့သို့ တင့်တယ်ခြင်း ရှိ၏၊ အဘသည် အတဘ်ကို သင်စိမ့်သောငှါ စေလွှတ်အပ်သည် ဖြစ်၍ တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော ဒ႑တတ်တို့ကို သင်ပြီး၍ ပြန်လာ၏။

ထိုအခါ ကဏှသတို့သားကို အဘသည် လျောက်ပတ်သော မယားနှင့် ယှဉ်စေ၏၊ ထိုကဏှသတို့သားသည် မိဘတို့၏ လွန်သော ကာလ၌ ခပ်သိမ်းသော ဥစ္စာစည်းစိမ်ကို စီရင်၏၊ တစ်နေ့သ၌ ရတနာ ကျီကြတို့ကို ကြည့်၍ ပလ္လင်၏ အလယ်၌ နေ၍ ရွှေပေကို ဆောင်ခဲ့စေ၏၊ ဤမျှသော ဥစ္စာကို ဤအမည်ရှိသော သူသည် ဖြစ်စေအပ်၏၊ ဤမျှသော ဥစ္စာကို ဤအမည်ရှိသော သူသည် ဖြစ်စေအပ်၏၊ ဤသို့ ရေး၌ ဖြစ်ကုန်သော အမျိုးတို့သည် ရွှေပေ၌ ရေးအပ်ကုန်သော အက္ခရာတို့ကို ကြည့်၍ အကြင် သူတို့သည် ဤဥစ္စာကို ဖြစ်စေအပ်၏၊ထိုသူတို့သည် မထင်ကုန်၊ဥစ္စာသည်သာလျှင် ထင်၏၊ ဤဥစ္စာကို ယူ၍ သွားသော တစ်ယောက်သောသူ မည်သည်လည်း မရှိ၊ ဥစ္စာကို ထုပ်၍ တမလွန်သို့ ယူအံ့သောငှါ တစ်စုံတစ်ယောက်သော သူသည် မစွမ်းနိုင်၊မင်း႑ခိုးသူ႑မီး႑ရေ႑မချစ်သောသူ ရန်သူမျိုးငါးပါးတို့၏ ဆက်ဆံသည်၏ အဖြစ်ကြောင့် အနှစ်မရှိသော ဥစ္စာ၏ အနှစ်ကား အလှူပေးခြင်းလျှင်တည်း၊ များစွာသော ရောဂါတို့နှင့် ဆက်ဆံသည်၏ အဖြစ်ကြောင့် အနှစ်မရှိသော ကိုယ်၏ အနှစ်သည်ကား သီလရှိကုန်သော သူတို့၌ ရှိခိုးခြင်း အစရှိသော အဖြစ်လျှင်တည်း၊ အနိစ္စတာသည် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် အနှစ်မရှိသော အသက်၏ အနှစ်သည်ကား အနိစ္စ အစရှိသည်တို့၏ အစွမ်းအားဖြင့် ဝိပဿနာ စီးဖြန်းခြင်းလျှင်တည်း၊ ထို့ကြောင့် ငါသည် အနှစ်မရှိကုန်သော ဥစ္စာတို့မှ အနှစ်ကို ယူအံ့သောငှါ အလှူကို ပေးအံ့ဟု ကြံ၏၊ ကြံပြီးလျှင် ထိုကဏှမည်သော ဘုရားလောင်းသည် နေရာမှ ထ၍ မင်း၏ အထံသို့ သွား၍ မင်းကို ပန်၍ အလှူကြီးပေးခြင်းကို ဖြစ်စေ၏။

ခုနစ်ရက်တိုင်အောင် ဥစ္စာတို့၏ မကုန်ခြင်းကို မြင်၍ ဥစ္စာဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း၊ အိုခြင်း တရားသည် ငါ့ကို မနှိပ်စက်မီ ရဟန်းပြု၍ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားအံ့ဟု ကြံ၍ အိမ်၌ ခပ်သိမ်းသော တံခါးတို့ကို ဖွင့်စေ၍ ငါလှူအပ်သည်သာလျှင် ဖြစ်၏၊ ဆောင်ယူစေကုန်သတည်းဟု ဆို၍ မစင်ကို စက်ဆုပ်သကဲ့သို့ ဝတ္ထုကာမတို့ကို ပယ်၍ လူများ ငိုကြွေးစဉ် မြို့မှ ထွက်၍ ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်းပြုပြီးလျှင် မိမိ နေရာအကျိုးငှါ နှလုံးမွေ့လျော်ဖွယ်ရှိသော မြေအဖို့ကို ကြည့်လျက် ဤအရပ်သို့ ရောက်၍ ဤအရပ်၌ နေအံ့ဟု တစ်ခုသော ဣန္ဒဝါရုဏီမည်သော သစ်ပင်ကို ဆွမ်းခံရွာပြု၍ အမှီဌာနပြု၍ ထိုသစ်ပင်ရင်း၌သာလျှင် နေ၏၊ ရွာနီးကျောင်းကို ပယ်၍ အာရညကင် ဆောက်တည်၏၊ သစ်ရွက်မိုးသော ကျောင်းကို မပြုမူ၍ ရုက္ခမူ ဆောက်တည်၏၊ အဗ္ဘောကာသင်္ဂကို ဆောက်တည်၏၊ နိသဇ္ဇဝတင်ကို ဆောက်တည်၏၊ အကယ်၍ အိပ်ငြားအံ့၊ မြေ၌သာလျှင် အိပ်၏၊ သွားဟူသော ကျည်ပွေ့ရှိသည်ဖြစ်၍ မီးဖြင့် မချက်သော အာဟာရကိုသာလျှင် စား၏၊ သလေးမုယောအစရှိသော တစ်စုံတစ်ခုသော အာဟာရကို မစား၊ တစ်နေ့၌ တစ်ကြိမ်သာလျှင် စား၏၊ ဧကာသနိက်ဆောက်တည်၏၊ မြေဝယ် ပြန့်သော အရောင်၌ အရိပ်ကဲ့သို့ အသက် အပိုင်းအခြား ရှိသည် ဖြစ်၍ ထိုမျှလောက်ကုန်သော ထိုဓုတင်တို့ကို ဆောက်တည်၍ နေ၏။

ဤကဏှဇာတ်၌ ဘုရားလောင်းသည် အလွန် အလိုနည်းသတတ်၊ ထိုဘုရားလောင်းသည် မကြာမြင့်မီလျှင် အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ ဈာန်ကစားခြင်းကို ကစားလျက် ထိုအရပ်၌လျှင် နေ၏၊ သစ်သီး ကြီးငယ် အကျိုးငှါလည်း တစ်ပါးအရပ်သို့ မသွား၊ သစ်ပင်၏ အသီး သီးသောကာလ၌ သစ်သီးကို စား၏၊ ပွင့်သောကာလ၌ အပွင့်ကို စား၏၊ အရွက်ဖြစ်သော ကာလ၌ အရွက်ကို စား၏၊ အရွက်မရှိသောကာလ၌ အမှေးကို စား၏၊ ဤသို့ မြတ်သော ရောင့်ရဲခြင်းရှိသည် ဖြစ်၍ ဤအရပ်၌ ကြာမြင့်စွာ နေ၏၊ ထိုဘုရားလောင်းသည် တစ်နေ့သ၌ နံနက်အခါ သစ်ပင်၏မှည့်သော အသီးတို့ကို ယူ၏၊ ယူသော်လည်း လောဘ၏ အစွမ်းအားဖြင့် ကျက်စားခြင်း မရှိသဖြင့် ထ၍ တစ်ပါးသော အရပ်၌ မယူ၊ ထိုင်မြဲ တိုင်းလျှင် လက်ကို ဖြန့်၍ လက်ဖြန့်မှု အရပ်၌ တည်ကုန်သော အသီးတို့ကို ယူ၏၊ ထိုလက်လှမ်းမှီသော အသီးတို့တွင်လည်း နှစ်သက်ဖွယ်ရှိသော အသီးတို့ကို မရွေးမူ၍ ရတိုင်းရတိုင်းသော အသီးကိုသာလျှင် ယူ၏။

ဤသို့အလွန်မြတ်သော ရောင့်ရဲခြင်းရှိသော ထိုဘုရားလောင်း၏ သီလတန်ခိုးအားဖြင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်နေရာသည် ပူသော အခြင်းအရာကို ပြ၏၊ ပဏ္ဍုကမ္ဗလာသည် သိကြားမင်း၏ အသက် ကုန်သဖြင့်လည်း

ပူသည်ဖြစ်သတတ်၊ ကောင်းမှုကုန်သဖြင့်လည်း ပူသည် ဖြစ်သတတ်၊ တစ်ပါးသော အာနုဘော်ကြီးသောသူသည် ထိုသိကြားအရာကို တောင့်တသဖြင့်လည်း ပူသည် ဖြစ်သတတ်၊ တရားစောင့်ကုန်သော ကြီးသောတန်ခိုးရှိကုန်သော ရဟန်းပုဏ္ဏား တို့၏ သီလတန်ခိုးအားဖြင့်လည်းကောင်း, ဒါန တန်ခိုးအားဖြင့် လည်းကောင်း ပူသည် ဖြစ်သတတ်၊ သိကြားမင်းသည် ငါ့ကို အဘယ်သူသည်လျှင် နေရာမှ ရွှေစေလိုသနည်းဟု ဆင်ခြင်၍ ဤအရပ်၌ သစ်သီးတို့ကို ဆွတ်ယူလျက် နေသော ကဏှရသေ့ကို မြင်၍ ဤရသေ့သည် ပြင်းထန်သော အကျင့် ရှိ၏၊ ကောင်းစွာ ထားအပ်သော ဣန္ဒြေရှိ၏၊ ဤရသေ့ကို တရားဟောစေသဖြင့် မြတ်သောအသံကို ဖြစ်စေ၍ ချမ်းသာခြင်း၏ အကြောင်းကို ကြားစေ၍ ဆုပေးသဖြင့် နှစ်သက် စေ၍ ဤသစ်ပင်ကို အမြဲသီးသော အသီးရှိသည်ကို ပြု၍ လာအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုသိကြားမင်းသည် ကြီးစွာသော အာနုဘော်ဖြင့် လျင်မြန်စွာ ဆင်းသက်၍ ထိုသစ်ပင်ရင်းဝယ် ကဏှရသေ့၏နောက်အဖို့၌ ရပ်၍ မိမိကျေးဇူးမဲ့ကို ဆိုသည် ရှိသော် အမျက်ထွက်လတ္တံ့လော၊ မထွက်လတ္တံ့လောဟု စုံစမ်းလိုရကား ဤဂါထာကို ဆို၏—

၁၁။ ကဏှော ဝတာယံ ပုရိသော၊ ကဏှံ ဘုဉ္ဇတိ ဘောဇနံ။
ကဏှေ ဘူမိပဒေသသ္မိံ၊ န မယှံ မနသော ပိယော။

စင်စစ် မည်းသော အဆင်းရှိသော ဤယောကျ်ားသည် မည်းနက်သော မြေအရပ်၌ မည်းနက်သော အဆင်းရှိသော သစ်သီးအစာကို စား၏။ ငါ၏ စိတ်သည် မချစ်။

ကဏှရသေ့သည် သိကြားမင်း၏ စကားကို ကြား၍ အဘယ်သူသည်လျှင် ငါနှင့်တကွ ပြောဆိုသနည်းဟု ဒိဗ္ဗစက္ခုဖြင့် ကြည့်လတ်သော် သိကြားဟု သိ၍ ပြန်၍ မကြည့်မူ၍လျှင် ဤဂါထာကို ဆို၏—

၁၂။ န ကဏှော တစသာ ဟောတိ၊ အန္တောသာရော ဟိ ဗြာဟ္မဏော။
ယသ္မိံ ပါပါနိ ကမ္မာနိ၊ သ ဝေ ကဏှော သုဇမ္ပတိ။

သုဇာနတ်သမီး၏လင် အဆင်းအရေဖြင့် မည်းနက်ခြင်းသည် မည်းနက်သည် မမည်။ မှန်၏၊ အတွင်း၌ သီလ သမာဓိ အစရှိသော အနှစ်တို့နှင့် ပြည့်စုံသော သူသည် ဗြာဟ္မဏမည်၏၊ အကြင်သူ၌ မကောင်းမှုကံတို့ ရှိကုန်၏။ ထိုသူသည် စင်စစ် မည်းနက်၏။

ဤသို့ ဆိုပြီး၍ သတ္တဝါတို့၏ မည်းသောအဖြစ်ကို ပြုတတ်ကုန်သော ကံတို့ကို ကေဝိဓ အစရှိကုန်သော ကံအပြားတို့ဖြင့် အကျယ်ချဲ့၍ သီလ အစရှိကုန်သော ကျေးဇူးတို့ကို ချီးမွမ်း၍ ကောင်းကင်၌ လကို ထင်စေသကဲ့သို့ သိကြားမင်းအား တရားဟော၏၊ သိကြားမင်းသည် ဘုရားလောင်း၏ တရားစကားကို နာရ၍ နှစ်သက်ဝမ်းမြောက်သည် ဖြစ်၍ ဘုရားလောင်းကို ဆုဖြင့် ဖိတ်လိုရကား ဤဂါထာကို ဆို၏—

၁၃။ ဧတသ္မိံ တေ သုလပိတေ၊ ပတိရူပေ သုဘာသိတေ။
ဝရံ ဗြာဟ္မဏ တေ ဒမ္မိ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။

မကောင်းမှုကို အပြုသော ရှင်ရသေ့ သင်ရှင်ရသေ့သည် ထိုစကားကို ကောင်းစွာ မိန့်ဆိုအပ်သည် ရှိသော် လျောက်ပတ်သော စကားကို ကောင်းစွာ သိုအပ်သည် ရှိသော် အမှတ်မရှိသော သင့်စိတ်တွင် အလိုရှိသော ဆုကို သင့်အား ငါပေးအံ့။

ဘုရားလောင်းသည် ထိုစကားကို ကြား၍ သိကြားမင်းသည် မိမိကျေးဇူးမဲ့ကို ဆိုသည် ရှိသော် အမျက်ထွက်လတ္တံ့လော၊ မထွက်လတ္တံ့လောဟု စုံစမ်းလျက် ငါ၏ အရေအဆင်းကိုလည်းကောင်း၊ အစာကိုလည်းကောင်း၊ နေရာကို လည်းကောင်း ကဲ့ရဲ့၍ ယခု ငါ၏ အမျက်မထွက်သော အဖြစ်ကို သိ၍ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဆုကို ပေး၏၊ ဤသိကြားမင်းသည် ငါ့ကို သိကြားမင်း စည်းစိမ် ဗြဟ္မာ့စည်းစိမ်တို့၏ အကျိုးငှါ မြတ်သော အကျင့်ကို ကျင့်၏ ဟူ၍လည်း ထင်မှတ်ရာ၏၊ ထိုသို့ ထင်မှတ်ရာ၌ သိကြားမင်းအား ယုံမှားကင်းစေခြင်းငှါ အမျက်ထွက်ခြင်း ပြစ်မှားခြင်းတို့သည် ငါ့အား မဖြစ်စေကုန်သတည်း၊ သူ့စည်းစိမ်၌ တပ်စွန်းခြင်းသည်လည်း ငါ့အား မဖြစ်စေသတည်း၊ သူတစ်ပါးတို့၌ ချစ်ခြင်းသည်လည်း ငါ့အား မဖြစ်စေသတည်း၊ လျစ်လျူ ရှု၍သာလျှင် ငါသည် နေနိုင်လို၏ဟု ဤလေးပါးကုန်သော ဆုတို့ကို ငါသည် ယူခြင်းငှါ သင့်၏ဟု ကြံပြီး၍ ထိုဘုရားလောင်းသည် သိကြားမင်းအား ယုံမှားကင်းစေခြင်းငှါ အကျိုးလေးပါးကုန်သော ဆုတို့ကို ယူလို၍ ဤဂါထာကို ဆို၏—

၁၄။ ဝရဉ္စေ မေ အဒေါ သက္က၊ သဗ္ဗဘူတာနမိဿရ။
သုနိက္ကောဓံ သုနိဒ္ဒေါသံ၊ နိလ္လောဘံ ဝုတ္တိမတ္တနော။
နိသ္နေဟမဘိကင်္ခါမိ၊ ဧတေ မေ စတုရော ဝရေ။

ခပ်သိမ်းကုန်သော သတ္တဝါတို့ကို အစိုးရသော သိကြားမင်း ငါ့အား ဆုကို သင်သည် အကယ်၍ ပေးငြားအံ့၊ ငါသည် အမျက်ထွက်ခြင်း မရှိသော

အဖြစ်ကိုလည်းကောင်း၊ အလွန်ပြစ်မှားခြင်းမရှိသော အဖြစ်ကိုလည်းကောင်း၊ သောကမရှိသော အဖြစ်ကိုလည်းကောင်း၊ ချစ်ခြင်းမရှိသော အဖြစ်ကိုလည်းကောင်း မိမိ၏ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော သဘောရှိသော ဖြစ်ခြင်းကို အလိုရှိ၏၊ ငါ့အား လေးပါးကုန်သော ထိုဆုတို့ကို ပေးလော့။

ဤသို့ ဘုရားလောင်းသည် အကြောင်းအခြင်းဖြင့် သိကြားမင်း၏ အထံ၌ ဆုကို ယူ၍ ပေးသဖြင့် အမျက်ထွက်ခြင်း အစရှိသည်တို့ကို ပယ်ခြင်း၌ မတတ်ကောင်းဟူ၍ မသိလေသဟူမူကား မသိသည် မဟုတ်၊ သိသည်သာလျှင် ဖြစ်၏။ သို့ငြားသော်လည်း သိကြားမင်းသည် ဆုပေးသည် ရှိသော် ဆုကို ငါမယူဟု ဆိုခြင်းသည် မလျော်ကန်ရာ၊ ထို့ကြောင့် သိကြားမင်းသည် ယုံမှားကင်းစေခြင်း အကျိုးငှါ ထိုအခြင်းဖြင့် ဆုကို ယူ၏၊ ထို့နောင်မှ သိကြားမင်းသည်လည်း ကဏှပညာရှိသည် ဆုကို ယူသည် ရှိသော် အလွန်လျှင် အပြစ်ကင်းကုန်သော ဆုကို ယူ၏၊ ထိုဆုတို့၌ ကျေးဇူးအပြစ်ကို ကဏှ ပညာရှိကိုလျှင် မေးအံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုအခါ ကဏှပညာရှိကို မေးလိုသော သိကြားမင်းသည် ဤဂါထာကို ဆို၏–

၁၅။ ကိံ နု ကောဓေ ဝါ ဒေါသေ ဝါ၊ လောဘေ သ္နေဟေ စ ဗြာဟ္မဏ။
အာဒီနဝံ တွံ ပဿသိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

မကောင်းမှုကို အပပြုပြီးသော ရှင်ရသေ့ သင်သည် အမျက်ထွက်ခြင်း၌လည်းကောင်း၊ ပြစ်မှားခြင်း၌လည်းကောင်း၊ တပ်စွန်းခြင်း၌လည်းကောင်း၊ ချစ်ခြင်း၌လည်းကောင်း အဘယ်အပြစ်ကို မြင်သနည်း၊ မေးအပ်သော သင်သည် ငါ့အား ထိုအပြစ်ကို ဆိုလော့။

ထိုအခါ သိကြားမင်းကို ဘုရားလောင်းသည် သိကြားမင်း ထိုသို့တပြီးကား နာလော့ဟု ဆို၍ ဤဂါထာတို့ကို ဆို၏–

၁၆။ အခန္တိ ဟုတ္တွာ ဗဟု ဟောတိ၊ ဝဍ္ဎတေ သော အခန္တိဇော။
အာသင်္ဂီ ဗဟုပါယာသော၊ တသ္မာ ကောဓံ န ရောစယေ။

၁၇။ ဒုဋ္ဌဿ ဖရုသာ ဝါစာ၊ ပရာမာသော အနန္တရာ။
တတော ပါဏိ တတော ဒဏ္ဍော၊ သတ္ထဿ ပရမာ ဂတိ။
ဒေါသော ကောဓသမုဋ္ဌာနော၊ တသ္မာ ဒေါသံ န ရောစယေ။

၁၈။ အာလောပ သာဟသာကာရာ၊ နိကတိ ဝဉ္စနာနိ စ။
ဒိဿန္တိ လောဘဓမ္မေသု၊ တသ္မာ လောဘံ န ရောစယေ။

၁၉။ သ္နေဟသင်္ဂထိတာ ဂန္ထာ၊ သေန္တိ မနောမယာ ပုထူ။
တေ ဘုသံ ဥပတာပေန္တိ၊ တသ္မာ သ္နေဟံ န ရောစယေ။

သိကြားမင်း သည်းမခံခြင်းကြောင့် ဖြစ်သော ထိုအမျက်ထွက်ခြင်းသည်ကား ရှေးဦးစွာ အနည်းငယ်သာ ဖြစ်၍ နောက်ပြီးတစ်ခါ များစွာ ဖြစ်တတ်၏။ အဆင့်ဆင့် ပွားတတ်၊ ကင်ငြိခြင်းကို ပြုတတ်၏။ များသော ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းကို ဖြစ်စေတတ်၏။ ထိုသို့ များစွာသော အပြစ်ရှိသောကြောင့် အမျက်ထွက်ခြင်းကို ငါသည် မနှစ်သက်။

တစ်ထောင်သော သူတို့ ကြံအပ်သော အနက်ကို တစ်ခဏချင်း သင်မြင်စွမ်းနိုင်သော ပညာမျက်စိ ရှိသော သိကြားမင်း ကောဓကြောင့် ဖြစ်သော ပြစ်မှားခြင်း လက္ခဏာရှိသော ဒေါသဖြင့် အမျက်ထွက်ပြီး၍ နောက်အဖို့၌ ပြစ်မှားသောသူအား ကြမ်းကြုတ်ရန့်ရင်းသော စကားကို ဆိုတတ်၏၊ ကြမ်းကြုတ်သော စကားကို ဆိုပြီးသည်၏ အခြားမဲ့၌ ဆွဲငင်ခြင်း စသည်ဖြင့် ထိပါးတတ်၏၊ ထိပါးသည်၏ အခြားမဲ့၌ လက်ဖြင့် ပုတ်ခတ်တတ်၏၊ ထိုသို့ လက်ရောက်ပြီးသည်မှ တုတ်လှံတံဖြင့် ပုတ်ခတ်တတ်၏၊ ထိုတုတ်လှံတံဖြင့် ပုတ်ခတ်ပြီးသည်မှ ဓားလက်နက်ကို သုံးသပ်ကိုင်စွဲတတ်၏၊ ထိုသို့ များသော အပြစ်ရှိသောကြောင့် ပြစ်မှားခြင်း ဒေါသကို ငါမနှစ်သက်။

သိကြားမင်း ရွာကို လုယက်ခြင်း၊ ရင်၌ ဓား လှံတံ တင်ထား၍ အနိုင် အထက်ပြု၍ ယူခြင်းတို့သည်လည်းကောင်း၊ အတုကို ပြ၍လှည့်စားခြင်း၊ အကြောင်း၌လိမ္မာသည်၏ အဖြစ်ဖြင့် သူတစ်ပါးဥစ္စာကို လည့်ပတ်၍ ယူခြင်းဟူသော လှည့်စားခြင်းတို့သည်လည်းကောင်း သူ့ဥစ္စာကို တပ်သောလောဘ ရှိသော သူတို့၌ ထင်ကုန်၏၊ ထိုသို့ များသော အပြစ်ရှိသောကြောင့် လောဘကို ငါ မနှစ်သက်။

သိကြားမင်း သက်ရှိ သက်မဲ့ ဖြစ်သော သတ္တဝါ သင်္ခါရတို့၌ စေးကပ်ငြိတွယ်ခြင်း လက္ခဏာရှိသော တဏှာဟူသော အစေးဖြင့် စေးကပ် ငြိတွယ်ကုန်သောစိတ်ကြောင့် ဖြစ်ကုန်သော များကုန်သော အဘိဇ္ဈာကာယဂန္ထ အစရှိကုန်သော အကုသိုလ်တရားတို့သည် သတ္တဝါ သင်္ခါရဟု ဆိုအပ်သော အာရုံတို့၌ အဖန်တလဲလဲ ဖြစ်ကုန်၏။ ထိုသတ္တဝါ သင်္ခါရတို့၌ တပ်တတ်သော

တဏှာနှင့် စပ်သော အဘိဇ္ဈာကာယဂန္ထ အစရှိသော အကုသိုလ်တရားတို့သည် ပြင်းစွာ သတ္တဝါတို့ကို ပူပန်စေတတ်ကုန်၏၊ ထိုသို့ များစွာသော အပြစ်ရှိသောကြောင့် အဘိဇ္ဈာကာယဂန္ထ အစရှိသည်တို့၏ အကြောင်းဖြစ်သော တဏှာဟူသော သေ့ဟာကို ငါ မနှစ်သက်။

သိကြားမင်းသည် ဖြေအပ်သော ပြဿနာကို ကြား၍ ကဏှပညာရှိသည် ဤပြဿနာတို့ကို ဘုရား၏ တင့်တယ်စိပယ်ခြင်းဖြင့် ဖြေအပ်ကုန်ပြီ၊ ငါသည် အလွန်လျှင် ရှင်ရသေ့အား နှစ်သက်သည်ဖြစ်၍ တစ်ပါးသော ဆုကို ယူလော့ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၂၀။ ဧတသ္မိံ တေ သုလပိတေ၊ ပတိရူပေ သုဘာသိတေ။
ဝရံ ဗြာဟ္မဏ တေ ဒမ္မိ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။

မကောင်းမှုကို အပပြုပြီးသော ရှင်ရသေ့ ကောင်းစွာ ဟောအပ်သော ရှင်ရသေ့တို့အား လျောက်ပတ်သော ထိုကုသိုလ်ကံ အကုသိုလ်ကံတို့နှင့် စပ်သောတရားကို သင် ရှင်ရသေ့သည် ကောင်းစွာ ဟောအပ်သည် ရှိသော် ငါသည် ကြည်ညိုသောကြောင့် အမှတ်မရှိသော စိတ်ဖြင့် အလိုရှိသော ဆုကို ရှင်ရသေ့အား ငါသည် ပေးအံ့။

ထိုနောင်မှ ဘုရားလောင်းသည် သိကြားဆိုသော ဂါထာ၏ အခြားမဲ့ ဖြစ်သော ဤဂါထာကို ဆို၏—

၂၁။ ဝရဉ္စေ မေ အဒေါ သက္က၊ သဗ္ဗဘူတာန' မိဿရ။
အရဉ္ဉေ မေ ဝိဟရတော၊ နိစ္စံ ဧကဝိဟာရိနော။
အာဗာဓာ မာ ဥပ္ပဇ္ဇေယျုံ၊ အန္တရာယကရာ ဘုသာ။

ခပ်သိမ်းသော စာတုမဟာရာဇ်, တာဝတိံသာ နတ်တို့ကို အစိုးရသော သိကြားမင်း သင်သည် ငါ့အား ဆုကို အကယ်၍ ပေးသည် ဖြစ်အံ့၊ တော၌ ဣရိယာပုထ်လေးပါးကို ဆောင်လျက် အမြဲ တစ်ယောက်တည်းသာ နေလေ့ ရှိသော ငါ့အား ပြင်းစွာကုန်သော မြတ်သောအကျင့်၏ အန္တရာယ်ကို ပြုတတ်ကုန်သော ဒုက္ခနာတို့သည် မဖြစ်စေကုန်သတည်း၊ ဤအန္တရာယ် ကင်းသော ဆုကို ပေးလော့။

ထိုရသေ့စကားကို ကြား၍ သိကြားမင်းသည် ကဏှပညာရှိကား ဆုကို ယူသည် ရှိသော် ပစ္စည်းလေးပါးနှင့်ပေ်သော ဆုကို မယူပေ၊ ခြိုးခြံသောအကျင့်နှင့်စပ်သော ဆုကိုသာလျှင် ယူ၏ဟု ကြံ၍ အတိုင်းထက်အလွန် ကြည်ညိုသည် ဖြစ်၍ တစ်ပါးသော ဆုကိုလည်း ပေးလိုရကား ဤဂါထာကို ဆို၏—

၂၂။ တေသ္မိံ တေ သုလပိတေ၊ ပတိရူပေ သုဘာသိတေ။
ဝရံ ဗြာဟ္မဏ တေ ဒမ္မိ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။

မဖောင်းမှုကို အပပြုပြီးသော ရှင်ရသေ့ ကောင်းစွာ ဟောအပ်သော ရှင်ရသေ့တို့အား လျောက်ပတ်သော ထိုကုသိုလ်ကံ အကုသိုလ်ကံတို့နှင့် စပ်သော တရားကို ရှင်ရသေ့သည် ကောင်းစွာ ဟောအပ်ပြီးသည် ရှိသော် ငါသည် ကြည်ညိုသောကြောင့် အမှတ်မရှိသော စိတ်ဖြင့်အလိုရှိသောဆုကို ရှင်ရသေ့အား ငါသည် ပေး၏။

ဘုရားလောင်းသည် ဆုကို ယူခြင်း၌ ဥပဒေသ နည်းပေးသဖြင့် ယူသော အရိပ်အမြွက်ဖြင့်လည်း ထိုသိကြားမင်းအား တရားဟောလိုရကား ဤဂါထာကို ဆို၏—

၂၃။ ဝရဉ္စေ မေ အဒေါ သက္က၊ သဗ္ဗဘူတာန' မိဿရ။
န မနော ဝါ သရီရံ ဝါ၊ မံ ကတေ သက္က ကဿစိ။
ကဒါစိ ဥပဟညေထ၊ ဧတံ သက္က ဝရံ ဝရေ။

ခပ်သိမ်းကုန်သော စာတုမဟာရာဇ်, တာဝတိံသာ နတ်တို့ကို အစိုးရသော သိကြားမင်း သင်သည် ငါ့အားဆုကို အကယ်၍ ပေးသည်ဖြစ်အံ့၊ သိကြားမင်း ငါ့အကြောင်းကြောင့် တစ်စုံတစ်ယောက်သော သတ္တဝါအား မနောဒွါရသည် လည်းကောင်း၊ ကာယဒွါရ, ဝစီဒွါရသည်လည်းကောင်း တစ်ခါတစ်ရံမျှ ပါဏာတိပါတ စသော ဆယ်ပါးသော ဒုစရိုက်တို့ဖြင့် မပျက်ပါစေလင့်။ သိကြားမင်း ထိုငါ့အကြောင်းကြောင့် တစ်ပါးသော သတ္တဝါတို့အား ဒုစရိုက်ဆယ်ပါး မပွားအံ့သော ဆုကို ယူ၏။

ဤသို့လျှင် ဘုရားလောင်းသည် ခြောက်ပါးသော အရာတို့၌လည်း ဆုကို ယူသည် ရှိသော် ဈာန်ကို မှီသော ဆုကိုသာလျှင် ယူ၏၊ ကိုယ်မည်သည်ကား အနာနှိပ်စက်ခြင်း သဘောရှိ၏၊ ထိုနာခြင်းသဘောရှိသော ကိုယ်ကို သိကြားမင်းသည် နာခြင်းသဘော မရှိသည်ကို ပြုခြင်းငှါ မတတ်ကောင်းဟု ဘုရားလောင်းသည် သိ၏၊ သတ္တဝါတို့၏လည်း သုံးပါးသော ဒွါရတို့၌ စင်ကြယ်သည်၏

အဖြစ်ကို သိကြားမင်းသည် ပြုခြင်းငှါ မတတ်ကောင်း၊ စင်ကြယ်ခြင်းသည် မိမိကိုယ်နှင့်သာ စပ်သလျှင်ကတည်း၊ ဤသို့ ဖြစ်ငြားသော်သည်း ထိုသိကြားမင်းအား တရားဟောခြင်းငှါ ဤခြောက်ပါးသော ဆုတို့ကို ယူ၏၊ သိကြားမင်းသည်လည်း ထိုသစ်ပင်ကို ချိုသောအသီး ရှိသည်ကိုပြုပြီးလျှင် ဘုရားလောင်းကို ရှိခိုး၍ ဦးခေါင်းထက်၌ လက်အုပ်ကို တည်လျက် ဤအရပ်၌သာလျှင် အနာမရှိ ကျန်းမာ ပကတိ ရှိတော်မူသည် ဖြစ်ရစ်စေသတည်းဟု ဆို၍ မိမိနေရာ တာဝတိံသာ နတ်ပြည်သို့သာလျှင် သွားလေ၏၊ ဘုရားလောင်းသည်လည်း မယုတ်သော စျာန်ရှိသည် ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ အာနန္ဒာ ဤအရပ်သည်ကား ငါဘုရားသည် ကဏှရသေ့ဖြစ်သောအခါ နေတော်မူသော အရပ်တည်းဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား အာနန္ဒာ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကဏှပညာရှိ ရသေ့ဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ရောင့်ရဲခြင်း၊ အကျင့်မှန်၊ နိဗ္ဗာန် ရောက်ကြောင်းသာ။)

လေးရာလေးဆယ်ခုမြောက်သော ကဏှဇာတ်သည် ပြီး၏။

---

## ၄၄၁-စတုပေါသထိယဇာတ်

"ယော ကောပနေယျေ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစတုပေါသထိယဇာတ်သည် ပုဏ္ဏကဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။

လေးရာလေးဆယ်တစ်ခုမြောက်သော စတုပေါသထိယဇာတ်သည် ပြီး၏။

## ၄၄၂-သခ်ဇာတ်

### ဖိနပ်လှူရသည့်အကျိုး
### သဘော်ပျက်မှ ကယ်တင်ခံရ

#### ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့် တကွသော လောကကို ဆုံးမတော်မူကပ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် "ဗဟုဿုတော"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသခ်ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အလုံးစုံသော ပရိက္ခရာအလှူကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ တစ်ဦးသော ဒါယကာသည် မြတ်စွာဘုရား၏ တရားတော်ကိုနာရလျှင် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ နက်ဖြန်အကျိုးငှါ ဆွမ်းဖိတ်ပြီးလျှင် မိမိအိမ်တံခါး၌ မဏ္ဍပ်ကို ဆောက်၍ တန်ဆာဆင်ပြီးလျှင် နက်ဖြန်နေ့၌ မြတ်စွာဘုရားအား ဆွမ်းဘုဉ်းပေးအံ့သောအခါကို ကြားလျှောက်စေ၏။

မြတ်စွာဘုရားသည် ငါးရာသော ရဟန်းအပေါင်း ခြံရံလျက် ထိုဒါယကာ အိမ်သို့ ကြွတော်မူ၍ ကောင်းစွာခင်းအပ်သောနေရာ၌ နေတော်မူ၏၊ ဒါယကာသည် သား မယား အလုပ်အကျွေး အခြံအရံ ပရိသတ်နှင့်တကွ ဘုရားအမှူးရှိသော ရဟန်းသံဃာအား ကြီးစွာသော အလှူကို လှူ၍ ဤကဲ့သို့ ခုနစ်ရက်ပတ်လုံး ပင့်ဖိတ်ပြီးလျှင် ကြီးစွာသောအလှူကိုဖြစ်စေ၍ ခုနစ်ရက်မြောက်သောနေ့၌ သပိတ် သင်္ကန်း အစရှိသော အလုံးစုံသော ပရိက္ခရာကို လှူ၏၊ ထိုအလှူကြီးကို လှူသည်၌သော်ကား ဖိနပ်အလှူကို များစွာပြု၍ လှူ၏၊ မြတ်စွာဘုရားအား လှူအပ်သော ဖိနပ်သည် အသပြာ တစ်ထောင် ထိုက်၏၊ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့အား လှူအပ်သော ဖိနပ်သည် အသပြာ ငါးရာထိုက်၏၊ ကျန်ငါးရာကုန်သော ရဟန်းတို့အား လှူအပ်သော ဖိနပ်သည် အသပြာ တစ်ရာစီ ထိုက်၏၊ထိုဒါယကာသည် ပရိက္ခရာရှစ်ပါးနှင့်တကွ များစွာသောအလှူကိုလှူ၍ မိမိ၏ အခြံအရံ ပရိသတ်နှင့်တကွ မြတ်စွာဘုရား အထံတော်၌ နေ၏။

ထိုအခါ ထိုဒါယကာအား မြတ်စွာဘုရားသည် သာယာစွာသော အသံတော်ဖြင့် အနုမောဒနာ ပြုတော်မူလိုသည်ဖြစ်၍ ဒါယကာ သင်၏ အလုံးစုံသော ပရိက္ခရာ အလှူသည် မြတ်၏၊ ဝမ်းမြောက်သည် ဖြစ်လော့၊ ရှေး၌ ဘုရားမဖွင့်မီ ပစ္စေကဗုဒ္ဓါ ဘုရားအား ဖိနပ်တစ်ရံကို လှူသောကြောင့် သဘော်ပျက်သည်ရှိသော် တည်ရာမရှိသော မဟာသမုဒ္ဒရာ၌လည်း ဖိနပ်လှူသော အကျိုးဆက်ဖြင့် တည်ရာကိုရကုန်ပြီ၊ သင်သည်ကား ဘုရားအမှူးရှိသော

ရဟန်းသံဃာအား အလုံးစုံသော ပရိက္ခရာအလှူကို လှူ၏၊ သင်၏ ထိုဖိနပ် အလှူ၏ အကျိုးသည် အဘယ့်ကြောင့် တည်ရာ မှီခိုရာသည် မဖြစ်လတ္တံ့နည်းဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ဒါယကာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်သည် မောဠိနီ အမည်ရှိ၏၊ ထိုမောဠိနီ အမည်ရှိသော ပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ကြွယ်ဝကုံလုံ ပြည့်စုံသော များစွာသောဥစ္စာရှိသော များသော အသုံးအဆောင်ရှိသော နှစ်သက်ခြင်း၏ အကြောင်းဖြစ်သော များသော အဆောက်အဦရှိသော များသော ဥစ္စာ စပါး ရွှေ ငွေ ရှိသော သင်္ခမည်သော ပုဏ္ဏားသည် မြို့တံခါး လေးမျက်နှာတို့၌ လည်းကောင်း, မြို့လယ်၌လည်းကောင်း, မိမိအိမ်တံခါး၌ လည်းကောင်း ဤသို့ ခြောက်ပါးသော အရပ်တို့၌ ခြောက်ဆောင်သော အလှူ တင်းကုပ်တို့ကို ဆောက်၍ နေ့တိုင်း နေ့တိုင်း ခြောက်သိန်းသော အလှူဝတ္ထု တို့ကို လှူ၏။

ထိုသင်္ခပုဏ္ဏားသည် တစ်နေ့သ၌ ကြံ၏၊ အဘယ်သို့ ကြံသနည်းဟူမူကား ငါသည် အိမ်၌ ဥစ္စာကုန်သည်ရှိသော် အလှူပေးခြင်းငှါ မတတ်နိုင်လတ္တံ့၊ ထို့ကြောင့် ဥစ္စာမကုန်မီလျှင် သင်္ဘောဖြင့် သုဝဏ္ဏဘူမိသို့ သွား၍ ဥစ္စာကို ဆောင်အံ့၊ ဤသို့ ကြံ၏၊ ကြံပြီး၍ လှေကို ပြုပြင်ပြီးလျှင် ဥစ္စာဖြင့် ပြည့်စုံစေ၍ သားမယားကို ခေါ်ပြီးလျှင် အကြင်မျှလောက် ငါသည် လာအံ့၊ ထိုမျှလောက် ငါ၏ လှူမြဲဝတ်ကို မပြတ်စေမူ၍ လှူနှင့်ကြကုန်လော့ဟု ဆို၍ ကျွန်အမှုလုပ် တို့ဖြင့် ခြံရံလျက် ထီးကိုဆောင်း၍ ဖိနပ်ကိုစီးလျက် မွန်းတည့်သောအခါ၌ ပဋ္ဋန သင်္ဘောဆိပ်ရွာသို့ ရှေးရှုသွား၏၊ ဘုရားလောင်း ထွက်သောခဏ၌ ဂန္ဓမာဒန တောင်ဝယ် တစ်ဆူသော ပစ္စေကဗုဒ္ဓါသည် ဆင်ခြင်၍ ဘုရားလောင်း သင်္ခ ပုဏ္ဏား၏ဥစ္စာဆောင်ခြင်းငှါ သင်္ဘောဆိပ်သို့ သွားသည်ကို မြင်လျှင် ယောကျ်ား မြတ်သည် ဥစ္စာကို ဆောင်ခြင်းငှါ သွား၏၊ ထိုယောကျ်ားမြတ်အား မဟာ သမုဒ္ဒရာ၌ အန္တရာယ်သည် ဖြစ်လတ္တံ့လောဟု ဆင်ခြင်ပြန်၍ အန္တရာယ် ဖြစ်လတ္တံ့ဟု သိလျှင် သင်္ခပုဏ္ဏားသည် ငါ့ကို မြင်၍ ထီးကိုလည်းကောင်း၊ ဖိနပ်ကိုလည်းကောင်း ငါ့အား လှူ၍ ထိုထီးဖိနပ် ဟူသော ကောင်းမှု၏ စေတနာ၏ အကျိုးဆက်ဖြင့် သမုဒ္ဒရာ၌ သင်္ဘောပျက်သည်ရှိသော် တည်ရာကို ရလတ္တံ့၊ ထိုယောကျ်ားမြတ်အား ချီးမြှောက်ခြင်းကို ပြုအံ့ဟု ကောင်းကင်ဖြင့် လာတော်မူ၍ ထိုဘုရားလောင်း၏အနီး၌ သက်တော်မူပြီးလျှင် ပြင်းစွာသော

နေပူကြောင့် မီးကျီးအခင်းနှင့် တူသော ပူလှစွာသော သဲပြင်ကို နင်းတော်မူလျက် ထိုဘုရားလောင်းသို့ ရှေးရှုလာတော်မူ၏။

ထိုဘုရားလောင်းသည် ထိုအရှင် ပစ္စေကဗုဒ္ဓါကို မြင်၍လျှင် ငါ့အား ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်သော အလှူခံသည် ရောက်လာပြီ၊ ယနေ့ ငါသည် ဤအရှင်ပစ္စေကဗုဒ္ဓါ၌ အလှူတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးခြင်းငှါ သင့်၏ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ လျင်မြန်စွာ ကပ်ပြီးလျှင် ရှိခိုး၍ ထုံအပ်သော စစ်အပ်ပြီးသော ရေဖြင့် အရှင်ပစ္စေကဗုဒ္ဓါ၏ ခြေတော်တို့ကို ဆေးပြီးလျှင် နံ့သာဆီဖြင့် သုတ်၍ မိမိ၏ ဖိနပ်တို့ကို ခြေမှ ချွတ်၍ သုတ်သင်ပြီးလျှင် နံ့သာဆီဖြင့် သုတ်လိမ်း၍ ထိုအရှင်ပစ္စေကဗုဒ္ဓါ၏ ခြေတော်တို့၌ စွပ်ပြီးလျှင် အရှင်ဘုရား ဖိနပ်တို့ကို စီးတော်မူ၍ ထီးကို ဦးခေါင်းထက်၌ ထားတော်မူ၍ ကြွတော်မူလော့ဟု ထီးဖိနပ်တို့ကို လှူ၏၊ ထိုအရှင်ပစ္စေကဗုဒ္ဓါသည် ထိုဘုရားလောင်းအား ချီးမြှောက်တော်မူခြင်းငှါ ထီးဖိနပ်တို့ကို ယူ၍ ကြည်ညိုခြင်းသည် ပွါးစီမံ့သောငှါ ထိုဘုရားလောင်းမြင်စဉ် ပင်လျှင် ကောင်းကင်သို့ ပျံတက်တော်မူ၍ ဂန္ဓမာဒန တောင်သို့သာလျှင် ကြွတော်မူ၏။

ဘုရားလောင်းသည်လည်း ထိုကောင်းကင်သို့ပျံကြွသော အရှင်ပစ္စေကဗုဒ္ဓါကို မြင်လျှင် အလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ သင်္ဘောဆိပ်သို့ သွားပြီးလျှင် သင်္ဘောသို့ တက်လေ၏၊ ထိုအခါ မဟာသမုဒ္ဒရာသို့ လွန်သော ဘုရားလောင်း၏ သင်္ဘောသည် ခုနစ်ရက်မြောက်သော နေ့၌ ကွဲပျက်လျက် ရေဝင်ခြင်းသို့ ရောက်၏၊ သင်္ဘောသို့ ဝင်သောရေကို ပြင်ပသို့ ပက်ခြင်းငှါ မတတ်နိုင်ကုန်၊ သင်္ဘောသား အပေါင်းတို့သည် သေဘေးမှ ကြောက်ကုန်သည်ဖြစ်၍ မိမိတို့ ကိုးကွယ်သော နတ်တို့ကို ရှိခိုး၍ သည်းစွာသော မြည်တမ်းခြင်းကို မြည်တမ်းကုန်၏၊ ဘုရားလောင်းသည် တစ်ယောက်သော အလုပ်အကျွေးကို ယူ၍ ကိုယ်အလုံးကို ဆီဖြင့်သုတ်၍ ထောပတ်နှင့်တကွ သကာမှုန့်ကို အလိုရှိတိုင်း စားပြီးလျှင် ထိုအလုပ်အကျွေးကိုလည်း စားစေ၍ ထိုအလုပ်အကျွေးနှင့်တကွ လင်းယာဉ်တိုင်ဖျားသို့တက်၍ ဤအရပ်မျက်နှာ၌ ငါတို့မြို့ရှိ၏ဟု အရပ်မျက်နှာကို မှတ်၍ ငါးတည်းဟူသော ဘေးရန်မှ ကိုယ်ကိုလွတ်စေလျက် ခုန်ပြီးလျှင် အလုပ်အကျွေးနှင့်တကွ တစ်ဥသဘ အတိုင်းအရှည်ရှိသော အရပ်ကို လွန်၍ ကျ၏၊ ကြွင်းကုန်သော သင်္ဘောသား အပေါင်းတို့သည်လည်း ပျက်စီးခြင်းသို့ ရောက်၏၊ ဘုရားလောင်းသည်ကား အလုပ်အကျွေးနှင့်တကွ သမုဒ္ဒရာ၌ ကူးခြင်းငှါ အားထုတ်၏၊ ထိုဘုရားလောင်း ကူးစဉ်ပင်လျှင် ခုနစ်ရက်မြောက်သောနေ့သည် ဖြစ်၏၊ ထိုဘုရားလောင်းသည် ထိုကာလ၌ ဆားငန်ရေဖြင့် ခံတွင်းကို ဆေး၍ ဥပုသ်ဆောက်တည်သည်သာလျှင် ဖြစ်၏။

ထိုအခါ၌ လေးယောက်ကုန်သော လောကပါလနတ်သားတို့သည် မဏိမေခလာ အမည်ရှိသော နတ်သမီးကို သမုဒ္ဒရာ၌ သင်္ဘောပျက်သည် ရှိသော် ရတနာသုံးပါးတို့ကို ကိုးကွယ်သော သူတို့သည် လည်းကောင်း, သီလနှင့် ပြည့်စုံသော သူတို့သည် လည်းကောင်း, မိဘတို့ကို လုပ်ကျွေးကုန်သော သူတို့သည် လည်းကောင်း ဆင်းရဲခြင်းသို့ ရောက်ကုန်သည် အကယ်၍ ဖြစ်ကုန်အံ့၊ ထိုသူတို့ကို စောင့်ရှောက်ဆယ်တင်လေလော့ဟု သမုဒ္ဒရာ၌ စောင့်ရှောက်စိမ့်သောငှါ ထား၏၊ ထိုမဏိမေခလာ နတ်သမီးသည် မိမိ၏ စည်းစိမ်ဖြင့် ခုနစ်ရက် ပတ်လုံး ခံစားလျက် မေ့လျော့၍ ခုနစ်ရက်မြောက်သော နေ့၌ သမုဒ္ဒရာကို ကြည့်သည်ရှိသော် မြတ်သော အကျင့်သီလနှင့် ပြည့်စုံသော ဘုရားလောင်း သင်္ခပုဏ္ဏားကို မြင်၍ ဤဘုရားလောင်းကား ခုနစ်ရက်ရှိပြီ၊ သမုဒ္ဒရာ၌ကျသော ဘုရားလောင်း၏ မိခိုရာ ကိုးကွယ်ရာသည် မဖြစ်ငြားအံ့၊ ငါ့အား အလွန်ကဲ့ရဲ့ခြင်းသည် ဖြစ်လတ္တံ့ဟု ထိတ်လန့်သော စိတ်နှလုံးရှိသည် ဖြစ်၍ တစ်ခုသော ရွှေခွက်ကို အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်တို့ဖြင့် ပြည့်စေ၍ လေကဲ့သို့သော လျင်မြန်ခြင်းဖြင့် ထိုဘုရားလောင်းရှိရာ အရပ်သို့ လာလတ်ပြီးလျှင် ထိုဘုရားလောင်း၏ ရှေ့၌ ရပ်၍ ပုဏ္ဏား သင်သည် ခုနစ်ရက်ပတ်လုံး အစာပြတ်၍ နတ်၌ဖြစ်သော ဤအစာကို စားလော့ဟု ဆို၏။

ဘုရားလောင်းသည် ထိုနတ်သမီးကို ဦးခေါင်းမော်၍ ကြည့်ပြီးလျှင် သင့်ထမင်းကို ဖယ်ဦးလော့၊ ငါသည် ဥပုသ်ဆောက်တည်၏ဟု ဆို၏၊ ထိုသို့ဆိုသော အခါဝယ် ဘုရားလောင်း၏ နောက်၌ လိုက်၍ ကူးသော အလုပ်အကျွေးသည် နတ်သမီးကို မမြင်ဘဲ အသံကိုသာလျှင် ကြား၍ ဤပုဏ္ဏားသည် ပကတိအားဖြင့် နူးညံ့၏၊ ခုနစ်ရက်ပတ်လုံး ဝမ်း၌ အစာမရှိသည်၏ အဖြစ်ကြောင့် ဆင်းရဲသည် ဖြစ်၍ သေဘေးမှ ကြောက်သဖြင့် ငိုကြွေးမြည်တမ်း ယောင်တကား၊ ထိုငါ့အရှင် ပုဏ္ဏားကို သက်သာရာ ရစေအံ့ဟု ကြံ၍ ဤဂါထာကို ဆို၏—

၃၉။ ဗဟုဿုတော သုတဓမ္မောသိ သင်္ခ၊
ဒိဋ္ဌာ တယာ သမဏဗြာဟ္မဏာ စ။
အထ'က္ခဏေ ဒဿယသေ ဝိလာပံ၊
အညော နု ကော တေ ပဋိမန္တကော မယာ။

အရှင် သင်္ခပုဏ္ဏား အရှင်သည် များသော အကြားအမြင်ရှိ၏၊ အရှင်ပစ္စေကဗုဒ္ဓါတို့၏ အထံ၌ နာအပ်ပြီးသော တရားရှိ၏၊ အရှင် သင်္ခပုဏ္ဏားသည် ငြိမ်းစေအပ်ပြီးသော ကိလေသာရှိသော အပပြုအပ်ပြီးသော မကောင်းမှုရှိသော ပစ္စေကဗုဒ္ဓါ ဘုရားတို့ကိုလည်း ဖူးမြင်အပ်ပြီ ဖြစ်လျက် စကားပြောရာ အခွင့်

မဟုတ်သည့်၌ မြည်တမ်းခြင်းကို ပြုတိ၏တကား၊ အရှင်ပုဏ္ဏားအား ငါ့မှ တစ်ပါးသော စကားပြောဖက်သည် အဘယ်သူနည်း။

ထိုပုဏ္ဏားသည် အလုပ်အကျွေး၏ စကားကို ကြား၍ ဤ ငါ့အလုပ်အကျွေးအား နတ်သည် မထင်ယောင်တကားဟု ကြံ၍ အချင်း ငါသည် သေဘေးမှ ကြောက်၍ မမြည်တမ်း၊ ငါ့အား သင်မှ တစ်ပါးသော စကားပြောဖက်သည် ရှိသလျှင် ဂဏတည်းဟု ဆို၍ ဤဂါထာကို ဆို၏—

၄၀။ သုဗ္ဘူ သုဘာ သုပ္ပဋိမုက္ကကမ္ဗု၊ ပဂ္ဂယှ သောဝဏ္ဏမယာယ ပါတိယာ။
"ဘုဥ္ဇဿု ဘတ္တံ"ဣတိ မံ ဝဒေတိ၊သဒ္ဓါ ဝိတ္တာ တမဟံ"နောတိ"ဗြူမိ။

အချင်း သုဘမုခါ အလွန်တင့်တယ်သော မျက်နှာရှိသော ကြည်ညို ဖွယ်သော မြတ်သော အဆင်းကို ဆောင်သော ရွှေရတနာဖြင့် တန်ဆာဆင် အပ်သော လည်၌ စွပ်အပ်သော ပတ္တမြား လည်ရွဲရှိထသော သဒ္ဒါနှင့် ယှဉ်သော စိတ်ရှိသည် ဖြစ်၍ ရွှေဖြင့် ပြီးသော ခွက်ကို ချီ၍ ထမင်းကို စားလော့ဟု ငါ့ကို ဆိုသော နတ်သမီးကို ဥပုသ် ဆောက်တည်သောကြောင့် ငါမစား ဟူ၍ ငါသည် ဆို၏။

ထိုအခါ သခ်ပုဏ္ဏားအား ထိုအလုပ်အကျွေးသည် ဤဂါထာကို ဆို၏—

၄၁။ ဧတာဒိသံ ဗြာဟ္မဏ ဒိသွာန ယက္ခံ၊
ပုစ္ဆေယျ ပေါသော သုခမာသိသာနော။
ဥဋ္ဌေဟိ နံ ပဉ္စလိကာဘိပုစ္ဆ၊
ဒေဝီ နုသိ တွံ ဥဒ မာနုသီ နု။

အရှင်သခ်ပုဏ္ဏား ထိုသို့ သဘောရှိသောနတ်သမီးကို မြင်ရ၍ မိမိချမ်းသာကို တောင့်တသောယောကျ်ားသည် မေးလိုက်ရာ၏။ ထသော အခြင်းအရာကို ပြုလော့။ သင်ကား နတ်သမီးပင်ဖြစ်သလော။ ထိုသို့မဟုတ် တန်ခိုးရှိသော လူမိန်းမပင် ဖြစ်သလောဟု ထိုနတ်သမီးကို လက်အုပ်ချီခြင်းကိုပြုလျက် ရှေးရှု မေးလိုက်လော့။

ဘုရားလောင်းသည် သင့်သည်ကို ဆိုပေ၏ဟု နှလုံးပြု၍ ထိုနတ်သမီးကို မေးလိုရကား ဤဂါထာကို ဆို၏—

၄၂။ ယံ တွံ သုခေနာဘိသမေက္ခသေ မံ၊ ဘုဥ္ဇဿု ဘတ္တံ ဣတိ မံ ဝဒေသိ။
ပုစ္ဆာမိ တံ နာရိ မဟာနုဘာဝေ၊ ဒေဝီ နုသိ တွံ ဥဒ မာနုသီ နု။

နတ်သမီး သင်သည် ငါ့ကို ချစ်ဖွယ်သော မျက်စိဖြင့် ကြည့်၍ ထမင်းကို စားလော့ဟု ငါ့ကို ဆို၏၊ အာနုဘော်ကြီးသော နတ်သမီး ထို့ကြောင့် ငါမေးလို၏၊ သင်သည် နတ်သမီးလေလော၊ သို့မဟုတ် သင်သည် တန်ခိုးကြီးသော အာနုဘော်ရှိသော လူမိန်းမလေလော။

ထို့နောက်မှ နတ်သမီးသည် ဤဂါထာတို့ကို ဆို၏—

၄၃။ ဒေဝီ အဟံ သံ မဟာနုဘာဝါ၊ ဣဓာဂတာ သာဂရဝါရိမဇ္ဈေ။
အနုကမ္ပိကာ နော စ ပဒုဋ္ဌစိတ္တာ၊ တဝေဝ အတ္ထာယ ဣဓာ'ဂတာသ္မိ။

၄၄။ ဣဓ'န္နပါနံ သယနာသနဉ္စ၊ ယာနာနိ နာနာဝိဝိဓာနိ သင်္ခ။
သဗ္ဗဿ တျာဟံ ပဋိပါဒယာမိ၊ ယံ ကိဉ္စိ တုယှံ မနသာ'ဘိပတ္ထိတံ။

သင်္ခပုဏ္ဏား ဤသမုဒ္ဒရာရေအလယ်သို့လာသော ငါကား ကြီးသောတန်ခိုး အာနုဘော်ရှိသော နတ်သမီးဖြစ်၏၊ သနားတတ်သည်သာလျှင်ဖြစ်၏၊ပြစ်မှား တတ်သောစိတ်လည်း မရှိ၊ သင်၏အကျိုးငှါသာလျှင် ဤသမုဒ္ဒရာသို့ လာ၏။

သင်္ခပုဏ္ဏား ဤရွှေလှေ၌ ထမင်းအဖျော်သည်လည်းကောင်း၊အိပ်ရာ နေရာ သည်လည်းကောင်း၊ အထူးထူးအပြားပြားများကုန်သော ဆင်ယာဉ် မြင်းယာဉ် အစရှိသည်တို့သည်လည်းကောင်း ငါ့အား ရှိကုန်၏၊ သင်သည် အလုံးစုံသော စည်းစိမ်ကို စိတ်ဖြင့် တောင့်တအပ်၏၊ သင့်အား အလုံးစုံသော စည်းစိမ်၏ အရှင်ကို ပြု၍ ငါသည် ပေးအံ့။

ထိုစကားကိုကြား၍ ဤဘုရားလောင်းသည် ဤနတ်သမီးသည်ကား သမုဒ္ဒရာ ရေအပြင်၌ ဤမည်သော ဤမည်သောစည်းစိမ်ကို ပေးအံ့ဟုဆို၏၊ ထိုနတ်သမီး သည် ငါပြုအပ်သော ကောင်းမှုကြောင့် ပေးလိုသလော၊ ထိုသို့တည်းမဟုတ် မိမိ၏အစွမ်းဖြင့် ပေးလိုသလော၊ ထိုနတ်သမီးကို မေးအံ့ဟု ကြံပြီး၍ ဤဂါထာကို ဆို၏—

၄၅။ ယံ ကိဉ္စိ ယိဋ္ဌဉ္စ ဟုတဉ္စ မယှံ၊ သဗ္ဗဿ နော ဣဿရာ တွံ သုဂတ္တေ။
သုသောဏိ သုဗ္ဘမု သုဝိလဂ္ဂမဇ္ဈေ၊ ကိဿ မေ ကမ္မဿ အယံ ဝိပါကော။

တင့်တယ်သောကိုယ်ရှိသော, တင့်တယ်သော ဦရုလက္ခဏာရှိသော၊တင့်တယ် သော မျက်မှောင်ရှိသော, လှပါးသော ခါးရှိသော နတ်သမီး ငါသည် အကြင် လှူအပ်သောဝတ္ထုကို လှူအပ်ပြီ၊ လာလာသမျှ အာဂန္တုကတို့အား ပေးအပ်ပြီ။ သင်နတ်သမီးသည် ငါတို့၏ အလုံးစုံသော ကောင်းမှု၌ အစိုးရ၏။ဤသမုဒ္ဒရာ၌

တည်ရာကိုရသော အကျိုးသည် ငါသည် ပြုအပ်သောကောင်း မှုတို့တွင် အဘယ်ကောင်းမှုကံ၏ အကျိုးနည်း။

ထိုစကားကို ကြား၍ နတ်သမီးသည် ဤသင်္ခပုဏ္ဏားသည်ကား အကြင် ကုသိုလ်ကံကို မိမိလည်း ပြုအပ်၏၊ ထိုကုသိုလ်ကံကို မသိ၊ ဤသို့သော အမှတ် ဖြင့် မေးယောင်ကကား ဟု ထိုပုဏ္ဏားကို ဖြေလိုသည်ဖြစ်၍ ဤဂါထာကိုဆို၏-

၄၆။ ဃမ္မေ ပထေ ဗြာဟ္မဏ ဧကဘိက္ခုံ၊ ဥဂ္ဃဋ္ဋပါဒံ တသိတံ ကိလန္တံ။
ပဋိပါဒယီ သင်္ခ ဥပါဟနာနိ၊ သာ ဒက္ခိဏာ ကာမဒုဟာ တဝဇ္ဇ။

သင်္ခ အမည်ရှိသော ပုဏ္ဏား သင်သည် ပူလှစွာသော သဲပြင်ခရီး၌ သဲပူကျောက်တို့ဖြင့် ထိပါးသော ခြေတော်ရှိထသော ရေမွတ်သည် ဖြစ်၍ ပင်ပန်းသော ကိလေသာတို့ကို မဂ်ဉာဏ်ဖြင့် ဖျက်ဆီးပြီးသော အရှင်ပစ္စေက ဗုဒ္ဓါတစ်ပါးကို ဖိနပ်တို့ကို လှူ၏။ ယခု သင်၏ ထိုအလှူတည်းဟူသော မျိုးစေ့သည် တောင့်တအပ်သော ပြွတ်သောအကျိုးကို ပေးတတ်၏။

ထိုနတ်သမီးစကားကို ကြား၍ ဘုရားလောင်းသည် ဤသို့ သဘောရှိသော တည်ရာကို မရကောင်းသော မဟာသမုဒ္ဒရာ၌လည်း ငါသည် လှူအပ်သော ဖိနပ်အလှူသည် ငါ့အား တောင့်တအပ်သော အလုံးစုံသော စည်းစိမ်ကို ပေးသည် ဖြစ်၏တကား၊ အရှင်ပစ္စေကဗုဒ္ဓါအား လှူအပ်သော ဝတ္ထုကို ကောင်းစွာလှူအပ်စွ၊ အံ့ဖွယ်ရှိပေစွ ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ဤဂါထာကို ဆို၏။

၄၇။ သာ ဟောတု နာဝါ ဖလကူပပန္နာ၊ အနဝဿုတာ ဧရကဝါတယုတ္တာ။
အညဿ ယာနဿ န ဟေတ္ထ ဘူမိ၊ အဇ္ဇေဝ မံ မောဠိနိံ ပါပယဿု။

နတ်သမီး လှေကို ဖန်ဆင်းခဲ့သည် ရှိသော် ထိုလှေသည် စေ့ငပ်သော များစွာသော ပျဉ်ချပ်တို့ဖြင့် ပြည့်စုံသည်, ရေတစ်ပေါက်မျှ မဝင်နိုင်သည် ကောင်းစွာယူ၍ သွားတတ်သော လေနှင့်ယှဉ်သည် ဖြစ်စေလော၊ ဤသမုဒ္ဒရာ၌ လှေသင်္ဘောမှ တစ်ပါးသော ဆင်ယာဉ် မြင်းယာဉ် စသည်သည် မဖြစ်နိုင်ရာ။ ယနေ့ပင်လျှင် ငါ့ကို မောဠိနီမည်သော ပြည်ကြီးသို့ ရောက်စေလော။

မဏိမေခလာ နတ်သမီးသည် ထိုဘုရားလောင်း သင်္ခပုဏ္ဏား၏ စကားကို ကြားလျှင် နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ ရတနာ ခုနစ်ပါးတို့ဖြင့် ပြီးသော လှေကို ဖန်ဆင်း၏၊ ထိုလှေသည် အလျားအားဖြင့် ရှစ်ဥသဘ

ရှိ၏၊ အနံအားဖြင့် လေးဥသဘ ရှိ၏၊ အစောက်အားဖြင့် တာနှစ်ဆယ် ရှိ၏၊ ထိုလှေ၏သုံးခုသော လင်းယဉ်တိုင်တို့သည် ပတ္တမြားညိုဖြင့် ပြီးကုန်၏၊ စက်ကြိုးတို့သည် ရွှေဖြင့် ပြီးကုန်၏၊ ရွက်တို့သည် ငွေဖြင့် ပြီးကုန်၏၊ တက်မ ထိုးဝါးတို့သည် ရွှေစင်အတိ ပြီးသည်သာလျှင် ဖြစ်ကုန်၏။

ထိုမဏိမေခလာနတ်သမီးသည် ထိုလှေကိုရတနာခုနစ်ပါးဖြင့်ပြည့်စေပြီးလျှင် သင်္ခပဏ္ဍိတ်ကို လည်း ဖက်၍ တန်ဆာဆင်အပ်သော သင်္ဘောလှေထက်သို့ တင်၏၊ ထိုဘုရားလောင်း၏ အလုပ်အကျွေးကိုကား ကြည့်ကာသာ နေ၏၊ သင်္ခပဏ္ဍိတ်သည် မိမိပြုအပ်သော ကောင်းမှုမှ ထိုအလုပ်အကျွေးအား အဖို့ကို ဝေ၏၊ ထိုအလုပ်အကျွေးသည် သာဓု သာဓုဟု ဝမ်းမြောက်၏၊ ထိုအနုမောဒနာကုသိုလ်ကို ဖြစ်စေသောအခါ၌ ထိုအနုမောဒနာကုသိုလ်ဆက်ကြောင့် နတ်သမီးသည် ထိုအလုပ်အကျွေးကိုလည်း လည်၌ ဖက်၍ သင်္ဘောလှေ၌ တည်စေ၏၊ ထိုနှစ်ယောက်သော သူတို့ကိုတင်ပြီးသော အဆုံး၌ ထိုသင်္ဘောလှေကို မောဠိနီမည်သော မြို့သို့ ဆောင်၍ သင်္ခပဏ္ဍိတ်အိမ်၌ ရွှေငွေစသော ဥစ္စာကို တည်စေပြီးလျှင် မိမိနေရာ ဗိမာန်သို့သာလျှင် သွားလေ၏၊ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၄၈။ သာ တတ္ထ ဝိတ္တာ သုမနာ ပတီတာ၊ နာဝံ သုစိတ္တံ အဘိနိမ္မိနိတွာ။
အာဒါယ သင်္ခံ ပုရိသေန သဒ္ဓိံ၊ ဥပါနယီ နဂရံ သာဓုရမ္မံ။

ရဟန်းတို့ ထိုမဏိမေခလာ နတ်သမီးသည် နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ကောင်းသောစိတ်ရှိသည်ဖြစ်၍ နှသော ပီတိရှိသည်ဖြစ်၍ အလွန်ဆန်းကြယ်သော သင်္ဘောလှေကို တန်ခိုးဖြင့် ပြီးစေ၍ သင်္ခပဏ္ဍိတ်ကို အလုပ်အကျွေး ယောကျ်ားနှင့်တကွယူ၍ သူတော်ကောင်းတို့၏ မွေ့လျော်ပျော်ရာဖြစ်သော မောဠိနီမည်သော ဗာရာဏသီပြည်ကြီးသို့ အရောက်ဆောင်ပြီ။

သင်္ခပဏ္ဍိတ်သည်လည်း အသက်ထက်ဆုံး မနိုင်းရှည့်အပ်သော ဥစ္စာရှိသော အိမ်၌ အမြဲနေလျက် အလှူကိုလှူလျက် သီလကိုစောင့်၍ အသက်၏ အဆုံး၌ သားမယား အခြွေအရံနှင့်တကွ နတ်ပြည်ကို ပြည့်စေ၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မ ဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူပြီး၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ တောင်းပန်အပ်သော ဒါယကာသည် သောတာပတ္တိဖိုလ်၌တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ဒါယကာ

ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ မဏိမေခလာနတ်သမီး ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ အလုပ်အကျွေး ယောကျ်ား ဖြစ်ဖူးပြီ၊ ထိုအခါ ငါဘုရားသည် သခ်ပုဏ္ဏား ဖြစ်ဖူးပြီဟု ဤသို့ဇာတ်ကိုပေါင်းတော်မူ၏။

(ကုသိုလ်မှုတွက်၊ ကောင်းကျိုးဆက်၊ မပျက်ရကြောင်းသာ။)

လေးရာလေးဆယ့်နှစ်ခုမြောက်သော သခ်ဇာတ်သည် ပြီး၏။

---

## ၄၄၃-စူဠဗောဓိဇာတ်

### ပညာရှိအမျက် အပြင်မထွက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယော တေ ဣမံ ဝိသာလက္ခိံ" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠဗောဓိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမျက်ထွက်တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရဟန်းသည် ဝဋ်ဆင်းရဲမှ ထွက်စေတတ်သော ဘုရားသာသနာတော်၌ ရဟန်းအဖြစ်ကို ရပါသော်လည်း အမျက်ဒေါသကို နှိပ်ခြင်းငှာ မတတ်နိုင်သတတ်၊ ပြင်းစွာ အမျက်ထွက်တတ်၏၊ အမျက်ဒေါသကြောင့် ကိုယ်၏ ပင်ပန်းခြင်း စိတ်၏ပင်ပန်းခြင်း များ၏၊ အနည်းငယ်သာ ဖြစ်လျှင်မူလည်း ကပ်ငြိတတ် တုန်လှုပ်တတ်၏၊ ပကတိသဘောကို လွန်၍ ဖောက်ပြန်ခြင်းသို့ ရောက်တတ်၏၊ အမျက်ဒေါသ၌သာ တည်၏။

သဗ္ဗညူ မြတ်စွာဘုရားသည် ထိုရဟန်း၏ အမျက် ထွက်တတ်သည်၏ အဖြစ်ကို ကြားတော်မူလျှင် ခေါ်စေ၍ ရဟန်း သင်သည် အမျက်ဒေါသကြီးသတတ် ဟူသည် မှန်သလောဟု မေးတော်မူ၍ အရှင်ဘုရား မှန်ပေ၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်း အမျက်ဒေါသ မည်သည်ကို မြစ်အပ်၏၊ ထိုစကားသည်မှန်၏၊ ဤသို့ သဘောရှိသော အမျက်ဒေါသသည် ပစ္စုပ္ပန်လောက တမလွန်လောက၌ အကျိုးမဲ့ကိုသာပြုတတ်၏၊ သင်သည် အမျက်ဒေါသမရှိသော ငါဘုရားသာသနာတော်၌ ရဟန်းပြု၍ အဘယ်ကြောင့် အမျက်ထွက်ဘိသနည်း၊ ရှေးရှေးသော ရှိတို့သည်ကား သဗ္ဗညုဘုရား သာသနာတော်မှ အပ ဖြစ်သောအခါ ကာလ၌ ရသေ့ရဟန်းပြု၍လည်း အမျက်ထွက်ခြင်းကို မပြုကုန်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် အမှတ်မရှိသော နိဂုံးရွာ၌ ကြွယ်ဝကုံလုံ ပြည့်စုံသော များသော ဥစ္စာရှိသော များသော အသုံးအဆောင် ရှိသော ပုဏ္ဏား တစ်ယောက်သည် သားမရှိသည် ဖြစ်၏၊ ထိုပုဏ္ဏား၏ ပုဏ္ဏေးမသည် သားကို တောင့်တ၏၊ ထိုအခါဘုရားလောင်းသည် ဗြဟ္မာ့ပြည်မှ စုတေခဲ့၍ ထိုပုဏ္ဏေးမ၏ ဝမ်း၌ဖြစ်၏၊ ထိုဘုရားအလောင်းအား ဗောဓိကုမာရ ဟူသောအမည်ကို မှည့်ကုန်၏၊ ထိုဘုရားလောင်း၏ အရွယ်သို့ရောက်သောကာလ၌ တက္ကသိုလ်ပြည်သို့ သွားပြီးလျှင် အလုံးစုံသော အတတ်တို့ကို သင်၍ တစ်ဖန်ပြန်လာသောအခါ၌ အလိုမရှိဘဲလျက် မိဘတို့သည် တူသောအမျိုးရှိသော အိမ်မှ သတို့သမီးကို ဆောင်ကုန်၏။

ထိုသတို့သမီးသည်လည်း ဗြဟ္မာ့ပြည်မှ စုတေလာသောသူတည်း၊ မြတ်သော အဆင်းကို ဆောင်၏၊ နတ်သမီးနှင့် တူ၏၊ ထိုနှစ်ယောက်ကုန်သော သူတို့၏ အလိုမရှိကုန်ဘဲလျက်လျှင် ထိမ်းမြားခြင်း မင်္ဂလာကို ပြုကုန်၏၊ နှစ်ယောက်ကုန်သော သူတို့အား ကိလေသာဖြစ်ခြင်းမည်သည် တစ်ကြိမ်တစ်ဖန်မျှ မဖြစ်စဖူး၊ ရာဂ၏အစွမ်းအားဖြင့် တစ်ယောက်သည်တစ်ယောက်ကိုမကြည့်စဘူး၊ အိပ်မက်၌လည်း မေထုန်အကျင့်မည်သည်ကို မမြင်မက်စဖူး၊ ဤသို့ စင်ကြယ်သော သီလရှိသည် ဖြစ်ကုန်၏။

ထိုအခါ နောက်အဖို့၌ ဘုရားလောင်းမိဘတို့သည် သေလွန်ကုန်သည်ရှိသော် ထိုမိဘတို့အား သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုပြီးလျှင် ထိုမယားကိုခေါ်၍ ရှင်မသင်သည် ကုဋေရှစ်ဆယ်ရှိသော ဥစ္စာကိုယူ၍ ချမ်းသာစွာ နေသက်မွေးလော့ဟု ဆို၏၊ အရှင့်သားသည်ကား အသို့နည်းဟုဆို၏၊ ငါ့အား ဥစ္စာဖြင့် ပြုဖွယ်ကိစ္စ မရှိ၊ ဟိမဝန္တာသို့ဝင်ပြီးလျှင် ရသေ့ရဟန်းပြု၍ မိမိ၏တည်ရာ ကိုးကွယ်ရာကိုပြုအံ့ ဟုဆို၏၊ အရှင့်သား ရဟန်းအဖြစ်မည်သည်ကား ယောကျ်ားတို့အားသာလျှင် အပ်သလောဟု မေး၏၊ ရှင်မ မိန်းမတို့အားလည်း အပ်၏ဟု ဆို၏၊ ထိုသို့ ဖြစ်ပါမူကား အရှင်တို့သည် ထွေးအင်သောတံတွေးပေါက် နှင့်တူသော ဥစ္စာကို ငါသည်မယူအံ့၊ ငါ့အားလည်း ဥစ္စာဖြင့် ပြုဖွယ်ကိစ္စမရှိ၊ ငါသည်လည်း ရဟန်း ပြုအံ့ဟု ဆို၏၊ ရှင်မ ကောင်းပြီဟု ဆို၍ နှစ်ယောက်ကုန်သော သူတို့သည် အလှူကြီးကို ပေးပြီးလျှင် အိမ်မှထွက်၍ မွေ့လျော်ဖွယ် ရှိသော မြေအဖို့၌ သခ်မ်းဆောက်၍ ရသေ့ရဟန်း ပြုပြီးလျှင် သစ်သီးကြီးငယ်တို့ကို ရှာမှီး၍ သစ်သီးကြီးငယ်တို့ဖြင့် မျှကုန်လျက် ဟိမဝန္တာတောအရပ်၌ ဆယ်နှစ်ပတ်လုံး နေကုန်၏။

ထိုနှစ်ယောက်ကုန်သော သူတို့အား ဈာန်သည်ကား မပြည့်စုံသေး၊ ထိုနှစ်ယောက်ကုန်သော သူတို့သည် ထိုဟိမဝန္တာတောအရပ်၌ ရဟန်းချမ်းသာဖြင့် သာလျှင် ဆယ်နှစ်တို့ပတ်လုံး နေကုန်၍ ချဉ်ဆား မှီဝဲအံ့သောငှါ ဇနပုဒ်သို့ ဒေသစာရီ သွားကုန်သည်ရှိသော် အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ ဥယျာဉ်၌ နေကုန်၏၊ ထိုအခါ တစ်နေ့သ၌ မင်းသည် လက်ဆောင်ကို ယူ၍ လာသော ဥယျာဉ်စောင့်ကိုမြင်၍ ဥယျာဉ်ကစားအံ့၊ ဥယျာဉ်ကိုသုတ်သင်လော့ဟု ဆိုပြီး၍ ဥယျာဉ်စောင့်သည် ကောင်းစွာစီရင်အပ်သော ဥယျာဉ်သို့ များသောအခြံအရံဖြင့် သွား၏၊ ထိုခဏ၌ ထိုနှစ်ယောက်ကုန်သော ရသေ့ယောကျ်ား ရသေ့မိန်းမတို့သည် ဥယျာဉ်၏ နံပါးတစ်ဖက်၌ ရဟန်းချမ်းသာဖြင့် လွန်စေ၍ နေကုန်၏။

ထိုအခါ မင်းသည် ဥယျာဉ်၌ လှည့်လည်သည်ရှိသော် ရဟန်းချမ်းသာဖြင့် နေကုန်သော ထိုနှစ်ယောက်ကုန်သော ရသေ့ယောကျ်ား ရသေ့မိန်းမတို့ကိုမြင်၍ အလွန်ကြည်ညိုဖွယ်ရှိသော မြတ်သောအဆင်းကို ဆောင်သော ရသေ့မကို ကြည့်သည်ရှိသော် တပ်စွန်းသောစိတ်သည် ဖြစ်လေ၏။

ထိုဗာရာဏသီမင်းသည် ကိလေသာ၏အစွမ်းဖြင့် တုန်လှုပ်လျက် ဤရသေ့မသည် ဤရသေ့ယောကျ်ားနှင့် အသို့တော်ကြသနည်းဟု မေးဦးအံ့ဟု ဘုရားလောင်းသို့ ကပ်၍ အိုရှင်ရသေ့ ဤရသေ့မသည် အရှင်ဘုရားနှင့် အသို့တော်ကြသနည်းဟု မေး၏၊ မြတ်သောမင်းကြီး တစ်စုံတစ်ခု အမျိုးတော်၏ မတော်၏ဟုဆိုဖွယ်သည် မဖြစ်၊ လူမှုနှင့်မရော သက်သက်တူသော ရသေ့ အကျင့်ဖြင့် ရသေ့အဖြစ်သို့ ရောက်သသူတည်း၊ စင်စစ်သော်ကား ငါ၏သူ ဖြစ်သောအခါ ခြေရင်း၌ အလုပ်အကျွေးတည်းဟု ဆိုသော်၏၊ ထိုစကားကို ကြား၍ မင်းသည် ရသေ့မကား ထိုရသေ့၏ တစ်စုံတစ်ခုပိုင်ထိုက်သော ဥစ္စာသည် မဖြစ်သတတ်၊ စင်စစ်သော်ကား လူဖြစ်သောအခါသာလျှင် ထိုရသေ့၏ ခြေရင်း၌ အလုပ်အကျွေး ဖြစ်သတတ်၊ ငါသည် ဤရသေ့မကို အစိုးရသော မင်း၏ အစွမ်းဖြင့် ယူ၍ အကယ်၍ သွားသည်ဖြစ်အံ့၊ အသို့ပြုလတ္တံ့နည်း၊ ထိုရသေ့ကို စုံစမ်းအံ့ဟု ကြံ၍ ချဉ်းကပ်ပြီးလျှင် ဤဂါထာကိုဆို၏—

၄၉။ ယော တေ ဣမံ ဝိသာလက္ခိံ၊ ပိယံ သမ္မိဟိတဘာသိနိံ။
အာဒါယ ဗလာ ဂစ္ဆေယျ၊ ကိံ နု ကယိရာသိ ဗြာဟ္မဏ။

မကောင်းမှုကို အပပြုပြီးသော မြင်ရသေ့ ဝန်းသော မျက်လုံးရှိသော စဉ်းငယ်ပြုံးရှင်သော မျက်နှာချိုသော ရှင်ရသေ့၏ ဤသူ့လက်ထက်၌ မယား

ဖြစ်ဖူးသော ရသေ့မကို နိုင်ထက်ကလူပြုသဖြင့် ယူ၍သွားသော ဟိုသူကို သင်သည် အသို့လျှင်ပြုအံ့နည်း။

ထိုအခါ မင်း၏စကားကိုကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏–

၅၀။ ဥပ္ပဇ္ဇေ မေ န မုစ္စေယျ၊ န မေ မုစ္စေယျ ဇီဝတော။
ရဇံဝ ဝိပုလာ ဝုဋ္ဌိ၊ ခိပ္ပမေဝ နိဝါရယေ။

မြတ်သောမင်းကြီး ငါ့အား အမျက်ဒေါသထွက်ငြားသော်လည်း ထိုအမျက်ဒေါသသည် ကိုယ်မှမထွက်ပေ၊ အသက်ရှင်နေသရွေ့ ငါ့အား ကိုယ်မှ မထွက်ပေ၊ သည်းစွာသော မိုးပေါက်ရှိသော မိုးကြီးသည် မြူကို တားမြစ်လွင့်ပယ်စေသကဲ့သို့ ထိုအမျက်ဒေါသကို လျင်စွာသာလျှင် တားမြစ်အံ့။

ဤသို့ ဘုရားလောင်းသည် မြတ်သောတရားစကားကို ဟောတော်မူလေ၏၊ ထိုသို့ ဟောသော်လည်း မင်းသည် ဘုရားလောင်း၏ တရားစကားကို ကြားရ၍လည်း အလွန်မိုက်သည်၏အဖြစ်ကြောင့် ရသေ့မ၌ တပ်စွန်းသော မိမိစိတ်ကို တားမြစ်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ အမတ်တစ်ယောက်ကို ဤရသေ့မကို မင်း၏နန်းတော်သို့ ခေါ်ဆောင်သွားလေလော့ဟု စေလိုက်၏၊ ထိုအမတ်သည် ကောင်းပြီဟု ဝန်ခံ၍ ထိုမင်းဆိုတိုင်းကို ပြု၏၊ ရသေ့မလည်း အချင်းတို့ လောက၌ သူတော်မဟုတ် သူယုတ်တို့၏ အကျင့်သည် ဖြစ်၏၊ မလျောက်ပတ်စွတကား၊ ဤသို့ အစရှိသောစကားတို့ကို ဆို၍ ငိုကြွေး မြည်တမ်းစဉ်ပင်လျှင်၊ ထိုရသေ့မကို ယူ၍ သွားလေ၏၊ ဘုရားလောင်းသည် ထိုရသေ့မ၏ငိုကြွေးသံကို ကြား၍ တစ်ကြိမ်ကြည့်ပြီးလျှင် တစ်ဖန်မကြည့်ပြီ၊ ငိုမြည်တမ်းသောရသေ့မကို မင်း၏နန်းတော်သို့သာလျှင် ဆောင်လေ၏၊ ထိုဗာရာဏသီ မင်းသည်လည်း ဥယျာဉ်၌ ကြာမြင့်စွာနေခြင်းကို မပြုမူ၍သာလျှင် လျင်မြန်စွာ သွားပြီးလျှင် ထိုရသေ့မကို ခေါ်စေ၍ ကြီးစွာသော မင်း၏ စည်းစိမ်ဖြင့် ဖိတ်၏၊ ထိုရသေ့မသည် မင်းစည်းစိမ်ဖြင့် ကျေးဇူးမရှိသည်ကို ရဟန်းအဖြစ်၏သာလျှင် ကျေးဇူးရှိသည်ကိုဆို၏၊ မင်းသည် တစ်စုံတစ်ခုသောအကြောင်းဖြင့် ရသေ့မ၏စိတ်ကို မရသည်ဖြစ်၍ ထိုရသေ့မကို တစ်ခုသော တိုက်ခန်း၌ ထား၍ ကြံ၏၊ ငအဘယ်သို့ကြံနည်းဟူမူကား ဤရသေ့မသည် သီလရှိ၏၊ ကောင်းသော အကျင့်ရှိ၏၊ ဤသို့သဘောရှိသော မိဖုရားစည်းစိမ်ကို အလိုမရှိ၊ ထိုရသေ့သည်လည်း ဤသို့ သဘောရှိသော မယားဖြစ်ဖူးသော မိန်းမကို နိုင်ထက်ကလူ ယူ၍ သွားသော ငါ့ကိုကို အမျက်ထွက်၍ပင် ကြည့်ကာမျှကိုလည်း မပြု၊ စင်စစ်လျှင် ရသေ့ရဟန်းတို့သည် များစွာသော မာယာရှိကုန်၏၊ တစ်စုံတစ်ခုသော မန္တန်ဆေးဝါး မန္တရားကိုမှီ၍ ငါ့အား အကျိုးမဲ့ကိုလည်း ပြုကုန်ရာ၏၊ သွားဦး

အံ့၊ အဘယ်သို့ပြုလျက် နေသနည်း၊ သိအောင် ပြုအံ့၊ ဤသို့ကြံ၍၊ ကြံပြီး၍ ရပ်တည်ခြင်းငှါ မတတ်နိုင်ရကား ဥယျာဉ်သို့ သွားပြန်၏၊ ဘုရားလောင်း သည်လည်း သင်္ကန်းတို့ကို ချုပ်လျက်နေ၏၊ မင်းသည် နည်းသောအခြံအရံရှိ သည်ဖြစ်၍ ခြေသံပြင်းသည်ကို မပြုဘဲ ဖြည်းဖြည်းသာသာ ချဉ်းကပ်လေ၏၊ ဘုရားလောင်းသည် မင်းကို မကြည့်မူ၍ သင်္ကန်းကိုသာလျှင် ချုပ်၏၊ မင်းသည် အမျက်ထွက်၍ ငါနှင့်တကွ စကားမပြောဟု အောက်မေ့သည်ဖြစ်၍ ဤရသေ့ စဉ်းလဲသည် အမျက်အား ဖြစ်ခြင်းငှါ ငါမပေးအံ့၊ အမျက်ဖြစ်သော်လည်း ထိုအမျက်ကို လျင်မြန်စွာ နှိပ်အံ့ဟု ရှေးဦးစွာကမူ ကြုံးဝါး၍ ယခုမူကား အမျက်ဖြင့်သာလျှင် ခက်ထန်ခိုင်မာသည် ဖြစ်၍ ငါနှင့်တကွ စကားမပြော၊ ဤသို့သော အမှတ်ဖြင့် ဤဂါထာကိုဆို၏—

၅၁။ ယံ နု ပုဗ္ဗေ ဝိကတ္ထိတ္ထော၊ ဗလမှိဝ အပဿိတော။
သွဇ္ဇ တုဏှိကဘော ဒါနိ၊ သင်္ဃာဋိံ သိဗ္ဗမစ္ဆသိ။

အိုရသေ့ ရှေးဦးစွာကမူ ကြုံးဝါးခဲ့ပါလျက် ယခုမူကား အမျက်ဒေါသထွက် သော ရသေ့စဉ်းလဲသည် တစ်စုံတစ်ခုသော စကားကို မဆိုဘဲနေသကဲ့သို့ အမျက်ဒေါသထွက်ခြင်းကြောင့် စကားပြန်မပြောဘဲ ဒုကုဋ်သင်္ကန်းကိုသာ ချုပ်လျက် နေဗလသိဘကား။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ဤမင်းကား အမျက်ဒေါသ၏ အစွမ်းဖြင့် စကားမပြောဟူ၍ ငါ့ကို အောက်မေ့၏၊ ယခုအခါ ထိုမင်းအား ဖြစ်သော အမျက်ဒေါသ၏ အလိုသို့ မလိုက်သည်၏အဖြစ်ကို ဟောအံ့ဟု ကြံ၍ ဤဂါထာကို ဆို၏—

၅၂။ ဥပ္ပဇ္ဇိ မေ န မုစ္စိတ္ထ၊ န မေ မုစ္စိတ္ထ ဇီဝတော။
ရဇံဝ ဝိပုလာ ဝုဋ္ဌံ၊ ခိပ္ပမေဝ နိဝါရယိံ။

မြတ်သောမင်းကြီး ငါ့အား အမျက်ဒေါသဖြစ်ငြားသော်လည်း ကိုယ်တွင်း သန္တာန် အပြင်သို့မထွက်စေရ၊ ငါ့အား သဇီဝသန္တာန်မှ မထွက်စေရာသည် သာတည်း၊ ကြီးစွာသော မိုးပေါက်သည် မြူကိုပယ်ဖျောက်သကဲ့သို့ လျင်စွာ သာလျှင် ပယ်ဖျောက် တားမြစ်အံ့။

ထိုဘုရားလောင်းစကားကို ကြား၍ မင်းသည် ဤရသေ့ကား အမျက်ကို သာလျှင် ရည်၍ ဆိုသလော၊ ထိုသို့တည်းမဟုတ်မူ တစ်ပါးသော တစ်စုံတစ်ခု

သော အတတ်ကိုရည်၍ဆိုသလော ထိုရသေ့ကို မေးဦးအံ့ဟု ကြံ၍ မေးလိုရကား ဤဂါထာကို ဆို၏-

၅၃။ ကိံ တေ ဥပ္ပဇ္ဇိ နော မုစ္စိ၊ ကိံ တေ န မုစ္စိ ဇီဝတော။
ရဇံ ဝိပုလာ ဝုဋ္ဌံ၊ ကတမံ တ္ဝံ နိဂါရယိ။

ရှင်ရသေ့ ရှင်ရသေ့အား ဖြစ်ကားဖြစ်၏ ဟူသည်ကား အဘယ်သည် ဖြစ်လည်းဖြစ်သနည်း လွတ်လည်းမလွတ်သနည်း အဘယ်သည် ရှင်ရသေ့၏ သဇီဝသန္တာန်မှ မလွတ်သနည်း ကြီးစွာသော မိုးပေါက်သည် မြူကိုဖျောက်သကဲ့သို့ အဘယ်မည်သော ထိုဝတ္ထုကို မြစ်သနည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် မြတ်သောမင်းကြီး ဤသို့ များစွာသော ဒေါသဖြစ်ရှိသော တစ်ခုသော အမျက်သည် ငါ့အား ဖြစ်၏၊ ဖြစ်သော်လည်း ထိုအမျက်ကို မေတ္တာဘာဝနာဖြင့် မြစ်၏ဟု အမျက်ဒေါသ၌ အပြစ်ကို ပြလိုသည်ဖြစ်၍ ဤဂါထာတို့ကို ဆို၏-

၅၄။ ယမှိ ဇာတေ န ပဿတိ၊ အဇာတေ သာဓု ပဿတိ။
သော မေ ဥပ္ပဇ္ဇိ နော မုစ္စိ၊ ကောဓော ဒုမ္မေဓဂေါစရော။

၅၅။ ယေန ဇာတေန နန္ဒန္တိ၊ အမိတ္တာ ဒုက္ခမေသိနော။
သော မေ ဥပ္ပဇ္ဇိ နော မုစ္စိ၊ ကောဓော ဒုမ္မေဓဂေါစရော။

၅၆။ ယသ္မိဉ္စ ဇာယမာနမှိ၊ သဒတ္ထံ နာဝဗုဇ္ဈတိ။
သော မေ ဥပ္ပဇ္ဇိ နော မုစ္စိ၊ ကောဓော ဒုမ္မေဓဂေါစရော။

၅၇။ ယေနာဘိဘူတော ကုသလံ ဇဟာတိ၊ ပရက္ကရေ ဝိပုလဉ္စာပိ အတ္ထံ။
သ ဘီမသေနော ဗလဝါ ပမဒ္ဒီ၊ ကောဓော မဟာရာဇ န မေ အမုစ္စထ။

၅၈။ ကဋ္ဌသ္မိံ မတ္ထမာနသ္မိံ၊ ပါဝကော နာမ ဇာယတိ။
တမေဝ ကဋ္ဌံ ဍဟတိ၊ ယသ္မာ သော ဇာယတေ ဂိနိ။

၅၉။ ဧဝံ မန္ဒဿ ပေါသဿ၊ ဗာလဿ အဝိဇာနတော။
သာရမ္ဘာ ဇာယတေ ကောဓော၊ သောပိ တေနေဝ ဍယှတိ။

၆၀။ အဂ္ဂိဝ တိဏကဋ္ဌသ္မိံ၊ ကောဓော ယဿ ပဝဍ္ဎတိ။
နိဟီယတိ တဿ ယသော၊ ကာဠပက္ခေဝ စန္ဒိမာ။

၆၁။ အနေဓော ဓူမကေတူဝ၊ ကောဓော ယဿူပသမ္မတိ။
အာပူရတိ တဿ ယသော၊ သုက္ကပက္ခေဝ စန္ဒိမာ။

ရေမြေ့သေဌ်နှင်း ပြည့်ရှင်မင်းအမျက်ထွက်သောအခါ မိမိအကျိုး သူတစ်ပါး အကျိုးကို မမြင်တတ်၊အမျက် မထွက်သည်ရှိသော်မိမိအကျိုးသူတစ်ပါးအကျိုးကို ကောင်းစွာမြင်၏၊ ပညာမရှိသူတို့သာ ဖြစ်လေ့ရှိသော အမျက်ဒေါသသည် ငါ့အား ဖြစ်သော်လည်း ငါ၏ ကိုယ်အပြင်သို့ မထွက်ပေါ်ပေ။

လူတို့အရှင် မင်းမြတ် အမျက်ဒေါသထွက်ခြင်းကို ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှုကို အလိုရှိကုန်သော ရန်သူတို့သည်သာ နှစ်သက်ကြကုန်၏။ ပညာမရှိသူတို့အားသာ အမြဲဖြစ်လေ့ရှိသော ထိုအမျက်ဒေါသသည် ငါ့အားဖြစ်သော်လည်း ငါ၏ကိုယ်အပြင်သို့ မထွက်ပေါ်ပေ။

အရပ်မျက်နှာ အရှင်ဖြစ်သော မင်းကြီး အမျက်ဒေါသ ထွက်သောအခါ မိမိအကျိုးစီးပွား မသိနိုင်၊ ပညာမရှိသူတို့သာ ဖြစ်လေ့ရှိသော ထိုအမျက်ဒေါသသည် ငါ့အားဖြစ်သော်လည်း ငါ၏ကိုယ်အပြင်သို့ မပေါ်ထွက်ပေ။

တိုင်းပြည်သူအပေါင်းတို့ထက် မြတ်တော်မူသော မင်းမြတ် အမျက်ဒေါသ ဖြစ်ပေါ် နှိပ်စက်ခံနေရသော သူသည် ကုသိုလ်ကို စွန့်လွှတ်တတ်၏၊ ပြန့်ပြောများပြားသော အကျိုးစီးပွားကိုလည်း အပပြုလိုတတ်၏၊ မင်းမြတ် များစွာသော ကိလေသာဟူသော စစ်သည်နှင့် ပြည့်စုံသော အားရှိသော သူတို့ကို နှိပ်နင်းနိုင်သော ထိုအမျက်ဒေါသသည် ငါ၏အထံမှ မထွက်ပေါ်ပေ။

မီးပွတ်ခုံကို မီးပွတ်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော မီးသည် မီးဖြစ်ပေါ်ရာ မီးပွတ်ခုံကိုပင် လောင်လေ၏။

မင်းမြတ် ဤအတူ ပညာမရှိသော၊ မိုက်သောအကျိုးစီးပွားကို မသိသော သတ္တဝါအား နှင်လော ငါလော စသည်ဖြင့် လွန်စွာပြုတတ်သော ကက္ခဋာ ရှိသော အမျက်ထွက်သော သူသည်လည်း ယင်းမိမိ၏ အမျက်ဖြင့်သာလျှင် ပူလောင်ရလေ၏။

ရထားစီးချင်း မင်းတကာတို့ထက် အာသဘမြောက်တော်မူသော မင်းမြတ် မြက်ခြောက် သစ်ခက်ခြောက်ရှိရာ အရပ်၌ လောင်သော မီးသည် ပွားလေပွားလေဖြစ်သကဲ့သို့ ပညာနည်းပါး၍ အမျက်ဒေါသ ပွားသောသူအား လကွယ် ပက္ခ၌ ထွက်ပေါ်သော လကဲ့သို့ စည်းစိမ်ချမ်းသာသည် တရွေ့ရွေ့ ယုတ်၏။

ရွှေနန်းရှင်မင်းမြတ် မီးစာ မရှိသော မီးလျှံသည် ငြိမ်းသကဲ့သို့ ပညာသည် ဖြစ်၍ အမျက်ငြိမ်းသောသူအား လဆန်းပက္ခ၌ ပေါ်ထွက်သော လကဲ့သို့ စည်းစိမ်ချမ်းသာသည် တရွှေရွှေ ပြည့်၏။

ဗာရာဏသီမင်းသည် ဘုရားလောင်း၏ တရားစကားကို နာရလျှင် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ အမတ်တစ်ယောက်ကို စေ၍ နန်းတော်သို့ ဆောင်လေပြီးသော ရသေ့မကို ဆောင်စေ၍ အမျက်ထွက်ခြင်း မရှိသော ရှင်ရသေ့ နှစ်ယောက်ကုန်သော ရှင်ရသေ့တို့သည် ရဟန်းချမ်းသာဖြင့် လွန်စေကုန်လျက် ဤ အကျွန်ုပ် ဥယျာဉ်တော်၌သာလျှင် နေတော်မူကြကုန်လော့၊ အကျွန်ုပ်သည် အရှင်ဘုရားတို့အား တရားနှင့် လျော်စွာ စောင့်ရှောက်ခြင်း တရားနှင့်လျော်စွာ ရန်မှ တားမြစ်ခြင်း တရားနှင့်လျော်သော လုံခြုံခြင်းကို ပြုအံ့ဟု ဆို၍ ကန်တော့ပြီးလျှင် အကြိမ်ကြိမ် ရှိခိုး၍ သွားလေ၏၊ ထိုနှစ်ယောက်ကုန်သော သူတို့သည်လည်း ဥယျာဉ်တော်၌သာလျှင် နေကုန်၏၊နောက်အဖို့၌ ရသေ့မသည် သေ၏၊ ဘုရားလောင်းသည် ထိုရသေ့မ သေသည်ရှိသော် ဟိမဝန္တာတောသို့ ဝင်ပြီးလျှင် အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ လေးပါးကုန်သော ဗြဟ္မဝိဟာရတို့ကို ပွားစေလျက် ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အမျက်ထွက်တတ်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ရဟန်း ယခုအခါ ရာဟုလ မယ်တော်သည် ထိုအခါ ရသေ့မ ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ယခုအခါ ငါဘုရားသည်ထိုအခါ စူဠဗောဓိရသေ့ ဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မျက်ဒေါသမှာ၊ မီးပမာ၊ မှီရာ လောင်မြိုက်မည်။)

လေးရာလေးဆယ့်သုံးခုမြောက်သော စူဠဗောဓိဇာတ်သည်ပြီး၏။

# ၄၄၄-ကဏှဒီပါယနဇာတ်

## မှန်သောစကားသည် သစ္စာမည်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည်“သတ္တာဟမေဝါဟံ”အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဏှဒီပါယနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဝတ္ထုသည် ကုသဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။) မြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း သင်သည် သာသနာတော်၌ ငြီးငွေ့သတတ်ဟူသည် မှန်သလောဟု မေးတော်မူ၍ အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း ရှေးပညာရှိတို့သည် သဗ္ဗညူ မြတ်စွာဘုရားရှင်တို့သည် မပွင့်ကုန်မီ သာသနာတော်မှ အပဖြစ်သော ရဟန်းတို့၏ အကျင့်ကို ကျင့်၍ ငါးဆယ့်ငါးနှစ်တို့ ပတ်လုံး ရဟန်းအဖြစ်၌ မမွေ့လျော်ဘဲ မြတ်သော အကျင့်ကို ကျင့်ကုန်သည် ရှိသော် ဟိရိ ဩတ္တပ္ပ ပျက်အံ့သည်မှ ကြောက်သောကြောင့် မိမိ၏ ရသေ့ ရဟန်း၏အဖြစ်၌ မမွေ့လျော်သော အဖြစ်ကို တစ်စုံတစ်ယောက်သောသူအား မပြောဆိုကုန်၊ သင်သည် အဘယ်ကြောင့် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော ငါဘုရားသာသနာတော်၌ ရဟန်းပြု၍ ငါကဲ့သို့သော လူနတ်တို့၏ဆရာဖြစ်တော်မူသော ငါဘုရားမျက်မှောက်တော်၌တည်၍ ပရိသတ် လေးပါးအလယ်၌ မမွေ့လျော်သော အဖြစ်ကို ထင်စွာ ပြုဘိသနည်း၊ အဘယ် အကျိုးရှိသည်ဖြစ်၍ ဟိရိ ဩတ္တပ္ပကို မစောင့်သနည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဝံသတိုင်း ကောသမ္ဗီပြည်၌ ကောသမ္ဗက အမည်ရှိသော မင်းသည် မင်းပြု၏၊ ထိုအခါ အမှတ် မရှိသော နိဂုံးရွာ၌ ကုဋေရှစ်ဆယ် ဥစ္စာရှိကုန်သော အချင်းချင်း ချစ်မြတ်နိုးကြကုန်သော အဆွေ ခင်ပွန်း ဖြစ်ကုန်သော ပုဏ္ဏားနှစ်ယောက်တို့သည် ရှိကုန်၏၊ တစ်ယောက်ကား-ဒီပါယန အမည်ရှိ၏၊ တစ်ယောက်ကား မဏ္ဍဗျ အမည်ရှိ၏၊ ထိုသူ နှစ်ယောက် တို့သည် ကာမတို့၌ များသော အပြစ်တို့ကို မြင်ကုန်၍လျှင် ကြီးစွာသော အလှူကို ဖြစ်စေ၍ နှစ်ယောက်ကုန်သော သူတို့သည်လည်း ကာမတို့ကို ပယ်၍ လူအပေါင်းတို့ ငိုကြွေးမြည်တမ်းစဉ် အိမ်မှ ထွက်ကုန်၍ ဟိမဝန္တာတောအရပ်၌ သခ်မ်းဆောက်ပြီးလျှင် ရသေ့ရဟန်းပြုကုန်၍ သစ်သီးဆွမ်း ရှာမှီးခြင်းတို့ဖြင့်

ရအပ်သော တောသစ်မြစ် သစ်သီးကြီးငယ်ဖြင့် မျှကုန်လျက် အနှစ် ငါးဆယ်တို့ ပတ်သုံး နေကုန်၏၊ ဈာန်ကို ဖြစ်စေခြင်းငှါ မတတ်နိုင်ကုန်၊ ထိုနှစ်ယောက်ကုန်သော ရသေ့တို့သည် အနှစ်ငါးဆယ်လွန်သောအခါ၌ ချဉ်ဆားမှီဝဲအံ့သောငှါ ဇနပုဒ်သို့ လှည့်လည်ကုန်လျက် ကာသိတိုင်းသို့ ရောက်လာကုန်၏။

ထိုဇနပုဒ် နိဂုံးရွာ၌ ဒီပါယနရသေ့၏ သူလက်ထက်၌ အဆွေခင်ပွန်းဖြစ်ဖူးသော မဏ္ဍဗျမည်သော သူကြွယ်သည် ရှိ၏၊ ထိုနှစ်ယောက်သော ရသေ့တို့သည်လည်း ထိုသူကြွယ်၏ အထံသို့ သွားကြကုန်၏၊ ထိုသူကြွယ်သည် ထိုနှစ်ယောက်သော ရသေ့တို့ကို မြင်၍လျှင် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ကျောင်းဆောက်၍ ထိုနှစ်ယောက်သော ရသေ့တို့ကိုလည်း ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေး၏၊ ထိုနှစ်ယောက်သော ရသေ့တို့သည် ထိုကျောင်း၌ သုံးလေးနှစ်တို့ပတ်လုံး နေကုန်ပြီးလျှင် သူကြွယ်ကို ပန်ကြား၍ ဒေသစာရီ သွားကြကုန်သည် ရှိသော် ဗာရာဏသီပြည်သို့ ရောက်၍ အဓိမုတ္တက အမည်ရှိသော သုသာန်၌ နေကြကုန်၏၊ ထိုသုသာန်၌ ဒီပါယန ရသေ့သည် မွေ့လျော်သလောက် နေပြီး၍ တစ်ဖန် ထိုအဆွေခင်ပွန်း ဖြစ်ဖူးသော သူကြွယ်၏ အထံသို့သာလျှင် သွား၏၊ မဏ္ဍဗျ ရသေ့သည် ထိုသုသာန်၌သာလျှင် နေရစ်၏၊ ထိုအခါ တစ်နေ့သ၌ ခိုးသူ တစ်ယောက်သည် မြို့တွင်း၌ ခိုးမှုကို ပြုပြီးလျှင် မြတ်သော ဥစ္စာကို ယူ၍ အိမ်မှ ထွက်သည်ရှိသော် ခိုးသူဟု သိ၍ အိပ်ပျော်ခြင်းမှ နိုးကုန်သော အိမ်ရှင်တို့သည် လည်းကောင်း, စောင့်ရှောက်သော သူတို့သည်လည်းကောင်း, အစဉ်အတိုင်း လိုက်ကုန်သည်ရှိသော် ပြွန်ပေါက်မှ ထွက်၍ လျင်မြန်သောအဟုန်ဖြင့် သုသာန်သို့ ဝင်၍ ရှင်ရသေ့၏ ကျောင်းတံခါး၌ ဥစ္စာထုပ်ကို စွန့်၍ ပြေးလေ၏၊ လူတို့သည် ဥစ္စာထုပ်ကို မြင်၍ ဟယ်....မကောင်းစွာသော ရသေ့ သင်သည် ညဉ့်အခါ၌ ခိုးသူပြု၍ နေ့အခါ ရသေ့အသွင်ဖြင့် သွားဘိ၏ဟု ခြိမ်းခြောက် ပုတ်ခတ်ပြီးလျှင် ထိုမဏ္ဍဗျရသေ့ကို ယူ၍ မင်းအား ပြကုန်၏၊ မင်းသည် မစူးစမ်း မဆင်ခြင်မူ၍ သွားကြကုန်၊ တံကျင်၌ လျှိုလေကုန်လော့ဟု ဆို၏။

ထိုမဏ္ဍဗျရသေ့ကို သုသာန်သို့ ဆောင်၍ ရှားတံကျင်သို့ တင်ကုန်၏၊ ရသေ့၏ ကိုယ်၌ တံကျင်သည်မဝင်၊ ထိုနောင်မှ တမာသား တံကျင်ကို ဆောင်ကုန်၏၊ ထိုတမာသားတံကျင်သည်လည်း မဝင်နိုင်၊ သံတံကျင်ကို ဆောင်ကုန်၏၊ ထိုသံ တံကျင်သည်လည်း မဝင်နိုင်၊ ရသေ့သည် ငါ၏ ရှေးမကောင်းမှုကံသည် အဘယ် မကောင်းမှုကံနည်းဟု ကြံဆင်ခြင်၏၊ ထိုသို့ ဆင်ခြင်သောအခါ၌ ထိုရသေ့အား ဇာတိဿရဉာဏ်သည် ဖြစ်၏၊ ထိုဇာတိဿရဉာဏ်ဖြင့် ရှေး၌ ပြုခဲ့ဖူးသော မကောင်းမှုကံကို ကြည့်၍ မြင်၏၊ ထိုမဏ္ဍဗျရသေ့၏ ရှေးမကောင်းမှု ကံသည် အဘယ်နည်းဟူမူကား ပင်လယ်ကသစ် တံကျင်ဖြင့် ယင်ငယ်ကို ထိုးဖူးသော

ကံဘည်း၊ ထိုမဏ္ဍဗျရသေ့သည် ရှေးဘဝ၌ လက်သမားဖြစ်၍ အဘ၏သစ်ရွေရာ အရပ်သို့ သွား၍ တစ်ကောင်သော ယင်ကောင်ကို ဖမ်းပြီးလျှင် ပင်လယ်ကသစ် မြစ်ဖြင့် ထိုး၏၊ ထိုမကောင်းမှု ကံသည်ပင်လျှင် ဤအရပ်သို့ ရောက်၍ မြဲစွာကိုင်၏။

ထိုရသေ့သည် ဤယင်ကောင်ကို ပင်လယ်ကသစ်မြစ်ဖြင့် တံကျင်လျှိုသော သဏ္ဍာန် ထိုးဖူးသောမကောင်းမှုကံမှ ငါသည် လွတ်ခြင်းငှာမတတ်ကောင်းပြီဟု သိ၍ မင်းချင်းတို့ကို ဆို၏၊ ငါ့ကို တံကျင်လျှိုလိုကုန်သည် အကယ်၍ဖြစ်ကုန်အံ့၊ ပင်လယ်ကသစ် တံကျင်ကို ဆောင်ကုန်လော့ဟု ဆို၏၊ ထိုမင်းချင်းတို့သည် ရသေ့ဆိုတိုင်း ပြုကုန်၏၊ ထိုရသေ့ကို ပင်လယ်ကသစ်သား တံကျင်သို့တင်၍ အစောင့်အရှောက်ကိုပေးပြီးလျှင် သွားကြကုန်၏၊ စောင့်ရှောက်သောသူတို့ သည် ဖုံးလွှမ်းအပ်ကုန်သည်ဖြစ်၍ ထိုရသေ့၏အထံသို့ လာကုန်သောသူတို့ကို ကြည့်ကုန်၏၊ ထိုအခါ ဒီပါယနရသေ့သည် ငါ၏ အဆွေဖြစ်သော မဏ္ဍဗျ ရသေ့ကို မမြင်ရသည်မှာ ကြာမြင့်ပြီဟု မဏ္ဍဗျရသေ့၏အထံသို့ လာလတ်သည် ရှိသော် တံကျင်လျှိုပြီဟု ထိုနေ့ရာ၌ပင်လျှင် ခရီးအကြား၌ ကြား၍ ထိုမဏ္ဍဗျ ရသေ့ကို တံကျင်လျှိုရဲ့ထားရာအရပ်သို့ သွားပြီးလျှင် လျော့ကပ်တစ်ခုရပ်လျက် အဆွေမဏ္ဍဗျ အပြစ်ရှိသည်ဖြစ်သလော၊ အဘယ်အပြစ်ရှိသည် ဖြစ်သနည်းဟု မေး၍ အပြစ်မရှိဟု ဆိုလေသည်ရှိသော် မိမိ၏နှလုံးဖြင့် ပြစ်မှားခြင်းကို အောင့် ရမ့်ခြင်းငှာ တတ်နိုင်၏လော့၊ မတတ်နိုင်၏လောဟု မေး၏၊ အဆွေ အကြင်သူတို့ သည် ဖမ်းအပ်၏၊ ထိုသူတို့၏အပေါ်၌ ငါ့အား နှလုံးဖြင့် ပြစ်မှားခြင်းသည် မရှိသလျှင်ကတည်း၊ မင်း၏အပေါ်၌လည်း ငါ့အား ပြစ်မှားခြင်းသည် မရှိ သလျှင်ကတည်းဟု ဆိုလေ၏၊ ဤသို့ အမျက်မထွက်ခြင်းသည် ဖြစ်ပေသော ဖွဲ့ဆွေကဲ့သို့သော သီလရှိသောသူ၏ အရိပ်သည်ငါ့အား ချမ်းသာခြင်း၏ အကြောင်းဖြစ်၏ဟုဆို၍ ဒီပါယနရသေ့သည် လျှိုပြီး၍ စိုက်သောတံကျင်ကို မှီ၍ နေ၏။

ထိုသို့ မှီသောအခါ၌ ထိုဒီပါယနရသေ့၏ကိုယ်၌ မဏ္ဍဗျရသေ့၏ ကိုယ်မှ သွေးပေါက်တို့သည် စီးကျကုန်၏၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်၌ ကျတိုင်းကျတိုင်းကုန်သော သွေးပေါက်တို့သည် ခြောက်ကုန်၍ အကွက်အကွက် မည်းသော အဆင်းတို့သည် ဖြစ်ကုန်၏၊ ထိုကိုယ်၌ မည်းသော အဆင်းရှိသော အပေါက်အပေါက်ဖြစ်သော အခါမှစ၍ သာလျှင် ဒီပါယန ရသေ့သည် ကဏှဒီပါယန အမည်သည် ဖြစ်၏၊ ထိုကဏှဒီပါယနရသေ့သည် ညဉ့်သုံးယံ ပတ်လုံး ထိုတံကျင်၌သာလျှင် နေ၏၊ မိုးသောက်သောအခါ၌ စောင့်ရှောက် သော လူတို့သည် လာလတ်ကုန်၍ ထိုနှစ်ယောက်ကုန်သော ရသေ့တို့သည် ပြောပြောကြသောအကြောင်းကို မင်းအား ကြားလျှောက်ကုန်၏၊ မင်းသည်

ငါသည် မစူးမစမ်းပြုမိချေ၏ဟု သျှင်မြန်စွာ ထိုရသေ့အထံသို့သွား၍ "အိုရသေ့ အဘယ်ကြောင့် တံကျင်ကိုမှီ၍ နေသနည်း"ဟု ဒီပါယနရသေ့ကို မေး၏၊ မြတ်သောမင်းကြီး ဤရသေ့ကို မစောင့်လျက်နေ၏ဟု ဆို၏။

ရှင်ရသေ့သည် ဤရသေ့၏ အပြစ်ရှိသည်၏ အဖြစ်ကိုလည်းကောင်း, အပြစ်မရှိသည်၏အဖြစ်ကိုလည်းကောင်း သိ၍ ဤသို့စောင့်ရှောက်ခြင်းကို ပြုသလော ဟု မေး၏၊ ထိုဒီပါယနရသေ့သည် အမှုကို သုတ်သင်ဆင်ခြင်စူးစမ်း၍ အပြစ်မရှိသောအဖြစ်ကို ကြား၍ ထိုနောင်မှ ထိုမင်းအား မြတ်သောမင်းကြီး ပြည်ထဲသခင် အရှင် မင်းမည်သည်ကား စူးစမ်းဆင်ခြင်၍သာ ပြုလေ့ရှိသည် ဖြစ်ရာ၏၊ကာမဂုဏ်ချမ်းသာကို ခံစားသောသူ မည်သည်ကား ပျင်းသည်ဖြစ်အံ့၊ မကောင်း၊ ဤသို့ အစရှိသော စကားတို့ကိုဆို၍ မင်းကျင့်ဘရား ဆယ်ပါးကို ဟော၏၊ မင်းသည် မဏ္ဍဗျရသေ့၏ အပြစ်မရှိသောအဖြစ်ကို သိ၍ တံကျင်ကို နုတ်ကုန်လော့ဟု ဆို၏၊ တံကျင်ကို နုတ်ကုန်သည်ရှိသော် နုတ်ခြင်းငှာ မတတ်နိုင်ဟု မဏ္ဍဗျရသေ့သည် ဆို၏၊ အဘယ် သို့ ဆိုသနည်း ယူမူကား မြတ်သော မင်းကြီး ငါသည် ရှေး၌ပြုအပ်ပြီးသော မကောင်းမှုကံ ဟူသောအပြစ်ကြောင့် ဤသို့သဘောရှိသော ဘေးသို့ ရောက်ချေပြီ၊ ငါ၏ ကိုယ်၌ တံကျင်ကို နုတ်ခြင်းငှါ မတတ်နိုင်ရာ၊ ငါ့အား အသက်ကို ပေးလိုသည် အကယ်၍ ဖြစ်ငြားအံ့၊ လှကို ဆောင်စေ၍ တံကျင်ကို အရေနှင့်အမျှ ဖြတ်စေလော့ဟု ဆို၏၊ မင်းသည် ထိုရသေ့ဆိုတိုင်း ပြုစေ၏၊ ကိုယ်တွင်း၌ တံကျင်သည် ကိုယ်တွင်း၌သာလျှင် ဖြစ်၏၊ (ထိုလက်သမားသား ဖြစ်သောအခါ၌ ထိုသူငယ်သည် သိမ်မွေ့သော ပင်လယ်ကသစ်မြစ်ကို ယူ၍ ယင်၏ ဝစ္စမဂ်သို့ ထိုးလိုက်၏၊ ထိုပင်လယ်ကသစ်မြစ် သည် ထိုယင်၏ကိုယ်တွင်း၌ သာလျှင် ဖြစ်၏၊ ထိုယင်ငယ်သည် ထိုပင်လယ် ကသစ်မြစ်ဖြင့် လျှိုခြင်းဟူသော အကြောင်းကြောင့် မသေမူ၍ မိမိ၏ အသက် အပိုင်းအခြား ကုန်သဖြင့်သာလျှင် သေ၏၊ ထိုကြောင့် ဤမဏ္ဍဗျ ရသေ့သည် လည်း မသေ၊ ဤသည်လျှင် ရှေးမကောင်းမှု ကံတည်း။)

ဗာရာဏသီမင်းသည် ရသေ့တို့ကို ရှိခိုး၍ ကန်တော့ပြီးလျှင် နှစ်ယောက် ကုန်သော ရသေ့တို့ကိုလည်း ဥယျာဉ်တော်၌ နေစေလျက် လုပ်ကျွေး၏၊ ထို လျှိုပြီးသော တံကျင်ကို အသားနှင့်အညီ ဖြတ်၍ထားသော အခါမှ စ၍ မဏ္ဍဗျ ရသေ့သည် အာဏိမဏ္ဍဗျရသေ့ မည်တွင်၏၊ ထိုအာဏိမဏ္ဍဗျ ရသေ့သည် ဗာရာဏသီမင်းကို အမှီပြု၍ ထိုဥယျာဉ်တော်၌သာလျှင် နေ၏၊ ကဏှဒီပါယန ရသေ့သည်ကား ထိုအာဏိမဏ္ဍဗျရသေ့၏ တံကျင်လျှိုခြင်းကြောင့် ဖြစ်သော အနာကို ချမ်းသာအောင်ပြု၍ မိမိ၏ လူ့လက်ထက်၌ အဆွေခင်ပွန်းဖြစ်သော မဏ္ဍဗျသူကြွယ်၏ အထံသို့ သာလျှင် သွားလေ၏၊ ထိုကဏှဒီပါယန ရသေ့သည်

ကျောင်းသို့ ဝင်သည်ကို မြင်၍ တစ်ယောက်သော ယောက်ျားသည် အဆွေဖြစ်သော မဏ္ဍဗျသူကြွယ်အား ကြား၏၊ ထိုမဏ္ဍဗျသူကြွယ်သည် ကြားတည့်၍ သာလျှင် နှစ်သက် ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ သားမယားနှင့်တကွ များစွာသော နံ့သာ ပန်း ဆီ တင်လဲ အစရှိသည်တို့ကို ယူ၍ ကျောင်းသို့ သွားပြီးလျှင် ကဏှဒီပါယန ရသေ့ကို နှိုးခိုး၍ ခြေတို့ကို ဆေးပြီးလျှင် ဆီဖြင့် သုတ်၍ အဖျော်ကို သောက်စေ၍ အာဏိမဏ္ဍဗျရသေ့၏ ဖြစ်ကြောင်းကို နာလျက်နေ၏။

ထိုအခါ မဏ္ဍဗျ သူကြွယ်သားဖြစ်သော ယညဒတ် မည်သော သူငယ်သည် စင်္ကြံဦး၌ အိမ်ကျင်ဖြင့် ကစား၏၊ ထိုသို့ကစားသည် ရှိသော် တစ်ခုသော တောင်ပို့၌ မြွေဟောက်သည် နေ၏၊ ယညဒတ်၏ မြေ၌ ခပ်အပ်သော အိမ်ကျင် ဘောလုံး လိမ့်လျက် သွားလေ၏၊ တောင်ပို့တွင်း၌ မြွေဟောက်၏ ဦးခေါင်း ပေါ်၌ ကျလေ၏၊ ထိုသူငယ်သည် မြွေဟောက်ရှိမှန်း မသိခြင်းကြောင့် တောင်ပို့ တွင်းသို့ လက်ကို သွင်း၏၊ ထိုအခါ ထိုသူငယ်ကို အမျက်ထွက်၍ မြွေဟောက် သည် လက်၌ ကိုက်၏၊ ထိုသူငယ်သည်လည်း မြွေဆိပ်၏ အဟုန်ဖြင့် မိန်းမောသည်ဖြစ်၍ ထိုအရပ်၌သာလျှင် လဲ၏၊ ထိုအခါ ထိုသူငယ်၏ မိဘတို့သည် မြွေကိုက်သော အဖြစ်ကို သိလျှင် သူငယ်ကို ချီ၍ ရှင်ရသေ့၏ အထံသို့ ဆောင်ခဲ့ပြီးလျှင် ခြေရင်း၌ အိပ်စေ၍ အရှင်ဘုရား ရဟန်းတို့ မည်သည်ကား ဆေးကိုလည်းကောင်း, အရံအတားကိုလည်းကောင်း တတ်ကုန်၏၊ သားငယ်ကို အနာမရှိသည်ကို ပြုတော်မူလော့ဟု ဆိုကုန်၏၊ ထိုစကားကိုကြား၍ ကဏှဒီပါ ယနရသေ့သည် ဆို၏၊ ဒါယကာတို့ ငါသည် ဆေးကို မသိ၊ ဆေးကုသောအမှုကို မပြုဟု ဆို၏၊ အရှင်ဘုရား ထိုသို့ ဆေးမကုစားမူ၍ သူငယ်၌ မေတ္တာကို ပြု၍ သစ္စာပြုခြင်းကို ပြုတော်မူပါလောဟု ဆိုကုန်သည်ရှိသော် ရသေ့သည် ကောင်းပြီ သစ္စာပြုခြင်းကို ပြုအံ့ဟု ဆို၍ ယညဒတ် ဦးခေါင်း၌ လက်ကို ထား၍ ဤဂါထာကို ဆို၏—

၆၂။ သတ္တာဟမေဝါဟံ ပသန္နစိတ္တော၊
ပုညတ္ထိကော အစရိံ ဗြဟ္မစရိယံ။
အထာပရံ ယံ စရိတံ မမေဒံ၊
ဝဿာနိ ပညာသ သမာဓိကာနိ။
အကာမကောဝါပိ အဟံ စရာမိ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ဟတံ ဝိသံ ဇီဝတု ယညဒတ္တော။

ဒါယကာတို့ ငါသည် ရဟန်းပြုသည်မှ ခုနစ်ရက်သာလျှင် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ကောင်းမှုကို အလိုရှိသည်ဖြစ်၍ မြတ်သော အကျင့်ကို ကျင့်၏၊ ထိုခုနစ်ရက်မှနောက်၌ ငါ၏ ကျင့်အပ်သော အကြင်အကျင့်သည် ရှိ၏၊ ဤအကျင့်ကိုလည်း ငါးဆယ်အလွန် ရှိကုန်သော နှစ်တို့ပတ်လုံး အလိုမရှိဘဲလျှင် ငါသည် ကျင့်၏၊ ဤသို့ မှန်သော သစ္စာစကားကြောင့် ယညဒတ်သည် ချမ်းသာသည်ဖြစ်စေသတည်း၊ အဆိပ်သည် ပျောက်စေသတည်း၊ ယညဒတ်သည် အသက်ရှင်စေသတည်း။

ဤသို့ သစ္စာပြုသောအခါ၌ ဒီပါယနရသေ့၏ သစ္စာပြုသည်နှင့်တကွ ယညဒတ်အား သားမြတ်တည်ရာအရပ်မှ အထက်၌ နို့လေသော အဆိပ်သည် လျှောကျ၍ မြေသို့ဝင်လေ၏၊ သူငယ်သည်လည်း မျက်စိတို့ကို ဖွင့်ပြီးလျှင် မိဘတို့ကိုကြည့်၍ မိခင်ဖခင်တို့ဟူ၍ ဆို၍သာလျှင် ပြန်၍အိပ်၏၊ ထိုအခါ သူငယ်၏အဘကို ကဏှဒီပါယန ရသေ့သည် ငါသည် ရှေးဦးစွာ ငါ၏ အစွမ်းကို ပြုအပ်ပြီ၊ သင်သည်တည်း မိမိ၏အစွမ်းကို ပြုလော့ဟုဆို၏၊ ထိုအဘသည်လည်း ငါသည် ပြုအပ်သောသစ္စာကို ပြုအံ့ဟု သား၏ရင်၌ လက်ကိုထား၍ ဤဂါထာကိုဆို၏ –

၆၃။ ယသ္မာ ဒါနံ နာဘိနန္ဒိံ ကဒါစိ၊
ဒိသွာန' ဟံ အတိထိံ ဝါသကာလေ။
န စာပိ မေ အပ္ပိယတံ အဝေဒုံ၊
ဗဟုဿုတာ သမဏာ ဗြာဟ္မဏာ စ။
အကာမကော ဝါပိ အဟံ ဒဒါမိ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ဟတံ ဝိသံ ဇီဝတု ယညဒတ္တော။

အရှင်တို့ အကျွန်ုပ်သည် အကြင့်ကြောင့် အလှူကို တစ်ရံတစ်ဆစ်မျှ မနှစ်သက်။ အကျွန်ုပ်သည် အလှူခံဖြစ်သော ခရီးသွားသည့်သည်ကို ငါ၏အိမ်သို့ လာသောကာလ၌ မြင်၍ မနှစ်သက်။ ငါ၏ အလှူဒါန အလှူခံတို့ကို မနှစ်သက်သော အဖြစ်ကို များသောအကြားအမြင်ရှိကုန်သော ရဟန်း ပုဏ္ဏားတို့သည်လည်း မသိကုန်။ အလိုမရှိဘဲလျှင် ငါသည်လှူ၏။ ဤမှန်သော သစ္စာစကားကြောင့် ယညဒတ်သည် ချမ်းသာသည် ဖြစ်စေသတည်း။ အဆိပ်သည် ပျောက်စေသတည်း။ ယညဒတ်သည် အသက်ရှင်စေသတည်း။

ဤသို့ အဘသည် သစ္စာပြုပြီးသည်ရှိသော် ခါးမှအထက်၌ အဆိပ်သည် လျှောကျ၍ မြေသို့ဝင်လေ၏၊ သူငယ်သည် ထ၍ထိုင်၏၊ ရပ်ခြင်းငှာကား မတတ်နိုင်သေး၊ ထိုအခါ သူငယ်၏ အဘသည် အမိကို ရှင်မ ငါသည် မိမိ၏

အစွမ်းကို ပြုအပ်ပြီ၊ သင်သည် ယခုသစ္စာပြု၍ သား၏ ထ၍ သွားနိုင်သော အဖြစ်ကို ပြုလော့ဟုဆို၏၊ အရှင် အကျွန်ုပ်အား တစ်ခုသော သစ္စာသည် ရှိ၏၊ ထိုသို့ရှိသော်လည်း အရှင်၏ မျက်မှောက်၌ ဆိုခြင်းငှာ မတတ်ကောင်းဟု ဆိုသည့်ရှိသော် ဟုတ်မှန်သည့်အတိုင်း ငါ့သားကို အနာမရှိသည်ကို ပြုလော့ဟု ဆို၏၊ ထိုအမိသည် ကောင်းပြီဟုဝန်ခံ၍ သစ္စာကို ပြုလိုရကား ဤဂါထာကို ဆို၏——

၆၄။ အာသီဝိသော တာတ ဗဟူတတေဇော၊
ယော တံ အဒံသီ သာစရာ ဥဒိစ္စ။
တသ္မိံစ မေ အပ္ပိယတာယ အဇ္ဇ၊
ပိတရိစ တေ နတ္ထိ ကောစိ ဝိသေသော။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု၊
ဟတံ ဝိသံ ဇီဝတု ယညဒတ္တော။

ချစ်သား အဆိပ်ပြင်းသော မြွေဟောက်သည် မိမိနေရာ တောင်ပို့မှ ထ၍ သင်ချစ်သားကိုကိုက်ရာ ယခုအခါ၌ ငါ၏ ထိုမြွေဟောက်အပေါ် မုန်းတီးခြင်းနှင့် သင့်ဖခင်အပေါ် မုန်းတီးခြင်းသည် အတူတူပင်တည်း၊ ဤမှန်သော သစ္စာစကားကြောင့် ယညဒတ်သည် ချမ်းသာပါစေသတည်း၊ အဆိပ်သည် ပျောက်ကင်းပါစေသတည်း၊ ယညဒတ်သည် အသက်ရှင်ပါစေသတည်း။

သစ္စာပြုသည်နှင့်တကွ အလုံးစုံသော အဆိပ်သည် လျော့ကျ၍ မြေသို့ ဝင်လေ၏၊ ယညဒတ်သည် အဆိပ်မရှိသော ကိုယ်ဖြင့် ကစားအံ့သောငှာ အားထုတ်၏၊ ဤသို့လျှင် သားသည် ထ၍ကစားသည်ရှိသော် မဏ္ဍဗျသူကြွယ်သည် ကဏှဒီပါယနရသေ့၏ အလိုကို မေးလိုသည် ဖြစ်၍ – ဤဂါထာကို ဆို၏။

၆၅။ သန္တာ ဒန္တာယေဝ ပရိဗ္ဗဇန္တိ၊
အညတြ ကဏှာ နတ္ထာ’ ကာမရူပါ။
ဒီပါယန ကိဿ ဇိဂုစ္ဆမာနော၊
အကာမကော စရသိ ဗြဟ္မစရိယံ။

ဒီပါယနမည်သော ရှင်ရသေ့ အရှင်ကဏှဒီပါယနရသေ့မှ တစ်ပါးသော ရဟန်းပြုပြီးသော မင်းအစရှိကုန်သော သူတို့သည် ရသေ့ရဟန်းအဖြစ်၌ မွေ့လျော်ကြကုန်၏၊ ကိလေသာ ငြိမ်းကုန်လျက် ဒွါရသုံးပါးတို့ကို ဆိုဆုံးမအပ်ကုန်လျက် မြတ်သောအကျင့်ကို ကျင့်ကြကုန်၏၊ ရှင်ရသေ့သည်ကား အဘယ့်ကြောင့် ရသေ့ရဟန်းအဖြစ်ကို စက်ဆုပ်ငြီးငွေ့သည်ဖြစ်၍ အလိုမရှိဘဲလျက် မြတ်သော ရသေ့ရဟန်း အကျင့်ကို ကျင့်နေရသနည်း။

ထိုနောင်မှ ထိုမဏ္ဍဗျသူကြွယ်အား ကဏှဒီပါယနရသေ့သည် အကြောင်းကို ဆိုလိုရကား ဤဂါထာကိုဆို၏—

၆၄။ သဒ္ဓါယ နိက္ခမ္မ ပုနံ နိဝတ္တော၊
သော ဧဠမူဂေါဝ ဗာလော ဝတာယံ။
ဧတဿ ဝါဒဿ ဇိဂုစ္ဆမာနော၊
အကာမကော စရာမိ ဗြဟ္မစရိယံ။
ဝိညုပ္ပသတ္ထံ စ သတံ စ ဌာနံ၊
ဧဝမ္ပဟံ ပုညကရော ဘဝါမိ။

ဒါယကာတို့ ကဏှဒီပါယနရသေ့သည် ကံ့ကံ၏ အကျိုးကို ယုံကြည်သည် ဖြစ်၍ ရသေ့ရဟန်း ပြုပြီးပါလျက် တစ်ဖန် လူထွက်ပြန်၏၊ ဤကဏှသည် ဆွံ့အသော သူကဲ့သို့တကား၊ လူယိုက်ကဲ့သို့ လျှပ်ပေါ်လော်လည်ပေစွတကားဟု ထိုသို့သော ကဲ့ရဲ့မည်ကို ကြောက်၍ ငါသည် အလိုမရှိဘဲ မြတ်သောအကျင့်ကို ကျင့်နေရ၏၊ ထိုရသေ့ရဟန်းအဖြစ်ကို ဘုရားအစရှိကုန်သော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်၏၊ ထိုဘုရားအစရှိကုန်သော ပညာရှိသူတော်ကောင်းတို့၏ နေရာအရပ်လည်း ဟုတ်၏၊ ဤသို့သော အကြောင်းဖြင့် ငါသည် ကောင်းမှုကို ပြုတော့အံ့။

ဤသို့ ကဏှဒီပါယန ရသေ့သည် မိမိ၏ အလိုကို ဆိုပြီး၍ တစ်ဖန် မဏ္ဍဗျ သူကြွယ်ကို မေးလိုရကား ဤဂါထာကို ဆို၏—

၆၅။ သမဏေ တုဝံ ဗြာဟ္မဏေ အဒ္ဓိကေ စ၊
သန္တပ္ပယာသိ အန္နပါနေန ဘိက္ခံ။
ဩပါနဘူတံဝ ဃရံ တဝယိဒံ၊
အန္နေန ပါနေန ဥပေတရူပံ။
အထ ကိဿ ဝါဒဿ ဇိဂုစ္ဆမာနော၊
အကာမကော ဒါနမိမံ ဒဒါသိ။

ဒါယကာ သင်သည် ကိလေသာ ငြိမ်းပြီးသော အရှင်ပစ္စေကဗုဒ္ဓါတို့ကို လည်းကောင်း၊ မကောင်းမှုကို အပပြုပြီးသော အရိယာတို့ကို လည်းကောင်း၊ ခရီးသွားဧည့်သည်တို့ကို လည်းကောင်း ဝမင်းအဖျော်ဖြင့် ရောင့်ရဲစေ၏။ သွမ်းကိုလည်းကောင်း လှူ၏။ သင်၏ ဤအိမ်သည် ခရီးလေးဆုံ၌ တူးအပ်သော ရေကန်နှင့် တူ၏။ ထိုသင်၏ ဤအိမ်သည် လှူဖွယ်ထမင်းနှင့် လည်းကောင်း၊

လျှုဖွယ်အဖျော်နှင့် လည်းကောင်း ပြည့်စုံသော သဘောရှိ၏။ ထိုနေ့တိုင်း မပြတ် လာတိုင်းကုန်သော သူတို့အား လှူအပ်လျက် အသုံးမည်သော ကျဲ့ရဲခြင်းကို စက်ဆုပ်သည်ဖြစ်၍ အလိုမရှိဘဲ ဤဒါန လှူကို လှူဘိသနည်း။

ထိုနောင် မဏ္ဍဗျသူကြွယ်သည် မိမိ၏ အလိုကို ဆိုလိုရကား ဤဂါထာကို ဆို၏—

၆၀။ ပိတရော စ မေ အာသုံ ပိတာမဟာ စ၊
သဒ္ဓါ အဟုံ ဒါနပတီ ဝဒညူ။
တံ ကုလဝတ္တံ အနုဝတ္တမာနော၊
မာဟံ ကုလေ အန္တိမ ဂန္ဓိနော အဟုံ။
တေသာ ဒါဒသာ ဇိဂုစ္ဆမာနော၊
အကာမကော ဒါနမိမံ ဒဒါမိ။

ရှင်ရသေ့ အကျွန်ုပ်၏ မိဘတို့သည်လည်းကောင်း၊ အဘိုးအဘေးတို့သည်လည်းကောင်း ကံ,ကံ၏ အကျိုးကို ယုံကြည်ခြင်း ရှိကြကုန်၏၊ အလှူရှင်တို့ ဖြစ်ကြကုန်၏၊ အလှူခံတို့၏ အလိုကို သိကုန်၏၊ ထိုမိဘ ဘိုးဘေး စသော ဆွေခုနစ်ဆက်တို့၏ အလှူပေးခြင်းတည်းဟူသော ကျင့်ဝတ်သို့ အစဉ်လိုက်သော အကျွန်ုပ်သည် အမျိုးစဉ်ဆက်၌ အမျိုးတကာတို့အောက် အယုတ်ဆုံး အမျိုးတကာတို့အောက် အဖျင်းဆုံးသည် မဖြစ်စေလင့်ဟူသော ထိုဒါနမျိုးတို့အောက် အယုတ်ဆုံး အမျိုးတကာတို့အောက် အဖျင်းဆုံးဟူသော ကျဲ့ရဲခြင်းကို စက်ဆုပ်ရွံရှာသည်ဖြစ်၍ အလိုမရှိဘဲ ဤအလှူကို အကျွန်ုပ်သည် လှူ၏။

ဤသို့သော စကားကို ဆိုပြီး၍ မဏ္ဍဗျသူကြွယ်သည် မိမိ၏ မယားကို မေးလိုရကား ဤဂါထာကိုဆို၏—

၅၄။ ဒဟရိံ ကုမာရိံ အသမတ္ထပညံ၊
ယံ တာ'နယိံ ဉာတိကုလာ သုဂတ္တေ။
န စာပိ မေ အပ္ပိယတံ အဝေဒိ၊
အညတြ ကာမာ ပရိစာရယန္တာ။
အထ ကေန ဝဏ္ဏေန မယာ တေ ဘောတိ၊
သံဝါသဓမ္မော အဟု ဝေရူပေါ။

တင့်တယ်သော ကိုယ်ရှိသော အိုအိမ်ရှင်မ ပျိုရွယ်လှစွာသော သတို့သမီးငယ်သာ ဖြစ်သေးသော သင့်ကို စည်းစိမ်ဥစ္စာကို စီရင်ခြင်းငှါ စွမ်းနိုင်သော ပညာမရှိသောသူ ဖြစ်ပါလျက်လည်း မိဘအိမ်မှခေါ်ဆောင်ခဲ့၏။ အလုံရှိမူ မြတ်နိုးမှု မရှိဘဲလျက် လုပ်ကျွေးနေရငြားသော်လည်း မချစ်မနှစ်သက်မှုကို သင်သည် ငါ့အား သိအောင်မပြ၊ ထိုသို့ မချစ်မနှစ်သက်လိုဘဲလျက် အဘယ်ကြောင့် ငါနှင့် ဤသို့ သဘောရှိသော ချစ်မြတ်နိုးသကဲ့သို့ ပေါင်းဖော်နေနိုင်ဘိသနည်း။

ထိုအခါ သူကြွယ်အား မယားသည် ဆိုလိုရကား ဤဂါထာကို ဆို၏။

၇၀။ အာရာ ဒူရေ နယိမ ကဒါစိ အတ္ထိ၊
ပရမ္ပရာနာမ ကုလေ ဣမသ္မိံ။
တံ ကုလဝတ္တံ အနုဝတ္တမာနာ၊
မာဟံ ကုလေ အန္တိမဂန္ဓိနိ အဟုံ။
တေဿ ဝါဒဿ ဇိဂုစ္ဆမာနာ၊
အကာမိကာ ပဒ္ဓစရာမှိ တုယှံ။

အရှင် ဤအမျိုး၌ အလွန် ဝေးလွန်းသော အဆွေခုနစ်ဆက် အထက်မှ စ၍ တစ်ရံတစ်ဆမျှ မိမိယောကျ်ားကို စွန့်၍ တစ်ပါးသော ယောကျ်ားကို ယူဖူးသော မိန်းမမည်သည် မရှိဖူး ထိုဆွေခုနစ်ဆက် မပျက်သော အမျိုးတို့၏ အကျင့်ကို အတုလိုက်၍ကျင့်သော ငါသည် အမျိုးခုနစ်ဆက်၌ အယုတ်ဆုံးဖြစ်သော မိန်းမအဖျင်းအသောင်းဖြစ်သော မိန်းမသည် မဖြစ်စေလင့် ဟူသော ကုလအန္တိမ ကုလဂန္ဓိနီဟူသော ကဲ့ရဲ့ခြင်းကို စက်ဆုပ် ရွံရှာနိုးသည်ဖြစ်၍ အလိုမရှိဘဲ သင်၏ ခြေရင်း၌ အလုပ်အကျွေးသည် ဖြစ်၏။

ဤသို့သော စကားကို ဆို၍ ငါသည် လင်၏မျက်မှောက်၌ မလိုအပ်သော စကားကို လင်အား ဆိုအပ်ပြီး၊ ငါ့အား စက်ဆုပ် ရွံရှာရာ၏၊ ဆရာ ရှင်ရသေ့၏ မျက်မှောက်၌လျှင် ကန့်တော့အံ့ဟု ကြံ၍ ကန်တော့လိုရကားဤဂါထာကိုဆို၏–

၇၁။ မဏ္ဍဗျ ဘာသိံ ယမဘာသနေယျံ၊
တံ ခမျတံ ပုတ္တကဟေတု မဇ္ဇ။
ပုတ္တပေမာ န ဣဓ ပရတ္ထိ ကိဉ္စိ၊
သော နော အယံ ဇီဝတိ ယညဒတ္တော။

အရှင်မဏ္ဍဗျ မပြောဆိုသင့်သောစကားကို သားအတွက်ကြောင့် ငါပြောဆိုရပြီ၊ ယခုငါ့အား သည်းခံပါလော၊ ဤနေရာ၌ ထိုသားအပေါ် ချစ်ခြင်းသည်သာ ရှိ၏ သားအပေါ် ချစ်ခြင်းမှတစ်ပါးသော တစ်စုံတစ်ခုမျှ ငါ့အား မရှိ၊ သား အတွက် ပြောဆိုခဲ့မိ၍ ငါတို့၏သား ယညဒတ်၏ အသက်ကို ရပေပြီ။

ထိုအခါ မယားကို မဏ္ဍဗျ သူကြွယ်သည် အိမ်ရှင်မ ထလော သင့်အား ငါသည် သည်းခံ၏၊ ဤနေ့မှစ၍ ကြမ်းတမ်းသော စိတ်သည် မဖြစ်လင့် ငါသည် လည်း ရှင်မအား မချစ်မနှစ်လိုသော အမူအရာကို မပြုအံ့ဟု ဆို၏၊ ဘုရား လောင်း ကဏှဒီပါယနရသေ့သည်လည်း မဏ္ဍဗျသူကြွယ်ကို ဒါယကာ သင်သည် ဆည်းပူးအပ်သော ဥစ္စာကို ဆည်းပူး၍ ကံကိုလည်းကောင်း, ကံ၏ အကျိုးကို လည်းကောင်း မယုံကြည်မူ၍ အလှူပေးခြင်းသည် မသင့်သောအရာကို ပြုဘိ၏၊

ဤနေ့မှစ၍ ကံ, ကံ၏အကျိုးကို ယုံကြည်သဖြင့် အလှူကို လှူလော့ဟု ဆို၏၊ ထိုမဏ္ဍဗျ သူကြွယ်သည် ကောင်းပြီဟု ဝန်ခံ၍ မဏ္ဍဗျသူကြွယ်သည် ဘုရားလောင်းကို အရှင်ဘုရား အရှင်ဘုရားသည် အကျွန်ုပ်တို့၏ မြတ်သောအလှူခံ ပုဂ္ဂိုလ်၏ အဖြစ်၌ တည်၍ ရသေ့ရဟန်းအဖြစ်၌ မွေ့လျော်ခြင်း မရှိသည်ဖြစ်၍ မမြတ်သော အကျင့်ကို ကျင့်ခြင်းသည် မသင့်သော အရာကို ပြုဘိ၏။

ဤနေ့မှစ၍ အကြင်မွေ့လျော်သော အခြင်းအရာဖြင့် မြတ်သောအကျင့်ကို ကျင့်သည်ရှိသော် အရှင်ဘုရားနှင့် ပြုအပ်သော အကျွန်ုပ်တို့၏ အလှူသည် အကျိုးကြီးသည် ဖြစ်၏၊ ထိုသို့သော အခြင်းအရာဖြင့် အကျွန်ုပ်တို့၏ စိတ်ကို ကြည်ညိုစေ၍ စင်ကြယ်သော စိတ်ရှိလျက် ဈာန်ဟူသော ရသေ့ ရဟန်း သာသနာတော်၌ မွေ့လျော်သည်ဖြစ်၍ မြတ်သော အကျင့်ကို ကျင့်လော့ဟု ဆိုပြီး၍ ထိုသမီးခင်ပွန်းနှစ်ယောက်တို့သည် ဘုရားလောင်းကို ရှိခိုးပြီးလျှင် ထ၍ သွားကြကုန်၏၊ ထိုနေ့မှစ၍ မယားသည် လင်၌ ချစ်ခင်လေးမြတ်ခြင်း ရှိသည် ဖြစ်၏၊ မဏ္ဍဗျသူကြွယ်သည်လည်း ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ကံ,ကံ၏ အကျိုးကို ယုံကြည်သည် ဖြစ်၍ အလှူကို လှူ၏၊ ဘုရားလောင်းသည်လည်း မမွေ့လျော်သော စိတ်ကို ပျောက်ပြီးလျှင် ဈာန်အဘိညာဉ် တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

## ဇာတ်ပေါင်း

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ရဟန်း ယခုအခါ အာနန္ဒာသည် ထိုအခါ မဏ္ဍဗျ သူကြွယ် ဖြစ်ဖူးပြီ၊ ယခုအခါ ရဟုလာသည် ထိုအခါ သူကြွယ်သား ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ အဏိမဏ္ဍဗျရသေ့ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကဏှဒီပါယနရသေ့ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အမှန်သစ္စာ၊ ဆိုသောခါ၊ လိုရာ ပြီးသည်သာ။)

လေးရာလေးဆယ့်လေးခုမြောက်သော ကဏှဒီပါယနဇာတ်သည် ပြီး၏။

## ၄၄၅-နိဂြောဓဇာတ်

### ပညာရှိကို မှီဝဲဆည်းကပ်မှ ဘေးအန္တရာယ် ကင်းနိုင်သည်
### လူမိုက်ကို ဆည်းကပ်ပါက အပြစ်ဒဏ်ရ

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "န ဝါဟမေတံ ဇာနာမိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤနိဂြောဓဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ချဲဦးအံ့။

တစ်နေ့သ၌ ရဟန်းတို့သည် ငါ့ရှင် ဒေဝဒတ် မြတ်စွာဘုရားသည် သင့်အား များစွာ ကျေးဇူးပြုတော်မူ၏။ ထိုစကားသည် မှန်၏၊ သင်သည် မြတ်စွာဘုရားကို မှီ၍ သာမဏေအဖြစ်ကိုလည်းကောင်း, ပဉ္စင်းအဖြစ်ကိုလည်းကောင်း ရ၏၊ ပိဋကသုံးပုံဖြစ်သော ဘုရားစကားတော်ကို သင်၍ ဈာန်ကိုဖြစ်စေ၏၊ သင့်အား ပစ္စည်းလေးပါးတို့ကို ရခြင်းသည်လည်း မြတ်စွာဘုရား၏ ဥစ္စာသာလျှင်တည်းဟု ရဟန်းတို့သည် ဆိုအပ်ကုန်သည် ရှိသော် မြက် သစ်ရွက်မျှကို မြှောက်၍ သာလျှင် ဤမျှသည်လည်း ရဟန်းဂေါတမသည် ငါ့အား ပြုအပ်သော ကျေးဇူးကို ငါမမြင်ဟု ဆိုသည်ရှိသော် တရားသဘင်၌ ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ကျေးဇူးကို မသိတတ်သည် မဟုတ်သေး၊ ရှေး၌လည်း ဒေဝဒတ်သည် ကျေးဇူးကို မသိတတ်သည် အဆွေခင်ပွန်းကို ပြစ်မှားတတ်သည် ဖြစ်ဖူးပြီဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ မဂဓမင်းသည် မင်းပြု၏၊ ထိုအခါ ရာဇဂြိုဟ်ပြည် သူဌေးသည် မိမိသားဖို့ ဇနပုဒ်သူဌေး၏ သမီးကိုဆောင်ယူ၏၊ ထိုသူဌေးသမီးသည် မြုံ၏၊ ထိုသို့ မြုံသည် ရှိသော် သူဌေးသမီးအား နောက်အဖို့၌ လာဘသက္ကာရသည် ယုတ်၏၊ ငါတို့သား၏ အိမ်၌ အမြုံမ နေသည်ရှိသော် အမျိုးအနွယ်သည် အဘယ်သို့ပွားလတ္တံ့နည်းဟု အကြင် အခြင်းဖြင့်

ဆိုသည်ရှိသော် သူဌေးသမီးသည် ကြား၏၊ ထိုအခြင်းဖြင့်လည်း စကားကိုဖြစ်စေကုန်၏၊ ထိုသူဌေးသမီးသည် ထိုသို့သော စကားကိုကြား၍ ထိုသို့ဆိုကြသည်ဖြစ်စေ ကိုယ်ဝန်ဆောင် အမှုအရာကို ပြု၍ ထိုသူတို့ကို လှည့်စား အံ့ဟု ကြံ၍ မိမိအကျိုးစီးပွားကို ဆောင်သော အထိန်းကို မိခင်ကိုယ်ဝန်ဆောင်သော မိန်းမတို့မည်သည်ကား အသို့လျှင် ပြုရကုန်သနည်းဟု ကိုယ်ဝန်ဆော:င်သော မိန်းမတို့ကို မေး၍ ဥတုလာသောကာလ ဥတုခံအနှီး ထည့်၍ ချဉ်သောအရသာတို့ကို အလိုရှိတပ်ကုန်သည်ဖြစ်၍ လက်ခြေတို့ကို ဖောဖောရှိသောကာလ၌ လက်ဖမိုး ခြေဖမိုးတို့ကို ထုခတ်စေ၍ အသားဖောဖော ရှိသည်ကိုပြု၏။

နေ့တိုင်းနေ့တိုင်း ပုဆိုးနှမ်းရစ်ပတ်သဖြင့်လည်း ဝမ်းကြီးသောအသွင်ကိုပြု၏၊ သားမြတ်ဖျားတို့ကို မည်းသောအဆင်းရှိသည်တို့ကို ပြု၏၊ ကိုယ်လက်သုတ်သင်သော ကိစ္စကိုပြုသော်လည်း အထိန်းမကိုထား၍ တစ်ပါးသောမိန်းမတို့၏ မြင်ရာအရပ်၌မပြု ဤသို့ လှည့်စား၏၊ ထိုသူဌေးသမီး၏ လင်သည်လည်း ကိုယ်ဝန်အစောင့်အရှောက်ကို ပေး၏၊ ဤသို့လျှင် ကိုးလတို့ပတ်လုံး လင်အိမ်၌ နေပြီး၍ ယခုအခါ ဇနပုဒ်၌ အဘအိမ်သို့သွား၍ သားဖွားအံ့ဟု ယောက္ခမ ယောကျ်ားသူ ယောက္ခမ မိန်းမသူတို့ကို ပန်ကြားပြီးလျှင် ရထားစီး၍ များစွာသော အခြံအရံဖြင့် ရာဇဂြိုဟ်ပြည်မှထွက်ခဲ့၍ ခရီးသို့သွား၏၊ ထိုသူဌေးသမီး၏ ရှေ့မှကား လှည်းကုန်သည် တစ်ဦးသည် သွား၏၊ လှည်းကုန်သည်သည် နေ၍ သွားသောအရပ်သို့သူဌေးသမီးသည် နံနက်စာ စားသောအခါ၌ရောက်၏၊ ထိုအခါ တစ်နေ့သ၌ ထိုလှည်း၌ ဆင်းရဲစွာသော တစ်ယောက်သော မိန်းမသည်ညဉ့်အခါ တစ်ခုသောပညောင်ပင်ရင်း၌ သားယောကျ်ားကိုဖွား၍ နံနက်စောစောကလျှင် လှည်းသွားသည်ရှိသော် ငါသည် လှည်းနှင့်ကင်း၍ သွားခြင်းငှါ မတတ်နိုင် လတ္တံ့ ထိုသို့လှည်းနှင့် ကင်း၍ သွားခြင်းငှါ မတတ်နိုင်သောကြောင့် စင်စစ်လျှင် အသက်ရှည်သည်ရှိသော် သားကိုရခြင်းငှါ တတ်ကောင်း၏ဟု ပညောင်ပင်ရင်း၌ အချင်းကိုလည်းကောင်း ကိုယ်ဝန်အညစ်အကြေးကိုလည်းကောင်း ခင်း၍ သားငယ်ကိုစွန့်၍ လှည်းနှင့်တကွ လိုက်လေ၏၊ သူငယ်အားလည်း နတ်တို့သည် စောင့်ရှောက်ကုန်၏၊ ထိုစကားသည် မှန်၏၊ ထိုသူငယ်သည် ဟုတ်ဟုတ်ငြားငြားသော သူငယ်မဟုတ် ဘုရားလောင်းလျှင်တည်း၊ ထိုသို့ ဘုရားလောင်း ဖြစ်ငြားသော်လည်း ထိုဘုရားလောင်းသည် ထိုဘဝ၌ ထိုသို့သဘောရှိသော သူဆင်းရဲမဝမ်း၌ ပဋိသန္ဓေကို ယူ၏။

သူဌေးသမီးသည် နံနက်စာ စားသောအခါ၌ ထိုအရပ်သို့ရောက်၍ကိုယ်လက်သုတ်သင်ခြင်းကိစ္စကို ပြုအံ့ဟု ထိုအထိန်းမိန်းမနှင့်တကွ ပညောင်ပင်ရင်းသို့ သွားသည်ရှိသော် ရွှေအဆင်းနှင့်တူသောအဆင်းရှိသော သူငယ်ကိုမြင်၍ မိခင်

အကျွန်ုပ်တို့၏ကိစ္စသည် ပြီးပြီဟု ပုဆိုးနွမ်းတို့ကိုဖယ်၍ ဝမ်းရင်ခွင် အရပ်ကို သွေးဖြင့်လည်းကောင်း, ကိုယ်ဝန်အညစ်အကြေးဖြင့်လည်းကောင်း လိမ်းကျံ၍ မိမိ၏ သားဖွားသောအဖြစ်ကို ကြားသိစေ၏၊ ထိုခဏ၌ပင်လျှင် သူဌေးသမီးကို တင်းတိမ်ဖြင့်ကာရံ၍ အလွန်နှစ်သက်ရွှင်လန်းသည်ဖြစ်၍ ပရိသတ်နှင့် တကွ ရာဇဂြိုဟ်ပြည်သို့ သတင်းစကားကိုစေလိုက်၏၊ ထိုအခါသူဌေးသမီး၏ ယောက္ခမ မိန်းမသူ ယောက္ခမ ယောကျ်ားသူတို့သည် သားဖွားပြီးသောကာလမှစ၍ သင့်မိဘအိမ်၌ အဘယ်ပြုလတ္တံ့နည်း၊ ဤငါတို့ ရာဇဂြိုဟ်ပြည်သို့သာလျှင် လာခဲ့လေဟု စေလိုက်ကုန်၏၊ ထိုသူဌေးသမီးသည် တစ်ဖန်ပြန်လည်ခဲ့၍ ရာဇဂြိုဟ်ပြည်သို့သာလျှင် ဝင်၏။

ထိုရာဇဂြိုဟ်ပြည်၌ သူဌေးသမီးကို လက်ခံ၍ သူငယ်၏ အမည်ကို မှည့်ကုန်သည်ရှိသော် ပဉ္စောင်ပင်ရင်း၌ ဖွားသည်၏အဖြစ်ကြောင့် နိဂြောဓသတို့သား ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုနေ့၌ပင်လျှင် သူဌေးငယ်၏ ချွေးမသည် သားဖွားခြင်းငှါ မိဘအိမ်သို့သွားသည်ရှိသော် ခရီးအကြားဝယ် တစ်ခုသော သစ်ခက်အောက်၌သားကိုဖွား၏၊ထိုသူငယ်အားလည်း သာခသတို့သားဟူသော အမည်ကို မှည့်ကုန်၏၊ ထိုနေ့၌ပင်လျှင် ထိုသူဌေးကိုမှီ၍နေသော အပ်ချုပ်သမား၏ မယားသည်လည်း ပုဆိုးနွမ်းအတွင်း၌ သားငယ်ကိုဖွား၏၊ ထိုသူငယ်အား ပေါတ္ထိကဟူသောအမည်ကို မှည့်ကုန်၏၊ သူဌေးကြီးသည် နှစ်ယောက် ကုန်သော သူငယ်တို့ကို နိဂြောဓ သတို့သား ဖွားသောနေ့၌ ပင်လျှင် ဖွားကုန်၏ဟု စေလိုက်၍ နိဂြောဓ သတို့သားနှင့်သာလျှင် တကွ ကြီးစေ၏၊ ထိုသုံးယောက် ကုန်သော သူငယ်တို့သည် တပေါင်းတည်း ကြီးကုန်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့သွား၍ အတတ်သင်ကုန်၏၊ သူဌေးသားနှစ်ယောက်တို့ သည် ဆရာအား နှစ်ထောင်သော ဥစ္စာတို့ကို ပေးကုန်၏၊ နိဂြောဓသတို့သား သည် ပေါတ္ထိကအား မိမိ၏အထံ၌ အတတ်ကို သင်စေ၏၊ ထိုသုံးယောက်ကုန်သော သူတို့သည် သင်ပြီးသော အတတ်ရှိကုန်သည်ဖြစ်၍ ဆရာကိုပန်ကြား၍ ဆရာ့ အထံမှ ထွက်ခဲ့ကုန်သည်ရှိသော် ဇနပုဒ်သို့လှည့်လည်ခြင်းကို လှည့်လည်ကုန်အံ့ဟု အစဉ်သဖြင့် လာကြ၍ ဗာရာဏသီပြည်သို့ရောက်၍ တစ်ခုသော နတ်ကွန်း၌ အိပ်ကုန်၏။

ထိုအခါ ဗာရာဏသီမင်းသည် သေ၍ ခုနစ်ရက်ရှိပြီ၊ နက်ဖန် ဖုဿရထားကို လွှတ်ကုန်အံ့ဟု ဗာရာဏသီပြည်၌ စည်ကို လည်စေကုန်၏၊ ထိုအဆွေခင်ပွန်း သုံးယောက်တို့သည် အိပ်ကြကုန်သည်ရှိသော် ပေါတ္ထိကသည် မိုးသောက်ထသော အခါ၌ ထ၍ နိဂြောဓသတို့သား၏ ခြေတို့ကို ဆုတ်နယ်လျက်နေ၏၊ ထိုနတ်ကွန်း သစ်ပင်၌နေသောကြက်သည် အောက်၌နေသော ကြက်၏ ကိုယ်ထက်၌ ကျင်ကြီ

ကို ချ၏၊ ထိုအခါ အထက်ကနေသော ကြက်ကို အောက်၌နေသော ကြက်သည် အဘယ်သူသည် ကျင်ကြီးကို ချအပ်သနည်းဟု ဆို၏၊ အဆွေ အမျက်မထွက်လင့်၊ ငါသည် မသိ၍ ချမိ၏ဟု ဆို၏၊ အချင်း သင်သည် ငါ၏ကိုယ်ကို မိမိ၏ ကျင်ကြီး ချရာအရပ်ဟူ၍ အောက်မေ့သလော၊ ငါ၏ ပမာဏကို သင်မသိသလောဟု ဆို၏။

ထိုသို့ဆိုသောအခါ ထိုအောက်ကြက်ကို အထက်ကြက်သည် အချင်း မသိ၍ ငါသည် ချမိ၏ဟုဆိုပါသော်လည်း သင်သည် အမျက်ထွက်သလျှင်ကတည်း၊ သင်၏ ပမာဏသည် အဘယ်နည်းဟုဆို၏၊ အချင်း အကြင်သူသည်ကား ငါ့ကို သတ်၍ အသားကိုစားအံ့၊ ထိုသူသည် နံနက်စောစောကလျှင် တစ်ထောင်သော ဥစ္စာကို ရလတ္တံ့၊ ထို့ကြောင့် ငါသည် မာန်ထောင်လွှားခြင်းကို ပြု၏ဟု ဆို၏၊ ထိုအခါ ထိုအောက်ကြက်ကို အထက်ကြက်သည် အချင်း နံနက်စောစောက တစ်ထောင်သော ဥစ္စာကို ရတတ်စေသော အစွမ်းသတ္တိမျှဖြင့် သင်သည် မာန်ထောင်လွှားခြင်းကို ပြုသလော၊ ငါ့ကိုကား သတ်၍ ဆူဖြိုးသော အသားကို အကြင်သူသည် စားအံ့၊ ထိုသူသည် နံနက်စောစောကလျှင် မင်းဖြစ်အံ့၊ အကြင် သူသည် မဆူမခြောက်အလယ်ဖြစ်သော အသားကို စား၏၊ ထိုသူသည် စစ်သူ ကြီး အရာကို ရလတ္တံ့၊ အကြင်သူသည် အရိုး၌ကပ်သော အသားကို စားအံ့၊ ထိုသူသည် ဘဏ္ဍာစိုးဖြစ်လတ္တံ့ဟု ဆို၏၊ ပေါ်ဒွိကသည် ယိုကြက်နှစ်ကောင်တို့၏ စကားကို ကြား၍ ငါတို့အား တစ်ထောင်သော ဥစ္စာဖြင့် အဘယ်အကျိုးရှိကုန် အံ့နည်း၊ မင်းအဖြစ်သည်သာလျှင် မြတ်၏ဟု ဖြည်းဖြည်း သစ်ပင်ထက်သို့တက်၍ အထက်၌ အိပ်သောကြက်ကို ဖမ်းပြီးလျှင် သတ်၍ မီးကျီး၌ကင်ပြီးလျှင် ဆူသော အသားကို နိဂြောဓအား ပေး၏၊ အလယ်အသားကို သာခအား ပေး၏၊ အရိုး၌ ကပ်သော အသားကို မိမိစား၏၊ စားကြပြီးလျှင် အဆွေနိဂြောဓ သင်သည် ယနေ့ မင်းဖြစ်လတ္တံ့၊ အဆွေသာခ သင်သည် စစ်သူကြီးဖြစ်လတ္တံ့၊ ငါသည် ကား ဘဏ္ဍာစိုးဖြစ်လတ္တံ့ဟုဆို၍ အသို့သောအကြောင်းဖြင့် သင်သိသနည်းဟု မေးအပ်သည်ရှိသော် ပေါ်ဒွိကသည် ထိုအကြောင်းတို့ကို ကြား၏။

ထိုသုံးယောက်သော သူတို့သည်လည်း နံနက်စာစားချိန်ကာလ၌ ဗာရာဏသီ မြို့သို့ဝင်၍ ပုဏ္ဏားတစ်ယောက်၏ အိမ်၌ ထောပတ်သကာနှင့် ရောသော ဃနာ ထမင်းကို စားပြီးလျှင် မြို့မှထွက်၍ မင်း၏ဥယျာဉ်သို့ ဝင်ကုန်၏၊ နိဂြောဓ သတို့သားသည် မင်္ဂလာကျောက်ဖျာအပြင်၌ အိပ်၏၊ သာခ ပေါ်ဒွိကနှစ်ယောက် တို့သည် အပ၌အိပ်ကုန်၏၊ ထိုအခါ မင်းမြောက်တန်ဆာ ငါးပါးတို့ကို ရထားနှင့် တင်၍ ဖုဿရထားကို လွှတ်ကုန်၏၊ (ထိုဖုဿရထား လွှတ်သော အခြင်းအရာ၏ အကျယ်ဖြစ်သော စကားသည် မဟာဇနကဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။) ဖုဿရထားသည် ဥယျာဉ်သို့သွားပြီးလျှင် လည်၍ တက်ဆော်မှုလော့ဟူသော အစီအရင် ရှိသည်ဖြစ်၍ ရပ်၏။

ပုရောဟိတ် ပုဏ္ဏားသည် မင်္ဂလာဥယျာဉ်တော်၌ ဘုန်းရှိသော သူသည် ဖြစ်ရာ၏ဟု ဥယျာဉ်တော်သို့ဝင်၍ နိဂြောဓသတို့သားကို ခြေဖျား၌ ပုဆိုးတို့ကို ဖွင့်၍ ခြေတို့၌ လက္ခဏာတို့ကို ဆင်ခြင်လျှင် ဗာရာဏသီပြည်၌ မင်းအဖြစ်ကို ထားဘိဦး ဇမ္ဗူဒိပ်ကျွန်းအလုံးကို အစိုးရသော ကောရာဇ်မင်းဖြစ်ခြင်းငှါ ထိုက်၏ ဟု အလုံးစုံသော တီးမှုတ်မျိုးတို့ကို တီးမှုတ်စေ၏၊ နိဂြောဓသတို့သားသည် နိုး၍ မျက်နှာမှ ပုဆိုးကိုဖွင့်၍ လူများတို့ကိုကြည့်ပြီးလျှင် ပြန်၍လျောင်းလျက် အတန်ငယ်သော ကာလကို လွန်စေ၍ ကျောက်ဖျာ အပြင်၌ ထက်ဝယ်ဖွဲ့ သဖြင့် နေ၏၊ ထိုအခါ နိဂြောဓသတို့သားကို ပုရောဟိတ် ပုဏ္ဏားသည် ပုဆစ် တုပ်၍ အရှင်မင်းကြီး ဗာရာဏသီပြည်သည် အရှင်မင်းကြီး၏ လက်တော်သို့ ရောက်၏ဟု နားတော်လျှောက်လျှင် ကောင်းပြီးဟု မိန့်လတ်သော် ထိုကျောက် ဖျာအပြင်၌သာလျှင် ရတနာအစု၌ ထား၍ အဘိသိက်သွန်း၏၊ ထိုနိဂြောဓ သတို့သားသည် မင်းအဖြစ်သို့ရောက်လျှင် သာခသတို့သားအား စစ်သူကြီးအရာ ကိုပေး၍ များလှစွာသော ပွဲဇော်သက္ကာရဖြင့် ဗာရာဏသီမြို့သို့ ဝင်တော်မူ၏၊ ပေါဋ္ဌိက သတို့သားသည်လည်း မင်းစသော ပြည်သူအပေါင်းတို့နှင့် တကွသာ လျှင် လိုက်၏၊ ဘုရားလောင်းသည် မင်းအဖြစ်သို့ ဆောက်သည်မှစ၍ မင်းကျင့် တရား ဆယ်ပါးနှင့် အညီသာလျှင် မင်းပြု၏၊ ထိုဘုရားလောင်းသည် တစ်နေ့သ၌ မယ်တော် ခမည်းတော်တို့ကို အောက်မေ့၍ သာခ စစ်သူကြီးကို ငါသည် မိဘတို့နှင့်ကင်း၍ နေခြင်းငှါ မတတ်နိုင်၊ များစွာသော အခြံအရံဖြင့် သွား၍ ငါတို့၏ ခမည်းတော် မယ်တော်တို့ကို ဆောင်ချေလော့ဟုဆို၏။

ထိုသာခစစ်သူကြီးသည် ငါ့အား ထိုမင်းကြီး မယ်တော် ခမည်းတော်တို့ နေရာအရပ်၌ ပြုဖွယ်ကိစ္စအမှုသည် မရှိဟုပယ်၏၊ ထိုနောက်မှ ပေါဋ္ဌိကကို စေ၏၊ ပေါဋ္ဌိကသည် ကောင်းပြီးဟု ထိုမင်းကြီး မယ်တော် ခမည်းတော်တို့၏ အထံသို့ သွား၍ နိဂြောဓမင်းကြီး၏ မယ်တော်ခမည်းတော်တို့ကို အရှင် သူဌေးတို့၏ သားတော်သည် ဗာရာဏသီပြည်၌ မင်းဖြစ်ပြီ၊ လာတော်မူကုန် သွားကုန်အံ့ဟု ဆို၏၊ ထိုမယ်တော် ခမည်းဘော်တို့သည် အမောင် ငါတို့အား စည်းစိမ်ဟူသော အတိုင်းအရှည်မရှိပြီ၊ သားတော်ထံသို့ သွားသဖြင့် မသင့်ပြီဟု ပယ်ကုန်၏၊ သာခစစ်သူကြီး၏ မိဘတို့ကိုလည်း ဆို၏၊ ထိုသာခ စစ်သူကြီး၏ မိဘတို့ သည်လည်း လိုက်ခြင်းငှါ အလိုမရှိကုန်၊ မိမိ၏ အမိအဘတို့ကို ဆို၏၊ ချစ်သား ငါတို့သည် အပ်ချုပ်သမား အမှုဖြင့်သာလျှင် အသက်မွေးပါကုန်အံ့ဟု သား အထံသို့ လိုက်ခြင်းငှါ မသင့်ဟု ပယ်ကုန်၏။

ထိုပေါဋ္ဌိကသည် မိဘတို့၏စိတ်ကိုမရ၍ ဗာရာဏသီပြည်သို့သာလျှင် တစ်ဖန် ပြန်၍ သာခစစ်သူကြီး၏အိမ်၌ ခရီးပင်ပန်းခြင်းကို ဖျောက်၍ နောက်မှ အဆွေဖြစ်သော နိဂြောဓမင်းကြီးကို ဖူးမြင်အံ့ဟု ကြံ၍ ထိုသာခစစ်သူကြီး၏

အိမ်တံခါးသို့သွား၍ သင်၏အဆွေဖြစ်သော ပေါဠိကသည် လာသတတ်ဟု သာခ စစ်သူကြီးအား လျှောက်ပါချေလော့ဟု တံခါးစောင့်ကို ဆို၏၊ ထိုတံခါးစောင့်သည် ပေါဠိကဆိုတိုင်း ပြု၏၊ စစ်သူကြီးသာခသည်ကား ငါ့အား မင်းအဖြစ်ကို မပေးမူ၍ အဆွေနိဂြောဓအား ပေး၏ဟု ထိုပေါဠိကၚ္ဂ ရန်ငြိုးဖွဲ့၏၊ ထိုစစ်သူကြီးသာခသည် ပေါဠိကလာ၏ဟူသော စကားကို ကြားရလျှင် အမျက်ထွက်သည်ဖြစ်၍ လာလတ်၍ အဘယ်သူသည် ဤပေါဠိက၏ အဆွေနည်း၊ အရူးတည်း၊ ကျွန်မသားတည်း၊ ထိုကျွန်မသားကို ဖမ်းကြကုန်ဟုဆို၍ လက် ခြေ ပုဆစ်ဒူးဝတောင်တို့ဖြင့် ထောင်းခတ်သတ်ပုတ်စေပြီးလျှင် လည်ၵ္ဂကိုင်၍ နှင်ထုတ်စေ၏၊ ထိုပေါဠိကသည် ကြံ၏၊ အဘယ်သို့ ကြံသနည်းဟူမူကား သာခသည် ငါ့ထံမှ စစ်သူကြီးအရာကို ရပါလျက် သူကျေးဇူးကို မသိ၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်၏၊ ငါကဲ့သို့သော ကျေးဇူးရှင်ကို ထောင်းခတ် သတ်ပုတ်စေ၍ နှင်ထုတ်၏၊ ငါ့အဆွေနိဂြောဓ မင်းကြီးသည်ကား ပညာရှိ၏၊ သူ့ကျေးဇူးကို သိတတ်၏၊ သူဝေ ကောင်းတည်း၊ ထိုနိဂြောဓမင်းကြီး၏ အထံသို့သာလျှင် သွားအံ့ဟု ဤသို့ ကြံ၏၊ ကြံပြီး၍ ပေါဠိကသည် မင်းအိမ်တံခါးသို့သွား၍ အရှင်မင်းကြီး အဆွေဖြစ်သော ပေါဠိကသည် တံခါး၌ရပ်၏ဟု မင်းအား လျှောက်စေ၏။

မင်းသည် ခေါ်စေ၍ ထိုပေါဠိက၏ လာလတ်သည်ကို မြင်လျှင် နေရာမှ ထပြီးလျှင် ခရီးဦးကြိုဆိုလျက် စကားဟောပြောခြင်း ပဋိသန္ထာရကို ပြု၍ မုတ်ဆိတ်ပြုပြင်ခြင်းစသည်တို့ကို ပြုပြင်စေပြီးလျှင် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော သုံးဆောင်အပ်ပြီ သော မြတ်သောအရသာနှင့် ပြည့်စုံသော ဘောဇဉ်ရှိသော ထိုပေါဠိကနှင့်တကွ ချမ်းသာစွာနေပြီးသော် မယ်တော် ခမည်းတော်တို့၏အကြောင်းကို မေး၍ နေပြည်တော်သို့ မလိုက်သောအဖြစ်ကို ကြားတော်မူ၏၊ စစ်သူကြီးသာခသည်လည်း ပေါဠိကသည် ငါ့ကိုမင်း၏အထံ၌ အချစ်ပျက်အောင် လျှောက်ရာ၏၊ ထိုကြောင့် ငါသည် သွားသည်ရှိသော် တစ်စုံတစ်ခုသောစကားကို ဆိုခြင်းငှါ မတတ်နိုင်လတ္တံ့ဟု နှလုံးသွင်း၍ ထိုမင်းအိမ်သို့လျှင် သွားလေ၏၊ ပေါဠိကသည် ထိုစစ်သူကြီး သာခ၏ မျက်မှောက်၌ သာလျှင် မင်းကိုခေါ်၍ အရှင်မင်းကြီး အကျွန်ုပ်သည် ခရီးပင်ပန်း၍ သာခ၏ အိမ်သို့သွား၍ အပင်အပန်းဖြေပြီးလျှင် အရှင်မင်းကြီး၏ထံသို့ လာပါအံ့ဟု နှလုံးသွင်း၍ လာ၏၊ အကျွန်ုပ်ကို သာခသည် ထိုသူကို ငါမသိဟု ဆိုပြီးလျှင် ထောင်းခတ်သတ်ပုတ်စေ၍ လည်ၵ္ဂ ကိုင်၍ နှင်ထုတ်စေ၏၊ မြတ်သောမင်းကြီး ထိုစကားကို ယုံတော်မူလော့ဟု ဆို၍ ဤဂါထာတို့ကို ဆို၏-

၇၂။ န ဝါဟမေတံ ဇာနာမိ၊ ကော ဝါယံ ကဿ ဝါတိ ဝါ။
ယထာ သာခေါ စရိ ဝေံ၊ နိဂြောဓ ကိစ္စ မညသိ။

ငါးရာငါးဆယ် (တ) ၃၁-ပ-မ-သ-စ

၇၃။ တတော ဂလဝိနီတေန၊ ပုရိသာ နိဟရိ'သု မံ။
ဒတွာ မုခပဟာရာနိ၊ သာခေဿ ဝစနံကရာ။

၇၄။ တောဒိသံ ဒုမ္မတိနာ၊ အကတညုန ဒုဗ္ဘိနာ။
ကတံ အနရိယံ သာခေန၊ သခိနာ တေ ဇနာဓိပ။

နိဂြောဓမင်းမြတ် ဤသူကား အဘယ်သူနည်းဟု လည်းကောင်း၊ အဘယ်သူ၏ အဆွေခင်ပွန်းနည်းဟု လည်းကောင်း ထိုသူကို ငါမသိပေဟု ဆို၍ သာခသည် ကျင့်သကဲ့သို့ ထိုအတူ အရှင်မင်းကြီးသည်လည်း အသွီလျှင် အောက်မေ့တော်မူသနည်း။

လူတို့သေဌ်နင်း ပြည့်ရှင်မင်း ဖြစ်တော်မူသော နိဂြောဓမင်းမြတ် ထိုထောင်းခတ် သတ်ပုတ်စေပြီးသည်မှ သာခ၏ စကားကို လိုက်နာကုန်သော ယောကျ်ားတို့သည် အကျွန်ုပ်ကို နှုတ်လှန်ထိုးကုန်၍ လည်ကို ကိုင်သဖြင့် နှင်ထုတ်ကုန်၏။

လူတို့သေဌ်နင်း ပြည့်ရှင်မင်း ပညာမရှိသော သူကျေးဇူးကို မသိတတ်သော အဆွေခင်ပွန်းတို့၏ အစီးအပွားကို ဖျက်တတ်သော အလေ့ရှိသော အရှင်မင်းမြတ်၏ အဆွေခင်ပွန်းဖြစ်သော သာခသည် ထိုသို့သဘောရှိသော သူတော်မဟုတ်၊ သူယုတ်တို့၏ အကျင့်ကို ပြုကျင့်ဒေပြီ။

ထိုပေါ်၌က စကားကို ကြား၍ နိဂြောဓမင်းကြီးသည် ဤဂါထာကို ဆို၏—

၇၅။ န ဝါဟမေတံ ဇာနာမိ၊ နပိ မေ ကောစိ သံသတိ။
ယံ မေ တွံ သမ္မ အက္ခာသိ၊ သာခေန ကာရဏံ ကတံ။

၇၆။ သခီနံ သာဇီဝကရော၊ မမ သာခဿ စူဘယံ။
တွံ နော' သိ'ဿရိယံ ဒါတာ၊ မနုဿေသု မဟန္တတံ။
တယာ' မာ လဗ္ဘိတာ ဣဒ္ဓိ၊ ဧတ္ထ မေ နတ္ထိ သံသယော။

၇၇။ ယထာပိ ဗီဇမဂ္ဂိမှိ၊ ဍယှတိ န ဝိရူဟတိ။
ဧဝံ ကတံ အသပ္ပုရိသေန၊ နဿတိ န ဝိရူဟတိ။

၇၈။ ကတညုမှိ စ ပေါသမှိ၊ သီလဝန္တေ အရိယဝုတ္တိနေ။
သုခေတ္တေ ဝိယ ဗီဇာနိ ကတံ တမှိ န နဿတိ။

အဆွေ ပေါ်၌က သူကို ငါမသိဟု ဆို၍ သာခသည် တွန်းငင်ထောင်းထု သတ်ပုတ် ညှဉ်းဆဲခြင်းကို ပြု၏ဟူသော ငါ့အား သင်ကြားလျှောက်သော စကားကို တစ်စုံတစ်ယောက်သောသူမျှ ငါ့အား မပြောကြားပေ။

အဆွေပေါ်ဋ္ဌိက သင်သည် ငါ့အားလည်းကောင်း, သာခအားလည်းကောင်း ဤအဆွေခင်ပွန်း နှစ်ယောက်တို့အား ချမ်းသာသဖြင့် အသက်မွေးကြောင်းကို ပြုပေးတတ်၏၊ သင်သည် ငါတို့ နှစ်ယောက်အား လူတို့၌ မြတ်သော ဇာဖြစ်ဟု ဆိုအပ်သော မင်းစည်းစိမ်ကို ပေးတတ်သောသူ ဖြစ်ပေ၏။

အဆွေပေါ်ဋ္ဌိက ဤမင်းစည်းစိမ်တို့ကို ငါတို့သည် သင့်ထံမှသာလျှင် ရအပ်ကုန်၏။ ဤမင်းစည်းစိမ်ကို ရရာ၌ ငါ့အား ယုံမှားသံသယ မရှိ၊ မီး၌ ထည့်ခံရသော မျိုးစေ့သည် ပြာအဖြစ်သို့ရောက်၍ အပင်မပေါက်နိုင်တော့သကဲ့သို့ ထို့အတူ သူ့ကျေးဇူးကို မသိတတ်သော သူယုတ်မာအပေါ် ပြုလုပ်ပေးရသော ကျေးဇူးသည် ပျောက်၏ အကျိုးမရောက်။

သူ့ကျေးဇူးကို သိတတ်သော မြတ်သော အကျင့်ရှိသော သီလရှိသော ယောကျ်ားအပေါ် ပြုလိုက်ရသော ကျေးဇူးသည် ဇာကျိုးများစွာ ဖြစ်ပေါ်၏၊ ချိုင့်ဝှမ်းသော လယ်ကောင်း၌ စိုက်ပျိုးအပ်ကုန်သော မျိုးစေ့တို့သည် အပင်ပေါက်ကုန်သကဲ့သို့ မပျက်စီးကုန်သကဲ့သို့ ထို့အတူ သူ့ကျေးဇူးကို သိတတ်သော ပုဂ္ဂိုလ်အပေါ် ပြုလုပ်ပေးရသော ကျေးဇူးသည် မပျောက်ပျက်ပေ။

ဤသို့သော စကားကိုဆို၍ နိဂြောဓ မင်းကြီးသည် ဤမျှလောက်သော စကားကို ဆိုသည်ရှိသော် စစ်သူကြီး သာခသည် ထိုမင်း၏ရှေ့တော်၌သာလျှင် တည်၏၊ ထိုဇာခါ နိဂြောဓမင်းကြီးသည် စစ်သူကြီးသာခကို သာခ သင်သည် ဤပေါ်ဋ္ဌိကကို သိပြီလောဟု မေးတော်မူ၏၊ ထိုသာခသည် ဆိတ်ဆိတ်နေသည် ဖြစ်၏၊ ထိုအခါ နိဂြောဓမင်းကြီးသည် ထိုသာခအား ဒဏ်ကို ပေးတော်မူလို ရကား ဤဂါထာကို ဆို၏—

၇၉။ ဣမံ ဇမ္ဗုံ နေကတိကံ၊ အသပ္ပုရိသစိန္တကံ။
ဟနန္တု သာခံ သတ္တီဟိ၊ နာဿ ဣစ္ဆာမိ ဇီဝိတံ။

အိုအမတ်တို့ ယုတ်မာသော စဉ်းလဲစဉ်းစား မာယာလှည့်ပတ်တတ်သော၊ သူတော်မဟုတ် သူယုတ်တို့၏အကြံကိုသာ ကြံတတ်သော ဤသာခကို လှံသေး လှံမဘို့ဖြင့် ထိုးသတ်ကြကုန်။ ထိုသာခအား အသက်ရှည်ခြင်းကို ငါသည် အလိုမရှိ။

ထိုစကားကိုကြား၍ ပေါ်ဋ္ဌိကသည် ဤသူမိုက်အား ငါ့ကိုမှီ၍ မပျက်စီး ပါစေလင့်ဟု ကြံ၍ ဤဂါထာကို ဆို၏—

၇၀။ ခမတ’ဿ မဟာရာဇ၊ ပါဏာ န ပဠိအာနယာ၊
ခမ ဒေဝါ အသပ္ပုရိသဿ၊ နာ’ဿ ဣစ္ဆာမဟံ ဝဓံ။

မြတ်သောမင်းကြီး ထိုသူယုတ်မာအား သည်းခံတော်မူပါလော့။ အသက်ကို တစ်ဖန်ဆောင်ခြင်းငှါ မတတ်ကောင်း။ ရှင်မင်းကြီး သူတော်ကောင်းတို့၏ ဆန့်ကျင်ဘက် ရန်သူဖြစ်သော သူယုတ်မာအား သည်းခံတော်မူပါလော့။ မင်းကြီး ထိုသူယုတ်မာ သာခအား သတ်ခြင်းကို အကျွန်ုပ်သည် အလိုမရှိပါ။

နိဂြောဓမင်းကြီးသည် ပေါဋ္ဌိကၡ၏စကားကို ကြား၍ သာခအား ငါသည် သည်းခံ၏၊ စစ်သူကြီးအရာကိုကား ပေါဋ္ဌိကအားသာလျှင် ပေးလို၏၊ ထိုပေါဋ္ဌိက သည် အလိုမရှိ၊ ထိုစစ်သူကြီးအရာကို အလိုမရှိသည်ရှိသော် ပေါဋ္ဌိကအား အသုံးစုံသော စစ်သည်တို့ကို စီရင်ခြင်းငှါ ထိုက်သော ဘဏ္ဍာစိုးအရာကို ပေးတော်မူ၏၊ ရှေးမင်းတို့ လက်သက်၌လည်း ထိုသို့သောအရာအထူးမည်သည် မဖြစ်ဖူးသတတ်၊ ထိုနိဂြောဓမင်း လက်ထက်မှစ၍ ဖြစ်၏၊ နောက်အဖို့၌ ဘဏ္ဍာစိုးဖြစ်သော ပေါဋ္ဌိကသည် သားသမီးတို့ဖြင့် ကြီးပွားစည်ပင်သည်ဖြစ်၍ မိမိ၏ သားသမီးတို့အား အဆုံးအမ ပေးသည်၏အစွမ်းဖြင့် ဤဂါထာကို ဆို၏–

၇၁။ နိဂြောဓမေဝ သေဝေယျ၊ န သာခမုပသံဝသေ။
နိဂြောဓသ္မိံ မတံ သေယျော၊ ယဉ္စေ သာခသ္မိ ဇီဝိတံ။

ချစ်သား ချစ်သမီးတို့ ထိုသာခအထံ၌ အသက်ရှည်သောထက် နိဂြောဓ မင်းကြီး၏အထံ၌ သေခြင်းသည်သာလျှင် မြတ်လှစွာ၏။ ထို့ကြောင့် နိဂြောဓ မင်းကြီးကိုသာလျှင် မှီဝဲခစားဆည်းကပ်ရာ၏၊ သာခကို မမှီဝဲ မဆည်းကပ်လင့်။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ဤသို့လျှင် ဒေဝဒတ်သည် ရှေး၌လည်း သူကျေးဇူးကို မသိသည်သာလျှင်တည်း ဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော် မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ သာခဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ပေါဋ္ဌိကဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ ဗာရာဏသီပြည့်ရှင် နိဂြောဓမင်းကြီး ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်း တော်မူ၏။

(ကျေးဇူးသိလျှင်၊ သူတော်စင်၊ ခေါ်တွင်ခံရမှာ။)

လေးရာလေးဆယ့်ငါးခုမြောက်သော နိဂြောဓဇာတ်သည် ပြီး၏။

## ၄၄၆· တက္ကလဇာတ်

## ကာလဝိပါက် နောက်ပိုးတက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် န တက္ကလာ သန္တိ န အာလုဝါနိ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတက္ကလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သောအဘကို လုပ်ကျွေးသော သားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသူသည် သူဆင်းရဲ အမျိုး၌ဖြစ်၍ အမိသေလွန်သည် ရှိသော် နံနက်စောစောကသာလျှင် ထ၍ ဒန်ပူမျက်သစ်ရေ အစရှိသည်တို့ကို ဖြစ်စေလျက် အခစား အမှုကိုလည်းကောင်း, လယ်ထွန်ခြင်းအမှုကို လည်းကောင်း ပြု၍ရအပ်သော ဥစ္စာအားလျော်စွာ ယာဂုထမင်း အစရှိသည်တို့ကို ပြည့်စုံစေ၍ အဘကို မွေးမြူ၏၊ ထိုအခါ သားကိုအဘသည် ချစ်သား သင်သည် တစ်ယောက်တည်းသာလျှင် အိမ်တွင်းအိမ်ပ၌ ပြုအပ်သော အမှုကိစ္စကို ပြုရ၏၊ သင်ချစ်သားအား တစ်ယောက်သော အမျိုးသမီးသည် သင်၏အိမ်၌ ပြုအပ်သော အမှုကိစ္စကို ပြုလတ္တံ့ဟုဆို၏၊ ဖခင် မိန်းမတို့မည်သည်ကား အိမ်သို့ ရောက်ကုန်သည် ရှိသော် ငါ၏စိတ်ချမ်းသာခြင်းကို မပြုကုန်လတ္တံ့၊ ဖခင်တို့၏ စိတ်ချမ်းသာခြင်းကိုလည်း မပြုကုန်လတ္တံ့၊ ထိုကြောင့် ဤသို့ သဘောရှိသော အကြံကို မကြံလင့်၊ အကျွန်ုပ်သည် အသက်ထက်ဆုံး ဖခင်တို့ကို လုပ်ကျွေး၍ ဖခင်တို့ လွန်သောကာလ၌ သိအံ့ဟု ဆို၏၊ ထိုသို့ဆိုသော်လည်း အဘသည် သား၏ အလိုမရှိစဉ်ပင်လျှင် တစ်ယောက်သော သတို့သမီးကိုဆောင်၏၊ ထိုသတို့သမီးသည် ယောက္ခမအားလည်းကောင်း, လင်အားလည်းကောင်း ကျေးဇူးပြုသည်၊ နှိမ့်ချ ကျိုးနွံတုံ့ဝပ်သော အကျင့် ရှိသည်ဖြစ်၏၊ လင် သည်လည်းအဘအား ကျေးဇူးပြုပေ၏ဟု မယားအား နှစ်သက်၍ ရတိုင်းရတိုင်းသော နှစ်သက်ဖွယ်ရှိသော စားဖွယ်သောက်ဖွယ် စသည်တို့ကို ဆောင်၍ ပေး၏။

မယားသည်လည်း ထိုလင်ပေးသမျှသော ဥစ္စာစသည်ကို ယောက္ခမအားသာလျှင် ပေး၏၊ ထိုမယားသည် နောက်အဖို့၌ ကြံ၏၊ လင်သည် ရတိုင်းရတိုင်းသော ဥစ္စာကို အဘအား မပေးမူ၍ ငါ့အားသာလျှင် ပေး၏၊ ငါစင်စစ်လျှင် အဘ၌ ချစ်ခြင်းသည် မဖြစ်၊ ဤသက်ကြီးအိုကို တစ်စုံတစ်ခုသော အကြောင်းဖြင့် လင်၏ ဆန့်ကျင့်ဘက်ကို ပြု၍ အိမ်မှနှင်ထုတ်စေအံ့ဟု ကြံ၏၊ ထိုမယားသည် ထိုနေ့မှ

စ၍ အလွန်အေးသော ရေကိုလည်းကောင်း, အလွန်ပူသော ရေကိုလည်းကောင်း ဆောင်၏၊ အလွန်ငန်သော အာဟာရကိုလည်းကောင်း, အလွန်ပေါ့သော အာဟာရကိုလည်းကောင်း, မနပ်သော ထမင်းကိုလည်းကောင်း, အလွန်ပူသောထမင်းကိုလည်းကောင်း ဤသို့အစရှိသော အဘအား အမျက်ဒေါသဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော အမှုတို့ကိုပြု၍ အဘသည် အမျက်ထွက်လတ်သော် ဤသက်ကြီးအိုကို အဘယ်သူသည် လုပ်ကျွေးခြင်းငှါ တတ်နိုင်လတ္တံ့နည်းဟု ကြမ်းတမ်းရုန့်ရင်းသော စကားကိုဆို၍ ခိုက်ရန်ကို ပွားစေပြီးလျှင် ထိုကြမ်းပြင်၌ တံတွေးပေါက်အစရှိသည်တို့ကို စွန့်၍လင်ကို အမျက်ထွက်စေ၏။

မောင့်အဘအမှုကို ကြည့်ပါလော၊ ဤမည်သောအမှုကို မပြုပါလင့်ဟု ငါဆိုသည်ရှိသော် အမျက်ထွက်၏၊ ဤအိမ်၌ မောင့်အဘကိုမူလည်း မနေစေလင့်၊ ငါ့ကိုမူလည်း မနေစေလင့်ဟု ဆို၏၊ ထိုသို့ဆိုသောအခါ မယားကို လင်သည် ရှင်မ သင်သည်ပျို့ရွယ်နုနယ်သေး၏၊ တစ်ခုံတစ်ခုသော အရပ်၌အသက်မွေးခြင်းငှါ တတ်နိုင်သေး၏၊ ငါ့အဘသည်ကား အသက်အရွယ် ကြီးပြီ၊ သင်သည် ငါ့အဘအား သည်းမခံနိုင်သည်ရှိသော် ဤငါ့အိမ်မှ ထွက်လေလော့ဟု ဆို၏၊ ထိုမယားသည် ကြောက်သည်ဖြစ်၍ ဤနေ့မှစ၍ ဤကဲ့သို့မပြုဝံ့ပါဟု ယောက္ခမ၏ ခြေတို့၌ဝပ်ပြီးလျှင် သည်းခံပါဟု တောင်းပန်ကန်တော့၍ ပကတိလုပ်ကျွေးမြဲဖြင့် သာလျှင် လုပ်ကျွေးခြင်းငှါ အားထုတ်၏၊ ထိုအခါ ထိုအဘကို လုပ်ကျွေးသော ဒါယကာသည် ရှေးနေ့တို့၌ မယားသည် နှောင့်ယှက်အပ်သည် ဖြစ်၍ မြတ်စွာဘုရားအထံတော်သို့ တရားနာခြင်းငှါ မသွားမူ၍ ထိုမယားသည် ပကတိလုပ်ကျွေးခြင်းဖြင့် လုပ်ကျွေးသောကာလ၌ သွားလေ၏၊ ထိုဒါယကာလာသောအခါ၌ မြတ်စွာဘုရားသည် ထိုဒါယကာကို ဒါယကာအဘယ်ကြောင့် ခုနစ်ရက် ရှစ်ရက်တို့ပတ်လုံး တရားတော်ကို နာခြင်းငှါ မလာသနည်းဟု မေးတော်မူ၏၊ ဒါယကာသည် ထိုမယား၏ ပြုကျင့်သော အကြောင်းကို ကြားလျှောက်၏၊ ဒါယကာ ယခုအခါ၌ သင့်မယား၏ ကုန်းတိုက်သော စကားကို မယူမူ၍ သင့်အဘကို သင် မနှင်ထုတ်ပေ။

ရှေးလွန်လေပြီးသောဘဝ၌ကား သင့်မယား၏ စကားကို နားထောင်၍ အဘကို သုဿာန်သို့ ဆောင်ပြီးလျှင် တွင်း၌ပစ်ချ၍ သေအံ့သောအခါ၌ ငါသည် ခုနစ်နှစ်အရွယ်သာရှိသေးသည် ဖြစ်လျက် မိဘတို့၏ ဂုဏ်ကျေးဇူးကို သိ၍ ပိတုဃာတက အာနန္တရိယကံမှ တားမြစ်ဖူးပြီ ထိုအခါ သင်သည် ငါ့စကားကိုနားထောင်၍ သင်၏အဘကို အသက်ထက်ဆုံး ရှိသေစွာ လုပ်ကျွေး၍ နတ်ပြည်သို့ လားသည်ဖြစ်ဖူးပြီ၊ ငါသည် အကြင်အဆုံးအမကို ပေးအပ်၏၊ ထိုငါပေးသော အဆုံးအမကို ဘဝတစ်ပါး၌ တည်သည်ဖြစ်လျှင်

မှုလည်း သင်သည် မစွန့်၊ ဤရှေးဘဝ၌ ငါဆုံးမဖူးသော အကြောင်းကြောင့် ထိုမယား၏ ကုန်းတိုက်သောစကားကို မယူမူ၍ ယခုဘဝ၌ သင်သည် အဘကို အိမ်မှ မနှင်ထုတ်ဟု မိန့်တော်မူ၍ ထိုဒါယကာသည် ဟောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ဒါယကာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော်အမှတ်မရှိသော ကာသိရွာဝယ်တစ်ယောက်သောအမျိုးအိမ်၌ တစ်ယောက်တည်းသော သားငယ်သည်ရှိသည်ဖြစ်၏၊ ဧ‌မည်အားဖြင့် သဝိဋ္ဌက အမည်ရှိ၏၊ ထိုသဝိဋ္ဌကမည်သော သားငယ်သည် မိဘကို လုပ်ကျွေး စောင့်ရှောက်လျက် နောက်အဖို့၌ အမိသေလွန်သည်ရှိသော် အဘကို လုပ်ကျွေးမွေးမြူ၏၊ (ဤသို့ အစရှိသော အလုံးစုံသော အကြောင်းကို ပစ္စုပ္ပန်ဝတ္ထုကို အစဉ်မှီးလျက်သာလျှင် ဆိုအပ်၏၊ ဤဆိုလတ္တံ့သည်ကား ဤအတိတ် အကြောင်း၌ အထူးတည်း၊) ထိုအခါ၌ ထိုမိန်းမသည် မောင့်အဘ အမှုကိုကြည့်ပါလော့၊ ဤမည်သော ဤမည်သောအမှုကို မပြုလင့်ဟု ဆိုပါ သော်လည်း အမျက်ထွက်ခဲ့ပြန်၏ဟု ဆို၍ အရှင် မောင့်အဘသည် ကြမ်းတမ်း၏၊ ခက်ထန်စောင်းမာန်ကြီး၏၊ အခါခပ်သိမ်း ရန်ကို ပြု၏၊ အလွန် အိုမင်းပြီ၊ အနာနှိပ်စက်ပြီ၊ မကြာမြင့်မီလျှင် သေလတ္တံ့သည်သာတည်း၊ ငါသည်လည်း မောင့်အဘနှင့်တကွ တစ်အိမ်တည်းနေခြင်းငှါ မတတ်နိုင်ပါ၊ ထိုမောင့်အဘသည်လည်း မချွတ်လျှင် နှစ်ရက်သုံးရက်ဖြင့် သေလတ္တံ့သည် သာတည်း၊ သင်သည် သင့်အဘကို သုသာန်သို့ ဆောင်ပြီးလျှင် တွင်းကို တူး၍ ထိုတွင်း၌ သင့်အဘကိုထည့်၍ ပေါက်တူးဖြင့် ဦးခေါင်းကို ကွဲအောင်ရိုက်၍ အသက်ကုန်ခြင်းသို့ ရောက်ပြီးလျှင် အပေါ်၌ မြေမှုန့်ဖြင့် ဖို့၍ လာခဲ့လော့ဟု ဆို၏။

ထိုလင်သည် မယားအဖန်တလဲလဲ ဆိုအပ်သည်ဖြစ်၍ ရှင်မ လူကိုသတ်ခြင်း မည်သည်ကား အလွန်ဝန်လေးစွ၏။ အဘယ်သို့လျှင် အဘကို သတ်ရအံ့ နည်းဟု ဆိုသည်ရှိသော် ငါသည် သင့်အား အကြောင်းကို ကြားအံ့ဟု ဆိုလတ်သော် ကြားဦးလော့ဟု ဆို၏၊ အရှင် သင်သည် မိုးသောက်သော ကာလ၌ သင့်အဘနေရာအရပ်သို့ သွား၍ အကြင်အကြောင်းဖြင့် ပြုသည်ရှိသော် ခပ်သိမ်းသော သူတို့သည် ကြားကုန်၏။ ထိုအခြင်းဖြင့် သည်းစွာသော အသံကို ပြု၍ ဖခင် ဤမည်သော ရွာ၌ ဖခင်တို့၏ မိဘဥစ္စာသည်ရှိ၏၊ အကျွန်ုပ်သွား၍ တောင်းလည်ရှိသော် မပေး၊ ဖခင်တို့ လွန်သောအခါ၌ ပျောက်အံ့သည်သာတည်း၊ နက်ဖြန် ယာဉ်ငယ်၌စီး၍ နံနက်စောစောကလျှင်

သွားအံ့ဟုဆို၍ မောင့်အဘသည် လိုက်အံ့ ဆိုသော အခါ၌သာလျှင် ထရ၍ ယာဉ်ကို ကပြီးလျှင် ယာဉ်၌နေစေ၍ သုသာန်သို့ ဆောင်ပြီးလျှင် တွင်းကို တူး၍ ခိုးသူတို့သည် လုယက်အပ်သကဲ့သို့သော အသံကိုပြု၍ သတ်ပြီးလျှင် တွင်း၌ ချ၍ ဦးခေါင်းကို ဒွံ၍ ရေချိုး၍သာလျှင် လာခဲ့လေဟု ဆို၏။

သဝိဋ္ဌကသည် ဤအကြောင်းသည်ကား ရှိ၏ဟု ထိုမယား၏ စကားကို ငြင်းခံ၍ သုသာန်သို့ သွားအံ့သောငှါ အစီအရင်ကို ပြု၏၊ ထိုသဝိဋ္ဌကအား တစ်ယောက်သော ခုနစ်နှစ်သာရှိသော သားသည် ပညာရှိ၏၊ ထိုသားငယ်သည် အမိစကားကို ကြား၍ ငါ့အမိသည် ယုတ်မာသော အကျင့်ရှိ၏၊ ငါ့အဘကို ပိတုဃာတကကံကို ပြုစေ၏၊ ဤငါ့အဘအား အဘကို သတ်သောအမှုကို ပြုစိမ့်သောငှါ မပေးအံ့ဟု အသာအသာသွားပြီးလျှင် အဘိုးနှင့်တကွ အိပ်၏၊ သဝိဋ္ဌကသည်လည်း မယားသည် ကြားအပ်သောအခါ၌ ယာဉ်ကိုက၍ ဖခင် လာလည့် မြို့ကို သုတ်သင်ကုန်အံ့ဟု အဘကို ယာဉ်၌ နေစေ၏၊ သားငယ်သည်လည်း ရှေးဦးစွာ ယာဉ်ထက်သို့ တက်နှင့်၏၊ သဝိဋ္ဌကသည် ထိုသားငယ်ကို မြစ်အံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ ထိုသားငယ်နှင့်တကွ သာလျှင် သုသာန်သို့ သွား၍ အဘကိုလည်း သားငယ်နှင့်အတူ တစ်ခုသော အရပ်၌ ထားပြီးလျှင် မိမိသည် ယာဉ်မှ ဆင်းသက်၍ ပေါက်တူး ခြင်းတောင်းကို ယူ၍ တစ်ခုသော ပုန်းကွယ်သောအရပ်၌ လေးထောင့်ရှိသော တွင်းကို တူးခြင်းငှါ အားထုတ်၏၊ သားငယ်သည် ယာဉ်မှသက်၍ ထိုအဘဖြစ်သော သဝိဋ္ဌက၏အထံသို့ သွား၍ မသိသကဲ့သို့ စကားကို ဖြစ်စေ၍ ဤဂါထာကို ဆို၏—

၇၂။ န တက္ကလာ သန္တိ န အာလုဝါနိ၊ န ဗိဠာလိယော န ကဠမ္ဗာနိ တာတ။
ဧကော အရညမှိ သုသာနမဇ္ဈေ၊ ကိမတ္ထိကော တာတ ခဏာသိ ကာသုံ။

ဖခင် လူတို့မွေ့လျော်ရာ မဟုတ်သော သုသာန်၏ အလယ်၌ သက္ကေးဥတို့သည် မရှိကုန်၊ ကညင်ဥတို့သည် မရှိကုန်။ ပိန်းဥတို့သည် မရှိကုန်၊ မျောက်ဥတို့သည် မရှိကုန်။ ဖခင် သင်သည် တစ်ယောက်တည်း အဘယ်ကို အလိုရှိသည်ဖြစ်၍ တွင်းကို တူးသနည်း၊

ထိုအခါ သားငယ်၏ အဘသည် ဤဂါထာကို ဆို၏—

၇၃။ ပိတာမဟော တာတ သုဒုဗ္ဗလော တေ၊ အနေကဗျာဓီဟိ ဒုခေန ဖုဋ္ဌော။
တမဇ္ဇဟံ နိခဏိဿာမိ သောဗ္ဘေ၊ န ဟိဿ တံ ဇီဝိတံ ရောစယာမိ။

ချစ်သား သင်ချစ်သား၏အဘိုးသည် အလွန် အားနည်းပြီ၊ များစွာသော

အနာတို့သည်လည်းကောင်း အိုခြင်းဆင်းရဲသည်လည်းကောင်း နှိပ်စက်အပ်ပြီ။ ယနေ့ ငါသည် သင့်အဘိုးကို လေးထောင်တွင်း၌ မြှုပ်သတ်အံ့။ ထိုစကားသည် မှန်၏။ ထိုလူနှင့်တူ အိုမင်းပြီးသော သင့်အဘိုး၏ ထိုလူနှင့်တူ အိုမင်းဆင်းရဲလျက် အသက်ရှည်ခြင်းကို ငါသည် မနှစ်သက်။

ထိုစကားကို ကြား၍ သားငယ်သည် ဤထက်ဝက်သော ဂါထာကို ဆို၏—

၇၄။ သက်ပ္ပ မေတံ ပဋိလဒ္ဓ ပါပကံ၊ အစ္စာဟိတံ ကမ္မ ကရောသိ လုဒ္ဒံ။

ဖခင် သင်ဖခင်သည် ထိုအဘကို ဆင်းရဲမှ လွတ်စေအံ့ဟူသော ယုတ်မာစွာသော အကြံကို ရအပ်ပြီ၊ သင်ဖခင်သည် ပစ္စုပ္ပန်စီးပွား သံသရာစီးပွားကို လွန်သော ကြမ်းကြုတ်စွာသော ပိတုဃာတကကံကို ပြုဘိ၏။

ဤသို့သော စကားကို ဆိုပြီးလျှင် သားငယ်သည် အဘလက်မှ ပေါက်တူးကို ယူ၍ မနီးမဝေးသောအရပ်၌ တစ်ခုသော တွင်းကို တူးခြင်းငှါ အားထုတ်၏၊ ထိုသို့ တူးသောကာလ၌ အဘသည် သားသို့ ကပ်၍ ချစ်သား အဘယ်ကြောင့် တွင်းကို တူးသနည်းဟု မေး၏၊ သားငယ်သည် ထိုအဘအား ပြောလိုရကား ဤဂါထာကို ဆို၏—

> မယာပိ တာတ ပဋိလစ္ဆသေ တုဝံ၊ ဧတာဒိသံ ကမ္မ ဇရူပနီတော။
> တံ ကုလဝတ္တံ အနုဝတ္တမာနော၊ အဟမ္ပိ တံ နိခဏိဿာမိ သောဗ္ဘေ။

ဖခင် သင်ဖခင်သည် ဤသို့သဘောရှိသော ကံကို ရပြီ၊ ငါသည်လည်း အိုမင်းသော အရွယ်သို့ ရောက်သော ဖခင်ကို မြှုပ်သတ်အံ့ဟု၍ တူးအပ်၏။ ထိုအဘတို့၏ အလေ့အကျင့်သို့ အတုလိုက်၍ ကျင့်သည်ဖြစ်၍ ငါသည်လည်း သင်ဖခင်ကို တွင်း၌ မြှုပ်သတ်အံ့။

ထိုအခါ သားငယ်၏အဘဖြစ်သော သဝိဋ္ဌကသည် ဤဂါထာကို ဆို၏—

၇၅။ ဖရုသာဟိ ဝါစာဟိ ပကုဗ္ဗမာနော၊ အာသဇ္ဇ မံ တွံ ဝဒသေ ကုမာရ။
ပုတ္တော မမံ ဩရသကော သမာနော၊ အဟိတာနုကမ္ပီ မမ တွံသိ ပုတ္တ။

ချစ်သား သင်ချစ်သားသည် ရုန့်ရင်းကြမ်းကြုတ်ကုန်သော စကားတို့ဖြင့် နှိပ်စက်လွှမ်းမိုးလျက် ထိပါး၍ ငါ့ကို ဆိုဘိ၏၊ ချစ်သား သင်ချစ်သားသည် ရင်၌ ဖြစ်သော သားဖြစ်ပါလျက် ငါ၏ အစီးအပွားကို အလိုမရှိသည် ဖြစ်ဘိ၏။

ဤသို့ အဘဆိုသည်ရှိသော် ပညာရှိသော သားငယ်သည် စကားတုံ့ပြန် တစ်ဂါထာ, ဥဒါန်းနှစ်ဂါထာအားဖြင့် ဤသုံးဂါထာတို့ကို ဆို၏။

၈၆။ န တာဟံ တာတ အဟိတာနုကမ္ပီ၊ ဟိတာနုကမ္ပီ တေ အဟမ္ပိ တာတ။
ပါပဉ္စ တံ ဇမ္မ ပကုဗ္ဗမာနံ၊ အရဟာမိ နေဝ ဝါရယိတုံ တတော။

၈၇။ ယော မာတရံ ဝါ ပိတရံ သဝိဋ္ဌ၊ အဒူသကေ ဟိံသတိ ပါပဓမ္မော။
ကာယဿ ဘေဒါ အဘိသမ္ပရာယံ၊ အသံသယံ သော နိရယံ ဥပေတိ။

၈၈။ ယော မာတရံ ဝါ ပိတရံ သဝိဋ္ဌ၊ အန္နေန ပါနေန ဥပဋ္ဌဟာတိ။
ကာယဿ ဘေဒါ အဘိသမ္ပရာယံ၊ အသံသယံ သော သုဂတိံ ဥပေတိ။

ဖခင် ငါသည် သင်ဖခင်၏ အစီးအပွားကို အလိုမရှိသည် မဖြစ်။ ဖခင် ငါသည်လည်း သင်ဖခင်၏ အစီးအပွားကို အလိုရှိသည်လည်း ဖြစ်၏။ ယုတ်မာ စွာသော အာနန္တရိယကံကို ပြုသော သင်ဖခင်ကို ငါသည် မြစ်ခြင်းငှါ ထိုက်ပါ တုံသေး၏။ ထိုထက် သင်ဖခင်သည် ငါတို့ကို မြစ်ခြင်းငှါ ထိုက်ပါ၏။

သဝိဋ္ဌက အမည်ရှိသော ဖခင် အမိကိုလည်းကောင်း၊ အဘကိုလည်းကောင်း ဤသို့ မပြစ်မှားအပ်သော မိခင် ဖခင်တို့ကို ညှဉ်းဆဲသောယုတ်မာသော အကျင့်ရှိသော သားသည် ဇီဝိတိန္ဒြေချုပ်သည်မှ အခြားမဲ့ဖြစ်သော တမလွန် ဘဝ၌ ယုံမှားမရှိ၊ ငရဲသို့ လားရ၏။

သဝိဋ္ဌက အမည်ရှိသော ဖခင် အမိကိုလည်းကောင်း၊ အဘကိုလည်းကောင်း၊ ထမင်းဖြင့်လည်းကောင်း အဖျော်ဖြင့်လည်းကောင်း လုပ်ကျွေးသော သား သည် ဇီဝိတိန္ဒြေချုပ်သည်မှ အခြားမဲ့ဖြစ်သော တမလွန်ဘဝ၌ ယုံမှားမရှိ လူ့ဘုံနတ်ချင်ဟု ဆိုအပ်သော သုဂတိဘဝသို့ လားရ၏။

သားဖြစ်သော သူငယ်၏ တရားစကားကို ကြားရ၍ အဘ သဝိဋ္ဌကသည် ဤဂါထာကို ဆို၏။

၈၉။ န မေ တွံ ပုတ္တ အဟိတာနုကမ္ပီ၊ ဟိတာနုကမ္ပီ မေ တွံသိ ပုတ္တ၊
အဟဉ္စ တံ မာတရာ ဝုစ္စမာနော၊ ဧတာဒိသံ ကမ္မ ကရောမိ လုဒ္ဒံ။

ချစ်သား—သင်ချစ်သားသည် ငါ၏အစီးပွားမဲ့ကို အလိုမရှိ၊ သင်ချစ်သား သည် ငါ၏ စီးပွားကိုသာ အလိုရှိပေ၏၊ သင်ချစ်သား၏ မိခင်သည် တိုက်တွန်း

သည်ဖြစ်၍ ငါသည်လည်း ထိုသို့သဘောရှိသော ကြမ်းကြုတ်သော အာနန္တရိယကံကို ပြုအံ့ဟု ကြံစည်မိ၏။

ထိုအဘစကားကို ကြား၍ သားငယ်သည် ဖခင်မိန်းမတို့ မည်သည်ကား ဒေါသဖြစ်လတ်သော် မနှိပ်အပ်ကုန်သည် ဖြစ်အံ့၊ အဖန်တလဲလဲ မကောင်းမှုကို ပြုတတ်ကုန်၏၊ ငါ့အမိသည်ကား အကြင်အခြင်းဖြင့် ခြိမ်းမောင်းသည်ရှိသော် တစ်ဖန် ဤသို့ သဘောရှိသော မကောင်းမှုကို မပြု၊ ထိုအခြင်းကို အမိကို ခြိမ်းမောင်းခြင်းငှာ သင့်၏ဟုဆို၍ ဤဂါထာကိုဆို၏——

၉၀။ ယာ တေ သာ ဘရိယာ အနရိယရူပါ၊
မာတာ မမေသာ သကိယာ ဇနေတ္တိ။
နိဒ္ဓါပယေ တဉ္စ သကာ အဂါရာ၊
အညမ္ပိ တေ သာ ဒုခံ မာဝဟေယျ။

ဖခင် သင်ဖခင်၏ သူတော်မဟုတ် ယုတ်မာသော သဘောရှိသော မယားသည် သင်ဖခင်အား တစ်ပါးသော ဆင်းရဲကိုလည်း ဖြစ်စေရာ၏၊ ဖခင်၏ မယားသည် ငါ၏ မိခင်လည်း ဖြစ်၏၊ ငါ့ကို မွေးဖွားခဲ့ခြင်းကြောင့် မိခင်ရင်းလည်းဖြစ်သော ထိုငါ့မိခင်ကို မိမိအိမ်မှ နှင်ထုတ်သင့်၏။

အဘသဝိဋ္ဌကသည် သားပညာရှိ၏ စကားကို ကြားရလျှင် ဖြစ်သော ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ချစ်သား သွားကြကုန်အံ့ဟု သားနှင့်လည်းကောင်း အဘနှင့်လည်းကောင်း တက္ကသာလျှင် ယာဉ်၌စီး၍ သွားလေ၏၊ ယုတ်မာသော အကျင့်ရှိသော ထိုမယားသည်လည်း အသရေမရှိသော သက်ကြီးအို သူယုတ်သည် ငါတို့အိမ်မှ ထွက်ပလေပြီဟု အလွန်နှစ်သက် ရွှင်လန်းလျက် စိုသော နွားချေးဖြင့် အိမ်ကို လိမ်းကျံ၍ နို့ဃနာထမင်းကိုချက်၍ လာရာခရီးကို ကြည့်လျက် လာကုန်သော မြေးအဘိုးတို့ကို မြင်လျှင် အိမ်မှ ထွက်လေပြီးသော အသရေမရှိသော သူယုတ်ကို ယူ၍လာပြန်ခဲ့ပြီဟု အမျက်ထွက်၍ ပယ် .. စဉ်းလဲ ငှာသော သူယုတ် အိမ်မှထုတ်လေပြီးသော အသရေမရှိသော သူယုတ်ကို တစ်ဖန် ယူ၍ လာပြန်၏ဟု ဆဲရေးရေရွတ်၏။

သဝိဋ္ဌကသည် တစ်စုံတစ်ခုသော စကားကို မဆိုမူ၍ ယာဉ်ကို ချွတ်ပြီးလျှင် ယုတ်မာသော အကျင့်ရှိသော မိန်းမယုတ် အဘယ်စကားကို နင်ဆိုသနည်းဟု ထိုမိန်းမကို ပြင်းစွာ ထောင်းခတ် သတ်ပုတ်ပြီးလျှင် ဤနေ့မှစ၍ ဤမိန်းမယုတ်ကို အိမ်သို့ မဝင်ရပြီဟု ခြေတို့ကိုကိုင်၍ ငင်ထုတ်လိုက်၏၊ ထိုနောင်မှ အဘကိုလည်းကောင်း သားကိုလည်းကောင်း ရေချိုးစေ၍ မိမိနှင့် တက္က

သုံးယောက်ကုန်သော သား အဘ အဘိုးတို့သည် အတူကကု စားကြကုန်၏၊ ထိုယုတ်မာသော မိန်းမသည်လည်း နှစ်ချက် သုံးရက်တစ်ပါးသော အိမ်၌သာလျှင် နေ၏၊ ထိုအခါ သားပညာရှိသည် အဘကို ဖခင် ငါ့အမိသည် ဤသို့ ကြိမ်းမောင်း ဘမျှဖြင့် မသိလတ္တံ့၊ သင်ဖခင်တို့သည်ငါ့အမိအား နှလုံးမသာယာသော အဖြစ်ကို ပြုခြင်းငှါ ဤမည်သောရွာ၌ သင်၏ ဦးရိးသမီးသည် ရှိ၏၊ ထိုဦးရိးသမီးသည် သင်အဘကိုလည်းကောင်း, ငါ၏ အဘိုးကိုလည်းကောင်း, ငါ့ကိုလည်းကောင်း ရှိသေစွာ လုပ်ကျွေးလတ္တံ့၊ ထိုဦးရိးသမီးကို ဆောင်အံ့ဟု ဆို၍ ပန်းနံ့သာ အစရှိသည်တို့ကို ယူ၍ လှည်းဖြင့်ထွက်၍ လယ်တောသို့ လှည့်လည်၍ ညချမ်းအခါ၌ လာခဲ့ကုန်လော့ဟု ဆို၏၊ ထိုသဝိဋ္ဌကသည် သားဆိုတိုင်း ပြု၏၊ အိမ်နီးချင်း မိန်းမတို့သည် သင်၏လင်သည် တစ်ပါးသော မယားကို ဆောင်အံ့သောငှါ ဤမည်သောရွာသို့ သွားသတတ်ဟု ထိုနှင်ထုတ်အပ်သော မယားအား ကြားကုန်၏၊ ထိုမယားသည် ယခုအခါ ငါသည် ပျက်ချေပြီ၊ ဤနေ့မှစ၍ တစ်ဖန် ငါ၏ လင်အိမ်၌ နေခွင့်သည်မရှိပြီဟု ကြောက်သည်ဖြစ်၍ သားကို သာလျှင် တောင်းပန်အံ့ဟု သားပညာရှိ၏ အထံသို့ သွားပြီးလျှင် ခြေတို့၌ဝပ်၍ ချစ်သား သင် ချစ်သားကိုထား၍ သင်ချစ်သားမှတစ်ပါး ငါ၏ ကိုးကွယ်ရာသည် မရှိ၊ ဤနေ့မှစ၍ သင်ချစ်သား၏ အဘကို လည်းကောင်း, အဘိုးကိုလည်းကောင်း တန်ဆာဆင်အပ်သော စေတီကဲ့သို့ ရိုသေစွာ လုပ်ကျွေး စောင့်ရှောက်ပါအံ့၊ ထို့ကြောင့် တစ်ဖန် ငါ့ကို ဤအိမ်သို့ဝင်ရခြင်းကို ပြုပါလော့ဟု ဆို၏၊ မိခင် တစ်ဖန် ဤသို့ သဘောရှိသော ယုတ်မာသော အမှုကို အကယ်၍ မပြုသည်ဖြစ်အံ့၊ ကောင်း၏ဟု ဆို၏၊ ချစ်သား မပြုပါပြီဟု ဆို၏၊ ထိုသို့ဖြစ်ပါမူကား မမေ့မလျော့ဖြစ်လော့ဟု ဆို၍ အဘလာသောအခါ၌ ဤဂါထာကို ဆို၏—

၉၁။ ယာ တေ သာ ဘရိယာ အနရိယရူပါ၊
မာတာ မမေသာ သကိယာ ဇနေတ္တိ။
ဒန္တာ ကရေဏူဝ ဝသူပနီတာ၊
သာ ပါပဓမ္မာ ပုန ရာဝဇာတု။

ဖခင် သင်ဖခင်၏ သူတော်မဟုတ် ယုတ်မာသော အကျင့်ရှိသော ထိုမယားသည် ငါ၏ မိခင်လည်းဖြစ်၏၊ ငါ့ကို မွေးဖွားခဲ့သောကြောင့် မိခင်ရင်းလည်း မှန်၏၊ ယုတ်မာသော အကျင့်ရှိဖူးသော ထိုငါ့မိခင်သည် ယဉ်ကျေးပြီးသော ဆင်မကဲ့သို့ ယဉ်ကျေးသည်ဖြစ်၍ ငါတို့အလိုသို့ လိုက်ပြီ၊ ဖခင်၏ အိမ်သို့ မိခင် ပြန်လာပါစေလော့။

ဤသို့ ထိုသားငယ်ပညာရှိသည် အဘအား တရားဟောပြီးလျှင် သွား၍ အင်ကို ဆောင်ယူ၏၊ ထိုအမိသည် လင်ကိုလည်းကောင်း, ယောက္ခမကိုလည်းကောင်း ကန်တော့ပြီးလျှင် ထိုနေ့မှစ၍ ယဉ်ကျေးငြိမ်သက်သော သဘောနှင့်ပြည့်စုံသည်ဖြစ်၍ လင်ကိုလည်းကောင်း, ယောက္ခမကိုလည်းကောင်း, သားပညာရှိကိုလည်းကောင်း ရှိသေစွာ လုပ်ကျွေး၏. ထိုနှစ်ယောက်သော ၁ မီးခင်ပွန်းတို့သည်လည်း သားပညာရှိ၏၊ ဩဝါဒ၌ တည်၍ ဒါနစသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လားကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ အဘကို လုပ်ကျွေးသော ဒါယကာသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ဒါယကာ ယခုအခါ အဘ, သား, ချွေးမ သုံးယောက်တို့သည်သာလျှင် ထိုအခါ အဘ, သား, ချွေးမ သုံးယောက်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သားငယ်ပညာရှိ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မိခင်ဖခင်၊ ကျေးဇူးရှင်၊ အစဉ်လုပ်ကျွေးရာ။)

လေးရာလေးဆယ့်ခြောက်ခုမြောက်သော တက္ကလဇာတ်သည် ပြီး၏။

---

## ၄၅၇-မဟာဓမ္မပါလဇာတ်

### သီလမြဲတော့ အသက်ရှည်သည်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ကိံတေ ဝတံ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဓမ္မပါလဇာတ်ကို ရှေးဦးစွာ ကြွတော်မူသဖြင့် ကပိလဝတ်ပြည်သို့ ရောက်တော်မူ၍ နိဂြောဓာရုံ ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ခမည်းတော်နန်းတော်၌ သုဒ္ဓေါဒနမင်းကြီး၏ မယုံခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုစကားကို ချဲ့ဦးအံ့၊ ထိုအခါ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် နှစ်သောင်းသော ရဟန္တာအပေါင်းတို့သည် ခြံရံအပ်သော မြတ်စွာဘုရားအား မိမိနေရာ နန်းတော်၌ ယာဂုခဲဖွယ်ကို လှူတော်မူ၍ ဆွမ်းဘုဉ်းမပေးမီအတွင်း နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော စကားကို ပြောဟောလျက် အရှင်ဘုရား အရှင်ဘုရားတို့၏ ဒုက္ကရစရိယာ ကျင့်တော်မူသော ကာလ၌ နတ်တို့သည် လာလတ်ကုန်၍ ကောင်းကင်၌ ရပ်လျက် အရှင်မင်းကြီး၏ သားတော်ဖြစ်သော သိဒ္ဓတ်မင်းသည် အာဟာရနည်းသည်၏ အဖြစ်ကြောင့် သေပြီဟု အကျွပ်နှိုအား ကြားလျှောက်ကုန်၏ဟု လျှောက်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် မြတ်သော သင်မင်းကြီးသည် ယုံတော်မူသလောဟု မိန့်တော်မူသည် ရှိသော် အရှင်ဘုရား မယုံပါ၊ ကောင်းကင်၌ ရပ်၍ ပြောဆိုလာသော်လည်း ထိုနတ်တို့ကို ငါ့သားတော် သိဒ္ဓတ်မင်းသား၏ ဗောဓိမဏ္ဍိုင် အပြင်၌ ဘုရား အဖြစ်သို့ မရောက်မူ၍လျှင် စုတေရခြင်းမည်သည် မရှိ၊ ဤသို့ ပယ်၏ဟု လျှောက်၏၊ မြတ်သောမင်းကြီး သင်မင်းကြီးသည် ရှေးလွန်လေပြီသောအခါ မဟာဓမ္မပါလဖြစ်သော အခါ၌လည်း သင်မင်းကြီး၏ သားတော်ဖြစ်သော ဓမ္မပါလ သတို့သားသည် သေပြီ၊ ဤအရိုးတို့သည် ထိုသတို့သား၏ အရိုးတို့တည်းဟု ပြ၍ ပြောဆိုလာသော်လည်း ဒိသာပါမောက္ခဆရာ၏ စကားကို မယုံ၊ မင်းကြီး လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဓမ္မပါလအမျိုးငယ် ငယ်သောကာလ၌ သေခြင်းမည်သည် ရှိ၏ဟု မယုံ၊ ယခုအခါ၌ကား အဘယ် ကြောင့် ယုံရာလတ္တံ့နည်းဟု မိန့်တော်မူ၍ ထိုခမည်းတော် သုဒ္ဓေါဒနမင်းကြီး သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

မြတ်သောမင်းကြီး လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း သည် မင်းပြုသည်ရှိသော် ကာသိတိုင်း၌ ဓမ္မပါလအမည်ရှိသော ရွာသည်ရှိသည် ဖြစ်၏၊ ထိုရွာသည် ဓမ္မပါလအမျိုးတို့ နေသည်၏ အဖြစ်ကြောင့် ဤဓမ္မပါလရွာ ဟူသော အမည်ကို ရ၏၊ ထိုဓမ္မပါလရွာ၌ ဆယ်ပါးသော ကုသလကမ္မပထ တရားတို့ကို ဆောင့်ခြင်းကြောင့် ဓမ္မပါလဟူ၍သာလျှင် ကျော်စောထင်ရှားသော ပုဏ္ဏားသည် နေ၏၊ ထိုဓမ္မပါလအမျိုး၌ အယုတ်သဖြင့် ကျွန်အမှုလုပ်တို့သည် လည်း အလှူတို့ကို လှူကုန်၏၊ ငါးပါးသော သီလကို စောင့်ကုန်၏၊ ဥပုသ် ဆောက်တည်သော အမှုကို ပြုကုန်၏၊ ထိုအခါ ဘုရားလောင်းသည် ဓမ္မပါလ အမျိုး၌ဖြစ်၍ ဓမ္မပါလသတို့သားဟူသော အမည်ကို မှည့်ကုန်၏။

ထိုအခါ အရွယ်သို့ ရောက်သော ဘုရားလောင်း၊ ဓမ္မပါလကို အဘသည် တစ်ထောင်သော အသပြာကို ပေး၍ အဘတ်သင်စိမ့်သောငှါ တက္ကသိုလ်ပြည်သို့

စေလိုက်၏၊ ဘုရားလောင်းဓမ္မပါလသည် တက္ကသိုလ်ပြည်သို့ သွား၍ ဒိသာပါမောက္ခဆရာ၏အထံ၌ အတတ်ကို သင်၏၊ ငါးရာကုန်သော တပည့်လုလင်တို့၏ အကြီး ဖြစ်၏၊ ထို အခါ ဒိသာပါမောက္ခဆရာ၏ သားအကြီးသည် သေ၏၊ ဒိသာပါမောက္ခဆရာသည် တပည့်လုလင်အပေါင်းခြံရံလျက် ဆွေမျိုးအပေါင်းတို့နှင့်တကွ ငိုကြွေးမြည်တမ်းလျက် သုသာန်၌ သားကို သင်္ဂြိုဟ်ခြင်း ကိစ္စကို ပြုစေ၏၊ ထိုသုသာန်၌ ဆရာသည် လည်းကောင်း တပည့်ငါးရာတို့သည်လည်းကောင်း အဖန်တလဲလဲငိုကြွေးကုန်၏၊ ဘုရားလောင်း ဓမ္မပါလတစ်ယောက်သည်သာလျှင် မငိုကြွေး၊ စင်စစ်သော်ကား ထိုငါးရာကုန်သော တပည့်လုလင်တို့သည် သုသာန်မှ လာလတ်ကုန်ပြီးလျှင် ဆရာ့အထံ၌နေကုန်၍ ပြော်...အို့ဖွယ်ရှိစွ ဤသို့သဘောရှိသော ကောင်းသောအကျင့်နှင့် ပြည့်စုံသော ပျိုနုသော သူငယ်သည် ငယ်ရွယ်သောကာလကပင်လျှင် မိဘတို့နှင့်တကွ ကွေကွင်းရဘိ၏၊ သေခြင်းသို့ ရောက်ဘိ၏ဟုဆိုကုန်သည်ရှိသော် အမောင်တို့ သင်တို့သည်ငယ်လှသေးသည်ဟူ၍ ဆိုကုန်၏။

ထိုသို့ငယ်လျက် အဘယ့်ကြောင့် ငယ်သောကာလ၌သာလျှင် သေသနည်း၊ ငယ်သောကာလ၌ သေခြင်းမည်သည် မသင့်သည် မဟုတ်လောဟု ဆို၏၊ ထိုအခါ ဘုရားလောင်း ဓမ္မပါလကို ငါးရာကုန်သော လုလင်တို့သည် အဆွေ ဓမ္မပါလ သင်သည် သတ္တဝါတို့၏ သေမြဲဓမ္မတာကို မသိသလောဟု ဆို၏၊ အမောင်လုလင်တို့ သိကား သိ၏၊ ထိုသို့သေမြဲဓမ္မတာကို သိငြားသော်လည်း ငယ်ရွယ်သောကာလ၌ မသေကုန်၊ အသက်အရွယ် ကြီးရင့်သောကာလ၌သာလျှင် သေကုန်၏၊ ဤသို့သာလျှင် သိ၏ဟုဆို၏၊ အမောင် ဓမ္မပါလ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲသော သဘောရှိကုန်သလော၊ ဖြစ်ကုန်ပြီး၍ မရှိသည်မဟုတ်ကုန်လောဟု ဆိုကုန်၏၊ အမြဲမရှိကုန်သည် မှန်၏၊ ထိုသို့ အမြဲမရှိကုန်သော်လည်း ငယ်ရွယ်သောကာလ၌ သတ္တဝါတို့သည် မသေကုန်၊ အသက်အရွယ်ကြီးရင့်သော ကာလ၌သာလျှင် သေကုန်၏၊ အသက်အရွယ်ကြီးရင့်သော ကာလ၌ အနိစ္စသဘောသို့ ရောက်ကုန်၏ဟု ဆို၏။

အမောင် ဓမ္မပါလ သင်တို့အိမ်၌ တစ်စုံတစ်ယောက်သောသူတို့သည် မသေကုန်သလောဟု မေးကုန်၏၊ ငါ့၏အမျိုး၌ ငယ်ရွယ်သောကာလ၌ သတ္တဝါတို့သည် မသေကုန်၊ အသက်အရွယ် ကြီးရင့်သောကာလ၌သာလျှင် သေကုန်၏၊ ဟုဆို၏၊ ဤကြီးရင့်မှ သေခြင်းသည် သင်တို့၏ အမျိုးအစဉ်လေလောဟု မေးကုန်၏၊ ငါတို့၏ အမျိုးစဉ်ဆက် သဘော မှန်ပေ၏ဟုဆို၏။ လုလင်တို့သည် ထိုဓမ္မပါလ၏ စကားကို ဆရာအား ကြားလျှောက်ကုန်၏၊ ထိုအခါ ဘုရားလောင်း ဓမ္မပါလလုလင်ကို ခေါ်စေ၍ အမောင်ဓမ္မပါလ သင်တို့၏ အမျိုးဝယ် ငယ်ရွယ်

သောကာလ၌ မသေကုန်ဟု ငါကြားရသည် မှန်သလောဟု မေး၏၊ ဆရာ မှန်၏ဟုဆို၏၊ ထိုဒိသာပါမောက္ခဆရာသည် ဓမ္မပါလလုလင်၏ စကားကို ကြား၍ ဤဓမ္မပါလသည် အလွန်လျှင် အံ့ဖွယ်သရဲသော စကားကို ဆို၏၊ ဤဓမ္မပါလ၏ အဘသံသို့သွားပြီးလျှင် မေး၍ ထိုဓမ္မပါလ၏စကားသည် အကယ်၍ မှန်သည် ဖြစ်အံ့၊ ငါသည်လည်း ထိုအသက်ရှည်အံ့သော အကြောင်းကိုသာလျှင် ဖြစ်စေအံ့ဟုကြံ၏၊ ကြံပြီး၍ ထိုဒိသာပါမောက္ခဆရာသည် သေလေပြီးသော သား၏ ပြုအပ်သောအစ္စကိုပြု၍ ခုနစ်ရက် ရှစ်ရက် လွန်သောအခါ ဓမ္မပါလလုလင်ကို ခေါ်စေ၍—

အမောင် ဓမ္မပါလ ငါသည် စုံစမ်းချေအံ့၊ ထို့ကြောင့် ငါလာသည်တိုင်အောင် ဤလုလင်တို့ကို အတတ်သင်နှင့်လော့ဟုဆို၍ တစ်ခုသောဆိတ်၏ အရိုးတို့ကို ယူ၍ ရေဆေးပြီးလျှင် အိတ်၌ထည့်၍ တစ်ယောက်သော အလုပ်အကျွေး သူငယ်ကိုခေါ်၍ တက္ကသိုလ်ပြည်မှထွက်ခဲ့ပြီးလျှင် အစဉ်သဖြင့် ထိုရွာသို့ရောက်လျှင် မဟာဓမ္မပါလအိမ်သည် အဘယ်မှာနည်းဟုမေး၍ သွားပြီးလျှင် တံခါး၌ ရပ်၏။ မဟာဓမ္မပါလပုဏ္ဏား၏ ကျွန်အမှုလုပ်တို့တွင် အကြင်သူသည် ရှေးဦးစွာ မြင်၏၊ ထိုသူသည် ဆရာ့လက်မှ ထီးကို ယူလင့်၏၊ ဖိနပ်ကို ယူလင့်၏၊ အလုပ်အကျွေးငယ်၏ လက်မှလည်း အိတ်ကိုယူလင့်၏၊ အရှင်ပုဏ္ဏား အရှင့်သားတော် ဓမ္မပါလသတို့သား၏ ဆရာသည် အိမ်တံခါး၌ ရပ်၏ဟု ဓမ္မပါလသတို့သား၏ အဘပုဏ္ဏားအား ကြားလျှောက်ကုန်ယော့ဟု ဆိုလတ်သော် ပုဏ္ဏားကျွန်တို့သည် ကောင်းပြီဟု သွား၍ ကြားလျှောက်ကုန်၏။

ထိုအခါ မဟာဓမ္မပါလပုဏ္ဏားသည် လျင်မြန်စွာ တံခါးအနီးသို့ လာလတ်၍ ဤအရပ်သို့လာတော်မူလော့ဟုထိုသားဓမ္မပါလလုလင်၏ ဆရာကိုအိမ်သို့ဆောင်ပြီးလျှင် ပလ္လင်၌နေစေ၍ အလုံးစုံသော ခြေဆေးခြင်းအစရှိသော ကိစ္စကိုပြု၏၊ ဒိသာပါမောက္ခဆရာသည် ထမင်းစားပြီးသော် ချမ်းသာစွာ ပြောဟော၍ နေကြသောကာလ၌ ပုဏ္ဏားသင့်သားဖြစ်သော ဓမ္မပါလသတို့သားသည် ပညာရှိပေ၏၊ ဗေဒင်သုံးပုံတို့၌လည်းကောင်း, တစ်ဆယ့်ရှစ်ပါးသော အတတ်တို့၌လည်းကောင်း အပြီးသို့ရောက်ပြီ၊ ထိုဗေဒင်သုံးပုံ တစ်ဆယ့်ရှစ်ပါးသောအတတ်တို့ကို အပြီးတိုင် တတ်ပါသော်လည်း တစ်စုံတစ်ခုသော ရောဂါအနာဖြင့် အသက်ကုန်ခြင်းသို့ ရောက်ချေပြီ၊ ခပ်သိမ်းသော သင်္ခါရတို့သည် အမြဲမရှိကုန်၊ မစိုးရိမ်လင့်ဟု ဆို၏၊ မဟာဓမ္မပါလပုဏ္ဏားသည် လက်ခုပ်တီး၍ ပြင်းစွာသော ရယ်ခြင်းကို ရယ်လေ၏၊ ပုဏ္ဏား အဘယ့်ကြောင့်ရယ်သနည်းဟု ဆိုသည်ရှိသော် ငါ့သားဓမ္မပါလသည် မသေ၊ တစ်ပါးသော တစ်စုံတစ်ယောက်သော သူသည် သေသည်ဖြစ်လတ္တံ့ဟုဆို၏၊ ပုဏ္ဏားသင့်သား၏ အရိုးတို့ကို မြင်၍သာလျှင်

ယုံလော့ဟု"အရိုးတို့ကို အိပ်မှထုတ်၍ ဤအရိုးတို့သည် သင့်သား ဓမ္မပါလ၏ အရိုးတို့ပင်တည်းဟုဆို၏၊ ထိုအရိုးတို့သည် ဆိတ်၏သည်းကောင်း, ခွေး၏လည်း ကောင်း အရိုးတို့သည် ဖြစ်ကုန်လတ္တံ့၊ ငါ့သား ဓမ္မပါလသည်ကား မသေ၊ ထို စကားသည် မှန်၏၊ငါတို့အမျိုး၌ ဆွေခုနစ်ဆက်လည်းသည်တိုင်အောင် ငယ်ရွယ် သောကာလ၌ သေဖူးသောသူမည်သည် မရှိကုန်၊ သင်သည် မုသား ဆိုဘိ၏ဟု ဆိုကြကုန်၏၊ ထိုခဏ၌ ခပ်သိမ်းသော လူအပေါင်းတို့သည်လည်း လက်ခုပ် တီး၍ ပြင်းစွာသော ရယ်ခြင်းကို ရယ်ကြကုန်၏၊ ဒိသာပါမောက္ခ ဆရာသည် ထိုအံ့ဖွယ်သရဲကို မြင်၍လျှင် ဝမ်းမြောက်ခြင်းသို့ ရောက်သဖြင့် ပုဏ္ဏား သင်၏ အမျိုးအစဉ်၌ , သူငယ်တို့၏ မသေခြင်းမည်သည် အကြောင်းမရှိဘဲ ဖြစ်ခြင်းငှါ မတတ်ကောင်း၊ အဘယ်အကြောင်းကြောင့် သူငယ်တို့သည် မသေကုန်သနည်း ဟု မေးလိုရကား ဤဂါထာကို ဆို၏–

၉၂။ ကိံ တေ ဝတံ ကိံ ပန ဗြဟ္မစရိယံ၊
ကိဿ သုစိဏ္ဏဿ အယံ ဝိပါကော။
အက္ခာဟိ မေ ဗြာဟ္မဏ ဧတမတ္ထံ၊
ကသ္မာ ဟိ တုမှံ ဒဟရာ န မိယျရေ။

ပုဏ္ဏား သင်သည် ဆောက်တည် အပ်သော အသက်ရှည်ကြောင်း ဖြစ်သော အကျင့်သည် အဘယ်နည်း၊ အဘယ်မည်သော မြတ်သော အကျင့်ကို ကျင့်အပ်သနည်း၊ ဤအသက်ရှည်ခြင်းအကျိုးသည် ကောင်းစွာ ကျင့်အပ်သော အဘယ်မည်သော အကျင့်၏ အကျိုးနည်း။ ပုဏ္ဏား ထိုအသက်ရှည်ကြောင်း ဖြစ်သော အကျင့်ကို ငါ့အား ကြားပါလော့ အဘယ့်ကြောင့်လျှင် သင်တို့၏ အမျိုး၌ သူငယ်တို့သည် မသေကုန်သနည်း။

ထိုစကားကို ကြား၍ မဟာဓမ္မပါလ ပုဏ္ဏားကြီးသည် အကျင့်ဂုဏ်၏ အာနုဘော်ကြောင့် ထိုငါတို့၏အမျိုး၌ သူငယ်တို့သည် မသေကုန်၊ ထိုဂုဏ်ကျေးဇူး တို့ကို ပြလိုသည်ဖြစ်၍ ဤဂါထာတို့ကိုဆို၏–

၉၃။ ဓမ္မံ စရာမ န မုသာ ဘဏာမ၊ ပါပါနိ ကမ္မာနိ ပရိဝဇ္ဇယာမ။
အနရိယံ ပရိဝဇ္ဇေမု သဗ္ဗံ၊ တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၉၄။ သုဏောမ ဓမ္မံ အသတံ သတဉ္စ၊ န စာပိ ဓမ္မံ အသတံ ရောစယာမ။
ဟိတွာ အသန္တေ န ဇဟာမ သန္တေ၊ တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၉၅။ ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ၊ ဒဒမ္ပိ ဝေ အတ္တမနာ ဘဝါမ။
ဒတွာပိ စေ နာနုတပ္ပါမ ပစ္ဆာ၊ တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၉၆။ သမဏေ မယံ ဗြာဟ္မဏေ အဒ္ဓိကေ စ၊ ဝနိဗ္ဗကေ ယာစနကေ ဒလိဒ္ဒေ။
အန္နေန ပါနေန အဘိတပ္ပယာမ၊ တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၉၇။ မယဉ္စ ဘရိယံ နာတိက္ကမာမ၊ အမှေ စ ဘရိယာ နာတိက္ကမန္တိ။
အညတြ တာဟိ ဗြဟ္မစရိယံ စရာမ၊ တသ္မာ ဟိ အမှံ ဒဟရာ နမိယျရေ။

၉၈။ ပါဏာတိပါတာ ဝိရမာမ သဗ္ဗေ၊ လောကေ အဒိန္နံ ပရိဝဇ္ဇယာမ။
အမဇ္ဇပါ နောပိ မုသာ ဘဏာမ၊ တသ္မာဟိ အမှံ ဒဟရာ န မိယျရေ။

၉၉။ ဧတာသု ဝေ ဇာယရေ သုတ္တမာသု၊
မေဓာဝိနော ဟောန္တိ ပဟူတပညာ။
ဗဟုဿုတာ ဝေဒဂုနော စ ဟောန္တိ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၁၀၀။ မာတာ ပိတာ စ ဘဂိနီ ဘာတရော စ၊
ပုတ္တာ စ ဒါရာ စ မယဉ္စ သဗ္ဗေ။
ဓမ္မံ စရာမ ပရလောကဟေတု၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၁၀၁။ ဒါသာ စ ဒါသျော အနုဇီဝိနော စ၊ ပရိစာရိကာ ကမ္မကရာ စ သဗ္ဗေ။
ဓမ္မံ စရန္တိ ပရလောကဟေတု၊ တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

ဆရာ ငါတို့သည် ဒါနသီလ အစရှိသော ကုသလကမ္မပထ တရားဆယ်ပါးကို ကျင့်ကုန်၏။ မဟုတ်မမှန်သောစကားကိုလည်း မဆိုကုန်၊ မကောင်းမှုတို့ကို ရှောင်ကြဉ်ကုန်၏၊ အလုံးစုံသော သူတော်မဟုတ် သူယုတ်တို့၏ အကျင့်ကို ကြဉ်ရှောင်ကြကုန်၏။ ထိုသို့သော တရားကို ကျင့်သောကြောင့်သာလျှင် ငါတို့၏ အမျိုး၌ ပျိုရွယ်သောသူတို့သည် မသေကုန်။

ဆရာ ငါတို့သည် သူတော်မဟုတ် သူယုတ်တို့၏တရားကို လည်းကောင်း၊ သူတော်ကောင်းတို့၏ တရားကိုလည်းကောင်း နာကုန်၏။ ထိုသို့ သူတော်မဟုတ် သူယုတ်တို့၏ စကားကို နာကုန်သော်လည်း သူတော်မဟုတ် သူယုတ်တို့၏ တရားကို မနှစ်သက်ကုန်။ သူတော်မဟုတ် သူယုတ်တို့ကို စွန့်ကုန်၍ သူတော်ကောင်းတို့ကို မစွန့်ကုန်။ ထိုကြောင့်လျှင် ငါတို့၏ အမျိုး၌ ပျိုရွယ်သော သူတို့သည် မသေကုန်။

ဆရာ ငါတို့သည် မလျှုမိ ရှေးအဖို့၌လည်း ဝမ်းမြောက်ကုန်၏၊ လှူစဉ် ဆဲဆဲ၌လည်း ဝမ်းမြောက်ကုန်၏၊ လှူပြီး၍ နောက်ကာလ၌လည်း နှောင်တ မရှိကုန်။ ထိုသို့ စေတနာသုံးတန် ပြတ်၍ လှူလေ့ရှိသောကြောင့်လျှင် ငါတို့၏ အမျိုး၌ ပျိုရွယ်သောသူတို့သည် မသေကုန်။

ဆရာ ငါတို့သည် ကိလေသာ ငြိမ်းပြီးသော ပစ္စေကဗုဒ္ဓါတို့ကို လည်းကောင်း၊ မကောင်းမှုကို အပပြုကုန်သော အရိယာတို့ကိုလည်းကောင်း၊ ခရီးသွားတို့ကိုလည်းကောင်း၊ သီချင်းသီ၍ တောင်းလာကုန်သော သူတို့ကို လည်းကောင်း၊ သာမည တောင်းလာသော သူတို့ကိုလည်းကောင်း၊ သူဆင်းရဲ တို့ကိုလည်းကောင်း ထမင်းဖြင့်လည်းကောင်း၊ အဖျော်ဖြင့်လည်းကောင်း လုပ်ကျွေးကုန်သောကြောင့်သာလျှင် ငါတို့၏ အမျိုး၌ ပျိုရွယ်သော သူတို့သည် မသေကုန်။

ဆရာ ငါတို့သည်လည်း မိမိမယားကို လွန်၍ တစ်ပါးသော မိန်းမသို့ သွားလာခြင်း မရှိကုန်။ မယားတို့သည်လည်း ငါတို့ကို လွန်၍ တစ်ပါးသော ယောကျ်ားသို့ သွားလာခြင်း မရှိကုန်။ ထို သူလင် သူမယားတို့မှ ကြဉ်ကုန်၍ မြတ်သော အကျင့်ကို ကျင့်ကုန်၏။ ထိုသို့ ကာမေသုမိစ္ဆာစာရမှ ကြဉ်လေ့ ရှိသောကြောင့်လျှင် ငါတို့၏ အမျိုး၌ ပျိုရွယ်သော သူတို့သည် မသေကုန်။

ဆရာ ငါတို့သည် သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ကုန်၏။ ခပ်သိမ်းသော ငါတို့သည် လောက၌ အရှင်မပေးသော ဥစ္စာကို ကြဉ်ကုန်၏။ သေရည် သေရက်ကို မသောက်ကုန်။ မုသားကိုလည်း မဆိုကုန်။ ထိုသို့ ငါးပါးသီလ မြဲသောကြောင့်လျှင် ငါတို့၏ အမျိုး၌ ပျိုရွယ်သောသူတို့သည် မသေကုန်။

ဆရာ အလွန်မြတ်သော အကျင့်ရှိကုန်သော မိန်းမတို့မှ မွေးဖွားသော မြတ်သော အကျင့်ရှိသော သားသမီးတို့သည် လျှင်သော ပညာရှိကုန်၏၊ အမှုကိစ္စအားလုံး၌ ပြုလုပ်နိုင်စွမ်းသော ပညာရှိကုန်၏၊ များသော အကြား အမြင် ရှိကုန်၏၊ မြဲမြံခိုင်ခံ့သော သီလ စသော ဂုဏ်ရှိကုန်၏၊ ထိုသို့ မြဲမြံသော သီလ ပညာ ရှိကုန်သောကြောင့်လျှင် ငါတို့၏ အမျိုး၌ ပျိုရွယ်သော သူတို့သည် မသေကြကုန်။

ဆရာ ငါတို့၏ အမျိုး၌ အမိသည်လည်းကောင်း၊ အဘသည်လည်းကောင်း၊ နှမသည်လည်းကောင်း၊ ညီနောင်တို့သည် လည်းကောင်း၊ သားသမီးတို့သည် လည်းကောင်း၊မယားတို့သည်လည်းကောင်း၊ ငါတို့သည်လည်းကောင်း၊ ခပ်သိမ်း ကုန်သော သူတို့သည် တမလွန်ဘဝ၌ အပါယ်လားရအံ့သည်မှ ကြောက်ကုန်သော

ကြောင့် ကုသိုလ်ဆယ်ပါးတရားကို ကျင့်ကြကုန်၏။ ထိုသို့ ကုသိုလ်ဆယ်ပါး တရားကို ကျင့်ကုန်သောကြောင့်လျှင် ငါတို့၏ အမျိုး၌ ပျိုရွယ်သော သူတို့သည် မသေကုန်။

ဆရာ ငါတို့၏ အမျိုး၌ ကျွန်ယောကျ်ားတို့သည်လည်းကောင်း၊ ကျွန်မိန်းမ တို့သည်လည်းကောင်း၊ မှီ၍ အသက်မွေးသော သူတို့သည်လည်းကောင်း၊ အလုပ်အကျွေးတို့သည်လည်းကောင်း၊ အမှုလုပ်တို့သည်လည်းကောင်း ခပ်သိမ်း ကုန်သော သူတို့သည် တမလွန်ဘဝ၌ ဆင်းရဲအံ့သည်မှ ကြောက်ကုန်သော ကြောင့် ကုသိုလ်ဆယ်ပါး တရားကို ကျင့်ကုန်၏။ ထိုသို့ တရားကို ကျင့်ကုန် သောကြောင့်လျှင် ငါတို့၏ အမျိုး၌ ပျိုရွယ်သော သူတို့သည် မသေကုန်။

အမျိုးတို့၏ စာရိတ္တကို ပြောဆိုပြီး၍ ၎င်းစာရိတ္တ၏ အာနိသံသဖလနှင့် တကွ သား၏ မသေသည်၏အဖြစ်၊ အရိုးမဟုတ်သည်၏ အဖြစ်ကို ပြောဆိုပြန် လိုရကား ဤဂါထာတို့ဖြင့် တရားကို ကျင့်ကုန်သော သူတို့၏ အကျိုးဆက်နှင့် တကွ ဆို၏—

၁၀၂။ ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
သောနိသံသော ဓမ္မေ သုစိဏ္ဏေ၊ န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ၊

၁၀၃။ ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊ ဆတ္တံ မဟန္တံ ဝိယ ဝဿကာလေ၊
ဓမ္မေန ဂုတ္တော မမ ဓမ္မပါလော၊ အညဿ အဋ္ဌိနိ သုခီ ကုမာရော။

ဒိသာပါမောက္ခဆရာ ကုသိုလ်ဆယ်ပါးတရားသည် ကုသိုလ်ဆယ်ပါးတရားကို ကျင့်သော သူကို စင်စစ် စောင့်ရှောက်တတ်၏။ ကောင်းစွာ ကျင့်အပ်သော ကုသိုလ်ဆယ်ပါးတရားသည် သုံးပါးသော ချမ်းသာကို ရွက်ဆောင်တတ်၏။ ကုသိုလ်ဆယ်ပါးတရားကို ကျင့်သော သူသည် အပါယ်လေးဘုံသို့ မလားရ။ ဤအပါယ်မလားရခြင်း အကျိုးသည် ကောင်းစွာ ကျင့်အပ်သော ကုသိုလ် ဆယ်ပါးတရား၏ အကျိုးတည်း။

မိုးရွာသော အခါ၌ ကြီးစွာသော ထီးသည် ဆောင်းသောသူကို မိုးစွတ် ခြင်းမှ စောင့်သကဲ့သို့ ကုသိုလ်ဆယ်ပါးတရားသည် ကုသိုလ်ဆယ်ပါးတရားကို ကျင့်သောသူကို အမှန်စောင့်၏၊ ဆရာ ကုသိုလ်ဆယ်ပါးတရားကို ကျင့်ထား ပြီး၍ ထိုကုသိုလ်ဆယ်ပါးတရားက ပြန်လည် စောင့်ခံရသော ငါ၏သား ဓမ္မပါလ သည် အသက် ချမ်းသာစွာ ရှိပေ၏၊ ဆရာ ဆောင်ခဲ့သော အရိုးတို့သည် တစ်ပါးသော သတ္တဝါ၏ အရိုးတို့ပင်တည်း။

ထိုစကားကို ကြား၍ ဒိသာပါမောက္ခဆရာသည် ငါ၏ လာခြင်းသည် များသော အကျိုးရှိ၏၊ အကျိုး မရှိသည့် မဟုတ်ဟု ကောင်းစွာ ဖြစ်သော ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ဓမ္မပါလ သတို့သား၏ ခမည်းတော် ပုဏ္ဏားကို ကန်တော့၍ ငါသည် လာသဖြင့် သင်တို့အား စုံစမ်းခြင်းငှါသာလျှင် ဆိတ်ရိုးတို့ကို ဆောင်အပ်ကုန်၏၊ သင်၏ သား ဓမ္မပါလသည် အနာမရှိသည်သာလျှင်တည်း၊ သင်တို့သည် စောင့်အပ်သော တရားကို ငါ့အားလည်း ပေးကုန်လော့ဟု ဆို၏။ ဆိုပြီး၍လျှင် ပေ၌ ရေးပြီး၍ နှစ်ရက်, သုံးရက် နေပြီးလျှင် တက္ကသိုလ်ပြည်သို့ သွားလေ၍ ဓမ္မပါလ လုလင်အား ပေးသင့်သော အတတ်တို့ကို သင်စေ၍ များစွာသော အခြံအရံနှင့်တကွ ပို့လိုက်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌ တည်၏၊ ဇာတ်ကို အသယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ မြတ်သော သာကီဝင် မင်းမျိုးတို့သည် ထိုအခါ မယ်တော် ခမည်းတော်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ဒိသာပါမောက္ခဆရာ၏ ပရိသတ် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဓမ္မပါလ သတို့သား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ငါးပါးသီလ၊ စောင့်သုံးကြ၊ ငယ်က မသေရာ။)

လေးရာလေးဆယ့်ခုနစ်ခုမြောက်သော မဟာဓမ္မပါလဇာတ်သည် ပြီး၏။

---

၄၄၈။ ကုက္ကုဋဇာတ်

**မိတ်ဆွေဟန်ဆောင်သော ရန်သူကို သတိပြု**

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် နာသမှသေ ကတပါပမှိ- ဤစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုက္ကုဋဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်၏ မြတ်စွာဘုရားကို သတ်ခြင်းငှာ လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုစကားသည် မှန်၏၊ တရားသဘင်၌ ရဟန်းတို့သည် ဒေဝဒတ်၏ ကျေးဇူးမဲ့ဖြစ်သော စကားကို ဖြစ်စေကုန်၏၊ ငါ့ရှင်တို့ ဒေဝဒတ်သည် လေးသမားတို့ကို လွှတ်ခြင်း အစရှိသည်ဖြင့် မြတ်စွာဘုရားအား သတ်ခြင်းငှာသာလျှင် လုံ့လပြု၏ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါ့ကို သတ်ခြင်းငှာ လုံ့လပြုသည် မဟုတ်သေး၊ ရှေး၌လည်း ဤဒေဝဒတ်သည် သတ်ခြင်းငှာ လုံ့လပြုဖူးသည်သာလျှင်တည်း ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသော အခါ ကောသမ္ဗီပြည်၌ ကောသမ္ဗကမည်သော မင်းသည် မင်းပြု၏၊ ထိုအခါ ဘုရားလောင်းသည် တစ်ခုသောဝါးတောဝယ် ကြက်မျိုး၌ ဖြစ်၍ များစွာသော ကြက်အပေါင်း ခြံရံလျက် တော၌နေ၏၊ ထိုဘုရားလောင်းကြက်မင်း၏ မနီးမဝေးသောအရပ်၌ တစ်ကောင်သောစွန်သည် နေ၏၊ ဥပါယ်တံမျဉ်ဖြင့် တစ်ကောင်တစ်ကောင်သောကြက်ကို ယူ၍ စားသည်ရှိသော် ဘုရားလောင်းကြက်မင်းကို ထား၍ ကြွင်းသောကြက်အပေါင်းကို စား၏၊ ဘုရားလောင်း ကြက်မင်းတစ်ကောင်သည်သာလျှင် ကြွင်းသည်ဖြစ်၏၊ထိုဘုရားလောင်း ကြက်မင်းသည် မမေ့မလျော့ ထွက်သင့်သောအခါ၌သာလျှင် အစာကို ယူပြီးလျှင် ဝါးတောသို့ဝင်၍နေ၏၊ ထိုစွန်သည် ဘုရားလောင်းကို ဖမ်းယူအံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ တစ်ခုသော ဥပါယ်တံမျဉ်ဖြင့် ဖြားယောင်း၍ ဖမ်းယူအံ့ဟုကြံ၍ ထိုဘုရားလောင်း ကြက်မင်း၏ မနီးမဝေးသော အရပ်ဝယ် တစ်ခုသော သစ်ခက်၌ နား၍ အဆွေကြက်မင်း သင်သည် ငါ့ကိုအဘယ်ကြောင့် ကြောက်သနည်း၊ ငါသည် သင်နှင့်တကွ အကျွမ်းဝင်ခြင်းကို ပြုလိုပါ၏၊ ဤမည်သောအရပ်၌ ပြည့်စုံသောအစာရှိ၏၊ ထိုအရပ်၌ နှစ်ယောက်ကုန်သော ငါတို့သည် အစာကိုယူ၍ အချင်းချင်း ချစ်သောနေခြင်းဖြင့် နေကြကုန်အံ့ဟု ဆို၏၊ ထိုအခါ စွန်ကို ဘုရားလောင်းကြက်မင်းသည် အချင်းစွန် သင်နှင့်တကွ ငါ၏ အကျွမ်းဝင်ခြင်းသည် မရှိ၊ သင်သည် သွားလေတော့ဟု ဆို၏၊ အဆွေကြက်မင်း ငါသည် ရှေး၌ မကောင်းမှုကို ပြုမိသည်၏ အဖြစ်ကြောင့် သင်ကြက်မင်းသည် မယုံ၊ ဤနေ့မှ စ၍ ဤသို့သဘောရှိသော မကောင်းမှုကို မပြုအံ့ဟု ဆို၏၊ငါ့အား သင်ကဲ့သို့သော မကောင်းမှုကိုပြုသော အဆွေခင်ပွန်းဖြင့် အလိုမရှိ၊ သင်သည် သွားလေလော့ဟု သုံးကြိမ်မြောက်အောင် ပယ်၍ ဤမျှလောက်ကုန်သော အကြောင်းတို့နှင့် ပြည့်စုံသော သတ္တဝါနှင့်တကွ အကျွမ်းဝင်ခြင်းမည်သည်ကို ပြုခြင်းငှာ မသင့်ဟု တောအုပ်ကို ပဲ့တင်ထပ်စေလျက် နတ်တို့သည် ကောင်းချီး

ပေးကုန်သည်ရှိသော် တရားစကားကို ဖြစ်စေလိုသည်ဖြစ်၍ ဘုရားလောင်း ကြက်မင်းသည် ဤဂါထာတို့ကို ဟော၏။

၁၀၄။ နာသ္မသေ ကတပါပမှိ၊ နာသ္မသေ အလိကဝါဒိနေ။
နာသ္မသေ အတ္တတ္ထပညမှိ၊ အတိသန္တေပိ နာသ္မသေ။

၁၀၅။ ဘဝန္တိ ဟေကေ ပုရိသာ၊ ဂေါပိပါသိကဇာတိကာ။
ဃသန္တိ မညေ မိတ္တာနိ၊ ဝါစာယ န စ ကမ္မုနာ။

၁၀၆။ သုက္ခဉ္ဇလိပဂ္ဂဟိတာ၊ ဝါစာယ ပလိဂုဏ္ဌိတာ။
မနုဿဖေဂ္ဂူ နာသီဒေ၊ ယသ္မိံ နတ္ထိ ကတညုတာ။

၁၀၇။ န ဟိ အညညစိတ္တာနံ၊ ဣတ္ထီနံ ပုရိသာန ဝါ။
နာနာဝိကတွာ သံသဂ္ဂံ၊ တာဒိသမ္ပိ စ နာသ္မသေ။

၁၀၈။ အနရိယကမ္မမောက္ကန္တံ၊ အထေတံ သဗ္ဗဃာတိနံ။
နိသိတံဝ ပဋိစ္ဆန္နံ၊ တာဒိသမ္ပိ စ နာသ္မသေ။

၁၀၉။ မိတ္တရူပေနိ’ဓေကစ္စေ၊ သာခလျေန အစေတသာ။
ဝိဝိဓေဟိ ဥပါယန္တိ၊ တာဒိသမ္ပိ စ နာသ္မသေ။

၁၁၀။ အာမိသံ ဝါ ဓနံ ဝါပိ၊ ယတ္ထ ပဿတိ တာဒိသော။
ဒုဗ္ဘိံ ကရောတိ ဒုမ္မေဓော၊ တဉ္စ ဟန္တွာန ဂစ္ဆတိ။

အိုနတ်များတို့ မကောင်းမှုကို ပြုသောသူ၌ အကျွမ်းမဝင်ရာ၊ မုသားဆိုလေ့ ရှိသော သူ၌လည်း အကျွမ်းမဝင်ရာ၊ မိမိအကျိုးကိုသာ အလိုရှိ၍ ဆည်းကပ် ခစားလာသော သူ၌လည်း အကျွမ်းမဝင်ရာ၊ မိမိကိုယ်၌ ဂုဏ်မရှိဘဲလျက် ဂုဏ်ရှိ သကဲ့သို့ ပြုသော သူ၌လည်း အကျွမ်းမဝင်ရာ။

ရေငတ်သောနွားနှင့် တူကုန်သော အချို့သောယောကျ်ားတို့သည် ရှိသည် ဖြစ်ကုန်၏၊ နှုတ်ဖြင့်သာလျှင် အဆွေခင်ပွန်းတို့ကဲ့သို့ စပ်ကုန်၏၊ ကိုယ်ဖြင့်ကား မစပ်ကုန်။ ထိုနှုတ်ဖြင့်သာလျှင် အဆွေခင်ပွန်း ဖွဲ့တတ်သော သူတို့၌လည်း အကျွမ်းမဝင်ရာ။

အိုနတ်များတို့ အချည်းနှီးသော လက်အုပ်ကို ချီကုန်၍ နှုတ်ဖြင့်သာလျှင် ဤမည်သော ဥစ္စာကို ပေးအံ့၊ ဤမည်သော အမှုကို ပြုအံ့ဟု ဖုံးလွှမ်း၍ဆိုတတ် ကုန်သော သူတို့၌လည်း အကျွမ်းမဝင်ရာ၊ ဟိရီဩတ္တပ္ပတည်းဟူသော အနှစ် သာရမှ ကင်းသော အဟိရိက, အနောတ္တပ္ပတည်းဟူသော အကာသာရှိသော

သူကိုလည်း မဆည်းကပ်ရာ၊ ပြုသော သူ့ကျေးဇူးကို သိခြင်းမရှိသော သူ့ကိုလည်း အကျွမ်းမဝင်ရာ။

အိုနတ်မျိုးတို့ မုန်းလွယ် ချစ်လွယ်သော စိတ်ရှိကုန်သော မိန်းမတို့အားလည်းကောင်း ယောကျ်ားတို့အားလည်းကောင်း အကျွမ်းမဝင်ရာ၊ အထူးထူးသော အကြောင်းဖြင့် ရောနှောသည်ကို ထင်စွာပြု၍ အန္တရာယ်ပြုရအောင် ပေါင်းယှဉ်လာသော သူကိုလည်း အကျွမ်းမဝင်ရာ။

အိုနတ်မျိုးတို့ သူတော်မဟုတ် သူယုတ်တို့၏ အမူသို့ သက်ဝင်သော မြဲမြံခိုင်ခံ့သော စကားမရှိသော အဝတ်ပုဆိုးတို့ဖြင့် ဖုံးလွှမ်းအပ်သော ထက်စွာသော သန်လျက်နှင့်တူသော ခပ်သိမ်းသော သတ္တဝါတို့ကို ညှဉ်းဆဲတတ်သော ထိုသို့သဘောရှိသော သူကိုလည်း အကျွမ်းမဝင်ရာ။

အိုနတ်မျိုးတို့ ချိုလောက်၌ စကားသာပြေပြစ်၍ စိတ်မပါသော အဆွေခင်ပွန်းသဘောဖြင့် အထူးထူးအပြားပြား များသော အကြောင်းတို့ဖြင့် အဆွေခင်ပွန်း ယောင် ပြု၍ အခွင့်ကို ရှာတတ်သော အချို့ကုန်သော သူကိုလည်း အကျွမ်းမဝင်ရာ။

အိုနတ်မျိုးတို့ အဆွေခင်ပွန်းအိမ်၌ ထမင်းခဲဖွယ်ကိုလည်းကောင်း ထိုမှတပါးသော ဥစ္စာကိုလည်းကောင်း မြင်တွေ့သောအခါ ပညာမဲ့သောသူသည် ထိုအဆွေခင်ပွန်း၏ ဥစ္စာကိုလည်း ပြစ်မှား၏ အဆွေခင်ပွန်းကိုလည်း ဖျက်ဆီး၍ သွား၏၊ ထိုသို့ မြင်မြင်သမျှကို လိုချင်တတ်သော သူကိုလည်း အကျွမ်းမဝင်သင့်ပေ။

တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို ဟောတော်မူ၏—

၁၁၁။ မိတ္တရူပေန ဗဟဝေါ၊ ဆန္နာ သေဝန္တိ သတ္တဝေါ။
ဇဟေ ကာပုရိသေ ဟေတေ၊ ကုက္ကုဋ္ဌော ဝိယ သေနကံ။

၁၁၂။ ယော စ ဥပ္ပတိတံ အတ္ထံ၊ န ခိပ္ပမနုဗုဇ္ဈတိ။
အမိတ္တဝသမန္ဝေတိ၊ ပစ္ဆာ စ အနုတပ္ပတိ။

၁၁၃၊ ယော စ ဥပ္ပတိတံ အတ္ထံ၊ ခိပ္ပမေဝ နိဗောဓတိ။
မုစ္စတေ သတ္တုသမ္ဗာဓာ၊ ကုက္ကုဋ္ဌော ဝိယ သေနကာ။

၁၁၄။ တံ တာဒိသံ ကူဋ္ဌမိဝေါ’ ဩဍ္ဍိတံ ဝနေ၊
အဓမ္မိကံ နိစ္စဝိဓံသကာရိနံ။
အာရာ ဝိဝဇ္ဇေယျ နရော ဝိစက္ခဏော၊
သေနံ ယထာ ကုက္ကုဋ္ဌော ဝံသကာနနေ။

ရဟန်းတို့ စကားဖြင့် ဖုံးလွှမ်း၍ ပျူငှါတတ်ကုန်သော များစွာကုန်သော ရန်သူတို့သည် အဆွေခင်ပွန်း အယောင်ဆောင်၍ မှီဝဲ ဆည်းကပ်လာကုန်သော အခါ ယောကျ်ားယုတ် ဖြစ်ကုန်သော ထိုအဆွေခင်ပွန်းတုတို့ကို စွန့်ကုန်ရာ၏။ အဘယ်ကဲ့သို့နည်းဟူမူကား သေကြောင်းကြံသော ငှက်ကို ကြက်မင်းသည် စွန့်သကဲ့သို့တည်း။

အကျိုးစီးပွားကို လျင်မြန်စွာ မသိသော သူသည် ရန်သူလက်သို့ ရောက်တတ်၏။ နောက်ကာလ၌လည်း နောင်တ ပူပန်ရတတ်၏။

ဖြစ်လတ့်သော အကျိုးကို သိသော သူသည် ရန်သူလက်မှ လွတ်၏။ အဘယ်ကဲ့သို့နည်း ဟူမူကား ကြက်မင်းသည် ရန်သူဖြစ်သော စွန်လက်မှ လွတ်သကဲ့သို့တည်း။

ရဟန်းတို့ တော၌ မုဆိုးသည် ထောင်အပ်သော စဉ်းလဲသော ကျော့ကွင်းကို သမင်သည် ရှောင်ကြဉ်သကဲ့သို့ ထိုမုဆိုးသည် ထောင်အပ်သော ကျော့ကွင်းနှင့် တူသော တရားကို မကျင့်သော အမြဲလျှင် အကျိုးစီးပွားကို ဖျက်ဆီး တတ်သော ထိုသို့သော သူကို ပညာအမြော်အမြင်ရှိသော လူသည် ဝေးစွာ ကြဉ်ဖဲရာ၏။ အဘယ်ကဲ့သို့ နည်းဟူမူကား ငါးတော၌ ကြက်မင်းသည် အကျိုး စီးပွားကို ဖျက်ဆီးတတ်သော စွန်ကို ကြဉ်ဖဲသကဲ့သို့တည်း။

ထိုဘုရားလောင်း ကြက်မင်းသည် ထိုဂါထာတို့ကို ဆိုပြီးလျှင် စွန်ကို ခေါ်၍ ဤအရပ်၌ သင်သည် အကယ်၍ နေအံ့၊ သင့်အား ပြုအပ်သော အမှုကို သိရအံ့ဟု ခြိမ်းခြောက်၏၊ စွန်သည် ထိုအရပ်မှ ပြေး၍ တစ်ပါးသော အရပ်သို့ သွားလေ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ဤသို့လျှင် ဒေဝဒတ်သည် ရှေး၌လည်း ငါ့ကို သတ်ခြင်းငှါ လုံ့လ ပြုဖူး၏ဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ ယခုအခါ ဒေဝဒတ်သည် ထိုအခါ စွန်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ ကြက်မင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မကောင်းပြုလို၊ မုသားဆို၊ ထိုသူ မပေါင်းရာ။)

လေးရာလေးဆယ့်ရှစ်ခုမြောက်သော ကုက္ကုဋဇာတ်သည် ပြီး၏။

## ၄၄၉-မဋ္ဌကုဏ္ဍလိဇာတ်
## နေနှင့်လကို လှည်းဘီးလုပ်စီးခြင်း
## မိဘကျေးဇူးဆပ်သော "သား"
## ကြောင်းကျိုးသိမှ အမှန်ရ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် အလက်တော မဋ္ဌကုဏ္ဍလီ–အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ မဋ္ဌကုဏ္ဍလီဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော သားသေသော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ တစ်ယောက်သော သူကြွယ်၏ ချစ်လှစွာသော သားသည် သေသတတ်၊ ထိုသူကြွယ်သည် သား၌ဖြစ်သော စိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ ရေလည်းမချိုး၊ ထမင်းကိုလည်း မစား၊ လယ်လုပ်ကုန်သွယ်ခြင်း အစရှိသော အမှုတို့ကိုလည်း မစီရင်၊ မြတ်စွာဘုရားထံ ခစားခြင်းငှါလည်း မသွား၊ သက်သက်ကား ချစ်လှစွာသော သား ငါ့ကို စွန့်၍ ရှေးဦးစွာ သွားသည် ဖြစ်၏၊ ဤသို့ အစရှိသော စကားတို့ကို ဆိုပြီး၍ အဖန်တလဲလဲ ငိုမြည်တမ်း၏။

သဗ္ဗညုမြတ်စွာဘုရားသည် မိုးသောက်ထအခါ၌ ဂ တ္တလောကကိုကြည့်တော်မူသ ည်ရှိသော် ထိုသူကြွယ်၏ သောတာပတ္တိမဂ်ဖိုလ်၏ ဥပနိဿယ ကို မြင်တော်မူ၍ မိုးသောက်သောနေ့၌ ရဟန်းသံဃာအပေါင်း ခြံရံလျက် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါ ကြွတော်မူ၍ ပြီးပြီးသော ဆွမ်းစားခြင်းကိစ္စ ရှိလတ်သော် ရဟန်းတို့ကို လွှတ်လိုက်ပြီးလျှင် အာနန္ဒာမထေရ်ကို နောက်လိုက်ရဟန်းပြု၍ ထိုသူကြွယ်၏ အိမ်တံခါးသို့ ကြွတော်မူ၏၊ မြတ်စွာဘုရား ကြွလာတော်မူသော အဖြစ်ကို သူကြွယ်အား ကြားကုန်၏၊ ထိုအခါ သူကြွယ်အိမ်၌ လူတို့သည် နေရာကို ခင်း၍ မြတ်စွာဘုရားကို နေစေတော်မူပြီးလျှင် သူကြွယ်ကို ချီ၍ မြတ်စွာဘုရား အထံတော်သို့ ဆောင်ကုန်၏၊ ရှိခိုး၍ လျောက်ပတ်စွာ နေသော ထိုသူကြွယ်ကို မြင်တော်မူ၍ မြတ်စွာဘုရားသည် ချမ်းမြေ့လှစွာသော မဟာကရုဏာတော်နှင့် ယှဉ်သော စကားတော်ဖြင့် ခေါ်တော်မူ၍ ဒါယကာ တမလွန်ဘဝသို့ သွားလေသော သားငယ်ကို စိုးရိမ်သလောဟု မေးတော်မူ၍ အရှင်ဘုရား စိုးရိမ်ပါ၏ဟု နားတော်လျှောက်သည်ရှိသော် ဒါယကာ ရှေးပညာရှိတို့သည် သားသေသည် ရှိသော် စိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်ကုန်သည် ဖြစ်၍ ငိုမြည်တမ်းကုန်သော်လည်း ပညာရှိတို့၏ စကားကို ကြား၍ တောင့်တ၍ မရအပ်သော အရာတည်းဟု

မှန်သောအားဖြင့် သိ၍ အနည်းငယ်မျှသော စိုးရိမ်ခြင်းကိုလည်း မပြုကုန်ဟု မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

သူကြွယ် လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် တစ်ယောက်သော များသော စည်းစိမ်ရှိသော ပုဏ္ဏား၏ သားသည် တစ်ဆယ့်ငါးနှစ်, တစ်ဆယ့်ခြောက်နှစ် အရွယ်ရှိသောအခါ၌ အနာသည် နှိပ်စက်အပ်သည် ဖြစ်၍ သေလျှင် တာဝတိံသာနတ်ပြည်၌ ဖြစ်၏၊ အဘ ပုဏ္ဏားသည် ထိုသား၏ သေသော ကာလမှ စ၍ သုသာန်သို့ သွားပြီးလျှင် ပြာပုံကို လှည့်လည်လျက် ငိုကြွေး၏၊ အလုံးစုံသော အမှုတို့ကို စွန့်၍ စိုးရိမ်ခြင်း နှိပ်စက်အပ်သည် ဖြစ်၍ သွား၏၊ ထိုအခါ နတ်သားသည် လူ့ပြည်သို့ ကြည့်လတ်သည်ရှိသော် ထိုအဘပုဏ္ဏားကိုမြင်လျှင် တစ်ခုသောဥပမာကိုပြု၍ အဘပုဏ္ဏား၏ စိုးရိမ်ခြင်းကို ပျောက်အံ့ဟု ကြံ၍ သုသာန်သို့ သွား၍ ငိုကြွေးသောကာလ၌ ထိုပုဏ္ဏား၏ သားအသွင်ကို ဖန်ဆင်း၍ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် တစ်ခုသောအရပ်၌ရပ်လျက် လက်နှစ်ဖက်တို့ကို ဦးခေါင်း၌ထားလျက် သည်းစွာသော အသံဖြင့် ငိုကြွေး၏၊ ပုဏ္ဏားသည် ငိုသံကြားလျှင် ထိုသားအသွင် ဖန်ဆင်း၍ ငိုသော နတ်သားကို ကြည့်၍ သား၌ ဖြစ်သော ချစ်ခြင်းကို ပြုပြီးလျှင် ထိုနတ်သား၏ အထံ၌ ရပ်၍ ချစ်သားလုလင် ဤသုသာန် အလယ်၌ အဘယ်ကြောင့် ငိုကြွေးသနည်းဟု မေးလိုရကား ဤဂါထာကို ဆို၏—

၁၁၅။ အလင်္ကတော မဋ္ဌကုဏ္ဍလီ၊ မာလဓာရီ ဟရိစန္ဒနုဿဒေါ။
ဗာဟာ ပဂ္ဂယှ ကန္ဒသိ၊ ဝနမဇ္ဈေ ကိံ ဒုက္ခိတော တုဝံ။

ချစ်သားသူငယ် သင်သည် အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ပြေပြစ် တင့်တယ်သော ရွှေနားတောင်း ဝတ်လျက် ဆန်းကြယ်သော ပန်းကို ပန်ဆင်လျက် နံ့သာကူးရွှေဖြင့် လိမ်းကျံလျက် လက်တို့ကို မြှောက်၍ သုသာန်တော၏ အလယ်၌ အဘယ်ဆင်းရဲ နှိပ်စက်အပ်သည် ဖြစ်၍ ငိုမြည်တမ်းလေသနည်း။

ထိုအခါ ပုဏ္ဏားအား ပြောလိုသည် ဖြစ်၍ သားသူငယ်သဏ္ဌာန် ဖန်ဆင်းသော နတ်သားသည် ဤဂါထာကို ဆို၏—

၁၁၆။ သောဝဏ္ဏမယော ပဘဿရော၊ ဥပ္ပန္နော ရထပဉ္ဇရော မမ။
တဿ စက္ကယုဂံ န ဝိန္ဒာမိ၊ တေန ဒုက္ခေန ဇဟာမိ ဇီဝိတံ။

ဖခင်ပုဏ္ဏား ငါ့အား ရွှေဖြင့် ပြီးသော ပြိုးပြိုးပြက်သော အရောင်ရှိသော ရထားချိုင့်၏ လှည်းဘီးအစုံကို ငါသည် မရခြင်းကြောင့်ဖြစ်သော ဆင်းရဲဖြင့် ငါသည် အသက်ကို စွန့်ရတော့အံ့။

ပုဏ္ဏားသည် ဝန်ခံလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏–

၁၁၇။ သောဝဏ္ဏမယံ မဏိမယံ၊ လောဟမယံ အထ ရူပိယာမယံ။
ပါဝဒ ရထံ ကရိဿာမိ တေ၊ စက္ကယုဂံ ပဋိပါဒယာမိ တံ။

ချစ်သားသင်သည် ရွှေဖြင့်ပြီးသော လှည်းဘီးလည်းကောင်း, ပတ္တမြားဖြင့် ပြီးသော လှည်းဘီးလည်းကောင်း, ကြေးဖြင့်ပြီးသော လှည်းဘီးလည်းကောင်း, ထိုမှတစ်ပါး ငွေဖြင့်ပြီးသော လှည်းဘီးလည်းကောင်း, ထိုသို့ သဘောရှိသော လှည်းဘီးကို ဆိုလော့၊ ငါသည် သင့်အား ရထားကို ပြုအံ့၊ ထိုရထား လှည်းဘီး အစုံကို ရအောင်ပြုအံ့။

ထိုပုဏ္ဏား စကားကို ကြား၍ သူငယ်သည် ဆိုအပ်သော ဂါထာဖြင့် မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာကို ဆို၏–

၁၁၈။ သော မာဏဝေါ တဿ ပါဝဒိ၊ စန္ဒသူရိယာ ဥဘယေတ္ထ ဘာတရော။
သောဝဏ္ဏမယော ရထော မမ၊ တေန စက္ကယုဂေန သောဘတိ။

ပုဏ္ဏား ဤကောင်းကင်၌ ညီနောင်ဖြစ်ကုန်သော လ, နေ အစုံဖြင့် ရွှေဖြင့် ပြီးသော ငါ၏ ရထားသည် တင့်တယ်၏။ ဤသို့ ထိုသူငယ်သည် ထိုပုဏ္ဏားအား ဆို၏။

ထိုပုဏ္ဏားသည် ထိုဂါထာ၏ အခြားမဲ့၌ ဤဂါထာကို ဆို၏–

၁၁၉။ ဗာလော ခေါ တွံသိ မာဏဝ၊ ယော တွံ ပတ္ထယသေ အပတ္ထိယံ။
မညာမိ တုဝံ မရိဿသိ၊ န ဟိ တွံ လစ္ဆသိ စန္ဒသူရိယေ။

သူငယ် မတောင့်တအပ်သည်ကို တောင့်တသော သင်သည် စင်စစ် မိုက်၏။ သင်သည် သေသော်လည်း သေရလတ္တံ့။ သင်သည် လ, နေဘို့ကို မရနိုင်လတ္တံ့။ ဤသို့ ငါသည် အောက်မေ့၏။

ထိုနောင်မှ သူငယ်သည် ဤဂါထာကို ဆို၏–

၁၂၀။ ဂမနာဂမနမ္ပိ ဒိဿတိ၊ ဝဏ္ဏဓာတု ဥဘယေတ္ထ ဝီထိယော။
ပေတော ပန နေဝ ဒိဿတိ၊ ကော နု ခေါ ကန္ဒတံ ဗာလျတရော။

ပုဏ္ဏား ထွက်ရာအရပ် ဝင်ရာအရပ်သည်လည်း ထင်၏။ လ, နေဟူသော ဝဏ္ဏဓာတ်သည် ထင်၏၊ ဤကောင်းကင်ခရီး၌ နှစ်ပါးကုန်သော လသွားသော ခရီး, နေသွားသော ခရီးတို့သည်လည်း ထင်ကုန်၏။ တမလွန်ဘဝသို့ သွားလေပြီးသော သူမူကား မထင်သည်သာတည်း၊ ငိုကြွေးသော ငါတို့ နှစ်ယောက်တို့တွင် အဘယ်သူသည် အလွန်မိုက်မည်နည်း။

ဤသို့ သူငယ်သည် ဆိုသည်ရှိသော် ပုဏ္ဏားသည် သတိရ၍ ဤဂါထာကို ဆို၏–

၁၂၁။ သစ္စံ ခေါ ဝဒေသိ မာဏဝ၊ အဟမေဝ ကန္ဒတံ ဗာလျတရော။
စန္ဒံ ဝိယ ဒါရကော ရုဒံ၊ ပေတံ ကာလကတာ' ဘိပတ္ထယေ။

သူငယ် သင်သည် မှန်သော စကားကိုသာလျှင် ဆို၏၊ သူငယ်သည် ငိုကြွေးလျက် လ, နေ ကို တောင့်တသကဲ့သို့ ပစ္စုပ္ပန်ဘဝမှ ကင်းလေပြီးသော သေသော သားကို တောင့်တသော ငါသည်သာလျှင် ငိုကြွေးသော ငါတို့ နှစ်ယောက်တို့တွင် အလွန် မိုက်၏။

ဤသို့လျှင် ပုဏ္ဏားသည် သူငယ်ယောင်ဆောင်သော နတ်သား၏ စကားကြောင့် စိုးရိမ်ခြင်းကင်းသည်ဖြစ်၍ ကောင်းချီးကို ပြုလိုရကား ဤဂါထာတို့ကို ဆို၏–

၁၂၂။ အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံ ဝ ပါဝကံ။
ဝါရိနာ ဝိယ ဩသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။

၁၂၃။ အဗ္ဗဟီ ဝတ မေ သလ္လံ၊ ယမာသိ ဟဒယဿိတံ။
ယော မေ သောကပရေတဿ၊ ပုတ္တသောကံ အပါနုဒိ။

၁၂၄။ သောဟံ အဗ္ဗူဠ္ဟ သလ္လောသ္မိ၊ ဝီတသောကော အနာဝိလော။
န သောစာမိ န ရောဒါမိ၊ တဝ သုတွာန မာဏဝ။

သူငယ် ထောပတ်ဖြင့် သွန်းလောင်းအပ်သော မီးကို ရေဖြင့် သွန်းလောင်း၍ ငြိမ်းစေဘိသကဲ့သို့ ထို့အတူ ရဲရဲပြောင်ပြောင် သောကမီး လောင်နေသော ငါ့ကို စင်စစ် ငြိမ်းစေပြီ အလုံးစုံသော စိတ်၏ ပူပန်ခြင်းကို ငြိမ်းစေပြီ။

သူငယ် သောကသည်နှိပ်စက်အပ်သော ငါ၏နှလုံးကို မှီသော သား၌ ဖြစ်သော စိုးရိမ်ခြင်းကို ပယ်နုတ်ပေးသည်ဖြစ်၍ သင်သည် ငါ၏ စိုးရိမ်ခြင်း တည်းဟူသော ငြောင့်ကို နုတ်အပ်ပြီးစွတကား။

သူငယ် ငါသည် စိုးရိမ်ခြင်းတည်းဟူသော ဇြောင့်ကို နုတ်အပ်ပြီ၊ စိုးရိမ်ခြင်းကင်းပြီ၊ စိတ်မနောက်ကျုတော့၊ သင်၏စကားကို ကြားရသော ကြောင့် မစိုးရိမ် မငိုကြွေးတော့အံ့။

ထိုအခါ ပုဏ္ဏားကို သူငယ်သည် ပုဏ္ဏား အကြင်သား၏အကျိုးငှါသင်သည် ငို၏၊သင်၏သားဖြစ်သော ထိုသူကား ငါပင်တည်း၊ ငါသည် နုတ်ပြည်၌ ဖြစ်၏၊ ဤနေ့မှစ၍ ငါ့ကို မစိုးရိမ်လင့်၊ အလှူကိုပေးလော့၊ သီလကို ဆောက်တည် လော့၊ ဥပုသ်ကို ဆောက်တည်ခြင်းကို ပြုလော့ဟု ဆုံးမခဲ့ပြီးလျှင် မိမိနေရာ တာဝတိံသာ နတ်ရွာသို့သာလျှင် သွားလေ၏၊ ပုဏ္ဏားသည်လည်း ထို သား ဖြစ်ဖူးသော နတ်သား၏ အဆုံးအမ၌ တည်၍ ဒါန စသော ကောင်းမှုတို့ကို ပြု၍ သေသည်ရှိသော် နတ်ပြည်၌ ဖြစ်၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည်ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင်သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သားသေသော သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏။

အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား သူကြွယ် ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဖောက်မပြန် မှန်သော သဘောကို ပြတတ်သော နတ်သား ဖြစ်ဖူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(သားက ဟောပြ၊ တရားရ၊ အဘ ချမ်းသာစွာ။)

လေးရာလေးဆယ့်ကိုးခုမြောက်သော မဋ္ဌကုဏ္ဍလီဇာတ်သည် ပြီး၏။

---

## ၄၅၀ – ဗိဠာရကောသိယဇာတ်

### ကပ်စေးနှဲသူဌေးအား အလှူပေးရန် ဟောကြားခြင်း

### ပစ္စည်းဥစ္စာကို လှူပြီးမှ သုံးဆောင်သင့်ကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် အလေဇန္တာပိ နိဗ္ဗတ္တိ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ် သော ဤဗိဠာရကောသိယဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေ

တော်မူစဉ် အလှူပေးလေ့ရှိသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရဟန်းသည် မြတ်စွာဘုရား၏ တရားတော်ကို နာရလျှင် သာသနာတော်၌ ရဟန်းပြုသဖြင့် ရဟန်းပြုသောကာလမှစ၍ အလှူပေးလေ့ရှိသည်။ အလှူပေးခြင်း၌ အလွန်အလိုရှိသည် ဖြစ်၏၊ သပိတ်အတွင်း၌ ရှိသော ဆွမ်းကို သူတစ်ပါးကို မလှူမူ၍ မစား၊ အယုတ်သဖြင့် သောက်ရေမျှကိုလည်း ရ၍ သူတစ်ပါးအား မလှူမူ၍ မသောက်၊ ဤသို့ လှူဒါန်းပေးကမ်းခြင်း၌ လွန်စွာ မွေ့လျော်သည်ဖြစ်သတတ်၊ ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ထိုရဟန်း၏ ဂုဏ်ကျေးဇူးနှင့် စပ်သော စကားကို ပြောဆိုကြကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ထိုရဟန်းကို ခေါ်စေတော်မူ၍ ရဟန်း သင်သည် လှူဒါန်းပေးကမ်းခြင်း၌ အလွန်အလိုရှိသတတ်ဟု ငါကြားရသည် မှန်သလောဟု မေးတော်မူ၍ အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ရှေး၌ ဤရဟန်းသည် သဒ္ဓါခြင်းမရှိသည် အလှူခံတို့ကို မြင်၍ ကြည်ညိုခြင်းမရှိသည် ဖြစ်၏၊ မြက်ဖျားဖြင့် ဆီပေါက်မျှကိုလည်း ထုတ်၍ တစ်စုံတစ်ယောက်သောသူအား မပေး၊ ထိုအခါ ထိုသူကြွယ်ကို ငါသည်ဆုံးမ၍ ငါမှတစ်ပါး မှီဝဲရာမရှိသည်ကို ပြု၍ အလှူ၏ အကျိုး၌ တည်စေ၏၊ ထို့ကြောင့် အလှူကို လှူလိုသော စိတ်ကို ဘဝတစ်ပါး၌ မစွန့်ဟု မိန့်တော်မူ၍ ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် သူဌေးမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ဥစ္စာကို ဖြစ်စေ၍ အဘလွန်သဖြင့် သူဌေးအရာကို ရ၍ တစ်နေ့သ၌ ဥစ္စာတိုက်ကို ကြည့်လျှင် ဥစ္စာသည်သာလျှင် ထင်၏၊ ထိုဥစ္စာတို့ကို ဆည်းပူးသော သူတို့သည် မထင်ကုန်၊ ဤဥစ္စာတို့ကို စွန့်ကြဲ၍ အလှူကြီးကို ပေးခြင်းငှါ သင့်၏ဟု နှလုံးသွင်း၍ အလှူတင်းကုပ်ကို ဆောက်စေ၍ အသက်ထက်ဆုံး အလှူကြီးကို ဖြစ်စေ၍ အသက်၏အဆုံး၌ ဤအလှူဝတ်ကို မပြတ်လင့်ဟု သားအား အဆုံးအမကို ပေး၍ တာဝတိံသာနတ်ပြည်၌ သိကြားမင်း ဖြစ်၏၊ ထိုဘုရားလောင်း၏ သားသည်လည်း ထိုအတူလျှင် ဒါနဝတ္တကို လှူ၍ သားကို ဆုံးမ၍ အသက်၏ အဆုံး၌ စန္ဒနတ်သား၏ အဖြစ်ဖြင့် ဖြစ်၏၊ ထိုသူဌေးသားသည် သူရိယနတ်သား၏ အဖြစ်ဖြင့် ဖြစ်၏၊ ထိုသူဌေး၏ သားသည်လည်း ချီးမြှောက်တတ်သော မာတလိနတ်သား၏ အဖြစ်ဖြင့် ဖြစ်၏။

ထိုသူဌေး၏ သားသည် ဂန္ဓဗ္ဗနတ်မင်း၏ သားဖြစ်သော ပဉ္စသိခနတ်သား၏ အဖြစ်ဖြင့်ဖြစ်၏၊ ခြောက်ယောက်မြောက်ဖြစ်သော သားသည်ကား သဒ္ဓါခြင်းမရှိ၊ ခက်ထန်သော စိတ်ရှိသည်၊ အလှူခံတို့အား ချစ်ခြင်းမရှိသည်၊ ဝန်တိုခြင်းရှိသည် ဖြစ်၏။ အလှူတန်းကုပ်ကို ဖျက်ဆီးပြီးလျှင် မီးတိုက်၍ အလှူခံတို့ကို ပုတ်ခတ်ပုတ်နှက်၍ နှင်ထုတ်စေ၏၊ တစ်စုံတစ်ယောက်သောသူအား မြက်ဖျားဖြင့် ထုတ်၍ ဆီဒေပါက်မျှကိုလည်း မပေး၊ ထိုအခါ စတုမဟာရာဇ်, တာဝတိံသာနတ်တို့၏ မင်းဖြစ်သော သိကြားမင်းသည် မိမိ ရေးကောင်းမှုကံကို ပညာမျက်စိဖြင့် ကြည့်၍ ငါ၏ အလှူဝတ်မည်သည် ဖြစ်၏လော, မဖြစ်၏လောဟု စူးစမ်းခြင်းသည်ရှိသော် ငါ၏သားသည် အလှူကို ဖြစ်စေ၍ စန္ဒနတ်သားဖြစ်၏၊ ထိုသူ၏သားသည် သူရိယနတ်သားဖြစ်၏၊ ထိုသူ၏ သားသည် မာတလိနတ်သား ဖြစ်၏၊ ထိုသူ၏ သားသည် ဂန္ဓဗ္ဗနတ်မင်း၏ နတ်သားဖြစ်သော ပဉ္စသိခနတ်သား ဖြစ်၏၊ ခြောက်ယောက်မြောက်သောသူသည်ကား ထိုအနွယ်ကို ဖြတ်၏ဟု မြင်၏၊ ထိုအခါ သိကြားမင်းအား ဤသို့သော အကြံသည် ဖြစ်၏၊ ဤယုတ်မာသော သူကို ဆုံးမ၍ အလှူဒါန၏အကျိုးကို သိစေပြီးလျှင် လာအံ့ဟု အကြံသည် ဖြစ်၏၊ ကြံပြီး၍ ထိုသိကြားမင်းသည် စန္ဒနတ်သား, သူရိယနတ်သား မာတလိနတ်သား, ပဉ္စသိခနတ်သားတို့ကို ခေါ်စေ၍ အမောင်နတ်သားတို့ ငါတို့၏ အနွယ်၌ ခြောက်ယောက်မြောက်ဖြစ်သော သူသည် မိဘ ဘိုးဘေးတို့၏ လှူမြဲအစဉ်ကို ဖြတ်၍ အလှူတင်းကုပ်ကို မီးတိုက်၍ အလှူခံတို့ကို ရိုက်ပုတ်နှင်ထုတ်၏၊ တစ်စုံတစ်ယောက်သော သူအား တစ်စုံတစ်ခုသော ဥစ္စာကို မပေး၊ လာကြကုန်၊ ထိုသူကို ဆုံးမကုန်အံ့ ဟု ထိုနတ်သားလေးယောက်တို့နှင့်တကွ ဗာရာဏသီသို့ သွား၏၊ ထိုခဏ၌ သူဌေးသည် မင်းအား ခစားခြင်းငှာ သွား၍ ခုနစ်ခုမြောက်ဖြစ်သော တံခါးမုခ်၌ ခရီးမကို ကြည့်လျက် စင်္ကြံ သွား၏။

သိကြားမင်းသည် သင်တို့ကား ငါဝင်ပြီးသောကာလ၌ နောက်မှ အစဉ်အတိုင်း လာခဲ့ကြကုန်ဟုဆို၍ သွားလေ၍ သူဌေး၏ အထံ၌ ရပ်ပြီးလျှင် အို...သူဌေးကြီး ငါ့အား ထမင်းကို ပေးလော့ ဟုဆို၏၊ ပုဏ္ဏား ဤအိမ်၌သင့်အား ပေးအပ်သော ထမင်းသည်မရှိ၊ တစ်ပါးသောအိမ်သို့ သွားလေကုန် ဟုဆို၏၊ အိုသူဌေးကြီး ပုဏ္ဏားတို့သည် ထမင်းကို တောင်းကုန်သည်ရှိသော် ပေးခြင်းငှါ မရသည်ကားမဟုတ် ရသည်သာလျှင်သတည်းဟု ဆိုလတ်သော် ပုဏ္ဏား ငါ့အိမ်၌ ချက်ပြုံးသော ထမင်းသည်လည်းကောင်း, ချက်လတ္တံ့သော ထမင်းသည်လည်းကောင်း မရှိ၊ တစ်ပါးအိမ်သို့ သွားလေလော့ဟုဆို၏၊ သူဌေးကြီးသူဌေးကြီးအား တစ်စုံတစ်ခုသော ချီးမွမ်းခြင်းနှင့်စပ်သော ဂါထာကို ဟောအံ့၊ ထိုဂါထာကို နာလော့ဟု ဆို၏၊ ငါ့အား သင်၏ဂါထာဖြင့် အလိုမရှိ၊ ဤငါ့အိမ်၌ မရပ်လင့်ဟု

ဆို၏၊ သိကြားမင်းသည်လည်း ထိုသူဋ္ဌေးကြီး၏ စကားကို မကြားသကဲ့သို့ ဤဂါထာတို့ကို ဆို၏---

၁၂၅။ အပစန္တာပိ ဒိစ္ဆန္တိ၊ သန္တော လဒ္ဓါန ဘောဇနံ။
ကိမေဝ တွံ ပစမာနော၊ ယံ န ဒဇ္ဇာ န တံ သမံ။

၁၂၆။ မစ္ဆေရာ စ ပမာဒါ စ၊ ဧဝံ ဒါနံ န ဒိယျတိ။
ပုညံ အာကင်္ခမာနေန၊ ဒေယျံ ဟောတိ ဝိဇာနတာ။

သူဋ္ဌေးကြီး သူတော်ကောင်းတို့သည် မချက်ရကုန်သော်လည်း ဆွမ်းခံဝတ်ဖြင့် ရအပ်သောထမင်းကို လှူခြင်းငှာ အလိုရှိကုန်၏။ သင်သည် ချက်ရပါလျက် အဘယ်ကြောင့်လျှင် ဒါနဝတ္တုကို မလှူခြင်းသည် မလျှောက်ပတ်။

သူဋ္ဌေးကြီး ထိုအလှူမည်သည်ကို ဝန်တိုခြင်းကြောင့် လည်းကောင်း၊ မေ့လျော့ခြင်းကြောင့် လည်းကောင်း ဤနှစ်ပါးသော အကုသိုလ်တရားတို့ကြောင့် မလှူ၊ ကောင်းမှုအကျိုးဟု တောင့်တသော ပညာရှိသည် လှူအပ်သည်သာလျှင် ဖြစ်၏။

ထိုသူဋ္ဌေးကြီးသည် သိကြားမင်း၏ စကားကို ကြား၍ ထိုသို့ဘပြီးကား အိမ်သို့ဝင်၍နေလော့၊ အနည်းငယ်သော ထမင်းကို ရလတ္တံ့ဟုဆို၏၊ သိကြားမင်းသည် အိမ်သို့ဝင်၍ ဆိုနှစ်ဂါထာတို့ကို သရဇ္ဈာယ်သကဲ့ နေ၏၊ ထိုနောင်မှ သူဋ္ဌေးကို စန္ဒနတ်သားသည် လာ၍ ထမင်းကို တောင်း၏၊ သင့်ဖို့ ထမင်းမရှိ၊ သွားလော့ဟုဆိုသော်လည်း သူဋ္ဌေးကြီး၏ အိမ်တွင်း၌ ပုဏ္ဏားတစ်ယောက်သည် နေ၏၊ ပုဏ္ဏားတို့အား ဆွမ်းကျွေးလတ္တံ့ယောင်တကားဟု ဆို၍ ဤဂါထာတို့ကိုဆို၏---

၁၂၇။ ယဿေဝ ဘီတော န ဒဒါတိ မစ္ဆရီ၊ တဒေဝါ'ဒဒတော ဘယံ။
ဇိဃစ္ဆာ စ ပိပါသာ စ၊ ယဿ ဘာယတိ မစ္ဆရီ။
တမေဝ ဗာလံ ဖုသတိ၊ အသ္မိံ လောကေ ပရမှိ စ။

၁၂၈။ တသ္မာ ဝိနေယျ မစ္ဆေရံ၊ ဒဇ္ဇာ ဒါနံ မလာဘိဘူ၊
ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။

သူဋ္ဌေးကြီး ဝန်တိုနှမြောသောသူသည် ငတ်မွတ်မည်ကို ကြောက်၍ မလှူ၊ ငတ်မွတ်ခြင်း၊ ဆာလောင်ခြင်း ဤဘေးနှစ်မျိုးသည်ပင် မလှူသောသူကို နှိပ်စက်၏၊ ငတ်မွတ်မည်မှကြောက်သော ဘေးသည်ပင်လျှင် ဤဘဝ၌လည်းကောင်း နောက်ဘဝ၌ လည်းကောင်း ဝန်တို မစ္ဆေရမောဟ နှိပ်စက်သော သူမိုက်ကို ပြန်၍ နှိပ်စက်၏။

ငါးထွေါးဆယ် (တ) ၃၃---ပ·မ·သ·စ

ထိုကြောင့် ဝန်တိုလောဘမစ္ဆေရကိုဖျောက်၍ မစွဲရစသောအညစ်အကြေး ကို နှိမ်နင်းလျက် ဒ.လှူကို လှူရာ၏၊ ဒါန သီလစသော ကောင်းမှုတို့သည် တမလွန်လောက အဆက်ဆက်၌ အလှူဒါနနှင့် ပြည့်စုံသော သတ္တဝါတို့၏ တည်ရာတို့ ဖြစ်ကုန်၏။

ထိုစန္ဒနတ်သား၏ စကားကိုလည်း ကြား၍ ထိုသို့တပြီးကား အိမ်သို့ဝင်၍ နေလေ့၊ အနည်းငယ်သော ထမင်းကို ရလတ္တံ့ ဟု ဆို၏၊ ထိုစန္ဒနတ်သားသည် လည်း ဝင်၍ သကြားမင်းအထံ၌နေ၏၊ ထိုနောင်မှ အတန်ငယ်သော ကာလကို လွန်စေ၍ သူရိယနတ်သားသည် လာလတ်၍ ထမင်းကို တောင်းလိုရကား ဤဂါထာတို့ကို ဆို၏—

၁၂၉။ ဒဒ္ဒံ ဒဒမာနာနံ၊ ဒုက္ကရံ ကမ္မ ကုဗ္ဗတံ။
အသန္တော နာနု ကုဗ္ဗန္တိ၊ သတံ ဓမ္မော ဒုရန္နယော။

၁၃၀။ တသ္မာ သတဉ္စ အသတံ၊ နာနာ ဟောတိ ဣတော ဂတိ။
အသန္တော နိရယံ ယန္တိ၊ သန္တော သဂ္ဂပရာယဏာ။

သူဌေးကြီး သူတော်မဟုတ် သူယုတ်တို့သည် လှူနိုင်ခဲသော အလှူ ဒါနကို လှူကုန်သော ပြုနိုင်ခဲသော အလှူဒါနကောင်းမှုကို ပြုကုန်သော ထိုသူတော်ကောင်းတို့သို့ အတုလိုက်၍ မပြုကုန်၊ သူတော်ကောင်း တို့၏ အကျင့်ကို သူယုတ်တို့သည်လိုက်နိုင်ခဲ၏။

ထိုသူတော်ကောင်းတို့၏ အကျင့်သို့ လိုက်နိုင်ခဲသောကြောင့် ဤပစ္စုပ္ပန် ဘဝမှ သူတော်ကောင်းတို့၏ လားရာဘဝ သည်လည်းကောင်း၊ သူတော်မဟုတ် သူယုတ်တို့၏ လားရာဘဝသည်လည်းကောင်း ထူးကြ၏။ဝန်တိုလောဘမစ္ဆေရ ကြောင့် အလှူဒါနမရှိသော သူယုတ်တို့သည် ချမ်းသာကင်းသော ငရဲသို့ လားရကုန်၏။ဝန်တိုလောဘ မစ္ဆေရကို နှိပ်နင်း၍ အလှူဒါနရှိသော သူတော် ကောင်းတို့သည် နတ်ပြည်သို့ လားရကုန်၏။

သူဌေးကြီးသည် စွဲလမ်းအပ်သော အယူကို မမြင်သည်ဖြစ်၍ ထိုသို့တပြီးကား ဝင်၍ ပဉ္စာ တို့၏ အထံ၌ နေလေ့၊ အနည်းငယ်သော ထမင်းကိုရလတ္တံ့ဟု ဆို၏၊ ထိုနောင်မှ အတန်ငယ်သော ကာလကို လွန်စေ၍ မာတလိနတ်သား သည် လာလတ်၍ ထမင်းကို တောင်းလျှင် မရှိဟူ၍ဆိုကာမျှ သော ကာလ၌ သာလျှင် ဤဂါထာကို ဆို၏—

၁၃၁။ အပ္ပသ္မေကေ ပဝေစ္ဆန္တိ၊ ဗဟုနေကေ န ဒိစ္ဆရေ။
အပ္ပသ္မာ ဒက္ခိဏာ ဒိန္နာ၊ သဟဿေန သမံ မိတာ။

သူဌေးကြီး အချို့ကုန်သော ပညာရှိတို့သည် အနည်းငယ်သော ဒါနဝတ္ထုကိုသော်လည်း လှူကုန်သည်သာတည်း။ အချို့ကုန်သော မစ္ဆေရ ရှိကုန်သော သူတို့သည် များစွာသောလှူဖွယ်ဝတ္ထုနှင့် ပြည့်စုံပါကုန်လျက်လည်း မလှူကုန်။ ကံ ကံ၏အကျိုးကို ယုံကြည်၍ လှူအပ်သော အနည်းငယ်မျှသော အလှူဒါနမည်သည်ကို တစ်ထောင်သော အသပြာကို စွန့်၍ လှူအပ်သော အလှူဒါနနှင့် အတူအမျှ နှိုင်းယှဉ်အပ်၏။

ထိုမာတလိနတ်သားကိုလည်း သူဌေးကြီးသည် ထိုသို့တပြီးကား ဝင်၍ နေလေ့ဟု ဆို၏၊ ထိုနေ့ာင်မှ အတန်ငယ်သော ကာလကို လွန်စေ၍ ပဉ္စသိခ နတ်သားသည် လာလတ်၍ ထမင်းကိုတောင်းလျှင် မရှိ၊ သွားလေလော့ဟု ဆိုသည်ရှိသော် ငါသည် မရောက်ဘူးပါ၊ ဤအိမ်၌ ပုဏ္ဏားတို့အား ဆွမ်းကျွေး သည်ဖြစ်လတ္တံ့ ယောင်တကားဟု ဆို၍ ထိုသူဌေးကြီးအား တရားစကားကို အားထုတ်လိုရကား ဤဂါထာကိုဆို၏—

၁၃၂။ ဓမ္မံစရေ ယောပိ သမုဉ္ဆကံ စရေ၊
ဒါရဉ္စ ပေါသံ ဒဒမပ္ပကသ္မိံ။
သတံသဟဿာနံ သဟဿယာဂီနံ။
ကလမ္ပိ နာ ဂ္ဃန္တိ တထာဝိဓဿ တေ သို့၊

သူဌေးကြီး သူတပါးတို့ကို နှိပ်စက် ညှင်းဆဲ၍ ရအပ်သော တစ်ထောင် တစ်ထောင်သော ဥစ္စာကို စွန့်လှူကုန်သော တစ်သိန်းသောသူတို့၏ လှူဒါန်း ပူဇော်ခြင်းတို့သည် သုစရိုက် ၁၀-ပါးတရားကိုကျင့်သူ, ရှာ၍အစိမ်းအကျက်ကို တရားနှင့်အညီ ရှာမှီးခြင်း တည်းဟူသော ဆွမ်းခံအကျင့်—တော၌ သစ်သီး ကြီးငယ်ကို ဆောင်ခြင်းဟုဆိုအပ်သော ဆွမ်းခံအကျင့်ကို ကျင့်သောရဟန်း မိမိသားမယားကို ကျွေးမွေးလျက်လျှင် လှူဖွယ်ဝတ္ထု နည်းပါးသော်လည်း အလှူခံတို့အား လှူလျက် တရားကိုကျင့်သူတို့၏ တရားနှင့် အညီရသော ဥစ္စာကို လှူသောသူဆင်းရဲအလှူ၏ တဆယ့်ခြောက်စိတ် စိတ်၍တစ်စိတ်ကိုမျှ လည်း မထိုက်ကုန်။

သူဌေးကြီးသည် ပဉ္စသိခနတ်သား၏ စကားကို မှတ်၍ ထိုအခါ ပဉ္စသိခ နတ်သားကို မထိုက်သောအကြောင်းကို မေးလိုရကား ဤဂါထာကိုဆို၏—

၁၃၃။ ကေနေ'သ ယညော ဝိပုလော မဟဂ္ဃတော၊
သမေန ဒိန္နဿ န အဂ္ဃ-မေတိ။
ကထံ သတံ သဟဿာနံ သဟဿယာဂီနံ၊
ကလမ္ပိ နာဂ္ဃန္တိ တထာဝိဓဿ တေ။

ပုဏ္ဏား တစ်သိန်းသော ဥစ္စာကို စွန့်ခြင်း၏ အစွမ်းဖြင့် များသော အကျိုးရှိကောင်းပါလျက် အဖိုးများစွာ ထိုက်ကောင်းပါလျက် ဤတစ်သိန်း ထိုက်သော အသပြာကိုစွန့်ကြဲသော အလှူဒါနသည် အဘယ်အကြောင်းဖြင့် တရားနှင့်ညီစွာရ၍ လှူအပ်သော အနည်းငယ်သော အလှူ၏အဖိုးကို မထိုက် သနည်း။ ပုဏ္ဏား သူတစ်ပါးတို့ကို နှိပ်စက်ညှဉ်းဆဲ၍ ရအပ်သော တစ်ထောင် တစ်ထောင်သော ဥစ္စာကို စွန့်လှူကုန်သော တစ်သိန်းအရေအတွက်ရှိကုန်သော ယောကျ်ားတို့၏ ယုံအလှူတို့သည် ထိုသို့ သဘောရှိသော လူဆင်းရဲတစ်ယောက် အလှူ၏ အလှူကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမျှလည်း အဘယ်သို့ သော အကြောင်းဖြင့် မထိုက်ကုန်သနည်း။

ထိုသို့မေးသောအခါ၌ သူဌေးကြီးအား ပြောဆိုလိုသော ပဉ္စသိခနတ်သား သည် ဤဂါထာကို ဆို၏–

၁၃၄။ ဒဒန္တိ ဟေကေ ဝိသမေ နိဝိဋ္ဌာ၊
ဆေတွာ ဝဓိတွာ အထ သောစယိတွာ၊
သာ ဒက္ခိဏာ အဿုမုခါ သဒဏ္ဍာ၊
သမေန ဒိန္နဿ န အဂ္ဃမေတိ။
ဝေံ သတံ သဟဿာနံ သဟဿယာဂိနံ၊
ကလမ္ပိ နာဂ္ဃန္တိ တထာဝိဓဿ တေ။

သူဌေးကြီး မညီမညွတ်သော ကာယကံ စသည်၌ တည်ကုန်သော အချို့ ကုန်သော သူတို့သည် သူတစ်ပါးကို ပင်ပန်းစေ၍ သူတစ်ပါးကိုသတ်၍ ထိုမှ တစ်ပါး သူတစ်ပါးတို့ကို စိုးရိမ်စေ၍ လှူကုန်သည်သင်လျှင်တည်း။ သူတစ်ပါး တို့ကို မျက်ရည်ယိုစေတတ်သော သူတစ်ပါးတို့ကို ဥစ္စာဒဏ် လက်နက်ဒဏ် ပေးခြင်းနှင့်တကွဖြစ်သော ထိုသို့တရားနှင့်မညီသော အလှူသည် တရားနှင့် ညီစွာရ၍ လှူအပ်သော အနည်းငယ်သော အလှူဒါန၏ အဖိုးကို မမှီနိုင်။ သူဌေးကြီး ဤသို့လျှင် သူတစ်ပါးတို့ကို နှိပ်စက်ညှဉ်းဆဲ၍ ရအပ်သော တစ်ထောင် တစ်ထောင်သော ဥစ္စာကို စွန့်လှူကုန်သော တစ်သိန်းသော ယောကျ်ားတို့၏ ထိုအလှူဒါနတို့သည် ထိုသို့ သဘောရှိသော လူဆင်းရဲ တစ်ယောက်အလှူ၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမျှလည်း မထိုက် ကုန်။

ထိုသူဌေးကြီးသည် ပဉ္စသိခ နတ်သား၏ တရားစကားကို ကြား၍ ထိုသို့ တပြီးကား သွားချေ၊ အိမ်သို့ ဝင်၍ နေလော့၊ အနည်းငယ်သော ထမင်းကို ရလတ္တံ့ဟုဆို၏၊ ထိုပဉ္စသိခ နတ်သားသည်လည်း ထိုလေးယောက်သော နတ် တို့၏ အထံ၌ နေ၏၊ နောင်မှ ကြောင်မျက်စိကဲ့သို့ မျက်စိရှိသောကြောင့် ဗိဠာရ ကောသိယ မည်သော ထိုသူဌေးသည် ကျွန်မကို ဆို၏၊ အိမ်ကျွန်မ

ထိုပုဏ္ဏားတို့အား တစ်ကွမ်းစားသော စပါးနှံကို ပေးလိုက်ပါလော ဟု ဆို၏၊ ထိုကျွန်မသည် မနင်းမနယ်သော စပါးနှံ တစ်ကွမ်းစားကို ယူပြီးလျှင် ပုဏ္ဏားတို့သို့ ကပ်၍ ဤစပါး တစ်ကွမ်းစားတို့ကို ယူ၍ အမှတ်မရှိသော အရပ်၌ ချက်စေ၍ စားလေကုန်လော့ဟု ဆို၏၊ ပုဏ္ဏားတို့သည် ငါတို့အား စပါးနှံကို အလိုမရှိ၊ ငါတို့သည် စပါးကို မသုံးသပ်ကုန်ဟုဆိုကုန်၏၊ ထိုစကားကို ကြား၍ ကျွန်မသည် "အရှင်သူဌေးကြီး ထိုပုဏ္ဏားတို့သည် စပါးတို့ကို မကိုင်ကုန်သတတ်ဟု ဆို၏၊ ထိုသို့တပြီးကား ထိုပုဏ္ဏားတို့အား ဆန်တို့ကို ပေးလော့ဟု ဆို၏၊ ထိုကျွန်မသည် ဆန်တို့ကို ယူသွားပြီးလျှင် အရှင်ပုဏ္ဏားတို့ ထိုဆန်တို့ကို ယူကုန်လော့ဟု ဆို၏၊ ငါတို့သည် ဆန်စိမ်းကို မခံကုန်ဟု ဆိုကုန်၏၊ အရှင်သူဌေးကြီး ဆန်စိမ်းကို မခံကုန်သတတ်ဟုဆို၏၊ အိမ်ကျွန်မ ထိုသို့ ဆန်စိမ်းကို မယူမူ ထိုပုဏ္ဏားတို့အား နွားစာအလို့ငှါ ချက်သော ထမင်းကို ထမင်းပွဲ၌ ခူး၍ ပေးလော့ဟု ဆို၏၊ ထိုကျွန်မသည် ထိုပုဏ္ဏားယောင် ဆောင်သော ငါးယောက်သော သိကြားနတ်တို့အား နွားအပေါင်းတို့၏ အကျိုးငှါချက်အပ်သောထမင်းကို ထမင်းပွဲ၌ခူးပြီးလျှင် ဆောင်၍ပေး၏၊ ငါးယောက်ကုန်သော ပုဏ္ဏားယောင်ဆောင်သော နတ်တို့သည် အလုပ်အလွေ့ပြု၍ ခံတွင်း၌ထည့်၍ လည်၌ နင်စေ၍ မျက်လုံးတို့ကို ပြူးပြူးထွက်စေလျက် မိန်းမောကုန်သည်ဖြစ်၍ သေကုန်သကဲ့သို့ လျောင်းကုန်၏။

ကျွန်မသည် ထိုပုဏ္ဏားတို့ကိုမြင်၍ သေသည်ဖြစ်ကုန်လတ္တံ့ဟု ကြောက်သည်ဖြစ်၍ သွား၍ သူဌေးကြီးအား အရှင်သူဌေး ပုဏ္ဏားတို့သည် နွားစာထမင်းကို မျိုခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ သေကုန်၏ဟု ကြားလျှောက်ကုန်၏၊ ထိုသူဌေးကြီးသည် ယခုအခါ၌ ယုတ်မာသော အကျင့်ရှိသော သူဌေးသည် သိမ်မွေ့နူးညံ့ကုန်သော ပုဏ္ဏားတို့အား နွားစာထမင်းကို ပေးစေ၏၊ ထိုပုဏ္ဏားတို့သည် ထိုနွားစာထမင်းကို မမျိုနိုင်ကုန်သည် ဖြစ်၍ သေကုန်ပြီဟု ငါ့ကိုကဲ့ရဲ့ကုန်လတ္တံ့ဟု ကြံ၏၊ ထိုသို့ ကြံပြီးသည်မှ ကျွန်မကို အိမ်ကျွန်မ လျင်မြန်စွာသွား၍ ထိုထမင်းပွဲတို့၌ နွားစာထမင်းကိုပယ်၍ အထူးထူးသော မြတ်သော အရသာ ရှိသော သလေးထမင်းကို ခူး၍ ထည့်ချေလော့ဟု ဆို၏၊ ထိုကျွန်မသည် သူဌေးကြီးဆိုတိုင်းပြု၏၊ သူဌေးကြီးသည် ခရီးမ၌သွားကုန်သော လူအပေါင်းတို့ကို ခေါ်စေ၍ အချင်းတို့ ငါသည် ငါစားသောနည်းဖြင့် ထိုပုဏ္ဏားတို့အား မြတ်သော အရသာ ရှိသော သလေးထမင်းကို ပေးစေ၏။

ထိုပုဏ္ဏားတို့သည် လောဘကြီးသောကြောင့် ကြီးစွာသော ထမင်းလုတ်ကို ပြု၍ စားကြကုန်သည်ဖြစ်၍ လည်၌နင်၍ သေရကုန်၏၊ ငါ့အားအပြစ်မရှိသော အဖြစ်ကို သိကြပါကုန်လော့ဟုဆို၍ ပရိသတ်ကို စည်းဝေးစေ၏၊ လူများ

အပေါင်းသည် စည်းဝေးကုန်သည် ရှိသော် ပုဏ္ဏားတို့သည် ထကုန်ပြီးလျှင် လူအပေါင်းကိုကြည့်၍ အိုလူများတို့ သူဌေး၏ မဟုတ် မမှန်သော စကားကို ရှုကြပါကုန်လော့၊ ငါစားသော ထမင်းကို ပေးစေ၏ဟူ၍ မှသား ဆိုဘိ၏၊ ရှေးဦးစွာ နွားစာထမင်းကို ငါတို့အား ပေးပြီး၍ ငါတို့သည် သေကုန်သကဲ့သို့ လျောင်းသည်ရှိသော် ဤသလေးထမင်းကို ခူး၍ ထည့်လာစေ၏ဟုဆို၍ မိမိတို့၏ ခံတွင်းတို့ဖြင့် အန်သောထမင်းကို မြေ၌ ထွေး၍ ပြကုန်၏၊ လူအပေါင်းသည် သူဌေးကိုကဲ့ရဲ့၍ သူဌေးမိုက် သင်သည် မိမိ၏ အဘ၊ အဘိုး၊ အဘေးအစရှိသော သူတို့၏ လျှုမြဲအစဉ် အမျိုးအနွယ်ကိုလည်း ဖျက်ဆီး၏၊ အလှူတင်းကုပ်ကို မီးတိုက်စေ၏၊ အလှူခံတို့ကိုလည်း လည်ပင်းကိုင်၍ နှင်ထုတ်စေပြီး၍ ယခုလည်း ဤသိမ်မွေ့နူးညံ့သော ပုဏ္ဏားတို့အား ကမင်းကိုပေးသည်ရှိသော် နွားစာထမင်းကို ပေးစေ၏၊ တမလွန်သို့ သွားရသည်ရှိသော် သင့်အိမ်၌ရှိသော ဥစ္စာစည်းစိမ်ကို လည်၌ဆွဲ၍ သွားရလတ္တံ့လောဟု ကဲ့ရဲ့ကုန်၏။

ထိုခဏ၌ သိကြားမင်းသည် လူအပေါင်းကို အိုလူအပေါင်းတို့ ဤအိမ်၌ ရှိသမျှသောဥစ္စာသည် အဘယ်သူ၏ဥစ္စာနည်း၊ သင်တို့သည် သိကုန်၏လောဟု မေး၏၊ မသိပါကုန်ဟု ဆိုသည်ရှိသော် ချင်းတို့ ဤမြို့၌ ဤမည်သော မင်းလက်ထက် ဗာရာဏသီပြည်၌ မဟာသူဌေးကြီးအမည်ရှိသော သူဌေးကြီးသည် အလှူတင်းကုပ်ကိုဆောက်လုပ်၍ အလှူကြီးကိုဖြစ်စေ၏ဟူ၍ သင်တို့သည် ကြားဖူးကြကုန်သလောဟု မေး၏၊ ကြားဖူးပါကုန်၏ဟု ဆိုသည်ရှိသော် ထိုအလှူကြီးကိုပေးသော သူဌေးသည် ငါပင်တည်း၊ ထိုသို့သော အလှူကိုလှူ၍ သိကြားမင်းဖြစ်၍ ငါ၏သားသည်လည်း ထိုအနွယ်ကိုမဖျက်မူ၍ အလှူပေး၍ လျှင် စန္ဒနတ်သား ဖြစ်၏၊ ထိုသူ၏သားသည်လည်း သူရိယနတ်သားဖြစ်၏၊ ထိုသူ၏သားသည်လည်း မာတလိနတ်သား ဖြစ်၏၊ ထိုသူ၏ သားသည်လည်း ဂန္ဓဗ္ဗနတ်မင်း၏သားဖြစ်သော ပဉ္စသိခနတ်သားဖြစ်၏၊ ဤသူကား စန္ဒနတ်သား၊ ဤသူကား သူရိယနတ်သား၊ ဤသူကား ချီးမြှောက်တတ်သော မာတလိနတ်သား၊ ဤသူကား ဤသူဌေးသူယုတ်၏ အဘဖြစ်သော ဂန္ဓဗ္ဗနတ်မင်း၏ သားဖြစ်သော ပဉ္စသိခ နတ်သားတည်း။

ဤသို့လျှင် အလှူဒါနမည်သည်ကား များစွာသော အကျိုးအာနိသင်ရှိ၏၊ ပညာရှိသော သူတို့သည် ကောင်းကျိုးချမ်းသာကိုပေးတတ်သော ဒါန သီလ အစရှိသော ကုသိုလ်ကို ပြုအပ်သည်သာလျှင်တည်းဟုဆိုလျက် လူအပေါင်း၏ ယုံမှားသက်ာကို ဖျောက်ခြင်းငှါ ကောင်းကင်သို့ ပျံတက်၍ ကြီးစွာသော နတ်၏ အာနုဘော်ဖြင့် ကောင်းကင်၌ ထွန်းတောက်ပသော ကိုယ်ရောင်ကိုယ်ဝါ ရှိသည်ဖြစ်၍ တည်ကုန်၏၊ မြို့အလုံးသည် ထွန်းတောက်ပသကဲ့သို့ ဖြစ်၏၊

သိကြားမင်းသည့် လူအပေါင်းကို ခေါ်၍ ငါတို့သည် မိမိတို့၏ နတ်စည်းစိမ်ကို စွန့်၍ လာကုန်သည်ရှိသော် အမျိုးအနွယ်ကို ဖျက်ဆီးတတ်သော ဤဗိဠာရကောသိယ သူဌေးယုတ်ကို မှီ၍ လာကုန်၏၊ ဤယုတ်မာသော အကျင့်ရှိသော သူဌေးသည် မိမိ၏အမျိုးအနွယ်ကိုဖျက်ဆီး၍ အလှူတင်းကုပ်ကို မီးတိုက်ပြီးလျှင် အလှူခံတို့ကိုလည်း လည်၌ကိုင်၍ နှင်ထုတ်စေလျက် ငါတို့၏ အနွယ်ကို ဖြတ်၍ ဤသူဌေးယုတ်သည် ဒါန သီလ ဟူသော ကောင်းမှုမကင်းသည်ဖြစ်၍ ငရဲ၌ ဖြစ်ရာ၏ ဟူ၍ ဤသူဌေးယုတ်အား သနားကုန်သည်ဖြစ်၍ လာကုန်၏ဟု ဆို၍ အလှူဒါန၏ အကျိုးဆက်ကိုပြလျက် လူအပေါင်းအား တရားကိုဟော၏။

ဗိဠာရ ကောသိယသူဌေးသည်လည်း ဦးခေါင်းထက်၌ လက်အုပ်ကိုထား၍ အရှင်သိကြားမင်း အကျွန်ုပ်သည် ဤနေ့မှစ၍ ရှေးရှေးဖြစ်သော ဆွေစဉ် မျိုးဆက်ကို မဖျက်မူ၍ အလှူကို ဖြစ်ပါစေအံ့၊ ယနေ့ကိုအစပြု၍ အယုတ်သဖြင့် ရေဒန်ပူမျှကိုလည်း အစပြု၍ မိမိသည် ရအပ်သောအာဟာရကို သူတစ်ပါးအား မပေးမလှူမူ၍ မစားပါအံ့ဟု သိကြားမင်းအား ဝန်ခံခြင်းကို ပေး၏၊ သိကြားမင်းသည် ထိုဗိဠာရကောသိယသူဌေးကို ဆုံးမ၍ ဥစ္စာ၌ မက်မောတတ်သော လောဘ ဟူသော အဆိပ်မရှိသည်ကို ပြု၍ ငါးပါးသော သီလတို့၌ တည်စေပြီးလျှင် လေးယောက်ကုန်သော နတ်သားတို့ကို ယူ၍ မိမိနေရာ တာဝတိံသာ နတ်ရွာသို့သာလျှင် သွား၏၊ ထို ဗိဠာရ ကောသိယသူဌေးသည်လည်း အသက်ထက်ဆုံး အလှူပေး၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ဤသို့လျှင် ဤရဟန်းသည် ရှေးဗိဠာရကောသိယ သူဌေးဖြစ်သော အခါ၌ သဒ္ဓါခြင်း မရှိသည် ဖြစ်၏၊ တစ်စုံတစ်ခုသော ဥစ္စာကို မပေးမလှူ၊ ထိုသို့ မပေးမလှူသော်လည်း သိကြားမင်းဖြစ်သော ငါသည် ထိုသူဌေးကို ဆုံးမပြီး အလှူ၏ အကျိုးကို သိစေ၏၊ ထိုလှူလိုသောစိတ်ကို ဘဝတစ်ပါးသို့ ရောက်သော်လည်း မစွန့်ဟု မိန့်တော်မူ၍ ရဟန်းတို့ ယခု အလှူပေးလေ့ရှိသော ဤရဟန်းသည် ထိုအခါ ဗိဠာရကောသိယသူဌေးဖြစ်ဖူးပြီ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ စန္ဒနတ်သား ဖြစ်ဖူးပြီ၊ ယခုအခါ မောဂ္ဂလ္လာန်သည် ထိုအခါ သူရိယနတ်သား ဖြစ်ဖူးပြီ၊ ယခုအခါ ကဿပသည် ထိုအခါ မာတလိနတ်သား ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ပဉ္စသိခနတ်သား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကရားဥစ္စာ၊ လှူဒါန်းရာ၊ များစွာအကျိုးလာ)

လေးရာငါးဆယ်ခုမြောက်သော ဗိဠာရကောသိယဇာတ်သည် ပြီး၏။

## ၄၅၁-စက္ကဝါကဇာတ်

### အာဟာရ၌ လွန်စွာ မက်မောခြင်းသည် ယုတ်မာခြင်း အဆီစား အသားမဖြစ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ဝဏ္ဏဝါ အဘိရူပေါသိ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစက္ကဝါကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လျှပ်ပေါ်လော်လည်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် သင်္ကန်း အစရှိသော ပစ္စည်းလေးပါးတို့ဖြင့် မရောင့်ရဲသည်ဖြစ်၍ သံဃာ့ဘတ်သည် အဘယ်အရပ်၌ ရှိပါလိမ့်မည်နည်း၊ နိမန္တနဘတ်သည် အဘယ်အရပ်၌ ရှိပါလိမ့်နည်းဟု ရှာလျက် သွား၏၊ ပစ္စည်းလေးပါး ဟူသော အာမိသနှင့် စပ်သော စကားကို ပြောဟောခြင်း၌သာလျှင် မွေ့လျော်၏၊ ထိုအခါ တစ်ပါးကုန်သော သီလကိုချစ်ကုန်သော ရဟန်းတို့သည် ထိုရဟန်းကို ချီးမြှောက်သောအားဖြင့် မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်တော်မူ၍ ရဟန်း သင်သည် ပစ္စည်းလေးပါးတို့၌ မက်မောတတ်၏ဟု ငါကြားတော်မူသည် မှန်သလောဟု မေးတော်မူ၍ အရှင်ဘုရား မှန်ပေ၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်း အဘယ်ကြောင့် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက် စေတတ်သော ငါဘုရား သာသနာတော်၌ ရဟန်းပြု၍ လောဘကို ဖြစ်စေဘိသနည်း၊ ပစ္စည်းလေးပါးတို့၌ မက်မောခြင်း မည်သည်ကား လွန်စွာ ယုတ်မာ၏၊ ရှေး၌လည်း သင်သည် အာဟာရ၌ မက်မောသော လောဘကို အမှီပြု၍ ဗာရာဏသီပြည်၌ ဆင်ကောင်ပုပ် အစရှိသော အကောင်ပုပ် တို့ဖြင့် မရောင့်ရဲသည်ဖြစ်၍ တောအုပ်ကြီးသို့ ဝင်ဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် တစ်ကောင်သော လောဘကြီးသော ကျီးသည် ဗာရာဏသီပြည်၌ ဆင်ကောင်ပုပ် အစရှိသည်တို့ဖြင့် မရောင့်ရဲသည်ဖြစ်၍ တောသည် အဘယ်သို့ဖြစ်ရာသနည်း၊ တော၌ အဘယ်သို့သော အစာရှိသည် ဖြစ်ရာသနည်းဟု ပျံသွား၍ ထိုထိုသစ်ပင်၌ သစ်သီးငယ် သစ်သီးကြီးတို့ဖြင့် မရောင့်ရဲသည် ဖြစ်၍ ဂင်္ဂါနားသို့ ပျံသွား၍ လှည့်လည်သည် ရှိသော် လင်မယား အစုံဖြစ်သော စက္ကဝါက်တို့ကို မြင်၍ ဤငှက်တို့သည် အလွန်လျှင် တင့်တယ်ကုန်၏၊ ဤဂင်္ဂါ

နွား၌ များစွာသော ငါးတို့ကို စားရကုန်ယောင်တကား၊ ဤငှက်တို့ကို မေး၍ ငါသည်လည်း ဤငှက်တို့၏ စားအပ်သော အစာကိုစား၍ အဆင်းလှသည် ဖြစ်ခြင်းငှါ သင့်၏ဟု နှလုံးပြု၍ ထိုစက္ကဝါက်တို့၏ အနီး၌နေ၍ စက္ကဝါက်တို့ကို မေးလိုရကား ဤဂါထာကို ဆို၏-

၁၃၅။ ဝဏ္ဏဝါ အဘိရူပေါသိ၊ ဃနော သဉ္ဇာတရောဟိတော။
စက္ကဝါက သုရူပေါသိ၊ ဝိပ္ပသန္နမုခိန္ဒြိယော။

၁၃၆။ ပါဋီနံ ပါဝုသံ မစ္ဆံ၊ ဗလဇံ မုဉ္ဇရောဟိတံ။
ဂင်္ဂါယ တီရေ နိသိန္နော၊ ဧဝံ ဘုဉ္ဇသိ ဘောဇနံ။

စက္ကဝါက် သင်သည် နှစ်သက်ဖွယ်သော အဆင်းရှိ၏၊အလွန်အဆင်းလှ၏၊ တစ်ခဲနက်သောကိုယ်ရှိ၏။ ဦးသစ်သော ရွှေအဆင်းကဲ့သို့သော အဆင်းရှိ၏၊ ချီးမွမ်းအပ်သောကိုယ်သဏ္ဌာန်ရှိ၏၊ ကြည်လင်သော မျက်စိဣန္ဒြေရှိ၏၊

စက္ကဝါက် ဂင်္ဂါနား၌နေသော သင်သည် ငါးဖယ်လည်းကောင်း ငါးသိုင်းလည်းကောင်း ငါးပတ်လည်းကောင်း ငါးရံ့လည်းကောင်း ငါးကြင်းလည်းကောင်း ဤအစာကို စားရသလော။

စက္ကဝါက်သည် ထိုကျီး၏ စကားကိုပယ်လိုသည် ဖြစ်၍-ဤဂါထာကိုဆို၏-

၁၃၇။ န ဝါဟမေတံ ဘုဉ္ဇာမိ၊ ဇင်္ဂလာနော'ဒကာနိ ဝါ။
အညတြ သေဝါလ ပဏကာ၊ ဧတံ မေ သမ္မ ဘောဇနံ။

အဆွေကျီး မှော်သေး မှော်ကြီးမှတပါး မြေ၌ရှိသောအသားး ရေ၌ရှိသော အသားကိုကိုငါသည် မစား၊မှော်သေးမှော်ကြီးသည် သာလျှင် ငါ၏အစာတည်း၊ ထို့နောင်မှကျီးသည် ဤဂါထာတို့ကိုဆို၏-

၁၃၈။ န ဝါဟမေတံ သဒ္ဒဟာမိ၊ စက္ကဝါကဿ ဘောဇနံ။
အဟမ္ပိ သမ္မ ဘုဉ္ဇာမိ၊ ဂါမေ လောဏိယတေလိယံ။

၁၃၉။ မနုဿေသု ကတံ ဘတ္တံ၊ သုစိံ မံသူပသေစနံ။
န စ မေ တာဒိသော ဝဏ္ဏော၊ စက္ကဝါက ယထာ တုဝံ။

အဆွေစက္ကဝါက် ငါသည် ရွာ၌ ဆားလူး၍ ဆီဖြင့် ကြော်သောအသားကို စားရ၏၊လူတို့ချက်ပြုတ်ထားသော စင်ကြယ်စွာသော သားပြွမ်းဟူသော အစာကို စားရ၏။

ထိုသို့ စားရလျက်လည်း သင်၏ အဆင်းကဲ့သို့ အဆင်းသည် ငါ့အားမရှိခြင်းကြောင့် အဆွေစက္ကဝါက်၏ မှေ့သည်သာလျှင် အစာဟု ဆိုအပ်သော ထိုစကားကိုငါသည် မယုံနိုင်ပါ။

ထိုသို့ ဆိုသောအခါ၌ ကျီးအား စက္ကဝါက်သည် အဆင်းမလှခြင်း၏ အကြောင်းကို ဆို၍ တရားကို ဟောလိုရကား ဤဂါထာတို့ကို ဆို၏–

၁၄၀။ သမ္ပဿံ အတ္တနိ ဝေရံ၊ ဟိံသယံ မာနုသိံ ပဇံ။
ဥတြသ္တော ဃသသိ ဘီတော၊ တေန ဝဏ္ဏော တဝေ ဒိသော။

၁၄၁။ သဗ္ဗလောက ဝိရုဒ္ဓေါသိ၊ ဓင်္က ပါပေန ကမ္မုနာ။
လဒ္ဓေါ ပိဏ္ဍော န ပီဏေသိ၊ တေန ဝဏ္ဏော တဝေဒိသော။

၁၄၂။ အဟမ္ပိ သမ္မ ဘုဉ္ဇာမိ၊ အဟိံသံ သဗ္ဗပါဏိနံ။
အပ္ပေါသုက္ကော နိရာသင်္ကီ၊ အသောကော အကုတောဘယော။

၁၄၃။ သော ကရဿု အာနုဘာဝံ၊ ဝီတိဝတ္တဿု သီလိယံ။
အဟိံသာယ စရ လောကေ၊ ပိယော ဟောဟိသိ မံမိဝ။

၁၄၄။ ယော န ဟန္တိ န ဃာတေတိ၊ န ဇိနာတိ န ဇာပယေ။
မေတ္တံသော သဗ္ဗဘူတေသု၊ ဝေရံ တဿ န ကေနစိ။

အဆွေကျီး သင်သည် သူတစ်ပါးတို့၌ ဖြစ်သော ရန်နှင့် ယှဉ်သောစိတ်ကို မိမိကိုယ်၌ မြင်သည်ဖြစ်၍ ထိတ်လန့်သည်ဖြစ်၍ ကြောက်သည်ဖြစ်၍ စားရ၏။ လူ၌ဖြစ်သော သတ္တဝါကို ညှဉ်းဆဲလျက် ထိတ်လန့်သည်ဖြစ်၍ ကြောက်သည်ဖြစ်၍ စားရ၏၊ ထိုသို့ ကြောက်ရွံ့ ထိတ်လန့်လျက် စားရသောကြောင့် သင်၏ အဆင်းသည် ဤသို့ မလှသော သဘောရှိ၏။

အဆွေကျီး သင်သည် မကောင်းမှုဖြင့် လူအပေါင်းတို့နှင့် ဆန့်ကျင်၏။ ရအပ်သော အစာကိုလည်း မနှစ်သက်။ ထို့ကြောင့် သင်၏ အဆင်းသည် ဤသို့ မလှသောသဘောရှိ၏။

အဆွေကျီး ငါသည်ကား ပေသိမ်းသော သတ္တဝါတို့ကို မညှဉ်းဆဲမူ၍ ရရာမျှသော မှော်, ရေညှိဟူသော အစာကို စား၏။ ကြောင့်ကြ မရှိသည်ဖြစ်၍ ရွံရှာခြင်း မရှိသည်ဖြစ်၍ စိုးရိမ်ခြင်း မရှိသည်ဖြစ်၍ ကြောက်အပ်သော ကစ်စုံတစ်ခုသော ဘေးမရှိသည်ဖြစ်၍ နေ၏။

အဆွေကျီး ထိုသင်သည် ကောင်းသော အကျိုးကို ပွားစေတတ်သော လုံ့လဝီရိယကို ပြုပါလေလော့။ မိမိ၏ သီလမရှိသော အဖြစ်ကို လွန်၍ ကောင်းစွာ ကျင့်ပါလေလော့။ လူ၌ သတ္တဝါတို့ကို သနားခြင်း ကရုဏာနှင့် ပြည့်စုံသည်ဖြစ်၍ ကျင့်ပါလေလော့။ ငါသည်လည်း လူအပေါင်း၌ ချစ်အပ်သော အကျင့်ရှိသည် ဖြစ်သကဲ့သို့ ငါနှင့်တူစွာ သင်သည်လည်း ချစ်အပ်သော အကျင့်ရှိသည် ဖြစ်လေလော့။

အဆွေကျီး အကြင်သူသည် သတ္တဝါကိုကို မသတ်၊ မညှဉ်းဆဲ၊ ဥစ္စာဆုံးရှုံးခြင်းကို မပြု။ ဆုံးရှုံးအောင် ပြုလော့ဟု သူတစ်ပါးတို့ကိုလည်း မတိုက်တွန်း။ ခပ်သိမ်းကုန်သော ရန်သူသတ္တဝါ, ရန်သူမဟုတ်သော သတ္တဝါတို့၌ မေတ္တာအဖို့ ရှိသော စိတ်ရှိသော ထိုသို့ သတ္တဝါတို့ကို မညှဉ်းဆဲသော သူအား တစ်စုံတစ်ယောက်သော သူနှင့် ရန်မည်သည် မရှိ။

ဤသို့လျှင် စက္ကဝါက်သည် ကျီးအား တရားဟော၏၊ ကျီးသည် သင်တို့ သည်ကား မိမိတို့၏ အစာကို ငါ့အား ဟုတ်မှန်စွာ မဆိုကုန်ဟု ကာကာ-ဟူသော ကျီးသံကို မြည်လျက် ပျံ၍ ဗာရာဏသီပြည် ကျင်ကြီးစွန့်ရာ မြေအချပ်၌သာလျှင် သက်လေ၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာဘို့ကို ပြတော်မူသည်၏ အဆုံး၌ လျှပ်ပေါ် လော်လည်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းဘော်မူသနည်းဟူမူကား ရဟန်းတို့ ယခုအခါ၌ လျှပ်ပေါ် လော်လည်သော ရဟန်းသည် ထိုအခါ ကျီးဖြစ်ဖူးပြီ၊ ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ စက္ကဝါက်ငှက်မ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ စက္ကဝါက်ငှက်မင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သက်သတ်ရှောင်ရှား၊ မေတ္တာပွား၊ လှုပြောား ဆင်းရှုပါ)

လေးရာငါးဆယ့်တစ်ခုမြောက်သော စက္ကဝါကဇာတ်သည် ပြီး၏။

## ၄၅၂—ဘူရိပညဇာတ်

သမ္ဘကိရ-အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဘူရိပည ဇာတ်သည် မဟာဥမင်ဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။

လေးရာငါးဆယ့်နှစ်ခုမြောက်သော ဘူရိပညဇာတ်သည် ပြီး၏။

## ၄၅၃—မဟာမင်္ဂလဇာတ်

### မဟာမင်္ဂလာရှစ်ပါး

### သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားအကြောင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ချီးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ကိံသု နရော-အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာမင်္ဂလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မဟာမင်္ဂလသုတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ရာဇဂြိုဟ်ပြည်၌ တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် စည်းဝေးရာ ဇရပ်၌ စည်းဝေးရဲ လူအပေါင်း၏ အလယ်၌ ယောကျ်ားတစ်ယောက်သည် ယနေ့ ငါ့အား ပြုအပ်သော မင်္ဂလာရှိ၏ဟု ထ၍ သွားလေ၏၊ တစ်ယောက်သော ယောကျ်ားသည် ထိုယောကျ်ား၏ မင်္ဂလာဟူသော စကားကို ကြား၍ ဤသူသည် မင်္ဂလာဟု ဆို၍သာလျှင် သွား၏ ထိုမင်္ဂလာမည်သည် အဘယ် နည်းဟု ဆို၏၊ ထိုယောကျ်ားကို တစ်ယောက်သော ယောကျ်ားသည် အလွန် မင်္ဂလာဟု သမုတ်အပ်သော ရုပ်ရုံကို မြင်ရခြင်းသည် မင်္ဂလာမည်၏၊ ထိုစကား သည် မှန်၏၊ အချို့သော သူတို့သည် နံနက်စောစောကလျှင် ထ၍ ကိုယ်လုံး ဖြူသော ဥသဘကိုမူလည်း မြင်၏၊ ကိုယ်ဝန်ဆောင်သော မိန်းမကို လည်းကောင်း, ငါးကြင်းကိုလည်းကောင်း, ရေပြည့်အိုးကိုလည်းကောင်း ဆီဦးကိုလည်းကောင်း, နွားနို့ထောပတ်ကိုလည်းကောင်း, အစာမချေသေး သော ပုဆိုးကိုလည်းကောင်း, နို့ဃနာထမင်းကိုလည်းကောင်း မြင်၏၊ ဤထက် အလွန် မင်္ဂလာမရှိပြီဟု ဆို၏၊ ထိုယောကျ်ားသည် ဆိုအပ်သော စကားကို အချို့သော သူတို့သည် ကောင်းစွာ ဆိုအပ်သော စကားဟူ၍ နှစ်သက်ကုန်၏။

တစ်ယောက်သော ယောကျာ်းသည် ထိုမြင်အပ်သော ရူပါရုံသည် မင်္ဂလာမမည်၊ ကြားအပ်သော အသံသည် မင်္ဂလာမည်၏၊ ထိုစကားသည် မှန်၏၊ အချို့သော သူတို့သည် ပြည့်ဝ၏ဟု ဆိုကုန်သော သူတို့၏ အသံကို ကြား၏၊ ထိုမှတစ်ပါးလည်း ပွားသည်ထက် ပွား၏ဟု ဆိုကုန်သော သူတို့၏ အသံကို ကြား၏၊ ချမ်းသာ၏ဟု ဆိုကုန်သော သူတို့၏ အသံကို ကြား၏၊ စားလော့ သောက်လော့ဟု ဆိုကုန်သော သူတို့၏ အသံကို ကြား၏၊ ဤထက် အလွန် မင်္ဂလာ မရှိပြီဟု ဆို၏၊ ထိုသူတို့သည် ဆိုအပ်သော စကားကိုလည်း အချို့သော သူတို့သည် ကောင်းစွာ ဆိုအပ်သော စကားဟူ၍ နှစ်သက်ကုန်၏။

တစ်ယောက်သောသူသည် ထိုမြင်အပ်သော ရူပါရုံသည် မင်္ဂလာမမည်၊ ကြားအပ်သော သဒ္ဒါရုံသည် မင်္ဂလာ မမည်၊ တွေ့ထိအပ်သော အာရုံသည် မင်္ဂလာ မည်၏ဟု ဆို၏၊ ထိုစကားသည် မှန်၏၊ အချို့သောသူသည် စောစော ကသျှင် ထ၍ မြေကို သုံးသပ်၏၊ စိမ်းသော နေဇာမြက်ကို, စိုသော နွားချေး စင်ကြယ် သန့်ရှင်းသော ပုဆိုး, ငါးကြင်း, ရွှေခွက်, ငွေခွက်ကို သုံးသပ်မိ၏၊ ဤထက် အလွန် မင်္ဂလာမည်သည် မရှိဟု ဆို၏၊ ထိုသူသည် ဆိုအပ်သော စကားကိုလည်း အချို့သော သူတို့သည် ကောင်းစွာ ဆိုအပ်သော စကားဟူ၍ နှစ်သက်ကုန်၏။

ဤသို့လျှင် ဒိဋ္ဌမင်္ဂလာ အယူရှိသော ပရိသတ်, သုတမင်္ဂလာ အယူရှိသော ပရိသတ် မုတမင်္ဂလာ အယူရှိသော ပရိသတ်ဟူ၍ သုံးပါးကုန်သော ပရိသတ်တို့သည် ဖြစ်ကုန်၍ အချင်းချင်း သိစေခြင်းငှါ မတတ်နိုင်ကုန်၊ ဘုမ္မစိုးနတ်တို့ကို အစပြု၍ အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင်သော နတ်ဗြဟ္မာတို့သည် ဤသည်ကား မင်္ဂလာမည်၏ ဟူ၍ မှန်သောအားဖြင့် မသိနိုင်ကုန်၊ သိကြားမင်းသည် ကြံ၏၊ အဘယ်သို့ ကြံသနည်း ဟူမူကား ဤမင်္ဂလာ ပြဿနာကို နတ်ပြည် ဗြဟ္မာ့ပြည်နှင့် တကွသော လောက၌ မြတ်စွာဘုရားကို ထား၍ ဘုရားမှတစ်ပါး သော သူသည် ဖြေဆိုခြင်းငှါ တတ်နိုင်သောသူ မည်သည် မရှိ၊ မြတ်စွာဘုရားသို့ ကပ်၍ ဤမင်္ဂလာပြဿနာကိုမေးအံ့ ဤသို့ကြံ၏၊ ကြံပြီး၍ ထိုသိကြားမင်းသည် ညဉ့်အဖို့၌ မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ လက်အုပ်ချီလျက် "ဗဟူ ဒေဝါ မနုဿာစ" အစရှိသည်ဖြင့် ပြဿနာကိုမေးလျှောက်၏၊ ထိုသို့မေးလျှောက် သောအခါ မြတ်စွာဘုရားသည် ထိုသိကြားအား တစ်ဆယ့်တစ်ဂါထာတို့ဖြင့် သုံးဆယ်ရှစ်ပါးသော မင်္ဂလာတို့ကို ဟောတော်မူ၏၊ မင်္ဂလသုတ်ကိုဟောတော် မူသည်ရှိသော် ကုဋေတသိန်း အတိုင်းအရှည်ရှိကုန်သော နတ်ဗြဟ္မာ တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ သောတာပန် အစရှိသော ပုဂ္ဂိုလ်တို့၏ အရေ အတွက်သည်ကား အတိုင်းအရှည်မရှိ၊ သိကြားမင်းသည် မင်္ဂလာတရားကိုနာပြီး

လျှင် မီမိနေရာ တာဝတိံသာသို့သျှင် သွား၏၊ မြတ်စွာဘုရားသည် မင်္ဂလာကို ဟောတော်မူပြီးသော် နက်ပြည်ဖြဟ္မာ့ပြည်နှင့်တကွသော လူအပေါင်းတို့သည် မဖောက်မပြန်မှန်သော ဒေသနာတော်တည်းဟူ၍ အလှန်နှစ်သက် ဝမ်းမြောက်ကုန်၏၊ ထိုအခါ တရားသဘင်၌ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့် စပ်သော စကားကို ပြောဟောကြကုန်၏။

ငါ့ရှင်တို့ မြတ်စွာဘုရားသည် တစ်ပါးကုန်သော လူနတ်ဗြဟ္မာသတ္တဝါတို့၏ အရာမဟုတ်သော မင်္ဂလာနှင့် စပ်သော ပြဿနာကို နတ်ဗြဟ္မာနှင့် တကွသော လူအပေါင်း၏စိတ်ကို ယူ၍ တွေးတောခြင်းကို ဖြတ်တော်မူ၍ ကောင်းကင် ပြင်၌ လကို ထင်စေဘိသကဲ့သို့ ဟောတော်မူ၏၊ ငါ့ရှင်တို့ ဤသို့လျှင် မြတ်စွာ ဘုရားသည် ကြီးမြတ်သော ပညာရှိတော်မူ၏ဟု ပြောဟောကြကုန်၏၊ မြတ်စွာ ဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့....ယခုအခါ၌ သာလျှင် သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူ၍ မင်္ဂလာနှင့် စပ်သော ပြဿနာကို ဖြေတော်မူခြင်းသည် မအံ့အပ်သည်သာလျှင်တည်း၊ ငါဘုရားသည် ဘုရားလောင်းတို့၏အကျင့်ကို ကျင့်တော်မူစဉ်လည်း နတ်တို့၏ ယုံမှားခြင်းကို ဖြတ်၍ မင်္ဂလာ ပြဿနာကို အကျဉ်း ဖြေဖူး၏၊ ထိုဘုရားလောင်း ဖြစ်စဉ် ဖြေသော ဂုဏ်ကျေးဇူးသည်လျှင် အလွန်အံ့ဖွယ်ရှိ၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသော ရွာငယ်ဝယ် စည်းစိမ် ဥစ္စာနှင့် ပြည့်စုံသော ပုဏ္ဏားမျိုး၌ဖြစ်၍ ဘုရားလောင်းအား ရက္ခိတ ဟူသော အမည်ကိုမှည့်ကုန်၏၊ ထိုဘုရားလောင်းသည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ သင်အပ်ပြီးသောအတတ်ရှိသည်ဖြစ်၍ သားမယားကို သိမ်းဆည်းလျက် မိဘတို့လွန်သဖြင့် ရတနာဥစ္စာတိုက်ကိုကြည့်လျှင် ထိတ်လန့်သော စိတ်ရှိသည်ဖြစ်၍ အလှူကြီးကို ဖြစ်စေပြီးလျှင် ကာမဂုဏ်တို့ကို ပယ်၍ ဟိမဝန္တာအရပ်၌ ရသေ့ရဟန်းပြုပြီးလျှင် စျာန် အဘိညာဉ်တို့ကို ဖြစ်စေ၍ တောသစ်မြစ် တောသစ်သီးဟူသော အစာရှိသည်ဖြစ်၍ တစ်ခုသော အရပ်၌ နေ၏၊ အစဉ်သဖြင့် ထိုရက္ခိတရသေ့၏ အခြံအရံသည် များသည် ဖြစ်၏၊ ငါးရာသောတပည့်တို့သည် ဖြစ်ကုန်၏၊ ထိုအခါတစ်နေ့သ၌ တပည့်ရသေ့တို့သည် ဆရာဘုရားလောင်းသို့ ကပ်ပြီးလျှင် ရှိခိုး၍ ဆရာအား ဆရာ မိုးလလွန်သော အခါ၌ ဟိမဝန္တာတောမှသက်၍ ချဉ်ဆားမှီဝဲအံ့သောငှါဇနပုဒ်သို့ ဒေသစာရီ

သွားပါကုန်အံ့၊ ဤသို့ ဒေသစာရီ သွားသည့် ရှိသော် ခန္ဓာကိုယ်သည် မြဲမြံခိုင်ခံ့သည် ဖြစ်လတ္တံ့၊ သွားခြင်း ဣရိယာပုတ်ဖြင့် ခန္ဓာမျှသည့် ဖြစ်လတ္တံ့ဟု ပန်လျှောက်ကုန်၏။

ထိုသို့တပြီးကား သင်တို့သည် သွားလေကုန် ငါမူကား ဤတော၌သာလျှင် နေအံ့ဟုဆိုလတ်သော် ဘုရားလောင်း ရက္ခိတရသေ့ကို ရှိခိုးလျက် ဟိမဝန္တာမှ သက်ခဲ့ကုန်၍ ဒေသစာရီ သွားကုန်သည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ဥယျာဉ်၌ နေကုန်၏၊ ထိုရသေ့တို့အား များစွာအရိုအသေပြု၍ လှူခြင်း မြတ်နိုးခြင်းရှိသည်သာလျှင် ဖြစ်၏၊ ထိုအခါ တစ်နေ့သ၌ ဗာရာဏသီပြည်ဝယ် မင်းတို့၏စုဝေးရာတိုင်ပင်နေဇရပ်၌ စည်းဝေးသော များစွာသောလူအပေါင်း၌ မင်္ဂလာပြဿနာသည် ဖြစ်၏၊ (အလုံးစုံသော မင်္ဂလာပြဿနာကို ပဏ္ဍုပွန်ဝတ္ထု နည်းဖြင့်သာလျှင် သိအပ်၏။) ထိုအခါ၌လည်း လူတို့၏ ယုံမှားခြင်းကိုဖြတ်၍ မင်္ဂလာ ပြဿနာကို ဖြေဆိုခြင်းငှါ စွမ်းနိုင်သောသူကို မမြင်သည်ဖြစ်၍ များစွာသော လူအပေါင်းသည် ဥယျာဉ်တော်သို့ သွား၍ ရသေ့တို့ကို မင်္ဂလာပြဿနာကို မေးလျှောက်ကုန်၏။

ရသေ့တို့သည် မင်းကို ခေါ်၍ မြတ်သောမင်းကြီး ငါတို့သည် မင်္ဂလာပြဿနာကို ဖြေဆိုခြင်းငှာ မတတ်နိုင်ကုန်၊ ထိုသို့ မတတ်နိုင်သော်လည်း ငါတို့ဆရာဖြစ်သော ရက္ခိတ အမည်ရှိသော ရသေ့သည် ကြီးသော ပညာရှိ၏၊ ဟိမဝန္တာ၌ နေ၏၊ ထိုငါတို့ဆရာ ရက္ခိတရသေ့သည် နတ်နှင့် တကွသော လူအပေါင်း၏ စိတ်ကိုယူ၍ ထိုမင်္ဂလာ ပြဿနာကို ဖြေလတ္တံ့ဟု ဆိုကုန်၏၊ မင်းသည် အရှင်ဘုရားတို့ ဟိမဝန္တာ မည်သည်ကား ဝေးလှစွာ၏၊ ရောက်နိုင်ခဲသလျှင်ကသည်း၊ အကျွန်ုပ်တို့သည် ထိုဟိမဝန္တာသို့ သွားခြင်းငှာ မတတ်နိုင်ကုန်၊ အရှင်ဘုရားတို့ အကျွန်ုပ်တို့သည် တောင်းပန်ပါကုန်၏၊ အရှင်ဘုရားတို့သာလျှင် ဆရာ့ထံသို့ သွားပြီးလျှင် မေး၍ သင်ခဲ့၍ တစ်ဖန် လာလတ်၍ အကျွန်ုပ်တို့အား ဟောတော်မူပါကုန်လော့ဟု ဆို၏၊ ထိုရသေ့တို့သည် ကောင်းပြီဟု ဝန်ခံ၍ ဆရာ့ထံသို့ သွားပြီးလျှင် ဆရာ့ကိုရှိခိုး၍ ပြုအပ်ပြီးသော ပဋိသန္ထာရရှိသည်ဖြစ်၍ ဆရာ ရက္ခိတရသေ့သည် မင်း၏ တရားဆယ်ပါး စောင့်သည်၏ အဖြစ်ကိုလည်း ကောင်း, ဇနပုဒ်သားတို့ အလေ့အကျင့် စာရိတ္တကိုလည်းကောင်း မေးအပ်ပြီးသော် ထိုဒီဌမင်္ဂလာအစရှိသည်တို့၏ ဖြစ်ကြောင်းကို အစမှစ၍ ပြောဆိုပြီးလျှင် မင်း၏ တောင်းပန်ခြင်းကိုလည်းကောင်း, မိမိတို့၏ မင်္ဂလာပဉှာကို သိခြင်းငှာ လာသည်၏ အဖြစ်ကိုလည်းကောင်း, ဇနပုဒ်သားတို့၏ ပြဿနာကိုပြော၍ အရှင်ဘုရားတို့အား တောင်းပန်ပါကုန်၏၊ အကျွန်ုပ်တို့အား မင်္ဂလာ ပြဿနာကို

ထင်အောင်ပြု၍ ဟောတော်မူပါကုန်လောဟု ရသေ့တို့သည် မတောင်းပန်ကုန်၏၊ ထိုရသေ့တို့သည် တောင်းပန်ပြီးသည်နောက်မှ တပည့်ကြီးသည် ဆရာရက္ခိတရသေ့ကို မေးလျှောက်လိုရကား ဤဂါထာကို ဆို၏—

၁၅၅။ ကိံ သု နရော ဇပ္ပမဓိစ္စကာလေ၊ ကံ ဝါ ဝိဇ္ဇံ ကတမံ ဝါ သုတာနံ။
သော မစ္စော အသ္မိဥ္စ ပရမှိ လောကေ၊ ကထံ ကရော သောတ္ထာနေန ဂုတ္တော။

အရှင်ဘုရား အကြင် ယောကျ်ားသည် မင်္ဂလာကို တောင့်တသော အခါ၌ အဘယ်မည်သော အတတ်ကို ရွတ်ဖတ်သရဇ္ဈာယ်လျက် အဘယ်မည်သော ဗေဒင်ကိုမူလည်း သင်ကြားအပ်သော အတတ်တို့တွင် အဘယ်မည်သော အတတ်ကိုမူလည်း သင်၍ ထိုယောကျ်ားသည် ဤပစ္စုပ္ပန်လောက၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း စင်ကြယ်ခြင်းသို့ရောက်သဖြင့် စောင့်ရှောက်အပ်သည်ဖြစ်၍ အဘယ်မည်သောအမှတ်ဖြင့် ပြုသနည်း ဟောတော်မူပါလော့။

ဤသို့ တပည့်ကြီးသည် မင်္ဂလာပြဿနာကို မေးအပ်သည်ဖြစ်၍ ဘုရားလောင်းသည် နတ်လူတို့၏ ယုံမှားခြင်းကိုဖြတ်လျက်ဤမည်သော ဤမည်သော အကြောင်းသည် မင်္ဂလာမည်၏ဟူ၍ ဘုရား၏ တင့်တယ်ခြင်းဖြင့် မင်္ဂလာကို ဟောလိုသည်ဖြစ်၍ ဤဂါထာကိုဆို၏ –

၁၅၆။ ယဿ ဒေဝါ ပိတရော စ သဗ္ဗေ၊ သရီသပါ သဗ္ဗဘူတာနိ စာပိ။
မေတ္တာယ နိစ္စံ အပစိတာနိ ဟောန္တိ၊ ဘူတေသု ဝေ သောတ္ထာနံ တဒါဟု။

အို–တပည့် အာပေါင်းတို့ ခပ်သိမ်းကုန်သော ဘုမ္မစိုးနတ် အစရှိသော ကာမာဝစရနတ်ပြည်ခြောက်ထပ်၌ နေကုန်သော နတ်တို့ကိုလည်းကောင်း၊ ရူပါဝစရ အရူပါဝစရ ဗြဟ္မာတို့ကိုလည်းကောင်း၊ ကျောကုန်းရှည်မျိုး ဖြစ်ကုန်သော သတ္တဝါတို့ကိုလည်းကောင်း၊ ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော သတ္တဝါတို့ကိုလည်းကောင်း၊ မေတ္တာဖြင့် အခါခပ်သိမ်း လေ့ကျင့်ပွားများအပ်ကုန်သည်ဖြစ်သောပုဂ္ဂိုလ်၏ မေတ္တာပွားစေခြင်းကို စင်ကြယ်သော မင်္ဂလာဟူ၍ စင်စစ် ပညာရှိတို့သည် ဟောကုန်၏။

ဤသို့ ဘုရားလောင်းသည် ရှေးဦးစွာသော မင်္ဂလာကို ဟောတော်မူပြီး၍ ဒုတိယမင်္ဂလာ အစရှိသည်တို့ကို ဟောတော်မူလိုသည် ဖြစ်၍ ဤဂါထာတို့ကို ဟော၏—

၁၅၇။ ယော သဗ္ဗလောကဿ နိဝါတဝုတ္တိ၊ ဣတ္ထီပုမာနံ သဟဒါရကာနံ။
ခန္တာ ဒုရုတ္တာနမပ္ပဋိကူလဝါဒီ၊ အဓိဝါသနံ သောတ္ထာနံ တဒါဟု။

၁၅၈။ ယော နာဝဇာနာတိ သဟာယမတ္တေ၊ သိပ္ပေန ကုလျာဟိ ဓနေန ဇစ္စာ။
ရုစိပညော အတ္ထကာလေ မတီမာ၊ သဟာယေသု စ သောတ္ထာနံ တဒါဟု။

၁၅၉။ မိတ္တာနိ ဝေ ယဿ ဘဝန္တိ သန္တော၊ သံဝိဿတ္ထာ အဝိသံဝါဒကဿ။
န မိတ္တဒုဗ္ဘီ သံဝိဘာဂီ ဓနေန၊ မိတ္တေသု ဝေ သောတ္ထာနံ တဒါဟု။

၁၆၀။ ယဿ ဘရိယာ တုလျဝယာ သမဂ္ဂါ၊ အနုဗ္ဗတာ ဓမ္မကာမာ ပဇာတာ။
ကောလိနိယာ သီလဝတီ ပတိဗ္ဗတာ၊ ဒါရေသု ဝေ သောတ္ထာနံ တဒါဟု။

၁၆၁။ ယဿ ရာဇာ ဘူတပတိ ယသဿီ၊ ဇာနာတိ သောစေယျံ ပရက္ကမဉ္စ။
အဒွေဇ္ဈတာ သုဟဒယံ မမန္တိ၊ ရာဇူသု ဝေ သောတ္ထာနံ တဒါဟု။

၁၆၂။ အန္နဉ္စ ပါနဉ္စ ဒဒါတိ သဒ္ဓေါ၊ မာလဉ္စ ဂန္ဓဉ္စ ဝိလေပနဉ္စ။
ပသန္နစိတ္တော အနုမောဒမာနော၊ သဂ္ဂေသု ဝေ သောတ္ထာနံ တဒါဟု။

၁၆၃။ ယမရိယဓမ္မေန ပုနန္တိ ဝုဒ္ဓါ၊ အာရာဓိတာ သမစရိယာယ သန္တော။
ဗဟုဿုတာ ဣသယော သီလဝန္တော၊ အရဟန္တမဇ္ဈေ သောတ္ထာနံ တဒါဟု။

အို တပည့်အပေါင်းတို့ ခပ်သိမ်းသော လူအပေါင်းအား နှိမ့်ချသောဖြစ်ခြင်း ရှိသော သူငယ်တို့နှင့်တကွ ဖြစ်ကုန်သော မိန်းမ ယောကျ်ားတို့၏ မကောင်းသဖြင့် ဆိုအပ်သော ဖရုသဝါစာဘို့ကို သည်းခံလေ့ရှိသော သူတော်ကောင်းတို့အား လျော်သောစကားကိုသာ ဆိုလေ့ရှိသောသူ၏ သည်းခံခြင်းကို အပြစ်မရှိ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့သည် ဟောကုန်၏။

အို တပည့်အပေါင်းတို့ မြဲသော အဆွေခင်ပွန်း ဟူကို အတတ်ပညာဖြင့်လည်းကောင်း၊ အမျိုးပြည့်စုံခြင်းတို့ဖြင့် လည်းကောင်း၊ ဥစ္စာအားဖြင့်လည်းကောင်း၊ ဇာတ်အားဖြင့် လည်းကောင်း မထီမဲ့မြင် မပြုခြင်း၊ အကျိုးအကြောင်းဖြစ်သောအခါ၌ နှစ်သက်အပ်သော ကောင်းသော ပညာရှိသည်ဖြစ်၍ အကျိုးအကြောင်းကို ပိုင်းခြားစီရင်နိုင်သော ပညာရှိသည် ဖြစ်၍ ထိုအဆွေခင်ပွန်းတို့ကို မထီမဲ့မြင် မပြုခြင်းဟူသော အဆွေခင်ပွန်းတို့၌ မထီမဲ့မြင် မပြုခြင်းကို စင်စစ် အပြစ်မရှိ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့သည် ဟောကုန်၏။

အို တပည့်အပေါင်းတို့ မချွတ်ယွင်း စေတတ်သော အလေ့ရှိသော အကြင်သူအား အကျွမ်းဝင်ခြင်းသို့ ရောက်ကုန်သော ပညာရှိ သူတော်ကောင်း

တို့သည် စင်စစ် အဆွေခင်ပွန်းတို့သည် ဖြစ်ကုန်၏။ အဆွေခင်ပွန်းတို့၏ အစီးအပွားကို မဖျက်ဆီးတတ်၊ အဆွေခင်ပွန်းတို့၌ မိမိဥစ္စာဖြင့် အဆွေခင်ပွန်းတို့အား ဝေဖန် ခွဲခြမ်းလေ့ရှိ၏။ ထိုသို့သောသူ၏ ထိုအဆွေခင်ပွန်းကောင်းရှိခြင်း, အဆွေခင်ပွန်းတို့အား ဥစ္စာဆက်ဆံ ဝေဖန် ဖြန့်ချီခြင်းကို စင်စစ် စင်ကြယ်သော မင်္ဂလာ ဟူ၍ ပညာရှိတို့သည် ဟောကုန်၏။

အို တပည့်အပေါင်းတို့ တူသော အရွယ်ရှိသော အညီအညွတ် ဝမ်းမြောက်ဝမ်းသာ နေလေ့ရှိသော လင်၏ အလိုကိုသာ လိုက်သော သုစရိုက် ဆယ်ပါး ကုသိုလ်တရားတို့ကိုသာ နှစ်သက်တတ်သော မိန်းမပြုံမဟုတ်သော မြတ်သော အမျိုးရှိသော သီလရှိသော လင်ကို ရိုသေသော အကျင့်ရှိသော မယားရှိသော သူ၏ မယားတို့၌ ထိုဆိုခဲ့ပြီးသော ဂုဏ်နှင့်ပြည့်စုံသော မယားကို စင်စစ် အပြစ်မရှိ စင်ကြယ်သော မင်္ဂလာ ဟူ၍ ဟောကုန်၏။

အို တပည့်အပေါင်းတို့ စင်ကြယ်သည်၏ အဖြစ်ကို လည်းကောင်း၊ လုံ့လရှိသည်၏ အဖြစ်ကို လည်းကောင်း၊ မကွဲမပြား လက်တွဲသွားလတ္တံ့သည်၏ အဖြစ်ကို လည်းကောင်း ဤသူသည် စိတ်ထားနှလုံးကောင်း၏ဟု ငါ့ကို လူအပေါင်းတို့၏ အရှင် ဖြစ်တော်မူသော မြတ်သော ကျော်စောခြင်းရှိသော မင်းသည် သိမှတ်ခံရသော မင်းတို့ကို မှီပဲဆည်းကပ်သော သူ၏ ထိုစင်ကြယ်ခြင်း စသည်ကိုလျှင် စင်စစ် အပြစ်မရှိစင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့သည် ဆိုကြကုန်၏။

အို တပည့်အပေါင်းတို့ ခပ်သိမ်းသော လူအပေါင်းအား နှိမ့်ချသော ဖြစ်ခြင်းရှိသော၊ သူငယ်တို့နှင့်တကွ ဖြစ်ကုန်သော မိန်းမ ယောကျ်ားတို့၏ မကောင်းသဖြင့် ဆိုအပ်သော ဖရုသဝါစာဘို့ကို သည်းခံလေ့ရှိသော သူတော်ကောင်းတို့အား လျော်သောစကားကိုသာ ဆိုလေ့ရှိသော သူ၏ သည်းခံခြင်းကို အပြစ်မရှိသော မင်္ဂလာဟူ၍ ပညာရှိတို့သည် ဟောကုန်၏။

အို တပည့်အပေါင်းတို့ မြဲသော အဆွေခင်ပွန်းတို့ကို အတတ်ပညာဖြင့် လည်းကောင်း၊ အမျိုးပြည့်စုံခြင်းတို့ဖြင့် လည်းကောင်း၊ ဥစ္စာအားဖြင့် လည်းကောင်း၊ ဇာတ်အားဖြင့် လည်းကောင်း၊ မထီမဲ့မြင် မပြု၊ အကျိုးအကြောင်း ဖြစ်သော အခါ၌ နှစ်သက်အပ်သော ကောင်းသော ပညာရှိသည် ဖြစ်၍ အကျိုးအကြောင်းကို ပိုင်းခြား စီရင်နိုင်သော ပညာရှိသည် ဖြစ်၍

ထိုအဆွေခင်ပွန်းတို့ကို မထီမဲ့မြင် မပြု၊ အဆွေခင်ပွန်းတို့၌ ထို မထီမဲ့မြင် မပြုခြင်းကို စင်စစ် အပြစ်မရှိသောမင်္ဂလာ ဟူ၍ ပညာရှိတို့သည် ဟောကုန်၏။

ဤသို့လျှင် ဘုရားအလောင်းတော်သည် အရဟတ္တဖိုလ်ဖြင့် ဒေသနာ၏ အထွတ်ကို တင်လျက် ဤရှစ်ဂါထာတို့ဖြင့် ရှစ်ပါးသော မင်္ဂလာကြီးတို့ကို ဟောတော်မူ၍ ထိုရှစ်ပါးသော မင်္ဂလာကြီးတို့အားသာလျှင် ချီမွမ်းခြင်း ထောမနာကို ပြုလိုသည်ဖြစ်၍ ဤဂါထာကိုဟော၏—

၁၆၄။ ဧတာနိ ခေါ ယောတ္တာနာနိ လောကေ၊ ဝိညုပ္ပသတ္ထာနိ သုခုဒြယာနိ။
တာနီဓ သေဝေထ နရော သပညော၊ န ဟိ မင်္ဂလေ ကိဉ္စနမတ္ထိ သစ္စံ။

အို ဇာ ပည့်အပေါင်းတို့ သတ္တလောက၌ ဤရှစ်ပါးသော မင်္ဂလာကြီးတို့သည် သာလျှင် အပြစ်မရှိ စင်ကြယ်သော မင်္ဂလာမည်ကုန်၏။ ဘုရားအစရှိသော ပညာရှိတို့သည် ချီးမွမ်းအပ်ကုန်၏။ နိဗ္ဗာန်တိုင်အောင် မြတ်သောချမ်းသာကို ဖြစ်စေတတ်ကုန်၏၊ ဤလောက၌ ပညာရှိသော လူနတ်အပေါင်းသည် ထို ရှစ်ပါးသော မင်္ဂလာကြီးတို့ကိုသာလျှင် မှီဝဲကုန်ရာ၏။ အဘယ့်ကြောင့်နည်း ဟူမူကား ဒိဋ္ဌမင်္ဂလာ,သုတမင်္ဂလာ, မုတမင်္ဂလာ၌ တစ်စုံတစ်ခုသော မင်္ဂလာသည် မျှလည်း ပရမတ္ထသစ္စာ မမည်သောကြောင့် ထိုရှစ်ပါးသော မင်္ဂလာကြီးတို့ကို သာလျှင် မှီဝဲကုန်ရာ၏။

မေးလျှောက်လာကုန်သော ရသေ့အပေါင်းတို့သည် ထိုရှစ်ပါးသော မင်္ဂလာကြီးတို့ကို နာ၍ ခုနစ်ရက်,ရှစ်ရက်လွန်သဖြင့် ဆရာရက္ခိတရသေ့ကို ပန်ကြား၍ ထိုဗာရာဏသီပြည်သို့သာလျှင် လာကုန်၏၊ ဗာရာဏသီမင်းသည် ထိုရသေ့တို့၏ အထံသို့ သွား၍မေး၏၊ ထိုရသေ့တို့သည် မင်းအား ဆရာ ရက္ခိတရသေ့ဟော သော နည်းဖြင့်သာလျှင် မင်္ဂလာပြဿနာကို ဟောခဲ့၍ ဟိမဝန္တာသို့သာလျှင် ပြန်လာကုန်၏၊ ထိုမင်္ဂလာကို ကြားနာရသော ကာလမှ စ၍ လောက၌ မင်္ဂလာ သည် ထင်ရှားသည် ဖြစ်၏၊ မင်္ဂလာတို့ကို ကောင်းစွာ ကျင့်ကုန်၍ သေတိုင်း သေတိုင်းကုန်သော လူတို့သည် နတ်ပြည်ကို ပြည့်စေကုန်၏၊ ဘုရားလောင်း သည် လေးပါးကုန်သော ဗြဟ္မဝိဟာရ တရားတို့ကို ပွားစေပြီးလျှင် ရသေ့ အပေါင်းတို့ကို ယူဆောင်၍ ဗြဟ္မာ့ပြည်၌ ဖြစ်၏။

### ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤမဓ္မဒေသနာတော်ကို ဆောင်တော်မူ ပြီးလျှင် ရဟန်းတို့ ယခုအခါ၌သာလျှင် သင်တို့ဆရာ ငါ ဘုရားသည်

မင်္ဂလာပြဿနာကို ဖြေဆိုရသည် မဟုတ်သေး၊ ရှေးရက္ခိတ်ရသေ့ ဖြစ်သောအခါ၌လည်း ဤမင်္ဂလာပြဿနာကို ဖြေဆိုတော်မူပြီ ဟု မိန့်တော်မူ၍ ယခုအခါ ငါဘုရားပရိသတ်တို့သည် ထိုအခါ တပည့်ရသေ့အပေါင်းတို့ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ မင်္ဂလာပြဿနာကို မေးလာသော ရသေ့ တပည့်ကြီး ဖြစ်ဖူးပြီ၊ ယခုအခါငါဘုရားသည်လျှင် ထိုအခါ ဆရာ ရက္ခိတရသေ့ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သတ္တဝါအား၊ မေတ္တာထား၊ ကြီးပွားမင်္ဂလာ။)

လေးရာငါးဆယ့်သုံးခုမြောက်သော မဟာမင်္ဂလဇာတ်သည် ပြီး၏။

---

## ၄၅၄-ဃဋပဏ္ဍိတဇာတ်

## သောက ပယ်နည်း

## သေသောသူအတွက် စိုးရိမ်ခြင်းကို မပြုသင့်ကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဥဋ္ဌေဟိ ကဏှ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဃဋပဏ္ဍိတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သားသေသော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုသည် မဋ္ဌကုဏ္ဍလီဝတ္ထုနှင့် တူသည်သာလျှင်တည်း၊)

ဤဃဋပဏ္ဍိတ ဇာတ်၌ကား သဗ္ဗညု မြတ်စွာဘုရားသည် ထိုသူကြွယ်ကို ဒါယကာ စိုးရိမ်သလောဟု မေးတော်မူ၍ အရှင်ဘုရား စိုးရိမ်ပါ၏ဟု နားတော်လျှောက်သည်ရှိသော် ဒါယကာ ရှေးပညာရှိတို့သည် ပညာရှိတို့၏ စကားကို နာကြား၍ သေသောသားကို မတောင့်တကုန်ဟု မိန့်တော်မူ၍ ဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ဒါယကာ လွန်လေပြီးသောအခါ ဥတ္တရာပထတိုင်းဝယ် ကံသမင်းတို့၏ သုံးဆောင်ရာ နေရာဖြစ်သော အသိတဉ္စနမြို့၌ မဟာကံသ မည်သော မင်းသည် မင်းပြု၏၊ ထိုမဟာကံသမင်းအား ကံသ, ဥပကံသ ဟူသော သားနှစ်ယောက်

တို့သည် ရှိကုန်၏၊ဒေဝဂဗ္ဘာမည်သော သမီးတော်တစ်ယောက်သည်ရှိ၏၊ ထိုဒေဝ-ဂဗ္ဘာ မင်းသမီးကို ဖွားသောနေ့၌ နိမိတ်ဖတ်တတ်ကုန်သော ပုဏ္ဏားတို့ကို မေး၏၊ နိမိတ် ဖတ်တတ်ကုန်သော ပုဏ္ဏားတို့သည် ထိုမင်းသမီးဝမ်း၌ ဖြစ်သော သားတို့သည် ကံသမင်းအနွယ်အဆက်ကို ဖျက်ဆီးကုန်လတ္တံ့ဟု ကြားလျှောက်ကုန်၏၊ မဟာကံသမင်းသည် ပြင်းစွာသော ချစ်ခြင်းကြောင့် သမီးတော်ကို ဖျက်ဆီးခြင်းငှာ မတတ်နိုင်၊ မောင်တော်တို့သည် သိကုန်လတ္တံ့ဟု အသက်ထက်ဆုံး တည်၍ မဟာကံသမင်းကြီးသည် နတ်ရွာလား၏၊ ထိုမဟာကံသမင်းကြီး နတ်ရွာလားသည်ရှိသော် သားတော်အကြီး ကံသမင်းသားသည် မင်းပြု၏၊ ညီတော် ဥပကံသမင်းသားသည် အိမ်ရှေ့မင်း ဖြစ်၏၊ ထိုညီတော် နောင်တော်တို့သည် ကြံကြကုန်၏၊ ငါတို့သည် နှမတော် ဒေဝဂဗ္ဘာ မင်းသမီးကို အကယ်၍ ဖျက်ဆီးကုန်အံ့၊ ကဲ့ရဲ့ခံရသည် ဖြစ်လတ္တံ့၊ ထို့ကြောင့် နှမတော်ကို တစ်စုံတစ်ယောက်သော မင်းအား မပေးမူ၍ လင်မရှိသည်ကိုပြု၍ စောင့်ရှောက်ကုန်အံ့ဟု ကြံကြကုန်၏၊ ကြံပြီး၍ ထိုမောင်တော်မင်းတို့သည် တစ်ခုသော တစ်ပင်တိုင် နန်းပြာသာဒ်ကို ဆောက်စေ၍ ထိုတစ်ပင်တိုင် နန်းပြာသာဒ်၌ နေစေကုန်၏၊ ထိုဒေဝဂဗ္ဘာ မင်းသမီး၏ အလုပ်အကျွေးသည် နန္ဒိဂေါပါ အမည်ရှိ၏၊ ထိုနန္ဒိဂေါပါ၏ လင်ဖြစ်သော အန္ဓကဝေဏ္ဍု မည်သော ကျွန်သည် စောင့်ရှောက်ခြင်းကို ပြု၏၊ ထိုအခါ၌ ဥတ္တရ မဓုရ မည်သော ပြည်၌ မဟာသာဂရမည်သော မင်းသည် မင်းပြု၏။

ထိုမဟာသာဂရမင်းအား သာဂရ,ဥပသာဂရဟူသောသားတော်နှစ်ယောက်တို့သည် ရှိကုန်၏၊ ထိုသားတော်နှစ်ယောက်တို့တွင်လည်း သားတော်အကြီး သာဂရမင်းသားသည် ခမည်းတော် မဟာသာဂရမင်းကြီး နတ်ရွာစံသောအခါ မင်းဖြစ်၏၊ ညီတော် ဥပသာဂရမင်းသည် အိမ်ရှေ့မင်း ဖြစ်၏၊ ထို ဥပသာဂရ မင်းသားသည် ဥပကံသမင်း၏ အဆွေခင်ပွန်းဖြစ်၍ တစ်ဦးသော ဆရာအထံ၌ အတူတကွ အတတ်သင်ဖက်တည်း၊ ထိုအိမ်ရှေ့မင်း ဥပသာဂရသည် နောင်တော် သာဂရမင်း နန်းတွင်း၌ ပြစ်မှား၍ နောင်တော်ကို ကြောက်သည် ဖြစ်၍ ထွက်ပြေးပြီးလျှင် ကံသမင်းတို့၏ သုံးဆောင်ရာ နေရာဖြစ်သော အသိတဉ္ဇနမြို့၌ အိမ်ရှေ့မင်း ဥပကံသ၏ အထံသို့ သွားလေ၏၊ ထို အိမ်ရှေ့မင်း ဥပကံသသည် ထိုဥပသာဂရ အိမ်ရှေ့မင်းကို နောင်တော် ကံသမင်းကြီးအား ပြ၏၊ ကံသမင်းကြီးသည် ထိုဥပသာဂရအား ကြီးစွာသော စည်းစိမ်ကို ပေး၏။

ထိုဥပသာဂရသည် ကံသမင်းကြီးအား ခစားအံ့သောငှာ သွားသည်ရှိသော် နှမတော် ဒေဝဂဗ္ဘာ မင်းသမီး၏ စံရာ တစ်ပင်တိုင် နန်းပြာသာဒ်ကို မြင်၍ ဤပြာသာဒ်သည် အဘယ်သူ၏နေရာပြာသာဒ်နည်းဟု မေး၍ ထိုအကြောင်းကို ကြားသိရလျှင် ဒေဝဂဗ္ဘာ မင်းသမီး၌ တပ်စွန်းသော စိတ်ရှိသည် ဖြစ်၏၊

ဒေဝဂဗ္ဘာ မင်းသမီးသည်လည်း တစ်နေ့သ၌ ဥပသာဂရမင်းသားသည် မောင်တော် ဥပကံသ အိမ်ရှေ့မင်းနှင့်အတူ မင်းအား ခစားခြင်းငှါ လာလတ်သည်ကို မြင်၍ ဤမင်းသားသည် အဘယ်မင်းသားနည်းဟု မေး၏၊ မဟာသာဂရမင်းကြီး၏ သားတော်ဖြစ်သော ဥပသာဂရမင်းသားတည်းဟု နန္ဒိဂေါပါ အမည်ရှိသော အလုပ်အကျွေးထံမှ ကြားသိရလျှင် ထိုဥပသာဂရမင်းသား၌ တပ်စွန်းသော စိတ်ရှိသည် ဖြစ်၏၊ ဥပသာဂရ မင်းသားသည် နန္ဒိဂေါပါမည်သော အထိန်းတော်အား တံစိုးပေး၍လျှင် နှမအား ဒေဝဂဗ္ဘာ မင်းသမီးကိုမြင်ခြင်းငှါ တတ်နိုင်သလောဟု ဆို၏၊ ထိုနန္ဒိဂေါပါမည်သော အထိန်းတော်သည် အရှင်မင်းသား ထိုဒေဝဂဗ္ဘာ မင်းသမီးကို မြင်ခြင်းသည် ငန်မလေးဟု ဆိုပြီး၍ ထိုအကြောင်းကို ဒေဝဂဗ္ဘာ မင်းသမီးအား တင်လျှောက်၏၊ ထိုဒေဝဂဗ္ဘာ မင်းသမီးသည် ကတိအားဖြင့်လည်း ထိုဥပသာဂရမင်းသား၌ တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ ထိုစကားကိုကြားရလျှင် ကောင်းပြီဟု ဝန်ခံ၍ နန္ဒိဂေါပါမည်သော အထိန်းတော်သည် ဥပသာဂရ မင်းသားအား အမှတ်ကို ပေး၍ ညဉ့်အဖို့၌ ထိုဥပသာဂရ မင်းသားကို ပြာသာဒ်သို့ တင်၏။

ဥပသာဂရမင်းသားသည် ဒေဝဂဗ္ဘာ မင်းသမီးနှင့်တကွ မေ့လျော်ပျော်ပါးခြင်းကို ပြု၏၊ ထိုအခါ ထိုနှစ်ယောက်ကုန်သော မင်းသား မင်းသမီးတို့၏ အဖန်တလဲလဲ မေ့လျော်ပျော်ပါးခြင်းကြောင့် ဒေဝဂဗ္ဘာ မင်းသမီးသည် ကိုယ်ဝန်ကိုရ၏၊ နောက်အဖို့၌ ထိုဒေဝဂဗ္ဘာ မင်းသမီးအား ကိုယ်ဝန်တည်ခြင်းသည် ထင်ရှားသည်ဖြစ်၍ မောင်တော်မင်းနှစ်ပါးသည် နန္ဒိဂေါပါကို မေးကုန်၏၊ ထိုနန္ဒိဂေါပါသည် ဘေးမဲ့ကိုတောင်း၍ ထိုအကြောင်းကို ကြားလျှောက်၏၊ ထိုမောင်တော်မင်းနှစ်ပါးတို့သည် ကြားသိရလျှင် နှမတော်ကို ဖျက်ဆီးခြင်းငှါ မတတ်နိုင်ကုန်၊ သမီးကိုတည်း အကယ်၍ဖွားအံ့၊ မဖျက်ဆီးကုန်အံ့၊ သားယောကျ်ားကိုတည်း အကယ်၍ဖွားအံ့၊ ဖျက်ဆီးကုန်အံ့ဟု ကြံ၍ ဒေဝဂဗ္ဘာ မင်းသမီးကို ဥပသာဂရ မင်းသားအားသာလျှင် ပေးကုန်၏၊ ထိုဒေဝဂဗ္ဘာ မင်းသမီးသည် ရင့်သော ကိုယ်ဝန်ရှိသည်ဖြစ်၍ သမီးကို ဖွား၏။

မောင်တော် မင်းနှစ်ပါးတို့သည် ကြားရလျှင် အလွန်နှစ်သက်ကုန်သည် ဖြစ်၍ ထိုတူမတော် မင်းသမီးအား အဉ္စနဒေဝီ ဟူသောအမည်ကို မှည့်ကုန်၏၊ ထိုနှမတော် ယောက်ဖတော်တို့အား ဝဍ္ဎမာနမည်သောရွာကို ကံကျွေးခံ ပေးကုန်၏၊ ဥပသာဂရ မင်းသားသည် မြောက်သားတော် ဒေဝဂဗ္ဘာ မင်းသမီးကို ယူ၍ ဝဍ္ဎမာန မည်သော စားကျေးရွာ၌ နေ၏၊ ဒေဝဂဗ္ဘာ မင်းသမီး၌ တစ်ဖန် ကိုယ်ဝန်တည်ပြန်၏၊ နန္ဒိဂေါပါသည်လည်း ထိုနေ့၌ပင်လျှင် ကိုယ်ဝန် ရ၏၊ ထိုနှစ်ယောက်သော မင်းသမီး ဒေဝဂဗ္ဘာ, အထိန်းတော် နန္ဒိဂေါပါ

တို့သည် ကိုယ်ဝန် ရင့်ကုန်သည်ရှိသော် တစ်နေ့ခြင်းသာလျှင် ဒေဝဂဗ္ဘာ မင်းသမီးသည် သားယောက်ျားကို ဖွား၏၊ အထိန်းတော် နန္ဒိဂေါပါသည် သားမိန်းမကို ဖွား၏၊ ဒေဝဂဗ္ဘာ မင်းသမီးသည် သားကို မောင်တော်ဖျက်ဆီးအံ့သည်မှ ကြောက်သောကြောင့် သားကို နန္ဒိဂေါပါအား လျှို့ဝှက်သောအားဖြင့် ပေးလိုက်၍ ထိုနန္ဒိဂေါပါ၏ သမီးကို ဆောင်ယူခဲ့၏၊ ထိုဒေဝဂဗ္ဘာ မင်းသမီး သားဖွားသောအဖြစ်ကို မောင်တော်တို့အား ကြားလျှောက်ကုန်၏၊ ထိုမောင်တော်တို့သည် သားယောကျ်ားကို ဖွားသလော၊ သားမိန်းမကို ဖွားသလောဟု မေး၍ သားမိန်းမကို ဖွား၏ဟူ၍ တင်လျှောက်သည်ရှိသော် ထိုသို့ သားမိန်းမ ဖွားပါမူကား မွေးလေကုန်ဟု ဆိုကုန်၏၊ ဤသို့သော နည်းအားဖြင့် ဒေဝဂဗ္ဘာ မင်းသမီးသည် တစ်ကျိပ်သော သားတို့ကို ဖွား၏။

နန္ဒိဂေါပါသည် တစ်ကျိပ်သော သမီးတို့ကို ဖွား၏၊ တစ်ကျိပ်သော သားတို့သည် အထိန်းတော် နန္ဒိဂေါပါ၏ အထံ၌ ကြီးကုန်၏၊ တစ်ကျိပ်သော သမီးတို့သည် ဒေဝဂဗ္ဘာ မင်းသမီးအထံ၌ ကြီးကုန်၏၊ ထိုအကြောင်းကို တစ်စုံတစ်ယောက်သောသူသည် မသိ၊ ဒေဝဂဗ္ဘာမင်းသမီး၏ သားတော်အကြီးသည် ဝါသုဒေဝ မည်၏၊ နှစ်ယောက်မြောက်သော သားသည် ဗလဒေဝမည်၏၊ သုံးယောက်မြောက်သော သားသည် စန္ဒဒေဝမည်၏၊ လေးယောက်မြောက်သော သားသည် သူရိယဒေဝ မည်၏၊ ငါးယောက်မြောက်သော သားသည် အဂ္ဂိဒေဝ မည်၏၊ ခြောက်ယောက်မြောက်သော သားသည် ဝရုဏဒေဝ မည်၏၊ ခုနစ်ယောက်မြောက်သော သားသည် အဇ္ဇုန မည်၏၊ ရှစ်ယောက်မြောက်သော သားသည် ပဇ္ဇုန မည်၏၊ ကိုးယောက်မြောက်သော သားသည် ဃဋပဏ္ဍိတ မည်၏၊ ဆယ်ယောက်မြောက်သော သားသည် အင်္ကုရ မည်၏။

ထိုတစ်ကျိပ်သော ညီနောင်တို့သည် အန္ဓကဝေဏှု ကျွန်၏သား ညီနောင် တစ်ကျိပ်ဟူ၍ အလွန်ထင်ရှားသည် ဖြစ်ကုန်၏၊ ထိုတစ်ကျိပ်သော ညီနောင်တို့သည် နောက်အဖို့၌ ကြီးခြင်းသို့ရောက်ကုန်၍ အားအစွမ်းနှင့်ပြည့်စုံကုန်သည် ခက်ထန်ကြမ်းတမ်းကုန်သည်ဖြစ်၍ လုယက်ဖျက်ဆီးခြင်းကို ပြုကုန်လျက် လှည့်ပတ်သွားလာကုန်၏၊ မင်းအား ဆက်ရောက်သော လက်ဆောင်ပဏ္ဏာကိုလည်း လုယက် ဖျက်ဆီးကုန်သည်သာလျှင်တည်း၊ လူတို့သည် စည်းဝေးကုန်၍ အန္ဓကဝေဏှု ကျွန်၏သားဖြစ်ကုန်သော ညီနောင်တစ်ကျိပ်တို့သည် တိုင်းနိုင်ငံကို လုယက်ဖျက်ဆီးကုန်၏ဟု မင်းရင်ပြင်၌ ကြွေးကြော်ကုန်၏၊ ထိုသာမင်းကြီးသည် အန္ဓကဝေဏှုမည်သော ကျွန်ကိုခေါ်၍ အဘယ့်ကြောင့် သားတို့ကို လုယက် ဖျက်ဆီးခြင်းကို ပြုစေသနည်းဟု ခြိမ်းခြောက်၏၊ ဤသို့လျှင် နှစ်ကြိမ်မြောက်

လည်းကောင်း၊ သုံးကြိမ်မြောက်လည်းကောင်းလူတို့သည် ကြွေးကြော်ကုန်သည် ရှိသော် ကံသမင်းကြီးသည် ထိုအန္ဓကဝေဏှုကျွန်ကို ခြိမ်းခြောက်သည်သာလျှင် တည်း၊ ထိုအန္ဓကဝေဏှုသည် သေဘေးမှကြောက်သည်ဖြစ်ရကား အလုံးစုံသော အကြောင်းကိုပြောကြား၏၊ မင်းကြီးသည် အလွန်ကြောက်သည်ဖြစ်၍ အဘယ် သို့သောအကြောင်းဖြင့် ထိုမင်းသားတို့ကို ဖမ်းကုန်အံ့နည်းဟု အမတ်တို့ကို မေး၏၊ အရှင်မင်းကြီး ထိုတစ်ကျိပ်သော ညီနောင်တို့သည် လက်ဝှေ့သတ်ခြင်း လက်ပမ်းလုံးခြင်း၌ ကျူးကုန်၏၊ မြို့တော်၌ လက်ဝှေ့ပွဲသဘင်ကို ပြုစေ၍ ထိုအခါ တစ်ကျိပ်သောညီနောင်တို့ကို လက်ဝှေ့သတ်ရာ ပွဲသဘင်သို့ လာကုန်သော လူတို့ကို ဖမ်းစေ၍ ဆောင်ကုန်အံ့ဟု လျှောက်ကုန်သည်ရှိသော် စာဏူရ မည်သော လက်ပမ်းသည်၊ မုဋ္ဌိက မည်သောလက်ပမ်းသည် ဤနှစ်ယောက်ကုန်သော လက်ပမ်းသည်တို့ကို စေလွှတ်၍ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ လက်ဝှေ့ သတ်ခြင်း လက်ပမ်း လုံးခြင်း ပွဲသဘင်သည် ဖြစ်လတ္တံ့ဟု မြို့၌စည်လည်စေ၍ မင်းရင်ပြင်၌ လက်ဝှေ့ပွဲသဘင် မဏ္ဍပ်ကို စီရင်ပြီးလျှင် သူကောင်ချရာ တွင်းကို တူးစေ၍ လက်ဝှေ့ပွဲသဘင်မဏ္ဍပ်ကို တန်ဆာဆင်၍ တံခွန်ကုက္ကားကို စိုက်စေ ကုန်၏။

မြို့အလုံးသည် အုတ်အုတ်ကျက်ကျက် ရှိသည် ဖြစ်၏၊ လှည်းအဆင့်ဆင့် ညောင်စောင်းအဆင့်ဆင့်ဖွဲ့၍ စာဏူရ လက်ပမ်းသည်၊ မုဋ္ဌိက လက်ပမ်းသည်တို့ သည် လက်ဝှေ့ပွဲသဘင်မဏ္ဍပ်သို့ လာကုန်၍ ကြွေးကြော်ကုန်လျက် ကြုံးဝါး ကုန်လျက် လက်ပမ်းပေါက်ခတ်ကုန်လျက် သွားကုန်၏၊ ညီနောင် တစ်ကျိပ်တို့ သည်လည်း လာလတ်ကုန်၍ ထမင်းရောင်းသောခရီး၊ နံ့သာရောင်းသောခရီး၊ ခဝါသည်ခရီး၌ လုယက်ဖျက်ဆီး၍ နီသောအဆင်းရှိသော ပုဆိုးတို့ကို ဝတ်၍ နံ့သာရောင်းသောဈေးတို့၌ နံ့သာကို၊ ပန်းရောင်းသောဈေးတို့၌ ပန်းကို လုယက် ၍ နံ့သာကို လိမ်းပြီးသော ကိုယ်ရှိကုန်သည်ဖြစ်၍ ပန်းပန်ကုန်လျက် ရွှေနား တောင်းဝတ်လျက် ကြွေးကြော်ကုန်လျက် လက်ပမ်းပေါက် ခတ်ကုန်လျက် လက်ဝှေ့ပွဲသဘင်သို့ ဝင်လာကြကုန်၏၊ ထိုခဏ၌ စာဏူရ မည်သောလက်ပမ်းသည် သည် လက်ပမ်းပေါက်ခတ်လျက် ပွဲသဘင်အလယ်၌ လှည့်ပတ်၏၊ ဗလဒေဝ မင်းသားသည် ထိုစာဏူရမည်သော လက်ပမ်းသည်ကို မြင်၍ ထိုလက်ပမ်းသည် ကို လက်ဖြင့် မထိစေအံ့ဟု ဆင်တင်းကုပ်မှ ကြီးစွာသော ဆင်ချည်ကြိုးကို ယူ၍ ကြွေးကြော် ကြုံးဝါးလျက် ဆင်ချည်ကြိုးကို ပစ်၍ စာဏူရ လက်ပမ်းသည်ကို ဝမ်း၌ရစ်၍ လွန်စ နှစ်ဖက်တို့သို့ တစ်ပေါင်းတည်းပြု၍ ကျစ်ပြီးလျှင် မြှောက်၍ ဦးခေါင်းထက်၌ ချာချာလှည့်၍ မြေ၌ရိုက်ခတ်သတ်ပြီးလျှင် ပွဲပြင်၌ သူကောင် ချရာ တူးသောတွင်းသို့ ပစ်လိုက်၏၊ စာဏူရ လက်ပမ်းသည် သေသည်ရှိသော် ကံသမင်းကြီးသည် မုဋ္ဌိကမည်သော လက်ပမ်းသည်ကို စေ၏၊ ထိုမုဋ္ဌိကလက်ပမ်း သည်သည် ယ၍ ကြွေးကြော် ကြုံးဝါး၍ လက်ပမ်းပေါက်ခတ်၏၊ ဗလဒေဝ

မင်းသားသည် ထိုမုဋ္ဌိကမည်သော လက်ပမ်းသည်ကို ပုတ်ခတ်၍ အရိုးတို့ကို မှုန့်မှုန့်ညက်ညက် ကြေစေ၍ လက်ပမ်းသည် ဟူသည် အမောင်လောဟု မေး၍ ငါ လက်ပမ်းသည် တကား ဟူ၍ ဆို၏။

ထိုသို့ ဆိုစဉ်ပင်လျှင် ငါသည် နင်လက်ပမ်းသည် ဟုတ်သည်၏ အဖြစ်ကို လည်းကောင်း, လက်ပမ်းသည် မဟုတ်သည်၏အဖြစ်ကို လည်းကောင်း မသိဟု လက်ကိုကိုင်၍ မြေ၌ရိုက်ခတ်၍ ဒသကင်ကုန်ခြင်းသို့ ရောက်စေပြီးလျှင် ပွဲပြင်၌ သူကောင်ချရာ တူးသော တွင်းသို့ ပစ်ချလိုက်၏၊ မုဋ္ဌိက လက်ပမ်းသည်သည် ဘီလူးကြီးဖြစ်၍ ထိုမင်းသားကို စားရလို၏ဟု ဆုတောင်းခြင်းကို ဖြစ်စေ၏၊ ထိုမုဋ္ဌိကလက်ပမ်းသည်သည် ကာလမတ္တိက မည်သော တောအုပ်၌ ဘီလူးကြီး ဖြစ်၏၊ ဦးရီးတော် ကံသမင်းကြီးသည် ကျွန်သားညီနောင် တစ်ကျိပ်တို့ကို ဖမ်းကြကုန်ဟု ထ၏၊ ထိုသို့ ထသောအခါ၌ ဝါသုဒေဝ မင်းသားသည် စက်လက်နက်ကို ပစ်၏၊ ထိုစက်လက်နက်သည် ဦးရီးတော် ညီနောင် မင်းနှစ်ပါးတို့၏ ဦးခေါင်းသို့ ကျစေ၏၊ လူများအပေါင်းသည် ကြောက်ထိတ်လန့်သည်ဖြစ်၍ အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဖြစ်ပါကုန်လောဟု ဆို၍ ထိုညီနောင် တစ်ကျိပ်တို့၏ ခြေတို့၌ ဝပ်၍လျှောက်၏။

ထိုညီနောင်တစ်ကျိပ်တို့သည် ဦးရီးတော် မင်းနှစ်ပါးတို့ကို သတ်၍ အသိတဉ္ဇနမြို့၌ မင်းစည်းစိမ်ကို ယူ၍ မယ်တော် ခမည်းတော်တို့ကို အသိတဉ္ဇနမြို့၌ ထား၍ နေကုန်၏၊ ထိုတစ်ကျိပ်သော မင်းညီနောင်တို့သည် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ရှိသော မင်းအဖြစ်ကို ယူကုန်အံ့ဟု မြို့မှ ထွက်၍ အစဉ်သဖြင့် ကာဠယောနက မည်သော မင်း၏နေရာဖြစ်သော အယုဇ္ဈမြို့သို့ရောက်လျှင် မြို့ကိုခြံရံ၍ တည်သော ကျူးသစ်ပင် ချုံပိတ်ပေါင်းတို့ကို ထွင်ပြီးလျှင် မြို့တံတိုင်းကို ဖျက်ဆီး၍ယောနက မင်းကို ဖမ်းယူပြီးလျှင် ထိုအယုဇ္ဈပြည်ကို မိမိတို့လက်သို့ ရောက်သည်ကို ပြု၍ ဒွါရာဝတီပြည်သို့ ရောက်လေကုန်၏၊ ထိုဒွါရဝတီမြို့၏ တစ်ဖက်မျက်နှာမှာကား သမုဒ္ဒရာ, တစ်ဖက်မျက်နှာမှာကား တောင်ရှိ၏။ ထိုဒွါရာဝတီမြို့ကို ဘီလူးတို့သည် သိမ်းဆည်းသည် ဖြစ်သတတ်၊ ထိုမြို့ကို စောင့်ရှောက်သောဘီလူးတို့သည် ရန်သူတို့ကို မြင်၍ မြည်း၏ အသွင်ဖြင့် မြည်းသံကို မြည်၏။

ထိုသို့ မြည်သောခဏ၌ ဘီလူးတို့၏ အာနုဘော်ဖြင့် မြို့အလုံးသည် ကောင်းကင်သို့ ပျံတက်၍ မဟာသမုဒ္ဒရာဝယ် ကျွန်းငယ်တစ်ခု၌ တည်၏၊ ရန်သူတို့သွားကုန်သည်ရှိသော် တစ်ဖန်ပြန်လတ်၍ မိမိနေရာ၌သာလျှင် တည်၏၊ ထိုမင်းညီနောင် တစ်ကျိပ်တို့ ရောက်လာသော အခါ၌လည်း မြည်းယောင် ဆောင်သော ဘီလူးသည် ထိုမင်းညီနောင်တစ်ကျိပ်တို့၏ လာခြင်းကို သိ၍

မြည်း၏ မြည်ခြင်းကို မြည်၏၊ ထိုမြို့သည် ကောင်းကင်သို့ ပျံတက်၍ သမုဒ္ဒရာ ကျွန်းငယ်၌ တည်၏၊ ထိုညီနောင်မင်းတို့သည် မြို့ကို မမြင်ကုန်၍ ပြန်ကုန်သည် ရှိသော် တစ်ဖန် လာပြန်၍ မိမိနေရာ အရပ်၌ တည်၏။

ထိုမင်းညီနောင်တို့သည် ဒွါရာဝတီမြို့သို့ တစ်ဖန်ပြန်လာကုန်၏၊ တစ်ဖန် လည်း မြည်းသည် ထိုနေ့အတူသာလျှင် ပြု၏၊ ထိုမင်းညီနောင် တစ်ကျိပ်တို့ သည် ဒွါရာဝတီပြည်၌ မင်းအဖြစ်ကို ယူခြင်းငှါ မတတ်နိုင်သည် ဖြစ်၍ ကဏှ ဒီပါယန အမည်ရှိသော ရသေ့အထံသို့ သွားပြီးလျှင် နှုတ်ဆက်ကုန်၍ အရှင်ဘုရား အကျွန်ုပ်တို့သည် ဒွါရာဝတီမြို့၌ မင်းအဖြစ်ကို ယူခြင်းငှါ မတတ်နိုင်ပါကုန်၊ အကျွန်ုပ်တို့အား ဝ စ်ခုသော အကြောင်းကို ပြုတော်မူပါကုန်လော့ဟု မေး၍ ကျုံးအပြင်အရပ်၌ တစ်ကောင်သောမြည်းသည်ရှိ၏၊ ထိုမြည်းသည်လျှင် ရန်သူ တို့ကို မြင်၍ မြည်၏၊ထိုမြည်သောခဏ၌မြို့သည် ပျံသွား၏၊သင်တို့သည် ထိုမြည်း၏ ခြေတို့ကို ကိုင်လေကုန်၊ ဤသည်လျှင် သင်တို့၏ အလိုပြီးခြင်း၏ အကြောင်း တည်းဟု ဆိုလတ်သော် ထိုမင်းညီနောင် တစ်ကျိပ်တို့သည် ရှင်ရသေ့ကို နှုတ်ဆက်ပြီးလျှင် သွားလေ၍ ထိုတစ်ကျိပ်သော မင်းညီနောင်ပင်လျှင် မြည်း၏ ခြေ၌ ကိုင်ပြီး ငပ်၍ အရှင့်ကို ထား၍ အရှင်မှ တစ်ပါးသောသူသည် ကိုးကွယ်ရာ မရှိပါ၊ ငါတို့မြို့ကို သိမ်းယူသောအခါ မမြည်ပါလင့်ဟု တောင်းပန်ကုန်၏။

မြည်းသည် ငါသည် မမြည်ဘဲ နေခြင်းငှါ မတတ်ကောင်း၊ သင်မင်းသားတို့ သည်ကား ရှေးဦးစွာ လာလတ်ကုန်၍ လေးယောက်ကုန်သော သူတို့သည် ကြီးစွာသော သံချောင်းတို့ကို ယူ၍ မြို့တံခါး လေးမျက်နှာတို့၌ ကြီးစွာသော သံတံသင်းတို့ကို မြေ၌စိုက်၍ မြို့၏ပျံအံ့သော ကာလ၌ သံချောင်း တို့ကို ကိုင်၍ သံချောင်း၌ ဖွဲ့အပ်သော သံကြိုးကို သံတံသင်း၌ စွပ်လေကုန်၊ မြို့သည် ပျံခြင်းငှါ မတတ်နိုင်လတ္တံ့ဟု ဆို၏၊ ထိုမင်းညီနောင်တို့သည် ကောင်း ပြီဟု ဆိုလေ၍ ထိုနေ့ညသန်းခေါင်ယံ၌ပင်လျှင် သံချောင်းတို့ကို ယူ၍ မြို့တံခါး လေးမျက်နှာတို့၌ သံတံသင်းတို့ကို မြေ၌ စိုက်၍ တည်ကုန်၏၊ ထိုခဏ၌မြည်း သည် မြည်၏၊ မြို့သည် ပျံခြင်းငှါ အားထုတ်၏၊ တံခါး လေးမျက်နှာတို့၌ တည် ကုန်သော မင်းသားတို့သည် လေးခုသော သံချောင်းတို့ဖြင့် ကိုင်ကုန်၍ သံချောင်း၌ ဖွဲ့အပ်သော သံကြိုးတို့ကို သံတံသင်းတို့၌ ဖွဲ့ကုန်၏၊ မြို့သည် ပျံခြင်းငှါ မတတ်နိုင်၊ မင်းညီနောင် တစ်ကျိပ်တို့သည် ထိုနောင်မှ မြို့သို့ဝင်ပြီးလျှင် မင်းကိုသတ်၍ ဒွါရာဝတီပြည်ကို ယူကုန်၏၊ ဤသို့လျှင် ထိုမင်းညီနောင် တစ်ကျိပ်တို့သည် ဇမ္ဗူဒိပ်ကျွန်း အလုံးဝယ် ခြောက်သောင်း သုံးထောင်သော မြို့တို့၌ ခြောက်သောင်းသုံးထောင်သောမင်းတို့ကို စက်လက်နက်ဖြင့် အသက်

ကုန်ခြင်းသို့ ရောက်စေ၍ ဒွါရာဝတီပြည်ကြီး၌ နေကုန်လျက် ပြည်ထောင် အပေါင်းတို့ကို ဆယ်စု စု၍ ခွဲဝေကုန်၏။

နှမတော်အဉ္ဇနဒေဝီကိုကား မအောက်မေ့မိကုန်၊ ထိုနောင် တစ်ဖန် ဆယ့်တစ်စုစု၍ဝေအံ့ဟုဆိုသည်ရှိသော် အင်္ကုရမင်းသားသည် ဒေ ကျွန်ုပ်၏အစုတစ်စုကို နှမတော်အဉ္ဇနဒေဝီအား ပေးတော်မူကုန်လော့၊ အကျွန်ုပ်သည် ကုန်သွယ်ခြင်းကို ပြု၍ အသက်မွေးပါအံ့၊ စင်စစ်သော်ကား နောင်တော်တို့သည် မိမိတို့၏ ဇနပုဒ်၌ အကျွန်ုပ်အား ကင်းခွန်ကိုသာ လွှတ်တော် မူကုန်လော့ဟု ဆို၏၊ ထိုနောင်တော် မင်းတို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ ထိုအင်္ကုရ မင်းသား၏ အစုကို နှမတော် အဉ္ဇနဒေဝီအား ပေး၍ ထိုနှမတော် အဉ္ဇနဒေဝီနှင့်တကွ ကိုးယောက်ကုန်သော မင်းတို့သည် ဒွါရာဝတီပြည်ကြီး၌ နေကုန်၏၊ ညီတော် အင်္ကုရမင်းသားသည်ကား ကုန်သွယ်ခြင်းကို ပြု၏၊ ဤသို့လျှင် ထိုမင်းသား ညီနောင်တို့သည် နောက်အဖို့၌ သားသမီးတို့ဖြင့် ပွားများကုန်သည် ဖြစ်သော် ရှည်မြင့်စွာသော ကာလလွန်လတ်သော် မယ်တော် ခမည်းတော်တို့သည် သေကုန်၏။

ထိုအခါ လူတို့၏ အသက် တစ်သောင်းရှည်သော ကာလ၌ ဖြစ်သတတ်၊ ထိုအခါ ဝါသုဒေဝမင်းကြီး၏ သားတော် တစ်ယောက်သည် သေ၏၊ ဝါသုဒေဝ မင်းကြီးသည် စိုးရိမ်သောက နှိပ်စက်သည်ဖြစ်၍ အလုံးစုံသော အမှုကိစ္စတို့ကို ပယ်၍ ညောင်စောင်းပေါင်၌ ဖက်၍ ငိုမြည်တမ်းလျက် လျောင်း၏၊ ထိုအခါ ညီတော်ဃဋပဏ္ဍိတမင်းသားသည် ကြံ၏၊ ငါ့ကိုထား၍ ငါမှတစ်ပါးသော တစ်စုံ တစ်ယောက်သောသူသည် နောင်တော်မင်းကြီး၏ စိုးရိမ်ခြင်းကို ပျောက်ခြင်းငှါ စွမ်းနိုင်သောသူ မည်သည် မရှိ၊ သင့်သောအကြောင်းဖြင့် ထိုနောင်တော်မင်းကြီး ၏ စိုးရိမ်ခြင်းကို ပျောက်အံ့ဟုကြံ၏၊ ကြံပြီး၍ ထိုဃဋပဏ္ဍိတ မင်းသားသည် သူရူးအသွင်ကို ယူ၍ ငါ့အား ယုန်ကို ပေးကုန်လော့၊ ငါ့အား ယုန်ကိုပေးကုန် လော့ ဟုဆို၍ ကောင်းကင်သို့ ကြည့်လျက် မြို့အလုံးကို လှည့်လည်၏၊ ဃဋပဏ္ဍိတ မင်းသားသည် ရူးသည်ဖြစ်၏ဟု မြို့အလုံးသည် ချောက်ချား၏၊ ထိုခဏ၌ ရောဟိဏေယျ အမည်ရှိသော အမတ်သည် ဝါသုဒေဝ မင်းကြီးအထံသို့ သွား၍ ထိုဝါသုဒေဝမင်းကြီးနှင့်တကွ စကားကို ဖြစ်စေလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏—

၁၆၅။ ဥဋ္ဌေဟိ ကဏှ ကိံ သေသိ၊ ကော အတ္ထော သုပနေန တေ။
ယောပိ တုယှံ သကော ဘာတာ၊ ဟဒယံ စက္ခု စ ဒက္ခိဏံ။
တဿ ဝါတာ ဗလီယန္တိ၊ ဃဋော ဇပ္ပတိ ကေသဝ။

တင့်တယ်သော ဆံရှိသော ကဏှာယနအနွယ် ဖြစ်တော်မူသော အရှင်မင်းကြီး၊ ထတော်မူပါလော့။ အဘယ်ကြောင့် အိပ်တော်မူသနည်း။ အရှင်မင်းကြီးအား အိပ်နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရှင်မင်းကြီး၏ ညီတော်ရင်းဖြစ်သော အရှင်မင်းကြီး၏ နှလုံးသည်းပွတ်နှင့် လည်းတူသော လက်ယာမျက်စိတော်နှင့်လည်းတူသော ထိုညီတော် ဃဋပဏ္ဍိတမင်းသား၏ နှလုံးကို လေတို့သည် ပျံ့လွင့်လွှမ်းမိုးကုန်သောကြောင့် ညီတော်ဃဋပဏ္ဍိတ မင်းသားသည် ငါ့အား ယုန်ကို ပေးလော့, ငါ့အား ယုန်ကို ပေးလော့ဟု မြည်တမ်း၏။

ဤသို့ ရောဟိဏေယျ မည်သော အမတ်သည် လျှောက်သည်ရှိသော် ညီတော် ဃဋပဏ္ဍိတမင်းသား၏ ရူးသောအဖြစ်ကို သိ၍ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၁၆၆။ တဿ တံ ဝစနံ သုတွာ၊ ရောဟိဏေယျဿ ကေသဝေါ။
တရမာနရူပေါ ဝုဋ္ဌာသိ၊ ဘာတုသောကေန အဋ္ဋိတော။

ရဟန်းတို့၊ တင့်တယ်သော ဆံပင်ရှိသော နောင်တော် ဝါသုဒေဝမင်းကြီးသည် ရောဟိဏေယျ အမည်ရှိသော ထိုအမတ်၏ စကားကိုကြား၍ ညီတော် ဃဋပဏ္ဍိတ၌ စိုးရိမ်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ အဆောတလျင် ထ၏။

ဝါသုဒေဝမင်းကြီးသည် ထပြီး၍ လျင်မြန်စွာ ပြာသာဒ်ထက်မှ ဆင်းသက်၍ ညီတော် ဃဋပဏ္ဍိတမင်းသားထံသို့သွား၍ လက်နှစ်ဖက်တို့၌ကိုင်၍ ဃဋပဏ္ဍိတနှင့် စကားပြောလိုရကား ဤဂါထာကို ဆို၏—

၁၆၇။ ကိန္နု ဥမ္မတ္တရူပေါဝ၊ ကေဝလံ ဒွါရကံ ဣမံ။
“သသော သသော”တိ လပသိ၊ ကော နု တေ သသမာဟရိ။

ညီထွေး အဘယ့်ကြောင့်လျှင် ရူးသောသူကဲ့သို့ရှိသည် ဖြစ်သနည်း။ အဘယ့်ကြောင့် အလုံးစုံသော ဤဒွါရာဝတီမြို့ကို လှည့်ပတ်လျက် ယုန်ပေးပါ, ယုန်ပေးပါဟူ၍ မြည်တမ်းဘိသနည်း။ အဘယ်သူသည်လျှင် သင်ညီချစ်၏ယုန်ကို ခိုးယူလေသနည်း။

ထိုဃဋပဏ္ဍိတမင်းသားသည် နောင်တော် ဝါသုဒေဝမင်းကြီးဆိုသော်လည်း အဖန်ဖန်လဲလဲ ယုန်ပေးပါ, ယုန်ပေးပါ ဟူသော စကားကိုသာလျှင် ဆို၏၊ နောင်တော် ဝါသုဒေဝမင်းကြီးသည် ဤဂါထာတို့ကို ဆို၏—

၁၆၈။ သောဝဏ္ဏမယံ မဏိမယံ၊ လောဟမယံ အထ ရူပိယာမယံ။
သင်္ခ သိလာပဝါဠမယံ၊ ကာရယိဿာမိ တေ သသံ။

၁၆၉။ သန္တိ အညေပိ သသကာ၊ အရညေ ဝနဂေါစရာ။
တေပိ တေ အာနယိဿာမိ၊ ကီဒိသံ သသမိစ္ဆသိ။

ညီထွေး သင့်ညီချစ်အား ရွှေဖြင့်ပြီးသော ယုန်ကိုလည်းကောင်း၊ ပတ္တမြားဖြင့်ပြီးသော ယုန်ကိုလည်းကောင်း၊ ကြေးဖြင့်ပြီးသော ယုန်ကိုလည်းကောင်း၊ ထိုမှတစ်ပါး ငွေဖြင့်ပြီးသော ယုန်ကိုလည်းကောင်း၊ ခရုသင်း, ကျောက်သလင်း, သန္တာဖြင့်ပြီးသော ယုန်ကိုလည်းကောင်း ပြုစေအံ့။

တစ်ပါးလည်းဖြစ်ကုန်သော တော၌ ဘော၌သာလျှင် ကျက်စားရာရှိကုန်သော ထိုတော၌နေသော ယုန်တို့ကိုလည်း သင်ညီချစ်အား ဆောင်၍ ပေးအံ့။ အဘယ်သို့သဘောရှိသော ယုန်ကို သင်ညီချစ်သည် အလိုရှိသနည်း။

နောင်တော် ဝါသုဒေဝမင်းကြီး၏ စကားကို ကြား၍ ညီတော် ဃဋပဏ္ဍိတ မင်းသားသည် ဤဂါထာကို ဆို၏—

၁၇၀။ န စာဟ မေတေ ဣစ္ဆာမိ၊ ယေ သသာ ပထဝိဿိတာ။
စန္ဒတော သသမိစ္ဆာမိ၊ တံ မေ ဩဟရ ကေသဝ။

ကေသဝ အမည်ရှိသော နောင်တော်မင်းမြတ် မြေကိုမှီ၍ နေကုန်သော ယုန်တို့ကို ငါသည် အလိုမရှိ။ လကိုမှီသောယုန်ကို ငါ့အား ချဆောင်တော်မူလော့။

နောင်တော် ဝါသုဒေဝ မင်းကြီးသည် ညီတော် ဃဋပဏ္ဍိတ စကားကို ကြား၍မချွတ်သျှင် ညီတော်သည် ရူးသည် သာလျှင် ဖြစ်ချေပြီဟု နှလုံးမသာခြင်းသို့ ရောက်သည်ဖြစ်၍ ဤဂါထာကို ဆို၏—

၁၇၁။ သော နူန မဓုရံ ဉာတိ၊ ဇီဝိတံ ဝိဇဟိဿသိ။
အပတ္ထိယံ ယော ပတ္ထယသိ၊ စန္ဒတော သသမိစ္ဆသိ။

ညီထွေး ထိုညီချစ်သည် မတောင့်တအပ်သော လမှ ထိုယုန်ကို တောင့်တဘိ၏။ ထိုညီချစ်သည် ကောင်းမြတ်လှစွာသော အသက်ကိုသော်လည်း စွန့်ရအံ့သည်တကား။ လ၌ ထင်သောယုန်ကို မရနိုင်လတ္တံ့။

ဃဋပဏ္ဍိတမင်းသားသည် နောင်တော် ဝါသုဒေဝ မင်းကြီး၏ စကားကို ကြားလျှင် မတုန်မလှုပ် ရပ်၍ နောင်တော်မင်းမြတ် သင်နောင်တော်မင်းမြတ် သည် လမှ ယုန်ကို တောင့်တသော အကျွန်ုပ်အား ထိုယုန်ကို မရနိုင်၍သာလျှင် အသက်ကုန်အံ့သော အဖြစ်ကို သိပါလျက် အဘယ့်ကြောင့် သေလေပြီးသော သားတော်ကို စိုးရိမ်ဘိသနည်းဟု ဆို၍ ဤဂါထာကို ဆို၏—

၁၇၂။ ဧဝံ စေ ကဏှ ဇာနာသိ၊ ယဒညမနုသာသသိ။

ကသ္မာ ပုရေ မတံ ပုတ္တံ၊ အဇ္ဇာပိ မနုသောစသိ။

ကဏှအနွယ်ဖြစ်တော်မူသော နောင်တော်မင်းမြတ် ဤသို့ အကယ်၍ သိသည်ဖြစ်၍ တစ်ပါးသောသူကို အကယ်၍ ဆုံးမသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ပါ လျက် ရှေး၌လေးလအထက်၌ သေလေပြီးသော သားတော်ကို အဘယ့်ကြောင့် ယခုထက်တိုင်အောင်လည်း စိုးရိမ်ဘိသနည်း။

ဤသို့လျှင် ဃဋပဏ္ဍိတ မင်းသားသည် ခရီး၌ ရပ်လျက်သာလျှင် နောင်တော် မင်းမြတ် အကျွန်ုပ်သည် တိုမျှလောက် ထင်ရှားသော ယုန်ကို တောင့်တ၏၊ နောင်တော် မင်းမြတ်သည်မူကား မထင်သော သားတော်၏ အကျိုးငှါ စိုးရိမ်ဘိ၏ဟု ဆို၍ ထိုနောင်တော် ဝါသုဒေဝ မင်းအား တရား ဟောလိုရကား ဤဂါထာတို့ကို ဆို၏—

၁၇၃။ ယံ န လဗ္ဘာ မနုဿေန၊ အမနုဿေန ဝါ ပုန။

ဇာတော မေ မာ မရီ ပုတ္တော၊ ကုတော လဗ္ဘာ အလဗ္ဘိယံ။

၁၇၄။ န မန္တာ မူလဘေသဇ္ဇာ၊ ဩသဓေဟိ ဓနေန ဝါ။

သက္ကာ အာနယိတုံ ကဏှ၊ ယံ ပေတမနုသောစသိ။

နောင်တော်မင်းမြတ် ဖြစ်ပြီးသော ငါ၏သားသည် တစ်ဖန် မသေပါစေလင့်၊ ဤသို့ အကြင်မသေအံ့သော သဘောကို လူသည်လည်းကောင်း နတ်ပြဟ္မာသည် လည်းကောင်း မရအပ်ကုန်သောကြောင့် တောင့်တ၍ မရအပ်သော သဘောကို အဘယ်မှာ ရနိုင်အံ့နည်း။

ကဏှာယနအနွယ်ဖြစ်တော်မူသော နောင်တော်မင်းမြတ် သင်နောင်တော် မင်းမြတ်သည် တမလွန်ဘဝသို့ သွားလေပြီးသောသူကို စိုးရိမ်ပူဆွေး၍ မန္တရား ဗေဒင်ဖြင့်လည်းကောင်း၊ အမြစ်ပေါင်းဆေးဖြင့်လည်းကောင်း၊ အထူးထူးသော

ဆေးတို့ဖြင့်လည်းကောင်း,ဥစ္စာပေးသဖြင့်လည်းကောင်း တစ်ဖန် ဆောင်ခြင်းငှါ မတတ်ကောင်း။

နောင်တော် ဝါသုဒေဝ မင်းကြီးသည် ညီတော် ဃဋပဏ္ဍိတ မင်းသား၏ စကားကို ကြား၍ ညီချစ် ဃဋပဏ္ဍိတ အမောင့်စကား သင့်လှပေပြီ၊ ငါသည် သတိရပြီ၊ ငါ့အား စိုးရိမ်သောက ဗျာပါရတို့ကို ဖျောက်ခြင်းငှါ သင်ညီချစ် သည် ဤသို့သော အမှုအရာကို ပြုပေ၏ ဟု ညီတော်ဃဋပဏ္ဍိတ မင်းသားကို ချီးမွမ်းလိုရကား ဤဂါထာတို့ကို ဆို၏-

၁၇၅။ ယဿ ဧတာဒိသာ အဿု၊ အမစ္စာ ပုရိသပဏ္ဍိတာ။
ယထာ နိဇ္ဈာပယေ အဇ္ဇ၊ ဃဋော ပုရိသပဏ္ဍိတော။

၁၇၆။ အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါဝကံ။
ဝါရိနာ ဝိယ ဩသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။

၁၇၇။ အဗ္ဗဟီ ဝတ မေ သလ္လံ၊ ယမာသိ ဟဒယဿိတံ။
ယော မေ သောကပရေတဿ၊ ပုတ္တသောကံ အပါနုဒိ။

၁၇၈။ သောဟံ အဗ္ဗူဠ္ဟသလ္လောသ္မိ၊ ဝီတသောကော အနာဝိလော။
န သောစာမိ န ရောဒါမိ၊ ဝတ သုတွာန မာဏဝ။

ထိုအမတ်အပေါင်းတို့ ပညာရှိသောကျွန်းမြတ်ဖြစ်သော ညီတော်ဃဋပဏ္ဍိတ သည် ယနေ့ စိုးရိမ်ခြင်း နှိပ်စက်ခံနေရသော ငါ့ကို သိမ်မွေ့သောအကြောင်း ဥပမာမျိုးဖြင့် ပြတတ်သော သဘောရှိသော အမတ်ပညာရှိ ယောကျ်ားတို့နှင့် ပြည့်စုံသော မင်းအား အဘယ်မှာ စိုးရိမ်သောက ရှိရတော့အံ့နည်း။

ထောပတ်ဖြင့် သွန်းလောင်းအပ်သည်သာလျှင် ဖြစ်သော မီးကို ရေဖြင့် သွန်းလောင်း၍ငြိမ်းစေဘိသကဲ့သို့ သို့အတူ သောကတည်းဟူသော မီးလောင်၍ နေသော ငါ့ကို စင်စစ် ငြိမ်းစေပြီ။ အလုံးစုံသော ကိုယ်၏ ပူပန်ခြင်း စိတ်ပူပန်ခြင်းကို ငြိမ်းစေပြီ။

အကြင် ငါ့ညီ ဃဋပဏ္ဍိတသည် စိုးရိမ်ခြင်းသည် နှိပ်စက်အပ်သော ငါ၏သား သေလွန်ခြင်းကြောင့် ဖြစ်သော စိုးရိမ်ခြင်းကို ပယ်ဖျောက်၏။ နှလုံးကိုမှီသော ငါ၏ စိုးရိမ်ခြင်း တည်းဟူသောငြောင့်ကို ထို ငါ့ညီ ဃဋပဏ္ဍိတ သည် နုတ်အပ်စွတကား။

ညီတော်သဋ္ဌပဏ္ဍိတ သင်ညီချစ်၏ စကားကို နာရ၍ ထိုငါသည် နှုတ်အပ်ပြီးသော စိုးရိမ်ခြင်းတည်းဟူသော ငြောင့်ရှိသည် ဖြစ်ပြီ။ စိုးရိမ်ခြင်း ကင်းသည် မနောက်ကျုသည် ဖြစ်ပြီ။ ယခုအခါ မစိုးရိမ် မငိုကြွေး။

အဆုံး၌ ဤဂါထာတို့ကို မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးမှ ဟောတော်မူ၏—

၁၇၉။ ဧဝံ ကရောန္တိ သပ္ပညာ၊ ယေ ဟောန္တိ အနုကမ္ပကာ။
နိဝတ္တယန္တိ သောကမှာ၊ ဃဋော ဇေဋ္ဌံဝ ဘာတရံ။

ရဟန်းတို့ နောင်တော်ကြီးဖြစ်သော အစ်ကို ဝါသုဒေဝမင်းကြီးကို ညီတော်ဃဋပဏ္ဍိတသည် စိုးရိမ်ခြင်းမှ နစ်စေသကဲ့သို့ ပညာရှိကုန်သော သနား ကရုဏာရှိကုန်သော ထိုသူတို့သည် ဤဃဋပဏ္ဍိတအတူလျှင် ပြုကုန်မြဲတည်း။ စိုးရိမ်ခြင်းမှ နစ်စေကုန်မြဲတည်း။

ဤသို့လျှင် ညီတော်ဃဋပဏ္ဍိတမင်းသားသည် အကြောင်းဥပမာဆောင်၍ ငြိမ်းစေအပ်သော စိုးရိမ်ခြင်းရှိသော နောင်တော် ဝါသုဒေဝ မင်းကြီးသည် ပြည်သူအပေါင်းကို ဆုံးမလျက်ရှည်မြင့်စွာသောကာလကို လွန်သဖြင့် ညီနောင် မင်းတစ်ကျိပ်တို့၏ သားတော် ဖြစ်ကုန်သော မင်းသားတို့သည် ကြံကြကုန်၏၊ အရှင်ကဏှဒီပါယန ရသေ့ကို ဒိဗ္ဗစက္ခုအဘိညာဉ်ရှိ၏ ဟူ၍ ဆိုကုန်၏၊ စုံစမ်း ကုန်အံ့ဟု ထိုမင်းသားတို့သည် တစ်ယောက်သော မင်းသားငယ်ကို တန်ဆာဆင် ၍ ကိုယ်ဝန်ရှိသော အခြင်းအရာကို ပြု၍ ဝမ်း၌သားရေကို ဖွဲ့၍ ထိုရှင်ရသေ့၏ အထံသို့ ဆောင်ပြီးလျှင် အရှင်ဘုရား ဤသူငယ်မသည် အဘယ်ကိုဖွားလတ်အံ့ နည်းဟု မေးကုန်၏၊ ကဏှဒီပါယန ရှင်ရသေ့သည် ဒိဗ္ဗစက္ခုဖြင့် ကြည့်သည်ရှိ သော် ညီနောင်တစ်ကျိပ်မင်းတို့၏ ပျက်စီးအံ့သောအခါရောက်ပြီ၊ ငါ၏ အာယု သင်္ခါရသည်ကား အဘယ်သို့ သဘောရှိသနည်းဟု ကြည့်လတ်သော် ယနေ့ ပင်လျှင် ငါ့အား သေခြင်းသည်ဖြစ်လတ္တံ့ဟုသိ၍ မင်းသားတို့ ဤသားဖွားအံ့ သော အကြောင်းဖြင့် သင်မင်းသားတို့အား အဘယ်အကျိုးရှိအံ့နည်းဟု ဆို၏၊ အရှင်ဘုရား ဆိုတော်မူကုန်လော့ဟု ဆိုသည်ရှိသော် ဤသူငယ်မသည် ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ရှားတုံးကို ဖွားလတ္တံ့၊ ထိုရှားတုံးဖြင့် ဝါသုဒေဝ မင်းမျိုးသည်ပျက်စီးလတ္တံ့၊ စင်စစ်သော်ကား သင်မင်းသားတို့သည် ဖွားလတ္တံ့ သော ရှားတုံးကိုယူ၍ မီးဖုတ်ပြီးလျှင် ပြာကို မြစ်ပြင်၌ ချလေကုန်လော့ဟု ဆို၏၊ ထိုသို့ဆိုသောအခါ၌ ထိုကဏှပါယန ရသေ့ကို မင်းသားတို့သည် ဟယ်....စဉ်းလဲသောရသေ့ ယောကျ်ားသည် သားဖွားသော မည်သည် မရှိ

တကားဟုဆို၍ ရက်ကန်းကြိုးဖြင့် ထန်းဖူးစည်း စည်း၍ ညှဉ်းဆဲခြင်းမည်သည် ကိုပြုကုန်၍ ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏။

မင်းကြီးတို့သည် မင်းသားငယ်ကို ခေါ်စေ၍ အဘယ့်ကြောင့် ရှင်ရသေ့ကို သတ်ကုန်သနည်းဟု မေး၍ အလုံးစုံသော စကားကိုကြားရလျှင် ကြောက်ကုန်သည် ဖြစ်၍ ထိုသူငယ်အား အစောင့်အရှောက်ကို ပေးပြီးလျှင် ခုနစ်ရက်မြောက်သောနေ့၌ ထိုသူငယ်၏ ဝမ်းမှဖွားသော ရှားတိုးကို မီးဖုတ်၍ ပြာကိုမြစ်၌ ပစ်ချကုန်၏၊ ထိုပြာသည် မြစ်၌ မျောသည်ရှိသော် မြစ်ဝနံပါးတစ်ဘက်၌တင်လေ၏၊ ထိုနောက်မှ ပြိန်းမြက်သည် ဖြစ်၏၊ ထိုအခါ တစ်နေ့သည်၌ မင်းတို့သည် သမုဒ္ဒရာ၌ ကစားခြင်းကို ကစားကုန်အံ့ဟု မြစ်ဝသို့သွားကုန်၍ ကြီးစွာသော မဏ္ဍပ်ကို ဆောက်စေပြီးလျှင် တန်ဆာဆင်သော မဏ္ဍပ်၌ စားသောက်ကုန်လျက် ကစားသည်၏ အစွမ်းဖြင့် ဖြစ်ကုန်သည်ရှိသော် လက်ခြေထိပါးကြကုန်သည်ဖြစ်၍ နှစ်ကွဲ ကွဲကြကုန်၍ ကြီးစွာသော ခိုက်ရန်ကို ပြုကုန်၏။

ထိုသို့ ခိုက်ရန်ဖြစ်ကြကုန်လတ်သော် တစ်ယောက်သောသူသည် တစ်ပါးသော ဆောက်ပုတ်ကိုမရသည်ဖြစ်၍ ပြိန်းမြက်တောမှ ပြိန်းရွက်ကိုကိုင်၏၊ ထိုပြိန်းရွက်သည် ကိုင်မိကာမျှဖြင့်လျှင် ရှားကြည်ပွေ့ဖြစ်၏၊ ထိုယောကျ်ားသည် ထိုရှားကျည်ပွေ့ဖြင့် လူအပေါင်းကို ရိုက်ပုတ်၏၊ ထို့နောက်၌တစ်ပါးသောအလုံးစုံသော ပြိန်းပင်အပေါင်းတို့သည်လည်း ကိုင်တိုင်း ကိုင်တိုင်း ရှားကျည်ပွေ့တို့သည်သာလျှင် ဖြစ်ကုန်၏၊ထိုလူများအပေါင်းတို့သည် အချင်းချင်း ရိုက်ပုတ်ကြကုန်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကုန်၏၊ ထိုလူများအပေါင်းသည် ကြီးစွာသောပျက်စီးခြင်းဖြင့် ပျက်စီးကုန်သည်ရှိသော် ဝါသုဒေဝ မင်းကြီးလည်းကောင်း၊ ဗလဒေဝမင်းကြီးလည်းကောင်း၊ နှမတော်အဉ္ဇန ဒေဝီလည်းကောင်း၊ ပုရောဟိတ် ပုဏ္ဏားလည်းကောင်း၊ ဤလေးယောက်ကုန်သော သူတို့သည် ရထားစီး၍ ပြေးကြကုန်၏၊ ကြွင်းကုန်သော အလုံးစုံသော လူအပေါင်းတို့သည် ပျက်စီးကုန်၏၊ လေးယောက်ကုန်သော သူတို့သည်လည်း ရထားတို့ဖြင့် ပြေးကုန်သည်ရှိသော် ကာလမတ္တိကမည်သော တောအုပ်သို့ ရောက်ကုန်၏၊ မုဋ္ဌိကမည်သော လက်ပမ်းသည်သည် ဘီလူးဖြစ်၍ စားရလိုသောဟု ဆုတောင်းခြင်းကိုပြု၍ ထိုတောအုပ်၌ ဘီလူးကြီးဖြစ်၏၊ဗလဒေဝမင်း လာသည်၏အဖြစ်ကို သိလျှင် ထိုတောအုပ်၌ ရွာဖန်ဆင်း၍ လက်ပမ်းသည်၏အသွင်ကို ယူပြီးလျှင် အဘယ်သူသည် လက်ဝှေ့ သတ်လိုသနည်း၊ လက်ပမ်းလုံးလို သနည်းဟု ကြွေးကြော် ကြုံးဝါးလျက် လက်ပမ်းပေါက်ခတ်လျက် လှည့်လည်၏၊ ဗလဒေဝ မင်းသားသည် ထိုလက်ပမ်းသည် အယောင်ဆောင်သော ဘီလူးကိုမြင်၍ နောင်တော် ဝါသုဒေဝမင်းကြီးကို ဆို၏၊

ဤလက်ပမ်းသည်နှင့်တကွ လုံးထွေးအံ့ဟု ဆို၍ ဝါသုဒေဝမင်းကြီးသည် တားမြစ်စဉ်ပင်လျှင် ရထားမှ ဆင်းသက်ပြီးလျှင် ထိုဘီလူးအထံသို့ သွား၍ ဟစ်အော်ကြုံးဝါးလျက် သန်ပမ်းပေါက်ခတ်၏၊ ထိုအခါ ဗလဒေဝမင်းသားကို ထိုဘီလူးသည် ဆန်သော လက်၌သာလျှင် ကိုင်၍ ကြာစွယ်ကြာချင်းကို ကဲ့သို့ စား၏၊ ဝါသုဒေဝမင်းကြီးသည် ညီတော် ဗလဒေဝမင်းသား သေသောအဖြစ်ကို သိ၍ နှမတော် အဉ္စနဒေဝီကိုလည်းကောင်း၊ ပုရောဟိတ် ပုဏ္ဏားကိုလည်းကောင်း ယူ၍ ညဉ့်သုံးယံပတ်လုံးသွား၍ နေထွက်သောအခါ၌ တစ်ခုသော ရွာစွန်အရပ်သို့ ရောက်လျှင် ထမင်းကိုချက်၍ ဆောင်ခဲ့ကုန်လော့ဟု နှမတော်ကိုလည်းကောင်း၊ ပုရောဟိတ်ကိုလည်းကောင်း ရွာသို့ စေလိုက်၍ မိမိသည် တစ်ခုသော ချုံထဲ၌ အိပ်၏။

ထိုအခါ ဝါသုဒေဝမင်းကြီးကို ဇရာမည်သော တစ်ယောက်သော မုဆိုးသည် ချုံလှုပ်သည်ကိုမြင်၍ ဤချုံ၌ ဝက်သည် ရှိသည်ဖြစ်လတ္တံ့ဟူသော အမှတ်ဖြင့် လှံကိုလွှတ်ပစ်၍ ခြေ၌စူး၏၊ အဘယ်သူသည် ငါ့ကိုထိုးသနည်းဟုဆိုလတ်သော် လူကိုထိုးမိသောအဖြစ်ကို သိလျှင် ကြောက်သည်ဖြစ်၍ ပြေးခြင်းငှါ အားထုတ်၏၊ ဝါသုဒေဝမင်းကြီးသည် သတိကိုဆောက်တည်၍ထပြီးလျှင် ဦးရီးမကြောက်လင့် လာလှည့်ဟုခေါ်၍ လာလတ်သော် မုဆိုးကို သင်သည် အဘယ်အမည် ရှိသနည်းဟုမေး၍ အရှင်၊ အကျွန်ုပ်သည် ဇရာအမည်ရှိသတတ်ဟု ဆိုသည်ရှိသော် ဇရာမည်သောသူသည် ထိုး၍သေလတ္တံ့ဟု ငါ့ကိုပညာရှိတို့သည် ဟောဖူးကုန်သတတ်၊ မချွတ်လျှင် ယနေ့ ငါသည် သေရအံ့၊ ထို့ကြောင့် ဦးရီးသည် မကြောက်လင့်၊ လာလှည့် ငါ့ခြေကို ကြပ်စည်းပါလောဟု ထိုဇရာမည်သော မုဆိုးကို လှံစူးရာအရပ်ကို ကြပ်စည်းစေပြီးလျှင် ဇရာမည်သောမုဆိုးကို လွှတ်လိုက်၏။ ဝါသုဒေဝမင်းကြီးသည် ပြင်းစွာသော ဝေဒနာတို့သည် ဖြစ်ကုန်သည် ရှိသော် ထိုနှမတော်၊ ပုရောဟိတ်တို့သည် ဆောင်အပ်ခဲ့သောအစာကို စားခြင်းငှါ မတတ်နိုင်၊ ထိုအခါ နှစ်ယောက်သောသူတို့ကိုခေါ်၍ ယနေ့ ငါသည် သေလတ္တံ့ဟု ဆို၍ သင်တို့သည်ကား နူးညံ့သော ကိုယ်ရှိကုန်၏၊ တစ်ပါးသောအမှုကိုပြု၍ အသက်မွေးခြင်းငှါ မတတ်နိုင်ကုန်လတ္တံ့၊ ဤအတတ် မန္တန်ကို သင်ကြားကုန်လော့ဟု တစ်ခုသောမန္တန်ကို သင်စေပြီးလျှင် လွှတ်လိုက်၍ ထိုချုံ၌ပင်လျှင် အသက်ကုန်ခြင်းသို့ရောက်လေ၏။ ဤသို့လျှင် နှမတော် အဉ္စနဒေဝီကို ထား၍ အလုံးစုံသော မင်းညီနောင်တစ်ကျိပ်၏ သားတော် မြေးတော်အစရှိသော ဒွါရဝတီပြည်ကြီးသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ ရောက်လေကုန်ပြီ၊ ခပ်သိမ်းကုန်သော တေဘူမကသင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ ဆင်းရဲခြင်း၏ အကြောင်းသာလျှင် ဖြစ်ကုန်၏။

ဇာတ်ပေါင်း

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဒါယကာ ဤသို့ ရှေးပညာရှိတို့စကားကို နာရ၍ မိမိ၏သားငယ်၌ ဖြစ်သော စိုးရိမ်ခြင်းကို ပယ်ဖျောက်ကုန်၏၊ သင် ဒါယကာသည် မစိုးရိမ်လင့်ဟု မိန့်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သားသေသော သူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ ရောဟိဏေယျအမတ် ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဝါသုဒေဝမင်းကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားပရိသတ်တို့သည် ထိုအခါ ကြွင်းကုန်သော ညီနောင်စသော ပရိသတ်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဃဋ္ဋပဏ္ဍိတမင်းသား ဖြစ်ဖူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(သေသူရည်ပြု၊ ကုသိုလ်စု၊ ပေးမှု ဖို့ဘာဂါ။)

လေးရာငါးဆယ့်လေးခုမြောက်သော ဃဋ္ဋပဏ္ဍိတဇာတ်သည်ပြီး၏။

ဒသကနိပါတ် ဇာတ်ဝတ္ထုသည် ဤတွင်ရွေ့ ပြီး၏။

---

# ၁၁-ဧကာဒသကနိပါတ်

## ၅၅၅-မတုပေါသကဇာတ်

## တိရစ္ဆာန် ဖြစ်သော်လည်း မိဘကို လုပ်ကျွေးခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်တို့၏ဆရာဖြစ်တော်မူသော ဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်“တဿ နာဂဿ ဝိပ္ပဝါသေန”အစ ရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမာတုပေါသကဇာတ်ကို မိဘလုပ်ကျွေးသော မထေရ်ကိုအကြောင်းပြု၍ ဟောတော်မူ၏။

(ပစ္စုပ္ပန်ဝတ္ထုသည် သုဝဏ္ဏသာမဇာတ်၌ ပစ္စုပ္ပန်ဝတ္ထုနှင့် တူသည်သာလျှင် တည်း၊) အထူးကား ဘုရားသခင်သည် ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ ဤရဟန်းကို မကဲ့ရဲ့ကြကုန်လင့်၊ ရှေးပညာရှိတို့သည် တိရစ္ဆာန်အမျိုး၌ ဖြစ်ကုန် သော်သည်း အမိနှင့်ကင်းကုန်၍ ခုနစ်ရက်ပတ်လုံး အစာကင်းသည်၏ အဖြစ် ကြောင့် ခြောက်ကပ်ကုန်သည် ဖြစ်၍မင်းအား ထိုက်သော အစာကို ရသော် လည်း အမိနှင့်ကင်း၍ မစားကုန်၊အမိကို မြင်ရမှသာလျှင် အစာကိုယူကုန်၏ဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် သင်တို့ဆရာ ငါဘုရား၏ အလောင်းတော်သည် ဟိမဝန္တာ ဝယ် ဆင်အမျိုး၌ ဖြစ်၍ ကိုယ်လုံးဖြူ၏၊ အလွန်အဆင်းလှ၏၊ ကြည်ညိုဖွယ် ရှိ၏၊ စိတ်နှလုံး၏ ပွားခြင်းကို ပြုတတ်၏၊ ရှစ်သောင်းသော ဆင်အခြံအရံရှိ၏၊ ဘုရားလောင်း၏ မယ်တော်သည်ကား မျက်စိအလင်းကို မရ၊ ထိုဘုရားလောင်း သည် ချိုနိုးရာရာကုန်သော သစ်သီးတို့ကိုဆင်တို့အား ပေး၍ အမိထံသို့ပို့စေ၏၊ ဆင်တို့သည် ထိုဘုရားလောင်း အမိကို မပေးမူ၍ မိမိတို့သာလျှင် စားကုန်၏၊ ထိုဘုရားလောင်းသည် စုံစမ်းသည်ရှိသော် ထိုအကြောင်းကိုသိ၍ဆင်အပေါင်းကို စွန့်၍ အမိကိုသာလျှင် ငါမွေးအံ့ဟု ကြံ၍ညဉ့်အဖို့၌ တစ်ပါးကုန်သော ဆင်တို့၏ မသိကုန်စဉ် အမိကိုခေါ် ယူ၍ စဏ္ဍောရဏတောင် ခြေရင်းသို့သွား၍ တစ်ခုသော ပဒုမ္မာကြာတောကိုမှီ၍ တည်သောတောင်ဝှမ်း၌ အမိကိုထား၍ လုပ်ကျွေး မွေးမြူ၏၊ ထိုအခါ ဗာရာဏသီပြည်၌ နေသော မုဆိုးသည် ခရီးမှား၍ အရပ်

မျက်နှာကို မှတ်ခြင်းငှါ မတတ်နိုင်သည် ဖြစ်၍ သည်းစွာသော အသံဖြင့် ငိုကြွေး၏၊ ဘုရားလောင်းသည် ထိုမုဆိုး၏အသံကိုကြား၍ ဤလူကား ကိုးကွယ်ရာမရှိ၊ ငါသည် ဝဋ်ရှားနိုင်စဉ် ဤသူသည် ဤအရပ်၌ အကျိုးမဲ့ပျက်စီးခြင်းသည် မလျောက်ပတ်ဟု အကြံတော်ရှိ၍ ထိုမုဆိုး၏အနီးသို့သွား၍ ကြောက်သဖြင့် ပြေးသော မုဆိုးကို မြင်၍ အိုယောကျ်ား ငါ့ကို မှီ၍ ဘေးသည် သင့်အား မရှိ၊ သင်မပြေးလင့်၊ အဘယ့်ကြောင့် သင်သည် ငိုလျက်သွားသနည်းဟု မေးတော်မူ၏၊ သခင် အကျွန်ုပ်သည် ခရီးမှား၍အကျွန်ုပ်အား ယနေ့ခုနစ်ရက်ရှိပြီဟု ဆိုပေသော် အိုယောကျ်ား သင်မကြောင့်လင့်၊ ငါသည် သင့်ကို လူ့ပြည်ခရီး၌ ထားအံ့ဟု မိန့်တော်မူ၍ ထိုလူကို ဘုရားလောင်း၏ ကျောက်ကုန်း၌ နေစေ၍ တောမှထုတ်ပြီးလျှင် ပြန်၏၊ ထိုလူသည်လည်းယုတ်မာ၏၊ မြို့သို့ရောက်လျှင် မင်းအားကြားအံ့ဟုကြံ၍သစ်ပင်အမှတ် တောင်အမှတ်ကိုပြုလျက်လျှင် တောမှ ထွက်၍ဗာရာဏသီပြည်သို့ရောက်၏၊ ထိုအခါ၌ မင်း၏မင်္ဂလာဆင်တော်သည် သေ၏၊ မင်း၏ အကယ်၍ တစ်စုံတစ်ယောက်သောသူသည် တစ်စုံတစ်ခုသော အရပ်၌ မင်္ဂလာဆင်တော် ပြုခြင်းငှါ သင့်လျော်သော သဘောရှိသော ဆင်ကို မြင်သည် ဖြစ်အံ့၊ ထိုသူသည် ကြားစေသတည်းဟု စည်လည် မောင်းခတ်စေ၏၊ ထိုသူသည် မင်းသို့ ချဉ်းကပ်၍ အရှင်မင်းကြီး အကျွန်ုပ်သည် အရှင်မင်းကြီး၏ မင်္ဂလာဆင်တော်သည် ဖြစ်ခြင်းငှါ လျောက်ပတ်သော သဘောရှိသော ကိုယ်လုံးဖြူသော သီလရှိသော ဆင်ကို မြင်ပါ၏၊ အကျွန်ုပ်သည် ခရီးကိုညွှန်ပါအံ့၊ အကျွန်ုပ်နှင့်အတူတကွ ဆင်ဆရာတို့ကို စေ၍ ထိုဆင်ဖြူရတနာကို ယူတော်မူပါဟု လျှောက်၏၊ မင်းသည် ကောင်းပြီဟု ဤသူကို ခရီးညွှန်ပြု၍ ဤသူသည် ပြောဆိုအပ်သော ဆင်ကို ဆောင်ခဲ့ဟု ဆို၍ ထိုမုဆိုးနှင့်အတူတကွ များစွာသော အခြံအရံဖြင့် ဆင်ဆရာကို စေ၏၊ ထိုဆရာသည် ထိုမုဆိုးနှင့် အတူတကွ သွား၍ ပဒုမ္မာကြာတောသို့ ဝင်၍ အစာကို ယူသော ဘုရားလောင်းကို မြင်၏၊ ဘုရားလောင်းသည်လည်း ဆင်ဆရာကို မြင်၍ ဤဘေးသည် တစ်ပါးသော သူမှ မဖြစ်၊ ထိုယောကျ်ား၏အထံမှ ဖြစ်လတ္တံ့ဟု သိတော်မူ၏၊ စင်စစ်သော်ကား ငါသည် ကြီးသော အားရှိ၏၊ ဆင်တစ်ထောင်ကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်၏၊ အမျက်ထွက်၍ တိုင်းနိုင်ငံနှင့်တကွ စစ်သည်ဗိုလ်ပါ ဆင်မြင်းကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်၏။

ထိုသို့ စွမ်းနိုင်သော်လည်း အကယ်၍ ငါအမျက်ထွက်ချေက ငါ၏ သီလသည် ပျက်လတ္တံ့၊ ထို့ကြောင့် ငါဦးခေါင်းကို လှံမတို့ဖြင့် ထိုးသော်လည်း ငါအမျက်မထွက်အံ့ဟု မိန္ဒှာန်တော်မူ၍ ဦးခေါင်းကို ညွှတ်တော်မူ၍ မတုန်မလှုပ် ရပ်တည်တော်မူ၏၊ ဆင်ဆရာသည် ပဒုမ္မာကြာအိုင်သို့ သက်ဆင်း၍ ထိုဘုရားလောင်း၏

ကြိန်အင်လက္ခဏာနှင့် ပြည့်စုံခြင်းကို မြင်၍ ချစ်သား လာလှည့်ဟု ငွေပိန်းဆိုင်းနှင့်တူသော နှာမောင်း၌ ကိုင်၍ ယူဆောင်လေ၍ ခုနစ်ရက်မြောက်သောနေ့၌ ဗာရာဏသီပြည်သို့ ရောက်လေ၏၊ ဘုရားလောင်း၏ မယ်တော်သည် သားမလာသည်ရှိသော် ငါ့သားကို မင်း၏ အမတ်ကြီး အစရှိသော သူတို့သည် ဆောင်ယူသည် ဖြစ်လတ္တံ့၊ ထိုကြောင့် ယခုအခါ၌ ငါ့သားနှင့် ကွေကွင်းရှင်းကွာသဖြင့် ဤတောအုပ်သည် ပွားလတ္တံ့ဟု ငိုကြွေး မြည်တမ်းလို၍ ဤဂါထာတို့ကို ဆို၏-

၁။ တဿ နာဂဿ ဝိပ္ပဝါသေန၊ ဝိရူဠှာ သလ္လကီ စ ကုဋဇာ စ။
ကုရုဝိန္ဒကရဝီရာ ဘိသသာမာ စ၊ နိဝါတေ ပုပ္ဖိတာ စ ကဏိကာရာ။

၂။ ကောစိဒေဝ သုဝဏ္ဏကာယုရာ၊ နာဂရာဇံ ဘရန္တိ ပိဏ္ဍေန။
ယတ္ထ ရာဇာ ရာဇကုမာရော ဝါ၊ ကဝစမဘိဟေဿတိ အဆမ္ဘိတော။

ထိုဆင်မင်း မရှိတော့သဖြင့် ပေါက်ရောက်ကုန်သော နပဲပင်တို့သည်လည်းကောင်း၊ လက်ထုပ်ပင်တို့သည်လည်းကောင်း၊ ကုရုဝိန္ဒမည်သော သစ်ပင် ကရဝီရမည်သော မြက်ပင်ကြီးတို့သည်လည်းကောင်း၊ ကြာစွယ် ကြာရင်း မြက်စပါးတို့သည်လည်းကောင်း၊ လေငြိမ်ရာ၌ ပွင့်ကုန်သော မဟာလှေကားပန်းတို့သည်လည်းကောင်း ပွားများကုန်လတ္တံ့။

တစ်ဇုံတစ်နေသော အရပ်၌သာလျှင် ရွှေတန်ဆာဆင်ကုန်သောမင်း၏အမတ်ကြီးတို့သည် ဆင်မင်းကို ထမင်းထုပ်ဖြင့် ကျွေးမွေးကုန်၏၊ အကြင် ငါ့သားဆင်မင်း၌ မင်းသည်သည်းကောင်း၊ မင်းသားသည်လည်းကောင်း နေ၍ မကြောက်မရွံ့သည် ဖြစ်၍ ရန်သူ၏ ချပ်ဝတ်တန်ဆာကို ဖျက်လတ္တံ့။

ဆင်ဆရာသည်လည်း ခရီးအကြား၌ ဖြစ်၍လျှင် မင်းအား သတင်းစကားကို စေ၏၊ မင်းသည် မြို့ကို တန်ဆာဆင်စေ၏၊ ဆင်ဆရာသည် ဘုရားလောင်းကို နံ့သာဖြင့် ထုံအပ်သော တန်ဆာ ဆင်ခြင်းနှင့် စပ်သော ဆင်တင်းကုပ်သို့ ဆောင်၍ ဆန်းကြယ်သော တင်းတိမ်ဖြင့် ဝန်းရံစေ၍ မင်းအား ကြားလျှောက်စေ၏၊ မင်းသည် အထူးထူးသော အရသာရှိသော ဘောဇဉ်ကို ဆောင်ယူလျက် သွား၍ ဘုရားလောင်းအား ပေးစေ၏၊ ဘုရားလောင်းသည် မယ်တော်နှင့် ကင်း၍ အစာကို မယူအံ့ဟု ကြံ၍ အစာကို ယူတော်မမူ။

ထိုအခါ၌ ဘုရားလောင်းကို တောင်းပန်လို၍ မင်းသည် ဤဂါထာကိုဆို၏-

၃။ ဂဏှာဟိ နာဂ ကဗဠံ၊ မာ နာဂ ကိသကော ဘဝ။
ဗဟူနိ ရာဇကိစ္စာနိ၊ တာနိ နာဂ ကရိဿသိ။

ဆင်မင်း အစာကို ယူလော့။ ဆင်မင်း ကြုံလှီသည် မဖြစ်စေလင့်။ မင်းမှုတို့သည် များစွာကုန်၏။ ဆင်မင်း ထိုအမှုတို့ကို သင် ဆင်မင်းသည် ပြုရလတ္တံ့။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၄။ သာ နူန သာ ကပဏိကာ၊ အန္ဓာ အပရိဏာယိကာ။
ခါဏုံ ပါဒေန ဃဋ္ဋေတိ၊ ဂိရိံ စဏ္ဍောရဏံ ပတိ။

မြတ်သောမင်းကြီး အထီးကျန်သော မျက်စိမမြင်သော ဆောင်ယူသူ မရှိသော ထိုဆင်မအိုသည် စဏ္ဍောရဏ မည်သော တောင်သို့ ရှေးရှုသည်ဖြစ်၍ သစ်ငုတ်ကို ခြေဖြင့် ခတ်မိလေအံ့သည်တကား။

ထိုအခါ၌ ဘုရားလောင်းကို မေးလိုရကား ဤဂါထာကို ဆို၏—

၅။ ကာ တေန သာ မဟာနာဂ၊ အန္ဓာ အပရိဏာယိကာ။
ခါဏုံ ပါဒေန ဃဋ္ဋေတိ၊ ဂိရိံ စဏ္ဍောရဏံ ပတိ။

ဆင်မြတ် မျက်စိမမြင်သော ဆောင်ယူသူ မရှိသော စဏ္ဍောရဏ အမည်ရှိသော တောင်သို့ ရှေးရှုသည်ဖြစ်၍ သစ်ငုတ်ကို ခြေဖြင့် ခတ်မိလေအံ့-ဟူသော ထိုဆင်မအိုသည် အဘယ်သို့ တော်သနည်း။

ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၆။ မာတာ မေ သာ မဟာရာဇ၊ အန္ဓာ အပရိဏာယိကာ။
ခါဏုံ ပါဒေန ဃဋ္ဋေတိ၊ ဂိရိံ စဏ္ဍောရဏံ ပတိ။

မြတ်သောမင်းကြီး မျက်စိမမြင်သော ဆောင်ယူသူမရှိသော စဏ္ဍောရဏ အမည်ရှိသော တောင်သို့ရှေးရှုသည်ဖြစ်၍ သစ်ငုတ်ကို ခြေဖြင့် ခတ်မိသော ထိုဆင်မအိုသည် အကျွန်ုပ်၏ အမိတည်း။

မင်းသည် ခြောက်ခုမြောက်သော ဂါထာဖြင့် ထိုအကြောင်းကို ကြားသိရ၍ လွှတ်လိုရကား ဤဂါထာကိုဆို၏—

၇။ မုဉ္စေတံ မဟာနာဂံ၊ ယောယံ ဘရတိ မာတရံ။
သမေတု မာတရာ နာဂေါ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

အို အမတ်တို့ အမိကို မွေးကျွေးသော ထိုဆင်မြတ်ကို လွှတ်ကြပါကုန်၊ ဆင်မင်းသည် အမိနှင့်လည်းကောင်း၊ ခပ်သိမ်းကုန်သော အဆွေအမျိုးတို့နှင့်လည်းကောင်း တကွ ညီညွတ်ခြင်းသို့ရောက်စေလော့။

၈။ မုတ္တော စ ဗန္ဓနာ နာဂေါ၊ မုတ္တ မာဒါယ ကုဉ္ဇရော။
မုဟုတ္တံ အဿာသယိတွာ၊ အဂမာ ယေန ပဗ္ဗတော။

၉။ တတော သော နဠိနိံ ဂန္တွာ၊ သီတံ ကုဉ္ဇရသေဝိတံ။
သောဏ္ဍာယူ'ဒက မာဟတွာ၊ မာတရံ အဘိသိဉ္စထ—

ဟူသော ရှစ်ခုမြောက် ကိုးခုမြောက်သော ဤဂါထာတို့သည် ဘုရားဖြစ်မှ ဟောတော်မူသော ဂါထာတို့တည်း။

ရဟန်းတို့ ကြိုးကြာသံနှင့်တူသော အသံရှိသော ဆင်မင်းသည် အနှောင်အဖွဲ့မှ လွတ်သည်ဖြစ်၍သာလျှင် လွတ်ဆုကို ယူ၍ တစ်ခဏ နားနေ၍ အကြွင်းအရပ်၌ စဏ္ဍောရဏတောင်သည် ရှိ၏၊ ထိုအရပ်သို့ သွားတော်မူ၏။

ထိုဆင်မင်းသည် ကိုပြည်မှ ချမ်းအေးစွာသော ဆင်အပေါင်းတို့သည် မှီဝဲအပ်သော ပဒုမ္မာကြာတောသို့ သွား၍ နှာမောင်းဖြင့် ရေကိုယူ၍ မယ်တော်ကို ရေသွန်းလောင်းတော်မူ၏။

ထိုဆင်မင်းသည် အနှောင်အဖွဲ့မှ လွတ်၍ အတန်ငယ် နားနေ၍ မင်းအား ရာဇဓမ်ဆယ်ပါး တရားစကားဖြင့် တရားဟောတော်မူ၍ မင်းကြီး မမေ့မလျော့ ဖြစ်လော့ဟု အဆုံးအမကို ပေး၍ လူများသည် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်လျက် မြို့မှထွက်၍ ထိုနေ့၌ပင်လျှင် ထိုပဒုမ္မာ ကြာအိုင်သို့ ရောက်၍ ငါ၏ မယ်တော်ကို အစာအာဟာရကို ယူစေပြီးမှလျှင် မိမိသည် ယူအံ့ဟု ကြံ၍ များစွာသော ကြာစွယ်ကြာရင်းကို ယူ၍ နှာမောင်းဖြင့် ပြည့်သော ရေကိုယူ၍ တောင်လိုဏ်ခေါင်းမှထွက်၍ လိုဏ်တံခါး၌ နေသော အမိ၏ အထံသို့ သွား၍ ခုနစ်ရက်ပတ်လုံး အစာကင်းသည်၏ အဖြစ်ကြောင့် မယ်တော်၏ ကိုယ်အတွေ့ကို ရစိမ့်သောငှါ အမိ၏ ဦးခေါင်းထက်၌ ရေကိုသွန်းလောင်း၏၊ ထိုအကြောင်းကို ထင်ရှားစွာ ပြတော်မူလိုသော ဘုရားသခင်သည် ထိုနှစ်ခုသော ဂါထာတို့ကို ဟောတော်မူ၏။

ဘုရားလောင်း၏ မယ်တော်သည်လည်း မိုးရွာ၏ ဟူသော အမှတ်ဖြင့် ဆဲရေးလိုရကား ဤဂါထာကို ဆို၏—

၁၀။ ကောယံ အနရိယော ဒေဝေါ၊ အကာလေနပိ ပဝဿတိ။
ဂတော မေ အတြဇော ပုတ္တော၊ ယော မယှံ ပရိစာရကော။

ငါ၏ ရင်မှ ဖြစ်သော ငါ့ကို လုပ်ကျွေးသော အကြင်သားကောင်းသည် အရပ်တစ်ပါး သွားလေ၏။ ယုတ်မာသော အကြင်မိုးသည် အခါမဟုတ်သဖြင့် လည်း ရွာ၏။ ဤမိုးသည် အဘယ်မိုးနည်း။

ထိုအခါ၌ ထိုအမိကို သက်သာရာရစေလို၍ ဘုရားလောင်းသည် ဤဂါထာကို ဆိုတော်မူ၏–

၁၁။ ဥဋ္ဌေဟိ အမ္မ ကိံ သေသိ၊ အာဂတော တျာဟံ မတြဇော။
မုတ္တောမှိ ကာသိရာဇေန၊ ဝေဒေဟေန ယသဿိနာ။

အိုမိခင် ထပါလော့ အဘယ့်ကြောင့် ဤမျှလောက်ပင် အိပ်သနည်း။ သင်မိခင်၏ သားဖြစ်သော အကျွန်ုပ်သည် လာခဲ့ပြီ၊ လျှင်မြန်သော ဉာဏ်ပညာ ရှိသော များသော အခြံအရံရှိသော ကာသိကရာဇ်မင်းသည် လွှတ်လိုက်ပေ၏။

ထိုအမိသည် မင်းအား အနုမောဒနာ ပြုလိုရကား ဤဂါထာကို ဆို၏–

၁၂။ စိရံ ဇီဝတု သော ရာဇာ၊ ကာသီနံ ရဋ္ဌဝဍ္ဍနော။
ယော မေ ပုတ္တံ အမောစေသိ၊ သဒါ ဝုဒ္ဓါပစာယိကံ။

ကာသိတိုင်းသူတို့၏ ပြည်တိုင်းကား၏ အကျိုးစီးပွားကို ဆောင်တော်မူတတ်သော အကြင်မင်းကြီးသည် အခါခပ်သိမ်း အမိကို အရှိအသေပြုသော ငါ၏သားကို လွှတ်လိုက်ပေ၏။ ထိုမင်းသည် အခါခပ်သိမ်း ရှည်မြင့်စွာ သက်တော် ရှည်ပါစေသတည်း။

ထိုအခါ၌ မင်းသည် ဘုရားလောင်း၏ ဂုဏ်ကျေးဇူး၌ ကြည်ညို၍ ပဒုမ္မာ ကြာတော၏ မနီးမဝေး၌ ရွာတည်၍ ဘုရားလောင်းအား လည်းကောင်း၊ ဘုရားလောင်း မယ်တော်အားလည်းကောင်း နိစ္စဒ္ဓဝတ်ကို ဖြစ်စေ၏၊ အခါ တစ်ပါး၌ ဘုရားလောင်းသည် မယ်တော်သေလေသော် မယ်တော်၏ အလောင်းကို သင်္ဂြိုဟ်ခြင်းကို ပြုပြီး၍ ကာရဏ္ဍကမည်သော သခ်မ်းသို့ သွားလေ၏၊ ထိုအရပ်၌ ဟိမဝန္တာမှ သတ်၌ ငါးရာသော ရသေ့တို့သည် နေကုန်၏၊ ထိုဘုရား လောင်းသည် ဝတ်ကို ထိုရသေ့ငါးရာတို့အား ပေးလှူလေ၏၊ မင်းသည် ဘုရား

လောင်းနှင့် တူမျှသော သဏ္ဌာန်ရှိသော ကျောက်ဆင်အတုကို ပြုလုပ်၍ ကြီးစွာသော ပူဇော်သက္ကာရကို ဖြစ်စေ၏၊ ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော သူတို့သည် နှစ်တိုင်းနှစ်တိုင်း စုဝေး၍ ဆင်အား ပူဇော်ခြင်းကို ပြုကြကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူလျက် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြသောအဆုံး၌ အမိကို လုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ထိုအခါ မင်းသည် အာနန္ဒာ ဖြစ်လာ၏၊ ယုတ်မာသော ယောက်ျားသည် ဒေဝဒတ် ဖြစ်လာ၏၊ ဆင်ဆရာသည် သာရိပုတ္တရာဖြစ်လာ၏၊ မယ်တော်ဆင်မသည် မယ်တော်မာယာ ဖြစ်လာ၏၊ အမိကို လုပ်ကျွေးသော ဆင်မင်းသည်ကား သင်တို့ဆရာ ငါဘုရား ဖြစ်လာ၏၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးကြီးလှ မိနှင့်ဘ တုပ်ကွလုပ်ကျွေးရာ။)

လေးရာငါးဆယ်ငါးခုမြောက်သော မာတုပေါသကဇာတ်သည် ပြီး၏။

---

## ၄၅၆ ဇုဏှဇာတ်

### ကတိသစ္စာတည်သော ဇုဏှမင်း အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

နှုတ်နှင့်တကွသော လောကကိုးဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "သုဏောဟိ မယှံ ဝစနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤဇုဏှဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူသည်ရှိသော် အာနန္ဒာမထေရ်သည် ရအပ်သော ဆုရှစ်ပါးတို့ကို အကြောင်း ပြု၍ ဟောတော်မူ၏။

ထိုစကားကို ချဲ့ဦးအံ့၊ ပဌမဗောဓိ၌ အဝါနှစ်ဆယ်တို့ပတ်လုံး ဘုရားသခင်အား အမြဲလုပ်ကျွေးသောသူ မရှိကုန်၊ ရံခါ နာဂသမာလထေရ် လုပ်ကျွေး၏၊ ရံခါ နာဂိတထေရ် လုပ်ကျွေး၏၊ ရံခါ ဥပဝါဏထေရ် လုပ်ကျွေး၏၊ ရံခါ သုနက္ခတ်ရဟန်း လုပ်ကျွေး၏၊ ရံခါ စုန္ဒရဟန်း လုပ်ကျွေး၏၊ ရံခါ နန္ဒရဟန်း လုပ်ကျွေး၏၊ ရံခါ သာဂတထေရ်လုပ်ကျွေး၏၊ ရံခါ မေဃိယထေရ်လုပ်ကျွေး၏၊ ထိုအခါဝယ် တစ်နေ့သ၌ ဘုရားသခင်သည် ရဟန်းတို့ကို မိန့်တော်မူ၏၊ ရဟန်းတို့ ယခုအခါဝယ် ငါဘုရားသည် ကြီးရင့်တော်မူပြီ၊ အချို့ကုန်သော ရဟန်းတို့သည် ဤခရီးဖြင့် သွားကုန်အံ့ဟု ငါဆိုသော်လည်း တစ်ပါးသော ခရီးဖြင့်သာ သွားကုန်၏၊ အချို့သော ရဟန်းတို့သည် ငါဘုရား၏ သပိတ်သင်္ကန်းတို့ကို မြေ၌ချကုန်၏၊ ငါဘုရားကို အမြဲလုပ်ကျွေးအံ့သော တစ်ယောက်သော ရဟန်းကို သိကြကုန်ဟု မိန့်တော်မူ၏။

(ဘုရားသခင်သည် ဤခရီးဖြင့် သွားကုန်အံ့ဟု မိန့်တော်မူလျက် ဖျက်၍ တစ်ပါးသောခရီးသို့ သွားသည်ကား ရှင်နာဂသမာလမထေရ်တည်း၊ ဘုရားသခင်၏ သပိတ်သင်္ကန်းတော်ကို မြေ၌ချထား၍ သွားသည်ကား မေဃိယမထေရ်တည်း။)

မြတ်စွာဘုရားသည် အခါတစ်ပါး၌ ရှင်နာဂသမာလထေရ်နှင့် အတူရှည်သော ခရီးသို့ သွားသည်ရှိသော် ခရီးနှစ်ကြောင်းကွဲရာအရပ်သို့ ရောက်တော်မူလေ၏၊ နာဂသမာလထေရ်လည်း ခရီးမှဖဲကြဉ်၍ အရှင်ဘုရား အကျွန်ုပ်အား ဤခရီးတစ်ကြောင်းဖြင့် သွားပါအံ့ဟု လျှောက်၏၊ ဘုရားရှင်လည်း မသွားလေလင့်၊ ဤခရီးဖြင့်သာ သွားကြကုန်အံ့ဟု မိန့်တော်မူ၏၊ နာဂသမာလထေရ်လည်း ဘုရားသခင်၏ သပိတ် သင်္ကန်းတော်ကို မြေ၌ချထား၍ ခရီးတစ်ကြောင်းဖြင့်သာ သွားလေ၏၊ ထိုမထေရ်၏ သပိတ်သင်္ကန်းတို့ကို ခိုးသူတို့သည် လုယူကုန်ပြီး၍ ဦးခေါင်းကွဲအောင် ပုတ်ခတ်ကုန်၏၊ မထေရ်လည်း ဘုရားရှင်မှတစ်ပါး ငါ၏ကိုးကွယ်ရာ မရှိဟု သွေးဖြင့်ယိုစီးလျက် အထံတော်သို့ လာ၏၊ ဘုရားရှင်မေးတော်မူလေသော် ထိုအကြောင်းကို လျှောက်၏၊ ဘုရားရှင်လည်း ချစ်သားရဟန်း မစိုးရိမ်လင့်၊ ဤအကြောင်းကိုမြင်၍ သင့်အား ငါးတားမြစ်သည်မဟုတ်လော ဟုနှစ်သိမ့်တော်မူ၏။

တစ်ရံသောအခါ၌ မေဃိယမထေရ်နှင့်တကွ သားတို့၏နေရာဖြစ်သော အရှေ့ဝါးတော၌ ဇန္တုမည်သော ရွာငယ်တစ်ခုသို့ သွားလေ၏၊ မေဃိယမထေရ်ကား ထိုရွာ၌ ဆွမ်းခံသွား၍ မြစ်နား၌ နှလုံးမွေ့လျော်ဖွယ်သော သရက်ဥယျာဉ်တောကို မြင်လေသော် အရှင်ဘုရား၏သပိတ်သင်္ကန်းတော်ကို ယူကုန်လော့၊ အကျွန်ုပ်ကား ဤသရက်ဥယျာဉ်၌ ရဟန်းတရားကို အားထုတ်အံ့ဟု ဆို၏၊ ဘုရားရှင်လည်း

သုံးကြိမ်မြောက်အောင် မြစ်တော်မူသော်လည်း နားမထောင်မူ၍ သွားလေ၏၊ ထိုမထေရ်အား အကုသလဝိတက်သည် နှိပ်စက်ရကား တစ်ဖန်ပြန်၍ ထို အကြောင်းကို ဘုရားရှင်အား လျှောက်ကြား၏။ ဘုရားရှင်လည်း ဤအကြောင်း ကို ငါသိမြင်တော်မူ၍ မြစ်တော်မူသည် မဟုတ်လောဟု မိန့်တော်မူ၏၊ အစဉ် အတိုင်း သာဝတ္ထိပြည်သို့ ရောက်တော်မူလျှင် ထိုသာဝတ္ထိပြည်၌ ရဟန်းသံဃာ ခြံရံလျက် ဂန္ဓကုဋီတိုက်၌ ခင်းအပ်သော မြတ်သောဘုရားနေရာ၌ နေတော်မူ၍ ချစ်သားရဟန်းတို့ ယခုငါကား ကြီးရင့်ပြီ၊ အချို့သော ရဟန်းတို့ကား ဤခရီး ဖြင့် သွားကုန်အံ့ဟု ငါဆိုလျက် ခရီးတစ်ပါးဖြင့်သာ သွားလေကုန်၏၊ အချို့ သော ရဟန်းကား ငါ၏သပိတ်သင်္ကန်းကို ချထားကုန်၏၊ ငါ့အားမပြတ်လုပ် ကျွေးအံ့သောသူကို သိကြကုန်ဟု မိန့်တော်မူလျှင် ရဟန်းတို့အား ဓမ္မသံဝေဂ ဖြစ်၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် ထ၍ ခိုရှိုးလျက် ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား အကျွန်ုပ်ကား ဘုရားရှင်ကို တောင့်တလျက် တစ်သခေျှနှင့် ကမ္ဘာတစ်သိန်း ပါရမီတို့ကို ဖြည့်၏။ အကျွန်ုပ်တို့ကဲ့သို့ ပညာကြီးသောသူသည် လုပ်ကျွေးအပ်၏၊ အကျွန်ုပ်လျှင် လုပ်ကျွေးပါအံ့ဟု ရှေ့နားတော် လျှောက်၏၊ ဘုရားရှင်လည်း ချစ်သား သာရိပုတ္တရာ မသင့်၊ အကြင်အရပ်၌ သာရိပုတ္တရာ နေ၏၊ ထိုအရပ်ကား ဆိတ်ညံခြင်းမရှိ၊ သာရိပုတ္တရာ၏ အဆုံးအမသည်ကား ငါဘုရား၏ အဆုံးအမနှင့်တူ၏၊ သာရိပုတ္တရာကား လုပ်ကျွေးဖွယ်ကိစ္စမရှိပေဟု ပယ်တော်မူ၏၊ ဤသို့သောနည်းဖြင့် မဟာမောဂ္ဂလ္လာန် အစရှိသော မဟာ သာဝကတို့ကိုလည်း ပယ်တော်မူ၏၊ အရှင်အာနန္ဒာကား ဆိတ်ဆိတ် နေ၏၊ သံဃာတို့လည်း ငါ့ရှင်အာနန္ဒာ သံဃာတို့သည် အလုပ်အကျွေး အရာကို တောင်းကြကုန်ပြီ၊ အရှင်အာနန္ဒာလည်း တောင်းလော့ဟု ဆိုကုန်၏။

ရှင်အာနန္ဒာလည်း အရှင်တို့တောင်း၍ရသော အရာအထူးသည်ကား အသို့ လျှင် ဖြစ်သနည်း၊ အကျွန်ုပ်ကိုလည်း ဘုရားသခင် မြင်တော်မူသည်ပင်၊ အလို တော်ရှိက အာနန္ဒာ ငါ့ကိုလုပ်ကျွေးဘိလော့ဟု မိန့်တော်မူလတ္တံ့ ဟုဆို၏၊ဘုရား ရှင်လည်း ချစ်သားတို့ အာနန္ဒာကို သူတစ်ပါးတို့ မတိုက်တွန်းရပြီ၊ မိမိအလိုကို သိ၍ ငါဘုရားကို လုပ်ကျွေးလတ္တံ့ဟု မိန့်တော်မူ၏၊ (ဤကား ကောကနိပါတ် အဂ္ဂုတ္တိုရ်၏ အဋ္ဌကထာ) အရှင်ဘုရားကို အကျွန်ုပ်သည် လုပ်ကျွေးပါအံ့ဟု ဦးခေါင်း၌ လက်အုပ်ကိုတင်၍ ထကုန်သော သာရိပုတ္တရာမထေရ် အစရှိသည် တို့ကို သင်တို့၏ ဆုတောင်းခြင်းသည် အပြီးသို့ရောက်ကုန်ပြီ မသင့်ဟု ပယ်တော်

မူ၏၊ ထိုနောင်မှ ရဟန်းတို့သည် အာနန္ဒာမထေရ်ကို ငါ့ရှင် သင်သည် အလုပ်အကျွေးအရာကို တောင်းပါလော့ဟု ဆိုကုန်၍ အရှင်အာနန္ဒာ ဆုတောင်း၏၊ တောင်းပုံကား—

### ပယ်သော ဆုလေးပါး

၁။ ဘုန်းတော်ကြီးသော အရှင်ဘုရား အရှင်ဘုရားသည် အကျွန်ုပ်အား ကိုယ်တော်သည် ရတော်မူသော သင်္ကန်းကို မပေးပါသည်ဖြစ်အံ့။

၂။ ဘုဉ်းပေးတော်မူသော ဆွမ်းကို မပေးပါသည်ဖြစ်အံ့။

၃။ တစ်ခုသော ကုဋိ တိုက်ခန်း၌ အတူတကွ နေခြင်းကို မပေးပါသည်ဖြစ်အံ့။

၄။ အကျွန်ုပ်ကို ခေါ်၍ ပင့်ဖိတ်ရာသို့ မကြွပါသည် ဖြစ်အံ့။

### တောင်းသော ဆုလေးပါး

၁။ အကျွန်ုပ်သည် ပင့်အပ်သော ပင့်ဖိတ်ရာကို အရှင်ဘုရားသည် အကယ်၍ ကြွတော်မူပါသည် ဖြစ်အံ့။

၂။ အကျွန်ုပ်သည် တိုင်းတစ်ပါးမှ ဇနပုဒ် တစ်ပါးမှ အရှင်ဘုရားကို ဖူးမြင်ခြင်းငှါ လာသော ပရိသတ်ကို လာသော ခဏ၌ ပြခြင်းငှါ အကယ်၍ ရပါသည်ဖြစ်အံ့။

၃။ အကြင်အခါ၌ အကျွန်ုပ်အား ယုံမှားသက်သ ဖြစ်၏၊ ထိုခဏ၌လျှင် အရှင်ဘုရားကို ဆည်းကပ်ခြင်းငှါ ရပါသည်ဖြစ်အံ့။

၄။ အရှင်ဘုရားသည် အကျွန်ုပ်၏ မျက်ကွယ်၌ အကြင်တရားကိုဟောအံ့၊ ထိုတရားကို ပြန်ကြွလာသည် ရှိသော် အကျွန်ုပ်အား အကယ်၍ ဟောတော်မူပါသည် ဖြစ်အံ့။

ဤဆု ရှစ်ပါးကို ရသည်ရှိသော် အရှင်ဘုရားကို အကျွန်ုပ်သည် လုပ်ကျွေးပါအံ့ဟု တောင်း၏၊ ဘုရားသခင်သည်လည်း ထိုအာနန္ဒာအား ပေးတော်မူ၏၊

ထိုအရှင်အာနန္ဒာသည် ယိုဖာခါမှစ၍ နှစ်ဆယ့်ငါးဝါတို့ပတ်လုံး မြဲသော အလုပ် အကျွေး ဖြစ်၏၊ ထိုအရှင်အာနန္ဒာသည် ငါးပါးသော အရာ၌ တေဒဂ် ထားခြင်းသို့ ရောက်၍ -

၁။ ဓမ္မဘဏ္ဍာဂါရိက ရှစ်သောင်း လေးထောင်ကို ဆောင်နိုင်သည်နှင့် ပြည့်စုံခြင်း။

၂။ သောတာပတ္တိဖိုလ်ကို ရသည်နှင့် ပြည့်စုံခြင်း။

၃။ ရှေးကောင်းမှု အကြောင်းနှင့် ပြည့်စုံခြင်း။

၄။ မိမိစီးပွားကို မေးသည်နှင့် ပြည့်စုံခြင်း။

၅။ ဘုရားမျက်မှောက်တော်၌ နေရသည်နှင့် ပြည့်စုံခြင်း။

၆။ အသင့်အတင့် နှလုံးသွင်းခြင်းနှင့် ပြည့်စုံခြင်း။

၇။ ဘုရားကို အမှီရသည်နှင့် ပြည့်စုံခြင်း။

ဤသို့ ခုနစ်ပါးသောဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ ဘုရားအထံတော်၌ ဆုရှစ် ပါးဟူသော အမွေကိုရ၍ ဘုရားသခင်သာသနာတော်ဝယ် ကောင်းကင်လယ်၌ လ ကဲ့သို့ ထင်ရှားစွာ ဖြစ်လေ၏၊ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရား သဘင်၌ စကားကို ဖြစ်စေကုန်၏၊ ငါ့ရှင်တို့ ဘုရားသခင်သည် ရှင်အာနန္ဒာကို ဆုပေးသဖြင့် ရောင့်ရဲစေတော်မူ၏ဟု စကားကို ဖြစ်စေကုန်၏၊ ဘုရားသခင်သည် ကြွတော်မူလာ၍ ရဟန်းတို့ ယခုငါလာတော်မူသောအခါ၌ အဘယ်မည်သော စကားကြောင့် စုဝေးကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားကြောင့် စုဝေးပါသည်ဟု ရှေ့နေ့းတော် လျှောက်လတ်သော် ရဟန်းတို့ ယခုသာလျှင် အာနန္ဒာကို ဆုပေးသည် မဟုတ်သေး၊ ရှေး၌လည်း ငါဘုရားသည် အကြင် အကြင် ဆုကို အာနန္ဒာသည် တောင်း၏၊ ထိုထို တောင်းတိုင်းသော ဆုကို ပေးဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် ထိုမင်း၏ သားဖြစ်သော ဇုဏှမည်သော မင်းသားသည် ဖြစ်၍ တက္ကသိုလ်ပြည်၌ အဘတ်ဘိုကို သင်၍ ဆရာအား

ခက်ဆစ် ခက်ရပ် မေးလျှောက်ခြင်းကို သုတ်သင်၍ ညဉ့်အဖို့ မှောင်မိုက်သော အခါ၌ ဆရာအိမ်မှ ထွက်၍ မိမိနေရာ အရပ်သို့ လျင်စွာသွားသည်ရှိသော် တစ်ယောက်သော ပုဏ္ဏားသည် ဥစ္စာဆွမ်းခံ၍ မိမိ၏ နေရာအရပ်သို့ သွားသည်ကို မမြင်၍ လက်ရုံးဖြင့် ခတ်မိ၍ ပုဏ္ဏား၏ ထမင်းခွက်သည် ကွဲ၏၊ ပုဏ္ဏားသည် လူးလဲ၍ ငိုမြည်တမ်း၏၊ မင်းသားသည် သနားသဖြင့် ပြန်၍ ပုဏ္ဏားကို လက်ဖြင့် ကိုင်၍ ထူ၏၊ ပုဏ္ဏားသည် ချစ်သား သင်သည် ငါ၏ ထမင်းခွက်ကို ခွဲဘိ၏၊ ငါ့အား ထမင်းခွက်အဖိုးကို ပေးလော့ဟု ဆို၏၊ မင်းသားသည် ပုဏ္ဏား ငါသည် ယခုအခါ၌ သင်၏ ထမင်းခွက် အဖိုးကို ပေးခြင်းငှါ မတတ်နိုင်၊ ငါသည်ကား ဗာရာဏသီမင်း၏ သားတည်း၊ ဇုဏှမင်းသားဟူသော အမည်ရှိ၏၊ ငါသည် မင်းအဖြစ်၌ တည်သည်ရှိသော် လာ၍ ငါ့အား ဥစ္စာကို သင်တောင်းလော့ဟု ဆို၍ အတတ်သင်ပြီးသော် သရာကို ရှိခိုး၍ ဗာရာဏသီပြည်သို့ ပြန်၍ အဘအား အတတ်ကို ပြ၏၊ အဘသည် အသက်ရှင်စဉ် ငါ့သားကို မြင်သည် ဖြစ်ပြီ၊ မင်းဖြစ်ပြီးသော ငါ့သားကို ငါကြည့်ရှုအံ့ဟု မင်းအဖြစ်၌ အဘိသိက် သွန်း၏၊ ထိုဘုရားလောင်းသည် ဇုဏှအမည်ရှိသော မင်းဖြစ်၍ တရားနှင့်အညီ မင်းပြု၏၊ ပုဏ္ဏားသည် ထိုအကြောင်းကို ကြား၍ ယခု ငါ၏ ထမင်းခွက်ဖိုးကို တောင်းအံ့ဟု ကြံ၍ ဗာရာဏသီပြည်သို့ သွား၍ တန်ဆာဆင်အပ်သော မြို့ကို လက်ယာရစ် လှည့်လည်လျက် သွားသော မင်းကို တစ်ခုသော မြင့်သော အရပ်၌တည်လျက် လက်ကို ဖြန့်၍ အောင်ဆုပေး၏၊ မင်းသည် မကြည့်မူ၍သာလျှင် လွန်လေ၏၊ ပုဏ္ဏားလည်း ထိုမင်းသည် မမြင်သော အဖြစ်ကို သိ၍ စကားကို ဖြစ်စေလိုရကား ဤဂါထာကို ဆို၏—

၁၃။ သုဏောဟိ မယှံ ဝစနံ ဇနိန္ဒ၊ အတ္ထေန ဇုဏှမှိ ဣဓာဂတောသ္မိ။
န ဗြာဟ္မဏေ အဒ္ဓိကေ တိဋ္ဌမာနေ၊ ဂန္တဗ္ဗမာဟု ဒွိပဒိန္ဒ သေဋ္ဌ။

မင်းမြတ် အကျွန်ုပ်၏ စကားကို နာတော်မူဦးလော။ ဇုဏှမင်းကြီး၌ အလို ရှိသောကြောင့် ဤအရပ်သို့ ရောက်ပါ၏။ အမြဲခြနှစ်ချောင်း လူအပေါင်းကို အစိုးရတော်မူသော မင်းမြတ်၊ အခွန့်ရှည်သော ခရီးကို လာကုန်သော အလျှုခံ ရပ်ကုန်သော ပုဏ္ဏားတို့ကို မကြည့်မူ၍ သွားအပ်၏ဟု ပညာရှိတို့ မဆိုကြကုန်။

မင်းသည် ထိုပုဏ္ဏား၏ စကားကို ကြား၍ ဆင်ကို ချွန်းဖြင့် နှိမ်၍ ဤဂါထာကို ဆို၏—

၁၄။ သုဏောမိ တိဋ္ဌာမိ ဝဒေဟိ ဗြဟ္မေ၊ ယေနာသိ အတ္ထေန ဣဓာဂတောသိ။
ကံ ဝါ တွမတ္ထံ မယိ ပတ္ထယာနော၊ ဣဓာဂမာ ဗြာဟ္မဏ တဒိင်္ဃ ဗြူဟိ။

ပုဏ္ဏား ငါနှာအံ့ ငါ့ရပ်အံ့၊ ဤအရပ်သို့ ရောက်လာရခြင်း၏ အကြောင်းကို သင် ဆိုတော့လော့၊ သင်ပုဏ္ဏားသည် အဘယ်အကျိုးကိုမူလည်း ငါ၌ တောင့်တ၍ ဤအရပ်သို့ လာသနည်း၊ ပုဏ္ဏား သင့်ကို ငါဘိုက်တွန်း၏ ကြိုက်ရာဆိုလော့။

ထိုဂါထာမှ တစ်ပါး ပုဏ္ဏား၏ လည်းကောင်း, မင်း၏ လည်းကောင်း စကားတို့ လှယ် ပြောဟောလိုသော မင်း, ပုဏ္ဏား နှစ်ယောက်တို့သည် ဤ ဂါထာတို့ကို ဆို၏–

၁၅။ ဒဒါဟိ မေ ဂါမဝရာနိ ပဉ္စ၊ ဒါသီသတံ သတ္တဂဝံသတာနိ။
ပရောသဟဿဉ္စ သုဝဏ္ဏနိက္ခေ၊ ဘရိယာ စ မေ သာဒိသီ ဒွေ ဒဒါဟိ။

၁၆။ တပေါ နု တေ ဗြာဟ္မဏ ဘိံသရူပေါ၊ မန္တာ နု တေ ဗြာဟ္မဏ စိတ္တရူပါ။
ယက္ခာ နု တေ အဿဝါ သန္တိ ကေစိ၊ အတ္ထံဝါ မေ အဘိဇာနာသိ ကတ္တံ။

၁၇။ န မေ တပေါ အတ္ထိ န စာပိ မန္တာ၊ ယက္ခာပိ မေ အဿဝါ နတ္ထိ ကေစိ။
အတ္ထမ္ပိ တေ နာဘိဇာနာမိ ကတ္တံ၊ ပုဗ္ဗေ စ ခေါ သင်္ဂတိမတ္တ မာသိ။

၁၈။ ပဌမံ ဣဒံ ဒဿနံ ဇာနတော မေ၊ န တာဘိဇာနာမိ ဣတော ပုရတ္ထာ။
အက္ခာဟိ မေ ပုဋ္ဌော ဧတမတ္ထံ၊ ကဒါ ကုဟိံ ဝါ အဟု သင်္ဂမော နော။

၁၉။ ဂန္ဓာရရာဇဿ ပုရမှိ ရမ္မေ၊ အဝသိမှသေ တက္ကသိလာယံ ဒေဝ။
တတ္ထန္ဓကာရမှိ တိမီသိကာယံ၊ အံသေန အံသံ သမဃဋ္ဋယိမှ။

၂၀။ တေ တတ္ထ ဌတွာန ဥဘော ဇနိန္ဒ၊ သာရာဏိယံ စီတိသာရယိမှ ဟတ္ထ။
သာယေဝ နော သင်္ဂတိမတ္တမာသိ၊ တတော န ပစ္ဆာ န ပုရေ အဟောသိ။

၂၁။ ယဒါ ကဒါစိ မနုဇေသု ဗြဟ္မေ၊ သမာဂမော သပ္ပုရိသေန ဟောတိ။
န ပဏ္ဍိတာ သင်္ဂတိ သန္ထဝါနိ၊ ပုဗ္ဗေ ကတံ ဝါပိ ဝိနာသယန္တိ။

၂၂။ ဗာလာ စ ခေါ သင်္ဂတိ သန္ထဝါနိ၊ ပုဗ္ဗေ ကတံ ဝါပိ ဝိနာသယန္တိ။
ဗဟုမ္ပိ ဗာလေသု ကတံ ဝိနဿတိ၊ တထာ ဟိ ဗာလာ အကတညုရူပါ။

၂၃။ ဓီရာ စ ခေါ သင်္ဂတိ သန္ထဝါနိ၊ ပုဗ္ဗေ ကတံ ဝါပိ န နာသယန္တိ။
အပ္ပမ္ပိ ဓီရေသု ကတံ န နဿတိ၊ တထာ ဟိ ဓီရာ သုကတညုရူပါ။

၂၄။ ဒဒါမိ တေ ဂါမဝရာနိ ပဉ္စ၊ ဒါသီသတံ သတ္တဂဝံသတာနိ။
ပရောသဟဿဉ္စ သုဝဏ္ဏနိက္ခေ၊ ဘရိယာ စ တေ သာဒိသီ ဒွေ ဒဒါမိ။

၂၅။ ဧဝံ သတံ ဟောတိ သမေစ္စ ရာဇ၊ နက္ခတ္တရာဇာရိဝ တာရကာနံ။
အာပူရတိ ကာသိပတီ ယထာဟံ၊ တထာပိ မေ သင်္ဂမော အဇ္ဇ လဒ္ဓေါ။

မြတ်သောမင်းကြီး ငါးရွာသော ရွာဆုတို့ကို အကျွန်ုပ်အား ပေးလှူတော်မူလော့။ ကျွန်မတစ်ရာကိုလည်း ပေးလော့။ နို့ညှစ်နွားမ ခုနစ်ရာတို့ကိုလည်း ပေးလော့။ တစ်ထောင်မကသော ရွှေစင်နိက္ခတို့ကိုလည်း ပေးတော်မူလော့။ အဆင်းသဏ္ဌာန် ဇာတ် အမျိုးညွန်းခြင်းအားဖြင့် တူကုန်သော နှစ်ယောက်ကုန်သော မယားတို့ကိုလည်း ငါ့အား ပေးတော်မူလော့။

ပုဏ္ဏားကြီးစွာသော ဂုဏ်ကျေးဇူးဟု ဆိုအပ်သော အကျင့်သည် သင်ပုဏ္ဏားအား ရှိပါကုန်၏လော၊ ပုဏ္ဏား သင်ပုဏ္ဏားအား ဆန်းကြယ်သော သဘောရှိကုန်သော မန္တရားတို့သည် ရှိပါကုန်၏လော၊ သင့်စကားကို လိုက်နာတတ်ကုန်သော အချို့ကုန်သော နတ်တို့သည် သင်ပုဏ္ဏားအား ရှိပါကုန်၏လော။ ငါ၏ အကျိုးစီးပွားကို ပြုဖူးသည်ကိုလည်း သင်သိပါ၏လော၊

မြတ်သောမင်းကြီး အကျွန်ုပ်အား အကျင့်ကျေးဇူးလည်း မရှိပေ၊ ဆန်းကြယ်သော မန္တန်လည်း မရှိပေ၊ အကျွန်ုပ်၏စကားကို လိုက်နာတတ်ကုန်သော အချို့သော နတ်တို့လည်း မရှိပါကုန်၊ အရှင်မင်းကြီး၏ အကျိုးစီးပွားကိုလည်း မပြုဖူးပါ၊ ရှေးအခါက ပေါင်းဖော်ဖူးကာမျှသာ ဖြစ်ပါ၏။

သင်သည် သိသည်ဟုဆိုသော ငါ့အား သင့်ကို ယခု မြင်တွေ့ရခြင်းသည်ပင် ပထမဆုံး မြင်ခြင်းပင်တည်း၊ ယခင်က သင့်ကို မသိ မမြင်ဖူးပေ၊ အဘယ်အခါ၌လည်းကောင်း, အဘယ်အရပ်၌လည်းကောင်း အတူနေခဲ့ဖူးသနည်း၊ အမေးခံရသော သင်သည် ငါ့အား ထိုအကြောင်းကို ပြောကြားပါလော။

ရှင်မင်းကြီး ဂန္ဓာရမင်း၏ နှလုံးမွေ့လျော်ဖွယ်ရှိသော တက္ကသိုလ်အမည်ရှိသောပြည်၌ နေဖူးကုန်၏။ ထို တက္ကသိုလ်ပြည်၌ တိမိသိကဟု ဆိုအပ်သော အမိုက်တိုက်၌ အရှင်မင်းကြီး၏ ပခုံးနှင့် အကျွန်ုပ်၏ပခုံးကို တိုက်မိကုန်၏။

မင်းမြတ် ထိုတိုက်ခတ်မိရာ၌ အကျွန်ုပ်တို့ နှစ်ယောက်သည် ရပ်လျက် အောက်မေ့သတိရနိုင်ဖွယ်ရာ စကားကို ပြောဆိုခဲ့ကြကုန်၏၊ ထိုပခုံးချင်း တိုက်ခတ်မိရာအခါ၌သာ အကျွန်ုပ်တို့ တွေ့ဆုံဖူးကြပါ၏၊ ထိုမှနောက်၌လည်း တစ်ခါတစ်လေမျှ မတွေ့ဆုံကြပေ၊ ရှေးအခါကလည်း မသိခဲ့ကြဖူးပေ။

ပုဏ္ဏား လူတို့၌ အမှုကိစ္စမရှိသောအခါ၌ သူတော်ကောင်းနှင့်ပေါင်းဖော်ခြင်း ဖြစ်၏၊ ပညာရှိကိုသည် ခဏပေါင်းဖော်ခြင်း ရှည်မြင့်စွာ ပေါင်းဖော်ခြင်းတို့ကို လည်းကောင်း ရှေး၌ ပြုဖူးသော ကျေးဇူးကိုလည်းကောင်း မဖျက်ကုန်။

သူမိုက်တို့သည်သာလျှင် ခဏပေါင်းဖော်ခြင်း အရှည်မြင့်စွာပေါင်းဖော်ခြင်း တို့ကိုလည်းကောင်း ရှေး၌ ပြုဖူးသော သူ့ကျေးဇူးကိုလည်းကောင်း ဖျက်ကုန်၏။ သူမိုက်တို့သည် သူ့ကျေးဇူးကို မသိတတ်သော သဘောရှိကုန်သောကြောင့် သူမိုက်တို့၌ များစွာလည်းဖြစ်သော ပြုဖူးသော သူ့ကျေးဇူးကို ဖျက်ဆီးတတ်၏။

ပညာရှိကိုသည်ကား ခဏပေါင်းဖော်ခြင်း ရှည်မြင့်စွာပေါင်းဖော်ခြင်းတို့ကို လည်းကောင်း ရှေး၌ ပြုဖူးသော ကျေးဇူးကိုလည်းကောင်း မဖျက်ဆီးကုန်၊ ပညာရှိတို့သည်ကား ကောင်းစွာ သူ့ကျေးဇူးကို သိသောသဘောရှိကုန်သောကြောင့် ပညာရှိ၌ အနည်းငယ်သည်းဖြစ်သော ကောင်းစွာ ပြုအပ်သော သူ့ကျေးဇူးကို မဖျက်။

ပုဏ္ဏား သင့်အား ငါးရွာသောရွာဆုတို့ကို ငါပေး၏။ ကျွန်မိန်းမ တစ်ရာကို လည်းကောင်း နို့ညှစ်နွားမ ခုနစ်ရာတို့ကိုလည်းကောင်း အထောင်မကသော ရွှေစ နိက္ခကိုလည်းကောင်း ငါပေး၏၊ အဆင်းသဏ္ဌာန် ဇာတ်အမျိုးညွန်းခြင်း အားဖြင့် တူကုန်သော မယားနှစ်ယောက်တို့ကိုလည်းကောင်း သင့်အား ငါပေး၏။

မင်းမြတ် ဤသို့ သူတော်ကောင်းတို့နှင့် ကပ်၍ ပေါင်းဖော်ခြင်းသည် ဖြစ်၏။ ကာသိတိုင်းရှင် ကြယ်အပေါင်းတို့၏ အလယ်၌ လမင်းသည် ပြည့်သကဲ့သို့ ထို့အတူ အကျွန်ုပ်သည်လည်း ရွာဆုအစရှိသည်တို့ဖြင့် ပြည့်၏။ ကာသိတိုင်းရှင်ဖြစ်သော မင်းကြီး အကျွန်ုပ်သည် ရှင်မင်းကြီးနှင့် ပေါင်းမိခြင်းကိုလည်း ယခု ရအပ်ပြီ။

ဇာတ်ပေါင်း

ဘုရားလောင်းသည် ထိုပုဏ္ဏားအား များစွာသော စည်းစိမ်အခြံအရံကို ပေး၏။ ဘုရားသခင်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုမှသာလျှင် အာနန္ဒာအား ဆုမြတ်တို့ကို ပေးသည် မဟုတ်

သေး၊ ရှေး၌လည်း ငါသည် မြတ်သော ဆုဖြင့် နေ့ငှရဲစေဖူးသည်သာတည်းဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ ထိုအခါ၌ ပုဏ္ဏားသည် ယခုအခါ အာနန္ဒာ ဖြစ်လာ၏၊ မင်းသည် သင်တို့ဆရာ ငါဘုရား ဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(နည်းငယ်ပေးဖူး၊ သူ့ကျေးဇူး၊ အထူးသိအပ်စွာ။)

လေးရာငါးဆယ့်ခြောက်ခုမြောက်သော ဇုဏှဇာတ်သည် ပြီး၏။

## ၄၅၇ ဓမ္မဒေဝပုတ္တဇာတ်

### တရားနတ်ဒေါင့်သည်၊ မတရားသည့်နတ် ငရဲကျ

### မတရားကျင့်သူကို တရားကျင့်၍ အောင်နိုင်ခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်ရှိသော် "ယသောကရော ပုညကရော ဟမသ္မိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဓမ္မဒေဝပုတ္တဇာတ်ကို ဒေဝဒတ်၏ မြေမျိုသည်ကို အကြောင်းပြု၍ ဟောတော်မူ၏၊

ထိုစကားသည် မှန်၏၊ ထိုရောအခါ ဓမ္မသဘင်၌ စကားကို ဖြစ်စေကုန်၏၊ ငါရှင်တို့ ဒေဝဒတ်သည် ဘုရားသခင်နှင့်တကွ ဆန့်ကျင်ဘက်ပြု၍ မြေမျို၏ဟု စကားကို ဖြစ်စေကုန်၏၊ ဘုရားသခင်သည် ကြွတော်မူလာ၍ ရဟန်းတို့ ယခုအခါ၌ အဘယ်အကြောင်းကြောင့် စည်းဝေးကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော အကြောင်းကြောင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရား၏ သာသနာတော်စကြ၌ ပုတ်ခတ်ခြင်းကို ပြု၍ မြေမျိုသည်မဟုတ်၊ ရှေး၌လည်း ဓမ္မစကြ၌ ပုတ်ခတ်ခြင်းကိုပေး၍ မြေမျို၍ အဝီစိသို့ လဲလျောင်းရသည်ဖြစ်၏ဟု မိန့်တော်မူ၍ လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု ၁

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် ကာမာဝစရနတ်ပြည်၌ ဓမ္မနတ်သား ဖြစ်၏၊ ဒေဝဒတ်သည် အဓမ္မနတ်သား ဖြစ်၏၊ ထိုနှစ်ယောက်သော နတ်သား တို့တွင် ဓမ္မနတ်သားသည် နတ်၌ဖြစ်သော နတ်တန်ဆာကိုဆင်လျက် မြတ်သော နတ်ရထားကိုစီး၍ အမတ်အပေါင်းခြံရံလျက် လူတို့သည် ညဥ့်အခါ ထမင်းကိုစား ၍မိမိတို့၏ အိမ်တံခါးတို့၌ နေကုန်စဉ် ရွာနိဂုံးဇနပုဒ်မင်းနေပြည်ဝယ် ကောင်းကင် ၌ရပ်၍ သတ္တဝါတို့ကို သခြင်း အစရှိကုန်သော အကုသလ ကမ္မပထတရား ဆယ်ပါးတို့ကိုကြဥ်၍ မိဘတို့ ကျွေးမွေးသော ကျင့်ဝတ်ကို လည်းကောင်း, သုံးပါးသော သုစရိုက်တို့ကိုလည်းကောင်း ဖြည့်ကျင့်ကုန်သည်ရှိသော် နတ်ပြည် သို့ လားကုန်၍ ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစားရကုန်လတ္တံ့ဟု လူတို့ကို ကုသလကမ္မပထတရား ဆယ်ပါးတို့ကို ဆောက်တည်စေလျက် ဇမ္ဗူဒိပ်ကို လက်ယာရစ် လှည့်လည်၏၊ အဓမ္မနတ်သားကား သူ့အသက်ကို သတ်ကြကုန်၊ ဤသို့အစရှိသော နည်းဖြင့် အကုသလကမ္မပထတရား ဆယ်ပါးတို့ကို နှိုးဆော် လျက် ဇမ္ဗူဒိပ်ကျွန်းကို လက်ဝဲရစ်လှည့်လည်၏၊ ထိုအခါ ထိုနတ်သား နှစ်ဦးတို့ ၏ ရထားတို့သည် ကောင်းကင်၌ ရှေးရှုဆိုင်မိကြကုန်၏၊ ထိုနှစ်ဦးတို့ ပရိသတ် သည် သင်တို့သည် အသူ၏ ပရိသတ်တို့နည်း၊ သင်တို့သည် အသူ၏ ပရိသတ်တို့ နည်း၊ ဤသို့မေးကြကုန်၍ ငါတို့သည် ဓမ္မနတ်၏ ပရိသတ်တို့တည်း၊ ငါတို့သည် အဓမ္မနတ်၏ ပရိသတ်တို့တည်းဟု ပြောဆိုကြကုန်၍ ခရီးမှသက်ကုန်၍ နှစ်ဖြာ ဖြစ်ကုန်၏၊ ဓမ္မနတ်သားသည်လည်း အဓမ္မနတ်သားကိုခေါ်၍ အဆွေ သင်သည် အဓမ္မနတ်သားမည်၏၊ ငါကား ဓမ္မနတ်သားမည်၏၊ ခရီးသည် ငါ့အား လျောက်ပတ်၏၊ သင်၏ ရထားကိုဆုတ်၍ ငါ့အား ခရီးကိုပေးလော့ဟု ဆိုလို ရကား ဤဂါထာကိုဆို၏—

၂၆။ ယသောကရော ပုညကရော ဟမသ္မိ၊ သဒါတ္ထုဟော သမဏဗြဟ္မဏာနံ။
မဂ္ဂါရဟော ဒေဝမနုဿပူဇိတော၊ ဓမ္မော အဟံ ဒေဟိ အဓမ္မ မဂ္ဂံ။

အဓမ္မနတ်သား ငါသည် လူနတ်တို့၏ စည်းစိမ်ချမ်းသာကို ပြု၏၊ လူနတ် တို့၏ ကုသိုလ်ကောင်းမှုကို ပြု၏၊ ရဟန်းပုဏ္ဏားတို့အား အခါခပ်သိမ်း ချီးမွမ်း၏၊ ဓမ္မမည်သော ငါသည် နတ်လူတို့သည် ပူဇော်အပ်သည်ဖြစ်၍ ခရီးအားထိုက်၏၊ ခရီးကို ငါ့အား ပေးလော့။

ထိုဂါထာမှ နောက်ဖြစ်ကုန်သော ဤခြောက်ဂါထာတို့ကို ထိုနတ်သားနှစ်ဦး တို့သည် လျှင် စကား တုံ့လှယ်ပြောဆိုသည်၏ အစွမ်းအားဖြင့် ဆိုအပ်ကုန်၏။

၂၇။ အဓမ္မံ ယာနံ ဒဠှမာရုဟိတွာ၊ အသန္တသန္တော ဗလဝါ’ဟမသ္မိ။
သ ကိဿ ဟေတုမှိ တဝ’ဇ္ဇ ဒဇ္ဇံ၊ မဂ္ဂံ အဟံ ဓမ္မ အဒိန္နပုဗ္ဗံ။

၂၈။ ဓမ္မော ဟဝေ ပါတုရဟောသိ ပုဗ္ဗေ၊ ပစ္ဆာ အဓမ္မော ဥဒပါဒိ လောကေ။
ဇေဋ္ဌော စ သေဋ္ဌော စ သနန္တနော စ၊ ဥယျာဟိ ဇေဋ္ဌဿ ကနိဋ္ဌ မဂ္ဂါ။

၂၉။ န ယာစနာယ နပိ ပါတိရူပါ၊ န အရဟတာ တေ’ဟံ ဒဒေယျံ မဂ္ဂံ။
ယုဒ္ဓဉ္စ နော ဟောတု ဥဘိန္န’မဇ္ဇ၊ ယုဒ္ဓမှိ ယော ဇေဿတိ တဿ မဂ္ဂေါ။

၃၀။ သဗ္ဗာ ဒိသာ အနုဝိသဋော’ဟမသ္မိ၊
မဟဗ္ဗလော အမိတယသော အတုလော။
ဂုဏေဟိ သဗ္ဗေဟိ ဥပေတရူပေါ၊
ဓမ္မော အဓမ္မ တွံ ကထံ ဝိဇေဿသိ။

၃၁။ လောဟေန ဝေ ဟညတိ ဇာတရူပံ၊ န ဇာတရူပေန ဟနန္တိ လောဟံ။
သစေ အဓမ္မော ဟညတိ ဓမ္မ’မဇ္ဇ၊ အယော သုဝဏ္ဏံ ဝိယ ဒဿနေယျံ။

၃၂။ သစေ တုဝံ ယုဒ္ဓဗလော အဓမ္မ၊ န တုယှ ဝုဍ္ဎာ စ ဂရူ စ အတ္ထိ။
မဂ္ဂဉ္စ တေ ဒမ္မိ ပိယာပ္ပိယေန၊ ဝါစာ ဒုရုတ္တာနိပိ တေ ခမာမိ။

ဓမ္မနတ်သား ငါသည် အဓမ္မရထားကို မြဲစွာ စီး၍ မကြောက် အားကြီးသည်ဖြစ်၏။ ထိုငါသည် အဘယ်အကြောင်းကြောင့် မပေးဖူးသော ခရီးကို သင့်အား ယခု ပေးရအံ့နည်း။

အဓမ္မနတ် ကမ္ဘာဦးလျှင် စင်စစ်ကုသိုလ်တရားသည် ထင်ရှား၏။ နောက်မှ အကုသိုလ်တရားသည် ထင်ရှား၏၊ ငါသည် ကြီးလည်း ကြီး၏၊ မြတ်လည်း မြတ်၏။ ရှေး၌လည်းဖြစ်၏၊ အငယ်သည် အကြီးအား ခရီးမှ ဖဲလော့။

ဓမ္မနတ် ငါသည် တောင်းသဖြင့်လည်း သင့်အား ခရီးကို မပေး။ သင့်တင့်စွာဆိုသဖြင့်လည်း ငါမပေး၊ မသိုက်၊ ယခု နှစ်ယောက်ကုန်သော ငါတို့အား စစ်ထိုးခြင်း သည်သာလျှင် ဖြစ်စေလော့၊ စစ်ထိုးရာ၌ အောင်နိုင်သော သူအား ခရီးသည် ဖြစ်စေသတည်း။

အဓမ္မနတ် ငါသည် အရပ်ရှစ်မျက်နှာတို့၌ ပျံ့နှံ့ ထင်ရှား၏၊ ကြီးစွာသော ခွန်အားရှိ၏။ မနှိုင်းယှဉ်အပ်သော အခြံအရံရှိ၏။ ငါနှင့် တူသော သူမရှိ။ အလုံးစုံကုန်သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော သဘောရှိသော ငါဓမ္မနတ်သားကို သင်သည် အဘယ်ကြောင့် အောင်နိုင်လိမ့်မည်နည်း။

ဓမ္မနတ် စင်စစ် သံဖြင့် ရွှေကို ဖြတ်နိုင်၏။ ရွှေဖြင့် သံကို မဖြတ်နိုင်ကုန်၊ အကယ်၍ ယခု အဓမ္မနတ်သည် ဓမ္မနတ်ကို သတ်အံ့။ သံသည် ရွှေကို ဖျက်ဆီးသကဲ့သို့ ငါဖျက်ဆီးအံ့။

အဓမ္မနတ် အကယ်၍ သင်သည် စစ်ထိုးခြင်း၌ အားရှိအံ့။ သင့်အား ကြီးသောသူတို့သည် လည်းကောင်း။ အရိုအသေပြုအပ်သော သူတို့သည်လည်းကောင်း မရှိကုန်။ ချစ်မချစ်သဖြင့် ခရီးကိုလည်း သင့်အား ငါပေး၏။ သင်၏ ကြမ်းကြုတ်ခက်ထန်သော စကားတို့ကိုလည်း ငါသည်းခံ၏။

ဘုရားလောင်းသည်ကား ဤဂါထာကို မိန့်ဆိုတော်မူသောခဏ၌ အဓမ္မနတ်သားသည် ရထား၌ မတည်နိုင်၍ ဦးခေါင်းစောက်ထိုး မြေသို့ကျ၍ မြေမျိုပြီးလျှင် အဝီစိငရဲ၌ ဖြစ်လေ၏၊ ထိုအကြောင်းကို သိတော်မူ၍ ဘုရားဖြစ်ပြီးလျှင် ကြွင်းသောဂါထာတို့ကို ဟောတော်မူ၏—

၃၃။ ဣဒဉ္စ သုတွာ ဝစနံ အဓမ္မော၊
အဝံသိရော ပတိတော ဥဒ္ဓပါဒေါ။
ယုဒ္ဓတ္ထိကော စေ န လဘာမိ ယုဒ္ဓံ၊
ဧတ္တာဝတာ ဟောတိ ဟတော အဓမ္မော။

၃၄။ ခန္တီဗလော ယုဒ္ဓဗလံ ဝိဇေတွာ၊
ဟန္တွာ အဓမ္မံ ဝိဟနိတွာ ဘူမျာ။
ပါယာသိ ဝိတ္တော အဘိရုယှ သန္ဒနံ၊
မဂ္ဂေနေဝ အတိဗလော သစ္စနိက္ကမော။

၃၅။ မာတာ ပိတာ သမဏဗြာဟ္မဏာ စ၊
အသမ္မနိတာ ယဿ သကေအဂါရေ။
ဣဓေဝ နိက္ခိပ္ပသရီရဒေဟံ၊
ကာယဿ ဘေဒါ နိရယံ ဝဇန္တိ တေ။
ယထာ အဓမ္မော ပတိတော အဝံသိရော။

၃၆။ မာတာပိတာ သမဏဗြာဟ္မဏာ စ၊
သုသမ္မနိတာ ယဿ သကေ အဂါရေ။
ဣဓေဝ နိက္ခိပ္ပသရီရဒေဟံ၊
ကာယဿ ဘေဒါ သုဂတိံ ဝဇန္တိ တေ။
ယထာပိ ဓမ္မော အဘိရုယှ သန္ဒနံ။

ရဟန်းတို့ စစ်ထိုးခြင်းကို အလိုရှိသော အဓမ္မနတ်သည် ဂုဏ်မဲ့မှုနတ်၏ စကားကိုလျှင် ကြား၍ ဦးခေါင်းစောက်ထိုး ခြေမိုးမျှော် စစ်ထိုးခြင်းကို ငါမရပြီဟု မြည်တမ်း၍ ကျလေ၏။ဤသို့ကျသဖြင့် အဓမ္မနတ်ကို သတ်အပ်သည် ဖြစ်၏။

ရဟန်းတို့ သည်းခံခြင်းအားနှင့် ပြည့်စုံသော အလွန် အားကြီးသော မှန်သော လုံ့လရှိသော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော ဓမ္မနတ်သည် အဓမ္မနတ်၏ စစ်သည်ဗိုလ်ကို အောင်၍ အဓမ္မနတ်ကို သတ်၍ မြေ၌ မြုပ်သတ်၍ မိမိ ရထားကို စီး၍ ခရီးဖြင့်သာလျှင် သွား၏။

ရဟန်းတို့ မိမိအိမ်၌ အမိ အဘ ရဟန်း ပုဏ္ဏားတို့ကို အရိုအသေ ပြုသူသည် ဂုဏ်လောက၌လျှင် ကိုယ်ခန္ဓာကို စွန့်ပစ်၍ အဓမ္မနတ်သည် ဦးခေါင်းစောက်ထိုး ကျသကဲ့သို့ ထိုအတူ ကိုယ်၏ ပျက်သည်မှ နောက်၌ ငရဲသို့ သွားရကုန်၏။

ရဟန်းတို့ မိမိအိမ်၌ အမိ အဘ ရဟန်း ပုဏ္ဏားတို့ကို အရိုအသေပြုသူသည် ဤလောက၌လျှင် ခန္ဓာကိုယ်ကို စွန့်ပစ်၍ ဓမ္မနတ်သားသည် မိမိရထားကို စီး၍ သွားသကဲ့သို့ ထိုအတူ ကိုယ်၏ ပျက်စီးသည်မှ နောက်၌ သုဂတိဘဝသို့ သွားရကုန်၏။

### ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤသို့ တရားတော်ကို ဟောတော်မူ၍ ရဟန်းတို့ ယခုမှသာလျှင် ဒေဝဒတ်သည် ငါဘုရားနှင့် ဆန့်ကျင်သောကြောင့် မြေမျိုသည် မဟုတ်၊ ရှေး၌လည်း ဒေဝဒတ်သည် မြေမျိုဖူးသည်သာတည်းဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ ထိုအခါ အဓမ္မနတ်သည် ယခုအခါ ဒေဝဒတ် ဖြစ်လာ၏၊ ထိုအဓမ္မနတ်၏ ပရိသတ်တို့သည်လည်း ဒေဝဒတ်၏ ပရိသတ်တို့ ဖြစ်လာကုန်၏၊ ဓမ္မနတ်ကား သင်တို့အရှင် ငါဘုရားဖြစ်တော်မူလာ၏၊ ဓမ္မနတ်၏ ပရိသတ်တို့သည်ကား ယခုအခါ ငါဘုရား၏ ပရိသတ် ဖြစ်လာကုန်၏၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(တရားမသက်၊ အမှားဖက်၊ အပျက် တွေ့လိမ့်မှာ။)

လေးရာငါးဆယ့်ခုနစ်ခုမြောက်သော ဓမ္မဒေဝပုတ္တဇာတ်သည် ပြီး၏။

## ၄၅၇-ဥဒယဘဒ္ဒဇာတ်

### အလှတန်ဖိုး ကြာလေ လျော့လေ

### နတ်သမီးနှင့် တူသော မိန်းမနှင့်သော်လည်း မပြစ်မှားခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်လူတို့၏ ဆရာဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသည် ရှိသော် သာသနာတော်မှ ဆန့်ကျင်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ "ကော နိသိန္နော"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဥဒယဘဒ္ဒဇာတ်ကို ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုသည် ကုသဇာတ်၌ ထင်ရှားစွာ ဖြစ်လတ္တံ့)။ အထူးကို ဆိုအံ့။

ဘုရားသခင်သည် ထိုရဟန်းကို သာသနာတော်၌ ငြီးငွေ့ မရွှင် ဆန့်ကျင်သောဟု ငါကြားတော်မူသည် မှန်သလောဟု မေးတော်မူ၍ အရှင်ဘုရား မှန်ပါ၏ဟု နားတော်လျှောက်လတ်သော် ရဟန်း အဘယ့်ကြောင့် ကိလေသာ၏ အစွမ်းဖြင့် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ငါဘုရား သာသနာတော်၌ ရဟန်းပြုလျက် ဆန့်ကျင်ဘိသနည်း၊ ရှေးပညာရှိတို့သည် ကြယ်ဝ ပြည့်စုံသော တစ်ဆယ့်နှစ်ယူဇနာရှိသော သုရုန္ဓနမြို့၌ မင်းပြုသည် ရှိသော် နတ်သမီးနှင့် တူသော မိန်းမနှင့်တကွ အနှစ်ခုနစ်ရာတို့ပတ်သုံး တစ်ခုသော တိုက်ခန်း၌ နေကုန်လတ်သော်လည်း ဣန္ဒြေတို့ကို ဖျက်၍ လောဘ တဏှာ၏ အစွမ်းဖြင့် မကြည့်ဖူးကုန်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသော အခါ ကာသိတိုင်း သုရုန္ဓနမြို့၌ ကာသိကရာဇ်မင်းသည် မင်းပြု၏၊ ထိုမင်းအား သား သမီးတို့သည် မရှိကုန်၊ ထိုမင်းသည် မိမိ၏ မိဖုရားတို့ကို သားဆုကို တောင်းလော့ဟု တိုက်တွန်း၏၊ ထိုအခါ ဘုရားလောင်းသည် ဗြဟ္မာ့ပြည်မှစုတေ၍ မင်း၏မိဖုရားကြီး၏ ဝမ်း၌ ဖြစ်၏၊ ထိုအခါ မင်းသားအား လူများ၏ နှလုံးကို ပွားစေ၍ ဖွားမြင်သည်၏ အဖြစ်ကြောင့် ဥဒယဘဒ္ဒဟူသော အမည်ကို မှည့်ကုန်၏၊ မင်းသားသည် ခြေဖြင့် သွားနိုင်သောအခါ တစ်ပါးသော သတ္တဝါသည် ဗြဟ္မာ့ပြည်မှ စုတေ၍ ထိုမင်း၏ မိဖုရားတစ်ယောက်ဝမ်း၌ သတို့သမီးဖြစ်၏၊ ထိုမင်းသမီးအားလည်း

ဥဒယဘဒ္ဒါဟူသော အမည်ကို မှည့်ကုန်၏၊ မင်းသားသည် အရွယ်သို့ရောက်သည် ရှိသော် အလုံးစုံသော အတတ်နှင့် ပြည့်စုံခြင်းသို့ ရောက်၏၊ ဖွားသည်မှစ၍ မြတ်သောအကျင့်ကိုသာ ကျင့်၏၊ အိပ်မက်ဖြင့်သော်လည်း မေထုန် အကျင့်ကို မသိစဖူး၊ ထိုမင်းသား၏ စိတ်သည် ကိလေသာတို့၌ မကပ်ငြိ၊ မင်းသည် သားတော်ကို မင်းအဖြစ်၌ အဘိသိက်သွန်း၍ ကချေသည်တို့ကို လုပ်ကျွေးစေအံ့ဟု မင်းသားအထံသို့ သတင်းစကားကို စေ၏၊ ဘုရားလောင်းသည် အကျွန်ုပ်သည် မင်းအဖြစ်ကို အလိုမရှိပါ၊ ကိလေသာတို့၌ အကျွန်ုပ်၏ စိတ်သည် မကပ်ငြိဟု ပယ်၏၊ အဖန်တလဲလဲ ဆိုလတ်သော်လျှင် ဇမ္ဗူရာဇ်ရွှေစင်ဖြင့် ပြီးသော မိန်းမရုပ်ကို ပြုလုပ်စေ၍ ဤအရုပ်နှင့်တူသော မိန်းမကိုရသော် မင်းအဖြစ်ကို ဝန်ခံအံ့ဟု မယ်တော် ခမည်းတော်တို့အား စေ၏၊ ထိုမိဘတို့သည် ထိုရွှေရုပ်ကို ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို လှည့်လည်စေ၍ ထိုအရုပ်နှင့်တူသော မိန်းမကိုမရကုန်၍ ဥဒယဘဒ္ဒမင်းသမီးကို တန်ဆာဆင်ယင်၍ ထိုရွှေရုပ်၏ အနီး၌ထားကုန်၏။

ထိုဥဒယဘဒ္ဒါ မင်းသမီးသည် ထိုရွှေရုပ်ကို လွှမ်းမိုး၍တည်၏၊ ထိုအခါ၌ ထိုသူနှစ်ယောက်တို့သည် အလိုမရှိကုန်ဘဲလျှင် အဘတူ အမိခြား နှမဖြစ်သော ဥဒယဘဒ္ဒါ မင်းသမီးကို မိဖုရားကြီးပြု၍ ဘုရားလောင်းကို မင်းအဖြစ်ဖြင့် အဘိသိက် သွန်းကုန်၏၊ ထိုနှစ်ယောက်သော သူတို့သည်လည်း မြတ်သော အကျင့်ဖြင့် နေခြင်းကိုသာလျှင် နေကုန်၏၊ နောက်အဖို့၌ မိဘတို့၏ သေလွန်သဖြင့် ဘုရားလောင်းသည် မင်းပြု၏၊ နှစ်ယောက်သော မင်း မိဖုရားတို့သည် တစ်ခုသော တိုက်ခန်း၌ နေကုန်သော်လည်း ဣန္ဒြေ၏အစွမ်းဖြင့် လောဘတို့ကို ဖျက်၍ အချင်းချင်း မကြည့်ဖူးကုန်၊ စင်စစ်သော်ကား ငါတို့နှစ်ယောက်တို့တွင် အကြင်သူသည် ရှေးဦးစွာ သေအံ့၊ ထိုသူသည် ဖြစ်ရာအရပ်မှ လာ၍ ဤမည်သော အရပ်၌ ဖြစ်သည်ဟု ကြားလော့ဟု ကတိကဝတ်ကို ပြုကုန်၏၊ ထိုအခါ ဘုရားလောင်းသည် အဘိသိက်ခံသည်မှ အနှစ်ခုနစ်ရာ လွန်သဖြင့် သေခဲ့၏၊ တစ်ပါးသောမင်းသည် မဖြစ်၊ ဥဒယဘဒ္ဒါမင်းသမီး၏ အာဏာဖြင့်သာ အမတ်တို့သည် တိုင်းပြည်ကို ဆုံးမကုန်၏၊ ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏အဖြစ်သို့ ရောက်၍ စည်းစိမ်အခြံအရံများသည်၏ အဖြစ်ကြောင့် ခုနစ်ရက်ပတ်လုံး အောက်မေ့ခြင်းငှါ မတတ်နိုင်၊ ထိုဘုရားလောင်းသည် လူတို့၏ အရေအတွက် အနှစ်ခုနစ်ရာ လွန်သဖြင့် ဆင်ခြင်၍ ဥဒယဘဒ္ဒါ မင်းသမီးကို ဥစ္စာဖြင့် ဖြားယောင်းစုံစမ်း၍ မြတ်သော အသံကို ဆိုစေ၍ တရားဟော၍ ကတိကဝတ်ကို လွတ်စေ၍ ပြန်အံ့ဟုကြံ၏၊ ထိုအခါဝယ် လူတို့အား အနှစ်တစ်သောင်း အသက်ရှည်သောအခါ ဖြစ်သတတ်၊ မင်းသမီးလည်း ထိုနေ့ညဉ့်အဖို့၌ ပိတ်ကုန်သော မြတ်သော ပြာသာဒ်အထက်၌ တန်ဆာဆင်သော ကျက်သရေရှိသော တိုက်ခန်းဝယ် တစ်ယောက်အထီးတည်းလျှင် မတုန်မလှုပ် မိမိ၏

သီလကို ဆင်ခြင်လျက် နေ၏၊ ထိုအခါ၌ သိကြားမင်းသည် ရွှေပဲရာ်ဖြင့် ပြည့်သော ရွှေခွက်တစ်လုံးကို ယူ၍လာပြီးလျှင် အိပ်ရာတိုက်ခန်း၌ ထင်ရှားဖြစ်၍ တင့်အပ်သောအရပ်၌ ရပ်လျက် ထိုမင်းသမီးနှင့် အတူတကွ စကားပြောဟောလိုရကား ဤဂါထာကိုဆို၏–

၃၇။ ကော နိသိန္နာ သုစိ သညတူရူ၊ ပါသာဒမာရုယှ အနိန္ဒိတင်္ဂီ။
ယာစာသိ တံ ကိန္နရ နေတ္တစက္ခု၊ ဣမေကရတ္တိံ ဥဘယော ဝသေမ။

စင်ကြယ်သော အဝတ်ကိုလည်း ဝတ်ထသော သိမ်းဆည်း၍ ထားအပ်သော ပေါင်ရှိသော မကဲ့ရဲ့အပ်သော ကိုယ်ရှိသော ကိန္နရီနှင့်တူသော မျက်စိရှိသော မင်းသမီး၊ ပြာသာဒ်ထက်သို့ တက်၍ တစ်ယောက်သီးတည်း နေ၏၊ သင့်ကို ငါခွင့်တောင်း၏၊ ဤတစ်ညဉ့်ကို နှစ်ယောက်ကုန်သော ငါတို့သည် အတူတကွ နေလိုပါကုန်၏။

ထိုနောင်မှ မင်းသမီးသည် ဤဂါထာကိုဆို၏–

၃၈။ ဩကိဏ္ဏန္တရ ပရိခံ၊ ဒဠှမဋ္ဋာလကောဋ္ဌကံ။
ရက္ခိတံ ခဂ္ဂဟတ္ထေဟိ၊ ဒုပ္ပဝေသမိဒံ ပုရံ၊

၃၉။ ဒဟရဿ ယုဝိနော စာပိ၊ အာဂမော စ န ဝိဇ္ဇတိ။
အထ ကေန နု ဝဏ္ဏေန၊ သင်္ဂမံ ဣစ္ဆသေ မယာ။

ဟူသော နှစ်ခုသော ဤဂါထာတို့ကိုဆို၏။

ဤ သုရုန္ဓနပြည်သည် ကျုံးသုံးတန် ခြံရံ၏ မြဲမြံသော ပြအိုးပစ္စင်တံခါးမုခ်နှင့်လည်း ပြည့်စုံ၏။ သန်လျက်လက်စွဲကုန်သော သူတို့သည် စောင့်ရှောက်အပ်သည်ဖြစ်၍ ဝင်နိုင်ခဲ၏။

သူငယ်၏လည်းကောင်း, သူရဲ သူခက်၏လည်းကောင်း လာခြင်းမည်သည်လည်း မရှိစဖူး၊ ထိုသို့ မရှိစဖူးလျက် အဘယ်အကြောင်းကြောင့် ငါနှင့် အိုးအိပ်ရာယှဉ်ဘွဲ၍ မေတ္တာရစ်ခွေကြာနှင့်ရေကဲ့သို့ အဆွေခင်ပွန်းဖွဲ့၍နေခြင်းကို အလိုရှိသနည်း။

ထိုအခါ သိကြားမင်းသည် ဤဂါထာကို ဆို၏–

၄၀။ ယက္ခော ဟမသ္မိ ကလျာဏိ၊ အာဂတောသ္မိ တဝန္တိကေ။
တွံ မံ နန္ဒယ ဘဒ္ဒန္တေ၊ ပုဏ္ဏကံသံ ဒဒါမိ တေ။

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

ကောင်းသောအဆင်းနှင့် ပြည့်စုံသော မင်းသမီး ငါကား နတ်သားဖြစ်၏၊ သင်၏အထံသို့ တန်ခိုးဖြင့်လာ၏၊ သင့်အား ကောင်းခြင်းသည် ဖြစ်စေသတည်း၊ သင်သည် ငါ့ကို ကြိုက်နှစ်သက်သလော ဤသို့ ကြိုက်နှစ်သက်သည် ရှိသော် ပဲရုပ်ဖြင့် ပြည့်သော ဤရွှေခွက်ကို သင်နှမအား ငါပေးအံ့။

ထိုစကားကိုကြား၍ မင်းသမီးသည် ဤဂါထာကိုဆို၏—

၄၁။ ဒေဝံ ဝါ ယက္ခံ အထ ဝါ မနုဿံ၊ န ပတ္ထယေ မဝ်စ္စ အညံ။
ဂစ္ဆေဝ တွံ ယက္ခ မဟာနုဘာဝ၊ မာ စဿု ဂန္တွာ ပုန်ရာဝဇိတ္ထ။

ဟူသော ငါးခုမြောက်သော ဤဂါထာကိုဆို၏။

ကြီးသော တန်ခိုးရှိသော နတ်မင်း ငါသည် နတ်ကို လည်းကောင်း ထိုမှ တစ်ပါး လူကိုလည်းကောင်း ဥဒယမင်းကို လွန်၍ ဥဒယမင်းသားမှ တစ်ပါးသောသူကို ငါမတောင့်တ သင်သည်မြန်စွာသာ သွားလေလော့ သွား၍ တစ်ဖန် ပြန်မလာ ပါစေလင့်။

ထိုဂါထာ၏ အဓိပ္ပာယ်ကား နတ်မင်း ငါသည် နတ်ကို လည်းကောင်း ဘီလူးကိုလည်းကောင်း ဥဒယမင်းသားကို လွန်၍ တစ်ပါးသောသူကို မတောင့်တ သင်သည်သာ သွားပါ၊ ဤအရပ်၌ မရပ်ပါလင့်၊ ငါ့ဖို့ဆောင်ခဲ့သော ပဏ္ဏာ လက်ဆောင်ကို ငါအလိုမရှိ၊ သွားပြီး၍ တစ်ဖန် ဤအရပ်သို့ ပြန်မလာပါလင့် ဟု ဆိုလိုသည်။

သိကြားမင်းသည် ထိုမင်းသမီး၏ စကားသံကို ကြား၍ မရပ်မူ၍ သွားသကဲ့သို့ ထိုအရပ်၌ပင်လျှင် ကွယ်လေ၏၊ နက်ဖြန်နေ့၌ ထိုညဉ့်အခါ၌လျှင် ရွှေပဲရုပ်ဖြင့် ပြည့်သော ငွေခွက်ကို ယူ၍ ထိုမင်းသမီးနှင့်တကွ စကားပြော လို၍ ဤဂါထာကိုဆို၏—

၄၂။ ယာ သာ ရတိ ဥတ္တမာ ကာမဘောဂိနံ၊ ယံ ဟေတု သတ္တာ ဝိသမံ စရန္တိ။
မာ တံ ရတိံ ဇီယိ တုဝံ သုစိမှိတေ၊ ဒဒါမိ တေ ရူပိယကံသပူရံ။

နှမ ကာမစည်းစိမ်ကို ခံစားကုန်သော သူတို့အား အကြင်မေထုန် ကာမ၌ မွေ့လျော်ခြင်းသည် မြတ်၏ အကြင်မေထုန်ကာမ၌ မွေ့လျော်လိုသော

ကြောင့် သတ္တဝါတို့သည် ကာယဒုစရိုက် အစရှိသော မကောင်းမှုကို ကျင့်ကုန်၏၊ နှစ်သက်ဖွယ် ပြုံးရယ်တတ်သော မင်းသမီး သင်သည် ထိုမေထုန်ကာမ၌ မွေ့လျော်ခြင်းကို မပျက်စေလင့်၊ ရွှေပဲရုပ်ဖြင့် ပြည့်သော ငွေခွက်ကို သင့်အား ငါပေး၏။

ထိုဂါထာ၏ အဓိပ္ပာယ်ကား မင်းသမီးဖြစ်သော နှမ ကာမစည်းစိမ်ကို ခံစားသောသူတို့အား မွေ့လျော်ခြင်းတို့တွင် အကြင် မေထုန်ကာမ၌ မွေ့လျော်ခြင်းသည် လွန်သော မွေ့လျော်ခြင်းမည်၏၊ အကြင်ကာမ၌ မွေ့လျော်ခြင်း ဟူသော အကြောင်းကြောင့် သတ္တဝါတို့သည် ကာယဒုစရိုက် အစရှိသော မကောင်းမှုကို ကျင့်ကုန်၏၊ နှစ်သက်ဖွယ် ပြုံးရယ်တတ်သော နှမ ထိုမွေ့လျော်ခြင်းကို မပျက်စေလင့်၊ ငါသည်လည်း လာသည်ရှိသော် လက်ချည်းသက်သက် မလာ၊ ယမန်နေ့ ရွှေပဲရုပ်ဖြင့် ပြည့်သော ရွှေခွက်ကို ယူဆောင်ခဲ့၏၊ ယနေ့ ရွှေပဲရုပ်ဖြင့် ပြည့်သော ငွေခွက်ကို ဆောင်လာ၏၊ ငါသည် ရွှေပဲရုပ်ဖြင့် ပြည့်သော ဤငွေခွက်ကို သင့်အား ပေး၏ဟု ဆိုလိုသည်။

မင်းသမီးသည် ကြံ၏၊ ဤသူသည် စကားပြောဟောခြင်းကို ရသည်ရှိသော် အဖန်ဖန် လာလတ္တံ့၊ ထို့ကြောင့် ယခုအခါ၌ ထိုသူနှင့် စကားမပြောအံ့ဟု ကြံ၍ ထိုမင်းသမီးသည် တစ်ခွန်းသော စကားကိုမျှ မပြောလတ်သော် သိကြားမင်းသည် ထိုမင်းသမီး၏ စကားမပြောသောအဖြစ်ကို သိ၍ ထိုအရပ်၌ပင်လျှင် ကွယ်၍ တစ်နေ့သည်၌ ထိုညဉ့်အခါဝယ် အသပြာဖြင့် ပြည့်သော ကြေးခွက်ကို ယူ၍ နှမ ငါ့ကို ကာမ၌ မွေ့လျော်ခြင်းဖြင့် ရောင့်ရဲ စံပယ်စေလော့၊ သင့်အား အသပြာဖြင့် ပြည့်သော ဤကြေးခွက်ကို ပေးအံ့ဟု ဆို၏။

ထိုသိကြားမင်းကို မြင်၍ မင်းသမီးသည် ဤဂါထာကို ဆို၏—

၄၃။ နာရိံ နရော နိဇ္ဈပယံ ဓနေန၊ ဥက္ကံသတိ ယတ္ထ ကရောတိ ဆန္ဒံ။
ဝိပစ္စနီကော တဝ ဒေဝဓမ္မော၊ ပစ္စက္ခတော ထောကတရေန ဧသိ။

အို ယောကျ်ားဖြစ်သည်ကား ယောကျ်ားတို့သည် မိန်းမကို ဥစ္စာဖြင့် သိစေသောအခါ အလိုပြုလိုသော မိန်းမအပေါ်၌ ချီးမွမ်းတတ်၏၊ သင်နတ်၏ သဘောထားသည် ဆန့်ကျင်နေ၏၊ မျက်မှောက်ထင်ထင်ပင် အလွန်နည်းသော ဥစ္စာဖြင့် လာခဲ့ပေ၏။

ထိုဂါထာ၏ အဓိပ္ပာယ်ကား အို ယောကျ်ား သင်သည် အလွန်မိုက်စွ၊ ထိုစကားသည် မှန်၏၊ ယောကျ်ားမည်သည်ကား မိန်းမကို ကိလေသာဖြင့် မွေ့လျော်ခြင်းကို ခံစားလိုသောကြောင့် ဥစ္စာလက်ဆောင်ဖြင့် စုံစမ်းဆင်ခြင်၍ သိစေသည် ရှိသော် အကြင်မိန်းမ၌ အလိုကိုပြု၏၊ ထိုမိန်းမအား ချီးမွမ်းသောမနာ၍ များသည်သက်သွားသော ဥစ္စာဖြင့် ဖြားယောင်းသွေးဆောင်

သွေးခေါ်၏၊ သင်နတ်၏ အကျင့်သဘောသည် ဆန့်ကျင်၏၊ သင်သည် ယမန်နေ့က ငါ့အား မျက်မှောက်လျှင် အလွန်နည်းသော ဥစ္စာဖြင့် လာ၏၊ ရှေးဦးစွာသော နေ့၌ ရွှေဖြင့်ပြည့်သော ရွှေခွက်ကို ဆောင်ယူလာ၏၊ နှစ်ရက်မြောက်သောနေ့၌ ရွှေဖြင့် ပြည့်သော ငွေခွက်ကို ဆောင်ယူခဲ့၏၊ သုံးရက်မြောက်သော နေ့၌ အသပြာဖြင့် ပြည့်သော ကြေးခွက်ကို ဆောင်ယူ၏ဟု ဆိုလိုသည်။

ထိုစကားကိုကြား၍ သိကြားမင်းသည် နှမမင်းသမီး ငါသည် လိမ္မာသော ကုန်သည်နှင့် တူ၏၊ အကျိုးစီးပွားမရှိသည်၌ ဥစ္စာကို မဆုတ်ယုတ်စေ အကယ်၍ သင်သည် အသက်ဖြင့်လည်းကောင်း အဆင်းဖြင့်လည်းကောင်း တိုးပွားသည် ဖြစ်အံ့၊ ငါသည် သင့်အား ပဏ္ဏာလက်ဆောင်ကို တိုးပွား၍ ဆောင်ရာ၏၊ သင်သည် တစ်နေ့တစ်ခြား အသက်ရှည်ခြင်း အဆင်းလှခြင်းဖြင့် ဆုတ်ယုတ်သည် သာတည်း၊ ထို့ကြောင့် ငါသည် ဥစ္စာလက်ဆောင်ကို ဆုတ်ယုတ်စေ၏ဟု ဆိုလိုရကား ဤဂါထာတို့ကို ဆို၏—

၄၄။ အာယု စ ဝဏ္ဏော စ မနုဿလောကေ၊ နိဟီယတိ မနုဇာနံ သုဂတ္တေ။
ဝေ-နေဝ ဝဏ္ဏေန နေမ္ပိ တုယှံ၊ နိဟီယတိ ဇိဏ္ဏတရာသိ အဇ္ဇ။

၄၅။ ဧဝံ မေ ပေက္ခမာနဿ၊ ရာဇပုတ္တိ ယသဿိနိ
ဟာယတေဝ တဝ ဝဏ္ဏော၊ အဟောရတ္တာန မစ္စယေ။

၄၆။ ဣမိနာဝ တွံ ဝယသာ၊ ရာဇပုတ္တိ သုမေဓသေ။
ဗြဟ္မစရိယံ စရေယျာသိ၊ ဘိယျော ဝဏ္ဏဝတီ သိယာ။

ကောင်းသောကိုယ်ရှိသော မင်းသမီး လူ့ပြည်၌ လူတို့အား အသက်သည် လည်းကောင်း၊ အဆင်းသည် လည်းကောင်း တစ်နေ့တစ်ခြား တစ်လတစ်ခြား ဆုတ်ယုတ်၏။ ထိုသို့ အသက် အဆင်း ဆုတ်ယုတ်သော အကြောင်းကြောင့် သာလျှင် သင့်အား ဥစ္စာကိုလည်း ဆုတ်ယုတ်စေ၏။ ယနေ့အလွန်အိုသည် ဖြစ်ပြီ။

များသော အခြံအရံရှိသော မင်းသမီး ဤသို့ ငါမြင်စဉ်ပင်လျှင် သင်၏ အဆင်းသည် ယုတ်သည်သာတည်း။ နေ့ညဉ့်ဘို၏ လွန်သည်ရှိသော်ပညတ်စရာ အကောင်အထည် မရှိသည် အဖြစ်သို့သာလျှင် ရောက်လတ္တံ့။

ကောင်းသော ပညာရှိသောမင်းသမီး သင်သည် ဤအရွယ်ဖြင့်လျှင် မြတ်သောအကျင့်ကို ကျင့်သော့။ အဆင်းနှင့်လည်း ပြည့်စုံသည်ဖြစ်ရာ၏။

ထို့နောင်မှ မင်းသမီးသည် ဤမှတစ်ပါးသော ဤဂါထာကို ဆို၏–

၄၇။ ဒေဝါ န ဇီရန္တိ ယထာ မနုဿာ၊ ဂတ္တေသု တေသံ ဝလိယော န ဟောန္တိ။
ပုစ္ဆာမိ တံ ယက္ခ မဟာနုဘာဝ၊ ကထံ နု ဒေဝါနသရီရဒေဟော။

ကြီးသော တန်ခိုးရှိသော နတ်မင်း လူတို့သည် အိုကုန်သကဲ့သို့ ထိုအတူ နတ်တို့သည် မအိုကုန်လေ ာ။ ထိုနတ်တို့၏ ကိုယ်တို့၌ အရေ တွန့်လိပ်ခြင်းတို့သည် မဖြစ်ကုန်သလော။ နတ်တို့၏ ခန္ဓာကိုယ်သည် အဘယ် ကြောင့်လျှင် မအိုနည်း သင်နတ်မင်းကို ငါမေး၏။

ထိုအခါ မင်းသမီးအား ပြောလို၍ သိကြားသည် ဤမှတစ်ပါး အခြားမဲ့ သော ဤဂါထာကိုဆို၏–

၄၈။ ဒေဝါ န ဇီရန္တိ ယထာ မနုဿာ၊ ဂတ္တေသု တေသံ ဝလိယော န ဟောန္တိ။
သုဝေ သုဝေ ဘိယျတရောဝ တေသံ၊ ဒိဗ္ဗော စ ဝဏ္ဏော ဝိပုလာ စ ဘောဂါ။

လူတို့သည် အိုကုန်သကဲ့သို့ နတ်တို့သည် မအိုနိုင်ကုန်၊ ထိုနတ်တို့၏ ကိုယ်တို့၌ အရေတွန့်လိပ်ခြင်းတို့သည် မဖြစ်နိုင်ကုန်။ ထိုနတ်တို့အား နေ့တိုင်း နေ့တိုင်း လွန်သော နတ်၌ဖြစ်သော အဆင်းသည် လည်းကောင်း၊ များစွာ ပြန့်ပြောကုန်သော စည်းစိမ်တို့သည် လည်းကောင်း ဖြစ်ကုန်၏။

ထိုမင်းသမီးသည် နတ်ပြည်၏ ဂုဏ်ကျေးဇူးကို ကြား၍ ထိုနတ်ပြည်သို့ သွားရာသွားကြောင်း ခရီးကို မေးမြန်းလိုရကား ဤဂါထာကိုဆို၏–

၄၉။ ကိံ သူဓ ဘီတာ ဇနတာ အနေကာ၊ မဂ္ဂေါ စ နေကာယတနံ ပဝုတ္တော။
ပုစ္ဆာမိ တံ ယက္ခ မဟာနုဘာဝ၊ ကတ္ထဋ္ဌိတော ပရလောကံ န ဘာယေ။

တန်ခိုးကြီးနတ်မင်း ဤလူ့ရွာ၌ များစွာသော လူအပေါင်းသည် အဘယ်ကို ကြောက်၍ နတ်ပြည်သို့ မသွားရသနည်း။ များသော တည်ရာရှိသော ပညာရှိတို့သည် ဟောအပ်သော နတ်ရွာခရီးသည် အဘယ်နည်း။ သင်နတ်မင်း ကို ငါမေးပါ၏။ အဘယ်ခရီး၌ တည်သောသူသည်လျှင် တမလွန် လောကကို မကြောက်သနည်း။

ထိုအခါ၌ ထိုမင်းသမီးအား ပြောကြားလိုသော သိကြားမင်းသည် ဤဂါထာကိုဆို၏–

၂၀။ ဝါစံ မနဉ္စ ပဏိဓာယ သမ္မာ၊
ကာယေန ပါပါနိ အကုဗ္ဗမာနော။
ဗဟုန္နပါနံ ဃရမာဝသန္တော၊
သဒ္ဓေါ မုဒူ သံဝိဘာဂီ ဝဒညူ။
သင်္ဂါဟကော သခိလော သဏှဝါစော၊
ဧတ္ထဋ္ဌိတော ပရလောကံ န ဘာယေ။

နှုမ နှုတ်ကို လည်းကောင်း၊ နှလုံးကို လည်းကောင်း ကောင်းစွာ ဆောက်တည်၍ ကိုယ်ဖြင့် မကောင်းမှုတို့ကို မပြုသည်ဖြစ်၍ အိမ်၌ နေသည်၌သော် များစွာသော ထမင်း အဖျော်ကိုလှူ၍ သဒ္ဓါတရားနှင့်ပြည့်စုံသည်ဖြစ်၍ နူးညံ့သော စိတ်ရှိသည်ဖြစ်၍ အလှူအဖို့ကိုခွဲဝေလျက် ဆုံးမခြင်းကို သိသည်ဖြစ်၍ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် သင်္ဂြိုဟ်သည်ဖြစ်၍ ချစ်ဖွယ်သောစကားကိုဆိုသည်ဖြစ်၍ ပြေပြစ်သောစကားရှိသည်ဖြစ်၍ ဤဂုဏ်ကျေးဇူးအပေါင်း၌ တည်သောသူသည် တမလွန်သောကကို မကြောက်။

ထိုဂါထာ၏အဓိပ္ပာယ်ကား ဥဒယဘဒ္ဒါအမည်ရှိသော နှုမ နှုတ်နှလုံးကို ကောင်းစွာထား၍ ကိုယ်ဖြင့်မကောင်းမှုကို မပြုသည်ဖြစ်၍ ဤဆယ်ပါးသော ကုသိုလ်ကမ္မပထတို့ကို ဆောက်တည်လျက် ကျင့်၍ များစွာကုန်သော ထမင်း အဖျော် လှူဖွယ်ဝတ္ထုတို့ ကိုအိမ်၌နေလျက် အလှူ၏အကျိုးသည် ရှိ၏ဟု သဒ္ဓါ တရားနှင့်ပြည့်စုံသည်ဖြစ်၍ နူးညံ့သောစိတ် ရှိသည်ဖြစ်၍ အလှူအဖို့တို့ကို ဝေဖန်သည်၏အဖြစ်ဖြင့် ရဟန်းတို့သည် ဆွမ်းအလို့ငှါ ကြွလာကုန်သည်ရှိသော် ကျင့်သည်မည်ကုန်၏၊ ပစ္စည်းလေးပါးတို့ကို လှူသဖြင့် ထိုရဟန်းတို့၏ အဆုံးအမကိုသိသောကြောင့် ပစ္စည်းလှူခြင်း ဆုံးမခြင်းကို ယူသဖြင့် သိသည်။ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် သင်္ဂြိုဟ်ထောက်ပံ့သည်ဖြစ်၍ ချစ်ဖွယ်ဆိုသည်၏ အဖြစ်ဖြင့် ပြေပြစ်သော စကားရှိသည်၏အဖြစ်ဖြင့် ဖြစ်ရာ၏၊ ဤဂုဏ်ကျေးဇူး၌ တည်သောသူသည် တမလွန်သို့ သွားသည်ရှိသော် မကြောက်ဟုဆိုလိုသည်။

ထို့နောင်မှ မင်းသမီးသည် ထိုသိကြားမင်း၏စကားကို ကြား၍ ချီးမွမ်းခြင်းကို ပြုလိုရကား ဤဂါထာကိုဆို၏-

၂၁။ အနုသာသသိ မံ ယက္ခ၊ ယထာ မာတာ ယထာ ပိတာ။
ဥဠာရဝဏ္ဏ ပုစ္ဆာမိ၊ ကော နု တွမသိ သုဗြဟာ။

အလွန်မြတ်သောကိုယ်ရှိသော နတ်မင်း၊ အမိကဲ့သို့ အဘကဲ့သို့ အကျွန်ုပ်ကို ဆုံးမ၏။ တင့်တယ်သောအဆင်းရှိသော သင်နတ်မင်းကို မေးပါ၏၊ သင်နတ်မင်းသည် အဘယ်သူပေနည်း။

ထိုဂါထာ၏အဓိပ္ပာယ်ကား အမိအဘတို့သည် သားသမီးတို့ကို ဆုံးမကုန် သကဲ့သို့ ထို့အတူ အကျွန်ုပ်ကို ဆုံးမပေ၏၊ အသွန်မြတ်သော ကိုယ်ရှိသော တင့်တယ်သောကိုယ်ရှိသော နတ်မင်းသည် အဘယ်သူနည်းဟု ဆိုလိုသည်။

ထို့နောင်မှ ဘုရားလောင်းသည် ဤဂါထာကိုဆို၏–

၅၂။ ဥဒယော ဟမသ္မိ ကလျာဏီ၊ သင်္ဂရတ္တာ ဣဓာဂတော။
အာမန္တ ခေါ တံ ဂစ္ဆာမိ၊ မုတ္တောသ္မိ တဝ သင်္ဂရာ။

ကောင်းသော အသွင်အပြင်ရှိသော မင်းသမီး၊ ငါကား လူ၏အဖြစ်တွင် သင်၏ချစ်လင်ခင်ပွန်း ဥဒယမင်းသား ဖြစ်၏။ ရှေး၌ ကတိကဝတ်ကြောင့် ဤ သင်၏ အထံသို့ လာခဲ့၏။ သင့်နှမချစ်ကို တိုင်ပင် ခေါ်ငင်၍ သွားအံ့၊ သင်၏ ရှေး၌ပြုသော ကတိကဝတ်မှ လွတ်လေပြီ။

ထိုဂါထာ၏အဓိပ္ပာယ်ကား ကောင်းသောအပြင် အလျာရှိသော မင်းသမီး၊ ငါကား ရှေးဘဝ၌ သင်၏ချစ်လင် ခင်ပွန်းဖြစ်သော ဥဒယမင်းသားတည်း၊ တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်၏။ ဤအရပ်သို့ လာမှာသည်လည်း သင်နှမကို ကိလေသာဖြင့် ချစ်ခင်လေးမြတ် နှစ်သက်အပ်သည်ဖြစ်၍ မလာ၊ သင်နှမကို စုံစမ်းပြီး၍ ကတိကဝတ်ကို ဖြေအံ့သောအကျိုးငှါ ရှေး၁ ဝ၌ ကတိ ကဝတ် သစ္စာရှိဖူးသည်၏အဖြစ်ကြောင့် လာ၏၊ ယခု သင်နှမကိုခေါ်၍သွားအံ့၊ သင်၏ကတိကဝတ် သစ္စာမှလွတ်ပြီဟု ဆိုလိုသည်။

မင်းသမီးသည် နှစ်သက်၍ သခင်၊ သင်သည် ဥဒယမင်းသားပေလောဟု ဝမ်းနည်းချင်ဖွယ် အသွယ်သွယ် ဆင်းသောမျက်ရည်တို့ဖြင့် ငိုမြည်တမ်းလျက် အကျွန်ုင်သည် သခင်တို့နှင့် ကွေကွင်း၍နေခြင်းငှါ မတတ်နိုင်ပါ၊ သခင်တို့၏ အထံ၌ အတူတကွ ခစားလုပ်ကျွေး၍ နေပါရအောင် ကျင့်ဆောင်ဆုံးမ ပြသ သွန်သင် ပဲ့ပြင်တော်မူပါဟု လျှောက်လိုရကား ဤဂါထာကိုဆို၏–

၅၃။ သစေ ခေါ တွံ ဥဒယောသိ၊ သင်္ဂရတ္တာ ဣဓာဂတော။
အနုသာသ မံ ရာဇပုတ္တ၊ ယထာသ ပုန သင်္ဂမော။

အရှင်မင်းသား အရှင်မင်းသားသည် ဥဒယမင်းသားဖြစ်၍ ကတိကဝတ် သစ္စာကြောင့် ဤအကျွန်ုပ်၏ စံရာတိုက်ခန်းသို့ လာသည်ဖြစ်ပါလျှင် နောက် တစ်ဖန် အိုးအိပ်ရာ ယှဉ်တွဲ၍ မေတ္တာရစ်ခွေ ကြာနှင့်ရေကဲ့သို့ အဆွေခင်ပွန်းဖွဲ့ သဖြင့် ပြန်ပေါင်းမိရန် မဆုံးအမပေးသော အချင်းအရာဖြင့် အကျွန်ုပ်ကို ဆုံးမ တော်မူပါလော။

**ထိုအခါ မင်းသမီးကို ဆုံးမလိုသော ဘုရားလောင်းသည် ဤဂါထာကို ဆို၏—**

၅၄။ အတိပတတိ ဝယော ခဏော တထေဝ၊ ဌာနံ နတ္ထိ ဓုဝံ စဝန္တိ သတ္တာ။
ပရိဇီယျတိ အဒ္ဓုဝံ သရီရံ၊ ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ။

၅၅။ ကသိဏာ ပထဝီ ဓနဿ ပူရာ၊ ဧကဿေဝ သိယာ အနညဓေယျာ။
တံ စာပိ ဇဟာတိ အဝီတရာဂေါ၊ ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ။

၅၆။ မာတာ စ ပိတာ စ ဘာတရော စ၊ ဘရိယာ ယာပိ ဓနေန ဟောတိ ကီတာ။
တေ စာပိ ဇဟန္တိ အညမညံ၊ ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ။

၅၇။ ကာယော ပရဘောဇနန္တိ ဉတွာ၊ သံသာရေ သုဂတိဉ္စ ဒုဂ္ဂတိဉ္စ။
ဣတ္တရဝါသောတိ ဇာနိယာန၊ ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ။

ဥဒယဘဒ္ဒါမည်သော မင်းသမီး သတ္တဝါတို့၏ အရွယ်သုံးပါးသည် လျင်မြန်စွာ လွန်တတ်၏။ ဥပါဒ်၊ ဌီ၊ ဘင်ဟူသော ခဏသုံးပါးသည် ထို့အတူလျင် အလွန်လျင်မြန်၏။ မပြိုမကွဲ အမြဲတည်သော အရပ်သည် မရှိ၊ သတ္တဝါတို့သည် မချွတ်မလွဲ အမြဲသေ ကန် အမှန်မုချ ရွေ့ကုန်၏။ ကုန်းကွ ရွတ်ယို တွကွအို၏။ ကိုယ်သည် မမြဲ မခမ့် မလျော့လင့်၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ကျင့်လော့။

ဥဒယဘဒ္ဒါ မည်သောမင်းသမီး သူတစ်ပါးနှင့် မစပ်သော ဥစ္စာဖြင့်ပြည့်သော အလုံးစုံသော မြေသည် တယောက်တည်းသောမင်း၏သာလျှင် ဖြစ်စေကာမူ တဏှာနိုင်ငံသို့ လိုက်သောသူသည် ထိုအလုံးစုံသော ဘောဂဇာတ်မင်း အဖြစ်ကိုလည်း စွန့်ရ၏။ မမေ့မလျော့လင့်၊ ကုသိုလ် ကမ္မပထ တရား ဆယ်ပါးကို ကျင့်လော့။

အမိပွါယ်ကား ဇမ္ဗူဒီပါကျွန်းကို အစိုးရသော ဧကရာဇ်မင်း ဖြစ်ငြားသော်လည်း တဏှာနိုင်ငံသို့ လိုက်သောသူသည် မရောင့်ရဲနိုင်ချေ၊ ထို့ကြောင့် မမေ့မလျော့ ကုသိုလ်တရားကို ကြိုးစား၍ ကျင့်လော့ဟု ဆိုလိုသည်။

ဥဒယဘဒ္ဒါမည်သော မင်းသမီး အမိသည်လည်းကောင်း အဘသည်လည်းကောင်း၊ ညီသားအစ်ကိုတို့သည် လည်းကောင်း၊ မယားတို့သည် လည်းကောင်း၊ ဥစ္စာဖြင့် မရောင့်ရဲနိုင်ကြကုန်။ ထိုအမိအဘ အစရှိသော သူတို့သည်လည်း အချင်းချင်း စွန့်ရကုန်၏။ မမေ့မလျော့လင့် တရားကိုကျင့်လော့။

ဥဒယဘဒ္ဒါမည်သော မင်းသမီး ကိုယ်သည် ကျီးရဲ စွန်ရဲ ကျားရဲ သင်ရဲ ဘီလူး ရက္ခိုသ် အစရှိသော တပါးသော သတ္တဝါတို့၏ အစာအာဟာရ တည်းဟု

သိ၍ သံသရာ၌ သုဂတိဘုံဘဝ၌လည်းကောင်း ဒုဂ္ဂတိဘုံဘဝ၌ လည်းကောင်း အနည်းငယ်မျှသာ နေရသည်တကား ဟူ၍ သိ၍ မမေ့မလျော့လင့်၊ တရားကို ကျင့်လော့။

ဤသို့ ဘုရားလောင်းသည် ထိုမင်းသမီးအား အဆုံးအမဩဝါဒကို ပေး၏၊ ထိုမင်းသမီးသည်လည်း ဘုရားလောင်း၏ တရားစကား၌ ကြည်ညို၍ ချီးမွမ်းခြင်းကို ပြုလိုရကား ဤဂါထာကိုဆို၏—

၅၈။ သာဓု ဘာသတိ’ ယံ ယက္ခော၊ အပ္ပံ မစ္စာန ဇီဝိတံ။
ကသိရဉ္စ ပရိတ္တဉ္စ၊ တဉ္စ ဒုက္ခေန သံယုတံ။
သာဟံ ဧကာ ပဗ္ဗဇိဿာမိ၊ ဟိတွာ ကာသိံ သုရုန္ဓနံ။

သဗ္ဗာဝါတို့၏အသက်သည် နည်း၏၊ ဆင်းလည်းဆင်းရဲ၏၊ တိုလည်းတို၏၊ ထို ဆင်းရဲ ငြိုငြင်သော အသက်သည်လည်း ဝဋ္ဋဆင်းရဲနှင့် ယှဉ်၏။ ဤသို့ ဤနတ်သည် ဆို၏။ ကောင်းပေစွတကား၊ ထိုငါသည် ကာသိတိုင်း သုရုန္ဓနမြို့ကို စွန့်ပစ်၍ တစ်ယောက်အထီးတည်း ရဟန်းပြုတော့အံ့။

ဘုရားလောင်းသည် ထိုမင်းသမီးအား အဆုံးအမ ဩဝါဒကို ပေးပြီး၍ မိမိနေရာနတ်ရွာသို့လျှင် သွားလေ၏၊ ထိုမင်းသမီးသည်လည်း မိုးသောက်သော နေ့၌ အမတ်တို့အား ပြည်ကို ဆောင်နှင်းပေးခဲ့၍ မြို့တွင်း၌ပင်လျှင် နှလုံးမွေ့လျော်ဖွယ်ရှိသော ဥယျာဉ်၌ ရသေ့ရဟန်းပြုလုပ်ပြီးလျှင် တရားကို ကျင့်၍ အသက်အဆုံး၌ တာဝတိံသာနတ်ပြည်ဝယ် ဘုရားလောင်း၏ အလုပ်အကျွေး မယား ဖြစ်လေ၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြပြီး၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြသောအဆုံး၌ သာသနာတော်၌ ငြီးငွေ့ မရှင် လူထွက်ချင်သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ထိုအခါ၌ မင်းသမီးသည် ရာဟုလာမယ်တော် ဖြစ်လာ၏၊ သိကြားမင်းသည် သင်တို့ဆရာ ငါဘုရားဖြစ်လာ၏၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(တစ်နေ့ကား ရွှေ၊ တစ်နေ့ ငွေ၊ လျှော့လေ ဆင်းရုပ်ဝါ။)

လေးရာငါးဆယ့်ရှစ်ခုမြောက် ဥဒယဇာတ်သည် ပြီး၏။

## ၄၅၉-ပါနီယဇာတ်

## မိမိအပြစ်မြင်သူ ငါးယောက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကိလေသာကို နှိပ်ခြင်းကို အကြောင်းပြု၍ “မိတ္တောမိတ္တဿ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပါနီယဇာတ်ကို ဟောတော်မူ၏။

တစ်ရံရောအခါ သာဝတ္ထိပြည်၌ နေကုန်သော ငါးရာကုန်သော အဆွေခင်ပွန်းဖြစ်ကုန်သော သူတို့သည် ဘုရားသခင်၏ ဓမ္မဒေသနာကို ကြားနာ၍ ရဟန်းပြုပြီးသော် ပဥ္စင်းဖြစ်ကုန်ပြီး၍ ဇေတဝန်ကျောင်းတော်၌လျှင် နေကုန်လျက် ညဉ့်သန်းခေါင်အခါဝယ် ကာမဝိတက်ကို ကြံကုန်၏၊ (အလုံးစုံအောက်၌ဆိုအပ်ပြီးသော နည်းဖြင့်လျှင် သိအပ်၏၊) အထူးကား မြတ်စွာဘုရား၏ စေတော်မူခြင်းဖြင့် အရှင်အာနန္ဒာသည် ရဟန်းအပေါင်းကို စုဝေးစေသည်ရှိသော် မြတ်စွာဘုရားသည် ခင်းအပ်သော မြတ်သောနေရာ၌ သီတင်းသုံးနေတော်မူသည်ဖြစ်၍ မရည်သည်ကိုပြု၍ ကာမဝိတက်ကို ကြံကုန်သလောဟု အလုံးစုံကို သိမ်းကျုံးသည်၏ အစွမ်းအားဖြင့်သာလျှင် မေးတော်မူ၍ ရဟန်းတို့ ကိလေသာသည် ငယ်သောမည်သည် မရှိ၊ ရဟန်းမည်သည်ကား ဖြစ်သော ကိလေသာကို နှိပ်စက်အပ်ကုန်၏၊ ရှေးပညာရှိတို့သည် ဘုရားမဖြစ်သော ကာလ၌လည်း ကိလေသာကိုနှိပ်၍ ပစ္စေကဗောဓိဉာဏ်သို့ ရောက်ဖူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ကာသိတိုင်း၏ တစ်ခုသောရွာ၌ အဆွေခင်ပွန်း နှစ်ယောက်တို့သည် ရေဘူးတို့ကိုယူ၍ လယ်သို့သွားကုန်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထား၍ လယ်ခုတ်ထွင်၍ ရေသိပ်သောအခါ လာ၍ ရေကို သောက်ကုန်၏၊ ထိုနှစ်ယောက်တို့တွင် တစ်ယောက်သောသူသည် ရေသောက်အံ့သောငှါ လာ၍ မိမိ၏ရေကို စောင့်သည်ဖြစ်၍ တစ်ယောက်သောသူ၏ ရေဘူးမှသောက်၍ ညချမ်းသောအခါ၌ တောမှထွက်၍ ရေချိုး၍ တည်လျက် ယနေ့ ငါ့အား ကာယဒွါရ အစရှိသည်တို့ဖြင့် တစိုးတစိသော မကောင်းမှုကို ပြုမိခြင်းသည်

ရှိသလောဟု စူးစမ်းဆင်ခြင်လတ်သော် ရေကိုခိုး၍ သောက်ဖူးသောအပြစ်ကို မြင်၍ ထိုသူသည် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ ဤတဏှာသည် ပွားလတ်သော် ငါ့ကို အပါယ်တို့၌ ပစ်ချလတ္တံ့၊ ဤကိလေသာကို နှိပ်အံ့ဟု ရေကို ခိုး၍ သောက်မိသော အပြစ်ကို အာရုံပြု၍ ဝိပဿနာကို ပွားစေ၍ ပစ္စေကဗောဓိ ဉာဏ်ကို ဖြစ်စေ၍ ရသောကျေးဇူးကို ဆင်ခြင်ယျက် တည်၏။

ထိုအခါ၌ ထိုပစ္စေကဗုဒ္ဓါကို အခြေဖော်တစ်ယောက် ရေချိုး၍ တက်လတ်သော် အဆွေလာလှည့် အိမ်သို့သွားကုန်အံ့ဟု ဆို၏၊ သင်သည် သွားလော့၊ ငါ့အား အိမ်ဖြင့် ကိစ္စမရှိ၊ ငါတို့သည် ပစ္စေကဗုဒ္ဓါ မည်ကုန်၏ဟု ဆိုလတ်သော် ပစ္စေက ဗုဒ္ဓါတို့သည် သင်နှင့်မတူကုန်ဟု ဆို၏၊ ထိုအခါ၌ ထိုလူကို ပစ္စေကဗုဒ္ဓါတို့သည် အဘယ်သို့ သဘောရှိကုန်သနည်းဟု မေး၏၊ ဆံ လက်နှစ်သစ် ရှိကုန်သည်ဖြစ်၍ ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်ကုန်သည်ဖြစ်၍ မြောက်အရပ် ဟိမဝန္တာ နန္ဒမူ လိုဏ်၌ နေကုန်၏ဟု ဆိုသည်ရှိသော် ထိုပစ္စေကဗုဒ္ဓါသည် ဦးခေါင်းကို သုံးသပ် တော်မူ၏၊ ထိုခဏ၌ပင်လျှင် ထိုပစ္စေကဗုဒ္ဓါအား လူ၏အသွင် ကွယ်လေ၏၊ နီသော နှစ်ထပ်သော သင်းပိုင်ကို ဝတ်လျက်လျှင် လျှပ်စစ်နွယ်နှင့် တူသော ခါးပန်းဖွဲ့စည်း၍ လယ်ခေါင်ရန်းပန်း အဆင်းနှင့်တူသော ကိုယ်ဝတ်သင်္ကန်းကို လက်ဝဲတစ်ဘက် ပခုံးထက်၌ တင်၍ တိမ်အဆင်းနှင့်တူသော ပံ့သကူသင်္ကန်းကို ပခုံးစွန်း၌ တင်ထား၍ ပိတုန်းတောင် အဆင်းနှင့်တူသောမြေသပိတ်ကို လက်ဝဲ ပခုံးစွန်း၌ လွယ်လျက် တည်၏၊ ထိုပစ္စေကဗုဒ္ဓါသည် ကောင်းကင်၌ ရပ်လျက် တရားဟော၍ ပျံ၍ နန္ဒမူလိုဏ်၌ သက်ဆင်း၏။

ကာသိကရွာ၌သာလျှင် တစ်ယောက်သော သူကြွယ်သည်လည်း နေရာ၌ နေလျက် တစ်ယောက်သော ယောကျ်ားသည် မိမိ၏ မယားကို ခေါ်၍သွား သည်ကို မြင်လျှင် မြတ်သောအဆင်းကို ဆောင်သော ထိုမိန်းမကို ဣန္ဒြေတို့ကို ဖျက်၍ တစိမ်းစိမ်းကြည့်လျက် တစ်ဖန်ကြံ၏၊ ငါ့အား ဤလောဘသည် ပွားလတ်သော် ငါ့ကို အပါယ်ဘုံတို့၌ ပစ်ချလတ္တံ့ဟု ထိတ်လန့်သော စိတ်နှလုံး ရှိသည် ဖြစ်၍ ဝိပဿနာကို ပွားစေပြီး၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၍ ကောင်းကင်၌ တည်လျက် တရားဟော၍ နန္ဒမူလိုဏ်သို့သာလျှင် ကြွလေ၏။

တစ်ယောက်သော သူသည်လည်း ကာသိတိုင်း ကာသိရွာ၌ သာလျှင် နေကုန်သော သားအဘ နှစ်ယောက်တို့သည် အတူတကွ ခရီးသွားကုန်၏၊ တောအုပ်အဝ၌ ခိုးသူတို့သည် ထကုန်၏၊ ထိုခိုးသူတို့သည် သားအဘနှစ်ယောက် တို့ကို ရသည်ရှိသော် သားကို ချုပ်၍ ဥစ္စာကို ဆောင်၍ သင့်သားကို ယူလော့ဟု အဘကို လွှတ်ကုန်၏၊ ညီအစ်ကိုကို ရသည်ရှိသော် ညီကို ချုပ်ထား၍ အစ်ကိုကို

လွှတ်လိုက်၏၊ ဆရာဇပည့်တို့ကို ရသည်ရှိသော် ဆရာကိုချုပ်ထား၍ တပည့်ကို လွှတ်ကုန်၏၊ တပည့်သည်လည်း ဖြားယောင်း၍ ဥစ္စာကိုဆောင်၍ ဆရာကို ယူ၍သွား၏။

ထိုအခါ၌ ထိုသားအဘ နှစ်ယောက်တို့သည်လည်း ထိုအရပ်၌ ခိုးသူတို့၏ ထသောအဖြစ်ကို သိ၍ သင်သည် ငါ့ကို အဘဟူ၍မဆိုလင့်၊ ငါလည်း သင့်အား သားဟူ၍ မဆိုအံ့ဟု ကတိကဝတ်ပြု၍ ခိုးသူတို့သည် ဖမ်းယူသောအခါ၌ သင်တို့သည် အချင်းချင်း အဘယ်သို့ တော်ကုန်သနည်းဟု မေးအပ်သည် ရှိသော် စိုးစဉ်းမျှ မတော်ကြကုန်ဟု သိလျက်ချွတ်ယွင်းသော စကားဆိုခြင်းကို ပြုကုန်၏၊ ထိုသားအဘ နှစ်ယောက် တို့သည် တောအုပ်မှထွက်၍ ညချမ်း၌ ရွာချီး၍ တည်ကြကုန်သည် ရှိသော် ထိုလူနှစ်ယောက်တို့တွင် သားသည် မိမိ၏ သီလကို သုတ်သင်သည်ရှိသော် ထိုမုသာဝါဒကိုမြင်၍ ဤမကောင်းမှုသည် ပွားများသည်ရှိသော် ငါ့ကို အပါယ်ဘုံတို့၌ ပစ်ချလတ္တံ့၊ ထို့ကြောင့် ဤကိလေသာကို နှိပ်အံ့ဟု ဝိပဿနာကို ပွား၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၍ ကောင်းကင်၌ တည်လျက် အဘအား တရားဟော၍ နန္ဒမူလိုဏ်သို့သာလျှင် ကြွတော်မူ၏။

ထိုမှတစ်ပါးလည်း ကာသိတိုင်း တစ်ခုသော ရွာ၌သာလျှင် တစ်ယောက် သော ရွာစားသည် သားကြီး ငါးကြီး မသတ်လင့်ဟု စည်လည် မောင်းခတ် ခြင်းကို ပြုစေ၏၊ ထိုအခါဝယ် ထိုရွာစားကို အခွန်အတုတ် ဆက်သောအခါ၌ လူများသည် စုဝေး၍ဆို၏၊ ရွာရှင် အကျွန်ုပ်တို့သည် သမင်, ငှက် အစရှိသည် တို့ကို သတ်၍ နတ်တို့အား ဗလိနတ်စာကို ပြုကုန်အံ့၊ ဤအခါသည် ဗလိနတ်စာ တင်သော အခါတည်းဟု ဆိုလေလျှင် သင်တို့ ရှေးထုံးစံရှိသည်အတိုင်း ပြုကုန် လော့ဟု ဆိုသည်ရှိသော် လူတို့သည် များစွာသော သတ္တဝါတို့ကို သတ်ခြင်းကို ပြုကုန်၏၊ ထိုရွာစားသည် များစွာသော ငါး,အမဲကို မြင်၍ ဤလူတို့သည် ဤမျှ ကုန်သော သတ္တဝါတို့ကို သတ်ကုန်သည်ရှိသော် ငါတစ်ယောက်၏ စကားကြောင့် လျှင် သတ်ကုန်၏ဟုနောင်တရသည်ဖြစ်၍ လေသွန်တံခါးကို မှီ၍ ရပ်လျက်လျှင် ဝိပဿနာကို ပွားစေသော ခဏ၌ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၍ ကောင်းကင်၌ တည်လျက် လူအများအား တရားဟော၍ နန္ဒမူလိုဏ်သို့သာလျှင် ကြွတော် မူလေ။

ကာသိကတိုင်း၌ပင်လျှင် တစ်ယောက်သော ရွာစားသည်လည်း သေအရက် ရောင်းဝယ်ခြင်းကို မြစ်တား၍ သခင် ရှေ့၌ ဤအခါဝယ် သေသောက်သဘင် ဖြစ်၏၊ အဘယ်သို့ ပြုအံ့နည်းဟု လူအများသည် ဆိုလတ်သော် သင်တို့၏ ရှေးထုံးစံရှိဘိုင်း ပြုလေကုန်ဟု ဆိုလိုက်၏၊ လူတို့သည် သဘင်ကိုပြု၍ သေကို သောက်၍ ခိုက်ရန်ပြုကုန်လျက် လက်ခြေတို့ကိုချိုး၍ ဦးခေါင်းကို ဖောက်ခွဲ၍

နားတို့ကို ရ၍ များစွာသောဆင်းရဲဖြင့် ဖွဲ့ကုန်၏၊ ရှာစားသည် ထိုဆင်းရဲသူတို့ကို မြင်၍ ကြံ၏၊ ငါသည် ခွင့်မပြုသည်ရှိသော် ဤသူတို့သည် ဤဆင်းရဲကို မရကုန်ရာဟု ကြံ၍ ထိုရှာစားသည် ဤမျှဖြင့် နှောင်တရ၍ လေသွန်တခါးကို မှီ၍ ရပ်လျက်လျှင် ဝိပဿနာကို ပွားစေ၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၍ ကုသိုလ်တရား၌ မမေ့မလျော့ ဖြစ်ကြကုန်ဟု ကောင်းကင်၌ တည်လျက် တရားဟော၍ နန္ဒမူလိုဏ်သို့သာလျှင် ကြွတော်မူလေ၏။

နောက်အဖို့၌ ငါးပါးသော ပစ္စေကဗုဒ္ဓါတို့သည် ဆွမ်းခံခြင်းငှါ ဗာရာဏသီပြည် တခါး၌ သက်ဆင်းကုန်၍ ကောင်းစွာ ဝတ်ရုံလျက် ကြည်ညိုဖွယ်ရှိကုန်သော ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း အစရှိသည်တို့ဖြင့် ဆွမ်းအလို့ငှါ ကြွတော်မူကုန်သည်ရှိသော် မင်းအိမ်တခါးသို့ ရောက်ကုန်၏၊ မင်းသည် ထိုပစ္စေကဗုဒ္ဓါတို့ကို မြင်လျှင် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ မင်းအိမ်သို့ ပင့်ဆောင်၍ ခြေတို့ကိုဆေး၍ ဆီမွှေးဖြင့် လိမ်းကျံ၍ ကောင်းမြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် လုပ်ကျွေး၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေ၍ အရှင်ဘုရားတို့ အရှင်မြတ်တို့အား ပထမအရွယ်၌ ရဟန်းပြုခြင်းသည် တင့်တယ်၏၊ ပထမအရွယ်၌ ရဟန်းပြု ကုန်သည်ရှိသော် ကာမဂုဏ်ငါးပါးတို့၌ အဘယ်အပြစ်ကို မြင်ကုန်သနည်း၊ အရှင်ဘုရားတို့အား အဘယ်အာရုံသည် ဖြစ်သနည်းဟု မေး၏၊ ထိုပစ္စေကဗုဒ္ဓါတို့သည် ထိုမင်းအား ကြားလိုရကား ဤဂါထာတို့ကို ရွတ်ဆိုတော်မူ၏—

၅၉။ မိတ္တော မိတ္တဿ ပါနီယံ၊ အဒိန္နံ ပရိဘုဉ္ဇိသံ။
တေန ပစ္ဆာ ဝိဇိဂုစ္ဆိံ၊ တံ ပါပံ ပကတံ မယာ။
မာ ပုန အကရံ ပါပံ၊ တသ္မာ ပဗ္ဗဇိတော အဟံ။

၆၀။ ပရဒါရဉ္စ ဒိသွာန၊ ဆန္ဒော မေ ဥဒပဇ္ဇထ။
တေန ပစ္ဆာ ဝိဇိဂုစ္ဆိံ၊ တံ ပါပံ ပကတံ မယာ။
မာ ပုန အကရံ ပါပံ၊ တသ္မာ ပဗ္ဗဇိတော အဟံ။

၆၁။ ပိတရံ မေ မဟာရာဇ၊ စောရာ အဂဏှု ကာနနေ။
တေသာဟံ ပုစ္ဆိတော ဇာနံ၊ အညထာ နံ ဝိယာကရိံ။

၆၂။ တေန ပစ္ဆာ ဝိဇိဂုစ္ဆိံ၊ တံ ပါပံ ပကတံ မယာ။
မာ ပုန အကရံ ပါပံ၊ တသ္မာ ပဗ္ဗဇိတော အဟံ။

၆၃။ ပါဏာတိပါတမကရုံ၊ သောမယာဂေ ဥပဋ္ဌိတေ။
တေသာဟံ သမနုညာသိံ။

၆၄။ တေန ပဏ္ဍာ ဝိဇိဂုစ္ဆိံ၊ တံ ပါပံ ပကတံ မယာ။
မာ ပုန အကရံ ပါပံ၊ တသ္မာ ပဗ္ဗဇိတော အဟံ။

၆၅။ သုရာမေရယမာဓုကာ၊ ယေ ဇနာ ပဌမာ'သု နော။
ဗဟူနံ တေ အနတ္ထာယ၊ မဇ္ဇပါန' မကပ္ပယုံ။
တေသာဟံ သမန္နညာ'သိံ။

၆၆။ တေန ပဏ္ဍာ ဝိဇိဂုစ္ဆိံ၊ တံ ပါပံ ပကတံ မယာ။
မာ ပုန အကရံ ပါပံ၊ တသ္မာ ပဗ္ဗဇိတော အဟံ။

မြတ်သောမင်းကြီး အဘွေခင်ပွန်းဖြစ်သော ငါသည် အဆွေခင်ပွန်း တစ်ယောက်၏ ရေကို မပေးဘဲ သုံးဆောင်မိ၏။ ငါသည် ထိုမကောင်းမှုကို ပြုမိ၏၊ မကောင်းမှုကို တစ်ဖန် ငါမပြုလိုတော့ရကား နောက်၌ ငါ စက်ဆုပ်လာသောကြောင့် ငါသည် ရဟန်းပြု၏။

မြတ်သော မင်းကြီး သူ့မယားကိုလည်း မြင်၍ ငါ၏ ကာမစ္ဆန္ဒသည် ဖြစ်ပြီ၊ ငါသည် ထိုမကောင်းမှုကို ပြုမိ၏။ တစ်ဖန် မကောင်းမှုကို ငါမပြုလို တော့ရကား နောက်၌ ငါ့စက်ဆုပ် လာသောကြောင့် ငါသည် ရဟန်းပြု၏။

မြတ်သော မင်းကြီး ငါ၏ အဘကို ခိုးသူတို့သည် တောအုပ်ကြီး၌ ဖမ်းကုန်၏။ ခိုးသူတို့ မေးသောအခါ ငါသည် ထို ခိုးသူတို့အား သိလျက် တစ်ပါးသော အရာဖြင့် ထိုပြဿနာကို ပြောကြားမိ၏။ ငါသည် ထိုမကောင်းမှုကို ပြုမိ၏။ တစ်ဖန် မကောင်းမှုကို ငါမပြုလိုတော့ရကား နောက်၌ ငါစက်ဆုပ်လာသောကြောင့် ငါသည် ရဟန်းပြု၏။

မြတ်သော မင်းကြီး ဆန်းသစ်သော လ တက်လတ်သောအခါ နတ်တို့အား ပူဇော်သော သောမယာဂယဇ်သည် ဖြစ်လတ်သော် လူတို့သည် သူ့အသက် သတ်ခြင်းကို ပြုကုန်၏၊ ငါသည် ထိုသူတို့အား ခွင့်ပြုမိ၏။ ငါသည် ထိုမကောင်း မှုကို ပြုမိ၏။ တစ်ဖန် မကောင်းမှုကို ငါမပြုလိုတော့ရကား နောက်၌ ငါ စက်ဆုပ်လာသောကြောင့် ငါသည် ရဟန်းပြု၏။

မြတ်သောမင်းကြီး ရှေးဦးစွာ သေအရက်ကို သစ်မည်စည်သီး မှည့်ရည် ပျားရည်ကဲ့သို့ ချိုသော အရသာရှိ၏ဟု ထင်ကုန်သော ထိုသူတို့သည် များစွာ သော သူတို့၏ ပျက်စီးခြင်းငှါ သေအရက် သောက်ခြင်းကို ပြုကုန်၏။ ငါသည် ထိုသူတို့အား ခွင့်ပြုမိ၏။ ငါသည် ထိုမကောင်းမှုကို ပြုမိသဖြင့် နောက်၌ ငါ စက်ဆုပ်သောကြောင့် ငါသည် ရဟန်းပြု၏။

မင်းသည်လည်း တစ်ပါး တစ်ပါး၏ ဖြေဆိုခြင်းကိုကြားသိရ၍ အရှင်ဘုရားတို့ ဤရဟန်း အဖြစ်သည် အရှင်ဘုရားတို့အားသာလျှင် လျောက်ပတ်၏ဟု ချီးမွမ်း ထောမနာခြင်းကို ပြု၏၊ မင်းသည် ထိုပစ္စေကဗုဒ္ဓါတို့၏ တရားကို ကြားနာရ၍ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ သင်္ကန်းလျာ အဝတ်ပုဆိုးတို့ကို လည်းကောင်း, ဆေးတို့ကို လည်းကောင်း လှူ၍ ပစ္စေကဗုဒ္ဓါတို့ကို လွှတ်လိုက်၏၊ ထိုပစ္စေကဗုဒ္ဓါတို့သည်လည်း ထိုမင်းအား အနုမောဒနာ ပြု၍ တိုနန္ဒမူလိုဏ်သို့သာလျှင် ကြွကုန်၏၊ ထိုအခါမှစ၍ မင်းသည် ဝတ္ထုကာမတို့၌ တပ်ခြင်း ငြိကပ်ခြင်း ကင်းသည် ဖြစ်၍ အထူးထူးသော အရသာရှိသော ဘောဇဉ်ကိုစား၍ မိန်းမတို့ကို ကြား မပြောဘဲ မကြည့်ရှုဘဲ တပ်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍ ထ၍ ကျက်သရေ ရှိသော တိုက်ခန်းသို့ ဝင်၍ နေလှုက် ဖြူသော နံရံ၌ ဩဒါတကသိုဏ်းကို ပြု၍ ဈာန်ကို ဖြစ်စေ၏၊ ထိုမင်းသည် ဈာန်သို့ ရောက်၍ ကာမဂုဏ်တို့ကို ကဲ့ရဲ့လို ရကား ဤဂါထာကို ဆို၏—

၆၇။ ဓိရတ္ထု သုဗဟူ ကာမေ၊ ဒုဂ္ဂန္ဓေ ဗဟုကဏ္ဋကေ။
ယေ အဟံ ပဋိသေဝန္တော၊ နာ လဘိံ တာဒိသံ သုခံ။

အိုအချင်းတို့ ကာမဂုဏ်တို့သည် စက်ဆုပ်ဖွယ် ရှိစွတကား။ အကြင် ငါသည် မကောင်းသော အနံ့ ရှိကုန်သော များစွာသော ဆူးငြောင့် ရန်သူ ရှိကုန်သော များစွာသော ကာမဂုဏ်တို့ကို မှီဝဲသည် ဖြစ်၍ ထိုသို့ သဘောရှိသော ဈာန် ချမ်းသာကို မရ။

ထိုအခါ ဘုရားလောင်း၏ မိဖုရားကြီးသည် ဤမင်းကား ပစ္စေကဗုဒ္ဓါတို့၏ တရားစကားကို ကြားနာရ၍ ဆန့်ကျင်သော သဘောရှိ၏၊ ငါတို့နှင့်တကွ စကား မပြောဘဲလျှင် ကျက်သရေရှိသော တိုက်ခန်းသို့ ဝင်၏၊ ထိုမင်းကို စုံစမ်းဦးအံ့ဟု ကြံ၍ ကျက်သရေရှိသော တိုက်ခန်းတံခါး၌ ရပ်လျက် ကာမဂုဏ်တို့၌ ကဲ့ရဲ့သော မင်း၏ ဥဒါန်းစကားကို ကြား၍ မင်းကြီး အရှင်မင်းကြီးသည် ကာမဂုဏ်တို့ကို ကဲ့ရဲ့၏၊ ကာမဂုဏ်ချမ်းသာနှင့် တူသော ချမ်းသာမည်သည် မရှိဟု ကာမဂုဏ် တို့ကို ချီးမွမ်းလိုရကား ဤဂါထာကို ဆို၏—

၆၈။ မဟဿာဒါ သုခါ ကာမာ၊ နတ္ထိ ကာမာ ပရံ သုခံ။
ယေ ကာမေ ပဋိသေဝန္တိ၊ သဂ္ဂံ တေ ဥပပဇ္ဇရေ။

မြတ်သောမင်းကြီး ကာမဂုဏ်တို့သည် များစွာ သာယာအပ်ကုန်သော ချမ်းသာ မည်ကုန်၏။ ကာမဂုဏ်ထက် လွန်သော ချမ်းသာမည်သည် မရှိ။ ကာမဂုဏ်တို့ကို မှီဝဲကုန်သော သူတို့သည် နတ်ပြည်သို့ ရောက်ကုန်၏။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် သူယုတ်မ ဖျက်လေလော့၊ အဘယ်သို့ ဆိုဘိသနည်း၊ ကာမဂုဏ်တို့၌ ချမ်းသာနည်းသည် အဘယ်မှာ ရှိအံ့နည်း၊ ဤကာမဂုဏ်တို့သည် ဖောက်ပြန်တတ်သော ဆင်းရဲနည်းကုန်၏ဟု ●ရှဲ လိုရကား ဤဂါထာတို့ကို ဆို၏—

၆၉။ အပ္ပဿာဒါ ဒုခါ ကာမာ၊ နတ္ထိ ကာမာ ပရံ ဒုခံ။
ယေ ကာမေ ပဋိသေဝန္တိ၊ နိရယံ တေ ဥပပဇ္ဇရေ။

၇၀။ အသီ ယထာ သုနိသိတော၊ နေတ္တိံသောဝ သုပါယိကော။
သတ္တီဝ ဥရသိ ခိတ္တာ၊ ကာမာ ဒုက္ခတရာ တတော။

၇၁။ အင်္ဂါရာနံဝ ဇလိတံ၊ ကာသုံ သာဓိကပေါရိသံ။
ဖာလံဝ ဒိဝသံ တတ္တံ၊ ကာမာ ဒုက္ခတရာ တတော။

၇၂။ ဝိသံ ယထာ ဟလာဟလံ၊ တေလံ ပက္ကုထိတံ ယထာ။
တမ္ဗလောဟ ဝိလီနံဝ၊ ကာမာ ဒုက္ခတရာ တတော။

မိဖုရား ကာမဂုဏ်တို့သည် မသာယာအပ်သော သဘောရှိကုန်၏။ ဆင်းရဲကုန်၏။ ကာမဂုဏ်တို့ထက် လွန်သောဆင်းရဲသည် မရှိ။ ကာမဂုဏ်တို့ကို မှီဝဲသူတို့သည် ငရဲသို့ ရောက်ကုန်၏။

ကာမဂုဏ်တို့သည် ထက်စွာသွေးအပ်သော သန်လျက်နှင့်တူ၏၊ လူတို့၏ သွေးကို လွန်စွာသောက်တတ်သော သန်လျက်ကြီးနှင့်တူ၏။ ရင်၌ ထိုးပစ်အပ်သော လှံမနှင့်တူ၏။ ထိုလှံဖြင့် ထိုးခြင်း သန်လျက်ဖြင့် ခုတ်ခြင်းတို့ထက် ကာမဂုဏ်တို့သည် လွန်စွာ ဆင်းရဲကုန်၏။ ဆင်းရဲခြင်း ပြင်းပြကုန်၏။

တစ်သူ ကျော်လွန်သော အတိုင်းအရှည်ရှိသော ပြောင်ပြောင်လောင်သော မီးကျီးခဲ မီးကျီးတွင်းနှင့်တူ၏။ နေ့အခါ ပြင်းစွာပူသော နေလှလင်နှင့်တူ၏။ ထိုမီးကျီးတွင်း နေ့ထက် ကာမဂုဏ်တို့သည် အလွန်ဆင်းရဲကုန်၏။

လတ်တလော သေစေတတ်သော အဆိပ်နှင့်တူ၏။ ကျိုက်ကျိုက်ဆူဝေသော ဆီနှင့်တူ၏။ မီးဖြင့်ချက်၍ ကျသော ကြေးနီရေနှင့် တူ၏။ ထိုအဆိပ် ဆီပူ ကြေးနီရေတို့ထက် ကာမဂုဏ်တို့သည် အလွန်ဆင်းရဲကုန်၏။

ဤသို့ ဘုရားလောင်းသည် မိဖုရားအား တရားဟော၍ အမတ်တို့ကို စည်းဝေးစေ၍ အို အမတ်တို့ သင်တို့သည် တိုင်းပြည်ကို စီရင်ကြကုန်လော့၊ ငါသည် ရဟန်းပြုတော့အံ့ဟု မိန့်တော်မူ၍ လူအများသည် ငိုကုန်စဉ်ပင်လျှင် ထ၍ ကောင်းကင်၌ ရပ်လျက် ဩဝါဒပေး၍ ကောင်းကင်၌ လေယာဉ်ခရီးဖြင့်

သာလျှင် မြောက်ဟိမဝန္တာသို့ ကြွတော်မူ၍ နှလုံးမွေ့လျော်ဖွယ်ရှိသော အရပ်၌ ကျောင်းဆောက်၍ ရသေ့ ရဟန်းပြု၍ အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့ လဲလျောင်းသည် ဖြစ်၏။

## ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ကိလေသာမည်သည် ငယ်သည်ဟူ၍ မရှိ၊ အနည်းငယ်သော ကိလေသာကို ပင်သော်လည်း ပညာရှိတို့သည် နှိပ်အပ်သည် သာတည်းဟု မိန့်တော်မူ၍ သစ္စာတို့ကိုပြ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြသော်၌ အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏၊ ထိုအခါ၌ ပစ္စေကဗုဒ္ဓါတို့သည် ပရိနိဗ္ဗာန် ပြုကုန်ပြီ၊ မိဖုရားသည် ရာဟုလ မယ်တော် ဖြစ်လာ၏၊ မင်းသည် သင်တို့၏ဆရာ ငါဘုရား ဖြစ်လာ၏၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမဂုဏ်မွဲ၊ အမိုက်ခွဲ၊ ငရဲကျလိမ့်မှာ)

လေးရာငါးဆယ့်ကိုးခုမြောက်သော ပါနီယဇာတ်သည် ပြီး၏။

---

## ၄၆၀-ယုဓဥ္စယဇာတ်

## ဆီးနှင်းပေါက်တို့ လွင့်ပျောက်သည်ကိုမြင်၍ ရဟန်းပြုခြင်း

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသည်ရှိသော် မိတ္တာမစ္စပရိဗျူဠှ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤယုဓဥ္စယ ဇာတ်ကို မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သ၌ တရားသဘင်ဝယ် စည်းဝေးကုန်သော ရဟန်းတို့သည် ငါ့ရှင်တို့ ဘုရားသခင်သည် လူ့ဘောင်လောက၌ နေတော်မူသည် ဖြစ်အံ့၊ အလုံးစုံသော စကြဝဠာတိုက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော တန်ခိုးလေးပါးနှင့် ပြည့်စုံသော တစ်ထောင် အလွန်ရှိသော သားအပေါင်းဖြင့် ခြံရံအပ်သော စကြာမင်း

ဖြစ်ရာ၏၊ ဤသို့ ဖြစ်လျက် ဤသို့သော ကျက်သရေ၏ ပြည့်စုံခြင်းကို စွန့်ပယ်၍ ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ သန်းခေါင်အခါဝယ် ဆန္ဒအမတ်လျှင် အဖော်ရှိသည်ဖြစ်၍ ကဏ္ဍကမြင်းကို တက်စီးလျက် တောထွက်၍ အနောမာမြစ်နား၌ ရဟန်းပြု၍ ခြောက်နှစ်ပတ်လုံး ပြုခဲနိုင်လှစွာသော ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူ၍ သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူ၏ဟု သဗ္ဗညုတ ဘုရားသခင်၏ ဂုဏ်ကျေးဇူးစကားကို ပြောဆိုကုန်၏။

ဘုရားသခင်သည် ကြွလာတော်မူ၍ ရဟန်းတို့ ယခု ငါလာတော်မူသော အခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်လတ်သော် ရဟန်းတို့ ငါဘုရားသည် ယခုမှသာလျှင် မြတ်သော တောထွက်ခြင်းကို ပြုသည်မဟုတ်။ ရှေး၌လည်း တစ်ဆယ့်ရှစ်ယူဇနာရှိသော ဗာရာဏသီပြည်၌ မင်းအဖြစ်ကို စွန့်၍ တောထွက်တော်မူသည်သာတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ရမ္မပြည်၌ သဗ္ဗဒတ္တ အမည်ရှိသော ရမ္မမင်းသည် မင်းပြု၏၊ ထိုစကားကို ထင်စွာပြဦးအံ့၊ ဗာရာဏသီပြည်သည် ဥဒယဘဒ္ဒဇာတ်၌ သုရုန္ဓန အမည်ရှိသော မြို့ဖြစ်၏၊ စူဠသုတသောမဇာတ်၌ သုဒဿနမြို့မည်၏၊ သောဏနန္ဒဇာတ်၌ ဗြဟ္မဝဍ္ဎနမြို့ မည်၏၊ ခဏ္ဍဟာလဇာတ်၌ ပုပ္ဖဝတီမြို့မည်၏၊ သင်္ခဗြာဟ္မဏဇာတ်၌ မောဠိနီမြို့ မည်၏၊ ဤယုဓဉ္စယဇာတ်၌ ရမ္မမြို့မည်၏၊ ဤသို့ ဗာရာဏသီပြည်၏ အမည်သည် ရံခါ ပြောင်းလဲ၏၊ ထိုရမ္မနဂိုရ်၌ သဗ္ဗဒတ္တမင်းအား သားတစ်ထောင်ရှိ၏၊ ယုဓဉ္စယ အမည်ရှိသော သားကြီးအား အိမ်ရှေ့မင်းအဖြစ်ကို ပေး၏။

ထိုအိမ်ရှေ့မင်းသည် နေ့တိုင်းနေ့တိုင်း ကြီးစွာသော အလှူကို ဖြစ်စေ၏၊ ဤသို့ ကာလမြင့်ရှည်လတ်သော် ဘုရားလောင်းသည် နံနက်စောစောလျှင် မြတ်သောရထားကို တက်စီး၍ များစွာသော ကျက်သရေ၏ တင့်တယ်ခြင်းဖြင့် ဥယျာဉ်ကစားအံ့သောငှါ သွားလတ်သော် သစ်ပင်ဖျားမြက်ဖျား သစ်ခက်ဖျား ပင့်ကူမြွေး ပင့်ကူချည် ကွန်ရက် အစရှိသည်တို့၌ ပုလဲကွန်ရက်၏ အသွင်ဖြင့် ကပ်ငြိသော ဆီးနှင်းပေါက်တို့ကိုမြင်၍ အချင်း ရထားထိန်း ဤအပေါက်သည် အဘယ်နည်းဟုမေး၍ အရှင်မင်းသား ဤအပေါက်ကား ဆီးနှင်းပေါက် မည်ကုန်၏ဟု ကြား၍ နေ့အဖို့ပတ်လုံး ဥယျာဉ်ကစား၍ ညချမ်းသော အခါ၌ ပြန်ခဲ့သည်ရှိသော် ထိုဆီးနှင်းပေါက်တို့ကိုမမြင်၍ အချင်းရထားထိန်း ထိုဆီးနှင်း

ပေါက်တို့သည် အဘယ်မှာနည်း ယနေ့အခါ၌ ထိုဆီးနှင်းပေါက်တို့ကို ငါမမြင်ရဟု မေး၏၊ အရှင်မင်းသား နေဝင်သည်ရှိသော် ထိုအလုံးစုံသော ဆီးနှင်းပေါက်တို့သည် ပျက်စီး၍ မြေ၌ကျ၏ဟု ကြား၍ ထိတ်လန့်ခြင်းသို့ရောက်၍ ဤသတ္တဝါတို့၏ ဇီဝိတသင်္ခါရတို့သည်လည်း မြက်ဖျား၌ ဆီးနှင်းပေါက်နှင့် တူကုန်သည်သာတည်း၊ ငါသည် အိုခြင်း နာခြင်း သေခြင်းတို့သည် မနှိပ်စက်မီလျှင် မယ်တော် ခမည်းတော်တို့ကို ပန်၍ ရဟန်းပြုခြင်းငှါ သင့်၏ဟု ဆီးနှင်းပေါက်ကိုသာ အာရုံပြု၍ ဘဝသုံးပါးကို ရဲရဲပြောင်ပြောင် လောင်သကဲ့သို့ ရှုလုက် မိမိ၏ အိမ်သို့ မသွားဘဲ တန်ဆာဆင်ပြင်းနှင့် စပ်သော တရားစီရင်ရာ လွှတ်ဦး သဘင်၌ နေသော အဘ၏ အထံသို့ သွား၍ အဘကို ရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌ရပ်လျက် ရဟန်းအဖြစ်ကို တောင်းပန်လိုသော ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၇၃။ မိတ္တာမစ္စပရိဗျူဠ္ဟံ၊ အဟံ ဝန္ဒေ ရထေသဘံ။
ပဗ္ဗဇိဿာမဟံ ရာဇ၊ တံ ဒေဝေါ အနုမညတု။

ရထားစီးချင်း မင်းတကာတို့ထက် မြတ်တော်မူသော ခမည်းတော် မင်းကြီး ချစ်သော အမတ်အပေါင်း ခြံရံသော ခမည်းတော်ကို အကျွန်ုပ်သည် ရှိခိုးပါ၏။ အကျွန်ုပ်သည် ရဟန်းပြုတော့အံ့၊ အရှင်မင်းကြီးသည် ခွင့်ပြုတော်မူပါလော့။

ထိုအခါ မင်းသားကို မြစ်တားလိုသော မင်းကြီးသည် ဤဂါထာကို ဆို၏—

၇၄။ သစေ တေ ဦနံ ကာမေဟိ၊ အဟံ ပရိပူရယာမိ တေ။
ယော တံ ဟိံသတိ ဝါရေမိ၊ မာ ပဗ္ဗဇ ယုဓိဋ္ဌိလ။

ချစ်သား အကယ်၍ ကာမဂုဏ်တို့ဖြင့် သင်ချစ်သားအား ယုတ်လျော့အံ့၊ ငါသည် သင်ချစ်သားအား ပြည့်စေအံ့။ အကြင်သူသည် သင်ချစ်သားကို ညှဉ်းဆဲအံ့။ ထိုညှဉ်းဆဲသောသူကို မြစ်အံ့။ ငါ့သား ယုဓိဋ္ဌိလ ရဟန်းမပြုပါလင့်။

ထိုစကားကို ကြား၍ မင်းသားသည် ဤဂါထာကိုဆို၏—

၇၅။ န မတ္ထိ ဦနံ ကာမေဟိ၊ ဟိံသိတာ မေ န ဝိဇ္ဇတိ။
ဒီပဉ္စ ကာတုမိစ္ဆာမိ၊ ယံ ဇရာ နာဘိကီရတိ။

ဖခင် အကျွန်ုပ်အား ကာမဂုဏ်တို့ဖြင့် ယုတ်ခြင်းသည် မရှိပေ။ အကျွန်ုပ်အား ညှဉ်းဆဲသောလူသည်လည်း မရှိပေ။ အိုခြင်းမဖျက်ဆီးနိုင်သော တည်ရာကျွန်းကိုသာလျှင် ပြုခြင်းငှါ အလိုရှိပါ၏။

ထိုသို့ အဖန်တလဲလဲ မင်းသားသည် ရဟန်းအဖြစ်ကို တောင်းပန်၏၊ မင်းသည် ရဟန်းမပြုလင့်ဟု မြစ်၏၊ထိုအကြောင်းကို ထင်စွာ ပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည် ဤထက်ဝက်သော ဂါထာကို ဟောတော်မူ၏-

၇၆။ ပုတ္တော ဝါ ပိတရံ ယာစေ၊ ပိတာ ဝါ ပုတ္တ' မောရသံ။

ရဟန်းတို့၊ ထိုအခါ၌ သားသည်လည်း အဘကို တောင်းပန်၏။ အဘသည်လည်း ရင်၌ဖြစ်သော သားကို တောင်းပန်၏။

ထိုမှ ကြွင်းသော ဤထက်ဝက်သော ဂါထာကို မင်းသည် ဆို၏-

နေဂမော တံ ယာစေ တာတ၊ မာ ပဗ္ဗဇ ယုဓဉ္စယ။

အမောင်၊ ထိုငါ့သားကို နိဂုံးနေသူအပေါင်းသည် တောင်းပန်၏။ ငါ့သား၊ ယုဓဉ္စယ သင်သည် ရဟန်းမပြုလင့်။

မင်းသားသည် တစ်ဖန် ဤဂါထာကို ဆို၏-

၇၇။ မာ မံ ဒေဝ နိဝါရေဟိ၊ ပဗ္ဗဇန္တံ ရထေသဘ။
　　မာ ဟံ ကာမေဟိ သမ္မတ္တော၊ ဇရာယ ဝသမန္နဂူ။

ရထားစီးချင်း မင်းတကာတို့ထက် မြတ်သော ခမည်းတော်မင်းကြီး၊အကျွန်ုပ်ကို ထိုရဟန်းပြုခြင်းကို မမြစ်ပါလင့်။ အကျွန်ုပ်ကို ကာမဂုဏ်တို့ဖြင့် မယစ်မူးပါစေလင့်။ အိုခြင်း၏နိုင်ငံသို့ အစဉ်တစိုက် လိုက်ရသည် မဖြစ်စေလင့်။

ဤသို့ မင်းသားဆိုသည်ရှိသော် မင်းကြီးသည် စကားဆိုရာ မရဖြစ်၏၊ ထိုမင်းသား၏အမိဖြစ်သော မိဖုရားကြီးသည် သားတော်ကား ရဟန်းအဖြစ်ကို ခွင့်တောင်း၏ဟုကြားသိ၍ သင်တို့သည် အသို့ဆိုကုန်သနည်းဟု အသက်မရှူနိုင်သော မျက်နှာဖြင့် ရွှေထမ်းစင်၌နေ၍ လျင်စွာတရေးစီရင်ရာ လွှတ်ဦးသဘင်သို့ သွား၍ တောင်းပန်လိုရကား ဤဂါထာကို ဆို၏-

၇၈။ အဟံ တံ တာတ ယာစာမိ၊ အဟံ ပုတ္တ နိဝါရယေ။
　　စိရံ တံ ဒဋ္ဌုမိစ္ဆာမိ၊ မာ ပဗ္ဗဇ ယုဓဉ္စယ။

အမောင် ငါ့သား၊သင် ငါ့သားကို ငါသည် တောင်းပန်ပါ၏။ချစ်သား ငါသည် တားမြစ်၏၊ ထိုငါ့သားကို မြင့်ရှည်စွာ မြင်ခြင်းငှါ အလိုရှိ၏၊ ငါ့သား ယုဓဉ္စယ ရဟန်းမပြုပါလင့်။

ထိုစကားကို ကြား၍ မင်းသားသည် ဤဂါထာကို ဆို၏—

၇၉။ ဥဿာဝေါ ဝ တိဏဂ္ဂမှိ၊ သူရိယုဂ္ဂမနံ ပတိ။
ဧဝမာယု မနုဿာနံ၊ မာ မံ အမ္မ နိဝါရယ။

မိခင် နေထွက်သည်ရှိသော် မြက်ဖျား၌ ဆီးနှင်းပေါက်သည် ကျပျောက်သကဲ့သို့ ဤအတူ လူတို့၏ အသက်သည် နည်း၏။ အကျွန်ုပ်ကို မတားမြစ်ပါလင့်။

ထိုဂါထာ၏ အဓိပ္ပါယ်ကား မိခင် မြက်ဖျား၌ ဆီးနှင်းပေါက်သည် နေထွက်သည်ရှိသော် တည်ခြင်းငှါ မတတ်နိုင်၊ မြေ၌ကျသကဲ့သို့ ဤအတူ ထိုသတ္တဝါတို့ အသက်သည် တို၏၊ အခိုက်အတန့် တစ်ခဏသာတည်း၊ မြင့်ရှည်စွာမတည်၊ ဤသို့ သဘောရှိသော လူတို့၏နေရာ၌ အဘယ့်ကြောင့် မိခင်သည် မြင့်ရှည်စွာ အကျွန်ုပ်ကို မြင်ချင်ဘိသနည်း၊ အကျွန်ုပ်ကို မတားမြစ်ပါလင့်ဟု ဆိုလိုသည်။

ဤသို့ဆိုသော်လည်း ထိုမယ်တော်သည် အဖန်တလဲလဲ တောင်းပန်သည်သာတည်း၊ ထိုနောင်မှ ဘုရားလောင်းသည် ခမည်းတော်ကို ခေါ်စေလို၍ ဤဂါထာကို ဆို၏—

၈၀။ တရမာနော ဣမံ ယာနံ၊ အာရောပေတု ရထေသဘ။
မာ မေ မာတာ တရန္တဿ၊ အန္တရာယကရာ အဟု။

ရထားစီးချင်း မင်းတကာတို့ထက် မြတ်သော ဖခင် ဤမယ်တော်ကို အဆောတလျင် ယာဉ်သို့ တင်စေလော့၊ မယ်တော်သည် ခရီးခဲကိုကူးသော အကျွန်ုပ်၏ အန္တရာယ်ကို ပြုတတ်သည် မဖြစ်စေလင့်။

ထိုဂါထာ၏အဓိပ္ပါယ်ကား ရထားစီးချင်း မင်းတကာတို့ထက် မြတ်သော ဖခင် လျှင်မြန်သော ယောကျ်ားသည် အကျွန်ုပ်၏ မယ်တော်ကို ရွှေထမ်းစင်၌ တင်စေလော့၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း တည်းဟူသော ခရီးခဲကိုကူးသော အကျွန်ုပ်၏ အန္တရာယ်ကို မယ်တော်သည် မပြုပါစေလင့်ဟု ဆိုလိုသည်။

မင်းကြီးသည် သားတော်စကားကိုကြား၍ မိဖုရားကြီး သွားလော့၊ သင်၏ ယာဉ်၌ နေ၍ ရတိဝဍ္ဎန ပြာသာဒ်သို့ တက်လော့ဟုဆို၏၊ ထိုမိဖုရားကြီးသည် မင်း၏စကားကို ကြားလျှင် တည်အံ့ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ မောင်းမအပေါင်း ခြံရံလျက် ပြာသာဒ်သို့တက်၍ သားတော်၏ အကြောင်းကား အသို့နည်းဟု လှဘ်တော်ကိုကြည့်လျက် ရပ်၏၊ ဘုရားလောင်းသည် အမိ၏သွားသော

အခါ၌ ခမည်းတော်ကို တစ်ဖန်တောင်းပန်၏၊ မင်းကြီးလည်း တားမြစ်ခြင်းငှါ မတတ်နိုင်၍ ချစ်သား သွားလိုသော် သင်၏စိတ်ကို အပြီးသို့ ရောက်စေ၍ ရဟန်းပြုလော့ဟု ခွင့်ပြု၏၊ မင်းခွင့်ပြုသောအခါ ဘုရားလောင်း၏ ညီတော် ဖြစ်သော ယုဓိဋ္ဌိလ မင်းသားသည် အဘကို ရှိခိုး၍ ဖခင် အကျွန်ုပ်အားလည်း ရဟန်းအဖြစ်ကို အခွင့်ပြုတော်မူပါလော့ဟု တောင်းပန်၍ ခွင့်ပြုလျှင် ညီနောင် နှစ်ယောက်တို့သည် အဘကို ရှိခိုး၍ ကာမဂုဏ်တို့ကို ပယ်စွန့်၍ လူများအပေါင်း ခြံရံလျက် နန်းတော်မှ ထွက်ကုန်၏၊ မယ်တော်မိဖုရားလည်း ဘုရားလောင်း ကို ကြည့်၍ ငါ့သားသည် ရဟန်းပြုပြီးသော် ရမ္မမြို့သည် ဆိတ်ညံလတ္တံ့ဟု ငိုကြွေးလိုရကား ဤဂါထာတို့ကို ဆို၏—

၈၁။ အဘိတ္ထနယ ပဇ္ဇုန္နော၊ သုညံ ဟောဿတိ ရမ္မကံ။
ယုဓဉ္စယော အနုညာတော၊ သဗ္ဗဒတ္တေန ရာဇိနာ။

၈၂။ ယောဟု သေဋ္ဌော သဟဿာနံ၊ ယုဝါ ကဉ္စနသန္နိဘော။
သောယံ ကုမာရော ပဗ္ဗဇိတော၊ ကာသာယ ဝသနော ဗလီ။

အို မောင်းမတို့ သင်တို့သည် လျင်စွာ ပြေးကြကုန်၊ ရှင်မင်းကြီးအား ကောင်းခြင်းသည် ဖြစ်စေသတည်း။ ဤသို့ ဆိုကြပါချေကုန်၊ သဗ္ဗဒတ္တ အမည် ရှိသော မင်းသည် ငါ့သား ယုဓဉ္စယကို ခွင့်ပြုလိုက်ခဲ့ပြီ၊ ရမ္မမြို့သည် ဆိတ်ညံ သည် ဖြစ်လတ္တံ့တကား။

ပျိုနုစွာသော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော သားတစ်ထောင် တို့၏ အကြီးဆုံးဖြစ်သော ခွန်အားရှိသော မင်းသားသည် ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်လျက်နေခြင်းဖြင့် ရဟန်းပြုလေပြီတကား။

ထိုဘုရားလောင်းသည် မိဘတို့ကို ရှိခိုး၍ ညီတော်ဖြစ်သော ယုဓိဋ္ဌိလ မင်းသားကိုယူ၍ မြို့မှထွက်၍ လူအများကိုပြန်စေ၍ ညီနောင်နှစ်ယောက်တို့သည် ဟိမဝန္တာသို့ ဝင်၍ နှလုံးမွေ့လျော်ဖွယ်ရှိသော အရပ်၌ ကျောင်း သင်္ခမ်း ဆောက်လုပ်၍ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် တောသစ်မြစ် တောသစ်သီး အစရှိသည်တို့ဖြင့် အသက်ထက်ဆုံး မျှကုန်၍ ဗြဟ္မာ့ပြည်သို့ လဲလျောင်းကုန်၏။

ထိုအကြောင်းကို ဘုရားဖြစ်ပြီး၍ အဆုံး၌ သဗ္ဗညုမြတ်စွာဘုရားသည် ဤဂါထာဖြင့် ပြတော်မူ၏—

၇၃။ ဥဘော ကုမာရာ ပဗ္ဗဇိတာ၊ ယုဓဉ္စယော ယုဓိဋ္ဌိလော။
ပဟာယ မာတာပိတရော၊ သင်္ဂံ ဆေတွာန မစ္စုနောဟ။

ရဟန်းတို့ ယုဓဉ္စယ မင်းသားသည်လည်းကောင်း၊ ယုဓိဋ္ဌိလ မင်းသားသည်လည်းကောင်း နှစ်ပါးကုန်သော မင်းသားတို့သည် မိဘတို့ကို စွန့်၍ မစ္စုမာရ်၏ ရာဂ, ဒေါသ, မောဟ ဟူသော ကပ်ငြိခြင်းကို ဖြတ်၍ ရဟန်းပြုကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤသို့သော မဟာဒေသနာကိုဆောင်၍ သစ္စာတို့ကို ပြတော်မူ၍ ရဟန်းတို့ ယခုမှသာလျှင် တောထွက်မှုကို ပြုသည်မဟုတ်၊ ရှေး၌လည်း ငါဘုရားသည် မင်းအဖြစ်ကို စွန့်ပစ်ခွါရှောင်၍ ရဟန်းပြုဖူးသည် သာတည်းဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ ထိုအခါ၌ မယ်တော် ခမည်းတော်တို့သည် မြတ်သော သာကီဝင်မင်းမျိုးတို့သည် ဖြစ်လာကုန်၏၊ ယုဓိဋ္ဌိလ မင်းသားသည် အာနန္ဒာ ဖြစ်လာ၏၊ ယုဓဉ္စယ မင်းသားသည် ငါဘုရား ဖြစ်တော်မူလာ၏၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အို, နာ, သေဘေး၊ လာမည့်ရေး၊ ကြံတွေး ကြောက်သင့်စွာ။)

လေးဆယ့်ခြောက်ဆယ်ခု မြောက်သော ယုဓဉ္စယဇာတ်သည် ပြီး၏။

---

၄၆၁-ဒသရထဇာတ်

ရာမ, လက္ခဏ, သီတာတို့ အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်ရှိသော် အဘ သေသော တစ်ယောက်သော သူကြွယ်ကို အကြောင်းပြု၍ "ဧထ လက္ခဏ သီတာ စ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒသရထ ဇာတ်ကို ဟောတော်မူ၏၊ ထိုစကားကို ချဲ့ဦးအံ့၊ ထိုသူကြွယ်သည် အဘ သေသည်ရှိသော် စိုးရိမ်ခြင်း နှိပ်စက်သည်ဖြစ်၍ အလုံးစုံသော ကိစ္စတို့ကို စွန့်၍နေ၏။

သဗ္ဗညုမြတ်စွာဘုရားသည် မိုးသောက်ထအခါ၌ လောကကို ကြည့်တော်မူလတ်သော် ထိုသူကြွယ်၏ အရဟတ္တဖိုလ်၏အကြောင်း ဥပနိဿယကို မြင်တော်မူ၍ ဆွမ်းအလို့ငှါ ကြွတော်မူ၍ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးလတ်သော် ရဟန်းတို့ကို လွှတ်တော်မူ၍ တစ်ပါးသော နောက်ပါရဟန်းကိုခေါ်၍ ထိုသူကြွယ်အိမ်သို့ ကြွတော်မူ၍ ရှိခိုး၍နေသော သူကြွယ်ကို သာယာစွာသော စကားဖြင့် ခေါ်တော်မူ၍ ဥပါသကာ စိုးရိမ်သလောဟု မေးတော်မူ၍ အရှင်ဘုရား စိုးရိမ်သည်မှန်ပေ၏၊ အဘ၌ စိုးရိမ်ခြင်းသည် ဒုက္ခနှိပ်ကို နှိပ်စက်၏ဟု နားတော်လျှောက်ပေ၏၊ ဒါယကာ ရှေးပညာရှိတို့သည် လောကဓံတရား ရှစ်ပါးတို့ကို ဟုတ်မှန်သောအားဖြင့် သိကုန်သည်ဖြစ်၍ အဘ သေလွန်လတ်သော် အနည်းငယ်မျှတည်းသော စိုးရိမ်ခြင်းကို မပြုကုန်ဟု မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်လတ်သော် အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ဒါယကာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဒသရထ မည်သော မင်းကြီးသည် အဂတိလေးပါးသို့ လိုက်ခြင်းကိုနှိုး၍ တရားနှင့်အညီ မင်းပြု၏၊ ထိုမင်းအား တစ်သောင်းခြောက်ထောင်သော မောင်းမတို့၏ အကြီးဖြစ်သော မိဖုရားသည် သားနှစ်ယောက်တို့ကို လည်းကောင်း၊ သမီးတစ်ယောက်ကို လည်းကောင်း ဖွားမြင်၏၊ သားကြီးသည် ရာမသုခမိန် မည်၏၊ နှစ်ယောက်မြောက်သောသားသည် လက္ခဏမင်းသား မည်၏၊ သမီးတော်သည် သီတာမင်းသမီး မည်၏။

အခါတစ်ပါး၌ မိဖုရားကြီး သေလွန်ခဲ့၏၊ မင်းသည် ထိုမိဖုရားကြီး သေခြင်းကြောင့် အလွန်ရှည်မြင့်စွာ စိုးရိမ်ခြင်း နိုင်ငံသို့လိုက်၍ အမတ်တို့သည် သိစေအပ်သည်ဖြစ်၍ ထိုမိဖုရားကြီးအား ပြုအပ်ဆောင်အပ်သည်ကိုပြု၍ မင်းသမီးတစ်ယောက်ကို မိဖုရားကြီးအရာ၌ ထား၏၊ ထိုမိဖုရားကြီးကို မင်းသည် အလွန်ချစ်နှစ်သက်၏၊ ထိုမိဖုရားသည်လည်း အခါတစ်ပါး၌ ကိုယ်ဝန်ယူ၍ ရအပ်သော ကိုယ်ဝန်၏ စောင့်ရှောက်ခြင်း ရှိသည်၏ အဖြစ်ကြောင့် သားကို ဖွားမြင်၏၊ ထိုသားအား ဘရတမင်းသားဟူသော အမည်ကို မှည့်ကုန်၏၊ မင်းကြီးလည်း သား၌ ချစ်သဖြင့် မိဖုရား သင်အား ဆုကို ငါပေး၏၊ ယူလော့ဟု ဆို၏၊ မိဖုရားသည် ယူသည်ကို ပြု၍ ထား၏၊ မင်းသား၏ ခုနစ်နှစ် ရှစ်နှစ်ရှိသော အခါ၌ မင်းသို့ကပ်၍ မင်းကြီး ရှင်မင်းကြီးသည် ကျွန်ုပ်၏ သားအား ဆုကို ပေးတော်မူ၏၊ ယခုအခါ၌ ထိုကျွန်ုပ်၏သားအား ဆုကို ပေးတော်မူလော့ဟု ဆို၏၊ မိဖုရား ယူလော့ဟု ဆိုလတ်သော် အရှင်မင်းကြီး အကျွန်ုပ်၏ သားအား

မင်းအဖြစ်ကို ပေးပါလော့ဟုဆိုလတ်သော် မင်းသည် လက်ဖျစ်တီး၍ ဟယ်.... သူယုတ်မ ပျက်လေလော့၊ ငါ၏သားတော် နှစ်ယောက်တို့သည် မီးပုံကြီးကဲ့သို့ ထွန်းတောက်ပကုန်၏၊ ထို ငါ့သားနှစ်ယောက်တို့ကို သတ်စေ၍ နင့်သားအား မင်းအဖြစ်ကို တောင်းဘိ၏ဟု ခြိမ်းခြောက်၏၊ ထိုမိဖုရားသည် ကြောက်၍ ကျက်သရေတိုက်ခန်းသို့ ဝင်၍ တစ်ပါးသော နေ့၌လည်း အဖန်တလဲလဲ မင်းအဖြစ်ကိုသာလျှင် တောင်း၏။

မင်းကြီးသည် ထိုမိဖုရားအား ထိုဆုကို မပေးမူ၍လျှင် ကြံ၏၊ မိန်းမ သည်ကား သူ့ကျေးဇူးကို မသိတတ်၊ ခင်ပွန်း ပြစ်မှားတတ်၏၊ ဤမိဖုရား သည် ငါ၏သားတော်တို့ကို ကောက်ကျစ်သော ပဏ္ဏာကာရကို လည်းကောင်း, ကောက်ကျစ်သော တံစိုးလက်ဆောင်ကို လည်းကောင်း ပြု၍ သတ်ရာ၏ဟု ကြံ၍ ထိုမင်းသည် သားတို့ကိုခေါ်၍ ထိုအကြောင်းကိုကြား၍ ငါ့သားတော်တို့ သင်တို့အား ဤပြည်၌နေသည်ရှိသော် အန္တရာယ် ဖြစ်ရာ၏၊ ငါ့သားတော် တို့သည် ရွာတစ်ပါးသို့လည်းကောင်း, တောသို့လည်းကောင်း သွား၍ ငါသေ သောအခါ၌ လာ၍ အဘအမွေဖြစ်သော မင်း၏အဖြစ်ကို ယူကြကုန်ဟု ဆို၍ တစ်ဖန် နိမိတ်ဖတ်တတ်ကုန်သော ပုဏ္ဏားတို့ကို ခေါ်၍ မိမိ၏ အသက်အပိုင်း အခြားကို မေး၍ တစ်ဆယ့်နှစ်နှစ်သာ အသက်ရှည်သဘ္ဘံ့ဟု ကြား၍ ငါ့သား တော်တို့ ဤနှစ်မှ တစ်ဆယ့်နှစ်နှစ်လွန်သဖြင့် လာ၍ ထီးဖြူကို ဆောင်းကြ ကုန်ဟု ဆို၏။

ထိုသားတော်တို့သည် ကောင်းပြီဟု အဘကို ရှိခိုးလျက် ငိုကုန်လျက် ပြာသာဒ်မှ သက်ဆင်းကုန်၏၊ သီတာ မင်းသမီးသည် အကျွန်ုပ်သည် မောင်တော် တို့နှင့်တကွ လိုက်ပါအံ့ဟု အဘကို ရှိခိုး၍ ငိုကြွေးလျက်ထွက်၏၊ မင်းသုံးပါးတို့ သည် များစွာသော အခြံအရံ ရှိကုန်သည်ဖြစ်၍ ထွက်ကြကုန်၍ လူများတို့ကို ပြန်စေ၍ အစဉ်သဖြင့် ဟိမဝန္တာသို့ ဝင်ကုန်၍ ပြည့်စုံသော ရေရှိသော ရလွယ် သော သစ်သီးကြီးငယ်ရှိသော တောအုပ်၌ ကျောင်းသင်္ခမ်း ဆောက်လုပ်၍ သစ်သီးကြီးငယ်ဖြင့် မျှကုန်လျက် နေကြကုန်၏၊ လက္ခဏပဏ္ဍိတ သုခမိန်သည် လည်းကောင်း, သီတာဒေဝီသည် လည်းကောင်း, ရာမသုခမိန်ကို တောင်းပန်၏၊ နောင်တော်တို့သည် အကျွန်ုပ်တို့၏ အဘအရာ၌ တည်ကုန်၏၊ ထို့ကြောင့် ကျောင်း၌သာလျှင် နေကုန်လော့၊ ကျွန်ုပ်တို့သည် သစ်သီး ကြီးငယ်ကို ဆောင်ယူ၍ နောင်တော်ကို လုပ်ကျွေးပါအံ့ဟု ဝန်ခံကုန်၏။

ထိုမှစ၍ ရာမပဏ္ဍိတသည် ထိုကျောင်း၌သာ နေ၏၊ ရာမသုခမိန်မှ တစ်ပါး ကုန်သော မောင်နှမနှစ်ယောက်တို့သည် သစ်သီးကြီးငယ်ကိုဆောင်ယူ၍ ထိုရာမ သုခမိန်ကို လုပ်ကျွေးကြကုန်၏၊ ထိုမင်းသုံးပါးတို့သည် သစ်သီးကြီးငယ်ဖြင့်မျှ

နေကြကုန်စဉ် ဒသရထမင်းကြီးသည် သားတော်သမီးတော်တို့၌ စုံးရိမ်သဖြင့် ကိုးနှစ်မြောက်၌ လွန်လေ၏၊ ထိုမင်း၏ သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုစေ၍ မိဖုရားကြီးသည် မိမိ၏သားဖြစ်သော ဘရတမင်းသားအား ထီးဖြူကိုဆောင်နှင်းကုန်လောဟုဆို၏၊ အမတ်တို့သည် ထီးနန်းရှင်တို့ကား တော၌သာ ရှိကုန်၏ဟု ဆိုကုန်၍ မပေးကုန်၊ ဘရတမင်းသားသည် ငါ၏နောင်တော်ဖြစ်သော ရာမသုခမိန်ကို တောမှဆောင်၍ ထီးဖြူကိုဆောင်းစေအံ့ဟု မင်းမြောက်တန်ဆာ ငါးပါးတို့ကို ယူ၍ အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် ထိုရာမသုခမိန်၏ နေရာသို့ သွား၍ မနီးမဝေး၌ သစ်တပ်တည်၍ ထိုသစ်တပ်၌ နေ၍ နှစ်ယောက် သုံးယောက်ကုန်သော အမတ်တို့နှင့်တကွ လက္ခဏသုခမိန်၏လည်းကောင်း, သီတာဒေဝီ၏လည်းကောင်း တောသို့သွားသောအခါ၌ ကျောင်းသခ်မ်းသို့ ဝင်၍ ကျောင်းသခ်မ်းတံခါး၌ ထား အပ်သော ရွှေဆင်းတုကဲ့သို့ ရွံရှာခြင်း မရှိဘဲ ချမ်းသာစွာနေသော ရာမသုခမိန်သို့ကပ်၍ ရှိခိုး၍ တင့်အပ်သောအရပ်၌ ဘည်လျက် မင်း၏အကြောင်းကို ကြား၍ အမတ်တို့နှင့်တကွ ခြေတို့၌ ဝပ်၍ ငို၏၊ ရာမသုခမိန်ကား မစိုးရိမ် မငိုကြွေး၊ ထိုရာမသုခမိန်အား ဣန္ဒြေ၏ ဖောက်ပြန်ခြင်းသည် မဖြစ်၊ ဘရတမင်းသားကား ငိုပြီး၍ နေသောအခါဝယ် ညချမ်းသောအခါ၌ ရာမသုခမိန်မှ တစ်ပါးကုန်သော မောင်နှမ နှစ်ယောက်တို့သည် သစ်သီး ကြီးငယ်ကို ယူ၍ လာကုန်၏၊ ရာမသုခမိန်သည် ကြံ၏၊ ဤငါ့ညီ ငါ့နှမတို့သည် ငယ်ကုန်၏၊ ဤငါ့ညီ ငါ့နှမတို့အား ငါကဲ့သို့ အဆင်အခြင် အသိမ်းအဆည်း ပညာသည် မရှိကြ၊ သင်တို့၏ ခမည်းတော်သည် သေခဲ့၏ဟု အဆောတလျင် ပြောဆိုသည်ရှိသော် စိုးရိမ်ခြင်းကို တည်တံ့စေခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ ထိုငါ့ညီ ငါ့နှမတို့၏ နှလုံးသည် ကွဲရာ၏တကား၊ ဥပါယ်တံမျဉ်ဖြင့် ထိုသူတို့အား ရေသို့ သက်ဆင်းစေ၍ ဤအကြောင်းကို ကြားအံ့ဟု ကြံ၏၊ ထိုသို့ ကြံပြီး၍ ထိုမောင်နှမ နှစ်ယောက်တို့၏ ရှေ့မှ ရေကန်တစ်ခုကို ပြ၍ သင်တို့သည် အလွန်ကြာမှ လာကုန်၏၊ သင်တို့အား ဤသို့ ဒဏ်ပေးခြင်းသည် ဖြစ်စေလော့၊ ဤရေကန်သို့ သက်ဆင်း၍ တည်ကြကုန်ဟု ဒဏ်ပေးလိုရကား ဤထက်ဝက်သော ဂါထာကို ဆို၏—

၇၄။ ဧထ လက္ခဏ သီတာ စ၊ ဥဘော ဩတရထောဒကံ။

အို လက္ခဏ, သီတာတို့ လာကြကုန်။ နှစ်ယောက်ကုန်သော သင်တို့သည် ရေကန်သို့ သက်ဆင်းကြကုန်။

ထိုမောင်နှမ နှစ်ယောက်တို့သည် တစ်ခွန်းတည်းသော စကားဖြင့် ရေကန်သို့ သက်ဆင်းကြကုန်၏၊ ထိုအခါ ထိုသူ နှစ်ယောက်တို့အား ခမည်းတော်၏ အကြောင်းကို ကြားလိုသော ရာမပဏ္ဍိတသည် ဤထက်ဝက်သော ဂါထာကို ဆို၏—

ဝေါယံ ဘရတော အာဟ၊ "ရာဇာ ဒသရထော မတော"။

ဒသရထ အမည်ရှိသော ခမည်းတော်မင်းကြီးသည် နတ်ရွာလားၿပီ၊ ဤသို့ ဤ ဘရတမင်းသားသည် ဆို၏။

ထိုမောင်နှမ နှစ်ယောက်တို့သည် အဘ၏ နတ်ရွာသားကြောင်း စကားကို ကြား၍ မိန်းမောကုန်၏၊ တစ်ဖန်သည်း ထိုမင်း နှစ်ပါးတို့အား ပြောကြား၏။ တစ်ဖန်လည်း ထိုမင်း နှစ်ပါးတို့သည် မိန်းမောကုန်၏။ ဤသို့လျှင် သုံးကြိမ် မြောက်အောင် မိန်းမောသောအဖြစ်သို့ ရောက်ကုန်သော ထိုမင်းနှစ်ပါးတို့ကို အမတ်တို့သည် ချီ၍ ရေမှ ထုတ်ဆယ်၍ သက်သာရာကို ရစေကုန်၏၊ ထိုအသုံးစုံသော သူတို့သည် အချင်းချင်း ငိုကြွေးမြည်တမ်းကုန်၏။

ထိုအခါ ဘရတမင်းသားသည် ကြံ၏။ ငါ၏ နောင်တော်ဖြစ်သော လက္ခဏမင်းသားသည် လည်းကောင်း, နှမတော် ဖြစ်သော သီတာဒေဝီသည် လည်းကောင်း ခမည်းတော်၏ နတ်ရွာလားကြောင်း စကားကို ကြား၍လျှင် စိုးရိမ်ခြင်းကို တည်တံ့စေခြင်းငှါ မတတ်နိုင်ကြကုန်၊ နောင်တော် ရာမပဏ္ဍိတသည်ကား မစိုးရိမ် မငိုကြွေး၊ ထိုရာမပဏ္ဍိတ၏ မစိုးရိမ်ခြင်းအကြောင်းကား အသို့နည်း၊ ထိုရာမသုခမိန်ကို မေးအံ့ဟုကြံ၍ ထိုဘရတမင်းသားသည် ထိုရာမသုခမိန်ကို မေးလိုရကား ဤဂါထာကို ဆို၏—

၈၅။ ကေန ရာမပ္ပဘာဝေန၊ သောစိတဗ္ဗံ န သောစသိ။
ပိတရံ ကာလကတံ သုတွာ၊ န တံ ပသဟတေ ဒုခံ။

ရာမအမည်ရှိသော အရှင်မင်းကြီး အဘယ်အာနုဘော်ကြောင့် စိုးရိမ်အပ်သည်ကို မစိုးရိမ်သနည်း။ ခမည်းတော်၏ နတ်ရွာလားသည်ကို ကြား၍ သင်နောင်တော်ကို စိုးရိမ်ခြင်းဆင်းရဲသည် အဘယ်အကြောင်းကြောင့် မနှိပ်စက်သနည်း။

ထိုအခါ၌ ထိုဘရတမင်းသားအား ရာမသုခမိန်သည် မစိုးရိမ်ခြင်း အကြောင်းကို ပြောလိုရကား ဤဂါထာတို့ကို ဆို၏—

၈၆၊ ယံ န သက္ကာ နိပါလေတုံ၊ ပေါသေန လပတံ ဗဟုံ။
သ ကိဿ ဝိညူ မေဓာဝီ၊ အတ္တာနံ မုပတာပယေ။

၈၇။ ဒဟရာ စ ဟိ ဝုဒ္ဓါ စ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
အဍ္ဎာ စေဝ ဒလိဒ္ဒါ စ၊ သဗ္ဗေ မစ္စုပရာယနာ။

၈၈။ ဖလာနမိဝ ပက္ကာနံ၊ နိစ္စံ ပတနတော ဘယံ။
ဧဝံ ဇာတာန မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။

၈၉။ သာယမေကေ န ဒိဿန္တိ၊ ပါတော ဒိဋ္ဌာ ဗဟုဇ္ဇနာ။
ပါတော ဧကေ န ဒိဿန္တိ၊ သာယံ ဒိဋ္ဌာ ဗဟုဇ္ဇနာ။

၉၀။ ပရိဒေဝယမာနော စေ၊ ကိဉ္စိ ဒတ္ထံ ဥဒဗ္ဗဟေ။
သမ္မုဠှော ဟိံသ’မတ္တာနံ၊ ကယိရာ တံ ဝိစက္ခဏော။

၉၁။ ကိသော ဝိဝဏ္ဏော ဘဝတိ၊ ဟိံသ’ မတ္တာန’ မတ္တနော။
န တေန ပေတာ ပါလေန္တိ၊ နိရတ္ထာ ပရိဒေဝနာ။

၉၂။ ယထာ သရဏ မာဒိတ္တံ၊ ဝါရိနာ ပရိနိဗ္ဗယေ။
ဧဝမ္ပိ ဓီရော သုတဝါ၊ မေဓာဝီ ပဏ္ဍိတော နရော။
ခိပ္ပ မုပ္ပတိတံ သောကံ၊ ဝါတော တူလံဝ ဓံသယေ။

၉၃။ မစ္စော ဧကောဝ အစ္စေတိ၊ ဧကောဝ ဇာယတေ ကုလေ။
သံယောဂပရမာတွေဝ၊ သမ္ဘောဂါ သဗ္ဗပါဏိနံ။

၉၄။ တသ္မာ ဟိ ဓီရဿ ဗဟုဿုတဿ၊ သမ္ပဿတော လောကမိမံ ပရဉ္စ။
အညာယ ဓမ္မံ ဟဒယံ မနဉ္စ၊ သောကာ မဟန္တာပိ န တာပယန္တိ။

၉၅။ သောဟံ ဒဿဉ္စ ဘောက္ခဉ္စ၊ ဘရိဿာမိ စ ဉာတကေ။
သေသဉ္စ ပါလယိဿာမိ၊ ကိစ္စမေတံ ဝိဇာနတော။

ညီတော် ဘရတ ခြောက်ကပ်သဖြင့် များစွာငိုမြည်တမ်းသော သူတို့တွင် တစ်ယောက်သည်မျှလည်း ဇီဝိတိန္ဒြေကို စောင့်ခြင်းငှါ မတတ်နိုင်။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် သိကြားလိမ္မာသော ပညာရှိသော ထိုသူသည် မိမိကိုယ်ကို ပူပန်စေအံ့နည်း။

ငါ့ညီဘရတ အကြင်သူငယ်တို့သည်လည်းကောင်း၊ အကြင် ကြီးသူတို့သည် လည်းကောင်း၊ အကြင်သူမိုက်တို့သည်လည်းကောင်း၊ အကြင် ပညာရှိတို့သည် လည်းကောင်း၊ အကြင် ကြွယ်ဝသော သူတို့သည်လည်းကောင်း၊ အကြင် သူဆင်းရဲတို့သည် လည်းကောင်း အလုံးစုံသော သူတို့သည် သေမင်းခံတွင်း၌လျှင် လဲလျောင်းရာရှိကုန်၏။

မှည့်သော သစ်သီးတို့သည် အမြဲကြွေကျရသကဲ့သို့ ထို့အတူ မွေးဖွားလာသော သတ္တဝါ မှန်သမျှ အမြဲသေရမည်သာတည်း။

ညီထွေးအငယ် နံနက်မှ များစွာကုန်သောသူတို့ကို မြင်အပ်ကုန်၏။ ထို နံနက်၌ မြင်သောသူတို့တွင် အချို့သောလူတို့ကို ညအခါ၌ မမြင်ကုန်။ များစွာ သော လူတို့ကို ညချမ်းအခါ၌ မြင်အပ်ကုန်၏။ ထိုညမြင်သော သူတို့တွင် အချို့သော သူတို့ကို နံနက်အခါ၌ မမြင်ကုန်။

အကယ်၍ ငိုကြွေးသောသူသည် မိမိကိုယ်ကို ညှဉ်းဆဲသည်ဖြစ်၍ တွေဝေ သည်ဖြစ်၍ တစ်စုံတစ်ခုသော အကျိုးစီးပွားကို စင်စစ် ဆောင်ငြားအံ့၊ ငိုကြွေးခြင်းကို ပညာရှိသည် ပြုရာ၏။

ငိုသဖြင့် မိမိ၏ အတ္တဘောကို ညှဉ်းဆဲသည်ဖြစ်၍ ကြုံလှီသည်၊ အဆင်း မလှသည်ဖြစ်၏၊ ထိုသို့ငိုသဖြင့် တမလွန်ဘဝသို့ သွားသော သူတို့သည် မစောင့် ပေကုန်။ ထို့ကြောင့် ငိုကြွေးခြင်းသည် အကျိုးမရှိ။

ညီထွေး ဥပမာကား နေရာအိမ်ကို မီးလောင်သည် ရှိသော် ရေအိုး အရာအထောင်ဖြင့် ငြိမ်းစေသကဲ့သို့ ဤအတူ မြဲမြံတည်ကြည်သော အကြား အမြင်ရှိသော ထက်မြက်သောပညာရှိသော ပညာရှိသောလူသည် ဖြစ်ပေါ် လာသော စိုးရိမ်ခြင်းကို လျင်စွာ ငြိမ်းစေရာ၏၊ လေသည် လဲကို လွင့်သကဲ့သို့ စိုးရိမ်ခြင်းကို လွင့်ဖျောက်ရာ၏။

အမောင် ဘရတ သတ္တဝါသည် တစ်ယောက် တည်းသာလျှင် လွန်ရ၏ တစ်ယောက်တည်းသာလျှင် အမျိုးလေးပါး၌ ဖြစ်၏၊ အလုံးစုံသော သတ္တဝါ တို့အား အဆွေအမျိုးနှင့်စပ်ယှဉ်ခြင်းသည်သာလျှင် အလွန်ဖြစ်ကုန်၏ အဆွေ အမျိုးဟု သုံးဆောင်ခြင်းသာလျှင် ရှိကုန်၏။

ထို့ကြောင့်လျှင် များသော အကြားအမြင်ရှိသော ဤပစ္စုပ္ပန်လောက ကိုလည်းကောင်း တမလွန်လောကကိုလည်း။ကောင်း များစွာရှုမြင်သော ပညာ ရှိအား လောကဓံတရားရှစ်ပါးကို သိ၍ ဟဒယဝတ္ထုကိုလည်းကောင်း စိတ်ကို လည်းကောင်း များစွာလည်းဖြစ်ကုန်သောစိုးရိမ်ခြင်းတို့သည် မပူပန်စေနိုင်ကုန်။

ထိုငါသည် အခြံအရံကိုလည်းကောင်း စည်းစိမ်ဥစ္စာကို လည်းကောင်း မယားကိုလည်းကောင်း အဆွေအမျိုးတို့ကို လည်းကောင်း ကြွင်းသော သူ ခပ်သိမ်းကို လည်းကောင်း ကောင်းစွာ စောင့်ရှောက်အံ့ သိသောသူအား ဤစောင့်ရှောက်ခြင်း ကိစ္စသည် လျော်၏။

ဤဆယ်ဂါထာတို့ဖြင့် အမြဲမရှိသောအဖြစ်ကို ပြတော်မူ၏၊ ပရိသတ်တို့သည် ရာမပဏ္ဍိတ၏ ဤသို့အမြဲမရှိသော အဖြစ်ကိုပြသော ဓမ္မဒေသနာတော်ကိုကြား နာရ၍ စိုးရိမ်ခြင်းကင်းကြကုန်၏၊ ထိုနောင်မှ ဘရတမင်းသားသည် ရာမပဏ္ဍိတကို ရှိခိုး၍ ဗာရာဏသီပြည်ကို နောင်တော်တို့သည်ဝန်ခံတော်မူပါကုန်ဟု လျှောက်

ကြားလျှင် အမောင်ညီတွေး ညီတော်အလဲတ် လက္ခဏကိုလည်းကောင်း, သီတာ ဒေဝီကိုလည်းကောင်းခေါ် ၍ပြည်ကိုဆုံးမလေကုန်ဟုဆိုလတ်သော်အရှင်မင်းကြီး အရှင်မင်းကြီးတို့သည် အသို့ပြုကုန်အံ့နည်းဟု လျှောက်ဆိုသည်ရှိသော် ညီတွေး ငါ့အဘသည် တစ်ဆယ့်နှစ်နှစ်လွန်သဖြင့် လာ၍ ပြည်ကို မင်းပြု၏လော့ဟု ငါ့ကို မှာတော်မူခဲ့၏၊ ငါသည် ယခုသွားချေသော် ငါ့အဘ၏ စကားကို နားမထောင် သည် မည်ရာ၏၊ ဤနှစ်မှစ၍ သုံးနှစ်လွန်သဖြင့် လာခဲ့အံ့ဟု မိန့်တော်မူလေလျှင် သုံးနှစ်သော ကာလပတ်လုံး အဘယ်သူသည် ပြည်ကို မင်းပြုလိမ့်မည်နည်းဟု ဘရတမင်းသားက မေးလျှောက်သည်ရှိသော် ငါ့ညီတွေး သင်တို့သည် ပြည်ကို မင်းပြုကြကုန်ဟု မိန့်တော်မူလျှင် အကျွန်ုပ်တို့သည် မင်းမပြုပါကုန်ဟု လျှောက် ကြကုန်သော် ထိုသို့မင်းမပြုလိုကြကုန်သည်ဖြစ်မူ ငါလာသည် တိုင်အောင် ဤ မြက်ခြေနင်းတို့သည် မင်းပြုကုန်လတ္တံ့ဟု ဘုရားလောင်း၏ မြက်ခြေနင်းတို့ကို ချွတ်၍ ပေးလိုက်၏။

ထိုမင်းသုံးပါးတို့သည်လည်း ခြေနင်းတို့ကို ယူကုန်၍ ရာမသုခမိန်ကို ရှိခိုး၍ လူများအပေါင်းခြံရံလျက် ဗာရာဏသီပြည်သို့ ပြန်ကြလေကုန်၏၊ ပြည်သို့ရောက် လျှင် သုံးနှစ်တို့ပတ်လုံး ခြေနင်းတို့သည် ပြည်ကိုမင်းပြုကုန်၏၊ အမတ်တို့ သည် မြက်ခြေနင်းတို့ကို ရာဇပလ္လင်၌ တင်ထား၍ တရားကို ဆုံးဖြတ်ကုန်၏၊ မကောင်းသဖြင့် ဆုံးဖြတ်သည်ရှိသော် ခြေနင်းတို့သည် အချင်းချင်း တိုက်ခတ် ကုန်၏၊ ထိုအမှတ်ဖြင့် တစ်ဖန် ဆုံးဖြတ်ကုန်၏၊ ကောင်းစွာ ဆုံးဖြတ်မိသည် ဖြစ်အံ့ ခြေနင်းတို့သည် အသံမရှိကုန်သည်ဖြစ်၍ ငြိမ်သက်စွာတည်ကုန်၏ ရာမ သုခမိန်သည် သုံးနှစ်တို့ကို လွန်သဖြင့် တောမှထွက်၍ ဗာရာဏသီပြည်သို့ရောက်၍ ဥယျာဉ်သို့ ဝင်တော်မူ၏။

ထိုရာမမင်းကြီး၏ လာသော အဖြစ်ကို သိ၍ မင်းသားတို့သည် အမတ် အပေါင်း ခြံရံကုန်လျက် ဥယျာဉ်သို့သွား၍ နှမတော် သီတာဒေဝီကို မိဖုရား ကြီးပြု၍ မင်းမိဖုရား နှစ်ယောက်တို့အား အဘိသိက် သွန်းကုန်၏ ဤသို့ အဘိသိက်သွန်းခြင်းသို့ ရောက်သော ဘုရားလောင်းသည် တန်ဆာဆင်သော ရထား၌တည်၍ များစွာသော အခြံအရံဖြင့် မြို့သို့ ဝင်တော်မူ၍ လက်ယာရစ် လှည့်၍ စန္ဒကပြာသာဒ်၏အပြင်သို့ တက်လေ၏၊ ထိုအခါမှစ၍ အနှစ် တစ်သောင်း ခြောက်ထောင်တို့ပတ်လုံး တရားနှင့်အညီ ပြည်ကို မင်းပြု၍ အသက်၏ အဆုံး၌ နတ်ပြည်ကို ပြည့်စေ၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏—

၉၆။ ဒသဝဿသဟဿာနိ၊ သဋ္ဌိဝဿသတာနိ စ။
ကမ္ဗုဂီဝေါ မဟာဗာဟု၊ ရာမော ရဇ္ဇံ မကာရယိ။

ရဟန်းတို့ ရွှေမရိုးစည်နှင့်တူသော လည်တော် ရှိတော်မူသော ကြီးသော လက်ရုံးအားလည်းရှိတော်မူထသော ရာမမင်းသည် အနှစ်တင်သောင်းတို့ပတ်လုံးလည်းကောင်း၊ အနှစ်ခြောက်ထောင်တို့ပတ်လုံးလည်းကောင်း ဗာရာဏသီပြည်၌ မင်းအဖြစ်ကို ပြုတော်မူ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤသို့ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူပြီး၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူပြီးသည် အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏၊ ထိုရာမမင်း ဖြစ်တော်မူသော အခါ၌ ဒသရထမင်းကြီးသည် သိရိသုဒ္ဓေါဒနမင်းကြီး ဖြစ်လာ၏၊ မယ်တော်သည် မယ်တော်မာယာ မိဖုရား ဖြစ်လာ၏၊ နှမတော် သီတာဒေဝီသည် ရာဟုလမယ်တော် ဖြစ်လာ၏၊ ဘရတမင်းသားသည် အာနန္ဒာ ဖြစ်လာ၏၊ ညီတော်လက္ခဏသည် သာရိပုတ္တရာ ဖြစ်လာ၏၊ ရာမမင်းကြီး၏ ပရိသတ်တို့သည် ငါဘုရား ပရိသတ် ဖြစ်လာကုန်၏၊ ရာမသုခမိန်သည်ကား ငါဘုရား ဖြစ်လာ၏၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(နွေမြင် ညကွယ်၊ သီးမှည့်နှယ်၊ သေလွယ် ဤလောက။)
လေးရာခြောက်ဆယ့်တစ်ခုမြောက်သော ဒသရထဇာတ်သည် ပြီး၏။

---

## ၄၆၂-သံဝရဇာတ်

### ပညာရှိစကား နားထောင်၍ မင်းဖြစ်ခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်လူတို့၏ ဆရာဖြစ်တော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသည် ရှိသော် တစ်ယောက်သော ဝီရိယကို လျှော့သော ရဟန်းကို အကြောင်းပြု၍ "ဇာနန္တော နော မဟာရာဇ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသံဝရဇာတ်ကို ဟောတော်မူ၏။ ထိုစကားကို ချဲဦးအံ့၊ သာဝတ္ထိပြည်၌ နေသော အမျိုးကောင်းသား တစ်ယောက်သည် ဘုရား ၏ တရားဒေသနာကို ကြားနာရ၍ ရဟန်းပဉ္စင်း အဖြစ်ကို ရပြီးသော် ဥပဇ္ဈာယ်ဆရာ တိကို ဖြည့်လျက် နှစ်ပါးသော ပါတိမောက်

တို့ကို နှုတ်တက် လေ့လာသည်ကို ပြု၍ ငါးဝါပြည့်လျှင် ကမ္မဋ္ဌာန်းကို သင်၍ တော၌ နေအံ့ဟု ကြံ၍ ဆရာဥပဇ္ဈာယ်ကို ပန်ကြား၍ ကောသလတိုင်း၌ တစ်ခုသော ပစ္စန္တရစ်ရွာသို့ သွား၍ ထိုရွာဝယ် ဝုရိယာပုထ်၌ ကြည်ညိုသော လူတို့သည် သစ်ရွက်မိုးသောကျောင်း ဆောက်လုပ်၍ လုပ်ကျွေးလျှင် ဝါဆိုလျက် လုံ့လပြုလတ်သော် အာရုံစိတ်ကို ထိစေလျက် အလွန်အားထုတ်သော လုံ့လဖြင့် ဝါတွင်းသုံးလပတ်လုံး ကမ္မဋ္ဌာန်းကို ပွားစေ၍ တရားအထူးကို ရခြင်း၏ အရိပ် နိမိတ်မျှကိုလည်း ဖြစ်စိမ့်သောငှါ မတတ်နိုင်၍ ကြံ၏၊ ငါကား ဘုရားသခင်သည် ဟောတော်မူအပ်ကုန်သော လေးယောက်သော ပုဂ္ဂိုလ်တို့တွင် ပဒပရမတည်း၊ (ပုဂ္ဂိုလ်လေးယောက် ဟူသည် ဥဂ္ဃဋိတညူပုဂ္ဂိုလ် တစ်ယောက်၊ ဝိပဉ္စိတညူပုဂ္ဂိုလ် တစ်ယောက်၊ နေယျပုဂ္ဂိုလ် တစ်ယောက်၊ ပဒပရမပုဂ္ဂိုလ် တစ်ယောက် ဤလေးယောက်တည်း။)

ငါ့အား တော၌ နေ၍ အဘယ်အကျိုးရှိအံ့နည်း၊ ဇေတဝန်ကျောင်းတော်သို့ သွား၍ ဘုရားသခင်၏ အဆင်းတော်၏ တင့်တယ်ခြင်းကို ဖူးမြင်လျက် သာယာစွာသော တရားဒေသနာတော်ကို ကြားနာလျက် ကာလကို လွန်စေအံ့ဟု ကြံလျက် ထိုရဟန်းသည် ဝီရိယကို လျှော့၍ ထိုတောကျောင်းမှ ထွက်ခဲ့၍ အစဉ်သဖြင့် ဇေတဝန်ကျောင်းတော်သို့ သွား၍ ဆရာဥပဇ္ဈာယ်တို့သည် လည်းကောင်း၊ မြင်ဖူးသော အဆွေခင်ပွန်း အတူတကွ သုံးဆောင် စားသောက်ဖူးသော အဆွေခင်ပွန်းတို့သည်လည်းကောင်း လာကြောင်းကို မေးသည်ရှိသော် ထိုအကြောင်းကို ကြား၍ ထိုဥပဇ္ဈာယ် အဆွေခင်ပွန်းတို့သည် အဘယ့်ကြောင့် ဤသို့ပြုဘိသနည်းဟု ကဲ့ရဲ့၍ ဘုရားသခင်၏ အထံသို့ ဆောင်၍ ရဟန်းတို့ အဘယ့်ကြောင့် အလိုမရှိသော ရဟန်းကို ခေါ်ခဲ့ကုန်သနည်းဟု မိန့်တော်မူသည် ရှိသော် အရှင်ဘုရား ဤရဟန်းသည် ဝီရိယကိုလျှော့လာ၏ဟု ကြားလျှောက်သည် ရှိသော် ဘုရားသခင်သည် မှန်သလောဟု မေးတော်မူလျှင် အရှင်ဘုရား မှန်ပေ၏ဟု လျှောက်လတ်တော် ရဟန်း အဘယ့်ကြောင့် ဝီရိယကို လျှော့ဘိသနည်း၊ ဤသာသနာတော်၌ လုံ့လ မရှိ ပျင်းရိသော ပုဂ္ဂိုလ်အား အရဟတ္တဖိုလ် မည်သည် မရှိ၊ အားထုတ်သော လုံ့လရှိသော သူကိုသာလျှင် ဤငါဘုရား တရားတော် သည် နှစ်သက်စေကုန်၏၊ သင်သည် ရှေး၌လည်း လုံ့လရှိ၏၊ ဆုံးမခြင်းငှါ ခံ၏၊ ထို့ကြောင့်သာလျှင် ဗာရာဏသီမင်း၏ သားတစ်ရာတွင် အငယ်ဆုံး ဖြစ်၍လည်း ပညာရှိတို့၏ အဆုံးအမ၌ တည်၍ ထီးဖြူကို ဆောင်းရခြင်းသို့ ရောက်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် သံဝရမည်သော မင်းသားသည် သားတစ်ရာတို့၏ အငယ်ဆုံး

ဖြစ်၏၊ မင်းသည် တစ်ယောက် တစ်ယောက်သော သားကို အတတ် ပညာ သင်ကြကုန်ဟု ဆို၍ တစ်ယောက် တစ်ယောက်သော အမတ်အား ပေးအပ်၏၊ သံဝရ မင်းသား၏ ဆရာဖြစ်သော အမတ်သည် ဘုရားလောင်း ဖြစ်၏၊ ပညာ ရှိ၏၊ လိမ္မာ၏၊ အဘအရာ၌ တည်၏၊ အမတ်တို့သည် သင်ပြီး သင်ပြီးကုန်သော မင်းသားတို့ကို မင်းအားအတတ်ကို ပြစေကုန်၏၊ မင်းသည် ထိုသားတို့အား ဇနပုဒ် မြို့ရွာကို ပေး၍ လွှတ်လိုက်၏၊ သံဝရမင်းသားသည် အလုံးစုံသော အတတ် ၏ ပြီးခြင်းသို့ ရောက်၍ ဘုရားလောင်းကို မေး၏၊ ဆရာအမတ် အကယ်၍ အကျွန်ုပ် ခမည်းတော် မင်းကြီးသည် ဇနပုဒ် ပြည်ရွာကို ပေးလတ်အံ့၊ အသို့ ပြုရအံ့နည်းဟု မေး၏၊ မင်းသား သင်သည် ဇနပုဒ် မြို့ရွာကို ပေးသည်ရှိသော် ထိုဇနပုဒ်ကို မယူမူ၍ အရှင်မင်းကြီး အကျွန်ုပ်သည် အလုံးစုံသော သားတို့၏ အငယ်ဆုံးတည်း၊ အကျွန်ုပ်လည်း သွားသည်ရှိသော် ခမည်းတော် မင်းကြီး၏ ခြေရင်းသည် ဆိတ်ညံသည် ဖြစ်လတ္တံ့၊ အကျွန်ုပ်သည် ခမည်းတော်တို့၏ ခြေရင်း၌သာလျှင် နေပါအံ့၊ ဤသို့ တင်လျှောက်လောဟု ဆို၏။

ထိုအခါဝယ် တစ်နေ့သ၌ ရှိခိုး၍ တင့်အပ်သော အရပ်၌နေသော ထိုသံဝရ မင်းသားကို မင်းကြီးသည် မေး၏၊ ချစ်သား အသို့နည်း သင် ချစ်သားအား အတတ်သည် ပြီးပြီလောဟု မေး၏၊ ခမည်းတော် မင်းကြီး ပြီးပြီဟု လျှောက် လတ်သော် ချစ်သားအားလည်း ဇနပုဒ် မြို့ရွာကို ငါပေး၏ဟု ဆို၏၊ ရှင်မင်းကြီး ခမည်းတော်တို့၏ ခြေရင်းသည် ဆိတ်ညံလတ္တံ့၊ အကျွန်ုပ်သည် ခမည်းတော် တို့၏ ခြေရင်း၌သာလျှင် ဖြစ်ပါအံ့ဟု ဆို၏၊ မင်းသည် နှစ်သက်၍ ကောင်းပြီဟု ဝန်ခံ၏၊ ထိုသံဝရမင်းသားသည် ထိုအခါမှစ၍ မင်းကြီး၏ ခြေရင်း၌ သာလျှင် ဖြစ်၍ တစ်ဖန် ဘုရားလောင်းကို မေး၏၊ ဖခင် တစ်ပါးသော အမှုကို အသို့ပြုရ အံ့နည်းဟု မေး၏၊ ချစ်သား မင်းကြီး၌ တစ်ခုသော ဥယျာဉ်ဟောင်းကို တောင်းလော့ဟု ဆို၏၊ ထိုသံဝရမင်းသားသည် ကောင်းပြီဟု ဥယျာဉ်တော်ကို တောင်း၍ ထိုဥယျာဉ်၌ ဖြစ်ကုန်သော ပန်းသီးတို့ဖြင့် ပြည်၌ အစိုးရသောသူတို့ကို သင်္ဂြိုဟ် ထောက်ပံ့၏၊ တစ်ဖန် အသို့ပြုရအံ့နည်းဟု မေးပြန်၏၊ ချစ်သား မင်းကို ပန်ကြား၍ မြို့တွင်း၌ ထမင်းရိက္ခာကို သင်ချစ်သားသာလျှင် ပေးလော့ဟု ဆို၏။

ထိုသံဝရမင်းသားသည် ထိုဘုရားလောင်း ဆိုတိုင်းပြု၍ မြို့တွင်း၌ တစ်စုံ တစ်ယောက်သောသူအား တစ်စုံတစ်ခုကို မယုတ်စေမူ၍ ထမင်းရိက္ခာကို ပေး ပြီး၍ အဖန်တလဲလဲ ဘုရားလောင်းကို မေး၍ မင်းကြီးကို သင်စေ၍ နန်းတွင်း၌ ကျွန် အမှုလုပ်ဆောင်သူတို့အား လည်းကောင်း, ဆင်တို့အား လည်းကောင်း, မြင်းတို့အား လည်းကောင်း, ဗိုလ်ပါအပေါင်းတို့အား လည်းကောင်း, ဝတ်ကို မယုတ်စေမူ၍ ပေး၏၊ တိုင်းတစ်ပါးမှ လာကုန်သော တမန်စသည်တို့၏ နေရာ

စသည်တို့ကို လည်းကောင်း, ကုန်သည်တို့၏ ကင်းခွန်ကို လည်းကောင်း ဤသို့ အစရှိသော အလုံးစုံသော ပြုဖွယ်ကိစ္စတို့ကို မိမိသည်လျှင် ပြု၏၊ ဤသို့လျှင် ထိုသံဝရ မင်းသားသည် ဘုရားလောင်း၏ ဆုံးမခြင်း၌ တည်၍ အလုံးစုံသော အတွင်း၌နေသော သူကို လည်းကောင်း, အပ၌နေသော သူကို လည်းကောင်း, ပြည်သူတို့ကို လည်းကောင်း, တိုင်းနေသူတို့ကို လည်းကောင်း, ဧည့်သည်တို့ကို လည်းကောင်း,အမွန်အတုတ်တို့ကို လည်းကောင်း ထိုသို့ သဘောရှိသော သင်္ဂဟဝတ္ထုတို့ဖြင့် ဖွဲ့ယူ၍ အလုံးစုံသော သူတို့သည် ချစ်နှစ်လိုသည် ဖြစ်၏၊ နောက်အဖို့၌ သေရာ ညောင်စောင်းဝယ် လျောင်းသော မင်းကြီးကို အမတ်တို့သည် မေးလျှောက်ကုန်၏။

အရှင်မင်းကြီး အရှင်မင်းကြီးတို့၏ သေလွန်သဖြင့် ထီးဖြူကို အဘယ်သူအား ပေးရအံ့နည်းဟု မေးကုန်၏၊ အမတ်တို့ ငါ၏ အလုံးစုံသော သားတို့သည်လည်း ထီးဖြူအား ထိုက်လျောက်သည်သာတည်း၊ ထိုသို့ ထိုက်သော်လည်း အကြင်သူသည် အမတ်တို့၏ စိတ်နှလုံးကို နှစ်သက်စေ၏၊ ထိုသူအား ထီးဖြူကို ပေးကြကုန်ဟု မှာခဲ့၏၊ ထိုအမတ်တို့သည် ထိုမင်း သေလွန်သည် ရှိသော် ထိုမင်း၏ သင်္ဂြိုဟ်ခြင်း ကိစ္စကို ပြု၍ ခုနစ်ရက်မြောက်သောနေ့၌ စုဝေးကုန်၍ ငါတို့သခင် မင်းကြီးသည် အမတ်တို့၏စိတ်နှလုံးနှစ်သက်ရာကိုထီးဖြူကို ပေးကြကုန်လောဟု မှာတော်မူခဲ့၏၊ ဤသံဝရ မင်းသားသည် ငါတို့၏ စိတ်နှလုံးကို နှစ်သက်စေ၏ဟု ထိုသံဝရ မင်းသားအား ရွှေနန်းကို လည်းကောင်း, ထီးဖြူကိုလည်းကောင်း ဆောင်းကုန်၏။

သံဝရမင်းသားသည် ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ တရားနှင့် အညီ မင်းပြု၏၊ သံဝရမင်းသားမှ တစ်ပါးကုန်သော ထိုကိုးကျိပ် ကိုးယောက်သော မင်းသားတို့သည် ငါတို့၏ ခမည်းတော် နတ်ရွာလားလျှင် သံဝရမင်းသားအား ထီးဖြူကို ဆောင်းကုန်၏၊ ထိုသံဝရမင်းသားသည် အလုံးစုံတို့အောက် ငယ်လျက် ထီးဖြူသည်ရောက်၏၊ အကြီးဆုံးဖြစ်သော ဥပေါသထမင်းအား ပေးကုန်အံ့ဟု တိုင်ပင်၍ အလုံးစုံသော မင်းသားတို့သည် တက္ကလာကုန်၍ ငါတို့အား ထီးနန်းကိုသော်လည်း ပေးအံ့သော, စင်ကိုတည်း ထိုးအံ့လောဟု သံဝရမင်းကြီးအား သဝဏ်စာကို ဆက်စေ၍ မြို့ကိုဝန်းရံကုန်၏၊ မင်းကြီးသည် ဘုရားလောင်းအား ထိုအကြောင်းကိုကြား၍ ယခုအခါ၌ အဘယ်သို့ ပြုအံ့နည်းဟု မေး၏၊ မင်းကြီး ရှင်မင်းကြီးအား နောင်တော်တို့နှင့် စစ်ထိုးအံ့သောကိစ္စသည် မရှိ။ မင်းကြီးသည် အဘအမွေဖြစ်သော ဥစ္စာကို အစုတစ်ရာစု၍ ကိုးကျိပ် ကိုးယောက်သော နောင်တော်တို့အား ပို့စေ၍ နောင်တော်တို့၏ အဘအမွေ

ဖြစ်သော ဤအစုကို ယူကြပါကုန်။ အကျွန်ုပ်သည် နောင်တော်တို့နှင့် စစ်မထိုးလိုပါဟု သတင်းစကားကို စေတော်မူလော့ဟု ဆို၏၊ သံဝရမင်းကြီးသည် ဘုရားလောင်းဆိုတိုင်း ပြု၏။

ထိုအခါ သံဝရမင်းကြီးအား အလုံးစုံသော မင်းသားတို့၏ အစ်ကိုအကြီးဖြစ်သော ဥပေါသထမင်းသားသည် ကြွင်းသော ညီတော်တို့ကို ခေါ်၍ ငါ့ညီတို့ မင်းမည်သည်ကို နှိပ်စက်ခြင်းငှာ စွမ်းနိုင်သောသူ မည်သည် မရှိကုန်၊ ငါတို့၏ ညီထွေး သံဝရမင်းသားသည်လည်း ရန်သူအဖြစ်ဖြင့် မခုခံပေ၊ ငါတို့အားလည်း အဘအမွေဖြစ်သော ဥစ္စာကို ပို့လာ၍ အကျွန်ုပ်သည် နောင်တော်တို့နှင့် စစ်မထိုးလိုပါဟု စေလာပေ၏၊ အလုံးစုံသော ငါတို့သည်လည်း တစ်ပြိုင်နက် ထီးဖြူမဆောင်းနိုင်ကုန်၊ ငါတို့ညီထွေး သံဝရအားသာလျှင် ဆောင်းစေကုန်အံ့ ငါ့ညီထွေး သံဝရသည်သာလျှင် မင်းဖြစ်ပါစေဆို၍ လာကြကုန်၏၊ ညီထွေး သံဝရကို ဖူးမြင်၍ မင်းဆွေမင်းမျိုးကို အပ်နှင်း၍ ငါတို့၏ နေပုဒ်သို့သာ သွားကြကုန်အံ့ဟု ဆို၏။

ထိုအခါ အလုံးစုံသော မင်းသားတို့သည် မြို့တံခါးကိုဖွင့်စေ၍ ရန်သူတို့သည် မဖြစ်ကုန်မူ၍ မြို့တွင်းသို့ ဝင်လေကုန်၏၊ မင်းသည်လည်း အမတ်တို့ကို ထိုနောင်တော်တို့အား ပဏ္ဏာလက်ဆောင်ကိုယူစေ၍ ခရီးဦးကြို ဆိုစိမ့်သောငှာ စေ၏၊ မင်းသားတို့သည် အလွန်မများလွန်းသော အခြံအရံဖြင့် ခြေလျင်လာ ကြကုန်၍ မင်းအိမ် နန်းတော်သို့ တက်ကုန်၍ သံဝရမင်းကြီးအား ရိုသေနှိမ့်ချ ခြင်းကို ပြုကုန်၍ နိမ့်သောနေရာ၌ နေကုန်၏၊ သံဝရမင်းကြီးသည် ထီးဖြူအောက် ၌ မြတ်သောနေရာဝယ် များစွာသော စည်းစိမ် အခြံအရံ ကြီးစွာသော ကျက်သရေ၏ တင့်တယ်ခြင်းသည် ဖြစ်၏၊ ကြည့်လေရာရာသောအရပ်၌ တုန်လှုပ် ၏၊ ဥပေါသထမင်းသားသည် သံဝရမင်းကြီး၏ ကြက်သရေ၏ တင့်တယ်ခြင်းကို ကြည့်၍ ငါတို့၏ ခမည်းတော်သည် ကိုယ်တော်၏ လွန်သဖြင့် သံဝရမင်းသား၏ မင်းအဖြစ်ကိုသိ၍ ငါတို့အား ဇနပုဒ်မြို့ရွာတို့ကို ပေး၍ ဤသံဝရမင်းသားအား ဇနပုဒ်မြို့ရွာ မပေးလေသည် ထင်၏ဟု ကြံ၍ ထိုနောင်တော်တို့နှင့်တကွ စကား ပြော ဟောလိုရကား ဤဂါထာတို့ကို ဆို၏-

၉၇။ ဇာနန္တော နော မဟာရာဇ၊ တဝ သီလံ ဇနာဓိပေါ။
ဣမေ ကုမာရေ ပူဇေန္တော၊ န တံ ကေနစိ မညထ။

၉၈။ တိဋ္ဌန္တေ နော မဟာရာဇေ၊ အဒု ဒေဝေ ဒိဝင်္ဂတေ။
ဉာတီ တံ သမနုညိံသု၊ သမ္ပဿံ အတ္ထမတ္တနော။

၉၉။ ကေန သံဝရ ဝတ္တေန၊ သဥ္စာတေ အဘိတိဋ္ဌသိ။
ကေန တံ နာတိဝတ္တန္တိ၊ ဉာတိသံဃာ သမာဂတာ။

မြတ်သော မင်းကြီး ရှင်မင်းကြီး၏ သီလကို ငါတို့၏ လူတို့ကိုအစိုးရသော ခမည်းတော် မင်းကြီးသည် သိသည်ဖြစ်၍ ကိုးကျိပ်ကိုးယောက်သော ဤမင်းသားတို့ကို ဇနပုဒ် မြို့ရွာ ပေးသည်ရှိသော် ရှင်မင်းကြီးကို တစ်စုံတစ်ခုသော မြို့ရွာဖြင့် မအောက်မေ့လေသလော။

အကျွန်ုပ်တို့၏ မြတ်သော ဖခင်မင်းကြီးသည် ထင်ရှား ရှိတော်မူစဉ်လည်းကောင်း ထိုသို့မဟုတ် ငါတို့ဖခင် ပြည့်ရှင်မင်းကြီးသည် နတ်ရွာလားခဲ့သော်လည်းကောင်း ကိုယ်တော်၏ အကျိုးစီးပွားကို ကောင်းစွာမြင်တော်မူသည်ဖြစ်၍ အဆွေအမျိုးတို့သည် သင်သံဝရမင်းကြီးကို နှစ်သက်လေကုန်သလော။

ညီထွေးသံဝရ အဘယ်အကျင့်ဖြင့် ဇာတ်တူ ဖြစ်ကုန်သော ကိုးကျိပ်ကိုးယောက်သော နောင်တော်တို့ကို ငါ့ညီလွှမ်းမိုး၍ တည်လေသနည်း။ အဘယ်အကြောင်းကြောင့် အညီအညွတ် လာကုန်သော အဆွေအမျိုးအပေါင်းဖြစ်သော ကိုးကျိပ်ကိုးယောက်ကုန်သော နောင်တော်တို့သည် သင်ညီထွေးသံဝရကို မလွန်နိုင်ကုန်သနည်း။

ထိုစကားကိုကြား၍ သံဝရမင်းကြီးသည် မိမိ၏ ဂုဏ်ကျေးဇူးကို ပြောကြားလိုရကား ဤဂါထာတို့ကို ဆို၏—

၁၀၀။ န ရာဇပုတ္တ ဥသူယာမိ၊ သမဏာနံ မဟေသိနံ။
သက္ကစ္စံ တေ နမဿာမိ၊ ပါဒေ ဝန္ဒာမိ တာဒိနံ။

၁၀၁။ တေ မံ ဓမ္မဂုဏေ ယုတ္တံ၊ သုဿူသ မနုသူယကံ။
သမဏာ မနုသာသန္တိ၊ ဣသီ ဓမ္မဂုဏေ ရတာ။

၁၀၂။ တေသာဟံ ဝစနံ သုတွာ၊ သမဏာနံ မဟေသိနံ။
န ကိဉ္စိ အတိမညာမိ၊ ဓမ္မေ မေ နိရတော မနော။

၁၀၃။ ဟတ္ထာရောဟာ အနီကဋ္ဌာ၊ ရထိကာ ပတ္တိကာရကာ။
တေသံ နပ္ပဋိဗန္ဓာမိ၊ နိဝိဋ္ဌံ ဘတ္တဝေတနံ။

၁၀၄။ မဟာမတ္တာ စ မေ အတ္ထိ၊ မန္တိနော ပရိစာရကာ။
ဗာရာဏသိံ ဝေါဟရန္တိ၊ ဗဟုမံသသုရောဒကံ။

၁၀၅။ အထောပိ ဝါဏိဇာ ဖီတာ၊ နာနာရဋ္ဌေဟိ အာဂတာ။
တေသု မေ ဝိဟိတာ ရက္ခာ၊ ဧဝံ ဇာနာဟိ ပေါသထ။

နောင်တော်ဥပေါသထမင်းသား ကျွန်ုပ်သည် မငြိုငြင်ဘဲ မြတ်သောကျေးဇူး အပေါင်းကို ရှာလေ့ရှိကုန်သော သည်းခံခြင်းနှင့် ပြည့်စုံကုန်သော ရဟန်းပုဏ္ဏား တို့၏ ခြေတော်တို့ကို အကျွန်ုပ်သည် ရှိခိုးပါ၏။ ထိုရဟန်း ပုဏ္ဏားတို့ကို ရိုသေစွာ ရှိခိုးပါ၏။

ရဟန်း ပုဏ္ဏားတို့၏ အကျင့်ကျေးဇူးအစု၌ မွေ့လျော်ကုန်သော ထိုရဟန်း ပုဏ္ဏားတို့သည် အကျင့်ကျေးဇူးအစု၌ ယှဉ်သော စကားကို နားထောင်သော သူတစ်ပါးကို မငြိုငြင်သော အကျွန်ုပ်ကို ဆုံးမကုန်၏။

အကျွန်ုပ်သည် မြတ်သော သီလက္ခန္ဓ အစရှိသော ကျေးဇူးကို ရှာလေ့ ရှိကုန်သော ထိုရဟန်း ပုဏ္ဏားတို့၏ စကားကို နာယူ၍ တစ်စုံတစ်ယောက်ကိုမျှ မထိမဲ့မြင် မပြု၊ အကျွန်ုပ်၏ စိတ်နှလုံးသည် ကုသိုလ်တရား၌ အမြဲမွေ့လျော်၏။

ဆင်စီးသူရဲ ဆင်၏အနီး စသည်တို့၌တည်သော မြင်းစီးသူရဲ ရထားစီးသူရဲ ခြေသည်သူရဲတို့အား ပေးသွင်းအပ်သော ထမင်းရိက္ခာကို မပိတ်ပင်။

နောင်တော် အကျွန်ုပ်အား အတိုင်အပင်ပညာနှင့် ပြည့်စုံကုန်သော အမတ်ကြီးတို့သည် လည်းကောင်း အတိုင်အပင်ပညာနှင့် ပြည့်စုံကုန်သော အမတ်ငယ်တို့သည် လည်းကောင် ရှိကုန်၏။ ထိုမှတစ်ပါးလည်း ကြွယ်ဝကုန်သော ကုန်သည်တို့သည် တိုင်းတစ်ပါးမှ လာကုန်၍ ဗာရာဏသီပြည်၌ များစွာသော ငါး အမဲ သေရည်အရက်ကို ရောင်းဝယ်ကုန်၏။

အကျွန်ုပ်သည် ထိုကုန်သည်တို့၌ အစောင့်အရှောက်ဘို့ကို စီရင်အပ်ကုန်၏။ နောင်တော် ဥပေါသထ ဤသို့ သင်သည် သိတော်မူလော။

ထိုအခါဝယ် သံဝရမင်းကြီး၏ ဂုဏ်ကျေးဇူးကို ကြား၍ ဥပေါသထမင်း သားသည် ထိုညီတော် သံဝရမင်းသားအား ချီးမွမ်းလိုရကား ဤဂါထာတို့ကို ဆို၏—

၁၀၆။ ဓမ္မေန ကိရ ဉာတီနံ၊ ရဇ္ဇံ ကာရေဟိ သံဝရ။
မေဓာဝီ ပဏ္ဍိတော စာသိ၊ အထောပိ ဉာတိနံ ဟိတော။

၁၀၇။ တံ တံ ဉာတိပရိဗျူဠှံ၊ နာနာရတနမောစိတံ။
အမိတ္တာ နပ္ပသဟန္တိ၊ ဣန္ဒံဝ အသုရာဓိပေါ။

ညီတော်သံဝရ သင်သည် တရားနှင့်အညီ အဆွေအမျိုးဖြစ်သော ကိုးကျိပ် ကိုးယောက်သောနောင်တော်တို့ကို လွှမ်းမိုးသတတ်။ သင်သည် မင်းအဖြစ်ကို

ပြုလေ၊ သင်သည် ထိုးသွင်းသော ပညာနှင့်ပြည့်စုံ၏၊ အကျိုးအကြောင်းကို သိသော ပညာရှိ၏၊ ထိုမှတစ်ပါးလည်း အဆွေအမျိုးတို့၏ အစီးအပွားကိုလည်း ဆောင်၏။

အဆွေအမျိုးဟု ဆိုအပ်သော ကိုးကျိပ်ကိုးယောက်သော နောင်တော်တို့သည် ခြံရံအပ်သော အထူးထူးသော ရတနာတို့ဖြင့် သွန်းအပ်စီရင်အပ်သော ထိုထိုဂုဏ်အပေါင်းနှင့်ပြည့်စုံသော သင်ညီထွေးကို ရန်သူတို့သည် မနှိပ်စက်နိုင်ကုန်။ အဘယ်ကဲ့သို့နည်းဟူမူကား အသူရာမင်းသည် သိကြားမင်းကို မနှိပ်စက်နိုင်သကဲ့သို့တည်း။

သံဝရမင်းကြီးသည် အလုံးစုံသော ကိုးကျိပ်ကိုးယောက်သော နောင်တော်တို့အား များစွာသော စည်းစိမ်အခြံအရံကို ပေး၍ ထိုနောင်တော်တို့သည် ထိုသံဝရမင်းကြီး၏အထံ၌ တစ်သခွဲခန့်၍ သံဝရမင်းကြီး၏ ဇနပုဒ်ဘို၌ ခိုးသူတို့သည် ထကုန်သည်ရှိသော် အကျွန်ုပ်တို့သည် အဘယ်သို့ သိနိုင်ကုန်အံ့နည်း ရှင်မင်းကြီးသည် မင်းစည်းစိမ်ကို ခံစားတော်မူပါလေဟု မှာထား၍ မိမိတို့၏ ဇနပုဒ်သို့ သွားကြလေကုန်၏၊ သံဝရမင်းသည်လည်း ဘုရားလောင်း အဆုံးအမ၌ တည်၍ အသက်အဆုံး၌ နတ်ပြည်ကို ပြည့်စေလျက် သွား၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူပြီး၍ ရဟန်း သင်သည် ဤသို့ ရှေး၌အဆုံးအမကို နားထောင်၏၊ ယခုအခါ၌ အဘယ့်ကြောင့်သို့ လကိုလျော့သနည်းဟု မိန့်တော်မူ၍ သစ္စာဘို့ကိုပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာဘို့ကို ပြတော်မူသောအဆုံး၌ ထိုသို့ လကို လျော့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ထိုအခါ၌ သံဝရ မင်းကြီးသည် ဝီရိယကို လျော့သော ရဟန်း ဖြစ်လာ၏၊ ဥပေါသထမင်းကြီးသည် သာရိပုတ္တရာဖြစ်လာ၏၊ ဥပေါသထမင်း သံဝရမင်းမှ ကြွင်းသော ညီတော် နောင်တော်တို့သည် ရှစ်ကျိပ်သော မဟာသာဝကထေရ်ကြီး ပကတိ သာဝကထေရ်ငယ်တို့သည် ဖြစ်လာကုန်၏၊ သံဝရမင်းကြီး၏ ပရိသတ်ဘို့သည် ဘုရားသခင်၏ ပရိသတ် ဖြစ်လာကုန်၏၊ အဆုံးအမကို ပေးတတ်သော အမတ်သည်ကား ငါဘုရား ဖြစ်လာ၏၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဆရာစကား၊ နားထောင်ကြ၊ ထွတ်ဖျားမင်းဖြစ်လာ။)

လေးရာခြောက်ဆယ့်နှစ်ခုမြောက်သော သံဝရဇာတ်သည် ပြီး၏။

## ၄၆၃-သုပ္ပါရကဇာတ်

## မျက်မမြင် မာလိန်မှူး၏ သီလစွမ်းအင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သောသဗ္ဗညု မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည် ရှိသော် ပညာပါရမီကို အကြောင်းပြု၍ ဥမ္မုဇ္ဇန္တိ-အစရှိသော ဂါထာပုဒ်ဖြင့် ဝန်ဆာဆင်အပ်သော ဤသုပ္ပါရကဇာတ်ကို ဟောတော်မူ၏။

ထိုစကားကို ချဲ့ဦးအံ့၊ တစ်နေ့သ၌ ညချမ်းသောအခါဝယ် မြတ်စွာဘုရား၏ တရားဟောတော်မူခြင်းငှါ ထွက်ခြင်းကိုငံ့လင့်ကုန်သော ရဟန်းတို့သည် တရားသဘင်၌ နေ၍ ငါ့ရှင်တို့ အံ့ဖွယ်ရှိပေစွ၊ သဗ္ဗညု မြတ်စွာဘုရားသည် ကြီးသော ပညာရှိ၏၊ မြေကြီးအတုနှင့် တူသော ပညာရှိ၏၊ ရွှင်သော ပညာရှိတော်မူ၏၊ လျင်သောပညာ ရှိတော်မူ၏၊ ထက်သောပညာ ရှိတော်မူ၏၊ အလုံးစုံသော တရားကို ထိုးထွင်း၍သိသော ပညာရှိတော်မူ၏၊ ထိုသို့အရာ၌ ဥပါယ်တံမျဉ် ပညာနှင့် ပြည့်စုံတော်မူ၏၊ ကြီးကျယ်ပြန့်ပြောသော မြေကြီးအထုနှင့်တူသော ပညာနှင့် ပြည့်စုံတော်မူ၏၊ မဟာသမုဒ္ဒရာကဲ့သို့ နက်နဲသော ပညာနှင့် ပြည့်စုံတော်မူ၏၊ ကောင်းကင်ကဲ့သို့ ပြန့်ပြောသော ပညာနှင့် ပြည့်စုံတော်မူ၏၊ ထိုစကားသည် မှန်၏။ ဇမ္ဗူဒိပ်ကျွန်း အလုံး၌ ဖြစ်သော ပညာရှိသည် ဘုရားသခင်ကို လွန်၍သိခြင်းငှါ စွမ်းနိုင်သောသူ မည်သည်မရှိ၊ မဟာသမုဒ္ဒရာ၌ ထကုန်သော လှိုင်းတံပိုးတို့သည် ကမ်းကို မလွန်နိုင်ကုန်၊ ကမ်းသို့ ရောက်၍သာလျှင် ပျောက်ကုန်ဘိသကဲ့သို့ တစ်စုံ တစ်ယောက်သော ပညာရှိသည် မြတ်စွာဘုရားကို မလွန်ဆန်နိုင်၊ မြတ်စွာဘုရား၏ ခြေတော်ရင်းသို့ ရောက်ကုန်သော် ပျောက်ပျက်ကုန်သည်သာတည်းဟု မြတ်စွာဘုရား၏ များမြတ်သော ပညာပါရမီတော်ကို ချီးမွမ်းကုန်လျက် နေကုန်၏။

သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူ၍ ရဟန်းတို့ ယခု ငါလာတော်မူသော အခါ၌ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်သည်ဟု ရှေနားတော် လျှောက်ကုန်သော် ရဟန်းတို့ သင်တို့ဆရာ ငါဘုရားသည် ယခုမှသာလျှင် ပညာရှိသည်မဟုတ် ရှေးဖြစ်သော ပညာမရင့်သေးသော အခါ၌လည်း ပညာရှိတော်မူ၏၊ မျက်မမြင် ဖြစ်လျက်ဃည်း သမုဒ္ဒရာရေအမှတ်ဖြင့် ဤသမုဒ္ဒရာဝယ် ဤမည်သော ရတနာ ရှိသည်၏ အဖြစ်ကို ငါသိ၏ဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

## အတီတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ၌ ကုရုတိုင်း၌ ကုရုမည်သော မင်းသည် မင်းပြု၏၊ ကုရုကစ္ဆ မည်သော သင်္ဘောဆိပ် ရွာသည်ရှိ၏၊ ထိုအခါဝယ် ဘုရားလောင်းသည် ကုရုကစ္ဆ သင်္ဘောဆိပ်၌ သင်္ဘောသူကြီးသားဖြစ်၏၊ကြည်ညိုဖွယ်ရှိ၏၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏၊ ဘုရားလောင်းအား သုပ္ပါရက ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုသတို့သားသည် များစွာသော အခြံအရံဖြင့် ကြီးသည်ဖြစ်၍ တစ်ဆယ့်ခြောက်နှစ် ရှိသောအခါ၌လျှင် သင်္ဘောသူကြီး အတတ်၌ ပြီးခြင်းသို့ရောက်၍ အခါတပါး၌ အဘလွန်သဖြင့် သင်္ဘောသူကြီး ဖြစ်၍ သင်္ဘောသွားသော အမှုကိုပြု၏၊ပညာနှင့်ပြည့်စုံ၏၊ထိုဘုရားလောင်းသည် စီးအပ်သော သင်္ဘောသည် ပျက်စီးခြင်းမည်သည် မရှိ၊ ထိုဘုရားလောင်းအား အခါတစ်ပါး၌ ဆားငန်ရေဖြင့် ခတ်မိသည်ဖြစ်၍ မျက်စိ နှစ်ဖက်တို့သည် ပျက်ကုန်၏၊ ဘုရားလောင်းသည် ထိုအခါမှစ၍ သင်္ဘောသူကြီးဖြစ်သော်လည်း သင်္ဘောသွားသော အမှုကို မပြုမူ၍ မင်းကို မှီ၍ အသက်မွေးအံ့ဟု ကြံ၍ မင်းသို့ကပ်၏။

ထိုအခါ မင်းသည် ထိုဘုရားလောင်းကို ရာပြတ်အရာ၌ ထား၏၊ ထိုဘုရားလောင်းသည် ထိုအခါမှစ၍ မင်း၏ ဆင်ရတနာ မြင်းရတနာ ပုလဲဥစ္စာနှစ် ပတ္တမြား အစရှိသည်တို့ကို အဖိုးဖြတ်၏၊ ထိုအခါဝယ် တစ်နေ့သ၌ မင်း၏ မင်္ဂလာဆင်တော်သည် ဖြစ်လတ္တံ့ဟု မျက်စဉ်းတောင်ထွတ်နှင့် တူသော ဆင်တစ်စီးကို ဆောင်ခဲ့ကုန်၏၊ ထိုဆင်ကိုမြင်၍ မင်းသည် သုခမိန်ပညာရှိအား ပြလေကုန်ဟု ဆို၏၊ ထိုအခါ ထိုဆင်ကို သုပ္ပါရကသုခမိန် အထံသို့ ဆောင်ယူကုန်၏၊ ထိုသုခမိန်သည် လက်ဖြင့် ဆင်၏ကိုယ်ကိုသုံးသပ်၍ ဤဆင်သည် မင်္ဂလာဆင်ဖြစ်ခြင်းငှါ မလျော်ကပတ်၊ဤဆင်သည် နောက်ခြေနိမ့်၏၊ဤဆင်ကို အမိသည် ဖွားသောအခါ နောက်ခြေဖြင့် ခံခြင်းငှါ မတတ်နိုင်၊ ထိုကြောင့် မြေ၌ ကျ၍ နောက်ခြေနိမ့်၏ဟု ဆို၏၊ ဆင်ကိုယူ၍လာသော သူတို့ကိုမေးလျှင် ထိုသူတို့သည် သုခမိန်ဆိုသည့်အတိုင်း မှန်ပေ၏ဟု ဆို၏၊ ထိုအကြောင်းကို မင်းသည် ကြား၍ နှစ်သက်သည်ဖြစ်၍ ထိုသုခမိန်အား ရှစ်သပြာတို့ကို ပေးစေ၏။

တစ်ဖန် တစ်နေ့သ၌ မင်း၏မင်္ဂလာမြင်းတော်သည် ဖြစ်လတ္တံ့ဟု မြင်းတစ်စီးကို ဆောင်ယူခဲ့ကုန်၏၊ ထိုမြင်းကိုလည်း ပညာရှိအထံသို့ပို့စေ၏၊ ထိုသုခမိန်လည်း မြင်းကို လက်ဖြင့် သုံးသပ်၍ ဤမြင်းသည် မင်္ဂလာမြင်း ဖြစ်ခြင်းငှါ မထိုက်၊ ဤမြင်း၏ အမိသည် ဖွားသောနေ့၌ သေသောကြောင့် အမိနို့ရည်ကို မရ၍ ကောင်းစွာ မကြီးရ နို့မျက်၏ ဟု ဆို၏၊ ထိုသုခမိန်စကားသည် မှန်သည်သာတည်း၊ ထိုအကြောင်းကို ကြား၍ မင်းသည် အလွန်နှစ်သက်၍ ရှစ်သပြာတို့ကို ပေးစေ၏။

ထိုအခါဝယ် တစ်နေ့သ၌ မင်း၏ မင်္ဂလာရထားသည် ဖြစ်လတ္တံ့ဟု ရထားကို ဆောင်ခဲ့ကုန်၏၊ ထိုရထားကိုလည်း မင်းသည် သုခမိန်၏အထံသို့ ပို့စေ၏၊ ထိုသုခမိန်သည် ရထားကို လက်ဖြင့်သုံးသပ်၍ ဤရထားသည် အခေါင်းရှိသော သစ်ဖြင့် ပြုလုပ်သောကြောင့် မင်းအား မလျောက်ပတ်ဟု ဆို၏၊ ထိုသုခမိန်၏ စကားသည်မှန်၏၊ မင်းသည် ထိုစကားကိုကြား၍ ရှစ်သပြာတို့ကိုသာ ပေးစေ၏၊ထိုအခါ၌မင်းအား များသော အဖိုးထိုက်သော ကမ္ဗလာရတနာကို ဆောင်ခဲ့ကုန်၏၊ ဤကမ္ဗလာကိုလည်း သုခမိန်အားသာလျှင် ပို့စေကုန်၏၊ ထိုသုခမိန်သည် ကမ္ဗလာတို့ကိုလည်း လက်ဖြင့်သုံးသပ်၍ ဤကမ္ဗလာဝယ် တစ်ခုသောအရပ်၌ ကြွက်ခဲရာသည် ရှိ၏ဟုဆို၏၊ သုတ်သင်သည်ရှိသော် ထိုကြွက်ခဲရာကို မြင်၍ မင်းအားလျောက်ကုန်၏၊ မင်းသည်ကြား၍ အလွန်နှစ်သက်၍ ရှစ်သပြာတို့ကိုသာ ပေးစေ၏၊ (ဤအရာဝယ် ငါးရာငါးဆယ်ဇာတ် အကျဉ်းစကားပြေကို စီရင်သော ဆရာမူကား အသပြာဝက် ပေးသည်၊ မင်းကိုလည်း ဒွန်းစဏ္ဍားမျိုးဖြစ်သည်ဟု ဆို၏၊ မဏိကုဏ္ဍလ ဆရာဆိုသည်ကား နှစ်သပြာပေးသည်၊ မင်းကိုလည်း ဆတ္တာသည်အမျိုးဟု ဆို၏၊ စကားပြေဆရာ၏ စကားကို ဆင်ခြင်အပ်၏။)

ထိုသုခမိန်သည် ကြံ၏၊ ဤမင်းသည် ဤသဘောရှိကုန်သော အံ့ဖွယ်တို့ကို မြင်လျက် ရှစ်သပြာတို့ကိုသာ ပေးစေ၏၊ ဤမင်းသည် ဆတ္တာသည်တို့၏ ပေးခြင်းတည်း၊ ဆတ္တာသည်မျိုးဖြစ်လတ္တံ့၊ ထိုကြောင့် ငါ့အား ဤသို့သော မင်းအား ခစားသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ မိမိနေရာသို့သာလျှင် သွားအံ့ဟုကြံ၍ ထိုသုခမိန်သည် ကုရုက္ခေတ္တသတော်ဆိပ်သို့သာလျှင် ပြန်ခဲ့၏၊ သုခမိန်သည် ထိုသတော်ဆိပ်၌ နေလတ်သော် ကုန်သည်တို့သည် သင်္ဘောကိုစီရင်၍ ထိုသုပ္ပါရကသုခမိန်ကို သတော်သူကြီးပြုကုန်အံ့ဟု တိုင်ပင်ကြကုန်၏၊ သုပ္ပါရက သုခမိန်သည် စီးသောသတော်သည် မပျက်နိုင်၊ ထိုသုခမိန်သည် ပညာရှိ၏၊ ဥပါယ်တံမျဉ်၌ လိမ္မာ၏၊ မျက်စိမမြင်သော်လည်း ထိုသုခမိန်သည် ငါတို့ထက် မြတ်၏ဟု ထိုသုခမိန်သို့ ချဉ်းကပ်၍ အကျွန်ုပ်တို့၏သတော်သူကြီး ဖြစ်တော်မူပါဟု ဆို၏။

ငါသည် မျက်စိမမြင်၊ အဘယ်သို့လျှင် သတော်သူကြီးအမှုကို ပြုရအံ့နည်းဟု ဆိုလတ်ရှိသော် သခင် မျက်စိပင်မမြင်သော်လည်း သခင်သည်သာလျှင် အကျွန်ုပ်တို့ထက် မြတ်၏ဟု အဖန်တလဲလဲ တောင်းပန်သည်ရှိသော် အမောင်တို့ ကောင်းပြီ၊ အမောင်တို့သည် ကြားသောအမှတ်ဖြင့် သတော်သူကြီး ဖြစ်အံ့ဟု ဆို၍ ထိုသူတို့၏သတော်သို့ တက်စီး၏၊ သတော်သည် မဟာသမုဒ္ဒရာသို့ ပြေးလေ၏၊ သတော်သည် ခုနစ်ရက်တို့ပတ်လုံး ဘေးမရှိသည်ဖြစ်၍ သွားလေ၏၊

ထိုနောက် နှောင့်ယှက်သော လေဖြစ်လတ်သည်ရှိသော် ခရီးလွဲ၍ သင်္ဘောသည် လေးလဘို့ပတ်လုံး ပကတိမဟာသမုဒ္ဒရာအပြင်၌ သွား၍ ခုရမာလိမည်သော သမုဒ္ဒရာတို့ ရောက်လေ၏၊ ထိုခုရမာလိသမုဒ္ဒရာ၌ ငါးတို့သည် လူနှင့်တူသော ကိုယ်ရှိသည်ဖြစ်၍လျှင် သင်တုန်းသွားနှင့်တူသော နှာခေါင်းရှိသည် ဖြစ်၍ ပေါ်ခြင်း ငုပ်ခြင်းကို ပြုကုန်၏၊ ကုန်သည်တို့သည် ထိုငါးတို့ကိုမြင်၍ ဘုရားလောင်းအား ထိုသမုဒ္ဒရာ၏အမည်ကို မေးလိုရကား ဤဂါထာကိုဆို၏-

၁၀၇။ ဥမ္မုဇ္ဇန္တိ နိမုဇ္ဇန္တိ၊ မနုဿာ ခုရနာသိကာ။
သုပ္ပါရကံ တံ ပုစ္ဆာမ၊ သမုဒ္ဒေါ ကတမော အယံ။

ပညာရှိသုပ္ပါရကအမည်ရှိသော သင်ပညာရှိကို ငါတို့မေးပါကုန်အံ့။ သင်တုန်းသွားနှင့်တူသော နှာခေါင်းရှိကုန်သော လူတို့သည် ပေါ်လည်း ပေါ်ကုန်၏၊ ငုပ်လည်း ငုပ်ကုန်၏၊ ဤသမုဒ္ဒရာကား အဘယ်မည်သောသမုဒ္ဒရာနည်း။

ဤသို့ သင်္ဘောသားတို့သည် မေးအပ်သော ဘုရားလောင်းအား မိမိ၏ သင်္ဘောကျမ်းနှင့်ညီညွတ်၍ ဤဂါထာကိုဆို၏-

၁၀၈။ ကုရုကစ္ဆာ ပယာတာနံ၊ ဝါဏိဇာနံ ဓနေသိနံ။
နာဝါယ ဝိပ္ပနဋ္ဌာယ၊ ခုရမာလီတိ ဝုစ္စတိ။

အမောင်တို့၊ ကုရုကစ္ဆသင်္ဘောဆိပ်မှ သွားကုန်သော၊ ဥစ္စာကိုရှာလေ့ရှိကုန်သော ကုန်သည်တို့၏ သင်္ဘောသည် အရပ်တစ်ပါးသို့ သွားသည်ရှိသော် ဤသမုဒ္ဒရာကို ခုရမာလိ သမုဒ္ဒရာဟူ၍ ဆိုအပ်၏။

ထိုသမုဒ္ဒရာ၌ ဝဇိရစိန်ကျောက်မျိုးသည် များ၏၊ ဘုရားလောင်းသည်အကယ်၍ ငါကား ဤသမုဒ္ဒရာသည် ဝဇိရသမုဒ္ဒရာတည်းဟု ထိုသူတို့အားကြားအံ့၊ လောဘကြီးသဖြင့် များစွာသောဝဇိရစိန် ကျောက်တို့ကိုယူ၍ သင်္ဘောကို နှစ်စေကုန်လတ္တံ့၊ ထိုသင်္ဘောသားတို့အား မကြားမူ၍ သင်္ဘောကို ရပ်စေ၍ ဥပါယ်တံမျဉ်ဖြင့် ကြိုးလွန်တို့ကို ကိုင်၍ ငါးဖမ်းသောအဟန်ဖြင့် ကွန်ပိုက်ကို ချစေ၍ ဝဇိရစိန်ကျောက် ဥစ္စာနှစ်ကိုဆယ်ယူ၍သင်္ဘော၌ထည့်၍ တစ်ပါးသော အဖိုးနည်းထိုက်သော ဥစ္စာကိုစွန့်စေ၏၊ ထိုသင်္ဘောသည် ဝဇိရသမုဒ္ဒရာကိုလွန်၍ ရှေ့မှ အဂ္ဂိမာလိ အမည်ရှိသော သမုဒ္ဒရာသို့ရောက်လေ၏၊ ထိုအဂ္ဂိမာလိသမုဒ္ဒရာသည် တောက်ပသော မီးပုံကြီးနှင့်တူ၏ မွန်းတည့်နေနှင့် တူ၏ အရောင်ကို လွှတ်လျက်တည်၏ ဤသို့သဘောရှိသော သမုဒ္ဒရာသည် အဘယ်သမုဒ္ဒရာနည်းဟု ကုန်သည် သင်္ဘောသားတို့သည် ဘုရားလောင်းကို မေးလိုရကား-

၁၁၀။ ယထာ အင်္ဂိဝ သုရိယောဝ၊ သမုဒ္ဒေါ ပဋိဒိဿတိ။
သုပ္ပါရကံ တံ ပုစ္ဆာမ၊ သမုဒ္ဒေါ ကတမော အယံ–

ဟူသော တတိယဂါထာကို ဆို၏။

ပညာရှင် သုပ္ပါရက အမည်ရှိသော အရှင်ကို မေးပါကုန်အံ့ ဥပမာ မည်သည်ကား မီးပုံကြီးကဲ့သို့ မွန်းတည့်နေကဲ့သို့ ထင်သော ဤသမုဒ္ဒရာသည် အဘယ်မည်သော သမုဒ္ဒရာနည်း။

ဘုရားလောင်းသည်လည်း ထိုသင်္ဘောသားတို့အား ပြောကြားလိုရကား ဤဂါထာကိုဆို၏–

၁၁၁။ ကုရုကစ္ဆာ ပယာတာနံ၊ ဝါဏိဇာနံ ဓနေသိနံ။
နာဝါယ ဝိပ္ပနဋ္ဌာယ၊ အင်္ဂိမာလီတိ ဝုစ္စတိ။

အမောင်တို့ ကုရုကစ္ဆ သင်္ဘောဆိပ်မှ သွားကုန်သော ဥစ္စာကိုရှာကုန်သော ကုန်သည်တို့၏ သင်္ဘောသည် အရပ်တစ်ပါးသို့ သွားသည်ရှိသော် ဤသမုဒ္ဒရာကို အဂ္ဂိမာလိသမုဒ္ဒရာဟူ၍ ဆိုအပ်၏။

ဤသမုဒ္ဒရာ၌ ရွှေသည်များ၏ ထိုဘုရားလောင်းသည် ရွှေကိုယူစေ၍ လှေ သင်္ဘော၌ထည့်စေ၏ သင်္ဘောသည် ထိုအဂ္ဂိမာလိ သမုဒ္ဒရာကိုလည်း လွန်ခဲ့၍ နို့ရည်နို့ဓမ်းကဲ့သို့ ထွန်းတောက်ပသော ဒဓိမာလိ အမည်ရှိသော သမုဒ္ဒရာသို့ ရောက်လေ၍ ထိုသမုဒ္ဒရာကို ကုန်သည်တို့သည် ဘုရားလောင်းအား မေးလို ရကား ဤဂါထာကိုဆို၏။

၁၁၂။ ယထာ ဒဓိဝ ခီရံဝ၊ သမုဒ္ဒေါ ပဋိဒိဿတိ။
သုပ္ပါရကံ တံ ပုစ္ဆာမ၊ သမုဒ္ဒေါ ကတမော အယံ။

ပညာရှင် သုပ္ပါရက အမည်ရှိသော အရှင်ကို မေးပါကုန်၏ နို့ဓမ်းကဲ့သို့ နို့ရည်ကဲ့သို့ ထင်သော ဤသမုဒ္ဒရာကား အဘယ်သမုဒ္ဒရာနည်း။

ဘုရားလောင်းသည် ထိုသမုဒ္ဒရာ အမည်ကို ကြားလိုရကား ဤဂါထာကို ဆို၏–

၁၁၃။ ကုရုကစ္ဆာ ပယာတာနံ၊ ဝါဏိဇာနံ ဓနေသိနံ။
နာဝါယ ဝိပ္ပနဋ္ဌာယ၊ ဒဓိမာလီတိ ဝုစ္စတိ။

အမောင်တို့ ကုရုကစ္ဆသင်္ဘောဆိပ်မှ သွားကုန်သော ဥစ္စာကိုရှာကုန်သော ကုန်သည်တို့၏ သင်္ဘောသည် အရပ်တစ်ပါးသို့သွားသည်ရှိသော် ဤသမုဒ္ဒရာကို ဒဓိမာလိ သမုဒ္ဒရာဟူ၍ ဆိုအပ်၏။

ထိုသမုဒ္ဒရာ၌ကား ငွေသည်များ၏ ဘုရားလောင်းသည် ထိုငွေတို့ကိုလည်း ဥပါယ်တံမျဉ်ဖြင့် ယူစေ၍ သင်္ဘော၌ ထည့်စေ၏၊ သင်္ဘောသည် ထိုသမုဒ္ဒရာကိုလည်း လွန်ရစ်မိ်းသော သမန်းမြက်နှင့်တူသော စပါးကောင်းနှင့် တူသော ထွန်းပသော စိမ်းညိုသော အဆင်းရှိသော ကုသမာလိအမည်ရှိသော သမုဒ္ဒရာသို့ ရောက်လေ၍ ထိုကုန်သည်တို့သည် ဘုရားလောင်းကို မေးလိုရကား ဤဂါထာကိုဆို၏—

၁၁၄။ ယထာ ကုသောဝ သဿောဝ၊ သမုဒ္ဒေါ ပဋိဒိဿတိ။
သုပ္ပါရကံ တံ ပုစ္ဆာမ၊ သမုဒ္ဒေါ ကတမော အယံ။

ပညာရှင် သုပ္ပါရက အမည်ရှိသော အရှင်ကို မေးပါကုန်၏၊ ဥပမာ မည်သည်ကား သမန်းမြက်ကဲ့သို့လည်းကောင်း ကောက်စပါးကဲ့သို့လည်းကောင်း ထင်သော ဤသမုဒ္ဒရာသည် အဘယ်သမုဒ္ဒရာနည်း။

ထိုသို့မေးအပ်သော် ဘုရားအလောင်းသည် ထိုကုန်သည်တို့အား ပြောကြားလိုရကား ဤဂါထာကိုဆို၏-

၁၁၅။ ကုရုကစ္ဆာ ပယာတာနံ၊ ဝါဏိဇာနံ ဓနေသိနံ။
နာဝါယ ဝိပ္ပနဋ္ဌာယ၊ ကုသမာလီတိ ဝုစ္စတိ။

အမောင်တို့ ကုရုကစ္ဆသင်္ဘောဆိပ်မှ သွားကုန်သော ဥစ္စာကိုရှာကုန်သော ကုန်သည်တို့၏ သင်္ဘောသည် အရပ်တပါးသို့ သွားသည်ရှိသော် ဤသမုဒ္ဒရာကို ကုသမာလိ သမုဒ္ဒရာဟူ၍ ဆိုအပ်၏

ထိုသမုဒ္ဒရာ၌ကား ပတ္တမြားညိုဟုဆိုအပ်သော မြကျောက်ညို ရတနာသည်များ၏၊ ဘုရားလောင်းသည် ထိုမြကျောက်ညို ရတနာကိုလည်း ဥပါယ်တံမျဉ်ဖြင့် ယူစေ၍ သင်္ဘော၌ ထည့်စေ၏ သင်္ဘောသည် ထိုသမုဒ္ဒရာကိုလည်း လွန်၍ ကျူတောကဲ့သို့ ဝါးတောကဲ့သို့ ထင်သော နဠမာလိ အမည်ရှိသော သမုဒ္ဒရာသို့ ရောက်လေ၍ ကုန်သည်တို့သည် ထိုသမုဒ္ဒရာ၏ အမည်ကိုလည်း ထိုဘုရားလောင်းအား မေးလိုရကား ဤဂါထာကိုဆို၏-

၁၁၆။ ယထာ နဠောဝ ဝေဠုဝ၊ သမုဒ္ဒေါ ပဋိဒိဿတိ။
သုပ္ပါရကံ တံ ပုစ္ဆာမ၊ သမုဒ္ဒေါ ကတမော အယံ။

ပညာရှင် သုပ္ပါရက အမည်ရှိသော သင်ပညာရှင်ကို မေးပါကုန်၏ ဥပမာကား ကျူတောကဲ့သို့ ဝါးတောကဲ့သို့ ထင်သော ဤသမုဒ္ဒရာသည် အဘယ် သမုဒ္ဒရာနည်း။

ထိုသင်္ဘောသားတို့အား ထိုသမုဒ္ဒရာ၏ အမည်ကို ကြားလိုရကား ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၁၁၇။ ကုရုကစ္ဆာ ပယာတာနံ၊ ဝါဏိဇာနံ ဓနေသိနံ။
နာဝါယ ဝိပ္ပနဋ္ဌာယ၊ နဠမာလီတိ ဝုစ္စတိ။

အမောင်တို့ ကုရုကစ္ဆ သင်္ဘောဆိပ်မှ သွားကုန်သော ဥစ္စာကို ရှာကုန်သောကုန်သည်တို့၏ သင်္ဘောသည် အရပ်ဝေး၌ပါးသို့သွားသည်ရှိသော် ဤသမုဒ္ဒရာကို နဠမာလီသမုဒ္ဒရာဟူ၍ ဆိုအပ်၏။

ထိုသမုဒ္ဒရာ၌ကား မသာရကန်ဟုဆိုအပ်သော ကြောင်မျက်ရွဲ ပြယိုးယားဝင်သဝေါ်ာ် ကျောက်မျိုးတို့သည်များ၏၊ ဘုရားလောင်းသည် ထိုကျောက်မျိုးတို့ကိုလည်း ဥပါယ်တံမျဉ်ဖြင့် ယူစေ၍ သင်္ဘော၌ ထည့်စေ၏၊ ကုန်သည်သင်္ဘောသားတို့သည် နဠမာလိသမုဒ္ဒရာကိုလွန်၍ ဗလဝါမုခမည်သော သမုဒ္ဒရာကိုမြင်ကုန်၏၊ ထိုဗလဝါမုခမည်သော သမုဒ္ဒရာ၌ ရေသည် ငင်၍ ငင်၍ ထက်ဝန်းကျင် အထက်အဖို့ဖြင့် တက်၏၊ ထိုထက်ဝန်းကျင် အထက်အဖို့ဖြင့် တက်သည်ရှိသော် ရေသည် ထက်ဝန်းကျင် အထက်အဖို့ဖြင့် ကမ်းပါးပြတ် ကြီးစွာသော ဇလုပ်တွင်းကဲ့သို့ ထင်၏၊ လှိုင်းတံပိုးသည် ထလတ်သော် တဖက်မှ ထက်ဝန်းကျင် အထက်အဖို့ဖြင့် ကမ်းပါးပြတ်နှင့် တူ၏၊ ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော အသံသည် ဖြစ်၏၊ ထိုအသံသည် နားအုံတို့ကို ဖွင့်သကဲ့သို့ နှလုံးကို ခွဲသကဲ့သို့ဖြစ်၏၊ ထိုဗလဝါမုခ သမုဒ္ဒရာကို မြင်၍ ကြောက်လန့်သည် ဖြစ်၍ ကုန်သည်တို့သည် မေးလိုရကား ဤဂါထာကိုဆို၏—

၁၁၈။ မဟဗ္ဘယော ဘိံသနကော၊ သဒ္ဒေါ သုယျတိ မာနုသော။
ယထာ သောဗ္ဘော ပပါတောဝ၊ သမုဒ္ဒေါ ပဋိဒိဿတိ။
သုပ္ပါရကံ တံ ပုစ္ဆာမ၊ သမုဒ္ဒေါ ကတမော အယံ။

ပညာရှင် များသောဘေးရှိ၏၊ ကြောက်မက်ဖွယ်ရှိသော ဘီလူးသံနှင့် တူသော (ဝါ) ပြင်းထန် ကြီးကျယ် လူ့စကားသံ အသံကို ကြား၏။ သုပ္ပါရက အမည်ရှိသောအရှင်ကို မေးပါကုန်၏။ ဥပမာမည်သည်ကား ဇလုပ်ကြီး ထုံးအိုင် ကြီးကဲ့သို့ လည်းကောင်း ကမ်းပါးပြတ်ကဲ့သို့လည်းကောင်း ထင်သော ဤသမုဒ္ဒရာသည် အဘယ်သမုဒ္ဒရာနည်း၊

ဗလဝါမုခ သမုဒ္ဒရာသည် ထေရာင္ဒကထာ၌ လာသော အပြောကျယ်သော ဝဲလည်သကဲ့သို့လည်၍ ကျသော ဗလဝါမုခ သမုဒ္ဒရာလည်း ရှိ၏၊ ဤသုပ္ပါရက ဇာတ်၌လာသော ကျယ်ဝန်းသော ဇလုပ်တွင်း၌ ကျသကဲ့သို့ ကျသော ဗလဝါမုခ သမုဒ္ဒရာလည်း ရှိ၏၊ ထိုနှစ်ပါးတို့တွင် အပြောကျယ်သော ဝဲလည်သကဲ့သို့ လည်၍ ကျသော ဗလဝါမုခ သမုဒ္ဒရာသည်ကား အဝီစိငရဲသူတို့၏ ကံကြောင့် ငရဲတံခါးမသည် ပိတ်တုံ ပွင့်တုံ ဖြစ်၍ ပွင့်သောအခါ၌ အဝီစိငရဲမီးလျှံသည် ထွက်ပြေး၍ ကျယ်စွာသော တစ်ယူဇနာ အလျား အနံ ရှိသော သမုဒ္ဒရာ အောက်အပြင်ကို လောင်၍ သမုဒ္ဒရာရေသည် ခုံလောက်၌ အိုးခသကဲ့သို့ ဆူသဖြင့် ဝဲလည်သကဲ့သို့ လည်၍ ကြောက်မက်ဖွယ်သော အသံကို ဖြစ်စေလျက် ကျ၏၊ ကျယ်စွာသော ဇလုပ်တွင်း၌ ကျသကဲ့သို့ ကျသော ဗလဝါမုခ သမုဒ္ဒရာ ကား ရေကို ငင်၍ ထက်ဝန်းကျင် အထက်အဖို့ဖြင့် တက်၍ ချောက်ကမ်းပါးပြတ်၌ ကျသကဲ့သို့ကျ၍ ကျယ်စွာသော ဇလုပ်တွင်း၌ ကျဘိသကဲ့သို့ ထင်၏၊ တံပိုး၏ အဟုန်ဖြင့် ရေသည်းထန်စွာ ပြေး၍ စကြဝဠာတံတိုင်းကို ခတ်မိသဖြင့် တစ်ယူဇနာ နှစ်ယူဇနာတိုင်အောင် ဆန်တက်ပြီးလျှင် ဝဲ ဖန်ပြန်၍ မဟာသမုဒ္ဒရာ၌ ကျ၏၊ ထိုကျရာ၌ ကြီးသော နရက်ချောက်ကဲ့သို့ ဖြစ်၍ နားအုံပွင့်အံသကဲ့သို့ လည်းကောင်း, နှလုံးကွဲအံ့ဘိသကဲ့သို့လည်းကောင်း ကြောက်မက်ဖွယ်သော အသံကို ဖြစ်စေ၏၊ ထိုနှစ်ပါးသော သမုဒ္ဒရာတို့တွင် ဤ သင်္ဘောသားတို့သည် နောက်၌ ပြအပ်သော ဗလဝါမုခသမုဒ္ဒရာသို့ ရောက်သဖြင့် ကြောက်မက်ဖွယ် သော အသံကို ကြားရလျှင် ဘုရားလောင်းအား မေးကုန်၍ ပြောကြားလိုသော ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၁၁၉။ ကုရုကစ္ဆာ ပယာတာနံ၊ ဝါဏိဇာနံ ဓနေသိနံ။
　　နာဝါယ ဝိပ္ပနဋ္ဌာယ၊ ဗလဝါမုခီတိ ဝုစ္စတိ။

အမောင်တို့၊ ကုရုကစ္ဆသင်္ဘောဆိပ်မှ သွားကုန်သော ဥစ္စာကို ရှာကုန်သော ကုန်သည်တို့၏ သင်္ဘောသည် အရပ်တစ်ပါးသို့ သွားသည်ရှိသော် ဤသမုဒ္ဒရာကို ဗလဝါမုခသမုဒ္ဒရာဟူ၍ ဆိုအပ်၏။

ဘုရားလောင်းသည် ဤဂါထာဖြင့် ထိုသမုဒ္ဒရာ၏ အမည်ကို ကြား၍ အမောင်တို့ ဤဗလဝါမုခ သမုဒ္ဒရာသို့ ရောက်ကုန်သော သူတို့သည် ပြန်ခြင်းငှါ မတတ်နိုင်ကုန်၊ ဤသို့ ဗလဝါမုခ သမုဒ္ဒရာသည် ရောက်သော သင်္ဘောများကို နစ်စေ၍ ပျက်စီးခြင်းသို့ ရောက်စေ၏ဟု ဆို၏၊ ထိုသင်္ဘောကိုလည်း ခုနစ်ရာသော သင်္ဘောသားတို့သည် တက်စီးကုန်၏၊ ထိုအလုံးစုံသော သင်္ဘောသား ခုနစ်ရာ တို့သည် သေဘေးမှ ကြောက်ကုန်၍ တစ်ပြိုင်နက်လျှင် အဝီစိငရဲ၌ ခံရသော သူ့ဘို့

ကဲ့သို့ အလှန်သနားဖွယ်ရှိသော ငိုကြွေးမည်တမ်းသံကို လွှတ်ကုန်၏၊ ဘုရားလောင်းသည်လည်း ငါ့ကို ထားရှိ ငါမှ တစ်ပါးသော သူတို့သည် ထိုသတော်သားတို့၏ ချမ်းသာသောအဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်သောသူ မည်သည် မရှိ၊ သစ္စာပြုသဖြင့် ထိုသတော်သားတို့၏ ချမ်းသာခြင်းကို ပြုအံ့ဟု ကြံတော်မူ၍ ထိုသတော်သားတို့ကို ခေါ်၍ အမောင်တို့ လျင်မြန်စွာ နှံသာရေဖြင့် ငါ့ကို ရေချိုး၍ ပုဆိုးသစ်တို့ကို ဝတ်စေ၍ ရေဖြင့် ပြည့်သော ရွှေခွက်ကို စီရင်၍ သတော်ဦး၌ ထားကြကုန်လော့ဟု ဆို၏၊ ထိုသတော်သားတို့သည် လျင်မြန်စွာ ဘုရားလောင်း မိန့်တော်မူတိုင်း ပြုကုန်၏၊ ဘုရားလောင်းသည်လည်း လက်နှစ်ဖက်တို့ဖြင့် ရေပြည့်သော ရွှေခွက်ကို ကိုင်၍ သတော်ဦး၌ ရပ်လျက် သစ္စာပြုလိုရကား ဤဂါထာကို ဆို၏—

၁၂၀။ ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ။
နာဘိဇာနာမိ သဥ္စိစ္စ၊ ဧကပါဏမ္ပိ ဟိံသိတံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိံ နာဝါ နိဝတ္တတု။

အကြင်အခါမှ စ၍ မိမိကိုယ်ကို အောက်မေ့မိ၏၊ အကြင်အခါမှ စ၍ သိကြားသိမ္မာသော အဖြစ်သို့ ရောက်သည်ဖြစ်၏၊ ထိုအခါမှစ၍ သေစေလိုသော စေတနာရှိသည်ဖြစ်၍ တစ်ယောက်သော သတ္တဝါကိုမျှလည်း ညှဉ်းဆဲဖူးသည်ကို မသိစဘူး ဤသို့ မှန်သော သစ္စာစကားကြောင့် သတော်သည် ချမ်းသာစွာ ပြန်စေသတည်း။

ဘုရားလောင်းသည်ကား မြတ်ဝါး၌မိ စိတ် ကို အစပြု၍ သူတစ်ပါးဥစ္စာကို မယူဘူး၊ လောဘ၏အစွမ်းဖြင့် သူ့မယားကို မကြည့်စဘူး၊ မမှန်သောစကားကို မဆိုစဘူး၊ မြက်ဖျားဖြင့်လည်း သေရည်သေရက် မသောက်စဘူး၊ ဤသို့ ငါးပါးသော သီလ၏ အစွမ်းဖြင့် သစ္စာပြု၏၊ သစ္စာကိုပြုပြီး၍ ရေပြည့်သော ရွှေခွက်မှ ရေကို သတော်ဦး၌ သွန်းလောင်း၏၊ လေးလတို့ပတ်လုံး အရပ်တစ်ပါးသို့ ပြေးသွားသော သတော်သည် ပြန်၍ တန်ခိုးကြီးသော သူသည် သွားသကဲ့သို့ သစ္စာ၏အာနုဘော်ဖြင့် တစ်နေ့ချင်းလျင် ကုရုကစ္ဆ သတော်ဆိပ်သို့ ရောက်လေ၏၊ ရောက်ပြီး၍ ကြည်း၌လည်း ရှစ်ဥသဘ အတိုင်းအရှည်ရှိသော အရပ်သို့ပြေး၍ သတော်သူကြီး အိမ်၌သာလျှင် တည်၏၊ ဘုရားလောင်းသည် ထိုကုန်သည်တို့အား ရွှေ,ငွေ,ပတ္တမြား,သန္တာ,ပုလဲ,ဝဇိရစိန်တို့ကို ခွဲဝေ၍ ပေး၏၊ ဤမျှသော ရတနာတို့ဖြင့် သင်တို့အား တန်ပြီ၊ တစ်ဖန် သမုဒ္ဒရာသို့ မဝင်ကြကုန်လင့်ဟု ထိုသတော်သားတို့အား အဆုံးအမကို ပေး၍

အသက်ထက်ဆုံး အလှူပေးခြင်း အစရှိသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်ကို ပြည့်စေတော်မူ၏။

### ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ရှေး၌လည်း ငါဘုရားသည် များစွာမြတ်သောပညာ ရှိတော်မူသည်သာတည်းဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ ထိုအခါ သုပ္ပါရကသုခမိန်၏ ပရိသတ် တို့သည် ငါဘုရားပရိသတ် ဖြစ်လာ၏၊ သုပ္ပါရက သုခမိန်သည်ကား ငါဘုရား ဖြစ်တော်မူ၏၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

(ပညာရှိအား၊ ဆည်းကပ်ခြင်း၊ ကြီးပွား တိုးတက်လာ။)

လေးရာခြောက်ဆယ့်သုံးခုမြောက်သော သုပ္ပါရကဇာတ်သည် ပြီး၏။

### နိဂုံး

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ဆင်ဖြူများရှင် ဘုရင် တရားမင်းမြတ်၏ သားတော်ဧကြီး မဟာဥပရာဇ်သည် ရဟန်းရှင်လူပြည်သူ အပေါင်းတို့၏ စီးပွားချမ်းသာအကျိုးငှါ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိ ဘုရားရှင်၏ အရှေ့မျက်နှာအရပ်၌ မဟာဥပရာဇ် မယ်တော် အရှင်မိဖုရားမြတ် သည် ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျော် ကျောင်းတော်နေ ညောင်ကန် ဆရာတော်သည် မြန်မာပြန်ဆိုအပ်သော ဧကာဒသက နိပါတ်ဇာတ်ဝတ္ထုသည် ဤမျှသော သဒ္ဒါ၏ အစဉ် အနက်၏ အစဉ်အားဖြင့် အပြီးသို့ရောက်၏။

ဧကာဒသကနိပါတ် ဇာတ်ဝတ္ထု ဤတွင် ပြီး၏။

ငါးရာငါးဆယ်ဇာတ်ဝတ္ထု တတိယတွဲ ပြီး၏။